http://www.dhammadownload.com



အလင်္ကာပန်းကုံး

အရှင်ကုမာရ ပြုစုသည်

(အဋ္ဌမအကြိမ်)

သာသနာ-၂၅၅၆ ကောဇာ-၁၃၇၄ ခရစ်-၂၀၁၂

အလင်္ကာပန်းကုံး

http://www.dhammadownload.com

မြောင်းမြမြို့
တိုက်သစ်ပဇ္ဇောတာရုံစာသင်တိုက်
မဟာဘီမြို့
သာသနာ့ဝန်ဆောင်ကျောင်းတိုက်များ၏
ပဓာနနာယက
အရှင်ကုမာရ
၏

အလင်္ကာပန်းကုံး



(အဋ္ဌမအကြိမ်)

သာသနာ-၂၅၅၆ ကောဇာ-၁၃၇၄ ခရစ်-၂၀၁၂

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်	□	၆၀၀၅၇၀၀၇၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	□	၆၀၀၆၁၄၀၈၁၂
ထုတ်ဝေသည့်အကြိမ်	□	အဋ္ဌမအကြိမ်၊ (ဩဂုတ်လ၊ ၂၀၁၂)
အုပ်ရေ	□	၃၀၀၀
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ	□	ဦးထွန်းအောင် ထွန်းမိသားစုပုံနှိပ်တိုက် အမှတ် (၈၉)၊ ၃၂-လမ်း၊ (၉)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၃၂၀၇၀၀၆
ထုတ်ဝေသူ	□	ဦးကြည်တွဲ ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့ သာသနာ့ဝန်ဆောင်ကျောင်းတိုက် မော်ဘီမြို့နယ်။
စာအုပ်ချုပ်	□	ဦးအောင်မြင့်
တန်ဖိုး	□	၅၀၀၀

၂၀၄၄.၃

ကုမာရ/ အရှင်

အလင်္ကာပန်းကုံး

အရှင်ကုမာရ

သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ မော်ဘီမြို့

ဗုဒ္ဓစာပေထိန်းသိမ်းပြန့်ပွားရေးအဖွဲ့

သာသနာ့ဝန်ဆောင်ကျောင်းတိုက်၊ မော်ဘီမြို့

၄၉၉ - စာ၊ ၁၇.၅ × ၂၄.၅ စင်တီ

(၁) အလင်္ကာပန်းကုံး

http://www.dhammadownload.com

နိဒါန်း-စကားချီး

လေခက-နာမဂဏ္ဌော
စက္ကဗန္ဓောယံ



သမ္ဗုဒ္ဓေါ ကုဗ္ဗံ, သုသခိလဝစနံ, သမ္ဘာဝိ သမ္ဘာဝိတံ၊
သတ္ထာနံ မာလျံ, သုဝိမလဝဏိတံ, အတ္ထာယ မဠုံ ဝရံ။
သမွဿံ ရတ္ထံ, တိပိဋကဝနဇံ, သန္ဓာရဏာတ္ထံ နယံ၊
ယံရာဇိ သက္ခံ, ဥသဟထ သဟိတံ, တံဟံ ကရံဝံ ဒွယံ။ ။

[ဗိမွဂါထာ]

http://www.dhammadownload.com

သုသခိလဝစနံ–အပြစ်ဟူရွေ့, မြူငွေ့မတွယ်, စင်ကြယ်ပြေပြစ်, ကျစ်လစ်သော စကားတော်ကို၊ ကုဗ္ဗံ–ကြားနာသူတွင်, အကျိုးထွင်အောင်, မိန့်မြွက်ဖောပြောတော် မူတတ်သော၊ သမ္မုဒ္ဒေါ–သစ္စာလေးတန်, တရားမှန်ကို, ဖောက်ပြန်မရှိ, ကိုယ်တိုင် သိတတ်, ဘုရားမြတ်သည်၊ သတ္တာနံ–အို နာ သေရေး, ဒုက္ခဘေးမှ, ကင်းဝေး လိုငြား, သတ္တဝါများတို့၏၊ အတ္ထာယ–ဝိမုတ္တိမဟာ, အရဟာကို, သုံးဆောင်ပါ စေခြင်းအကျိုးငှာ၊ သမ္မာဝိတံ–အမြင်မှန်ရ, ပဏ္ဍိတတို့, ခဏမလပ်, ချီးမွမ်းအပ် ထသော၊ သုဝိမလဝနိတံ–ညစ်ကြေးမတင်, သန့်ရှင်းစင်၍, အလွန်ပင်တောင့်တ အပ်ထသော၊ တိပိဋကဝနဇံ–ပဋိပတ်သီးပေါင်း, ထောင်သောင်းမက, များလှစုပုံ, သုံးပုံပိဋကတ်, ဥယျာဉ်တော်မြတ်အတွင်း၌ဖြစ်ထသော၊ မဠုံ–လွန်သန့်ရှင်းဘိ, နှလုံးငြိအောင်, နှစ်သက်ဖွယ်လည်း ရှိထသော၊ ဝရံ–ပဋိဝေသမိုက်, ရဟာ မြိုက်ကို, သိမ်းပိုက်လိုငြား, ပုဂ္ဂိုလ်များတို့, အားထားကိုးကွယ်ရာလည်း ဖြစ်တော် မူထသော၊ မာလျံ–ထုံသင်းပျံ့လှိုင်, တရားတော်တည်းဟူသော ပန်းကုံးပန်းခိုင်ကို၊ သမ္မာဝိ–များဝေနေယျ, ဆင်မြန်းရဖို့, နှုတ်ဟလှစ်ချေ, ဖြစ်ပွားစေခဲ့လေပြီ။

သတ္တာနံ–ဆုတ်ယုတ်ပညာ, နောင်လာနောက်သား, ရှင်လူအများတို့၏၊ အတ္ထံ– လူနတ်နိဗ္ဗာန်, သုံးတန်ချမ်းသာ, အဖြာဖြာကို၊ သမ္မသံ–ကောင်းစွာမြော်မြင်, ပြီးစေ ချင်သည့်, အရှင်သံဃရတ္နာတ, စသည်သောင်းပြောင်း, ဆရာအပေါင်းသည်၊ သတ္တာနံ– ဆုတ်ယုတ်ပညာ, နောင်လာနောက်သား, ရှင်လူအများတို့ကို၊ တိပိဋကဝနဇံ–ဝိမုတ္တိ ရသာမြတ်, ပေးဆောင်တတ်သည့်, ပဋိပတ်သီးမျိုး, ပြည့်ဖြိုးပသက်ရုံ, သုံးပုံ ပိဋကတ်, ဥယျာဉ်တော်မြတ်အတွင်း၌ဖြစ်သော၊ မာလျံ–ထုံသင်းပျံ့လှိုင်, တရား တော်တည်းဟူသော ပန်းကုံးပန်းခိုင်ကို၊ သန္နာရဏတ္ထံ–ကောင်းစွာပိုင်ပိုင်, ပန်ဆင်နိုင် စေခြင်းအကျိုးငှာ၊ ယံ နယံ–မည်သို့ဆင်မှ, မည်သို့လှ–ဟု, သိရာသိကြောင်း, အကြင် သုဗောဓာလင်္ကာရစသော နည်းလမ်းကောင်းကို၊ အရာဒီ–လောကဓာတ်တိုက် အတွင်းဝယ်, ထွန်းလင်းတောက်ပြောင်စေခဲ့လေပြီ။

သတ္တာ–ရှေးအစဉ်အလာ, လူများစွာတို့သည်၊ သဏှံ–ဓိပ္ပာယ်ပြည့်ဝ, နက်နဲ သိမ်မွေ့လှပသော၊ တံ နယံ–သုဗောဓာလင်္ကာရ, စသည်သောင်းပြောင်း, ထိုနည်း လမ်းကောင်းကို၊ ဥဿဟန္တိ ယထာ–မလွဲမသုန်, သင်ယူအားထုတ်ကြကုန်သကဲ့သို့၊ ဧဝံ–ထိုနည်းတမူ, အလားတူသာလျှင်၊ အဟံ–အကျွန်ုပ်သည်၊ ယံ ဒျယံ–မှတ်သား ဖွယ်ရာ, သတ္ထာဂမ, သာရပေါင်းဆုံ, အကြင်ပါဠိ–မြန်မာ, အလင်္ကာကျမ်းအစုံကို၊ သတ္တာနံ–ဟော ပြော ရေး ဖတ်, မကင်းလွတ်သူ, များရှင်လူတို့၏၊ ဝါ–စာမေးပွဲကို, ဝင်ဖြေလိုလတ်, အရှင်ကောင်း အရှင်မြတ်တို့၏၊ အတ္ထံ–လွယ်ကူကြည့်ရှု, လမ်းမှန်

http://www.dhammadownload.com

မှုနှင့်, အောင်ဆုပန်ဆင်, ကျိုးများဖြင်ကို၊ သမ္မသံ–ကောင်းစွာမြော်မြင်, ပြီးစေချင်သည်ဖြစ်၍၊ အကရံ–သူ့အပိုင်းဖြင့်, ရှုတိုင်းတင့်အောင်, အသင့်ပြုပြင်, စီရင်ခဲ့လေပြီ၊ သဟိတံ–ရှင်လူအများ, ကျိုးစီးပွားနှင့်, မခြားကပ်တွယ်, ယှဉ်စပ်နွယ်ထသော၊ တံ ဒွယံ–သတ္ထာဂမ, သာရပေါင်းဆုံ, ထိုပါဠို–မြန်မာ, အလင်္ကာကျမ်းအစုံကိုလည်း [ပိကျေ]၊ တုမှေ–နည်းမှန်လမ်းမှန်, ရောက်ရန်လိုလား, သင်ရှင်လူအများတို့သည်၊ ဥဿဟထ–နောက်မဆုတ်တမ်း, ကြိုးပမ်းကျန, လေ့လာဆောင်ရွက်ကြပါကုန်လော။

စကားကို တန်ဆာဆင်သင့်ပုံ

"အနေကပရိယာယေန ဓမ္မော ဒေသိတော" ဟူသည်နှင့်အညီ အတူမရှိသော ကရဏာသဓင် မေတ္တာရှင်ဖြစ်တော်မူသော ငါတို့မြတ်စွာဘုရားသခင်သည် သတ္တဝါတို့၏အလိုဆန္ဒ အစွမ်းသယနှင့်လျော်ညီစွာ အမျိုးမျိုးအဖုံဖုံ နည်းမျိုးစုံတို့ဖြင့် တန်ဆာဆင်၍ တရားဟောတော်မူလေ့ရှိ၏၊ ထိုရှင်တော်မြတ်ဘုရား၏ တရားတော်သည် ခက်မာကြမ်းတမ်းခြင်းမရှိပါဘဲလျက် သတ္တဝါတို့၏ သန္တာန်၌ အစမထင်သော သံသရာမှ ကိန်းဝပ်လိုက်ပါလာသော ကိလေသာအရှုပ်တို့ကို အမြစ်ပြုတ်အောင် တူးဖြိုဖျက်ဆီးနိုင်၏၊ ထို့ကြောင့်ပင် သတ္တဝါတို့၏စရိုက်အားလျော်စွာ တန်ဆာဆင်၍ တရားဟောနိုင်သော ဘုရားတစ်ဆူတစ်ဆူ ပွင့်တော်မူက များပြားလှသော သတ္တဝါတို့ အကျွတ်တရားရကြ၏၊ ပစ္စေကဗုဒ္ဓါတို့မှာမူ ထိုကဲ့သို့ တန်ဆာဆင်၍ တရားဟောနိုင်သောသတ္တိမရှိချေ၊ ထို့ကြောင့် ပစ္စေကဗုဒ္ဓါတို့ မည်မျှပင်ပွင့်သွားစေကာမူ တရားထူးရသောသူ–ဟု များများစားစား မပေါ်ထွက်ခဲ့ချေ။

ယခုမျက်မှောက် ပစ္စက္ခဥ်လည်း မိမိစကားကို တစ်ဖက်သား နားဝင်အောင် တန်ဆာဆင်၍ ဟောပြောနိုင်သောသူတို့သာ အရာရာမှာ တွင်ကျယ်ကြ၏၊ ခေါင်းဆောင်နိုင်ကြ၏၊ ကြီးပွားတိုးတက်နေကြ၏၊ ယဉ်ကျေးသောသူများ–ဟု အသိအမှတ်ပြုခြင်းကို ခံယူကြရ၏၊ မိမိစကားကို တစ်ဖက်သား နားဝင်အောင် တန်ဆာဆင်၍ မပြောဟောနိုင်သောသူများမှာမူ အရာရာ၌ တွင်ကျယ်မှုမရှိ၊ သူတစ်ပါးတို့၏နောက်လိုက်သာ ဖြစ်ကြရ၏၊ ကြီးပွားတိုးတက်သင့်သလောက်လည်း မကြီးပွားမတိုးတက်ကြ၊ ယဉ်ကျေးသောသူများ–ဟု အသိအမှတ်ပြုမှုကိုလည်း မခံကြရချေ၊ ထို့ကြောင့် မိမိစကားကို သာယာနာပျော်ဖွယ်ရှိအောင် အဆင်ပြေပြေပြောဆိုမှု, ရေးသားမှုသည် လူတိုင်းလူတိုင်း မချွတ်ပြုထိုက်သော ကိစ္စတစ်ခုပင် ဖြစ်ချေသည်။

သက္ကတ အလင်္ကာခေတ်

ထိုသို့ စကား၏ အဆင်တန်ဆာ အရေးကြီးကြောင်းကို ကောင်းစွာသိမြင်ကြသော ပညာရှိများသည် ဗုဒ္ဓ–ဘုရားမပွင့်ပေါ်မီကပင် **ရာမ, သမ္မ**–စသော အလင်္ကာကျမ်းပေါင်း

http://www.dhammadownload.com

များစွာကို သက္ကတဘာသာဖြင့် ရေးသားပြုစုခဲ့ကြပေသည်၊ နောက်ပညာရှိ အဆက်ဆက်တို့သည်လည်း ခေတ်နှင့်ဆီလျော်အောင် ပြုပြင်၍ **သက္ကတအလင်္ကာကျမ်း**ပေါင်းများစွာကို ရေးသားပြုစုခဲ့ကြပေသေးသည်၊ အဖိုးအနဂ္ဃ ထိုက်တန်လှသော အလင်္ကာကျမ်းများသည် အိန္ဒိယ(ဘာရတ)နိုင်ငံဝယ် တက်နေပမာ ဆက်ကာဆက်ကာ ပေါ်ထွက်လာခဲ့သည်၊ကာလီ ဒါသ–စသော ကဗျာဆရာကြီးများလည်း ကဗျာကျမ်းပေါင်းများစွာကို ပြုစုခဲ့ကြ ပေသည်၊ ထိုအလင်္ကာကျမ်းများ(ကဗျာကျမ်းများ)ကို အမှီပြု၍ အိန္ဒိယစာပေသည် အစွမ်းကုန် တိုးတက်ဖွံ့ဖြိုးလာခဲ့သည်၊ ထိပ်တန်းသို့ ရောက်ရှိလာခဲ့သည်။

ပါဋ္ဌိ အလင်္ကာခေတ်

သာသနာတော် သက္ကရာဇ် ၁၇၀၀–ကျော်သော အခါ ထိုအကြောင်းအရာကို ကောင်းစွာရိပ်မိသော သီဟိုဋ္ဌကျွန်းနေ **အရှင်သံဃရက္ခိတမထေရ်**သည် သုဒ္ဓမာဂဓိက(ပါဋ္ဌိသက်သက်မျှသာတတ်သော) ပုဂ္ဂိုလ်တို့အတွက် ကာဗျဒဿကို မူထား၍ ကြွင်းသောအလင်္ကာကျမ်းတို့မှလည်း ကောင်းနိုးရာရာကို ယူပြီးလျှင် မာဂဓ(ပါဋ္ဌိ)ဘာသာဖြင့် **သုဗောဓာလင်္ကာရကျမ်း**ကို ကြိုးပမ်းရေးသားတော်မူခဲ့သည်၊ ထိုကျမ်းသည် ကျဉ်းကျဉ်းဖြင့် ပွင့်လင်းစွာ ရေးသားထား၍ ဆောင်လွယ်သည်၊ ပေါ်လွင်ထင်ရှားသည်၊ အမည်နှင့် လိုက်လျောအောင် တစ်ခြားအလင်္ကာကျမ်များထက် သိလွယ်သည်၊ ထို့ကြောင့်ပင် ယန့တိုင် ပညာရှိတို့၏ နှုတ်ဖျား၌ မရပ်မနား လှည့်ပတ်သွားလာနေရသည်၊ ထိုသံဃရက္ခိတမထေရ်သည် အလင်္ကာဖက်ဆိုင်ရာ သုဗောဓာလင်္ကာရကျမ်းမျှကိုသာ ရေးသားခဲ့သည်မဟုတ်သေး၊ ထိုကျမ်း၏အဖွင့်ဖြစ်သော **မဟာသာမိဋီကာ**(ဋီကာဟောင်း)နှင့် **အတ္ထဗျာချာ**ခေါ် သီဟိုဋ္ဌနိဿယများကိုလည်း ရေးသားပြုစုခဲ့သေးသည်။

[ဗန္ဓောစနာမ သဒ္ဒတ္ထာ–စသော ဂါထာအဖွင့်၌ "တတ္ထ ပဇ္ဇံနာမ အမှေဟိ ယေဝ ဝိရစိတေ ဝုတ္တောဒယချေ ဆန္ဒသိ နိရူပိတာ" စသော စကားကို ထောက်၍ ဋီကာဟောင်းကိုလည်း သံဃရက္ခိတမထေရ်ပင် ရေးသားကြောင်း ယုံကြည်စွာ မှတ်သားထိုက်၏။ ။မြန်မာနိုင်ငံနိဿယကျမ်းမျိုးကို သီဟိုဋ္ဌ၌ အတ္ထဗျာချာခေါ်သည်။]

ထိုအခါမှစ၍ သုဒ္ဓမာဂဓိကပုဂ္ဂိုလ်တို့သည် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀–တို့ကို မည်သည့်ဓမ္မက္ခန္ဓာသည် မည်သည့်အလင်္ကာနှင့်ပြည့်စုံသည်၊ မည်သို့တန်ဆာဆင်၍ ဟောကြားတော်မူခဲ့သည်--ဟု သိရှိခွင့်ရလာသည်၊ မိမိတို့၏စကားကိုလည်း သူတစ်ပါးနားဝင်အောင် တန်ဆာဆင်၍ ရေးသားဟောပြောနိုင်လာသည်။

http://www.dhammadownload.com

ကျမ်းပြုဆရာ၏ ဒေသနှင့်မှီခိုရာဆရာများ

ထိုသုဇောမာလင်္ကာရကျမ်းကို ရေးသားပြုစုခဲ့သော သံဃရက္ခိတမဟာသာမိထေရ်သည် **သီဟိုဠ်ကျွန်း** မဟာဝိဟာရဝါသီ အဆက်အနွယ် ဖြစ်သည်၊ **ဥဒုမ္ဗရတောင်ကျောင်း**၌သီတင်းသုံးနေထိုင်ခဲ့သည်၊ တစ်ကြိမ်ကြားရုံမျှဖြင့် များစွာသော ကျမ်းဂန်တို့ကို ဆောင်နိုင်လောက်အောင် ဉာဏ်ထက်မြက်သည်၊ ပိဋကတ်သုံးပုံကို နှုတ်တက်အာဂုံဆောင်နိုင်သည်–ဟု အဆိုရှိသည်၊ သာသနာကြီးပွားရေးကို အလွန်လိုလားသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်ပေသည်၊ ထိုခေတ် ထိုအချိန် အခါ၌ ထင်ရှားကျော်စောသော **မဟာမောဂ္ဂလ္လာန်ထေရ်, သာရိပုတ္တရာထေရ်, သီလထေရ်** တို့၏ တပည့်ကြီးဖြစ်သည်၊ ထိုဆရာသုံးဦးတို့၏ အသီးအသီး ချီးမြှောက်မှုကို ခံယူရသောကြောင့် စွယ်စုံပုဂ္ဂိုလ်ကျော်တစ်ပါး ဖြစ်လာသည်။

ထင်ရှားစေအံ့ . . . . သာသနာ *၁၆၉၇ –၁၇၃၀–ခု, မြန်မာ ၅၁၅--၅၄၈–ခုနှစ်၌ သီဟိုဠ်ကျွန်း ပုလတ္ထိပြို့ဝယ် (ပထမ)ပရက္ကမဗာဟုမင်း နန်းတက်သည်၊ ပုဂံပြည် နရပတိစည်သူ မင်းနှင့် ထီးပြိုင်နန်းပြိုင် တစ်ခေတ်တည်းဖြစ်သည်၊ ထိုမင်းသည် မြတ်စွာဘုရားသာသနာတော်ကို အစွမ်းကုန် ချီးမြှောက်ထောက်ပံ့သည်၊ ကြာမြင့်စွာသောကာလမှ ကွဲပြားလာသော "မဟာဝိဟာရ, အဘယဂိရိ, ဇေတဝန"ဟူသော ဂိုဏ်းကြီးသုံးရပ်ကို ညီညွတ်အောင် ဆောင်ရွက်ပေးသည်၊ သံဃာတော်များကိုလည်း မိမိကိုယ်ပမာ ပစ္စည်းဥစ္စာ အကုန်အကျခံ၍ စောင့်ရှောက်ထားသည်၊ အဘိဓာန်, မောဂ္ဂလ္လာန်စသော ကျမ်းပေါင်းများစွာကို စီရင်သော မောဂ္ဂလ္လာန် မထေရ်မြတ်ကို သူမတူအောင် ချီးမြှောက်သည်၊ ဆည်းကပ်ကိုးကွယ်သည်၊ ရေတွင်း, ရေကန်, ကျောင်းပေါင်းများစွာ တို့ကိုလည်း ဆောက်လုပ်လှူဒါန်းသည်၊ မောဂ္ဂလ္လာန်မထေရ်သည်လည်း ထိုမင်း ဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတိုက်၌ပင် သီတင်းသုံး နေထိုင်တော်မူသည်၊ ကန်ရွာမူလဂိုဏ်း–(ဝိလဂမ္ဗုလသမာဂမ်) အဆက်အနွယ် ဖြစ်သည်။

သံဃရက္ခိတမထေရ်သည်လည်း ထိုဆရာ့ထံ၌ သဒ္ဒါဘက်ဆိုင်ရာ ကျမ်းဂန်များကို လေ့လာရသည်၊ ဆရာ၏ ခြေရာကို မိအောင်လိုက်နိုင်သော အနဇာတတပည့်ကောင်းလည်း ဖြစ်ပေသည်၊ မောဂ္ဂလ္လာန်ကျမ်း၏အခြံအရံဖြစ်သော သဒ္ဒါဘက်ဆိုင်ရာ ကျမ်းပေါင်းများစွာကို ရေးသားစီရင်သည်၊ သမ္မန္ဓစိန္တာ၏ နိဂုံး၌ မိမိဆရာကို အစွမ်းကုန်ချီးကျူးထားသည်၊ ထိုအချက်ကိုထောက်၍ပင် မောဂ္ဂလ္လာန်ထေရ်ထံ၌ သဒ္ဒါကို သင်ယူခဲ့ရကြောင်းကို ယုံကြည်စွာ မှတ်သားထိုက်သည်။

---

* သာသနာ–၁၆၉၆၊ ဝိသုဒ္ဓါရုံမူ အဘိဓာန်နိဿယသစ်။
ခရစ် ၁၁၅၃–၁၁၈၆၊ မဟာဝံသဘာသာပြန်၊ လက်နှိပ်စက်မူ ဦးဗိုကေ။

http://www.dhammadownload.com

ထိုမင်း၏လက်ထက် ဥဒုမ္ဗရဂိရိတောင်ကျောင်းနေ မဟာကဿပထေရ်၌ သာရိပုတ္တရာ–ဟူသော တပည့်ကြီးတစ်ပါး ထွန်းကားခဲ့သည်၊ ထိုသာရိပုတ္တရာ မထေရ်သည် သာရတ္ထဒီပနီစသော များစွာသောကျမ်းဂန်တို့ကို ရေးသားခဲ့သည်၊ သံဃရက္ခိတ မထေရ်သည် ထိုဆရာ့ထံ၌ ခမ္မဝိနယကို သင်ယူခဲ့ဟန် တူသည်၊ ဝိနည်းဆိုင်ရာ ကျမ်းဂန်များကိုလည်း ပြုစုခဲ့သည်၊ ခုဒ္ဒသိက္ခာဋီကာသစ်၏ ပဏာမ၌ မိမိဆရာ–သာရိပုတ္တရာကို ပဏာမပြုထားသည်။

[သံဃရက္ခိတထေရ်ကို ဒါဋ္ဌောပတိမင်း၏မြေး, သာရိပုတ္တရာထေရ်ကို ဗုဒ္ဓဒါသမင်း၏သား–ဟု ဆိုကြသေး၏၊ ဒါဋ္ဌောပတိမင်းသည် သာသနာ ၁၁၈၃–ခုနှစ်၌ နန်းတက်၏၊ အလှမ်းကွာဝေးလှသည်၊ ဗုဒ္ဓဒါသမင်းမူ သာသနာ ၈၈၃–ခုနှစ် နန်းတက်သည်၊ ထိုမင်းနန်းတက်၍ နှစ်ပေါင်း ၇၀–ကျော် မင်းတစ်ဆက်ခြားမှ ရှင်ဗုဒ္ဓဃောသဆရာမြတ်တို့ အဋ္ဌကထာကို ပြုစီရင်သည်၊ အဋ္ဌကထာဆရာထက် ဋီကာဆရာက ရှေ့မကျသင့်၊ သို့ဖြစ်၍ ထိုအဆိုကို စဉ်းစားသင့်သည်။]

ထိုသံဃရက္ခိတမထေရ်မြတ်သည် တောင်ကြားတောရနေ သီလမထေရ်၏ ကျောထောက်နောက်ခံ တပည့်ကြီးလည်း ဖြစ်သည်၊ ဆန်းကျမ်းနှင့်တကွ အခြေခံစာများကို ထိုမထေရ်ထံ၌ပင် သင်ယူခဲ့ရဟန်တူသည်၊ ထို့ကြောင့်ပင် ဆန်းကျမ်း၏ နိဂုံး၌ သီလမထေရ်မြတ်ကို အလေးဂရပြု၍ ဆိုထားသည်၊ ချီးကျူးထောမနာထားသည်။

ပြုစုခဲ့သော ကျမ်းစာများ

သီလ–မထေရ်မြတ် ကွယ်လွန်သွားပြီးသည့်နောက် သေလန္တရဝါသီ(တောင်ကြားကျောင်းနေ) ရဟန်းတို့၏ပဓာနနာယကထေရ် ဖြစ်လာသည်၊ မိမိဆရာ သာရိပုတ္တရာ၏ သီတင်းသုံးနေထိုင်ခဲ့ရာဖြစ်သော ဥဒုမ္ဗရဂိရိတောင်ကျောင်းနေ ကလျာဏမိတ္တအစစ်ဖြစ်သော မိမိ၏ တပည့်ရင်း မေဓင်္ကရထေရ်ကို အဖော်ပြု၍ သာသနာတော်ကြီးပွားရေးကို ဆောင်ရွက်တော်မူခဲ့သည်၊ ပရိယတ္တိ, ပဋိပတ္တိသာသနာတော် စည်ကားရန် ရည်သန်၍–

၁။ သုသဒ္ဒသိဒ္ဓိ,
၂။ သုဗောဓာလင်္ကာရ,
၃။ ၄င်းဋီကာဟောင်း,
၄။ ၄င်းအတ္ထဗျာချာ,
၅။ ဝုတ္တောဒယ,
၆။ ဆန်းမူလဋီကာ,
၇။ ခုဒ္ဒသိက္ခာဋီကာသစ်,

http://www.dhammadownload.com

၈။ မူလသိက္ခာဋီကာဟောင်း,

၉။ သမ္မန္ဓစိန္တာ-(ယောဂနိစ္ဆယ),

၁၀။ သာရတ္ထဝိလာသိနီမည်သော ပဋ္ဌိကာဋီကာ-စသော ကျမ်းပေါင်း များစွာကို ပြုစုခဲ့သည်။

သာသနာသက္ကရာဇ် ၁၇၈၇(၁၇၉၀)-ခု, မြန်မာသက္ကရာဇ် ၆၀၅-ခုနှစ်ဝယ် ဇမ္ဗုဒေါဏိမြို့၌ နန်းတက်သော တတိယဝိဇယဗာဟုမင်း လက်ထက်တိုင် သက်တော် ထင်ရှားရှိသေးသည်၊ သက်တော် ၉၀-ခန့် နေခဲ့ရဟန်တူသည်။

[ဟံသရဋ္ဌဇာတိနန္ဒပညာမထေရ် စီရင်သော စူဋ္ဌဂန္ဆဝင်ကျမ်း၌ သံဃရက္ခိတထေရ် ရေးသားသော ကျမ်းအချို့ကိုပင် ဝါစိဿရထေရ်ရေးသည်-ဟု စာရင်းပြထားသောကြောင့် သံဃရက္ခိတထေရ်ကိုပင် ဝါစိဿရထေရ်-ဟူ၍လည်း ခေါ်သေးသည်-ဟု ဆိုကြ၏၊ မဟာဝင်နိဒါန်း၌ သာသနာသက္ကရာဇ် ၁၇၉၄-ခုနှစ် နန်းတက်သော (ဒုတိယ) ပရက္ကမဗာဟုမင်း၏ လက်ထက် မဟိန္ဒသေနကျောင်းနေ အရှင်ဝါစိဿရ ထေရ် ရှိသည်၊ ထိုမထေရ်သည် မဟာ ထူပဝင်ကို ရေးသား၏-ဟု ဆိုထားပြန်၏၊ စဉ်းစားဆင်ခြင်၍ ယူဆစေ လိုသည်။]

မြန်မာနိုင်ငံသို့ အလင်္ကာရောက်ချိန်

သာသနာသက္ကရာဇ် ၁၇၁၁-ခု, မြန်မာ ၅၂၉-ခုနှစ် မတိုင်မီ ပုဂံခေတ်ကပင် ဝုတ္တောဒယ ဆန်းကျမ်းနှင့် တကွ သုဗောဓာလင်္ကာရစာကိုယ်, ၎င်းဋီကာဟောင်းတို့ မြန်မာနိုင်ငံ ပုဂံပြည်သို့ ရောက်ရှိပြီ-ဟု မှတ်သားထိုက်၏၊ ထို့ကြောင့်သာ ပုဂံခေတ်၌ ဝုတ္တောဒယဋီကာကို စူဋ္ဌဝိမလ-စသော မထေရ်တို့ ရေးသားနိုင်ခဲ့ပေသည်။

အလင်္ကာကျမ်းမှာမူ အပို့အချ နည်းပါးသောကြောင့် များစွာမပွင့်လင်း မထင်ရှားသေးပေ၊ တိမ်ဖုံးသော လ-ကဲ့သို့ ကွယ်မြုပ်နေခဲ့သည်၊ နောက်တဖြည်းဖြည်း အပို့အချ များလာသောအခါမှ အသင့်အတင့် ပွင့်လင်းထင်ရှားလာခဲ့သည်၊ ထိုသို့ အလင်္ကာပွင့်လင်းလာသည်နှင့်အမျှ မြန်မာစာပေလည်း ပုဂံကျောက်စာ အရေး အသားမှ လေးလုံးစပ်ကဗျာ, ကာချင်း, ရတု, ဧးချင်း, မော်ကွန်းထိအောင် အဆင့်ဆင့် တိုးတက်လာခဲ့သည်။

သုဗောဓာလင်္ကာရကျမ်းသည် **အင်းဝခေတ် ဘုရင်နရပတိ** (ထူပါရုံဒါယကာ) လက်ထက်မှာမှ မြန်မာနိုင်ငံသို့ ရောက်သည်-ဟု ဆိုကြသေး၏၊ ထိုစကားကို စိစစ်တတ်သော ပညာရှင်တို့ လက်ခံနိုင်ဖွယ်မရှိ၊ ဆန်းကျမ်းနှင့် အလင်္ကာကျမ်းသည် အချင်းချင်း နှီးနွယ်နေသော ကျမ်းများဖြစ်ကြ၏၊ ဆရာတစ်ဦးတည်း ရေးသားသော

http://www.dhammadownload.com

ကျမ်းများလည်း ဖြစ်ကြပေသည်၊ သို့ဖြစ်၍ ဆန်းကျမ်းရောက်က အလင်္ကာကျမ်းလည်း ရောက်ရမည်သာ၊ ထို့ပြင် ထိုအင်းဝခေတ်ထက် ရှေးကျသော ပင်းယခေတ်၌ သမန္တဂုဏာသာဂရထေရ်ရေးသော မူလသိင်္ဂါဠီကာသစ်ဝယ် အလင်္ကာစာကိုယ်နှင့် ဋီကာဟောင်းလာ "နိဗန္ဓန, အနိဗန္ဓန"စသော အဓိပ္ပာယ်များကို တွေ့ရှိရပေသည်၊ ထိုနိဗန္ဓန, အနိဗန္ဓန–ဟူသော အမည်သည် သင်္ကတကျမ်းဂန်များ၌ မရှိ၊ ရှင်သံဃရက္ခိတထေရ် ဉာဏ်သစ်ထွင်၍ ပေးအပ်သော အမည်မျှသာ ဖြစ်သည်၊ ထို့ကြောင့် ပုဂံခေတ်ကပင် ရောက်ရှိပြီ–ဟုသာ ယုံကြည်စွာ မှတ်သားထိုက်၏။

အလင်္ကာ ပွင့်လင်းလာချိန်

မြန်မာသင်္ကရာဇ် ၈၀၄–ခု ကဆုန်လပြည့်ကျော် တစ်ရက် သောကြာနေ့ အင်းဝမြို့၌ နန်းတက်သော ဘုရင်နရပတိလင်္ကာထက် (ဝရစက္ကပါလ)ထေရ်သည် သီဟိုဠ်သို့သွား၍ ပညာသင်သည်၊ သီဟိုဠ်ဘာသာကိုလည်း လေ့လာခဲ့သည်၊ သံဃရက္ခိတမထေရ် ရေးသားခဲ့သော (သုဗောဓာလင်္ကာရ)အတ္ထဗျာချာ (သီဟိုဠ်နိဿယ)ကျမ်းကိုလည်း တပါတည်း ဆောင်ယူလာသည်၊ ထိုမထေရ်သည်ပင် နောင် သီဟိုဠ်ခရောက်မထေရ်–ဟု ထင်ရှားကျော်စောသည်၊ စစ်ကိုင်းဘက်၌ သီတင်းသုံးတော်မူသည်၊ ၈၄၄–ခု နှစ်မတိုင်မီ ထိုအတ္ထဗျာချာကို သီဟိုဠ်ဘာသာမှ မာဂဓီ(ပါဠိ)ဘာသာသို့ ပြန်တော်မူသည်၊ ထို့ကြောင့်ပင် "ဣတိ သုဗောဓာလင်္ကာရနိဿယေ ပဌမော ပရိစ္ဆေဒေါ" စသည်ဖြင့် ရေးသားထားသည်၊ အချို့နေရာ၌ မိမိ၏အယူအဆကိုလည်း ဖြည့်စွက်ထည့်သွင်းထားသည်၊ ထိုကျမ်းကိုပင် ယခု အလင်္ကာဋီကာသစ်–ဟု ခေါ်နေကြသည်၊ တပည့်အများတို့အားလည်း အလင်္ကာကို ချပို့ပေးသည်၊ ထိုအချိန်မှစ၍ အလင်္ကာနိုင်သူ ပေါများလာသည်၊ မြန်မာစာလည်း ဒီရေအလား တဟုန်တည်း တိုးတက်လာသည်၊ ရှင်ရဋ္ဌသာရ–စသော ကဗျာကျော်များ ပေါ်ထွက်လာသည်။

ထိုရှင်ရဋ္ဌသာရသည် ၈၃၀–ခုနှစ် မွေးဖွားသည်၊ ကလေးသူငယ်ဘဝမှစ၍ နောင်တော်ဖြစ်သူ သီဟိုဠ်ရောက်မထေရ်ကြီးထံ၌ စာပေသင်၍ ရဟန်းခံသည်၊ အသက် ၁၆–နှစ်အရွယ်တွင် ဒုတိယမင်းခေါင် (၈၄၂–၈၆၃)လက်ထက်၌ ဘူရိဒတ်ဇာတ်လင်္ကာကြီးကို စပ်ဆိုခဲ့သည်၊ ထိုလင်္ကာသည် ရှေးအကျဆုံး အဟောင်းဆုံးသော ဇာတ်လင်္ကာရှည်ကြီး ဖြစ်သည်၊ ထိုသို့ လင်္ကာရှည်ကြီး စပေါ်လာရခြင်းမှာလည်း အလင်္ကာ၏ကျေးဇူးမကင်းပေ၊ ထို့ကြောင့်ပင် ဘူရိဒတ်ဇာတ်လင်္ကာကြီး၏ နိဂုံး၌–

"ကျေးဇူးဟူသည်, ရောင်ဖြူထက်ဝန်း, သောတာထွန်းသို့, ကကျွန်းသိန်းခို, မငြိုပြန်ခေါက်, ရောက်တုံပြီးမှ, ရပ်သီးခန်းဝါ, ကျေအုပ်သာနှင့်, ရတနာပုရ, လောကသနင်း, မင်းတို့တကာ, ရိုသေရာဖြင့်, သာသနာငါးထောင်, တန်ဆောင်

http://www.dhammadownload.com

နေ့တိုင်း, ကြိုးနှယ်ဆိုင်းသား, စကိုင်းမည်သည့်, ရွှေပြည်မြောက်ပါး, မြိုင်တော ဖျားဝယ်, တရားမွေ့လျော်, ကုသိုလ်ပျော်သည့်, သူတော်ထေရ်ကောင်း, ဗောဓိ လောင်း၏, အပေါင်းထင်ရှား, တပည့်သားတွင်, တွက်ကျူးဝင်သည်, မည်ပင် ရဋ္ဌ, သာရအစစ်, ဆယ့်ခြောက်နှစ်လျှင်, တက်သစ်အရွယ်, သူငယ်ဘော်က, ဆိုစတင်းလင်း"စသည်ဖြင့်လည်းကောင်း။

၄င်းဇာတ်ပေါင်း၌–

"အလက်ံရ, ဝိဘာဂဖြင့် ပဒဝါကျ, *ပဒတ္ထ၌, ဒေါသအပြစ်, ရှစ်နှင့်ကိုးခု, ခြောက်ထွေရှုသော်, ဂုဏ်ဟုမည်ရ, ပသာဒက, စသည်နည်းနာ, ဆယ်ခု ဖြာလျက်, သဘာဝတ္ထ, ဝက်ဝုတ္တိ, အသိမှန်စွာ"စသည်ဖြင့်လည်းကောင်း စပ်ဆိုခဲ့ပေသည်။

သုဗောဓာလင်္ကာရ နိဿယများ:

ထိုသို့ သုဗောဓာလင်္ကာရကျမ်းသည် အစွမ်းကုန်ပွင့်လင်း နေပါသော်လည်း မြန်မာနိဿယစာစောင်များကား မပေါ် သေးပေ၊ ပါဠိဘာသာရေး ဋီကာများကိုသာ ကြည့်ရှုအသုံး ပြုလျက် တင်းတိမ်ရောင့်ရဲနေကြရသည်၊ ညောင်ရမ်းဆယ်ဆက် စနေမင်းလက် ထက်၌ သုဗောဓာလင်္ကာရရာသီစု ပေါ်လာ၏၊ ပထမတောင်ငူရောက် ပရဏ္ဏမ ဆရာတော်သည် နိဿယကို စတင်၍ ရေးတော့သည်၊ ထိုမှနောက်၌ကား နိဿယ အမျိုးမျိုး ခေတ်အားလျော်စွာ ပေါ်ထွက်လာခဲ့သည်၊ မြန်မာစာပေသည်လည်း ယနေ့ တွေ့နေရသော အဆင့်အတန်းသို့တိုင် ရောက်ရှိနေလေပြီ၊ အစွမ်းကုန် တိုးတက် နေလေပြီ၊ ထိုသို့ တိုးတက်လာရခြင်းမှာ အလင်္ကာကျမ်း၏ အစွမ်းသတ္တိကြောင့် မဟုတ်–ဟု အဘယ်သူသည် ငြင်းချက်ထုတ်နိုင်ပါအံ့နည်း ?။

ဤကျမ်း ဖြစ်ပေါ်လာရခြင်း:

ထိုသို့ အစွမ်းသတ္တိထက်လှသော သုဗောဓာလင်္ကာရ ကျမ်း၏ နိဿများကို မိမိတို့ခေတ်အားလျော်စွာ ရှေး ဆရာတို့ အသီးအသီးရေးသားသွားကြလေပြီ၊ စာပေ၏ တာဝန်ကို ထမ်းဆောင် သွားကြလေပြီ၊ ရှေးခေတ်က ထိုဆရာများ ရေးသားသွားသော နိဿယများသည် ရှေးခေတ်လူများနှင့် သင့်လျော်စေကာမူ ယခုခေတ်သစ်လူများနှင့် လုံးဝသင့်တော်သည်–ဟုကား မဆိုနိုင်တော့ချေ၊ ထို့ကြောင့် ခေတ်အားလျော်စွာ အများလက်ခံနိုင်လောက်အောင် ပြုပြင်၍ပေးရန်မှာ ခေတ်လူတို့၏ တာဝန်ပင် ဖြစ်ချေသည်။

[* တဒတ္ထ၌–သို့မဟုတ် ဝါကျတ္ထ၌–သာ မူရင်းဖြစ်မည်၊ ပဒတ္ထ၌–ဟု နောက်မှ ပျက်နေဟန် တူသည်။]

http://www.dhammadownload.com

ထင်ရှားစေအံ့ . . . တိုင်းနိုင်ငံတစ်ခု ကြီးပွားတိုးတက်ရန် အကြောင်းပေါင်းများစွာရှိသည့်အနက် စာပေသည် ထိပ်တန်းမှ ပါဝင်၏၊ စာကောင်းပေကောင်းဖြန့်ဖြူးပေးနိုင်မှ တိုင်းသူပြည်သား လူအများတို့ ယဉ်ကျေးနိုင်သည်၊ ငြိမ်ဝပ်ပိပြားနိုင်သည်၊ အကျင့်စာရိတ္တ ကောင်းမွန်နိုင်သည်၊ ကျန်းမာတောင့်တင်းနိုင်သည်၊ ပေါင်းသင်းဆက်ဆံရေး၌ ချောမောပြေပြစ်နိုင်သည်၊ အချုပ်အားဖြင့် ဗလငါးတန် ပြည့်ဖြိုးနိုင်သည်၊ ဤအကြောင်းကို ပြည်ထောင်စုအစိုးရလည်း သိပြီးပင်ဖြစ်သည်၊ ထို့ကြောင့်ပင် အားကြိုးမာန်တက် ပညာရေးကို အားပေးလာသည်၊ စာဖေဗီမာန်ကြီးကို တည်ဆောက်လာသည်။

အစိုးရ အားပေးသလောက် စာရေးဆရာများလည်း ရှေးကထက် ပေါ်ထွက်လာသည်၊ မြန်မာစာပေ ဆန်းသစ်အောင် ကြိုးစားတီထွင်ကြသည်၊ နည်းမှန်လမ်းမှန် တီထွင်နိုင်က ကောင်းသောအချက်ပင် ဖြစ်ပါသည်၊ အထူးဝေဖန်ဖွယ်မလိုပါ၊ ထို့ပြင် စာပေသောင်းကျန်းမှုလည်း အချို့စာရေးဆရာများနှင့်အတူ ဒွန်တွဲပါလာသည်၊ ထိုသူတို့သည် မြန်မာယဉ်ကျေးမှုနှင့် အလင်္ကာသဘောကို လျစ်လျူရှုထားကြဟန်တူသည်၊ သို့မဟုတ် နားလည်ကြဟန် မတူကြချေ၊ မြန်မာယဉ်ကျေးမှုနှင့် အလင်္ကာသဘောကိုသာ နားလည်ကြပါက ထိုမျှလောက် သောင်းကျန်းစရာ မရှိပါပေ၊ ထိုသို့ ဖြစ်ရခြင်းကိုလည်း ထိုသူတို့၏အပြစ်–ဟုချည်း မဆိုနိုင်ပါ၊ ခေတ်နှင့်ဆီလျော်၍ ကြည့်လွယ် ရှုလွယ် နားလည်လွယ်သော အလင်္ကာကျမ်းများ မပေါ်ထွက်သေးသောကြောင့်သာ ဖြစ်တန်ရာသည်–ဟု ယူဆမိပါသည်၊ စဉ်းစားမိပါသည်။

ထို့ကြောင့် အဆင့်အတန်းမီအောင် မြန်မာစာပေ ဆန်းသစ်ရန်နှင့် ကလောင်သောင်းကျန်းမှုမှလည်း လွတ်ကင်းနိုင်သမျှ လွတ်ကင်းရန် အစိုးရ တည်ထောင်ထားသော စာပေဗီမာန်ကြီးကို **အလင်္ကာပန်းကုံးကျမ်း**–တည်းဟူသော အရောင်တင်ဆေးဖြင့် အရောင်တင်ပေးလိုစိတ် မိမိသန္ဓာန်၌ တဖွားဖွား ဖြစ်ပေါ်လာပါသည်၊ ထိုသို့ အရောင်တင်ပေးရန်မှာလည်း မိမိအတွက် တာဝန်ကြီးလေးစရာ မရှိတော့ပါ၊ ဆရာမြတ်တို့ထံ၌ အခေါက်ပေါင်းများစွာ သင်ယူခဲ့၍ အခေါက်ပေါင်းများစွာ ပို့ချထားသောစာပင် ဖြစ်ပါသည်၊ ထိုသို့ အကြံဖြစ်သည်နှင့်တစ်ပြိုင်နက် တပည့်များအား ကဒ်ါအဋ္ဌကထာ, ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ, သဒ္ဒါ, ဇာတ်အဋ္ဌကထာ, ယမိုက်တို့ကို ပို့ချပေးနေရသည်၏ အကြားအကြား၌ ဤအလင်္ကာကျမ်းကိုလည်း ပို့ချပေးရင်း ၁၃၁၆–ခုနှစ် နယုန်လမှစ၍ ရေးသားလာခဲ့ပါသည်။

ရေးသားပုံ အစီအစဉ်

ထိုသို့ပင် မအားလပ်သည့်ကြား၌ ရေးသားရပါသော်လည်း ဖြစ်ကတတ်ဆန်းသဘောမျိုးဖြင့် ရေးသားသည်ကား မဟုတ်ပါ၊ ရဟန်းရှင်လူ နှစ်မျိုးလုံးတို့နှင့် သင့်လျော်အောင် ပြည့်စုံကုံလုံသော

http://www.dhammadownload.com

ကျမ်းကောင်းတစ်ကျမ်းဖြစ်အောင် အထူးအပင်ပန်းခံ၍ ရေးသားထားပါသည်၊ ၄င်းကို အထူးချဲ့ထွင် ဖော်ပြနေစရာ မလိုတော့ပါ၊ အတွင်းစာသားများကပင် သက်သေခံသွားပါလိမ့်မည်၊ **ပါဠိကို သင်နေကြသူတို့**အတွက် အပေါ်က နိဿယကို ကြည့်၍ အောက်၌ သက်ဆိုင်ရာအဓိပ္ပာယ်များကို ကြည့်ရှုနိုင်ရန် ရှင်းလင်းပြတ်သားစွာ ပြဆိုထားပါသည်၊ အမှတ်ရလွယ်ကူစေရန် ဆောင်ပုဒ်ကဗျာများကိုလည်း ကြားညှပ်ထည့်သွင်းထားပါသည်၊ **ပါဠိကို မသင်ယူသောသူများ**အတွက်မှာမူ အောက်မြန်မာသက်သက်ကိုသာ ကြည့်ရှုရန် ရည်ရွယ်ပါသည်၊ ထိုသို့ မြန်မာသက်သက်ကို ကြည့်ရှုသွားသော်လည်း တစ်စုံတစ်ရာ အရသာပျက်ဖွယ် မရှိပါ၊ မြန်မာအလင်္ကာကျမ်းကောင်းတစ်ခုကို ကြည့်ရရှုရသလိုပင် ကြည့်ရှု၍ ဖြစ်နိုင်ပါလိမ့်မည်၊ ရှင်းလင်းချက်များ၌ စာသား မကျယ်စေလိုသောကြောင့် အချို့နေရာဝယ် ပါဠို+မြန်မာ တွဲထားသည်၊ ပါဠိကို လေ့လာသူဖြစ်က ပါဠိမှုကိုသာကြည့်၍ မြန်မာသက်သက် လေ့လာသူမှာ မြန်မာမှုကိုသာ ကြည့်ရန်ဖြစ်ပါသည်၊ ထိုထို ပျို့ကဗျာများမှလည်း မြန်မာစာပေနှင့် အလင်္ကာသဘော နှီးနှောဆက်သွယ်နေပုံကို သိရှိစေရန် သင့်လျော်သောပုံစံများကို ထုတ်နုတ်ပြထားပါသည်၊ အထူးအားဖြင့် **စာမေးပွဲဝင်သူတို့** အတွက် လေ့ကျင့်ခန်းပုစ္ဆာများကိုလည်း အပိုင်းကဏ္ဍတိုင်း၏ အဆုံးအဆုံးမှာ ထုတ်ပြထားပါသည်၊ ယင်းပုစ္ဆာများကို အလွတ်မဖြေဆိုနိုင်ပါက ပြန်လည်ကြည့်ရှု ဖြေဆိုရန် ဖြစ်ပါသည်၊ ထို့ပြင်· · · ဤကျမ်းထဲ၌ ပါဝင်သော အနက်အဓိပ္ပာယ်များကို အလွယ်တကူ ရှာဖွေကြည့်ရှု မှတ်သားနိုင်စေရန် ရည်သန်၍ **သာရသူစိတမာတိကာ, သလ္လက္ခဏတ္ထအဘိဓာန်**–ဟု နှစ်မျိုးခွဲလျက် အက္ခရာစဉ်ဖြင့် ညွှန်ပြထည့်သွင်းထားပါသေးသည်၊ ထိုသို့ ထည့်သွင်းထားသဖြင့် အလိုရှိသော အဓိပ္ပာယ်များကို အချိန်မကုန် လူမပင်ပန်းဘဲ ခဏခေတ္တအတွင်းမှာပင် လွယ်လင့်တကူ ကြည့်ရှုမှတ်သားနိုင်ကြပေလိမ့်မည်။

ဣသာပယ်ရှားမေတ္တာပွားလော့

"လမ်းရိုးဟောင်းတွင်, ဆင့်ကာထွင်သော်, သုတ်သင်ကာမျှ, လွယ်စွာရ"–ဟူသော ရွေးဆရာတို့၏ ထုံးဥပဒေသအတိုင်း ဤကျမ်းကို ဦကာဟောင်း, ဦကာသစ်, စံကျောင်းနိဿယများကို မှီငြမ်းပြု၍ **"သာသနဟိတဓမ္မာစရိယ–အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ရ ပဒေသာတရံ မြောင်းမြဆရာတော်ဘုရားကြီး၏ နည်းကို အခြေခံထား၍ ရေးသားထားပါသည်၊ တစ်ခြား သက်ဆိုင်ရာ ကျမ်းပေါင်းများစွာတို့နှင့်လည်း ညှိနှိုင်းပါသည်၊ ပဒေသာတရံ ပါဠိတက္ကသိုလ် ဂဏဝါစက **ဥဉ္ဇာနိက**၏ အကူအညီနှင့်လည်း မကင်းပါ၊ ဤသို့ စာပေအမျိုးမျိုး, ဆရာအမျိုးမျိုးတို့၏ နည်းမျိုးစုံနှင့် ညှိနှိုင်း၍ မဖေါ်သောသတိ,

http://www.dhammadownload.com

မလျှော့သော ဝီရိယဓာတ်ဖြင့် အများနှင့်သင့်လျော်၍ အများလက်ခံနိုင်လောက်သော ကျမ်းစာတစ်စောင်ဖြစ်အောင် စီစဉ်ထားလင့်ကစား တိမ်းပါးချွတ်ယွင်းချက် လုံးဝ ကင်းလွတ်ပြီ–ဟုကား မဆိုနိုင်သေးပါ၊ ပုထုဇဉ်အလိုက် စရိုက်အားလျော်စွာ သမာဓိ နည်းပါး မေ့လျော့သောအားဖြင့်ဖြစ်စေ, မိမိ၏အသိဉာဏ်တိမ်မှု, ဉာဏ်မနှံ့စပ်မှု ကြောင့်ဖြစ်စေ, အရေးအသား မလိမ္မာ မကျွမ်းကျင်မှုကြောင့်ဖြစ်စေ, ယုတ္တိကင်းလွတ် ဖောက်ပြန်ယွင်းချွတ်သော စကားကို ရေးသားကောင်း ရေးသားမိပေလိမ့်မည်၊ ထိုသို့ယွင်းမှား ရေးသားမိသော စကားရပ်များကို စာရှုသူအပေါင်းတို့က ကိုယ့်တာဝန်ပင် စိတ်မှာထင်၍ ကြည်လင်ဝမ်းသာ အမှန်ရောက်အောင် ပြင်ဆင်နိုင်ကြပါစေ၊ ဣသာပယဓ်ရှား မေတ္တာထားနိုင်ကြပါစေ၊ အပြစ်မတင် အချစ်ဝင်နိုင်ကြပါစေ။

သစေ ဝစော ပမဒ္ဒန္တော , ဘမန္တော ခလိတံ ဝဒေ၊
ဇတ္ထ မိရာ ဒယာဝန္တော , သန္တော တံ သောဓယန္တု မေ။

အဟံ–စာပေလမ်းမှန်, ဆန်းသစ်ရန်ဖို့, ရည်သန်ကြိုးကုတ်, အကျွန်ုပ်သည်၊ ဇတ္ထ–ရဝေနိုင်းတန်, စာဗိမာန်ကို, ရောင်လွှဲတင်မွမ်း, ဤအလင်္ကာပန်းကုံးကျမ်း၌၊ ပမဒ္ဒန္တော–ကင်းလွတ်သတိ, မေ့လျော့ဘိ၍သော်လည်းကောင်း၊ ဘမန္တော–ထိုထို ဤဤ, အလီလီထွေပြား, စိတ်ချောက်ချား၍သော်လည်းကောင်း၊ ယံ ခလိတံဝစော–ယုတ္တိကင်းလွတ်, အကြင်ဖောက်ပြန်ယွင်းချွတ်သော စကားရပ်ကို၊ သစေ ဝဒေ–အကယ်ရေးသား, ဆိုမိမှားအံ့၊ ဇဝံ–ပုထုဇဉ်အမိုက်မို့, စရိုက်အားလျော်စွာ, ဤကဲ့သို့ ဆိုမိခဲ့ပါသော်၊ ဒယာဝန္တော–ကိုယ်ချင်းစာတရား, လက်ကိုင်ထားလျက်, သနားကရုဏာ, ရှိကြပါကုန်သော၊ သန္တော–ဣသာကင်းစင်, မေတ္တာဝင်လျက်, ဝမ်းတွင် ကိန်းအောင်း, စိတ်မြတ်စိတ်ကောင်းရှိကြကုန်သော၊ မိရာ–စာမှာမွေ့လျော်, စာမှာပျော်ပါး, သုတများသည့်, ရဟန်းရှင်လူအများတို့သည်၊ ဇမ–ဉာဏ်သိမ်းနုတ်, အကျွန်ုပ်၏၊ တံ ဝစော–ယုတ္တိကင်းလွတ်, ထိုဖောက်ပြန်ယွင်းချွတ်သော စကားရပ်ကို၊ သောဓယန္တု–ဤချို့ယွင်းချက်, ငါ့အတွက်ဟု, အားတက်ဝမ်းသာ, သုတ်သင်ပြင်ဆင် နိုင်ကြပါစေကုန်သတည်း၊ ဝါ–အပြစ်မတင်, အချစ်ဝင်လျက်, ပြင်ဆင်၍သာ, ရှုနိုင်ကြပါစေကုန်သတည်း။

အရှင်ကုမာရ

၁၃၁၆–ခု၊ နယုန်လဆန်း ၂–ရက်။

http://www.dhammadownload.com

အက္ခရာစဉ်-သင်္ကေတ

အာသံ= အာသံနိုင်မော်ကွန်း၊
ဥမ္မာ= ဥမ္မာဒန္တီ ပျို့၊
ဩ= ဩဝါဒထူးပျို့၊
ကဝိ= ကဝိဘာရတိ၊
ကုသ= ကုသပျို့၊
ကိုးခန်း= ကိုးခန်းပျို့၊
ကျေး= ကျေးစေခန်း၊
ဂါ= ဂါမဏိစန္ဒပျို့၊
ဂမ္ဘီ= ဂမ္ဘီသာရပျို့၊
ငရဲ= နေမိငရဲခန်းပျို့၊
စာ-သမိုင်း= မြန်မာစာပေသမိုင်း၊
စန္ဒ= စန္ဒကိန္နရီပျို့၊
ဆုတောင်း= ဆုတောင်းခန်းပျို့၊
ဇန= မဟာဇနကပျို့၊
ဇိ= ဇိနာလင်္ကာရဋီကာ၊
ဋီ= ဋီကာ-(အလင်္ကာ)၊
ဋီ-သစ်= ဋီကာသစ်(အလင်္ကာ)၊
ဋီဟောင်း= ဋီကာဟောင်း၊(အလင်္ကာ)၊
ဍ= အဋ္ဌကထာ၊
ဓာတွတ္ထ= ဓာတွတ္ထသင်္ဂြိဟ၊
နဝ= နဝရတ်ပျို့၊
နန္ဒိ= နန္ဒိသေနပျို့၊
နေ= နေမိရကန်၊
နော= ကျမ်းဆရာအလိုကျ စီကုံးရေးထည့်
ထားသော ပုံစံ၊
ပါ= ပါရမီတော်ခန်းပျို့၊
ပုတ္တော= ပုတ္တောဝါဒဆုံးမစာ၊
ပေါ= ရွှေဟောင်းစကား၊
ပေါင်း= ကဗျာညွှန့်ပေါင်း၊
ပြန်ပုံစံ= မြန်မာပြန်ပုံစံ၊
ဗန်= ကဗျာဗန္ဓသာရကျမ်း၊
ဘူ= ဘူရိဒတ်ဇာတ်လင်္ကာကြီး၊
ဘူပေါင်း= ဘူရိဒတ်ဇာတ်ပေါင်းပျို့၊
ဘုံခန်း= နေမိဘုံခန်းပျို့၊
မဃ= မဃဒေဝလင်္ကာသစ်၊
မနော်=မနော်ဟရီပျို့ဟောင်း၊
မင်းရဲ= မင်းရဲရတနာ(ဂီဘ)သာချင်း၊
မြား= သုဝဏ္ဏသာမမြားပစ်ခန်း၊
မြန်ပုံစံ= ရွှေဟောင်းစာပေများမှ
ထုတ်နုတ်ပြဆိုထားသော ပုံစံ၊
ရတန= ရတနဗိမာန်ကျောက်စာ၊
ရူး= အရူးလွယ်အိပ်၊
ရှေး= အမည်မသိ ရှေးဆရာတို့၏ စကား၊
ရှင်း= ပုံစံကို သုတ်နှင့်ညှိနှိုင်း၍ ရှင်းလင်း
ပြဆိုချက်၊
လေ့ကျင့်ခန်း= မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့်
လေ့လာရန်ပုံစံများ၊
ဝေ= ဝေဿန္တရာပျို့၊
သီ= သီလက္ခန်၊
သုတ= သုတသောမပျို့၊
သူဇာ= သူဇာပျို့၊
[ပုံစံ (နှာ-၃၀) စာမျက်နှာနံပါတ်(၃၀)
ဟုဆိုလိုသည်။]

ပျို့ပေါင်း (၄၀)ကျော်, ပိဋကတ်ကျမ်းစာပေါင်း များစွာတို့မှ
အဆီအနှစ်ကို စစ်ထုတ်ထားသည်။

---

http://www.dhammadownload.com

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ

နိဒါန်း-စကားချီး

အလင်္ကာပန်းကုံး-ပဏာမ

ဂန္ထာရမ္ဘ

၁။ ပဏာမ --- --- --- ၁
၂။ နိမိတ္တနှင့်အဘိဓာနာဒိ --- --- --- ၃
၃။ ကျမ်းဂန်ဖြင့်သာ ဂုဏ်အပြစ်ကို စိစစ်နိုင် --- --- ၇
၄။ တိုက်တွန်းအားပေးစကား --- --- --- ၁၁
၅။ ဗန္ဓလက္ခဏာနှင့်အပြား --- --- --- ၁၆
၆။ ပဓေဗန္ဓ၏အပြားနှင့် ဗန္ဓ၏အဆင်တန်ဆာ --- --- ၁၈
၇။ ဆင်နည်းမရက ဆင်သော်လည်းမလှ --- --- ၂၀
၈။ ကျမ်း-အလင်္ကာမည်ပုံ --- --- --- ၂၁
၉။ အလင်္ကာအပြားနှင့် ဗန္ဓအရ --- --- --- ၂၂
၁၀။ ဆင်ယင်ထားသော်လည်း အပြစ်မကင်းက နှစ်လိုဖွယ်မရှိ --- ၂၃
၁၁။ အပြစ်လွတ်အောင်သာ ကြိုးစားပါ --- --- --- ၂၄
၁၂။ ဂုဏ်နှင့်ပြည့်စုံခြင်းအကျိုး --- --- --- ၂၄
လေ့ကျင့်ခန်းမေးခွန်း --- --- --- ၂၅

၁။ ဒေါသာဝေဓမ-ပထမပိုင်း

၁၃။ ပဋိညာဉ် --- --- --- ၂၇
၁၄။ ဒေါသသရုပ် ၂၃-ပါး --- --- --- ၂၉

ပဒဒေါသ ၈-ပါး အကျယ်

၁၅။ (၁) ဝိရုဒ္ဓတ္ထန္တရဒေါသ --- --- --- ၃၂
၁၆။ (၂) အဓိပ္ပတ္တိဒေါသ --- --- --- ၃၄
၁၇။ (၃) ကိလိဋ္ဌဒေါသ --- --- --- ၃၅
၁၈။ အလိုမရှိအပ်သော ယမက --- --- --- ၃၇
၁၉။ အလိုရှိအပ်သော ယမက --- --- --- ၃၇

http://www.dhammadownload.com

ဦးရေ	အကြောင်းအရာ			စာမျက်နှာ
၂၀။	အလိုရှိအပ်သော ယမက-အပြား	---	---	၃၈
၂၁။	အဗျပေတ ပထမပါဒါဒိယမက	---	---	၄၀
၂၂။	အဗျပေတ ပထမဒုတိယပါဒါဒိယမက	---	---	၄၀
၂၃။	အဗျပေတ ပ-ဒု-တ ပါဒါဒိယမက	---	---	၄၁
၂၄။	အဗျပေတ စတုက္ကပါဒါဒိယမက	---	---	၄၁
၂၅။	နိဂုံး(အတိဒေသ)	---	---	၄၂
၂၆။	ယမကတို့ကို အကြွင်းမဲ့ မပြရခြင်း	---	---	၄၄
၂၇။	ယမကနှင့် ပဟေဠိတို့ကို မပြရခြင်း		---	---	၅၀
၂၈။	(၄) ဝိရောဓိဒေါသ ၆-မျိုး	---	---	---	၅၁
၂၉။	(၅) နေယျဒေါသ	---	---	---	၅၃
၃၀။	နေယျဒေါသသင့်သော ပုဒ်မျိုးကို ပညာရှင်တို့ အသုံးမပြု			---	၅၄
၃၁။	(၆) ဝိသေသနာပေက္ခဒေါသ	---	---	--	၅၅
၃၂။	(၇) ဟီနတ္ထကဒေါသ	---	---	---	၅၆
၃၃။	(၈) အနတ္ထဒေါသ	---	---	---	၅၈

ဝါကျဒေါသ ၉-ပါး အကျယ်

၃၄။	(၁) ဧကတ္ထဒေါသ	---	---	---	၆၀
၃၅။	(၂) ဘဂ္ဂရီတိဒေါသ	---	---	---	၆၂
၃၆။	(၃) ဗျာကိဏ္ဏဒေါသ	---	---	---	၆၄
၃၇။	(၄) ဂါမ္ဓဒေါသ (၂)	---	---	---	၆၆
၃၈။	(၅) ယတိဟီနဒေါသ	---	---	---	၆၉
၃၉။	ယတိမှန်-ယတိမှားပုံစံ	---	---	---	၇၀
၄၀။	ဖြတ်-ရပ်ထုံးနည်းဥပဒေသ	---	---	---	၇၂
၄၁။	(၆) ကမစ္ဆုတဒေါသ	---	---	---	၇၅
၄၂။	(၇) အတိဝုတ္တဒေါသ	---	---	---	၇၇
၄၃။	(၈) အပေတတ္ထဒေါသ	---	---	---	၇၉
၄၄။	(၉) ဗန္ဓဖရုသဒေါသ	---	---	---	၈၀

ဝါကျတ္ထဒေါသ ၆-ပါး အကျယ်

၄၅။	အမှာစကားနှင့်ပဋိညာဉ်	---	---	---	၈၃
၄၆။	(၁) အပက္ကမဒေါသ	---	---	---	၈၄

http://www.dhammadownload.com

ဦးရေ	အကြောင်းအရာ			စာမျက်နှာ
၄၇။ (၂)	ဩစိတျဟီနဒေါသ	---	---	--- ၈၆
၄၈။ (၃)	ဘဂ္ဂရီတိဒေါသ	---	---	--- ၈၉
၄၉။ (၄)	သသံသယဒေါသ	---	---	--- ၉၀
၅၀။ (၅)	ဂါမ္မဒေါသ	---	---	--- ၉၂
၅၁။ (၆)	ဒုဋ္ဌာလင်္ဂရဏဒေါသ	---	---	--- ၉၄
၅၂။	ဒေါသ-နိဂုံး	---	---	--- ၉၅
၅၃။	ကတောတြသခေ်ပနယာ-ဖြင့် ပေါင်းယူထားသော ဒေါသများ	---	---	--- ၉၇
	လေ့ကျင့်ခန်းမေးခွန်း	---	---	--- ၁၀၆
	၂။ ဒေါသပရိဟာရာဝဗောဓ-ဒုတိယပိုင်း			
၅၄။	ပဋိညာဉ်	---	---	--- ၁၀၉
	ပဒဒေါသ ၈-ပါး အဖြေ			
၅၅။ (၁)	ဝိရုဒ္ဓတ္ထန္ဆရဒေါသ-အဖြေ	---	---	--- ၁၁၀
၅၆။ (၂)	အရျတ္ထဒေါသ-အဖြေ	---	---	--- ၁၁၂
၅၇။ (၃)	ကိလိဋ္ဌဒေါသ-အဖြေ	---	---	--- ၁၁၃
၅၈။ (၄)	ဝိရောဓိဒေါသ ၆-မျိုး-အဖြေ	---	---	--- ၁၁၄
၅၉။ (၅)	နေယျဒေါသ-အဖြေ	---	---	--- ၁၁၉
၆၀။ (၆)	ဝိသေသနာပေက္ခဒေါသ-အဖြေ		---	--- ၁၂၀
၆၁။ (၇)	ဟီနတ္ထကဒေါသ-အဖြေ	---	---	--- ၁၂၁
၆၂။ (၈)	အနတ္ထဒေါသ-အဖြေ	---	---	--- ၁၂၂
	ဝါကျဒေါသ ၉-ပါး အဖြေ			
၆၃။ (၁)	ဧကတ္ထဒေါသ-အဖြေ	---	---	--- ၁၂၂
၆၄။ (၂)	ဘဂ္ဂရီတိဒေါသ-အဖြေ	---	---	--- ၁၂၆
၆၅။ (၃)	ဗျာကိဏ္ဏဒေါသ-အဖြေ	---	---	--- ၁၂၆
၆၆။ (၄)	ဂါမ္မဒေါသ-အဖြေ	---	---	--- ၁၂၈
၆၇။ (၅)	ယတိဟီနဒေါသ-အဖြေ	---	---	--- ၁၃၀
၆၈။ (၆)	ကမစ္စုတဒေါသ-အဖြေ	---	---	--- ၁၃၁
၆၉။ (၇)	အတိဝုတ္တဒေါသ-အဖြေ	---	---	--- ၁၃၂
၇၀။ (၈)	အပေတတ္ထဒေါသ-အဖြေ	---	---	--- ၁၃၂
၇၁။ (၉)	ဗန္ဓဖရုသဒေါသ-အဖြေ	---	---	--- ၁၃၄

http://www.dhammadownload.com

ဦးရေ	အကြောင်းအရာ			စာမျက်နှာ
	ဝါကျတ္ထဒေါသ ၆-ပါး အဖြေ			
၇၂။	(၁) အပက္ကမဒေါသ-အဖြေ	---	---	--- ၁၃၅
၇၃။	(၂) သြစိတျဟီနဒေါသ-အဖြေ	---	---	--- ၁၃၇
၇၄။	(၃) ဘဂ္ဂရီတိဒေါသ-အဖြေ	---	---	--- ၁၄၁
၇၅။	(၄) သံသယဒေါသ-အဖြေ	---	---	--- ၁၄၂
၇၆။	(၅) ဂါမ္ဓဒေါသ-အဖြေ	---	---	--- ၁၄၅
၇၇။	(၆) ဒုဋ္ဌာလင်္ကာရဒေါသ-အဖြေ	---	---	--- ၁၄၆
၇၈။	ဒေါသ-အဖြေ-နိဂုံး	---	---	--- ၁၄၇
	လေ့ကျင့်ခန်းမေးခွန်း	---	---	--- ၁၄၈
	၃။ ဂဏာဝဟော-တတိယပိုင်း			
၇၉။	ပဋိညာဉ်	---	---	--- ၁၄၉
၈၀။	ဂဏ် ၁၀-ပါး အကျဉ်း	---	---	--- ၁၅၀
၈၁။	တိုက်တွန်းချက်	---	---	--- ၁၅၁
၈၂။	(၁) ပသာဒဂဏ်	---	---	--- ၁၅၁
၈၃။	(၂) သြဇဂဏ်	---	---	--- ၁၅၃
၈၄။	(၃) မဓုရတာဂဏ်	---	---	--- ၁၅၉
၈၅။	မချီးမွမ်းသင့်သော အနုပ္ပာသ	---	---	--- ၁၆၄
၈၆။	(၄) သမတာဂဏ်	---	---	--- ၁၆၅
၈၇။	(၅) သုခုမာလတာဂဏ်	---	---	--- ၁၇၀
၈၈။	(၆) သိလေသဂဏ်	---	---	--- ၁၇၅
၈၉။	(၇) ဥဒါရတာဂဏ်	---	---	--- ၁၇၆
၉၀။	(၈) ကန္တိဂဏ်	---	---	--- ၁၇၉
၉၁။	(၉) အတ္ထဗျတ္တိဂဏ်	---	---	--- ၁၈၀
၉၂။	(၁၀) သမာဓိဂဏ် (၆)	---	---	--- ၁၈၄
၉၃။	(၁) ပါဏိဓမ္မသမာဓိဂဏ် ပုံစံ	---	---	--- ၁၈၆
၉၄။	(၂) ရူပဓမ္မသမာဓိဂဏ် ပုံစံ	---	---	--- ၁၈၇
၉၅။	(၃) ရသဓမ္မသမာဓိဂဏ် ပုံစံ	---	---	--- ၁၈၈
၉၆။	(၄) ဖြဝဓမ္မသမာဓိဂဏ် ပုံစံ	---	---	--- ၁၈၉
၉၇။	(၅) ကတ္တုဓမ္မသမာဓိဂဏ် ပုံစံ	---	---	--- ၁၉၀
၉၈။	(၆) သရီရဓမ္မသမာဓိဂဏ် ပုံစံ	---	---	--- ၁၉၁

http://www.dhammadownload.com

ဦးရေ	အကြောင်းအရာ			စာမျက်နှာ
၉၉။	နောက်ဆက်တွဲမှတ်ဖွယ်	---	---	--- ၁၉၃
၁၀၀။	ကဗျာဆရာခေါ်ထိုက်သူ	---	---	--- ၁၉၅
	လေ့ကျင့်ခန်းမေးခွန်း	---	---	--- ၁၉၇

၄။ အတ္ထာလင်္ကာရဝဗောဓ-စတုတ္ထပိုင်း

၁၀၁။	အတ္ထာလင်္ကာရဘေဒ	---	---	--- ၂၀၀
၁၀၂။	ဝင်္ကဝုတ္တိသဘာဝနှင့် ပဋိညာဉ်	---	---	--- ၂၀၃
၁၀၃။	ဝင်္ကဝုတ္တိဘေဒ-၃၅	---	---	--- ၂၀၄
၁၀၄။	(၁) အတိသယဝုတ္တိ-အလင်္ကာ	---	---	--- ၂၀၇
၁၀၅။	(၂) ဥပမာ-အလင်္ကာ	---	---	--- ၂၁၀
၁၀၆။	သဒ္ဒဂမ္ဘော ပမာ ၃-ပါး	---	---	--- ၂၁၂
၁၀၇။	ပစ္စယသဒ္ဒဂမ္ဘောပမာ	---	---	--- ၂၁၄
၁၀၈။	ဣဝါဒိသဒ္ဒဂမ္ဘောပမာ ဣဝါဒိဂိဏ်းသဒ္ဒါများ		---	--- ၂၁၆
၁၀၉။	အတ္ထဂမ္ဘောပမာ (၄)	---	---	--- ၂၃၃
၁၁၀။	ဝါကျတ္ထောပမာ	---	---	--- ၂၃၇
၁၁၁။	အလင်္ကာဖျက် ဥပမာ(ဒုဋ္ဌာလင်္ကာတိ)		---	--- ၂၃၉
၁၁၂။	ဘိန္နလိင်္ဂါဒိ-ခြွင်းချက်	---	---	--- ၂၄၃
၁၁၃။	(၃) ရူပက-အလင်္ကာ	---	---	--- ၂၄၅
၁၁၄။	(၄) အာဝုတ္တိ-အလင်္ကာ	---	---	--- ၂၅၃
၁၁၅။	(၅) ဒီပက-အလင်္ကာ (၉)	---	---	--- ၂၅၆
၁၁၆။	(၆) အက္ခေပ-အလင်္ကာ	---	---	--- ၂၆၀
၁၁၇။	(၇) အတ္ထန္တရနျာသ-အလင်္ကာ (၄)		---	--- ၂၆၄
၁၁၈။	(၈) ဗျတိရေက-အလင်္ကာ (၄)	---	---	--- ၂၇၀
၁၁၉။	(၉) ဝိဘာဝနာ-အလင်္ကာ (၂)	---	---	--- ၂၇၄
၁၂၀။	(၁၀) ဟေတု-အလင်္ကာ	---	---	--- ၂၇၇
၁၂၁။	(၁၁) ကမ-အလင်္ကာ	---	---	--- ၂၈၃
၁၂၂။	(၁၂) ပိယတရ-အလင်္ကာ	---	---	--- ၂၈၅
၁၂၃။	(၁၃) သမာသဝုတ္တိ-အလင်္ကာ	---	---	--- ၂၈၆
၁၂၄။	(၁၄) ပရိကပ္ပနာ-အလင်္ကာ	---	---	--- ၂၉၁

4(B)

http://www.dhammadownload.com

ဦးရေ	အကြောင်းအရာ			စာမျက်နှာ
၁၂၅။	(၁၅) သမာဟိတ-အလင်္ကာ	---	---	၂၉၇
၁၂၆။	(၁၆) ပရိယာယဝုတ္တိ-အလင်္ကာ	---	---	၂၉၈
၁၂၇။	(၁၇) ဗျာဝေက္ကန-အလင်္ကာ	---	---	၂၉၉
၁၂၈။	(၁၈) ဝိသေသဝုတ္တိ-အလင်္ကာ	---	---	၃၀၁
၁၂၉။	(၁၉) ရုဋ္ဌာဟက်ာရ-အလင်္ကာ	---	---	၃၀၅
၁၃၀။	(၂၀) သိလေသ-အလင်္ကာ	---	---	၃၀၆
၁၃၁။	သိလေသဘေဒ-တစ်မျိုး	---	---	၃၁၁
၁၃၂။	(၂၁) တုလျယောဂိတာ-အလင်္ကာ	---	---	၃၂၀
၁၃၃။	(၂၂) နိဒဿန-အလင်္ကာ	---	---	၃၂၂
၁၃၄။	(၂၃) မဟန္တ္တ-အလင်္ကာ	---	---	၃၂၅
၁၃၅။	(၂၄) ဝဉ္ဆနာ-အလင်္ကာ	---	---	၃၂၇
၁၃၆။	(၂၅) အပွကတတ္ထုတိ-အလင်္ကာ	---	---	၃၃၀
၁၃၇။	(၂၆) ဧကာဝဠိ-အလင်္ကာ	---	---	၃၃၁
၁၃၈။	(၂၇) အညမညဝိဘူသန-အလင်္ကာ		---	၃၃၆
၁၃၉။	(၂၈) သဟဝုတ္တိ-အလင်္ကာ	---	---	၃၃၈
၁၄၀။	(၂၉) ဝိရောဓိတာ-အလင်္ကာ	---	---	၃၄၀
၁၄၁။	(၃၀) ပရိဝုတ္တိ-အလင်္ကာ	---	---	၃၄၁
၁၄၂။	(၃၁) ဘမ-အလင်္ကာ	---	---	၃၄၃
၁၄၃။	(၃၂) ဘာဝ-အလင်္ကာ	---	---	၃၄၄
၁၄၄။	(၃၃) မိဿ-အလင်္ကာ	---	---	၃၄၆
၁၄၅။	(၃၄) အာသီ-အလင်္ကာ	---	---	၃၄၈
၁၄၆။	(၃၅) ရသီ-အလင်္ကာ	---	---	၃၄၉
၁၄၇။	အတ္ထာလင်္ကာရ-နိဂုံး	---	---	၃၅၁
	လေ့ကျင့်ခန်းမေးခွန်း	---	---	၃၅၂

၅။ ရသဘာဝါဝဗောဓ-ပဉ္စမဝိုင်း

၁၄၈။	လူကြိုက်များအောင်ရေးနည်း	---	---	၃၅၅
၁၄၉။	(၁) ဘာဝ	---	---	၃၅၇
၁၅၀။	(က) ဌာယီဘာဝ	---	---	၃၅၇
၁၅၁။	ဌာယီဘာဝ-အပြား	---	---	၃၅၈
၁၅၂။	(ခ) ဗျဘိစာရီဘာဝ	---	---	၃၆၀
၁၅၃။	ဗျဘိစာရီဘာဝ-အပြား	---	---	၃၆၁

http://www.dhammadownload.com

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၅၄။	(ဂ) သာတ္တိကာဘာဝ --- --- ---	၃၆၅
၁၅၅။	သာတ္တိကာဘာဝ-အပြား --- --- ---	၃၆၆
၁၅၆။	ဌာယီဘာဝတို့ ဗျာဘိစာရီဘာဝဖြစ်ပုံ --- ---	၃၆၇
၁၅၇။	(၂) ဝိဘာဝ, (၃) အနုဘာဝ --- --- ---	၃၆၈
၁၅၈။	ကဗျာဖွဲ့ရန်-ဥပဒေသ --- --- ---	၃၆၉
၁၅၉။	အသင့်ယုတ္တိ မလွတ်ရ --- --- ---	၃၇၁
၁၆၀။	သာတ္တိကာဘာဝကို ဖွင့်ဆိုနည်း --- --- ---	၃၇၁
၁၆၁။	ရသ-သဘော --- --- ---	၃၇၂
၁၆၂။	ဌာယီဘာဝတို့ ရသသဘော သက်ရောက်ပုံ --- ---	၃၇၃
၁၆၃။	ရသ-အပြား --- --- ---	၃၇၄
၁၆၄။	အနိဋ္ဌာရုံဖြစ်သော်လည်း ရသဖြစ်ပုံ --- ---	၃၇၆
၁၆၅။	(၁) ရတိဌာယီဘာဝ-သိင်္ဂါရရသ --- --- ---	၃၇၈
၁၆၆။	(၂) ဟာသဌာယီဘာဝ-ဟာသရသ --- ---	၃၈၈
၁၆၇။	ရယ်ခြင်း ၆-မျိုး, ၃-စား --- --- ---	၃၉၀
၁၆၈။	(၃) သောကဌာယီဘာဝ-ကရုဏာရသ --- ---	၃၉၂
၁၆၉။	(၄) ကောဓဌာယီဘာဝ-ရုဒ္ဓရသ --- --- ---	၃၉၅
၁၇၀။	(၅) ဥဿာဟဌာယီဘာဝ-ဝီရရသ --- ---	၃၉၈
၁၇၁။	(၆) ဘယဌာယီဘာဝ-ဘယာနကရသ --- ---	၄၀၅
၁၇၂။	(၇) ဇိဂုစ္ဆာဌာယီဘာဝ-ဗီဘစ္ဆရသ--- --- ---	၄၀၇
၁၇၃။	(၈) ဝိမှယဌာယီဘာဝ-အဗ္ဘုတရသ --- ---	၄၁၀
၁၇၄။	(၉) သမဌာယီဘာဝ-သန္တ ရသ --- --- ---	၄၁၃
	လေ့ကျင့်ခန်းမေးခွန်း --- --- ---	၄၁၆
၁၇၅။	နောက်ဆက်တွဲ-ပဟေဠိကဏ္ဍ --- --- ---	၄၁၈
၁၇၆။	ဂုဋ္ဌာလင်္ကာရကဏ္ဍ --- --- ---	၄၄၃
၁၇၇။	နိဂုံး --- --- ---	၄၄၅
၁၇၈။	အက္ခရာစဉ်-သာရသူစိတမာတိကာ --- ---	၄၅၀
၁၇၉။	အက္ခရာစဉ်-သလ္လက္ခေတဗ္ဗအဘိဓာန် --- ---	၄၅၃

မာတိကာပြီးပြီ။

http://www.dhammadownload.com

အလက််ပန်းကုံး-ပဏာမ



အလက််ရေဟိ ကတ္တာ ယော , **အလက််**ရံ အဒေသယိ၊
အလက််မိသ သဒ္ဓမ္မံ , **အလက််**တုံ အဝေရတံ။
အလက််ရေဟိ ပိဏ္ဍောတု , **အလက််**ရတ္ထမာလျှ မေ၊
အလက််ရေ ကရောန္တသ , **အလက််**မိသ စိတ္တာဟံ။ ။

ယော-အလက််ဘရာတို့၏ဘုရင်, မဟာကရုဏာရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ အလက််ရံ-ကိလေသာအပူဓာတ်, ကင်းပြတ်လွတ်ကြောင်း, အမျိုးမျိုးသော လောကီလောကုတ္တရာ အဆင်တန်ဆာအပေါင်းကို၊ အလံကာမိသ-အလွန်စွဲမက်, နှစ်သက်ခုံမင်, လိုချင်ကြောင်း, တပည့်သားအပေါင်း၏၊ (အလံ--အတိသယေန-ဋီကာသစ်၊) အဝေရတံ-အတွင်းရန် အပြင်ရန်, တွန်းလှန်ဖြိုပစ်, မရှိသည်၏အဖြစ်ကို၊ ကာတုံ အလံ-နောက်ဆုတ်မတွန့်, ကြံ့ကြံ့ခိုင်ခိုင်, ပြုလုပ်ခြင်းငှာစွမ်းနိုင်ပေသော၊ သဒ္ဓမ္မံ-ပရိယတ်နှင့်, ပဋိပတ်တစ်ထွေ, ပဋိဝေသတ်မှတ်, သုံးပါးသော တရားတော်မြတ်ကို၊ အလက််ရေဟိ- အပြစ်ကင်းပ, သဒ္ဒါအထွာ, အမျိုးမျိုးသော အဆင်တန်ဆာတို့ဖြင့်၊ အလက််ရံကတ္တာ-အစအလယ်အဆုံး, သုံးပါးလုံးကုံလုံ, ထက်ဝန်းကျင်ပြည့်စုံအောင် အစွမ်းကုန်တန်ဆာဆင်ပြီး၍၊ အဒေသယိ-ကရုဏာလှုံ့ဆော်, အကျိုးမြော်၍, ဟောဖော်ညွှန်ပြတော်မူခဲ့လေပြီ၊ [သော အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သတ္ထံ သဗ္ဗဉ္ဉုနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ-ဟူသော ပါဠိတော်နှင့်အညီတည်း။]

http://www.dhammadownload.com

သော–ထိုအလင်္ကာဆရာတို့၏ ဘုရင်, မဟာကရုဏာရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ဝါ–မြတ်ဘုရားနှင့်, တရားသံဃာ, သုံးပါးသော ရတနာသည်၊ အလင်္ကာရေ–လောကီ လောကုတ္တရာ, အမျိုးမျိုးသော အဆင်တန်ဆာတို့ကို၊ ဝါ–သဒ္ဒအတ္ထာ, အမျိုးမျိုးသော အလင်္ကာတို့ကို၊ အလံကာမိသ–လွန်စွာစွဲမက်, နှစ်သက်ခုံမင်, လိုချင်တောင့်တ, များလှသောင်းပြောင်း, ရှင်လူအပေါင်း၏ အကျိုးငှာ၊ အလင်္ကာရတ္ထမာလျံ–အလင်္ကာကျမ်း၏ အနက်အဓိပ္ပာယ်, အသွယ်သွယ်တို့ကို, ပန်းနှယ်ကုံးပြ, ဗျူပတ္ထကြောင့်, နာမတင့်ဆန်း, **"အလင်္ကာပန်းကုံးကျမ်း"**ကို၊ ကရောန္တသ–ကြည့်သူ ရှုသူ, ခပ်သိမ်းလူတို့, ကြည်ဖြူအားရ, သဘောကျအောင်, ကြံဆောင်ကြိုးကုတ်, ရေးသားပြုလုပ်သော၊ ဝါ–ရေးသားပြုပြင်, စီရင်လတ္တံ့သည် ဖြစ်၍၊ အလင်္ကာရေ–သဒ္ဒအတ္ထာ, အမျိုးမျိုးသော အဆင်တန်ဆာတို့ကို၊ အလံကာမိသ–လွန်စွာစွဲမက်, နှစ်သက်ခုံမင်, လိုချင်တောင့်တ၍နေသော၊ မေ စိတ်တွံ–အများအကျိုး, သယ်ပိုးလိုလတ်, ဘုရားတပည့်တော်၏ စိတ်ဓာတ်ကို၊ အလင်္ကာရေဟိ–သဒ္ဒအတ္ထာ, အမျိုးမျိုးသော အဆင်တန်ဆာတို့ဖြင့်၊ ပီဏေတု–ပီတိဟုန်ဖြန့်ကာ မိုးလျက် ကရုဏာမိုးဖြာစွေ နှစ်သိမ့်အောင် ပြုတော်မူပါစေသတည်း။

အဟံ"ပိ"–အလင်္ကာပန်းကုံးကျမ်းကို, ကြိုးပမ်းရေးသားသဖြင့်, အများအကျိုး, ပွားတိုးဖို့မျှော်, ဘုရားတပည့်တော်သည်လည်း၊ (ပိကျေ)၊ အလင်္ကာရေ–သဒ္ဒအတ္ထာ, အမျိုးမျိုးသော အဆင်တန်ဆာတို့ကို၊ အလင်္ကာမိသ–လွန်စွာစွဲမက်, နှစ်သက်ခုံမင်, လိုချင်တောင့်တ, များလှသောင်းပြောင်း, ရဟန်းရှင်လူအပေါင်း၏၊ စိတ်တွံ–အလင်္ကာအမျိုးမျိုးကို သိလိုပေလတ်, စိတ်ကောင်း စိတ်မြတ်ကို၊ အလင်္ကာရတ္ထမာလျေန–အလင်္ကာအမျိုးမျိုး၏ အနက်အဓိပ္ပာယ်, အသွယ်သွယ်တို့ကို, ပန်းနှယ်ကုံးညွှန်း, အလင်္ကာပန်းကုံးကျမ်းဖြင့်၊ ပီဏေယျံ–ဉာဏ်အလင်းရောင် တထိန်ထိန်နှင့် ပိတိရှိန်ဖြန့်ဝေစိမ့်လျက် နှစ်သိမ့် *စေနိုင်ရပါစေသား။ [ဤနှစ်ပုဒ်ကား ဝိဘတ်ပြင်၍ လိုက်စေသည်။]

[ကာရိတ်စေနှင့် ပတ္ထနာစေ။]

မှတ်ချက်။ ။ အလင်္ကာရတ္ထပန်းကုံးကျမ်း–ဟု ဆိုလိုလျက် သုခုစ္စာရဏအကျိုးငှာ ဝဏ္ဏလောပနည်းအားဖြင့် အလင်္ကာပန်းကုံးကျမ်း–ဟု ဆိုထားသည်။

http://www.dhammadownload.com

အလင်္ကာပန်းကုံး

နမော တဿ ယတော မဟိမတော ယဿ တမော နဿ။

ဂန္ဆာရမ္ဘ

ပဏာမ

၁။ မုနိန္ဒဝဒနမ္ဘောဇ–ဂဗ္ဘသမ္ဘဝသုန္ဒရီ၊
သရဏံ ပါဏိနံ ဝါဏီ , မယ္ဟံ ပီဏယတံ မနံ။

၁။ မုနိန္ဒဝဒနမ္ဘောဇဂဗ္ဘသမ္ဘဝသုန္ဒရီ–မုနိသနင်း, တရားမင်း၏, ခံတွင်းတော်နှင့် တူသော ကြာတိုက်၌ဖြစ်ခြင်းကြောင့် ကောင်းမြတ်တင့်တယ်သော၊ ပါဏိနံ–သတ္တဝါတို့၏၊ သရဏံ–ကိုးကွယ်ရာဖြစ်ထသော၊ ဝါဏီ–သူရဿတီနတ်သမီးသည်၊ မယ္ဟံ–အကျွန်ုပ်၏၊ မနံ–စိတ်ကို၊ ပီဏယတံ–နှစ်သိမ့်စေပါစေသတည်း။ [ပရပက္ခ–နက်။]

ဂန္ဆာရမ္ဘ–ကျမ်းရင်းစကားဦး

၁။ အနုသန္ဓေ ဘုရား–စသော ပသာဒဝတ္ထုတို့၌ ပူဇော်ခြင်းသည် ပုညာတိသယမည်၏၊ ထိုပုညာတိသယသည်လည်း အလိုရှိတိုင်းသော အကျိုးပြီးစီးခြင်း၏ အကြောင်း "ဥပါယ"မည်၏၊ ထိုဥပါယကို ပြုကျင့်သောသူအား ကာရိယဖြစ်သော ကျမ်းဂန်ပြီးစီးခြင်း အကျိုးဖြစ်နိုင်၏၊ ထို့ကြောင့် ကာရိယသန္ဓိဌာနအကျိုးရှိသော ပသာဒဝတ္ထုပူဇာ, ပုညာတိသယ, ဥပါယ, တဒုဘယပဋိပန္နတို့ကို ပြုလုပ်ဆည်းပူးတော်မူလိုသော အရှင်သံဃရက္ခိတမထေရ်မြတ်သည် "မုနိန္ဒဝဒနမ္ဘောဇ"စသော ဂါထာကို မိန့်သတည်း။

ပဏာမပြုကြပုံ အစဉ်အလာ ကျမ်းပြုဆရာတို့သည် မိမိတို့ ပြုစုသော ကျမ်းဂန်အားလျော်စွာ ကျမ်း၏ အစ၌ ပဏာမသုံးမျိုးတို့တွင် တစ်မျိုးမျိုးကို ပြုကြရလေသည်၊ ပိဋကတ်ဆိုင်ရာကျမ်းဂန်များကို ရေးသားသောသူသည် ပိဋကတ်သုံးပုံကို ဟောကြားတော်မူခဲ့သော မြတ်စွာဘုရားနှင့် တရား, သံဃာတို့အား ပဏာမပြုရ၏၊ ဂဏန်းကျမ်းကို ပြုစုလိုသောသူသည် ဂဏန်းသင်္ချာကို အစိုးရသော မဟာပိန္ဒနတ်အား ပဏာမ ပြုရ၏၊ ဆန်းကျမ်းကို ပြုစုလိုသောသူသည် ဆန်းအတတ်ကို အစိုးရသော ဗိဿနိုးနတ်အား ပဏာမ ပြုရ၏၊ ကဗျာ–လင်္ကာကျမ်းကို ရေးသားပြုစုသောသူသည် အစီအကုံး အနှုန်းအဖွဲ့ ပျို့ကဗျာ

http://www.dhammadownload.com

တစ်နည်း။ ။ မုနိန္ဒဝဒနမ္ဟောဇဂဗ္ဘသမ္ဘဝသုန္ဒရီ–မုနိသနင်း, တရားမင်း၏ ခံတွင်းတော်တည်းဟူသော ကြာတိုက်၌ဖြစ်ခြင်းကြောင့် ကောင်းမြတ်တင့်တယ်သော၊ ပါဏိနံ–သတ္တဝါတို့၏၊ သရဏံ–ကိုးကွယ်အားထားရာဖြစ်တော်မူထသော၊ ဝါဏီ–ဘုရားဟောဖော်, ဆယ်ပါးသော သူတော်ကောင်းတရားတော်သည်၊ မယှံ–အကျွန်ုပ်၏၊ မနံ–စိတ်ကို၊ ပီဏယတံ–နှစ်သိမ့်စေပါစေသတည်း။ [သကပက္ခ–နက်၊ ကာရိတ်စေနှင့် ပတ္ထနာစေ နှစ်ချက်ထပ်။]

လင်္ကာသီချင်းမှ–စ၍ ရေးမူပြောမှု အလုံးစုံသော စကားစုတို့ကို အစိုးရသော ဝါစာဒေဝီ–ဝါကျိဿရ–မည်သော သူရဿတိနတ်သမီးအား ပဏာမ ပြုရ၏။

နှစ်ဖက်ရ ပဏာမပြုရပုံ

ထိုသို့ မိမိစိရင်မည့်ကျမ်းအားလျော်စွာ ပဏာမကို ပြုရမည်ဖြစ်သော်လည်း ထိုသူရဿတီ နတ်သမီးသည် သာသနာတော်မှ ပြင်ပဖြစ်သူများအတွက်သာ အလိုရှိအပ်သော ကျင့်ဒေဝတာဖြစ်၏၊ "အရှင်သံဃရတ္နိတမဟာသာမိထေရ်"ကဲ့သို့ သာသနာ့ဝန်ထမ်း ရဟန်းပုဂ္ဂိုလ် အတွက်မှာမူ ကျင့်ဒေဝတာမဖြစ်ချေ၊ ရတနာသုံးပါးသာ ကျင့်ဒေဝတာဖြစ်ချေသည်၊ ထို့ကြောင့် ဂဏဒေဝတာခေါ် ဂိဏ်းစောင့်နတ်အား တိုက်ရိုက်ရှိခိုး၍ မသင့်လျော်ရကား ဂိဏ်းစောင့်နတ်လည်း မလွတ်ရအောင် မိမိကျင့်ဒေဝတာဖြစ်သော ရတနာသုံးပါးလည်း ပါရှိအောင် "အဘိန္နပဒဝါကျသိလေသအလင်္ကာ"ဖြင့် တန်ဆာဆင်၍ ပရပက္ခ, သကပက္ခအနက် နှစ်မျိုးထွက်စေလျက် "အာသိသပုဗ္ဗကဂန္ထာရမ္ဘ"ကို ပြုစီရင်ရလေသည်။

ပရပက္ခ

သာသနာတော်မှ အပဖြစ်သော ဗြဟ္မာ, ဗိဿနိုး–စသည်တို့ကို ကိုးကွယ်ဆည်းကပ်သောသူတို့ အလိုရှိအပ်သော အနက်အဓိပ္ပာယ်သည် ပရပက္ခနက်မည်၏။

ထိုပရပက္ခနက်၌ "မြတ်စွာဘုရား၏ ခံတွင်းတော်နှင့်တူသော ကြာတိုက်၌ ဖြစ်ခြင်းကြောင့် ကောင်းမြတ်တင့်တယ် သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်ပေသော သူရဿတီနတ်သမီးသည် အကျွန်ုပ်၏စိတ်ကို နှစ်သက်မြတ်နိုးစေပါစေ"ဟု ဆိုသဖြင့် "သူရဿတီနတ်သမီးကို ငါမြတ်နိုး၏"ဟူသော အနက်ကိုလည်း တွေးဆ၍သိနိုင်သည်၊ ထိုဝါဏီခေါ်သော သူရဿတီနတ်သမီးသည် ပဒုမာကြာတိုက်၌ နေ၏၊ အလုံးစုံ ဖွေးဖွေး ဖြူ၏၊ အလိုရှိတိုင်းသော အကျိုးစီးပွားကို ပြီးစေတတ်၏–ဟု လောကီလူများတို့ အယူရှိကြ၏။ [ဋီ။]

သကပက္ခ

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်၌ သက်ဝင်ကြည်ညိုသော သူတို့ အလိုရှိအပ်သော အနက်အဓိပ္ပာယ်သည် သကပက္ခမည်၏၊ ထိုသကပက္ခ၌လည်း "မြတ်စွာဘုရားသခင်၏ ခံတွင်းတော်–တည်းဟူသော ကြာတိုက်၌ ဖြစ်ခြင်းကြောင့် ကောင်းမြတ်တင့်တယ် သတ္တဝါတို့၏ အားထားကိုးကွယ်ရာ ဖြစ်တော်မူထသော

http://www.dhammadownload.com

နိမိတ္တနှင့်အဘိဓာနာဒိ

၂။ ရာမသမ္မာဒျုလက််ာရာ , သန္တိ သန္တော ပုရာတနာ၊
တထာပိ တု ဝဠ္ဍ္ဎေန္တိ , သုဒ္ဓမာဂဓိကာ နု တေ။
၃။ တေနာပိ နာမ တောသေယျ–မေတေလက််ာရဝဒ္ဎိတော၊
အနုရူပေနာလက််ာရေ , နေသမေသော ပရိဿမော။ ။

၂။ သန္တော–ထင်ရှားကောင်းမြတ်, ပညာရှိတို့ ချီးမွမ်းပူဇော်အပ်ကုန်သော၊ ပုရာတနာ–ရှေးယခင်ကာလကဖြစ်ပေါ်၍ နေကြကုန်သော၊ ရာမသမ္မာဒျုလက််ာရာ–ရာမသမ္မ, စသည်သောင်းပြောင်း, သက္ကတဘာသာ, အလက််ာကျမ်းဟောင်းတို့သည်၊

ဆယ်ပါးသော သူတော်ကောင်း တရားတော်မြတ်သည် ငါ၏စိတ်ကို နှစ်သက်စေပါစေ"ဟု ဆိုသဖြင့် "ငါသည် တရားတော်ကို မြတ်နိုး၏"ဟု ဆိုပြီးဖြစ်တော့၏၊ တရားတော်ကို မြတ်နိုးလျှင် ဓမ္မသာမိ(တရားရှင်) ဖြစ်တော်မူသော မြတ်စွာဘုရားနှင့် တရားအတိုင်း လိုက်နာကျင့်ကြံသော သံဃာတော်အပေါင်းကိုလည်း ရိုသေမြတ်နိုးပြီးပင် ဖြစ်တော့၏၊ ထို့ကြောင့် ဤဂါထာကို ဘုရား, တရား, သံဃာ– ရတနာမြတ်သုံးပါးတို့အား ရှိခိုးသော "ရတနတ္တယပဏာမဂါထာ"ဟု မှတ်အပ်၏။

ပဏာမ–ဟူသည်မှာ ရှိခိုးခြင်းကြိယာကို ပြီးစေတတ်သော ကုသိုလ်စေတနာပင်တည်း၊ ဤဂါထာသည် ပသာဒဂုဏ်, သြဇဂုဏ်, မဓုရတာဂုဏ်, သမတာဂုဏ်, ကန္တိဂုဏ်, အတ္ထဗျတ္တိဂုဏ်, (သြစိတျသမ္မောသကဂုဏ်)တို့နှင့် ပြည့်စုံ၏၊ အတ္ထာလက််ာရ, ရသ တို့ကိုလည်း သက်ဆိုင်ရာအပိုင်းနှင့် တိုက်ဆိုင်၍ ရွေးချယ်စီစစ်ပါလေ။

နိမိတ္တနှင့်အဘိဓာနာဒိ

၂–၃။ "သက္ကတဘာသာ အလက််ာကျမ်းဟောင်းများ ရှိပြီးဖြစ်သောကြောင့် သူများ ချက်ပြီး ထမင်းဟင်းကို ပြန်ချက်ဘိသည့်အလား အလက််ာကျမ်းသစ်ကို မရေးသားသင့်ချေ၊ ထိုသို့ မရေးသားသင့်ပါဘဲလျက် သံဃရက္ခိတမထေရ်သည် အဘယ့်ကြောင့် အလက််ာကျမ်းသစ်ကို ရေးသားရဘိသနည်း"ဟူသော သူတစ်ပါး၏ အပြစ်တင်ဖွယ်ကို ကာကွယ်လျက် အဘိဓာန–စသည်ကို ပြုလိုသောကြောင့် "ရာမသမ္မာဒျုလက််ာရာ"စသော နှစ်ဂါထာကို ဆိုသည်။

အပြစ်ကိုကာကွယ်ပုံ　ရှေးဆရာများ သက္ကတဘာသာဖြင့် ရေးသားစီရင်ခဲ့သည့် ကောင်းလည်းကောင်း, ဟောင်းလည်းဟောင်းသော ရာမ သမ္မ–စသည့် အလက််ာကျမ်းများ ရှိပြီးဖြစ်သော်လည်း မာဂဓသက်သက်ကိုသာတတ်သော စာသင်သားတို့သည် သက္ကတဘာသာ ထိုအလက််ာကျမ်းဟောင်းတို့ကို မကြည့်ရှုမသုံးဆောင် မလေ့လာနိုင်ကြလေကုန်။

http://www.dhammadownload.com

(ကိဉ္စာပိ)သန္တိ–အကယ်၍ကား, ထင်ရှားမသွေ, ရှိနေကြပေကုန်၏၊ တထာပိတု–ထိုသို့ထင်ရှား, ရှိကုန်ငြားသော်လည်း၊ သုဒ္ဓမာဂဓိကာ–သက္ကတမဖက်, မာဂဓဘာသာ သက်သက်ကိုသာ တတ်ကုန်သော သူတို့သည်၊ တေ–ရာမသမ္မ, စသည်သောင်းပြောင်း, သက္ကတဘာသာ, ထိုအလင်္ကာကျမ်းဟောင်းတို့ကို၊ နဝဋ္ဌဋ္ဌေန္တိ–လေ့ကျင့်ကြည့်ရှု, အသုံးမပြုနိုင်ကြလေကုန်။

ထို့ကြောင့် "သက္ကတဘာသာ အလင်္ကာကျမ်းဟောင်းကို မသင်ကြား မလေ့လာနိုင်သော စာသင်သားတို့ကို ထိုသူတို့အား သင့်လျော်လျောက်ပတ်သော မာဂဓဘာသာ အလင်္ကာကျမ်းသစ်တစ်မျိုးဖြင့် နှစ်သိမ့်စေရပါမူကား ကောင်းလေစွ"ဟု အကြံဖြစ်ပေါ်လာသည့်အတိုင်း ဤ"သုဗောဓာလင်္ကာရ"ကျမ်းကို ကြိုးပမ်းရေးသားရပေသည်။

အဘိဓာနစသည်ကို ဝေဖန်ပြဆိုချက်

တေနာပိနာမ တောသေယျ–စသော ဂါထာဖြင့် (က) အဘိဓာန–ကျမ်း၏အမည်, (ခ) အဘိဓေယျ–ကျမ်း၏အနက်, (ဂ) ကရဏပ္ပကာရ–ကျမ်းပြုပုံအစီအစဉ်, (ဃ) ပယောဇန–ကျမ်း၏အကျိုးတို့ကို ပြ၏၊ ထင်ရှားစေဦးအံ့– ထိုဂါထာ၌ပါသော အလင်္ကာရသဒ္ဒါဖြင့် (အဘိဓာန) ကျမ်း၏အမည်, (အဘိဓေယျ)ကျမ်း၏အနက်တို့ကို ပြ၏၊ ဤကျမ်းသည် "အလင်္ကာကျမ်း" မည်၏–ဟု ဆိုလိုသည်၊ ၄င်းကိုပင် သူများကျမ်းထက် အသိလွယ်ကူသောကြောင့် သုဗောဓသဒ္ဒါဖြည့်စွက်၍ "သုဗောဓာလင်္ကာရကျမ်း"ဟု ခေါ်တွင်စေသည်၊ ယခုကာလ၌ကား သုဗောဓသဒ္ဒါမထည့်ဘဲ အလင်္ကာ–ဟုပင် ခေါ်သူများ၏၊ ထိုအဘိဓာနကို တစ်ချို့နေရာ၌ "သညာ"ဟုလည်း ခေါ်သည်၊ (အဘိဓေယျ)ဟူသည်မှာ တစ်ကျမ်းလုံး၏ အနက်ပင်ဖြစ်ချေသည်၊ မည်သို့ပင် ကျမ်းစာသားတွေ ကျယ်ဝန်းများပြားနေစေကာမူ တစ်ကျမ်းလုံး၏ ပြလိုရင်းအနက်မှာ သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရ နှစ်ပါးပင် ဖြစ်သည်"ဟူလို။

ထိုအလင်္ကာရသဒ္ဒါ၏ ဝိသေသနဖြစ်သော အနုရူပေနသဒ္ဒါဖြင့် (ပကရဏပ္ပကာရ) ကျမ်းပြုပုံအစီအစဉ်ကို သာမတ္ထိယနည်းအားဖြင့် ပြ၏၊ "မာဂဓသက်သက်ကိုသာတတ်သော စာသင်သားတို့အားလျော်သော"ဟု ဆိုသဖြင့် "မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော မာဂဓဘာသာဖြင့် ရေးသားစီရင်မည်၊ သိလွယ်ထင်ရှားအောင် မကျဉ်းမကျယ်စီရင်မည်" ဟူသော ကျမ်းပြုပုံအစီအစဉ်ကို မှန်းဆ၍ သိနိုင်သည်–ဟူလို။

ထိုမာဂဓဝါဒီပုဂ္ဂိုလ်တို့အား သင့်လျော်လျောက်ပတ်သော မြတ်စွာဘုရား ဟောတော်မူသော မာဂဓဘာသာဖြင့် အလင်္ကာကျမ်းသစ်ကို စီရင်မည်ဆိုသဖြင့် ထိုကျမ်းကို သင်ရခြင်းကြောင့် ဖြစ်ပေါ်လတ္တံ့သောအကျိုး (ပယောဇန)ကိုလည်း ထိုအနုရူပသဒ္ဒါဖြင့်ပင် ပြ၏။

ထိုအကျိုး(ပယောဇန)သည် "(မုချပယောဇန)တိုက်ရိုက်ရသောအကျိုး, (အနုသင်္ဂိကပယောဇန)သွယ်ဝိုက်ဆက်သွယ်၍ရသောအကျိုး"ဟု နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင်

http://www.dhammadownload.com

၃။ တေန–ထိုသို့ အသုံးမပြုနိုင်ကြလေသောကြောင့်၊ အလင်္ကာရဝဒ္ဓိတေ–သင်္ကတဘာသာ, အလင်္ကာကျမ်းဟောင်းနှင့်ကင်းကုန်သော၊ ဧတေ–(သင်္ကတမဖက်, မာဂဓသက်သက်ကိုသာ တတ်ကုန်သော) ထိုသူတို့ကို၊ ဧသံ–ထိုသူတို့အား၊

အလင်္ကာကျမ်းကို သင်ကြားခြင်းကြောင့် အလင်္ကာအမျိုးမျိုးတို့ကို သိနားလည်ရခြင်းသည် တိုက်ရိုက်ရသော (မုချပယောဇန)အကျိုးမည်၏၊ ထိုအလင်္ကာအမျိုးမျိုးကို သိနားလည်သဖြင့် လောကဋ္ဌ ကျော်စောထင်ရှားခြင်း, မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော နီတတ္ထ–နေယျတ္ထစကားများကို တိတိကျကျ သိရှိနားလည်ရခြင်း, နားလည်သည့်အတိုင်း ကျင့်၍ နတ်ရွာနိဗ္ဗာန်တိုင် ရောက်ရှိနိုင်ခြင်းတို့သည် ဆက်သွယ်၍ရအပ်သော (အနုသင်္ကပယောဇန)အကျိုးမည်၏၊ ကျမ်း, ကျမ်း၏အကျိုးတို့၏ သာဓိယ, သာဓနလက္ခဏာရှိသော သမ္ဗန်ကိုကား ထိုကျမ်း, ကျမ်း၏အကျိုးလျှင် မှီရာရှိသည်၏အဖြစ်ကြောင့် ပြဆိုပြီးဖြစ်တော့သည်သာတည်း၊ "ဧသော ပရိဿမော"ဟူသောပါဠိဖြင့် "အလင်္ကာကျမ်းကို ပြမည်"ဟူသော ပဋိညာဉ်ကို ပြ၏။

ဆောင်။　။ အလင်္ကာရာ, ထိုသဒ္ဒါဖြင့်, ဘိဓာဘိဓေ, နှစ်ထွေကိုပြ, နုရူပတုံ, စဉ်ပုံခြင်းရာ, ကျိုးကိုပါတည်း၊ မှီရာကျမ်းဂန်, ကျိုးကိုညွှန်က, သမ္ဗန္ဓ, ပြပြီးဖြစ်တော့သည်။

အဘိဓာနာဒိကို ဆိုရခြင်းအကျိုး

ထိုတွင် ကျမ်း၏အမည်ကို ဆိုခြင်းသည် ခေါ်ဝေါ်လွယ်ကူစေခြင်းအကျိုးရှိ၏၊ ကျမ်း၏ အမည်မျှကို မသိရလျှင် "မည်သည့်ကျမ်းကို သင်နေသည်, ပို့ချနေသည်"ဟု ပြောပြဖို့ရန်ပင် ခဲယဉ်း၏၊ "ဘယ်ကျမ်းစာကို သင်ယူနေသနည်း"ဟု မေးပြန်လျှင်လည်း "အဝါကျမ်းကို သင်ယူနေသည်"ဟု ဖြေ၍မဖြစ်နိုင်၊ ထို့ကြောင့် ခေါ်ဝေါ်လွယ်ကူစေခြင်းအကျိုးငှာ ကျမ်းရင်းစာသားကို မဆိုခင် အမည်ကို ပြရလေသည်။

ကျမ်း၏အနက်, ကျမ်းပြုပုံ အစီအစဉ်, ကျမ်း၏အကျိုး, (ကျမ်း, ကျမ်း၏အကျိုးတို့၏) အစပ်သမ္ဗန်တို့ကို ပြခြင်းဖြင့် မိမိကျမ်းကို အားထုတ်သင်ကြားဖေခြင်း အကျိုးရှိ၏၊ ထင်ရှားစေအံ့၊ လောကဋ္ဌ အကျိုးတစ်စုံတစ်ရာကို မြင်မှသာ အလုပ်အကိုင် ပြုလုပ်ကြမြဲ ဖြစ်၏၊ အကျိုးတစ်စုံတစ်ရာမမြင်သော် မပြုလုပ်တတ်ကြချေ၊ ထို့ကြောင့် ကျမ်း၏အကျိုးကို ပြရသည်၊ ထိုနည်းတူစွာ ကျမ်းကိုအားမထုတ်မီ ရှေ့အဖို့၌ ကျမ်း၏အနက်, ကျမ်းပြုပုံအခြင်းအရာ, အစပ်သမ္ဗန်တို့ မပါရှိသော သူရူးစကားနှင့်တူသော ကျမ်းမျိုးကို နောင်လာနောက်သားတို့ သင်ကြားလိုကြမည် မဟုတ်ချေ၊ ထို့ကြောင့် ၄င်းတို့ကို ဆိုရသည်။

ဆောင်။　။ ခေါ်လွယ်စိမ့်ငှာ, မည်မှည့်ပါ၏၊ နောင်လာနောက်သား, ကြိုးစားရန်သာ, ကျန်လေးဖြာ, ဆရာပြလေသည်။

http://www.dhammadownload.com

အနုရူပေန–သင့်လျော်လျောက်ပတ်သော၊ အလင်္ကာရေန–မာဂဓဘာသာ, အလင်္ကာကျမ်းသစ်ဖြင့်၊ တောသေယျံ–နှစ်သိမ့်စေရုပါမူကား၊ အပိနာမ–သြော်ကောင်းလေစွ၊ (ကွတိ–ဤသို့ တွေးရှု, နှလုံးပြု၍၊ မေ–အကျွန်ုပ်၏၊) ဧသော ပရိဿမော–ဤသို့ အလင်္ကာကျမ်းသစ်ကို ကြိုးစားရေးသားရခြင်းသည်၊ ဟောတိ–ဖြစ်ပါ၏။

အလင်္ကာ (အလင်္ကာရောန္တိ အတ္တဘာဝံ အနေနာတိ) ကိုယ်ခန္ဓာကို တန်ဆာဆင်ကြောင်းဖြစ်သော ပုတီး, နားတောင်း, လက်ကောက်–စသော အဆင်တန်ဆာတို့သည် အလင်္ကာမည်၏၊ (အလင်္ကာရောဝိယာတိ) ထိုအဆင်တန်ဆာတို့နှင့်ကူသောကြောင့် ပြဆိုလတ္တံ့သော သဒ္ဒ, အတ္ထအလင်္ကာရသဘောတို့ကိုလည်း "အလင်္ကာရ"ဟုပင် ခေါ်ရသည်၊ တစ်နည်း= (အလင်္ကာရောန္တိ ဗန္ဓသရီရံ အနေနာတိ) တေးကဗျာအဖွဲ့အနွဲ့–တည်းဟူသော အထည်ကိုယ်ကို တန်ဆာဆင်ကြောင်းဖြစ်သော သဒ္ဒ, အတ္ထအလင်္ကာရသဘောတို့သည် အလင်္ကာမည်၏၊ ဤစကားများအရ သဒ္ဒါ၏အဆင်တန်ဆာ–ဟူသော သဒ္ဒါလင်္ကာရ, အနက်အဆင်တန်ဆာဟူသော အတ္ထာလင်္ကာရတို့ကိုသာ မုချအားဖြင့် "အလင်္ကာ"ဟု ခေါ်ဝေါ်နိုင်ခွင့် ရှိလေသည်။

လောကဒ္ဒ ပုတီး, နားတောင်း, လက်ကောက်, ဝတ်စားတန်ဆာ–စသည်တို့ဖြင့် ပြုပြင်ချယ်လှယ်ထားပါမှသာ များစွာသောလူတို့သည် တင့်တယ်ကြကုန်၏၊ လှပကြကုန်၏၊ ထို့ကြောင့်ပင် ရှေးလူများတို့က "လူမှာအဝတ်, တောင်းမှာအကွပ်"ဟု မိန့်ဆိုခဲ့ကြပေသည်မဟုတ်လော၊ ထိုနည်းပမာ တေးကဗျာတို့မှာလည်း သဒ္ဒါအဆင်တန်ဆာ, အနက်အဆင်တန်ဆာ ပါရှိမှ လှပတင့်တယ် နှစ်သက်ဖွယ် ရှိနိုင်လေသည်၊ ထို့ကြောင့် ပညာရှိ ကဝိသုခမိန်တို့သည် မိမိတို့ စီကုံးရေးသား နှုန်းဖွဲ့သော တေးကဗျာလင်္ကာများ၌လည်းကောင်း, ပြောဆိုကြသော စကား များ၌လည်းကောင်း သဒ္ဒါအဆင်တန်ဆာ, အနက်အဆင်တန်ဆာတို့ကို ထိုက်သည် အားလျော်စွာ ထည့်သွင်းစီကုံး ရေးသားပြောဆိုကြ၏၊ ထိုပညာရှိတို့ ရေးသားပြောဆိုသမျှသော ဗန္ဓသည် အလင်္ကာတို့ဖြင့် ပြည့်နှက်၍နေ၏၊ များစွာသော အလင်္ကာတို့၏ စုဝေးတည်နေရာဖြစ်၏၊ ထိုသို့ အဆင်တန်ဆာ(အလင်္ကာ)တို့၏ စုဝေးတည်နေရာ ဖြစ်သောကြောင့်ပင် ထိုအဖွဲ့ဗန္ဓမျိုးကိုလည်း ဌာနျုပစာရအားဖြင့် "အလင်္ကာ"ဟု ခေါ်ဝေါ်နိုင်ခွင့် ရှိပြန်၏။

ထိုအလင်္ကာတို့ကိုလည်း အလင်္ကာကျမ်းကြောင့်သာ သိရှိနိုင်ရပေသည်၊ အလင်္ကာကျမ်းမရှိက သိရှိနိုင်ဖွယ်ပင် မရှိချေ၊ သို့ဖြစ်၍ အလင်္ကာကျမ်းသည် အလင်္ကာတို့ကို သိရခြင်း၏အကြောင်း, အလင်္ကာတို့သည် ထိုကျမ်းဂန်ကြောင့် သိရှိနားလည်၍ ဖြစ်ပေါ်လာရသော အကျိုးများဖြစ်ကြ၏၊ ထို့ကြောင့် ဩဒနံ ပစတိ–(ထမင်းချက်၏)ဆိုသော စကားကဲ့သို့ ကျမ်းဂန်ကိုလည်း ဖလူပစာအားဖြင့် "အလင်္ကာ"ဟု ခေါ်ဝေါ်နိုင်ခွင့် ရှိပြန်သည်၊ ထို့ကြောင့် ဆရာကိုယ်တိုင်ပင် "ဂန္ဆောပိ ကဝိဝါစာန–မလင်္ကာရပွကာသကော" ဟူသော စကားကို နောက်၌ မိန့်ဆိုထားခဲ့ပေသည်။

http://www.dhammadownload.com

ကျမ်းဂန်ဖြင့်သာ ဂုဏ်အပြစ်ကို စိစစ်နိုင်

၄။ ယေသံ နု သဒ္ဓိတာ ပညာ-နေကသတ္ထန္တ ရောစိတာ၊
သမ္မောဟဇ္ဈာဟတာဝေတေ , နာဝဇ္ဈန္တိ ကိဉ္စိပိ။
၅။ ကိံ တေဟိ ပါဒသုဿူသာ , ယေသံ နတ္ထိ ဂရုနိဟ၊
ယေ တပ္ပဒရဏောကိဏ္ဏာ , တေဝ သာရူ ဝိဝေကိနော။

ဤကျမ်းသည်ကား သူများကျမ်းဂန်တို့ထက် သိလွယ်, နားလည်လွယ်သောကြောင့် "သုဗောဓာလင်္ကာရ"ဟူသော အမည်ကို ရလေသည်၊ [သမ္မာ ဗုဒ္ဓန္တိ ဒ္ဝိပ္ပကာရာ အလင်္ကာရာ အနေနာတိ--သုဗောဓော၊ သုဗောဓောစ သော အလင်္ကာရောစာတိ-သုဗောဓာလင်္ကာရော။]

ဆောင်။　။ သဒ္ဒါအတ္ထ, လင်္ကာရမှာ, မုချအလင်္ကာ, မည်ရပါ၏၊ ဖွဲ့မှာဌာနျူ, ဖလူ ကျမ်းဂန်, မည်ရပြန်, မှတ်ရန်အထူးသာ။

အနုရူပေန　ကျမ်းဂန်သစ်ဖြစ်သောကြောင့်လည်းကောင်း, မြတ်စွာဘုရားဟော တော်မူသော မာဂဓဘာသာဖြင့် ရေးသားစီရင်ထားသောကြောင့်လည်းကောင်း ဤကျမ်းသည် သုဒ္ဓမာဂဓိကပုဂ္ဂိုလ်တို့အား သင့်လျော်ပါသည်။

ကျမ်းဂန်ဖြင့်သာ ဂုဏ်အပြစ်ကို စိစစ်နိုင်

၄။　။ကျမ်းပေစာ-မလိမ္မာခပင်း[၁]၊
အပြစ်ဂုဏ်-စနစ်စုံ ဖွေရှာလှစ်လို့ရယ် စိစစ်[၂] ခဲယဉ်း။

ပိဋကတ်သုံးပုံနှင့်တကွ ထိုပိဋကတ်သုံးပုံ၏ အနက်အဓိပ္ပာယ်ကို သိကြောင်းဖြစ်သော တက်ကျမ်း, သဒ္ဒါကျမ်း, ဆန်းကျမ်း, အလင်္ကာကျမ်း, အဘိဓာန်ကျမ်းတို့၌ ဆည်းပူးလေ့လာထားသော အကြားအမြင် ဉာဏ်ပညာမရှိသူတို့သည် ပြင်းစွာ တွေဝေကြရပေ၏၊ ပယ်သင့်ယူသင့်ပုံ တစ်စုံတစ်ရာကိုမျှ ထိုးထွင်း၍ မသိနိုင်ကြလေကုန်၊ တစ်စုံတစ်ခုသော ဂုဏ်အပြစ်ကိုမျှ မစိစစ်နိုင်ကြလေကုန်၊ မျက်စိကန်းသောသူများသည် အဖြူအနီ-စသော အဆင်းကို မခွဲခြမ်းမဝေဖန်နိုင်သကဲ့သို့ ကျမ်းဂန်မတတ်မြောက်သော သူတို့သည်လည်း ဂုဏ်အပြစ်ကို မစိစစ်နိုင်ချေ-ဟူလို။

ကျမ်းစုံပါစေ　ကျမ်းဂန်တို့၏ အဓိပ္ပာယ်သဘောသည် အလွန်ကျယ်ပြောလှ၏၊ တစ်ကျမ်းတစ်ဖွဲ့ တတ်ရုံမျှဖြင့် ထိုထိုအနက်အဓိပ္ပာယ်တို့ကို တိတိ ကျကျ မသိရှိမှုဆုံးဖြတ်နိုင်ချေ၊ ကျမ်းစုံမှသာလျှင် တစ်ကျမ်းနှင့်တစ်ကျမ်း ညှိနှိုင်းတိုက်ဆိုင်၍ အနက်အဓိပ္ပာယ်မှန်ကို သိနိုင်ပေသည်၊ ထိုသို့အနက်အဓိပ္ပာယ်မှန်ကို သိမှလည်း ဂုဏ်အပြစ်ကို စိစစ်နိုင်ပေမည်၊ ကျမ်းဂန်ကို လက်လွတ်လျက် ဂုဏ်အပြစ်ကို စိစစ်ခဲ့ပါမူ အဆောတလျင်

၁။ ခပင်း= အများ, အလုံးစုံ။　၂။ စိစစ်= သေချာအောင်ပြုသည်, ရှာဖွေသည်။ (ပေါ်)

http://www.dhammadownload.com

၄။ ယေသံ-အကြင်သူတို့သည်၊ အနေကသတ္တန္တ ရောစိတာ-(လောကီလောကုတ္တရာ) များစွာသောကျမ်းဂန်အတွင်းတို့၌ ဆည်းပူးလေ့လာအပ်သော၊ ပညာ-သုတမယာ, ဉာဏ်ပညာကို၊ နသဒ္ဓိတာ-မဆည်းပူးအပ်၊ ဧတေ-ဂန္ဆ န္တ ရ, သုတကင်းငြား, ထိုလူငနွားတို့သည်၊ သမ္မောဟဇ္ဈာဟတာဝ-တွေဝေပြင်းပြ, မောဟသတ္တိ, လွှမ်းဖိနှိပ်စက်အပ်ကုန်သည်ဖြစ်၍သာလျှင်၊ ကိဠိပိ-ပယ်သင့်ယူသင့်, အပြစ်နှင့်ဂုဏ်, တစ်စုံတစ်ခုမျှကိုလည်း၊ နာဝဗုဇ္ဈန္တိ-ထိုးထွင်းတိတိ, မသိရှိနိုင်ကြလေကုန်။
[ဆဋ္ဌိ ကတ္တား, ရံခါငြား, ကတ္တားတတိယာနှင့် တူမြဲ။]

မဆင်ခြင်ဘဲ ပြုတတ်သော သူငယ်နှပ်စား, အရွှးများ၏ အမူအရာကဲ့သို့ ပညာရှိတို့ အလယ်၌ ရယ်ဖွယ်ရာသာ ဖြစ်ပေလိမ့်မည်။

ဆောင်။ ။ ခပ်သိမ်းကုန်ရာဌာန, မှုကိစ္စထိုထို၊
ကျမ်းဖြင့်သာ ဂုဏ်အပြစ်, စိစစ်စေလို။
ကျမ်းဂန်ပယ်ပစ်လို့, ဂုဏ်အပြစ်ကိုတဲ့ ပြောဆို, မလိုသင့်စကား၊
သူရွှးနှင့်လူမမယ်လို, ရယ်ဖွယ်ရာ(သာ) ဖြစ်လိမ့်မမှား။ ။

ဆရာမှိမှ ပညာရ

ဤလောက၌ ကျမ်းတတ်အကျော် ဆရာတော်တို့၏ခြေရင်း၌ ဝပ်စင်းခစား မနာကြားမသင်ယူလိုသောသူတို့သည် လူပသု လူသားကောင်များ ဖြစ်ကြ၏၊ ပညာရှိပရိသတ်တို့အလယ် မတင့်တယ်တော့ပေ၊ ပညာကောင်းကို မရရှိသောကြောင့် ဂုဏ်အပြစ်ကိုလည်း မစိစစ်နိုင်ကြတော့ချေ၊ ထို့ကြောင့်-

"ကျေးဇူးရှင် ဆရာမြတ်တို့, လေးမြတ်ကယ်ကြည်လင်၊
ကြိုင်ခွန်းနှုတ်ထွေနှင့်, မိန့်တော်ရွှေသံချိုဟ, ဆုံးမပဲ့ပြင်။
ပျက်ချော်ချော် ရှောင်သွေကွက်လို့, ရွှေစက်မှာ မငြိငြင်, ခိုဝင်လို့မသိပ်သည်း၊
နက်နဲပညာတဲ့, မြိန်ရသာ ချိုမွန်ဆိမ့်, ကင်းလိမ့်ထက်ချည်း[၁]။" ။

ဟု-မိန့်ဆိုကြပေသည်၊ ဆရာမြတ်တို့၏ခြေရင်း၌ အမြဲဝပ်စင်းခစားလျက် ခြေဆုပ်လက်နယ်ပြုစု၍ ရိုသေစွာသင်ယူသော သူတို့သည်သာလျှင် လူတော်လူကောင်းဖြစ်နိုင်သည်၊ နက်နဲခက်ခဲသော ခက်ဆစ်အဓိပ္ပာယ်များကို ရရှိနိုင်ပေသည်၊ ဂုဏ်အပြစ်တို့ကိုလည်း စိစစ်သိမြင်နိုင်ပေသည်၊ ထို့ကြောင့်-

"ဖဝါးငယ်စက်တော်၊
ပျဉ်ဝပ်ခါခါနှင့်, မြမုတ္တာအာနီထူး, ဖူး၏ပျော်ပျော်။
လက်နယ်ခြေဆုပ်နှင့်, ကြောက်ရပ်ကယ်ညွှန်ကော်ရော်, သူတော်တို့ကျင့်ထုံး၊
ကိလိဋ္ဌကယ်နက်ကျယ်နှင့်, ခက်ဓိပ္ပာယ် ဉာဏ်ညွှန့်ဖူး, ခူးလိမ့်စဉ်လုံး။" ။

ဟု-ရှေးဆရာတို့ မိန့်ကြားခဲ့ပေသည်။

၁။ ထက်ချည်း= အလုံးစုံ ဘာမျှမရှိ။ (ပေါ်)

http://www.dhammadownload.com

၅။ ကဟ–ဤလောကဌ္ဌ၊ ယေသံ–အကြင်သူတို့အား၊ ဂရုနံ–ကျမ်းတတ်အကျော်, ဆရာတော်တို့၏၊ ပါဒသုဿူသာ–ခြေတော်အရင်း, ဝပ်စင်းခစား, နာကြားလိုခြင်းသည်၊ နတ္ထိ–မရှိ၊ တေဟိ–ဆရာကင်းပ, ထိုလူဗာလတို့ဖြင့်၊ ကိ–အဘယ်အကျိုးရှိအံ့နည်း၊ ယေ–အကြင်သူတို့သည်၊ တပ္ပာဒရဇောကိဏ္ဏာ–ထိုဆရာ့ခြေစုံ, ငြိကပ်ကုန်သည့်, မြူမှုန်တို့ဖြင့်ပြွမ်းသော ဦးခေါင်းရှိ(အောင် သင်အံ့လေ့ကျက်,

---

ဆရာကောင်း ရှာပါ

အချုပ်အားဖြင့် ကျမ်းဂန်ပေစာတို့ကို ဆရာနည်းမရဘဲ မတတ်နိုင်၊ ဆရာနည်းရမှသာ တတ်မြောက်နိုင်သည်–ဟု ဆိုလိုပေသည်၊ သို့ရာတွင် နည်းပေးနိုင်သောဆရာကို မှီဝဲဆည်းကပ်မှ,နည်းမပေးနိုင်သောဆရာကို ရှောင်ကြဉ်မှမှာ မိမိတို့၏တာဝန်ပင်ဖြစ်ချေသည်။ လောကဌ္ဌ–

(က) တချို့ဆရာတို့သည်–ပညာလည်းမပြည့်စုံ, ကျော်စောထင်ရှားမှုလည်းမရှိချေ၊

(ခ) တချို့ဆရာများမှာ ပညာပင်မပြည့်စုံစေကာမူ ပညာရှိဟု ကျော်စောတတ်၏၊

(ဂ) အချို့ဆရာများမှာပညာကားပြည့်စုံပါ၏၊ ကျော်စောထင်ရှားမှုကား မရှိတတ်ချေ၊

(ဃ) တချို့ဆရာများမှာမူကား ပညာလည်းပြည့်စုံ၏၊ ကျော်လည်းကျော်စောထင်ရှား၏၊ ဤသို့ အကြမ်းအားဖြင့် ဆရာလေးမျိုး ရှိပေသည်၊ ထိုလေးမျိုးတို့တွင် နောက်ဆရာနှစ်မျိုးသည် သင့်တော်သောဆရာမျိုး ဖြစ်၏။

သို့ရာတွင် "ပညာပြည့်စုံတိုင်း တပည့်တို့အား ပညာတတ်မြောက်အောင် သင်ပေးနိုင်သည်၊ ကြီးပွားတိုးတက်အောင် ဆောင်ရွက်ပေးနိုင်သည်"ဟုကား တထစ်ချ မမှတ်သင့်သေးပေ၊ တချို့ဆရာများသည် မိမိကိုယ်တိုင် ပညာပြည့်စုံပါသော်လည်း တပည့်များအား တတ်မြောက်အောင် သင်ကြား၍မပေးလိုကြချေ၊ တချို့မူကား သင်ကြား၍ပေးလိုသော်လည်း အသင်အပြမကောင်း၊ တပည့်နားလည်အောင် မသင်ကြားနိုင်၊ ကြီးပွားတိုးတက်အောင် နည်းပေးလမ်းညွှန်မှု မရှိ၊ ထိုဆရာမျိုးကို မှီဝဲဆည်းကပ်သော်လည်း အထက်တန်းပညာရပ်များကို ရရှိနိုင်မည်မဟုတ်ပေ၊ တချို့ဆရာများမူကား မိမိတတ်သလောက် တပည့်တို့ကို နားလည်တတ်မြောက်အောင် သင်ကြားပေးနိုင်၏၊ နည်းညွှန်လမ်းပြကောင်း၏၊ တပည့်တို့၏ ကြီးပွားတက်မှုကို အလွန်လိုလား၏၊ အနေအထိုင်ရိုးသားသော်လည်း ပညာရေးဌ္ဌ ခေတ်မီ၏၊ ထိုဆရာမျိုးကို မှီဝဲဆည်းကပ်မှသာ တပည့်များတို့ ပညာတတ်မြောက်နိုင်ပေသည်၊ သို့ရာတွင် အစွမ်းကုန် ကြီးပွားတိုးတက်မှုကား မဖြစ်နိုင်သေးပေ၊ အစွမ်းကုန် ကြီးပွားတိုးတက်လိုက ဆိုခဲ့ပြီးသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသည့်အပြင် ဋီကာဆရာ ညွှန်ပြထားသည့်–

ပိယောစ ဂရုဘာဝနီယော , ဝတ္တာစ ဝစနက္ခမော၊
ဂမ္ဘီရဉ္စ ကထံ ကတ္တာ , နောစာဋ္ဌာနေ နိယောဇကော။

http://www.dhammadownload.com

ဆောင်ရွက်)ကြကုန်၏၊ တေဝ-ထိုသူတို့သည်သာလျှင်၊ သာဓု-သူတော်ကောင်းတို့ပေတည်း၊ ဝိဝေကိနော-အပြစ်နှင့်ဂုဏ်, အလုံးစုံကို, စိစစ်သိမြင်နိုင်ကြလေကုန်၏။

၁။ ပိယော-ကိုယ့်အောက်ငယ်သား တပည့်များတို့အား မေတ္တာတရားထားလျက် ပစ္စယ, ဓမ္မ နှစ်ဝတို့ဖြင့် ချီးမြှောက်မစလေ့ရှိသည်ဖြစ်၍ လက်အောက်ငယ်သား တပည့်များတို့ အထူးအားဖြင့် ချစ်ခင်မြတ်နိုးအပ်သောဂုဏ်,

၂။ ဂရု-အကျင့်အာစာရ သီလ, သမာဓိ, ပညာတို့နှင့် ပြည့်စုံလုံလောက်သဖြင့် အောက်လက်ငယ်သား တပည့်များတို့ ရိုသေလေးစား ခံညားလောက်သောဂုဏ်,

၃။ ဘာဝနီယ-ဒေါသမာနကို ရှေ့ထားသဖြင့် အောက်လက်ငယ်သား တပည့်များတို့အား ဆိုမြည်ငေါက်ငန်းမှုမရှိ၊ အခါကာလ ဌာနာဌာနကို ထောက်ချင့်၍ ဆိုဆုံးမသင့်သော အခါတို့၌ ချိုသာသော စကားများဖြင့် တရားအားလျော်စွာ တပည့်သားတို့အား ဆုံးမမှုကိုပြုခြင်း-စသည်တို့ကြောင့် တပည့်သားတို့၏ ဆရာ့အပေါ်၌ မေတ္တာရောက်အပ်, စိတ်ဖြင့်ပွားလွယ်အပ်သောဂုဏ်,

၄။ ဝတ္တာ-လက်အောက်ငယ်သား, တပည့်များတို့အား ဆိုဆုံးမစရာ အပြစ်ကြီးငယ် ရှိလျှင် မျက်နှာကြီးငယ် မရွယ်မထောက် ပြတ်ပြတ်တောက်တောက် ပြောဆိုဆုံးမတတ်သောဂုဏ်,

၅။ ဝစနက္ခမ-မိမိအား လက်အောက်ငယ်သား တပည့်များတို့က အကြောင်းအားလျော်စွာ လျှောက်ထားတိုင်ကြားသင့်သည်ကို လျှောက်ထားတိုင်ကြားလာသော အခါ၌ အပြောအဆိုခက်ခဲသောသဘော, ဒေါသ မာနရှေ့ထားသောသဘောမရှိ သည်းခံလိုက်နာတတ်သောဂုဏ်,

၆။ ဂမ္ဘီရဉ္စ ကထံကတ္တာ-သိမ်မွေ့နက်နဲ ခက်ခဲသော တရားစကားတို့ကို မိမိကိုယ်တိုင်လည်း ဟောပြောပြသတတ်, သူတစ်ပါးကိုလည်း ဟောပြောစေတတ်သောဂုဏ်,

၇။ နောစာဌာနေ နိယောဇက-လက်အောက်ငယ်သား တပည့်များတို့အား လောကသဘောအားဖြင့် မသင့်လျော်သော အရာဌာနတို့၌ မစေခိုင်း မတိုက်တွန်းတတ်သောဂုဏ်-ဟူသော ဂုဏ်ခုနစ်ပါးတို့နှင့် ပြည့်စုံ, မပြည့်စုံ စုံစမ်းစစ်ဆေး ဆင်ခြင်သင့်သေး၏၊ "ထိုသို့ ပညာဂုဏ်တို့နှင့် ပြည့်စုံလုံလောက်၍ ဆိုခဲ့ပြီးသောဂုဏ် ခုနစ်ပါးတို့နှင့် ပြည့်စုံသော ဆရာမျိုးသည် သမုဒ္ဒရာတစ်ဘက်, မြစ်တစ်ဘက်မှာ ရှိနေသည်ဟူ၍ပင် သတင်းစကား ကြားသိရစေကာမူ ထိုဆရာမျိုးရှိရာအရပ်သို့ မရောက်ရောက်အောင် ကြံဆောင်သွားသင့်၏၊ ထိုဆရာမျိုးကိုသာ မှီဝဲဆည်းကပ်သင့်ပေ၏၊ ထိုဆရာမျိုးမှသာ တပည့်တို့ကို ပညာတတ်အောင် သင်ပေးနိုင်သည့်အပြင် ကိုယ်နှုတ်နှလုံး ယဉ်ကျေးအောင်, သီလဝန္တ သူတော်ကောင်းဖြစ်အောင်လည်း ပြုပြင်ပေးနိုင်ပေသည်၊ သည်ကိုရည်၍-

http://www.dhammadownload.com

တိုက်တွန်းအားပေးစကား

၆။ ကဗ္ဗနာဌကနိက္ခိတ္တ–နေတ္တစိတ္တာ ကဝိဇ္ဇနာ၊
ယံကိဉ္စိ ရစယန္တေတံ , နဝိမ္ဟယကရံ ပရံ။
၇။ တေယေဝ ပဋိဘာဝန္တော , သောဝ ဗန္ဓော သဝိမ္ဟယော၊
ယေန တောသေန္တိ ဝိညူ ယေ , တတ္ထာပျဝိဟိတာဒရာ။

"ပညာလုံလောက်လို့ ခုံမြောက်တဲ့ဆရာ၊
သမုဒ်ကယ် ရစ်သွယ်နှင့်, မြစ်ပင်လယ်ဟိုဘက်တွင်းမှာ,
ရှိခြင်းရာလေသန့်နား, ကြား၏သေချာ။
တတ်ပညာ ရှာသူတို့အပေါင်း၊
ထိုရပ်ကယ် ထိုမြေသို့, ရောက်အောင်လေကြဲဖန်လို့,
မသွေလှန်ထုတ်ခွန်အား, သွားကြလေကောင်း။

ဟု–ရှေးဆရာတို့ မိန့်ဆိုခဲ့ကြပေသည်၊ ထို့ကြောင့် လောကကြီးပွားရေး, သံသရာ ကြီးပွားရေးကို လိုလားတောင့်တကြသော အမျိုးကောင်းသားသမီးတို့သည် မသင့်လျော်သော ဆရာကို ပယ်ရှောင်ခွာ၍ သင့်လျော်သော ဆရာကို မှီဝဲဆည်းကပ်ကြကုန်ရာ၏၊ ထို့ကြောင့် ပင် မြတ်စွာဘုရားသခင်လည်း–

"နိဟီယတိ ပုရိသော နိဟီနသေဝီ , နစ ဟာယေထ ကဒါစိ တုလျသေဝီ၊
သေဋ္ဌမုပါဂမ္မ ဥဒေတိ မီရော , တသ္မာတ္တနော ဥတ္တရိတရံ ဘဇေထ။

ကိုယ့်အောက်ယုတ်ညံ့သောသူနှင့် ပေါင်းဖော်သောသူသည် မိမိကိုယ်တိုင် ယုတ်ညံ့အောက်ကျရပေ၏၊ အထက်တန်းစားပုဂ္ဂိုလ်တို့ကို မတွေ့ရသေးခင် မိမိနှင့်ဂုဏ်ရည်တူ ပုဂ္ဂိုလ်တို့ကို အခိုက်အတန့် မှီဝဲဆည်းကပ် ပေါင်းဖော်သောသူအား ဆုတ်ယုတ်အောက်ကျဖွယ်မရှိ၊ ပညာရှိသောသူသည် အထက်တန်းစားပုဂ္ဂိုလ်, အလွန်မြတ်သောပုဂ္ဂိုလ်တို့ကို မှီဝဲဆည်းကပ်မှုကြောင့် သီလ–စသော ကျေးဇူးတို့ဖြင့် ကြီးပွားတိုးတက်ရပေ၏၊ ထို့ကြောင့် ကိုယ့်ထက်မြတ်သောပုဂ္ဂိုလ်ကိုသာ မှီဝဲဆည်းကပ်သင့်ပေသည်"ဟု သတ္တကနိပါတ် မနောဓာတ်၌ ဟောကြားတော်မူခဲ့ပေသည်။

တိုက်တွန်းအားပေးစကား

၆။ ကဗျာကျမ်း, ကချေသည်ကျမ်း (ပြဇာတ်)တို့၌ စိတ်ပါဝင်စားစွာ သင်ကြား၍ တတ်မြောက်လာသော ပညာရှိများ ဖွဲ့စီရင်အပ်သော အစီအကုံးအနှန်းအဖွဲ့သည် (ပင်ကိုယ် ဉာဏ်မပါ ဆရာနည်းကိုသာ အားပြုထားသောကြောင့်) များစွာမချီးမွမ်းထိုက်ချေ။

ဤစကားရပ်ဖြင့် "အထူးထူးသော ကျမ်းဂန်တို့ကို လေ့ကျင့်သင်ကြား တတ်မြောက်မှသာ ဂုဏ်အပြစ်ကို စိစစ်ခွဲခြားနိုင်သည်"ဟု မိန့်ဆိုခဲ့သောကြောင့် များစွာသောကျမ်းဂန်တို့ကို လေ့ကျင့်သင်ကြားလိုသော ဆန္ဒ မရှိမူ၍ အားလျော့နေသော ပုဂ္ဂိုလ်တို့အား

http://www.dhammadownload.com

၆။ ကဗ္ဗနာဋကနိက္ခိတ္တာနေတ္တစိတ္တာ–ကဗျာကျမ်း, ကချေသည်ကျမ်းတို့၌ ချထားအပ်ဘိ, မျက်စိ စိတ်ရှိကြကုန်သော၊ ကဝိဇနာ–စာရေးဆရာ, ကဗျာတတ်သိ, ပညာရှိတို့သည်၊ ယံကိဉ္စိ–(အမှတ်မရှိ, မိမိတို့ဖွဲ့လိုရာ) တစ်စုံတစ်ခုသောကဗျာကို၊ ရစယန္တိ–

"အားမလျော့ပါနှင့်၊ ထိုသို့ များစွာသော ကျမ်းဂန်တို့ကို လေ့လာသင်ကြားမှသာ ဂုဏ်အပြစ်ကို စိစစ်နိုင်သည်မဟုတ်သေး၊ ကဗျာဗန္ဓ စီကုံးနှန်းဖွဲ့ ရေးသားနိုင်သည်မဟုတ်သေး၊ အထူးထူးသော ကျမ်းဂန်တို့ကို လေ့လာသင်ကြားမှ မရှိစေကာမူ ဤသုဇောဓာလင်္ကာရကျမ်းကလေးကို ကြိုးပမ်းအားထုတ်ကာမျှဖြင့်လည်း ဂုဏ်အပြစ်ကို စိစစ်ခွဲခြားနိုင်ပေလိမ့်မည်၊ ကဗျာဗန္ဓ စီကုံးနှန်းဖွဲ့နိုင်လိမ့်မည်၊ ဆုတ်နစ်သောဝီရိယကို မဖြစ်ပါစေနှင့်"ဟု ဝင်္ကဝုတ္တိ(သွယ်ဝိုက်သော)နည်းဖြင့် အားပေးစကား ပြောကြားပေသည်၊ မိမိကျမ်းကို လေ့လာချင်လာအောင် တိုက်တွန်းထားပေသည်။

ကဗ္ဗ (ကဝိနော ဣဒံ–ကဗ္ဗံ၊) မုချအားဖြင့် ပညာရှိတို့၏ ပယောဂဟု ဆိုအပ်သော အဖွဲ့ဗန္ဓသည် ကဗ္ဗ(ကဗျာ) မည်၏၊ ဤနေရာ၌မူကား ထိုအဖွဲ့ဗန္ဓကို ပြီးစေတတ်သော စကားကို ပြတတ်သော မေဃာဝီတ, ရဃုဝံသ–စသော ကဗျာကျမ်းဂန်သည် "ကဗ္ဗ" မည်၏။

မဟာကဗျာဖွဲ့ပုံ ထိုကဗ္ဗမည်သော အဖွဲ့ဗန္ဓသည် "မဟာကဗျာ" မည်၏၊ ၄င်းကို သဂ္ဂ–စသောအခန်းတို့ဖြင့် တန်ဆာဆင်၍ ဖွဲ့ဆိုအပ်သောကြောင့် "သဂ္ဂဗန္ဓ" ဟူ၍လည်း ဆိုအပ်၏၊ ထိုမဟာကဗျာဖွဲ့ပုံ အစီအရင်ကို ဋီကာတို့၌ လာသည့်အတိုင်း ထုတ်နုတ်၍ ပြဦးအံ့။

၁။ (က) အာသီသပုဗ္ဗကဂန္ထာရမ္ဘ၊ (ခ) ပဏာမပုဗ္ဗကဂန္ထာရမ္ဘ၊ (ဂ) ဝတ္ထုပုဗ္ဗကဂန္ထာရမ္ဘ–သုံးမျိုးတို့တွင် တစ်မျိုးမျိုး ပါဝင်စေခြင်း။

၂။ ရာမဝတ္ထု, ဘာရတဝတ္ထု, ဇနကဝတ္ထု–စသော ရှေးဟောင်းဝတ္ထု တစ်ခုခု ပါဝင်စေခြင်း။

၃။ မမှန်ကန် မကောင်းမြတ်သော အကျင့်တို့ကို ပယ်ရှား၍ နည်းယူဖွယ်ကောင်းသည့် မှန်ကန်ကောင်းမြတ်သော အကျင့် အလိုဆန္ဒကို ပါဝင်စေခြင်း။

၄။ သာသနာဝင် ဆရာတို့၏ အလိုအားဖြင့် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကိုပြီးစေတတ်သော ဓမ္မ, အတတ်ပညာ ရွှေငွေဘဏ္ဍာတို့ကို ဆည်းပူးခြင်း, ဆည်းပူးပြီးသည်ကို စောင့်ရှောက်ခြင်း အတ္ထ, ငါးပါးအာရုံ ကာမဂုဏ်–ဟု ဆိုအပ်သော ကာမ, အလုံးစုံသော ဝဋ္ဋဒုက္ခမှ ထွက်မြောက်ကြောင်းဖြစ်သော ဝိဝဋ္ဋနိဿိတကုသိုလ်–ဟူသော မောက္ခ, လောကီဆရာတို့၏ အလိုအားဖြင့် ဗေဒင်ကျမ်း, ဓမ္မသတ်ကျမ်း–စသည်တို့၌ ပြဆိုသော ကျင့်နည်းကြံနည်း ယဇ်ပူဇော်နည်း–ဟူသော ဓမ္မ, ဥစ္စာပစ္စည်းကို ဆည်းပူးခြင်း အတ္ထ, သတို့သမီးကို မှီဝဲခြင်း ကာမ, ဗြဟ္မာ့ပြည်သို့ရောက်ကြောင်းအကျင့်–ဟူသော မောက္ခ,

http://www.dhammadownload.com

(နှုန်းဖွဲ့တိထွင်) စိရင်ရေးသားကြကုန်၏၊ ဧတံ–ထိုအဖွဲ့သည်၊ နဝိမှယကရံပရံ–(ပင်ကိုယ်ဉာဏ်မပါ ဆရာနည်းကိုသာ အားပြုလေသောကြောင့်) များစွာမချီးမွမ်းထိုက်ပေ။

ဤလေးပါးသော ဂုဏ်နှင့် ပြည့်စုံသော, လိမ္မာရေးခြား မြင့်မြတ်သောဂုဏ်တို့နှင့် ပြည့်စုံသော ပြည့်ရှင်မင်းတို့၏ဂုဏ်ကို ချီးမွမ်းခြင်း။

၅။ မြို့, ရွာ, သမုဒ္ဒရာ, ဥတု, တောင်, တော, နေထွက်ခြင်း, လထွက်ခြင်းတို့ကို ချီးမွမ်းခြင်း။

၆။ ရေကန်, ဥယျာဉ်၌ ကစားခြင်း။

၇။ ချိုမြိန်ကောင်းမြတ်သော အဖျော်ကို သောက်ခြင်း။

၈။ သမီးရည်းစား ပေါင်းဆုံခြင်း၊ ခွဲခွာကွေကင်းခြင်း။

၉။ လက်ထပ်ထိမ်းမြားခြင်း။

၁၀။ သားသမီးမြေးမြစ်များ အလွန်တိုးပွားစည်ပင်သည်ကို ချီးမွမ်းခြင်း။

၁၁။ အမတ်, မိတ်ဆွေခင်ပွန်းတို့နှင့် တိုင်ပင်ခြင်း, သံတမန်စေလွှတ်ခြင်း, စစ်ထွက်ခြင်း, စစ်တိုက်ခြင်း, စစ်အောင်ခြင်းတို့ ပါဝင်စေခြင်း။

၁၂။ ရသဘာဝတို့နှင့် ပြည့်စုံစေခြင်း။

၁၃။ မကျဉ်းလွန်း မကျယ်လွန်းသော အပိုင်းအခန်းတို့ဖြင့် ပြည့်နှက်စေခြင်း။

၁၄။ သာယာနာပျော်ဖွယ်ရှိသော ဂါထာဗန္ဓ, ပေါ့ပြစ်ချောမောသော အစပ်အနုသန္ဓေတို့နှင့် ပြည့်စုံစေခြင်း။

၁၅။ အခန်းတိုင်း၏ အဆုံးအဆုံးတို့၌ ထူးသောဂါထာဗန္ဓတို့နှင့် ပြည့်စုံစေခြင်း။

၁၆။ လူအပေါင်းတို့ နှစ်သက်စွဲမက်စရာကောင်းသော အလင်္ကာတို့ဖြင့် တန်ဆာဆင်ပြခြင်း။

ဤဆိုခဲ့ပြီးသော အင်္ဂါတို့နှင့်ပြည့်စုံသော ကဗျာသည် အလွန်ကောင်းမြတ်၍ ကမ္ဘာပျက်သည်တိုင်အောင် တည်ဖွယ်ရှိ၏။

ဆောင်။　။ (၁) ဂန္ဆာရမ္ဘ, သုံးခုမျှတွင်, ပါဝင်တစ်ခု၊ (၂) ဝတ္ထုရှေးဟောင်း၊ (၃) သူတော်ကောင်းဥစ္စာ, ကျင့်အာစာတည့်၊ (၄) ဓမ္မာကာမ, အတ္ထ မောက္ခာ, လေးဖြာအကျိုး, ပြည့်ဖြိုးစုံလင်, ပြည့်ရှင်ဂုဏ်ပုဒ်၊ (၅) မြို့ သမုဒ်စု, ဥတု တောင် တော, ထွက်သောနေလ, ချီးမွမ်းရပြန်၊ (၆) ရေကန် ဥယျာဉ်, တူယှဉ်ကစား၊ (၇) ကောင်းငြားဖျော်သောက်၊ (၈) နှစ်ယောက်ဆုံစီး, သမီးရည်းစား, နှစ်ဦးသားခွဲ၊ (၉) လက်ထပ်ပွဲနှင့်၊ (၁၀) လွန်ကဲ တိုးပွား, သမီးသားနှင့်, မြေးများစည်ပင်၊ (၁၁) တိုင်ပင်ချစ်ဆွေ, တမန်စေချက်, စစ်ထွက်စစ်ထိုး, အောင်ခြင်းမျိုးတို့, ပြည့်ဖြိုးပါရ၊ (၁၂) ရသ ဘာဝါ, စုံစွာပြည့်ကြွယ်, (၁၃) ကျဉ်းမကျယ်လွန်း, ပိုင်းခန်းပြည့်နှက်၊ (၁၄) နှစ်သက်စရာ, ဂါထာဗန္ဓ, ပေါ့ပြစ်လှပေ, နသန္ဓေ

http://www.dhammadownload.com

၇။ ယေ–အကြောင်သူတို့သည်၊ တတ္ထ–ထိုကဗျာကျမ်း, ကချေသည်ကျမ်းတို့၌၊ အဝိဟိတာဒရာ–မထားအပ်သော ရိသေလေးစားခြင်း ရှိကြကုန်သည်၊ ဝါ–အရေးတယူ, အလေးမမူကြကုန်သည်၊ (သမာနာပိ–ဖြစ်ပင်ဖြစ်ပါကုန်သော်လည်း၊) ယေန–

တည်း၊ (၁၅) ပြည့်စေ ကဏ္ဍာ, ဆုံးသမျှမှာ, ထူးလှဂါထာ, အပြည့်ပါရ၊ (၁၆) ဒေါသမဖက်, နှစ်သက်စရာ, အလင်္ကာဖြင့်, တန်ဆာဆင်ပြ, ဆိုသမျှပင်, ပြည့်ဝအင်္ဂါ, ထိုကဗျာသည်, ကမ္ဘာဆုံးအောင် တည်လိမ့်သော်။

ပြဆိုခဲ့ပြီးသော မဟာကဗျာအင်္ဂါတို့တွင် အလုံးစုံတို့နှင့် မပြည့်စုံဘဲ တချို့တစ်ဝက် ယုတ်လျော့နေစေကာမူ အပြစ်မရှိပေ၊ ကဗျာတို့၏ အင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံခဲ့ပါမူကား ပညာရှိတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သိမ့်စေနိုင်တော့သည်သာ။

ဆောင်။ ။ ဆိုခဲ့ဥဿုံ, မပြည့်စုံဘဲ, ယုတ်တုံချို့မျှ, ဖြစ်ပေကလည်း, ကဗျာအင်္ဂါ, ပြည့်စုံပါမူ, ကဗျာတတ်သိ, ပညာရှိ, စွဲငြိနှစ်သက်လေတော့သည်။

ချီးမွမ်းနည်းနှစ်မျိုး မိမိတို့၏ အရှင်သခင်ဂုဏ်ကို ရှေးဦးစွာပြဆို၍ ထိုဂုဏ်နှင့်ပြည့်စုံခြင်းကြောင့် တစ်ပါးသော ရန်သူတို့ကို အောင်နိုင်ပုံဖြင့် ချီးမွမ်းခြင်းမျိုးသည် ပကတိသော ချီးမွမ်းခြင်းမျိုးမည်၏၊ ရန်သူမင်းတို့၏ အမျိုးအနွယ်, အသိဉာဏ်, ပညာ, လုံ့လဝီရိယတို့ကို ရှေးဦးစွာချီးမွမ်း၍ ထိုသို့ တန်ခိုးကြွွှဲပါဒ်နှင့် ပြည့်စုံသော ပြည့်ရှင်မင်းကိုအောင်နိုင်ကြောင်းမျိုးဖြင့်လည်း ချီးမွမ်းသင့်၏၊ (ထိုသို့ ချီးမွမ်းခြင်းမျိုးကို ဝိကတိချီးမွမ်းခြင်းမျိုးဟု ခေါ်သင့်သည်၊) ထိုနှစ်မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ချီးမွမ်းရမည်။

ဆောင်။ ။ မိမိအရှင်, သခင်ကိုသာ, ချီးမွမ်းရာဝယ်, ဦးစွာသခင်, အရှင်ဂုဏ်ကို, ညွှန်ပြဆို၍, ထိုထိုဂုဏ်စု, ပြည့်စုံမှုကြောင့်, အန်တဂဝက်ပြိုင်, သူ့ကိုနိုင်ပုံ, ချီးမွမ်းတုံဘိ, ပကတိပင်၊ ထို့ပြင်ရန်သူ, မင်းဖြစ်သူ၏, သိမ်းယူမျိုးဉာဏ်, ဝီရသုတ, ဤသို့စသား, ဂုဏ်အများကို, ချီးကျူးဆို၍, ထိုထို ဂုဏ်အင်, ပြည့်စုံလင်သား, ဘုရင်ဥက္ကဋ္ဌ, စောနေနတ်တိုင်, တို့ရှင် နိုင်ဟု, ချီးမွမ်း မှုတည်း၊ နှစ်ခုရှိရိုး, ချီးမွမ်းမျိုးတွင်, တစ်မျိုးမျိုးဖြင့်, ချီးမွမ်းသင့်သည်....ကျမ်းနှင့်လျော်ညီလတ်သတည်း။

နာဋက (နာဋကဿ ကဒံ–နာဋကံ၊) ကချေသည်တို့၏ ဥစ္စာဖြစ်သော ကခြင်း, သီချင်းဆိုခြင်း–စသည်တို့သည် မုချအားဖြင့် "နာဋက"မည်၏၊ သို့ရာတွင် ဤနေရာ၌မူကား ထိုကခြင်း, သီချင်းဆိုခြင်း–စသည်ကို ပြီးစေတတ်သော စကားကို ထင်စွာပြတတ်သည့် နာဂနန္ဒ, မဟာနာဋက–စသော ပြဇာတ်(ကျမ်းဂန်)စာပေအမျိုးမျိုးသည် "နာဋက"မည်၏။

ပင်ကိုယ်ဉာဏ်ပါမှသာ ချီးမွမ်းထိုက်၏

၇။ ကဗျာကျမ်း, ကချေသည်ကျမ်းတို့ကို အလေးမပြု ဂရုမစိုက်ပါသော်လည်း ပညာရှိတို့ နှစ်သက်နိုင်လောက်အောင် ကျမ်းဂန်ရေးသား ကဗျာစီကုံး နှုန်းဖွဲ့နိုင်သောသူများ

http://www.dhammadownload.com

(ကျမ်းဂန်စီရင်) အကြင်တစ်စုံတစ်ခုသော အဖွဲ့အနွဲ့အစည်ဖြင့်၊ ဝိညူ–(ဂုဏ်အပြစ်ကို စိစစ်တတ်ဘိ, စာရေးဆရာ) ပညာရှိတို့ကို၊ တောသေတ္တိ–နှစ်သက် စေနိုင်ကြကုန်၏၊ တေယေဝ–ထိုသူတို့သည်သာလျှင်၊ ပဋိဘာဝန္တော–(တခ်ဏုပ္ပတ္တိ)ထင်သောဉာဏ်ရှိကြလေကုန်၏၊ သောဝဗန္ဓော–ထိုအဖွဲ့အနွဲ့အထူးသည်သာလျှင်၊ သဝိမှယော–အံ့သြဖွယ်နှင့်တကွဖြစ်၏၊ ဝါ–အံ့သြလောက်ပါပေ၏။

သည်သာ ပဋိဘာန်(ထင်သော)ဉာဏ်ရှိသူတို့ ဖြစ်ကြကုန်၏၊ ထိုသူတို့ ရေးသားသော အစီအကုံး အနှုန်းအဖွဲ့သည်သာလျှင် အံ့သြဖွယ်ကောင်း၏။

ဤစကားရပ်ဖြင့်လည်း "များစွာသောကျမ်းဂန်တို့ကို မသင်ကြားဘဲ ဂုဏ်အပြစ်ကို မစိစစ်နိုင်၊ အစီအကုံးအနှုန်းအဖွဲ့ကို မတတ်မြောက်နိုင်၊ ကဗျာကျမ်း, ကဓေသည်ကျမ်း(ပြဇာတ်)တို့ကို ကြိုးကြိုးပမ်းပမ်း သင်ကြားလေ့လာမှ တတ်မြောက်သောသူတို့ကိုလည်း မချီးမွမ်းထိုက်လျှင် အကျွန်ုပ်တို့ အသို့ပြုလုပ်ရပါမည်နည်း"ဟု စိတ်အားလျှော့နေသော ပုဂ္ဂိုလ်တို့အား "ကဗျာကျမ်း, ကဓေသည်ကျမ်း(ပြဇာတ်)တို့ကိုပင် မသင်ကြား မလေ့လာရစေကာမူ ယခု ငါရေးသားလတ္တံ့သော သုဗောဓာလင်္ကာရကျမ်းကလေးကို ကြည့်ရှုသင်ကြားပါ၊ ကြိုးစားလေ့လာထားပါ၊ ထိုသို့လေ့လာထားလျှင် ဧကန်ပင် ဂုဏ်, အပြစ်ကို စိစစ်နိုင်ပါလိမ့်မည်၊ အစီအကုံး အနှုန်းအဖွဲ့ကို တတ်မြောက်နိုင်ပေလိမ့်မည်၊ ချီးမွမ်းထိုက်သော ကဗျာဆရာတစ်ယောက် ဖြစ်လာပါလိမ့်မည်"ဟု ဝင်္ကဝုတ္တိ (သွယ်ဝိုက်သော) နည်းအားဖြင့် အားတက်စေသည်။

ပဋိဘာဝန္တော ကဗျာကျမ်း, ကဓေသည်ကျမ်း (ပြဇာတ်)တို့ကို လေ့လာသင်ကြားအားထုတ်ခြင်း မရှိမူ၍ ထိုထိုအရာအားလျော်စွာ သိမြင်တတ်, ကဗျာဗန္ဓကို စီကုံးနှုန်းဖွဲ့တတ်သော ဉာဏ်ပညာကို ပဋိဘာန(ထင်သော)ဉာဏ်ပညာ–ဟု ခေါ်သည်၊ (အာဝဇ္ဇန်း–ဟုခေါ်သော ရွှင်သောဉာဏ်–ဟူလို၊) ထိုဉာဏ်ပညာမျိုးနှင့် ပြည့်စုံသောသူကို ပဋိဘာဝန္တ(ပဋိဘာန်ဉာဏ်ရှိသူ)ဟု ခေါ်သည်။

ထို့ကြောင့် ကဗျာကျမ်း, ကဓေသည်ကျမ်း(ပြဇာတ်) အလင်္ကာကျမ်းတို့ကို လေ့လာသင်ကြားခြင်း မရှိမူ၍ ဂါထာဗန္ဓ **အစီအကုံး အနှုန်းအဖွဲ့**ကို သူတစ်ပါးထက် ထူးထူးချွန်ချွန် လျင်မြန်စွာ စီကုံးနှုန်းဖွဲ့ ဟောပြောနိုင်သော ဝင်္ကီသမထေရ်ကို မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် "ဘိက္ခုတို့ ! ထင်သောဉာဏ်ရှိကြသော သာဝကတို့တွင် ဝင်္ကီသသည် အထူးချွန်ဆုံး အမြတ်ဆုံး"ဟု ဇေတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးမြှောက်စားခဲ့သည် မဟုတ်တုံလော။

သောဝ ဗန္ဓော သဝိမှယော ဆေးဆိုးနေကျဖြစ်သော ပင်းမင်းဆရာ၏ ဆေးဆိုးခြင်းသည် အံ့သြဖွယ်မရှိ၊ ဆေးဆိုးနေကျမဟုတ်သော အရပ်သူအရပ်သားတို့၏ ဆေးဆိုးခြင်းသည်သာ အံ့သြဖွယ်ရှိသကဲ့သို့ ကဗျာကျမ်း, ကဓေသည်ကျမ်း(ပြဇာတ်)တို့ကို မလေ့လာ မသင်ကြားဘဲ အပြစ်ဒေါသတို့မှ လွတ်မြောက်၍ ဂုဏ်ရောက်

http://www.dhammadownload.com

ဗန္ဓလက္ခဏာနှင့်အပြား

၈။ ဗန္ဓော စ နာမ သဒ္ဒတ္ထာ , သဟိတာ ဒေါသဝဇ္ဇိတာ၊
ပဒဂဇ္ဇဝိမိဿာနံ , ဘေဒေနာယံ တိဓာ ဘဝေ။

အောင် စီကုံးနှုန်းဖွဲ့နိုင်သောသူတို့၏ အစီအကုံး အနှုန်းအဖွဲ့သည်သာလျှင် (မိမိ၏ ပင်ကိုယ်ဉာဏ်ပါသောကြောင့်) မြှောက်စားချီးကျူးထိုက်၏၊ အထူးအားဖြင့် အံ့သြလောက်ပေ၏။

ကဗျာတတ်အင်္ဂါ ထိုသို့ ကဗျာကျမ်း, ကချေသည်ကျမ်း (ပြဇာတ်)တို့ကို မသင်ကြားဘဲ တတ်မြောက်ရန်မှာလည်း ဝဂိ်သမထေရ်တို့ကဲ့သို့ ရှေးဘဝဆုတောင်းနှင့် ပြည့်စုံသောသူတို့သာ တတ်မြောက်နိုင်သည်၊ တခြားပုဂ္ဂိုလ်တို့မှာမူကား–

(က) ပင်ကိုယ်ဉာဏ် ထက်မြက်ခြင်း,

(ခ) လောကဝေါဟာရ အသုံးအနှုန်း အကြားအမြင်ဗဟုသုတနှင့် ပြည့်စုံခြင်း,

(ဂ) လွန်ကဲသော လုံ့လဝီရိယရှိခြင်း–ဟူသော အင်္ဂါသုံးပါးနှင့် ပြည့်စုံမှသာ တတ်မြောက်နိုင်သည်။

ဆောင်။ ။ မူလခြေ သန္ဓေက, ပါလာကြပဋိဘာ၊
ကြားအမြင်များသုတငယ်, ပြည့်စုံမှသာ။
လွန်ကဲလု ဝီရိယာ, ရှိကြပါအများ၊
လွန့်အလွန် ကဗျာကျော်မို့, နိုင်ငံတော်သမ္ဘာလင်းသည့်ပြင်,
ပြိုင်စံမပေါ် ကမ္ဘာချင်းလို့ရယ်, ထွင်းဖောက်ကျော်ကြား။

ဗန္ဓလက္ခဏာနှင့်အပြား

၈။ ချင်းချင်းငဲ့လတ်, ကင်းလွတ်ဒေါသ, ပဒဝါကျာ, တဒတ္ထာ, မည်ပါဗန္ဓတည်း။

(က) သဟိတ–အချင်းချင်းသင့်လျော်သော အနက်နှင့်တကွဖြစ်ခြင်း, ဣတ္တိ ပစတိ၊ ဂါဝေါ ဘက္ခန္တိ–မိန်းမသည် ထမင်းချက်၏၊ နွားတို့သည် စားကြ၏) စသော အချင်းချင်းလျော်သော အနက်မရှိသောဝါကျ, ဝါကျ၏အနက်မျိုးကို ဗန္ဓ မခေါ်ရ–ဟူလို။

(ခ) ဒေါသဝဇ္ဇိတ–ပဒဒေါသ ဝါကျဒေါသ ဝါကျတ္ထဒေါသမှ ကင်းလွတ်ခြင်း, (အဂ္ဂိနာ ရုက္ခံ သိဉ္စတိ–မီးဖြင့် သစ်ပင်ကို သွန်းလောင်း၏) စသော အပြစ်မကင်း အသင့်ယုတ္တိမရှိသည့် ဝါကျ, ဝါကျ၏အနက်တို့ကိုလည်း ဗန္ဓ–ဟု မခေါ်ရ။

ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပုဒ်, ဝါကျ, ထိုပုဒ်ဝါကျ၏ အနက်တို့သည် "ဗန္ဓ" (အစီအကုံး အနှုန်းအဖွဲ့) မည်၏။

http://www.dhammadownload.com

၈။ ဗန္ဓောစနာမ–ဗန္ဓမည်သည်လည်း၊ သဟိတာ–(အချင်းချင်းလျော်သော အနက်နှင့်) တကွဖြစ်ကုန်သော၊ ဒေါသဝဇ္ဇိတာ–(ဆိုလတ္တံ့သော သဒ္ဒ, အတ္ထ) အပြစ်ဒေါသတို့မှ ကင်းလွတ်ကုန်သော၊ သဒ္ဒတ္ထာ–ပုဒ်, ဝါကျ, ထိုပုဒ်ဝါကျ၏ အနက်တို့ပင်တည်း၊ အယံ–ဤဗန္ဓသည်၊ ပဇ္ဇဂဇ္ဇဝိမိဿာနံ–ပဇ္ဇဗန္ဓ, ဂဇ္ဇဗန္ဓ, ဝိမိဿဗန္ဓတို့၏၊ ဘေဒေန–အပြားအားဖြင့်၊ တိဓာ–သုံးပါးပြားသည်၊ ဘဝေ–ဖြစ်၏။

ဘေဒ။　။ ပဇ္ဇ–ဂဇ္ဇ, ဝိမိဿ, ပြားထသုံးမျိုးတည်း။

ထိုဗန္ဓသည် (က) ပဇ္ဇဗန္ဓ, (ခ) ဂဇ္ဇဗန္ဓ, (ဂ) ဝိမိဿဗန္ဓ–ဟု သုံးပါးပြား၏။

ပဇ္ဇ　ဆန်းကျမ်း၌လာသော ဂါထာမျိုးသက်သက်ဖြင့် စီကုံးနှုန်းဖွဲ့အပ်သောအဖွဲ့သည် "ပဇ္ဇ" မည်၏၊ မြန်မာမှုဋ္ဌ ကဗျာလင်္ကာသီချင်းများကို ပဇ္ဇ–အရ ယူသင့်၏၊ ထိုပဇ္ဇသည်–

(က) မုတ္တက–တခြားဂါထာကို မငဲ့မူ၍ အလိုရှိအပ်သော အနက်အဓိပ္ပာယ်ကို တစ်ဂါထာတည်းဖြင့် ဖွဲ့အပ်သော ပဓာနကြိယာတစ်ခု ပါရှိသည့် (တခြားဂါထာကို မငဲ့သော တစ်ဂါထာဖြင့် ပြီးအောင်ဖွဲ့အပ်သော) အဖွဲ့မျိုး။

(ခ) ကုလက–ကြိယာတူသောကြောင့် အချင်းချင်း ရှုငဲ့ကြ၍ အသီးအသီး မပြီးစီးသော ဂါထာနှစ်ခု, သုံးခု–စသည်ရှိသော အဖွဲ့မျိုး။

(ဂ) ကောသ–အချင်းချင်းမငဲ့သော, ကြိယာလည်းပြားသော ဂါထာအပေါင်းအစုဖြစ်သော အဖွဲ့မျိုး။ (အမရကောသကျမ်း–စသည်။)

(ဃ) သဃ်တ–တစ်စုံတစ်ရာကိုစွဲ၍ ဖွင့်ပြအပ်သော ကြိယာပေါင်း များစွာပါရှိသော အဖွဲ့မျိုး။ (မေဃဒူတကဗျာကျမ်း–စသည်။)

ဟူ၍ လေးပါးပြား၏၊ (စာကိုယ်ဆရာကား–နိဗန္ဓ, အနိဗန္ဓ–ဟု နောက်၌ နှစ်မျိုးခွဲပြထားသည်၊ ၄င်းတို့၏ အဓိပ္ပာယ်ကို လွယ်ကူစွာ နားလည်စေရန် ဤမုတ္တက–စသောအဖွဲ့လေးမျိုးကို ဦးကာများမှ ထုတ်၍ပြလိုက်သည်။)

ဆောင်။　။ တခြားဂါထာ, မငဲ့ပါဘဲ, တစ်ဂါထာမျှ, ဖွဲ့ဆိုကမူ, မုတ္တကပါ၊ ကြိယာတူခြင်း, အကြောင်းရင်းကြောင့်, ချင်းချင်းငဲ့ရှု, နှစ်ခုစသား, ဂါထာများမှာ, ကုလကာသွင်း၊ အချင်းချင်းမှာ, မငဲ့ပါဘဲ, ကြိယာလည်းပြား, ဂါထာများမှာ, ကောသသာတည်း၊ ကြောင်းရာတစ်ခု, စွဲပြုဖွင့်ပြ, ကြိယများပြား,. ပါငြားဂါထာ, သဃ်တာသည် . . . . မှတ်ပါ ပဇ္ဇအပြားတည်း။

ဂဇ္ဇ　ဂါထာမဖက် စုဏ္ဏိယသက်သက်ဖြင့်သာ နှုန်းဖွဲ့အပ်သော အဖွဲ့မျိုးသည် "ဂဇ္ဇဗန္ဓ"မည်၏၊ မြန်မာမှုဋ္ဌ ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထုကိုကဲ့သို့ စကားပြေဖြင့် ရေးသားထားသမျှသည် "ဂဇ္ဇ"မည်၏၊ ထိုဂဇ္ဇဗန္ဓသည်လည်း–

http://www.dhammadownload.com

ပဇ္ဇဗန္ဓ၏အပြားနှင့် ဗန္ဓ၏အဆင်တန်ဆာ

၉။ နိဗန္ဓောစာနိဗန္ဓော စ , ပုန ဒွိဓာ နိရုပ္ပတေ၊
တံ တု ပါပေန္တျလင်္ကာရာ , ဝိန္ဒနီယတရတ္တနံ။

၉။ ပုန-တစ်ဖန်၊ (ယထာဝုတ္တော-အကြင်အကြင်ဆိုအပ်ခဲ့ပြီးသော၊ ပဇ္ဇမယဗန္ဓော-ဂါထာတို့ဖြင့်စီရင်အပ်သော ပဇ္ဇဗန္ဓကို၊ ဋီကာဟောင်း၊) နိဗန္ဓောစ-(မုတ္တကစသား, လေးမျိုးအားဖြင့်) မပြတ်မလပ် စပ်လျက်ဖွဲ့အပ်သော မဟာကဗျာမျိုးလည်းကောင်း၊ အနိဗန္ဓောစ-(မုတ္တက တစ်မျိုးဖြင့်သာ) မစပ်ဘဲ ဖွဲ့အပ်သော ခုဒ္ဒကကဗျာမျိုးလည်းကောင်း၊ ဣတိ-ဤသို့၊ ဒွိဓာ-နှစ်ပါးအပြားအားဖြင့်၊ နိရုပ္ပတေ-ဆုံးဖြတ်အပ်၏၊ တု-ဆက်ဦးအံ့၊ တံ-ထိုပြဆိုအပ်ခဲ့ပြီးသောအဖွဲ့ဗန္ဓကို၊ အလင်္ကာရာ-သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့သည်၊ ဝိန္ဒနီယတရတ္တနံ-အလွန်အကျူး, အထူးနှစ်သက်အပ်သည်၏အဖြစ်သို့၊ ပါပေန္တိ-ရောက်စေနိုင်ကုန်၏။

(က) အာချာယိကာ-ရှေးစကားဟောင်းများ (ရာမာယဏ, ဘာရတ-စသော ရှေးဟောင်းအတ္ထုပ္ပတ်များ)ကို ဖွဲ့ဆိုသော အဖွဲ့မျိုး,

(ခ) ကထာ-ပစ္စုပ္ပန်အခါ၌ မယ်ဖွဲ့ မောင်ဖွဲ့ တောဖွဲ့ တောင်ဖွဲ့ ဘုန်းတော်ဖွဲ့-စသော အဖွဲ့မျိုး(အရှင်မဟာဗုဒ္ဓဃောသ-စသောဆရာတို့ ဖွင့်ဆိုရေးသားထားသော အဖွဲ့အနွဲ့မျိုး, ယခုကာလ၌ ဒဏ္ဍာရီဝတ္ထုမျိုး မင်းတုံး သီပေါခေတ်ကဆောင်းပါးသတင်းမျိုး ပါဝင်၏)ဟု နှစ်မျိုးရှိ၏။

ဆောင်။ ။ ရှေးကြောင်းရာများ, ဖွဲ့ဆိုထားဘိ, အာချာယိကာ၊ ခုခါမယ်ဖွဲ့, မောင်ဖွဲ့စသား, ရေးသားစီရင်, ကထာတွင်သည် ....ဤလျှင်ဂဇ္ဇအပြားတည်း။

ဝိမိဿ ဂါထာစုဏ္ဍိယ နှစ်ပါးရော၍ စီကုံးနှုန်းဖွဲ့အပ်သော အဖွဲ့မျိုးသည် "ဝိမိဿဗန္ဓ" မည်၏။ (၎င်းကို စမ္ပူလည်း ခေါ်သည်။)

သဒ္ဒတ္ထာ ဤ၌ သဒ္ဒ-သဒ္ဒါသည် သတ္တဝါတို့၏အသံ, မိုးသံ, လေသံ-စသော အသံသာမညကိုမဟော၊ (ထို၏အတုဖြစ်သော) အက္ခရာကိုလည်းမဟော၊ အက္ခရာတို့၏ အပေါင်းအစု-ဟူသောပုဒ်, ထိုပုဒ်တို့၏ အပေါင်းဖြစ်၍ ကြိယာကာရကနှင့် ပြည့်စုံသော စကားတစ်ရပ်-ဟူသော ဝါကျကို ဟော၏၊ အတ္ထသဒ္ဒါလည်း ထိုပုဒ်, ဝါကျတို့၏ အနက်ကိုပင် ဟောသည်။ (သဒ္ဒတ္ထ-အရကား ဗန္ဓကိုပင် ရသည်။)

ပဇ္ဇဗန္ဓ၏အပြားနှင့် ဗန္ဓ၏အဆင်တန်ဆာ

၉။ ဆိုခဲ့အပ်ပြီးသော ပဇ္ဇဗန္ဓသည် "(က) နိဗန္ဓ-မုတ္တက-စသော လေးပါးတို့ဖြင့် မပြတ်မလပ် စပ်လျက်ဖွဲ့အပ်သော မဟာကဗျာမျိုး, (ခ) အနိဗန္ဓ-မုတ္တကတစ်မျိုးဖြင့်သာ မစပ်ဘဲ ဖွဲ့အပ်သော ခုဒ္ဒကကဗျာမျိုး"ဟု နှစ်ပါးပြား၏၊ (နိရန္တရံ ဗန္ဓော-နိဗန္ဓော၊ နနိရန္တရံ ဗန္ဓော-အနိဗန္ဓော။)

http://www.dhammadownload.com

၁၀။ အနဝဇ္ဇံ မုခမ္ဟောဇ-မနဝဇ္ဇာ စ ဘာရတီ၊
အလင်္ကာတဝ သောဘန္တေ , ကိံ နု တေ နိရလင်္ကတာ။

၁၀။ အနဝဇ္ဇံ-(အဆင်းသွင်ပြင်, ပြည့်စုံလင်ဘိ, မဲ့ ဝက်ခြံ-စသော) အပြစ်မရှိသော၊ မုခမ္ဟောဇံ-(လွန်စွာရွှင်လန်း,) မျက်နှာတည်းဟူသော ကြာပန်းသည်လည်းကောင်း၊ အနဝဇ္ဇာ-(ပဒဒေါသ, စသည်များစွာ, ကဲ့ရဲ့စရာ) အပြစ်မရှိသော၊ ဘာရတီစ-(ဗန္ဓဟူငြား, အဖွဲ့အနွဲ့)စကားသည်လည်းကောင်း၊ အလင်္ကာတဝ-အဆင်တန်ဆာ, ဆင်ယင်အပ်ကုန်သော်သာလျှင်၊ သောဘန္တေ-တင့်တယ်လျောက်ပတ်, ကောင်းမြတ်ကြကုန်၏၊ တေ-(အပြစ်ကင်းငြား,) ထိုမျက်နှာနှင့် စကားတို့သည်၊ နိရလင်္ကတာ-အဆင်တန်ဆာ ဆင်ယင်ခြင်းမှ ကင်းကွာပါကုန်မူကား၊ ကိံ နုသောဘန္တေ-အဘယ်မှာလျှင်, တင့်တယ်လျောက်ပတ်, ကောင်းမြတ်ပါကုန်မည်နည်း၊ နု သောဘန္တေဝ-ဧကန်ပင်မတင့်တယ်မလျောက်ပတ်, မကောင်းမြတ်ကုန်တော့သည်သာ။ (ဤဂါထာဖြင့် ရှေ့ဂါထာအပရဒ္ဓကို ခိုင်မြဲစေသည်။)

အဖွဲ့ဗန္ဓသည် အမျိုးသမီး၏ ခန္ဓာကိုယ်နှင့်တူ၏၊ ဒေါသသည် အဆင်းသဏ္ဌာန်မလှခြင်း, မဲ့ ဝက်ခြံ-စသည် စွဲကပ်ခြင်းနှင့်တူ၏၊ သဒ္ဒါလင်္ကာရ-(ဂုဏ်)သည် ထိုအမျိုးသမီးကလေး၏ နှစ်သက်ဖွယ်ရာ ပြုကျင့်တတ်ခြင်း, အရာရာ၌ လိမ္မာရေးခြားရှိခြင်း-စသော ဂုဏ်နှင့် တူ၏၊ အတ္ထာလင်္ကာရသည် ပစ္စည်းဥစ္စာ, ပုတီး, လက်ကောက်-စသော အဆင်တန်ဆာနှင့်တူ၏၊ ရသ, ဘာဝသည် စိတ်သဘောနှင့်တူ၏။

"အချင်းချင်းလျော်သော အနက်နှင့်တကွဖြစ်ခြင်း, ဒေါသတို့မှ ကင်းလွတ်ခြင်း" ဟူသော အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော အဖွဲ့ဗန္ဓသည် လုံးရပ်သဏ္ဌာန်နှင့် ပြည့်စုံသော ပင်ကိုယ်ချောအမျိုးသမီးနှင့်တူ၏၊ ထိုပင်ကိုယ်ချောအမျိုးသမီးသည် နှစ်သက်ဖွယ်ရာ ပြုကျင့်တတ်မှု, အရာရာ၌ လိမ္မာရေးခြားရှိမှု-စသောဂုဏ်, ပုတီး လက်ကောက်-စသော အဆင်တန်ဆာတို့နှင့် ပြည့်စုံခဲ့ပါမူ အလွန်နှစ်သက်ဖွယ် ရှိသကဲ့သို့ ဆိုခဲ့ပြီးသော အင်္ဂါနှစ်ပါးတို့နှင့် ပြည့်စုံသော ပင်ကိုယ်လှအဖွဲ့ဗန္ဓသည်လည်း သဒ္ဒါလင်္ကာရ(ပသာဒ-စသောဂုဏ်), အတ္ထာလင်္ကာရ(သဘာဝဝုတ္တိ-စသောအလင်္ကာ)တို့နှင့် ပြည့်စုံခဲ့ပါမူ အလွန်အကျူး အထူးအားဖြင့် နှစ်သက်ဖွယ်ကောင်းပေ၏၊ ကြည့်ရှုနားထောင်သူ ပညာရှိတို့ကို စွဲမက်စေနိုင်၏။

(ဆိုခဲ့ပြီးသော အဖက်ဖက်မှပြည့်စုံသည့် အမျိုးသမီးသည် စိတ်သဘောထား ပြည့်ဝခဲ့ပါမူ သာလွန်နှစ်လိုဖွယ် ရှိသကဲ့သို့ အဆိုပါ အဖက်ဖက်မှ ပြည့်စုံကုံလုံသော အဖွဲ့ဗန္ဓသည်လည်း ရသ, ဘာဝတို့နှင့် ထပ်မံပြည့်စုံခဲ့ပြန်မူ ပြောဆိုဖွယ်ပင် မလိုတော့ချေ၊ ထိုထက်သာလွန်နှစ်သက်ဖွယ် ကောင်းပြန်တော့သည်သာ။)

၁၀။ ထိုစကားမှန်၏၊ အပြစ်ကင်းစင်သောမျက်နှာပင် ဖြစ်စေကာမူ တန်ဆာဆင်ယင်မှသာ လျောက်ပတ်တင့်တယ်ပေ၏၊ တန်ဆာမဆင်ယင်(ဘဲ ချွေး, အညစ်အကြေး အလိမ်း

http://www.dhammadownload.com

ဆင်ယင်နည်းမရက ဆင်သော်လည်းမလှ

၁၁။ ဝိနာ ဂရုပဒေသံ တံ , ဗာလောလင်္ကတ္တုမိစ္ဆတိ၊
သမ္မာပုဏ္ဏော နု ဝိညူဟိ , ဟသဿဘာဝံ ကထံနု သော။

၁၁။ ယော ဗာလော–(တန်ဆာဆင်နည်း, နိဿရည်းကို, သိပ်သည်းကျန, မရမရှိသော) လူပြိန်းလူအသည်၊ ဂရုပဒေသံ–ဆရာသခင်, ကျေးဇူးရှင်တို့, (သွန်သင်ညွှန်ပြ, တန်ဆာဆင်ပုံ) နည်းဥပဒေသကို၊ ဝိနာ–ကြဉ်ထား၍၊ တံ–ထိုမျက်နှာ(ကိုယ်ခန္ဓာ)ကို၊ ဝါ–အဖွဲ့ဗန္ဓကို၊ အလင်္ကတ္တုံ–(တင့်တယ်ဖွယ်ရာ,) တန်ဆာဆင်ယင်ခြင်းငှာ၊ ကုစ္ဆတိ–အလိုရှိ၏၊ သော ဗာလော–(တန်ဆာဆင်နည်း, နိဿရည်းကို, သိပ်သည်းကျန, မရမရှိသော) ထိုလူပြိန်းလူအသည်၊ ဝိညူဟိ–(အပြစ်နှင့်ဂုဏ်, အကုန်မြင်သိ,) ပညာရှိတို့သည်၊ ဟသဿဘာဝံ–ပြက်ရယ်ပြုအပ်သူ၏အဖြစ်သို့၊ ဝါ–(ကဲ့ရဲ့ပြက်ရယ်,) ရယ်ရွှင်ဖွယ်၏အဖြစ်သို့၊ ကထံနု နု သမ္မာပုဏ္ဏော–အဘယ်မှာ မရောက်ဘဲရှိပါတော့အံ့နည်း၊ သမ္မာပုဏ္ဏာတိဧဝ–ဧကန်ပင် ရောက်ရတော့သည်သာ။ [ဤဂါထာသည် အဘိန္နပဒဝါကျသိလေသအလင်္ကာရှိသော ဂါထာဖြစ်သည်၊ ထို့ကြောင့် တံ–၏အစွဲကို နှစ်ချက်ခွဲပေးမှ ကောင်းမည်။]

လိမ်းဖြင့် ပစ်ထား)ခဲ့ပါမူ မလျောက်ပတ် မတင့်တယ်တော့ချေ၊ ထိုနည်းတူစွာ အပြစ်ကင်းမဲ့သော အဖွဲ့အနွဲ့စကားပင် ဖြစ်စေကာမူ သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်ယင်မှသာ တင့်တယ်ကောင်းမြတ်ပေ၏၊ သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာမဆင်ယင်ဘဲ တတ်တိုင်း ထင်ရာပြောဆို ဖွဲ့နွဲ့ခဲ့ပါမူ ဧကန်ပင် မတင့်တယ်မကောင်းမြတ်တော့ချေ၊ သာယာပြေပြစ်, ချစ်မြတ်နိုးအပ်သည်၏အဖြစ်သို့ မရောက်နိုင်တော့ပေ။

ထို့ကြောင့် တစ်စုံတစ်ခုသော အစီအကုံး အနှုန်းအဖွဲ့ကို စီကုံးနှုန်းဖွဲ့လိုသောသူသည် မိမိ၏ အစီအကုံး အနှုန်းအဖွဲ့ကို တန်ဆာဆင်၍ စီကုံးနှုန်းဖွဲ့ရာ၏။

ဘာရတိ အဖွဲ့အနွဲ့စကားသည် မုချအားဖြင့် "ဘာရတိ"မည်၏၊ ထိုစကားကို ပြီးစေတတ်သောအနက်သည် ဖလူပစာအားဖြင့် "ဘာရတိ"မည်၏၊ (အဘေဒူပစာလည်း ဆိုကြသေး၏။)

ဆင်ယင်နည်းမရက ဆင်သော်လည်းမလှ

၁၁။ (ထိုသို့ ဒေါသကင်းသော အဖွဲ့ဗန္ဓကို တန်ဆာဆင်ခြင်းသည်လည်း ဆရာမြတ်တို့၏ နည်းညွှန်လမ်းပြ, ဥပဒေသနှင့် ဆက်စပ်နေပေ၏၊ ထင်ရှားစေအံ့၊) ဆင်ယင်ထုံးဖွဲ့မှုကို တတ်သိနားလည်သောသူတို့၏ နည်းညွှန်လမ်းပြနှင့်ကင်း၍ မိမိ၏ကိုယ် ခန္ဓာကို ထင်ရာမြင်ရာပြုပြင် ဆင်ယင်သော လူပြိန်းလူအသည် အချိုးအစားမကျ, ရယ်ဖွယ်ရာသာ

http://www.dhammadownload.com

ကျမ်း–အလင်္ကာမည်ပုံ

၁၂။ ဂန္ဆောပိ ကဝိဝါစာန–မလင်္ကာရပွကာသကော၊
ယာတိ တဗ္ဗစနီယတ္တံ , တဗ္ဗောဟာရူပစာရတော။

၁၂။ ကဝိဝါစာန်–စာရေးဆရာ, ကဗျာတတ်သိ, ပညာရှိတို့၏ စကား, (ထိုစကားကို ပြီးစေတတ်သော အစီအကုံးအနှန်းအဖွဲ့–ဟု ဆိုအပ်သော အနက်)တို့၏၊ အလင်္ကာရပွကာသကော–သဒ္ဒ,အတ္ထ အလင်္ကာရတို့ကို ပြတတ်သော၊ ဂန္ဆောပိ–ကျမ်းဂန်သည်လည်း၊ တဗ္ဗောဟာရူပစာရတော–(အကျိုးဖြစ်သော သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့၏) ထိုအလင်္ကာဟူသော အမည်ကို (အကြောင်းဖြစ်သော) ကျမ်းဂန်၌ တင်စားသော (ဖလူပစာ)အားဖြင့်၊ တဗ္ဗစနီယတ္တံ–ထိုအလင်္ကာရသဒ္ဒါသည် ဟောအပ်သည်၏အဖြစ်သို့၊ ယာတိ–ရောက်၏။

ဖြစ်ရလေသကဲ့သို့ ဆရာမြတ်တို့၏ နည်းညွှန်လမ်းပြ, ဥပဒေသနှင့်ကင်း၍ အဖွဲ့ဗန္ဓကို တန်ဆာဆင်ယင်သော လူပြိန်းလူအသည်လည်း ဂုဏ်, အပြစ်ကို စိစစ်သိမြင် ပညာရှင်တို့၏ ရယ်ဖွယ်ရာ ကေန်ပင် ဖြစ်ရလေတော့သည်၊ (ထို့ကြောင့် ဆရာမြတ်ကို့ထံမှာ ရှိသေကျိုးနွံစွာ သင်ယူလျက် တန်ဆာဆင်ရမည်။)

ဗာလ　စာပေပရိယတ် နှံ့စပ်ကျွမ်းကျင်သော လူပြန်တော်ပင် ဖြစ်သော်လည်း လူတို့ကဲ့သို့ ဝတ်နည်းဆင်နည်းကို မတတ်က ဤနေရာ၌ "ဗာလ"(လူပြိန်းလူအ) ဟူ၍ပင် ဆိုရမည်၊ ထို့ပြင် သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့ကို နားမလည်က ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်ပင် ဖြစ်စေကာမူ ဤနေရာ၌ "ဗာလ"(လူပြိန်းလူအ)သာတည်း။

ကျမ်း–အလင်္ကာမည်ပုံ

၁၂။ အလင်္ကာ–ဟူသည် သဒ္ဒါ, အနက်တို့၌သာ ဖြစ်၏၊ ထို့ကြောင့် သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့ကိုသာ မုချအားဖြင့် "အလင်္ကာ"ဟု ခေါ်ရပေသည်၊ ပညာရှိတို့၏စကား, အစီအကုံး အနှန်းအဖွဲ့တို့ကို သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်အပ်ပေ၏၊ ထိုသဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့ကိုလည်း ကျမ်းဂန်ကသာ ပြတတ်ပေ၏၊ ကျမ်းဂန်ကြောင့်သာ သိရပေ၏၊ ထိုကြောင့် သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့သည် ကျမ်းဂန်ကြောင့် သိရသော အကျိုးများ ဖြစ်ကြ၏၊ ကျမ်းဂန်သည် ထိုသဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့ကို သိရခြင်း၏အကြောင်း ဖြစ်၏၊ သို့ဖြစ်၍ အကျိုးဖြစ်သော သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့၏ "အလင်္ကာ"ဟူသော အမည်ကို အကြောင်းဖြစ်သော ကျမ်းဂန်၌ တင်စား၍ "ဖလူပစာ"အားဖြင့် ကျမ်းဂန်ကိုလည်း "အလင်္ကာ"ဟု ခေါ်ရပေသည်။ (အကျိုးကိုဆို၍ အကြောင်းကိုရက ဖလူပစာ–ဟု အကျဉ်းမှတ်။)

ဥပစာရ　ထိုဟာသည် ဤဝတ္ထုပင်တည်း–ဟု အပြားမရှိသောအားဖြင့် ကြံစည်ခြင်းသည် "ဥပစာ"မည်၏၊ (ဥပစာရဏံ သောယမိတျဘေဒေန ပရိကပ္ပနံ–ဥပစာရော၊

http://www.dhammadownload.com

အလင်္ကာအပြားနှင့် ဗန္ဓအရ

၁၃။ ဒွိပ္ပကာရာ အလင်္ကာရာ , တတ္ထ သဒ္ဒတ္ထဘေဒတော၊
သဒ္ဒတ္ထာ ဗန္ဓနာမာဝ , တံ သဇ္ဈိတာ တဒါဝဋ္ဋိ။

၁၃။ တတ္ထ–ထိုအလင်္ကာကျမ်း၌၊ ဝါ–အလင်္ကာအရာ၌၊ အလင်္ကာရာ–အလင်္ကာတို့သည်၊ သဒ္ဒတ္ထဘေဒတော–သဒ္ဒါအပြား, အနက်အပြားအားဖြင့်၊ ဒွိပ္ပကာရာ–နှစ်ပါးအပြားရှိကုန်၏၊ သဒ္ဒတ္ထာ–ပုဒ်, ဝါကျ, ထိုပုဒ်ဝါကျ၏ အနက်တို့သည်၊ ဗန္ဓနာမာဝ–ဗန္ဓမည်ကုန်သည်သာ၊ တဒါဝဋ္ဋိ–ထိုသဒ္ဒါအနက်အစဉ်ကို၊ တံသဇ္ဈိတာ–ထိုသဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်အပ်၏။ [တံသဇ္ဈိတတဒါဝဋ္ဋိကို သဘောကျက "ဗန္ဓနာမာ–ဗန္ဓမည်ကုန်သော၊ သဒ္ဒတ္ထာ–သဒ္ဒါ,အနက်တို့ဟူသည်၊ တံသဇ္ဈိတတဒါဝဋ္ဋိ–ထိုအလင်္ကာနှစ်ပါးဖြင့် တန်ဆာဆင်အပ်သော ထိုသဒ္ဒါ, အနက်တို့၏ အစဉ်ဖြစ်သော စကားအပေါင်းပင်တည်း"ဟု ပေးလေ။]

ဋီကာဟောင်း၊) တစ်နည်း= အနီး၌ဖြစ်တတ်သော ဝတ္ထုသည် "ဥပစာ"မည်၏၊ (ဥပသမီပေ စရဏံ ပဝတ္တနံ–ဥပစာရော၊) အကျိုး၏အနီး၌ ဖြစ်တတ်သောဝတ္ထုသည် "ဖလူပစာ"မည်၏၊ (ဖလဿ ဥပစာရော–ဖလူပစာရော၊ ဆရာနည်း၊) ဤနည်းများဖြင့်လည်း အလင်္ကာမည်ပုံကို ကြံလေ၊ ရှေ့၌ဆိုခဲ့သောနည်းကား ပြောရိုးဆိုစဉ်နည်းတည်း။

အလင်္ကာအပြားနှင့် ဗန္ဓအရ

၁၃။ ထိုအလင်္ကာကျမ်း၌ "(က) သဒ္ဒါလင်္ကာရ, (ခ) အတ္ထာလင်္ကာရ"ဟု အလင်္ကာနှစ်ပါး အပြားရှိ၏၊ ပုဒ်, ဝါကျ, ထိုပုဒ်ဝါကျတို့၏ အနက်တို့သည် "အဖွဲ့ဗန္ဓ" တို့ မည်၏၊ ထိုအဖွဲ့ဗန္ဓအစဉ်ကို သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်အပ်၏။

ဗန္ဓအရ ထပ်ပြရခြင်း (ဗန္ဓောစနာမ သဒ္ဒတ္ထာ)စသော စကားရပ်ဖြင့် ဗန္ဓမည်ပုံ–စသည်ကို ပြဆိုပြီး ဖြစ်ပါသော်လည်း အလင်္ကာအပြားနှင့်တကွ ထိုအလင်္ကာတို့၏ တည်ရာဖြစ်သော အဖွဲ့ဗန္ဓကို တပေါင်းတစ်စုတည်း ပြလိုသောကြောင့် ဤနေရာ၌ ဗန္ဓမည်ပုံ–စသည်ကို ထပ်၍ ပြဆိုရပေသည်၊ ထို့ကြောင့် ဆရာ့အပေါ်၌ ပုနရတ္တိဒေါသမတင်ထိုက်။ (ပုန–နောက်ထပ်၊ ဥတ္တိ–ဆိုပြန်ခြင်းကြောင့်၊ ဒေါသ–သင့်သော အပြစ်၊) ဋီ–ကို မှီသည်။

တဒါဝဋ္ဋိ တေသံ သဒ္ဒတ္ထာနံ အာဝဋ္ဋိ–တဒါဝဋ္ဋိ၊) ဤ၌ သဒ္ဒတ္ထအရနှင့် တဒါဝဋ္ဋိအရတို့သည် အစိတ်အပေါင်းအားဖြင့် ကွဲပြားကြ၏၊ ခန္ဓာနှင့် ခန္ဓပဋိပါဋိအရတို့ ကွဲပြားကြသကဲ့သို့တည်း၊ သဒ္ဒတ္ထအရ ပုဒ်, ဝါကျ, ပုဒ်ဝါကျ၏ အနက်တို့ကို ယူရသည်၊ တဒါဝဋ္ဋိအရ မဟာကဗျာ, ခုဒ္ဒကကဗျာတို့ကို ယူရသည်။ (ကဗျာသည် အပေါင်း၊ အဖွဲ့သည် အစိတ်–ဤသို့ ကဗျာနှင့်အဖွဲ့ အထူးကို မှတ်၊) ဋီ–ကို မှီသည်။

http://www.dhammadownload.com

ဆင်ယင်ထားသော်လည်း အပြစ်မကင်းက နှစ်လိုဖွယ်မရှိ

၁၄။ ဂုဏာလင်္ကာရသံယုတ္တာ , အပိ ဒေါသလဝင်္ကိတာ၊
ပသံသိယာ နာ ဝိညူဟိ , သာ ကညာ ဝိယ တာဒိသီ။

၁၄။ သာ–ထိုသဒ္ဒါအနက်တို့၏ အစဉ်သည်၊ ဂုဏာလင်္ကာရသံယုတ္တာ–သဒ္ဒါလင်္ကာရ–ဟူသောဂုဏ်, အတ္ထာလင်္ကာရတို့နှင့်ယှဉ်သည်၊ (သမာနာပိ–ဖြစ်ပင်ဖြစ်ပါသော်လည်း၊) ဒေါသလဝင်္ကိတာ–အပြစ်အနည်းငယ် စွန်းငြိခဲ့ပါမူကား၊ ဝိညူဟိ–(ဂုဏ်အပြစ်ကို စိစစ်နိုင်ဘိ) ပညာရှိတို့သည်၊ နာ ပသံသိယာ–မချီးမွမ်းအပ် မချီးမွမ်းထိုက်ပေ၊ (ကာဝိယ–ဥပမာပုံဆို, အဘယ်လိုနည်းဟူမူကား၊) တာဒိသီ–ထိုသို့သဘောရှိသော၊ ဝါ–ဂုဏ်နှင့်တန်ဆာ, ပြည့်စုံပါလည်း, နူနာကပ်ငြိ, အပြစ်မကင်းသော သဘောရှိသော၊ ကညာ–ဆယ်နှစ်အရွယ်, အမျိုးသမီးငယ်ကဲ့သို့တည်း။ [ဒေါသ–အပြစ်+လဝ–အနည်းငယ်+အင်္ကိတ–မှတ်အပ်သည်။]

ဆင်ယင်ထားသော်လည်း အပြစ်မကင်းက နှစ်လိုဖွယ်မရှိ

၁၄။ သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့ ပါရှိစေကာမူ အပြစ်ဒေါသ အနည်းငယ်မျှ စွန်းငြိသောသဒ္ဒါ, အနက်အစဉ်–ဟုဆိုအပ်သော ကဗျာကို ပညာရှိတို့ မချီးမွမ်း မနှစ်သက်ပေ၊ လောကူပမာအားဖြင့် သွင်ပြင်သဏ္ဌာန် တင့်တယ်လှပခြင်း, နှစ်သက်စဖွယ် ပြုကျင့်တတ်ခြင်း–စသောဂုဏ်, ပစ္စည်းဥစ္စာ, ပုတီး, လက်ကောက်–စသော အဆင်တန်ဆာတို့နှင့် ပြည့်စုံစေကာမူ မဲ့, ဝက်ခြံ, နူနာ, သမင်ရက်–စသော အပြစ်ဒေါသ အနည်းငယ်မျှပါရှိသော အမျိုးသမီးကို ကောင်း,ဆိုးနှစ်တန် ဝေဖန်ခွဲခြမ်းနိုင်သောသူတို့ မချီးမွမ်းမနှစ်ခြိုက်သကဲ့သို့တည်း။ (အပြစ်အနည်းငယ်မျှ ပါရှိသော်မှ မချီးမွမ်းမနှစ်ခြိုက်က အပြစ်များစွာပါရှိလျှင် ဆိုဖွယ်ရာ မရှိတော့ပြီ၊ ဂုဏ်အလင်္ကာ မပါရှိက ပဂေဝပင်တည်း။)

ကညာ　　အဒ္ဓဝဿာ ဘဝေ ဂေါရီ , ဒသဝဿာ တု ကညကာ၊
သမ္ဗတ္တေ ဒွါဒသဝဿေ , ကုမာရီတိဘိဓီယတေ။
[အဘိဓာန်–၄]

ရှစ်နှစ်အရွယ်ကို ဂေါရီ၊ ဆယ်နှစ်အရွယ်ကို ကညာ၊ တစ်ဆယ့်နှစ်နှစ်အရွယ်ကို ကုမာရီ၊ [တခြားဆရာတို့ကား ယောက်ျားနှင့် မပေါင်းဖော်ရသေးသော မိန်းမငယ်သည် ကညာမည်၏–ဟု ဆိုကြသေး၏၊] တစ်ဆယ့်သုံးနှစ်ကို သွေးစုန်း၊ တစ်ဆယ့်နှစ်နှစ်ကို မျက်မည်း၊ နှစ်ဆယ်ကို မျက်ဝန်း–ဟု ခေါ်သည်၊ ကုသပျို့ဆရာကား "နတ်နှင့်တပဲ, ရွှေခဲသိုဂ်, ရုပ်တမျှလျှင်, အဒ္ဓဝဿာ, ဂေါရီသာသည်, ဒသာရွယ်ပြီ, ကုမာရီနှင့်, ဒေဝီအသွင်, ဒွါဒသင်ကား, သန့်စင်ပစ္စာ, လှကညာကို"ဟု တစ်မျိုးဆိုသေး၏။

http://www.dhammadownload.com

အပြစ်လွတ်အောင်သာ ကြိုးစားပါ

၁၅။ တေန ဒေါသနိဂ္ဂာသော၀ , မဟုဿာဟေန သာဓိယော၊
နိဒ္ဒေါသာ သဗ္ဗထာ သာယံ , သဂုဏာ နု ဘ၀ေယျု ကိံ။

၁၅။ တေန–ထို(သို့ အပြစ်အနည်းငယ်မျှစွန်းငြိသော ကဗျာကို ပညာရှိတို့ မချီးမွမ်းအပ်သော)ကြောင့်၊ ဒေါသနိဂ္ဂာသော၀–ပဒ, ၀ါကျ–စသော အပြစ်တို့မှ ကင်းခြင်းကိုသာလျှင်၊ မဟုဿာဟေန–လွန်ကဲကြီးမား, အားထုတ်ကြိုးစားခြင်းဖြင့်၊ (ဝိညူဟိ–ပညာရှိတို့သည်၊) သာဓိယော–(ကျမ်းဂန်များစွာ, အရာရှိလတ်, ပညာမြောက်ဖြင့်) ပြီးစေအပ် ပြီးစေထိုက်၏၊ သဗ္ဗထာ–အလုံးစုံသော အပြားအားဖြင့်၊ နိဒ္ဒေါသာ–အပြစ်ကင်းသော၊ သာယံ–ထိုသဒ္ဒါ, အနက်စဉ်သည်၊ ၀ါ–အဖွဲ့ဗန္ဓသည်၊ သဂုဏာ–(သဒ္ဒါလင်္ကာရဟူသော) ဂုဏ်နှင့်တကွဖြစ်သည်၊ နု ဘ၀ေယျုကိံ–အဘယ်မှာလျှင်မဖြစ်ဘဲရှိပါအံ့နည်း၊ ဘ၀တိဇ–ဇကန်ပင် ဖြစ်တော့သည်သာ။ [နိအသနံ–နိရာသော၊ ဒေါသာနံ နိရာသော–ဒေါသနိရာသော၊ အပြစ်ဒေါသတို့၏ ကင်းစင်ခြင်း။]

ဂုဏ်နှင့်ပြည့်စုံခြင်းအကျိုး

၁၆။ သာလင်္ကာရဝိယုတ္တာပိ , ဂုဏယုတ္တာ မနောဟရာ၊
နိဒ္ဒေါသာ ဒေါသရဟိတာ , ဂုဏယုတ္တာ ၀ဓူ ဝိယ။

ဆောင်။ ။ ဂေါရိရှစ်နှစ်, ဆယ်နှစ်ကညာ, ဆယ့်နှစ်မှာမူ, ကုမာခေါ်ထုံး, ဆယ့်သုံးနှစ်မယ်, သွေးစုန်းရွယ်နှင့်, တစ်သွယ်ပိုင်းခြား, ဆယ့်ငါးမျက်မည်း, ကြည်းကြည်းကြည်ရွှန်း, နှစ်ဆယ်ဆန်း, မျက်ဝန်းအမည်တွင်။

အပြစ်လွတ်အောင်သာ ကြိုးစားပါ

၁၅။ ထိုသို့ အပြစ်အနည်းငယ်မျှ စွန်းငြိသောကဗျာကို မချီးမွမ်းထိုက်သောကြောင့် အပြစ်လွတ်အောင် အားထုတ်ကြိုးစား ဖွဲ့စီရမည်၊ အပြစ်ဒေါသမှ ကင်းလွတ်သော ကဗျာသည် ဇကန်ပင် သဒ္ဒါလင်္ကာရ–ဟူသောဂုဏ်နှင့် ပြည့်စုံရ၏။ (အပေါင်းဖြစ်သော ကဗျာကို ဆိုသဖြင့် အစိတ်ဖြစ်သော အဖွဲ့ဗန္ဓလည်း ပါပြီးဖြစ်၏၊ မုံလုံးကြီးကို ဝယ်လိုက်က အတွင်း၌ ထာပနာထားသော ထန်းလျက်အတွက် နောက်ထပ်ပေးဖွယ် မလိုသကဲ့သို့တည်း။)

ဆောင်။ ။ အပေါင်းကဗျာ, ဆိုလိုက်ပါက, စိတ်သာဖြစ်ထ, ဖွဲ့ဗန္ဓ, မုချပါပြီးဖြစ်တော့သည်။

ဂုဏ်နှင့်ပြည့်စုံခြင်းအကျိုး

၁၆။ ထိုသဒ္ဒါ, အနက်အစဉ် (ကဗျာ)သည် အတ္ထာလင်္ကာရ မပါရှိသော်လည်း ဒေါသကင်းလွတ်လျက် ဂုဏ်နှင့်ပြည့်စုံခဲ့ပါမူ ပညာရှိတို့၏စိတ်ကို ဆွဲဆောင်နိုင်၏၊

http://www.dhammadownload.com

၁၆။ သာ–ထိုသဒ္ဒါ, အနက်အစဉ်သည်၊ အလင်္ကာရဝိယုတ္တာ–အတ္ထာလင်္ကာရ တို့နှင့် မယှဉ်သည်၊ (သမာနာပိ–ဖြစ်ပင်ဖြစ်ပါသော်လည်း၊) နိဒ္ဒေါသာ–အပြစ်ဒေါသ တို့မှ ကင်းလွတ်သည်ဖြစ်၍၊ ဝါ–အပြစ်ဒေါသတို့မှ ကင်းလွတ်သောကြောင့်၊ ဂုဏ ယုတ္တာ–(သဒ္ဒါလင်္ကာရ–ဟူသော) ဂုဏ်နှင့်ယှဉ်ပါမူကား၊ မနောဟာရာ–ပညာရှိတို့၏ စိတ်နှလုံးကို ယူကျုံးနှစ်သိမ့်စေနိုင်၏၊ (ကာဝိယ–ဥပမာပုံဆို, အဘယ်လိုနည်း ဟူမူကား၊) ဝဓူ–(လှပယဉ်ကျေး,) အမျိုးသမီးကလေးသည်၊ အလင်္ကာရဝိယုတ္တာ–(ရွှေငွေစိန်ကျောက်, ပုတီးလက်ကောက်–စသော) အဆင်တန်ဆာနှင့် မယှဉ်သည်၊ (သမာနာပိ–ဖြစ်ပါသော်လည်း၊) ဒေါသရဟိတာ–(နူနာစသား,) အပြစ်ဒေါသများမှ ကင်းစင်သည်ဖြစ်၍၊ ဂုဏယုတ္တာ–(နှစ်သက်ဖွယ်ရာ ပြုကျင့်တတ်ခြင်းစသော) ဂုဏ်တို့နှင့် ယှဉ်ခဲ့ပါမူ၊ မနောဟာရဝိယ–တစ်ဖက်သားတို့၏ စိတ်နှလုံးကို ယူကျုံး နှစ်သက်စေနိုင်ဘိသကဲ့သို့တည်း။ [ပဋ္ဌဟိ ကာမဂုဏေဟိ အတ္တနိ သတ္တေ ဗန္ဓတီတိ– ဝဓူ၊ သုဏိသာ ဣတ္ထိစ၊ ဤနေရာ၌ ဝဓူဝိယ–အင်္ဂါဝိယ--ဟု ဋီကာသစ် ဖွင့်သောကြောင့် မိန်းမသာမန်ကို ယူ။]

နှစ်သိမ့်စေနိုင်၏၊ လောကူပမာအားဖြင့် အမျိုးသမီးကလေးတစ်ယောက်သည် ပစ္စည်းဥစ္စာ, ပုတီး, လက်ကောက်–စသော အဆင်တန်ဆာ, မရှိပါသော်လည်း နူနာ–စသော အပြစ် ဒေါသတို့မှ ကင်းလွတ်လျက် နှစ်သက်ဖွယ်ရာ ပြုကျင့်တတ်ခြင်း–စသောဂုဏ်တို့နှင့် ပြည့်စုံ ခဲ့ပါမူ တစ်ဖက်သားတို့၏ စိတ်နှလုံးကို ဆွဲဆောင်နှစ်သိမ့်စေနိုင်သကဲ့သို့တည်း။

လေ့ကျင့်ခန်းမေးခွန်း

၁။ သကပက္ခနက်, ပရပက္ခနက်တို့၏ အဓိပ္ပာယ်ကို ရှင်းပြပါ ?။

၂။ မုနိန္ဒဝဒနမ္ဘောဇ–စသောဂါထာကို ရတနတ္တယပဏာမ ဆိုသင့်,မဆိုသင့် ရှင်းပြ၍, ပဏာမအရကိုလည်း ကောက်ပြပါ ?။

၃။ ရှေးဆရာများ ရေးသားထားသော သက္ကတဘာသာ အလင်္ကာကျမ်းဟောင်းများ ရှိပြီးဖြစ်ပါလျက် အဘယ့်ကြောင့် အရှင်သံဃရက္ခိတမထေရ်က သုဗောဓာလင်္ကာရ ကျမ်းကို ရေးသားစီရင်ရပါသနည်း ?။

၄။ တေနာပိနာမ တောသေယျ–စသော ဂါထာဖြင့်ပြအပ်သော အဘိဓေန–စသည်ကို ဆိုင်ရာပါဠိနှင့် တွဲစပ်ပြပါ ?။

၅။ အလင်္ကာကျမ်းကို သင်ယူသဖြင့် ဖြစ်ပေါ်လာမည့် မုချအကျိုး, အနုသင်္ကအကျိုး တို့ကို ပိုင်းခြားဝေဖန်ပြပါ ?။

၆။ အဘယ်အရာများကို အဘယ်နည်းဖြင့် အလင်္ကာ–ဟု ခေါ်ဆိုနိုင်ကြောင်း ရှင်းလင်း ပြပါ ?။

http://www.dhammadownload.com

၇။ ဤကျမ်းသည် သုဒ္ဓမာဂဓိက–ပုဂ္ဂိုလ်တို့အား အဘယ့်ကြောင့် သင့်လျော်ပါသနည်း ?။

၈။ ဂုဏ်အပြစ်ကို မစိစစ်နိုင်သူ, စိစစ်နိုင်သူတို့၏သဘောကို သိသာထင်ရှားအောင် ပြပါ ?။

၉။ ပညာရေးလောကဌ ရှိတတ်သော ဆရာအမျိုးအစားကို ခွဲခြားပြ၍ မှီခိုဆည်းကပ်မှု မပြုသင့်သောဆရာ, ပြုသင့်သောဆရာတို့ကိုလည်း ပိုင်းခြားဖေဖန်၍ ပြပါ ?။

၁၀။ အဘယ်ကို "ကဗ္ဗ, နာဋက"ဟု ခေါ်ပါသနည်း ?။

၁၁။ ဘယ်လိုပုဂ္ဂိုလ်များ ဖွဲ့သောအဖွဲ့သာ အံ့ဩဖွယ် ကောင်းပါသနည်း ?။

၁၂။ ကဗျာဆရာဖြစ်ရန် လိုသောအင်္ဂါသုံးပါးကို ပြပါ ?။

၁၃။ အဘယ်ကို ဗန္ဓခေါ်ရကြောင်း တိကျစွာပြ၍ ထိုဗန္ဓ၏အပြားကိုလည်း စုံလင်အောင် ပြပါ ?။

၁၄။ သဒ္ဒတ္ထာဌ သဒ္ဒအရ, အတ္ထအရ, သဒ္ဒတ္ထအရတို့ကို တိကျစွာ ကောက်ပြပါ ?။

၁၅။ ပဇ္ဇဗန္ဓလေးပါး, နှစ်ပါးနှင့်, ဂဇ္ဇအပြားတို့ကို အဓိပ္ပာယ်နှင့်တကွ ပြခဲ့ပါ ?။

၁၆။ အဖွဲ့ဗန္ဓတစ်ခု၏ ဂုဏ်သရေရှိ အထက်တန်းစားအမျိုးသမီးနှင့် တူငုံကို စေ့စုံအောင် ပြပါ ?။

၁၇။ အပြစ်ကင်းသော အဖွဲ့အနွဲ့သည် ဘယ်လိုပြုပြင်မှ တင့်တယ်ကောင်းမြတ်ပါသနည်း၊ ဥပမာဆောင် ထင်ရှားအောင် ပြပါ ?။

၁၈။ အဖွဲ့အနွဲ့ကို တန်ဆာဆင်လိုပါက အဘယ်နည်းလမ်းဥပဒေသကို လိုက်နာဆင်ယင်ရမည်နည်း၊ ဥပမာသွင်း ရှင်းပြပါ ?။

၁၉။ နည်းလမ်းဥပဒေသကို မလိုက်နာဘဲ အဖွဲ့အနွဲ့ကို တန်ဆာဆင်က ဘယ်လိုဖြစ်တတ်ကြောင်းကို သိသာရုံမျှ ပြပါ ?။

၂၀။ ဗန္ဓောစနာမ သဒ္ဒတ္ထာ–ဖြင့် ဗန္ဓမည်ပုံကို ပြဆိုပြီးပါလျက် ဒွိပွကာရာ–စသော ဂါထာဖြင့် (ဗန္ဓမည်ပုံကို) အဘယ့်ကြောင့် ထပ်၍ ပြရပါသနည်း၊ ပုနရုတ္တိဒေါသသင့်,မသင့် ရှင်းပြခဲ့ပါ ?။

၂၁။ ကျမ်းဂန်ကို အဘယ်သို့အဘယ်ပုံ အလင်္ကာ–ဟု ခေါ်ဆိုနိုင်ကြောင်း ရှင်းပြပါ ?။

၂၂။ ကဗျာနှင့် အဖွဲ့(ဗန္ဓ)တို့ ထူး–မထူး ရှင်းလင်းဖြေဆိုခဲ့ပါ ?။

၂၃။ ကဗျာဖွဲ့ရာ၌ အပြစ်ကင်းခြင်းနှင့် ဂုဏ်မြောက်ခြင်းတို့တွင် အဘယ်ကို ပို၍ အရေးထားရမည်နည်း၊ သေချာကျန ရှင်းပြခဲ့ပါ ?။



ဂန္ဓာရမ္ဘ ပြီး၏။

http://www.dhammadownload.com

၁။ ဒေါသာဝဇ္ဇော-ပထမပိုင်း

ပဋိညာဉ်

၁၇။ ပဒေ ဝါကျေ တဒတ္ထေ စ , ဒေါသာ ယေ ဝိဝိဓာ မတာ၊
သောဒါဟရဏမေတေသံ , လက္ခဏံ ကထယာမျဟံ။

၁။ ဒေါသာဝဇ္ဇော-ပထမပိုင်း

(ပဋိညာဉ်)

၁၇။ ပညာရှိများသိထားအပ်ကုန်, များသောအပြားရှိကုန်သော (က) ပဒဒေါသ, (ခ) ဝါကျဒေါသ, (ဂ) ပဒတ္ထဒေါသ, (ဃ) ဝါကျတ္ထဒေါသတို့၏ သုတ်ကို ပုံစံနှင့်တကွ ပြဆိုရတော့မည်။

(က) ပဒဒေါသ (ပဇ္ဇတေ ဉာယတေ အတ္ထော အနေနာတိ-ပဒံ၊) အနက်ကို သိကြောင်း ဖြစ်သောကြောင့် နာမ်, ဥပသာရ, နိပါတ်, အာချာတ် လေးရပ်တို့ကို "ပဒ"ဟု ခေါ်သည်၊ (ဒုဿန္တိ ရသာ အလင်္ကာရာစ ဧတေဟီတိ-ဒေါသာ၊) ကဗျာ၏ အရသာ, အဆင်တန်ဆာတို့ကို မပျက်ပျက်အောင် ဖျက်ဆီးတတ်သော အပြစ်အနာအဆာတို့ကို "ဒေါသ"ဟု ခေါ်သည်။

[ပဒေ ဒေါသာ-ပဒဒေါသာ၊] ကဗျာ၏အရသာ, အဆင်တန်ဆာတို့ကို မပျက်ပျက်အောင် ဖျက်ဆီးတတ်သော ပဒ်၌ဖြစ်သော အပြစ်အနာအဆာများကို "ပဒဒေါသ"ဟု ခေါ်သည်။

(ခ) ဝါကျဒေါသ [ဝစီယတေတိ-ဝါကျံ၊] (က) အာချာတ်ကြိယာတစ်ခု ပါရှိခြင်း, (ခ) ကာရကနှင့်တကွဖြစ်ခြင်း, (ဂ) အချင်းချင်းငဲ့စပ်ခြင်း-ဟူသော အင်္ဂါသုံးပါးနှင့် ပြည့်စုံ၍ လိုရင်းအဓိပ္ပာယ် အပြည့်အစုံ ပါရှိသော ပုဒ်အပေါင်း-ဟု ဆိုအပ်သော စကားတစ်ရပ်ကို ဝါကျ-ဟု ခေါ်သည်၊ (ဧကာချာတော ပဒစယော , သိယာ ဝါကျံ သကာရကော၊ အဘိဓာန်၊) ထိုဝါကျ၌ဖြစ်သော အပြစ်အနာအဆာများကို "ဝါကျဒေါသ"ဟု ခေါ်သည်။

(ဂ) ပဒတ္ထဒေါသ [ပဒဿ အတ္ထော-ပဒတ္ထော၊ တတ္ထ ဒေါသာ-ပဒတ္ထဒေါသာ၊] ပုဒ်၏ အနက်၌ဖြစ်သော အပြစ်အနာအဆာများကို "ပဒတ္ထ ဒေါသ"ဟု ခေါ်သည်။

(ဃ) ဝါကျတ္ထဒေါသ [ဝါကျဿ အတ္ထော-ဝါကျတ္ထော၊ တသ္မိံ ဒေါသာ-တေ၊] ဝါကျ၏အနက်၌ဖြစ်သော အပြစ်အနာအဆာများကို "ဝါကျတ္ထ ဒေါသ"ဟု ခေါ်သည်။

http://www.dhammadownload.com

၁၇။ ပဒေ-(နာမ် ဥပသာရ, နိပါတ အာချာတ်, လေးရပ်သော) ပုဒ်၌ လည်းကောင်း၊ ဝါကျေ-ဝါကျ၌လည်းကောင်း၊ တဒတ္ထေစ-ထိုပုဒ်၏အနက်, ဝါကျ၏ အနက်၌လည်းကောင်း၊ ဝိဝိဓာ-အမျိုးမျိုးအစားစား, များသောအပြားရှိကုန်သော၊ ယေဒေါသာ-အကြောင်အပြစ်ဒေါသတို့ကို၊ (ဝိညူဟိ-ပညာရှိတို့သည်၊) မတာ-သိအပ်ကုန်၏၊ ဧတေသံ-ထို(ပဒစသား) အပြစ်ဒေါသများတို့၏၊ သောဒါဟရဏံ-ဥဒါဟရဏ်နှင့်တကွသော၊ လက္ခဏံ-သုတ်ကို၊ အဟံ-ငါသည်၊ ကထယာမိ-ဆိုရပေတော့အံ့။

ဥဒါဟရဏ [ဥဒါဟရီယတိ လက္ချဘာဝေနာတိ-ဥဒါဟရဏံ၊] မှတ်သားအပ်သည်၏ အဖြစ်ဖြင့် ထုတ်ဆောင်ပြဆိုအပ်သော ပြယုဂ်ပုံစံသည် "ဥဒါဟရဏ်" မည်၏။

လက္ခဏ [လက္ခီယတိ လက္ခီယံ အနေနာတိ-လက္ခဏံ၊] ထိုပြယုဂ်ဥဒါဟရဏ် ပုံစံကို မှတ်သားကြောင်းဖြစ်သော သုတ်သည် "လက္ခဏ" မည်၏။

ပဒိညာဉ်နှင့် ပဒိညာတကရဏ မဆန့်ကျင် အလင်္ကာဆရာသည် နောက်၌ ပဒဒေါသ, ဝါကျဒေါသ, ဝါကျတ္ထဒေါသ-သုံးမျိုးကိုသာ အကျယ်ချဲ့ပြထား၏၊ ပဒတ္ထဒေါသကို အသိုးအခြား အကျယ်ချဲ့၍ မပြဆိုပေ၊ ထို့ကြောင့် "ပဒိညာဉ်နှင့် ပဒိညာတကရဏ ဆန့်ကျင်နေသည်၊ ရှေ့နောက် မညီ"ဟု ထင်မှတ်ဖွယ် ရှိ၏၊ စင်စစ်မှာမူ ထိုသို့ မမှတ်သင့်ပေ၊ ပဒဒေါသနှင့် ပဒတ္ထဒေါသတို့သည် များစွာထူးခြားကွဲပြားခြင်း မရှိကြချေ၊ ထိုသို့ များစွာမကွဲပြားသောကြောင့် သောတုဇနတို့ အသိဉာဏ် မရှုပ်ထွေးစေခြင်းငှာ ပဒဒေါသနှင့် ပဒတ္ထဒေါသတို့ကို ပေါင်း၍ပြထားလေသည်၊ ထို့ကြောင့် ပဒိညာဉ်နှင့် ပဒိညာတကရဏ မဆန့်ကျင်၊ ရှေ့နောက်ညီညွတ်သည်သာ မှတ်သင့်၏။

နောက်၌ပြဆိုထားသော ပဒဒေါသရှစ်ပါးတို့တွင် ကိလိဋ္ဌဒေါသ, ဝိရောဓိဒေါသ, နေယျဒေါသ, ဝိသေသနာပေက္ခဒေါသတို့သည် "ပဒဒေါသ"မည်၏။

ဝိရုဒ္ဓတ္ထန္တရဒေါသ, အချတ္ထဒေါသ, ဟီနတ္ထကဒေါသ, အနတ္ထကဒေါသတို့သည် "ပဒတ္ထဒေါသ" မည်၏-ဟု နှစ်မျိုးခွဲမှတ်ရာ၏၊ [အချုပ်အားဖြင့် အတ္ထသဒ္ဒါမပါက ပဒဒေါသ, အတ္ထသဒ္ဒါပါက ပဒတ္ထဒေါသ-ဟု မှတ်ရာ၏။]

ဆောင်။ ။အတ္ထမပါ, ပဒသာတည့်၊ အတ္ထပါက, ပဒတ္ထ၊ နှစ်ဝခွဲလျှင် မဆန့်ကျင်။

စီစဉ်ပုံ ဤသုဗောဓာလင်္ကာရကျမ်း၌ "(၁) ဒေါသာဝဇောဓပိုင်း, (၂) ဒေါသပရိဟာရာဝဇောဓပိုင်း, (၃) ဂုဏာဝဇောဓပိုင်း, (၄) အတ္ထာလင်္ကာရာဝဇောဓပိုင်း, (၅) ရသဘာဝါဝဇောဓပိုင်း"ဟု အပိုင်းအခန်း ငါးခုပါရှိ၏။

ထိုငါးပါးတို့တွင် အလင်္ကာနှင့်ပြည့်စုံစေကာမူ အပြစ်အနည်းငယ် စွန်းငြိသောကဗျာကို ပညာရှိတို့ မချီးမွမ်းသောကြောင့်လည်းကောင်း, အလင်္ကာဖြင့် တန်ဆာမဆင်စေကာမူ

http://www.dhammadownload.com

ဒေါသသရုပ် ၂၃-ပါး

၁၈။ ဝိရုဒ္ဓတ္ထန္တရာဓျတ္ထ-ကိလိဋ္ဌာနိ ဝိရောဓိ စ၊
နေယျံ ဝိသေသနာပေက္ခံ , ဟီနတ္ထကမနတ္ထကံ။ ၈။
၁၉။ ဒေါသာပဒါနဝါကျာန-မေကတ္ထံ ဘဂ္ဂရီတိကံ၊
တထာ ဗျာကိဏ္ဏဂါမ္ဘာနိ , ယတိဟီနံ ကမစ္ဆုတံ၊
အတိဝုတ္တမပေတတ္ထံ , သဗ္ဗန္ဓဖရုသံ တထာ။ ၉။
၂၀။ အပက္ကမောစိတျဟီနံ , ဘဂ္ဂရီတိ သသံသယံ၊
ဂါမ္ဓံ ဒုဋ္ဌာလင်္ကာတိတိ , ဒေါသာ ဝါကျတ္ထနိဿိတာ။ ၆-၂၃။

အပြစ်ကင်းက ပညာရှိတို့စိတ်ကို ဆွဲဆောင်နိုင်သောကြောင့်လည်းကောင်း မုချဖြစ်သော ဒေါသပရိဟာရာဝဗောဓိပိုင်း (ဒေါသမှရှောင်လွှဲနည်း)ကို ရှေးဦးစွာ ပြဆိုသင့်ပေ၏၊ သို့ရာတွင် "အနာမသိ-ဆေးမရှိ"ဆိုသော မြန်မာစကားကဲ့သို့ အပြစ်ဒေါသကို ရှေးဦးစွာ မသိနားမလည်ဘဲ အပြစ်ဒေါသမှ ရှောင်လွှဲရန် ခဲယဉ်း၏၊ ထို့ကြောင့် မူလအစပထမ၌ အပြစ်ဒေါသတို့ကို သိရှိနားလည်ထားရန် ဒေါသာဝဗောဓိပိုင်းကို ပြဆိုထားရပေသည်၊ ထို့နောက် "အနာလည်းသိ-ဆေးလည်းရှိ"ဟူသော စကားကဲ့သို့ ဒေါသကိုသိပြီးနောက် ဒေါသတို့မှ ရှောင်လွှဲနိုင်စေရန် ရည်သန်၍ ဒေါသာဝဗောဓိပိုင်း၏ အခြားမဲ့၌ ဒေါသပရိဟာရာဝဗောဓိပိုင်းကို ပြဆိုပေသည်၊ ထို့နောက် အပြစ်လွတ်ကင်းသောကဗျာသည် ဧကန်ပင် ဂုဏ်နှင့်ပြည့်စုံရတော့၏"ဟူသော မိမိစကားနှင့်အညီ အပြစ်ဒေါသတို့မှ ကင်းလွတ်သဖြင့် ဖြစ်ပေါ်လာသော ဂုဏ်တို့ကိုပြရန် ဂုဏာဝဗောဓိပိုင်းကို ပြဆိုရပေသည်၊ ထို့ကြောင့်ပင် ဂုဏာဝဗောဓိပိုင်း၏အစ၌ "သမ္ဘဝန္တိ ဂုဏာဃသ္မာ ။ပ။ သဒ္ဒေ သမ္ဘူသယန္တိ ယေ"ဟူသော စကားကို မိန့်ဆိုထားသည် မဟုတ်တုံလော၊ ထို့နောက် "ဒွိပ္ပကာရာ အလင်္ကာရာ , တတ္ထ သဒ္ဒတ္ထဘေဒတော"ဟူသော ဥဒ္ဒေသအားလျော်စွာ ထိုသဒ္ဒါလင်္ကာရကို မှီ၍ဖြစ်သော အတ္ထာလင်္ကာရတို့ကို နားလည်စေရန် အတ္ထာလင်္ကာရာဝဗောဓိပိုင်းကို ဆိုရပေသည်၊ ထိုအတ္ထာလင်္ကာရာဝဗောဓိပိုင်း၏ အခြားမဲ့၌ ထိုအတ္ထာလင်္ကာရတို့၌ အတွင်းဝင်သော ရသီအလင်္ကာသဘောကို နားလည်စေရန် ရသဘာဝါဝဗောဓိပိုင်းကို ဆက်လက်၍ ပြရပေသည်။

ဆောင်။ ။ ဒေါသများစွာ, သိထားပါမှ, ဒေါသပယ်ဖြတ်, ရှောင်ကြဉ်တတ်၍, ပြလတ်ဦးစွာ, ပြစ်ဒေါသာတည်း၊ နောက်မှာဒေါသ, ရှောင်ပုံပြ၏၊ ဒေါသကင်းကွာ, ဖြစ်လာဂုဏ်ကို, ညွှန်ပြလို၍, ထို၏ နောက်မှာ, ဂုဏ်ပိုင်းသာတည်း၊ ရှေ့လာ ဥဒ္ဒေသ, လျော်စေကြဖို့, အတ္ထလင်္ကာရာ, ဆက်ပြပါ၏၊ ထိုမှာယှဉ်မှီ, ရသီအလင်္ကာ, သိစေဌာလျှင်, ရသာဘာဝ, ဆက်ကာပြသည်....ဆရာ့ စဉ်ပုံအံ့ဖွယ်သော်။

ဒေါသသရုပ် ၂၃-ပါး

၁၈။ ပဒဒေါသ ၈-ပါး: ဝိရုဒ်-အချတ္ထာ, ကိလိဋ္ဌာ-ဝိရောဓိ, နေယျ-ဝိသေ, တစ်ထွေ ဟီနတ္ထ, အနတ္ထ, ပဒဒေါသာ, ရှစ်မျိုးလာ။

http://www.dhammadownload.com

၁၈။ ဝိရုဒ္ဓတ္ထန္တ ရာဗျတ္ထကိလိဋ္ဌာနိ–ဝိရုဒ္ဓတ္ထန္တ ရဒေါသ, အဗျတ္ထဒေါသ, ကိလိဋ္ဌ ဒေါသတို့လည်းကောင်း၊ ဝိရောဓိစ–ဝိရောဓိဒေါသလည်းကောင်း၊ နေယျံ–နေယျ ဒေါသလည်းကောင်း၊ ဝိသေသနာပေက္ခံ–ဝိသေသနာပေက္ခဒေါသလည်းကောင်း၊ ဟီနတ္ထကံ–ဟီနတ္ထကဒေါသလည်းကောင်း၊ အနတ္ထကံ–အနတ္ထကဒေါသလည်း ကောင်း၊ (ကွတိ–ဤရှစ်ပါးတို့သည်) ပဒါနံ–ပုဒ်တို့၏၊ ဒေါသာ–ဒေါသတို့ပေတည်း။

၁၉။ ဧကတ္ထံ–ဧကတ္ထဒေါသလည်းကောင်း၊ ဘဂ္ဂရီတိကံ–ဘဂ္ဂရီတိဒေါသ လည်းကောင်း၊ တထာ–ထိုမှတစ်ပါး၊ ဗျာကိဏ္ဏဂါမ်္ဘာနိ–ဗျာကိဏ္ဏဒေါသ, ဂါမ်္ဘဒေါသ တို့လည်းကောင်း၊ ယတိဟီနံ–ယတိဟီနဒေါသလည်းကောင်း၊ ကမစ္ဆုတံ–ကမစ္ဆုတ ဒေါသလည်းကောင်း၊ အတိဝုတ္တံ–အတိဝုတ္တဒေါသလည်းကောင်း၊ အပေတတ္ထံ– အပေတတ္ထဒေါသလည်းကောင်း၊ တထာ–ထိုမှတစ်ပါး၊ သဗန္ဓဖရုသံ–ဗန္ဓဖရုသ ဒေါသလည်းကောင်း၊ (ကွတိ–ဤကိုးပါးတို့သည်) ဝါကျာနံ–ဝါကျတို့၏၊ ဒေါသာ– အပြစ်တို့ပေတည်း။ [ပဒါနံ ဒေါသာ–ပဒဒေါသာ၊ ဝါကျာနံ ဒေါသာ–ဝါကျဒေါသာ။]

၁။ ဝိရုဒ္ဓတ္ထန္တ ရဒေါသ --- --- --- ဆန့်ကျင်နက်တစ်ပါးရှိအပြစ်,
၂။ အဗျတ္ထဒေါသ --- --- --- ဂုဏ်လွန်အပြစ်,
၃။ ကိလိဋ္ဌဒေါသ --- --- --- စကားခက်အပြစ်,
၄။ ဝိရောဓိဒေါသ --- --- --- ဖြစ်ရိုးဆန့်ကျင်အပြစ်,
၅။ နေယျဒေါသ --- --- --- အကြောင်း(စကား)လိုအပြစ်,
၆။ ဝိသေသနာပေက္ခဒေါသ --- --- ဂုဏ်ထူး(ဝိသေသန)လိုအပြစ်,
၇။ ဟီနတ္ထကဒေါသ --- --- --- ဂုဏ်ယုတ်အပြစ်,
၈။ အနတ္ထကဒေါသ --- --- --- အနက်မဲ့အပြစ်–
ဟု "ပဒဒေါသ" ရှစ်ပါးရှိ၏၊ သရုပ်မျှသာ မှတ်ပါ၊ အကျယ်ဖွင့်ပြလတ္တံ့။

ဝါကျဒေါသ ၁၉။ ဧကတ်–ဘဂ်–ဗျာ, ဂါမ်္ဘာမှတ်သိ, ယတိ–ကမစ္ဆု, အတိဝု–အပေတ, သဗန္ဓ, ဝါကျဒေါသာ, ကိုးမျိုးလာ။

၁။ ဧကတ္ထဒေါသ --- --- --- အနက်ထပ်အပြစ်,
၂။ ဘဂ္ဂရီတိဒေါသ --- --- --- (သဗ္ဗနာမ်–စသည်) အစဉ်ပျက်အပြစ်,
၃။ ဗျာကိဏ္ဏဒေါသ --- --- --- ပုဒ်ထားရှုပ်အပြစ်,
၄။ ဂါမ်္ဘဒေါသ --- --- --- စကားရိုင်းအပြစ်,
၅။ ယတိဟီနဒေါသ --- --- --- အဖြတ်အရပ်မှားအပြစ်,
၆။ ကမစ္ဆုတဒေါသအပြစ် --- --- ဆိုရိုးဆိုစဉ်ပျက်အပြစ်,

http://www.dhammadownload.com

၂၀။ အပက္ကမံ-အပက္ကမဒေါသလည်းကောင်း၊ ဩစိတျဟီနံ-ဩစိတျဟီန ဒေါသလည်းကောင်း၊ ဘဂ္ဂရီတိ-ဘဂ္ဂရီတိဒေါသလည်းကောင်း၊ သဿယံ-သဿယဒေါသလည်းကောင်း၊ ဂါမံ-ဂါမဒေါသလည်းကောင်း၊ ဒုဋ္ဌာလင်္ကတိ-ဒုဋ္ဌာလင်္ကတိဒေါသလည်းကောင်း၊ ဣတိ-ဤခြောက်ပါးကုန်သော၊ ဒေါသာ-ဒေါသတို့သည်၊ ဝါကျတ္ထနိဿိတာ-ဝါကျ၏အနက်ကို မှီကုန်၏။

၇။ အတိဝုတ္တဒေါသ　--- --- --- စကားလွန်(ကြီး)အပြစ်,
၈။ အပေတတ္ထဒေါသ　--- --- --- မဆီမဆိုင်အပြစ်,
၉။ ဗန္ဓဖရုသဒေါသ　--- --- --- အသံကြမ်းအပြစ်-
ဟု "ဝါကျဒေါသ" ကိုးပါးရှိ၏၊ နောက်၌ အကျယ်ပြလတ္တံ့။

ဝါကျတ္ထဒေါသခြောက်ပါး　၂၀။ အပက်-ဩစိတျ, ဘဂ်-သဿနှင့်, ဂါမံ-ဒုဋ္ဌ, ဝါကျတ္ထ, ခြောက်ဝအပြစ်လာ။

၁။ အပက္ကမဒေါသ　---　ဟပ်စဉ်ပျက်အပြစ်,
၂။ ဩစိတျဟီနဒေါသ　---　ယုတ္တိမဲ့အပြစ်,
၃။ ဘဂ္ဂရီတိဒေါသ　---　(ဝိဘတ်)အစဉ်ပျက်အပြစ်,
၄။ သဿယဒေါသ　---　ယုံမှားဖွယ်ရှိအပြစ်,
၅။ ဂါမဒေါသ　---　စကားရိုင်းထွက်အပြစ်,
၆။ ဒုဋ္ဌာလင်္ကတိဒေါသ　---　အလင်္ကာပျက်အပြစ်-
ဟု "ဝါကျတ္ထဒေါသ" ခြောက်ပါး ရှိ၏၊ ၄င်းတို့ကိုလည်း အကျယ်ပြလတ္တံ့။

ဤသို့လျှင် ပဒဒေါသရှစ်ပါး, ဝါကျဒေါသကိုးပါး, ဝါကျတ္ထဒေါသခြောက်ပါး သုံးရပ်ပေါင်းသော် ဒေါသ ၂၃-ပါး ဖြစ်သတည်း။

ဒေါသသုံးမျိုးအထူး　တစ်ခုသောပုဒ်၌ သင့်သောဒေါသသည် "ပဒဒေါသ"မည်၏၊ ဝါကျတစ်ခုတည်း၌ သဒ္ဒါအားဖြင့် သင့်သောဒေါသသည် "ဝါကျဒေါသ"မည်၏၊ ဝါကျတစ်ခုလုံးဖြစ်စေ, တစ်ခုထက်ပိုသော ဝါကျ၌ဖြစ်စေ အနက်အဓိပ္ပာယ်အားဖြင့် သင့်သောဒေါသသည် "ဝါကျတ္ထဒေါသ" မည်၏။

ဆောင်။　။ ပုဒ်တစ်ခုတွင်, အပြစ်မြင်က, မည်တွင်ပဒ, ပြစ်ဒေါသတည်း၊ ဧကဝါကျာ, သဒ္ဒါ၌မျှ, ပြစ်သင့်ကမူ, ဝါကျဒေါသာ၊ ဧကာနေက, ဝါကျတို့ဝယ်, ဓိပ္ပာယ်နက်တွင်, အပြစ်မြင်, မည်တွင်ဝါကျတ္ထ, ပြစ်ဒေါသ။

သန်္ဂါတပ်၍မဆိုခြင်း　(အဋ္ဌပဒါန-ဟူ၍လည်းကောင်း, သဗ္ဗဖရုသံ နဝ-ဟူ၍လည်းကောင်း, ဝါကျတ္ထာနံ ဆဒေါသိမေ-ဟူ၍လည်းကောင်း)
သန်္ဂါတပ်လျက် အတိအကျ ဆိုသင့်ပေ၏၊ သို့ရာတွင် သရသွတီ ကဏ္ဌာဘရဏာ-

http://www.dhammadownload.com

ပဒဒေါသ ၈-ပါးအကျယ်

(၁) ဝိရုဒ္ဓတ္ထန္တရဒေါသ

၂၁။ ဝိရုဒ္ဓတ္ထန္တရံ တံ ဟိ , ယဿညတ္ထော ဝိရုဇ္ဈတိ၊
အဓိပ္ပေတေ ယထာ မေယ္ယော , ဝိသဒေါ သုခယေ ဇနံ။

၂၁။ ဟိ-ချဲ့ဦးအံ့၊ ယဿ-အကြင်(နှစ်နက်ရှိသော)ပုဒ်၏၊ အညတ္ထော-(လိုအပ်သောအနက်မှ)တစ်ပါး (မလိုအပ်)သော အနက်သည်၊ အဓိပ္ပေတေ-လိုအပ်သော အနက်၌၊ ဝိရုဇ္ဈတိ-ဆန့်ကျင်၏၊ တံ-ထို(နှစ်နက်ရှိလျက်, ဆန့်ကျင်နက်ပါရှိသော)ပုဒ်သည်၊ ဝိရုဒ္ဓတ္ထန္တရံ-ဝိရုဒ္ဓတ္ထန္တရဒေါသသင့်သောပုဒ်မည်၏၊ ဝါ-ဝိရုဒ္ဓတ္ထန္တရဒေါသမည်၏။

စသော ထိုထိုသက္ကတကျမ်းဂန်တို့၌ ပြထားသော ပဒဒေါသ, ဝါကျဒေါသ, ဝါကျတ္ထဒေါသတို့သည် များစွာရှိကုန်သေး၏၊ သို့ဖြစ်၍ မာဂဓအားလျော်သော ထိုထိုအပြစ်ဒေါသတို့ကိုလည်း ထိုက်သည်အားလျော်စွာ သွင်းယူစေလိုသောကြောင့် သချၢိတပ်၍ အတိအကျမဆိုပေ၊ ထို့ကြောင့် ဆရာကိုယ်တိုင် "ကတောတြသခေ်ပနယာမယာယံ"စသော ဒေါသနိဂုံး စကားကို မိန့်ဆိုထားပေသည်၊ ထိုဒေါသကြွင်းတို့ကိုလည်း ထိုနိဂုံးစကားအဖွင့်၌ပင် ရှုပါတော့။

ဆောင်။ ။ သက္ကတမှ, ပြစ်ဒေါသကို, ယူကြစိမ့်ငှာ, တိကျစွာ, သချၢိတပ်၍မဆိုပေ။

ပဒဒေါသ ၈-ပါးအကျယ်

(၁) ဝိရုဒ္ဓတ္ထန္တရဒေါသ

၂၁။ ။ လိုအပ်နက်တွင်, လွန်ဆန့်ကျင်သည့်, ပေါ်လွင်ထင်ရှား, နက်တစ်ပါးပါ, ထိုပုဒ်မှာ, မည်ပါဝိရုဒ္ဓတ္ထန္တရ။

လိုအပ်သောအနက်၌ ဆန့်ကျင်ဘက် အနက်တစ်ပါး ပါရှိသော (အနက်နှစ်မျိုး-စသည်ကို ဟောနိုင်သော) ပုဒ်သည် ဝိရုဒ္ဓတ္ထန္တရဒေါသသင့်သော ပုဒ်မည်၏။

ပုဒ်တစ်ခု၌ အနက်နှစ်ခု, သုံးခု-စသည်ပါရှိသော်လည်း မဆိုလိုသော ဆန့်ကျင်ဘက်အနက် ထင်ရှားရာ၌သာ ဝိရုဒ္ဓတ္ထန္တရဒေါသသင့်၏၊ မဆိုလိုသော ဆန့်ကျင်ဘက်အနက် မထင်ရှားရာ၌ မသင့်ပေ၊ (ဝိပသိဿစ နမတ္ထု , နာတကဿ တပသိနော၊)၌ တပသီသဒ္ဒါသည် အလိုရှိအပ်သော သူတော်သူမြတ်အနက်၌ ထင်ရှား၏၊ မလိုအပ်သော သူဆင်းရဲ-စသော အနက်၌ မထင်ရှားချေ၊ ထို့ကြောင့် "ဆန့်ကျင်ဘက် အနက်ပင် ပါရှိစေကာမူ ဝိရုဒ္ဓတ္ထန္တရဒေါသ မသင့်"ဟု မှတ်အပ်၏၊ (ဝိရုဒ္ဓ-ဆန့်ကျင်ဘက်+အတ္ထ-အနက်+အန္တ ရ-တစ်ပါး၊ ဆန့်ကျင်ဘက် အနက်တစ်ပါးရှိသော ဒေါသ၊ ဝိရုဇ္ဈတီတိ-ဝိရောဓော၊ အညော အန္တ ရော အတ္ထော-အတ္ထန္တ ရော၊ ဝိရောဓော အန္တ ရော ယဿာတိ-ဝိရုဒ္ဓတ္ထန္တ ရံ။)

http://www.dhammadownload.com

မေဃော ဝိသဒေါ သုခယေ ဇနံ ယထာ- "မေဃော ဝိသဒေါ သုခယေ ဇနံ" ဟူသော ဥဒါဟရဏ်ပုံစံကိုကဲ့သို့၊ အညမ္မိ-တစ်ပါးသော ဥဒါဟရဏ်ပုံစံကိုလည်း၊ ဒဋ္ဌဗ္ဗံ-မှတ်အပ်၏၊ တစ်နည်း= ယထာ-ပုံစံကား၊ မေဃောတျာဒိ-မေဃော-စသည်တည်း၊ (နောက်လည်း ဤနည်းချည်းပေးလေ၊) ဝိသဒေါ-ရေကိုပေးတတ်သော၊ မေဃော-မိုးသည်၊ ဇနံ-လူအပေါင်းကို၊ သုခယေ-ချမ်းသာစေ၏။ (အလိုရှိအပ်သောအနက်။)

ဝိသဒေါ-အဆိပ်ကိုပေးတတ်သော၊ မေဃော-မိုးသည်၊ ဇနံ-လူအပေါင်းကို၊ သုခယေ-ချမ်းသာစေ၏။ (အလိုမရှိအပ်သော ဆန့်ကျင်ဘက်အနက်။)

အခြေခံမှတ်ဖွယ်　ဤ၌ "ဝိရဒ္ဓတ္ထန္တ့ရံ တံ ဟိ , ယသညတ္ထော ဝိရဒ္ဓတိ၊ အဓိပ္ပေတေ"သည် "လက္ခဏ"(သုတ်) မည်၏၊ မေဃော ဝိသဒေါ သုခယေ ဇနံ"သည် ဥဒါဟရဏ်"(ပုံစံ)မည်၏-ဟု ခွဲခြား၍မှတ်ပါ၊ နောက်လည်း ဤနည်းချည်း။

ဝိသဒေါဌ် ဝိသသဒ္ဒါသည် ရေ, အဆိပ်, ကြာရိုးကြာမျှင်-ဟူသော အနက်ကို ဟော၏၊ ထိုတွင် "ရေ"ဟူသော အနက်ကိုသာ ချမ်းသာစေမှုဌ် အလိုရှိအပ်၏၊ "အဆိပ်" ဟူသောအနက်ကို ချမ်းသာစေမှုနှင့် ဆန့်ကျင်သောကြောင့် အလိုမရှိအပ်၊ ဝိသသဒ္ဒါသည် ရေ-ဟူသော အနက်ဌ် မထင်ရှား၊ အလိုမရှိအပ်သော အဆိပ်-ဟူသော အနက်ဌ်သာ ထင်ရှား၏။

ထို့ကြောင့် ဝိသကို ရေ-ဟူသောအနက်ကို မသိကြကုန်၊ အဆိပ်-ဟူသော အနက်ကိုသာ သိကြကုန်၏၊ ဤသို့ ရှေးဦးစွာ အခြေအမြစ်ကို စိစစ်ထားရာ၏။

ပုံစံရှင်းပြချက်　ဤ၌ ဝိသသဒ္ဒါသည် ချမ်းသာစေမှုဌ် အလိုရှိအပ်သော ရေ-ဟူသော အနက်နှင့်ဆန့်ကျင်ဘက် (ပေါ်လွင်ထင်ရှားသော)အဆိပ်-ဟူသောအနက် တစ်ပါး ရှိသောကြောင့် ဝိရဒ္ဓတ္ထန္တ့ ရဒေါသသင့်၏။

ထိုဝိရဒ္ဓတ္ထန္တ့ ရဒေါသသင့်သော ဝိသသဒ္ဒါသည်ပင်လျှင် အဝိနာဘာဝ(တစ်နွယ်ငင် တစ်စင်ပါ, မကင်းရာမကင်းကြောင်း)နည်းအားဖြင့် ဝိရဒ္ဓတ္ထန္တ့ ရဒေါသမည်၏၊ ရှေးဌ် "ပဒေ ဒေါသော-ပဒဒေါသော၊ ပဒါနံ ဒေါသော-ပဒဒေါသော"ဟု တပ္ပုရိသ်သမာသ် တွဲစပ်ပြခဲ့သော်လည်း ပုဒ်မှတစ်ပါး အပြစ်ဒေါသ-ဟူ၍ မရှိချေ၊ ပုဒ်သည်ပင် ဒေါသမည်၏၊ ထို့ကြောင့် ၄င်းဝိဂြိဟ်များကို (သိလာ ပုတ္တကဿ သရီရံ-ကဲ့သို့) အဘေဒူပစာအားဖြင့် ဆိုခဲ့သည်-ဟု မှတ်ပါလေ၊ ရှေ့နောက် ဆန့်ကျင်သည်-ဟု အပြစ်တင် မစောသင့်။

ဒေါသတို့၏ အမည်-ဟူသမျှကို ဒေါသနှင့် လိင်တူအောင် ပုလ္လိင်အားဖြင့် ဆိုသင့်ပါသော်လည်း ပုဒ်ဝါကျကိုလွှတ်၍ "ဒေါသ"ဟု မရှိနိုင်ချေ၊ ဒေါသအရ ပုဒ်ဝါကျတို့ကိုသာ အရကောက်ရချေသည်၊ ထို့ကြောင့် ပဒ, ဝါကျတို့၏ လိင်အားလျော်စွာ နပုလ္လိင် ဖြင့်ချည်း ဆိုထားသည်-ဟု မှတ်ပါ။

http://www.dhammadownload.com

၂။ အချုတ္ထဒေါသ

၂၂။ ဝိသေသျမဓိကံ ယေနာ–ချုတ္ထမေတံ ဘဝေ ယထာ၊
သြဘာသိတာသေသဒိသော , ခဇ္ဇောတောယံ ဝိရာဇတေ။

၂၂။ ယေန–အကြောင်ဝိသေသနပုဒ်ကြောင့်၊ ဝိသေသျံ–ဝိသေသျ(ဂုဏ်း)ပုဒ်သည်၊ အဓိကံ–(အနက်၏အစွမ်းဖြင့်) လွန်၏၊ ဧတံ–(ဝိသေသျနက်, ကဲလွန်တက်ကြောင်းဖြစ်သော) ထိုဝိသေသနပုဒ်သည်၊ အချုတ္ထံ–အချုတ္ထဒေါသသင့်သောပုဒ်မည်သည်၊ ဝါ–အချုတ္ထဒေါသမည်သည်၊ ဘဝေ–ဖြစ်၏၊ (ယထာ....သြဘာသိတာသေသဒိသောတျာဒိ....ပေးမြဲ။)

သြဘာသိတာသေသဒိသော–ထွန်းလင်းတောက်ပစေအပ်သော အကြွင်းမရှိသော အရပ်မျက်နှာရှိသော၊ ဝါ–အရပ်မျက်နှာအကုန်လုံးကို ထွန်းလင်းတောက်ပစေတတ်သော၊ အယံ ခဇ္ဇောတော–ဤပိုးစုန်းကြူးသည်၊ ဝါ–ဤပိုးမြည်မြူးသည်၊ ဝါ–ဤပိုးတောင်ကြည်သည်၊ ဝိရာဇတေ–တင့်တယ်၏၊ ဝါ–တလက်လက်တောက်ပ၏။

မြန်ပုံစံ ယုန်နန်းငွေအိမ်, မျော်ကြိမ်ကြိမ်လျှင်, တိမ်နှင့်ကြိုက်ကြဲ, မမြင်တုံ၍, လွဲသုန်မျက်နှာ, ကြယ်တာရာကို, ရှုကာငဲ့စား"၊....(ကဝိ)

ရှင်း ဤ၌ တိမ်–ဟူသောပုဒ်သည် "မိုးတိမ်, မျက်စိတိမ်"ဟူသော အနက်နှစ်မျိုးကိုဟော၏၊ "မိုးတိမ်"ဟူသော အနက်ကိုသာ လိုအပ်၏၊ "မျက်စိတိမ်"ဟူသော အနက်ကို မလိုအပ်၊ ဤသို့ ကြည့်ရှုမှု၌ အလိုမရှိအပ်သော ဆန့်ကျင်ဘက် အနက်တစ်ပါးပါရှိသောကြောင့် "တိမ်"ဟူသောပုဒ်သည် ဝိရုဒ္ဓတ္ထန္တ ရဒေါသသင့်၏၊ [နာဖျားမရှိ, မထီဆင်းရဲ, အိမ်သာထဲဝယ်, မကွဲတူကွ, မွေ့လျော်ကြ။ (ဘူ–၄၂။) ၄င်းကိုလည်း စစ်လေ။]

ဉာဏ်ရှင်လန်းရန် ပုံစံများ

(က) သုံးလူ့ဆွေကို, ရိသေလှစွာ, လူ့ပမာသို့, ကမ္ဘာလိုလိုက်, စရိုက်အားကိုး,ညွှန့်ညွှန့်ဖြိုးသည်, သီးမျိုးခိုင်ညာလပြွတ်တည်း။ (ရှင်ဥတ္တမကျော်တောလား။)

(ခ) အနည်းငယ်မျှ, စိန်ကိုရ၍, ကြွယ်ဝချမ်းသာ, လူ့ရပ်ရွာ, မျက်နှာပွင့်လန်းသည်။ (နော)

(ဂ) ရွေပန်းဖြင့် ပူဇော်သည်။ (ဤပုံစံများကို အရှင်တို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် စစ်ဆေးပါလေ။)

၂။ အချုတ္ထဒေါသ

၂၂။ ။ ဝိသေသျထက်, ကဲလွန်နက်ပါ, ဝိသေသာ, မည်ပါချုတ္ထ။

အထူးပြုတတ်သောပုဒ်သည် ဝိသေသန(ဂုဏ်)ပုဒ် မည်၏၊ ဥပမာ–ဗာလော မနုဿော–(မိုက်သောလူ)ဆိုရာ၌ ဗာလော–(မိုက်သော)ဟူသောပုဒ်သည် ဝိသေသန၊ မနုဿော–(လူ)ဟူသောပုဒ်သည် ဝိသေသျမည်၏။

http://www.dhammadownload.com

၃။ ကိလိဋ္ဌဒေါသ

၂၃။ ယသ္မာတ္ထာဝဂမော ဒုက္ခော , ပကတျာဒိဝိဘာဂတော၊
ကိလိဋ္ဌံ တံ ယထာ တာယ , သောယမာလိဂ်္ဂတေ ပိယာ။

ဝိသေသျဂုဏ်းပုဒ်နှင့်မတန်အောင် လွန်သောအနက်ရှိသော ဝိသေသနဂုဏ်ပုဒ်သည် အချုတ္ထဒေါသသင့်သော ပုဒ်မည်၏၊ "ဂုဏ်းကသေးငယ် ဂုဏ်ကြီးကျယ်လျှင် အချုတ္ထဒေါသသင့်၏"ဟု အကျဉ်းမှတ်။ (အဓိ+အတ္ထ။ အဓိ-လွန်သော+အတ္ထ-အနက်အဓိပ္ပာယ်။ အဓိကော အတ္ထော ဇေတဿာတိ-အချုတ္ထံ။)

ပြန်ပုံစံ　ပိုးစုန်းကြူးငယ်, ကောင်းကင်းလယ်၌, ရပ်ဆယ်မျက်နှာ, ထွန်းလင်းဖြာလျက်, လွန်စွာတင့်တယ်လှသတည်း။

ရှင်း　ဤ၌ (ဩဘာသိတာသေသဒိသော-ရပ်ဆယ်မျက်နှာ, ထွန်းလင်းဖြာလျက်) ဟူသော ဝိသေသနပုဒ်သည် ဝိသေသျဖြစ်သော ပိုးစုန်းကြူးနှင့်မတန်၊ လ, နေတို့နှင့်သာ တန်၏၊ ထိုသို့ လွန်သောအနက်ရှိသောကြောင့် "အချုတ္ထဒေါသ" သင့်သည်။

လေ့ကျင့်ရန်ပုံစံများ　(က) လောင်းမင်းတရားတူ, ဆင်ဖြူများရှင့်သွေး, မောင်တူလူယဉ်ကျေး, ဂေါတမမြေး။ . . . .(စာဆိုတော်ဦးမင်း ရေးပေးသောသီချင်း၊ ပုဆိုးတစ်ထည်ပေး၍ ဖျက်သိမ်းခိုင်းရသည်-ဟူ၏။)

(ခ) သာလိကာက တော်တော်, မယ်ဘော်က ခရာလွန်း။

(ဂ) ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့အရှင် ဆန္ဒဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင်ဖြစ်တော်မူသော ဗန္ဓုလစစ်သူကြီး။ (နော။)

၃။ ကိလိဋ္ဌဒေါသ

၂၃။ ။ တိမ်မြုပ်ကွယ်ဝှက်, စကားခက်, မှတ်ချက်ကိလိဋ္ဌ။

ဓာတ်, ပစ္စည်း-စသည်ကို ဝေဖန်သောအားဖြင့် အနက်အသိခက်သော(တိမ်မြုပ်ကွယ်ဝှက်သော) ပုဒ်သည် "ကိလိဋ္ဌဒေါသ"သင့်သော ပုဒ်မည်၏၊ "အများသုံးစွဲရိုးမဟုတ်သော အသိခက်သောပုဒ်သည် ကိလိဋ္ဌဒေါသသင့်၏"ဟု အကျဉ်းမှတ်။

ကိလိသ-တ။ ။ကိလိသော ဒိ ဥပတာပ, မလိနေ ဘူကိ ဗာဓနေ၊ (ဓာတ္ဝတ္ထ၊) ကိလိဿတိ ဗန္ဓော ဇေတနာတိ-ကိလိဋ္ဌံ။ . . . .အဖွဲ့ဗန္ဓတစ်ခုလုံး ညစ်ညူးကြောင်းဖြစ်သော တိမ်မြုပ်ကွယ်ဝှက် အသိခက်သောပုဒ်။

ပြန်ပုံစံ။　။မျိုးသည်ရန်သည်, သည်ဟောင်းလည်ကို, သာကြည်ယှက်တွဲ, ဖက်ကာနွဲသည်, ချစ်ပွဲခင်းကျင်း-ချစ်တလင်း။

ရှင်း　ပါဠိပုံစံ၌ "ပိယာ"ဟူသောပုဒ်သည် ပီနေတီတိ-ပီ၊ ပီဓာတ်, အာပစ္စည်း နဒါဒိဂ္ဂါပစ္စည်း၊ နှစ်သက်စေတတ်သော မယားရ၏၊ ထိုပီဓာတ်နောင် နာဝိဘတ်သက်၊

http://www.dhammadownload.com

၂၃။ ပကတျာဒိဝိဘာဂတော–ပကတိခေါ်အပ်, ပုဒ်ဓာတ်(ပစ္စယ,အာဒေသ) စသည်ကို ဝေဖန်သောအားဖြင့်၊ ယသ–အကြင်ပုဒ်၏၊ အတ္ထာဝဂမော–အနက်ကို သိရခြင်းသည်၊ ဒုက္ခော–ငြိုငြင်ဆင်းရဲ ခက်ခဲ၏၊ တံ–(ပစ္စည်း–ဝိဘတ်, ပုဒ်ဓာတ် ဝေဖန်, သိရန်အနက်, ခဲခက်သောသဘောရှိသော) ထိုပုဒ်သည်၊ ကိလိဋ္ဌ–ကိလိဋ္ဌ ဒေါသသင့်သောပုဒ်မည်၏၊ ယထာ–တာယတျာဒိ။–

တာယ ပိယာ–ထို(အိမ်သူသက်ထား,) ချစ်မယားသည်၊ သောယံ–ထို(အသက်လောက်ခင်, ငယ်ကျွမ်း)လင်ကို၊ အာလိဂျ်တေ–ရွှေလည်ယှက်တွဲ, ဖက်ခွဲအပ်၏။

[ပစ္စယာ ပဌမံ ကရီယတီတိ–ပကတိ၊ ပစ္စည်းမှ ဦးစွာတည်ထားအပ်သော ဓာတ်သည် ပကတိမည်၏၊ အာဒိသဒ္ဒါဖြင့် ပစ္စည်းအာဒေသ–စသည်ကို ယူအပ်၏။]

ထိုနာဝိဘတ်ကို ယာပြု၊ ဤကို ရဿပြု၊ "ပိယာ"ဟု ပြီး၏၊ အများသုံးမဟုတ်သဖြင့် ဤသို့ ဝေဖန်၍သိရန် ခက်၏၊ ထို့ကြောင့် ကိလိဋ္ဌဒေါသသင့်သည်။

မြန်မာပုံစံဋ္ဌလည်း "မျိုးသည်ရန်=မယား၊ သည်ဟောင်း=လင်"ဟု သိရန်ခဲခက်၏၊ ထိုသို့ အများသုံးမဟုတ်၍ အသိခက်သောကြောင့် မျိုးသည်ရန်, သည်ဟောင်း–နှစ်ခုလုံးပင် ကိလိဋ္ဌဒေါသသင့်၏။

မြန်ပုံစံ။ ။"မတတ်လိမ္မာ, မြင်နည်းစွာသား, ပညာမဲ့တွန်, သူမိုက်ကျွန်ကို, နိဗ္ဗာန်တရား, ဟောလှည့်ငြားလည်း, နားမနာသီး, သုတ်နင့်ကြီးလျှင်, ဆီမီးအတောက်, ငြိမ်းကဲ့ပျောက်က, အနောက်အရှေ့, မတွေ့တီမှာ, ရှာသော်ရအံ့။
(ပါ–၉၁။)

ရှင်း ဤပုံစံဝယ် "သုတ်နင့်ကြီးလျှင်"၌ သုတ–(နား)သဒ္ဒါကို "သုတ်"ဟု စပ်သည်၊ "လူမိုက်ကို နိဗ္ဗာန်တရားဟောလျှင် နားနင့်သည်၊ နားကို ပိတ်ထားချင်မတတ်ဖြစ်သည်"ဟု ဆိုလိုသည်၊ ထိုသို့သိရန် အလွန်ခက်ခဲသောကြောင့် ထိုသုတ်နင့်ကြီး–ဟူသောပုဒ်သည် ကိလိဋ္ဌဒေါသသင့်၏။ [နိဗ္ဗာနဿ ဝဏ္ဏော ကထိယမာနေ ကုဇ္ဈိတွာ ဥဘော ကဏ္ဏေ ထကေတိ–ဟူသော ခန္ဓဝိဘင်းအဋ္ဌကထာနှင့်အညီ သုတ်နင့်ကြီး–ဟု စပ်သည်၊ ဤနေရာ၌ မူကွဲများလှ၏၊ ဟံသာဝတီရိုက်မူ၌ "သုတ်နှင်ကျီးသို့"ဟု ရှိသည်၊ နန်းတွင်းမူ၌ "သုတ်နှင်ကြီးလျှင်"ဟု ရှိသည်၊ ဗုဒ္ဓသာသနာ့မူ၌ "ဘုတ်နှင့်ကျီးသို့"ဟု ရှိသည်၊ သူရိယတိုက်ထုတ် အဖြေချုပ်၌ "သုတ်နှင့်ကျီးသို့"ဟုရှိသည်၊ အမှန်မှာ ဆိုခဲ့သော အဋ္ဌကထာနှင့်ညီညွတ်သောကြောင့် "သုတ်နင့်ကြီးလျှင်" ဟူသောပါဋ္ဌသာ အသင့်ဖြစ်သည်၊ ထိုသို့ မူအမျိုးမျိုး အစားစား ကွဲပြားရခြင်းမှာလည်း ထိုသုတ်နင့်ကြီး–ဟူသော ပုဒ်အနက် အသိခက်သောကြောင့် မိမိတို့လိုရာကို ဆွဲယူ ကြသည့်အတွက် ကွဲပြားရခြင်း ဖြစ်ပေသည်။]

မှတ်ဖွယ် ဂေါရာသီး=မာလကာသီး၊ ပိတ္တကာသီး=ရှိန်းခိုသီး=သဘော်သီး၊ ချောင်း=ရေပုံး၊ ချောင်တစ်လစ်=လှည်းထမ်းပိုးကျည်း၊ ထိုးလဆိတ်=လင်းတ၊ နွားခွံ=နွားသားရေ၊ အမွေ့မောင်=ယုန်–စသော အချို့အရပ်ဒေသတို့၌ သုံးသော စကားများသည်

http://www.dhammadownload.com

အလိုမရှိအပ်သောယမက

၂၄။ ယံ ကိလိဋ္ဌပဒံ မန္ဒာ-ဘိဓေယျံ ယမကာဒိကံ၊
ကိလိဋ္ဌပဒဒေါသေဝ , တံပိ အန္တွော ကရီယတိ။

၂၄။ ကိလိဋ္ဌပဒံ-မသန့်ရှင်းသောပုဒ်ရှိသော၊ မန္ဒာဘိဓေယျံ-နည်းသောအနက်ရှိသော၊ ယံ ယမကာဒိကံ-အကြင်ယမက စသည်သည်၊ ဝါ-ယမကမျိုး, ပဟေဠိမျိုးသည်၊ အတ္ထိ-ရှိ၏၊ တံပိ-ထိုယမက, ပဟေဠိမျိုးကိုလည်း၊ ကိလိဋ္ဌပဒဒေါသေဝ-ကိလိဋ္ဌပဒဒေါသဋ္ဌသာလျှင်၊ အန္တွောကရီယတိ-ထည့်သွင်းအပ်၏။

အလိုရှိအပ်သောယမက

၂၅။ ပတိတသဒ္ဒရစိတံ , သိလိဋ္ဌပဒသန္ဓိကံ၊
ပသာဒဂုဏသံယုတ္တံ , ယမကံ မတမေဒိသံ။

လူသိနည်း၏၊ အများနှင့်ဆက်ဆံသော အရာတို့၌ ထိုစကားမျိုးကို မပြောဆို မရေးသားသင့်၊ ပြောဆိုရေးသားက ကိလိဋ္ဌဒေါသမှ လွတ်မည်မဟုတ်၊ သို့ရာတွင် ဒေသဝေါဟာရအားလျော်စွာ ရေးရမည့် နေရာမျိုးဋ္ဌကား ပါဝင်စေသင့်၏။ (နော)

[မြန်မာသက်သက်ကိုသာ လေ့လာသူဖြစ်က ဝိရောဓိဒေါသ (နောက် နှာ-၅၁)ကို ကျော်ကြည့်ပါ။]

အလိုမရှိအပ်သောယမက

၂၄။ (က) မသန့်ရှင်းသောပုဒ် ရှိခြင်း, (ခ) သဒ္ဒါများလျက် အနက်နည်းခြင်း-ဟူသော အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ယမကနှင့် ပဟေဠိမျိုးကို အလိုမရှိအပ်၊ ထိုယမက, ပဟေဠိမျိုးသည် ကိလိဋ္ဌဒေါသသင့်၏။

ယမကာဒိကံ "အာဒိသဒ္ဒါဖြင့် ပဟေဠိကို ယူရမည်"ဟု ဋီကာဆရာများ ဖွင့်ကြ၏၊ "ပဟေဠိကာယမာရုဠှာ, နု ဟိ ဒုဋ္ဌာ ကိလိဋ္ဌတာ (ပဟေဠိအရာမျိုးဖြစ်က ကိလိဋ္ဌဒေါသမသင့်)"ဟူသော ဒေါသပရိဟာရဝေဖောဓကားနှင့် ဆန့်ကျင်သကဲ့သို့ ဖြစ်၏၊ ပဟေဠိကို "(က) ကြံစည်၍ မရနိုင်လောက်အောင် ခက်ခဲသောပဟေဠိ, (ခ) ကြံဆ၍ သိနိုင်လောက်သောပဟေဠိ"ဟု နှစ်မျိုးခွဲရာ၏၊ ကိလိဋ္ဌပဒ, မန္ဒာဘိဓေယျဖြစ်၍ ကြံဆ၍မရနိုင်အောင် ထင်မြင်ရာကို ဝှက်ထားသော ပဟေဠိသည် ကိလိဋ္ဌဒေါသသင့်၏၊ ကြံဆ၍သိနိုင်လောက်သော ပဟေဠိမျိုးသည် ကိလိဋ္ဌဒေါသမှ လွတ်၏၊ သဒ္ဒါလက််ရ, အတ္ထာလက််ရသို့ လျော်စွာဝင်၏၊ ဤသို့ယူဆပါက တစ်စုံတစ်ရာ ဆန့်ကျင်ဖွယ်မရှိတော့ပြီ။

အလိုရှိအပ်သောယမက

၂၅။ (က) ပေါ်လွင်ထင်ရှားသော သဒ္ဒါများဖြင့် ရေးသားစီရင်ထားခြင်း, (ခ) ပြေပြစ်နီးကပ်သော (သျာဒျန္တ,တျာဒျန္တ)ပုဒ်စပ်ရှိခြင်း-ဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော

http://www.dhammadownload.com

၂၅။ ပတိတသဒ္ဒရစိတံ–ပေါ်လွင်ထင်ရှား, သဒ္ဒါများဖြင့်, ရေးသားစီရင်အပ်သည်ဖြစ်၍၊ သိလိဋ္ဌပဒသန္ဓိကံ–ပြေပြစ်နီးကပ်, ပုဒ်တို့၏ အစပ်ရှိသည်ဖြစ်၍၊ ပသာဒဂုဏသံယုတ္တံ–ပသာဒဂုဏ်နှင့်ယှဉ်သော၊ ဧဒိသံ–ဤသို့သဘောရှိသော၊ ယမကံ–ယမကကို၊ (ဝိညူဟိ–ပညာရှိတို့သည်၊) မတံ–အလိုရှိအပ်၏။

အလိုမရှိအပ်သောယမကအပြား

၂၆။ အဗျပေတံ ဗျပေတညေ–မာဝုတ္တာနေကဝဏ္ဏဇံ၊
ယမကံ တဋ္ဌ ပါဒါန–မာဒိမဇ္ဈန္တ ဂေါစရံ။

ယမကသည် ပသာဒဂုဏ်ရောက်၏၊ ထိုယမကမျိုးကို ကဗျာတတ်သိ ပညာရှိတို့ လိုလားအပ်၏၊ နှစ်သက်အပ်၏၊ ရေးသားစီရင်အပ်၏။

ယမကလက္ခဏာ ၂၆။ အာဝုတ္တာနေကဝဏ္ဏဇံ–ဟူသော ပါဠိဖြင့် ယမက၏လက္ခဏာကို ပြ၏၊ (ယမကသဒ္ဒါသည် အစုံအစုံ–ဟူသော အနက်ကို ဟော၏။

(က) အာဝုတ္တ–အစုံဖြစ်အောင် အက္ခရာတူတို့ကို ထပ်ဆိုရခြင်း။
(ခ) အနေကဝဏ္ဏ–အနည်းဆုံးအက္ခရာနှစ်လုံး ရှိရခြင်း။
(ဂ) အာဝုတ္တာနေကဝဏ္ဏ–သရဗျည်းနှစ်ပါးစုံ တူရခြင်း။ (ဤပါဠိဖြင့် ဗျည်းသာတူ၍ သရမတူသော အနုပ္ပာသမဓုရတာဂုဏ်ကို နှစ်စေ၏၊ တားမြစ်၏၊ ကန့်ကွက်၏။)
(ဃ) ဘိန္နတ္ထ–အနက်ပြားရခြင်း၊ (ဤစတုတ္ထအင်္ဂါဖြင့် "ဂါမေဂါမေ ဧလံ အတ္ထိ" ဟူသော ဝိစ္ဆာ, "ဓမေဓမေ"စသော အာဘိက္ခညေ, "သပ္ပေါသပ္ပေါ"စသော အာမေဍိတ်တို့ကို နှစ်စေ၏၊ ထို့ကြောင့် ဤလက္ခဏာကို ဂါထာစာကိုယ်၌ မပါသော်လည်း ရထိုက်သောကြောင့် ထည့်သွင်းလိုက်သည်၊) ဤသို့ ယမကအင်္ဂါ လေးပါးရှိ၏၊ ထိုလက္ခဏာလေးပါးနှင့်ပြည့်စုံမှ ယမကမည်သည်၊ တစ်ပါးနှစ်ပါးနှင့် ပြည့်စုံရုံမျှဖြင့် ယမကမမည်။

ယမကအပြား ထိုယမကသည် (က) အဗျပေတ=မတူကွဲပြား, ဝဏ္ဏတစ်ပါးခြားခြင်း မရှိသော ယမကမျိုး, (ခ) ဗျပေတ=မတူကွဲပြား, ဝဏ္ဏတစ်ပါးခြားခြင်း ရှိသော ယမကမျိုး, (ဂ) ဗျပေတာဗျပေတ=မတူကွဲပြား, ဝဏ္ဏတစ်ပါးခြားခြင်းရှိ, ခြားခြင်း မရှိသော ယမကမျိုး–ဟူ၍ မူလဘေဒအားဖြင့် သုံးပါးပြား၏။

ပါဒါနမာဒိမဇ္ဈန္တ ဂေါစရံ–အရ (၁) ပါဒါဒိယမက, (၂) ပါဒမဇ္ဈယမက, (၃) ပါဒန္တယမက, (၄) မဇ္ဈန္တယမက, (၅) မဇ္ဈာဒိယမက, (၆) အာဒျန္တယမက, (၇) သဗ္ဗယမက–ဟု မူလဘေဒအားဖြင့် ခုနစ်ပါး ရှိ၏။

မူလမူလီကို ပါဒလေးပါးဖြင့်ပွားပုံ တစ်ဂါထာတစ်ဂါထာ၌ လေးပါဒလေးပါဒစီရှိ၏၊ ထို့ကြောင့် ထိုမူလယမက ခုနစ်ပါးကို ပါဒလေးပါး, အဗျပေတ, ဗျပေတ နှစ်ပါးတို့ဖြင့် ပွား၍ ပြပေအံ့။ (အသီးအခြားမရှိမူ၍ ဗျပေတ,

http://www.dhammadownload.com

၂၆။ အာဝုတ္တာနေကဝဏ္ဏဇ-(အစုံဖြစ်ရန်,) အဖန်ဖန်အထပ်ထပ်, ရွက်ဆိုအပ်သော များသောဝဏ္ဏကြောင့်ဖြစ်သော၊ ယမက်-ယမကသည်၊ အဗျပေတံ-(ဝဏ္ဏတစ်ပါး, အလယ်မခြားသဖြင့် နှစ်ပါးစုံထွက်, မကင်းသောအဆက်ရှိသော) အဗျပေတယမက လည်းကောင်း၊ ဗျပေတံ-(ဝဏ္ဏတစ်ပါး, အလယ်ခြားသဖြင့် နှစ်ပါးစုံထွက်, ကင်းသော အဆက်ရှိသော) ဗျပေတယမကလည်းကောင်း၊ အညံ-တစ်ပါးသော ဗျပေတာ ဗျပေတယမကလည်းကောင်း၊ (ကွတိ-ဤသို့၊ တိဝိဓံ-သုံးပါးအပြားရှိ၏၊) တဋ္ဌ-ထိုသုံးပါးသော ယမကကိုလည်း၊ ပါဒါနံ-ဂါထာပါဒတို့၏၊ အာဒိမဇ္ဈန္တ ဂေါစရံ-အစအလယ်အဆုံးလျှင် ဖြစ်ရာရှိ၏ ဟူ၍၊ (ဝိညေယျံ-သိအပ်၏။)

အဗျပေတနှစ်ပါးကို ရောစပ်၍ရလာသော အမည်ထူးမျှသာ ဖြစ်သောကြောင့် ဤသုဒ္ဓ ယမကကို ရေတွက်ပြရာ၌ ဗျပေတာဗျပေယမကကို အသီးအခြား သရုပ်ရေတွက်နေဖွယ် မလို။)

၁။	အဗျပေတ	ပထမ	ပါဒါဒိယမက ,
၂။	။	ဒုတိယ	။ ,
၃။	။	တတိယ	။ ,
၄။	။	စတုတ္ထ	။ ,
၅။	။	ပ+ဒု	။ ,
၆။	။	ပ+တ	။ ,
၇။	။	ပ+စ	။ ,
၈။	။	ဒု+တ	။ ,
၉။	။	ဒု+စ	။ ,
၁၀။	။	တ+စ	။ ,
၁၁။	။	ပ+ဒု+တ	။ ,
၁၂။	။	ပ+ဒု+စ	။ ,
၁၃။	။	ပ+တ+စ	။ ,
၁၄။	။	ဒု+တ+စ	။ ,
၁၅။	အဗျပေတ	စတုက္က	ပါဒါဒိယမက-

ဟု ပါဒါဒိယမက ၁၅-ပါး ဖြစ်၏။

ထို့အတူ ပါဒမဇ္ဈ-စသည်တို့၌လည်း ၁၅-ပါးစီ ဖြစ်သောကြောင့် အဗျပေတ ယမကပေါင်း (၇x၁၅=၁၀၅၊) ၁၀၅-ပါး ဖြစ်သတည်း၊ ထို့အတူ ဗျပေတာယမကလည်း ၁၀၅-ပါး ပြားသောကြောင့် (၁၀၅+၁၀၅=၂၁၀၊) သုဒ္ဓယမကပေါင်း ၂၁၀-ဖြစ်သတည်း။

http://www.dhammadownload.com

အဗျပေတပထမပါဒါဒိယမက

၂၇။ သုဇနာသုဇနာ သဗ္ဗေ , ဂုဏောနာပိ ဝိဓေကိနော၊
ဝိဓေကံ နု သမာယန္တိ , အဝိဓေကိဇနန္တိ ကေ။

၂၇။ သုဇနာ–သူတော်ကောင်းတို့သည်လည်းကောင်း၊ အသုဇနာ–(သူတော်မဟုတ်) သူယုတ်မာတို့သည်လည်းကောင်း၊ သဗ္ဗေ–အလုံးစုံသောသူတို့သည်၊ ဂုဏောန–(သီလစောင့်ခြင်း, သူ့အသက်ကိုသတ်ခြင်းစသော) ဂုဏ်အားဖြင့်၊ ဝိဓေကိနော–(တသီးတခြား,) ကွဲပြားခြားနားကုန်သည်၊ (သမာနာပိ–ဖြစ်ပါကုန်သော်လည်း၊) အဝိဓေကိဇနန္တိ ကေ–ခွဲခြားဝေဖန်တတ်သော ဉာဏ်မရှိသူ လူပြိန်းတို့၏အထံ၌၊ ဝိဓေကံ–(ယုတ်မြတ်နှစ်ပါး,) ကွဲပြားခြားနားခြင်းသို့၊ နု သမာယန္တိ–မရောက်ကြလေကုန်။ (အတန်းအစားမသိက နွားထီးငါးကျပ် နွားမငါးကျပ်–ဟူလို။)

အဗျပေတပထမဒုတိယပါဒါဒိယမက

၂၈။ ကုသလာကုသလာ သဗ္ဗေ , ပဗ္ဗလာပဗ္ဗလာထဝါ၊
နောယာတာ ယာဝ ဟောသိတ္တံ , သုခဒုက္ခပ္ပဒါ သိယုံ။

ဋီကာတို့၌ကား ဒုကတိုင်ရုံမျှသာ ပြ၏၊ ဤကျမ်း၌ကား ဖြစ်သင့်သောကြောင့်လည်းကောင်း, စာကိုယ်၌ပင် ပုစံတိုက်ရိုက် ပါသောကြောင့်လည်းကောင်း တိက, စတုက္က တို့ကို ထည့်သွင်း၍ ပြည့်စုံအောင် ပြထားပေသည်။

ဆရာတို့ကား "ဂါထာတစ်ခုတစ်ခုခု၌ လေးပါဒရှိရာ တစ်ပါဒတစ်ပါဒ၌ အာဒိယမက ။ပ။ သဗ္ဗယမက–ဟု ၇–ပါးစီပြားသောကြောင့် လေးပါဒ၌ ၂၈–ပါးပြား၏၊ ထို ၂၈–ပါးကို ဗျပေတ, အဗျပေတနှစ်ပါးနှင့်မြောက်လျှင် ၅၆–ပါးဖြစ်၏"ဟု ဆိုကြ၏။

ရှင်း ၂၇။ ဤဂါထာ၌ သုဇနာသုဇနာ–သည် ရှေ့ဆိုခဲ့ပြီးသော လက္ခဏာများနှင့်အညီ အစုံပြု၍ ဆိုထားသောကြောင့် "ယမက"မည်၏၊ ဝဏ္ဏတစ်ပါး မခြားသောကြောင့် "အဗျပေတ"လည်း မည်၏၊ ပထမပါဒ၏အစ၌သာ ဖြစ်သောကြောင့် "ပထမပါဒါဒိ"လည်း မည်၏၊ ထိုသုံးပါးကို ပေါင်းစပ်လျက် "အဗျပေတပထမပါဒါဒိယမက"ဟူသော အမည်ကို ရလေသည်။

ရှင်း ၂၈။ ကုသလာကုသလာ, ပဗ္ဗလာပဗ္ဗလာ–ဟူသော ယမကတို့သည် ဝဏ္ဏမခြားသောကြောင့်လည်းကောင်း, ပထမ ဒုတိယပါဒ–တို့၏ အစ၌တည်သောကြောင့်လည်းကောင်း "အဗျပေတပထမဒုတိယပါဒါဒိယမက"တို့ မည်ကုန်၏။ (အကုသိုလ်က ကုသိုလ်ထက်အားနည်းကြောင်းကို သိလက္ခန်ဋီကာ, မိလိန္ဒပဉ္ဉာတို့၌ ရှုလေ။)

http://www.dhammadownload.com

၂၈။ ပဗလာ-(အာသေဝန, အထုံရသောကြောင့်) အားရှိကုန်သော၊ သဗ္ဗေ-ကုန်သော၊ ကုသလာဝါ-ကုသိုလ်တို့သည်လည်းကောင်း၊ အထ-ထိုမှတစ်ပါး၊ အပဗလာ-(အာသေဝန, အထုံမရသောကြောင့်) အားမရှိကုန်သော၊ သဗ္ဗေ-ကုန်သော၊ အကုသလာဝါ-အကုသိုလ်တို့သည်လည်းကောင်း၊ ယာဝ-အကြင်ရွေ့လောက်၊ အဟောသိတ္တံ-အဟောသိကံ၏အဖြစ်သို့၊ နော ယာတာ-မရောက်ကြကုန်သေး၊ တာဝ-ထိုရွေ့လောက်၊ သုခဒုက္ခပ္ပဒါ-(အစဉ်အတိုင်း)ချမ်းသာဆင်းရဲကို ပေးတတ်ကုန်သည်၊ သိယုံ-ဖြစ်ကုန်၏။ (အဟောသီတိ ဝတ္တဗ္ဗသ ဘာဝေါ-အဟောသိတ္တံ။)

အဗျပေတ ပ+ဒု+တ ပါဒါဒိယမက

၂၉။ သာဒရံသာဒရံ ဟန္တ္ဝါ , ဝိဟိတာဝိဟိတာ မယာ၊
ဝန္ဒနာဝန္ဒနာမာန-ဘာဇနေ ရတနတ္တယေ။

၂၉။ ဝန္ဒနာမာနဘာဇနေ-ရှိခိုးခြင်း, မြတ်နိုးခြင်းတို့၏ တည်ရာဖြစ်သော၊ ရတနတ္တယေ-ရတနာသုံးပါးအပေါင်း၌၊ မယာ-ငါသည်၊ ယာဝန္ဒနာ-အကြင်ရှိခိုးခြင်းကို၊ သာဒရံ-ရိုသေခြင်းနှင့်တကွ၊ ဝါ-ရိုသေစွာ၊ ဝိဟိတာ-ပြုအပ်ပေပြီ၊ ဝိဟိတာ-အထူးအားဖြင့် အကျိုးစီးပွားရှိသော၊ သာဝန္ဒနာ-ထိုရှိခိုးခြင်းသည်၊ (မယုံ-အကျွန်ုပ်၏၊) ဒရံ-ကိုယ်စိတ်ပူပန်ခြင်းကို၊ ဟန္တ္ဝါ-ပယ်ဖျောက်ပါစေသတည်း။

အဗျပေတစတုက္ကပါဒါဒိယမက

၃၀။ ကမလံ ကမလံကတ္တုံ , ဝနဒေါဝနဒေါမွရံ၊
သုဂတောသုဂတော လောကံ , သဟိတံ သဟိတံ ကရံ။

၃၀။ ကမလံ-ကြာသည်၊ ကံ-ရေကို၊ အလံကတ္တုံ-တန်ဆာဆင်ခြင်းငှာ၊ ဟောတိ-ဖြစ်၏၊ အဝနဒေါ-အစောင့်အရှောက်ကိုပေးတတ်သော၊ ဝနဒေါ-မိုးတိမ်သည်၊ အမွရံ-ကောင်းကင်ကို၊ အလံကတ္တုံ-တန်ဆာဆင်ခြင်းငှာ၊ ဟောတိ-ဖြစ်၏၊ သဟိတံ-ပြည့်စုံသော၊ ဟိတံ-အစီးအပွားကို၊ ကရံ-ပြုတော်မူတတ်သော၊ သုဂတော-ကောင်းသောစကားကို ဆိုတော်မူတတ်ထသော၊ သ-သော သုဂတော-

---

ရှင်း　၂၉။သာဒရံသာဒရံ-စသော ယမကတို့သည် ဝဏ္ဏတစ်ပါး မခြားသောကြောင့်လည်းကောင်း, ပ+ဒု+တပါဒတို့၏ အစဉ်တည်သောကြောင့်လည်းကောင်း၊ "အဗျပေတပထမ,ဒုတိယ,တတိယပါဒါဒိယမက"တို့ မည်၏။

ရှင်း　၃၀။ ကမလံကမလံ-စသောယမကတို့သည် ဝဏ္ဏတစ်ပါး ခြားခြင်းမရှိသောကြောင့်လည်းကောင်း, လေးပါဒလုံးတို့၏ အစဉ်တည်သောကြောင့်လည်းကောင်း "အဗျပေတစတုက္ကပါဒါဒိယမက" မည်၏။

http://www.dhammadownload.com

ထိုမြတ်စွာဘုရားသည်၊ လောကံ-လောကသုံးပါးကို၊ အလံကတ္တုံ-တန်ဆာဆင်ခြင်းငှာ၊ ဟောတိ-ဖြစ်၏၊ (အဝ-ပါလနေ၊ အဝိယတေ-အဝနံ၊ အဝနံ ဒေတီတိ-အဝနဒေါ။ သဟ ဘာဝံ ဣတံ-သဟိတံ၊ တကွဖြစ်ခြင်း-သဒ္ဒတ္ထ၊ ဝါ-ပြည့်စုံခြင်း-အဓိပ္ပာယတ္ထ။)

နိဂုံး(အတိဒေသ)

၃၁။ အဗျပေတာဒိယမက-ဩသောလေသော နိဒသိတော၊
ဧဉျာနိမာယေဝ ဒိသာ-ယညာနိ ယမကာနိပိ။

နိဂုံး-(အတိဒေသ)

၃၁။ အဗျပေတပါဒါဒိယမက၏ အနည်းငယ်မျှသော ဥဒါဟရဏ်ကို အကျွန်ုပ် ညွှန်ပြအပ်ခဲ့လေပြီ၊ တခြား(အဗျပေတဒုတိယပါဒါဒိယမက-စသည်နှင့် ဗျပေတယမက, ဗျပေတာဗျပေတ)ယမကတို့ကိုလည်း ဤပြဆိုခဲ့သောနည်းဖြင့်ပင် ပညာရှိများ သိနားလည်နိုင်လောက်ပေပြီ။

ဤနေရာ၌ သောတုဇနတို့ နည်းရစိမ့်သောငှာ ကြွင်းသောယမကတို့ကို ဋီကာများမှထုတ်နုတ်၍ (အမြွက်မျှ) ပြပေဦးအံ့။

အဗျပေတဒုတိယပါဒါဒိယမက

ဂုဏာဂုဏေန သဟ တေ , သာဓဝေါသာဓဝေါ ဇနာ၊
ဝိဂါဟန္တေ သမံ နာထ , စိတ္တံ စိတ္တေ ကထံ နု တေ။

နာထ-မြတ်စွာဘုရား !၊ တေ-ရှင်တော်မြတ်ဘုရား၏၊ စိတ္တေ-စိတ်တော်၌၊ သာဓဝေါ-သူတော်ကောင်းတို့သည်လည်းကောင်း၊ အသာဓဝေါ-မသူတော်တို့သည်လည်းကောင်း၊ တေ ဇနာ-ထိုသူတို့သည်၊ ဂုဏာဂုဏေန-(မိမိတို့၏) ဂုဏ်ရှိ, ဂုဏ်မဲ့အားဖြင့်၊ သဟ-အတူတကွ၊ ဝါ-တပေါင်းတည်း၊ ကထံ နု ဝိဂါဟန္တေ-အဘယ့်ကြောင့် သင်္ဂဝင်နိုင်ပါကုန်သနည်း ?၊ (ဣဒံ-ဤသို့ သင်္ဂဝင်နိုင်ခြင်းသည်၊ စိတ္တံ-ဆန်းကြယ်လှပါပေစွတကား၊ (သူတော်ကောင်း, သူယုတ်မာတို့၌ တူမျှသော မေတ္တာတော်သည် လွန်စွာဆန်းကြယ်, အံ့သြဖွယ်ကောင်း၏-ဟူလို၊ လွယ်ပြီ။)

ဗျပေတပထမဒုတိယပါဒါဒိယမက

ပိယေန ဝစသာ သဗ္ဗေ , ပိယေနပိယဘာဏိနော၊
ပါဒါနတေ ဇိနောကာသိ , သော ဓမ္မော ဟန္တ္ဒ၊ ဝေါပိယံ။

ဇိနော-ငါးမာရ်အောင်မြင်, ဘုရားရှင်သည်၊ အပိယဘာဏိနောပိ-မနှစ်သက်ဖွယ်သော စကားကို ပြောကြားတတ်သည်လည်းဖြစ်ကုန်သော၊ သဗ္ဗေ-လူခပ်သိမ်းတို့ကို၊ ပိယေန-ချစ်မြတ်နိုးဖွယ်ကောင်းသော၊ ယေန ဝစသာ-အကြင်စကားဖြင့်၊ ပါဒါနတေ-ခြေတော်အစုံသို့ ညွတ်လျှိုးရှိခိုးသည်တို့ကို၊ အကာသိ-ပြုတော်မူလေပြီ၊ သော ဓမ္မော-

http://www.dhammadownload.com

၃၁။ အဗျပေတာဒိယမကဿ-အဗျပေတပါဒါဒိယမက၏၊ ဧသော လေသော-ဤအနည်းငယ်သော ဥဒါဟရဏ်နည်းကို၊ (မယာ-ဂါသည်၊) နိဒဿိတော-ညွှန်ပြ

ထိုတရားတော်သည်၊ ဝေါ-သင်တို့၏၊ အပ္ပိယံ-မချစ်မနှစ်သက်ဖွယ်သော အရာဟူသမျှကို၊ ဟန္တ္ဝါ-ပယ်ဖျောက်ပါစေသတည်း။

(ဤဂါထာ၌ အပိသဒ္ဒါ၏ ပရိယာယ်ဖြစ်သော ပိသဒ္ဒါကို သုံးစွဲထားသောကြောင့် ယတိဟီနဒေါသမသင့်-ဟု ဆိုကြ၏၊ ပိသဒ္ဒါပင်ဖြစ်သော်လည်း နောက်၌ပြုလတ္တံ့သော စယတ္ထပရမောဒယာနှင့် ထပ်တူထပ်မျှ တစ်သဘောတည်းပင် ဖြစ်သောကြောင့် ယတိဟီနဒေါသမှ လွတ်မြောက်စရာ နည်းလမ်းမမြင်ပေ။)

ပုံစံရှင်း　ဤဂါထာ၌ ပထမပါဒအစ ပိယေနနှင့် ဒုတိယပါဒအစ ပိယေနတို့သည် ပြဆိုခဲ့ပြီးသော လက္ခဏာနှင့်အညီ အစုံပြု၍ ဆိုထားသောကြောင့် ယမကမည်၏၊ ထိုသည်လည်း မတူထူးခြား ကွဲပြားသောဝဏ္ဏတစ်ပါး ခြားနေသောကြောင့် ဗျပေတမည်၏၊ ပထမဒုတိယပါဒတို့၏ အစ၌တည်သောကြောင့် ပထမဒုတိယပါဒါဒိလည်းမည်၏၊ ထိုသုံးခုကို ပေါင်းစပ်၍ "ဗျပေတပထမဒုတိယပါဒါဒိယမက"ဟု ခေါ်သည်။

ဗျပေတာဗျပေတပထမစတုတ္ထဒုတိယတတိယပါဒါဒိယမကပုံစံ

သမလံ သမလံကတ္တုံ , သုစိရံ သုစိရံ ဧယေ၊
သုစိရံသုစိရံဂံ တံ , သမလံသမလံဘိ ယော။

သုစိရံသုစိ-(သုစိ+အံသု+ဥစိ) သန့်ရှင်းစင်ကြယ်, တင့်တယ်သောအရောင်အဝါနှင့် ယှဉ်သော၊ ယော(ဇိနော)-အကြင်မြတ်စွာဘုရားသည်၊ သံ-နိဗ္ဗာန်ကို၊ သမလံဘိ-ရတော်မူလေပြီ၊ အလံ-စင်စစ်၊ ဝါ-အလွန်အကဲအားဖြင့်၊ သုစိရံဂံ-စင်ကြယ်သောကိုယ်ရှိသော၊ တံ-ထိုမြတ်စွာဘုရားကို၊ သမလံ-အညစ်အကြေးနှင့်တကွဖြစ်သော၊ သံ-မိမိကိုယ်ကို၊ အလံကတ္တုံ-ညစ်ကြေးကင်းစင်, တန်ဆာဆင်ခြင်းငှာ၊ သုစိရံ-ကြာမြင့်စွာသော ကာလပတ်လုံး၊ ရံဧယေ-မိမိ၌မွေ့လျော်, ပျော်ပိုက်စေရာ၏။

ရှင်း　ဤဂါထာ၌ သမလံ သမလံ, သုစိရံ သုစိရံ-တို့သည် ဝဏ္ဏတစ်ပါး, မခြားသောကြောင့် အဗျပေတတို့မည်၏၊ သမလံ သမလံ-ဟူသော ပထမပါဒ အစအစုံနှင့် စတုတ္ထပါဒ အစအစုံတို့သည် ကတ္တုံ-စသော မတူကွဲပြား, ဝဏ္ဏတစ်ပါး ခြားသောကြောင့် ဗျပေတမည်၏၊ ထို့ပြင် သုစိရံ သုစိရံ-ဟူသော ဒုတိယပါဒအစအစုံနှင့် တတိယပါဒအစအစုံတို့သည်လည်း ဧယေ-ဟူသော မတူကွဲပြား, ဝဏ္ဏတစ်ပါး ခြားနေသောကြောင့် ဗျပေတမည်၏၊ ထို့ကြောင့် ဤယမကကို "ပထမစတုတ္ထဒုတိယတတိယ ပါဒါဒိဗျပေတာဗျပေတယမက"ဟု ခေါ်သည်။

အဗျပေတပထမပါဒမဗျယမက

မနောဟရ ဟရ ကွေသံ , ဇိန စေတောဘဝံ မမ၊
နနု တွံ ပါရမီသာရာ-မတဘာဝိတမောသဓံ။

http://www.dhammadownload.com

အပ်ခဲ့ပြီ၊ အညာနိ ယမကာနိပိ–ဤမှတစ်ပါးသော ယမကတို့ကိုလည်း၊ ဣမာယေဝ ဒိသာယ–ဤနည်းဖြင့်ပင်လျှင်၊ (ဝိညူဟိ–ပညာရှိတို့သည်၊) ဥေယျာနိ–သိအပ်ကုန်၏။

ယမကတို့ကို အကြွင်းမဲ့မပြရခြင်း

၃၂။ အစ္စန္တဗဟဝေါ တေသံ , ဘေဒါ သမ္ဘေဒယောနိယော၊
တတ္ထာပိ ကေစိ သုကရာ , ကေစိ အစ္စန္တဒုက္ကရာ။

မနောဟရ–သတ္တဝါတို့၏ စိတ်နှလုံးကို ယူကျုံးနှစ်သိမ့်စေနိုင်သော၊ ဇိန–ရှင်တော်မြတ်ဘုရား !၊ (တွံ–ရှင်တော်မြတ်ဘုရားသည်၊) မမ–ဘုရားတပည့်တော်၏၊ စေတောဘဝံ–စိတ်၌ဖြစ်သော၊ ကွေသံ–ပူပန်ခြင်းကို၊ ဟရ–ပယ်ဖျောက်တော်မူပါလော့၊ တွံ–အရှင်မြတ်ဘုရားသည်၊ ပါရမီသာရာမတဘာဝိတံ–ပါရမီတော် အနှစ်သာရတည်းဟူသော အမြိုက်သုဓာဖြင့် ထုံအပ်သော၊ ဩသဓံ–ဆေးသည်၊ အသိနနု–ဖြစ်သည်မဟုတ်တုံလော။ (ရှင်းပြဖွယ်မလို၊ လွယ်ပြီ။)

အဗျပေတပထမပါဒန္တယမက

သာဓုနာ ရံဇယဇယ–ဒ္ဓနိနာပူရယိ မဟိံ၊
ယော တံ ဇိနဝရံ ဓီရ–မတ္ထကာမောသိ စေ တုဝံ။

ယော ဇိနဝရော–အကြင်ဘုရားမြတ်သည်၊ သာဓုနာ–ကောင်းသော၊ ဇယဒ္ဓနိနာ–အောင်သံဖြင့်၊ မဟိံ–မြေကို၊ အာပူရယိ–ပြည့်စေလေပြီ၊ (သပ္ပုရိသ–သူတော်ကောင်း !၊) တုဝံ–သင်သည်၊ စေအတ္ထကာမောသိ–အကယ်၍ အကျိုးစီးပွားကို လိုလားငြားအံ့၊ ဓီရံ–ကြီးမြတ်သော လုံ့လရှိတော်မူသော၊ တံ ဇိနံ–ထိုမြတ်စွာဘုရားကို၊ ရံဇယေ–နှစ်သက်စေပါလော့၊ (လွယ်ပြီ၊ ရှင်းပြရန်မလို။)

ယမကတို့ကို အကြွင်းမဲ့မပြရခြင်း

၃၂။ ထိုယမကတို့သည် အမျိုးရောလိုက်က အလွန်ပင် များပြားကုန်၏၊ ထိုတွင်လည်း တချို့ကား ပြုလွယ်ကုန်၏၊ တချို့ကား ပြုခြင်းငှာ အလွန်ခဲယဉ်းကုန်၏၊ ထို့ကြောင့် အကြွင်းမဲ့အားဖြင့် မပြဘဲ "အဗျပေတာဒိ"စသော ဂါထာဖြင့် အတိဒေသနည်းအားဖြင့် နိဂုံးအုပ်ခဲ့ရပေသည်၊ ပြုလွယ်သော ယမကအချို့ကို ရှေ့ကညွှန်ပြအပ်ခဲ့ပေပြီ၊ ထို့ကြောင့် ၎င်းတို့ကို မပြတော့ဘဲ ပြုခြင်းငှာခဲယဉ်းသော ယမကတို့ကို သောတုဇနတို့ နည်းရရုံမျှ ပြဦးအံ့။

ပါဒစတုက္ကာဒိယမက(ဧကရူပအဗျပေတဗျပေတ)

မနံ မနံ သတ္ထု ဒဒေယျ စေ ယော , မနံ မနံ ပီဏယတဿ သတ္ထု၊
မနံ မနံ တေန ဒဒေယျ စေ နု , မနံ မနံ ပဿ နု သာဓုပူဇံ။

ယော–အကြင်ပုဂ္ဂိုလ်သည်၊ မနံ–မိမိ၏စိတ်ကို၊ သတ္ထု–မြတ်စွာဘုရားအား၊ မနံ–ခဏမျှ(လည်း)၊ စေ ဒဒေယျ–အကယ်၍များ, ပေးလှူငြားအံ့၊ သတ္ထု–မြတ်စွာဘုရား၏၊

http://www.dhammadownload.com

၃၂။ တေသံ-ထိုယမကတို့၏၊ သမ္ဘေဒယောနိယော-ရောနှောသောအကြောင်း ရှိကုန်သော၊ ဘေဒါ-အပြားတို့သည်၊ အစ္စန္တ ဗဟဝေါ-အလွန်များကုန်၏၊ တတ္ထာပိ-

---

မနံ-စိတ်သည်၊ အဿ-ထိုပုဂ္ဂိုလ်၏၊ မနံ-စိတ်ကို၊ ပိဏ္ဍယတိ-နှစ်သိမ့်စေ၏၊ တေန-ထို့ကြောင့်၊ မနံ မနံ-စိတ်တိုင်းစိတ်တိုင်းကို၊ ဒဒေယျ-ပေးလှူရာ၏၊ စေ နံ ဒဒေယျ-အကယ်၍ မပေးလှူငြားအံ့၊ အဿ-ထိုပုဂ္ဂိုလ်၏၊ မနံ-စိတ်သည်၊ မနံပိ-တစ်မုဟုတ်မျှလည်း၊ သာဓုပူဇံ-သူတော်ကောင်းတို့ ပူဇော်အပ်သည်၊ နံ ဘဝတိ-မဖြစ်တော့ပေ။

ရှင်း လေးပါဒလုံး၏ အစတိုင်း၌ မနံ မနံ-ဟူ၍ အစုံပြုဆိုထားသောကြောင့် ပါဒစတုက္ကာဒိယမက, အကုန်လုံး ရုပ်သွင်တူမျှသောကြောင့် ဧကရူပ, မနံ မနံ-တို့သည် အက္ခရာတစ်ပါး မခြားသောကြောင့် အဗျပေတ, ပထမပါဒ၏ အစ၌ရှိသော မနံ မနံ, ဒုတိယပါဒ-စသည်တို့၏ အစ၌ရှိသော မနံ မနံ-တို့သည် သတ္တ ဒဒေယျ-စသော အက္ခရာတစ်ပါးခြား၍ ယမကဖြစ်ပြန်သောကြောင့် ဗျပေတတို့မည်၏၊ ထိုစကားလေးရပ်ကို ပေါင်းစပ်၍ ဤယမကသည် "ပါဒစတုက္ကာဒိယမက ဧကရူပအဗျပေတဗျပေတ" ဟူသော အမည်ကို ရလေသည်၊ (နောက်ပုံစံတို့ကိုလည်း နည်းမှီ၍ သိလေ၊ ရှင်းပြတော့မည်မဟုတ်။)

ပါဒစတုက္ကမဇ္ဈယမက(ဧကရူပအဗျပေတဗျပေတ)

သမုန္နတေန တေ သတာ , ကထံ နု တေ နု တေ သိယုံ၊
ယတော နတေ နတေပိတော , သိယုံ နု တေ နတေသုဘာ။

(ဇိန-မြတ်စွာဘုရား !၊ ယတော-အကြင်ကြောင့်၊ တေ-ရှင်တော်မြတ်ဘုရား၏၊ သတာ-တင့်တယ်ကောင်းမြတ်သော၊ သမုန္နတေန-ကောင်းစွာမြင့်မှောက် တက်ကြွသော ဂုဏ်တော်ရောင်ခြည်တော်အစုကြောင့်၊ နတေပိ-မိမိ၌ ရှိခိုးသောသူ၌လည်းကောင်း၊ အနတေပိ-ရှိမခိုးသောသူ၌လည်းကောင်း၊ တေတေသုဘာ-ထိုထိုတင့်တယ်သော ဂုဏ်တော်ရောင်ခြည်တော်အစုတို့သည်၊ နနသိယုံ-မဖြစ်မနေ ဧကန်ပင်ဖြစ်ကြရချေသည်သာ၊ အတော-ထို့ကြောင့်၊ တေသုဘာ-ထိုတင့်တယ်သောဂုဏ်တော်, ရောင်ခြည်တော်အစုတို့သည်၊ နတေ-မိမိ၌ရှိခိုးသောသူ၌၊ ကထံနသိယုံ-အဘယ်မှာလျှင် မဖြစ်ကုန်ဘဲရှိပါတော့အံ့နည်း။ (ဘဝန္တေ ဝ-ဧကန်ပင် ဖြစ်ကြကုန်တော့သည်သာ။)

ပါဒစတုက္ကန္တ ယမက(ဧကရူပအဗျပေတဗျပေတ)

ဇိနံ ပဏာမောနတသဇ္ဇနံ ဇနံ , ဂုဏော နိဝေသန္တ မသဇ္ဇနံဇနံ၊
ဝေနေယျနေတ္တေ ဂုဏဘာဇနံ ဇနံ , နမေ မမေန္တံ ခလု သဇ္ဇနံဇနံ။

ပဏာမောနတသဇ္ဇနံ-ရှိခိုးလိုသည်ဖြစ်၍ ဦးညွတ်သောသူတော်ကောင်းအပေါင်း ရှိသော၊ ဇနံ-ဝေနေယျသတ္တဝါအပေါင်းကို၊ အသဇ္ဇ-မပယ်စွန့် မမှေလျော့မူ၍၊ ဂုဏော-သီလ-စသောဂုဏ်အပေါင်း၌၊ နိဝေသန္တံ-တည်နေစေတတ်သော၊ ဝါ-တိုက်တွန်းနှိုးဆော်ပေးတတ်သော၊ ဝေနေယျနေတ္တေ-သတ္တဝါတို့၏ မျက်လုံးအစုံ၌၊ အံဇနံ-(အဉ္ဇနံ)-

http://www.dhammadownload.com

ထိုယမကတို့တွင်လည်း၊ ကေစိ–အချို့သော ယမကတို့ကို၊ သုကရာ–လွယ်ကူစွာ ပြုအပ်ကုန်၏၊ ကေစိ–အချို့သောယမကတို့ကို၊ အစ္ဆန္ဒဒုက္ကရာ–အလွန်အမင်း ဆင်းရဲခဲယဉ်းစွာ ပြုအပ်ကုန်၏။

မျက်စဉ်း သဖွယ်ဖြစ်သော၊ ဂုဏာဘာဇနံ–ဂုဏ်အပေါင်းတို့၏ တည်ရာဖြစ်သော၊ ဝါ–တည်ရာဖြစ်သောကြောင့်၊ သဇ္ဇနံဇနံ–(သဇ္ဇနဥ္စနံ)–သူတော်ကောင်းတို့၏ မျက်စဉ်းသဖွယ်ဖြစ်သော၊ ဇနံ–သူတော်ကောင်းဖြစ်သူ လူအပေါင်းကို၊ ခလု–စင်စစ်အားဖြင့်၊ မမေန္တံ–(မမာယန္တံ)– မြတ်နိုးတော်မူတတ်ထသော၊ နံ ဇိနံ–ငါးမာရ်အောင်မြင်, ထိုဘုရားရှင်ကို၊ အဟံ–အကျွန်ုပ်သည်၊ နမေ–ဦးညွတ်ရိုကျိုး ရှိခိုးပါ၏။

ပါဒစတုက္ကာဒိယမက(၈ကရူပဗျပေတ)

သာဘာသု သာဘာ ဘုဝနေ ဇိနဿ , သာဘာယ သာ ဘာသတိယေဝ ဇာတု၊
သာဘာယ သာ ဘာတိ နု စေ ကထန္နု , သာဘာ သသာဘာနမတိစ္ဆ ဘာတိ။

ဘုဝနေ–သတ္တလောကဌ္ဌ၊ သာဘာသု–ထင်ရှားရှိသော အရောင်တို့တွင်၊ ဇိနဿ–မြတ်စွာဘုရား၏၊ ယာ သာဘာ–အကြင်တင့်တယ်သော အရောင်တော်သည်၊ အတ္ထိ–ရှိ၏၊ သာ–ထိုအရောင်တော်သည်၊ သာဘာယ–ထင်ရှားရှိသော အရောင်အဝါအပေါင်းထက်၊ ဝါ–တင့်တယ်သော အရောင်အဝါအပေါင်းထက်၊ ဇာတု–ဇကန်စင်စစ်အားဖြင့်၊ ဘာသတိ ယေဝ–ထွန်းလင်းတောက်ပတော့သည်သာ၊ သာ–ထိုမြတ်စွာဘုရား၏ အရောင်တော်သည်၊ သာဘာယ–ထင်ရှားရှိသော အရောင်အဝါထက်၊ (အဓိကာ–ပိုလွန်သည်၊ ဟုတွာ–ဖြစ်၍၊) စေ နု ဘာတိ–အကယ်၍ မတောက်ပငြားအံ့၊ သသာဘာနံ–ထင်ရှားရှိလတ်, တင့်တယ်ကောင်းမြတ်သော အရောင်အဝါနှင့်တကွဖြစ်ကုန်သော ဗြဟ္မာစသည်တို့၏၊ သာဘာ–တင့်တယ်သော အရောင်အဝါတို့ကို၊ အတိစ္ဆ–ကျော်လွန်၍၊ ကထန္နု ဘာတိ–အဘယ်မှာလျှင် မတောက်ပဘဲ ရှိပါတော့အံ့နည်း၊ (အထဓေါ–အဟုတ်သော်ကား၊ ဘာသတိဧဝ–တောက်ပတော့သည်သာ။)

ပါဒစတုက္ကမဇ္ဈယမက(၈ကရူပဗျပေတ)

နု ဘာသုရာ တေပိသုရာ ဝိဘူသိတာ , တထာသုရာ ဘူရိ သုရာပရာဇိတာ၊
သဘာသု ရာဇာပိတထာ သုရာဇိတော , ယထာ သုရာဇန္တိ သုရာ ဝိနိဿဋာ။

သုရာဝိနိဿဋာ–သေသောက်ခြင်းမှ, ကင်းလွတ်ကြသူ, များစွာသောလူတို့သည်၊ သုရာဇန္တိ ယထာ–အလွန်လှပ, တင့်တယ်ကြကုန်သကဲ့သို့၊ တထာ–ထို့အတူ၊ ဝိဘူသိတာ–အထူးအားဖြင့် တန်ဆာဆင်ယင်အပ်ကုန်သော၊ တေပိသုရာ–ထိုနတ်တို့သော်မှလည်း၊ နု ဘာသုရာ–မလှပ မတင့်တယ်ကြလေကုန်၊ တထာ–ထို့အတူ၊ သုရာပရာဇိတာ–အရက်သောက်ခြင်းကြောင့် ဆုံးရှုံးခြင်းသို့ ရောက်ကုန်သော၊ ဘူရိအသုရာ–များစွာသော ဝေပစိတ္တိစသော အသုရာတို့သည်၊ နု ဘာသုရာ–မလှပ မတင့်တယ်ကြလေကုန်၊ တထာ–ထို့အတူ၊ သုရာဇိတော–ကောင်းစွာတန်ဆာဆင်ယင်အပ်ပြီးသော၊ ရာဇာပိ–မင်းသည်လည်း၊ သဘာသု–သဘင်ပရိသတ်တို့၌၊ နု ဘာသုရော–မလှပ မတင့်တယ်ပေ။

http://www.dhammadownload.com

ပါဒစတုက္ကန္တ ယမက(ဧကရူပဗျပေတ)

ဓိနာဏတ္တိယံ ယောဟိတာသာ သိတာသာ , အဝဿံဝ တေ ဟောန္တျတာသာ ဟတာသာ၊ အတော သဗ္ဗပါပေ သတာသာ ဝတာသာ , ကရောန္တေ ဝ သန္တိ သိတာ သာမိတာသာ။

ယေ-အကြင်သူတော်ကောင်းတို့သည်၊ ဓိနာဏတ္တိယံ-မြတ်စွာဘုရား၏ ဝိနည်းပညတ်-ဟု ဆိုအပ်သော အာဏာဒေသနာတော်၌၊ သြဟိတာသာ-(မလွန်ကျူးခြင်း၏ အစွမ်းဖြင့်) ချထားအပ်သော အလိအာသာ ရှိကုန်၏၊ သိတာသာ-ဖြူစင်သော အလိအာသာ ရှိကုန်သော၊ တေ-ထိုသူတော်ကောင်းတို့သည်၊ ဟတာသာ-(အစဉ်အားဖြင့်) ပယ်သတ်အပ်ပြီးသော တဏှာရှိကြကုန်သည်ဖြစ်၍၊ အဝဿံဝ-စင်စစ်အားဖြင့်သာလျှင်၊ အတာသာ-ထိတ်လန့်ခြင်း ကင်းကုန်သည်၊ (ယတော-အကြင်ကြောင့်၊) ဟောန္တိ-ဖြစ်ကုန်၏၊ အတော-ထို့ကြောင့်၊ သဗ္ဗပါပေ-အလုံးစုံသော အကုသိုလ်တရားတို့ကို၊ သတာသာ-ထိတ်လန့်ကြောက်ရွံ့ခြင်း ရှိကြကုန်သည်ဖြစ်၍၊ ဝတာသာ-အပြစ်ကင်းငြား, အကျင့်များကို လိုလားတောင့်တခြင်း ရှိကြကုန်သော သူတော်ကောင်းတို့သည်၊ သန္တိ သိတာ-နိဗ္ဗာန်ကို မှီကုန်သော၊ သာမိတာသာ-မိမိဥစ္စာ, အလိအာသာတို့ကို၊ ကရောန္တေ ဝ-ပြုကြကုန်သည်သာ။

ပါဒသန္ဓာနယမက

၆၈။ ပဒိတ္တဂေဟာ ဝိယ ဘေရဝံရဝံ , ရဝံ သမုဒ္ဒာယ ဂတော မဟေသိ၊

မဟေသိမာလောကိယ ပုတ္တမတ္တနော , တနောသိ နော ပေမမဟောဃမတ္တနော။[၉]

ပဒိတ္တဂေဟာ-ဝန်းကျင်ပြောင်ပြောင်, မီးစွဲလောင်နေသောအိမ်မှ၊ သမုဒ္ဒာယ-သုတ်သုတ်ပျာပျာ, ဆောလျင်စွာထ၍၊ ဂတောဝိယ-ဦးတည့်ရာဘက်, အသက်ရှင်ရေး, ထွက်ကာပြေးသောသူကဲ့သို့၊ ဘေရဝံရဝံ-ကြောက်ဖွယ်ကောင်းသော (ဥပဒ္ဒါတံဝတာ ဘော, ဥပသဋ္ဌံဝတာ ဘော-ဟူသော) အသံကို၊ ရဝံ-မြည်တမ်းလျက်၊ သမုဒ္ဒာယ-အိပ်ရာမှ ကောင်းစွာထ၍၊ ဂတော-သွားသော၊ မဟေသီ-မြတ်သော အစိုးရဖြစ်သော ဘုရား အလောင်းတော်သည်၊ (မဟန္တော စ သော ဤသောစာတိ-မဟေသိ၊ ယမကရက္ခဏတ္ထံ အကာရသိကာရော) မဟေသိ'စ-မိမိလင်ယောကျ်ား၏ ကြီးပွားတိုးတက်မှုကို ရှာဖွေတတ်သော ယသောဓရာမိဖုရားကြီးကိုလည်းကောင်း၊ အတ္တနော-မိမိ၏၊ ပုတ္တံစ-သားတော် ရာဟုလာကလေးကိုလည်းကောင်း၊ အာလောကိယ-ကြည့်ရှု၍၊ အတ္တနော-မိမိ၏သန္တာန်၌၊ ပေမမဟောဃံ-ချစ်ခင်မြတ်နိုးခြင်း တည်းဟူသော ကြီးစွာသော ရေအလျဉ်ကို၊ နော တနောသိ-ကျယ်ပြန့်ခွင့် မပေးလေပြီ၊ ဝါ-ယောနိသော မနသိကာရဖြင့် ပယ်ခွာတော်မူလေပြီ။

ဒွိပါဒဏ္ဍာသယမက

၁၁၃။ ဒိသွာန ဉာနာသနိပါတမန္တ ရံ , တထာ ဂတော သော နပုနာဂတောဝ၊

တထာ ဂတော သော နပုနာဂတောဝ , ဒိသွာ နဉာနာသနိပါတမန္တ ရံ။ [၉။]

ဉာနာသနိပါတမန္တ ရံ-အာဒိနဝဉာဏ, မိုးကြိုးကျကြောင်း, နိမိတ်ကြီးလေးပါး အပေါင်းကို၊ ဒိသွာန-မြင်တော်မူ၍၊ သော-(အထည်ကိုယ်မရှိသောကြောင့် အနင်္ဂန

http://www.dhammadownload.com

မည်သော) ထိုကာမရာဂသည်၊ တထာ-ထွက်ပြေးသောသူ ပြန်မကြည့်သကဲ့သို့၊ ဂတော-ထွက်သွားလေပြီ၊ နပုနာဂတောဝ-နောက်ထပ်တစ်ဖန် ပြန်မလာသည်သာတည်း၊ သော-ထိုဘုရားအလောင်းသည်လည်း၊ နဉာနာသနိပါတမန္တရံ-အဝိဇ္ဇာတည်းဟူသောမိုးကြိုး, ကျရိုးကြောင်းရင်း, ကိလေသာကာမတို့၏ ဖြစ်ခြင်းကို၊ ဒိသွာ-မြင်၍၊ တထာ-ထွက်ပြေးသောသူ ပြန်မကြည့်သကဲ့သို့၊ ဂတော-ထွက်သွားလေပြီ၊ နပုနာဂတောဝ-တစ်ဖန်ပြန်မလာသည်သာတည်း။

တိပါဒဗျာသယမက

၁၁၄။ တထာဂတစ္ဆေရ မဟော သိတဿ , တထာဟိ မာရောပိတ ဒါဟသန္တိံ၊
တထာဟိ မာရောပိ တဒါဟသန္တိံ , တထာဟိ မာရောပိ သဒါ ဟသန္တိံ။ [ဇ။]

သိတဿ-ဖြူစင်သောတရားရှိသော ဘုရားလောင်း၏၊ တထာဂတံ-ထိုသို့ ကာမရာဂကိုဖျက်ဆီး၍ သွားခြင်းသည်၊ အဟော အစ္ဆေရံ-ဩော် အံ့ဩဖွယ်ကောင်းပေစွ၊ တစ်နည်း= တဿ-ထိုဘုရားလောင်း၏၊ တထာဂမနံ-သည်၊ အစ္ဆေရံ-အံ့ဩဖွယ်သည်၊ အဟောသိ-ဖြစ်ခဲ့လေပြီ၊ တထာဟိ-ထိုစကား ထင်ရှားမသွေ မှန်လှပေ၏၊ အာရောပိတံ-မိမိသန္တာန်သို့ တက်ရောက်လာစေသော၊ ဒါဟသန္တိံ-ကိလေသာအပူကို ငြိမ်းစေတတ်သော နိဗ္ဗာန်သည်၊ တထာဟိ-ထိုနည်းတူစွာ အံ့ဩဖွယ် ပြုထိုက်သည်သာတည်း၊ မာရောပိ-ဝသဝတ္တီ, နတ်ပြည်ပိုင်နင်း, မာရ်နတ်မင်းသော်မှလည်း၊ တဒါ-သမီးလှတို့က, ကာမကျော့ကွင်းဖြင့်, အတင်းဖွဲ့နှောင်, ကိုယ့်အလိုသို့ပါအောင် ဆွဲဆောင်ပြမည်-ဟု ပြောဆိုကြရာ, ထိုအခါ၌၊ ဟသန္တိံ-မြတ်စွာဂုဏ်ထူး, ချီးကျူးရွှင်လန်းသောစကားကို၊ (ဝဏ္ဏေသိ-ဘေးမှာလွယ်ဆောင်, စောင်းလွတ်ကျသည်ကိုပင် မသိနိုင်လောက်အောင် ချီးကျူးပြောကြားခဲ့လေပြီ၊) တထာဂတံ-ထိုသို့ရန်သူမာရ, ချီးမွမ်းရအောင် ကာမရာဂကို ဖျက်ဆီး၍ သွားခြင်းသည်လည်း၊ တထာဟိ-ထိုနည်းတူစွာ, အံ့ဩဖွယ်သာတည်း၊ တဒါ-မာရ်မင်းသမီးကညာတို့ မာယာမျိုးစုံ အဖုံဖုံဖြင့် အစွမ်းကုန်ဖြားယောင်းကြရာ, ထိုအခါ၌၊ ဟသန္တိံ-ပြုံးရယ်ခြင်းစသား, ယှဉ်ငြားအထူး, ထိုနတ်ကညာပျိုသုံးဦးကို၊ မာရောပိ-မိမိစိတ်၌ မတက်ရောက်စေလေပြီ၊ ဝါ-စောင်း၍မျှမကြည့်ဘဲ, မျက်နှာလွှဲလေပြီ၊ တထာဂတံ-ထိုသို့ မကြည့်မရှု, ကာမရာဂကိုပယ်စွန့်၍ သွားနိုင်မှုသည်လည်း၊ အဟော အစ္ဆေရံ-ဩော် လက်ဖျစ်ရိုက်တီး, မြေတုန်ဟီးအောင်, အံ့ချီးခြင်းငှာ, ထိုက်လှပါပေစွ။

ဒုက္ကရဗန္ဓနမဟာယမက

၁၁၅။ သကာမဒါတာ ဝိနယာ မနန္တဂူ , သကာမဒါတာ ဝိနယာ မနန္တဂူ၊
သကာမဒါတာ ဝိနယာ မနန္တဂူ , သကာမဒါတာ ဝိနယာ မနန္တဂူ။ [ဇ။]

သ-(သော)-ထိုဘုရားအလောင်းတော်သည်၊ မနန္တဂူ-သုမေဓာဘဝကပင် (စိတ်အလို၏ ပြီးဆုံးရာ)နိဗ္ဗာန်ကို မျှော်မှန်းသိမြင်, ထွက်မြောက်ချင်သည်ဖြစ်၍၊ ဝိနယာ-ကိုယ်နှုတ်စိတ်ကို ဆုံးမလိုခြင်းကြောင့်၊ ကာမဒါတာ-အလိုရှိအပ်သော အရာဝတ္ထု, အစုစုတို့ကို ပေးလှူတော်မူတတ်သည်၊ အဟောသိ-ဖြစ်လေပြီ။

http://www.dhammadownload.com

သကာမဒါတာ-လိုလားတောင့်တခြင်းနှင့် တကွဖြစ်သော ပစ္စည်းဥစ္စာ, အင်္ဂါကိုယ်လက်, မိမိ၏အသက်ကို ရက်ရက်ကြည်ဖြူ, ပေးစွန့်လှူပြီးသည်ဖြစ်၍၊ ဝိနယာ-(နန္ဒိယာဝတ္တစသော) ထူးသောနည်းအား လျော်သောအားဖြင့်၊ မနုန္တ ဂူ-ဗောဓိပက္ခိယတရား, ၃၇-ပါးတို့ကို ဖြည့်ကျင့်လျက် မင်္ဂအစဉ်ဖြင့် စိတ်အလို၏ပြီးဆုံးရာ နိဗ္ဗာန်သို့ ရောက်တော်မူလေပြီ။ (အကြောင်းအားလျော်သော အကျိုးကိုရ။)

သကာမဒါတာ-ကာမတဏှာနှင့်တကွ အလုံးစုံသော ကိလေသာအပင်းအသင်းကို ခဲစားဖျက်ဆီးတတ်သည်ဖြစ်၍၊ ဝါ-မိမိသန္တာန်သို့ ဝင်ခွင့်မပေးသည်ဖြစ်၍၊ ဝိနယာ-အမျိုးမျိုးသောနည်းဖြင့်၊ အနုန္တ ဂူ-သဗ္ဗညုတဉာဏ်တော်ကို ရတော်မူလေပြီ။ (ဘုရားဖြစ်ပြီ။)

အနုန္တ ဂူ-သဗ္ဗညုတဉာဏ်တော်သို့ ရောက်တော်မူပြီးသော၊ သ-ထိုမြတ်စွာဘုရားသည်၊ ဝိနယာ-အမျိုးမျိုးသောနည်းဖြင့်၊ ကာမဒါတာ-ဝေနေယျတို့အား အလိုရှိအပ်သော အကျိုးစီးပွားကို ပေးတော်မူတတ်သည်၊ အဟောသိ-ဖြစ်တော်မူလေပြီ။ (သူတစ်ပါး၏ အကျိုးကိုကျင့်။)

အဗျပေတာဒျန္တ ယမက

၁၁၆။ ရဝေရဝေရောရဘိမာရဝေရဝေ , ရဝေရဝေရေရိ ဝဘေရဝေရဝေ၊
ရဝေရဝေသူဒိ တဂါရဝေရဝေ , ရဝေရဝေဒေသိဒိနောရဝေရဝေ။ [၆။]

အဘိရမာရဝေရဝေ-မာရ်နတ်၏ အထူးထူးအပြားပြား, ကြမ်းကြုတ်စွာကြိမ်းဝါးသော စစ်ပွဲ၌ဖြစ်သော၊ ရဝေ-ခက်ထန်ကြမ်းကြုတ်သောစကား၌၊ အဝေရော-ဘေးရန်ကင်းတော်မူသော၊ ဒိနော-ငါးမာရ်အောင်မြင်, ဘုရားရှင်သည်၊ ဝေရေ-ရန်သူဖြစ်သော ရာဟုအသူရိန်, ရောက်လာသောအချိန်၌၊ ရဝေရံ-(ရဝိ-ဤ၌)ကျဝ-နေ၏တုန်လှုပ်ခြင်းကဲ့သို့၊ ဘေရဝေရဝေ-အပါယ်စသောဆင်းရဲတို့မှ ကြောက်ခြင်းကြောင့်ဖြစ်သော အသံရှိကုန်သော၊ ရဝေရဝေ-မြတ်စွာဘုရား ဟောတိုင်းဟောတိုင်းသောတရားတော်၌၊ သူဒိတဂါရဝေရဝေ-(သု-ဥဒိတ-ဂါရဝေ-ရဝေ)-ကောင်းစွာထင်ရှားသော ရိသေခြင်းကြောင့် သာဓုခေါ်သံရှိကုန်သော နတ်လူတို့ကို၊ သြရဝေရဝေ-(သြရ-ဝေရဝေ)-အထူးထူးအပြားပြား ဆန့်ကျင်သော (မုသာဝါဒစသော) စကားကြောင့်ဖြစ်သော အကုသိုလ်မှကင်းသည့် လွန်ကဲသော ကုသိုလ်ကို ပြတတ်ကုန်သော၊ ရဝေ-တရားစကားတို့ကို၊ အဝေဒေသိ-သိစေတော်မူလေပြီ။

ပဋိလောမယမက

၁၁၇။ လောကာယာတ တယာ ကာလော , ဝိသေသံ နနသံသေဝိ၊
ဝိသေသံ နနသံသေဝိ , လောကာယာတ တယာ ကာလော။ [၆။]

တယာ-ရှင်တော်ဘုရားမှ၊ လောကေ-လောက၌၊ အာယာတော-ပဋိသန္ဓေအဆက်ဆက်ဖြင့်လာသော၊ [သြကာရဿ အကာရော၊] ကာလော-ဘုရားလောင်းဖြစ်ရာကာလ, ဘုရားဖြစ်ရာကာလသည်၊ ဝိသေသံ-မိမိ သူတစ်ပါး, နှစ်ဦးသားတို့၏ လွန်ကဲသော အကျိုးစီးပွားပြုခြင်းအထူးကို၊ နနသံသေဝိယထာ-လွန်စွာမှီဝဲဆည်းကပ်သကဲ့သို့၊ တထာ-ထို့အတူ၊ တယာ-ရှင်တော်ဘုရားသည်၊ ဝါ-၏၊ လောကာ-လောကသုံးပါးမှ၊ အာယာတ

http://www.dhammadownload.com

ယမကနှင့်ပဟေဠိတို့ကို မပြရခြင်း

၃၃။ ယမကံ တံ ပဟေဠိ စ , နေကန္တ မဓုရာနိတိ၊
ဥပေက္ခိယန္တိ သဗ္ဗာနိ , သိဿခေဒဘယာ မယာ။

၃၃။ တံ ယမကံစ–ထိုဆိုခဲ့ပြီးသော ယမကမျိုးသည်လည်းကောင်း၊ ပဟေဠိစ–ပဟေဠိမျိုးသည်လည်းကောင်း၊ (ကွတိ–ကွမာနိ–ဤအလုံးစုံးတို့သည်၊) နေကန္တ မဓုရာနိ–စင်စစ်ကောင်းကုန်သည်၊ နဟောန္တိ–မဟုတ်ကြလေကုန်၊ တစ်နည်း= နေကန္တ မဓုရာနိ–အမြဲအားဖြင့် မကောင်းကုန်၊ ကွတိ–ထို့ကြောင့်၊ သိဿခေဒဘယာ–တပည့်အများတို့၏ ပင်ပန်းမည့်ဘေးရန့်ကြောင့်၊ သဗ္ဗာနိ–အလုံးစုံသော ယမက, ပဟေဠိတို့ကို၊ မယာ–ငါသည်၊ ဥပေက္ခိယန္တိ–အရေးမပြု, လျစ်လျူရှုအပ်ကုန်၏။

ကာလော–ထွက်ကြွသွားပြီးရာကာလ, (ပရိနိဗ္ဗာန်စံလွန်ပြီးရာကာလ)သည်လည်း၊ ဝိသေသံ–နတ်လူတို့၏ လွန်ကဲသော အကျိုးစီးပွားကို ပြုခြင်းအထူးကို၊ နနသံသေဝိ–လွန်စွာမှီဝဲလေပြီ၊ တစ်နည်း= ဝိသေသံ နနသံသေဝိ–နှစ်ပေါင်းငါးထောင်ကြာအောင် နတ်လူတို့၏ချမ်းသာအထူးကို ဆောင်တော်မူလေပြီ၊ (နကာရဒွယေန ကော အတ္ထော၊ အတိသယတ္ထော၊) အဆုံးမှပြန်၍ အစထိ တစ်လုံးစီ ဖတ်ကြည့်ပါ။

ပဒိလောမယမက

နမော တဿ ယတော မဟိမတော ယဿ တမော နံ။ [ဓ–၁၈၈။]

ယတော မဟိမတော–အကြင်ပါရမီစသား, အာနုဘော်တော်များကြောင့်၊ ယဿ–အကြင်မြတ်စွာဘုရားအား၊ တမော–မောဟကြောင်းရင်း, ကိလေသာအပင်းအသင်းသည်၊ နံ–မရှိလုံးလုံး, ပြိုပျက်ပြိုးလေပြီ၊ တဿ–အာနုဘော်သခင်, ထိုဘုရားရှင်အား၊ နမော–ဦးညွတ်ရိုကျိုး, ရှိခိုးပါ၏။

ရှင်း အစအကွေရာမှစ၍ အဆုံးအကွေရာတိုင်အောင်, အဆုံးအကွေရာမှစ၍ အစအကွေရာတိုင်အောင် အပြန်အလှန် ရွတ်ဆိုပါသော်လည်း တစ်မျိုးတည်းပင်ဖြစ်၏၊ ထို့ကြောင့် ပဒိလောမယမက–ဟု ခေါ်သည်။

ယမကနှင့်ပဟေဠိတို့ကို မပြရခြင်း

၃၃။ ထိုယမကနှင့်ပဟေဠိတို့သည် စင်စစ် အကောင်းချည်း မဟုတ်ကြလေကုန်၊ (သာယာအပ်သော အတ္ထရသ, သဒ္ဒရသတို့ အမြဲအားဖြင့် မရှိသောကြောင့်) မကောင်းသော ယမက, ပဟေဠိမျိုးတို့လည်း ရှိကုန်သေး၏၊ ထို့ကြောင့် ယမက, ပဟေဠိ အလုံးစုံတို့ကို တပည့်တို့ ပင်ပန်းမည့်အရေးကို မျှော်တွေး၍ မပြဆိုတော့ပေ၊ လျစ်လျူရှုရတော့သည်။

[ထိုသို့ စာကိုယ်ဆရာ လျစ်လျူရှုသွားပါသော်လည်း သောတုဇနတို့ နည်းရစိမ့် သောငှာ ယမကများကို ရှာဖွေ ထုတ်ပြခဲ့ပေသည်။]

http://www.dhammadownload.com

၄။ ဝိရောဓိဒေါသ ၆-မျိုး

၃၄။ ဒေသကာလကလာလောက-ဉာယာဂမဝိရောဓိ ယံ၊
တံ ဝိရောဓိပဒံ စေတ-မုဒါဟရဏာတော ဖုဋ္ဌံ။

နေကန္တ မမုရာနိ　သာယာအပ်သော အတ္ထရသ, သဒ္ဒရသတို့ကို အမြဲအားဖြင့် မရှိသော ကြောင့် ယမက, ပဟေဠိတို့သည် စင်စစ်မကောင်းပေ၊ အမြဲအားဖြင့် မကောင်းပေ၊ တစ်နည်း= "အနေကန္တ မမုရာနိ-အနေကန်အားဖြင့်သာ ကောင်းကုန်၏၊ ဧကန်အားဖြင့်ကား မကောင်းကုန်"၊ ဤသို့ကြံက သာ၍ ကျမ်းဆရာအာဘော် ကျမည် ထင်၏။

ပဟေဠိ　အသိခက်၍ အထင်တစ်မျိုးဖြစ်သွားအောင် တမင်လာ လျှို့ဝှက်အပ်သော စကားမျိုးသည် "ပဟေဠိ"မည်၏၊ ၎င်းကိုပင် မြန်မာတို့က "စကားထာ-စကားဝှက်"ဟု ခေါ်ကြ၏။

ပုံစံကား- ကြက်တောင်စည်းနဲ့ ကျောက်ပေါက်မာ၊ (အဖြေ-နာနတ်သီး။) အသီး ထက်မှာအပင်, အပင်ထက်မှာအသီး ဘယ်အသီးလဲ၊ (အဖြေ-နာနတ်သီး။) ငယ်စဉ်အခါ စားဖော်စားဖက်, ကြီးတော့ အိပ်ဖော်အိပ်ဖက်၊ (အဖြေ-ဝါး။)-စသည်တည်း။

အမှာ　ဋီကာဆရာများသည် ပဟေဠိအမျိုးမျိုးကို ဤနေရာ၌ ထည့်သွင်းဖွင့်ပြသွားပေသည်၊ သို့ဖြစ်၍ ၎င်းတို့ကို ဤနေရာ၌ ပြသင့်သော်လည်း ကြားခံအပိုစကား များနေက ကြည့်ရှုသူတို့ စိတ်ရှုပ်ဖွယ် ဖြစ်နေပေလိမ့်မည်၊ ထို့ပြင် ထိုပဟေဠိ-ဟူသည် သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရမျိုးပင် ဖြစ်ချေသည်၊ ထိုသဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့၌ လျော်စွာဝင်နိုင်ပေသည်၊ ထို့ကြောင့် ပဋ္ဌမပိုင်း၏ အဆုံးသို့ရောက်မှ နောက်ဆက်တွဲ အနေဖြင့် ပြဆိုရပေအံ့၊ အလိုရှိက ထိုပဋ္ဌမပိုင်း၏အဆုံး(နှာ-၄၁၈)၌သာ ရှုပါတော့။

(၄) ဝိရောဓိဒေါသ ၆-မျိုး

၃၄။　။ဒေသစရိ, ဆန်ကျင်ဘိ, မှတ်သိ ဝိရောဓ။

ဒေသ-စသည်နှင့် ဆန့်ကျင်ခြင်းရှိသောပုဒ်သည် "ဝိရောဓိဒေါသ"သင့်၏။ (ဝိရောဓ-ဤ၊ ဝိရုဇ္ဈနံ-ဝိရောဂေ၊ ဝိရောဓော အဿ အတ္ထီတိ-ဝိရောဓိ။) ထိုဝိရောဓိဒေါသသည်-

(က) ဒေသဝိရောဓိ,　　(ဃ) လောကဝိရောဓိ,
(ခ) ကာလဝိရောဓိ,　　(င) ဉာယဝိရောဓိ,
(ဂ) ကလာဝိရောဓိ,　　(စ) အာဂမဝိရောဓိ-

ဟု ၆-ပါးပြား၏၊ (ဤဝိရောဓိဒေါသသည် ထင်ရှားသိသာ၏၊ ထို့ကြောင့် ပုစံကို မပြတော့ပေ၊ ဤသို့ စာကိုယ်ဆရာ လျစ်လျူရှုသွားပါသော်လည်း သောတုဇနတို့ အသိဉာဏ် ပွားစေရန် မြန်မာပုံစံနှင့်တွဲ၍ အဓိပ္ပာယ်ကို ပြဆိုပါဦးမည်။)

http://www.dhammadownload.com

၃၄။ ယံ–အကြင်ပုဒ်သည်၊ ဒေသကာလကလာလောကဉာဂမဝိရောဓိ–(ကုန်း ရေစသော)အရပ်ဒေသ, (ညဉ့် နေ့စသော)အချိန်ကာလ, (ကခြင်း သီခြင်း စသော) အတတ်ငယ်ကလာ, (ထာဝရ ဇင်္ဃအရာဝတ္ထုတို့၏ ဖြစ်ရာဟုဆိုအပ်သော) လောက, (အသင့်ယုတ္တိဟူသော)ဉာယ, (ဘုရားစကားတော်စသော) အာဂမတို့နှင့် ဆန့်ကျင်ခြင်း ရှိ၏၊ တံ ပဒံ–ထိုပုဒ်သည်၊ ဝိရောဓိပဒံ–ဝိရောဓိဒေါသသင့်သော ပုဒ်မည်၏၊ ဧတံစ–ဤဝိရောဓိဒေါသသင့်သော ပုဒ်သည်လည်း၊ ဥဒါဟရဏာတော–ဥဒါဟရဏ်အားဖြင့်၊ ဖုဋ္ဌံ–ထင်ရှား၏။

(က) ဒေသဝိရောဓိ ကုန်း, ရေ–စသော အရပ်ဒေသနှင့် ဆန့်ကျင်ခြင်း ရှိသော ပုဒ်မျိုး။ ။ပုံစံ····“မိုးစွေပန်းသည် ရေ၌ပွင့်၏၊ ကုန်းပေါ်၌ ကြာပေါက်၏၊ အနောက်အရပ်မှ နေထွက်သည်” စသည်။

(ခ) ကာလဝိရောဓိ ညဉ့်, နေ့, ဥတု–စသော အချိန်အခါတို့နှင့် ဆန့်ကျင်ခြင်းရှိသော ပုဒ်မျိုး။ ။ပုံစံ····“ကုမုဒြာကြာသည် နေ့အခါ ပွင့်၏၊ ပဒုမာကြာသည် ညဉ့်အခါ ပွင့်၏၊ ဆောင်းတွင်း၌ တောင်လေတိုက်၏၊ မိုးတွင်း၌ မြောက်လေတိုက်သည်၊ မိုးဥတု၌ ဆီးနှင်းကျ၏၊ ကဆုန်လ၌ သဇင်, ခဝဲပွင့်၏၊ နံနက် နေဝင်၏၊ ညနေ နေထွက်၏”စသည်။

(ဂ) ကလာဝိရောဓိ ကခြင်း, သီခြင်း–စသော အတတ်ငယ်သည် ကလာမည်၏၊ ထိုကလာသည် “နစ္စကလာ, ဂီတကလာ”ဟု နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် တစ်မျိုးမျိုးနှင့် ဆန့်ကျင်လျှင် ကလာဝိရောဓိဒေါသသင့်၏။ ။ပုံစံ···· “ညဏတ်ပွဲ၌ မျောက်ကဲ့သို့ မြူးခုန်၍ သိကြားထွက်က၏၊ လက်ထပ်မင်္ဂလာပွဲ၌ မျောက်မင်းအူသံ တီးသင့်၏၊ မသာချရာ၌ စည်တော်ရွှမ်းသင့်၏၊ စည်းဝါးမကိုက်သော စောင်းသံသည် နာပျော်ဖွယ် ရှိ၏”စသည်။

(ဃ) လောကဝိရောဓိ (သတ္တဝါတို့၏ဖြစ်ရာ လူ့ပြည်, နတ်ပြည်–စသော)လောကနှင့် ဆန့်ကျင်ခြင်းရှိသော ပုဒ်မျိုး။ ။ပုံစံ····“မီး အေး၏၊ စန္ဒကူးပူ၏၊ ရှားပင် အနှစ်မရှိ၊ ကြက်ဆူပင် အနှစ်ရှိ၏၊ ဆင်သည် ဦးစွန်းကို ခါ၏၊ မြင်းမှာ ချိုရှိ၏”စသည်။

(င) ဉာယဝိရောဓိ လောက၌ သင့်လျော်သော သဘောသဘာဝနှင့် ဆန့်ကျင်ခြင်း ရှိသောပုဒ်မျိုး။ ။ပုံစံ····“ခြေမရှိဘဲ အပြေးမြန်၏၊ ခေါင်းမရှိဘဲ မော့ကြည့်၏၊ အဖေထက် သားတစ်လကြီး၏၊ ကုလားပိန်၌ လူဝဆေး ရှိ၏၊ လူပျိုကြီး၌ မျက်နှာပွင့်ဆေးရှိ၏၊ ဖျားနေသော ဒေါက်တာသည် ငှက်ဖျားအကုအသ ကောင်း၏” စသည်။ (မျက်စိဟင်းလင်း, တွင်းသာကြွင်းလည်း, ရှိရင်းထက်ပင်, ပို၍မြင်လျက်။–သုတ။)

http://www.dhammadownload.com

၅။ နေယျဒေါသ

၃၅။ ယဒပဂတိတမာနိယ-ဝတ္တဗ္ဗံ နေယျမာဟု တံ၊
ယထာ သဗ္ဗာပိ ဓဝလာ , ဒိသာ ရောစန္တိ ရတ္တိယံ။

(စ) အာဂမဝိရောဓိ မြတ်စွာဘုရား ဟောကြားသော တရားတော်, ပိဋကတ်, ဗေဒင်-စသည်နှင့် ဆန့်ကျင်သော ပုဒ်မျိုး။ ။ပုံစံ ....“အိပ်ငိုက်ခြင်း မိဒ္ဓသည် သစ်ပင်-စသည်တို့၌လည်း ရှိသောကြောင့် နာမ်မဟုတ်၊ ရုပ်သာ ဖြစ်သည်၊ ဒါန, သီလနှင့် နိဗ္ဗာန်မရောက်”စသည်။

လေ့ကျင့်ရန် (က) တောင်ထိပ်ကြာပေါက်, အနောက်နေထွက်, ပြိုအက်မြင့်မိုရ်, မီးကိုမပူ, ချမ်းစွဟူ၏။ (ခ) မိုးပေါ်မှာ ရေကြီးလို့, ဘုန်းကြီးကဘီးဆောင်, စစ်ကိုင်းချောင် မယ်သီလ, ခေါင်းပေါင်းစထောင်။

(၅) နေယျဒေါသ

၃၅။ ကြောင်းဆောင်သင့်ပါ, ကျိုးပုဒ်မှာ, မည်ပါနေယျ ပြစ်ဒေါသ။

အကြောင်းမပါသောကြောင့် လိုရင်းအဓိပ္ပာယ် မသိသာ မထင်ရှားရကား အကြောင်းဆောင်၍ထည့်မှ လိုရင်းအဓိပ္ပာယ်ကို သိရသော အကျိုးဖြစ်သောပုဒ်သည် “နေယျဒေါသ” သင့်၏။

ထင်ရှားစေအံ့....အကျိုးအကြောင်း နှစ်ပါးရှိသည့်အနက် အကျိုးသည် မဆိုလျှင် မဖြစ်နိုင်သော အရာမျိုး ဖြစ်၏၊ အကြောင်းကိုကား အသင့်ယူတို့ရသော တချို့နေရာ၌ မဆိုသော်လည်း ဖြစ်နိုင်၏၊ တချို့နေရာ၌မူ အကြောင်းကိုပါ ထည့်ဆိုမှ လိုရင်းအဓိပ္ပာယ် ပြည့်စုံ၏၊ ထိုသို့ အကြောင်းကို ထည့်ဆိုသင့်သောနေရာ၌ မဆိုဘဲ ချန်ထားလျှင် အကျိုးပုဒ်သည် “နေယျဒေါသ”သင့်၏။ (နေယျ+ဏ။ နေတဇ္ဇော-နေယျော၊ နေယျော အဿ အတ္ထီတိ-နေယျံ။)

ပြန်ပုံစံ။ ။ရပ်ဆယ်မျက်နှာ, ဘော်သာခွာသွေး, ဖြူဖြူဖွေးသည်, စုဝေးတင့်တယ်-ညဉ့်ချိန်ဝယ်။

ရှင်း အရပ်ဆယ်မျက်နှာ ဖြူဖွေးသည်ဆိုရာ၌ အကြောင်းမပါသောကြောင့် (ဓဝလာ-ဘော်သာခွာသွေး, ဖြူဖြူဖွေး)ဟူသော အကျိုးပုဒ်၏ လိုရင်းအဓိပ္ပာယ် မသိသာ မထင်ရှားချေ၊ (စန္ဒကိရဏာ-လရောင်ဟပ်၍)စသော အကြောင်းကို ဆောင်ထည့်ပါမှ လရောင်ကြောင့် ဖြူသည်-ဟူသော ဆိုလိုရင်းအနက်အဓိပ္ပာယ်ကို သိရပေသည်၊ ထို့ကြောင့် ထိုအကျိုးပုဒ်သည် “နေယျဒေါသ”သင့်၏။

ရာဇဝင်ပုံစံ အဝမြို့တွင် ၇၂၉-ခုနှစ် နန်းတက်သော မင်းကြီးစွာလက်ထက် ရခိုင်စားစောမွန်ကြီး ကြမ္မာကုန်၍ ကျွန်တော်ရင်း တလုပ်စားစောမည်းအား ၇၄၂-ခုနှစ်တွင် ရခိုင်ကိုပေးရာ အမတ်စည်တပြစ်က “ကြောင်ကဲ့သို့ ကျင့်လေ, ညောင်ကဲ့သို့ ကျင့်လေ”ဟု မှာလိုက်၏၊ စောမည်းလည်း ရခိုင်သို့ရောက်လျှင် အိမ်တွင်ရှိသမျှကြောင်, တောတွင် ရှိသမျှကြောင်တို့ကို သတ်၍စားလေ၏၊ မြို့တွင်းမြို့ပြင်၌ရှိသော ညောင်ပင်-ဟူသမျှကိုလည်းခုတ်၍ ဆင်စာကျွေးလေ၏၊ ထိုအခါ “သည်မင်းသား မင်းပြုမှ ရခိုင်တွင်

http://www.dhammadownload.com

၃၅။ ယံ–အကြင်အကျိုးဖြစ်သောပုဒ်သည်၊ အပ္ပတီတံ–(အကြောင်းမပါသောကြောင့် လိုရင်းအဓိပ္ပာယ်) မသိသာမထင်ရှားပေ၊ ဝါ–မသိသာမထင်ရှားသည်ဖြစ်၍၊ အာနိယ–အကြောင်းကိုဆောင်၍၊ (ဂု–နက်၊) ဝါ–ပုဒ်တစ်ပါးကိုဆောင်၍၊ (ဋီ–နက်၊) ဝတ္တဗ္ဗံ–ဆိုအပ်၏၊ တံ–(အကြောင်းဆောင်မှ နက်သိရသော) ထိုပုဒ်ကို၊ နေယျံ–နေယျဒေါသသင့်သောပုဒ်ဟူ၍၊ (ပေါရာဏာ–ရှေးဠာဏ်ဖြစ်ပေါ်, ဆရာကျော်တို့သည်၊) အာဟု–ဆိုကြလေကုန်ပြီ၊ (ယထာ . . . . သဗ္ဗာပိတျာဒိ . . . . ။) သဗ္ဗာပိ–အလုံးစုံလည်းဖြစ်ကုန်သော၊ ဒိသာ–အရပ်မျက်နှာတို့သည်၊ ဓဝလာ–ဖွေးဖွေးဖြူကြကုန်သည်ဖြစ်၍၊ ရတ္တိယံ–ညဉ့်အခါ၌၊ ရောစန္တိ–တင့်တယ်တောက်ပကြလေကုန်၏။

နေယျဒေါသသင့်သောပုဒ်များကို ပညာရှင်တို့ အသုံးမပြု

၃၆။ နေဒိသံ ဗဟုမညန္တိ , သဗ္ဗေ သဗ္ဗတ္ထ ဝိညုနော၊
ဒုလ္လဘာဝဂတိ သဒ္ဒ– သာမတ္ထိယ ဝိလိယ်နိ။

ကြောင်လည်းကုန်၏၊ ညောင်လည်းကုန်၏"ဟု ရခိုင်သားတို့ စိတ်သဘောမကျ၍ ပုန်ကန်သောကြောင့် ထွက်ပြေးရချေသည်၊ ထိုကစ၍ မင်းကြီးစွာသည် ရခိုင်ကို လက်လွတ်ရချေသည်။ (ကန်တော်မင်းကျောင်းမေတ္တာစာ–အဖြေ။)

ရှင်း "ကြောင်တို့မည်သည် အခါခပ်သိမ်း လက်သည်းကို မထုတ်မဖွင့်ဘဲ အရေးရှိမှ ထုတ်ဖွင့်၍ အသုံးပြုသကဲ့သို့ အခါခပ်သိမ်း ဘုန်းလက်ရုံးအာဏာကို မသုံးဘဲ အခါအားလျော်စွာသာ အသုံးပြုလေ၊ ညောင်တို့မည်သည် အရိပ်သို့ ဝင်ရောက်လာသော သူတို့ကို ငြူစူခြင်းမရှိ၊ ဖြန့်မိုး၍ အေးမြစေသကဲ့သို့ နိုင်ငံတွင်း၌ ဝင်ရောက်ခိုလှုံနေထိုင်သူတို့အား အခါခပ်သိမ်း အေးမြအောင် မေတ္တာဖြင့် ဖြန့်မိုးလေ"ဟု ဆောင်၍ သိအပ်သော အနက် ရှိသောကြောင့် "ကြောင်ကဲ့သို့ကျင့်လေ, ညောင်ကဲ့သို့ကျင့်လေ" ဟူသော စကားသည် "နေယျဒေါသ"သင့်၏။

လိမ္မာနားလည်သောသူတို့အား ပြောကြားခဲ့ပါမူ ပြောသင့်ပြောထိုက်သော စကားမျိုးပင် ဖြစ်သည်၊ သို့ရာတွင် ဉာဏ်မရှိသောသူကို ပြောမိသောကြောင့်သာ ပျက်စီးရချေသည်၊ "နေယျဒေါသသင့်သည်"ဟု ဆိုခဲ့ရပေသည်၊ (သူလျှိုလွှတ်ကာ, ဥစ္စာရှာနှင့်, ပညာသုတ, အလိုရှိက, မိမိအရေး, မပြီးသေးလျှင်, ထောက်တွေးစာနာ, ကြောင်သို့သာလျှင်, ကျင့်ရာသည်များ, ဤလေးပါး။ . . . . သုတ–၁၁၁။)

နေယျဒေါသသင့်သောပုဒ်များကို ပညာရှင်တို့ အသုံးမပြု

၃၆။ ဝါစကသဒ္ဒါနှင့်သော်လည်းကောင်း, အနက်၏အစွမ်းသတ္တိ–ဟူသော အသင့်ယုတ္တိ(ဥပစာသတ္တိ)နှင့်သော်လည်းကောင်း ကင်း၍ ဆိုလိုရင်းအနက်အဓိပ္ပာယ်ကို မသိ

http://www.dhammadownload.com

၃၆။ ဤဒိသံ-ဤသို့သဘောရှိသော နေယျဒေါသသင့်သော ပုဒ်မျိုးကို၊ သဗ္ဗေ ဝိညုနော-ပညာရှိအကုန်လုံးတို့သည်၊ သဗ္ဗတ္ထ-အဖွဲ့ဗန္ဓအလုံးစုံ၌၊ နာ ဗဟုမညန္တိ-လွန်စွာမမြတ်နိုးကြကုန်၊ ဝါ-အသုံးမပြုကြကုန်၊ (ကသ္မာ-အဘယ့်ကြောင့်နည်းဟူမူကား၊ ယသ္မာ-အကြင်ကြောင့်၊) သဒ္ဒသာမတ္ထိယဝိလိၑိနိ-သဒ္ဒါဟုဆိုအပ်သော ဝါစကနှင့် အစွမ်းသတ္တိတည်းဟူသော အသင့်ယုတ္တိကို ခုန်ကျော်၍ဖြစ်သော၊ အဝဂတိ-အနက်ကို ထိုးထွင်း၍ သိမြင်ခြင်းကို၊ ဝါ-အသိဉာဏ်ကို၊ ဒုလ္လဘာ-ရအပ်ခဲ၏၊ ဝါ-ရနိုင်ခဲ၏၊ (တသ္မာ-ထို့ကြောင့်တည်း။)

၆။ ဝိသေသနာပေက္ခဒေါသ

၃၇။ သိယာ ဝိသေသနာပေက္ခံ , ယံ တံ ပတ္တာ ဝိသေသနံ၊
သာတ္ထကံ တံ ယထာ တံ သော , ဘိယျော ပသတိ စက္ခုနာ။

နိုင်ချေ၊ ထို့ကြောင့် ထိုနေယျဒေါသသင့်သော ပုဒ်မျိုးကို အရာခပ်သိမ်း၌ ပညာရှိတို့ အကုန်လုံး မမြတ်နိုးကြကုန်၊ အသုံးမပြုကြကုန်၊ ရှောင်ကြဉ်ကြကုန်၏။

(၆) ဝိသေသနာပေက္ခဒေါသ

၃၇။ ။ ဝိသေသနလိုနေ, **ပုဒ်ထွေထွေ,** ဝိသေသန-အပေက္ခ။

ဝိသေသနပုဒ် ပါရှိမှသာ **အနက်အဓိပ္ပာယ်** ပြည့်စုံနိုင်သော အရာမျိုး၌ ဝိသေသနမထည့်ဘဲ ဆိုထားသမျှသော **ဝိသေသျပုဒ်**သည် ဝိသေသနာပေက္ခဒေါသ သင့်၏၊ (ဝိသေသနမလိုဘဲ အနက်အဓိပ္ပာယ် ပြည့်စုံပါလျက် "ကဏ္ဍော မသိ-နက်သောမီးသွေး" စသည်ဖြင့် ဆိုကလည်း "**ပတိတတ္ထဒေါသ**" သင့်တတ်သည်၊ ထို့ကြောင့် အရာဌာနအား လျော်စွာ ဝိသေသနကို အချိုးတကျ အသုံးပြုကြရာသည်။) [ဝိသေသန-ဝိသေသနပုဒ်၊ အပေက္ခ-ငဲ့သည်၊ ဝိသေသနံ အပေက္ခတီတိ-ဝိသေသနာပေက္ခံ။]

ပြန်ပုံစံ။ ။သ့ဆီစူးစူး, မိန်းမူးတည့်တည့်, **စိမ်းစိမ်းကြည့်**၏။

ရှင်း (ချစ်ခင်၍ကြည့်လျှင် မျက်စိကြည်လင်မြဲ, ဖြူမြဲဖြစ်၏၊ မုန်း၍ကြည့်လျှင် မျက်စိညစ်နွမ်း, နီမြန်းမြဲဖြစ်၏၊) ပုံစံ၌ "မျက်စိဖြင့် စိမ်းစိမ်းကြည့်၏"ဟု ဆိုထားရာ နီသော, ဖြူသော-ဟူသော **ဝိသေသနမပါ**ချေ၊ (ရတ္တေန-နီသော၊ ပသန္နေန-ကြည်လင်သော, ဖြူသော)ဟူသော ဝိသေသနပါရှိမှသာ ချစ်၍ကြည့်သည်, မုန်း၍ကြည့်သည်-ဟူသော အနက်အဓိပ္ပာယ် ပြည့်စုံနိုင်ပေမည်၊ သို့ဖြစ်၍ (စက္ခုနာ ပသတိ-**မိန်းမူးတည့်တည့်, စိမ်းစိမ်းကြည့်**၏)-ဟူသော ပုဒ်သည် ဝိသေသနမပါဘဲ ဆိုထား**သောကြောင့်** ဝိသေသနာပေက္ခဒေါသ သင့်၏။

ဥပဒေသ ဤဝိသေသနာပေက္ခဒေါသသည် အလွန်သင့်လွယ်၏၊ ဝိသေသနာပေက္ခဒေါသသင့်သော စကားကို ပြောဆိုသုံးစွဲမိ၍ အကျိုးယုတ်ဖူးသောထုံးကား

http://www.dhammadownload.com

၃၇။ ယံ–အကြင်(ဝိသေသျ)ပုဒ်သည်၊ ဝိသေသနံ–ဝိသေသနပုဒ်ကို၊ ပတ္တာ–ရမှ၊ သာတ္ထကံ–အနက်အဓိပ္ပာယ် ပြည့်စုံ၏၊ တံ–(ဝိသေသနမှယုတ်) ထိုဝိသေသျပုဒ်သည်၊ ဝိသေသနာပေက္ခံ–ဝိသေသနာပေက္ခဒေါသသင့်သော ပုဒ်မည်သည်၊ သိယာ–ဖြစ်၏၊ တံ ယထာ–ထို(ဝိသေသနာပေက္ခဒေါသသင့်သောပုဒ်)၏ ဥဒါဟရဏ်ကား၊ တံ သောတျာဒိ–တံ သောစသည်တည်း။

သော–သူသည်၊ တံ–သူ့ကို၊ စက္ခုနာ–မျက်စိဖြင့်၊ ဘိယျော–လွန်စွာ၊ ဝါ–စေ့စေ့၊ ပဿတိ–ကြည့်၏။

၇။ ဟီနတ္ထကဒေါသ

၃၈။ ဟီနံ ကရေ ဝိသေသျံ ယံ , တံ ဟီနတ္ထံ ဘဝေ ယထာ၊
နိပ္ပဘီကတခဇ္ဇောတော , သမုဒေတိ ဒိဝါကရော။

များလှပေ၏၊ ထို့ဝိသေသနာပေက္ခဒေါသ မသင့်ရအောင် သတိကြီးစွာထား၍ ပြောဆိုရေးသားကြရာ၏။

ဟဲ့–ပေါ်ဦး ! တံခါးဖွင့်စမ်း၊ ဘယ်သူလဲ ?၊ ငါပါကွဲ့၊ ဘယ်ကငါလဲ ?၊ ငါပါဆိုတာ မကြားဘူးလား ?၊ ကြားတယ်, ဒီငါမျိုး တစ်နေ့ကို တစ်ရာ ကိုးဆယ် ကြားနိုင်တယ်၊ သွား, ဖွင့်မပေးဘူး၊ ဤ၌ ဘုရင်ပင် ဖြစ်သော်လည်း ဝိသေသနာပေက္ခဒေါသသင့်သော "ငါ"ကို သုံးစွဲမိသောကြောင့် အိမ်တော်ကျွန်ပေါ်ဦး၏ အဆိုကို ခံရချေသေးသည်၊ ထို့ကြောင့် မှောင်ထဲ၌ တစ်စုံတစ်ယောက်သောသူနှင့် တွေ့၍ မေးခဲ့သော် ကျွန်တော်မောင်ဖြူပါ၊ တပည့်တော် တိဿပါ–စသည်ဖြင့် အမည်ပါတွဲ၍ ပြောသင့်သည်၊ ရှင်ရာဟုလာက မြတ်စွာဘုရားကို "အဟံ ရာဟုလော ဘဂဝါ–(တပည့်တော်ရာဟုလာပါအရှင်ဘုရား)"ဟု လျှောက်ထားသည်ကို အတုယူနည်းခိုးသင့်၏။

ရှေးအခါ စစ်ပွဲတစ်ခုမှ "အမြောက်ဆံ ပေးလိုက်ပါ"ဟု တောင်းသောစာတွင် အကြီးအငယ် အမျိုးအစားကို ခွဲခြား၍ သေချာအောင် ဝိသေသနကို ထည့်မရေးသောကြောင့် တွေ့ရာအမြောက်ဆံကို ပေးလိုက်ရာ အမြောက်ဝကျဉ်း အမြောက်ဆံက ကြီးနေ၍ ရန်သူကို မပစ်ရဘဲ အကြီးအကျယ် ဆုံးရှုံးရဖူးသော ထုံးတစ်ရပ် ရှိချေသည် (ဗန်)၊ စိန်ယူခဲ့၊ ကျောက်ယူခဲ့၊ ဆေးယူခဲ့–စသော စကားတို့ကိုလည်း စစ်ဆေးကြည့်ပါ။

(၇) ဟီနတ္ထကဒေါသ

၃၈။ ။ဂုဏ်းကြီးကျယ်, ဂုဏ်ပုဒ်ငယ်, သင့်ဖွယ် ဟီနတ္ထ။

ဝိသေသျ၏ဂုဏ်ကို ယုတ်စေတတ်သော ဝိသေသနပုဒ်သည် "ဟီနတ္ထကဒေါသ" သင်္၏၊ "ဝိသေသျက ကြီးကျယ်ခမ်းနား၍ ဝိသေသနက သေးငယ်နေလျှင် "ဟီနတ္ထကဒေါသ" သင့်သည်–ဟု ဆိုလိုသည်။

http://www.dhammadownload.com

၃၈။ ယံ-အကြင်(ဝိသေသန)ပုဒ်သည်၊ ဝိသေသျံ-ဝိသေသျကို၊ ဟီနံ-ယုတ်ညံ့အောင်၊ ကရေ-ပြု၏၊ တံ-ထို(ဝိသေသန)ပုဒ်သည်၊ ဟီနတ္ထံ-ဟီနတ္ထက ဒေါသသင့်သော ပုဒ်သည်၊ ဘဝေ-ဖြစ်၏၊ (ယထာ-နိပ္ပဘိကတခဇ္ဇောတောတျာဒိ၊) နိပ္ပဘိကတခဇ္ဇောတော-ပိုးစုန်းကြူး၏ အရောင်ကင်းအောင် ပြုတတ်သော၊ ဒိဝါကရော-(ယူဇနာဝါးဆယ်, အဝန်းကျယ်သော) နေမင်းသည်၊ သမုဒေတိ-ဥဒည်းတောင်စွန်း,) ဖြစ်ထွန်းပေါ်ထွက်လာ၏။

အထူး　"ဝိသေသနကြီးကျယ် ဝိသေသျငယ်လွန်းက အချတ္ထဒေါသသင့်သည်၊ ဝိသေသနသေးငယ် ဝိသေသျကြီးကျယ်ပြန်က ဟီနတ္ထကဒေါသသင့်သည်"ဟု ဝိသေသနပုဒ်၌သင့်သော ဒေါသနှစ်ပါးတို့၏ အထူးကို ခွဲခြားမှတ်သားရာ၏၊ (ဟီန-ယုတ်ညံ့သော၊ အတ္ထ-အနက်၊ ဟီနော အတ္ထော ဧတဿာတိ-ဟီနတ္ထံ။)

ဆောင်။　။ဝိသေသန, ကြီးလွန်းကမူ, အချတ္ထာ၊ ငယ်လွန်းပါက, ဟီနတ္ထ, ထူးကြဉ်သို့သာ။

လူမိုက်ချီးမွမ်း ဂုဏ်ယုတ်နွမ်း　လောကဥ် ပညာမရှိသောသူတို့၏ ချီးမွမ်းခြင်းသည် ပညာရှိတို့အားဒဏ်ပေးသည်နှင့်တူ၏၊ ပညာမဲ့သောသူတို့သည် ကောင်းသောဂုဏ်-မကောင်းသောဂုဏ်, သင့်တော်သည်-မသင့်တော်သည်တို့ကို မရွေးချယ်မသိမြင်တတ်ချေ၊ ထို့ကြောင့် ဟီနတ္ထဖြစ်သောဂုဏ်, မတန်မရာသော ဂုဏ်တို့ဖြင့်သာ ချီးမွမ်းတတ်ကုန်၏၊ အလင်္ကာနိဿယကို ရေးသားခဲ့သော ယောဖြို့စား အတွင်းဝန်ကြီးသည် မိမိ၏အလင်္ကာနိဿယကောင်းကြောင်းကို ပရိသတ်အလယ်၌ ချီးမွမ်းပြောဆိုနေသော ကျေးတောသားတစ်ယောက်အား ပုဆိုးဝတ်စုံပေး၍ နောင်မချီးမွမ်းဖို့ရာ ပိတ်ပင်တားမြစ်ရဖူးသည်-ဟူ၏၊ ထို့ကြောင့်ပင် မဃဒေဝဆရာလည်း "လူမိုက်ချီးမွမ်း, ယုတ်နွမ်းဂုဏ်ရည်, ရှုတ်သည်မည်၏-ဟူ၍လည်းကောင်း, ဆိုချင်မက်မော, ဆိုချင်ဇောဖြင့်, သဘောအလိုက်, တုတ်နှင့်ရိုက်သို့, လူမိုက်ချီးမွမ်း, ဂုဏ်နာနွမ်း၏"ဟူ၍ လည်းကောင်း မိန့်ဆိုထားခဲ့ပေသည်။

ပြန်ပုံစံ။　။ပိုးစုန်းကြူးရောင်, ကုန်အောင်ပယ်ရှင်း, ရှင်နေမင်းသည်, ထွန်းလင်းပေါ်ထွက် လာခဲ့ပြီ။

ရှင်း　လရောင်, ကြယ်ရောင်, မီးရောင်-စသော ကြီးမားသောအရောင်တို့ကို ပယ်ဖျောက်နိုင်သော နေမင်းဖြစ်ပါလျက် အလွန်သေးငယ်ယုတ်ညံ့သော "ပိုးစုန်းကြူး၏အရောင် ကင်းအောင်ပြုနိုင်သည်"ဟူသော ဝိသေသနပုဒ်ဖြင့် ချီးမွမ်းသောကြောင့် နေမင်းကို ချီးမွမ်းရာမရောက်သည့်ပြင် ကဲ့ရဲ့ရာပင် ရောက်ချေသေး၏၊ ထို့ကြောင့် (နိပ္ပဘိကတခဇ္ဇောတော-ပိုးစုန်းကြူးရောင်, ကုန်အောင်ပယ်ရှင်း)ဟူသော ဝိသေသနပုဒ်သည် "ဟီနတ္ထကဒေါသ" သင့်၏။

http://www.dhammadownload.com

၈။ အနတ္ထဒေါသ

၃၉။ ပါဒပူရဏမတ္တံ ယံ , အနတ္ထမိတိ တံ မတံ၊
ယထာ ဟိ ဝန္ဒေ ဗုဒ္ဓသ , ပါဒပင်္ကေရုဟမ္ပိ စ။

လေ့ကျင့်ရန် ပုံစံ နှံစုတ်ငှက်ကို, ထွားထွားညက်ညက် ဖျက်ဆီးနိုင်သော ဆင်ပြောင်ကြီး။ ပြိတ္တာကဲ့သို့ ဆူဖြိုးသော သူဌေးကြီး။ သင်ပုန်းကြီးကျသော အဂ္ဂမဟာပဏ္ဍိတ။ လာဘ္ဘဒါယီကဲ့သို့ အကျင့်ကောင်းသော ဆရာတော်ကြီး။

(၈) အနတ္ထဒေါသ

၃၉။ ။အနက်ကင်းကွာ, ပုဒ်တို့မှာ, သင့်ပါအနတ္ထ။

တစ်စုံတစ်ရာ, အနက်မပါဘဲ ဂါထာပါဒ ပြည့်ရုံမျှ ထည့်ထားသောပုဒ် မှန်သမျှသည် အနတ္ထဒေါသသင့်၏။ (န–မရှိ၊ အတ္ထ–အနက်။ နတ္ထိ အတ္ထော ဇေတသာတိ–အနတ္ထံ။)

မြန်မာကဗျာဌာလည်း တစ်စုံတစ်ရာ အနက်မရှိဘဲ ကာရန်ရရုံ ပုဒ်ပြည့်ရုံ ထည့်သွင်းထားသော ပုဒ်, အက္ခရာတို့သည် အနတ္ထကဒေါသ သင့်၏၊ (ဂါထာ ကဗျာကိုသာ သတ်မှတ်၍ ပြဆိုခဲ့သော်လည်း စုဏ္ဏိယစကားပြင်၌ အနတ္ထကဒေါသမရှိဟု မမှတ်သင့်၊ ရှိသည်သာ။)

ဒေါသလွတ်အောင် ဂါထာပါဒဖြည့်နည်း ဂါထာစီကုံးရာ၌ ပါဒမပြည့်၍ ဥပသာရ, နိပါတ်တို့ကို ဖြည့်စွက်ထည့်သွင်းမိတတ်ကြ၏၊ တစ်စုံတစ်ရာ အနက်ထူး မရှိဘဲ ထည့်သွင်းက အနတ္ထကဒေါသ သင့်ရောက်ပေလိမ့်မည်၊ သို့ဖြစ်၍ ဒေါသမှလည်းလွတ်, ဂါထာပါဒလည်းပြည့်အောင် သကတ်အနက်၌သက်သော ကျယ–စသော ပစ္စည်းတို့ဖြင့် ဖြည့်သင့်၏၊ ထို့ကြောင့်–

"ကျယာဒိပူရဏော"ဟု ပိဂံလဆန်းကျမ်း၌ သုတ်ကို တည်လေသည်။

ဤဆန်းကျမ်း, အလင်္ကာကျမ်းသဘောများကို ထောက်၍ ဂါထာပြည့်စေခြင်းအကျိုးငှာလည်းကောင်း, စုဏ္ဏိယ၌ သုခုစ္စာရဏအကျိုးငှာလည်းကောင်း သကတ်အနက်၌ "ကျယ–စသော ပစ္စည်းကို သက်ရသည်"ဟု မှတ်ရာ၏၊ "သကတ်အနက်၌သက်သော ပစ္စည်းများ အကျိုးမရှိ"ဟု မမှတ်သင့်။

ဆောင်။ ။ပါဒပူရဏာ, ဝါစာသိလိဋ္ဌ, ကျိုးလိုက, သက်ရသကတ္ထာ–ပစ္စယာ။

ဥပဒေသ တချို့ပုဂ္ဂိုလ်များ တရားဟောရာ, စကားပြောရာ၌ ပြီးတော့, ဟိုဒင်း, အင်း, အဲ, ဧကန်စင်စစ်, သို့ကလို, သကာလ, သူဥစ္စာ, ဟရို့–စသည်တို့ကို ထည့်သုံးတတ်ကြ၏၊ တစ်ခါတလေ အဆင်ပြေ၏၊ တစ်ခါတလေ အဆင်မပြေချေ၊ ရှေ့သို့ မဆက်နိုင်သဖြင့် ပြီးတော့, ဟိုဒင်း–စသည်တို့ကို အနက်မရှိဘဲ ထပ်ကာထပ်ကာ ဆိုတတ်ကြ၏၊ ထိုသို့ ဆိုသမျှစကားသည် အနတ္ထကဒေါသမှ မလွတ်၊ ဝါသနာမပါရအောင် သတိကြီးစွာထား၍ စောင့်စည်းဆင်ခြင်သင့်ပေသည်။

http://www.dhammadownload.com

၃၉။ ယံ-အကြောင်ပုဒ်သည်၊ ပါဒပူရဏမတ္တံ-ဂါထာပါဒ, ပြည့်ကြောင်းမျှသည်၊ (ဟောတိ-ဖြစ်၏၊) တံ-(အနက်မရ, ပါဒပြည့်ကြောင်းမျှဖြစ်သော)ထိုပုဒ်ကို၊ အနတ္ထ မိတိ-အနတ္ထဒေါသသင့်သောပုဒ်ဟူ၍၊ မတံ-သိအပ်၏၊ (ယထာဟိ ဝန္ဒေ ဗုဒ္ဓံသ တျာဒိ) ဗုဒ္ဓံသ-မြတ်စွာဘုရား၏၊ ပါဒပင်္ကေရုဟံ-ခြေတော်အစုံ, ကြာပဒုံကို၊ ဝန္ဒေ-ရှိခိုးပါ၏၊ (ဟိ-ပိ-စ အနက်မရှိ။)

စာအံရာ, စာဆိုရာတို့၌လည်း "ဟင်နာနာနာ"စသည်ဖြင့် ပုဒ်ပိုအနတ္ထကကို သုံးတတ်ကြ၏၊ ထို့ပြင် တချို့စာဖတ်ရာ၌ "တဲ့-တဲ့"ဟု စာထဲ၌လည်းမပါဘဲ ဝါကျအဆုံးအဆုံးမှာ အပိုထည့်ဖတ်တတ်ကြ၏၊ အနတ္ထကဒေါသ သင့်သည်ချည်းမှတ်၊ မိမိ ကိုယ်ကို အချိုးတကျ ဖြစ်အောင် ပြုပြင်သင့်၏၊ သတိကြီးစွာ ထားကြကုန်ရာသည်။

ပြန်ပုံစံ။　။သစ္စာလေးဆင့်, ငုံအာရုံ၌, ဖူးပွင့်ပြီးသော်, မြတ်ရှင်ကျော်၏, ခြေတော်အစုံ, ကြာပဒုံကို, ခိုလှုံညွတ်ဦး တိုက်ပါ၏။

ရှင်း　ပါဠိ ဟိနိပါတ်, ပိနိပါတ်, စနိပါတ်-တို့သည် အနက်မရှိကြကုန်၊ ပါဒပြည့်ရုံမျှသာ ဖြစ်ကုန်၏၊ ထို့ကြောင့် "အနတ္ထကဒေါသ" သင့်သည်။

မြန်မာ၌လည်း ဖူး-ဟူသောပုဒ်, ပြီးသော်-ဟူသောပုဒ်တို့သည် အနက်ထူးမရှိ၊ ကာရန်ရုံ, ပါဒပြည့်ရုံမျှသာ ဖြစ်ကုန်၏၊ ထို့ကြောင့် "အနတ္ထကဒေါသ" သင့်သည်။

မှတ်ဖွယ်။　။ မင်းနှင့်ပုဏ္ဏား, သူကြွယ်အားလျှင်, ဘိုးများဥစ္စာ, ထူပြောစွာဟု, မဟာသာလ, တွင်ထအမည်, သုံးပါးတည်၍, အစည်အပင်, တို့ပြည်တွင်၌, ဘိုးစဉ်(ခင်)ဘောင်ဆက်, ဘေးလက်ထက်က, အနှက်ဆည်းပူး။ (ဆုတောင်း-၁၃။)

ဤဆုတောင်းခန်း၌ ဘိုးနှင့်ဘေး အကြားတွင် 'ဘောင်'ဟု အသီးအခြားမရှိ၊ ပုဒ်ပြည့်ရုံမျှသာ ဖြစ်သည်၊ ထို့ကြောင့် ဘောင်သဒ္ဒါသည် အနတ္ထကဒေါသ သင့်၏"ဟု ရှေးဆရာများ ဆိုကြ၏၊ ထို့သို့ မမှတ်သင့်ပေ၊ "ဘောင်"ဟု အဖွားကို ခေါ်သည်၊ ထိုသို့ ဘိုးဘွားကို အစုံပြု၍ ဆိုထားသောကြောင့် ဘောင်သဒ္ဒါ အနတ္ထကဒေါသ မသင့်၊ ဘိုးမှစဉ်သော ဘေးဘောင်မှ ဆက်သော ဘေး-ဟု အဓိပ္ပာယ်ယူ။ (ရခိုင်တိုင်း၌ ယခုထက်တိုင် အဘွားကို "အဘောင်" ခေါ်သေးသည်။)

မြဝတီဝန်ကြီး ဦးစု၏ဩဝါဒ　မြဝတီဝန်ကြီး-ဦးစု အိနောင်ဇာတ်ခန်း-အတွက် ဇာတ်လိုက်သီချင်းများ စီကုံးရန် ကြံစည်နေခိုက် မိတ္ထီလာနယ်သား သူကြီးတစ်ယောက်ထန်းရွက်ယပ်အရိုးရှည်တစ်ခုကို လာဆက်ရာ "ဘာတုံးမောင်မင်း"ဟု မေးသည်၊ သူကြီးက ဦးစသဘောကို သိပြီးဖြစ်၍ "(ရွက်ရင့်ရိုးရှည်)ပါဘုရား"ဟု လျှောက်သည်၊ တော်ပါပေမောင်မင်း၊ ကာရန်နှင့်ကိုက္ခဲ့၊ မောင်မင်း ကာရန်မကုန်သေးဘူး၊ ရှေ့ဆက်လျှောက်ဦး။ (ခက်ဆင့်ဖြိုးစည်)ပါဘုရား။ "ကောင်းပေတယ်

http://www.dhammadownload.com

ဝါကျဒေါသ ၉-ပါးအကျယ်

၁။ ဧကတ္ထဒေါသ

၄၀။ သဒ္ဒတော အတ္ထတော ဝုတ္တံ , တတ္ထ ဘိယ္ယောပိ ဝုစ္စတိ၊
တမေကတ္ထံ ယထာဘာတိ , ဝါရိဒေါ ဝါရိဒေါ အယံ။

၄၀။ ယတ္ထ-အကြောင်ဝါကျ၌၊ သဒ္ဒတော-သဒ္ဒါအားဖြင့်လည်းကောင်း၊ အတ္ထတော-အနက်အားဖြင့်လည်းကောင်း၊ ဝုတ္တံ-ဆိုအပ်ပြီးသော အနက်အဓိပ္ပာယ်ကို၊ ဘိယ္ယောပိ-တစ်ဖန်ထပ်၍လည်း၊ ဝုစ္စတိ-ဆိုအပ်ပြန်၏၊ တံ-(သဒ္ဒါ, အနက်ကို ထပ်၍ဆိုရာဖြစ်သော)ထိုဝါကျသည်၊ ဧကတ္ထံ-ဧကတ္ထဒေါသသင့်သော ဝါကျမည်၏၊ ယထာ-ဘာတိတျာဒိ၊) ဝါရိဒေါ-ရေကိုပေးတတ်သော၊ အယံဝါရိဒေါ-ဤရေကိုပေးတတ်သောမိုးတိမ်သည်၊ ဆာဘာတိ-အလွန်တောက်ပ၏။

မောင်မင်း (ရွက်ရင့်ရိုးရှည်၊ ခက်ဆင့်ဖြိုးစည်) တော်ပါပေတယ်၊ တစ်ပိုဒ်ကျန်သေးတယ် မောင်မင်း၊ ရှေ့ကိုဆက်ဦးလော့။" "ရှေ့ဆက်ရန်, ကြဲလို့မရပါကြောင်းဘုရား။" "ဘယ်နယ် ကြဲလို့မရဘဲရှိရမတုံး၊ တစ်ပိုဒ်တည်း ကျန်တော့သည် ဆက်ပါမောင်မင်း"ဟု မိန့်ပြန်ရာ သူကြီးက အတော်ပင် တောင်းပန်သော်လည်း "မောင်မင်း ဘာကိုဘဲဖြစ်ဖြစ် ကာရန်ရအောင် ဆက်ရမည်"ဟု အကျပ်အတည်း တိုက်တွန်းသည်၊ သူကြီးက "(ဖက်ဖင့်ဖိုးဖည်)ပါဘုရား" ဟု လျှောက်သည်၊ မြဝတီဝန်ကြီးက များစွာရယ်တော်မူလျက် "အဲသည်လိုမှပေါ့၊ မဟုတ်သည်ဖြစ်စေ, ဟုတ်သည်ဖြစ်စေ ကာရန်ရအောင် ဆက်တတ်ရမယ်၊ မောင်မင်း ကဗျာအလင်္ကာ အစီအကုံးကို ဝါသနာပါသူဖြစ်တယ်၊ ကြိုးစား၍ ရေးသားစီကုံးနော်၊ နောက်တော့ မှန်ကန်စွာ စီကုံးနိုင်လိမ့်မည်၊ မကြောက်နဲ့၊ မရွက်နဲ့၊ အရှုံးနှင့်တူစေရ မယ်ကွဲ့"ဟု ဩဝါဒပေး၍ ပုဆိုးဝတ်စုံဆု သနားလိုက်သည်ပဟူ၏။ (ဖက်ဖင့်ဖိုးဖည်-အနတ္ထက။) (ရူး။)

ဝါကျဒေါသ ၉-ပါးအကျယ်

(၁) ဧကတ္ထဒေါသ

၄၀။ ။သဒ္ဒါနက်တူ, ထပ်ဆိုမူ, မှတ်ယူဧကတ္ထ။

သဒ္ဒါ,အနက် နှစ်ပါးစုံသောပုဒ်ကို ထပ်ဆိုထားသော ဝါကျသည် "သဒ္ဒဧကတ္ထဒေါသ" သင့်၏၊ သဒ္ဒါပင်မတူသော်လည်း အနက်တူသောပုဒ်ကို ဆိုထားသောဝါကျသည် "အတ္ထဧကတ္ထဒေါသ" သင့်၏၊ ဤသို့ ဧကတ္ထဒေါသ နှစ်ပါးပြား၏၊ ၄င်းကို ကျမ်းဂန်တို့၌ "ပုနရုတ္တိဒေါသ"ဟု ခေါ်၏။ (ဧက-တူသော၊ အတ္ထ-အနက်၊ ဧကော အတ္ထော ဧတဿာတိ-ဧကတ္ထံ။)

ပြန်ပုံစံ။ ။ရေပေးပေတတ်, ရေပေးနတ်လျှင်, ရေဓာတ်ဆွတ်ဖျန်း, တောက်ပထွန်းသည်, ပြောင်ရွှန်းထိန်ထိန် ဝေသတည်း။

http://www.dhammadownload.com

ယထာစ-

၄၁။ တိတ္ထိယကံ့ရဗိဇာနိ , ဧဟံ ဒိဋ္ဌဂတာနိဟ၊
ပသာဒေတိ ပသန္နေ သော , မဟာမုနိ မဟာဧနေ။

၄၁။ ယထာစ-ပြယုဂ်တစ်နည်းသော်ကား၊ တိတ္ထိယကံ့ရတျာဒိ.... စသည်တည်း၊ သော မဟာမုနိ-ထိုမြတ်စွာဘုရားသည်၊ တိတ္ထိယကံ့ရဗိဇာနိ-တိတ္ထိတည်းဟူသော အညွှန့်အညှောက်တို့၏(ဖြစ်ကြောင်း) မျိုးစေ့ဖြစ်ကုန်သော၊ ဒိဋ္ဌဂတာနိ-၆၂-ပါးသော မိစ္ဆာအယူတို့ကို၊ ဧဟံ-မိမိကိုတိုင်လည်းပယ်စွန့်, သူတစ်ပါးတို့ကိုလည်း ပယ်စွန့်စေလျက်၊ ဣဟ-ဤလောကဌ၌၊ ပသန္နေ-မိမိဌ်ကြည်ညိုပြီးကုန်သော၊ မဟာဧနေ-များစွာသောလူတို့ကို၊ ပသာဒေတိ-ကြည်ညိုစေတော်မူ၏။

ရှင်း　"ဝါရိဒေါ, ဝါရိဒေါ"ဟု သဒ္ဒါတူ, အနက်တူပုဒ်နှစ်ခုကို ထပ်ဆိုထားသောကြောင့် "သဒ္ဒဧကတ္ထဒေါသ" သင့်သည်။ (သမ္မတ္တိဒါယကော-ဟူသော ဝိသေသနမျိုးကို ထည့်မူ ဒေါသမှလွတ်၏။)

မြန်မာပြန်ပုံစံဌ်လည်း "ရေပေးပေတတ်, ရေပေးနတ်"ဟူသော သဒ္ဒါတူ,အနက်တူ ပုဒ်နှစ်ခုကို ထပ်ဆိုထားသောကြောင့် "သဒ္ဒဧကတ္ထဒေါသ" သင့်သည်။

ပြန်ပုံစံ။　။ ၄၁။ ဒိဋ္ဌဖြစ်ကြောင်း, တရားပေါင်းကို, ထောင်းထောင်း ညက်ညက်, ဉာဏ်သန်လျက်ဖြင့်, ပယ်ဖျက်သုတ်သင်, ဘုရားရှင်သည်,ကိုယ့်တွင်ကြည်ညို, များလူဗိုလ်ကို, မှီခိုဆည်းကပ်စေတော့သည်။

ရှင်း　"ပသန္နေ, ပသာဒေတိ"ဟူသော အနက်တူပုဒ်နှစ်ခုကို ထပ်ဆိုထားသောကြောင့် "အတ္ထဧကတ္ထဒေါသ" သင့်သည်။

မြန်မာပြန်ပုံစံဌ်လည်း (ကိုယ့်တွင်ကြည်ညို, မှီခိုဆည်းကပ်စေ)ဟု သဒ္ဒါပင်မတူ စေကာမူ အနက်တူ သဒ္ဒါနှစ်ခုကို ထပ်ဆိုထားသောကြောင့် "အတ္ထဧကတ္ထဒေါသ" သင့်သည်။

ဥပဒေသ　မြန်မာစကားဌ်ဖြစ်စေ, ပါဠိစကားဌ်ဖြစ်စေ လျဉ်းပါးရန် မရှိပါဘဲလျက် ထည့်သွင်းပြောဆို စီကုံးရေးသားသော အရာဟူသမျှသည် ဧကတ္ထဒေါသသင့်သည်ချည်း။

"ကျွဲ,နွားတိရစ္ဆာန်ကုဆေးဆရာ"ဟု ရေးသားပြောဆိုရာဌ် တိရစ္ဆာန်မဟုတ်သော ကျွဲ, နွား-ဟူ၍ မရှိသောကြောင့် "တိရစ္ဆာန်-ဟူသော ဝိသေသနစကားထည့်ခြင်းသည် အကျိုးမရှိ၊ ဧကတ္ထဒေါသသင့်၏၊ တိရစ္ဆာန်-ဟူသမျှကို ဆေးကုလျှင် တိရစ္ဆာန်ကုဆေးဆရာ, ကျွဲနွားမျှကိုသာ ဆေးကုလျှင် ကျွဲနွားကု ဆေးဆရာ"ဟု ရေးသားပြောဆိုက ကိစ္စပြီးနိုင်သည်။

http://www.dhammadownload.com

၂။ ဘဂ္ဂရီတိဒေါသ

၄၂။ အာရဒ္ဓက္ကမဝိဇ္ဇော်ဒါ , ဘဂ္ဂရီတိ ဘဝေ ယထာ၊
ကာပိ ပညာ ကောပိ ဂုဏော , ပကတီပိ အဟော တဝ။

'အများပြည်သူတို့'ဆိုသော စကားမှာလည်း 'ပြည်သူတို့'ဆိုလျှင် "တစ်ပြည်လုံး၌ နေသော လူအပေါင်း"ဟူသော အဓိပ္ပာယ်ပြီးလျက် "အများ"ထည့်ခြင်းကြောင့် အကျိုး တစ်စုံတစ်ရာမရှိ၊ "ဧကတ္ထဒေါသ" သင့်လေသည်။ [ဗန်။]

ဤသို့ မြန်မာဘာသာ စီကုံးရေးသား စကားပြောဆိုသော အရာများမှာ အကျိုး မရှိသော လုံးပိုစကားများ မပါစေဘဲ အလင်္ကာဒေါသလွတ်မှသာ မြန်မာစကားကို နားလည်ရာ ရောက်မည်၊ အနက်တူသဒ္ဒါများကို ထပ်ဆိုသော်လည်း ဒေါသမှလွတ်သော အရာများကို ဒေါသအဖြေခန်း၌ ထုတ်ပြထားသည်။

(၂) ဘဂ္ဂရီတိဒေါသ

၄၂။ ။ပုဒ်သဗ္ဗနာမ်, စဉ်ကျိုးပြန်, မှတ်ရန်ဘဂ္ဂ-ရီတိက။
(ကမ-ရီတိ, တူမျှဘိ, မှတ်သိနက်အတ္ထ။)

သဗ္ဗနာမ်ပုဒ်အစဉ် ကျိုးပျက်လျှင် "ဘဂ္ဂရီတိဒေါသ" သင့်၏၊ ရီတိ-သဒ္ဒါသည် ကမ-သဒ္ဒါနှင့် အနက်တူ၏၊ ထို့ကြောင့် "ကမဝိဇ္ဇော"ဟု စာကိုယ်ဆရာကိုယ်တိုင် ဖွင့်သည်၊ "ရီတိ-ကို ကမ, ဘဂ္ဂ-ကို ဝိဇ္ဇော"ဟု ဖွင့်လိုသည်၊ ပါဠိ-အဋ္ဌကထာတို့၌ ထို"ရီတိ"ဟူသောပုဒ် မရှိ။

(မြန်မာ၌ ထို, ဤ, အဘယ်, တပါး, ငါ, သူ-စသည်တို့သည် သဗ္ဗနာမ် မည်၏၊ ပါဠို၌ ထင်ရှားပြီ။)

ပျို့, ကဗျာလင်္ကာ, သီချင်းများကို စီကုံးရာ၌ ကာရန်, သတ်ပုံ, အချို, အချ, အဆုပ်, အခံ မမှန်မကန်မူ၍ စီကုံးရေးသားမြဲ ထုံးဥပဒေသ ကျိုးပဲ့ပျက်စီးသော အရာဟူသမျှသည် "ဘဂ္ဂရီတိဒေါသ" သင့်သောဝါကျ-ဟု မှတ်ရမည်။ (ဘဂ္ဂ-ကျိုးပျက်သော၊ ရီတိ-အစဉ်၊ ဘဂ္ဂါ ရီတိ ဧတဿာတိ-ဘဂ္ဂရီတိ။)

ဤသုဗောဓာလင်္ကာရကျမ်း၌ သဗ္ဗနာမ်အစဉ် ပျက်ခြင်းမျှကိုသာ ပြထားသော်လည်း နာမနာမ်, ဓာတ်, ပစ္စည်းတို့ အစဉ်ပျက်လျှင်လည်း "ဘဂ္ဂရီတိဒေါသ" သင့်သည်ပင်၊ ထို့ကြောင့် (ပုဒ်စဉ်ကျိုးပြီ, ဘဂ္ဂရီ, သင့်ပြီပြစ်ဒေါသ။)ဟု မှတ်လေ။

ပြန်ပုံစံ။ ။ဓမ္မသာမိ, မာရဇိဟု, မုနိထွတ်တင်, ဘုရားရှင် !, သခင်ဘုန်းဝန်, ပညာ ဉာဏ်ကို, ပြောပြန်ဘယ်မှာ, ကုန်နိုင်ပါအံ့၊ လွန်စွာပျံ့လှိုင်, ဂုဏ်ပန်းခိုင်လည်း, တုနိုင်ဘယ်မှာ, နှိုင်းနိုင်ပါအံ့၊ ကြဲရာမလျော်, သဘောတော်သည်, ခြီးငေါ အံ့ဖွယ် ရှိပေစွ။

http://www.dhammadownload.com

၄၂။ အာရဒ္ဓကမဝိစ္ဆေဒါ-အားထုတ်အပ်သော (သဗ္ဗနာမ်ပုဒ်တို့၏)အစဉ် ကျိုးပြတ်ခြင်းကြောင့်၊ ဘဂ္ဂရိတိ-ဘဂ္ဂရိတိဒေါသသင့်သောဝါကျသည်၊ ဝါ-စာစီစာကုံး, ရေးထုံးစဉ်ဆက်, ကျိုးပျက်သောအပြစ်မည်သည်၊ ဘဝေ-ဖြစ်၏၊ ယထာ-ကား၊ ကာပိတျာဒိ-တည်း၊) (မဟာမုနိ-ရှင်တော်မြတ်ဘုရား !၊) တဝ-ရှင်တော်မြတ်ဘုရား၏၊ ပညာ-ပညာတော်သည်၊ ကာပိ-အဘယ်မှာလျှင် ပြောဆိုနိုင်ဖွယ်ရှိပါအံ့နည်း၊ ဂုဏော-သမာဓိစသောဂုဏ်တော်သည်၊ ကောပိ-အဘယ်မှာလျှင် နှိုင်းယှဉ်နိုင်ပါမည်နည်း၊ ပကတိပိ-(မကြဲစည်အပ်သော)သဘောတော်သည်လည်း၊ အဟော-သြော် အံ့သြဖွယ် ရှိပါပေစွတကား။

ရှင်း　ပါဠိပုံစံ၌ "ကာပိ, ကောပိ"ဟူ၍ အားထုတ်သာ သဗ္ဗနာမ်ပုဒ်အစဉ်သည် "ပကတိပိ အဟော"ဟူသောပုဒ်သို့ရောက်လျှင် ကျိုးပျက်ပြတ်စဲလေတော့သည်၊ ထို့ကြောင့် တစ်ဝါကျလုံး "ဘဂ္ဂရိတိဒေါသ" သင့်ရလေသည်။

မြန်မာပုံစံ၌လည်း "ဘယ်မှာ, ဘယ်မှ"ဟူ၍ အားထုတ်အပ်သော သဗ္ဗနာမ်ပုဒ်အစဉ်သည် "ခြီးငေါအံ့ဖွယ် ရှိပေစွ"သို့ရောက်လျှင် ကျိုးပျက်ပြတ်စဲလေတော့သည်၊ ထို့ကြောင့် တစ်ဝါကျလုံး ဘဂ္ဂရိတိဒေါသ သင့်သည်။

မြန်ပုံစံ။　။နှစ်တပ်ရွယ်စောင်, ဗိုလ်များမြောင်နှင့်, ဘယ်တောင် ဘယ်ကမ်း, ဘယ်လမ်းမဆုံ, မြေပြင်နှံ့မျှ, တိုက်အုံဗယ်ညာ, ချီတက်လာသည်, ဗိုလ်ပါသောင်းသောင်း, ဖြစ်သတည်း။ (နန္ဒီ-၆၄။)

ရှင်း　ဤ၌ "ဘယ်တောင်, ဘယ်ကမ်း, ဘယ်လမ်းမဆုံ, ဘယ်မြေနှံ့မျှ"ဟု "ဘယ်" သဒ္ဒါကို ပြည့်အောင်ဆိုသင့်လျက် မဆိုဘဲ "မြေပြင်နှံ့မျှ"ဟု ဆိုသောကြောင့် အစဉ်ကျိုးပျက်၍ "ဘဂ္ဂရိတိဒေါသ" သင့်သည်။

ပုံဝတ္ထု　ပြည်မြို့ ဘုရင်ထွေးလက်ထက် ဝန်မင်းတစ်ဦး၏သမီးနှင့် ရွှေတောင်ဝန်မင်း၏သားတို့ မေတ္တာသက်ဝင် ချစ်ခင်လျက် နေကြသည်၊ တစ်ညဉ့် ချစ်ကြည်သောစကားကို အလှည့်အပတ်ပြောဆိုနေခိုက် လင်းကြက်တွန်သံကြားသဖြင့် ရွှေတောင်ဝန်မင်းသားက ပြန်ဦးမည်ဆိုပြီး မိမိအိမ်တွင်မွေးရန် ကြက်ပြာတစ်ကောင်ကို တောင်းလျက် မိုးရွာသောကြောင့် ပြည်မြို့၌လုပ်သော ထီးကုပ်ကြီးကိုဆောင်း၍ ပြန်သွားသည်၊ ထို့နောက် ရွှေတောင်ဝန်မင်းသား မလာဘဲ ကြာသောကြောင့် ပြည်မြို့ဝန်မင်းသမီးက-

"လင်းကြက်က ဆော်၊ စည်တော်က ဒိန်ဒိန်၊ ပျိုတို့မောင် ကြက်ပြာပိုက်ကယ်၊ ပြည်ထီးကကုပ်ကုပ်"-

ဟု စာရေး၍ အစေခံတစ်ယောက်ကို အပို့ခိုင်းသည်၊ ရွှေတောင်ဝန်မင်းသားက စာကို ရလျှင် အားရသောကြောင့်-

http://www.dhammadownload.com

၃။ ဗျာကိဏ္ဏဒေါသ

၄၃။ ပဒါနံ ဒုဗ္ဘိနိက္ခေပါ , ဗျာမောဟော ယတ္ထ ဇာယတိ၊
တံ ဗျာကိဏ္ဏန္တိ ဝိညေယျံ , တဒုဒါဟရဏံ ယထာ။

၄၃။ ယတ္ထ–အကြင်ဝါကျ၌၊ ပဒါနံ–(နာမ်ပုဒ်, အာချာတ်)ပုဒ်တို့ကို၊ ဒုဗ္ဘိနိက္ခေပါ–မကောင်းသဖြင့် ထားခြင်းကြောင့်၊ ဝါ–မသန့်မရှင်း, ရှုပ်ထွေးအောင် ထားခြင်းကြောင့်၊ ဗျာမောဟော–(အသိဉာဏ်မရှင်း,) လွန်စွာတွေဝေခြင်းသည်၊ ဇာယတိ–ဖြစ်၏၊ တံ–(ရောနှောရှုပ်ထွေး, ပုဒ်စပ်ဝေးသော) ထိုဝါကျကို၊ ဗျာကိဏ္ဏန္တိ–ဗျာကိဏ္ဏဒေါသသင့်၏ဟူ၍၊ ဝိညေယျံ–သိအပ်၏၊ တဒုဒါဟရဏံ–ထိုဥဒါဟရဏ်သည်၊ ယထာ–အဘယ်နည်းဟူမူကား၊ ဗဟုဂုဏောတျာဒိ . . . . တည်း။

"လွမ်းပါသလေ၊ ဖာချည်တဲ့ကြိုး၊ မယ့်ထံ မောင်မရောက်တယ်၊ တောင်းဖောက်တဲ့စူး"–ဟု ပြန်စာရေးပေးလိုက်သည်၊ "အဓိပ္ပာယ် ဘယ်လိုယူရမည်"ဟု တစ်ပါးသူတို့ သိရန် ခက်ချေ၏၊ သို့သော် သူတို့ချင်းချင်း အဓိပ္ပာယ်ကို သိရင်းစွဲဖြစ်သောကြောင့် အတော်ပင် လွမ်းဆွတ်ကြည်နူးကြလိမ့်မည်၊ ထို့ကြောင့် တခြားအပြစ်ပြောစရာမရှိ၊ ကာရန်နှင့် အချိုအချမှာမူ မမှန်ချေ၊ ထို့ကြောင့် "ဘဂ္ဂရီတိဒေါသ" သင့်သည်။ [ရှူး။]

လေ့ကျင့်ရန်ပုံစံ မြတ်စွာဘုရား၏ ဥဏ္ဏလုံမွေးရှင်တော်သည် ဖြူ၏၊ ထိုဖွေးသော ဥဏ္ဏလုံမွေးရှင်တော်ကို ရှိခိုးပါ၏။ (ဖြူ+ဖွေး ဝိသေသနအစဉ်ပျက်။)

မနေ့က ဒန်ပေါက်ဆွမ်း ဘဉ်းပေး၏၊ ယနေ့ အုန်းထမင်း စားမည်။ (ဆွမ်း+ထမင်း–ဟူသော နာမ်အစဉ်, ဘဉ်းပေး+စား–ဟူသော ကြိယာအစဉ်ပျက်။)

ခင်ခင်လှ၏၊ ရင်ရင်ချော၏၊ တင်တင်တင့်တယ်၏။ (လှ+ချော+တင့်တယ်–အစဉ်ပျက်။)

(၃) ဗျာကိဏ္ဏဒေါသ

၄၃။ ။ရောနှောရှုပ်ထွေး, ပုဒ်စပ်ဝေး, မည်ပေးဗျာကိဏ္ဏ။

အနက်အဓိပ္ပာယ် စပ်ဟပ်ယူရမည့်ပုဒ်ချင်း နီးကပ်စွာ မထားဘဲ ရှုပ်ထွေးဝေးလံစွာ ခွဲခွာထားခြင်းကြောင့် အနက်အဓိပ္ပာယ် အယူအဆ ခက်ခဲသောဝါကျမျိုးသည် "ဗျာကိဏ္ဏဒေါသ" သင့်၏။

(ဝိ–အသီးသီး၊ အာကိဏ္ဏ–ကြဲပြန့်သည်။ ဝိ–ဝိသုံဝိသုံ အာကိရိယန္တေ ပဒါနိ ဧတ္ထာတိ–ဗျာကိဏ္ဏံ။ ထားသင့်, မထားသင့် မထောက်ချင့်ဘဲ ပုဒ်တို့ကို ဖရိဖရဲထားရာဖြစ်သော ဝါကျ။)

http://www.dhammadownload.com

၄၄။ ဗဟုဂုဏော ပဏာမတိ , ဒုဒ္ဒနာနံပျဃံ ဇနော၊
ဟိတံ ပမုဒိတော နိစ္စံ , သုဂတံ သမနုဿရံ။

၄၄။ ဗဟုဂုဏော–များစွာသော ဂုဏ်တော်တို့ကို၊ သမနုဿရံ–ကောင်းစွာ အောက်မေ့လျက်၊ ဝါ–ကောင်းစွာအောက်မေ့သောကြောင့်၊ ပမုဒိတော–ရွှင်လန်းဝမ်းမြောက်သော၊ အဃံ ဇနော–ဤလူအပေါင်းသည်၊ ဒုဒ္ဒနာနံပိ–လူယုတ်မာတို့၏ သော်လည်း၊ နိစ္စံ–အမြဲမပြတ်၊ ဟိတံ–အစီးအပွားကို ဆောင်တော်မူတတ်သော၊ ဝါ–မိတ်ဆွေသဖွယ် ဖြစ်၍ဖြစ်သော၊ သုဂတံ–မြတ်စွာဘုရားကို၊ ပဏာမတိ–ရှိခိုး၏။

ပြန်ပုံစံ။　။၄၄။ ဂုဏ်ပေါင်းများစွာ, ရှိခိုးပါ၏၊ ယုတ်မာသူများ,ကျိုးစီးပွားပင်, ဆောင်ထားမပြတ်, ဘုရားမြတ်ကို, မပြတ်ခါခါ, အောက်မေ့ပါ၍, လွန်စွာရွှင်ပျ, ဝမ်းမြောက်ကြသား, များလှသောင်းသောင်း, လူအပေါင်းသည်....ဦးခေါင်းညွတ်ကာညွတ်ကာတည်း။

ရှင်း　ဗဟုဂုဏော–စသော ဤဂါထာသည် အနက်အဓိပ္ပာယ် စပ်ဟပ်ယှဉ်ရမည့်ပုဒ်ချင်း နီးကပ်စွာမထားဘဲ ဆိုလိုရင်းအဓိပ္ပာယ်ကို မသိနိုင်လောက်အောင် ရှုပ်ထွေးကြဖြစ်၌ ခွဲခွာထားသောကြောင့် "ဗျာကိဏ္ဏဒေါသ" သင့်၏၊ (ဥက္ကန္တာပဟေဋ္ဌိသို့သွင်းက ဒေါသမှလွတ်၏။) သို့မဟုတ်–

ဗဟုဂုဏော အနုဿရံ , ပမုဒိတော အယံ ဇနော၊
ဒုဒ္ဒနာနံ နိစ္စံ ဟိတံ , သုဂတမ္ပိ ဘိဝန္ဒတိ။–

ဟု စပ်သင့်သောပုဒ်ချင်း နီးကပ်စွာ ထားသင့်၏၊ ထိုသို့ထားက ဒေါသမသင့်။

မြန်မာပြန်ပုံစံ၌ "ဂုဏ်တော်ပေါင်း များစွာတို့ကို အောက်မေ့၍ လွန်စွာရွှင်ပျ, ဝမ်းမြောက်ကြသော, များလှသောင်းသောင်း, လူအပေါင်းသည် လူယုတ်မာတို့၏ အကျိုးစီးပွားကိုပင် အမြဲမပြတ် ဆောင်ထားတတ်သော မြတ်စွာဘုရားကို ဦးခေါင်းညွတ်ကာညွတ်ကာ ရှိခိုးကြပါ၏"ဟု ဆိုလိုပေသည်၊ ထိုသို့ အနက်အဓိပ္ပာယ် စပ်ဟပ်ယှဉ်ရမည့်ပုဒ်ချင်း နီးကပ်စွာမထားဘဲ ရှုပ်ထွေး ဝေးလံ ခွဲခွာ၍ ဖရိုဖရဲ ရေးသားထားသောကြောင့် "ဗျာကိဏ္ဏဒေါသ" သင့်လေသည်။

မြန်ပုံစံ။　။ဘုရားတရား, ပြဒါးသံဃာ, ဤလေးဖြာကို, မကွာနိစ္စ, ဓာရဏာဖြင့်, အတ္ထအနက်, လွန်သိခက်သည်၏အဖြစ်လည်းကောင်း။ (ကုန္ဒာစရိယအဂ္ဂိရတ်စာ။)

ရှင်း　ဘုရားနှင့်တရားစပ်ကြားမှာ ပြဒါးကို ထည့်သွင်းထား၍ စပ်သင့်သော ရတနာသုံးပါးကို အစဉ်အတိုင်း နီးနီးကပ်ကပ်မထား၊ မစပ်သင့်သောပြဒါးနှင့် တရားသံဃာကို နီးနီးကပ်ကပ်ထား၍ ရှုပ်ထွေးသောကြောင့် "ဗျာကိဏ္ဏဒေါသ"သင့်သည်။
[ဗန် ။]

http://www.dhammadownload.com

၄။ ဂါမဏိဒေါသ (၂)

၄၅။ ဝိသိဋ္ဌဝစနာပေတံ , ဂါမဏ္ဍဘိမတံ ယထာ၊
ကညေ ကာမယမာနံ မံ , နု ကာမယသိ ကိံနွိဒံ။

---

(၄) ဂါမဏိဒေါသ

၄၅။ ။ရိုင်းပြစကား, သုံးနှုံးထား, မှတ်သားဂါမဏိ-ပြစ်ဒေါသ။

ပြေပြစ်ချောမော ယဉ်ကျေးသိမ်မွေ့ခြင်းမှကင်း၍ နင့်သီးရိုင်းပျသော ကျေးတောသားတို့ စကားတို့ဖြင့် ရေးသားသုံးစွဲထားသော ဝါကျသည် "ဂါမဏိဒေါသ" သင့်၏။

[မြို့ကြီးပြကြီးသူ လူကြီးလူကောင်းတို့၏ စကားမျိုးကို ယဉ်ကျေးသောစကား, တောသူတောင်သား ပညာမဲ့သောသူတို့၏စကားကို ရုန့်ရင်းကြမ်းတမ်း၍ ရိုင်းပြသော စကား-ဟု ဆိုရပေသည်၊ ဂါမ-ဏျ-အ။ ဂါမေ ဘဝံ-ဂါမ်၊ ဂါမ်ဝိယာတိ-ဂါမ်။]

ပြန်ပုံစံ။ ။အို-ဟော့အပျို !၊ နင့်ကိုငါချစ်, နင်မချစ်, အဖြစ်ဘယ်လိုဟာတဲ့တုံး။

ရှင်း ဤစကားသည် လွန်စွာတောကျ ရိုင်းပြသော စကားဖြစ်သောကြောင့် "ဂါမဏိဒေါသ" သင့်၏၊ [ကာမဂုဏ်အရာ၌ဖြစ်စေ, မိန်းမယောကျ်ားတို့ လျှို့ဝှက်အပ်သော ကိုယ်အင်္ဂါတို့ကိုဖြစ်စေ မသွယ်မဝိုက်, တိုက်ရိုက်တော့တိုး, ပြောဆိုခြင်း, အလွန်ရိုးတာ တောကျစွာ ပြောဆိုခြင်းမှန်သမျှသည် "ဂါမဏိဒေါသ" သင့်၏။]

ဆတောင်ရွာစား စာဆိုတော် ကုန်းဘောင်မင်းတရားကြီးအား ရွှေကျင်ဝန်ကြီးက ဆက်သသော ဦးနု-ခေါ်သော တလိုင်းစာဆိုတော်တစ်ယောက် ရှိသည်၊ ထိုစာဆိုကို အဟုတ်ထင်၍ ဘုရင်မင်းမြတ်၏သားတော် တစ်ပါးက "မင်းသမီးတစ်ပါးကို နှစ်သက်နေကြောင်း၊ တစ်ခါမျှ စကားမပြောဘူးသေးကြောင်း၊ ထို့ကြောင့် ထိုမင်းသမီးနှင့် တွေ့ဆုံစကားပြောဆိုရန်, ကျွန်ုပ်ကဲ့သို့ နှစ်သက်သည် မနှစ်သက်သည် ကိုလည်း စာပြန်ရန် မှာတမ်းကလေးတစ်ခု အလိုရှိသောကြောင့် စာဆိုတော်မင်းထံ လာရောက်ရပါကြောင်း"ပြောသည်၊ "အရှင်မင်းသား ! ဘာမျှမစိုးရိမ်ပါနှင့်၊ ကျွန်ုပ်တစ်ခါတည်းရအောင် မှာတမ်းရေးပေးပါမည်၊ အိမ်တော်၌သာ အေးအေး စံနေတော်မူပါ" ဟု ဦးနုက ဝန်ခံသည်၊ မင်းသားက ပုဆိုး, ပုဝါကန်တော့သော်လည်း မယူဘဲ မင်းသမီးကို ရမှ ကန်တော့ပါတော့၊ ယခုဖြင့် လက်မခံလိုသေးပါ"ဟု ငြင်းပယ်သည်၊ မင်းသားလည်း ပုဆိုး, ပုဝါကိုယူ၍ အိမ်သို့ပြန်သွားသည်၊ ရက်များမကြာမီ "သြော်- မင်းသားကဖြင့် တလိုင်းစာဆိုတော်ဆို၍ လာရောက်တောင်းပန်ပေတယ်၊ ငါကလည်း မင်းသမီးကို ရအောင်ရေးပေးမယ်လို့ ဝန်ခံလိုက်တယ်၊ ငါရေးတဲ့စာကိုမြင်က မင်းသမီး တစ်ခါတည်း ချစ်ခင်တဲ့စိတ် ဖြစ်လာအောင် ရေးပေးရပေမယ်"ဟု ကြံစည်အောက်မေ့ တွေးတောနေသည်၊ ထို့နောက်-

http://www.dhammadownload.com

၄၅။ ဝိသိဋ္ဌဝစနာပေတံ-(ယဉ်ကျေးတင့်တယ်, နှစ်သက်ဖွယ်ဟု) ထူးသော အနက်အဓိပ္ပာယ်ကို ဆိုမှုမှကင်းသော ဝါကျကို (ဦဟောင်း)၊ ဝါ-ပြေပြစ်ချောမော, ယဉ်ကျေးသိမ်မွေ့သောစကားမှကင်းသော ဝါကျကို၊ ဂါမ္မန္တိ-ဂါမ္မဒေါသသင့်၏ဟူ၍၊ ဝါ-မြို့ပြမသုံး, ကျေးရွာသုံးစကားဟူ၍၊ (ကဒိဟိ-ပညာရှိတို့သည်၊) အဘိမတံ-သိအပ်၏၊ (ယထာ-ကား၊ ကညေတျာဒိ-တည်း၊) ကညေ-တင့်တယ်ရွှန်းစို, ဟေ့ အပျို !၊ ကာမယမာနံ-နှင့်ကို (မှန်းလျက်, ငန်းငန်းတက်)ကြိုက်နေသော၊ မံ-ငါ့ကို၊ နု ကာမယသိ-နင်ကမကြိုက်၊ ဣဒံ-ဤသို့ နှင့်ကိုငါကြိုက်လျက် နင်ကငါ့ကို မကြိုက်ခြင်းသည်၊ ကိံ နု-ဘာကြောင့်တုံး။

"ချစ်လွန်းလို့ပါမိုငယ် ရှိခိုးပါရဲ့၊ ချစ်လွန်းလို့ပါမိုငယ် ရှိခိုးပါရဲ့၊ မယ့်ဖင်ဆားတော ဖြူးတယ်၊ မောင်ဖူးပါရဲ့"-

ဟုရေးသားပြီးလျှင် မင်းသမီးထံ ပေါက်ရောက်ဝင်ထွက်နိုင်သော မိန်းမတစ်ယောက်ကို ပရိပိုက်စာလွှာ ဆက်သရန် စေလွှတ်လိုက်သည်။

စာလွှာကိုရသောအခါ မင်းသမီးက များစွာရယ်သည်၊ "မင်းသားက ပေးသောစာ"ဟု အဆင့်ဆင့်ပြောကြ၍ နန်းတွင်းသူ နန်းတွင်းသားများ သိကုန်သည်၊ မင်းသားလည်း သိသွား၍ အလွန်ရှက်နိုးသောကြောင့် ခမည်းတော်ထံ ဝင်ရောက် သံတော်ဦးတင်သည်၊ မင်းတရားကြီးက ဦးနှကို ခေါ်ယူစစ်ဆေးသည်၊ ဦးနှကလည်း မကွယ်မထောင့်ဘဲ "ကျွန်တော်မျိုးငနေ ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား၊ ကျွန်တော်မျိုးရေးသော မှာတမ်း၌ပါသော အချစ်မျိုးကို မည်သူမျှ ချစ်နိုင်ကြမည်မဟုတ်ပါ၊ အလွန်တရာမှ သူတစ်ပါးတို့၏ အချစ်မျိုးတကာတို့ထက် ပိုပြီးတော့ အထူးချစ်တဲ့ အချစ်မျိုး ဖြစ်ပါကြောင်း၊ ညဉ့်စက်တော် ခေါ်တော်မူသောအခါ နဖူးပေါ် ရွှေလက်တော်တင်၍ စဉ်းစားတော်မူပါမည့်အကြောင်း၊ အင်မတန် အချစ်ကဲလွန်လျက် ရှိခိုးလောက်အောင်ချစ်သော အချစ်မျိုး မရှိဘူးသေးပါကြောင်း၊ ထိုအချစ်မျိုးကိုမှ အချစ်မဟုတ်-ဟု ထင်တော်မူပါက ငနုအသက်သေခံဝံ့ပါကြောင်းပါဘုရား"ဟု ရှိခိုးသံတော်ဦးတင်သည်။

နံနက်မိုးသောက် တစ်ချက်တီးရောက်၍ ညီလာခံတွင် မှူးတော်, မတ်တော်များ စုံလင်သောအခါ ...."မှူးတော်မတ်တော်တို့ ! ငနုစီကုံးသောစာသည် ကြမ်းတမ်းရိုင်းစိုင်းသောစကား မဟုတ်ပေ၊ စာ၏အဓိပ္ပာယ်ကို သေချာစွာ ဆင်ခြင်တော်မူမှ အဓိပ္ပာယ် နက်နဲပြည့်စုံပုံကို သိမြင်ရချေသည်၊ စာ၌ပါသောအချစ်မျိုးကို မည်သူမျှ ချစ်နိုင်မည် မဟုတ်၊ အထူးအားဖြင့် လွန်ကဲသောအချစ်မျိုး ဖြစ်ချေသည်၊ တလိုင်းစာဆိုကော်ငနု စာဆိုကောင်းသည့်အတွက် ဆတောင်ရွာကို အစားသနားတော်မူသောအမိန့်ကို ထုတ်စေ၊ ယနေ့မှစ၍ "ဆတောင်ရွာစား စာဆိုတော်"ဟု ခေါ်ကြရမည်၊ သားတော်နှင့်သမီးတော်တို့ကိုလည်း ထိမ်းမြားလက်ထပ်တော်မူမည့် အခါနေ့ရက်ကို ရွေးချယ် အခါတော်ဆက်

http://www.dhammadownload.com

၄၆။ ပဒသန္ဓာနတော ကိဉ္စိ , ဒုပ္ပတိတ်ကရံ ဘဝေ၊
တမ္ပိ ဂါမ္မ ဏ္ဍာဘိမတံ , ယထာ ယာဘာဝတော ပိယာ။

၄၆။ ကိဉ္စိ–တချို့သောဝါကျသည်၊ ပဒသန္ဓာနတော–ရှေ့ပုဒ် နောက်ပုဒ်တို့ကို ဆက်စပ်ခြင်းအားဖြင့်၊ ဒုပ္ပတိတိကရံ–မကောင်းသဖြင့်သိအပ်သော အနက်ကို ပြုတတ်သည်၊ ဝါ–မတင့်တယ် မလျောက်ပတ်, မကောင်းမြတ်သော အနက်ကို ပြတတ်သည်၊ ဘဝေ–ဖြစ်၏၊ တမ္ပိ–(ပုဒ်ချင်းစပ်ဖက်, မကောင်းနက်ထွက်သော) ထိုဝါကျကိုလည်း၊ ဂါမ္မဏ္ဍီ–ဂါမ္မဒေါသသင့်၏ဟူ၍၊ အဘိမတံ–သိအပ်၏၊ (ယထာ–ကား၊ ယာဘာဝတောတျာဒိ–တည်း။ ဘဝတော–အရှင်သည်၊ ယာ–(ယာကာစိ–) တစ်စုံတစ်ယောက်သောမိန်းမကို၊ ပိယာ–ချစ်အပ်၏၊ (အလိုရှိအပ်သောအနက်။)

ယာဘာဝတော–မေထုန်မှီဝဲခြင်းရှိသောသူ၏၊ ပိယာ–ချစ်မယား၊ (ပုဒ်စပ်ခြင်းကြောင့် မကောင်းသောအနက်။)

ပုဏ္ဏားတို့က မကြာမီ ဆက်သွင်းကြရမည်"ဟု အမိန့်ချမှတ်တော်မူသတဲ့။ (မင်းသားအရှက်ပြေအောင်လုပ်သလား, တကယ်ပင်အနှစ်သာရပြည့်စုံသောစာ ဖြစ်သလား–စာရှုသူများပင် စဉ်းစားစေလိုသည်။) [ရူး။]

ဂါမ္မဒေါသ နောက်တစ်မျိုး

၄၆။ ။ ပုဒ်ချင်းစပ်ဖက်, မကောင်းနက်, ပေါ်ထွက်ဂါမ္မ–တစ်နည်းပြ။

ရှေ့ပုဒ် နောက်ပုဒ်တို့ကို ဆက်စပ်လိုက်သောအခါ မတင့်တယ် မလျောက်ပတ် မကောင်းမြတ်သောအနက်ကို ပြတတ်သောဝါကျသည်လည်း "ဂါမ္မဒေါသ"သင့်၏။

ရှင်း ယာဘာဝတောပိယာ–၌ "ယာ, ဘဝတောပိယာ"ဟု ယာ–ကို ဘ–နှင့်မစပ်ဘဲ ရွှတ်လျှင် အပြစ်မရှိ၊ ယာ–ကို ဘ–နှင့်စပ်၍ "ယာဘာဝတော"ဟု ရွှတ်ဖတ်လျှင် "မေထုန်ရှိသောသူ"ဟူသော မတင့်တယ် မလျောက်ပတ် မကောင်းမြတ်သောအနက် ထွက်သောကြောင့် "ဂါမ္မဒေါသ" သင့်လေသည်။

မြန်ပုံစံ။ ။ ငါတို့သမီးထွေး, ငယ်ပါသေး၍, ချစ်ရေးဆိုငြား, ရှင်တို့သားနှင့်, ထိမ်းမြားခြင်းငှာ–မသင့်ပါ။ (နော။)

ရှင်း ဤ၌လည်း ငယ်–နှင့် ပါ–ကို တစ်စပ်တည်းစပ်၍ ရွှတ်ဖတ်လျှင် မတင့်တယ် မလျောက်ပတ် မကောင်းမြတ်သော အနက်ရိုင်းထွက်သောကြောင့် "ဂါမ္မဒေါသ" သင့်သည်။ (ငယ်ပါ–မွေးကတည်းက ပါလာသော မွေးလမ်းကြောင်း။)

လေ့ကျင့်ရန်ပုံစံ

(က) တောတောင်သက်ဝင်, ရှင်ဘုရင်, နင်တို့ဘယ်ကိုသွားမလဲ။

(ခ) ဂုရုဂြိုဟ်တွင် သက်ပိုင်းကြုံ။ . . . ဗျာပါထပ်မွေ, လယ်ယာမြေကြောင့် ဆင်ခြေလည်ယှက်, တရားဆက်လည်း, ရုံးဘက်ကသာ, လည်ဂုတ်နာနှင့်, ခေါင်းနာ

http://www.dhammadownload.com

၅။ ယတိဟီနဒေါသ

၄၇။ ဝုတ္တေသု သုစိတဋ္ဌာနေ , ပဒစ္ဆေဒေါ ဘဝေ ယတိ၊
ယံ တာယ ဟီနံ တံ ဝုတ္တံ , ယတိဟီနန္တိ သာ ပန။

၄၈။ ယတိ သဗ္ဗတ္ထ ပါဒန္တေ , ဝုတ္တမေ့ စ ဝိသေသတော၊
ပုဗ္ဗာပရာနေကဝဏ္ဏ-ပဒမဗ္ဗေပိ ကတ္ထစိ။

၄၇=၄၈။ ဝုတ္တေသု-ဂါထာတို့၌၊ သုစိတဋ္ဌာနေ-(ဤနေရာ၌ ယတိဖြတ်ရမည်ဟု)ညွှန်ပြအပ်သောနေရာများ၌၊ ပဒစ္ဆေဒေါ-(မဖတ်မရွတ်, စဉ်းငယ်ရပ်၍,) ပုဒ်တို့ကို ဖြတ်ခြင်းသည်၊ ယတိ-ယတိမည်သည်၊ ဘဝေ-ဖြစ်၏၊ ယံ-အကြောင်းဂါကျသည်၊ တာယ-ထိုယတိမှ၊ ဟီနံ-ယုတ်၏၊ တံ-(ဖြတ်သင့်ပါလျက်, တစ်ဆက်တည်းဆိုသော) ထိုဝါကျကို၊ ယတိဟီနန္တိ-ယတိဟီနဒေါသသင့်၏ဟူ၍၊ ဝုတ္တံ-ဆိုအပ်၏။

ထပ်လောင်း, ခြေလေးချောင်း, မကောင်းမှုပြစ်ဆုံအံ့, ... ကာမအာရုံကိလေစိတ်, ... တစ်ခုလပ်ကြီး, မုန်ယိုစီး၍, ရောက်ရီးရောက်ရက်, နောက်ပိုးတက်သောကြောင့်, အရှက်လည်းရ, ငွေလည်းကျတတ်သည်, လောဘစေတသိက်ကြောင့်" . . . .(အဋ္ဌလင်္ဂဟောကိန်း။)

(အပေါ်သွားမည်, အလေးသွားမည်, ကုဋီသွားမည်, ကျင်ငယ်အိမ်သို့ သွားမည်, အိမ်သာသို့သွားမည် . . . . စသည်ဖြင့် သွယ်ဝိုက်ပြောရမည့်စကားများကို မသွယ်မဝိုက် တိုက်ရိုက်တဲ့တိုး ပြောဆိုက "ဂါမ္မဒေါသ" သင့်တော့၏။)

(၅) ယတိဟီနဒေါသ

၄၇။ ဆန်းနှင့်ညီညွှတ်, ဖြတ်ရာတိ, ယတိခေါ်ပါရ။
ဖြတ်သင့်ညွှန်ရှိ, မဖြတ်ဘိ, ယတိဟီန-ပြစ်ဒေါသ။

ယတိ ဂါထာတို့၌ ဆန်းဆရာတို့က "ယတိဖြတ်ရမည်"ဟု ညွှန်ပြအပ်သောနေရာ၌ (မဖတ် မရွတ်, စဉ်းငယ်ရပ်၍,) ပုဒ်တို့ကိုဖြတ်ခြင်းသည် "ယတိ"မည်၏။ [ယမနံ ဝိရာမော-ယတိ၊ ဋီ။]

ယတိဟီန ထိုသို့ "ယတိဖြတ်ရမည်"ဟု ညွှန်ပြထားရာ၌ ယတိမဖြတ်မူ၍ ယတိမှယုတ်လျော့သောဝါကျသည် "ယတိဟီနဒေါသ" သင့်၏။ (ယတိ-ရပ်ခြင်း, ဖြတ်ခြင်း၊ ဟီန-ယုတ်လျော့သည်။ ယတိယာ ဟီနံ-ယတိဟီနံ၊ ယတိဟီနာ ဇတ္ထာတိဝါ-ယတိဟီနံ။)

ဖြတ်သင့်ရာမှာဖြတ်၍ ရပ်သင့်ရာမှာရပ်ခြင်းမျိုးသည် ယတိမည်၏၊ "ဖြတ်သင့်လျက် မဖြတ်, ရပ်သင့်လျက် မရပ်ဘဲ ဆက်စပ်၍ ဆိုခဲ့သော် ယတိဟီနဒေါသ သင့်၏"ဟု ဆိုလိုသည်၊ မာဂဓ၌ ယတိသည် အလွန်အရေးကြီးလှ၏၊ မြန်မာ၌ မာဂဓနှင့်မတူ၊

http://www.dhammadownload.com

ပန–အထူးကား၊ သာ ယတိ–ထိုယတိသည်၊ သဗ္ဗတ္ထ–အလုံးစုံသော၊ ပါဒန္တေ–ဂါထာပါဒတို့၏ အဆုံး၌လည်းကောင်း၊ ဝိသေသတော–အထူးအားဖြင့်၊ ဝါ–အမြဲကန်အားဖြင့်၊ ဝုတ္တမေ့စ–ဂါထာ၏ ထက်ဝက်၌လည်းကောင်း၊ ကတ္ထစိ–တချို့သောနေရာ၌၊ ပုဗ္ဗာပရာနေက ဝဏ္ဏပဒမဇ္ဈေပိ–ရှေ့ဘက်နောက်ဘက်, တစ်လုံးထက်များသော အက္ခရာရှိသော ပုဒ်တို့၏ အလယ်၌လည်းကောင်း၊ သိယာ–ဖြစ်ရာ၏။ (ပနာတိ–ဝိသေသေ။) ဋီ။

ယတိမှန်–ယတိမှားပုံစံ

တတ္ထောဒါဟရဏာ ပစ္စုဒါဟရဏာနိ ယထာ–

၄၉။ တံ နမေ သိရသာ စာမိ–ကရဝဏ္ဏံ တထာဂတံ၊
သကလာပိ ဒိသာ သိဉ္စ–တိဝ သောဏ္ဏရသေဟိ ယော။

အရေးမကြီး၊ သို့သော်–ကဗျာရေးနည်းစည်းကမ်းကို ညွှန်ပြသောကျမ်းများသည် မြန်မာမှု၌ ဆန်းကျမ်းတို့ မည်ကုန်၏၊ ထိုကျမ်းတို့နှင့် မဆန့်ကျင်စေမူ၍ ဖြတ်သင့်ရာ၌ဖြတ်, ရပ်သင့်ရာ၌ ရပ်သင့်၏။

၄၈။ ယတိဌာန

(က) ပါဒန္တယတိ–ဂါထာပါဒဆုံးတိုင်းဆုံးတိုင်း ယတိပြတ်စေရမည်။

(ခ) ဝုတ္တမုယတိ–အထူးအားဖြင့် ဂါထာပါဒ၏ ပုဗ္ဗမုအဆုံး၌သော်ကား အမြဲ ယတိပြတ်စေရမည်။

(ဂ) ပဒမဇ္ဈယတိ–ရံခါမူ ပထမပါဒ၏အဆုံးနှင့် ဒုတိယပါဒ၏အစ, တတိယပါဒ၏အဆုံးနှင့် စတုတ္ထပါဒအစ၌ အက္ခရာလေးလုံးထက်မနည်း ပါရှိသော ပုဒ်တို့၏ အလယ်၌လည်း ယတိဖြတ်နိုင်၏။ (အနည်းဆုံး တစ်ဖက်တစ်ဖက်မှာ အက္ခရာနှစ်လုံးစီ ရှိရမည်၊)

ဤသို့ ဖြတ်ရာဌာနကိုလိုက်၍ ယတိသုံးပါး ပြား၏။

ပဒမဇ္ဈယတိကို ဆိုရခြင်း ပဒမဇ္ဈယတိသည် ပါဒန္တယတိ, ဝုတ္တမုယတိတို့မှ အသီးအခြားမဖြစ်နိုင်ချေ၊ ထိုယတိနှစ်မျိုးတို့၏ အတွင်း၌ပင် ပါဝင်နိုင်၏၊ ထိုသို့ပင်ဖြစ်ပါသော်လည်း "ပဒဩဒေါ ဘဝေ ယတိ"ဟု ဆိုထားသောကြောင့် "ပုဒ်တို့၏အလယ်၌ ယတိမဖြစ်နိုင်၊ ပုဒ်တို့၏အဆုံး၌သာ ယတိဖြစ်နိုင်သည် (မဟုတ်လော)"ဟူသော သူတစ်ပါးတို့၏ယုံမှားကို ပယ်ဖျောက်ရန် ပါဒန္တ–စသည်တို့မှ အသီးအခြား မဟုတ်ငြားသော်လည်း ပဒမဇ္ဈယတိကို ပြဆိုရပေသည်။

ထိုယတိသုံးပါးတို့တွင်ပါဒန္တယတိ, ဝုတ္တမုယတိတို့သည် ထင်ရှား၏၊ ယတိဟီနဒေါသနှင့်လည်း မသက်ဆိုင်ချေ၊ ထို့ကြောင့် ၄င်းတို့အတွက် ပုံစံထုတ်မပြဘဲ ပဒမဇ္ဈယတိအတွက်မျှသာ ပုံစံထုတ်ပြပေလိမ့်မည်။

ယတိမှန်–ယတိမှားပုံစံ

၄၉။ ရှင်း ပုဗ္ဗမုဖြင့် ဥဒါဟရဏ်, အပရမုဖြင့် ပစ္စုဒါဟရဏ်ကို ပြ၏၊ "စာမိ+ကရ"၌ အလယ်ယတိသည် "စာမိ"ဟူသော အက္ခရာနှစ်လုံးကို ကျော်လွန်၍

http://www.dhammadownload.com

၄၉။ တတ္ထ-ထိုပဒမဇ္ဈယတိ၌၊ ဥဒါဟရဏပစ္စုဒါဟရဏာနိ-လိုအပ်သော ဥဒါဟရဏ်, ဆန့်ကျင်ဘက်(ဒေါသသင့်သော)ဥဒါဟရဏ်တို့သည်၊ ယထာ-အဘယ်သည်တို့နည်းဟူမူကား၊ တံ နမေတျာဒီ-တံ နမေစသည်တို့တည်း။

ယော(တထာဂတော)-အကြင်မြတ်စွာဘုရားသည်၊ သကလာပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ ဒိသာ-အရပ်မျက်နှာတို့ကို၊ သောဏ္ဏာရသေဟိ-ရွှေရည်တို့ဖြင့်၊ သိဉ္စတိ၀-သွန်းလောင်းသကဲ့သို့ ဖြစ်တော်မူ၏၊ စာမိကရ၀ဏ္ဏံ-ရွှေအဆင်းနှင့်တူသောအဆင်းရှိတော်မူသော၊ တံ တထာဂတံ-ထိုမြတ်စွာဘုရားကို၊ သိရသာ-ဦးခေါင်းဖြင့်၊ နမေ-ရှိခိုးပါ၏။

တည်သောကြောင့်လည်းကောင်း, နောက်၌လည်း "ကရ"ဟူသော အက္ခရာ နှစ်လုံးကျန်သေးသောကြောင့်လည်းကောင်း ရှေ့နောက် များသောအက္ခရာရှိ၏၊ ထို့ကြောင့် "ယတိဟိနဒေါသ"မသင့်၊ ထိုယတိမျိုးကို အလိုရှိအပ် ရေးသားအပ်၏။

"သိဉ္စ+တိ"၌ "သိဉ္စ"ဟူသော အက္ခရာနှစ်လုံးကို ကျော်လွန် ယတိပြတ်ပါသော်လည်း နောက်၌ "တိ"ဟူသော အက္ခရာတစ်လုံးမျှသာ ကြွင်းကျန်သောကြောင့် (ရှေ့၌ များသော အက္ခရာရှိစေကာမူ နောက်၌)များသောအက္ခရာမရှိချေ၊ ထို့ကြောင့် အပရမုဥဒါဟရဏ်သည် ယတိဟိနဒေါသ သင့်၏၊ ဆန့်ကျင်ဘက်(ပစ္စုဒါဟရဏ်) အလိုမရှိအပ်သော ဥဒါဟရဏ်မည်၏၊ ထိုယတိမျိုးကို အသုံးမပြုသင့်။ (ဧတ္ထ အနေကဝဏ္ဏတ္တံ ပဒဝသေနေ၀ ဉာတဗ္ဗံ၊ ဋီသစ်။)

မြန်မာမှု၌ မှတ်ဖွယ်　မြန်မာ၌ ယတိသည် (က) ပိုဒ်တွင်းယတိ, (ခ) ပိုဒ်ဆုံးယတိ-ဟု နှစ်ပါးရှိ၏၊ ထိုနှစ်ပါးတို့တွင် သဒ္ဒါနည်း,အနက်နည်းနှင့် ဆန့်ကျင်လျက် အနက်ပျက်အောင် ဖြတ်မှားက အဖြတ်အရပ်မှားအပြစ် (ယတိဟိနဒေါသ) သင့်၏။

(က) ပိုဒ်တွင်းယတိမှား　တင့်တယ်ထွန်းပ, နေရောင်သ+ဖွယ်, ကျက်သ+ရေမျိုး, နေ့စဉ်တိုးသား။ (နော)

ရှင်း　"သဖွယ်"ဟု တစ်စပ်တည်း ရွတ်ဆိုရမည်ကို "နေရောင်သ+ဖွယ်"ဟု ကြားဖြတ်၍ ရွတ်ဆိုစေသောကြောင့်လည်းကောင်း, "ကျက်သရေ"ဟု တစ်စပ်တည်း ရွတ်ဆိုရမည်ကို "ကျက်သ+ရေမျိုး"ဟု ကြားဖြတ်၍ ရွတ်ဆိုစေသောကြောင့်လည်းကောင်း ယတိဟိနဒေါသ သင့်၏။

ဖော့သံဖြင့် စပ်အင်မပြုကောင်း၊ စပ်အင်အသံကို ပီပီသသ ရွတ်ဆိုစေရမည်၊ အချုပ်အားဖြင့် "ဆိုလိုချက်အနက်မပျက်အောင် ဖြတ်ရမည်၊ ဆိုလိုချက်အနက်ပျက်က ယတိဟိနဒေါသ သင့်သည်"ဟု မှတ်ပါလေ၊ ဤယတိဟိနဒေါသသည် ရေးသူကိုသာ သင့်သည်မဟုတ်၊ အဖြတ်မှားလျှင် ဖတ်သူကိုလည်း သင့်၏၊ ထို့ကြောင့် "သဒ္ဒါ, သီလ, သုတ,

http://www.dhammadownload.com

ဖြတ်-ရပ်ထုံးနည်းဥပဒေသ

၅၀။ သရော သန္ဓိမှိ ပုဗ္ဗန္တော , ဝိယ လောပေ ဝိဘတ္တိယာ၊
အညထာတွညထာ တတ္ထ , ယာဒေသာဒိ ပရာဒိဝ။

၅၀။ သန္ဓိမှိ-သန္ဓိအရာ၌၊ ဝိဘတ္တိယာ-ဝိဘတ်၏၊ လောပေ-ကျေခြင်းသည်၊ သတိ-ဖြစ်လတ်သော်၊ သရော-နောက်ပုဒ်၏အစသရသည်၊ ပုဗ္ဗန္တော၀ိယ-ရှေ့ပုဒ်၏ အဆုံးကဲ့သို့၊ ဟောတိ-ဖြစ်၏၊ အညထာတု-ဝိဘတ်မကျေမူကား၊ သရော-ရှေ့ပုဒ်၏ အဆုံးသရသည် (လိုက်)၊ အညထာ-နောက်ပုဒ်၏အစသရကဲ့သို့၊ ဟောတိ-ဖြစ်၏၊ တတ္ထ-ထိုယတိ၌၊ ယာဒေသာဒိ-ယ-ပြု (မ-ပြု ဒ-ပြု)စသည်သည်၊ ပရာဒိဝ-နောက်ပုဒ်၏အစကဲ့သို့၊ ဟောတိ-ဖြစ်၏။

၅၁။ စာဒိ ပုဗ္ဗပဒန္တာဝ , နိစ္စံ ပုဗ္ဗပဒဿိတာ၊
ပါဒယော နိစ္စသမ္ဗန္ဓာ , ပရာဒိဝ ပရေန တု။

စာဂ"စသောသူတော်ကောင်းဥစ္စာ ခုနစ်ပါးကို "သဒ္ဓါ, သီလ, သု-တဇာဂ"ဟု ဖတ်မှား ဖြတ်မှားသော မယ်သီလကဲ့သို့ မဖြစ်စေသင့်၊ သတိကြီးစွာ ထားကြရာ၏။ (ပိုဒ်တွင်း ယတိမှားကို ပြဆိုလိုက်သဖြင့် ပိုဒ်တွင်းယတိမှန်ကို နားလည်နိုင်လောက်ပြီ၊ ထို့ကြောင့် ပုံစံအသီးအခြားထုတ်၍ မပြတော့ပေ။)

(ခ) ပိုဒ်ဆုံးယတိမှား။ ။ အထွတ်ရှင်ပင်, မရှင်စေလို, ၍သာဆိုသည်။

ဤ၌ "၍"ဟူသော ဇောတကကြိယာကို ဖက်တွဲရိုးဖြစ်သော လိုနှင့်ခွဲ၍ ပိုဒ်ဆုံး ယတိဖြတ်သောကြောင့် "မရှင်စေလိုသောကြောင့် ၍သာ-ဟု ဆိုသည်"ဟု အနက်ကောက် ယူဖွယ် ရှိရကား ဆိုလိုချက်အနက် ပျက်သည်၊ ယတိအဖြတ် မှားသည်၊ ထို့ကြောင့် ယတိဟီနဒေါသသင့်၏၊ (အဓိပ္ပာယ်သိနိုင်လောက်၍ မလွဲမရှောင်သာသော အရာမျိုးမှ တစ်ပါး နေရာတိုင်း၌ ဤသို့ မရေးသင့်၊ အနက်အဓိပ္ပာယ် သိနိုင်လောက်သော နေရာမျိုး၌ ရှေးကဗျာကျော်ဆရာတော်များ ဤပိုဒ်ဆုံးယတိမျိုး ရေးသားသောအရာကား များလှ၏၊ ကျမ်းလေးအံ့ စိုးသောကြောင့် ပုံစံမထုတ်ပြသာ ရှိတော့သည်။)

(ခ) ပိုဒ်ဆုံးယတိမှန် ကျောင်းကြီးဗိမာန်, ဇေတဝန်၌, မြတ်မွန်နေတော်, မူသ ရော်တည်း။....(ကိုးခန်း-၁။)

ဤ၌ ရှေ့နောက်အကွာရာများသည့်အပြင် အနက်အဓိပ္ပာယ်လည်း လွဲမှားစရာ မရှိ သောကြောင့် "ယတိဟီနဒေါသ" မသင့်။

ပိုဒ်တွင်းယတိပြတ်သည် ပိုဒ်ဆုံးယတိပြတ်လောက် တကွဲတပြားစီဖြစ်အောင် မပြတ် တောက်သောကြောင့် ပိုဒ်တွင်း၌ ဇောတကကြိယာကို ယတိဖြတ်ကောင်း၏၊ သို့ရာတွင် အနက်စပ်မပျက်အောင် ဖြတ်တတ်ရမည်။

ဖြတ်-ရပ်ထုံးနည်းဥပဒေသ

၅၀-၅၁။ ။ ကျေပျက်ဝိဘတ်, ပုဒ်ချင်းစပ်, ရွတ်ဖတ်ပုဗ္ဗပဒန္တ ။
ဝိဘတ်မကျေ, ပုဒ်စပ်လေ, နောက်နေပုဒ်အစ။

http://www.dhammadownload.com

၅၁။ နိစ္စံ-အမြဲ၊ ပုဗ္ဗပဒသသိတာ-ရှေ့ပုဒ်ကိုမှီကြကုန်သော၊ ဝါ-ကြောင့်၊ စာဒီ-စအစရှိသော နိပါတ်ပုဒ်တို့သည်၊ ပုဗ္ဗပဒန္တာဝ-ရှေ့ပုဒ်၏ အဆုံးတို့ကဲ့သို့၊ ဝါ-ရှေ့ပုဒ်၏ အစိတ်တို့ကဲ့သို့၊ ဟောန္တိ-ဖြစ်ကုန်၏၊ ပရေန-နောက်ပုဒ်နှင့်၊ နိစ္စသမ္ဗန္ဓာ-အမြဲစပ်ကုန်သော၊ ဝါ-ကြောင့်၊ ပါဒယောတု-ပအစရှိသော ဥပသာရပုဒ်တို့သည်ကား၊ ပရာဒီဝ-နောက်ပုဒ်၏အစတို့ကဲ့သို့၊ ဝါ-နောက်ပုဒ်၏ အစိတ်တို့ကဲ့သို့၊ ဟောန္တိ-ဖြစ်ကုန်၏။

ယ-ဝအာဒိ, ပြုတုံဘိ, နောက်ရှိပုဒ်အစ။
နိပါတ်ကုန်လုံး, ရှေ့ပုဒ်ဆုံး, ကုန်လုံးဥပ-နောက်အစ။

ရှေ့၌ ဆိုခဲ့ပြီးသော စကားနှင့် ဆန့်ကျင်သော်လည်း ယတိဟိနဒေါသ မသင့်သည်၏ အဖြစ်ကို ပြလိုသောကြောင့် (သရော သန္ဓိမှိ-စသော) ဤစကားရပ်ကို ဆိုရလေသည်။

(က) ရှေ့ပုဒ်နောက်ပုဒ်တို့ကို သန္ဓိစပ်ရာ၌ ဝိဘတ်ကျေခဲ့သော် နောက်ပုဒ်၏အစ သရကို ရှေ့ပုဒ်၏အဆုံးသရကဲ့သို့ ရွတ်အပ်၏၊ ဤနေရာမျိုး၌ ရှေ့ပုဒ်နောက်ပုဒ် များသော ဝဏ္ဏ မရှိသော်လည်း ယတိဟိနဒေါသမသင့်။ ····ပုံစံ (ဝိဟံ+သူ+ပရတိယာ။)

(ခ) ရှေ့ပုဒ်နောက်ပုဒ်တို့ကို သန္ဓိစပ်ရာ၌ ဝိဘတ်မကျေခဲ့သော် ရှေ့ပုဒ်အဆုံးသရကို နောက်ပုဒ်၏အစကဲ့သို့ ရွတ်အပ်၏၊ ဤနေရာမျိုး၌လည်း ယတိဟိနဒေါသ မသင့်။ (တီ+ဏိမာနိ။)

(ဂ) ဤယတိအရာ၌ ယ-အပြု ဝ-အပြု-စသည်ကို နောက်ပုဒ်၏ အစကဲ့သို့ ရွတ်အပ်၏၊ ယတိဟိနဒေါသ မသင့်။····(တေသ+မောပမတာ။)

(ဃ) ရှေ့ပုဒ်ကို အမြဲမှီကြရသောကြောင့် စ, ဝါ, တု-စသော နိပါတ်ပုဒ်တို့ကို ရှေ့ပုဒ်နှင့်တစ်စပ်တည်း ရှေ့ပုဒ်၏အဆုံးကဲ့သို့ ရွတ်ရမည်၊ ပုဒ်၏အဆုံးမှပယ်၍ ရွတ်က ယတိဟိနဒေါသ သင့်၏။ (သတ္ထာစ သာရိပုတ္တောစ။)

(င) နောက်ပုဒ်နှင့် အမြဲစပ်ကုန်သောကြောင့် ပ, ပရာ, နိ, နီ, ဥ-စသော ဥပသာရပုဒ်တို့ကို နောက်ပုဒ်၏အစကဲ့သို့ ပြုလုပ်၍ နောက်ပုဒ်နှင့် တစ်စပ်တည်း ရွတ်ရမည်၊ ရှေ့ပုဒ်၏အဆုံး၌ ထည့်သွင်းဖြတ်လျှင် ယတိဟိနဒေါသ သင့်၏။····(ပကာရော၊ ပရာဘဝေါ၊ နိက္ခမတိ။)

အနု, ပရိ, အဘိ, ပတိ ဤဥပသာရပုဒ် လေးခုတို့သည် ပုဒ်၏ နောက်၌လည်း ဖြစ်နိုင်သည်၊ အပိ-လည်း တစ်ရံတစ်ခါ နောက်၌ ဖြစ်သည်ကို တွေ့ရ၏၊ နိပါတ် အပိ-ဟုလည်း အချို့နေရာ၌ ကြဲသင့်၏။

http://www.dhammadownload.com

သဗ္ဗတ္ထောဒါဟဏာနိ ယထာ–

၅၂။ နမေ တံ သိရသာ သဗ္ဗော–ပမာတိတံ တထာဂတံ၊
ယဿ လောကဂ္ဂတံ ပတ္တ–ဿောပမာ နတ္ထိ ယုဇ္ဈတိ။
၅၃။ မုနိန္ဒံ တံ သဒါ ဝန္ဒာ–မျနန္တ မတိမုတ္တမံ၊
ယဿ ပညာ စ မေတ္တာ စ , နိဿီမာတိ ဝိဇမ္ဘတိ။

သဗ္ဗတ္ထ–အလုံးစုံသောယတိတို့၌၊ ဝါ–ဆိုခဲ့ပြီးသောယတိ ၅–မျိုးလုံးတို့၌၊ ဥဒါဟရဏာနိ–ဥဒါဟရဏ်တို့သည်၊ ယထာ–အဘယ်တို့နည်းဟူမူကား၊ နမေတျာဒီ–တို့တည်း။

၅၂။ လောကဂ္ဂတံ–လူအပေါင်းတို့ထက် မြတ်သောအဖြစ်သို့၊ ပတ္တဿ–ရောက်တော်မူပြီးသော၊ ယဿ(တထာဂတဿ)–အကြင်မြတ်စွာဘုရားအား၊ ဥပမာ–နှိုင်းယှဉ်စရာ ဥပမာသည်၊ နဟိယုဇ္ဈတိ–မသင့်သည်သာတည်း၊ သဗ္ဗောပမာတိတံ–အလုံးစုံသောဥပမာကို လွန်တော်မူသော၊ တံ တထာဂတံ–ထိုမြတ်စွာဘုရားကို၊ သိရသာ–ဦးခေါင်းဖြင့်၊ နမေ–ရှိခိုးပါ၏။

၅၂–၅၃။ ယတိမှန် ရှင်း

(က) "သဗ္ဗောပမာ"၌ ဝိဘတ်ချေပြီးမှ သန္ဓိစပ်ထားသောကြောင့် နောက်ပုဒ်၏ အစ "ဥ" (၏ ကာရိယဖြစ်သော ဩ)ကို "သဗ္ဗ"ဟူသော ရှေ့ပုဒ်၏ အဆုံး ကဲ့သို့ ပြုလုပ်၍ "သဗ္ဗော"ဟု စဉ်းငယ်ရပ်၍ ဖတ်အပ် ယတိဖြတ်အပ်၏၊ ရှေ့ပါဒ၌ "ဥ (ဩ) "အက္ခရာတစ်လုံးတည်း ပါဝင်နေပါသော်လည်း ယတိဟီနဒေါသ မသင့်။ (သဗ္ဗာ ဥပမာ–သဗ္ဗောပမာ–ဟု သမာသ်စပ်။)

(ခ) "ပတ္တ+ဿောပမာ"၌ ပတ္တ၌ ဝိဘတ်မကျေဘဲ သန္ဓိစပ်သောကြောင့် ရှေ့ "ပတ္တဿ"ဟူသောပုဒ်၏ အဆုံးဖြစ်သော "ဿ"ကို "ဥပမာ"ဟူသော နောက်ပုဒ်၏ အစကဲ့သို့ ပြုလုပ်၍ "ပတ္တ+ဿောပမာ"ဟု "ပတ္တသ်"၌ စဉ်းငယ်ရပ်၍ "သောပမာ"ဟု ဖတ်အပ် ယတိဖြတ်အပ်၏၊ နောက်ပါဒအစ၌ "ဿ"အက္ခရာတစ်လုံးမျှသာ ရှိနေပါသော်လည်း ယတိဟီနဒေါသ မသင့်။

(ဂ) "ဝန္ဒာ+မျနန္တ"၌ ဏ္ဍ–ကို ယ–ပြုထားသောကြောင့် "ဝန္ဒာမိ"ဟူသော ရှေ့ပုဒ်၏ အဆုံးဖြစ်သော "မျ"ကို "အနန္တ"ဟူသော နောက်ပုဒ်၏ အစကဲ့သို့ ပြု၍ ရွတ်ဖတ်ရသည်၊ ယတိဖြတ်ရသည်၊ နောက်ပါဒ၏ အစ၌ "မိ"တစ်လုံးတည်း ပါရှိပါသော်လည်း ယတိဟီနဒေါသ မသင့်။

(ဃ) "မေတ္တာစ"၌ မေတ္တာတွင် ရပ်တန့်ခြင်းကို မပြုမူ၍ (စ, ဝါ–ဟူသော နိပါတ်ပုဒ်တို့သည် ရှေ့ပုဒ်ကို အမြဲမှီကြသောကြောင့်) မေတ္တာစ"ဟု ရှေ့ပုဒ်၏ အဆုံးကဲ့သို့ ပြုလုပ်၍ ရှေ့ပုဒ်နှင့် တစ်စပ်တည်း ရွတ်ဖတ်အပ်ကုန်၏၊ ယတိဖြတ်အပ်ကုန်၏။ (ပညာစ–ကား ပြလိုရင်းမဟုတ်။)

(င) "နိဿီမာ"၌ (ဥပသာရပုဒ်တို့မည်သည် နောက်ပုဒ်နှင့် အမြဲစပ်ကုန်သောကြောင့်) "နိ"၌ မရပ်တန့်မူ၍ "သီမာ"ဟူသော နောက်ပုဒ်၏ အစကဲ့သို့ ပြုလုပ်၍ နောက်ပုဒ်နှင့်

http://www.dhammadownload.com

၅၃။ ယဿ(မုနိန္ဒဿ)-အကြင်မြတ်စွာဘုရား၏၊ ပညာစ-ပညာတော်သည်လည်းကောင်း၊ မေတ္တာစ-မေတ္တာတော်သည်လည်းကောင်း၊ နိဿီမာ-အပိုင်းအခြားမရှိသည်ဖြစ်၍၊ အတိဝိဇ္ဈတိ-အလွန်စံပယ်ကွန့်မြူးတော်မူပါပေ၏၊ အနန္တ မတိ-အဆုံးအပိုင်းအခြားမရှိသော ပညာရှိတော်မူသော၊ ဥတ္တမံ-မြတ်တော်မူထသော၊ တံ မုနိန္ဒံ-ထိုမြတ်စွာဘုရားကို၊ သဒါ-အခါခပ်သိမ်း၊ ဝန္ဒာမိ-ရှိခိုးပါ၏။ ....
[ဇဘိ-မေထုနဝိဇ္ဇေ၊ ဓာတွတ္ထ။]

စာဒိပါဒိသု ပစ္စောဒါဟရဏာနိ ယထာ-

၅၄။ မဟာမေတ္တာ မဟာပညာ , စ ယတ္ထ ပရမောဒယာ၊
ပဏာမာမိ ဇိနံ တံ ပ-ဝရံ ဝရဂုဏာလယံ။

စာဒိပါဒိသု-စအစရှိသောနိပါတ်ပုဒ်, ပအစရှိသောဥပသာရပုဒ်တို့၌၊ ပစ္စောဒါဟရဏာနိ-ဆန့်ကျင်ဘက်(ဒေါသသင့်သော) ဥဒါဟရဏ်တို့သည်၊ ယထာ-အဘယ်တို့နည်းဟူမူကား၊ မဟာမေတ္တာတျာဒိ-မဟာမေတ္တာစသည်တို့ပေတည်း။

၅၄။ ယတ္ထ ဇိနေ-အကြင်မြတ်စွာဘုရား၌၊ မဟာမေတ္တာစ-ကြီးမြတ်သော မေတ္တာတော်သည်လည်းကောင်း၊ မဟာပညာစ-ကြီးမြတ်သော ပညာတော်သည်လည်းကောင်း၊ ပရမောဒယာ-လွန်စွာတိုးပွားကုန်၏၊ ဝရဂုဏာလယံ-မြတ်သောဂုဏ်တို့၏ တည်ရာဖြစ်သော၊ ပဝရံ-မြတ်တော်မူထသော၊ တံ ဇိနံ-ထိုမြတ်စွာဘုရားကို၊ ပဏာမာမိ-ဦးညွတ်ရိကျိုး, ရှိခိုးပါ၏။

၆။ ကမစ္ဆုတဒေါသ

၅၅။ ပဒတ္ထက္ကမတော မုတ္တံ , ကမစ္ဆုတမိဒံ ယထာ၊
ခေတ္တံ ဝါ ဒေဟိ ဂါမံ ဝါ , ဒေသံ ဝါ မမ သောဘဏံ။

တစ်စပ်တည်း "နိဿီမာ"ဟု ရွတ်ပဟ်အပ်ကုန်၏၊ ယတိဖြတ်အပ်၏။ (ဤဥဒ္ဒလည်း အတိဝိဇ္ဈတိ လိုရင်းမဟုတ်။)

၅၄။ ယတိမှားရှင်း

(က) မဟာပညာ, စယတ္ထဥ် "စ"နိပါတ်ပုဒ်သည် ရှေ့ပုဒ်၏အဆုံးဥ် မဟုတ်ဘဲ နောက်ပုဒ်၏ အစဥ် ရောက်နေသည်၊ ထို့ကြောင့် ယတိဟီနဒေါသ သင့်၏၊ ဤသို့ မရေးကောင်း၊ မဖတ်ကောင်း။

(ခ) တံပ,ဝရံဥ် "ပ"ဥပသာရပုဒ်သည် နောက်ပုဒ်၏အစဥ် မဟုတ်ဘဲ "တံ"ဟူသော ရှေ့ပုဒ်၏အဆုံးဥ် ဖြစ်နေသည်၊ ထို့ကြောင့် ယတိဟီနဒေါသ သင့်၏။

(၆) ကမစ္ဆုတဒေါသ

၅၅။ ။ လောကခေါ်ရိုး, စဉ်ပျက်ကျိုး, သင့်ရိုးကမစ္ဆုတ။ (အကျဉ်း။)

တောင်းရမ်းသောခါ, များရာကစ, ဝယ်တုံကမူ, နည်းမှစကာ, ပြောကြရာ၏၊
သချိုထို့တူ၊ မြတ်မူရှေ့သာ၊ ကုသလာမှာ, ယုတ်ရာလက်ဦး၊ ကျေးဇူးကဲလွန်,

http://www.dhammadownload.com

၅၅။ ပဒတ္ထက္ကမတော-ပုဒ်တို့၏အနက်အစဉ်မှ၊ မုတ္တံ-လွတ်သော၊ ကွဒံ-ဤ(သို့သဘောရှိသော)ဝါကျသည်၊ ကမစ္ဆုတံ-ကမစ္ဆုတဒေါသသင့်သောဝါကျမည်၏၊ ယထာ-ကား၊ ခေတ္တံတျာဒိ-တည်း။

ဦးစွာညွှန်ရ, ဤသို့စသား, ဆိုစဉ်များမှ, ပျက်ပြားစေမှု, ကမစ္ဆု, သင့်မှုပြစ်ဒေါသ။ (အကျယ်။)

လောကဥ္စ ပြောဆိုသုံးစွဲရိုး ပုဒ်နက်အစဉ်ပျက်သော ဝါကျသည် "ကမစ္ဆုတဒေါသ" သင့်၏။ [ကမ-အစဉ်၊ စုတ-ရွှေ့လျောသည်၊ ကမတော စုတံ-ကမစ္ဆုတံ။]

(က) လောကဥ္စ ပြောရိုးဆိုစဉ်ကား တောင်းရမ်းရာဥ္စ ရွှေကိုပေးပါ, ရွှေကိုမပေးနိုင်လျှင် ငွေကိုပေးပါ-စသည်ဖြင့် များရာကစ၍ တောင်းရသည်။

(ခ) ဝယ်ခြမ်းရာဥ္စ တစ်ကျပ်နဲ့ ရောင်းပါ, တစ်ကျပ်နဲ့ မရောင်းနိုင်လျှင် တစ်ကျပ်ခွဲနဲ့ ရောင်းပါ-စသည်ဖြင့် အနည်းကစ၍ ပေးရသည်။

(ဂ) အရေအတွက်သချ်ာကို ဆိုလိုရာဥ္စ တစ်ခု, နှစ်ခု၊ သုံး, လေး, ငါးရက်-စသည်ဖြင့် နည်းသောအရေအတွက်က-စ၍ ဆိုရ၏။

(ဃ) အယုတ်အမြတ် နှစ်ခုတို့တွင် ဘုရား, တရား, သံဃာ-စသည်ဖြင့် အမြတ်ကို ရွေ့ကထား၍ ဆိုရသည်။

(င) ကုသိုလ်ကိုဆိုရာဥ္စ သီလ, သမာဓိ, ပညာ-စသည်ဖြင့် ယုတ်နိမ့်သော ကုသိုလ်က စ၍ ဆိုရသည်။

(စ) ကျေးဇူးရှိသောသူတို့ကို ဆိုရာဥ္စ အမိအဘ, မျက်စိနားနှာ-စသည်ဖြင့် ကျေးဇူးအများဆုံးမှ စ၍ဆိုရ၏၊ ဤကား ထင်ရှားရာကို သတ်မှတ်ပြဆို ချက်တည်း။

ထို့ပြင် အသွား-အလာ, အနေ-အထိုင်, လူကြီးမိဘ, ညီအစ်ကို, မောင်နှမ-စသည်ဖြင့် လောကဥ္စ ပြောရိုးဆိုစဉ်စကားတို့သည် များကုန်၏၊ ထိုသို့ ပြဆိုခဲ့ပြီးသော ပြောရိုးဆိုစဉ်စကားတို့မှ သွေဖည်၍ "သံဃာ, တရား, ဘုရား"စသည်ဖြင့် ပြောဆိုက "ကမစ္ဆုတဒေါသ" သင့်ရလေတော့သည်။

ပြန်ပုံစံ။ ။ ကောင်းမြတ်တင့်တယ်, လယ်ကိုပေးပါ, မပေးပါက, ရွာကိုမျှလော့, မမျှနိုင်မူ, တိုက်နယ်ယူမည်, မြူဆွဲခြည်မျှ မလျှော့တည်း။

ရှင်း "ဇနပုဒ်ကိုဖြစ်စေ, ရွာကိုဖြစ်စေ, လယ်ကိုဖြစ်စေ ပေးပါ"ဟု အများကစ၍ တောင်းရမည်ကို မတောင်းဘဲ "လယ်ကိုဖြစ်စေ, ရွာကိုဖြစ်စေ, ဇနပုဒ်(တိုက်နယ်)ကိုဖြစ်စေ ပေးပါ"ဟု အနည်းကစ၍ အများကို တက်တောင်းခြင်းသည် တောင်းရိုးအစဉ်မကျချေ၊ ထို့ကြောင့် (ခေတ္တံဝါ ဒေဟိ-ကောင်းမြတ်တင့်တယ် လယ်ကို

http://www.dhammadownload.com

မမ-အကျွန်ုပ်အား၊ သောဘဏ်-ကောင်းမြတ်တင့်တယ်သော၊ ခေတ္တံဝါ-လယ်ကိုသော်လည်းကောင်း၊ ဂါမံဝါ-ရွာကိုသော်လည်းကောင်း၊ ဒေသံဝါ-တိုက်နယ်ကိုသော်လည်းကောင်း၊ ဒေဟိ-ပေးတော်မူပါလော့။

၇။ အတိဝုတ္တဒေါသ

၅၆။ လောကိယတ္ထမတိက္ကန္တံ , အတိဝုတ္တံ မတံ ယထာ၊
အတိသမ္မာမမကာသ-မေတိသာ ထနဇမ္ဘနေ။

ပေးပါ)စသောဝါကျသည် "ကမစ္ဆုတဒေါသ"သင့်၏။ [လယ်ကိုမျှ မပေးလိုသူသည် ရွာနိုဂုံး, ဇနပုဒ်(တိုက်နယ်)စသည်ကို အဘယ်မှာ ပေးလိုအံ့နည်း။]

မြန်ပုံစံများ။　။(က) ဥဒယဘဒ္ဒမင်းသမီး ! အကျွန်ုပ်ကို သင် မေတ္တာမျှသင့်ပါသည်၊ ပထမနေ့၌ ရွှေကိုပေးခဲ့ပြီ၊ မရသောကြောင့် ဒုတိယနေ့၌ ငွေကိုပေးခဲ့ပြီ၊ မရခဲ့သောကြောင့် ယနေ့ကြေးပိုက်ဆံကို ပေးပါမည်။

ဤ၌ မရ၍ လျှောပေးခြင်းသည် ပေးရိုးပေးစဉ်ပျက်၏၊ ထို့ကြောင့် "ကမစ္ဆုတဒေါသ" သင့်သည်။

(ခ) ဘုရားသံဃာ, ရတနာနှင့်, ကိုးဖြာဂုဏ်သိုက်, တရားမြိုက်ကို, ဦးခိုက်ညွတ်ခ, ပဏာမလျှင်, အဘအမိ, ရှိသည်များစွာ, ဆရာကိုလည်း, လက်အုပ်တည်းလျက်, ထိုနည်းပုံတူ, ရှိခိုးမူ၏။

ရှင်း　ဤ၌ လောကဆိုရိုးအတိုင်း မစဉ်ဘဲ "ဘုရား, သံဃာ, တရား"ဟူ၍လည်းကောင်း, "အဘ, အမိ, ဆရာ"ဟူ၍လည်းကောင်း ကမောက်ကမအစဉ်ချိုးဖျက်၍ စီစဉ်သောကြောင့် "ကမစ္ဆုတဒေါသ" သင့်၏။

(ဂ) "ဥသျှောင်လည်ရစ်, ရင်ရှည့်နစ်သား"ဟု စပ်ဆိုရာ၌ ဦးစောက်သွားသကဲ့သို့ "ဦးခေါင်းအထက်က, ဥသျှောင်နစ်ပြီးမှ လည်ပင်းနစ်သည်"ဟု ဆိုရာရောက်၍ ဖြစ်မြဲအစဉ်မှ ချွတ်ယွင်းလေသည်၊ ထို့ကြောင့် "ကမစ္ဆုတဒေါသ" သင့်၏။
(ဆုတောင်း-၄၆။)

(၇) အတိဝုတ္တဒေါသ

၅၆။　။ ပိုလွန်ဝါကြွား, ပြောစကား, မှတ်သားတိဝုတ္တ။

လောက၌ မဖြစ်နိုင်သော အနက်အဓိပ္ပာယ်များကို ပြောဆိုရေးသားက "အတိဝုတ္တဒေါသ" သင့်၏၊ ဝါကြွားပလွားလို၍ဖြစ်စေ, တမင်လာ လိမ်လည်၍ဖြစ်စေ မဖြစ်နိုင်, မဟုတ်နိုင်သည်ကို ပြောဆိုလျှင်, သို့မဟုတ် စကားလုံးကြီးကြီးနှင့် မတန်မရာ ပြောဆိုရေးသားလျှင် "အတိဝုတ္တဒေါသ" သင့်၏-ဟု ဆိုလိုသည်၊ (အတိ-ပိုလွန်၍၊ ဝုတ္တ-ပြောဆိုသောစကား။ လောကိယတ္ထံ အတိက္ကမ္မ ဝုတ္တံ ဝါကျံ-အတိဝုတ္တံ။)

http://www.dhammadownload.com

၅၆။ လောကိယတ္ထံ–လောက၌ထင်ရှားသောအနက်ကို၊ အတိက္ကန္တံ–(ပြောဆိုပုံ အခြင်းအရာအားဖြင့်) လွန်သောဝါကျကို၊ အတိဝုတ္တံ–အတိဝုတ္တဒေါသသင့်၏ ဟူ၍၊ မတံ–သိအပ်၏၊ ယထာ–ကား၊ အတိသမ္မာဓန္တျာဒိ–တည်း။ ဧတိသာ–ထိုမိန်းမ၏၊ ထနဇမ္ဘနေ–သားမြတ်နှစ်ခုကို ဆွဲဖြန့်လိုက်သည်ရှိသော်၊ အာကာသံ–ကောင်းကင်သည်၊ အတိသမ္မာဓံ–အလွန်ကျဉ်းမြောင်း၏။

အချတ္ထနှင့် အတိဝုတ္တအထူး အချတ္ထဒေါသ၌ (ဩဘာသိတာ သေသဒိသော–ရပ်ဆယ်မျက်နှာ, ထွန်းလင်းဖြာလျက်–ဟူသော) ဝိသေသနပုဒ်၌သာ သင့်၏၊ တစ်ဝါကျလုံး၌ ဒေါသမသင့်ပေ၊ အတိဝုတ္တဒေါသ၌ကား တစ်ဝါကျလုံးမှာသင့်၏၊ ဤကားအပြောကြီး၍ သင့်ရသော အချတ္ထဒေါသနှင့် အတိဝုတ္တဒေါသ နှစ်ပါးတို့၏ အထူးတည်း။

ဆောင်။ ။ ဝိသေသန, ပုဒ်၌မျှသာ, သင့်ခဲ့ပါက, အချတ္ထတည်း၊ ဝါကျလုံးမှာ, သင့်တုံပါက, တိဝုတ္တ, ထူးကြဤသို့သာ။

ပြန်ပုံစံ။ ။ သားကောင်းမိခင်, သားမြတ်ပြင်ကို, ဆန့်လျှင်အာကာ, ထောက်တည်ရာသည်, ဘယ်မှာတစ်စီ ရှိအံ့နည်း။

ရှင်း "သားမြတ်ကြီးကြောင်းကို ပြောဆိုရတော့အံ့"ဟု ကြံ၍ လောက၌ "အကြီးဆုံး" ဟု ထင်ရှားသော ကောင်းကင်ကို ကျော်လွန်၍ (မဖြစ်နိုင်သော အနက်အဓိပ္ပာယ်ကို) ပြောဆိုသောကြောင့် (အတိသမ္မာဓ–သားကောင်းမိခင်–စသော) တစ်ဝါကျလုံးသည် "အတိဝုတ္တဒေါသ" သင့်ရလေသည်။

မြန်ပုံစံ။ ။ဘီလုံးငှက်ကောင်, မာန်စွယ်ထောင်လျက်, အတောင်နှစ်ဘက်, ဖြန့်ကာကြက်၍, ပျံတက်ကောင်းကင်, ခုန်လွှားကျင်မူ, မိုးပြင်ယူဇနာ, တစ်ရာလောက်စင်, ထီမထင်ခဲ့"။ (ကဝိ။)

[ဘီလုံးငှက်သည် အတောင်ကိုဖြန့်၍ ပျံတက်ရာ မိုးကောင်းကင်သို့ ယူ ဇနာတစ်ရာ လောက်သို့ပင် လွယ်လင့်တကူရောက်၏–ဟု ဆိုလိုသည်။]

ရှင်း ဤစကားခွန်းကား အပြောကြီးသော စကားတည်း၊ ဘီလုံးငှက်သည် ယူဇနာတစ်ရာကို ထားဘိဦး၊ တစ်ယူဇနာမျှမြင့်အောင်ပင် မပျံသန်းနိုင်လေရာ၊ ထို့ကြောင့် အပြောကြီးသော "အတိဝုတ္တဒေါသ" သင့်သည်။

လေ့ကျင့်ရန်

(က) ငါ့ခရမ်းသီး အလွန်မျိုးကောင်း၏၊ အသီးများ တဖြည်းဖြည်း ကြီးလာရာ အကြီးမကုန်မီ အပင်ပါ ကျွတ်ထွက်သွားသည်။

(ခ) လှည်းဦးပေါ်၌ ဆွမ်းတော်စွန့်ထားသော ရွှေဖရုံသီးဖတ်ကို ကျီးချီသွားရာ လှည်းပါကပ်၍ ပါသွားသည်။

(ဂ) ငါပြောလိုသော ကလောဥသည် ပြောမည်ကြံရုံမျှဖြင့် ခံတွင်းဖွင့်မရအောင်စေး၏။

http://www.dhammadownload.com

(၈) အပေတတ္ထဒေါသ

၅၇။ သမုဒါယတ္ထတောပေတံ , တံ အပေတတ္ထကံ ယထာ၊
ဂါဝိပုတ္တော ဗလီဗဒ္ဒေါ , တိဏံ ခါဒိ ပိဝိ ဧလံ။

၅၇။ ယံ-အကြောင်းဝါကျသည်၊ သမုဒါယတ္ထတော-အပေါင်းဖြစ်သော (ပိဏ္ဍတ္ထ) အနက်မှ၊ ဝါ-ဝေါဟာရအားလျော်သော အနက်မှ၊ အပေတံ-ကင်း၏၊ တံ-(ပိဏ္ဍတ္ထ ကောက်မရ) ထိုဝါကျသည်၊ အပေတတ္ထကံ-အပေတတ္ထဒေါသသင့်၏။ ယထာ ....၊ ဂါဝိ ပုတ္တောတျာဒိ ....။

ဂါဝိပုတ္တော-နွားမ၏သားဖြစ်သော၊ ဗလီဗဒ္ဒေါ-နွားလားသည်၊ တိဏံ-မြက်ကို၊ ခါဒိ-စားပြီ၊ ဧလံ-ရေကို၊ ပိဝိ-သောက်ပြီ။

---

(၈) အပေတတ္ထဒေါသ

၅၇။ ။သူရူးစသား, ပြောစကားသို့, အသားမပါ, စိတ်ထင်ရာကို, ပြောဆိုကြလေ, ဝါကျနေ, အပေတတ္ထ ပြစ်ဒေါသ။

(အစိတ်အစိတ်ဖြစ်သော ပုဒ်နက်မျှကို ကြည့်၍) တစ်စုံတစ်ခုထူးသော အနက် အဓိပ္ပာယ်-ဟု ဆိုအပ်သော၊ ပေါင်း၍သိအပ်သော (ပိဏ္ဍတ္ထ)အနက်မှ ကင်းသောဝါကျသည် "အပေတတ္ထဒေါသ" သင့်၏၊ "ပြောဆိုသောစကား တစ်ခွန်း(တစ်ဝါကျ)လုံး၏ အနက် အဓိပ္ပာယ်ကို ကောက်ယူ၍ မရလောက်အောင် သူ ရူးများပြောသကဲ့သို့ ရောက်တတ်ရာရာ (မဆီမဆိုင်)ပြောဆိုသော စကားမျိုးသည် အပေတတ္ထဒေါသ သင့်၏"ဟု ဆိုလိုပေသည်။ (အပေတ-ကင်းသော၊ အတ္ထ-အနက်အဓိပ္ပာယ်၊ အတ္ထတော အပေတံ-အပေတတ္ထံ။)

အနတ္ထကနှင့် အပေတတ္ထအထူး　ပုဒ်တစ်ခုတည်း၏အနက် မပါခြင်းသည် "အနတ္ထကဒေါသ" မည်၏၊ တစ်ဝါကျလုံး၏အနက်ကို စပ်ဟပ်၍ယူရသော အပေါင်းဖြစ်သော(ပိဏ္ဍတ္ထ)အနက် မပါရှိခြင်းသည် "အပေတတ္ထဒေါသ" မည်၏၊ ဤသို့ ဒေါသနှစ်ပါးတို့၏ သဘောသွား ထူးခြားဟန်ကို မှတ်သားသင့်၏။ (အနတ္ထကာပေတတ္ထဒေါသဒွယံ ပဒဝါကျတော ဘိန္နံ။ ဋီ။)

ဆောင်။　။ပုဒ်တစ်ခုမျှ, နက်မရက, မှတ်ကြအနတ်၊ ဝါကျရပ်၏, စပ်ဟပ်ယူရ, ပေါင်းအတ္ထ, ကင်းကအပေတာ။

ပြန်ပုံစံ။　။နွားမ၏သား, ထိုနွားလား, မြက်များစားပြီ, ရေသောက်ပြီ။

ရှင်း　ဤ၌ အစိတ်အစိတ်အနက် ရှိသော်လည်း နွားလား၏ နွားမသားဖြစ်ခြင်း, မြက်ကိုစားခြင်း, ရေကိုသောက်ခြင်းကို လူတိုင်းသိပြီးဖြစ်၍ ထူးသောအနက် အဓိပ္ပာယ်-ဟု ဆိုအပ်သော ပိဏ္ဍတ္ထမရှိချေ၊ အပေါင်းဖြစ်သော (ပိဏ္ဍတ္ထ)အနက်မှ ကင်း၏၊ ထို့ကြောင့် "အပေတတ္ထဒေါသ" သင့်သည်။

http://www.dhammadownload.com

၉။ ဗန္ဓဖရုသဒေါသ

၅၈။ ဗန္ဓေ ဖရုသတာ ယတ္ထ , တံ ဗန္ဓဖရုသံ ယထာ၊
ခရာ ခိလာ ပရိက္ခိဏာ , ခေတ္တေ ခိတ္တံ ဖလတျလံ။

မြန်ပုံစံ။ ။သတင်းရှိန်, အင်းစိန်မြို့, ဖျင်းသိန်ဘို့ကြို့လာ၊ မိန့်တော်ရ ဦးကျော်စံ, ဘယ်ကံဖန်လေဘိ, ရှေးဝိပါက်ကြမ္မာဖန်, သဒါပြန်ကျွမ်းဆောက်လို့ရှုး။ (ရှုး။)

အင်းစိန်မြို့နေ ရှေ့နေဦးစံဝင်းက အမိန့်တော်ရမင်း ဦးကျော်စံ–ဆိုသူကို ဖွဲ့ဆိုစီကုံးသောစာ–ဟူ၏၊ တစ်ဝါကျလုံး၏အနက်ကို ဘာကိုဆိုလိုမှန်း မသိရအောင် ကရောက်ကရ ပလေပဇာ ထင်မြင်ရာကို ဆိုထား၏၊ သူရူးစကားကဲ့သို့ အဓိပ္ပာယ်ယူ၍ မရ၊ ထို့ကြောင့် အပေတတ္ထဒေါသ သင့်သည်၊ (အစပ်အဟပ်မှာလည်း ရှေ့ပိုင်း တေးထပ်လိုလို နောက်ပိုင်းမှာ ဗုံထောက်သံလိုလိုနှင့် ဘာအစပ်မျိုးမှန်း မသိရချေ၊ ကဗျာစည်းကမ်းနှင့်မညီ၊ ထို့ကြောင့် ဘဂ္ဂရီတိဒေါသမှလည်း မလွတ်။)

လေ့ကျင့်ရန်ပုံစံများ

(က) တပေါင်းတန်ခူး, လေဟူးဟူး, ဆူးလည်းနေရာရွှေ့လတ္တံ့၊ တောင်လေလာ, မြောက်မှာအမှိုက်စုလတ္တံ့၊ ကျီးကန်း ဥသြ, လင်းမြီးဆွဲလည်း မဲလတ္တံ့၊ ရေပိုးရေမွား, ရှားလတ္တံ့၊ ငါးရံ့ များလတ္တံ့၊ တုန်းတင်ကို, ပုတ်သင်စောင့်လတ္တံ့၊ အပျိုကို လူပျိုစောင့်လတ္တံ့၊ စဖိုကို မီးစောင့်လတ္တံ့၊ စအိုကို အီးစောင့်လတ္တံ့၊ ခွေးသေကောင်ပုပ်ကို လင်းတထိုးလတ္တံ့၊ အမှိုက်ပုံကို ခွေးချေးယိုလတ္တံ့၊ (၈ရွာဘိုနယ် ဖုန်းမြတ်ကြီး ဦးထွေးငြိမ်းထုတ်သော သင်္ကြံ နံစာ။–ရှုး။)

(ခ) စပါးလုံးထဲမှာ ဆန်ရှိသည်၊

(ဂ) သင့်မိခင်သည် သင်နှင့် ဆွေမျိုးတော်စပ်၏၊

(ဃ) တန်ခူးကုန်လျှင် ကဆုန်ဆန်းလတ္တံ့၊

(င) လူမှာ ခြေနှစ်ချောင်းရှိ၏။–

(လူတစ်ယောက်ကို အရေးတကြီးခေါ်၍ နားနားသို့ကပ်လျက် ၄င်းစကားများကို တိုးတိုးတိတ်တိတ် ပြောကြည့်ပါ၊ အပြောခံရသောသူ ဘယ်သို့ ရှိလိမ့်မည်နည်း။)

(၉) ဗန္ဓဖရုသဒေါသ

၅၈။ ။ဓနိတအက္ခရာ, များစွာပါ, သင့်ရာဗန္ဓ–ဖရုသ။

အဖွဲ့ဗန္ဓ၌ သာယာနာပျော်ဖွယ်မရှိသော ကြမ်းသောအသံဖြစ်ကြောင်း ဓနိတအက္ခရာများစွာပါရှိသော ဝါကျသည် "ဗန္ဓဖရုသဒေါသ" သင့်၏၊ ဗန္ဓ–အဖွဲ့ဗန္ဓ၊ ဖရုသ–ကြမ်းသောအသံ၏ဖြစ်ကြောင်း ဓနိတအက္ခရာ၊ ဗန္ဓေ ဖရုသံ (ဖရုသတာ) ယတ္ထာတိ–ဗန္ဓဖရုသံ။

ဂါမ္ဓဒေါသနှင့် ဗန္ဓဖရုသဒေါသအထူး ဂါမ္ဓဒေါသသည် စကားအနက်အဓိပ္ပာယ် ကြမ်းတမ်းရုန့်ရင်းသောကြောင့် သင့်၏၊ ဗန္ဓဖရုသဒေါသမူကား အက္ခရာသုတိကြမ်းတမ်းသောကြောင့် သင့်သည်၊ ဤကားရုန့်ရင်းကြမ်းတမ်းသောဒေါသနှစ်ပါး အထူးတည်း။

http://www.dhammadownload.com

၅၈။ ယတ္ထ-အကြောင်ဝါကျ၌၊ ဗန္ဓေ-အဖွဲ့ဗန္ဓ၌၊ ဖရုသတာ-ကြမ်းတမ်းသော အသံ၏ဖြစ်ကြောင်းဖြစ်ရာ များစွာသော ဓနိတအက္ခရာသည်၊ ဘဝတိ-ပါရှိငြားအံ့၊

ဆောင်။　။ အနက်ကြမ်းရာ, ဂါမ္မသာတည်း၊ အက္ခရာသုတိ, ကြမ်းတမ်းဘိ, မှတ်သိ ဗန္ဓ-ဖရုသ။

ပြန်ပုံစံ။　။ခက်မာကြမ်းကြုတ်, ခလုတ်ငြောင့်ဆူး, အထူးသန့်ရှင်း, လယ်တွင်းကြဲချ, စိုက်ကြချက်ကုံ[1], ကောက်ဖုံဖုံသည်, ထက်ရုံ[2] ဖွံ့ဖြိုး သီးဘိသည်။

ရှင်း　ပါဠိပုံစံ၌ "ခ, ခီ, ကွီ, ဓေ, ခိ, ဖ"ဟူသော အရွတ်အဖတ်ခက်၍ သာယာနာပျော်ဖွယ် မရှိသော ဓနိတအက္ခရာ များစွာပါရှိသောကြောင့် "ဗန္ဓဖရုသဒေါသ" သင့်သည်။ (တစ်ပါဒ တစ်ပါဒ၌ သုံးလုံးအောက်နည်းမူ အဗ္ဗောဟာရိကဖြစ်၍ ဒေါသမသင့်၊ ဓနိတအက္ခရာ လုံးဝမပါပြန်လျှင်လည်း သိလေသဂုဏ်နှင့် ဆန့်ကျင်၏။)

မြန်မာပုံစံ၌လည်း ခက်, ခ, ဆူး, ထူး, ချ, ချက်, ဖုံဖုံ, ထက်, ဖွံ့ဖြိုး"ဟူသော အဖတ်အရွတ်ခက်သည့် သာယာနာပျော်ဖွယ် မရှိသော ဓနိတအက္ခရာ များစွာပါရှိသောကြောင့် "ဗန္ဓဖရုသဒေါသ" သင့်သည်။

သိထိလ-ဓနိတ, ဃောသ-အဃောသဇယား

သိထိလ	ဓနိတ	ဝိမုတ်	ဃောသ	အဃောသ
က ဂ	ခ ဃ	င ည	ဂ ဃ ဍ	က ခ
စ ဇ	ဆ ဈ	ဏ န	ဇ ဈ ည	စ ဆ
ဋ ဍ	ဌ ဎ	မ ယ	ဍ ဎ ဏ	ဋ ဌ
တ ဒ	ထ ဓ	ရ လ	ဒ ဓ န	တ ထ
ပ ဗ	ဖ ဘ	ဝ သ	ဗ ဘ မ	ပ ဖ
		ဟ ဠ	ယ ရ လ	သ
		သရ (၈)လုံး	ဝ ဟ ဠ	

ဓနိတ= ရိုးရိုးမှန်မှန် အသံတင်း၍ ခပ်ပြင်းပြင်းရွတ်အပ်သောအက္ခရာ။
သိထိလ= ဓနိတကိုထောက်၍ ထိုလောက်မပြင်းရဘဲ လျော့လျော့မှန်မှန်ရွတ်အပ်သော အက္ခရာ။
ဝိမုတ်= သိထိလ, ဓနိတမှအလွတ်ဖြစ်သောအက္ခရာ။
ဃောသ= နဂိုမြည်သော, ကျယ်သောအသံရှိသောအက္ခရာ။
အဃောသ= နဂိုမမြည်သော, မကျယ်သောအသံရှိသောအက္ခရာ။ (ဃောသ-ဓနိတအထူးကို သဒ္ဒါကျမ်းများ၌သာ ရှုပါတော့။)

၁။ ချက်ကုံ= အလုံးစုံ (ပေါ်)။　　၂။ ထက်ရုံ= အညီအမျှ (ပေါ်)။

http://www.dhammadownload.com

တံ-(ခနိတအက္ခရာ, များစွာပါထ,) ထိုဝါကျသည်၊ ဗန္ဓဖရုသံ-ဗန္ဓဖရုသဒေါသသင့်၏၊ ယထာ-ကား၊ ခရာတျာဒိ .... တည်း။

ခရာ-ကြမ်းတမ်းကုန်သော၊ ခိလာ-သစ်ငုတ်စသည်တို့သည်၊ ပရိက္ခိဏာ-ကုန်ကုန်ပြီ၊ (တသ္မာ-ထို့ကြောင့်၊) ခေတ္တေ-လယ်၌၊ ခိတ္တံ-ကြဲချစိုက်ပျိုးအပ်သော မျိုးစေ့သည်၊ အလံ-လွန်စွာ၊ ဖလတိ-သီး၏၊ ဝါ-အကျိုးစီးပွား, တိုးပွားဖြစ်ထွန်းစေ၏။

အဆုံးအဖြတ် မဃဒေဝဆရာသည် "ပေါက်လွတ်တောသံ, လူရိုင်းသံသို့, ရွှတ်သံပြင်းပြ, ခနိတနှင့်, ယောသအက္ခရာ, အများပါက, ဗန္ဓဖရုသ်, ခေါသမုတ်၏"ဟု နယဒဿနပိုင်း၌ ဆိုထား၏၊ ယောသအက္ခရာဖြင့်ဖွဲ့လျှင်လည်း "ဗန္ဓဖရုသဒေါသသင့်၏"ဟု ယူဆ၏၊ သုဗောဓာလင်္ကာရဆရာ၏အလိုကျ မဖြစ်နိုင်ချေ၊ သုဗောဓာလင်္ကာရဆရာကား ခနိတအက္ခရာကိုသာ ယူစေလိုသည်၊ ထို့ကြောင့်ပင် "ခရာခိလာ" စသော ခနိတအက္ခရာ များစွာပါရှိသော ပြယုဂ်ကို ထုတ်တော်မူခဲ့ပေသည်၊ ယောသအက္ခရာကို ပဓာနထား၍ ထုတ်ခဲ့သည်မဟုတ်။

မြန်မာမှုဋ္ဌကား အယောသပင်ဖြစ်သော်လည်း ယောသသံပင် ရွှတ်ရသည်၊ ဥပမာ "ကျောင်းကြီး=ကျောင်းကြီး၊ စည်းစိမ်=စည်းဇိမ်"စသည်တည်း၊ ထို့ကြောင့် မြန်မာဘာသာဋ္ဌမူ ယောသအက္ခရာ, အယောသအက္ခရာ ခွဲရန်မလိုကြောင်း သာ၍ထင်ရှား၏၊ ခနိတအက္ခရာများလည်း မြန်မာဋ္ဌ ခနိတသံမထွက်၊ အက္ခရာအားဖြင့် သိထိုလ, ခနိတ ကွဲပြားသော်လည်း ရွှတ်သံ, ဖတ်သံအားဖြင့် အထူးမထင်၊ ထိုသို့ပင်ဖြစ်သော်လည်း ထိုခနိတအက္ခရာတို့ကို ခက်မာ ကြမ်းကြုတ်သော အသံဖြင့်သာ ရွှတ်ဆိုအပ်ကုန်၏၊ ထို့ကြောင့် ဗန္ဓဖရုသဒေါသအရာ၌ သွင်းယူက အသင့်ပင်ဖြစ်သည်၊ ဤကား ဆရာမြတ်တို့ထံမှ ရအပ်သော အဆုံးအဖြတ်တည်း။

ထိုမှတစ်ပါး မြန်မာမှုဋ္ဌ "အက်, အစ်, အတ်, အိတ်, အုတ်, အပ်, အိပ်, အုပ်, အိုက်, အောက်"ဟူသော တိုင်သံကာရန် ဆယ်ပါးသည် အရွှတ်ရ အဖတ်ရ ခက်ခဲ၏၊ သို့ဖြစ်၍ "ထိုတိုင်သံကာရန်ဆယ်ပါးတို့ဖြင့် အများအပြား ရေးသားလျှင်လည်း ဗန္ဓဖရုသဋ္ဌပင် သွင်းယူရမည်"ဟု မြန်မာကဗျာဆရာတို့ ဝန်ခံကြကုန်၏၊ ဒီဃ, ရဿတို့တွင်လည်း ဒီဃများများ ရဿနည်းနည်း ပါစေရမည်။

မြန်ပုံစံ။ ။(က) ခွေးရူးပြန်သော်, ကုရုန်မခက်, ခါးအထက်ကို, ချက်နှင့်တိုင်းရာ, အောက်ပင့်ခွာလျက်။ (နယရာသီဆေးလင်္ကာ။)

ခနိတအက္ခရာ "ခ"များစွာပါသောကြောင့် "ဗန္ဓဖရုသဒေါသ"သင့်သည်။

(ခ) ကောက်ကောက်ကျစ်ကျစ်, စိတ်မိုက်ညစ်နှင့်, အပြစ်ဝန်တက်, ငရဲနက်-ဟု, လေးချက်ဘုံရပ်, တိုက်ရိုက်ကပ်သား, မအပ်မစပ်, အထပ်ထပ်လျှင်, သုံးသပ်မိုက်မိုက်, ဒုစရိုက်ကို, အလိုက်ဘာသာ, ပြုကျင့်ရာလည်း။

http://www.dhammadownload.com

ဝါကျတ္ထဒေါသ ၆-ပါး အကျယ်

အမှာစကားနှင့် ပဋိညာဉ်

၅၉။ ဧယျံ လက္ခဏမန္ထတ္ထ-ဝသေနာပက္ကမာဒိနံ၊
ဥဒါဟရဏမေတေသံ , ဒါနိ သန္ဒဿယာမျဟံ။

၅၉။ အပက္ကမာဒိနံ-အပက္ကမစသား, ဝါကျတ္ထဒေါသ ၆-ပါးတို့၏၊ လက္ခဏံ-(ဥဒါဟရဏ်ကို မှတ်သားကြောင်းဖြစ်သော အနက်ဟုဆိုအပ်သော) သုတ်ကို၊ ဝါ-လက္ခဏာကို၊ အနွတ္ထဝသေန-အနက်သို့အစဉ်လိုက်သော ဉာဏ်၏အစွမ်းဖြင့်၊ ဧယျံ-သိအပ်၏၊ အဟံ-ငါသည်၊ ဒါနိ-ယခုအခါ၌၊ ဧတေသံ-အပက္ကမစသား, ထိုဝါကျတ္ထဒေါသ ၆-ပါးတို့၏၊ ဥဒါဟရဏံ-ပြယုဂ်ဥဒါဟရဏ်မျှကို၊ သံဒဿယာမိ-ပြရပေတော့အံ့။

ဤ၌ "အောက်, အစ်, အိတ်"စသော ရွှတ်ဖတ်ရခက်သည့် ကာရန်တို့ကိုချည်း တစ်ဆက်တည်းပြု၍ များစွာရေးသားထားသောကြောင့် "ဗန္ဓဖရသဒေါသ" သင့်၏။

ဥပဒေသ　မှုခင်းရေးရာ ပြောဆိုကြရာ၌လည်း အသံကျယ်ကျယ်ပြင်းပြင်း စူးစူးဝါးဝါး မပြောကြားသင့်ပေ၊ ထိုသို့ပြောဆိုသောသူများကို ဤဗန္ဓဖရသဒေါသကို သိနားလည်သော တိုင်းပြည်ကြီးသားတို့က "လူရိုင်းများ"ဟု အသိအမှတ်ပြုကြ၏၊ ထို့ကြောင့် တိုင်းတစ်ပါးသား ရပ်ကြီးသူများနှင့် ဆက်ဆံပြောဆိုကြရာ၌ မိမိတို့တိုင်းပြည့်ဂုဏ်, အမျိုးဂုဏ်ကို မြှင့်တင်နိုင်အောင် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံသင့်၏။

ငါတို့ မြတ်စွာဘုရားသခင်သည်လည်း ထိုသို့ ဆူဆူညံညံ ကျယ်ကျယ်လောင်လောင် ပြောဆိုသည်ကို လွန်စွာစက်ဆုပ်တော်မူ၏၊ စာတုမရွာ၌ သီတင်းသုံးနေတော်မူစဉ် ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန်တို့သည် ဘုရားဖူးမြင်ရန်အလို့ငှာ ရဟန်းပြုသစ်စ တပည့်များကို ခေါ်၍ ဘုရားရှင် သီတင်းသုံးနေထိုင်ရာ စာတုမရွာသို့ ကြွလာကြ၏၊ ဘုရားထံတော်ပါးသို့ ရောက်၍ အိပ်ရာနေရာချထားရာ၌ ထိုရဟန်းငယ်တို့သည် ဆူဆူညံညံ ကျယ်လောင်စွာဝါး စကားပြောဆိုနေကြ၏၊ ထိုအခါ ရှင်တော်မြတ်ဘုရားက "တံငါသည်များ ငါးလုသကဲ့သို့ ဖြစ်သည်၊ လူကြီးလူကောင်းတို့၏ လက္ခဏာမရှိ"ဟု ပြောကြား၍ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန်နှင့်တကွ ရဟန်းသစ်ငါးရာတို့ကို နှင်ထုတ်ခိုင်းတော်မူဖူးသည်၊ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလ္လာန်တို့လည်း တပည့်များကိုခေါ်၍ ထွက်သွားရလေသည်၊ ထို့ကြောင့် ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ကြရန် ပြောဆိုကြရန် ဆရာမိဘများကလည်း မိမိတို့၏ တပည့်, သားသမီးတို့ကို ငယ်ရွယ်စဉ်ကပင် အထူးဆုံးမသင့်၏၊ တပည့်, သားသမီးမကောင်းက ဆရာမိဘများထံသို့ အပြစ်ရောက်သည်ကို ဤထုံးဥပဒေသဖြင့်ပင် သိနိုင်လောက်ပြီ။

http://www.dhammadownload.com

၁။ အပက္ကမဒေါသ

တတ္ထာပက္ကမံ ယထာ–

၆၀။ ဘာဝနာဒါနသီလာနိ , သမ္မာသမ္မာဒိတာနိဟ၊
ဘောဂသဂ္ဂါဒိနိဗ္ဗာန–သာဓနာနိ နဲ သံသယော။

ဝါကျတ္ထဒေါသ ၆–ပါးအကျယ်

(၁) အပက္ကမဒေါသ

၆၀။ ။ရှေ့နောက်နှစ်ချက်, အစဉ်ပျက်, အပက္ကမ ပြစ်ဒေါသ။

အကျဉ်း(ဥဒ္ဒေသ)နှင့် အကျယ်(နိဒ္ဒေသ)ဖြစ်စေ, အကြောင်းနှင့်အကျိုးဖြစ်စေ, ရှေ့စကားနှင့်နောက်စကား စီစဉ်ပုံ ချွတ်လွဲ၍ ကမောက်ကမဖြစ်နေလျှင် "အပက္ကမဒေါသ" သင့်သည်။ [အပ–ကင်းသော၊ ကမ–အစဉ်။ အပဂတော ကမော ယတ္ထာတိ–အပက္ကမံ၊ ကမတော အပေတံဝါ–အပက္ကမံ။]

ပြန်ပုံစံ။ ။ယခုဘဝ, ပြုလုပ်ကြသည့်, ဒါနသီလာ, ဘာဝနာတို့, ခေမာစည်းစိမ်, ရိပ်ငြိမ်နတ်ရွာ, ပြီးစေပါသည်, ပယ်ပါယုံမှား, မြဲမှတ်သား။ [စာကိုယ်၌ ကမစ္ဆုတနှင့် ရောနေသောကြောင့် တစ်မျိုးပြင်ရေးသည်။]

ရှင်း ဘာဝနာသည် "နိဗ္ဗာန်"ဟူသောအကျိုးကို ပြီးစေတတ်၏၊ ဒါနသည် "စည်းစိမ်" ဟူသောအကျိုးကို ပြီးစေတတ်၏၊ သီလသည် "နတ်ပြည်၌ ဖြစ်ခြင်း–စသော" အကျိုးကို ပြီးစေတတ်၏၊ ဤသို့ အသီးအသီး မိမိတို့၏အကျိုးကို ပြီးစေတတ်ကြ၏။

ဤသို့ အသီးအသီး မိမိတို့၏အကျိုးကို ပြီးစေတတ်ပါသော်လည်း ပါဠိပုံစံ၌ ဘာဝနာ–စသော အကြောင်းနှင့် ဘောဂ–စသော အကျိုးတို့ကို အစဉ်အတိုင်း စပ်ဟပ်၍ ယူက ဘာဝနာနှင့် စည်းစိမ်ဥစ္စာအကျိုး, ဒါနနှင့် နတ်ပြည်၌ဖြစ်ခြင်း–စသောအကျိုး, သီလနှင့် နိဗ္ဗာန်အကျိုး–ဟူ၍ အနက်အဓိပ္ပာယ်ရသောကြောင့် အကြောင်းအကျိုးအစဉ် ချွတ်လွဲရကား "အပက္ကမဒေါသ" သင့်ရလေတော့သည်။ (မြန်မာပုံစံကိုလည်း ဆိုခဲ့ပြီးသည်ကို နည်းမှီ၍ သိနိုင်လောက်ပြီ။)

ကမစ္ဆုတနှင့် အပက္ကမ အထူး အများအနည်း, အမြတ်အယုတ်–စသော လောကဝေါဟာရအစဉ် ပျက်ခြင်းသည် ကမစ္ဆုတဒေါသမည်၏၊ ဥဒ္ဒေသနိဒ္ဒေသ, အကြောင်းအကျိုးအားဖြင့် ရှေ့နောက်အစဉ် ချွတ်လွဲကျိုးပျက်ခြင်းသည် အပက္ကမဒေါသမည်၏၊ ဒေါသနှစ်ပါး ဤသို့ ထူးခြား၏။

တစ်နည်း= ကမစ္ဆုတဒေါသသည် ဝါကျ၌ သင့်၏၊ အပက္ကမဒေါသကား ဝါကျအနက်၌ သင့်သည်။ (အညဲ ဘဂ္ဂရီတိဒေါသဒ္ဓယံ ဂါမ္မဒ္ဓယံ ကမစ္ဆုတအပက္ကမဒ္ဓယဉ္စ ဝါကျဝါကျတ္ထတော ဘိန္နံ။ ဋီ–သစ်။)

http://www.dhammadownload.com

တတ္ထ-ထိုအပက္ကမဒေါသစသည်တို့တွင်၊ အပက္ကမံ-အပက္ကမဒေါသ (၏ဥဒါဟရဏ်)သည်၊ ယထာ-(၉၀)-ဤဆိုလတ္တံ့သောနည်းအားဖြင့်၊ ဟောတိ-ဖြစ်၏။

၆၀။ ကဟ-ဤဘဝ၌၊ (ကမသ္မိံ အတ္တဘာဝေ-ဦး) သမ္မာသမ္ဗာဒိတာနိ-ကောင်းစွာမသွေ, ပြီးစေအပ်ကုန်သော၊ ဘာဝနာဒါနသီလာနိ-ဘာဝနာ ဒါန သီလ တို့သည်၊ ဘောဂသဂ္ဂါဒိနိဗ္ဗာနသာဓနာနိ-စည်းစိမ်ဥစ္စာဟူသော အကျိုး, နတ်ပြည်၌ဖြစ်ခြင်းစသောအကျိုး, နိဗ္ဗာန်ဟူသောအကျိုးတို့ကို ပြီးစေတတ်ကုန်၏၊ သံသယော-(ဤသို့ အကျိုးကိုပြီးစေခြင်း၌) ယုံမှားဖွယ်မည်သည်၊ န အတ္ထိ-မရှိ။

ဆောင်။ ။ လောကဝေါဟာရ, စဉ်မကျက, မှတ်ကြကမစ္စု၊ ဟေတုဖလာ, ပုဗ္ဗာပရ, စဉ်လွဲက, မှတ်ကြ ပက္ကမာ။
ဝါကျဝါကျတ္ထ, ထူးခြားကြ, မိန့်ဟဋ္ဌကာ-တစ်နည်းသာ။

ကမစ္စုတ-အပက္ကမ-ဘဂ္ဂရီတိ ၄-ပါးအထူး

ဘဂ္ဂရီတိဒေါသလည်း အစဉ်ကျိုးပျက်သောကြောင့် သင့်ရ၏၊ ထို့ကြောင့် ပုဒ်-ဓာတ်-ပစ္စည်း အစဉ်ကျိုးပျက်ခြင်းသည်လည်းကောင်း, ဝိဘတ်အမျိုးမျိုး အစဉ်ကျိုးပျက်ခြင်းသည်လည်းကောင်း ဘဂ္ဂရီတိဒေါသမည်၏-ဟု အစဉ်ကျိုးပျက်သောကြောင့် သင့်သောဝါကျလေးမျိုးတို့၏ အထူးကို ကြံသင့်၏။ (ဘဂ္ဂရီတိဒေါသသည် ဝါကျ, ဝါကျတ္ထအားဖြင့် နှစ်မျိုးရှိကြောင်းကို သတိရပါစေ။)

ဆောင်။ ။ လောကဝေါဟာရ, စဉ်မကျက, မှတ်ကြကမစ္စု၊ ဟေတုဖလာ, ပုဗ္ဗာပရ, စဉ်လွဲကလျှင်, ပက္ကမမှတ်၊ ပုဒ်ဓာတ်ပစ္စယာ, တစ်ဖြာဝိဘတ်, စဉ်ကျိုးပြတ်က, မှတ်လေကြ, ဘဂ္ဂရီတိသာ။

မြန်ပုံစံ။ ။နောက်ကျန်းဥတ္တင်, ရှေ့ရပ်ခွင်မှာ, ခုနစ်ရာဆောင်, ငါးရာထောင်တည်း, ယခေါင်မလွဲ, ယှဉ်စမြဲတည်း။ (ဗဲန်။)

ဤလက်ဘဉ် ရှေ့နောက်စပ်ဟပ်၍ အစဉ်အတိုင်းယူလျှင် "အနောက်ကျန်းမှာ-အသက်တန်း ၇၀၀, မြောက်ကျန်းမှာ ၅၀၀, အရှေ့ကျန်းမှာ ၁၀၀၀"ဟု အနက်အဓိပ္ပာယ်ရ၏၊ စင်စစ်မှာမူ"အရှေ့ကျန်းမှာ ၇၀၀, အနောက်ကျန်းမှာ ၅၀၀, မြောက်ကျန်းမှာ ၁၀၀၀"ဟု အစဉ်အတိုင်းဟပ်မိမှ မှန်မည်၊ ထို့ကြောင့် ယထာက္ကမနည်းပျက်၍ "အပက္ကမဒေါသ" သင့်ရလေသည်။

လေ့ကျင့်ရန်

(က) အရှင်၏ကျော်စောခြင်း တန်ခိုးကြီးခြင်းတို့သည် နေ,လ-တို့နှင့် တူကုန်၏။
(ခ) ခွေးနှင့်ဆိတ်တို့သည် မြက်နှင့်အမဲသားကို ဆောင်ကုန်၏။
(ဂ) တပို့တပေါင်း, ရှေးနှောင်းအညီ, လေးရက်စီမှတ်, အန္တ ရဋ္ဌ-ဟု
(မဃ-၂၈၀။)

http://www.dhammadownload.com

၂။ ဩစိတျဟီနဒေါသ

ဩစိတျဟီနံ ယထာ–

၆၁။ ပူဇနီယတရော လောကေ , အဟမေကော နိရန္တရံ၊
မယေကသ္မိံ ဂုဏာ သဗ္ဗေ , ယတော သမုဒိတာ အဟုံ။

၆၁။ ဩစိတျဟီနံ–ဩစိတျဟီနဒေါသ(၏)ဥဒါဟရဏ်)သည်၊ ယထာ–(ဧဝံ)–ဤဆိုလတ္တံ့သောနည်းဖြင့်၊ ဟောတိ–ဖြစ်၏။ ။ယတော–အကြင်ကြောင့်၊ သဗ္ဗေ–အလုံးစုံကုန်သော၊ ဂုဏာ–(သီလစသော)ဂုဏ်တို့သည်၊ မယေကသ္မိံ–ငါတစ်ယောက်တည်း၌သာလျှင်၊ သမုဒိတာ–ပေါင်းစုကြကုန်သည်၊ အဟုံ–ဖြစ်ကုန်ပြီ၊ တတော–ထို့ကြောင့်၊ လောကေ–သတ္တလောက၌၊ အဟမေကော–ငါတစ်ယောက်တည်းကိုသာ၊ နိရန္တရံ–အမြဲမပြတ်၊ ပူဇနီယတရော–(ပူဇော်အပ်သူတို့ထက်) အထူးအားဖြင့် ပူဇော်အပ်၏။

---

(၂) ဩစိတျဟီနဒေါသ

၆၁။ ။ရှေ့ပြုနောက်ပြု, ကိုယ်နှုတ်မှုတို့, နှစ်ခုမလျော်, ကိုယ့်ဂုဏ်ဖော်, မှည့်ခေါ် ဩစိတျ–ဟီနက။

(ယထာဝါဒီ တထာကာရီ)–နှုတ်ပြောပုံနှင့်ကိုယ်လုပ်ပုံ, အပြောစကားနှင့်အကျင့်တရား, စိတ်ထားနှင့်ကိုယ်အမူအရာ, ရှေ့ပြောစကားနှင့်နောက်ပြောစကား, ရှေ့လုပ်ပုံနှင့်နောက်လုပ်ပုံ လိုက်လျောညီညွတ်ခြင်းသည်လည်းကောင်း, မဖော်သင့်ရာ၌ မိမိ၏ဂုဏ်ကို မဖော်ခြင်းသည်လည်းကောင်း ဩစိတျမည်၏၊ ထိုဩစိတျသည် ပညာရှိများ အလွန်ရှိသေလေးစားစွာ ကျင့်ကြံအပ်သော အရင်းမူလ ထင်ရှားလှသည့် ဂုဏ်ပုဒ်ကြီးတစ်ခု ဖြစ်ပေသည်၊ အလင်္ကာဆရာသည် ထိုဩစိတျဂုဏ်ကို အသီးအခြား မပြခဲ့ချေ၊ သို့ရာတွင် ထိုက်သည့်အားလျော်စွာ ဆိုလတ္တံ့သော ဂုဏ်ဆယ်ပါး၌သွင်းလျှင် ကန္တီဂုဏ်, ဥဒါရတာဂုဏ်တို့၌သွင်းသင့်၏။

ဆောင်။ ။ ရှေ့ပြုနောက်ပြု, ကိုယ်နှုတ်မှုတို့, နှစ်ခုဆီလျော်, ဂုဏ်မဖော်, မှည့်ခေါ်ဩစိတျ။

ဆိုခဲ့ပြီးသော ဩစိတျဂုဏ်သဘောမှ ဆုတ်ယုတ်ခဲ့ပါလျှင် ဩစိတျဟီနဒေါသသင့်တော့၏၊ အချုပ်အားဖြင့် "မသင့်တော်မလျောက်ပတ်သည်ကို ကျင့်ကြံပြုလုပ်ပြောဆိုသော်လည်းကောင်း, ပါးစပ်ပြောနှင့်ကိုယ်လုပ်ပုံ, စိတ်သဘောထားနှင့်အကျင့်တရား, ရှေ့ပြောနောက်ပြော–စသည်တို့ မညီညွတ်ခဲ့သော်လည်းကောင်း, ဂုဏ်မဖော်သင့်ရာ၌ မိမိ၏ဂုဏ်ကို ဖော်ပြသော်လည်းကောင်း ဩစိတျဟီနဒေါသ သင့်ရောက်တော့သည်"ဟု မှတ်ပါလေ။ [ဥစိယတေတိ–ဥစိတံ၊ ဥစိတဿ ဘာဝေါ–ဩစိတျံ–(သင့်လျော်ခြင်း, အသင့်ယုတ္တိ၊ ဟိန–ယုတ်လျော့သည်။) ဩစိတျံ ဟိနံ ယတ္ထာတိ–ဩစိတျဟီနံ၊ (ဋီ)၊ အသင့်ယုတ္တိမှကင်းသောဝါကျသည် "ဩစိတျဟီနဒေါသ" မည်၏–ဟူလို။]

http://www.dhammadownload.com

ယထာစ—

၆၂။ ယာစိတောဟံ ကထံ နာမ , နု ဒန္ဓာမျပိ ဇိဝိတံ၊
တထာပိ ပုတ္တဒါနေန , ဝေဓတေ ဟဒယံ မမ။

ပြန်ပုံစံ။　။တစ်မိုးလုံးအောက်, ငါတစ်ယောက်၌, စုရောက်ဂုဏ်ပေါင်း, အပြည့်အောင်း၏၊ သောင်းသောင်းဖြဖြ, ပူဇော်ကြရန်, ငါသာတန်သည်, ကဲလွန်ဂုဏ်ထူးရှင်ပေမို့။

ရှင်း　"သီလ-စသောဂုဏ် အလုံးစုံတို့သည် ငါတစ်ဦးတစ်ယောက်တည်း၌သာ စုပေါင်းတည်နေကြကုန်၏၊ ထို့ကြောင့် လောကမှာ ငါတစ်ဦးတစ်ယောက်ကိုသာ အမြဲမပြတ် ပူဇော်အပ်၏"ဟု ဆိုလိုရင်းဖြစ်သည်၊ ဤသို့ မိမိဂုဏ်ကိုချီးကျူး ပြောဆိုခြင်းသည် အသင့်ယုတ္တိမရှိချေ၊ လောကဋ္ဌ မသင့်တော်မလျော်လွန်းသော ပြောဆိုခြင်းမျိုး ဖြစ်၏၊ ထို့ကြောင့် "ဩစိတျဟီနဒေါသ" သင့်သည်။

အတိဝုတ္တဒေါသနှင့် ဩစိတျဟီန အထူး　အတိဝုတ္တဒေါသမှာ မဟုတ်မမှန်ဘဲနှင့် တစ်ပါးသူကို အလွန်အကျဲ ပြောဆိုချီးမွမ်းခြင်းကြောင့်ဖြစ်သည်၊ ဩစိတျဟီနဒေါသမှာ မိမိကိုယ်ကို ဟုတ်သည့်အတိုင်းဖြစ်စေ, မဟုတ်ဘဲနှင့်ဖြစ်စေ ပြောဆိုချီးမွမ်းခြင်းကြောင့်ဖြစ်သည်၊ ဤကား အပြောကြီးခြင်းကြောင့်သင့်သော ဒေါသ နှစ်ပါး အထူးတည်း။

ဆောင်။　။ မိမိဂုဏ်ကို, အလွန်ဆိုမူ, မှတ်ယူဟီန, စိတျတည်း၊ ထိုမှတစ်ပါး, တစ်ခြားဆိုဖွယ်, အသွယ်သွယ်ကို, ကြီးကျယ်ဆိုက, တိဝုတ္တ, ခွဲကြဤသို့သာ။

ဥပဒေသ　ရှင်တော်မြတ်ဘုရားသည် မိမိဂုဏ်ကို ဟုတ်မှန်၍ဖြစ်စေ, မဟုတ်မမှန်ဘဲနှင့် တမင်ဝါကြွားပလွားခြေဖျားထောက်လို၍ဖြစ်စေ- ဂုဏ်တပြင်ပြင် အမွှမ်းတင်လျက် ပရမ်းပတာပြောဆိုခြင်းမျိုးကို "အတ္တုက္ကံသနပ္ပြလုပ်သည် (ကြွားလွန်းသည်)" ဟု ဟောတော်မူ၏၊ ထိုသို့ ပြောဆိုသောပုဂ္ဂိုလ်ကို "ဝသလ(သူယုတ်မာကြီးတစ်ဦး)"ဟု ဝသလသုတ္တန်ပါဠိတော်၌ မှတ်ချက်ချထားတော်မူခဲ့လေသည်၊ ထို့ကြောင့် သူယုတ်မာအဖြစ်မှ ကင်းလွတ်အောင် အတ္တုက္ကံသန(ကြွားဝါမှုကိုပြုလုပ်ခြင်း)မှ ရှောင်ကြဉ်ကြရာသည်။

ပြန်ပုံစံတစ်နည်း။　။၆၂။ တောင်းခံသူလက်, ကိုယ့်အသက်ပင်, ငဲ့ကွက်မထား, လှူနိုင်ငြားလည်း, ကိုယ့်သားသမီး, ချစ်မငြီးကို, အပြီးလှူရ, မှုကိစ္စကြောင့်, စိတ်ကပြင်းစွာ, တုန်လှုပ်ပါသည်, ကျုပ်မှာဖြေဆည် မရပြီ။

ရှင်း　"ငါသည် အလှူခံတို့ တောင်းခံအပ်သည်ရှိသော် မငဲ့မကွက် ကိုယ့်အသက်ကိုပင် ပေးလှူနိုင်ပါ၏၊ သို့ပင်ဖြစ်စေကာမူ သားသမီးတို့ကို ပေးလှူလိုက် ခြင်းကြောင့် အကျွန်ုပ်၏ စိတ်နှလုံးသည် တုန်လှုပ်လှပေ၏"ဟု ဆိုလိုသည်။

http://www.dhammadownload.com

၆၂။ ဩစိတျဟီနံ–သည်၊ ယထာစ–ဤဆိုလတ္တံ့သောနည်းဖြင့်လည်း၊ ဟောတိ–ဖြစ်သေး၏၊ အဟံ–ငါ(ဝေဿန္တရာ)သည်၊ ယာစိတော–အလှူခံတို့ တောင်းရမ်းအပ်သည်၊ (သမာနော–ဖြစ်လတ်သော်၊) ဇိဝိတံအပိ–(မိမိ၏)အသက်ကိုသော်လည်း၊ ကထံနာမနဒဇ္ဇာမိ–အဘယ်မှာလျှင် မလှူနိုင်ဘဲ ရှိပါအံ့နည်း၊ တထာပိ–ထိုသို့ပင် လှူလိုသောဆန္ဒ ရှိပါသော်လည်း၊ ပုတ္တဒါနေန–သားသမီးတို့ကို ပေးလှူခြင်းကြောင့်၊ မမ–ငါ(ဝေဿန္တရာ)၏၊ ဟဒယံ–စိတ်နှလုံးသည်၊ ဝေဓတေ–တုန်လှုပ်(လှပေ)၏။

ဤ၌ "အသက်ကိုပင် ပေးလှူနိုင်ပါလျက် သားသမီးတို့ကို လှူရုံမျှဖြင့် စိတ်နှလုံးတုန်လှုပ်သည်"ဟူသော စကားသည် ရှေ့နောက်မညီ၊ (ယုတ္တိလည်း မရှိ၊) ထို့ကြောင့် "ဩစိတျဟီနဒေါသ" သင့်၏။

မြန်ပုံစံ။ ။ဤသို့တောင့်တ, မှာသမျှကို, ဘုရားအလျာ, ကြားလတ်ခါ၌, သည်းချာနှင့်နှင့်, မြားဆိပ်သင့်သား, သမင်အယောင်, တောင်တလည်လည်, ရှိလတ်သည်နှင့်, လေပြည်ရစ်ခြင်း, သန်မ်းတွင်းသို့, ချက်ချင်းဆောစွာ, ဝင်ပြီးခါသော်, ကြင်နာဖွယ်ကို, ဆိုလည်းဆိုလျက်, ယိုမျက်ရည်စက်, ရင်ထက်လည်းစီး, ချွေးညွှန့်သီး၍, သက်ကြီးရှိုက်ငင်, ဟိုက်ပူပင်တည်း။(၀၀–၁၅၇။)

ရှင်း ဤကား ဝေဿန္တရာမင်းကြီးသည် ဇူဇကာပုဏ္ဏားအား သားသမီးတို့ကို လှူလိုက်ရာ သားသမီးတို့ လိုက်ရခါနီးတွင် မှာကြားခဲ့သောစကားကို ကြား၍ အောက်မေ့ပူပန်ပုံကို ဆိုခြင်းတည်း။ စင်စစ်မှာမူ–

"ငါ့သားများကို, သနားစုံမက်, ချစ်သည်ထက်လျှင်, နှိုင်းချက်ကဲလွန်, ဆမတန်အောင်, သဗ္ဗညာဏ်ကျယ်, ဉာဏ်ပင်လယ်ကို, ကယ်မှန်သဘော, ငါချစ်မော"ဟူသော စကားနှင့်အညီ "သားသမီးနှစ်ယောက်တို့ထက် သဗ္ဗညုတဉာဏ်တော်ကို အဆပေါင်းအသိန်းမက ချစ်ခင်စုံမက်၍ လှူပါသည်"ဟု ဆိုပြီးဖြစ်ပါလျက် သားတော်သမီးတော်တို့ကို ဇူဇကာပုဏ္ဏားက ရိုက်ပုတ်သောအခါ ခွဲခွာရခါနီးတွင် မှာကြားသောအခါတို့၌ ပူပင်ငိုယိုပြန်သောကြောင့် ပါးစပ်ပြောနှင့် ကိုယ်လုပ်ပုံတို့မှာ မညီညွတ်ရကား "ဩစိတျဟီနဒေါသ" သင့်ရောက်ရလေသည်။

လေ့ကျင့်ရန်ပုံစံ။ ။(က) ငါနှင့်ငါသာ, နှိုင်းစရာ– (ကိုးခန်း–နိဂုံး–၇။)

(ခ) ပေးမည်ဆိုလျက်, နှုတ်တော်ပွက်သား, လက်ကမလွတ်, လှူဝတ်ဥစ္စာ, ငါ့တွက်တာကို, ပေးရာမလို, ဝန်တိုစိတ်ဧော, နှမြောနှမိ, ဖြစ်တုံဘိသား။

မှတ်ဖွယ်။ ။(က) ရန်သူမတွေ့မီ ကြိုးဝါး၍ တွေ့သော် ပုန်းရှောင်သူ,

(ခ) ဆွေမျိုးချင်း နီးလျှင်တကျက်ကျက်, ဝေးလျှင်တသက်သက်ဖြစ်သူ,

(ဂ) ကျွန်တော်ပါရှင်၊ ကျွန်မပါခင်ဗျား (ဗျို့)–စသည်ဖြင့် ဆိုသူတို့သည် ဩစိတျဂုဏ်မှ ဆုတ်ယုတ်၏၊ "ဩစိတျဟီနဒေါသ" သင့်၏။

http://www.dhammadownload.com

၃။ ဘဂ္ဂရီတိဒေါသ

ဘဂ္ဂရီတိ ယထာ– (ပေးမြဲ)

၆၃။ ကတ္ထိနံ ဒုဇ္ဇနာနဉ္စ , ဝိဿာသော နောပပဇ္ဇတေ၊
ဝိသေ သိင်္ဂိမှိ နဒီယံ , ရောဂေ ရာဇကုလမှိ စ။

၆၃။ ကတ္ထိနံ–မိန်းမတို့၏လည်းကောင်း၊ ဒုဇ္ဇနာနဉ္စ–သူယုတ်မာတို့၏လည်းကောင်း၊ ဝိဿာသော–အကျွမ်းဝင်ခြင်းသည်၊ နောပပဇ္ဇတေ–မသင့်၊ ဝိသေစ–အဆိပ်ခဲ့လည်းကောင်း၊ သိင်္ဂိမှိစ–ဦးချိုရှိသောသတ္တဝါခဲ့လည်းကောင်း၊ နဒီယံစ–မြစ်ခဲ့လည်းကောင်း၊ ရောဂေစ–(တိုးပွားကူးစက်တတ်သော)ရောဂါခဲ့လည်းကောင်း၊ ရာဇကုလမှိစ–(နှောင်ဖွဲ့ခြင်းစသည်ကိုပြုတတ်သော)မင်းမျိုးခဲ့လည်းကောင်း၊ ဝိဿာသော–အကျွမ်းဝင်ခြင်းသည်၊ နောပပဇ္ဇတေ–မသင့်။

---

(၃)ဘဂ္ဂရီတိဒေါသ

၆၃။ ။ နာမ်ဝိဘတ္တိ, စဉ်ပျက်ဘိ, ရီတိဘဂ္ဂ ဝါကျတ္ထ။

ကျိုးပျက်သော ဝိဘတ်နက်အစဉ်ရှိသော ဝါကျသည် "ဝါကျတ္ထဘဂ္ဂရီတိဒေါသ" သင့်၏။ [ဘဂ္ဂါ–ကျိုးပျက်သော၊ ရီတိ–ဝိဘတ်အစဉ်၊ ဘဂ္ဂါ ရီတိ ဧတသ္မာတိ–ဘဂ္ဂရီတိ။]

ပြန်ပုံစံ။ ။မိန်းမအပေါင်း,ကျင့်မကောင်းသား, သူယုတ်များကို, ရှောင်ရှားတွေ့မြင်, ကျွမ်းမဝင်နှင့်, ဘုရင်မင်းမျိုး, အဆိပ်မျိုးက, ပွားတိုးရောဂါ, လွန်စွာရေစီး, မြစ်ကြီးသားကောင်, ချိုထောင်ဝင့်ဝင့်, ငါးမျိုးနှင့်လည်း, မသင့်ကျွမ်းဝင်, မှတ်စေချင်သည်....များဖြင်ချမ်းသာကြောင်းပေကို။

ရှင်း "ကတ္ထိနံ, ဒုဇ္ဇနာနံ"ဟူ၍ သမ္မန်အနက်ခဲ့သက်သော ဆဋ္ဌီဝိဘတ်ကို ဆိုပြီးမှ "ဝိသေ သိင်္ဂိမှိ"စသည်ဖြင့် အာမာရအနက်ခဲ့သက်သော သတ္တမီဝိဘတ်ကို ဆိုခြင်းသည် နာမ်ဝိဘတ်နက်အစဉ် ပျက်၏၊ ထို့ကြောင့် "ဝါကျတ္ထဘဂ္ဂရီတိဒေါသ" သင့်သည်။

မြန်မာခဲ့လည်း "သူယုတ်များကို"ဟု ဆိုပြီးမှ "ငါးမျိုးနှင့်လည်း"ဟု ဆိုခြင်းသည် နာမ်ဝိဘတ်နက်အစဉ် ပျက်၏၊ ထို့ကြောင့် "ဘဂ္ဂရီတိဒေါသ" သင့်သည်။

ဘဂ္ဂရီတိနှစ်ပါးအထူး

(က) ဝါကျဘဂ္ဂရီတိ ဒေါသကား ရှေးဦးအစ ပထမဆိုအပ်သော ပုဒ်ဓာတ်ပစ္စည်းတို့နှင့် နောက်ထပ်ဆိုအပ်သော ပုဒ်ဓာတ်ပစ္စည်း–စသည်တို့ မညီညွတ်ခြင်း, အစဉ်ကျိုးပျက်ခြင်းကြောင့် သင့်သည်။

(ခ) ဝါကျတ္ထဘဂ္ဂရီတိဒေါသကား ရှေးဦးအစ ပထမဆိုအပ်သော ကတ္တား, ကံ–စသော ဝိဘတ်နက်နှင့် နောက်ထပ်ဆိုအပ်သော ကတ္တား, ကံ–စသော ဝိဘတ်နက်တို့ အစဉ်မညီညွတ်ခြင်း, အစဉ်ကျိုးပျက်ခြင်းကြောင့် သင့်သည်၊ ဤကား ဘဂ္ဂရီတိဒေါသနှစ်ပါး၏အထူးတည်း။

http://www.dhammadownload.com

၄။ သသံသယဒေါသ

သသံသယံ ယထာ– (ပေးမြဲ)

၆၄။ မုနိန္ဒစန္ဒိမာလောက–ရသလောလဝိလောစနော၊
ဇနောဝက္ကန္တ ပဏ္ဍော , ဂေါပဒဿနပီဏိတော။

ဆောင်။ ။ ပုဒ်ဓာတ်ပစ္စယ, စဉ်ကျိုးကမ္မ, ဝါကျဘဂ္ဂရီ, သင့်ပြိမြှတ်၊ ဝိဘတ်နက်မျိုး, အစဉ်ကျိုးက, ဝါကျတ္ထ, ဘဂ္ဂရီတိသာ။

စသဒ္ဒါထားရန် စည်းကမ်း ဤကဏ္ဍိန်–စသော ဂါထာသည် အစ,အလယ်တို့၌ စသဒ္ဒါ မပါဘဲ ကျိုးပျက်သောကြောင့် "သဒ္ဒဘဂ္ဂရီတိ ဒေါသ"လည်း သင့်၏၊ စသဒ္ဒါတို့ကို ပုဒ်တိုင်းပုဒ်တိုင်း၌သော်လည်းကောင်း, အစပုဒ်၌သော်လည်းကောင်း, နောက်ဆုံးပုဒ်၌သော်လည်းကောင်း ယှဉ်စပ်ထားရာ၏၊ ထိုသုံးပါးသော စည်းကမ်းတို့တွင် တစ်ပါးပါးနှင့် မညီခဲ့သော် "သဒ္ဒဘဂ္ဂရီတိဒေါသ" သင့်၏။ (ဋီ)

ဆောင်။ ။ စနိပါတ, ပုဒ်ဝါကျတွင်, အစ–အဆုံး, အကုန်လုံး–ဟု, မှိထုံးသုံးချက်, ယွင်းသွေပျက်, မှတ်ချက်ဘဂ္ဂ–ရီတိက။

မြန်ပုံစံ။ ။ကိုယ့်ကြောင့် သူ့ကြောင့်, ဘယ်သူ့ကြောင့်–ဟု, စိုးနှောင့်ဆင့်ဆင့်, မယားဖြင့်လည်း, အေးခွင့်မပြီး, သမီးနှင့်သား, စီးပွားတို့၌, စိတ်အိုက်မသာ, ပူဆာသောက, ဗျာပါဒ–ဟု။

ရှင်း ဤ၌ "ကိုယ့်ကြောင့် သူ့ကြောင့်"စသည်ဖြင့် (ကြောင့်)ဟူသော ဝိဘတ်ကို ဆိုပြီးပါလျက် အနက်အဓိပ္ပာယ် အယူအဆတူမျှသော နောက်ပုဒ်များတွင် "မယာဖြင့်လည်း"၌ (ဖြင့်), "သမီးနှင့်သား၊ စီးပွားတို့၌"၌ (တို့၌)ဟူသော ဝိဘတ်တို့ကို ဆိုခြင်းသည် ဝိဘတ်စဉ်ကျိုးပျက်၏၊ ထို့ကြောင့် "ဘဂ္ဂရီတိဒေါသ" သင့်သည်။

လေ့ကျင့်ရန်ပုံစံ။ ။အမေ၌လည်း ရှိသေ၊ အဖေအား‌လည်း ရှိသေ၊ ဘိုးဘွားကိုလည်း ရှိသေ၏။ (၌+အား+ကို–ဝိဘတ်အစဉ်ပျက်။)

ဆီလည်းရှိသည်၊ ဆားရှိသည်၊ ဆန်လည်းရှိသည်။ (လည်းနိပါတ် အထားပျက်။)

(၄) သသံသယဒေါသ

၆၄။ ။ယုံမှားဖို့ရန်, နက်ပါပြန်, သသံသယ ပြစ်ဒေါသ။

ယုံမှားဖို့ရာ (အပိုသက်သက်စဉ်းစားစရာ) အနက်တစ်ပါး ပါရှိသော သဒ္ဒါတို့ဖြင့် ရေးသားအပ်သော ဝါကျသည် "သသံသယဒေါသ" သင့်၏။ [သ–တကွဖြစ်သည်၊ သံသယ–ယုံမှားခြင်း၊ သဟ သံသယေန ယံ ဝတ္တတီတိ–သသံသယံ။]

http://www.dhammadownload.com

၆၄။ မုနိန္ဒစန္ဒိမာလောကရသလောလဝိလောစနော-မြတ်စွာဘုရားသခင် တည်းဟူသောလမင်း၏ ရောင်ခြည်တော်(ကို ဖူးမြင်ခြင်း၌) တပ်နှစ်သက် သောကြောင့် လူပ်သောမျက်လုံးရှိသော၊ ဇနော-လူအပေါင်းသည်၊ အဝက္ကန္တ ပဒ္မောဝ-သက်ရောက်အပ်ပြီးသော လမ်းခရီးရှိသည်ဖြစ်၍သာလျှင်၊ (အဝက္ကန္တော ပဒ္မော ယေနာတိ) ဝါ-လမ်းခရီးသို့ သက်ရောက်လျှင်သက်ရောက်ချင်းသာလျှင်၊ ဂေါပဒဿနပီဏိတော-ရောင်ခြည်တော်ကို ဖူးမျှော်ရခြင်းကြောင့် နှစ်သက်ရွှင်လန်း, ဝမ်းမြောက်သည်၊ ဟောတိ-ဖြစ်၏။ (ဤကား အလိုရှိအပ်သောအနက်။)

ဂေါပဒဿနပီဏိတော-အလွန်မင်္ဂလာရှိ(၏-ဟု သမုတ်အပ်)သော နွားကို တွေ့မြင်ရခြင်းကြောင့် နှစ်သက်ရွှင်လန်း, ဝမ်းမြောက်သည်၊ ဟောတိ-ဖြစ်၏။ (ယုံမှားအပ်သောအနက်။)

ပြန်ပုံစံ။　။မုနိထွတ်တင်, ယုန်နန်းရှင်၏, နှိုင်းယှဉ်မလျော်, ရောင်ခြည်တော်ကို, ဖူးမျှော်ချစ်မော, တပ်မက်သောကြောင့်, လူပ်သောမျက်စိ, အစုံရှိသား, လူအများသည်, ဆင်းငြားလမ်းပေါ်, ရောက်သော်ထူးလည်, အသည်အဝါ, တွေ့မြင်ပါ၍, လွန်စွာရွှင်ပျ, ဝမ်းမြောက်ရသည်, ဘဝကုသိုလ် ကျိုးပေးတည်း။

ရှင်း　ပါဠိပုံစံ၌ "ဂေါ"သဒ္ဒါသည် ဆိုလိုသော ရောင်ခြည်တော်-ဟူသော အနက်မှတစ်ပါး နွား-စသော အနက်ကိုလည်း ဟော၏၊ ထိုတွင် အရောင်-စသော အနက်၌ မထင်ရှား၊ "နွား"ဟူသော အနက်၌သာ ထင်ရှား၏၊ သို့ဖြစ်၍ "နွားကို မြင်သောကြောင့် နှစ်သက်ရွှင်လန်း ဝမ်းမြောက်လေသလော"ဟု ယုံမှားဖွယ်ရှိ၏၊ အပိုသက်သက် စဉ်းစားစရာ အနက်တစ်ပါး ပါရှိနေ၏၊ ထို့ကြောင့် "သသံသယဒေါသ" သင့်သည်။ [အာလောကသဒ္ဒါလည်း ကြည့်ခြင်း-ဟူသောအနက်, အရောင်-ဟူသော အနက်ကို ဟော၏၊ နှစ်နက်လုံးပင် ဤနေရာ၌ သင့်လျော်သည်ချည်း၊ တစ်စုံတစ်ရာ ယုံမှားသံသယဖြစ်ဖွယ်မရှိ၊ ဘုရားကို တွေ့ကလည်းအရောင်ကို တွေ့သည်၊ အရောင်ကို တွေ့ကလည်း ဘုရားကို တွေ့သည်ပင်။]

မြန်မာပုံစံ၌ "အသည်-အဝါ"ဟူသော သဒ္ဒါသည် "အရောင်"ဟူသောအနက်မှ တစ်ပါး "တင့်တယ်ခြင်း"ဟူသောအနက်, "အသည် (မင်းမှူထမ်းမဟုတ်သူ)၏အရောင်" ဟူသောအနက်တို့၌လည်း ထင်ရှား၏၊ ထို့ကြောင့် အပိုသက်သက်စဉ်းစားစရာ "အသည်-အရောင်"ဟူသော အနက်တစ်ပါး ပါရှိသည်၊ သို့ဖြစ်၍ "သသံသယဒေါသ" သင့်သည်။ [တင့်တယ်ခြင်း-ဟူသော အနက်ကို ဟောက တစ်စုံတစ်ရာ ယုံမှားဖွယ်မရှိ၊ ပါဠိကို နည်းမှီ၍သိ။]

http://www.dhammadownload.com

၅။ ဂါမဏိဒေါသ

၆၅။ ဝါကျတ္ထတော ဒုပ္ပတိတိ , ကရံ ဂါမံ မတံ ယထာ၊
ပေါသော ဝိရိယဝါ သောယံ , ပရံ ဟန္တ္ဝာန ဝိဿမီ။

ဝိရုဒ္ဓတ္ထန္တရနှင့် သဿံသယအထူး

ဝိရုဒ္ဓတ္ထန္တရဒေါသ, သဿံသယဒေါသတို့သည် ယုံမှားရန် အနက်တစ်ပါးရှိရာ၌ သင့်ရောက်ရပုံချင်း တူ၏၊ သို့ရာတွင် (က) ယုံမှားဖို့ရန် အနက်တစ်ပါး ပါရှိသည့်အပြင် ထိုယုံမှားအပ်သော အနက်သည် အလိုရှိအပ်သောအနက်နှင့် ဆန့်ကျင်ပါက "ဝိရုဒ္ဓတ္ထန္တရဒေါသ" မည်၏၊ (ခ)ယုံမှားဖို့ရန် အနက်တစ်ပါးပါရှိသော်လည်း ထိုယုံမှားအပ်သော အနက်သည် အလိုရှိအပ်သော အနက်နှင့် မဆန့်ကျင်မူ၍ ယုံမှားရုံမျှသာ ဖြစ်ပါက "သဿံသယဒေါသ" မည်၏။

ဆောင်။ ။ အနက်တစ်ပါး, ယုံမှားဖို့ရာ, ပါလာသည့်ပြင်, ဆန့်ကျင်ဖြစ်လတ်, ဝိရုဒ္ဓတ္ထ န်၊ ယုံမှားရန်မျှ, နက်ရှိက, သဿံသယသာ။

မြန်ပုံစံ။ ။ တွေဝေညှိုးငယ်, မျက်စိလယ်၍, ပြင်ကျယ်မြစ်ထဲ, ကူးနိုင်ခဲသား, ဆင်းရဲယောကျ်ား, လှေသမားလည်း, မားမားမလှုပ်, ကျွန်းမြိုင်အုပ်ကို, မိုးချုပ်လုနီး, နေဝင်ပြီးမှ, သီးသီးခြားခြား, တွေ့မြင်ငြား၍, ဝမ်းပါးတသာ။ (ကဝိ။)

ရှင်း "မျက်စိလည်နေသော မြစ်ခရီးသွား လှေသမားသည် ကျွန်းမြိုင်အုပ်ကိုတွေ့၍ ဝမ်းသာသည်"ဟု ဆိုလိုရင်းဖြစ်သည်၊ ကျွန်းမြိုင်အုပ် ဆိုရာတွင် "ရေလယ်၌ ပေါ်ထွန်းနေသော ကျွန်းမြေကို ဆိုလိုသလော၊ သို့မဟုတ် ကမ်းနားမှာ ပေါက်ရောက်နေသော ကျွန်းသစ်တောကိုပင် ဆိုလိုသလော"ဟု ယုံမှားစရာ စဉ်းစားစရာအနက် ပါရှိသောကြောင့် အဆိုပါကဗျာသည် "သဿံသယဒေါသ" သင့်၏။ [ဤ၌ လှေသမားသည် ကျွန်းတောကို မြင်ရ၍လည်း ဝမ်းသာနိုင်သည်၊ ရေလယ်ကျွန်းကို မြင်ရ၍လည်း ဝမ်းသာနိုင်သည်၊ ဆန့်ကျင်ဘက်မဖြစ်နိုင်၊ ရေလယ်ကျွန်းလော, သစ်ပင်ကျွန်းလော–ဟု ယုံမှားသံသယ ရှိရုံမျှသာ ဖြစ်ချေသည်။]

လေ့ကျင့်ရန်ပုံစံ။ ။(က) ခွေးဖြူတောမတိုးဝံ့၊ (ခ) ဝန်ကြီးချုပ်သည် သင်္ဘောပေါ်၌ အစွမ်းကုန် သန့်ရှင်းရန် တရားဟောဏ်။

(၅) ဂါမဏိဒေါသ

၆၅။ ။ ဝါကျလုံးဝယ်, တစ်သွယ်အကောင်း, မကောင်းအနက်, နှစ်ချက်ထွက်, မှတ်ချက် ဂါမဏိ, ဝါကျတ္ထ။

(စကားအသုံးအနှုန်း ယဉ်ကျေးသိမ်မွေ့သည်ဖြစ်စေ, ရိုင်းပြသည်ဖြစ်စေ) တစ်ဝါကျလုံးစကားတစ်ခွန်းလုံး၏ အနက်အဓိပ္ပာယ်ကို ယူလိုက်လျှင် တစ်မျိုးအားဖြင့် ကောင်းမြတ်သော အနက်ထွက်စေကာမူ တစ်မျိုးအားဖြင့် လှည့်၍ယူက သူတော်ကောင်းတို့ နားမချမ်းသာဖွယ်ရာ လွန်စွာရိုင်းပြသောအနက် ရှိနေလျှင် "ဝါကျတ္ထဂါမဏိဒေါသ" သင့်၏။

http://www.dhammadownload.com

၆၅။ ဝါကျတ္ထတော-ဝါကျ၏အနက်အားဖြင့်၊ ဒုပ္ပတိတိကရံ-မကောင်းသဖြင့် သိခြင်းကို ပြုတတ်သော ဝါကျကို၊ ဝါ-သူတော်အများတို့ နားမဝင်ဖွယ်ရာ လွန်စွာရိုင်းပြ ဆန့်ကျင်ခြင်းကို ပြတတ်သော ဝါကျကို၊ (ဝိရုဒ္ဓပကာသကံ-ဋီ)၊ ဂါမ်ံ-ဂါမ္မဒေါသသင့်၏ဟူ၍၊ မတံ-သိအပ်၏၊ ယထာ ····ပေါသောတျာဒိ ····။ ပရံ-တစ်ဖက်ရန်သူကို၊ ဟန္တွာန-ရိုက်နှက်ပြီး၍၊ ဝါ-ရိုက်နှက်သတ်ဖြတ်ပြီးသော်လည်း၊ ဝိရိယဝါ-ရဲရင့်သော၊ သောယံ ပေါသော-ထိုယောက်ျားသည်၊ ဝိသမိ-ပင်ပန်းခြင်း မရှိ။ ····(အလိုရှိအပ်သောအနက်ယင်၌။)

ရှင်း　ပြဆိုခဲ့သော ပါဠိပုံစံ၌ ပထမနည်း, ဒုတိယနည်း ပေးထားသော အနက်များသည် ကောင်းမြတ်သင့်လျော်စေကာမူ တတိယပေးထားသောအနက်မှာမူကား ပညာရှိတို့ နားမချမ်းသာဖွယ်ရာ လွန်စွာရိုင်းပြသောအကျင့်ကို သရုပ်ပေါ်စေသောကြောင့် "ဂါမ္မဒေါသ" သင့်လေသည်။

ဂါမ္မဒေါသနှစ်ပါးအထူး

(က) မကောင်းသောအနက် တစ်မျိုးတည်းသာ ထွက်သောဝါကျ, ပုဒ်ချင်းစပ်ဟပ်သောအခါ မကောင်းသောအနက်ထွက်နိုင်သော ပုဒ်ပါရှိသောဝါကျသည် "ဝါကျဂါမ္မဒေါသ" မည်၏။

(ခ) တစ်ဝါကျလုံး၌ ကောင်းသောအနက်, မကောင်းသောအနက် နှစ်ချက်ပါရှိသော ဝါကျသည် "ဝါကျတ္ထဂါမ္မဒေါသ" မည်၏။

ဆောင်။　။ မကောင်းအနက်, တစ်ချက်တည်းပါ, စပ်ခါပုဒ်ချင်း, ညံ့ဖျင်းအနက်, ထွက်သောဝါကျ, ထိုနှစ်ဝမှာ, ဝါကျဂါမ္မာ၊ တစ်ဖြာအကောင်း, မကောင်းအနက်, နှစ်ချက်ထွက်က, ဝါကျတ္ထ, ဂါမ္မ-မှတ်လေပါ။

မြန်ပုံစံ။　။ယောက်ျားတို့အား, စွမ်းပကားနှင့်, မယား အတွက်, လုပ်နိုင်လျက်သား, ချစ်သက်ညှာထား, သမီးသားတို့, မွေးဖွားပြည့်ကြွယ်, အလွယ်တကူ, အားယူဖြည့်တင်း, ချစ်ခင်ခြင်း-ဟု, မယ်မင်းအလို ပြည့်စုံမ့်မည်။ (ကဝိ။)

ရှင်း　ဤပုံစံ၌ "ယောက်ျားတို့အား, စွမ်းပကားနှင့်"ဟူသောစကားအရ ပြကတော့သော အားအင်ကိုယူလျှင် သင့်မြတ်၏၊ ကာမဂုဏ်၌ စွမ်းနိုင်သော အားအင်ကိုယူသော် ရိုင်းပြသောကြောင့် "ဂါမ္မဒေါသ" သင့်၏။

"မယားအတွက်, လုပ်နိုင်လျက်"ဟူသော စကားအရလည်း "မယားဖြစ်သူအတွက် စီးပွားရှာရေးကို လုပ်ကိုင်နိုင်သည်"ဟု ယူလျှင် သင့်၏၊" မယားအတွက် ကာမဂုဏ်မှုကို ပြုစွမ်းနိုင်သည်"ဟု ယူလျှင် "ဂါမ္မဒေါသ" သင့်၏။

"သမီးသားတို့, မွေးဖွားပြည့်ကြွယ်, အလွယ်တကူ, အားယူဖြည့်တင်း"ဟူသောစကား အရလည်း "သားသမီးများ မွေးဖွားပြီးလျှင် ပြည့်စုံလုံလောက်စွာ ရှိကြရန် အားအင်ကို

http://www.dhammadownload.com

တစ်နည်း= ပရံ-လွန်စွာ၊ ဟန္တွာန-လွန်ကျူးမှုကိုပြုပြီး၍၊ ဝါ-လွန်ကျူးမှုကို ပြုပြီးသော်လည်း၊ ဝိရိယဝါ-ဆည်းပူးအပ်သောသုက်ရှိသော၊ သောယံ ပေါသော-ထိုယောက်ျားသည်၊ ဝိသမီ-ပင်ပန်းခြင်းမရှိ။ . . . (ဋီကာသစ်အလို၊ ဤလည်း အလိုရှိအပ်သောအနက်ပင်၊ မေထုန်မှုကို ကျူးလွန်၏ ဆိုရုံမျှဖြင့် မရိုင်းသေး-ဟူလို၊ ဋီကာဟောင်းမူကား ဤအနက်သည် ဂါမ္မဒေါသသင့်သော အနက်ရိုင်းဟု ဆို၏၊ ငါတို့ကား ဋီကာသစ်အယူကိုပင် သဘောကျသည်။)

တစ်နည်း= ပရံ-လွန်စွာ၊ ဝါ-အလွန်အကဲအားဖြင့်၊ ဟန္တွာန-လွန်ကျူးမှုကိုပြုပြီး၍၊ ဝိရိယဝါ-ဆည်းပူးအပ်ပြီးသော သုက်ရှိသော၊ သောယံ ပေါသော-ထိုယောက်ျားသည်၊ (ဝါယာမေန-အလွန်ကြိုးကုတ်, အားထုတ်ရလွန်းသဖြင့်၊) ဝိသမီ-ကိုယ်လက်ညှိုးနွမ်း, အလွန်ပင်ပန်းလေပြီ။ . . . . (ဝိသမီ-ဝိဂတဝါယာမော-ဟူသော ဋီသစ်၊ သမုခေဒေ-ဟူသော ဓာတ္တွတ္ထသင်္ဂဟတို့နှင့် အညီတည်း၊ ဤကား အလိုမရှိအပ်သော အနက်ရိုင်း။)

၆။ ဒုဋ္ဌာလင်္ကာရဒေါသ

၆၆။ ဒုဋ္ဌာလင်္ကာရံ တေတံ , ယတ္ထာလင်္ကာရဒူသနံ၊
တသာလင်္ကာရနိဒ္ဒေသေ , ရူပမာဝိဘဝိဿတိ။

ဖြည့်တင်း၍ လုပ်ကိုင်ကျွေးမွေးသည်"ဟု ယူလျှင် သင့်၏၊ "သမီးသား များများရရန် ကာမဂုဏ်အားကို ဖြည့်တင်းလျက် ချစ်ခင်ပါသည်"ဟု ယူလျှင် "ဂါမ္မဒေါသ" သင့်၏။

လိုရင်းအချုပ်ကား- "ဤတစ်ဝါကျလုံး၏ အနက်သဘောမှာ သင့်အောင်ယူ၍ ရနိုင်သော်လည်း ပညာရှိသူတော်ကောင်းတို့ နားမချမ်းသာစရာ အနက်အဓိပ္ပာယ်သဘောသို့ စောင်းငဲ့လျက်ရှိသောကြောင့် ဂါမ္မဒေါသ သင့်လေသည်"ဟူ၏။

သုတ်ကိုဆိုရခြင်း အနွတ္ထ၏အစွမ်းအားဖြင့် လက္ခဏာမထင်ရှားသောကြောင့် (မှတ်ကြောင်းသုတ်-ဟု ဆိုအပ်သော) လက္ခဏာနှင့်တကွ ဥဒါဟရဏ်ကိုပါ တွဲပြသည်။

ဆောင်။ ။ အနွတ္ထစွမ်းအား, မထင်ရှား, ရေးသားလက္ခဏာ။

(၆) ဒုဋ္ဌာလင်္ကာရဒေါသ

၆၆။ ။ အတ္ထာလင်္ကာရ, ဖျက်ဆီးက, မှတ်ကြဒုဋ္ဌာ-လင်္ကာရ။

၃၅-ပါးသော အတ္ထာလင်္ကာရတို့ကို ဖျက်ဆီးတတ်သော(ဝါကျအနက်ရှိသော) ဝါကျသည် "ဒုဋ္ဌာလင်္ကာရဒေါသ" သင့်၏။ [ဒုဋ္ဌ-ပျက်စီးသည်၊ အလင်္ကာရ-အလင်္ကာ၊ ဒုဋ္ဌံ အလင်္ကာရံ ဇေတသာတိ-ဒုဋ္ဌာလင်္ကာရံ။]

၉+နိ-မဆန့် ဥဒ္ဒေသ၌ "ဒုဋ္ဌာလင်္ကတိ"ဟု ဆို၍ ဤနိဒ္ဒေသ၌ ဒုဋ္ဌာလင်္ကာရ"ဟု ဆိုပါသော်လည်း အလင်္ကတိသဒ္ဒါနှင့် အလင်္ကာရသဒ္ဒါတို့ တူသောအနက်ရှိသောကြောင့် ဥဒ္ဒေသ, နိဒ္ဒေသ မဆန့်ကျင်ပေ။

http://www.dhammadownload.com

၆၆။ ယတ္ထ-အကြင်ဝါကျ၌၊ အလင်္ကာရဒူသနံ-အလင်္ကာတို့ကို ဖျက်ဆီးတတ်သော ဝါကျနက်သည်၊ ဝါ-အလင်္ကာတို့နှင့်ဆန့်ကျင်သော ဝါကျနက်သည်၊ အတ္ထိ-ရှိ၏၊ ဧတံတု-ထိုဝါကျသည်ကား၊ ဒုဋ္ဌာလင်္ကရဏံ-ဒုဋ္ဌာလင်္ကရဏဒေါသသင့်သည်၊ ဟောတိ-ဖြစ်၏၊ တဿ-ထိုဒုဋ္ဌာလင်္ကရဏဒေါသသင့်သောဝါကျ၏၊ ဝါ-ဒုဋ္ဌာလင်္ကရဏဒေါသ၏၊ ရူပံ-ပြယုဂ်ဥဒါဟရဏ်သည်၊ အလင်္ကာရနိဒ္ဒေသေ-အတ္ထာလင်္ကာရတို့ကိုပြဆိုရာ စတုတ္ထပိုင်း၌၊ အာဝိဘဝိဿတိ-ထင်စွာဖြစ်လိမ့်လတ္တံ့။

ဒေါသ-နိဂုံး

၆၇။ ကတောတြ သခေ်ပနယာ မယာယံ , ဒေါသာနမေသံ ပဝရော ဝိဘာဂေါ၊
ဧသောဝလံ ဗောဓယိတုံ ကဝီနံ , တမတ္ထိ စေ ခေဒကရံ ပရမ္ပိ။
ဣတိ သံဃရက္ခိတမဟာသာမိဝိရစိတေ သုဗောဓာလင်္ကာရေ
ဒေါသာဝဗောဓော နာမ ပဌမော ပရိစ္ဆေဒေါ။

ဆောင်။ ။ အလင်္ကရဏ, အလင်္ကတိ, သဒ္ဒါဒ္ဓိတို့, တူဘိအနက်, ဖြစ်သည့်တွက်, နှစ်ချက်ဥဒ်နိ -မဆန့်သိ။

ပါဋ္ဌိပုံစံမပြ အတ္ထာလင်္ကာရ များပြားသလောက် ဒုဋ္ဌာလင်္ကရဏဒေါသလည်း များပြား၏၊ ထို့ကြောင့် ဤနေရာ၌ ပုံစံထုတ်ပြနေရသော် အလွန်ပင် ကျယ်ဝန်းပေလိမ့်မည်၊ ထို့ပြင် ဤ၌ပြဆိုပြီးဖြစ်သော်လည်း အတ္ထာလင်္ကာရာဝဗောဓပိုင်း၌ မထူးခြားသော ပုံစံတို့ကိုပင် ထပ်ပြဆိုရပေလိမ့်မည်၊ ထို့ကြောင့် ဤနေရာ၌ ပုံစံကို မပြဆိုဘဲ စာမျက်နှာ (၁၉၉) အတ္ထာလင်္ကာရာဝဗောဓပိုင်းသို့ရောက်မှ ပြသွားတော့မည်။ (ဥပမာအလင်္ကာ, ရူပကအလင်္ကာတို့၌ ဘိန္နလိင်-စသည်ဖြင့် ဆိုလတ္တံ့။)

မြန်ပုံစံ။ ။ အရောင်ဖြူရွှ, ယုန်အိမ်လ၌, သိကြား့ခတ်နှိပ်, ယုန်တံဆိပ်-ဟု, အရိပ်ညို့ညို့, ပိတုန်းသို့လျှင်, ပိတ်ဆို့တည်နေ, ထင်ရှားချေ၏။

ရှင်း "လမင်း၌ ယုန်တံဆိပ်သည် ပိတုန်းကောင်နှင့်တူ၏" ဟု ဆိုလိုပေသည်၊ ထိုစကား ရပ်ဝယ် ပိတုန်းတို့မည်သည် ပန်းချုံရှိရာ၌သာ နားနေရိုး ထုံးစံရှိသောကြောင့် ယုန်ရုပ်တံဆိပ်ကို ပိတုန်းနှင့်နှိုင်းလျှင် လမင်းကို ပန်းချုံနှင့်ဖြစ်စေ, ကြာပွင့်နှင့်ဖြစ်စေ နှိုင်းခိုင်းရဦးမည်၊ ထို့ပြင် ကြာပန်းတို့မည်သည်မှာ ရေကန်၌သာ ပေါက်ရိုးရှိသောကြောင့် လမင်းကို ကြာပန်းနှင့်နှိုင်းပြန်လျှင် ကောင်းကင်ကို ရေကန်နှင့်နှိုင်းခိုင်းရဦးမည်၊ သို့ရာတွင် ဤဥပမာ၌ ယုန်ရုပ်တံဆိပ်ကိုသာ ပိတုန်းနှင့်နှိုင်းခိုင်း၍ထားသောကြောင့် ဥပမာမစုံဘဲ ရှိလေသည်၊ ထို့ကြောင့် ဥပမာလင်္ကာရမည်သော အတ္ထာလင်္ကာရကို ဖောက်ခွဲချိုးဖျက်ရကား "ဒုဋ္ဌာလင်္ကရဏဒေါသ" သင့်၏။

နိဂုံး

၆၇။ ဤဒေါသာဝဗောဓ ပဌမပရိစ္ဆေဒ၌ ပဒ-စသော ဒေါသတို့ကို သဘောတူရာ သိမ်းသွင်းထားသော အကျဉ်းနည်းဖြင့် ကောင်းမွန်စွာ ပြအပ်ခဲ့လေပြီ၊ ပညာရှိများ၏

http://www.dhammadownload.com

၆၇။ အတြ–ဤအရာ၌၊ ဝါ–ဒေါသာဝဇ္ဇောပထမပရိစ္ဆေဒ၌၊ ဧသဲ ဒေါသာနံ–ဤ(ဆိုခဲ့ပြီးသော ပဒစသော)ဒေါသတို့၏၊ ဝါ–တို့ကို၊ ပဝရော–(သုတ်နှင့်မဆန့်ကျင်သော ဥဒါဟရဏ်ပါရှိသောကြောင့်) ကောင်းမြတ်သော၊ အယံ ဝိဘာဂေါ–ဤဝေဖန်ခြင်းကို၊ သခ်ေပနယာ–အကျဉ်းနည်းအားဖြင့်၊ မယာ–ငါသည်၊ ကတော–ပြုစီရင်အပ်ခဲ့လေပြီ၊ ကဝိနံ–ပညာရှိတို့၏၊ ခေဒကရံ–စိတ်ပင်ပန်းခြင်းကို ပြုတတ်သော၊ ပရံ–(သက္ကတလာ အသာဓုစသော)တစ်ပါးသောဒေါသသည်၊ စေ အတ္ထိ–အကယ်ပင် ရှိသေး၏၊ ဝါ–ကြွင်းကျန်သေး၏၊ တံပိ–(ကြွင်းကျန်ပေထ, တစ်ပါးသော)ထိုဒေါသကိုလည်း၊ ဧသော၀–(ပြဆိုခဲ့ပြီး) ဤအကျဉ်းသခ်ေပနည်းသည်သာလျှင်၊ (ကဝိနံ–ပညာရှိတို့ကို၊) ဗောဓယိတုံ–သိစေခြင်းငှာ၊ အလံ–စွမ်းနိုင်သည်၊ ဟောတိ–ဖြစ်၏။

သံဃရက္ခိတမဟာသာမိဝိရစိတေ–သံဃရက္ခိတမဟာသာမိထေရ်သည် ရေးသားပြုပြင် စီရင်အပ်သော၊ သုဗောဓာလင်္ကာရေ–သုဗောဓာလင်္ကာရမည်သောကျမ်း၌၊ ဒေါသာဝဇ္ဇောဓေနာမ–အပြစ်ဒေါသတို့ကို ထိုးထွင်းသိမြင်ရာသိမြင်ကြောင်းဖြစ်သောကြောင့် ဒေါသာဝဇ္ဇောဓမည်သော၊ ပဌမော–ရှေးဦးစွာသော၊ ပရိစ္ဆေဒေါ–အပိုင်းအခန်းသည်၊ ဣတိ–(သမတ္တော)–ဆုံးခန်းတိုင်မြောက်, အပြီးသို့ရောက်လေပြီ။

စိတ်ပင်ပန်းမှုကိုပြုတတ်သော (သက္ကတကျမ်းများ၌ လာရှိသည့်) အသာဓု–စသောအပြစ်ဒေါသတို့ အကယ်ပင် ရှိနေသေး၏၊ ထိုအပြစ်ဒေါသများကိုလည်း ဤအကျဉ်းသခ်ေပနည်းဖြင့်ပင် ပညာရှိတို့ သိနိုင်လောက်ပေပြီ။

ထင်ရှားစေအံ့ သက္ကတကျမ်း၌လာသော အပြစ်ဒေါသတို့သည် အလွန်များကုန်၏၊ ထိုသို့ပင်များသော်လည်း တစ်ခုနှင့်တစ်ခု များစွာမထူးခြားကြချေ၊ ကြည့်ရှုသူတို့၏ အသိဉာဏ်ရှုပ်ထွေးဖွယ်သာ ဖြစ်၏၊ ထို့ကြောင့် ထိုသက္ကတလာ အပြစ်ဒေါသတို့မှ (မာဂဓအားလျော်သော) သင့်နိုးရာရာကို ယူ၍ သဘောတူရာများကိုလည်း ပေါင်းပြီးလျှင် ဤဒေါသာဝဇ္ဇောဓိုင်းကို အကျဉ်းအားဖြင့် ပြထားပေသည်။

သဘောတူသော်လည်း မပေါင်း ထိုသို့ပင် တူရာကိုပေါင်း၍ အကျဉ်းအားဖြင့် ပြဆိုရစေကာမူ ဂါမ္မဒေါသ၌ ပြအပ်သော “ဝိရိယဝါ”သဒ္ဒါ, ဝိရုဒ္ဓတ္ထန္တရဒေါသ၌ ပြအပ်သော “ဝိသ” သဒ္ဒါ, သသံသယဒေါသ၌ ပြအပ်သော “ဂေါ”သဒ္ဒါတို့သည် အသီးအသီး အနက်နှစ်မျိုးစီ ဟောကြ၍ သသံသယမျိုးပင် ဖြစ်ကြ၏၊ ထို့ကြောင့် ၄င်းတို့ကို သသံသယဒေါသ၌ ပေါင်းလျှင် ပြီးနိုင်၏၊ [“ဂါမ္မဒေါသ, ဝိရုဒ္ဓတ္ထန္တရဒေါသ, သသံသယဒေါသ”ဟု သုံးမျိုးမခွဲဘဲ သသံသယ တစ်မျိုးတည်းဖြင့်ပင် ပြီးနိုင်သည်–ဟူလို။]

http://www.dhammadownload.com

ထိုသို့ပင် ပြီးနိုင်သော်လည်း ပေါင်းလွန်း, ချုံးလွန်းက သောတုဇနတို့ အသိဉာဏ် မတိုးပွားမည်ကို စိုးရပေသည်၊ ထို့ကြောင့် သောတုဇနတို့ အသိဉာဏ် တိုးပွားစေရန် "ဆန့်ကျင်ဘက်အနက် ပါရှိသည်ကိုစွဲ၍ ဝိရဒ္ဓတ္ထန္တရဒေါသ, မကောင်းသဖြင့်သိအပ်သည်ကိုစွဲ၍ ဂါမဒေါသ"ဟု ခွဲခြား၍ ပြဆိုလိုက်သည်။ (တခြားပေါင်းသင့်ပါလျက် ခွဲဆိုထားသော ဒေါသများကိုလည်း ဤနည်းကိုမှီး၍ သိအပ်၏။)

ဆောင်။ ။ တူရာပေါင်းလျှင်, ပြီးသင့်မြင်လည်း, စာသင်ငယ်များ, ဉာဏ်တိုးပွားရန်, ကျိုးရည်သန်, ပြည့်စုန်ခွဲကာ ချို့ကိုသာ။

ထိုသို့ သက္ကတလာ အပြစ်ဒေါသတို့မှ ကောင်းနိုးရာရာကို ယူ၍ သဘောတူရာကို ပေါင်းထားသောကြောင့် ဤဒေါသာဝဗောဓ အကျဉ်းသခ်ေပဖြင့်ပင် ကျန်သက္ကတလာ အပြစ်ဒေါသများကိုလည်း သိနိုင်လောက်ပေပြီ၊ ဤဒေါသာဝဗောဓအကျဉ်းသခ်ေပ၌ အတွင်းဝင်ပေပြီ-ဟူလို။

သခ်ေပဖြင့်ဆိုသော်လည်း ဒေါသမကျန်

သခ်ေပနယာ-ဟု ဆိုထားသောကြောင့် ရှေးဆရာများ ပြအပ်ကုန်သော များစွာသောဒေါသတို့သည် ရှိကုန်၏၊ ထိုများစွာသော ဒေါသတို့ကို စွန့်လွှတ်ကုန်ရာသည် မဟုတ်လော။ (စောဒနာ။)

ဝိတ္ထာရအစဉ်ကို အလိုမရှိသောကြောင့် "သခ်ေပနယာ"ဟု ဆိုအပ်၏၊ စင်စစ်မှာမူ အလုံးစုံသော အချင်းအရာအားဖြင့် (ရှေးဆရာများပြအပ်ကုန်သော များစွာသောဒေါသတို့ကို) စွန့်လွှတ်သဖြင့် ဆိုအပ်သည်မဟုတ်ချေ၊ ပြဆိုခဲ့ပြီးသော ဒေါသတို့၌ ထိုက်သည်အားလျော်စွာ သွင်းယူ၍ ဆိုအပ်ကုန်၏၊ (ထို့ကြောင့် ထိုများစွာသော ဒေါသတို့ကို စွန့်လွှတ်ဖွယ်မရှိ၊) (သောဓနာ၊) ထိုသို့ သွင်းယူပုံကိုလည်း အောက်ပါအတိုင်း သိရာ၏။

ဆောင်။ ။ ဝိတ္ထာရကို, မလိုလားပေ, ဖြစ်ရလေ၍, သခ်ေပနယာ, ဆိုအပ်ပါ၏၊ ပုဗ္ဗာစရိယ, ထုတ်ဆိုပြသား, ဒေါသများကို, စွန့်လွှတ်လို၍, ဆိုသည်မဟုတ်၊ သရုပ်ထုတ်ပြ, ဒေါသများတွင်, လျော်ရာဝင်သည် . . . .ကုန်စင်ရှေးဟောင်း ဒေါသတည်း။

ကတောတြသခ်ေပနယာဖြင့် ပေါင်းယူထားသော ဒေါသများ

၁။ အသမတ္ထန္တရ။ [အသမတ္ထ-မစွမ်းနိုင်သော၊ အန္တရ-အနက်တစ်ပါး၌] မစွမ်းနိုင်သော အနက်တစ်ပါးပါရှိသော ဒေါသသည် "အသမတ္ထန္တရဒေါသ" မည်၏။

ပုံစံ။ ။ နိဟန္တု သောယံ ဇလိတံ , ပတင်္ဂါ အရိပါဝကံ။

သောယံပတင်္ဂါ-ထိုနေမင်းသည်၊ ဝါ-ထိုပိုးစုန်းကြူးသည်၊ ဇလိတံ-တောက်ပသော၊ အရိပါဝကံ-ရန်သူဖြစ်သောမီးကို၊ နိဟန္တု-ပယ်ဖျောက်စေသတည်း။

http://www.dhammadownload.com

ရှင်း ဤ၌ "ပတင်"သဒ္ဒါသည် "နေ, ပိုးစုန်းကြူး"ဟူသောအနက်တို့ကို ဟော၏၊ ထိုတွင် "ပိုးစုန်းကြူး"ဟူသောအနက်ကို ဟောသောအခါ မိမိအလိုရှိအပ်သော မီးရောင်ကို ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်၊ ထို့ကြောင့် "အသမတ္ထန္တ ရဒေါသ" သင့်၏။ [သုဇောဓာလင်္ကာရ ဆရာသည် ၄င်းကို ဝိရုဒ္ဓတ္ထန္တ ရဒေါသဒ္ဒ ပေါင်းထား၏၊ ထို့ကြောင့် ဝိရုဒ္ဓ တ္ထန္တ ရဒေါသဒ္ဒဝင်သည်"ဟုမှတ်။] စိန်သည် လူခပ်သိမ်းတို့အား ချမ်းသာစေ၏။ [စစ်လေ။]

၂။ အပွယုတ္တ။ [အ–ပယုတ္တ–မယှဉ်သင့်သည်ဒ္ဒ ယှဉ်သောဒေါသ။] အများသူငါ သုံးစွဲရိုးမရှိဘဲ မသင့်လျော်သည်ကို ဆိုလျှင် "အပွယုတ္တဒေါသ" သင့်၏–ဟု ဆိုလိုသည်။

ပုံစံ။ ။ ဝစန္တိ ကန္ဒာ။ ကန္ဒာ–မိုးတို့သည်၊ ဝစန္တိ–ဆိုကုန်၏။

ရှင်း [ကံ မာတိတိ–ကန္ဒေါ၊] မိုးဟော ကန္ဒာသဒ္ဒါကို ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့ဒ္ဒ အသုံးအစွဲမရှိသောကြောင့်လည်းကောင်း, မိုးနှင့်စပ်၍ သုံးစွဲရာဒ္ဒ "ထနယန္တိ, ဂဇ္ဇန္တိ"ဟုသာ သုံးစွဲရိုးရှိ၍ "ဝစန္တိ"ဟု သုံးစွဲရိုးမရှိသောကြောင့်လည်းကောင်း "အပွယုတ္တဒေါသ" သင့်၏။ [၄င်းသည် ကိလိဋ္ဌဒေါသဒ္ဒ အတွင်းဝင်၏၊ ထို့ကြောင့် သုဇောဓာလင်္ကာရ ဆရာ မပြဆိုအပ်။]

စကားပြောဆို, မိုးတိမ်ညိုသည်၊ [စစ်လေ၊] ယခုကာလဒ္ဒ ခေတ်ရှေ့မှပြေးနေသော စာရေးဆရာများ ရေးသားသောစာကို ဤဒေါသဖြင့် ညှိနှိုင်းစစ်ဆေးသင့်၏။ [သမာဓိဂုဏ် သဘော သက်ဝင်က ဤဒေါသမသင့်နိုင်။]

၃။ သမ္မန္ဓဒူသိတ [သမ္မန္ဓ–အစပ်အဟပ်၊ ဒူသိတ–ပျက်သည်၊] အစပ်အဟပ်ပျက်သော ဒေါသသည် "သမ္မန္ဓဒူသိတဒေါသ" မည်၏။]

ပုံစံ။ ။(ဂဇာဟေသာ–)ဆင်ဟီခြင်း, (တုရင်္ဂကောဠနာဒေါ–)မြင်း၏ ကြိုးကြာသံကဲ့သို့ကြူခြင်း။

ရှင်း "ဤဒ္ဒ မြင်းဟီခြင်း, ဆင်၏ ကြိုးကြာသံကဲ့သို့ကြူခြင်း"ဟု စပ်ရမည်ကို မစပ်သောကြောင့် အစပ်အဟပ်ပျက်သော "သမ္မန္ဓဒူသိတဒေါသ" သင့်၏။ [၄င်းသည် လောကဝိရောဓိဒေါသသို့ ဝင်၏။]

ကျွဲခွေ့သည်၊ နွားခတ်သည်၊ နိုင်လွန်တစ်ပိသာ ဘယ်ဈေးလဲ၊ မုံ့ဟင်းခါးတစ်ကိုက် ဘယ်လောက်လဲ။ [၄င်းတို့ကိုလည်း စစ်လေ။]

၄။ အပွတိတ [အ–ပတိတ] မပေါ်လွင် မထင်ရှား အသုံးမရှိသော စကားတို့ ပါရှိသော ဒေါသသည် "အပွတိတဒေါသ" မည်၏။

ဘုရားဟောပါဠိတော်တို့ဒ္ဒသာထင်၍ သက္ကတတို့ဒ္ဒ မထင်သော "ရူပက္ခန္ဓာ"သဒ္ဒါကို သက္ကတဘာသာဖြင့် ဖွဲ့ဆိုအပ်သောကဗျာဒ္ဒ ထည့်သွင်းရေးသားမူ "အပွတိတဒေါသ" သင့်၏။

http://www.dhammadownload.com

ပါဠိဋ္ဌမထင်သော သက္ကတလာစကားများကို ပါဠိစာပေ၌ ထည့်သွင်းရေးသားလျှင်လည်း "အပ္ပတီတဒေါသ" သင့်၏။ [၄င်းသည် အာဂမဝိရောဓိဒေါသသို့ ဝင်၏။]

ယခုကာလ မြန်မာဘာသာရေးကျမ်းစာအုပ်များ၌ ဂုဏ်ရှိသည်ထင်၍ အင်္ဂလိပ်စကားများကို ကြားညှပ်ရေးသားသူ-စသည်တို့ သတိထားဖွယ်ပင်။ [မလွဲမရှောင်သာသော အမည်-စသည်တို့ကို မဆိုလို။]

ဝန်စည်စမ္ဘာ, ထီတမာကို။ ဤ၌ "ထီတမာ"ဟူသောအသုံးကား လူအများ မသိနိုင်သောအသုံး ဖြစ်၏၊ ကဗျာလင်္ကာ၌ အသုံးမရှိသောကြောင့် "အပ္ပတီတဒေါသ"သင့်၏။

၅။ ဟေတွာပေက္ခ [ဟေတု-အကြောင်း၊ အပေက္ခ-ငဲ့သည်၊] အကြောင်းတစ်ပါးကို ငဲ့ခြင်းရှိသော ဒေါသသည် "ဟေတွာပေက္ခဒေါသ" မည်၏။ [၄င်းကို နေယျဒေါသသို့ သွင်း။]

မြန်ပုံစံ။　။မုတ်ဆိတ်မွေးဖွားဖွား ကုလားကြီးကိုမြင်၍ မျက်ရည်ကျ၏။

ရှင်း ဤ၌ "ကြောက်သောကြောင့် မျက်ရည်ကျသလား, ဝမ်းနည်းသောကြောင့် မျက်ရည်ကျသလား"ဟူ၍ မထင်ရှားချေ၊ အမှန်မှာ ပျောက်သွားသော ဆိတ်သိုးကြီးကို သတိရ၍ နှမြောသောကြောင့် ကျသည်-ဟူလို။

၆။ အသမတ္ထာဘိဓေယျ [အသမတ္ထ-မစွမ်းနိုင်၊ အဘိဓေယျ-အလိုရှိအပ်သောအနက်၊] အလိုရှိအပ်သော အနက်ကို (အကျိုးကို)ပြီးစေခြင်းငှာ မစွမ်းနိုင်သောဒေါသသည် "အသမတ္ထာဘိဓေယျဒေါသ" မည်၏။

ပုံစံ။　။ဒေဝေါ ဝေါ ဟရတု ကွေသံ , ရာဟုခိန္နော ဒိဝါကရော။

ရာဟုခိန္နော-ရာဟုဖမ်း၍ ပင်ပန်းနေသော၊ ဒေဝေါ-နတ်ဖြစ်သော၊ ဒိဝါကရော-နေမင်းသည်၊ ဝေါ-သင်တို့၏၊ ကွေသံ-ပင်ပန်းခြင်းကို၊ ဟရတု-ပယ်ဖျောက်ပါစေသတည်း။

ရှင်း ဤ၌ နေသည် ရာဟုအဖမ်းခံရသည်ဖြစ်၍ မိမိကိုယ်တိုင် ပင်ပန်းနေ၏၊ ထို့ကြောင့် သူတစ်ပါးတို့၏ ပင်ပန်းခြင်းကို အဘယ်မှာ ပယ်ဖျောက်နိုင်အံ့နည်း၊ ဤသို့ အလိုရှိအပ်သောအကျိုးကို ပြီးစေခြင်းငှာ မစွမ်းနိုင်သောကြောင့် "ရာဟုခိန္နော" ဟူသောပုဒ်သည် "အသမတ္ထာဘိဓေယျဒေါသ" သင့်၏။ [၄င်းသည် ဩစိတျဟီနဒေါသသို့ ဝင်၏။]

ရာဟုဖမ်း၍, ညှိုးနွမ်းမကြည်, နေမင်းသည်လျှင်, ချမ်းကြည်ဇမြဲ, မစပါစေ။

၇။ ဂါမွ ၁။ ဇဂုစ္ဆာ-ချေး, သေး, တံတွေး, နှပ်-စသော စက်ဆုပ်ရွံရှာဖွယ်သော စကားမျိုး,

http://www.dhammadownload.com

၂။ အဝမင်္ဂလ–ဓာတ်သက်သည်ဆိုရမည်ကို ကာလနာတိုက်သည်, အနာကြီးရှိသူကို အနူကြီး, ပိုးထိသည်ဆိုရမည်ကို မြွေကိုက်သည်, ကိုယ်ဝန်ရှိသည်ဆိုရမည်ကို ဗိုက်ကြီးသည်–စသည်ဖြင့် ပြောဆိုသော မင်္ဂလာမရှိသော စကားမျိုး,

၃။ အသဇ္ဇ–စအက္ခရာ, လအက္ခရာတို့ပါရှိသော ပရိသတ်အလယ်, သူတော်ကောင်းများအလယ်မှာ မတင့်တယ် မဖွယ်ရာသော ရွာသူရွာသား နွားကျောင်းသားကလေးများတို့ ပြောဆိုအပ်သော စကားမျိုး,

ဤစကားမျိုးတို့ကို သုံးစွဲလျှင် "ဂါမ္မဒေါသ" သင့်၏။ [၄င်းတို့ကို ဝါကျတ္ထဂါမ္မဒေါသ၌ သွင်းအပ်၏။]

၈။ ဖရုသ ခဲယဉ်းစွာရွတ်ဖတ်, ပြောဆိုအပ်သော စကားမျိုးသည် "ဖရုသဒေါသ" မည်၏။ [၄င်းကို ဗန္ဓဖရုသဒေါသ၌ သွင်းအပ်၏။]

မြန်ပုံစံ။ ။(က) တောင်ပေါ်ကရှမ်း, လျော်ထမ်းလို့လာ, တိုတဲ့လျော်ကတိုတို, ရှည်တဲ့လျော်ကရှည်ရှည်။

(ခ) ရွံ့ပေါ် ရှဉ့်ပြေး, ရှဉ့်မွေး ရွံ့မလူး။

(ဂ) ရမနေကျောင်းတိုင်, ပျဉ်းကျောင်းတိုင်, ကြိုင်ပျဉ်ပြား, ပျဉ်းပျဉ်ပြား။

[၄င်းတို့ကို အမြန်ဖတ်ကြည့်ပါ။]

၉။ ဘဒ္ဒ အလိုရှိအပ်သောအနက်မှ လျော်ကျသော ဒေါသသည် "ဘဒ္ဒဒေါသ" မည်၏။ [၄င်းကို ကိလိဋ္ဌဒေါသ၌ သွင်းအပ်၏။]

ပုံစံ။ ။ဟရိသမာနယီ။ ။ဟရိသံ–ရွေ့အဆင်းရှိသောမြင်းကို, ဝါ–ဥဒေါင်းကို, အာနယီ–ဆောင်ပြီ, ဤသို့ ဆိုလိုလျက်–

ဟပုဗ္ဗံ ရိသမာနယီ။ ။ဟပုဗ္ဗံ–ဟရှေးရှိသော, ရိသံ–ရိသကို, အာနယီ–ဆောင်ပြီ, ဤသို့ဆိုခဲ့ပါမူ အလိုရှိအပ်သောအနက်မှ လျော်ကျသောကြောင့် "ဘဒ္ဒဒေါသ"သင့်၏။

၁၀။ အတ္ထဂုဋ္ဌ မထင်ရှားသောအရာ၌ ယှဉ်သောဝါကျသည် "အတ္ထဂုဋ္ဌဒေါသ" မည်၏။ [၄င်းကိုလည်း ကိလိဋ္ဌဒေါသသို့ သွင်းသင့်၏။]

ပုံစံ။ ။သင်္ကော သဟဿဂု။ ။ သဟဿဂု–နွားတစ်ထောင်ရှိသော, သင်္ကော–သိကြား။ (ထင်ရှားသောအနက်မှား, မလိုအပ်။)

သဟဿဂု–မျက်စိတစ်ထောင်, အမြင်ဆောင်သော, သင်္ကော–သိကြား။ (မထင်ရှားသောအနက်မှန်, အလိုရှိအပ်၏။)

ရှင်း ဤ၌ ဂေါသဒ္ဒါသည် မထင်ရှားသောအရာ၌ ယှဉ်အပ်သောကြောင့် "အတ္ထဂုဋ္ဌဒေါသ"သင့်၏၊ "ဤအတ္ထဂုဋ္ဌဒေါသ, ဘဒ္ဒဒေါသတို့သည် ပသာဒဂုဏ်နှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ပသာဒဂုဏ်မြောက်အောင် ဆိုသဖြင့် ၄င်းတို့ကို ပယ်ပြီး

http://www.dhammadownload.com

ဖြစ်၏၊ ထို့ကြောင့် ၄င်းတို့ကို သီးခြားမပြဆိုအပ်၊ ချန်ထားအပ်၏"ဟုလည်း ဆိုကြသေး၏။

၁၁။ ဝိသန္ဓိဝါကျ　သန္ဓိစပ်သင့်သောအရာ၌ မစပ်ခြင်း, မစပ်သင့်သောအရာ၌ စပ်ဟပ်ခြင်း-ဟုဆိုအပ်သော အပြစ်ဒေါသသည် "ဝိသန္ဓိဒေါသ"မည်၏။ [ဤဒေါသကို အကျိုးမများသောကြောင့် ချန်ထားအပ်၏။]

၁၂။ ဝါကျဂဗ္ဘ　ဝါကျတစ်ပါး၏အတွင်း၌ ဝါကျတစ်ပါး ပါဝင်ရောယှက်နေသော ဒေါသသည် "ဝါကျဂဗ္ဘဒေါသ"မည်၏။ [ဗျာကိဏ္ဏသို့ဝင်၏။]

၁၃။ သံကိဏ္ဏ　ဝါကျတစ်ခုနှင့် ဝါကျတစ်ခု ရောယှက်သောဝါကျသည် "သံကိဏ္ဏဒေါသ" မည်၏၊ [၄င်းသည်လည်း ဗျာကိဏ္ဏသို့ ဝင်၏၊ ထို့ကြောင့် မဆိုအပ်။]

ပုံစံ။　။ အပါထျမေသော ဒိဿတိ , ဝေဒ္ဓံ ခါဒတျနာရတံ၊

(၁) ဧသော-ဤဆေးဆရာသည်၊ အနာရတံ-အမြဲ၊ အပါထျံ-မသင့်မြတ်သောဆေးအစာကို၊ ဒိဿတိ-ညွှန်း၏။

(၂) ဧသော-ဤလူနာသည်၊ အနာရတံ-အမြဲ၊ အပါထျံ-အကျိုးစီးပွားကင်းလတ်, မလျောက်ပတ်သောဆေးအစာကို၊ ခါဒတိ-စား၏။

(၃) ဝေဒ္ဓံ-ဆေးဆရာကို၊ ဒိဿတိ-မျက်မှန်းကျိုး၏။ [သုံးဝါကျကို ရောစပ်ထားသောကြောင့် "သံကိဏ္ဏဒေါသ" သင့်၏။]

၁၄။ အဝါစိက　မိမိအလိုရှိအပ်သောအနက်ကို မဟောနိုင်သောဒေါသသည် "အဝါစိကဒေါသ"မည်၏၊ [၄င်းကိုလည်း ကိလိဋ္ဌဒေါသ၌ သွင်းသင့်၏။]

ပုံစံ။　။ကာစုယျာနေ မယာ ဒိဋ္ဌာ , ဝလ္လရီ ပဗ္ဗပလ္လဝါ၊
ပလ္လဝေ ပလ္လဝေ မုဓာ , ယသာ ကုသုမမဇ္ဇရီ။

ဥယျာနေ-ဥယျာဉ်၌၊ ကာစိ-တစ်စုံတစ်ခုသော၊ ပဗ္ဗပလ္လဝါ-အခက်ငါးခုရှိသော၊ ဝလ္လရီ-နွယ်ကို၊ မယာ-ငါသည်၊ ဒိဋ္ဌာ-မြင်အပ်ပြီ၊ ပလ္လဝေပလ္လဝေ-အခက်တိုင်းအခက်တိုင်း၌၊ မုဓာ-အသီးမသီး အချည်းနှီးသော၊ ကုသုမမဇ္ဇရီ-ပန်းခိုင်သည်၊ အတ္ထိ-ရှိ၏။

ရှင်း　ဤ၌ ဥယျာဉ်ဟော "ဥယျာန"သဒ္ဒါဖြင့် အိမ်ကို ဆို၏၊ နွယ်ဟော"ဝလ္လိ" သဒ္ဒါဖြင့် သတို့သမီးကို ဆို၏၊ အခက်ဟော "ပလ္လဝါ"သဒ္ဒါဖြင့် လက်ချောင်း, ခြေချောင်း, နှုတ်ခမ်းတို့ကို ဆို၏၊ ပန်းခိုင်ဟော "ကုသုမမဇ္ဇရီ"သဒ္ဒါဖြင့် လက်သည်းခြေသည်းရောင်, သွားရောင်တို့ကို ဆို၏။

ဤသို့လျှင် မိမိအလိုရှိအပ်သော အနက်ကို မဟောနိုင်သောကြောင့် "အဝါစိကဒေါသ"မည်၏၊ သမာနရူပါ-ပဟေဋ္ဌိ၌ သွင်းက ဒေါသမှ လွတ်၏။ ["ပမုသိတာ ပဟေဋ္ဌိကို မှီသောကြောင့် ဤ၌ မပြအပ်"ဟု ဋီကာ၌ ဆို၏။]

http://www.dhammadownload.com

ပြန်ပုံစံ။ ။ဥယျာဉ်ထဲက နွယ်ပင်မှာ, အခက်ကငါးဖြာ၊
အခက်တိုင်း သီးမပါ, ပန်းခိုင်မျှသာ။ [စောင်းဆိုသည်။]

ဆိုလိုရင်း။ ။အိမ်ကြီးပေါ်က ပျိုကညာ, လက်ခြေ နှုတ်ခမ်း ခက်မငါးဖြာ၊
ခက်မတိုင်း သီးမပါ, လက်သည်းရောင် ခြေသည်းရောင် သွားရောင် ဖွေးလို့သာ။

တစ်နည်း= ။လှေကြီးပေါ်တွင်, လှေငယ်တင်၊
ပဲ့စင်ကလှုပ်, လှိုင်းကပုတ်၊
ကျွန်ုပ်ဘယ့်နှယ်, ခိုပမယ်။ [စောင်းဆိုသည်။]

ဆိုလိုရင်း။ ။အိမ်ကြီးပေါ်တွင်, အပျိုစင်၊
မိခင်ကအုပ်, ဖခင်ချုပ်၊
ကျွန်ုပ်ဘယ့်နှယ်, ခိုးပမယ်။

မြန်ပုံစံ။ ။ဝမ်းဘဲဟင်္သာ, မြောင်းပစ်ခါနှင့်, မြစ်မှာပျော်ရွှင်, ကျက်စားဝင်သော်, ရေပြင်များ၍, ငါးမတွေ့လိမ့်၊ (ချစ်ငွေ့ခွာခဲ့, သစ္စာရဲ့လျက်,) ဝမ်းထဲတင်းကာ, ဟောင်းပစ်ခွာ၍, သစ်ရာတော်ရှင်, ထက်ဖျားမင်သော်, နေအင်များ၍, ကြားမစေ့ချိမ့်။ [ကုသ-၄၀၀။]

၁၅။ ဝိရုဒ္ဓဒေါသ(ဝါကျတ္ထ) ဆန့်ကျင်သောသဘောရှိသောဒေါသသည် "ဝိရုဒ္ဓဒေါသ" မည်၏၊ [၄င်းကို ဝိရောဓိဒေါသ၌ သွင်းအပ်၏။] ညဉ့်အခါ ပဒုမာပွင့်၏-စသည်။

ဤသို့ ထိုက်သည်အားလျော်စွာ သွင်းယူပုံကိုပြခြင်းငှာ "ကတောတြသခေ်ပနယာ" ဟု မိန့်ဆိုအပ်ပေသည်၊ ထိုဆိုခဲ့ပြီးသော ဒေါသ ၁၅-မျိုးတို့ကို ထိုက်သည်အားလျော်စွာ ပါဝင်ပြီး, ပေါင်းစုယူငင်သိမ်းသွင်းထားပြီး ဖြစ်သောကြောင့် အသီးအခြား မမိန့်ဆိုအပ်ကုန်။ (ဋီ။)

ဇောတ်မတူဘဲ ထည့်သွင်းပြရခြင်း ဤသုဇောဓာလင်္ကာရကျမ်းလာ ဩစိတျဟီနဒေါသ, ဝါကျတ္ထဂါမ္ဘီရဒေါသတို့သည် ဝါကျတ္ထဒေါသ ဖြစ်ကုန်၏၊ ဗန္ဓဖရုသဒေါသသည် ဝါကျဒေါသ ဖြစ်၏၊ ဝိရောဓိဒေါသသည် ပဒဒေါသ ဖြစ်၏။

သင်္ကတကျမ်းလာ အသမတ္ထာဘိဓေယျ-စသောဒေါသ, ဂါမ္ဘဒေါသ, ဘဋ္ဋဒေါသ, ဝိရုဒ္ဓဒေါသတို့သည် ပဒဒေါသတို့ ဖြစ်ကုန်၏၊ သို့ဖြစ်သော်လည်း ပုဒ်၌ အပြစ်ဒေါသ သင့်ပါမူ ဝါကျ, ဝါကျတ္ထတို့၌လည်း အပြစ်ဒေါသ သင့်တော့၏၊ သို့ဖြစ်၍ ပဒဒေါသ, ဝါကျဒေါသ, ဝါကျတ္ထဒေါသတို့ အချင်းချင်း များစွာထူးခြားကွဲလွဲခြင်း မရှိသည့်၏ အဖြစ်ကို သိစေခြင်းငှာ ထိုသင်္ကတကျမ်းလာ ပဒဒေါသတို့ကို သဘောမတူသော ဝါကျဒေါသ, ဝါကျတ္ထဒေါသတို့၌ သွင်းပြအပ်၏။ (ဋီ။)

http://www.dhammadownload.com

ဆောင်။ ။ ပုဒ်၌ဒေါသ, သင့်တုံကမူ, ဝါကျဝါကျတ္ထာ, သင့်သည်သာတည်း၊ ဤသဘာဝတ္ထ, ကြောင်းထောက်ဆ၍, ပဒ-ဝါကျာ, ဝါကျတ္ထာ-ဟု, ဒေါသာစုကား, ထူးမှုများစွာ, မရှိပါ-ဟု, သေချာပိုင်းခြား, သိထားစိမ့်ငှာ, မတူရာ, သွင်းကာ ပြလေသည်။

ပရံသဒ္ဒါဖြင့် ယူအပ်သော ဒေါသများ

တမတ္ထိ စေ ခေဒကရံ ပရမ္ပိ-၌ ပရံ-သဒ္ဒါဖြင့်-

(၁) အသာဓုဒေါသ, (၇) ဒေသိယစသော ပဒဒေါသတို့ကိုလည်းကောင်း,
(၂) သန္ဒိဒ္ဓဒေါသ, (၈) အဓိကဒေါသ,
(၃) ပရိယာယဥေယျဒေါသ, (၉) ဦနဒေါသ,
(၄) ပတီတတ္ထဒေါသ, (၁၀) ဘဂ္ဂစ္ဆန္ဒဒေါသစသောဝါကျဒေါသတို့ကို
(၅) အပ္ပယောဇကဒေါသ, လည်းကောင်း,
(၆) ဒုဗ္ဗောဓဒေါသ, (၁၁) ဥပက္ကမောပသံဟာရ ဝိသမဒေါသ-

ဟူသော ဝါကျတ္ထဒေါသတို့ကိုလည်းကောင်း သိမ်းယူအပ်၏။

၁၆။ (၁) အသာဓု သဒ္ဒါကျမ်းနှင့်ဆန့်ကျင်လျှင် "အသာဓုဒေါသ"သင့်၏။ [ပုံစံထင်ရှားပြီ။]

၁၇။ (၂) သန္ဒိဒ္ဓ သာမညအနက်ကို ဟော၍ အများနှင့်ဆိုင်သော ဝိသေသနကို ဝိသေသျတစ်ခုပြုဆိုလျှင် "သန္ဒိဒ္ဓဒေါသ"သင့်၏။

ပုံစံ။ ။ ဟိမဟာ-(နေမင်း။)

ရှင်း ဤ၌ "ဟိမဟာ"သဒ္ဒါသည် "ဆီးနှင်းကို ပယ်ဖျောက်တတ်သော"ဟူသော ဝိသေသနအနက်မျှကိုသာ ဟော၏၊ နေ, လ, မီးတို့နှင့်လည်း သက်ဆိုင်၏၊ သို့ဖြစ်၍ "အဘယ်ကို ယူရပါမည်နည်း"ဟု ယုံမှားဖွယ်ရှိသောကြောင့် "သန္ဒိဒ္ဓဒေါသ" သင့်၏။ (ဟိမဟာ ရဝိ) စသည်ဖြင့် ဝိသေသျပုဒ်ကို ထည့်ဆိုက အပြစ်မှလွတ်၏။

၁၈။ (၃) ပရိယာယဥေယျ ထင်ရှားသော သညာသဒ္ဒါကို ပရိယာယ်သဒ္ဒါတစ်ပါးဖြင့် ကြံဖန်၍ဆိုလျှင် "ပရိယာယဥေယျဒေါသ"သင့်၏။

ပုံစံ။ ။ဝဋ္ဌဝါမုခံ-(မြင်းမ၏မျက်နှာ)ဟုဆိုလျှင် ထင်ရှားလျက် "အဿဝနိတာနနံ-(မြင်းဖြစ်သောမိန်းမ၏မျက်နှာ)"ဟု ဆိုခြင်းမျိုးပင်တည်း။ [၎င်းကို သမာနသဒ္ဒါ ပဟေဋ္ဌီ၌ သွင်းသင့်၏။]

၁၉။ (၄) ပတီတတ္ထ စင်စစ်လျဉ်းပါးဖွယ် မရှိပါဘဲလျက် အထူးပြုသော ဝိသေသန ပုဒ်သည် "ပတီတတ္ထဒေါသ"သင့်၏။

ပုံစံ။ ။ကဏ္ဍော မသိ-မည်းသောမီးသွေး။

http://www.dhammadownload.com

ရှင်း မီးသွေးမှန်က မည်းနက်သောမီးသွေးသာ ဖြစ်သောကြောင့် "ကဏှော-မည်းသော"ဟူသော ဝိသေသနကို ဆိုရန်မလိုတော့ပြီ၊ ထို့ကြောင့် "ကဏှော-မည်းသော"သည် "ပတိတတ္ထဒေါသ"သင့်၏။ [ဖြူသောထုံး။]

တံတားဦးက-ကွမ်းနုဝါ, ငမြှောက ဆေး၊
ကိုင်းထုံးဖြူ-ပြည်ရွာ, သာဝါးကာထွေး။ (စစ်ကြည့်။)

၂၀။ (၅) အပ္ပယောဇကေ ရပြီးသည်ဖြစ်၍ မယှဉ်သင့် မထည့်သင့်ဘဲလျက် ယှဉ်အပ် ထည့်အပ်သောပုဒ်သည် "အပ္ပယောဇကဒေါသ" သင့်၏။

ပုံစံ။ ။အတိဖေနိလံ သာဂရမလဃိ။ အတိဖေနိလံ-အလွန်အမြဲပ်များသော၊ သာဂရံ-သမုဒ္ဒရာကို၊ အလဃိ-ခုန်ပြီ။

ရှင်း "အလွန်ကျယ်သော"ဟူသော ဝိသေသနပုဒ်ကိုသာ ခုန်ခြင်းကြိယာအရာ၌ ဆိုသင့်၏၊ "အလွန်အမြဲပ်များသော"ဟူသော ဝိသေသနပုဒ်မျိုးကို မဆိုသင့်၊ ထို့ကြောင့် "အပ္ပယောဇကဒေါသ" သင့်၏။

၂၁။ (၆) ဒုဇ္ဇောဓ။ ။မထင်ရှား မပေါ်လွင်သော စကားများသည် "ဒုဇ္ဇောဓဒေါသ"သင့်၏။

ပုံစံ။ ။မနုညဓနယော ပါဒေ , ခါဒယော ကနိ ဘန္တိ တေ။

ကနိ-သူငယ်မ !၊ တေ-သင်၏၊ ပါဒေ-ခြေ၌၊ မနုညဓနယော-နှစ်သက်ဖွယ်သော အသံရှိကုန်သော၊ ခါဒယော-ခြေချင်းတို့သည်၊ ဘန္တိ-တောက်ပကုန်၏။

ရှင်း ဤ၌ "ကနိသဒ္ဒါ, ခါဒသဒ္ဒါ"တို့သည် မပေါ်လွင် မထင်ရှား အသိခက်သောကြောင့် "ဒုဇ္ဇောဓဒေါသ"သင့်၏။ [နိဘူတာပဟေဠိသို့ သွင်း။]

မြန်ပုံစံ။ ။ရွာ၏အတွင်း, ကောက်ကစင်းဝယ်, တန်သွင်းလံပါး, ဒေါမားကြီးကြီး, တည်ထားပြီးမှ။

ရှင်း ဤ၌ "ကောက်ကစင်း-(ခရီးအစဉ်တလျှောက်), တန်သွင်း-(ရေပြည့်သည်), လံပါး-(ဖျဉ်းအိုးကြီး), ဒေါမား-(အိုးစရည်းကြီး)" ဤသို့ အသိခက်၍ အသုံးအနှုန်း ရှားပါးသော သဒ္ဒါတို့ဖြင့် ရေးသားထားသောကြောင့် "ဒုဇ္ဇောဓဒေါသ"သင့်၏။

၂၂။ (၇) ဒေသိယ အရပ်အချို့၌သာ ထင်ရှားသော သဒ္ဒါသည် "ဒေသိယဒေါသ"သင့်၏။

ပုံစံ။ ။ဣမေ လာဝဏျတလ္လာ တေ , ဂလ္လာ လောလဝိလောစနေ။

လောလဝိလောစနေ-လှုပ်သောမျက်စိရှိသော အို-သတို့သမီး !၊ တေ-သင်၏၊ ဣမေ ဂလ္လာ-ဤပါးစောင်တို့သည်၊ လာဝဏျတလ္လာ-နှစ်သက်ဖွယ်သောရေအိုင်နှင့် တူကုန်၏။

http://www.dhammadownload.com

ရှင်း　ဤ၌ "ဂလ္လာ, တလ္လာ"သဒ္ဒါတို့သည် အချို့သောအရပ်ဒေသတို့၌သာ သုံးသောကြောင့် "ဒေသိယဒေါသ"သင့်၏။

မြန်ပုံစံ။　။ထိန်းသိမ်း မိန်းသိမ်း, မငြိမ်းမချမ်း, ပူဆာဝမ်းနှင့်။

ရှင်း　ဤ၌ ထိန်းသိမ်း မိန်းသိမ်း–ဟူသော စကားမှာ တွေတွေဝေဝေ အေးအေးစက်စက် နေမှုကို ဆိုလိုသည်၊ ၄င်းစကားတို့မှာ အရပ်တိုင်း၌ မသုံး၍ မသိသာ၊ အချို့ အရပ်တို့၌သာ သုံးစွဲ၏၊ ထို့ကြောင့် "ဒေသိယဒေါသ" သင့်လေသည်။

အောက်အာကာဗို့, ဝါယောထို့၍, လီထက်ကားရီ, (အောက်အာကာဗွေ့, ဝါယောထွေ့၍, လေထက်ကားရေ့,)ဟု ဆိုလိုသည်။

ထိုးလဆိတ်–(လင်းတ), စပ်သီး–(ငြုပ်သီး), နွားခွံ–(နွားသားရေ)၊ ၄င်းတို့လည်း ဒေသိယပင်။

၂၃။ (၈) အဓိက　တစ်စုံတစ်ခုသောအမြွက်ဖြင့် ပြအပ်ပြီးသော အဓိပ္ပာယ်ကို ယူ၍ စကားပိုကို ဆိုလျှင် "အဓိကဒေါသ"သင့်၏။

ပုံစံ။　။တွယိ ရာဇတိ ရာဇိန္ဒ , ရိပ္ပုနံ သဂ္ဂသေဝိနံ၊
ထိနံ အကိက်ဏော ပါဏိ , သိယာ နေတ္တာမနဥ္ဇနံ။

ရာဇိန္ဒ–မင်းမြတ် !၊ တွယိ–သင်မင်းမြတ်သည်၊ ရာဇတိ–တင့်တယ်သည်ရှိသော်၊ ဝါ–တိုက်ခိုက်သိမ်းယူ, တင့်တယ်စွာ အုပ်စိုးတော်မူလတ်သော်၊ သဂ္ဂသေဝိနံ–နတ်ရွာစံကုန်သော၊ ရိပ္ပုနံ–ရန်သူမင်းတို့၏၊ ထိနံ–မိဖုရားတို့၏၊ ပါဏိ–လက်သည်၊ အကိက်ဏော–လက်ကောက်မရှိသည်၊ နေတ္တာ–မျက်လုံးသည်၊ အနဥ္ဇနံ–မျက်စဉ်းမရှိသည်၊ သိယာ–ဖြစ်ပါ၏။

ရှင်း　ရှေးအခါ၌ ခတ္တိယဇာတ်ရှိသော မုဆိုးမတို့အား လက်ကောက်ဝတ်ရိုး, မျက်စဉ်းကွင်းရိုး, မျက်စဉ်းခြယ်ရိုးထုံးစံ မရှိ၊ ထို့ကြောင့် လက်ကောက်မဝတ်သောမိဖုရား, မျက်စဉ်းမခြယ်သော မိဖုရားဆိုလျှင် မုဆိုးမဖြစ်ကြောင်း သိနိုင်လောက်လျက် "သဂ္ဂသေဝိနံ"ဟူသောပုဒ်ကို ဆိုခြင်းသည် အပိုသက်သက်ဖြစ်၍ "အဓိကဒေါသ"သင့်၏။

မြန်ပုံစံ။　။ထီးဖြူရိပ်ငြိမ်, မင်းစည်းစိမ်နှင့်, ရွှေအိမ်အလုံး, အကုန်ဆုံးသား, ညှိုးကျုံးမရွှင်, ဘုရင်နန်းကျ, စစ်ရှုံးရလျက်။

ရှင်း　ဤ၌ "ရွှေထီးရွှေနန်းကို သူ့လက်လွှဲအပ်ရသည်"ဟုဆိုလျှင် နန်းကျဘုရင်ဖြစ်ကြောင်း သိရပေပြီ၊ ထို့ကြောင့် "ဘုရင်နန်းကျ"ဟူသောပုဒ်ကို ဆိုခြင်းသည် အပိုသက်သက်ဖြစ်၍ "အဓိကဒေါသ"သင့်သည်။

http://www.dhammadownload.com

၂၄။ (၉) ဥိနဒေါသ ဆိုသင့်သောစကားမှ ယုတ်လျော့သော [ဆိုသင့်သောစကား မပြည့်စုံသော] ဝါကျသည် "ဥိနဒေါသ"သင့်၏။

ပုံစံ။ ။တိလောကတိလင်္ကံ မုနိ်။ တိလောကတိလင်္ကံ-လူသုံးပါးတို့၏ မှန်ကင်းသဖွယ် ဖြစ်တော်မူသော၊ မုနိ်-မြတ်စွာဘုရားကို။

ရှင်း။ ။ဤ၌ "ဝန္ဒာမိ"ဟု ဆိုသင့်လျက် မဆိုသောကြောင့် "ဥိနဒေါသ"သင့်၏။

မြန်ပုံစံ။ ။လောကမျက်မှန်, အမြိုက်မွန်-ဟု, ဘဝန္တ ဂူ, သဗ္ဗညူကို။

ရှင်း ဤ၌ "ကြည်ဖြူမှာန်လျော့, ကန်တော့ပါ၏"ဟူသောစကား ပါရှိသင့်လျက် မပါရှိချေ၊ ထို့ကြောင့် "ဥိနဒေါသ"သင့်၏။

၂၅။ (၁၀) ဘဂ္ဂစ္ဆန္ဒ ဂါထာ၌ ဆန်းကျမ်းဝယ် ပြဆိုအပ်သော အက္ခရာအရေအတွက် တို့ထက် ပိုလွန်သော်လည်းကောင်း, ယုတ်လျော့သော်လည်းကောင်း [ဆန်းဂိုဏ်းမညီသော်] "ဘဂ္ဂစ္ဆန္ဒဒေါသ"သင့်၏။

ထိုဒေါသ၏ပြယုဂ်ကို ထင်ရှားသိသာပြီးဖြစ်၍ ဆိုဖွယ်မရှိ၊ စရိယ-စသော သဒ္ဒါရှိလျှင် ဂါထာပါဒတို့၌ အက္ခရာပိုလွန်သော်လည်း အပြစ်မရှိ။ [တပေါစ ဗြဟ္မစရိယဉ္စ -စသည်တည်း။]

၂၆။ (၁၁) ဥပက္ကမောပသံဟာရဝိသမ အစ-အဆုံး, သို့မဟုတ် အချီ-အချ မညီသော ဝါကျသည် "ဥပက္ကမောပသံဟာရဝိသမ ဒေါသ"မည်၏။

အားထုတ်အပ်သောအစဉ်ကို စွန့်၍ အစဉ်တစ်ပါး ရောက်သောကြောင့် "ဘဂ္ဂရီတိ"၌ သွင်းနိုင်၏။

လေ့ကျင့်ခန်းမေးခွန်း

၁။ ဝါကျဒေါသ၌ ဝါကျ, ဒေါသ, ဝါကျဒေါသတို့၏ အဓိပ္ပာယ်ကို အသီးအသီး ခွဲခြားပြပါ ?။

၂။ ပဒဋ္ဌဒေါသကို အဘယ့်ကြောင့် အသီးအခြား မပြဆိုပါသနည်း ?။

၃။ ပဒဒေါသ, ဝါကျဒေါသ, ဝါကျဋ္ဌဒေါသတို့၏ ထူးခြားပုံကို ပြပါ ?။

၄။ အဋ္ဌပဒါန-စသည်ဖြင့် အတိအကျသချ်ာတပ်၍ ဒေါသသရုပ်ကို ဆိုသင့်ပါလျက် အဘယ့်ကြောင့် ဒေါသပဒါနဝါကျာနံ-ဟု သာမညအားဖြင့်သာ ဆိုရပါသနည်း ?။

၅။ ဆန့်ကျင်ဘက်အနက်ပါရှိတိုင်း ဝိရုဒ္ဓတ္ထန္တရဒေါသသင့်သည်-ဟု မှတ်ယူရပါမည်လား၊ အဘယ်သို့ မှတ်ယူရပါမည်နည်း၊ ထင်ရှားအောင်ပြပါ ?။

http://www.dhammadownload.com

၆။ ဘုန်းတော်အနန္တ, ဉာဏ်တော်အနန္တ, ကံတော်အနန္တ နှင့် ပြည့်စုံသော ဦးတိသ အရှင်မြတ်–ဟူသော စကားရပ်၌ အဘယ်ပုဒ်က အဘယ်ဒေါသသင့်ကြောင်း စိစစ်ပြပါ ?။

၇။ အမေ့မောင်, ရောင်ကာပြေးတော့, ခွေးကလေးယောင်ချာချာ လိုက်မမီပါ–၌ အဘယ်ပုဒ်က အဘယ်ဒေါသသင့်ကြောင်း စိစစ်ပြပါ ?။

၈။ အလိုမရှိအပ်သောယမက, အလိုရှိအပ်သောယမကတို့ကို ပြခဲ့ပါ ?။

၉။ ယမက၏ လက္ခဏာနှင့်အပြားတို့ကို ပြခဲ့ပါ ?။

၁၀။ ယမက, ပဟေဠိတို့သည် အဘယ့်ကြောင့် စင်စစ်မကောင်းကုန်သနည်း ?။

၁၁။ ပဟေဠိ၏အဓိပ္ပာယ်ကို ရေးပြပါ ?။

၁၂။ ဝိရောဓိဒေါသအပြားကို အဓိပ္ပာယ်နှင့်တကွ ပြခဲ့ပါ ?။

၁၃။ တောင်ထိပ်ကြာပေါက်, အနောက်နေထွက်–ဟူသော စကားများသည် အဘယ်ဒေါသသင့်ပါသနည်း၊ သေချာကျန စိစစ်ပြပါ ?။

၁၄။ နေယျဒေါသသင့်သောပုဒ်ကို အဘယ့်ကြောင့် ပညာရှိတို့ အသုံးမပြုကြသနည်း ?။

၁၅။ မျက်ကွယ်ကနေမေး၍ "ကျွန်မပါခင်ဗျား"ဟု ဖြေဆိုရာဝယ် အဘယ်ဒေါသများသင့်နိုင်ကြောင်း ရှင်းပြပါ ?။

၁၆။ ဝိသေသနပုဒ်၌သာသင့်သော အချုတ္ထ, ဟီနတ္ထဒေါသတို့၏ ထူးခြားပုံကို ပြပါ ?။

၁၇။ ဣယ–စသောပစ္စည်းတို့ကို အဘယ်အကျိုးငှာ သကတ်အနက်၌ သက်ပါသနည်း ?။

၁၈။ ဒီနေ့ သံဃာတော်အား ထောပတ်ထမင်း လှူပါသည်–ဟူသောစကား၌ အဘယ်ပုဒ်က အဘယ်ဒေါသသင့်ကြောင်း စိစစ်ပြပါ ?။

၁၉။ ဘယ်မြို့ဘယ်ရွာ နေရာဟူသမျှ မကျန်ရစေ လှည့်ပတ်မွှေ၏–ဟူသော စကားရပ်၌ အဘယ်ဒေါသသင့်ကြောင်း ရှင်းပြပါ ?။

၂၀။ ဖန်သင်းပိုင်–မုန်ရည်ကွက်ရယ်နှင့် တောထွက်ခင်ကြီး–ဟူသော စကားရပ်ဝယ် သင့်ရောက်နိုင်သောဒေါသကို ရှင်းလင်းပြပါ ?။

၂၁။ ပါဒန္တယတိ–စသည်တို့မှ အသီးအခြားမဟုတ်ပါဘဲလျက် အဘယ်အကျိုးငှာ ပဒမဇ္ဈယတိကို ဆိုရပါသနည်း ?။

၂၂။ အချုတ္ထဒေါသနှင့် အတိဝုတ္ထဒေါသတို့၏ ထူးခြားပုံကို ပြပါ ?။

၂၃။ နေလတနှုန်း, ငါ့မျက်လုံး၊ ဘယ်သူပုန်းတော့ ရှိတိုင်းမြင်၊ သစ်နန်းဥကင်စိုးတဲ့ ဇီးကွက်–၌ အဘယ်ဒေါသသင့်ပါသနည်း၊ ရှင်းပြပါ ?။

http://www.dhammadownload.com

၂၄။ တောင်လေလာ မြောက်မှာအမှိုက်စုလတ္တံ့-၌ သင့်ရောက်သော ဒေါသကို စိစစ်ဝေဖန်ပြပါ ?။

၂၅။ အနတ္ထကဒေါသနှင့် အပေတတ္ထဒေါသတို့ မည်သို့ ထူးခြားကြသနည်း ?။

၂၆။ ဂါမဒေါသနှင့် ဗန္ဓဖရုသဒေါသတို့၏ ထူးခြားဟန်ကို ပြပါ ?။

၂၇။ ကောက်ကောက်ကျစ်ကျစ်, စိတ်မိုက်ညစ်နှင့်, အပြစ်ဝန်တက်, ငရဲနက်-ဟူသော ကဗျာ၌ ဖြစ်သင့်သောဒေါသကို စိစစ်ပြပါ ?။

၂၈။ ကမစ္ဆုတ, အပက္ကမ, ဘဂ္ဂရီတိဒေါသ လေးမျိုးတို့၏အထူးကို ပြပါ ?။

၂၉။ ဩစိတျဂုဏ်ကို အဘယ်ဂုဏ်များ၌ သွင်းသင့်ပါသနည်း ?။

၃၀။ အတိဝုတ္တနှင့် ဩစိတျဟီနဒေါသတို့၏ အထူးကို ပြပါ ?။

၃၁။ ငါနှင့်ငါသာ, နှိုင်းစရာတည်း-ဟူသော စကားရပ်၌ သင့်ရောက်နိုင်သော ဒေါသကို စိစစ်ပြပါ ?။

၃၂။ ဘဂ္ဂရီတိဒေါသနှစ်ပါးတို့၏ ထူးခြားပုံကို ပြပါ ?။

၃၃။ စသဒ္ဒါထားရပုံစည်းကမ်းကို ပြပါ ?။

၃၄။ ဝိရုဒ္ဓတ္ထန္တရဒေါသနှင့် သသံသယဒေါသတို့၏အထူးကို ပြပါ ?။

၃၅။ ဂါမဒေါသနှစ်ပါးတို့၏အထူးကို ထင်ရှားအောင်ပြပါ ?။

၃၆။ ဧယျံလက္ခဏမန္တထ-ဝသေန ပက္ကမာဒိနံ-ဟု ဆိုခဲ့ပါလျက် ဒုဋ္ဌာလင်္ကာရဏဒေါသ၏ သုတ်ကို ဆိုရခြင်းအကြောင်းကိုပြ၍, ၄င်းဒေါသတို့၏ပုံစံတစ်ခုမျှကို ထုတ်ပြပါ ?။

၃၇။ ဂါမဒေါသတစ်စိတ်နှင့် ဝိရုဒ္ဓတ္ထန္တရဒေါသတို့ကို သသံသယဒေါသ၌ပေါင်းက ပြီးသင့်ပါလျက် အဘယ့်ကြောင့် အသီးအခြား ဆိုရပါသနည်း ?။

၃၈။ ကတောတြသခေ်ပနယာ-ဟု ဆိုသောကြောင့် "ရှေးဆရာများ ဆိုထားခဲ့သော ဒေါသများ ကြွင်းကျန်နေသည်"ဟု မှတ်ရမည်လော၊ အဘယ်သို့ မှတ်ရပါမည်နည်း၊ ရှင်းလင်းပြခဲ့ပါ ?။

ဒေါသာဝဇ္ဇော-ပထမပိုင်း
ပြီး၏။

http://www.dhammadownload.com

၂။ ဒေါသပရိဟာရာဝဗောဓ-ဒုတိယပိုင်း

ပဋိညာဉ်

၆၈။ ကဒါစိ ကဝိကောသလ္လာ , ဝိရောဓော သကလောပျယံ၊
ဒေါသသဲ့ျမတိက္ကမ္မ , ဂုဏဝီထိံ ဝိဂါဟတေ။

၆၉။ တေနဝုတ္တဝိရောဓာန-မဝိရောဓော ယထာ သိယာ၊
တထာ ဒေါသပရိဟာရာ-ဝဗောဓော ဒါနိ နီယတေ။

၆၈။ အယံ ဝိရောဓော သကလောပိ-ဤဒေါသဥသုံ, အလုံးစုံသည်လည်း၊ ကဝိကောသလ္လာ-(ကဗျာတတ်သိ) ပညာရှိတို့၏ (ကျမ်းဂန်အရာ) လိမ္မာပြွမ်းတီးခြင်းကြောင့်၊ ဝါ-ပညာရှိတို့၏ (စကားအရာ) အသိအလိမ္မာ ဥာဏ်ပညာကြောင့်၊ ကဒါစိ-တစ်ရံတစ်ခါ၌၊ ဒေါသသဲ့ျံ -ဒေါသအတွင်း, ထည့်သွင်းရေတွက်ခြင်းကို၊ ဝါ-ဒေါသသဘောကို၊ အတိက္ကမ္မ-လွန်၍၊ (ယတော-အကြင်ကြောင့်၊) ဂုဏဝီထိံ-ဂုဏ်သဘောသို့၊ ဝိဂါဟတေ-သက်ဝင်၏။

၂။ ဒေါသပရိဟာရာဝဗောဓ-ဒုတိယပိုင်း

ပဋိညာဉ်

၆၈-၆၉။ ပြဆိုခဲ့ပြီးသော ဒေါသအကုန်လုံးသည် ပညာရှိတို့၏ သဒ္ဒါ, အဘိဓာန်, ဆန်း, အလင်္ကာ-စသော ကျမ်းဂန်တို့၌ လေ့ကျက်ထားသော အသိအလိမ္မာ ဥာဏ်ပညာကြောင့် တစ်ရံတစ်ခါ ဒေါသသဘောမှ လွတ်မြောက်၍ ဂုဏ်သဘောသို့ သက်ရောက်နိုင်၏၊ (အပြစ်သော်လည်း ဥာဏ်ရှိက ဂုဏ်ဖြစ်နိုင်သည်၊) သို့ရာတွင် အခါခပ်သိမ်းမူကား မလွတ်မြောက်နိုင်ချေ၊ ဒေါသမှ လွတ်မြောက်တိုင်းလည်း ဂုဏ်မရောက်နိုင်ချေ။

ထို့ကြောင့် ဆိုခဲ့ပြီးသော ပဒ-စသောဒေါသတို့မှ လွတ်မြောက်နိုင်လောက်သော နည်းလမ်းဥပဒေသအားဖြင့် ဒေါသအဖြေပိုင်းကို ယခုပင် ပြရတော့မည်။

[ပြဆိုခဲ့ပြီးသော ဒေါသတို့သည် ပညာရှိတို့၏ အစွမ်းသတ္တိ အလိမ္မာဖြင့် ဒေါသသဘောမှ လွတ်ကင်းကြရကုန်၏၊ ထိုသို့ ပြုစွမ်းနိုင်ခြင်း၏ နည်းလမ်းဥပဒေသကို ယခုပင် ပြရတော့မည်-ဟု ဆိုလိုသည်။]

ကဒါစိ အခါခပ်သိမ်း ဒေါသမှ မလွတ်မြောက်နိုင်၊ ဒေါသမှ လွတ်မြောက်တိုင်းလည်း ဂုဏ်မရောက်နိုင်၊ တစ်ရံတစ်ခါ၌သာ ဒေါသမှလွတ်မြောက်နိုင်သည်၊ ဤသို့ပင် ဒေါသမှလွတ်မြောက်စေကာမူ တစ်ရံတစ်ခါ၌သာ ဂုဏ်ရောက်နိုင်သည်၊ အခါခပ်သိမ်းမူ ဂုဏ်မရောက်နိုင်ချေ-ဟူသော အနက်အဓိပ္ပာယ်ကို "ကဒါစိ"ဟူသော ပါဌ်ဖြင့် ပြသည်။

http://www.dhammadownload.com

၆၉။ တေန–ထို့ကြောင့်၊ ယထာ–အကြင်အခြင်းအရာအားဖြင့်၊ (နိယမာနေ–ဆောင်အပ်သည်ရှိသော်၊) ဝုတ္တဝိရောဓာနံ–ပြဆိုခဲ့သား ပဒစသောဒေါသများတို့၏၊ အဝိရောဓေ–ဒေါသလွတ်ကင်း, မဆန့်ကျင်ခြင်းသည်၊ သိယာ–ဖြစ်ခဲ့လေရာ၏၊ တထာ–ထိုအခြင်းအရာအားဖြင့်၊ ဒေါသပရိဟာရာဝဗောဓေ–ဒေါသအဖြေကို သိရာသိကြောင်းဖြစ်သောကြောင့် ဒေါသပရိဟာရာဝဗောဓမည်သော ဒုတိယပိုင်းကို၊ ဒါနိ–ယခုအခါ၌၊ (မယာ–ငါသည်၊) နိယတေ–ဆောင်အပ်၏၊ ဝါ–ထုတ်ဆောင်အပ်လိမ့်လတ္တံ့။

[ယထာ–တထာ, ဥပမာမဟုတ်, ယင်းသို့ထုတ်မူ, တထာစပ်ရာ, ကြိယာသည်, မှန်စွာလက္ခဏာဖြစ်မြဲ။ နိယံ။]

ပဒဒေါသ ၈–ပါး အဖြေ

၁။ ဝိရုဒ္ဓတ္ထန္တရဒေါသ–အဖြေ

တတ္ထ ဝိရုဒ္ဓတ္ထန္တရဿ ပရိဟာရော ယထာ–

၇၀။ ဝိန္ဒန္တံ ပါကသာလိနံ , သာလိနံ ဒဿနာ သုခံ၊
တံ ကထံ နာမ မေယျောယံ , ဝိသဒေါ သုခယေ ဇနံ။

တတ္ထ–ထိုဒေါသတို့တွင်၊ ဝိရုဒ္ဓတ္ထန္တရဿ–ဝိရုဒ္ဓတ္ထန္တရဒေါသ၏၊ ပရိဟာရော–အဖြေသည်၊ ယထာ–(ဧဝံ)–ဤဆိုလတ္တံ့သောနည်းဖြင့်၊ ဟောတိ–ဖြစ်၏။

၇၀။ ပါကသာလိနံ–မှည့်ခြင်းကြောင့် နှစ်သက်ဖွယ်ရှိကုန်သော၊ သာလိနံ–သလေးတို့ကို၊ ဒဿနာ–မြင်ရခြင်းကြောင့်၊သုခံ–စိတ်ချမ်းသာမှုကို၊ (သုခံ စေတသိကသောမနဿံ၊ ဦ၊) ဝိန္ဒန္တံ–ခံစားရသော၊ တံ ဇနံ–လယ်ကိုလုပ်သူ, ထိုလူအပေါင်းကို၊

ဆောင်။ ။ ခါခပ်သိမ်းမှာ, ဒေါသာမလွတ်, လွတ်တိုင်းလည်းဂုဏ်, မပြည့်စုံ, ပြပုံကဒါစိ။

ပဒဒေါသ ၈–ပါးအဖြေ

(၁) ဝိရုဒ္ဓတ္ထန္တရဒေါသ–အဖြေ

၇၀။ ထိုသို့သဘောရှိသော လယ်သမားကို ဒုက္ခပေးခြင်းသည် ရေကိုပေးတတ်သော မိုးနှင့်လည်း သင့်လျော်၏၊ အဆိပ်ကိုပေးတတ်သော မိုးနှင့်လည်း သင့်လျော်၏၊ ထို့ကြောင့် ဆန့်ကျင်ဘက် အနက်တစ်ပါး မရှိတော့ချေ၊ သို့ဖြစ်၍ ဝိသဒေါ–ဟူသော ပုဒ်သည် ဝိရုဒ္ဓတ္ထန္တရဒေါသမှ လွတ်မြောက်တော့၏။

မြန်ပုံစံ။ ။(က) လပြည့်စန်းနှင့်, ပုံပန်းသဏ္ဌာန်, ထင်ရန်ယိုးမှား, ခွဲခွာသွားသည့်, သက်ဖျားဆံနှောင့်, မယားကြောင့်လျှင်, ဝမ်းနောင့်ဝမ်းနည်း, မျက်ရည်သည်းလျက်, တိမ်လည်းလိမ်းကျံ, ယုန်နန်းပျံကို, ခုခံမျက်မှုံ, မမြင်တုံ၍, လွဲသုန်လှည့်ကာ, ကြယ်တာရာကို, ရှုကာငဲ့စား။ (ကဝိ။)

http://www.dhammadownload.com

ဝိသဒေါ-အဆိပ်ကို ပေးတတ်သော၊ ဝါ-ရေကို ပေးတတ်သော၊ အယံမေဃော-ဤမိုးသည်၊ ကထံနာမသုခယေ-အဘယ်မှာလျှင် ချမ်းသာမှုကို ပြုလုပ်နိုင်ပါမည်နည်း။ (နသုခယတေဝ-ချမ်းသာမှုကို မပြုလုပ်နိုင်တော့သည်သာ၊ ဝါ-ဒုက္ခ ပေးတော့သည်သာ။) [သုခံ ကရောတီတိ-သုခယေတိနာမဓာတု၊ ဋီ။]

ယထာဝါ-

၇၁။ ဝိနာယကောပိ နာဂေါသိ , ဂေါတမောပိ မဟာမတိ၊
ပဏီတောပိ ရသာပေတော , စိတ္တာ မေ သာမိ တေ ဂတိ။

ရှင်း လပြည့်ဝန်းနှင့် တူသော ချစ်သူမယားကို ခွဲခွာသွားသော ယောကျ်ားသည် လမင်းကိုကြည့်ရာ မယားကိုတွေးမိ၍ ဝမ်းနည်းစွာ ငိုကြွေးလေသည်၊ ထို့ကြောင့် ထိုယောကျ်ား၏ မျက်လုံးနှစ်ဖက်တို့သည် မျက်ရည်တို့ဖြင့် ပြည့်လျက်နေခဲ့၏၊ လမင်းကိုကြည့်ရာ မိုးတိမ်ဖုံးအုပ်၍ဖြစ်စေ, မျက်စိမှာ တိမ်ရှိ၍ဖြစ်စေ မည်သည့်တိမ်ကြောင့်ဖြစ်ဖြစ် ထိုယောကျ်ားကား "လ"ကို မမြင်နိုင်ချေ၊ ကြယ်တာရာကိုကြည့်ရှုလျှင် မျက်ရည်များ ကင်းကွာ၍ မြင်နိုင်ရာသည်၊ ဤသို့ အဖြောင့်အဓိပ္ပာယ်ထွက်လေသည်၊ ထို့ကြောင့် မျက်စိတိမ်ကြောင့် "လ"ကို မမြင်က ကြယ်တာရာကိုလည်း မမြင်နိုင်ရာ-ဟူသော ဆန့်ကျင်ဘက် အနက်သည် ပြေပျောက်သွား၏။

(ခ) နာဖျားမရှိ, မထိဆင်းရဲ, အိမ်သာထဲဝယ်, မကွဲတူကွ, မွေ့လျော်ကြသည်, ရှေးကကောင်းကျိုးကြမ္မာတည်း။ (ဘူ-၄၂။)

ရှင်း "ရှေးကကောင်းကျိုးကြမ္မာတည်း"ဟူသော ပုဒ်ဖြင့်ပင် ကျင်ကြီးစွန့်ရာအိမ်သာ-ဟူသောအနက် ပြေပျောက်၍ သာယာသောအိမ်-ဟူသော အနက်တစ်ခုကိုသာ ယူဖွယ် ရှိတော့၏၊ ထို့ကြောင့် "ဝိရုဒ္ဓတ္ထန္တရဒေါသ"မှ ကင်းလွတ်လေတော့သည်။

(က) သီးမျိုးခိုင်ညှာ ပြွတ်သိပ်တည်း,

(ခ) အနည်းငယ်မျှ, စိန်ကျောက်ရ၍,

(ဂ) တတ်ကျွမ်းလိမ္မာ ရွှေပန်းထိမ်ဆရာ ပြုလုပ်ပေးသော ရွှေပန်းဖြင့် ပူဇော်သည်-စသည်ဆိုက အပြစ်မှ လွတ်မြောက်ဖွယ် ရှိသည်။

ရှင်း ၇၁။ ဤ၌ ဂဋ္ဌန်နှင့်နဂါး, နွားမိုက်နှင့်ပညာရှိ, ချိုမြိန်သောအရသာနှင့်အရသာမှ ကင်းခြင်း-တို့သည် ဆန့်ကျင်ကြ၏၊ ထိုသို့ပင် ဆန့်ကျင်သော်လည်း နောက်အနက် ပေးနည်း၌ မဆန့်ကျင်၍ ဝိရောဓိအတ္ထာလင်္ကာရသဘော သက်ရောက်သောကြောင့် ဝိရုဒ္ဓတ္ထန္တရဒေါသမှ လွတ်မြောက်လေတော့သည်။ [တစ်နည်း= ဝဋ္ဌိတာပဟေဋ္ဌီသို့ သွင်းလျှင် ဝိရုဒ္ဓတ္ထန္တရဒေါသမှ လွတ်သည်။]

http://www.dhammadownload.com

ဝါ–တစ်နည်းသော ဥဒါဟရဏ်သည်၊ ယထာ–(ဧဝံ)–ဖြင့်၊ ဟောတိ–ဖြစ်၏။

၇၁။ သာမိ–အရှင် !၊ တွံ–သင်သည်၊ ဝိနာယကောပိ–ဂဠုန်ဖြစ်လျက်လည်း၊ နာဂေါ–နဂါးသည်၊ အသိ–ဖြစ်ပါ၏၊ ဂေါတမောပိ–အလွန့်အလွန် နွားကျပါလျက်လည်း၊ ဝါ–အောက်တန်းစား နွားဖြစ်ပါလျက်လည်း၊ (ဣမေသံ ဂုန်ဒုံ အတိသယေနဂေါ၊ ဟီနပသု၊ ဠိ–ဟောင်း၊) ဝါ–နွားမိုက်ဖြစ်ပါလျက်လည်း၊ (ပသုတမောပိ၊ ဠိ–သစ်၊) မဟာမတိ–မြတ်သောပညာရှိသည်၊ အသိ–ဖြစ်ပါ၏၊ ပဏီတောပိ–ချိုမြိန်(သော အရသာဖြစ်)ပါလျက်လည်း၊ ရသာပေတော–ချိုမြိန်သောအရသာမှ ကင်းသည်၊ အသိ–ဖြစ်ပါ၏၊ တေ–သင်၏၊ ဂတိ–ဖြစ်ပုံသည်၊ မေ–အကျွန်ုပ်၏၊ စိတ္တာ–အဆန်းတကြယ်, အံ့သြဖွယ်ဖြစ်ပါ၏။ (အလိုမရှိအပ်သောအနက်။)

သာမိ–အို မြတ်စွာဘုရား !၊ တွံ–ရှင်တော်မြတ်ဘုရားသည်၊ ဝိနာယကောပိ–သတ္တဝါတို့ကို ဆုံးမတော်မူတတ်သည်ဖြစ်၍သာလျှင်၊ နာဂေါ–(ရာဂစသော)ကိလေသာမရှိသူသည်၊ အသိ–ဖြစ်တော်မူပါပေ၏၊ ဂေါတမောပိ–ဂေါတမအနွယ် ရှိတော်မူသည်ဖြစ်၍သာလျှင်၊ မဟာမတိ–မြတ်သောပညာရှိသည်၊ အသိ–ဖြစ်တော်မူပါပေ၏၊ ပဏီတောပိ–မြင့်မြတ်သောသူ ဖြစ်တော်မူ၍သာလျှင်၊ ရသာပေတော–(သိင်္ဂါရစသော) ကိလေသာအရသာကို ခံစားခြင်းမှ ကင်းတော်မူသည်၊ အသိ–ဖြစ်တော်မူပါပေ၏၊ တေ–ရှင်တော်မြတ်ဘုရား၏၊ ဂတိ–ဖြစ်ပုံတော်သည်၊ မေ–အကျွန်ုပ်၏၊ စိတ္တာ–အဆန်းတကြယ်, အံ့သြဖွယ်ဖြစ်ပါ၏။ [အဗ္ဘုတာ၊ ဠိ။] (အလိုရှိအပ်သောအနက်။)

၂။ အချတ္ထဒေါသ–အဖြေ

အချတ္ထသ ယထာ–

၇၂။ ကထံ တာဒိဂုဏာဘာဝေ , လောကံ တောသေတိ ဒုဇ္ဇနော၊
သြဘာသိတာသေသဒိသော , ခဇ္ဇောတော နာမ ကိံ ဘဝေ။

မြန်ပုံစံ။ ။ကျယ်လျှင်ကားချဲ့, ပဲ့လျှင်ဖဲ့, နဲ့လျှင်ကားသပ်, ကျွတ်လျှင်ချွတ်, ကျပ်လျှင်သပ်ပင်း, ကျယ်လျှင်ထွင်း။ (ရှေး။)

ဤစကားမျိုးသည် "ချဲ့သင့်အောင်ကျယ်လျှင် ချဲ့ရမည်၊ ဖဲ့သင့်အောင်ပဲ့လျှင် ဖဲ့ရမည်၊ သပ်ရိုက်သင့်အောင်နဲ့လျှင် သပ်ရိုက်ရမည်၊ ချွတ်သင့်အောင်ကျွတ်လျှင် ချွတ်ရမည်၊ သပ်ပင်းသင့်အောင်ကျပ်လျှင် သပ်ပင်းရမည်၊ ထွင်းသင့်အောင်ကျယ်သည်ဖြစ်မူ ထွင်းရမည်"ဟု အခါကာလ အခိုက်အတန့်အားလျော်စွာ ဆိုထားသော စကားမျိုး ဖြစ်၍ "ဝိရုဒ္ဓတ္ထန္တရဒေါသ" မသင့်။

(၂) အချတ္ထဒေါသအဖြေ

ပြန်ပုံစံ။ ။၇၂။ ထိုသို့ဂုဏ်များ, မရှိငြား၍, စိတ်ထားယုတ်မာ, လူ့ဗာလာသည်, များစွာလူပေါင်း, နှစ်ထောင်းစေရန်, ဘယ်သို့ဖန်အံ့၊ ဟုတ်မှန်နှိုင်းနှုန်း, မှောင်ချေမှုန်းလျက်, ပိုးစုန်းကြူးငယ်, ကောင်းကင်လယ်၌, ရပ်ဆယ်မျက်နှာ, ထွန်းလင်းဖြာသည် . . . . ဘယ်မှာဖြစ်တုံနိုင်အံ့နည်း။

http://www.dhammadownload.com

၇၂။ ဒုဇ္ဇနော–လူယုတ်မာသည်၊ တာဒိဂုဏာဘာဝေ–ထိုသို့သဘောရှိသောဂုဏ်မရှိခြင်းကြောင့်၊ လောကံ–သတ္တဝါအပေါင်းကို၊ ကထံ တောသေတိ–အဘယ်မှာလျှင် နှစ်သိမ့်စေနိုင်ပါအံ့နည်း။ (နော တောသေတိဧဝ–မနှစ်သိမ့်စေနိုင်တော့သည်သာ။)

(တထာဟိ–ထိုစကားကား, မမှားပုံသေ, မှန်လှပေ၏၊) ခန္ဓောတောနာမ–ပိုးစုန်းကြူးမည်သည်၊ ဩဘာသိတာသေသဒိသော–ထွန်းလင်းတောက်ပစေအပ်သော အကြွင်းမရှိသော အရပ်ဆယ်မျက်နှာရှိသည်၊ ဝါ–အရပ်ဆယ်မျက်နှာအကုန်လုံးကို ထွန်းလင်းတောက်ပစေတတ်သည်၊ ကိံ ဘဝေ–အဘယ်မှာလျှင် ဖြစ်နိုင်ပါအံ့နည်း၊ (နော ဘဝတ္တေဝ–ဧကန်ပင် မဖြစ်နိုင်တော့သည်သာ။)

၃။ ကိလိဋ္ဌဒေါသ–အဖြေ

၇၃။ ပဟေဋ္ဌကာယမာရဏ္ဌာ , နော ဟိ ဒုဋ္ဌာ ကိလိဋ္ဌတာ၊
ပိယာ သုခါလိင်္ဂိတင်္–မာလိင်္ဂိတိ နု နော ဣတိ။

၇၃။ ကိလိဋ္ဌတာ–ကိလိဋ္ဌဒေါသသည်၊ ဝါ–အသိခက်သောအနက် ရှိသည်၏ အဖြစ်သည်၊ ပဟေဋ္ဌိကာယံ–ပဟေဋ္ဌိအရာသို့၊ အာရဏ္ဌာ–တင်အပ်သည်၊ (သမာနာ–ဖြစ်ခဲ့သော်၊) ဒုဋ္ဌာ–အပြစ်ဒေါသသည်၊ နဟိဟောတိ–မဖြစ်တော့ချေ၊ တစ်နည်း= နော ဟိ ဒုဋ္ဌာ–ဒေါသမှလွတ်မြောက်တော့သည်သာ၊ (ဥဒါဟရဏံ–သည်၊ ကိံ–နည်း၊) ပိယာ–အိမ်သူသက်ထား, ချစ်မယားသည်၊ အာလိင်္ဂိတံ–ပွေ့ဖက်အပ်သော၊ ကံ–အဘယ်သူကို၊ သုခံ–ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာခြင်းသည်၊ နောအာလိင်္ဂိတိနု–အဘယ်မှာလျှင် မဖက်တုံဘဲ ရှိပါတော့အံ့နည်း၊ ဝါ–ဧကန်ပင် ဖက်တော့သည်မဟုတ်ပါလော၊ ဣတိ–ဤသည်ပင်တည်း။

ရှင်း　ဤ (ကိံ ဘဝေ–ဘယ်မှာဖြစ်တုံနိုင်အံ့နည်း)ဟူသော စကားဖြင့်ပင် အချုပ်အဒေါသမှ လွတ်မြောက်တော့သည်၊ ဒေါသခန်းဋ္ဌ ပြဆိုထားသော တခြားပုံစံများသည်လည်း မတန်မရာ ဆိုထားသောဂုဏ်များကို ပြန်လည်ရုပ်သိမ်း၍ ဟုတ်တိုင်းမှန်ရာဆိုက ဒေါသမှ လွတ်မြောက်မည်သာ။

(၃) ကိလိဋ္ဌဒေါသ–အဖြေ

၇၃။ အသိခက်သောပုဒ်ကို ပဟေဋ္ဌိအရာဋ္ဌဆိုခဲ့သော် ကိလိဋ္ဌဒေါသမှ လွတ်မြောက်၏၊ ကျမ်းဂန်ဋ္ဌ မယားဟော "ပိ"သဒ္ဒါ မရှိ၍ "ပိယာ"ဟူသော ပုဒ်သည် အနက်အသိခက်သောကြောင့် ကိလိဋ္ဌဒေါသသင့်စေကာမူ "ပိဏောတိတိ–ပိ"ဟူသော ဝိဂ္ဂိဟ်နည်းဖြင့် "ပရုသာပဟေဋ္ဌိ"အရာဋ္ဌဆိုက ထိုအပြစ်ဒေါသမှ လွတ်မြောက်၏–ဟူလိုသည်။ [သုခံ အာလိင်္ဂိတံနုနော–ချမ်းသာခြင်းဖက်၏–ဟူသော အနက်ဖြင့်ပင် ပိယာသဒ္ဒါ၏အနက်ကို တွေးဆသိနိုင်သည်။]

http://www.dhammadownload.com

၇၄။ ယမကေ နော ပယောဇေယျ , ကိလိဋ္ဌပဒမိစ္ဆိတေ၊
တတော ယမကမညန္တု , သဗ္ဗမေတံ မယံ ဝိယ။

၇၄။ဣစ္ဆိတေ–အလိုရှိအပ်သော၊ ယမကေ–ယမက၌၊ ကိလိဋ္ဌပဒံ–ကိလိဋ္ဌဒေါသသင့်သောပုဒ်ကို၊ နောပယောဇေယျ–မယှဉ်စေရာ၊ တတော–ထိုအလိုရှိအပ်သော ယမကမှ၊ အညံ–တစ်ပါးသော၊ သဗ္ဗံ ယမကံတု–ယမကအကုန်လုံးသည်ကား၊ ဧတံမယံဝိယ–ထိုကိလိဋ္ဌဒေါသသင့်သောပုဒ်ဖြင့် ဖြစ်စေအပ်သကဲ့သို့ ဖြစ်၏၊ ဝါ–ကိလိဋ္ဌဒေါသသင့်သကဲ့သို့ ဖြစ်၏။

၄။ ဝိရောဓိဒေါသ ၆–မျိုး–အဖြေ

ဒေသဝိရောဓိနော ယထာ–

၇၅။ ဗောဓိသတ္တပ္ပဘာဝေန , ထလေပိ ဇလဇာနျဟုံ၊
နဒန္တာနိဝ သုစိရာ–ဝါသက္လေသံ တဟိံ ဇလေ။

ပြန်ပုံစံ။ ။မျိုးသည်ရန်သည်, သာကြည်ဖက်ငြား, ဘယ်ယောကျ်ားကို, နှစ်ပါးချမ်းသာ, သိဂ်ါရာသည်, ဘယ်မှာမဖက် ရှိမည်နည်း။

ရှင်း ဤ၌ အများသုံးမဟုတ်၍ အသိခက်စေကာမူ ရှေးဝေါဟာရကို နားလည်စေရန် ပဟေဠိသဘောမျိုးဖြင့် ဆိုထားသောကြောင့် "ကိလိဋ္ဌဒေါသ" မသင့်၊ ထို"မျိုးသည်ရန်"သဒ္ဒါ မယားဟောဖြစ်ကြောင်းကိုလည်း "နှစ်ပါးချမ်းသာ, သိဂ်ါရာသည်, ဘယ်မှာမဖက် ရှိမည်နည်း"ဟူသော နောက်စကားဖြင့်ပင် သိသာနိုင်သည်။

"မတတ်လိမ္မာ, မြင်နည်းစွာသား"စသော မြန်မာပုံစံ၌လည်း စိန္တာမယဉာဏ်ဖြစ်စိမ့်သောငှာ သိပ်သည်းကျစ်လစ်သောစကား အနည်းငယ်မျှဖြင့် အဓိပ္ပာယ်များများရသော ဝေါဟာရကို ပညာရှိတို့ ထည့်သွင်းစပ်ဆိုမြဲ ဖြစ်သည့်အတိုင်း "သုတ်နှင့်ကြီး"ဟူသော စကားကို စပ်ဆိုသည်၊ ဤသို့ဖြေက ကိလိဋ္ဌဒေါသမှ လွတ်မြောက်ဖွယ် ရှိ၏။

၇၄။ အလိုရှိအပ်သော ယမက၌ ကိလိဋ္ဌဒေါသသင့်သောပုဒ်များ မပါစေရ၊ ထိုအလိုရှိအပ်သော ယမကမှ ကျန်ယမကအကုန်လုံးမူကား ကိလိဋ္ဌဒေါသသင့်သကဲ့သို့ ဖြစ်၏။ (သို့ပင်ဖြစ်သော်လည်း ပဟေဠိအရာသို့တင်၍ ဖြေက ကိလိဋ္ဌဒေါသမှ လွတ်မြောက်တော့၏၊ အလိုရှိအပ်သော ယမက, အလိုမရှိအပ်သော ယမကကို ဒေါသခန်း၌ ပြန်ကြည့်လေ။)

၄။ ဝိရောဓိဒေါသ ၆–မျိုး–အဖြေ

(က) ဒေသဝိရောဓိ

ပြန်ပုံစံ။ ။၇၅။ ဗောဓိလောင်းတော်, အာနုဘော်ကြောင့်, ရေပေါ်ပွင့်ပန်း, ညောင်းညာလွန်း၍, အပန်းဖြေဟန်, ကုန်းသို့ ဆန်သည် . . . . ပွင့်တန်ချင်းထိ ပွင့်ဘိသော်။

http://www.dhammadownload.com

၇၅။ ဗောဓိသတ္တပ္ပဘာဝေန-ဘုရားလောင်း၏ (မကြံစည်အပ်သော) တန်ခိုးတော်ကြောင့်၊ ဇလဇာနိ-ရေ၌ဖြစ်ထွန်း, ပဒုမာကြာစသော ပန်းတို့သည်၊ တဟိံ ဇလေ-ထိုရေ၌၊ သုစိရာဝါသကွေသံ-ကြာမြင့်စွာတည်နေရခြင်းကြောင့်ဖြစ်သော ညောင်းညာပင်ပန်းခြင်းကို၊ နဒန္တာနိဝ-ပယ်ဖျောက်ကြလေကုန်သကဲ့သို့၊ ထလေပိ-ကုန်း၌လည်း၊ အဟုံ-ဖြစ်ကြလေကုန်ပြီ။

ကာလဝိရောဓိနော ယထာ—

၇၆။ မဟာနုဘာဝပိသုနော , မုနိနော မန္ဒမာရုတော၊
သဇ္ဇောတုကမယံ ဝါယိ , ဓုနန္တော ကုသုမံ သမံ။

၇၆။ အယံမန္ဒမာရုတော-ဤလေပြေလေညင်းသည်၊ သဇ္ဇောတုကံ-အလုံးစုံသောဥတု၌ ပွင့်သော၊ ကုသုမံ-ပန်းမျိုးစုံကို၊ သမံ(ကတွာ)-အညီအညွတ်, ပေါင်းစုလတ်၍၊ ဓုနန္တော-ကြဲဖြန့်လျက်၊ မုနိနော-(မချွတ်ပွင့်လတ္တံ့သောကြောင့်) မုနိခေါ်အပ်, အလောင်းတော်မြတ်၏၊ ဝါ-မြတ်စွာဘုရား၏၊ မဟာနုဘာဝပိသုနော-ကြီးစွာသော(ကုသိုလ်ကောင်းမှု၏)အစွမ်းသတ္တိကို ထင်စွာပြုလျက်၊ ဝါယိ-တိုက်ခတ်လာလေပြီ။

ရှင်း　ရေ၌ပေါက်သော ပဒုမာ-စသောပန်းတို့သည် ကုန်း၌ပေါက်သည် ဆိုသော စကားသည် ဒေသဝိရောဓိဒေါသ ဖြစ်သင့်သော်လည်း "ဣဒ္ဓိအစိန္တေယျ-(မကြံစည်နိုင်သော တန်ခိုးရှင်)ဖြစ်သော ဘုရားအလောင်းတော်၏ တန်ခိုးတော်ကြောင့်" ဟူသော စကားဖြင့်ပင် ထိုအပြစ်ဒေါသမှ လွတ်၏။

အနောက်အရပ်မှ နေထွက်သည်-စသော အာရာမျိုးကား ဖာထေးပိတ်ဆို့၍မရသော အရာမျိုးဖြစ်လေသည်၊ ဒေါသမှ လွတ်မြောက်နိုင်စရာ နည်းလမ်းမရှိတော့ချေ၊ ဤအရာမျိုးကို ရည်၍ "ကဒါစိ ကဝိကောသလ္လာ"စသော ဂါထာ၌ "ကဒါစိ"သဒ္ဒါကို ဆရာကိုယ်တိုင် ထည့်ဆိုခဲ့ပေသည်၊ ထို"ကဒါစိ"သဒ္ဒါ၏ အဓိပ္ပာယ်ကို ပြန်ကြည့်ပါ။

(ခ) ကာလဝိရောဓိ

ပြန်ပုံစံ။　။ ၇၆။ ဥတုလုံးစုံ, ဖူးပွင့်ငုံသား, လုံးစုံပန်းပေါင်း, စုကာဆောင်းလျက်, အလောင်းတော်မြတ်, ဗောဓိသတ်၏, ကြီးမြတ်ပုည, ထင်စွာပြလျက်, အေးမြပြန့်စေ, တိုက်ခတ်ပေသည် .... လေပြေလေညင်း-ပျံ့သင်းသင်း။

ရှင်း　ရာသီအလိုက် အမျိုးမျိုးသောကာလ၌ ပွင့်ကြကုန်သော ပန်းတို့ကို တပေါင်းတည်း စုပေါင်းသည်-ဟု ဆိုခြင်းသည် ကာလဝိရောဓိဒေါသ ဖြစ်သင့်သော်လည်း မြတ်စွာဘုရား(အလောင်းတော်)၏ အစွမ်းသတ္တိသည် ထိုသို့သဘော ရှိသောအံ့ဖွယ်ကို တစ်ပြိုင်နက် တစ်ချက်တည်းသော ခဏ၌ ဖြစ်စေခြင်းငှာ စွမ်းနိုင်ပေ၏၊ ထို့ကြောင့်

http://www.dhammadownload.com

ကလာဝိရောဓိနော ယထာ–

၇၇။ နိမုဂ္ဂမာနသော ဗုဒ္ဓ–ဂုဏေ ပဉ္စသိခဿပိ၊
တန္တိဿရဝိရောဓော သော , နသမ္ပီဏေတိ ကံ ဇနံ။

၇၇။ ဗုဒ္ဓဂုဏေ–မြတ်စွာဘုရား၏ဂုဏ်တော်၌၊ နိမုဂ္ဂမာနသော–သက်ဝင်သော စိတ်ရှိသော၊ ပဉ္စသိခဿပိ–ပဉ္စသိခနတ်သား၏လည်း၊ သော တန္တိဿရဝိရောဓော–(စည်းဝါးလွတ်ကင်း,) ထိုစောင်းသံ၏ ဆန့်ကျင်ခြင်းသည်၊ ကံဇနံ–အဘယ်သူကို၊ နသမ္ပီဏေတိ–မနှစ်သက်စေဘဲ ရှိအံ့နည်း၊ (သမ္ပီဏေတိဧဝ–ဧကန်ပင် နှစ်သက်စေတော့သည်သာ။)

လောကဝိရောဓိနော ယထာ–

၇၈။ ဂဏယေ စက္ကဝါဠံ သော , စန္ဒနာယပိ သီတလံ၊
သမ္ဓောဓိသတ္တဟဒယော , ပဒိတ္တင်္ဂါရပူရိတံ။

(မဟာနုဘာဝပိသုနော–ကြီးမြတ်ပုည, ထင်စွာပြလျက်)ဟူသော ပုဒ်ဖြင့်ပင် ဤဝိရောဓိဒေါသမှ လွတ်မြောက်ရလေသည်။

ဥတုဖောက်ပြန်သောကြောင့် "ဆောင်းတွင်း၌ တောင်လေတိုက်၏"စသည်ဖြင့် ဖာထေး၍ဆိုက အပြစ်မရှိ၊ "နံနက်နေဝင်, ညနေနေထွက်၏"စသော စကားမျိုးကား ဖာထေးပိတ်ဆို့၍ မရနိုင်သော စကားမျိုး ဖြစ်ချေသည်။

(ဂ) ကလာဝိရောဓိ

ပြန်ပုံစံ။ ။ ၇၇။ များလှဖုံဖုံ, ရှင်တော့်ဂုဏ်၌, ကြည်ယုံသက်ဝင်, နတ်ပျိုလွင်၏, ဆန့်ကျင်စောင်းသံ, စီညံညံသည် ‥‥ နားခံမဝ ရှိကြသော်။

ရှင်း မနှစ်သက်ဖွယ် တီးချက်တီးကွက် စည်းဝါးပျက်သော စောင်းသံသည် ကလာဝိရောဓိဒေါသ ဖြစ်သင့်သော်လည်း (နိမုဂ္ဂမာနသော–ရှင်တော့်ဂုဏ်၌ ယုံကြည့်သက်ဝင်)ဟု ဆိုသောကြောင့် နှစ်သက်ဖွယ်သာ ဖြစ်၏၊ ကလာဝိရောဓိဒေါသ မသင့်၊ "ဤသို့ တီးချက်တီးကွက်, စည်းဝါးပျက်ရခြင်းသည် လောကုတ္တရာဖြစ်သော မြတ်စွာဘုရား၏ ဂုဏ်တော်ကို အောက်မေ့ကြည်ညိုလျက် စူးစူးစိုက်စိုက် အာရုံပြုနေခိုက်ဖြစ်၍သာ ပျက်ရပါတကား"ဟု အံ့သြလျက် နှစ်သက်မြဲ နှစ်သက်ကြသောကြောင့် ဆန့်ကျင်ဘက်မဖြစ်–ဟု ဆိုလိုသည်။

(ဃ) လောကဝိရောဓိ

ပြန်ပုံစံ။ ။ ၇၈။ ဗောဓိဉာဏ်ကျယ်, ကပ်ငြိတွယ်သား, ဘုရားလောင်းလျာ, သုမေဓာသည်, လျှံဝါရဲရဲ, ပြောင်ပြောင်စွဲသည့်, မီးခဲပြည့်နှက်, တစ်ခဲနက်မျှ, စကြဝဋာ, တိုက်ကြီးစွာကို, လွန်စွာအေးမြ, စန္ဒနထက်, အေးမြချက်လွန်, အောက်မေ့ပြန်သည်‥‥နိဗ္ဗာန်ကူးတို့ ပို့ရန်ကို။

http://www.dhammadownload.com

၇၈။ သမ္မောဓိသတ္တဟဒယော-သဗ္ဗညုတဉာဏ်၌ စွဲလမ်းကပ်ငြိသော စိတ်နလုံးရှိတော်မူသော၊ သော-ထိုဘုရားအလောင်းတော်သည်၊ ပဒိတ္တင်္ဂါရဟူရိတံ-အလျှံရဲရဲ, မီးကျီးခဲတို့ဖြင့်ပြည့်သော၊ စက္ကဝါဠ-စကြဝဠာတိုက်ကို၊ စန္ဒနာယပိ-(ရေခဲမက, လွန်အေးမြသော) စန္ဒကူးထက်သော်လည်း၊ သီတလံ-ပိုလွန်အေးမြ၏-ဟူ၍၊ ဂဏယေ-ကြံစည်အောက်မေ့ ရေတွက်ခဲ့လေရာ၏။

ဉာယဝိရောဓိနော ယထာ-

၇၉။ ပရိစ္ဆတ္တဘဝေါပိတွ-မုပနီတဘဝေါ အသိ၊
အစိန္တ္တုဂုဏသာရာယ , နမော တေ မုနိပုင်္ဂဝ။

၇၉။ မုနိပုင်္ဂဝ-ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရား !၊ တွံ-ရှင်တော်မြတ်ဘုရားသည်၊ ပရိစ္ဆတ္တဘဝေါ-စွန့်အပ်ပြီးသော (သုဂတိ,ဒုဂ္ဂတိ) ဘဝရှိသည်၊ (သမာနောပိ-ဖြစ်ပါသော်လည်း၊) ဥပနီတဘဝေါ-သတ္တဝါတို့ကို သုဂတိဘဝသို့ (ကြီးပွားတိုးတက်ခြင်းသို့) ပို့ဆောင်တော်မူတတ်သည်၊ အသိ-ဖြစ်တော်မူပါပေ၏၊ (တသ္မာ-ထို့ကြောင့်၊) အစိန္တ္တုဂုဏသာရာယ-မကြံစည်နိုင်သော ဂုဏ်မြတ်ရှိတော်မူသော၊ တေ-ရှင်တော်မြတ်ဘုရားအား၊ နမော-ဦးညွတ်ရိုကျိုး, ရှိခိုးပါ၏။ [သာရော-ဗလေ ထိရံသေစ , ဥတ္တမေ သော တိလိင်္ဂကော-ဟူသော အဘိဓာန်လာ အနက် သုံးပါးတို့တွင် ဤနေရာ၌ ဥတ္တမတ္ထ။]

ရှင်း　မီးအေးသည်-ဟု ရေတွက်အောက်မေ့ခြင်းသည် လောကနှင့်ဆန့်ကျင်၍ လောကဝိရောဓိဒေါသ ဖြစ်သင့်ပေ၏၊ သို့ရာတွင် (သမ္မောဓိသတ္တဟဒယော-ဗောဓိဉာဏ်ကျယ်, ကပ်ငြိတွယ်သား)ဟူသော ပါဌ်ဖြင့်ပင် ထိုအပြစ်ဒေါသမှ လွတ်မြောက်သည်။

"ထောင်မြင် ရာစွန့်"ဟူသော ပြောရိုးစကားကဲ့သို့ ကောင်းကျိုးကို လွန်စွာလိုလားသောသူ၏ စိတ်ဓာတ်သည် ဤကဲ့သို့ပင် ဖြစ်တတ်ချေသည်၊ ဘုရားလောင်းများ သတ္တဝါတို့၏ ကောင်းကျိုးကို အဘယ်မျှလိုလားသည်ကို ဤစကားရပ်ဖြင့် ခန့်မှန်းသင့်၏။

(c) ဉာယဝိရောဓိ

ပြန်ပုံစံ။　။ ၇၉။ အမြင်မှန်ငြား, ရဟန်းများ၏, ရှေ့သွားလမ်းညွှန်, မြတ်ရှင်မွန်.... ထူးချွန်တုလွတ်, ရှင်တော်မြတ်ကား, စွန့်လွတ်ဘဝ, ရှိပေထလည်း, များလှပိုလ်ပါ, ဝေနေယျာကို, ဒေသနာဆေး, တိုက်ကာကျွေးလျက်, ဖေးဖေးမမ, ချမ်းအေးမြသည့်, ဘဝသို့သာ, ပို့ဆောင်ပါ၏၊ ကြံရာမရ, မြင့်မြတ်လှသည့်, ဂုဏသခင်, မြတ်-အရှင်အား, ကြည်လင်ညွတ်လျှိုး, ကျွန်ရှိခိုးသည်, ... ကောင်းကျိုးကိုယ်၌ တည်ရန်သော်။

http://www.dhammadownload.com

အာဂမဝိရောဓိနော ယထာ–

၈၀။ နေဝါလပတိ ကေနာပိ , ဝစီဝိညတ္တိတော ယတိ၊
သမ္မဇာနမုသာဝါဒါ , ဖုသေယျာပတ္တိ ဒုက္ကဋံ။

၈၀။ ယတိ–ရဟန်းသည်၊ ကေနာပိ–တစ်စုံတစ်ယောက်သောသူနှင့်လည်း၊ နေဝါလပတိ–စကားမဆို၊ (တထာပိ–ထိုသို့ပင် စကားမဆိုသော်လည်း၊) ဝစီဝိညတ္တိတော–ဝစီဝိညတ်ကြောင့်(ဖြစ်သော)၊ သမ္မဇာနမုသာဝါဒါ–သိလျက်ချွတ်ယွင်းသောစကားကို ဆိုခြင်းကြောင့်၊ အာပတ္တိဒုက္ကဋံ–ဒုက္ကဋ်အာပတ်သို့၊ ဖုသေယျ–ရောက်ရာ၏။ [ကေနာပိ–ကေနစိ၊ ဋီ–သစ်။]

ရှင်း မိမိ၌ ကြေးငွေရှိမှ တခြားသူကို ကြေးငွေဖြင့် ထောက်ပံ့မစနိုင်ရာသကဲ့သို့ မိမိ၌ သုဂတိရှိမှ သူတစ်ပါးအား သုဂတိကို ပေးနိုင်မည်၊ သို့ဖြစ်၍ [အလုံးစုံသော အခြင်းအရာအားဖြင့် ဂတိနှစ်ပါးကို ပယ်စွန့်ပြီး ဖြစ်တော်မူသောကြောင့်] မိမိ၌ မရှိသော သုဂတိဘဝကို လူအပေါင်းအား ပေးသည် ရှိစေသည်–ဟူသော ဤစကားသည် ဥယဝိရောဓိဒေါသသင့်သကဲ့သို့ ဖြစ်၏၊ ထိုသို့ပင်ဖြစ်သော်လည်း မြတ်စွာဘုရားအဖို့ မှာကား သဘာဝသည် အမှန်ပင်၊ ဤသို့သာ ဖြစ်ပေ၏၊ ထို့ကြောင့် ဥယဝိရောဓိဒေါသမသင့်ပေ။

(က) မြွေသည် ခြေမရှိဘဲ အပြေးမြန်၏၊
(ခ) ပုဇွန်လုံးသည် ခေါင်းမရှိဘဲ မော့ကြည့်၏၊
(ဂ) သင့်လျော်တိုးတက်, တံပိုးတွက်မျှ, ဘထက်သားကြီး, ပြန်ပြန်စီး၍, ကြွေးသီးသီးကျင်, ကြွေးပင်စိုက်က (မဃ–၃၈၆။)–

စသည်ဖြင့် ဖြေက ဒေါသသင့်ဖွယ်မရှိ။

ပဘာဝတီ၏ ကိုယ်ရောင်သည် ၁၂–တောင် တိုက်ခန်း၌ မီးမထွန်းဘဲ လင်း၏၊ ကုသမင်းဝင်လာက မှောင်အတိဖြစ်၏၊ ဤသို့–စသော အရာတို့ကို ယုတ္တိမရှိ–ဟု မဆိုသာ၊ ကုသိုလ်ကံ, အကုသိုလ်ကံ အကျိုးပေးဆန်းကြယ်ပုံကို မကြံစည်ကောင်း၊ ဥမ္မာဒန္တီ–နည်းတူ။

(၈) အာဂမဝိရောဓိ

ပြန်ပုံစံ။ ။၈၀။ သိက္ခာမယွန်း, ရှင်ရဟန်းသည်, တစ်ခွန်းမမြွက်, နှုတ်မထွက်ဘဲ, သိလျက်ချွတ်ယွင်း, ပြောဆိုခြင်းကြောင့်, ချက်ချင်းဒုက္ကဋ်, သင့်ရောက်တတ်သည်, ...မပြတ်သကဲ့ ရှိစေသော်။

ရှင်း စကားမဆိုလျှင် ဝစီဝိညတ်ကြောင့် မုသာဝါဒ အဘယ်မှာ ဖြစ်နိုင်ပါမည်နည်း၊ ထို့ကြောင့် ပါဠိတော်နှင့်ဆန့်ကျင်သော အာဂမဝိရောဓိဒေါသ သင့်သလို ရှိ၏၊ ထိုသို့ပင်ဖြစ်သော်လည်း သံဃဘေဒပုဿ်ပြုရာ၌ ပါတိမောက်ရွတ်ဆိုသော ရဟန်းက "အာပတ်ရှိနေသော ရဟန်းသည် မိမိ၌ ထင်ရှားရှိသော အာပတ်ကို ပြောပါ၊ အာပတ်မရှိသောသူ

http://www.dhammadownload.com

၅။ နေယျဒေါသ-အဖြေ

နေယျဿ ယထာ–

၈၁။ မရီစိစန္ဒနာလေပ-လာဘာ သီတမရီစိနော၊
ကုမာ သဗ္ဘာပိ ဓဝလာ , ဒိသာ ရောစန္တိ နိဗ္ဘရံ။

၈၁။ သီတမရီစိနော–အေးချမ်းသောအရောင်ရှိသော လမင်း၏၊ မရီစိစန္ဒနာလေပ လာဘာ–လရောင်တည်းဟူသောစန္ဒကူးဖြင့် လိမ်းကျံခြင်းကို ရသောကြောင့်၊ သဗ္ဘာပိ–အလုံးစုံလည်းဖြစ်ကုန်သော၊ ကုမာဒိသာ–ဤအရပ်မျက်နှာတို့သည်၊ ဓဝလာ–ဖွေးဖွေးဖြူကြကုန်သည်ဖြစ်၍၊ နိဗ္ဘရံ–အလွန်အကဲ၊ ရောစန္တိ–တောက်ပကြကုန်၏။

ယထာဝါ–

၈၂။ မနောနုရဉ္ဇနော မာရ-ဂ်ဏာသိဂ်ါရဝိဗ္ဘမော၊
ဇိနေနာ သမနုညာတော , မာရဿ ဟဒယာနလော။

ဖြစ်ပါမူ ဆိတ်ဆိတ်နေပါ”ဟု ပြောဆိုတိုက်တွန်းပါလျက် မိမိ၌ရှိသောအာပတ်ကို မပြောဆိုသော, အာပတ်ကို ထင်စွာမပြသော ရဟန်းအား သမ္မာနမုသာဝါဒဒုက္ကဋ်အာပတ်သင့်စေ-ဟု နိဒါနုဒ္ဒေသ၌ ညွှန်ပြ အပ်သည့်အတိုင်း ဝစီဒွါရဖြင့် ပြောဆိုသင့်သည်ကို မပြောဆိုခြင်းကြောင့်ဒုက္ကဋ်အာပတ် သင့်ရပေသည်၊ ထို့ကြောင့် အာဂမဝိရောဓိဒေါသမသင့်။

မိုးရွာသင့်သောအခါ၌ မရွာသွန်းခြင်းကြောင့်ဖြစ်သော ငတ်မွတ်ခေါင်းပါး အစာရေစာရှားခြင်းကို “မိုးကြောင့်ဖြစ်သည်”ဟုပင် ဆိုရာဘိသကဲ့သို့ ပြောဆိုသင့်သောအခါ၌ ဝစီဒွါရဖြင့် နှုတ်မြွက်၍ မပြောဆိုခြင်းကြောင့်ဖြစ်သော ဒုက္ကဋ်အာပတ်ကိုလည်း “ဝစီဒွါရကြောင့်ပင် ဖြစ်၏”ဟု ဆိုသင့်၏။

(၅) နေယျဒေါသ-အဖြေ

ပြန်ပုံစံ။ ။ ၈၁။ အေးကြည်ထက်ကြပ်, လရောင်ဟပ်၍, ဆယ်ရပ်မျက်နှာ, ဘော်သာခွာသွေး, ဖြူဖြူဖွေးသည် . . . . စုဝေးတင့်တယ် လှဘိသည်။

ရှင်း အရပ်မျက်နှာဖြူဖွေးရခြင်း၏ အကြောင်းဖြစ်သော (မရီစိစန္ဒနာနာလေပ-လာဘာ သီတမရီစိနော-အေးကြည်ထက်ကြပ်, လရောင်ဟပ်၍)ဟူသော အကြောင်းစကား ထည့်ဆိုထားသောကြောင့် (ဓဝလာ-ဘော်သာခွာသွေး, ဖြူဖြူဖွေးသည်)ဟူသော အကျိုးပုဒ်သည် နေယျဒေါသမှ လွတ်မြောက်၏။

“ကြောင်ကဲ့သို့ ကျင့်လေ, ညောင်ကဲ့သို့ ကျင့်လေ”ဟု မှာထားသော စကားသည် တိုင်းရေးပြည်မှု လျှို့ဝှက်သော စကားမျိုး ဖြစ်၏၊ ထိုသို့ တမင်လျှို့ဝှက်မှာထားသော စကားမျိုး၌ မပြည့်စုံသော်လည်း အပြစ်မရှိ-ဟု ပညာရှိတို့ ယူဆကြ၏။

ပြန်ပုံစံတစ်နည်း။ ။ ၈၂။ မနိုင်ခဲကြိတ်, တွေ့သူစိတ်ကို, ယိုဖိတ်စေတတ်, မာရ်နတ်သည်းဖျား, သမီးများတို့, ပျော်ပါးရအောင်, သွေးဆောင်ပျူငှာ, ပြုလုပ်လာလည်း, မြတ်စွာသုံးလူ, ခွင့်မပြု၍, နောက်ကျူထန်ပြင်း, မာရ်နတ်မင်းသည် . . . . ရင်တွင်းမီးလျှံ ဝေတော့သည်။

http://www.dhammadownload.com

၈၂။ မနောနုရဉ္ဇနော–မြင်ရသူတို့၏ စိတ်နှလုံးကို ယူကျုံးနှစ်သိမ့်စေနိုင်သော မာရဂ်ဏာသိဂ်ါရဝိဗ္ဘမော–မာရ်နတ်သမီးတို့၏ ချစ်ကြိုက်ခြင်းဖြင့် ဖြားယောင်းသွေးဆောင်ခြင်း(မာယာ)သည်၊ ဝါ–ကို၊ ဇိနေန–မြတ်စွာဘုရားသည်၊ အသမနုညာတော–ခွင့်မပြုအပ်သည်ဖြစ်၍၊ ဝါ–ခွင့်မပြုအပ်သောကြောင့်၊ မာရဿ–မာရ်နတ်၏၊ ဟဒယာနလော–နှလုံးမီးသည်၊ (အဟောသိ–ဖြစ်လေပြီ။)

၆။ ဝိသေသနာပေက္ခဒေါသ–အဖြေ

ဝိသေသနာပေက္ခဿ ယထာ–

၈၃။ အပယာတာ ပရာမဋ္ဌ , အယံ ဝေရီ ဇနံ ဇနော၊
ကောဓပါဠလဘူတေန , ဘိယျော ပဿတိ စက္ခုနာ။

ရှင်း မာရ်နတ်သမီးတို့ ဘုရားမှ ရှုံးခြင်းကို ပြတတ်သောသဒ္ဒါ မပါမရှိသော်လည်း မာရ်နတ်သမီးတို့၏ ရှုံးခြင်းကို မှန်းဆ၍သိနိုင်သောကြောင့် နေယျဒေါသ မသင့်။

ထင်ရှားစေအံ့ မာရ်နတ်သမီးများ ဘုရားမှရှုံး၏–ဟု တိုက်ရိုက်ကား မဆိုချေ၊ သမီးများ မရှုံးလျှင် မာရ်နတ်၌ တစ်စုံတစ်ရာ ပူပန်ဖွယ်အကြောင်း မရှိ၊ သမီးများ ရှုံးခြင်းကြောင့်သာ ပူပန်ရချေသည်၊ ထိုကြောင့် (မာရဿ ဟဒယာနလော–နောက်ကျူထန်ပြင်း၊ မာရ်နတ်မင်းသည်, ရင်တွင်းမီးလျှံ ဝေတော့သည်)ဟူသော စကားဖြင့်ပင်လျှင် မာရ်နတ်သမီးတို့၏ မြတ်စွာဘုရားမှ ရှုံးခြင်းကို (ဝက်ဝုတ္တိ)သွယ်ဝိုက်သောနည်းအားဖြင့် ဆိုထားသည်၊ ဤသို့ ဝက်ဝုတ္တိဖြင့်ဖွဲ့လျှင် နေယျဒေါသမှလွတ်၏၊ ဆောင်ထည့်ဖွယ် မလို။ [ဤနေယျဒေါသမှ လွတ်လျှင် "အတ္ထဗျတ္တိဂုဏ်" ရောက်၏။]

မြန်ပုံစံ။ ။အဆွေခြံမှာ, သက်တရာလျှင်, မနာမဖျား, မြင်လိုငြား၏၊ လေးပါးဆုတွင်, ရွေးဦးတင်၍, အကြင်ဆုကို, ငါယူလိုသည် .... ငြင်ငြိုမရှိပေးဖွယ်တည်း။ (သု–၁၁၇။)

ဤခြံ ပေါရိသာဒမင်းက မဟာသုတသောမမင်းကြီးအား ဆုလေးပါးပေးရာတွင် "မိမိအသက်မသေ နေရပါလို၏"ဟု တိုက်ရိုက်ဆုမတောင်းသော်လည်း "အဆွေမင်းမြတ် အသက်တစ်ရာ အနာကင်းသည်ကို မြင်ရပါလို၏"ဟူသော စကားဖြင့် "ငါအသက်တစ်ရာ ရှည်လို၏"ဟူ သော ဆုတောင်းလိုချက်သည် ပြီးပြီးပင် ဖြစ်တော့၏၊ ထို့ကြောင့် နေယျဒေါသမသင့်၊ မိမိကိုယ်တိုင် အသက်တစ်ရာမရှည်ဘဲ သူတစ်ပါး အသက်တစ်ရာရှည်သည်ကို မတွေ့မမြင်နိုင်ကြောင်းကို သတိပြုပါ၊ နည်းလေးဆယ်၌ ၄င်းကို "အဝုတ္ထသိဒ္ဓိ (မဆိုသော်လည်း အလိုရှိသောအနက်ပြီးသော)နည်း"ဟု ဆို၏။

(၆) ဝိသေသနာပေက္ခဒေါသ–အဖြေ

ပြန်ပုံစံ။ ။၈၃။ ဆူးဆူးရားရား, မျက်မာန်ပွား၍, စကားမပီ, မျက်လုံးနီဖြင့်, သူ့ဆီစူးစူး, မိန်းမူးတည့်တည့်, စိမ်းစိမ်းကြည့်သည်....သတ်မည့်ရန်သူ ဖြစ်သောကြောင့်။

http://www.dhammadownload.com

၈၃။ အယံ ဝေရီဧနော-ဤရန်သူဖြစ်သူ လူအပေါင်းသည်၊ အပယာတာပရာဓမ္မိ ဧနံ-အပြစ်ကင်းသူ လူအပေါင်းကိုလည်း၊ ကောပေါဌလဘူတေန-အမျက်ကြောင့် ပန်းရောင်အဆင်းရှိသည်ဖြစ်၍ဖြစ်သော၊ စက္ခုနာ-မျက်စိဖြင့်၊ ဘိယျော-လွန်စွာ၊ ဝါ-စိမ်းစိမ်းစိုးစိုး၊ ပဿတိ-ကြည့်၏။

(ပါဌလော သေတလောဟိတော-ပန်းရောင်အဆင်း[အဘိဓာန်]၊ ထိုကိုပင် ရည်၍ ဋီကာဌ်လည်း "သေတရတ္တေန"ဟု ဖွင့်သည်၊ အဖြူအနီရောသောအဆင်း၊ ဝါ-ပန်းရောင်အဆင်း-ဟု ဆိုလိုသည်။)

၇။ ဟီနတ္ထဒေါသ-အဖြေ

ဟီနတ္ထဿ ယထာ-

၈၄။ အပ္ပကာနမ္မိ ပါပါနံ , ပဘာဝံ နာသယေ ဗုဓော၊
အပိ နိပ္ပဘာတာနိတ-ခဇ္ဇောတော ဟောတိ ဘာဏုမာ။

၈၄။ ဗုဓော-ပညာရှိသည်၊ အပ္ပကာနမ္မိ ပါပါနံ-(မပြောလောက်ပ,) အနည်းငယ်မျှသော အကုသိုလ်တို့၏ သော်လည်း၊ ပဘာဝံ-(နောင်အကျိုးပေးမည့်) အစွမ်းသတ္တိကို၊ နာသယေ-(အဟောသိကံအဖြစ်သို့ ရောက်စေလျက်) အကြွင်းမဲ့ ပယ်ဖျက်ရာ၏၊ ဘာဏုမာ-(ရောင်ခြည်တစ်ထောင်, အလင်းဆောင်သည့်, ထွန်းပြောင်ထိန်ဝင်း, ရှင်)နေမင်းသည်၊ အပိနိပ္ပဘာတာနိတခဇ္ဇောတော-ပိုးစုန်းကြူး၏ အရောင်မရှိသည်၏အဖြစ်သို့ပင် ဆောင်သေးသည်၊ ဟောတိ-ဖြစ်(တုံသေး)၏။

ရှင်း　ဤ၌ (ကောဓပေါဌလဘူတေန-ဆူးဆူးရားရား, မျက်မာန်ပွား၍, စကားမဝိ, မျက်လုံးနီဖြင့်)ဟု ဝိသေသနထည့်ဆိုထားသောကြောင့် (စက္ခုနာ-ဟူသော ဝိသေသျပုဒ်သည်) ဝိသေသနာပေက္ခဒေါသမှလွတ်၏၊ [ထုံး, ကျောက်မီးသွေး-တို့မှာ ထင်ရှားပြီးဖြစ်သောကြောင့် ဖြူသော, နက်သော-ဟု ဝိသေသနထည့်ဖွယ်မလို၊ ထည့်က "ပတိတတ္ထဒေါသ" သင့်၏။

(၇) ဟီနတ္ထဒေါသ-အဖြေ

ပြန်ပုံစံ။　။ ၈၄။ ထွာလောက်ထွန်းပြောင်, ပိုးစုန်းရောင်မျှ, ကွင်းရှောင်မခြွင်း, ထွန်းတောက်လင်းသည့်, နေမင်းပုံဟန်, ပညဝန်လည်း, အလွန်ငယ်စွ, ကံပါပ-ဟု, လုံလျော့ကာ, မနေရာသည်....ဖျက်ပါသူ၏ သတ္တိကို။

ရှင်း　ဤ၌ (အပိနိပ္ပဘာတာနိတခဇ္ဇောတော-ပိုးစုန်းရောင်မျှ, ကွင်းရှောင်မခြွင်း, ထွန်းတောက်လင်းသည့်) ဟူသောစကားဖြင့် ပိုးစုန်းကြူး၏အရောင်ကိုပင် ပယ်ရှားတတ်သည်ဆိုသဖြင့် နေမင်း၏ဂုဏ်ကို တက်စေသည်၊ ထို့ကြောင့် "ဟီနတ္ထဒေါသ"မှ လွတ်၏။

ထင်ရှားစေအံ့　ပရွက်ဆိတ်ကိုပင် မသတ်က ကြက်,ဝက်တို့ကို ပြောစရာပင် မလို၊ သာ၍ပင် မသတ်သကဲ့သို့ ပိုးစုန်းကြူးအရောင်ကိုပင် ချန်မထားဘဲ ပယ်ဖျောက်ကတခြားလရောင်, မီးရောင်တို့ကို ဆိုဖွယ်မရှိတော့ပြီ၊ သာ၍ပင် ပယ်ဖျောက်တော့၏-

http://www.dhammadownload.com

၈။ အနတ္ထဒေါသ-အဖြေ

အနတ္ထဿ ယထာ–

၈၅။ နု ပါဒပူရဏတ္ထာယ , ပဒံ ယောဇေယျ ကတ္ထစိ၊
ယထာ ဝန္ဒေ မုနိန္ဒဿ , ပါဒပင်္ကေရုဟံ ဝရံ။

၈၅။ ပါဒပူရဏတ္ထာယ–ဂါထာပါဒပြည့်စေရုံမျှအကျိုးငှာ၊ ပဒံ–ပုဒ်ကို၊ ကတ္ထစိ–တစ်စုံတစ်ခုသောဗန္ဓဋ္ဌဲ၊ နု ယောဇေယျ–မယှဉ်စေရာ၊ ယထာ–ပေးမြဲ။ မုနိန္ဒဿ–(မုနိထွတ်ထား) မြတ်ဘုရား၏၊ ဝရံ–မြတ်သော၊ ပါဒပင်္ကေရုဟံ–ခြေတော်အစုံ, ကြာပဒုံကို၊ ဝန္ဒေ–ရှိခိုးပါ၏။

ဝါက္ယဒေါသ ၉-ပါး-အဖြေ

၁။ ဧကတ္ထဒေါသ-အဖြေ

၈၆။ ဘယကောဓပသံသာဒိ , ဝိသေသော တာဒိသော ယဒိ၊
ဝတ္တုံ ကာမီယတေ ဒေါသော , နု တတ္ထေကတ္ထတာ ကတော။

ဟူသော အနက်သဘော သက်ရောက်သောကြောင့် "နေမင်း၏ဂုဏ်ကို တက်စေသည်"ဟု ဆိုခဲ့သည်။

(၈) အနတ္ထဒေါသ-အဖြေ

၈၅။ ဂါထာပါဒပြည့်ရုံ, ကာရန်ရရုံ, ပုဒ်ပြည့်ရုံမျှသာဖြစ်သောပုဒ်တို့ မပါ,မရှိက "အနတ္ထဒေါသ"မှ လွတ်မြောက်သည်။

ပြန်ပုံစံ မုနိအထွတ်, သုံးလူနတ်၏, မြင့်မြတ်ခြေစုံ, ကြာပဒုံကို, ခိုလှုံညွတ်ဦးတိုက်ပါ၏။

ရှင်း ဤ၌ အနက်မရ ပါဒပြည့်ရုံမျှ (ကာရန်ရရုံမျှ, ပုဒ်ပြည့်ရုံမျှ)ဖြစ်သောပုဒ်တစ်စုံတစ်ရာ မပါရှိသောကြောင့် အနတ္ထဒေါသမှ လွတ်၏။

"ဘိုးစဉ်ဘောင်ဆက်, ဘေးလက်ထက်က"ဟူသော စကားရပ်၌ ဘိုးနှင့်ဘေးစပ်ကြားဘောင်–ဟူ၍ မရှိသော်လည်း ဘောင်သဒ္ဒါကို အနတ္ထဒေါသ သင့်သည်"ဟု မဆိုအပ်၊ "လိမ်မောင့်လိမ်မာ, မောင့်ခြင်းရာကို, စာနာချေသော်, ထီးနှင့်လျော်၏"ဟူသော စတုဓမ္မသာရ–၌ လိမ်မာ–ဆိုလျှင်ပြီးလျက် လိမ်မောင့်–ဟု ဝစနာလင်္ကာရဖြစ်အောင် ထည့်သကဲ့သို့ ဝစနာလင်္ကာရဖြစ်အောင် "ဘိုးစဉ် ဘောင်"ဟု ဘောင်–သဒ္ဒါကို ထည့်ဆိုထားသည်၊ ထို့ကြောင့် ဒေါသမသင့်–ဟု ဆိုကြ၏၊ စဉ်းစားဖွယ်ပင်၊ ဤကျမ်းဆရာ၏အယူကို ဒေါသခန်း၌ ပြခဲ့ပြီ။

ဝါက္ယဒေါသ ၉-ပါး-အဖြေ

(၁) ဧကတ္ထဒေါသ-အဖြေ

၈၆။ ကြောက်ခြင်း, အမျက်ထွက်ခြင်း, ချီးမွမ်းခြင်း–စသော အထူးကို ဆိုရာ၌ (သဒ္ဒါတူ, အနက်တူပုဒ်ကို ထပ်ဆိုပါသော်လည်း) ဧကတ္ထဒေါသ မသင့်။

http://www.dhammadownload.com

၈၆။ ဘယကောဓပသံသာဒိ-ကြောက်ခြင်း, အမျက်ထွက်ခြင်း, ချီးမွမ်းခြင်း အစ ရှိသော၊ တာဒိသော-ထိုသို့သဘောရှိသော၊ ဝိသေသော-အထူးကို၊ ဝတ္တုံ-ဆိုခြင်းငှာ၊ (ဝိညူဟိ-ပညာရှိတို့သည်၊) ယဒိကာမိယတေ-အကယ်၍ အလိုရှိအပ်ငြားအံ့၊ တတ္ထ-

---

အာဒိသဒ္ဒါဖြင့် တုရိတ-စသည်နှင့်တကွ ဝိစ္ဆာ, ယမက, စကားဖို စကားမ, ရှေ့ပုဒ်ကို ထင်ရှားစေလိုရာ-စသည်ကို ယူအပ်၏၊ ဆိုလိုရင်းကား အာမေဍိတ်, ဝိစ္ဆာ, ယမက, စကားဖို စကားမ, ရှေ့ပုဒ်ကိုထင်ရှားစေလိုရာ, ပဒါလင်္ကာရအရာ-တို့၌ ဧကတ္ထဒေါသမသင့်-ဟူသည်တည်း။

ဆောင်။ ။ အာမေဍိတ်-ဝိစ္ဆာ, ယမကာနှင့်, ဝါစာဖိုမ, သာမညပုဒ်, ဖော်ထုတ်ပြရာ, ပဒါလင်္ကာရ, ကျိုးမျှော်က····မှတ်ကြဧကတ် ကင်းကွာလတ်။

အာမေဍိတ် [အာမေဍိယတိ ပုနပ္ပုနံ ဥစ္စာရိယတီတိ-အာမေဍိတံ၊ အာမေဍနံ-ပုနပ္ပုနုစ္စာရဏံ ဝါ-နှစ်ကြိမ်သုံးကြိမ် ထပ်ကာထပ်ကာ ရွတ်ဆိုအပ်သော စကား(နှစ်ကြိမ်သုံးကြိမ်ရွတ်ဆိုခြင်း)သည် အာမေဍိတ်မည်၏။ [မေဍိ ဥမ္မာဒနေ အာပုဗ္ဗော ဒွတ္တိကွတ္တုမုစ္စာရဏေ ဝတ္တတိ၊ (အဘိဓာန်-ဋီ။) အာမေဍိတန္တိ ဝိညေယျံ, ဒွတ္တိကွတ္တုမုစ္စာရဏံ၊ ၄င်းစာကိုယ်။]

၁။ ဘယ။ ။ ထိတ်လန့်ကြောက်ရွံ့ခြင်း။ [သပ္ပေါ သပ္ပေါ-မြွေ,မြွေ၊ စောရော စောရော-ဓားပြ,ဓားပြ၊-စသည်။]

၂။ ကောဓ။ ။ အမျက်ထွက်ခြင်း။ [ဝိဇ္ဈ ဝိဇ္ဈ-ထိုးဟေ့,ထိုးဟေ့၊ ပဟရ ပဟရ-ရိုက်ဟေ့,ရိုက်ဟေ့၊-စသည်။]

၃။ ပသံသာ။ ။ ချီးမွမ်းခြင်း။ [သာဓု သာဓု-ကောင်းပေ့,ကောင်းပေ့၊-စသည်။]

၄။ တုရိတ။ ။ အဆောတလျင်ဖြစ်ခြင်း။ [ဂစ္ဆ ဂစ္ဆ-သွား,သွား၊ အပေဟိ အပေဟိ-ဖယ်,ဖယ်၊-စသည်။]

၅။ ကောတူဟလ။ ။ အုတ်အုတ်ကျက်ကျက်ဖြစ်ခြင်း, အသစ်အဆန်းကို တွေ့မြင်ခြင်း။ [အာဂစ္ဆ အာဂစ္ဆ-လာဟေ့,လာဟေ့ ကြည့်,ကြည့်၊-စသည်။]

၆။ အစ္ဆရ။ ။ အံ့သြခြင်း။ [ဗုဒ္ဓေါ ဗုဒ္ဓေါ-ဘုရား,ဘုရား(ဟုကြွေစည်သည်၊)-စသည်။]

၇။ ဟာသ။ ။ ရွှင်လန်းခြင်း။ [အဘိက္ကမထာယသမ္ဗန္ဓော အဘိက္ကမထာယသမ္ဗန္ဓော-ရှေ့ကိုကြွပါဘုရား, ရှေ့ကိုကြွပါဘုရား၊ ဟာ,ဟာ၊ ဟီ,ဟီ၊ ဟဲ,ဟဲ၊ -စသည်။]

၈။ သောက။ ။ စိုးရိမ်ခြင်း။ [ကဟံ ဧကပုတ္တက ကဟံ ဧကပုတ္တက-အမယ်လေး လူကလေးရဲ့,လူကလေးရဲ့ ဘယ်ကိုများသွားသလဲဟဲ့၊ အမယ်လေး, အမယ်လေး၊ မင်းလတ် မင်းလတ်, ငါ့သည်းပွတ်၊ (ဘူ)-စသည်။]

http://www.dhammadownload.com

ထို(ကြောက်ခြင်း, အမျက်ထွက်ခြင်း, ချီးမွမ်းခြင်း-စသော)အထူး၌၊ ဧကတ္ထ တာကတော-ဧကတ္ထ၏အဖြစ်ဖြင့်ပြုအပ်သော၊ ဒေါသော-(ဝါကျ)ဒေါသသည်၊ နဘဝတိ-မဖြစ်။

၉။ ပသာဒ။ ။ကြည်ညိုခြင်း၊ [အဟောသုခံ အဟောသုခံ-သြော်ချမ်းသာပေစွ, ချမ်းသာပေစွ၊-စသည်။]

ဤသို့ အဘိဓာန်၌ အာမေဋိတ်ဖြစ်ကြောင်း ကိုးပါးထုတ်ပြထား၏၊ ထို့ပြင်-

(က) ဂရဟာ။ ။ကဲ့ရဲ့ခြင်း၊ [ပါပေါ ပါပေါ-လူယုတ်မာ,လူယုတ်မာ။]

(ခ) အသမာန။ ။အတူမရှိခြင်း၊ [အဘိရူပက အဘိရူပက-တယ်လှပါကလား, တယ်လှပါကလား၊]-စသည်တို့ကြောင့်လည်း အာမေဋိတ် ဖြစ်နိုင်သေး၏၊ ထိုအာမေဋိတ်မျိုး၌ ဧကတ္ထဒေါသ မသင့်။

ဝိစ္ဆာ [ဗျာပိတုမိစ္ဆာ-ဝိစ္ဆာ၊] ဒေသ-စသောအားဖြင့် များသောအပြားရှိကုန်သော ဒြပ်, ဂုဏ်, ကြိယာလက္ခဏာရှိသော ဝတ္ထုဒြပ်တို့ကို ကြိယာနှင့်တကွဖြစ်စေ, ဂုဏ်နှင့်တကွဖြစ်စေ, ဒြပ်နှင့်တကွဖြစ်စေ ပျံ့နှံ့စေလို၍ ထပ်ဆိုခြင်းမျိုးသည် ဝိစ္ဆာမည်၏၊ သစ်ပင်တိုင်း သစ်ပင်တိုင်းကို ရေလောင်း၏ (ကြို)၊ ရွာတိုင်း ရွာတိုင်း မွေ့လျော်ဖွယ်ရှိ၏ (ဂုဏ)၊ ရွာတိုင်း ရွာတိုင်း သောက်ရေရှိ၏ (ဒြပ်)၊-စသည်၊ ထိုဝိစ္ဆာစကားမျိုး၌ ဧကတ္ထဒေါသမသင့်။

ထိုဝိစ္ဆာနှင့်အလားတူသော အာဘိက္ခည၌လည်း ဧကတ္ထဒေါသမသင့်၊ [အဘိက္ခဏသ ဘာဝေါ-အာဘိက္ခညံ၊] အဖန်ဖန်ဖြစ်ခြင်း, မပြတ်ဖြစ်ခြင်းသည် အာဘိက္ခညမည်၏၊ [ပစတိပစတိ-ချက်၏,ချက်၏၊ အလွန်ချက်၏၊ ဝါ-အလွန်ထူးသောချက်ခြင်းကို အဖန်ဖန်ပြု၏၊] [လုနာဟိ လုနာဟိ-အဖန်ဖန်ရိတ်လော,ရိတ်လော၊-စသည်။] ထိုဝိစ္ဆာနှင့်အာဘိက္ခည တို့၏ သဘောအကျယ်ကို မောဂ္ဂလ္လာန် "ဝိစ္ဆာဘိက္ခညေသု ဒွေ"ဟူသော သုတ်၌ ရှုပါလေ။

ယမက ယမက၏သဘောကို ဒေါသခန်း၌ ပြဆိုခဲ့ပေပြီ၊ ထိုယမက၌သော်ကား-သဒ္ဒါပင်တူမျှသော်လည်း အနက်ကွဲပြားမှ သင့်မည်၊ အနက်မကွဲပြားက "ဧကတ္ထဒေါသသင့်၏"ဟုပင် ယူသင့်၏။

ဝါစာဖိုမ အာကာသေဝယ်, နဘေစနှော်, လသို့ပေါ်သား, ဗောဓိညောင်ရွှေ, ဗုဒ္ဓဟေအောက်, ဆန်းကြယ်ပေါက်သား၊ သစ်သီးသစ်လံ၊ သစ်သီး-ဝလံ၊ ပန်း-မာလ်၊ ဘုရား-ပုထိုး၊ စကား-စမြည်၊ ရဟန်း-သံဃာ၊ ရာထူး-ဌာနန္တရ၊ ဩဇာ-အာဏာ၊ ဤသို့-စသည်ဖြင့် "ဘာသာနှစ်ပါးကို စပ်ဟပ်၍ဖြစ်စေ, စကား-စမြည်-စသည်ဖြင့် အနက်တူသော ဘာသာတစ်မျိုးတည်းကို စပ်ဟပ်၍ဖြစ်စေ ပြောဆိုသော အရာမျိုးကို "စကားဖို,စကားမ"ဟု ခေါ်သည်၊ (သံဖို, သံမလည်း ခေါ်၏၊) ထိုစကားဖို, စကားမ၌လည်း ဧကတ္ထဒေါသ မသင့်။

20(B)

http://www.dhammadownload.com

ယထာ–

၈၇။ သပ္ပော သပ္ပော အယံ ဟန္ဒ , နိဝတ္တတု ဘဝံ တတော၊
ယဒိ ဧဝံတုကာမောသိ , ကထံ တမုပသပ္ပသိ။

၈၇။ ဟန္ဒ–ဟာ်.... အို ! ဝါ–ပျက်စီးရလေစွတကား၊ အယံ–ဤအရာကား၊ သပ္ပောသပ္ပော–မြွေကြီးမြွေကြီးတည်း၊ ဘဝံ–အရှင်သည်၊ တတော–ထိုအရပ်မှ၊ နိဝတ္တတု–နောက်သို့ဆုတ်ပါလော့၊ ဧဝံတုကာမော–အသက်ရှင်လိုသည်၊ ယဒိအသိ–အကယ်၍ဖြစ်ငြားအံ့၊ ကထံ–အဘယ့်ကြောင့်၊ တံ–ထိုအရပ်သို့၊ ဝါ–ထိုမြွေသို့၊ ဥပသပ္ပသိ–ချဉ်းကပ်ရာဘိသနည်း ?။

["စကား–စမြည်၊ သူတော်–သူမြတ်"စသည်ဖြင့် အနက်တူသော ဘာသာတစ်မျိုးတည်းကို စပ်ဟပ်ပြောဆိုရာ၌ ပဒါလင်္ကာရသာ ဖြစ်သင့်မည်ထင်သည်၊ သို့ရာတွင် ရှေးဆရာတို့အယူနှင့် မဆန့်ကျင်လိုသောကြောင့်လည်းကောင်း, ရှေးဆရာတို့အယူအဆကို နားလည်ကြစေရန် ရည်သန်သောကြောင့်လည်းကောင်း စကားဖို့,စကားမအရာ၌ ၄င်းတို့ကို ထည့်သွင်းပြခဲ့ရပေသည်။]

သာမညပုဒ် ဖော်ထုတ်ပြရာ　ဟတ္ထိ–နာဂေါ၊ စိတ္တံ–မနော၊ တန်ဆေး–တမန်–စသည်ဖြင့် မထင်ရှားသော ရှေ့သာမညပုဒ်၏ အနက်အဓိပ္ပာယ်ကို ထင်ရှားစေခြင်းငှာ အနက်တူသဒ္ဒါကို ထပ်၍ဆိုရရာမျိုး၌ ဧကတ္ထဒေါသ မသင့်။

အိမ်ရှင်–ဇနီး၊ ခမည်း–ခမက်၊ စေတီ–ပုထိုး၊ အမျိုး–အနွယ်၊ အရှင်ကောင်း–အရှင်မြတ်၊ ဤပုံစံများ၌ အိမ်ရှင်, ခမည်း, စေတီ, အမျိုး, အရှင်ကောင်း–ဟူသော စကားတို့သည် အနက်နှစ်မျိုးသုံးမျိုးရှိကြသော စကားများဖြစ်ကြ၍ အလိုရှိအပ်သောအနက်ကို သိသာထင်ရှားစေရန် အနက်တူ သဒ္ဒါကွဲ (ပရိယာယ်ဖြစ်)သော ဇနီး, ခမက်, ပုထိုး, အနွယ်, အရှင်မြတ်–ဟူသော စကားတို့ကို ထပ်မံသုံးစွဲခြင်းဖြင့် အနက်သိသာထင်ရှား ကောင်းမြတ်လေသည်။

ပဒါလင်္ကာရ　ဖသေော ဖုသနာ ဖုသိတတ္တံ(ခမ္မသင်္ကာ)။ နဖားသွယ်၍, တောင်ငယ်ရှိရှိ၊ အကျိအပျဉ်,အကျဉ်အခဲ၊ လိမ်မောင့်လိမ်မာ, မောင့်ခြင်းရာကို (ဆုတောင်း)၊ သာယောင့်,သာယာ–စသည်ဖြင့် ပုဒ်ကို တန်ဆာဆင်ခြင်းငှာ ထပ်၍ဆိုရာ၌ ဧကတ္ထဒေါသ မသင့်။ (မရှည်မွန့်နီး–ဟူသော ကိုးခန်းပျို့စကားကိုလည်း စစ်ဆေးကြည့်ပါလေ။)

ပြန်ပုံစံ ။　။၈၇။ အလို ! ပျက်ရပလေ, ဤရှေ့ရှေ့ကား, မြွေကြီး မြွေကြီး, ကွင်းပြီးအမောင်, လှည့်ခွာရှောင်ပါ၊ အမောင်သက်ရှေ့, နေလိုပေက, ထိုမြွေရှိရာ, နီးကပ်စွာလျှင် .... ဘဏကြောင်းရင်း သွားသနည်း။

ရှင်း　ကြောက်သဖြင့် (သပ္ပောသပ္ပော–မြွေကြီး,မြွေကြီး)ဟု နှစ်ကြိမ်ထပ်ဆိုသော အာမေဍိတ်ဖြစ်သောကြောင့် အနက်တူ သဒ္ဒါတူသော်လည်း ဧကတ္ထဒေါသမသင့်။

http://www.dhammadownload.com

၂။ ဘဂ္ဂရီတိဒေါသ-အဖြေ

ဘဂ္ဂရီတိနော ယထာ–

၈၈။ ယော ကောပိ ရူပါတိဿယော , ကန္တိ ကာပိ မနောဟရာ၊
ဝိလာသာတိဿယော ကောပိ , အဟော ဗုဒ္ဓမဟောဒယော။

၈၈။ ရူပါတိဿယော–ရူပကာယတော်၏ တင့်တယ်လွန်ကဲခြင်းသည်၊ ယောကောပိ–အဘယ်မှာလျှင် ပြောဆိုနိုင်ဖွယ် ရှိပါအံ့နည်း၊ မနောဟရာ–သတ္တဝါတို့၏စိတ်ကို ယူကျုံးနှစ်သိမ့်စေနိုင်သော၊ ကန္တိ–အရောင်တော်သည်၊ ကာပိ–အဘယ်မှာလျှင် ပြောဆိုနိုင်ဖွယ် ရှိပါအံ့နည်း၊ ဝိလာသာတိဿယော–တင့်တယ်စံပယ်သော သွားခြင်းစသည်တို့၏ လွန်ကဲခြင်းသည်၊ ကောပိ–အဘယ်မှာလျှင် ပြောဆိုနိုင်ဖွယ် ရှိပါအံ့နည်း၊ ဗုဒ္ဓမဟောဒယော–မြတ်စွာဘုရား၏ ကြီးကျယ်ခမ်းနား, တိုးပွားခြင်းသည်၊ အဟော–သြော်–အံ့ဖွယ် ရှိပါပေစွတကား။

၃။ ဗျာကိဏ္ဏဒေါသ-အဖြေ

၈၉။ အဗျာမောဟကရံ ဗန္ဓံ , အဗျာကိဏ္ဏံ မနောဟရံ၊
အဒုရပဒဝိရာသံ , ပသံသန္တိ ကဝိသရာ။

---

(၂) ဘဂ္ဂရီတိဒေါသ-အဖြေ

ပြန်ပုံစံ။ ။၈၈။ ရူပနိကာယ်, ပြည့်ကြွယ်ကဲလွန်, တိုးပွားဟန်ကို, မချန်ဘယ်မှာ, ပြောနိုင်ပါအံ့၊ များစွာလူနတ်, စိတ်ဓာတ် ညွတ်အောင်, ဆွဲဆောင် ကွန့်လည်, ခြောက်ရောင်ခြည်ကို, ဘယ်လိုပြောကာ, ပြနိုင်ပါအံ့၊ သွားလာစံပယ်, လွန်တင့်တယ်ဟန်, မတူတန်ကို, ဘယ်လိုဖန်ကာ, ပြောနိုင်ပါအံ့၊ မြတ်စွာသုံးလူ့, တိုးပွားမှုသည်....ကြီးထုခမ်းနား အံ့ဖွယ်သော်။

ရှင်း (ကောပိ+ကာပိ+ကော–ဘယ်)ဟူသော သဗ္ဗနာမ်ပုဒ်ဖြင့် အားထုတ်လာသော အစဉ်သည် တစ်ချက်ချက်၌မျှ မပျက်ရကား ဘဂ္ဂရီတိဒေါသမှလွတ်၏၊ (အဟော–အံ့ဖွယ်သော်)ဟူသော စကားသည် ပေါင်း၍ဆိုထားသော အကျိုးစကား သီးသန့် ဖြစ်၏၊ ထို့ကြောင့် "ဘဂ္ဂရီတိဖြစ်လေသလား"ဟု တစ်စုံတစ်ရာ ယုံမှားတွေးတောဖွယ် မရှိပြီ။

မြန်ပုံစံ။ ။(က) သူတော်မထေရ်, ငါ့အရည်နှင့်, ငါသည်တွေးဆ, ငါ့စိတ်ကမူ, ဒုက္ခမချုတ်, ဤဝဋ်တွင်းမှာ။
(ခ) သည်မင်းသည်စိုး, သည်သူခိုးနှင့်, သည်မိုးသည်လေ, သည်လူတွေနှင့်။

(က) "ငါ"ဟူသော စကားကို ဆိုသင့်သည့်အတိုင်း ပြည့်စုံအောင် ဆိုသောကြောင့် အစဉ်မကျိုးရကား ဘဂ္ဂရီတိဒေါသမှ လွတ်၏။

(ခ) ဤ၌လည်း "သည်"ဟူသော သဗ္ဗနာမ်ပုဒ်ကို အစဉ်မပျက် သုံးထားသောကြောင့် ဘဂ္ဂရီတိ မဖြစ်။

၃။ ဗျာကိဏ္ဏဒေါသ-အဖြေ

၈၉။ ။စပ်သင့်ပုဒ်များ, နီးစွာထား၍, နက်များပေါလွင်, ရေးသားလျှင်, ကင်းစင်ဗျာကိဏ္ဏ။

http://www.dhammadownload.com

၈၉။ အဒူရပဒဝိနျာသံ-စပ်သင့်သောပုဒ်ချင်း နီးကပ်စွာထားခြင်းရှိသော၊ ဝါ-ကြောင့်၊ အဗျာကိဏ္ဏံ-(မစပ်သင့်သောပုဒ်တို့နှင့် နီးနှောစပ်ဖက်,) ရောယှက်ခြင်း မရှိသော၊ ဝါ-ကြောင့်၊ မနောဟရံ-ပညာရှိတို့၏ စိတ်နှလုံးကို ယူကျုံးနှစ်သိမ့်စေတတ်သော၊ ဝါ-ကြောင့်၊ အဗျာမောဟကရံ-တွေဝေယုံမှားစေခြင်းကို မပြုတတ်သော၊ ဗန္ဓံ-(ပသာဒဂုဏ်နှင့်ယှဉ်သော)အဖွဲ့ဗန္ဓကို၊ ကဝိဿရာ-လွန်မြင့်မြတ်ဘိ, ပညာရှိတို့သည်၊ ပသံသန္တိ-ချီးမွမ်းကြကုန်၏။

ယထာ-

၉၀။ နီလုပ္ပလာဘံ နယနံ , ဗန္ဓုကရုစိရောဓရော၊
နာသာ ဟေမကံ့သော တေန , ဒိနောယံ ပိယဒဿနော။

၉၀။ (ယဿ ဒိနဿ-အကြင်မြတ်စွာဘုရား၏၊) နယနံ-မျက်လုံးတော်အစုံသည်၊ နီလုပ္ပလာဘံ-ကြာညိုပန်းနှင့်တမူ, အလားတူပါပေ၏၊ (အာဘာ-သဒ္ဒါ ကျဝါဒိဂိုဏ်းဝင်၊) အဓရော-နှုတ်ခမ်းတော်သည်၊ ဗန္ဓုကရုစိရော-မိုးစွေပန်းကဲ့သို့ နီမြန်းတင့်တယ်, နှစ်သက်ဖွယ်ရှိလှပါပေ၏၊ နာသာ-နှာခေါင်းတော်သည်၊ ဟေမကံ့သော-ရွှေချွန်းတမူ, အလားတူတော်မူပါပေ၏၊ တေန-ထို့ကြောင့်၊ အယံ ဒိနော-ဤမြတ်စွာဘုရားသည်၊ ပိယဒဿနော-နှစ်သက်ကြည်လင်, ဖူးမြင်သင့်ဘိ, သပ္ပာယ်သော အဆင်းရှိတော်မူပါပေ၏။

စပ်သင့်သောပုဒ်ချင်း နီးကပ်စွာထားသောကြောင့် ရောနှောရှုပ်ထွေးခြင်း မရှိရကား ပညာရှိတို့၏ စိတ်ကို နှစ်သိမ့်စေနိုင်သော ပေါ်လွင်ထင်ရှား, အနက်အဓိပ္ပာယ်များ ပါရှိသည့် အဖွဲ့ဗန္ဓကို ပသာဒဂုဏ်ရောက်သောကြောင့် ပညာရှိများ ချီးမွမ်းကြ၏၊ ထိုပသာဒဂုဏ်ရောက်က ဗျာကိဏ္ဏဒေါသကိုလည်း လွန်မြောက်ပြီး ဖြစ်တော့သည်သာ။

ပြန်ပုံစံ။ ။ ၉၀။ မျက်လုံးအစုံ, ကြာညိုပုံတည်း၊ အစုံနှုတ်ခမ်း, မိုးစွေပန်းသို့, နီမြန်းတင့်တယ်, နှစ်သက်ဖွယ်သာ၊ နှာခေါင်းမှာမူ, ရွှေချွန်းတူသား၊ အကြောင်းများကြောင့်, ဘုရားဒိနော်, ရုပ်ပုံတော်သည်....ဖူးမြော်မဝ ရှိတော့သည်။

ရှင်း ဤအဖွဲ့သည် စပ်ဟပ်ရမည့်ပုဒ်ချင်း နီးကပ်စွာထားခြင်းကြောင့် ဗျာကိဏ္ဏဒေါသမှ လွန်မြောက်၏၊ ပသာဒဂုဏ်ရောက်သည်။ [ဒေါသခန်း၌ ပြဆို ခဲ့သော ပုံစံကိုလည်း ဥက္ကန္တာပဟေဋ္ဌိသို့ သွင်းက ဗျာကိဏ္ဏဒေါသမှ လွတ်၏။]

ဒေါသခန်း၌ ပြဆိုခဲ့သော မြန်မာပုံစံကိုမူ "ဘုရားတရား, သံဃာများဟု, သုံးပါးရတနာ, တစ်ဖြာပြဒါး, ဤလေးပါးကို, မခြားနေ့ည, ဓာရဏဖြင့်" ဤသို့ပြင်သင့်၏၊ ထိုသို့ပြင်က ဗျာကိဏ္ဏဒေါသ ရောက်ဖွယ်မရှိ၊ ပရိဟာရ ဖြစ်၏။

http://www.dhammadownload.com

၄။ ဂါမ္မဒေါသ-အဖြေ

၉၁။ သမတိက္ကန္တဂါမ္မတ္တံ , ကန္တဝါစာဘိသခ်ံတံ၊
ဗန္ဓနံ ရသဟေတုတ္တာ , ဂါမ္မတ္တံ အတိဝတ္တတိ။

၉၁။ သမတိက္ကန္တဂါမ္မတ္တံ-နင့်သီးရိုင်းပြ, အလွန်တောကျသောစကားကို ကောင်းစွာ လွန်မြောက်သော၊ ကန္တဝါစာဘိသခ်ံတံ-(မြို့သုံး ပြသုံး, ထီးနန်းသုံးငြား,) နှစ်သက်ဖွယ်သော စကားတို့ဖြင့် ပြုပြင်စီရင်အပ်သော၊ ဗန္ဓနံ-(မုတ္တကစသော) အဖွဲ့ဗန္ဓသည်၊ ရသဟေတုတ္တာ-(ပညာရှိတို့ သာယာနှစ်သက်ခြင်း၏အကြောင်း, မာဓုရိယဂုဏ်၏ အကြောင်း,) သိင်္ဂါရ ရသ၏အကြောင်းဖြစ်သောကြောင့်၊ ဂါမ္မတ္တံ-ဂါမ္မဒေါသကို၊ အတိဝတ္တတိ-လွန်မြောက်၏၊ (မာဓုရိယဂုဏ်-ဟူသည် မဓုရတာဂုဏ်ပင် ဖြစ်၏။)

ယထာ-

၉၂။ ဒုနောတိ ကာမစဏ္ဍာလော , သော မံ သဒယ နိဒ္ဒယော၊
ဤဒိသံ ဗျသနာပန္နံ , သုခီပိ ကိမုပေက္ခသေ။

---

(၄) ဂါမ္မဒေါသ-အဖြေ

၉၁။ ။ထီးဆန် နန်းဆန်, ရေးသားပြန်, ကျော်လွန်ဂါမ္မ-ပြစ်ဒေါသ။

နင့်သီးရိုင်းပြ တောကျသောစကား မပါစေဘဲ မြို့သုံး ပြသုံး, ထီးနန်းသုံးစကား တို့ဖြင့် ရေးသားစီရင်ထားသော အဖွဲ့ဗန္ဓသည် [သိင်္ဂါရ ရသ၏အကြောင်းဖြစ်သောကြောင့်] ဂါမ္မဒေါသမှ လွတ်မြောက်၏၊ ထိုဂါမ္မဒေါသမှ လွတ်မြောက်ပါကလည်း ကန္တိဂုဏ် ရောက်တော့သည်သာ၊ ဋီကာဆရာတို့၏ အလိုအားဖြင့် မဓုရတာဂုဏ်ရောက်သည်-ဟုလည်း ယူသင့်၏။

မြို့ကြီးသူတို့သည် မစင်,အမှိုက်,အညစ်အကြေးကို စွန့်ပစ်သောသူကို ပန်းမှိုက်သွန်-စသည်ဖြင့်လည်းကောင်း, နန်းတော်သူ နန်းတော်သားတို့သည် "သင့်ကို ငါချစ်သည်" ဟူသောစကားကိုပင် "အသားပြာညို, ကြာပွင့်လိုလျှင်, နဂိုတင့်တယ်, လှသက်လှယ်, အဘယ်ဝဋ်ဟောင်း, ကံအကြောင်းက, စုပေါင်းစီစဉ်, အမြဲယှဉ်၍, နုယဉ်ကျေးလှ, ချစ်နှမကို, လောကဓမ္မတာ, လူ့တံထွာဖြင့်, ကြင်နာစုံမက်, ချစ်နှစ်သက်ဟု, သိခက်လှပေ"စသည်ဖြင့်လည်းကောင်း ယဉ်ကျေးသိမ်မွေ့စွာ သုံးစွဲပြောဆိုတတ်ကြကုန်၏၊ ထို့ကြောင့် ၄င်းတို့၏စကား၌ ဂါမ္မဒေါသ အဖြစ်နည်းလေသည်။

ပြန်ပုံစံ။ ။၉၂။ သနားချစ်ခင်, မယ့်သခင် !, ကြင်နာကင်းလှ, ကာမတရား, ဒွန်းစဏ္ဍားက, မယ့်အားခုခါ, ဖျက်ဆီးပါ၏၊ ချမ်းသာပြည့်ကြွယ်, မယ့်သက်လှယ်သည်, သည့်နှယ်ပျက်သူ, မောင့်အိမ်သူကို····လျစ်လျူဘာ့ကြောင့် ရှုသနည်း။

http://www.dhammadownload.com

၉၂။ သဒယ-ကြင်နာတတ်ပေ, မယ့်ကြင်ဆွေ !၊ နိဒ္ဒယော-သနားကရုဏာ, လွန်ကင်းကွာသော၊ သောကာမစဇ္ဈာလော-ထိုကာမတရား, ဒွန်းစဇ္ဈားသည်၊ မံ-ကျွန်မကို၊ ဒုနောတိ-နှိပ်စက်ဖျက်ဆီးပါ၏၊ သုခီပိ-ချမ်းသာခြင်းရှိသည်လည်း ဖြစ်သော၊ တွံ-သင်ချစ်လင်သည်၊ ဤဒိသံ-ဤသို့သဘောရှိသော၊ ဗျသနာပန္နံ-(သည်းမခံနိုင်လောက်,) ပျက်စီးခြင်းသို့ ရောက်နေသော ကျွန်မကို၊ ကိံ-အဘယ့်ကြောင့်၊ ဥပေက္ခသေ-အရေးမပြု, လျစ်လျူရှု၍နေဘိသနည်း။

ရှင်း　ဤအဖွဲ့စကားသည် လင်ပစ်ထားသဖြင့် အလိုရမ္မက် ပြင်းထန်နေသည့်မိန်းမက လင်အား တောင်းပန်ပြောဆိုပုံကို ပြသော အဖွဲ့စကားဖြစ်၏၊ ဤအဖွဲ့မျိုးကို ကဗျာဆရာတို့က မောင်တော-ဟု ခေါ်ကြ၏။

ဤ၌ အကြင်နာကင်းမဲ့သော ကာမတရား ဒွန်းစဇ္ဈားက မိမိအား ဖျက်ဆီးသည်-ဟူသောစကားဖြင့် လင်ယောကျ်ားအပေါ်၌ မည်မျှချစ်ကြိုက်နေကြောင်း, ကာမဂုဏ်ကို လွန်စွာလိုလား တောင့်တနေကြောင်းကို သွယ်သွယ်ဝိုက်ဝိုက် ယဉ်ယဉ်ကျေးကျေး သုံးနှုန်းပြောဆိုထား၏၊ "သနားခြင်းလည်းရှိ, ချမ်းသာမှုလည်းရှိသော ချစ်လင်သည် ဤကဲ့သို့ ဆင်းရဲပျက်စီးနေသော ကျွန်မအား ဘာ့ကြောင့် လျစ်လျူရှုရဘိသနည်း"ဟူသော စကားဖြင့် မိမိယောကျ်ားသည် တစ်ပါးသောမိန်းမတို့နှင့် ပလူးပလဲ ယှဉ်တွဲပျော်မြူးနေကြောင်း, မိမိအား စွန့်ပစ်ထားကြောင်းကို သွယ်ဝိုက်၍ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုသုံးစွဲထား၏၊ ထို့ကြောင့် ဂါမဒေါသမှ လွတ်မြောက်လေသည်၊ ထိုသို့ မဟုတ်မူ၍-

"ရှင့်ကို ကျုပ်ကမဖြတ်ဘဲ ရှင်က ကျုပ်ကိုဖြတ်တာဟာ မယားအငယ်အနှောင်းတွေ့လို့ပေါ့တော့"ဟု နှုတ်ကြမ်းလျှာကြမ်းဖြင့် ထမီစွန်တောင်ဆွဲလျက် လက်ညှိုးတငေါက်ငေါက် ထိုးကာ ပြောဆိုပါက "ဂါမဒေါသ" သင့်,မသင့် ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ကြည့်ပါတော့။

မြန်ပုံစံ။　။ဝါသည်ရွက်လည်း, ပင်ထက်မနား, လေသို့ယား၍, ထွားထွားမကျန့်, သန္ဓာကွန့်သို့, မြည့်ကွန့်ရစ်ခွေ, နှင်းခဲ့ပေ၍, ရွှေရွှေဘော်စံ, ခေါ်သံရင့်ယူ, အတူတွန်ပြည်း, စုစည်းစုလျက်. ကျေးငှက်လည်းခွေ, စုံစုံနေရှင့်, နန်းမြေအောင်ချာ, လှနတ်မှာမူ, ဗျာပါဖြေဖွယ်, ရွှင်မချယ်တည်း၊ ညှိုးငယ်မယ့်ရုပ်, တန့်အောင်ချုပ်လည်း, မှိုင်းအုပ်ထွေထွေ, တိမ်သို့ဝေမျှ, ဖြေဖျော်မစ, ယုယဆီးတား, သူနှင့်ခြားသည်....ပျော်ပါးမှေကျန် ပေလိမ့်မည်။ (ပေါင်း။)

ဤစကားသည်လည်း ရိုင်းပြသောစကားမပါ၊ သာယာယဉ်ကျေးသော အသုံးအနှုန်းတို့ဖြင့်သာ စီကုံးရေးသားထားသောကြောင့် ဂါမဒေါမှ လွတ်မြောက်၏၊ သုခုမာလ တာဂုဏ်, ဝိယောဂသိင်္ဂါရ ရသပါရှိ၏။

http://www.dhammadownload.com

၅။ ယတိဟီနဒေါသ-အဖြေ

၉၃။ ယတိဟီနပရိဟာရော , န ပုနေဒါနိ နိယတော၊
ယတော န သဝနုဗ္ဗေဂံ , ဟေဋ္ဌာ ယေတံ ဝိစာရိတံ။

၉၃။ ယတော-အကြောင်ကြောင့်၊ သဝနုဗ္ဗေဂံ-(အစဉ်ရောက်လျက် အဖြေပုံစံကို မဆိုဟု ပညာရှိများ) ဤကျမ်းကို ကြားနာသင်ယူခြင်း၌ ထိတ်လန့်တုန်လှုပ်ဖွယ်သည်၊ န အတ္ထိ-မရှိ၊ (တတော-ထို့ကြောင့်၊) ယတိဟီနပရိဟာရော-ယတိဟီနဒေါသအဖြေ ဥဒါဟရဏ်ကို၊ ဣဒါနိ-ယခုအခါ၌၊ ပုန-နောက်ထပ်တစ်ဖန်၊ နနိယတော-မထုတ်ဆောင်အပ်၊ ဧတံ-ဤယတိဟီနဒေါသအဖြေ ဥဒါဟရဏ်ကို၊ ဟေဋ္ဌာ-အောက် (ဖြစ်သော ဒေါသာဝဇ္ဇောဓပိုင်း)၌၊ ဝိစာရိတံ-(တံ နမေ သိရသာ စာမိ-စသည်ဖြင့်) စိစစ်ဖြေဆိုအပ်ခဲ့လေပြီ။ (ဋီကာသစ်-နည်း။)

တစ်နည်း= ယတိဟီနပရိဟာရော-ယတိဟီနဒေါသအဖြေကို၊ ပုန-တစ်ဖန်၊ ဣဒါနိ-ယခုအခါ၌၊ နနိယတော-ဆောင်ပြအပ်တော့မည်မဟုတ်၊ ယတော-ယင်းကဲ့သို့ မဆောင်ပြခြင်းကြောင့်၊ သဝနုဗ္ဗေဂံ-ကြားနာရချက်, မသက်မသာ, ထိတ်လန့်ဖွယ်ရာသည်၊ န-မဟုတ်၊ ကသ္မာ-အဘယ့်ကြောင့်နည်း ?၊ ဧတံ-ဤယတိဟီနဒေါသ၏ အဖြေဥဒါဟရဏ်ကို၊ ဟေဋ္ဌာ-အောက်၌၊ ဝိစာရိတံ-စိစစ်အပ်ပြီ၊ တသ္မာ-ထို့ကြောင့်တည်း။ (ဆရာနည်း။)

---

(၅) ယတိဟီနဒေါသ-အဖြေ

၉၃။ အစဉ်ရောက်လာပါလျက် အဘယ့်ကြောင့်ယတိဟီနဒေါသအဖြေပုံစံကို မပြဘဲ နေပါလိမ့်မည်နည်း-ဟု ဤကျမ်းကို သင်ယူကြည့်ရှုနားထောင်ကြသော ပညာရှိများ တစ်စုံတစ်ရာ ထိတ်လန့်တုန်လှုပ်ဖွယ်, မနှစ်မြို့ဖွယ် မရှိတော့ချေ၊ ထို့ကြောင့် ယတိဟီနဒေါသအဖြေကို ဤနေရာ၌ ထပ်၍မဆိုတော့ချေ၊ ထိုယတိဟီနဒေါသ၏အဖြေ ဥဒါဟရဏ်ကို အောက်ဒေါသာဝဇ္ဇောဓပိုင်းကပင် ဆိုခဲ့ပြီးပါပြီ။ (ဋီကာသစ်-နည်း။)

တစ်နည်း= ယတိဟီနဒေါသအဖြေကို ယခုနောက်ထပ် ဆောင်ပြအပ်တော့မည်မဟုတ်၊ ဤယတိဟီနဒေါသအဖြေ ဥဒါဟရဏ်ကို အောက်၌ စိစစ်အပ်ပြီးဖြစ်သောကြောင့် ယင်းသို့မဆောင်ပြသည့်အတွက် ကြားနာရချက် မသက်မသာ ထိတ်လန့်ဖွယ်ရာလည်း မဟုတ်တော့ပေ။ (ဆရာ-နည်း။)

တစ်နည်း= ယတိဟီနဒေါသအဖြေကို အောက်ဒေါသာဝဇ္ဇောဓပိုင်းကပင် ပြဆိုခဲ့လေပြီ၊ ထို့ကြောင့် ယခုထပ်၍ မပြဆိုတော့ပေ၊ ထိုသို့ ပြဆိုပြီးဖြစ်သောကြောင့် ယတိဟီန

[ရှုပ်ထွေးနေမည်, ကျမ်းလေးမည်စိုးသောကြောင့် ငါတို့အလိုကျ (၉၃) ဂါထာ၏အနက်ကို မရေးလိုက်တော့ပေ၊ အလိုရှိက အဓိပ္ပာယ်ပြန်ထားသည်ကို ကြည့်ရှု၍ ပေးပါလေ။]

http://www.dhammadownload.com

၆။ ကမစ္ဆုတဒေါသ-အဖြေ

ကမစ္ဆုတသာ ယထာ-

၉၄။ ဥဒါရစရိတောသိ တွံ , တေနေဝါရာဓနာ တွယိ၊
ဒေသံ ဝါ ဒေဟိ ဂါမံ ဝါ , ခေတ္တံ ဝါ မမ သောဘဏ်။

၉၄။ (ပုညဝန္တ-ဘုန်းကံပေါဖြင့်, အိုး-အရှင် !၊) တွံ-သင်သည်၊ ဥဒါရစရိတော-လျှဒါန်းပေးကမ်းခြင်းအကျင့်ရှိသည်၊ အသိ-ဖြစ်ပါ၏၊ တေနေဝ-ထို့ကြောင့်သာလျှင်၊ တွယိ-သင်၌၊ မမ-အကျွန်ုပ်၏၊ အာရာဓနာ-နှစ်သက်စေခြင်းသည်၊ ဝါ-တောင်းရမ်းခြင်းသည်၊ ဟောတိ-ဖြစ်ပါ၏၊ မမ-အကျွန်ုပ်အား၊ သောဘဏ်-ကောင်းမြတ်တင့်တယ်သော၊ ဒေသံဝါ-တိုက်နယ်ကိုသော်လည်းကောင်း၊ ဂါမံဝါ-ရွာကိုသော်လည်းကောင်း၊ ခေတ္တံဝါ-လယ်ကိုသော်လည်းကောင်း၊ ဒေဟိ-ပေးပါလော့။ [ဥဒါရ-သဒ္ဒါသည် ပေးကမ်းတတ်သူ, မြင့်မြတ်သူတို့၌ ဖြစ်၏၊ (အမရကောသ၊) ဤ၌ ဘာဝလောပကြံ၍ လျှဒါန်းပေးကမ်းခြင်းကို အရကောက်သည်။]

ဒေါသအဖြေကိုလည်း ကြားနာလိုသော အကြံအစည်သည် တပည့်တို့၏သန္တာန်၌ တစ်ရံတစ်ဆစ်မျှ ဖြစ်တော့မည်မဟုတ်ချေ။ (ဤကား ငါတို့အလိုတည်း။)

(၆) ကမစ္ဆုတဒေါသ-အဖြေ

ပြန်ပုံစံ။ ။ ၉၄။ ဘုန်းကံသခင်, အိုး-အရှင် !, အရှင်တမူ, အလှူရေစက်, လက်နှင့်မကွာ, သဒ္ဓါမည်စစ်, နတ်လမ်းချစ်၏၊ သို့ဖြစ်သည်တွက်, နှစ်သက်ခစား, သင့်ထံပါးမှာ, တောင်းရမ်းပါရှင့်၊ လွန်စွာတင့်တယ်, ပြန့်ပြောကျယ်သည့်, တိုက်နယ်ကိုလျှင်, ကျုပ်လိုချင်၏၊ ထိုလျှင်များက, ရွာကိုမျှသာ၊ ထိုမျှများမူ, လယ်ကိုယူမည်-ကြည်ဖြူရက်ရော-ပေးပါလော။

ရှင်း ဤ၌ အများမှစ၍ တောင်းခြင်းသည် အစဉ်ကျသောကြောင့် ကမစ္ဆုတဒေါသမှ လွတ်မြောက်၏။

မြန်မာပြန်ပုံစံများ။ ။ (က) ဥဒယဘဒ္ဒမင်းသမီး ! . . . .သင်သည် ပြန်၍နုပျိုသည်မဟုတ်၊ အိုဘက်,သေဘက်သို့ တစ်ရက်ထက်တစ်ရက် နီးလာခဲ့၏၊ သို့ဖြစ်၍ ဈေးကျခဲ့လေပြီ၊ ထို့ကြောင့် ဈေးလျှော့၍ ငါပေးသည်၊ တိုး၍ မပေးနိုင်၊-ဤသို့ဆိုမူ ပေးစဉ်မှန်၏၊ အပြစ်မရှိ။

(ခ) "ဘုရားတရား, သံဃာအားလျှင်, ညွတ်တွားသဒ္ဓါ, ဆရာမိဘ, ဟူသမျှကို, ဒွါရမနော, သဒ္ဓါစောလျက်" [ဤ၌လည်း လောကဆိုရိုးအတိုင်း ဆိုသောကြောင့် ကမစ္ဆုတဒေါသမှ လွတ်ကင်းလေသည်။]

(ဂ) ရင်-လည်-ဦးရစ်, တိုင်အောင်နစ်သား, [ထိုသို့ဆိုက စောက်ထိုးသွားသကဲ့သို့ မဖြစ်ဘဲ အစဉ်ကျသောကြောင့် ကမစ္ဆုတဒေါသမှ လွတ်မြောက်မည်။]

http://www.dhammadownload.com

၇။ အတိဝုတ္တဒေါသ-အဖြေ

အတိဝုတ္တသ ယထာ-

၉၅။ မုနိန္ဒစန္ဒသမ္ဘူတ-ယသောရာသိမရီစိနံ၊
သကလောပျယမာကာသော , နာဝကာသော ဝိဇမ္ဘနေ။

၉၅။ မုနိန္ဒစန္ဒသမ္ဘူတယသောရာသိမရီစိနံ-မြတ်စွာဘုရားတည်းဟူသော လမှ ကောင်းစွာဖြစ်သော ကျော်စောခြင်းအစုတည်းဟူသော အရောင်တို့ကို၊ ဝိဇမ္ဘနေ-ဖြန့်သည်ရှိသော်၊ သကလောပိ-အလုံးစုံလည်းဖြစ်သော၊ အယံ အာကာသော-ဤကောင်းကင်သည်၊ အဝကာသော-တည်ရာသည်၊ နဟောတိ-မဖြစ်၊ တစ်နည်း= နာဝကာသော-မဆံ့ပေ။

၈။ အပေတတ္ထဒေါသ-အဖြေ

၉၆။ ဝါကျံ ဗျာပန္နစိတ္တာနံ , အပေတတ္ထံ အနိန္ဒိတံ၊
တေနုမ္မတ္တာဒိကာနံ တံ , ဝစနာညတြ ဒုဿတိ။

---

(၇) အတိဝုတ္တဒေါသ-အဖြေ

ပြန်ပုံစံ။ ။၉၅။ လမင်းဟူငြား, မြတ်ဘုရား၏, ကျော်ကြားရောင်တော်, ဖြန့်လိုက်သော်လျှင်, ဤကောင်းကင်သည်....ဘယ်တွင်ဆံ့ဖွယ်ရှိအံ့နည်း။

ရှင်း ဟေတုဖလ-စသော တစ်ခုခုသော အကြောင်းဖြင့်လည်း မနှိုင်းယှဉ် မရေတွက်အပ်ကုန်သော သဗ္ဗညုတဉာဏ်တော်တို့၏ ဖြစ်ပုံတည်းဟူသော ကျော်စောခြင်းအစုကို အပွမေယျ အနန္တသာမညဖြစ်သော ကောင်းကင်တစ်ခုလုံးကိုကဲ့သို့ ပြုလုပ်၍ ဆိုထားခြင်းသည် သင့်လျော်လျောက်ပတ်၏၊ ထို့ကြောင့် ဤအရာ၌ အတိဝုတ္တမဖြစ်။ ("စကြဝဋာ, အဇဋာနှင့်, သတ္တဝါများ, ဉာဏ်တော်အား, လေးပါးအနန္တ" ဟူသော ဆောင်ပုဒ်အတိုင်း အနန္တလေးပါး ရှိ၏၊ အကျယ်ကို အလိုရှိက အဋ္ဌသာလိနီအဋ္ဌကထာ ကာမာဝစရကုသိုလ်အဖွင့်၌ ရှုပါ။)

ဒေါသခန်း၌ပြခဲ့သော ပုံစံကို ဖာထေး၍ဖြေလိုက "အတိသမ္ဘာဓမာကာသံ , ကိမိဿာ ထနဇမ္ဘနေ။ ဣမိဿာ-ဤအပျဉ်းအလွန်ကျသော သားမြတ်ရှိသောမိန်းမ၏၊ ထနဇမ္ဘနေ-သားမြတ်နှစ်ခုကို ဆွဲဖြန့်သည်ရှိသော်၊ အာကာသံ-ကောင်းကင်သည်၊ ကိံအတိသမ္ဘာဓံ-အဘယ်မှာလျှင် ကျဉ်းပါလိမ့်မည်နည်း။ ။သားသည်မိခင်, သားမြတ်ပြင်ကို, ဖြန့်လျှင်ဘယ်မှာ, ထက်အာကာကို, ဖက်ကာတုပြိုင်နိုင်မည်နည်း" ဟု ဖြေသင့်၏။

မြန်ပုံစံ။ ။ယူဇနာတွက်ကိန်း, အသိန်းကောဋိ, သချေ်ချိသား, ဣဒ္ဓိပါဒ်မျိုး, ဘုန်းတန်ခိုးဖြင့်, မြေမိုးအောက်ထက်, နှံ့အောင်ယှက်သည်....စက္ခုမတော မြတ်ရှင်စော။

ဤ၌ မြတ်စွာဘုရားဂုဏ်တော်ကို ဖွဲ့သောအရာ ဖြစ်သောကြောင့် အတိဝုတ္တဒေါသမှ လွတ်မြောက်၏။

၈။ အပေတတ္ထဒေါသ-အဖြေ

၉၆။ ။အရူးစသား, ပြောစကား, လွတ်ငြား ပေတတ္ထ။

http://www.dhammadownload.com

၉၆။ ဗျာပန္နစိတ္တာနံ-ဖောက်ပြန်သောစိတ်ရှိသောသူတို့၏၊ ဝါကျံ-စကားကို၊ အပေတတ္ထံ-အပေတတ္ထဒေါသသင့်၏ဟူ၍၊ ဝါ-အပေါင်းဖြစ်သောအနက်မှ ကင်း၏ဟူ၍၊ အနိန္ဒိတံ-မကဲ့ရဲ့အပ်၊ တေန-ထို့ကြောင့်၊ ဥမ္မတ္တာဒိကာနံ-အရူးစသည်တို့၏၊ ဝစနံ-စကားကို၊ အညတြ-ကြဉ်ထား၍၊ တံ-ထိုလူကောင်းတို့၏ အပေါင်းဖြစ်သော အနက်မှ ကင်းသောစကားသည်၊ ဒုဿတိ-အပေတတ္ထဒေါသကြောင့် ပျက်စီး၏၊ ဝါ-အပေတတ္ထဒေါသသင့်၏။

ယထာ-

၉၇။ သမုဒ္ဒါ ပိယတေ သောယ-မဟမဇ္ဇ ဧရာတုရော၊
ဣမေ ဂဇ္ဇန္တိ ဇီမူတာ , သက္ကသေရာဝဏော ပိယော။

အပေါင်းဖြစ်သောအနက်(ပိဏ္ဍတ္ထ)အဓိပ္ပာယ်မှကင်းသော မဆီမဆိုင်စကားမျိုးသည် အရူး,ကလေး, ငန်းဖမ်းသူ, ဘီလူးဖမ်းသူ,သဘင်သည်-စသောသူတို့ စကားဖြစ်မူ အပေတ္ထဒေါသ မသင့်၊ ထိုမှတစ်ပါး လူကောင်းများ၏စကား ဖြစ်မူကား အပေတတ္ထဒေါသသင့်တော့သည်သာ၊ အရူး-စသည်တို့၏စကားကို ကဲ့ရဲ့က ကဲ့ရဲ့သောသူသာ ဂုဏ်ပျက်မည်၊ ထိုသူများကား ပြောချင်တိုင်းပြော ဆိုချင်တိုင်းဆို ဤနေရာ၌ လွတ်လပ်ခွင့်ရသော သူတို့ပေတည်း။

မဃဒေဝဆရာတော်သည် "အရူးတသွယ်, သူငယ်တဝ, မိန်းမတစ်ပါး, ပြောစကားတည်း, တရားမဲ့ရိုး, ဤသုံးမျိုးကို, အကျိုးအပြစ်, မစိစစ်ရာ"ဟု ဆိုသေး၏။

ပြန်ပုံစံ။ ။၉၇။ ထိုသမုဒ္ဒရာ, သောက်အပ်ပါ၏၊ ငါလျှင်မူကား, ယနေ့ဖျား၏၊ မိုးသားအုပ်ဖုံး, မိုးလည်းချုန်း၏၊ ရှေးဘုန်းကြီးမား, ဖိုးသိကြား၏, စီးထားဆင်မွန်, ဧရာဝဏ်သည် . . . .အလွန်ချစ်ဖွယ် ကောင်းလှ၏။

ရှင်း ဤစကားသည် အစိတ်အစိတ်ကား အနက်ရှိ၏၊ အပေါင်းအားဖြင့် သိမှတ်စရာအနက်မရှိ၊ မဆီမဆိုင်ဆိုထားသည်၊ ထို့ကြောင့် အပေတတ္ထဒေါသသင့်၏၊သို့ရာတွင် ဤစကားမျိုးကို အရူးများပြောဆိုပါက မနှစ်သက်စရာမဟုတ်၊ လူကောင်းများသာ ပြောဆိုပါမူ နားကို သံတံကျင်ဖြင့် ထိုးဘိသကဲ့သို့ မနှစ်သက်ဖွယ် ဖြစ်၏၊ ထို့ကြောင့် ဤပုံစံသည် အနိန္ဒိတ, နိန္ဒိတ နှစ်ဖက်ရပုံစံတည်း။

"နွားမ၏သား, ထိုနွားလားကား, မြက်များစားပြီ, ရေသောက်ပြီဟု, ထိုဤလှည့်ပတ်, ပြောဆိုလတ်သည်-အဝတ်မကပ် ရှူးသတည်း"ဟု ဖြည့်စွက်ဖာထေး၍ဖြေက ဒေါသမှ လွတ်မြောက်ဖွယ် ရှိ၏။

ဖုန်းမြတ်ကြီးဦးထွေးငြိမ်းထုတ်သော သင်္ကြန်စာကို "သင်္ကြန်စာထုတ်သော ပုဏ္ဏားများကို စောင်းငဲ့(စောင်းချိတ်)၍ ခပ်ရွန်းရွန်း ရယ်စရာပြုလုပ်ရေးသားသည်, သင်္ကြန်စာ

http://www.dhammadownload.com

၉၇။ သောယံ သမုဒ္ဒေါ–ထိုသမုဒ္ဒရာကို၊ ပိယတေ–သောက်အပ်၏၊ အဟံ–ငါသည်၊ အဇ္ဇ–ယနေ့၊ ဧရာတုရော–အဖျားရောဂါဖြင့် ကျင်နာပင်ပန်း၏၊ ဝါ–အဖျားတက်နေ၏၊ ကွာမေဇီမူတာ–ဤမိုးတို့သည်၊ ဂဇ္ဇန္တိ–ထစ်ချုန်းကုန်၏၊ သက္ကသသိကြား၏၊ ဧရာဝဏော–ဧရာဝဏ်ဆင်သည်၊ ပိယော–ချစ်ဖွယ်ကောင်း၏။

(၉) ဗန္ဓဖရုသဒေါသ–အဖြေ

၉၈။ သုခုမာလာဝိရောဓိတ္တ–ဒိတ္တဘာဝပ္ပဘာဝိတံ၊
ဗန္ဓနံ ဗန္ဓဖရုသ–ဒေါသံ သံဒူသယေယျ တံ။

၉၈။ သုခုမာလာဝိရောဓိတ္တဒိတ္တဘာဝပ္ပဘာဝိတံ–သုခုမာလတာဂုဏ်နှင့် ဆန့်ကျင်ခြင်း မရှိသည်ဖြစ်၍ နှစ်သက်ဖွယ်၏အဖြစ်ဖြင့် တိုးပွားစေအပ်သော၊ တံ ဗန္ဓနံ–ထိုအဖွဲ့ဗန္ဓသည်၊ ဗန္ဓဖရုသဒေါသံ–ဗန္ဓဖရုသဒေါသကို၊ သံဒူသယေယျ–ဖျက်ဆီးရာ၏။

ထုတ်သော ပညာရှိတို့နှင့် မည်သူကမှန်သည် သိရအောင် စာပြောင်,စာလှောင် ရေးသားသည်"ဟု ကြံက ဒေါသသင့်ဖွယ် မရှိ။

မြန်ပုံစံ။ ။မလာနေ၊ နေ့ရက်ကလေးအပုံကြာပေါ့၊ မရောက်နိုင်ဘူး၊ သတ္တဘာလေလေ့၊ နဖူးစာဘယ်လိုရေးပါလိမ့်၊ မင်အိုးမှာရေတွေစုံလို့၊ ရွှေကလောင်တစ်စွယ်ပဲ့ရယ်နှင့်၊ ရွှေယောင်ထုံးကြီးရယ်၊ အမယ်မင်း–ထိုးလွဲဆင်မင်း။

စိတ်မကောင်းသော မင်းသမီးအား လိုက်လျောအောင် စာဆိုသူက ရေးသားထားသည်၊ ထို့ကြောင့် ဒေါသသင့်ဖွယ်မရှိ၊ စာဆို၏ဉာဏ်ကို ချီးမွမ်းဖွယ်သာ ဖြစ်ချေသည်။

မဆီမဆိုင် ပြုလုပ်တတ်သော သူတို့ကို အပြစ်တင်လို၍သော်လည်းကောင်း, ပြောင်လှောင်သရော်လို၍သော်လည်းကောင်း–

(က) ညောင်ဦးကကမ်းပါးပြို, ရေစကြိုက နွားမပေါင်ကျိုးသည်၊
(ခ) လုံဖျားပုစဉ်းနား, ကျီးကန်းများ ကြောက်ချေးပါသည်။
(ဂ) လိပ်ခွတ်လို့သမင်မှိုင်, စိုင်အသက်ထွက်သည်၊
(ဃ) လိပ် လင်းတကျ, မျောက် အုန်းသီးရသည်–

စသည်ဖြင့် ပြောဆိုက အပြစ်ဆိုဖွယ် မရှိ။

(၉) ဗန္ဓဖရုသဒေါသ–အဖြေ

၉၈။ ခနိတအက္ခရာ အနည်းငယ်မျှ ပါဝင်စေ၍ သိထိလအက္ခရာ များစွာပါရှိအောင် ဖွဲ့က သုခုမာလတာဂုဏ်ရောက်၏၊ အဖတ်အရွတ်ခက်သော ခနိတအက္ခရာ များစွာပါရှိအောင်ဖွဲ့က ဗန္ဓဖရုသဒေါသသင့်၏၊ ဤသို့သုခုမာလတာဂုဏ်နှင့် ဗန္ဓဖရုသဒေါသတို့ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်ကြသည်၊ ထို့ကြောင့် သုခုမာလတာဂုဏ် ရောက်က ဗန္ဓဖရုသဒေါသမှ လွတ်မြောက်၏။

http://www.dhammadownload.com

ယထာ–

၉၉။ ပဿန္တော ရူပဝိဘဝံ , သုဏန္တော မဓုရံ ဂိရံ၊
စရန္တိ သာဓူ သမ္မုဒ္ဓ-ကာလေ ကေဠိပရံမုခါ။

၉၉။ သာဓူ–သူတော်ကောင်းတို့သည်၊ သမ္မုဒ္ဓကာလေ–ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှားရှိစဉ်အခါ၌၊ ရူပဝိဘဝံ–ရူပနိကာယ်, တင့်တယ်ပြည့်စုံပုံကို၊ ပဿန္တော–ရှုကြည့်မဝ, ဖူးမြော်ကြကုန်လျက်၊ မဓုရံ ဂိရံ–ချိုမြိန်ချေငံ, တရားတော်သံကို၊ သုဏန္တော–ရှိသေလေးစား, နာကြားကြကုန်လျက်၊ ကေဠိပရံမုခါ–ပျော်ပွဲရွှင်ပွဲ, မျက်နှာလွှဲကြကုန်သည်ဖြစ်၍၊ စရန္တိ–ဖြစ်ကြကုန်၏၊ ဝါ–သူတော်ချင်းချင်း, ပေါင်းသင်းစုအုံ, ပျော်ပျော်ကြီး လှည့်လည်ကြရလေကုန်၏။

ဝါကျတ္ထဒေါသ ၆-ပါး-အဖြေ

၁။ အပက္ကမဒေါသ-အဖြေ

အပက္ကမဿ ယထာ–

၁၀၀။ ဘာဝနာဒါနသီလာနိ , သမ္မာသမ္မာဒိတာနိဟ၊
နိဗ္ဗာနဘောဂသင်္ဂါဒိ-သာမနာနိ န သံသယော။

ပြန်ပုံစံ။　။၉၉။ မြတ်စွာဘုန်းကြွယ်, လက်ထက်ဝယ်ကား, ပြည့်ကြွယ်စုံလင်, ရှင့်ရုပ်သွင်ကို, ဖူးမြင်ကြကာ, လွန်ချီသာသည့်, သြဇာပြည့်လျှံ, တရားသံကို, နာခံမှတ်သား, ပျော်ပွဲများမှ, လွှဲထားမျက်နှာ, ကျင့်ကြပါသည်....များစွာသူတော် အပေါင်းတည်း။

ရှင်း　ပါဠိပုံစံဝယ် တတိယပါဒ၌ ခနိတအက္ခရာနှစ်လုံး, ကြွင်းပါဒတို့၌ တစ်လုံးမျှစီသာ ပါရှိသောကြောင့် ဗန္ဓဖရုသဒေါသမှ လွတ်မြောက်၍ သုခုမာလတာဂုဏ် ရောက်လေသည်။

မြန်မာပုံစံ၌လည်း ခနိတအက္ခရာ လေးလုံးမျှသာ ပါရှိသည့်အပြင် အဖတ်အရွတ် ခက်သော တိုင်သံကာရန်-စသည်လည်း မပါရှိသောကြောင့် သုခုမာလတာဂုဏ်ရောက်၍ ဗန္ဓဖရုသဒေါသမှ လွတ်မြောက်လေသည်။

ဝါကျတ္ထဒေါသ ၆-ပါး-အဖြေ

၁။ အပက္ကမဒေါသ-အဖြေ

ပြန်ပုံစံ။　။၁၀၀။ ယခုဘဝ, ပြုလုပ်ကြသည့်, ဒါနသီလာ, ဘာဝနာတို့, ဥစ္စာစည်းစိမ်, ရိပ်ငြိမ်နတ်ဘုံ, သုခပုံသည့်, ရွှေဘုံနိဗ္ဗာန်, ရအောင်ဖန်သည်....ပယ်လှန်ယုံမှားမြဲမှတ်သား။

http://www.dhammadownload.com

၁၀၀။ ကျဟ-ဤဘဝ၌၊ သမ္မာသမ္မာဒိတာနိ-ကောင်းစွာမသွေ, ပြီးစေအပ်ကုန်သော၊ ဘာဝနာဒါနသီလာနိ-ဘာဝနာ ဒါန သီလတို့သည်၊ နိဗ္ဗာနဘောဂသင်္ခါဒိသာဓနာနိ-နိဗ္ဗာန်ဟူသောအကျိုး, စည်းစိမ်ဥစ္စာဟူသောအကျိုး, နတ်ပြည်၌ဖြစ်ရခြင်းစသောအကျိုးတို့ကို ပြီးစေတတ်ကုန်၏၊ သံသယော-(ဤသို့ အကျိုးကို ပြီးစေခြင်း၌) ယုံမှားဖွယ်မည်သည်၊ နာ အတ္ထိ-မရှိ၊ တစ်နည်း= နာ သံသယော-(တူ, မတူသော အကျိုးကိုပေးခြင်း၌) ယုံမှားဖွယ်မရှိချေ။

အထူးမှာထားချက်

၁၀၁။ ဥဒ္ဒိဋ္ဌဝိသယော ကောစိ , ဝိသေသော တာဒိသော ယဒိ၊
အနုဒ္ဒိဋ္ဌေသု နေဝတ္ထိ , ဒေါသော ကမဝိလဃ်နေ။

၁၀၁။ ဥဒ္ဒိဋ္ဌဝိသယော-ရှေးဦးစွာညွှန်ပြအပ်သော အနက်လျှင် အရာရှိသော၊ တာဒိသော-ထိုသို့သဘောရှိသော၊ ကောစိဝိသေသော-တစ်စုံတစ်ခုသော (လက္ခဏာ) အထူးသည်၊ အနုဒ္ဒိဋ္ဌေသု-(အနက်ထူးကိုမှီ၍)နောက်ထပ်ညွှန်ပြအပ်သော အနက်တို့၌၊ ယဒိဘဝေယျ-အကယ်၍ဖြစ်ငြားအံ့၊ (ဧဝံ-ဤသို့ ဖြစ်ခဲ့သော်၊) ကမဝိလဃ်နေ-(ဥဒ္ဒေသ, အနုဒ္ဒေသတို့၏)အစဉ်ကို ခုန်ကျော်ခြင်းကြောင့်၊ ဒေါသော-အပက္ကမဒေါသသည်၊ နေဝအတ္ထိ-မရှိသည်သာတည်း။

ရှင်း ဤ၌ ဘာဝနာ-စသည်တို့ကို ဥဒ္ဒေသအားဖြင့် ပြဆိုပြီး၍ ထိုဥဒ္ဒေသအစဉ်အားလျော်စွာ နိဗ္ဗာန်-စသော အနုဒ္ဒေသတို့ကို ဆိုထားသောကြောင့် အပက္ကမဒေါသမှ လွတ်မြောက်၏။ ဥဒ္ဒေသ-ရှေးဦးစွာ ညွှန်ပြအပ်သောစကား၊ အနုဒ္ဒေသ-နောက်ထပ်ပြဆိုသောစကား၊ မြန်မာကဗျာ၌ ကမစ္စုတဒေါသမှ လွတ်အောင် ဒါနသီလ ဘာဝနာ-ဟု စဉ်ထားသည်၊ ပါဠိနှင့်မတူ-ဟု အပြစ်မတင်သင့်။]

မြန်ပုံစံအဖြေ "ရှေ့ကျွန်းဂေါယာ, ဥတ္တရာတို့, ခုနစ်ရာဆောင်, ငါးရာထောင်တည်း" ဟု ပြင်လိုက်က "အရှေ့ကျွန်းမှာ အသက်တန်း-၇၀၀, အနောက်ကျွန်းမှာ-၅၀၀, မြောက်ကျွန်းမှာ-၁၀၀၀"ဟု အစဉ်အတိုင်း ဟပ်မိ သောကြောင့် အပက္ကမဒေါသမှ လွတ်၏။ [ကျန်ပုံစံများကို စာရှုသူတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ဖြေဆိုကြည့်ပါလေ။]

အထူးမှာထားချက်

၁၀၁။ ။တစ်စုံတစ်ရာ, ကျိုးရှိပါ၍, ရှေ့လာ နောက်ထား, ပြဆိုငြား, လွတ်သွားပက္ကမ, ပြစ်ဒေါသ။

သိလွယ်စေခြင်း, စကားအနေအထား ကျဉ်းသွားစေခြင်း-စသော တစ်စုံတစ်ရာ လက္ခဏာအထူး ရှိခဲ့သော် ဥဒ္ဒေသ, နိဒ္ဒေသ အစဉ်မကျဘဲ ချွတ်လွဲဖောက်ပြန်ဆိုခြင်းကြောင့် တစ်စုံတစ်ရာ အပြစ်မရှိ၊ အပက္ကမဒေါသမသင့်။

http://www.dhammadownload.com

ယထာ--

၁၀၂။ ကုသလာကုသလံ အဗျာ-ကတမိစ္စေသု ပစ္ဆိမံ၊
အဗျာကတံ ပါကဒံ နဲ , ပါကဒံ ပဌမဒွယံ။

၁၀၂။ ကုသလံ-ကုသိုလ်လည်းကောင်း၊ အကုသလံ-အကုသိုလ်လည်းကောင်း၊ အဗျာကတံ-အဗျာကတလည်းကောင်း၊ ဣတိ-ဤသို့၊ ဧသု-ဤသုံးပါးတို့တွင်၊ ပစ္ဆိမံ-နောက်ဖြစ်သော၊ အဗျာကတံ-အဗျာကတသည်၊ နဲ ပါကဒံ-အကျိုးမပေးတတ်၊ ပဌမဒွယံ-(ကုသိုလ်, အကုသိုလ်ဟုဆိုအပ်သော) ရှေ့နှစ်ခုအပေါင်းသည်၊ ပါကဒံ-အကျိုးပေးတတ်၏။

၂။ ဩစိတျဟီနဒေါသ-အဖြေ

၁၀၃။ သဂုဏာနာဝိကရဏေ , ကာရဏေ သတိ တာဒိသေ၊
ဩစိတျဟီနတာပတ္တိ , နတ္ထိ ဘူတတ္ထသံသိနော။

ပြန်ပုံစံ။ ။၁၀၂။ ကု-အကု-ဗျာ, ဤသုံးဖြာတွင်, နောက်ဗျာကတ, ကျိုးကင်းပ၏၊ ရှေးပြ ကုသိုလ်, အကုသိုလ်သာ, ကျိုးပေးပါသည်‥‥ သေချာ ခွဲဝေ မှတ်ကြလေ။

ရှင်း ဤ၌ ကုသိုလ်, အကုသိုလ်, အဗျာကတ-ဟု ဥဒ္ဒေသ၌ အဗျာကတကို နောက်ထား၍ စီစဉ်ထားသောကြောင့် နိဒ္ဒေသ၌လည်း အဗျာကတကိုပင် နောက်ထား၍ စီစဉ်သင့်၏၊ သို့ဖြစ်သော်လည်း အကျိုးပေး,မပေးအားဖြင့် ခွဲဝေလိုက် သောအခါ နှစ်မျိုးသာ ရ၏၊ ထိုနှစ်မျိုးတို့တွင်လည်း အနည်းဖြစ်သော အဗျာကတကို ရှေးဦးစွာပြလျှင် အကြွင်းကို သိလွယ်၏၊ ထို့ကြောင့် (ပစ္ဆိမံ အဗျာကတံ , ပါကဒံ နဲ-နောက်အဗျာကတ, ကျိုးကင်းပ၏)ဟု ညွှန်ပြထားပေသည်၊ ထိုသို့ သိလွယ်ခြင်း အကျိုးထူးရှိသောကြောင့် ဥဒ္ဒေသအားလျော်စွာ အဗျာကတကို နောက်မှမဆိုဘဲ ရှေးဦးစွာ ဆိုသည့်အတွက် တစ်စုံတစ်ရာ အပြစ်မရှိ၊ အပက္ကမဒေါသ မသင့်။

"ယေကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ကုသလမူလာတိ။ တီဏေဝ ကုသလ မူလာနိ၊ အဝသေသာ ကုသလာ နဲ ကုသလမူလာ"ဟူသော ယမိုက်ပါဠိတော်၌လည်း အမေးပုစ္ဆာအားလျော်စွာ ကုသိုလ်ကစ၍ ဖြေသင့်ပါသော်လည်း အနည်းဖြစ်သော ကုသလမူ သုံးခုကို ဖြေဆိုလျှင် စကားကျဉ်း၍ ရှင်းလင်းသိလွယ်၏၊ ထို့ကြောင့် အပက္ကမဒေါသ သင့်၏-ဟု မှတ်ထင်ဖွယ် မရှိ။

၂။ ဩစိတျဟီနဒေါသ-အဖြေ

၁၀၃။ နားထောင်ကြားနာသောသူတို့ စိတ်အား တက်ကြွခြင်း, အတုလိုက်ခြင်း -စသော အကြောင်းထူး တစ်စုံတစ်ရာ ရှိခဲ့သော် ဟုတ်မှန်ထင်ရှားရှိသော မိမိဂုဏ်ကို ပြောဆိုသောသူအား ဩစိတျဂုဏ်မပျက်၊ "ကြွားလွန်းသည်"ဟုလည်း မဆိုသာ၊ (ဝသလ)

http://www.dhammadownload.com

၁၀၃။ တာဒိသေ–ထိုသို့သဘောရှိသော၊ ကာရဏေ–(နားထောင်သူများ, အကျိုးပွားမည့်)အကြောင်းသည်၊ သတိ–ရှိခဲ့သော်၊ ဘူတတ္ထသံသိနော–ဟုတ်မှန်ထင်ရှား, အနက်အဓိပ္ပာယ်များကို ပြောဆိုသောသူ၏၊ သဂုဏာနံ–မိမိဂုဏ်တို့ကို၊ အာဝိကရဏေ–ထင်စွာပြုခြင်း၌၊ ဝါ–ကြောင့်၊ ဩစိတျဟီနတာပတ္တိ–ဩစိတျဟီနဒေါသသို့ရောက်ခြင်းသည်၊ နတ္ထိ–မရှိ။

၁၀၄။ ဩစိတျံ နာမ ဝိညေယျံ , လောကေ ဝိချာတမာဒရာ၊
တတ္ထောပဒေသပဘဝါ , သုဇနာ ကဝိပုင်္ဂဝါ။

၁၀၄။ လောကေ–သတ္တလောက၌၊ ဝိချာတံ–သူငယ်နှပ်စား, ကလေးများတိုင်အောင် ထင်ရှားသော၊ ဩစိတျံနာမ–အသင့်ယုတ္တိမည်သည်ကို၊ အာဒရာ–ရိုသေလေးစားခြင်းဖြင့်၊ (ဝိညူဟိ–ပညာရှိတို့သည်၊) ဝိညေယျံ–သိအပ်၏၊ တတ္ထ–ထိုအသင့်ယုတ္တိ၌၊ ဥပဒေသပဘဝါ–ရှေးဦးစွာရွတ်ဆိုခြင်း၏ ဖြစ်ရာတို့သည်ကား၊ ဝါ–နည်းလမ်းဥပဒေသ၏ အမွန်အစဖြစ်ရာတို့သည်ကား၊ သုဇနာ–သူတော်ကောင်းဖြစ်ကုန်သော၊ ကဝိပုင်္ဂဝါ–ကဗျာတတ်သိ, မြင့်မြတ်သော ပညာရှိတို့ပေတည်း။

သူယုတ်မာစာရင်းသို့လည်း မသွင်းသင့်၊ စင်စစ်မှာ အမှန်ပင်ပြောဆိုသင့်သော အရာတစ်ခုဖြစ်ချေသည်၊ ထိုနေရာမျိုး၌ မိမိဂုဏ်ကို ထုတ်ဖော်ပြောဆိုမှုကြောင့် ဩစိတျဟီနဒေါသသင့်ဖွယ်မရှိ၊ မဟောသဓာပဏ္ဍိတသည်ပင်လျှင် စူဋ္ဌဏီဗြဟ္မဒတ်မင်းကို ဖမ်းမိသောအခါ မိမိ၏ဂုဏ်ပုဒ်များကို ဖော်ထုတ်ပြဖူး, မြတ်စွာဘုရားသည်လည်း တိတ္ထိနှင့် တန်ခိုးပြိုင်ပွဲ၌ ယမကပြာဋိဟာတန်ခိုးဖြင့် ဂုဏ်ယူဖူးသေးသည် မဟုတ်ပါလော၊ ထို့ကြောင့် "မိမိဂုဏ်ကို ဖော်သင့်ရာ၌ ဖော်က အပြစ်မရှိ"ဟု ဧကန်ဧက မှတ်သင့်၏။

ဤသို့သောအရာမျိုးသည် ရုဋ္ဌာဟင်္ကာရအတ္ထာလင်္ကာရသို့ပင် သက်ဝင်နိုင်သည်၊ ဝီရရသသဘောသို့လည်း သက်ဝင်နိုင်သောကြောင့် ရသီအလင်္ကာလည်း ဖြစ်နိုင်သည်–ဟု မှတ်။

အသင့်ယုတ္တိရှာပါ

၁၀၄။ ဩစိတျဂုဏ်သည် လောက၌ အလွန်ထင်ရှားလှပေ၏၊ သူငယ်နှပ်စား, ကလေးများပင် သိနိုင်ပေသည်၊ ထို့ကြောင့် ဩစိတျဂုဏ်၏သဘောကို အသီးအခြားထုတ်ပြဖွယ်မလို၊ စာပေရေးသား, စကားပြောဆိုသော ပညာရှိတို့သည် ဩစိတျဂုဏ်မြောက်အောင် လေးလေးစားစား သတိထား၍ ရေးသားပြောဆိုရမည်၊ ထိုဩစိတျဂုဏ်၌ အသင့်ယုတ္တိ ရှိ,မရှိ–ဟူသည်ကို ကဗျာတတ်သိ, မြတ်သောပညာရှိတို့ပင် စတင်ညွှန်ပြကြပေသည်၊ ထိုညွှန်ပြချက်–ဟူသည်မှာလည်း ဆရာမြတ်တို့ သင်ကြားပေးအပ်သော ရွတ်ဆိုပုံနည်းလမ်းပင် ဖြစ်သည်၊ ထို့ကြောင့် "ကဗျာတတ်သိ, ပညာရှိတို့၏ ပါးစပ်ခံတွင်းသည် ဩစိတျပတ္တမြားတွင်းကြီးပေတည်း"ဟု ဆရာတို့ မိန့်ဆိုကြ၏။

http://www.dhammadownload.com

၁၀၅။ ဝိညာတောစိတ္တဝိဘဝေါ-စိတ္တဟီနံ ပရိဟရေ၊
တတော စိတ္တဿ သမ္ဘောသေ , ရသပေါသော သိယာ ကတေ။

၁၀၅။ ဝိညာတောစိတ္တဝိဘဝေါ-(ပြဆိုခဲ့သား, ပညာရှင်အများတို့၏, မြှောက်စား အပ်ဘိ,) ဩစိတ္တဂုဏ်တည်းဟူသော ပြည့်စုံမှုကိုသိပြီးသော ပညာရှိသည်၊ ဩစိတ္တ ဟီနံ-ဩစိတ္တဟီန, ပြစ်ဒေါသကို၊ ပရိဟရေ-ရှောင်လွှဲရာ၏၊ တတော-ထိုသို့ရှောင်လွှဲ ခြင်းကြောင့်၊ ဩစိတ္တဿ-ဩစိတ္တဂုဏ်၏၊ သမ္ဘောသေ-တိုးပွားခြင်းကို၊ ကတေ-ပြုအပ်ပြီးသည်ရှိသော်၊ ရသပေါသော-(မာဒုရိယဂုဏ်-ဟု ဆိုအပ်သော) သာယာ အပ်သော အရသာ၏ တိုးပွားပြည့်စုံခြင်းသည်၊ သိယာ-ဖြစ်ရာ၏။

ယထာ-

၁၀၆။ ယော မာရသေနမာသန္ဒ-မာသန္ဒဝိဇယုဿဝေါ၊
တိဏာယပိ န မညိတ္ထ , သော ဝေါ ဒေတု ဇယံ ဇိနော။

ယုတ္တိရှိလေ အဖိုးတန်လေ

၁၀၅။ ပြဆိုခဲ့ပြီးသော ပညာရှိများ၏ ချီးမွှောက်မှုကြောင့် ဩစိတ္တဂုဏ်-တည်းဟူသော အဖွဲ့ဗန္ဓ၏ ပြည့်စုံပုံကို သိရှိ နားလည်ပြီးသော ပညာရှိသည်သာ ဩစိတ္တဟီနဒေါသကို ရှောင်ကြဉ်နိုင်၏၊ ထိုသို့ ဩစိတ္တဟီနဒေါသကို ရှောင်ကြဉ်မှုကြောင့်ပင် ဩစိတ္တဂုဏ်ကို တိုးပွားစေနိုင်၏၊ ဩစိတ္တ ဂုဏ်ကို တိုးပွားစေသည်ရှိသော် အဖွဲ့ဗန္ဓသည် သာယာဖွယ် အရသာနှင့် ပြည့်စုံတော့၏၊ အချုပ်မှာ "အဖွဲ့ဗန္ဓတစ်စုံတစ်ရာသည် အသင့်ယုတ္တိ ရှိလေလေ အရသာရှိ၍ အဖိုးတန် လေလေ ဖြစ်သည်"ဟု ဆိုလိုသည်။

ဆိုခဲ့ပြီးသော သုံးဂါထာဖြင့် "ဩစိတ္တဂုဏ်မည်သည်ကို ရိုရိုသေသေ လေးလေးစားစား သင်ကြားပြီးလျှင် အသုံးပြုသင့်ပေ၏"ဟု တပည့်တို့ကို ဆုံးမညွှန်ကြား၏။

ပြန်ပုံစံ။ ။၁၀၆။ အဘိသခ်ါရ, ကိလေသနှင့်, ခန္ဓမစ္စ၊, မာရ်လေးခုကို, အောင်လုနီးပါး, မြတ်ဘုရားသည်, ရှေ့နားဆိုက်ကပ်, မာရ်စစ်တပ်ကို, ခြေကပ်ငြိရောက်, မြက်မှိုက်လောက်ပင်, ထိမထင်ခဲ့၊ ထိုရှင်ဘုရား, သင်တို့အားလျှင်, ထင်ရှား အောင်မှု, အောင်ကြောင်းဆုကို . . . . ယခုမနေး ပေးစေသော်။

ရှင်း

မြတ်စွာဘုရားသည် နေမဝင်မီ မာရ်နတ်ကို အောင်တော်မူ၏၊ နံနက်အရုဏ် တက်သော် ကြွင်းမာရ်လေးပါးကို အောင်တော်မူလိမ့်မည်၊ ထို့ကြောင့် "အာသန္ဒ ဝိဇယုဿဝ"ဟူသော ဘွဲ့ထူးကို ရတော်မူ၏၊ ထိုအာသန္ဒဝိဇယုဿဝ ဘွဲ့ထူးရ၍ ကိုယ်တွင်း မာရ်လေးပါးကို အောင်တော်မူလတ္တံ့သော မြတ်စွာဘုရားသည် "သာမန် ပြင်ပရန်ဖြစ်သော မာရ်စစ်တပ်ကို မြက်မှိုက်လောက်မျှ မအောက်မေ့"ဟူသော စကားသည် အသင့်ယုတ္တိ ရှိ၍ ဩစိတ္တဟီနဒေါသမှ လွတ်မြောက်၏၊ ဩစိတ္တဂုဏ်ရောက်သည်၊ ယုဒ္ဓဝိရရသ နှင့်လည်း ပြည့်စုံသည်။

http://www.dhammadownload.com

၁၀၆။ အာသန္နဝိဇယုဿဝေါ–အောင်လုပါးနီး, လေးခုသော အတွင်းအောင်ပွဲကြီး ရှိတော်မူသော၊ ယော(ဇိနော)–အကြင်မြတ်စွာဘုရားသခင်သည်၊ အာသန္နံ–ကိုယ်တော့်အနီးသို့ ချီတက်လာသော၊ မာရသေနံ–ရန်သူမာရ်နတ်, ပြင်စစ်တပ်ကို၊ တိဏာယပိ–(ခြေတွင်းကပ်ရောက်,) မြက်မှိုက်လောက်မျှသော်လည်း၊ နံ မည်တ္ထ–အောက်မေ့တော်မမူ၊ သောဇိနော–ထိုမြတ်စွာဘုရားသခင်သည်၊ ဝေါ–သင်တို့အား၊ ဇယံ–အောင်ဆုကို၊ ဒေတု–ပေးတော်မူပါစေသတည်း။

"ထိုရန်သူအပေါင်းကို အောင်မြင်ခါနီးဖြစ်သော မြတ်စွာဘုရားသည် သင်တို့အား အောင်ဆုကို ပေးပါစေသတည်း"ဟူသော စကားသည်လည်း အသင့်ယုတ္တိတန်သဖြင့် သြစိတျဟီနဒေါသ မရောက်သည့်အပြင် အာသီအလင်္ကာနှင့်ပင် ပြည့်စုံသေး၏။ [အတွင်းမာရ်လေးပါးဟူသည်မှာ– ခန္ဓမာရ်, မစ္စုမာရ်, ကိလေသမာရ်, အဘိသင်္ခါရမာရ်တို့ပင် ဖြစ်သည်၊ ပြင်ပရန်ဟူသည်မှာ–မာရမာရ်ပင်ဖြစ်သည်၊ အတွင်းမာရ်လေးပါး, ပြင်ပမာရ် တစ်ပါးအားဖြင့် မာရ်ငါးပါး ဖြစ်သတည်း။]

ကဗျာကျော်နှစ်ပါး အငြင်းပွားပုံ

ရှင်သီလဝံသက "ဝိဝဋ္ဋနိဿိတကုသိုလ်သည် အားကောင်းလှ၍ ဘဝတိုင်းဘဝတိုင်း သုဂတိဘုံဘဝတို့၌လည်း တောက်လျှောက် အကျိုးပေး၍ သွားနိုင်သည်၊ အဆုံးဘဝ၌ မင်္ဂိုလ်နိဗ္ဗာန်သို့လည်း ပို့ဆောင်နိုင်သည်"ဟု ဟောပြောသတတ်၊ ထိုစကားကို မနှစ်သက်သော ရှင်မဟာရဋ္ဌသာရက "ဝဋ္ဋနိဿိတကုသိုလ်သာ သုဂတိဘုံဘဝတို့၌ အကျိုးပေးသည်၊ ဝိဝဋ္ဋနိဿိတကုသိုလ်များကား ပဋိသန္ဓေကျိုးကို မပေး၊ မင်္ဂိုလ်ကိုသာ ပေးသည်"ဟု အငြင်းထွက်လာသတတ်၊ ထိုအရှင်မဟာရဋ္ဌသာရသည် နောင်အခါ–

"ဝိဝဋ္ဋူပနိဿိတံ ဗဟုံ ပုညကမ္မံ အကာသိ၊ သော တေဟိ ပုညကမ္မေဟိ တတ္ထ တတ္ထ သုဂတိဘဝေသု သံသရန္တော ဣမသ္မိံ ဗုဒ္ဓုပ္ပာဒေယေဝ အရဟတ္တံ ပါပုဏီ"–

ဟူသော ထေရအဒ္ဓကထာပါဠိကို တွေ့မိမှ မိမိ၏အမှားကို သိ၍ ဝေးလံလှစွာသော ပြည်မြို့ကပင် အရှင်သီလဝံသအား ဦးချလျက် ကိုးခန်းပျို့နိဂုံးတွင်–

ငါနှင့်ငါသာ, နှိုင်းစရာဟု, ပညာမုန်ယို, အရွယ်ပျိုက, မဆိုစလောက်, မာန်စောင်မြောက်၍, နှုတ်ဝေါက်လွန်မိ, ဒေါသငြိလည်း, နောင်ပြို့တခါ, ရိသေစွာလျှင်, ဤစာကိုးခန်း, ပုလဲပန်းဖြင့်, စိတ်ကျန်းညံ့လျှော့, ငါကန်တော့၏"ဟူသော လင်္ကာကို ရေးသားပြီးလျှင် ကန်တော့ပူဇော်လေသည်၊ မိမိ၏အမှားကို သိ၍ လူသိရှင်ကြား ကန်တော့ဝန်ခံနိုင်ခြင်းဖြင့်ပင် ထိုအရှင်၏ ပညာရှိလက္ခဏာ ပြည့်စုံပုံကို စံတင်နိုင်လောက်ပေ၏၊ ယခုအခါ၌မူ ကိုယ့်အမှားကို ဝန်မခံရဲသော သူတော်ကောင်းယောင်ဆောင်သူတို့ ပေါများနေသောကြောင့် လောကကြီးတစ်ခုလုံး ကမောက်ကမ ဖြစ်နေချေသည်။

အထက်ပါ ကဗျာ၌ "ငါနှင့်ငါသာ, နှိုင်းစရာ"ဟူသော စကားသည် ရှေးကမှားယွင်းမိသည်ကို တောင်းပန်၍ဆိုသော စကားဖြစ်သောကြောင့် သြစိတျဟီနဒေါသ မသင့်ချေ။

http://www.dhammadownload.com

၃။ ဘဂ္ဂရီတိဒေါသ-အဖြေ

၁၀၇။ အာရဒ္ဓကတ္တုကမ္မာဒိ-ကမာတိက္ကမလဃ်ံနေ၊
ဘဂ္ဂရီတိဝိရောဓေယံ , ဂတိ ံ နာ ကွာပိ ဝိဒ္ဒတိ။

၁၀၇။ အာရဒ္ဓကတ္တုကမ္မာဒိကမာတိက္ကမလဃ်ံနေ-(ဆိုခြင်းငှာ)အားထုတ်အပ်သော ကတ္တား, ကံစသည်တို့၏ အစဉ်စွန့်ခြင်းကို လွန်မြောက်သည်ရှိသော်၊ ဝါ-(ဆိုခြင်းငှာ)အားထုတ်အပ်သော ကတ္တား, ကံစသည်တို့ အစဉ်မပျက်သည်ရှိသော်၊ အယံဘဂ္ဂရီတိဝိရောဓေ-ဤဘဂ္ဂရီတိဒေါသသည်၊ ကွာပိ-တစ်စုံတစ်ခုသောနေရာ၌လည်း၊ ဂတိ ံ-ထောက်တည်ရာကို၊ နဝိဒ္ဒတိ-မရနိုင်။

ယထာ-

၁၀၈။ သုဇနညာနမိတ္တိနံ , ဝိဿာသော နောပပဇ္ဇတေ၊
ဝိသဿ သိဂ်ိနော ရောဂ-နဒီရာဇကုလဿ စ။

၁၀၈။ သုဇနညာနံစ-သူတော်ကောင်းမှတစ်ပါး သူယုတ်မာများနှင့်လည်းကောင်း၊ ဣတ္ထိနံစ-မိန်းမတို့နှင့်လည်းကောင်း၊ ဝိသဿစ-အဆိပ်အမျိုးမျိုးနှင့်လည်းကောင်း၊ ဝါ-အဆိပ်ရှိသော သတ္တဝါနှင့်လည်းကောင်း၊ သိဂ်ိနော-ဦးချိုးရှိသော သတ္တဝါနှင့်လည်းကောင်း၊ ရောဂနဒီရာဇကုလဿစ-အနာရောဂါ, မြစ်,မင်းမျိုးနှင့်လည်းကောင်း၊ ဝိဿာသော-အကျွမ်းဝင်ခြင်းသည်၊ နောပပဇ္ဇတေ-မသင့်။

ယထာစ-

၁၀၉။ ဘေသဇ္ဇေ ဝိဟိတေ သုဒ္ဓ-ဗုဒ္ဓါဒိရတနတ္တယေ၊
ပသာဒမာစရေ နိစ္စံ , သဇ္ဇနေ သဂုဏေပိ စ။

---

(၃) ဘဂ္ဂရီတိဒေါသ-အဖြေ

၁၀၇။ စ၍ဆိုခဲ့သောကတ္တား, ကံ-စသော ဝိဘတ်နက်အစဉ်မပျက်အောင် ဖွဲ့ဆိုစီကုံးရေးသားလျှင် ဘဂ္ဂရီတိဒေါသမှ လွတ်မြောက်လေသည်။

ပြန်ပုံစံ။ ။**၁၀၈**။ မိန်းမအပေါင်း, ကျင့်မကောင်းသား, လူယုတ်များနှင့်, ဆိုးဝါးမင်းမျိုး, အဆိပ်မျိုးက, ပွားတိုးရောဂါ, လွန်စွာရေစီး, မြစ်ကြီးသားကောင်, ချိုထောင်ဝင့်ဝင့်, ငါးမျိုးနှင့်လည်း, မသင့်ကျွမ်းဝင်, မှတ်စေချင်သည်. . . .များဖြင့် ချမ်းသာကြောင်းပေကို။

ရှင်း ပါဠိ၌ "သ"ဝိဘတ် (မြန်မာ၌ "နှင့်"ဟူသော ကရိဏ်းဝိဘတ်) အစဉ်မပျက် [သည့်အပြင် ပါဠိပုံစံ၌ စ-သဒ္ဒါလည်း ထားရိုးထားစဉ် မှန်ကန်]သောကြောင့် ဘဂ္ဂရီတိဒေါသမှ လွတ်၏။

ပြန်ပုံစံတစ်နည်း။ ။**၁၀၉**။ ရတနာမြတ်, ထိုသုံးရပ်ကို, ဆည်းကပ်ကြည်ညို၊ သူတော်ကိုလည်း, ကြည်ညိုသမှု, အလေးပြုလော့၊ ပေါင်းစုထိုထို, ဆေးကောင်း

http://www.dhammadownload.com

၁၀၉။ ဝိဟိတေ-(သတ္တိတိုးတက်, အလွန်ထက်အောင်, ကြံဆောင်)စီရင်၍ထား အပ်သော၊ ဘေသဇ္ဇေစ-ဆေး၌လည်းကောင်း၊ သုဒ္ဓဗုဒ္ဓါဒိရတနတ္တယေစ-(ညစ်ကြေး မတွယ်,) သန့်စင်ကြယ်သား, ဘုရားစသော ရတနာသုံးပါး၌လည်းကောင်း၊ သဇ္ဇနေ-သူတော်ကောင်း၌လည်းကောင်း၊ အပိ-ထိုမှတစ်ပါးလည်း၊ သဂုဏေစ-မိမိဂုဏ်၌ လည်းကောင်း၊ ဝါ-ထင်ရှားရှိသောဂုဏ်၌လည်းကောင်း၊ (သပ္ပု ရိသော-သူတော် ကောင်းသည်၊) ပသာဒံ-ကြည်ညိုလေးစားခြင်းကို၊ နိစ္စံ-အမြဲမပြတ်၊ အာစရေ-ပြုကျင့်ရာ၏။

၄။ သသံသယဒေါသ-အဖြေ

သသံသယသ ယထာ-

၁၁၀။ မုနိန္ဒစန္ဒိမာလောက-ရသလောလဝိလောစနော၊
ဇနောဝက္ကန္တ ပန္ဆောဝ , ရံသိဒဿနပီဏိတော။

၁၁၀။ မုနိန္ဒစန္ဒိမာလောကရသလောလဝိလောစနော-မြတ်စွာဘုရားသခင်တည်း ဟူသော လမင်း၏ ရောင်ခြည်တော်(ကို ဖူးမြော်ခြင်း)၌ တပ်နှစ်သက်သောကြောင့် လှုပ်သောမျက်လုံးရှိသော၊ ဇနော-လူအပေါင်းသည်၊ အဝက္ကန္တ ပန္ဆောဝ-သက်ရောက် အပ်ပြီးသော လမ်းခရီးရှိသည်ဖြစ်၍သာလျှင်၊ ဝါ-လမ်းခရီးသို့ ရောက်လျှင်ရောက် ချင်းသာလျှင်၊ ရံသိဒဿနပီဏိတော-ရောင်ခြည် တော်ကို ဖူးမြော်ရခြင်းကြောင့် နှစ်သက်ရွှင်လန်း ဝမ်းမြောက်သည်၊ ဟောတိ-ဖြစ်၏။

ကိုလည်း, ကြည်ညိုသုံးစား၊ ကိုယ့်ဂုဏ်များလည်း, လေးစားကောင်းစွာ, မြတ်နိုးရာသည်-နှစ်ဖြာကောင်းကျိုး ပွားစေဖို့။

ရှင်း ပါဋ္ဌိ၌ သတ္တမီဝိဘတ် ဩကာသအနက်, မြန်မာ၌ ဒုတိယာဝိဘတ် ကံအနက် အစဉ်မပျက်သည့်ပြင် (စ+လည်း)ဟူသော နိပါတ်ထားပုံလည်း မှန်ကန်၏၊ ထို့ကြောင့် ဘဂ္ဂရီတိဒေါသမှ လွတ်မြောက်သည်။

(၄) သသံသယဒေါသ-အဖြေ

ပြန်ပုံစံ။ ။ ၁၁၀။ မုနိထွတ်တင်, ယုန်နန်းရှင်၏, နှိုင်းအင်မလျော်, ရောင်ခြည်တော်ကို, ဖူးမြော်လိုဇော, တပ်မက်မော၍, လှုပ်သောမျက်စိ, အစုံရှိသား, လူအများသည်, ဆင်းသွားလမ်းပေါ်, ရောက်ခဲ့သော်ပင်, ရောင်တော်မြင်၍, ရွှင်ရွှင်ပျပျ, ဝမ်းမြောက်ကြသည်. . . . အားရကြည်ကြည်ညိုညိုတည်း။

ရှင်း သံသယဖြစ်ဖွယ် (ဂေါ-အသည်အဝါ)ဟူသော နေရာ၌ (ရံသိ-ရောင်တော်)ဟု ဆိုထားသောကြောင့် ကြားရသူတို့အား တစ်စုံတစ်ရာ သံသယဖြစ်ဖွယ်မရှိပြီ၊ ထို့ကြောင့် သသံသယဒေါသမှ လွတ်မြောက်သည်။

http://www.dhammadownload.com

၁၁၁။ သံသယာယေဝ ယံကိဉ္စိ , ယဒိ ကိဉ္စာဒိဟေတုနာ၊
ပယုဇ္ဇတေ နု ဒေါသော၀ , သသံသယသမပ္ပိတော။

၁၁၁။ ကိဉ္စာဒိဟေတုနာ-(ပွဲလမ်းသဘင်,) ပျော်ရွှင်ကစားလိုခြင်း စသော အကြောင်းကြောင့်၊ ယံကိဉ္စိ-တစ်စုံတစ်ခုသောပုဒ်ကို၊ သံသယာယေဝ-(နားထောင်သူများ,) ယုံမှားစေခြင်းငှာသာလျှင်၊ ယဒိပယုဇ္ဇတေ-အကယ်၍(ပြောဆိုအားထုတ်, ပြုလုပ်)ယှဉ်စပ်အပ်ငြားအံ့၊ (ဧ၀ံ-ဤသို့ ယှဉ်စပ်အပ်သည်ရှိသော်၊) သသံသယသမပ္ပိတော-ယုံမှားအပ်သည်၏အဖြစ်နှင့်ပြည့်စုံသော၊ ဒေါသော-အပြစ်ဒေါသသည်၊ နု ဟောတိဧ၀-မဖြစ်တော့သည်သာ။

ယထာ-

၁၁၂။ ယာတေ ဒုတိယံ နိလယံ , ဂရုမို သကဂေဟတော၊
ပါပုဏောယျာမ နိယတံ , သုခမဇ္ဈယနာဒိနာ။

ယုံမှားဖွယ်ရှိတိုင်း ဒေါသမသင့်

၁၁၁။ ကိဉ္စာဒိ-၌ အာဒိသဒ္ဒါဖြင့် အာကိဏ္ဏသမ္မဇ္ဇနာ-လူပြွမ်းသော အရပ်၌ တိုင်ပင်နှီးနှောပြောဆိုခြင်း, ပရဗျာမောဟာန-သူတစ်ပါးတို့ကို ပြင်းစွာတွေဝေစေလိုခြင်းတို့ကို ပေါင်းယူရေတွက်အပ်၏၊ ထိုကိဉ္စ, အာကိဏ္ဏသမ္မဇ္ဇနာ, ပရဗျာမောဟာန-ဟူသော သုံးပါးသည် ပဟေဠိကို ပြောဆိုရခြင်း၏ အကျိုးများပင် ဖြစ်ချေသည်၊ ထို့ကြောင့် "ပဟေဠိသဘောများဖြင့် နားထောင်သူများ ယုံမှားသံသယဖြစ်အောင် ပြောဆိုရေးသားအပ်သော အဖွဲ့ဗန္ဓများဖြစ်ခဲ့ပါမူ သသံသယ ဒေါသမှ လွတ်မြောက်၏" ဟု အဖြောင့်အမိပ္ပာယ်ယူအပ်၏၊ သည်ကိုရည်၍ "ပွဲလမ်းသဘင်, ပျော်ရွှင်သောခါ, လူပြွမ်းရာတွင်, တိုင်ပင်ပြောဆို, သူ့ကိုတွေ၀ေ, ဖြစ်စေလိုပြီ, ပဟေဠိ, များပြီကျေးဇူးမှာ" ဟု နောက်ဆက်တွဲပဟေဠိကဏ္ဍ(၄၁၈)၌ ဆိုထားပေသည်။

ပြန်ပုံစံ။　　**။၁၁၂။** အိမ်ရှင်ဂရ, ကိုယ့်အိမ်စုမှ, အိမ်ဒုတိယ, ပြောင်းကာကြွသော်, နိစ္စ*သွတ်လှယ်, သရဏ္ဂာယ်မှ, စသည်ပြု၍, သုခချမ်းသာ, ရကြပါသည်, ကျမ်းစာ ပြည့်စုံလေသောကြောင့်။



ပြထားသော ၁၂-ရာသီဂြိုဟ်ခွင်၌ "စ-သာ-ရွေ-ကူ, အင်း-၀-သူ, ဆဲ-ဖြူ-တ-တင်း-ပေး" ဟူသော လက်ံအရ နေ့သင့် နံသင့် ဂဏန်းများကို ယူ၍ မိဿရာသီခွင်မှစ၍ လက်ဝဲရစ် လှည့်လျက် မိန်ရာသီခွင်ထိအောင် အစဉ်အတိုင်းချလေ၊ (ဖြူ+၅) ကျရာ ဓနုရာသီ, (ပေး+၅)ကျရာ မိန်ရာသီတို့သည် ကြာသပတေးဂြိုဟ်၏ ကသစ်အိမ်များဖြစ်ကြ၏၊ ထိုကသစ်အိမ်တို့၏ ဒုတိယအိမ်တို့မှာ အစဉ်အတိုင်း မကာရရာသီအိမ်, မိဿရာသီအိမ်တို့ပင် တည်း။

---

*သွတ်လှယ်=မပြတ်မစဲ။ (ပေါ်)

http://www.dhammadownload.com

၁၁၂။ ဂရုမှိ–ဆရာသည်၊ သကဂေဟတော–မိမိနေအိမ်မှ၊ ဒုတိယံ–နှစ်ခု မြောက်သော၊ နိလယံ–အိမ်မဲသို့၊ ယာတေ–သွားသည်ရှိသော်၊ နိယတံ–အမြဲ၊ ဝါ–စင်စစ်အားဖြင့်၊ အဇ္ဈယနာဒိနာ–သရဇ္ဈာယ်ခြင်း စသည်ဖြင့်၊ သုခံ–ချမ်းသာသို့၊ ဝါ–ချမ်းသာကြောင်းရင်း, ကျမ်းဂန်ပြည့်စုံခြင်းသို့၊ မယံ–ငါတို့သည်၊ ပါပုဏေယျာမ–ရောက်ကြကုန်ရာ၏။ (ဝဋ္ဋီတာပဟေဋ္ဌီဖြင့် လှည့်ပတ်ဖွက်ထားသည်ကို မသိသဖြင့် ပေးအပ်သောအနက်။)

တစ်နည်း= ဂရုမှိ–ကောဇာ ကြာသပတေးဂြိုဟ်သည်၊ သကဂေဟတော–မိမိကသစ်အိမ်ဟု ဆိုအပ်သော ဓနုရာသီ, မိန်ရာသီမှ၊ ဒုတိယံ–နှစ်ခုမြောက်သော အိမ်ဟု ဆိုအပ်သော၊ နိလယံ–မကာရရာသီ, မိသရာသီသို့၊ ယာတေ–ပြောင်းရွှေ့သည်ရှိသော်၊ နိယတံ–အမြဲစင်စစ်၊ အဇ္ဈယနာဒိနာ–သရဇ္ဈာယ်ခြင်းစသည်ဖြင့်၊ သုခံ–စိတ်ချမ်းသာခြင်းသို့၊ မယံ–ငါတို့သည်၊ ပါပုဏေယျာမ–ရောက်ကြကုန်ရာ၏။ (လျှို့ဝှက်သည်ကို သိ၍ ပေးသောအနက်။)

ဂရုသဒ္ဒါသည် ဆရာ, ကြာသပတေးဂြိုဟ်–စသော အနက်တို့ကို ဟော၏၊ ထိုအနက်တို့တွင် (အဇ္ဈယန–သရဇ္ဈာယ်မှ)ဟူသော သဒ္ဒါနှင့်အတူ ဆိုထားသောကြောင့် ဆရာ–ဟူသောအနက်၌ ပိုလွန်ထင်ရှား၏၊ လိုအပ်သော ကြာသပတေးဂြိုဟ်–ဟူ သော အနက်၌ မထင်ရှား၊ ထိုသို့ ယုံမှားစရာ (အပိုသက်သက်စဉ်းစားစရာ) ထင်ရှားသော အနက်တစ်ပါး ပါရှိနေသောကြောင့် သသံသယဒေါသ ဖြစ်သင့်သော်လည်း ဝဋ္ဋီတာပဟေဋ္ဌီဖြင့် တမင်ယုံမှားသံသယဖြစ်အောင် ရေးထားသောကြောင့် သသံသယဒေါသ မဖြစ်တော့ချေ၊ ထို သသံသယဒေါသမှ လွတ်မြောက်လေတော့သည်။

မြန်ပုံစံအဖြေ။ ။တွေဝေညိုးငယ်, မျက်စိလယ်၍, ပြင်ကျယ်မြစ်ထဲ, ကူးနိုင်ခဲသား, ဆင်းရဲယောကျ်ား, လှေသမားလည်း, မားမားပေါ်လွင်, မြေကျွန်းခွင်ကို, နေဝင်လုနီး, မိုးချုပ်ပြီးမှ, သီးသီးခြားခြား, တွေ့မြင်ငြားရ၍, ဝမ်းပါးတသာ။

ဤ၌ ရေထဲက ကျွန်းမြေအရပ်ကို ဆိုသည်–ဟု ထင်ရှားသောကြောင့် သသံသယဒေါသမှ လွတ်လေသည်။

ကျွန်ုပ်သည် မုတ်ဆိတ်ဖွားဖွား ကုလားကြီးကို တွေ့မြင်တိုင်း အလွန်ဝမ်းနည်းပါသည်၊ ကျွန်ုပ်၏ မျက်လုံးအစုံတို့သည် မျက်ရည်များကို ဆီးတားခြင်းငှာ မတတ်နိုင်တော့ပါ၊ ထိုမျက်ရည်များသည် မိုးဦးကျ တောင်ကျချောင်းမှ ရေများစီးဆင်းလာကြဘိသကဲ့သို့ ဒလဟော စီးဆင်းလာကြပါသည်၊ ကျွန်ုပ်၏ ရင်ဝယ် ရေအိုင်များ ထွန်းနေပါပြီ၊ ကျွန်ုပ်၏ မျက်လုံးအစုံမှာလည်း မော်တော်ကားများ၏ နောက်မီးကဲ့သို့ နီရဲနေပါပြီ၊ ထိုသို့ဖြစ်ခြင်းမှာ

http://www.dhammadownload.com

၅။ ဂါမဒေါသ-အဖြေ

၁၁၃။ သုဘဂါ ဘဂိနီ သာယံ , စေတသိစ္စေဝမာဒိကံ၊
နု ဂါမမိတိ နိဒ္ဒိဋ္ဌံ , ကဝိဟိ သကလေဟိပိ။

၁၁၃။ စေတသ-ထိုယောက်ျား၏၊ သာယံဘဂိနီ-ထိုနှမငယ်သည်၊ သုဘဂါ-ကောင်း၏၊ ဝါ-ကောင်းသောဘုန်းကံရှိ၏၊ ဝါ-ကောင်းသောကျက်သရေရှိ၏၊ ဝါ-ကောင်းသောတင်ရှိ၏၊ ဣစ္ဆေဝမာဒိကံ-ဤသို့ အစရှိသောစကားကို၊ သကလေဟိ-အလုံးစုံကုန်သော၊ ကဝိဟိပိ-ပညာရှိတို့သည်လည်း၊ နု ဂါမံဣတိ-ဂါမဒေါသမသင့်ဟူ၍၊ နိဒ္ဒိဋ္ဌံ-ညွှန်ပြအပ်၏။

ကြောက်သောကြောင့် မဟုတ်ပါ၊ မျက်စိကျိမ်းသောကြောင့်လည်း မဟုတ်ပါ၊ စင်စစ်မှာမူ အိမ်ဦးမွေးမြူထား၍ ပျောက်ဆုံးသွားသည့် ဆိတ်သိုးကြီးကို သတိရသောကြောင့်သာ ဖြစ်ပါသည်။

စ၍ဖတ်ခါစဦး ဤစကားများကို ဒေါသသင့်သကဲ့သို့ ထင်ရ၏၊ သို့ရာတွင် နောက်ဦးအကြောင်းကို ထုတ်ပြထားသောကြောင့် ဒေါသမှလွတ်မြောက်၍ ရသီအလင်္ကာပင် ရောက်ပါသေးသည်၊ ထိုသို့ ရေးသားခြင်းမျိုးသည် ရိုးရိုးရေးသားသည်ထက် တစ်ဖက်သားစိတ်ကို ဆွဲဆောင်နိုင်၏၊ ထို့ကြောင့် ဤအရေးအသားမျိုးကို ပညာရှိတို့ နှစ်သက်သည်သာ။

လေ့ကျင့်ရန်ပုံစံအဖြေ　(က) ဖြူတော ခွေးမတိုးဝံ့၊
(ခ) ဝန်ကြီးချုပ်သည် အစွမ်းကုန်သန့်ရှင်းရန် သဘော ပေါ်၌ တရားဟောဏ်။

(၅) ဂါမဒေါသ-အဖြေ

ပြန်ပုံစံ။　။၁၁၃။ ကောင်းလှတင့်တယ်, ဘုန်းကံကြွယ်၍, ပြည်နယ်ပြည်မ, ရှိသမျှစု, လဲဝါနုထက်, ပိုနုထောင်ရာ, မကသာ၏၊ လိမ္မာပန်းပု, ရွှေရုပ်ထုသို့, ယဉ်မှုလုံးစုံ, သူ့၌ပုံ၏၊ ရုပ်ပုံတင့်တယ်, ပြည့်ဖြိုးကြွယ်၍, သေးသွယ်သူ့ခါး, ထက်ရင်ကားလျက်, တင်သားပြည့်ဝ, သူနှမသည်....တင့်လှ(ရွှေပန်း ပန်ဆင်၏။)

ရှင်း　ပညာရှိများ စိတ်ထိခိုက်ဖွယ်ဖြစ်အောင် မကြမ်းတမ်းသောကြောင့် ဂါမဒေါသမသင့်၊ ထင်ရှားစေအံ့- ပါဠိပုံစံ၌ "သုဘံ သုန္ဒရဘာဝံ ဂတာ-သုဘဂါ"ဟု ဝိဂြိုဟ်ဆိုမူ တစ်စုံတစ်ရာ ပြောဆိုဖွယ်မရှိ၊ "ကောင်း၏"ဟူသော တင့်တယ်သောအနက်တစ်မျိုးသာ ထွက်၏၊ "သုန္ဒရံ ဘဂံ ယဿာတိ-သုဘဂါ"ဟု ဗဟုဗ္ဗီသမာသ်ဝိဂြိုဟ်ဆိုမူ "ဘဂ" သဒ္ဒါသည် မိန်းမတို့၏ ယောနိကိုလည်း ဟောသောကြောင့် "ဂါမဒေါသ သင့်လိမ့်မည်လား"ဟု ယုံမှားဖွယ်ရှိ၏၊ သို့ရာတွင် ဘဂ-သဒ္ဒါသည် မိန်းမတို့၏ လျှို့ဝှက်အင်္ဂသောအင်္ဂါ(ယောနိ)ဟူသော အနက်၌ မထင်ရှား၊ ဘုန်းကံကျက်သရေ-စသော ကောင်းသောအနက်၌သာ ထင်ရှား၏၊ ထို့ကြောင့် မိန်းမတို့၏ယောနိ-ဟူသော အနက်သို့ စိတ်ညွတ်ဖွယ်

http://www.dhammadownload.com

၆။ ဒုဋ္ဌာလင်္ကာရဏဒေါသ-အဖြေ

၁၁၄။ ဒုဋ္ဌာလင်္ကာရဝိဂမေ , သောဘနာလင်္ကာတိက္ကမော၊
အလင်္ကာရပရိစ္ဆေဒေ , အာဝိဘာဝံ ဂမိဿတိ။

၁၁၄။ ဒုဋ္ဌာလင်္ကာရဝိဂမေ–ဒုဋ္ဌာလင်္ကာရဒေါသမှ ကင်းသည်ရှိသော်၊ သောဘနာလင်္ကာတိက္ကမော–တင့်တယ်သော အလင်္ကာအစဉ်သည်၊ အလင်္ကာရပရိစ္ဆေဒေ–အလင်္ကာတို့ကိုပြရာ (စတုတ္ထ)ပိုင်း၌၊ အာဝိဘာဝံ–ပေါ်လွင်ထင်ရှားခြင်းသို့၊ ဂမိဿတိ–ရောက်လိမ့်လတ္တံ့။

မရှိရကား ပညာရှိတို့ တစ်စုံတစ်ရာ စိတ်ထိခိုက်ဖွယ်မရှိ၍ ဂါမဒေါသမှ လွတ်မြောက်လေသည်။

ဥပမာ....“ရှင်ပိလိန္ဒဝစ္ဆအမိန့်ဖြင့် တင်လိုက်သော ကရွတ်ခွေသည် သူငယ်မ၏ ဦးခေါင်း၌ အလွန်လှပသော ရွှေပန်းတစ်ခု ဖြစ်နေ၏”ဟူသော စကား၌ “ရွှေပန်း” ဟူသောသဒ္ဒါသည် မကောင်းသောအနက်တစ်ခုကို ဟောနေစေကာမူ ထိုအနက်သို့ စိတ်သွားဖွယ် မရှိသောကြောင့် ဂါမဒေါသ မသင့်သကဲ့သို့တည်း။ [မြန်မာပြန်ပုံစံ သိလွယ်ပြီ။]

မြန်ပုံစံ။ ။ကျွတ္ထိဘဂ, နိသမဖြင့်, လွန်စွာရှည်ဖြို့, ခြောက်သွေ့စို့မူ, သတို့သမီး, ဘုန်းမကြီးတည်း၊ ကိုယ်ထီးအိမ်ဝယ်, သိမ်ဖျင်းငယ်လိမ့်။ (သာမုဒ္ဒြကပျို့။)

ရှင်း ဤ၌ “ဘဂ”သဒ္ဒါသည် အင်္ဂါဇာတ်ဟော ဖြစ်သော်လည်း လက္ခဏာများကို ပြဆိုသောအရာ ဖြစ်သောကြောင့် ဆိုသင့်သည်ပင်၊ အပြစ်မရှိ၊ မြတ်စွာဘုရားသည်ပင် “သိခရဏီ အသိ, သမ္ဘိန္နာ အသိ”စသောစကားမျိုးကို ဟောတော်မူရချေသေး၏–ဟူလို။

(၆) ဒုဋ္ဌာလင်္ကာရဏဒေါသ-အဖြေ

၁၁၄။ ဒုဋ္ဌာလင်္ကာတိဒေါသမှ ကင်းလွတ်သော် တင့်တယ်သော အလင်္ကာအစဉ် ဖြစ်ပေလိမ့်မည်၊ ထိုတင့်တယ်သော အလင်္ကာများသည်လည်း အတ္ထာလင်္ကာရာဝဇ္ဇော စတုတ္ထပိုင်းသို့ရောက်က အလိုအလျောက် ထင်ရှားပါလိမ့်မည်၊ ထို့ကြောင့် ဤနေရာ၌ အထူးပြဖွယ်မရှိ၊ [သို့ရာတွင် သိလွယ်စေခြင်းငှာ မြန်မာပုံစံ၏ အဖြေကို ပြဦးအံ့။]

မြန်ပုံစံ။ ။ကောင်းကင်းပြင်ဟူ, ကန်ကြီးတူသား, ရောင်ဖြူရွှန်, ဖိုးရွှေလလည်း, လှလှဆန်းတင့်, ကြာပန်းပွင့်နှင့်, နှိုင်းချင့်ပုံနှိပ်, ယုန်တံဆိပ်ကား, အရိပ်ညို့ညို့, ပိတုန်းသို့လျှင်, ပိတ်ဆို့တည်နေ, ထင်ရှားချေ၏။

ရှင်း ဤ၌ကောင်းကင်ကိုရောကန်, လမင်းကိုကြာပွင့်, ယုန်ရုပ်ကို ပိတုန်း–ဟူ၍ ဥပမာဥပမည်း ပြည့်စုံအောင် ဆိုသောကြောင့် ဥပမာအလင်္ကာ မပျက်၊ ထို့ကြောင့် ဒုဋ္ဌာလင်္ကာတိဒေါသမှ လွတ်မြောက်၏၊ ဥပမာအလင်္ကာနှင့် ပြည့်စုံ၏။

http://www.dhammadownload.com

ဒေါသ-အဖြေ နိဂုံး

၁၁၅။ ဒေါသေ ပရိဟရိတုမေသ ဝရော ပဒေသော,
သတ္ထန္တ ရာနုသရဏေန ကတော မယေဝံ၊
ဝိညာယိမံ ဂရုဝရာန'ဓိကပ္ပသာဒါ,
ဒေါသေ ပရံ ပရိဟရေယျ ယသောဘိလာသီ။

ဣတိ သံဃရက္ခိတမဟာသာမိဝိရစိတေ သုဗောဓာလင်္ကာရေ
ဒေါသပရိဟာရာဝဗောဓော နာမ ဒုတိယော ပရိစ္ဆေဒေါ။

၁၁၅။ ဇဝံ-ဤအခြားမဲ့၌ ဆိုခဲ့ပြီးသောအစဉ်ဖြင့်၊ မယာ-ငါသည်၊ ဒေါသေ-အပြစ်ဒေါသ, ဟူသမျှတို့ကို၊ ပရိဟရိတုံ-မကပ်မရောက်, ပယ်ဖျောက်ခြင်းငှာ၊ ဝရော-ကောင်းမြတ်သော၊ ဇသော ဥပဒေသော-နည်းညွှန်လမ်းပြ, ဤဥပဒေသကို၊ သတ္ထန္တ ရာနုသရဏေန-သာသနာဝင်ကျမ်းဂန်မှတစ်ပါး, သက္ကတအလင်္ကာကျမ်းဂန်များကို အစဉ်အောက်မေ့ခြင်းဖြင့်၊ ကတော-ရေးသားပြုပြင်, စီရင်အပ်ခဲ့လေပြီ။

ဂရုဝရာနံ-ဆရာမြတ်တို့ကို၊ အဓိကပ္ပသာဒါ-လွန်စွာကြည်ညိုခြင်းကြောင့်၊ ဣမံ ဥပဒေသံ-နည်းညွှန်လမ်းပြ, ဤဆိုခဲ့ပြီးသော ဥပဒေသကို၊ ဝိညာယ-သဘာဝကျကျ, သိရှိကြ၍၊ ယသောဘိလာသီ-အကျော်အစောကို အလိုရှိသော ပညာရှိသည်၊ ဝါ-ကျော်စောခြင်း၏ အကြောင်းဖြစ်သော ပြစ်မှုးမတွယ်, စင်ကြယ်သောအဖွဲ့, ထိုသို့သဘောရှိသော အဖွဲ့ကြောင့်ဖြစ်သော အကျော်အစောကို လိုလားသောပညာရှိသည်၊ ဒေါသေ-အပြစ်ဒေါသ, ဟူသမျှတို့ကို၊ ပရံ-အလွန်အကြူး, အထူးအား ဖြင့်၊ ပရိဟရေယျ-မကပ်မရောက်, ပယ်ဖျောက်လေရာ၏။

ဒေါသ-အဖြေ နိဂုံး

၁၁၅။ ဤသို့ ပြည့်ခွန်ခဲ့သောအစဉ်ဖြင့် အကျွန်ုပ်သည် အပြစ်အမှုိးမှုိးတို့ကို ပယ်ဖျောက်ရန်အလို့ငှာ ဤဒေါသအဖြေပိုင်း-တည်းဟူသော ကောင်းမြတ်သည့်နည်းဥပဒေသကို သက္ကတအလင်္ကာကျမ်းပေါင်းများစွာကို မှီငြမ်း၍ ရေးသားပြုပြင် စီရင်အပ်ပေပြီ၊ အပြစ်ကင်းသောအဖွဲ့မှုိးနှင့် ကဝိမြောက်သူ-ဟူသော ဂုဏ်ကိုအလိုရှိသောသူသည် အပြစ်ဒေါသတို့ကို ကြိုးစား၍ ရှောင်ကွင်းပါလေ-ဟူလို။

သီသောဝါဒ　ငါးသွယ်ကျင့်ဝတ်, မယွင်းချွတ်ဘဲ, လေးမြတ်ကော်ရော်, ပူဇော်ခစား, တပည့်အားလျှင်, လေးစားဆရာ, တတ်ပညာကို, ချန်ကာမသို့, သဒ္ဓါပို၍, ပေးလိုစမြဲ, သတိစွဲလော့၊ ရှောင်လွဲကျင့်ဝတ်, သွေဖယ်လတ်က, လေးမြတ်ကောင်းစွာ, ဘယ်ဆရာလျှင်, သဒ္ဓါဖြိုးစည်, ပေးလိုမည်နည်း၊ ချစ်ကြည်ဆရာ, သင်ပေး

http://www.dhammadownload.com

"ဒေါသပရိဟာရဝဏ္ဏောနာမ-ဒေါသရောင်လွှဲနည်းတို့ကို ထိုးထွင်းသိမြင်ရာ, သိမြင်ကြောင်းဖြစ်သောကြောင့် ဒေါသပရိဟာရဝဏ္ဏောဓမည်သော" ဒုတိယော. . . . ။

ပါမှ, ပညာရွှေအိုး, ပြည့်လေရိုးတည်း၊ အားကြိုးမပြု, လျစ်လျူရှုက, ပြည့်မှုမထင်၊ ဆရာရှင်က, ကူထောက် မ-မှ, ဒေါသရောင်ပုံ, အဖုံဖုံကို, အစုံနားလည်, နိုင်ကြမည်တည်း၊ မကြည်မဖြူ, မကူမထောက်, မချီးမြှောက်က, လွတ်မြောက်ဒေါသ, နည်းလမ်းစကို, မရလုံးလုံး, အညွှန့်တုံးလိမ့်၊ ကုန်လုံးနားလည်, သိသူသည်သာ, ဒေါသာလွတ်ကင်း, သန့်ရှင်းဖွဲ့မျိုး, ထိုဖွဲ့မျိုးကို, ဖွဲ့ဆိုသမှု, အကြောင်းပြု၍, ပေါင်းစုပျံ့သင်း, ကျော်စောခြင်းကို, မယွင်းသေချာ, ရရှိပါ၍, လူရွှာတရိုး, ကျော်ဟိုးဟိုးတည်း၊ ညွှန့်ကျိုးညွှန့်တုံး, လူသစ်တုံးမှု, ဆုံးရှုံးတစ်သက်, သေနရက်နန်း, ကြွစံမြန်းလိမ့်၊ ပြည်ထွန်းသုက္က, ကာလပက္ခန်, ဤနှစ်တန်ကို, ဖန်ဖန်စေ့ငှ, သတိပြု၍, ကြည့်ရှုကြပါ, များသိဿာတို့, ငါးဖြာဝတ်ကျင့်, ပြည့်စေသင့်၏၊ နှိုင်းချင့်ပုံဆို, မြင်းနိုင်လိုက, ဇက်ကိုဆွဲဟန်, အကျင့်းညွှန်သည် . . . . ရည်မွန်သူတို့ လိုက်နာဖို့။

လေ့ကျင့်ခန်းမေးခွန်း

၁။ ကဒါစိ ကဝိကောသလ္လာ-၌ ကဒါစိဖြင့် အဘယ်အနက်အဓိပ္ပာယ်ကို ပြပါသနည်း ?။

၂။ အနက်အသိခက်စေကာမူ ကိလိဋ္ဌဒေါသမှ လွတ်မြောက်နိုင်သောအရာမျိုး ရှိပါက အကိုးသာဓကနှင့်တကွ ပြပါ ?။

၃။ မပြည့်မစုံဆိုပါလျက် နေယျဒေါသမှ လွတ်မြောက်သောအရာမျိုးကို ထုတ်ပြပါ ?။

၄။ အနက်တူသဒ္ဒါကို ထပ်ဆိုပါလျက် ဧကတ္ထဒေါသမသင့်သောအရာမျိုးရှိက ပြပါ ?။

၅။ ယတိဟီနဒေါသအဖြေကို အဘယ့်ကြောင့် မဆိုပါသနည်း ?။

၆။ မဆီမဆိုင်ပြောဆိုသော်လည်း အဘယ်သူတို့သည် အပေတတ္ထဒေါသမှ လွတ်လပ်ခွင့်ရပါသနည်း ?။

၇။ ဥဒ္ဒေသ, အနုဒ္ဒေသအစဉ်မဟပ်မိတိုင်း အပက္ကမဒေါသ သင့်,မသင့် အကိုးသာဓကပြဆုံးဖြတ်ချက်ချခဲ့ပါ ?။

၈။ ကိုယ့်ဂုဏ်ကိုကိုယ်ဖော်တိုင်း ဩစိတျဟီနဒေါသ သင့်,မသင့် ရှင်းပြပါ ?။

၉။ သူတစ်ပါး ယုံမှားအောင် ရေးသားပြောဆိုတိုင်း သဿံသယဒေါသ သင့်,မသင့် သာဓကသွင်း ရှင်းလင်းပြပါ ?။



ဒေါသပရိဟာရဝဏ္ဏော-ဒုတိယပိုင်း ပြီး၏။

http://www.dhammadownload.com

၃။ ဂုဏာဝဟောဓ–တတိယပိုင်း

ပဋိညာဉ်

၁၁၆။ သမ္ဘဝန္တိ ဂုဏာ ယသ္မာ , ဒေါသာနေဝမတိက္ကမေ၊
ဒဿေသဿံ တေ တတော ဒါနိ , သဒ္ဒေ သမ္မာသယန္တိ ယေ။

၁၁၆။ ဧဝံ–ဤဆိုအပ်ခဲ့ပြီးသောအစဉ်ဖြင့်၊ ဒေါသာနံ–ဒေါသတို့ကို၊ အတိက္ကမေ–လွန်မြောက်ခြင်းသည်၊ (သတိ–ဖြစ်လတ်သော်၊) ဂုဏာ–ဂုဏ်တို့သည်၊ (ယသ္မာ–အကြောင်ကြောင့်၊) သမ္ဘဝန္တိ–ဖြစ်ကုန်၏၊ တတော–ထို့ကြောင့်၊ ယေ(ဂုဏာ)–အကြင်ဂုဏ်တို့သည်၊ သဒ္ဒေ–သဒ္ဒါတို့ကို၊ သမ္မာသယန္တိ–တန်ဆာဆင်ကြကုန်၏၊ တေ(ဂုဏေ)–ထိုဂုဏ်တို့ကို၊ ဒါနိ–ယခုအခါ၌၊ ဒဿေသဿံ–ပြရပေတော့အံ့။

၃။ ဂုဏာဝဟောဓ–တတိယပိုင်း

ပဋိညာဉ်

၁၁၆။ ရှေ့ကဆိုခဲ့ပြီးသည့်အတိုင်း အပြစ်ဒေါသကင်းလွတ်လျှင် ဂုဏ်တို့သည် အလိုအလျောက် ဖြစ်ပေါ်လာကြကုန်၏၊ ထို့ကြောင့် သဒ္ဒါလင်္ကာရခေါ်သော ထိုဂုဏ်တို့ကို ပြဆိုရပေတော့မည်။

သဒ္ဒါလင်္ကာရ "သဒ္ဒေ သမ္မာသယန္တိ ယေ"ဟူသောပါဠိဖြင့် "သဒ္ဒေ အလင်္ကာရောန္တိ–သမ္မာသယန္တီ တိ–သဒ္ဒါလင်္ကာရာ"ဟူသော ဝိဂြိုဟ်ကိုပြ၏၊ သဒ္ဒါတို့ကို တန်ဆာဆင်တတ်, တင့်တယ်စေတတ်သော ဂုဏ်များသည် သဒ္ဒါလင်္ကာရမည်၏၊–ဟု ဆိုလိုသည်။

ဂုဏ် အတ္တနော နိဿိတံ ဗန္ဓံ ဂုဏာပေန္တိ အာမန္တာပေန္တိ ကာဗျဝိဒူတိ–ဂုဏာ၊ (ဂုဏ–အာမန္တ နေ၊ သဒ္ဒနီတိ။) "မိမိတို့မှီရာ အဖွဲ့ဗန္ဓကို (ကြားနာဖို့ရန်) ပညာရှိတို့ကို ခေါ်ဝေါ်စေတတ်သောကြောင့် ဂုဏ်"ဟု ခေါ်သည်။

ထင်ရှားစေအံ့ ပညာရှိသုခမိန်(ကာဗျဝိဒူ)တို့သည် ကောင်းမြတ်သော အဖွဲ့ဗန္ဓကို လွန်စွာကြားနာလိုကြပေ၏၊ မျှော်လင့်တောင့်တနေကြပေ၏၊ အမြဲမပြတ် အဖွဲ့ဗန္ဓကို ခေါ်ဝေါ်နေသကဲ့သို့ ဖြစ်ကြ၏၊ ထိုသို့ နာလိုတောင့်တ, ခေါ်ဝေါ်နေသကဲ့သို့ ဖြစ်ကြရခြင်းမှာလည်း ထိုအဖွဲ့ဗန္ဓ၌ပါရှိသော ပသာဒ–စသော သဒ္ဒါလင်္ကာရတို့ကြောင့်သာ ဖြစ်ပေသည်၊ သဒ္ဒါလင်္ကာရတို့မှကင်းသော အဖွဲ့မျိုးဖြစ်က ခေါ်ဝေါ်တောင့်တနေဖွယ်ပင်မရှိ၊ [အဖွဲ့ဗန္ဓသည် အခေါ်ခံအရာဝတ္ထု၊ ပညာရှိ သုခမိန်တို့သည် ခေါ်ဝေါ် တတ်သူ၊ သဒ္ဒါလင်္ကာရတို့သည် ခေါ်ဝေါ်ဖို့ရန် စေခိုင်းတတ်သော အရာဝတ္ထု–ဟု အကျဉ်းမှတ်၊] ထိုသို့ အဖွဲ့ဗန္ဓကို ခေါ်ဝေါ်ဖို့ရန် ပညာရှိတို့ကို စေခိုင်းတိုက်တွန်းပေးသကဲ့သို့ ဖြစ်တတ်သောကြောင့် ထိုပသာဒ–စသော သဒ္ဒါလင်္ကာရတို့သည် "ဂုဏ်"ဟူသော အမည်ကို ရကြလေသည်။

http://www.dhammadownload.com

ဂုဏ် ၁၀-ပါး အကျဉ်း

၁၁၇။ ပသာဒေါဇော မဓုရတာ , သမတာ သုခုမာလတာ၊
သိလေသောဒါရတာကန္တိ , အတ္ထဗျတ္တိ သမာဓယော။

၁၁၇။ ပသာဒေါ-ပသာဒဂုဏ်လည်းကောင်း၊ သြဇော-သြဇဂုဏ်လည်းကောင်း၊ မဓုရတာ-မဓုရတာဂုဏ်လည်းကောင်း၊ သမတာ-သမတာဂုဏ်လည်းကောင်း၊ သုခုမာလတာ-သုခုမာလတာဂုဏ်လည်းကောင်း၊ သိလေသော-သိလေသဂုဏ်လည်းကောင်း၊ ဥဒါရတာ-ဥဒါရတာ ဂုဏ်လည်းကောင်း၊ ကန္တိ-ကန္တိဂုဏ်လည်းကောင်း၊ အတ္ထဗျတ္တိ-အတ္ထဗျတ္တိဂုဏ် လည်းကောင်း၊ သမာဓယော-သမာဓိဂုဏ်တို့လည်းကောင်း၊ (ကွတိ-ဤသို့၊ ဂုဏာ-ဂုဏ်တို့သည်၊ ဒသ-ဆယ်ပါးတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏။)

ဂုဏ် ၁၀-ပါး အကျဉ်း

၁၁၇။ ။ပသာဒေါဇ, မဓုရ သမတာ, သုခုမာ သိလေသ, ဥဒါရ ကန္တိ, ဗျတ္တိအတ္ထာ, သမာဓိများ, ဤဆယ်ပါး, မှတ်သားသဒ္ဒါ လင်္ကာရာ။

၁။ ပသာဒဂုဏ်= ကြည်လင်ဖွယ်ရှိဂုဏ်,
၂။ သြဇဂုဏ်= ချဉ်းစပ်+ချုံး+ချဲ့-(ဆိနှစ်ပြည့်)ဂုဏ်,
၃။ မဓုရတာဂုဏ်= သာယာနာပျော်ဖွယ်ရှိ(နားဝင်ချို)ဂုဏ်,
၄။ သမတာဂုဏ်= အသံတူ(အချီအချ ညီမျှ)ဂုဏ်,
၅။ သုခုမာလတာဂုဏ်= အဖတ်လွယ်(စကားယဉ်)ဂုဏ်,
၆။ သိလေသဂုဏ်= စပ်ဖက်တွဲကပ်ဂုဏ်,
၇။ ဥဒါရတာဂုဏ်= ဂုဏ်ထူးပြဂုဏ်,
၈။ ကန္တိဂုဏ်= နှစ်သက်ဖွယ်ရှိဂုဏ်,
၉။ အတ္ထဗျတ္တိဂုဏ်= စကားရှင်း အနက်လွယ်ဂုဏ်,
၁၀။ သမာဓိဂုဏ်(တို့)= တင်စားဂုဏ်(တို့။)

ဤသို့ သဒ္ဒါလင်္ကာရခေါ် ဂုဏ်ဆယ်ပါး ရှိ၏။

သဒ္ဒ-အတ္ထအခွဲ

ထိုဂုဏ်ဆယ်ပါးတို့တွင် သြဇဂုဏ်နှင့် ဥဒါရတာဂုဏ်တို့သည် သဒ္ဒါ, အနက် နှစ်ပါးစုံတို့၌ဖြစ်သော သဒ္ဒတ္ထဂုဏ်တို့ မည်၏၊ သမာဓိဂုဏ်သည် မုချအားဖြင့် အနက်၌ဖြစ်သော အတ္ထဂုဏ်မည်၏၊ ပရိယာယ်အားဖြင့် ထိုအနက်ကို ထွန်းပြသော သဒ္ဒါ၌ဖြစ်သော သဒ္ဒဂုဏ်လည်း မည်၏၊ ကြွင်းသော ပသာဒ, မဓုရတာ, သမတာ, သုခုမာလတာ, သိလေသ, ကန္တိ, အတ္ထဗျတ္တိဂုဏ် ၇-ပါးတို့သည် သဒ္ဒါ၌သာဖြစ်သော သဒ္ဒဂုဏ်တို့ မည်၏။ [ထို ၇-ပါးတို့တွင် သုခုမာလတာဂုဏ်ကို သဒ္ဒ, အတ္ထ နှစ်မျိုးခွဲမှ ကျမ်းဆရာ၏ အလိုကျ ဖြစ်နိုင်မည်ထင်ပေသည်။]

http://www.dhammadownload.com

တိုက်တွန်းချက်

၁၁၈။ ဂုဏေဟေ–တေဟိ သမ္ပန္နော , ဗန္ဓော ကဝိမနောဟရော၊
သမ္ပာဒိယတိ ကတ္တူနံ , ကိတ္တိမစ္စန္တနိမ္မလံ။

၁၁၈။ တေဟိ ဂုဏေဟိ–ထိုဂုဏ်ဆယ်ပါးတို့နှင့်၊ သမ္ပန္နော–ပြည့်စုံသော၊ ဗန္ဓော–(ပဇ္ဇ,ဂဇ္ဇ)အဖွဲ့ဗန္ဓသည်၊ ကဝိမနောဟရော–ပညာရှိတို့၏ စိတ်နှလုံးကို ယူကျုံးနှစ်သက်စေနိုင်၏၊ ကတ္တူနံ–ဖွဲ့နွဲ့ရေးသား, ပညာရှိအများတို့၏၊ အစ္စန္တနိမ္မလံ–(ဆံခြည်မျှင်မျှ, ဒေါသမဝင်,) အလွန်ပင်စင်ကြယ်သော၊ ကိတ္တိံ–ကျော်စောခြင်းကို၊ သမ္ပာဒိယတိ–ပြီးစေနိုင်၏။ [ကာရိတ်ဏိပစ္စည်း၊ ဣ–ကို ဣယပြုပြီးသည်။ မောဂ္ဂလ္လာန်။]

၁။ ပသာဒဂုဏ်

၁၁၉။ အဒူရာဟိတသမ္ဗန္ဓ–သုဘဂါ ယာ ပဒါဝဋ္ဌိ၊
သုပသိဒ္ဓါဘိဓေယျာယံ , ပသာဒံ ဇနယေ ယထာ။

ဆောင်။ ။ ဩဇောဒါရ, သဒ္ဒတ္ထတည့်၊ မုချသမာဓိ, အတ္ထသိလော၊ ပရိယာယ, သဒ္ဒလည်းဖြစ်၊ ကြွင်းခုနစ်, စိစစ်သဒ္ဒသာ။
ထိုတွင်ပါလာ, သုခုမာကို, သဒ္ဒါအတ္ထ, ခွဲပါမှ, လိုကျကျမ်းဆရာ ဖြစ်မည်သာ။

ဗဟုဝုစ်သဒ္ဒါပို "သမာဓိစ"ဟု ဆိုက ပြီးကောင်းလျက် "သမာဓယော"ဟု ဗဟုဝုစ်သဒ္ဒါပိုကို ဆိုရခြင်းသည် ထိုသမာဓိဂုဏ်၏ များသောအပြား ရှိသည်၏အဖြစ်ကို ပြလိုသောကြောင့် ဖြစ်သည်။

ဆောင်။ ။ အပြားများဘိ, သမာဓိ, ဆိုဘိ ဗဟုဝစနာ။

တိုက်တွန်းချက်

၁၁၈။ သဒ္ဒါလင်္ကာရခေါ်သည့် ထိုဂုဏ်ဆယ်ပါးနှင့်ပြည့်စုံသော အစီအကုံး အနှုန်းအဖွဲ့ကို ပညာရှိတို့ အလွန်နှစ်သက်အပ်၏၊ ထိုသို့ အစီအကုံး အနှုန်းအဖွဲ့ကို ပညာရှိတို့နှစ်သက်ပါက ထိုအစီအကုံး အနှုန်းအဖွဲ့ကို ရေးသားသော ကဗျာဆရာသည်လည်း အလွန်စင်ကြယ်သော ကျော်စောမှုကို ရရှိနိုင်ပေသည်။ [ထို့ကြောင့် ပြဆိုလတ္တံ့သောဂုဏ်များကို နားလည်အောင်လေ့လာ၍ ထိုဂုဏ်တို့နှင့် ပြည့်စုံအောင် စီကုံးရေးသား ပြောဆိုကြပါ။]

၁။ ပသာဒဂုဏ်

၁၁၉။ ။စပ်ဟပ်ပုဒ်ချင်း, နီးကပ်ခြင်းနှင့်, ရှင်းလင်းသိသာ, နက်ရှိပါ, ဂုဏာပသာဒ။

(က) စပ်ရမည့်ပုဒ်ချင်း နီးကပ်စွာထားခြင်း,
(ခ) ပေါ်လွင်ထင်ရှားသောအနက် ရှိခြင်း–

http://www.dhammadownload.com

၁၁၉။ ယာပဒါဝဋ္ဋိ–အကြင်ပုဒ်အစဉ်သည်၊ အဒူရာဟိတသမ္မန္နသုဘဂါ–နီးနီးကပ်ကပ်, ထားအပ်သော ပုဒ်စပ်ရှိသည်ဖြစ်၍ ကောင်းမြတ်တင့်တယ် နှစ်သက်ဖွယ်ရှိ၏၊ (ဗျာကိဏ္ဏမှ လွတ်ပုံကိုပြ၏၊) သုပသိဒ္ဓါဘိဓေယျာ–အလွန်ပေါ်လွင်ထင်ရှားသော အနက်ရှိ၏၊ (ကိလိဋ္ဌဒေါသမှလွတ်ပုံကိုပြ၏၊) အယံပဒါဝဋ္ဋိ–ဤပုဒ်အစဉ်သည်၊ ပသာဒံ–ပသာဒဂုဏ်ကို၊ ဇနယေ–ဖြစ်စေနိုင်၏၊ ယထာ–ကား၊ အလင်္ကာရောန္တာတျာဒိ–စသည်တည်း။

ဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော အဖွဲ့သည် ကြည်လင်ဖွယ်ရှိသောအဖွဲ့ မည်၏၊ ပသာဒဂုဏ်ရောက်၏။

ထို့ကြောင့် "စပ်ရမည့်ပုဒ်တို့ကို ရှုပ်ရှုပ်ပွေပွေထားအပ်သော ဗျာကိဏ္ဏဒေါသ, အသိခက်အောင်(အသုံးနည်း၍ လူများ အလွယ်တကူ မသိနိုင်သောပုဒ်တို့ဖြင့်) ရေးသားအပ်သော ကိလိဋ္ဌဒေါသတို့မှ လွန်မြောက်လျှင် ပသာဒဂုဏ်ရောက်၏"ဟု မှတ်အပ်၏၊ ထိုဒေါသနှစ်ပါးမှ လွန်မြောက်တိုင်း ပသာဒဂုဏ်ရောက်သကဲ့သို့ ကြွင်းသော ဂုဏ်များမှာ အမြဲမဖြစ်နိုင်ချေ၊ ထိုက်သင့်သည်အားလျော်စွာ ဖြစ်နိုင်ပေသည်။

ဆောင်။ ။ ဗျာကိဏ် ကိလိဋ္ဌ၊ လွန်မြောက်က၊ ဂုဏပသာဒါ။
ကြွင်းသည့်ဂုဏ၊ ရံခါမျှ၊ ဖြစ်ကြလျော်ရုံသာ။

သဒ္ဒါအရေးကြီးသည် ဤ၌ ပေါ်လွင်ထင်ရှားသောအနက် ရှိရမည်ဆိုသော်လည်း ပဒတ္ထခေါ်သော ပုဒ်နက်ကိုသာ ယူသင့်၏၊ ပညာရှိတို့၏ အလိုအာဘောဂ–ဟု ဆိုအပ်သော (အဓိပ္ပာယတ္ထ)မှာမူ ပင်ကိုယ်သဘောအားဖြင့် နက်နဲ၏၊ ထိုပညာရှိတို့၏ အလိုသည် အဖွဲ့ဗန္ဓဋ္ဌပါသော ပုဒ်တို့ကို ပျံ့နှံ့၍တည်၏၊ ထိုပညာရှိတို့၏ အလိုအာဘောဂ အဓိပ္ပာယတ္ထကို သက်ဆိုင်ရာသဒ္ဒါကျမ်းဂန်များကို လေ့လာသင်ကြားထားသော ပုဂ္ဂိုလ်များသာ သက်ဝင်နိုင်ကြ၏၊ နားလည်နိုင်ကြ၏၊ မည်သို့အဓိပ္ပာယ် ယူဆရမည်–ဟု သိရှိနိုင်ကြ၏၊ ထိုစကားသည် သင့်မြတ်လှပေ၏၊ သဒ္ဒါကျမ်းဂန်များမည်သည် ထိုထိုအဖွဲ့ဗန္ဓ၏ အနက်အဓိပ္ပာယ်ကို နားလည်စေရန်, ဝါကျအသွားအလာ မှန်ကန်စွာ ရေးသားပြောဆိုနိုင်စေရန် ရည်သန်၍ ရွေးဆရာများ ရေးသားထားသော စည်းကမ်းနည်းလမ်း ထုံးဥပဒေသတစ်ခု ဖြစ်ပေသည်၊ ယခုကာလ၌ကား ထိုပညာရှိတို့၏ စည်းကမ်းနည်းလမ်း ထုံးဥပဒေသကို အလေးဂရု မပြုမူ၍ ကတ္တား, ကံမျှ မမှန်ဘဲ ထင်ရာကို ရေးသားသော စာပေများ အလွန်ခေတ်စားနေလေပြီ၊ နောင်တစ်ခေတ်ပြောင်းလာက မည်ကဲ့သို့ ဖြစ်လာကြမည်ကို တွေးမိသော ပညာရှင်တိုင်း ထိတ်လန့်ဖွယ်ကြီးတစ်ခု ဖြစ်နေလေပြီ၊ ထို့ကြောင့် အဆိုပါ ဘေးဆိုးကြီးမှ လွတ်မြောက်အောင် သက်ဆိုင်သူတို့က အထူးကြိုးစားသင့်လှပေသည်။

http://www.dhammadownload.com

၁၂၀။ အလင်္ကရောန္တာ ဝဒနံ , မုနိနောဓရရံသိယော၊
သောဘန္တေ ရုဏရံသီဝ , သမ္ပတန္တာမ္ဗုဇောဒရေ။

၁၂၀။ မုနိနော-မြတ်စွာဘုရား၏၊ အဓရရံသိယော-နှုတ်ခမ်းတော်ရောင်တို့သည်၊ ဝဒနံ-မျက်နှာတော်ကို၊ အလင်္ကရောန္တာ-တန်ဆာဆင်ကြကုန်လျက်၊ အမ္ဗုဇောဒရေ-ပဒုမာကြာတိုက်၌၊ သမ္ပတန္တာ-ကျရောက်ကြကုန်သော၊ အရုဏရံသီဝ-အရုဏ်ရောင်တို့ကဲ့သို့၊ သောဘန္တေ-တင့်တယ်ကြကုန်၏။

၂။ ဩဇဂုဏ်

၁၂၁။ ဩဇော သမာသဗာဟုလျ-မေသော ဂဇ္ဇဿ ဇီဝိတံ၊
ပဇ္ဇေပျနာကုလော သောယံ , ကန္တော ကာမီယတေ ယထာ၊

၁၂၁။ သမာသဗာဟုလျံ-သမာသ်များသည်၏အဖြစ်သည်၊ ဩဇော-ဩဇဂုဏ်မည်၏၊ ဧသော-ဤဩဇဂုဏ်သည်၊ ဂဇ္ဇဿ-စုဏ္ဏိယ(စကားပြေ)၏၊ ဇီဝိတံ-အသက်သွေးကြောမည်၏၊ အနာကုလော-ရှုပ်ထွေးခြင်းမရှိသော၊ ဝါ-ရှုပ်ထွေးခြင်းမရှိသောကြောင့်၊ ကန္တော-နှစ်သက်ဖွယ်ကောင်းသော၊ သောယံ-ထိုဩဇဂုဏ်ကို၊ ပဇ္ဇေပိ-ဂါထာ၌လည်း၊ ကာမီယတေ-လိုလားအပ်၏။ ယထာ....။

ပြန်ပုံစံ။ ။၁၂၀။ မုနိဥသျှောင်, မြတ်ဘုန်းခေါင်၏, နှုတ်ရောင်များဖြင်, မျက်နှာပြင်ကို, ဆင်ယင်တန်ဆာ, ပြုကြကာဖြင့်, ရွှေကြာတိုက်ခန်း, နေခြည် သန်းသို့, ရွှန်းရွှန်းဝေဝေ, ကျက်သရေသည်....ပြည့်လေဖြိုးဖြိုး စုံ၏တည်း။

ရှင်း ဤပုံစံသည် စပ်ရမည့်ပုဒ်ချင်းချင်း နီးနီးကပ်ကပ်ထားလျက် သိလွယ်ထင်ရှားသော သဒ္ဒါပုဒ်ပါ၌တို့ဖြင့် ရေးသားထားသောကြောင့် ပသာဒဂုဏ်ရောက်၏။

မြန်ပုံစံ။ ။လူ့ဘောင်မျက်မြင်, ယခုပင်လည်း, ကြီးထင်အားထူ, လုံ့လကူမူ, သူမတန်အောင်, များမြောင်အကျိုး, ပြည့်စုံတိုး၏၊ မကြိုးစားလျှင်း, လွန်ရိပျင်းမူ, ကံရင်းရှိလှည့်, လိုမပြည့်တည့်။ (ဓမ္မရာသီပျို့-၁၁၇။)

ဤအဖွဲ့သည်လည်း စပ်ရမည့်ပုဒ်အချင်းချင်း နီးနီးကပ်ကပ်ထားလျက် သိလွယ်သော သဒ္ဒါတို့ဖြင့် ရေးသားထားသောကြောင့် ပသာဒဂုဏ်ရောက်သော အဖွဲ့ဖြစ်ချေသည်။

(၂) ဩဇဂုဏ်

၁၂၁၊ ၃။ များသမာသ၊ ပါရှိကမူ၊ သဒ္ဒဩဇာ၊ ချုံးချဲ့ခါ၊ မှတ်ပါဩဇတ္ထ။

ပုဒ်တို့ကို ဝိဘတ်ချေ၍ ချုံးချဉ်းစပ်ဟပ်ထားခြင်းကို သမာသ်-ဟုခေါ်သည်၊ ထိုသမာသ်များပြားခြင်းသည်ပင် သဒ္ဒဩဇဂုဏ်မည်၏၊ ထိုဩဇဂုဏ်သည် စုဏ္ဏိယစကားပြေ၏အသက်သွေးကြောနှင့် တူ၏၊ စုဏ္ဏိယ၌ အလွန်အသုံးများ၏၊ ဂါထာ(ကဗျာ)၌မူကား

http://www.dhammadownload.com

၁၂၂။ မုနိန္ဒမန္ဒသဥ္ဇာတ-ဟာသစန္ဒနလိမ္ပိတာ၊
ပလ္လဝါ ဓဝလာ တဿေ-ဝေကော နာဓရပလ္လဝေါ။

ရှုပ်ထွေးသောသမာသ် ပါရှိသော ဩဇဂုဏ်ကို အသုံးမပြုရ၊ ရှုပ်ထွေးမှုမရှိဘဲ နှစ်သက်ဖွယ်ကောင်းသော ဩဇဂုဏ်မျိုးကိုသာ အသုံးပြုရမည်။

ပြန်ပုံစံ။ ။၁၂၂။ မြတ်စွာဘုန်းကြွယ်, အနည်းငယ်သာ, ပြုံးရယ်စန္ဒကူး, လိမ်းလူးခံရ, ရွက်ညွန့်လှတို့, ဖြူလွှဖွေးဖွေး, ဘော်ရောင်ပြေး၏၊ စုဝေးဂုဏ်များ, မြတ်ဘုရား၏, နှုတ်ဖျားညွန့်လှ, တစ်ခုမျှသာ, မဖြူပါသည်....နီတျာခေါင်ရမ်းအသွေးတည်း။

ရှင်း ဤ၌ (မုနိန္ဒမန္ဒသဥ္ဇာတဟာသစန္ဒနလိမ္ပိတာ-မြတ်စွာဘုန်းကြွယ်, အနည်းငယ်သာ, ပြုံးရယ်စန္ဒကူး, လိမ်းလူးခံရ, ရွက်ညွန့်လှတို့)စသည်ဖြင့် မရှုပ်ထွေးသောသမာသ် များစွာပါရှိသောကြောင့် "ဩဇဂုဏ်"ရောက်၏။ [မြတ်စွာဘုရား၏ သွားတော်လေးဆယ်တို့မှဖြစ်သော ဖြူသောရောင်ခြည်တော်တို့သည် နှုတ်ခမ်းတော်ကို ထိုးထွက်လာဘိသကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် ပြုံးရယ်ခြင်းကို ဖြူသောရောင်ခြည်တော် အနေဖြင့် တင်စား၍ ဆိုထားသည်။]

မြန်မာသမာသ် အဆုံးအဖြတ် "ပါဠိမှာ သမာသ်များသောကြောင့် ဩဇဂုဏ်ရောက်သည်၊ မြန်မာမှာ သမာသ်မရှိသောကြောင့် ဩဇဂုဏ်မရောက်၊ မြန်မာ၌ သဒ္ဒဩဇဂုဏ်မရှိ"ဟု ဆိုကြသေး၏၊ သမာသ်မရှိသောဘာသာ-ဟု ရှိမည်မဟုတ်၊ မြန်မာ၌လည်း သမာသ်ရှိသည်သာ၊ မြန်မာသမာသ်ကား ပေါများလှ၏၊ "ခွေးနက်, ညီအစ်ကို, ခရီးသွား, ငါ့စာအုပ်"စသော အရပ်သုံးစကားများသည် သမာသ်များပင်ဖြစ်၏၊ ပျို့ကဗျာတို့၌ကား သာ၍ပင် ပေါများလှ၏၊ ထင်ရှားသိသာ၏၊ ထို့ကြောင့် ပုံစံထုတ်မပြတော့ပြီ၊ ဝေါဟာရတ္ထပကာသနီဆရာတော်သည် "မြန်မာမှု၌ သန္ဓိ, နာမ်, ကာရက, သမာသ်, ကိတ်-ဟူသောအမည်, ပုဒ်, ဝိဘတ်, ဓာတ်, ပစ္စည်း-စသော အမည်ရသင့်သည်ကိုလည်း သိလင့်"ဟု မိန့်ဆိုထားပေသည်၊ ထို့ကြောင့် မြန်မာမှု၌ "သဒ္ဒဩဇဂုဏ်မရှိ"ဟူသော ဆရာတို့၏စကားကို သာရအားဖြင့် မမှတ်သားသင့်။

တ-မှတ်ဖွယ်။ ။ယန္တိ သုတွာ တန္တိပဒံ , တန္တိသုတွာန ယန္တိစ၊
ယောဇေယျ ယတသဒ္ဒါနံ , နိစ္စံ သမ္မန္ဓဘာဝတော။

"ယမြင် တဆောင်၊ ယဆောင် တမြင်၊ အမြဲပင်၊ တွဲယှဉ်စပ်သောကြောင့်" ဟူသည်နှင့်အညီ ဤဂါထာဝယ် တဿ-၌ တ-သဒ္ဒါရှိသောကြောင့် ယ-သဒ္ဒါကို ဆောင်သင့်ငြားသော်လည်း ထိုတ-သဒ္ဒါသည် ပက္ကန္တဝိသယ တ-သဒ္ဒါမျိုးဖြစ်သောကြောင့် ယ-သဒ္ဒါကို မင့်ချေ၊ သို့ဖြစ်၍ ယ-သဒ္ဒါကို ဆောင်ဖွယ်မလို၊ ထိုစကားသည် သင့်လှပေ၏။

http://www.dhammadownload.com

၁၂၂။ မုနိန္ဒမန္ဒသဒ္ဓာတဟာသစန္ဒနလိမ္ပိတာ-မြတ်စွာဘုရားသခင်၏ ညှင်းညှင်းသာသာ ပြုံးရယ်တော်မူခြင်းတည်းဟူသော စန္ဒကူးဖြင့် လိမ်းကျံအပ်ကုန်သော၊ ပလ္လဝါ-ရွက်ညွန့်တို့သည်၊ ဓဝလာ-ဖွေးဖွေးဖြူကြကုန်၏၊ တဿ-ထိုမြတ်စွာဘုရားသခင်၏၊ ဇကော-တစ်ခုသော၊ အဓရပလ္လဝေါဝ-နှုတ်ခမ်းတော်တည်းဟူသော ရွက်ညွန့်သည်သာလျှင်၊ နဓဝလော-ဖြူရောင်မသန်း, နီမြန်းမြဲ နီမြန်းတော်မူ၏။

(က) ပက္ကန္တ ဝိသယ,

(ခ) ပသိဒ္ဓဝိသယ,

(ဂ) အနုဘူတဝိသယ-

အားဖြင့် သုံးပါးသော တ-တို့သည် ယ-သဒ္ဒါကို မငဲ့ပေ။

(က) ပက္ကန္တ ဝိသယ [ပက္ကန္တော ဝိသယော ဇေတဿာတိ-ပက္ကန္တ ဝိသယော၊] လွန်ခဲ့ပြီးသော သုံးသပ်စွဲယူရာ ဝိသယရှိသော သဒ္ဒါသည် ပက္ကန္တ ဝိသယမည်၏၊ ပုံစံကား- တတ္ထ သဒ္ဓာတကခ်ါန်-စသည်တည်း၊ ဤပုံစံဝယ် တတ္ထ-၌ တ-သဒ္ဒါသည် လွန်ခဲ့ပြီးသော သုံးသပ်စွဲယူရာ ဂန္ထ ပါတိမောက်ဋြပ်-ဟု ဆိုအပ်သော ဝိသယ ရှိသောကြောင့် "ပက္ကန္တ ဝိသယ"မည်၏။

(ခ) ပသိဒ္ဓဝိသယ [ပသိဒ္ဓေါ ဝိသယော ဇေတဿာတိ-ပသိဒ္ဓဝိသယော၊] စွဲရာဋြပ် ဝိသယ ထင်ရှားပါရှိသော တ-သဒ္ဒါသည် ပသိဒ္ဓဝိသယမည်၏၊ ပုံစံကား-ဉာတကာရိဟိ သော ဇိနော-စသည်တည်း၊ ဤပုံစံဝယ် သော ဇိနော-၌ တ-သဒ္ဒါသည် "ဇိန"ဟူသော စွဲရာဋြပ်ဝိသယ တိုက်ရိုက်ထင်ရှားပါရှိသောကြောင့် "ပသိဒ္ဓဝိသယ" မည်၏။

(ဂ) အနုဘူတဝိသယ [ကာရဏဖလာဒီနံ အနုရူပံ ဘဝနံ-အနုဘူတံ၊ ကြိယာ၊ အနုဘူတံ ဝိသယော ဇေတဿာတိ-အနုဘူတဝိသယော၊] အကြောင်းအကျိုး-စသည်အားလျော်စွာ ဖြစ်ခြင်း[ဋြပ်မဟုတ်] ကြိယာ-ဟူသော စွဲရာဝိသယရှိသော တ-သဒ္ဒါသည် "အနုဘူတဝိသယ"မည်၏၊

ပုံစံ။ ။ အတီတံ နာနုသောစာမိ , နပ္ပဇပ္ပာမိ နာဂတံ၊
ပစ္စုပ္ပန္နေန ယာပေမိ , တေန ဝဏ္ဏော ပသီဒတိ။-စသည်တည်း။

ဤပုံစံ၌ တ-သဒ္ဒါသည် မစိုးရိမ်ခြင်း, မတောင့်တခြင်း, မျှတခြင်း-ဟူသော ကြိယာလျှင် စွဲရာဝိသယရှိသောကြောင့် "အနုဘူတဝိသယ"မည်၏။

ဆောင်။ ။ လွန်ပြီးဋြပ်, သုံးသပ်စွဲက, ပက္ကန္တ ပေ၊ တကွစွဲရာ, ပါရှိပါက, ပသိဒ္ဓ၊ စွဲကြကြိယာ-နဘူတာ။

http://www.dhammadownload.com

၁၂၃။ ပဒါဘိဓေယျဝိသယံ , သမာသဗျာသသမ္ဘဝံ၊
ယံ ပါရိဏာတျံ ဟောတိဟ , သောပိ သြဇော တံ ယထာ။

၁၂၃။ ပဒါဘိဓေယျဝိသယံ-(များသော, နည်းသော)ပုဒ်တို့၏ (ကျယ်သော, ကျဉ်းသော)အနက်လျှင်အရာရှိသော၊ သမာသဗျာသသမ္ဘဝံ-အကျဉ်းချုံးခြင်း, အကျယ်ချဲ့ခြင်းကြောင့်ဖြစ်သော၊ ယံ ပါရိဏာတျံ-အကြင်အကျဉ်းချုံးခြင်း, အကျယ်ချဲ့ခြင်း၌ ညွတ်ကြောင်းဖြစ်သော သဒ္ဒဂုဏ်, အတ္ထဂုဏ်သည်၊ ဟောတိ-ရှိ၏၊ သောပိ-ထိုသဒ္ဒဂုဏ်, အတ္ထဂုဏ်သည်လည်း၊ ဣဟ-ဤအလင်္ကာကျမ်း၌၊ သြဇော-သြဇဂုဏ်မည်သည်သာလျှင်၊ ဟောတိ-ဖြစ်၏။

၁၂၄။ ဓောတယိတွာန သဒ္ဒမံ , သန္တာရေတွာ သဒေဝကေ၊
ဇလိတွာ အဂ္ဂိက္ခန္ဓောဝ , နိဗ္ဗုတော သော သဿဝကော။

အတ္ထသြဇဂုဏ်

၁၂၃။ အတ္ထသြဇဂုဏ်ကို "ပဒါဘိဓေယျ ဝိသယသမာသသြဇဂုဏ်, ပဒါဘိဓေယျဝိသယဗျာသသြဇဂုဏ်"ဟု နှစ်မျိုးခွဲရမည်၊ ထိုတွင်-

(က) များသောပုဒ်တို့ဖြင့်ဖြစ်သော ကျယ်သောအနက်ကို၊ အကျဉ်းချုံး၍ ရေးသားပြောဆိုသော ဂုဏ်သည် ပဒါဘိဓေယျဝိသယသမာသသြဇဂုဏ်မည်၏။

(ခ) နည်းသောပုဒ်တို့ဖြင့်ဖြစ်သော ကျဉ်းသောအနက်ကို အကျယ်ချဲ့၍ ရေးသားပြောဆိုသောဂုဏ်သည် ပဒါဘိဓေယျဝိသယဗျာသသြဇဂုဏ်မည်၏။

အချုပ်အားဖြင့် (က) အကျယ်ကိုအကျဉ်းချုံးသော သမာသအတ္ထသြဇဂုဏ်, (ခ) အကျဉ်းကို အချယ်ချဲ့သော ဗျာသအတ္ထသြဇဂုဏ်-ဟု နှစ်မျိုးရှိ၏-ဟု မှတ်။

ပြန်ပုံစံ။ ။ **၁၂၄**။ ဘုန်းတော်တုကျွန်း, တို့ထိပ်ပန်းကား, ထွန်းစေတရား, လူအများကို, များပြားဒုက္ခ, သံသာရမှ, ဆောင်မကယ်တင်, မီးပုံသွင်သို့, လှူခွင်ညီးညီး, ထွန်းလင်းပြီး၍, ပြည်ကြီးရိပ်မြုံ, ခိုစံလှုံသည်....ဝိုင်းအုံတပည့်တူကွတည်း။

ရှင်း ဤပုံစံသည် ဗုဒ္ဓဝင်တစ်ကျမ်းလုံး၌ ပုဒ်များစွာဖြင့်ဆိုထားသော အနက်ကျယ်ကို အကျဉ်းချုံး၍ ပြဆိုသောကြောင့် "သမာသအတ္ထသြဇဂုဏ်"ရောက်၏။

မြန်ပုံစံ။ ။မြေသိရ, မှန်ဘက, နောက်ဖေအံ့, ရှေ့ဖေဟံသင်, ဗြဂစ, လေသင်ပန, တောင်စမိရေ, မြောက်စမပေါက်, ပလွင်ရှစ်ပါး, မှတ်သားစလောက်၊ (ကင်းဝန်မင်းကြီး)။ ၄င်းသည်လည်း နာ-၁၅၇-၌ပြထားသော အဓိပ္ပာယ်ကို ချုံးထား၍ သြဇဂုဏ်မြောက်၏။

http://www.dhammadownload.com

၁၂၄။ သော–ထိုမြတ်စွာဘုရားသခင်သည်၊ သဒ္ဓမ္မ–သူတော်ကောင်းတရား, ဆယ်ပါးကို၊ ဇောတယိတွာန–ထွန်းလင်းတောက်ပစေပြီး၍၊ သဒေဝကေ–နတ်နှင့် တကွသော လူတို့ကို၊ သန္တာရေတွာ–(သံသရာဝဲ, ဒုက္ခထဲမှ, ထုတ်ဆွဲ)ကယ်တင်တော် မူပြီး၍၊ အဂ်ိုက္ခန္ဒောဝ–(အစွမ်းကုန်ပွားစီး,) မီးပုံကြီးကဲ့သို့၊ ဇလိတွာ–တောက်ပတော် မူပြီး၍၊ သသာဝကော–တပည့်အပေါင်းနှင့်တကွ၊ နိဗ္ဗုတော–ခန္ဓပရိနိဗ္ဗာန်, ဝင်စံတော် မူလေပြီ။

၁။ **မြေ=**　မြေနန်းတော်၊
သိ=　ခြေသုံ့ရုပ်ခံသော–သီဟာသနပလ္လင်၊
ရ=　ရမနေသားဖြင့် လုပ်သည်၊
၂။ **မှန်=**　မှန်နန်းတော်၊
ဘ=　ပိတုန်းရုပ်ခံသော–ဘမရာသနပလ္လင်၊
က=　ကရဝေးသားဖြင့်လုပ်သည်၊
၃။ **နောက်ဇေ=**　အနောက်ဇေတဝန်ဆောင်၊
ပ=　ပဒုမာပွင့်ခံသော–ပဒုမာသနပလ္လင်၊
အံ　အမွှ–သရက်သားဖြင့်လုပ်သည်၊
၄။ **ရှေ့ဇေ=**　အရှေ့ဇေတဝန်ဆောင်၊
ဟံ=　ဟင်္သာရုပ်ခံသော–ဟံသာသနပလ္လင်၊
သင်=　သင်္ကန်းသားဖြင့်လုပ်သည်၊
၅။ **ဖြိ=**　ဖြိတိုက်ဆောင်၊
ဂ　ဆင်ရုပ်ခံသော–ဂဇာသနပလ္လင်၊
စ　စံကားသားဖြင့်လုပ်သည်၊
၆။ **လေ**　လေသာဆောင်၊
သင်　ခရုသင်းခံသော–သခ်ါသနပလ္လင်၊
ပန　ပနသ–တောင်ပိန္နဲသားဖြင့်လုပ်သည်၊
၇။ **တောင်စ**　တောင်စမုတ်ဆောင်၊
မိ　သမင်ရုပ်ခံသော–မိဂါသနပလ္လင်၊
ရေ　ရေသဖန်းသားဖြင့်လုပ်သည်၊
၈။ **မြောက်စ**　မြောက်စမုတ်ဆောင်၊
မ　ဥဒေါင်းရုပ်ခံသော–မယူရာသနပလ္လင်၊
ပေါက်　ပေါက်သားဖြင့်လုပ်သည်။
၉။ လွတ်တော်ဇေတဝန်ဆောင်၌ မြေနန်းနှင့်အတူ သီဟာသနပလ္လင်ထားသည် ဖြစ်၍ ၄င်းလွတ်တော်ပလ္လင်ပါ ပလ္လင်ကိုးခန်းဖြစ်၏။

[ဤ၌ စကားချုံးဆိုနည်းများကို ပြသင့်သော်လည်း ကျယ်အံ့စိုးသောကြောင့် လျစ်လျူရှုရတော့သည်။]

http://www.dhammadownload.com

၁၂၅။ မတ္ထကဋ္ဌီ မတဿာပိ , ရဇောဘာဝံ ဝဇန္တု မေ၊
ယတော ပုညေန တေ သေန္တု , ဇိနပါဒမ္ဗုဇဒွယေ။

၁၂၅။ မေ–ငါသည်၊ မတဿာပိ–သေပင်သေသွားပါသော်လည်း၊ မေ–ငါ၏၊ မတ္ထကဋ္ဌီ–ဦးခေါင်းရိုးတို့သည်၊ ရဇောဘာဝံ–မြူမှုန်၏အဖြစ်သို့၊ ဝဇန္တု–ရောက်ကြပါစေ၊ ယတောပုညေန–(မြတ်ဘုရားကို သက်ဝင်ကြည်ညို,) ယင်းကုသိုလ်ကြောင့်၊ တေ–ထိုမြူမှုန်တို့သည်၊ ဇိနပါဒမ္ဗုဇဒွယေ–ဘုရား့ဥစ္စာ, နှစ်ဖြာခြေစုံ, ကြာပဒုံ၌၊ သေန္တု–မှီဝဲကိန်းဝပ်, ဆည်းကပ်ကြပါစေကုန်သတည်း။

၁၂၆။ ဣစ္စတြ နိစ္စပွဏတိ–ဂေဓော သာဓု ပဒိဿတိ၊
ဇာယတေယံ ဂုဏော တိက္ခ–ပညာနမဘိယောဂတော။

၁၂၆။ ဣတိ–ဤသို့၊ ဝါ–ဤဆိုအပ်ခဲ့ပြီးသောအစဉ်ဖြင့်၊ အတြ–ဤ(မတ္ထကဋ္ဌီစသော)ဂါထာ၌၊ နိစ္စပွဏတိဂေဓော–အမြဲမပြတ်, ရှိခိုးခြင်း၌ လွန်ကဲသောကုသလစ္ဆန္ဒကို၊ သာဓု–ကောင်းစွာ၊ ဝါ–ထင်ထင်ရှားရှား၊ ပဒိဿတိ–သိမြင်အပ်၏၊ အယံ ဂုဏော–ဤဗျာသသြဇဂုဏ်သည်၊ တိက္ခပညာနံ–အနုပညာသည်(သုခုမပညာရှင်)တို့၏၊ အဘိယောဂတော–မပြတ်လွန်စွာ, လေ့လာအားထုတ်ခြင်းကြောင့်၊ ဇာယတေ–ဖြစ်၏။ [ဒိဿာဒေသော ကမ္မနိ သဗ္ဗဓာတုကေဧဝ၊ ရူ။]

ပြန်ပုံစံ။ ။၁၂၅။ ခန္ဓာအိမ်ဟောင်း, စွန့်ပစ်ပြောင်းလည်း, ကျွန့်ခေါင်းခွံရိုး, မြူမှုန်မျိုးသို့, ပွားတိုးမသွေ, ရောက်ပါစေသား၊ မြတ်ဘုရားကို, လေးစားကြည်ညို, ယင်းကုသိုလ်ကြောင့်, ထိုသို့ပြောင်းကုန်, ခေါင်းမြူမှုန်သည်, ကိုးဂုဏ်သခင်, မြတ်ရှင်ပင်၏, ခြေတွင်အမြဲ, ငြိကပ်စွဲလျက်····မှီဝဲဆည်းကပ်ပါစေသောဝ်။

ရှင်း ၁၂၆။ ဆိုခဲ့ပြီးသော (မတ္ထကဋ္ဌီ–ခန္ဓာအိမ်ဟောင်း–စသော)ပုံစံ၌ မြတ်စွာဘုရားအား အမြဲမပြတ် ရှိခိုးလိုသော ကုသလစ္ဆန္ဒသည် သိသာထင်ရှားလှပေ၏၊ "မြတ်စွာဘုရားအား အမြဲမပြတ် ရှိခိုးလိုပါ၏"ဟူသော ကုသလစ္ဆန္ဒကြီးမားပုံ အကျဉ်းစကားကို အကျယ်ချဲ့ထားသောကြောင့် ဗျာသသြဇဂုဏ်ရောက်၏။

["မြတ်စွာဘုရားခြေတော်၌ တစ်စုံတစ်ခုသောမြူမှုန်မျှ မကပ်ငြိချေ၊ သို့ပင်ဖြစ်စေကာမူ အမြဲရှိခိုးလိုသောဆန္ဒဖြင့် ဤသို့ ဆိုထားရသည်"ဟု မှတ်အပ်၏။]

ဤအကျဉ်းကို အကျယ်ချဲ့သော သြဇဂုဏ်သည် လူသာမန်တို့၏ အရာမဟုတ်ချေ၊ တိက္ခပည–အနုပညာသည်(သုခုမပညာရှင်)တို့၏ အရာသာ ဖြစ်ချေသည်၊ ထိုသုခုမပညာရှင်တို့သော်မှလည်း နေ့ညမစဲ လွန်ကဲစွာ လေ့လာအားထုတ်မှသာ ဖြစ်ပေါ်နိုင်ချေသည်၊ သို့ဖြစ်၍ သုခုမပညာရှင်တစ်ယောက်ဖြစ်အောင် လေ့လာအားထုတ်ကြကုန်ရာ၏။ [ဤသြဇဂုဏ်သည်လည်း ကဗျာ၏ အသက်သွေးကြောနှင့် တူလှ၏။]

http://www.dhammadownload.com

၃။ မခုရတာဂုဏ်

၁၂၇။ မခုရတ္တံ ပဒါသတ္တိ-ရနုပ္ပာသဝသာ ဒွိဓာ၊
သိယာ သမသုတိ ပုဗ္ဗာ , ဝဏ္ဏာဝုတ္တိ ပရော ယထာ။

မြန်ပုံစံ။ ။အရှင်စံတည်, သေသူမည်ဟု, စဉ်ရှည်မပျက်, ကမ္ဘည်းထွက်သည်, ထန်းတက်သမား, ဆင်ရံသားက, မင်းပါးနေသူ, ကိုယ်ဝန်ယူလည်း, ထို့တူတွင်းတူး, ပင်လယ်ကူးနှင့်, ဆိပ်လူးပျော်ပါး, မြွေသမားဟု, ခုနစ်ပါးတွင်, တွက်ကျုံးဝင်သည်, လူတွင်ကျင့်သွမ်း, လက်နက်ထမ်းလျက်, ညချမ်းအခါ, လမ်းတိုင်းရှာ၍, တွေ့ရာတွေ့မိ, သတ်ရက်ဘိသည်, ချိတ်ငြိငါးမျှား, ငါးအလားလျှင်, စူးစားဖြောင့်တည်, ငရဲပြည်သို့, ရောက်မည်မလွဲ, စားတော်ကဲ့။ (သုတ-၁၄။)

ဤအဖွဲ့သည် (ဘဒန္တေ-အမောင်စားတော်ကဲ့ !)ဟူသော အာလုပ်ပုဒ်တစ်ခုကို အကျယ်ချဲ့၍ ဆိုထားသောကြောင့် ဗျာသဩဂုဏ်ရောက်၏။

(၃) မခုရတာဂုဏ်

၁၂၇။ ။ဌာန်-သံယောဂ, ရသ်-ဒီဃဟူ, တူမျှသဒ္ဒါ, နိုးနှားပါလျှင်, ပဒါသတ္တိ, ရှေးရှိ ဝဏ္ဏ, ထပ်ဆိုကမူ, အနုပ္ပာသာ, မခုရာ, နှစ်ဖြာပြားလေရ။

ဌာန်တူအက္ခရာ-စသည်တို့ကို နိုးနိုးကပ်ကပ်ထားခြင်းဖြင့် သာယာနာပျော်ဖွယ်ကောင်းသောဂုဏ်သည် မခုရတာဂုဏ်မည်၏၊ [၄င်းကိုပင် မာခုရိယဂုဏ်-ဟူ၍လည်း ခေါ်၏၊ ဘာဝအနက်၌သက်သော ပစ္စည်းများကို အရာဌာနအားလျော်စွာ သုံးထားရုံမျှသာဖြစ်၏၊] သဘောသွား မထူးခြားချေ၊ မခုရဿ ဘာဝေါ-မခုရတ္တံ။ (မာခုရိယံဝါ။)

ထိုမခုရတာဂုဏ်သည် (က) ပဒါသတ္တိမခုရတာဂုဏ်, (ခ) အနုပ္ပာသမခုရတာဂုဏ်-ဟု နှစ်ပါးပြား၏၊ ထိုနှစ်ပါးတို့တွင်-

(က) [အာသဇ္ဇနံ-အာသတ္တိ၊ ပဒါနံ အာသတ္တိ-ပဒါသတ္တိ၊ ပုဒ်တို့၏ ဌာန်, မတြာ, သံယုဂ်-စသောအားဖြင့် တူခြင်း နီးကပ်ခြင်း၊ ဌာန်တူသဒ္ဒါ, မတြာတူသဒ္ဒါ, လုံးဆင့်အက္ခရာခေါ်သော သံယုဂ်သဒ္ဒါ-စသည်တို့ကို နီးနီးကပ်ကပ် စပ်ဟပ်၍ စီကုံးခြင်းသည် ပဒါသတ္တိမခုရတာဂုဏ်မည်၏၊ "ဒီဃချင်း, ရဿချင်းတူသော သဒ္ဒါတို့ကိုပင် မတြာတူသဒ္ဒါ"ဟု ဆိုသည်။

အချုပ်အားဖြင့် "ရှေ့ပုဒ်နောက်ပုဒ်တို့သည် ဌာန်, မတြာ, ဒီဃ, ရဿ-စသော အားဖြင့် တစ်မျိုးမျိုးတူက ပဒါသတ္တိမခုရတာဂုဏ်ရောက်၏"ဟု ဆိုလိုသည်။

(ခ) [အနု-နောက်ထပ်၊ ပါသ-ထည့်ရွတ်ခြင်း၊ အနု ပစ္ဆာ ပါသော ပက္ခေပေါ-အနုပ္ပာသော။] ရှေးရွတ်ဆိုအပ်ပြီးသော အက္ခရာတူတို့ကို နောက်ထပ်ကာထပ်ကာ ရွတ်ဆိုရခြင်းသည် အနုပ္ပာသမခုရတာဂုဏ် မည်၏။

http://www.dhammadownload.com

၁၂၇။ မဓုရတ္တံ–မဓုရတာဂုဏ်သည်၊ ပဒါသတ္တိရနုပ္ပာသဝသာ–ပဒါသတ္တိမဓုရတာဂုဏ်, အနုပ္ပာသမဓုရတာဂုဏ်တို့၏ အပြားအားဖြင့်၊ ဒွိဓာ–နှစ်ပါးပြား၏၊ (တတ္ထ–ထိုနှစ်ပါးတို့တွင်၊) သမသုတိ–ဌာန်, မတြာ, သံယုဂ်စသောအားဖြင့်တူသော (နီးကပ်သော)အက္ခရာရှိသောဂုဏ်သည်၊ ပုဗ္ဗာ–ရှေးဖြစ်သော ပဒါသတ္တိမဓုရတာဂုဏ်မည်သည်၊ သိယာ–ဖြစ်၏၊ ဝဏ္ဏာဝုတ္တိ–ရှေးရွတ်ဆိုအပ်ပြီးသောအက္ခရာတို့ကို ထပ်ကာထပ်ကာ ရွတ်ဆိုရခြင်းသည်၊ ပရော–နောက်ဖြစ်သော အနုပ္ပာသမဓုရတာဂုဏ်မည်သည်၊ သိယာ--ဖြစ်၏၊ ယထာ ၊ ၊ ၊ ၊။

ဤသို့ သတ်မှတ်ပြဆိုခဲ့သည့်အတိုင်း အချို့သောအဖွဲ့ဗန္ဓ၌ ပဒါသတ္တိမဓုရတာဂုဏ်ကို ပါဝင်စေအပ်၏၊ အချို့သောအဖွဲ့ဗန္ဓ၌ အနုပ္ပာသမနုရတာဂုဏ်ကို ပါဝင်စေအပ်၏၊ အချို့သော အဖွဲ့ဗန္ဓ၌ နှစ်ပါးစုံကိုပင် ပါဝင်စေအပ်၏၊ ထိုနှစ်ပါးတို့အနက် တစ်ခုမျှ မပါဝင်မူ၍ မဓုရတာဂုဏ်မရှိသောအဖွဲ့သည် သာယာနာပျော်ဖွယ် မရှိချေ၊ ထို့ကြောင့် "တစ်ခုခုကို ဧကန်ပါဝင်စေသင့်သည်"ဟု မှတ်၊ ထိုမဓုရတာဂုဏ်နှင့်ပြည့်စုံသော အဖွဲ့သည် ပြဆိုလတ္တံ့သော သိလေသဂုဏ်, သမာဓိဂုဏ်တို့နှင့် ပြည့်စုံပါမူကား အထူးအားဖြင့် သာယာနာပျော်ဖွယ် ရှိပေ၏။

ဌာန် အက္ခရာတို့၏ ဖြစ်ရာအရပ်ကို ဌာန်–ဟု ခေါ်သည်၊ [" မည်သည့်အက္ခရာသည် မည်သည့်အရပ်၌ ဖြစ်သည်"ဟု သိသာထင်ရှားစေရန် ဇယားကွက်ဖြင့် ရှင်းပြဦးအံ့။]

ဌာန်–ဖြစ်ရာအရပ်	ဆိုင်ရာအက္ခရာများ	လုံးရေ
၁။ ကဏ္ဌဌာန်–လည်ချောင်းအရပ်	အ–အာ–က–ခ–ဂ–ဃ–င–ဟ	၈
၂။ တာလုဌာန်–အာစောက်အရပ်	ဣ–ဤ–စ–ဆ–ဇ–ဈ–ည–ယ	၈
၃။ မုဒ္ဓဌာန်–လျှာထိပ်အရပ်	ဋ–ဌ–ဍ–ဎ–ဏ–ရ–ဋ	၇
၄။ ဒန္တဌာန်–သွားအရပ်	တ–ထ–ဒ–ဓ–နဒ–လ–သ	၇
၅။ သြဋ္ဌဌာန်–နှုတ်ခမ်းအရပ်	ဥ–ဦ–ပ–ဖ–ဗ–ဘ–မ	၇
ကဏ္ဌတာလုဌာန်–လည်ချောင်းအာစောက်အရပ်	ဧ	၁
ကဏ္ဌသြဋ္ဌဌာန်–လည်ချောင်းနှုတ်ခမ်းအရပ်	သြ	၁
ဒန္တသြဋ္ဌဌာန်–သွားနှုတ်ခမ်းအရပ်	ဝ	၁
၆။ နာသိကဌာန်–နှာခေါင်းအရပ်	အံ–င–ည–ဏ–နဒ–မ	၆
၇။ ဥရဌာန်–ရင်ခေါင်းအရပ်	၎–ည–ဏ–နှ–မှ–ယှ–ရှ–လှ–ဝှ–ဋ	၁၀

http://www.dhammadownload.com

ဆောင်။ ။ ကခဂဃင၊ အအာဟ၊ ဖြစ်ကြလည်ချောင်းမှာ။ (၈)
စဆဇစျည၊ ဣဤယ၊ ဖြစ်ကြအာစောက်မှာ။ (၈)
ဋဌဍုဃဏ၊ ရနှင့်ဌ၊ ဖြစ်ကြလျှာထိပ်မှာ။ (၇)
တထဒဓန၊ လနှင့်သ၊ ဖြစ်ကြသွားရပ်မှာ။ (၇)
ဥဦပဖ၊ ဗဘမ၊ ဖြစ်ကြနှုတ်ခမ်းမှာ။ (၇)
ဧအက္ခရာ၊ လည်ချောင်းအာ၊ သြမှာလည်နှုတ်သာ။
ဝ-တစ်လုံးကား၊ သွားနှုတ်ဖျား၊ ဖြစ်ငြားဒွိဌာနာ။
နိဂ္ဂဟီတ၊ ဝဂ္ဂန္တ၊ ဖြစ်ကြနှာခေါင်းမှာ။ (၆)
ဝဂ္ဂန်အန္တဋ္ဌ၊ ဟထိုးက၊ ဖြစ်ရရင်ခေါင်းမှာ။ (၁၀)

သံယောဂ [ဒွိန္နံ ဗျဉ္ဇနာနံ ဧကတြဋ္ဌိတိ-သံယောဂေါ၊ ရူ။] "ဗျည်းနှစ်လုံးသုံးလုံးတို့က သရတစ်လုံးကို မှီနေကြသော လုံးဆင့်အက္ခရာများကို သံယုဂ်" ဟု ခေါ်သည်။ (တက္က-ကြွ-မြွ။)

မတြာ လက်ဖျစ်တစ်ချက်တီးခန့်, မျက်စိတစ်မှိတ်ခန့်ရှိ ကာလသည် တစ်မတြာမည်၏၊ ရဿသရကို ရွတ်ဆိုရာကာလသည် တစ်မတြာရှိ၏၊ ဒီဃသရကို ရွတ်ဆိုရာကာလသည် နှစ်မတြာရှိ၏၊ဗျည်းသက်သက်ကို ရွတ်ဆိုရာကာလသည် မတြာဝက် (၁/၂) ရှိ၏၊ ထို့ကြောင့် ဗျည်းသက်သက်ကိုရွတ်ဆိုက အသံပီသစွာမထွက်ဘဲ မတြာဝက်သံ "က်"ဟု (လေသံ)မျှသာ ထွက်သည်၊ ရဿသရကိုမှီသောဗျည်းကို ရွတ်ဆိုရာကာလသည် (၁ ၁/၂)တစ်မတြာခွဲရှိ၏၊ ဒီဃသရကိုမှီသောဗျည်းကို ရွတ်ဆိုရာကာလသည် (၂ ၁/၂)နှစ်မတြာခွဲရှိ၏-ဟု အကျဉ်းမှတ်ပါ။

ပါဋ္ဌိနှင့်မြန်မာသည် နေရာတိုင်း၌ မတူတတ်ချေ၊ မြန်မာ၌ ရသင့်သည်အားလျော်စွာ အသုံးပြုရမည်၊ "ပါဋ္ဌိအတွက်ဆိုထားသည်နှင့် လုံးဝတူရမည်, ပြည့်စုံရမည်"ဟုချည်းမမှတ်သင့်။

မြန်မာအသံဆယ်ပါး ပုဒ်စပ်ချောမြေ့, သန္ဓေ့ခြားဖြတ်, သံလွှတ်ဖွင့်ဆို, ရှည်-တို-လေး-ပေါ့, တင်း-လျော့-နိဂ္ဂဟိတ်, အစိတ်အဖြာ, အင်္ဂါဆယ်ခု, ဖတ်မှုမကျွမ်း, နားမချမ်းမူ, တတ်စွမ်းသောလျောက်, အကောက်အငင်, မသင်ပြင်ဘဲ, မဖင့်နွဲနှင့်။ (ကိုးခန်း။)

ပုဒ်စပ်ချောမြေ့ ပုဒ်တို့ကိုစပ်၍ ချောမြေ့အောင် ရွတ်ဆိုရသော-သမ္ဓန္ဓအသံ၊ [ဆရာ (ဆြာ), တရား(တြား), သဇင်, မဥူ-စသည့်အသံမျိုး။]

သန္ဓေ့ခြားဖြတ် သန္ဓိမစပ်ဘဲ ခြားဖြတ်၍ရွတ်ဖတ်ရသော-ဝဝတ္ထိတအသံ၊ [မြေကြီးကသာ, နေမီးလ ဝါ-စသည်ဖြင့် ရွတ်ဖတ်ရသော အသံမျိုး။]

သံလွှတ်ဖွင့်ဆို နှုတ်ခမ်းမပိတ်ဘဲ အသံကိုလွှတ်၍, ဖွင့်၍ရွတ်ဖတ်ရသော-ဝိမုတ္တအသံ၊ [အောက်မြစ်မပါသော ဒီဃသံတို့နှင့် ငဉ-နမ-ယ-

http://www.dhammadownload.com

ဝသတ်သံ-စသည်၊ ၄င်းတို့သည် ကရိဏ်းကို လွှတ်ကောင်းသောကြောင့် ဝိမုတ္တအသံ မည်၏။]

ရှည် ရှည်ရှည်ဆွဲ၍ ရွတ်ဖတ်ရသော-ဒီဃသံ၊ [အာ-ဣ-ဦ-ဧ-အဲ-ဩ-ဪ-အို-ကာရန်သံတို့တည်း၊ ကာ-ကီ-ကူ-ကေ-ကဲ-ကော-ကော်-ကို-စသည်တို့တည်း။]

တို တိုတိုရွတ်ဆိုရသော ရဿသံ၊ [အ-က္က-ဥ-စသော ရဿသံများနှင့် အောက်မြစ်သံ, က်, စ်, တ်, ပ်-ဟူသော အသတ်ကာရန်သံများ, က-ကိ-ကု-ကို့-ကင့်,ကက်,ကစ်, ကတ်, ကပ်-စသည်တို့တည်း။

လေး လေးလေးပင်ပင်ရွတ်ဖတ်ရသော ဂရုသံ၊ [ဆိုခဲ့ပြီးသော ဒီဃသံများနှင့် သံယုဂ်နှောင်းသောအသံမျိုး, သံယုဂ်ပင် မဟုတ်သော်လည်း အသတ်နှောင်းသော အသံမျိုး။]

ပေါ့ ပေါ့ပေါ့ရွတ်ဖတ်ရသော လဟုသံ၊ [ဆိုခဲ့ပြီးသော ရဿသံများ၊ "တသတ် နသတ်ကို လဟုသံ, ပသတ်ကို ဂရုသံ"ဟုလည်း ဆိုကြသေး၏၊ စဉ်းစားပါ။]

တင်း အသံကို တင်းတင်းထန်ထန် ရွတ်ဖတ်ရသော ဓနိတအသံ၊ [သိထိလ, ဓနိတ အခွဲကို ရှေ့(စာမျက်နှာ-၈၁)၌ ပြခဲ့ပြီ၊ ဓနိတအက္ခရာဆယ်လုံးတွင် ခ-ဆ-ထ-ဖ-ဟူသော ဒုတိယအက္ခရာ လေးလုံးကိုသာ မြန်မာမှု၌ ရေးမှတ်သုံးစွဲသည် များ၏၊ ကြွင်းသောအက္ခရာ ခြောက်လုံးကို ရေးမှတ်သုံးစွဲသည်က နည်း၏။]

လျော့ လျော့လျော့ဖတ်ရသော သိထိလအသံ၊ [မြန်မာမှု၌ သိထိလအက္ခရာဆယ်လုံးတွင် ဌဝဂ်အက္ခရာများနှင့် ဝဂ်တတိယအက္ခရာများမှတစ်ပါး က-စ-တ-ပ-ဟူသော အက္ခရာလေးလုံးကိုသာ အသုံးအစွဲများ၏။]

နိဂ္ဂဟိတ် သေးသေးတင်-ဗိန္ဒုအသံ၊ [ယခုကာလ၌ သေးသေးတင်, မသတ်, နသတ် တို့ကို အသံတူထား၍ ရွတ်ဖတ်ကြ၏၊ ရှေးရိုးမပျက်အောင် ရွတ်ဖတ်နိုင်ကြပါစေ။

ဤကား ရှေးမြန်မာများတို့၏ ရွတ်ထုံး, ဖတ်ထုံးဖြစ်သော အသံဆယ်ပါးတည်း၊ ၄င်းကိုပင် "ဗျဥ္ဇနဗုဒ္ဓိဆယ်ပါး"ဟူ၍လည်း ခေါ်သည်၊ "ဤသို့ ခွဲစိတ်ဝေဖန်၍ ပြဆိုခဲ့သော ရွတ်နည်း, ဖတ်နည်းအင်္ဂါဆယ်ပါးကို မကျွမ်းကျင်သောသူ, နားမလည်သောသူတို့ စာပေလင်္ကာကို ဖတ်ရွတ်က ပညာရှိတို့နားဥ္စ သာယာနာပျော်ဖွယ်မရှိ၊ နားမချမ်းသာဖွယ်ရာ ဖြစ်ခဲ့လေရာ၏၊ ထိုသို့ ဖြစ်ခဲ့သော် နားလည်သောသူတို့က မိမိတို့တတ်နိုင်သလောက်, စွမ်းအားရှိသလောက် အကောက်အယူ အစပ်အဖြတ်တို့ကို မသင်မပြ ပြင်ဆင်မပေးဘဲ နှောင့်နှေးကြန့်ကြာ၍ မနေကြပါနှင့်"ဟု ရှင်မဟာရဋ္ဌသာရထေရ်ကျော် မိန့်ဆိုခဲ့လေသည်။

http://www.dhammadownload.com

၁၂၈။ ယဒါ ဧသောဘိသမ္ဗောဓိံ , သမ္ဗတ္တော မုနိပုင်္ဂဝေါ၊
တဒါ ပဘုတိ ဓမ္မဿ , လောကေ ဇာတော မဟုဿဝေါ။

၁၂၈။ ဧသော မုနိပုင်္ဂဝေါ–မုနိရှေ့သွား, ထိုမြတ်စွာဘုရားသည်၊ ယဒါ–အကြင် အခါ၌၊ အဘိသမ္ဗောဓိံ–သဗ္ဗညုတဉာဏ်တော်သို့၊ သမ္ဗတ္တော–(မိမိသန္တာန်ဝယ် ဖြစ်စေခြင်း၏ အစွမ်းအားဖြင့်) ကောင်းစွာမသွေ, ဆိုက်ရောက်ခဲ့လေပြီ၊ တဒါ–ထိုအခါမှ၊ ပဘုတိ–စ၍၊ လောကေ–လောကဋ္ဌ၊ ဓမ္မဿ–၃၇–ပါးသော ဗောဓိပက္ခိယတရားတို့၏၊ မဟုဿဝေါ–အကြီးအကျယ် တိုးပွားခြင်းသည်၊ ဇာတော–ဖြစ်ခဲ့လေပြီ။

၁၂၉။ မုနိန္ဒမန္ဒဟာသာ တေ , ကုန္ဒသန္နောဟဝိဇ္ဇမာ၊
ဒိသန္တ မနုဓာဝန္တိ , ဟသန္တာ စန္ဒကန္တိ ယော။

ပြန်ပုံစံ။ ။၁၂၈။ အကြင်ကာလ, မုနိန္ဒသည်, ဗုဒ္ဓစင်စစ်, ထင်ရှားဖြစ်၏၊ ထိုခေတ်မှစ, သုံးလောကဋ္ဌ, ဓမ္မသဘင်, ပွဲကြီးယင်သည် . . . . စည်ပင်ခြိမ့်ခြိမ့် မွမ်းသတည်း။

ရှင်း ပါဠိပုံစံဝယ် ယဒါ ဧသော–၌ ဒီဃချင်း နီးကပ်စပ်ဖက်မိ၏၊ ယနှင့် ဧ–တို့သည် တာလုဌာန်၏ အစွမ်းအားဖြင့် နီးကပ်စပ်ဖက်မိ၏။ ။အဘိသမ္ဗောဓိံ သမ္ဗတ္တော–၌ သံယုဂ်ချင်း, ဘိ–ဓိံ–ဟူ၍ ဓနိတအက္ခရာချင်း, သနှင့် တ–တို့ ဌာန်ချင်း တူကြ၏၊ နီးကပ်စပ်ဖက်မိ၏၊ သမ္ဗတ္တော မုနိပုင်္ဂဝေါ–၌ တနှင့်န, မှနှင့်မ, ပုနှင့်ဝေါတို့ ဌာန်ချင်း၊ တ္တောနှင့်ဝေါတို့ ဒီဃချင်း တူကြ၏။ ။မုနိပုင်္ဂဝေါ တဒါ–၌ န–ဝေါ–တ–ဒ–တို့ ဌာန်ချင်း တူကြကုန်၏။ ။တဒါ ပဘုတိ–၌ တ–ဒါ–တိ–ကို့ ဌာန်ချင်းတူကြ၏။ ။တဒါ ပဘုတိ ဓမ္မဿ–၌ ဘနှင့်ဓ–တို့ ဓနိတချင်း, တ–ဓ–သ–တို့ ဌာန်ချင်းတူကြ၏။ ။ဓမ္မဿ လောကေ–၌ ဓ–သ–လ–တို့ ဌာန်ချင်းတူ ကြ၏။ ။လောကေ ဇာတော–၌ ဒီဃချင်း တူကြ၏။ ။ဇာတော မဟုဿဝေါ–၌ တော–သ–ဝေါ–တို့ ဌာန်ချင်းတူကြ၏၊ ထို့ကြောင့် ပဒါသတ္တိမဓုရတာဂုဏ်ရောက်၏။ [လိုရင်းမှာ ရှေ့ပုဒ်နှင့်နောက်ပုဒ်တို့ ဌာန်ချင်းဖြစ်စေ, ဒီဃချင်းချင်း–ရဿချင်းချင်းဖြစ်စေ, သံယုဂ်ချင်းချင်းဖြစ်စေ တစ်ခုခုတူလျှင်ပင် ပဒါသတ္တိ မဓုရတာဂုဏ် ရောက်၏၊ မြန်မာပုံစံကိုလည်း စစ်တမ်းထုတ်ကြည့်ပါလေ၊ ကျယ်အံ့စိုး သောကြောင့် လျစ်လျူရှုရတော့သည်။]

မြန်ပုံစံ။ ။အဒဿန, လေးပါးစသည်, လူမှာကား–လေ, ငါးမှာ–ရေတည်း၊ ဆိုထွေ မယွင်း, မမြင်ကင်းသား, မြင်းမှာကား–မီး, အမျက်ကြီးလျှင်, ပြစ်မမြင်။ (သုတ–၄၃။) [စစ်ဆေးကြည့်ရှုပါလေ။]

အချုပ်အားဖြင့် ကာရန်မှန်ကန်စွာ ရေးသားစီကုံးထားသော ကဗျာလင်္ကာမှန်သမျှကို ပဒါသတ္တိမဓုရတာဂုဏ် ရောက်သည်–ဟု မှတ်။

ပြန်ပုံစံ။ ။၁၂၉။ ဖြူဖြူဝင်းဝင်း, ကြူကြူသင်းသည့်, ပန်းမင်းသင်းခွေ,တင့်တယ်လေသို့, ကုဋေကုဋာ, မရေသာအောင်, ဂုဏ်ဝါသင်းသင်း, မင်းမင်းထပ်ထပ်, ပူဇော်

http://www.dhammadownload.com

၁၂၉။ ကုန္ဒသန္နောဟဝိဗ္ဘမာ–သင်းခွေပန်းစုသဖွယ်, တင့်တယ်ခြင်းရှိကုန်သော၊ တေ မုနိန္ဒမန္ဒဟာသာ–ထိုမြတ်စွာဘုရား၏ သာသာညှင်းညှင်း, ပြုံးရယ်တော်မူခြင်းတို့သည်၊ စန္ဒကန္တိ ယော–လရောင်တို့ကို၊ ဟသန္တာ–ပြက်ရယ်ပြုကြကုန်လျက်၊ တံဒိသံ–ထိုထိုအရပ်မျက်နှာသို့၊ တစ်နည်း= ဒိသန္တံ –အရပ်မျက်နှာအဆုံးသို့၊ အနုဓာဝန္တိ –ပြေးသွားကြကုန်၏။

မချီးမွမ်းသင့်သောအနုပ္ပာသ

၁၃၀။ သဗ္ဗကောမလဝဏ္ဏေဟိ , နာနုပ္ပာသော ပသံသိယော၊
ယထာယံ မာလတီမာလာ , လိနလောလာလိမာလိနီ။

အပ်သား, မြတ်ဘုရား၏, သွားများဖြူဖွေး, ဖြေးဖြေးညှင်းညှင်း, ပြုံးရယ်ခြင်းသည်, လမင်းရောင်ကို, လှောင်သလိုလျှင်....ထိုထိုရပ်နယ် ကွန့်မြူး၏။

ရှင်း မုနိန္ဒမန္ဒ–စသောဂါထာသည် နှုတ်တကွသော ဒ(န္ဒ), နှုတ်တကွသော တ (န္တ) တို့ကို ထပ်ကာထပ်ကာ ဆိုထားသောကြောင့် အနုပ္ပာသမဓုရတာဂုဏ်ရောက်၏။

[မြန်မာပြန်ပုံစံလည်း သိလွယ်ပြီ။]

မြန်ပုံစံ။ ။တသန္ဓေန္ဓေ, တပေလျဉ်းလျဉ်း, တညှဉ်းဆိုးဆိုး, တညှိုးလျလျ, တတလွမ်းလွမ်း, တသမ်းဟယ်ဟယ်, တတွယ်တာတာ, တဟာလှိုက်လှိုက်, တရှိုက်ငင်ငင်, တပင်ပန်းပန်း, တဝန်းလျားလျား, ရဟတ်ချားသို့။ (ကိုးခန်း–၃၉။)

ပပချပ်ချပ်, လှပ်လှပ်လွှာလွှာ, ဆာဆာလှိုက်လှိုက်, ရှိုက်ရှိုက်ယဲ့ယဲ့, လှုပ်လဲ့လဲ့နှင့်, ကန္ခဲ့ကနောင်း, ရသေ့ကျောင်းသို့, သမ်းပြောင်းမူးဝေ, ကြွဝင်လေသည်.... ညွတ်ခွေတိမ်းပါး တိမ်းပိတည်း။ (သူဇာ–၁၂၄။)

မှတ်ချက် ပါဠိပုံစံ၌ လုံးဆင့်အက္ခရာဖြင့် ထုတ်ထားသောကြောင့် "လုံးဆင့်အက္ခရာချင်း တူမှသာ အနုပ္ပာသမဓုရတာဂုဏ်ရောက်သည်"ဟု ထင်မှတ်တတ်၏၊ ထိုသို့မမှတ်ထင်သင့်၊ ထိုသို့မှတ်ထင်က သိလေသဂုဏ်နှင့် ရောနှောရှုပ်ထွေးနေလိမ့်မည်၊ လုံးဆင့်ပါသည်ဖြစ်စေ, မပါသည်ဖြစ်စေ ရှေ့ဆိုပြီးသောအက္ခရာကို ထပ်ဆိုက အနုပ္ပာသမဓုရတာဂုဏ် ရောက်သည်သာ မှတ်။

မချီးမွမ်းသင့်သောအနုပ္ပာသ

၁၃၀။ ဓနိတအက္ခရာ တစ်လုံးမျှ မပါမူ၍ သိထိလချည်းသက်သက် ပြုစီရင်ထားသော အနုပ္ပာသမဓုရတာဂုဏ်ကို ပညာရှိတို့ မနှစ်သက် မချီးမွမ်းကြချေ၊ ထိုသို့ မချီးမွမ်း မနှစ်သက်ကြခြင်းမှာလည်း အဖွဲ့အနွဲ့၌ အလေးပြု၍ ရွတ်ဖတ်ရသော ဓနိတအက္ခရာ မပါ၍ သိလေသဂုဏ်နှင့် ဆန့်ကျင်သောကြောင့် ဖြစ်သည်။

http://www.dhammadownload.com

၁၃၀။ သဗ္ဗကောမလဝဏ္ဏောဟိ–အလုံးစုံနူးညံ့သော (သိထိလ)အက္ခရာတို့ဖြင့်၊ (ကတော–ပြုအပ်သော၊) အနုပ္ပာသော–အနုပ္ပာသမဂုရုတာဂုဏ်ကို၊ နပသံသိယော–(သိလေသဂုဏ်နှင့်ဆန့်ကျင်သောကြောင့်) မချီးမွမ်းထိုက်၊ ယထာ–ကား၊ အယံ မာလတီမာလာ–ဤမြတ်လေးပန်းကုံးသည်၊ လိနလောလာလိမာလိနီ–တောင့်တတပ်မက်သော ပျားပိတုန်းအစဉ်ရှိ၏။ [လိနာနံ ဗျာဝဋာနံ ပတန္တာနံ၊ ဋီ–သစ်။]

၄။ သမတာဂုဏ်

၁၃၁။ မုဒုဟိ ဝါ ကေဝလေဟိ , ကေဝလေဟိ ဖုဋေဟိ ဝါ၊
မိဿေဟိ ဝါ တိဓာ ဟောတိ , ဝဏ္ဏောဟိ သမတာ ယထာ။

ထိုသို့ပင် အလင်္ကာရာ ဆိုပါသော်လည်း "အသေဝနာစ ဗာလာနံ–စသော ဓနိတအက္ခရာ မပါသော ဘုရားဟောဂါထာ များစွာတွေ့ရှိရခြင်း၊

နောနာနိ နောနနူနာနိ , နာနေနာနိ နနာနိနော၊
နုန္နာနေ နာနိနုနံနံ , နာနုနံနာ နနေနနော။ (ဇ။)

–စသော သိထိလသင်္ကသ်ဖြင့် ရှေးဋီကာဆရာတို့ ဖွဲ့စီရင်ထားသော ဓနိတအက္ခရာ မပါသည့် အနုပ္ပာသမဂုရုတာဂုဏ်မြောက်သော ဂါထာတို့ကို တွေ့ရှိရခြင်း–တို့ကြောင့် လုံးဝအသုံးမပြုသင့်"ဟူ၍ လှေနံမားထစ် မမှတ်သားကြရာ၊ ပါဠိတော်, အဋ္ဌကထာ, ဋီကာများကို အပြစ်မတင်မိကြစေရာ။

ပြန်ပုံစံ။　။ဤမြတ်လေးပန်း, စဉ်အတန်းဝယ်, ပန်းဥနားကာ, ပန်းဝတ်လွှာကို, ပန်းမှာယူစား, ပိတုန်းပျားတို့, ပျံလွှားအုံးအုံး, ပျော်ရွှင်ပြိုးသည်. . . .စုရုံးဒီဒီ မြည်လို့ကို။

ရှင်း　ပါဠိပုံစံ၌ "လ"အက္ခရာကို ထပ်ကာထပ်ကာ ဆိုထားသောကြောင့် အနုပ္ပာသမဂုရုတာဂုဏ် ရောက်စေကာမူ ဓနိတအက္ခရာ တစ်လုံးမျှ မပါသောကြောင့် ပညာရှိတို့ သဘောမကျကြ၊ အားမရှိသောအဖွဲ့ ဖြစ်၏–ဟူလို။

မြန်မာပုံစံ၌လည်း "ပ"စသည်ကို ထပ်ကာထပ်ကာ ဆိုထားသည်၊ ဓနိတတစ်လုံးမျှ မပါ၊ သို့ရာတွင် မြန်မာမှုနှင့် ပါဠိသည် နေရာတိုင်းမှာ မတူနိုင်သောကြောင့် ဤအဖွဲ့မျိုးကို ပညာရှိများ မလိုလား, မနှစ်သက်သည်မဟုတ်၊ လိုလားနှစ်သက်သည်သာ မှတ်ပါလေ။

မြန်ပုံစံ။　။ပေါ်လွင်မပြု, ကောင်းရာတူလျက်, ကောင်းမှုမြတ်နိုး, ကောင်းအောင်ကြိုး၍, ကောင်းကျိုးကိုယ်၌ တည်စေမင်း။ (လောကသာရ။)

(၄) သမတာဂုဏ်

၁၃၁။　။မုဒု–ဖုဋ, မိဿဟူပြီ, ယင်းသုံးလီဖြင့်, အချီအချ, တူရုံမျှနှင့်, ပါဒလေးခု, ဌာန်တူမှု, သုံးခုသမတာ။

http://www.dhammadownload.com

၁၃၁။ ကေဝလေဟိ–မရောမယှက်, သင်္သက်ကုန်သော၊ (ဝါ–များကုန်သော၊ နောမတိ၊) မုဒူဟိ–နူးညံ့ကုန်သော၊ ဝဏ္ဏောဟိဝါ–သိတိလအက္ခရာတို့ဖြင့်လည်း ကောင်း၊ ကေဝလေဟိ–မရောမယှက်, သင်္သက်ကုန်သော၊ (ဝါ–များကုန်သော၊) ဖုဋေဟိ–ကြမ်းကုန်သော၊ ဝဏ္ဏောဟိဝါ–ဓနိတအက္ခရာတို့ဖြင့်လည်းကောင်း၊ မိဿေဟိ–ရောနှောကုန်သော၊ဝဏ္ဏောဟိဝါ–သိထိလ, ဓနိတအက္ခရာတို့ဖြင့် လည်းကောင်း၊ (ပဝတ္တာ–အချီအချ, ပဒ–ပါဒတို့၌ ဌာန်တူမျှသောအားဖြင့်ဖြစ်သော၊) သမတာ–သမတာဂုဏ်သည်၊ တိဓာ–သုံးပါးပြားသည်၊ ဟောတိ–၏၊ ယထာ . . . ။

တူမျှသည်၏ဖြစ်ကြောင်းဖြစ်ရာ တူမျှသောသဘောသည် "သမတာဂုဏ်"မည်၏၊ အသံတူဂုဏ်–ဟု ဆိုလိုသည်။ [သမဿ ဘာဝေါ–သမတာ။]

ထိုသမတာဂုဏ်သည်–

(က) အချီအချဌာန်တူသော သိထိလအက္ခရာချည်း ပါရှိသော [စုဏ္ဏိယ၌ ပဒ, ဂါထာတို့၌ လေးပါဒလုံး ဌာန်တူသိထိလအက္ခရာအများ ပါရှိသော] ကေဝလ မုဒုသမတာဂုဏ်,

(ခ) အချီအချဌာန်တူဓနိတအက္ခရာချည်း ပါရှိသော [စုဏ္ဏိယ၌ ပဒများမှာ, ဂါထာတို့၌ လေးပါဒလုံးမှာ ဌာန်တူဓနိတအက္ခရာ များစွာ ပါရှိသော] ကေဝလဖုဋ သမတာဂုဏ်,

(ဂ) အချီအချဌာန်တူဓနိတအက္ခရာ ရောနှောပါရှိသော [စုဏ္ဏိယ၌ ပဒများမှာ, ဂါထာတို့၌ လေးပါဒလုံးမှာ ဌာန်တူသော သိထိလ, ဓနိတအက္ခရာ ရောနှောပါရှိသော] မိဿသမတာဂုဏ်–အားဖြင့် သုံးပါးပြား၏။

ဥပဒေသ သိထိလအက္ခရာသင်္သက်ဖြင့် စီရင်ရေးသားလျှင် သိလေသဂုဏ်နှင့် ဆန့်ကျင်၏၊ ဓနိတအက္ခရာသင်္သက်ဖြင့် စီရင်ရေးသားပြန်လျှင် သုခုမာလတာဂုဏ်နှင့် ဆန့်ကျင်၏၊ ထို့ကြောင့် "အချီအချတို့၌ သိထိလ, ဓနိတပါရုံမျှ– ဂါထာပါဒ လေးပါးလုံးတို့၌ဌာန်တူသိထိလအက္ခရာ, ဓနိတအက္ခရာ ပါရုံမျှအားဖြင့် မတိမ်းမယိမ်း တူမျှရမည်၊ လုံးရေတူမျှရမည်ကို ဆိုသည်မဟုတ်"၊ ဤသို့ယူဆသင့်၏၊ ထိုသို့ မယူဆဘဲ အတိအကျယူက ညွှန်ပြခဲ့သောဂုဏ်တို့နှင့် ဆန့်ကျင်သောကြောင့် ဗျာများရာ၏၊ "အမေမှာ–မှာတိုင်း" ဆိုသကဲ့သို့ မယူဆရာ။

မောင်းထောင်းကျွန်မ "ပြည့်ဝ"သည် အမေအိပ်နေစဉ် နဖူး၌ ခြင်ကိုက်သည်ကို မောင်းထောင်းကျည်ပွေ့ဖြင့် တအားရိုက်မောင်း၍ အမေကို သေစေဖူးသော ထုံးရှိသည်၊ ထိုမောင်းထောင်းကျွန်မ"ပြည့်ဝ"ကို အမေ့စကားကို လိုက်နာသည်–ဟု ချီးမွမ်းထိုက်ပါမည်လော။

ဆောင်။ ။ သိလေ–သုခု, ဆန့်ကျင်မှုကြောင့်, မှတ်ရှုချီချ, တူရုံမျှနှင့်, ပါဒလေးဆူ, ဌာန်တူသိထိ, ဓနိအက္ခရ, ပါရုံမျှသာ, တူမျှရှာဖွေ, မှတ်ယူလေလော့၊ လုံးရေတူမျှ, မယူရ, ကေဝလမှာ–မှတ်ကြရာ။

http://www.dhammadownload.com

၁၃၂။ ကောကိလာလာပသံဝါဒိ , မုနိန္ဒာလာပဝိဇ္ဇမော၊
ဟဒယင်္ဂမတံ ယာတိ , သတံ ဒေတိ စ နိဗ္ဗုတိံ။

၁၃၂။ ကောကိလာလာပသံဝါဒိ–ကရဝိက်ငှက်မင်း၏ အသံနှင့်တူသော၊ မုနိန္ဒာလာပဝိဇ္ဇမော–မြတ်စွာဘုရားအသံတော်၏ တင့်တယ်ခြင်းသည်၊ သတံ–သူတော်ကောင်းတို့၏၊ ဟဒယင်္ဂမတံ–စိတ်နှလုံးသို့ သက်ဝင်ခြင်းသို့၊ ယာတိ–ရောက်၏၊ သတံ–သူတော်ကောင်းတို့အား၊ နိဗ္ဗုတိံ စ–နိဗ္ဗာန်ကိုလည်း၊ ဒေတိ–ပေးသနားတော်မူ၏။

မြန်မာမှုဋ္ဌ မှတ်ဖွယ်　မြန်မာဋ္ဌ အချိန့်အချတို့ကို အက္ခရာကာရန်–စသည် တူညီစွာထား၍ ချိချခြင်းသည် "သမတာဂုဏ်"ရောက်၏၊ ပါဠို–ဋ္ဌ ဆိုခဲ့သည့်အတိုင်း သိထိလ,ဓနိတတို့ဖြင့် မှတ်၍ သုံးမျိုးပင်ခွဲသင့်သည်၊ သမတာဂုဏ်သည် မြန်မာအဖွဲ့မျိုးနှင့် မလျော်–ဟူသော အချို့ဆရာတို့၏စကားကို မမှတ်သားသင့်၊ မြန်မာဋ္ဌ တိုင်သံကာရန်ဆယ်ပါးကို ဓနိတ–ဋ္ဌ သွင်းယူသင့်ကြောင်း ဗန္ဓဖရုသဒေါသဋ္ဌ ဆိုခဲ့ပြီ၊ "အသံဆယ်ပါးကို ခွဲရာဋ္ဌ သွင်းယူရမည်–ဟု ဆိုလိုရင်းမဟုတ်၊ သုတိကြမ်းသောကြောင့် ဓနိတသဘော သက်ရောက်နေသောကြောင့်သာ အနုရူပအားဖြင့် သွင်းယူရမည်"ဟု ဆိုလိုသည်၊ မြန်မာဋ္ဌ သိထိလ, ဓနိတ အရေးမကြီးချေ၊ ဤစကားကိုလည်း သိထိလ, ဓနိတမရှိသောကြောင့် ဆိုသည်မဟုတ်၊ မြန်မာမှုဋ္ဌ သိထိလအက္ခရာပင်ဖြစ်သော်လည်း အချို့အရာဝယ် ဓနိတအက္ခရာကဲ့သို့ပင် ရွတ်ဆိုရသည်၊ ထို့ကြောင့် ဓနိတသက်သက်ဖြင့် ဖွဲ့သောအဖွဲ့မျိုး, သိထိလသက်သက်ဖြင့် ဖွဲ့သောအဖွဲ့မျိုးကို ပညာရှင်အများပင် လက်ခံကြ၏၊ ဒေါသသင့်သည်–ဟု မမှတ်ထင်ကြပေ၊ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍သာ ဆိုရပေသည်။

ပြန်ပုံစံ။　။၁၃၂။ ကြားနာသမျှ, နှစ်သက်ရသည့်, ငှက်လှရာဏာ, တွန်သံသာသို့, အင်္ဂါပြည့်ကြွယ်, လွန်ဆန်းကြယ်၍, တင့်တယ်လှငြား, မြတ်ဘုရား၏, တရားဒေသနာ, သံသာသာသည်, များစွာသူတော်, စိတ်ရွှင်ပျော်ရန်, စွမ်းရိုးမှန်၏၊ ဘေးရန်ကင်းပ, အမတလည်း, ဝေငှကောင်းစွာ, ပေးနိုင်ပါသည်. . . ကြားနာသမျှ–သူ့ကိုသောဝ်။

ရှင်း　ကောကိလာလာပသံဝါဒိ–စသော ဂါထာသည် သိထိလအက္ခရာနှင့်ချီ၍ သိထိလအက္ခရာနှင့်ချသောကြောင့် [လေးပါဒလုံးဋ္ဌ ဌာန်တူသိထိလအက္ခရာပါရှိသောကြောင့်] ကေဝလမုဒုသမတာဂုဏ် ရောက်၏၊ သိလေသနှင့်မဆန့်ကျင်စေဘဲ ဗန္ဓဂရုဖြစ်ရုံ ဒုတိယပါဒဋ္ဌ ဓနိတအက္ခရာတစ်လုံး ပါရှိသည်။

မြန်မာပုံစံဋ္ဌ "ကြားနာသမျှ"ဟု ချိတက်ပြီးလျှင် "ကြားနာသမျှ"ဟု ပြန်ချသောကြောင့် "သမတာ"၊ ထိုအချိန့်အချတို့ဋ္ဌ ဓနိတနှင့် တိုင်သံအက္ခရာ လုံးဝမပါသောကြောင့် "ကေဝလမုဒု"၊ ထိုနှစ်ခုကိုပေါင်း၍ ဤအဖွဲ့ကို "ကေဝလမုဒုသမတာဂုဏ်"

http://www.dhammadownload.com

၁၃၃။ သမ္ဘာဝနိယသမ္ဘာဝံ , ဘဂဝန္တံ ဘဝန္တံ ဂုံ၊
ဘဝန္တံ သာဓနာကခ်ီ , ကော နု သမ္ဘာဝယေ ဝိဘုံ။

၁၃၃။ သမ္ဘာဝနိယသမ္ဘာဝံ–ချီးမွမ်းရိုသေအပ်, ကောင်းမြတ်သော အလိုရှိတော်မူထသော၊ ဘဂဝန္တံ–ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော၊ ဘဝန္တံ ဂုံ–ဘဝဆုံးရာနိဗ္ဗာန်သို့ ကြွတော်မူတတ်သော၊ ဝိဘုံ–(အစိုးရတော်မူသော)မြတ်စွာဘုရားကို၊ ဘဝန္တံ သာဓနာကခ်ီ–ဘဝဆုံးရာနိဗ္ဗာန်၏ ပြီးစီးခြင်းကို အလိုရှိသော၊ ကော–အဘယ်သူသည်၊ နု သမ္ဘာဝယေ–မချီးမွမ်းမရိုသေဘဲရှိပါအံ့နည်း၊ သမ္ဘာဝယတိ ဧဝ–ဧကန်ပင် ချီးမွမ်းရိုသေတော့မည်သာ။

ရောက်သောအဖွဲ့–ဟု မှတ်အပ်၏၊ အလယ်စာသား၌ သိလေသမဆန့်ကျင်ရုံမျှ ဓနိတအက္ခရာနှင့် တိုင်သံကာရန် ပါသည်။

ပြန်ပုံစံ။ ။၁၃၃။ ချီးမွမ်းရိုသေ, ထိုက်လျောပေသည့်, စိတ်နေဆန္ဒ, မြင့်မြတ်လှသား, ဘုန်းခြောက်ပါးနှင့်, ပြည့်ငြားစုံလင်, နိဗ္ဗာန်ဝင်လတ်, ဘုရားမြတ်ကို, ကင်းပြတ်ဒုက္ခ, လွန်အေးမြသည့်, သုခရိပ်မြုံ, နိဗ္ဗာန်ဘုံသို့, ခိုလှုံလိုငြား, ဝေနေများသည်, မှန်းထားကျွတ်တမ်း, *ကြွေ့ကြွေ့ရမ်းလျက်, ချီးမွမ်းရိုသေ–ပြုသတည်း။

ရှင်း သမ္ဘာဝနိယသမ္ဘာဝံ–ဟု ဓနိတနှင့်ချီ၍ ဝိဘုံ–ဟု ဌာန်တူဓနိတဖြင့် ချသောကြောင့် [လေးပါဒလုံး၌ ဌာန်တူသြဋ္ဌဓနိတအက္ခရာ များစွာပါရှိသောကြောင့်] ကေဝလဖုဋသမတာဂုဏ်ရောက်၏။ [တတိယပါဒ၌ ဓနိတအက္ခရာသုံးလုံးပါရှိသောကြောင့် သုခုမာလတာဂုဏ်နှင့် ဆန့်ကျင်သကဲ့သို့ ထင်ရသော်လည်း တစ်ပါဒတည်းမှာသာ ပါရှိသောကြောင့် အပြစ်မဆိုထိုက်။]

မြန်မာပြန် ကဗျာပုံစံ၌လည်း "ချီးမွမ်းရိုသေ"ဟု ချိတက်ပြီးလျှင် "ချီးမွမ်းရိုသေ" ဟုပင် ပြန်ချသောကြောင့် သမတာမည်သည်၊ အချိုအချနှစ်ပါးလုံးမှာ ဌာန်တူဓနိတအက္ခရာပါရှိသောကြောင့် ကေဝလဖုဋမည်သည်၊ ထိုနှစ်ခုကို ပေါင်းစပ်၍ "ကေဝလဖုဋသမတာဂုဏ်ရောက်၏"ဟု မှတ်အပ်၏။

မြန်ပုံစံ။ ။သင်တိုင်းရစ်ခြုံ, မှိုင်းဝေမှုံလျက်, ဝိဇ္ဇမ္ဘာလီ, လျှပ်ရောင်ချီသား, ရပ်ဒီရှစ်ခွင်, ပတ်ဝန်းကျင်ဝယ်, သံလွင်စည်မြွာ, ပဲ့တင်ညာလျက်, ခရာထပိုး, မိုးသံပျိုးလျက်, ထစ်ကြိုးခြိမ့်ခြိမ့်, ကောင်းကင်သိမ့်မျှ, နိမ့်မြင့်ပတ်ဝိုက်, မိုးတိမ်တိုက်တို့, သွန်းခိုက်ဖြန့်ဆိုင်း, ဘုံတပိုင်းသည်....သင်တိုင်းရစ်ခြုံသာတကား။ [ဤပုံစံကိုလည်း စစ်ဆေးကြည့်ပါ။]

---

* ကြွေ့ကြွေ့ရမ်း= များစွာ။ (ပေါ်)

http://www.dhammadownload.com

၁၃၄။ လဒ္ဓစန္ဒနသံသဂ္ဂ–သုဂန္ဓိ မလယာနိလော၊
မန္ဒမာယာတိ ဘီတောဝ , မုနိန္ဒမုခမာရုတာ။

၁၃၄။ လဒ္ဓစန္ဒနသံသဂ္ဂသုဂန္ဓိ–စန္ဒကူးတို့နှင့် ပေါင်းဆုံရောနှောရခြင်းကြောင့် ကောင်းသောအနံ့ရှိသော၊ မလယာနိလော–မလယဒေသမှလာသောလေသည်၊ မုနိန္ဒမုခမာရုတာ–မြတ်စွာဘုရား၏ ခံတွင်းတော်မှ ထွက်သောလေမှ၊ ဘီတောဝ–ကြောက်ရွံ့သကဲ့သို့၊ မန္ဒံ–မရဲမတင်း, ညှင်းညှင်းသာသာ၊ အာယာတိ–တိုက်ခတ်လာ၏။

ပြန်ပုံစံ။ ။၁၃၄။ နံ့သာစန္ဒကူး, အထူးထူးနှင့်, ကူးလူးပေါင်းဖက်, ရောနှောချက်ကြောင့်, ထက်မြက်ရန်, မွေးပျံ့ပေထ, မလယဟု, ဒေသမှလာ, လေများစွာသည်, သံဃာတို့မင်း, မြတ်ခံတွင်းမှ, ပျံ့သင်းကြာညို, ထွက်လေကိုလျှင်, ကြောက်လို ပုံဟန်, မထန်မပြင်း, ညှင်းညှင်းသာသာ, တိုက်ခတ်လာသည်....နံ့သာတည့် စန္ဒကူး–တဖြူးဖြူး။

ရှင်း လဒ္ဓစန္ဒန–စသောဂါထာ၌ "လဒ္ဓ"ဟု ဓနိတနှင့်ချီပြီးလျှင် "မာရုတာ"ဟု ဌာန်တူ သိထိလနှင့် ချသောကြောင့် [ပုဗ္ဗမှ၌ "ဓ" အပရမှ၌ဌာန်တူ "တ–ဒ"အားဖြင့် လေးပါဒလုံး၌ ဌာန်တူဓနိတ, သိထိလ ရောနှောပါရှိသောကြောင့်] မိဿသမတာဂုဏ် ရောက်၏။

မြန်မာပြန်ပုံစံ၌ "နံ့သာစန္ဒကူး"ဟု ချီ၍ "နံ့သာတည့်စန္ဒကူး–တဖြူးဖြူး"ဟု ချသောကြောင့် "သမတာ"၊ အချီ၌ ဓနိတနှင့်တိုင်သံမပါစေကာမူ အချ၌ ပါရှိ၏၊ ထိုသို့ သိထိလ, ဓနိတ–စသည် ရောသောကြောင့် "မိဿ"၊ ထိုနှစ်ပါးကို ပေါင်း၍ "မိဿသမတာဂုဏ်ရောက်၏"ဟု မှတ်ရာ၏။

မြန်ပုံစံများ။ ။တောင်တွင်မြင့်မိုရ်, ကျွန်ုပ်ဆိုသား, ရေညိုရစ်သန်း, ရံလျက်ဝန်း၍, လေးကျွန်း အလယ်, လေးသွယ်ခြည်ရောင်, တပြောင်ပြောင်လျှင်, ဘုန်းခေါင်အထွတ်, သုံးလူနတ်တို့, မချွတ်မယွင်, ဘိမွှာကို, မှန်စွာအခေါင်, ကြားလွှမ်းဆောင်သည်....တောင်တွင် မြင့်မိုရ်သာတကား။

စည်တွင်ပဟိုရ်, ကျွန်ုပ်ဆိုသား, ခါကိုသိစေ, ရှစ်ကြိမ်နေဖြင့်, ချက်ရေမရွှေ့, တီးခလေ့ကား, ညဉ့်နေ့နာရီ, ခြောက်ဆယ်စီလျှင်, ချက်ချီလှည့်ကျူး, ညဉီးသန်းခေါင်, သောက်ရောင်မိုးသောက်, မွန်းတည့်ရောက်က, ဝမ်းမြောက်ရွှင်လန်း, လူရဟန်းတို့, ထက်ဝန်းဖူးမြင်, သိစီရင်သည်....စည်တွင်ပဟိုရ်သာတကား။

http://www.dhammadownload.com

၅။ သုခုမာလတာဂုဏ်

၁၃၅။ အနိဋ္ဌုရက္ခရပ္ပာယာ , သဗ္ဗကောမလနိဿဋ္ဌာ၊
ကိစ္ဆမုစ္စာရဏာပေတ–ဗျဥ္ဇနာ သုခုမာလတာ။

နန်းတွင်မိညို, ကျွန်ုပ်ဆိုသား, မှောင်ကိုပယ်လင်း, ဆီမီးဝင်းသို့, သီတင်းငါးမည်, သီလတည်လျက်, လှရည်ညက်လေး, ပြေး၍မဆို, သူ့ကိုနှိပ်စက်, မာန်မထွက်တည့်၊ ဝှန်တက်ပညာ, လင်္ကာရတု, ဆိုမှုရွရွ, ကြားကစိတ်ဝမ်း, သူ့နားချမ်းလိမ့်, စွဲလမ်းထိုတွင်, တောင်နှယ်ထင်သည်, နန်းတွင်မိညိုသာတကား။ (ရခိုင်သူ မိညိုဆို ကိုယ်ရည်သွေးရတု–ပေါင်း။)

အချီ			အချ
ရူးမှမြတ်သည်	---	(ပ)	ရူးမှမြတ်တော့မည်ဘုရား။
ကူးမှခတ်မည်	---	။	ကူးမှခတ်တော့မည်ဘုရား။
ထူးမှတတ်မည်	---	။	ထူးမှတတ်တော့မည်ဘုရား။

ဤသို့ ချီ–ချသော ရတုများနှင့်

ကျွန်းတွင်ဇမ္ဗူ	---	(ပ)	ကျွန်းတွင်ဇမ္ဗူသာတကား။
ပန်းတွင်မဥ္ဇူ	---	။	ပန်းတွင်မဥ္ဇူသာတကား။
နန်းတွင်မိဖြူ	---	။	နန်းတွင်မိဖြူသာတကား။

(ပေါင်း)

[ဤသို့ ချီ,ချသော ရတု–စသည်တို့သည်လည်း သမတာဂုဏ်ရောက်သည်၊ မုဒု–ဖုဋ္ဌ–မိဿတို့ကို စိစစ်ပါလေ။]

၅။ သုခုမာလတာဂုဏ်

၁၃၅။ ။များပြားသိထိ, ဓနိနည်းလတ်, ဖတ်ရွတ်လွယ်လှ, အင်နှစ်ဝ, သဒ္ဒသုခုမာ။

(၁) သိထိလအက္ခရာများ၍ ဓနိတအက္ခရာနည်းပါးခြင်း,

(၂) အရွတ်အဖတ်ခက်သော သန္ဓိ, သမာသ်, သံယုဂ်တို့မှ ကင်းလွတ်ခြင်း–ဟူသောအင်္ဂါနှစ်ပါးနှင့်ပြည့်စုံက သဒ္ဒသုခုမာလတာဂုဏ်ရောက်၏။ [သိထိလချည်းစီကုံးက သိလေသနှင့်ဆန့်ကျင်၏။] "အသံနူးနူးညံ့ညံ့နှင့် လွယ်ကူစွာ ရွတ်ဖတ်ရအောင် စီကုံးရေးသားက သုခုမာလတာဂုဏ်ရောက်၏"ဟု မှတ်။

ထိုသုခုမာလတာဂုဏ်သည်–

(က) သဒ္ဒသုခုမာလတာဂုဏ်,

(ခ) အတ္ထသုခုမာလတာဂုဏ်–

ဟု နှစ်ပါးရှိ၏။ [သုခုမာလဿ ဘာဝေါ–သုခုမာလတာ။]

25(B)

http://www.dhammadownload.com

၁၃၅။ အနိဋ္ဌရက္ခရပ္ပာယာ–မကြမ်းတမ်းသော (သိထိလ)အက္ခရာများသော၊ ဝါ–ကြောင့်၊ သဗ္ဗကောမလနိဿဋာ–အလုံးစုံနူးညံ့သော (သိထိလ)အက္ခရာမှ လွတ်သော၊ ကိစ္ဆမုစ္စာရဏာပေတဗျဥ္ဇနာ–ငြိုငြင်စွာရွတ်ဆိုအပ်သော အက္ခရာမှ ကင်းသော အက္ခရာရှိသောဂုဏ်သည်၊ သုခုမာလတာ–သဒ္ဒသုခုမာလတာဂုဏ်မည်၏။

၁၃၆။ ပဿန္တာ ရူပဝိဘဝံ , သုဏန္တာ မဓုရံ ဂိရံ၊
စရန္တိ သာဓူ သမ္ဗုဒ္ဓ–ကာလေ ကေဋ္ဌိပရံမုခါ။

မြန်မာမှု၌မှတ်ဖွယ် "ဤသဒ္ဒသုခုမာလတာသည် မြန်မာနှင့်မလျော် ပယ်ရန်ဖြစ်သည်" ဟူသော ဆရာတို့၏စကားကို သာရအားဖြင့် မမှတ်သင့်၊ ထိုဆရာ တို့သည် "မြန်မာမှု၌ သံယုဂ်မရှိ"ဟု ဆိုကြ၏၊ သံယုဂ်–ဟု အဘယ်ကိုခေါ်သည်ဟူ၍ပင် သိဟန်မတူ၊ ထို့ကြောင့်သာ ဤသို့ အရမ်းစွပ်စွဲဝံ့ချေသည်၊ မြန်မာမှု၌ ပါဋ္ဌိထက် သံယုဂ် များ၏၊ ပါဋ္ဌိ၌ အလွန်ဆုံး သုံးလုံးဆင့်မျှသာ ရှိချေသည်၊ မြန်မာ၌ လေးလုံးဆင့်ထိအောင်ပင် ရှိ၏။

ထင်ရှားစေဦးအံ့ "သရာနန္တ ရိကာနိ ဗျဥ္ဇနာနိ သံယောဂေါ"ဟူသော ရူပသိဒ္ဓိဆရာ မိန့်ဆိုချက်အရ သရအသီးအခြား မရှိကြကုန်သော [သရတစ်လုံး တည်းကို ဝိုင်းအုံ၍ မှီနေကြရကုန်သော] ဗျည်းတို့ကို သံယုဂ်–ဟု ခေါ်သည်၊ မြွ–ဟူသော ပုံစံ၌ "အသရ"တစ်လုံးတည်းကို (မ–ရ–ဟ–ဝ)ဟူသော ဗျည်းလေးလုံးတို့က ဝိုင်းအုံ၍ မှီနေကြသည်၊ ၎င်းကို သံယုဂ်မခေါ်က အဘယ်သို့ ခေါ်မည်နည်း၊ (ကြ–ကြွ)စသည်တို့ကိုလည်း စိစစ်ကြည့်ပါလေ၊ ဤတစ်ချက်ဖြင့်ပင် မြန်မာမှု၌ သဒ္ဒသုခုမာ လတာဂုဏ် ရှိသင့်ကြောင်း ထင်ရှားပေပြီ၊ ကျန်အချက်တို့ကို စိစစ်၍ မပြသာတော့ပြီ။

မြန်မာမှု၌။ ။ငှ–ညှ–ဏှ–နှ–မှ–ယှ–ရှ–လှ–ဝှ–ဋ္ဌ,
ငွ–ညွ–ဏွ–နွ–မွ–ယွ–ရွ–လွ–(ကြွ–မြွ–တျ),
ညွ–နွ–မွ–ရွ–လွ–မြှ–မြွ–စသော သံယုဂ်အက္ခရာတို့သည်လည်းကောင်း, တိုင်သံကာရန်တို့သည်လည်းကောင်း အဖတ်အရွတ်ခက်၏၊ ထို့ကြောင့် ထိုအက္ခရာမျိုးကို နည်းနိုင်သမျှ နည်းစေရမည်။

ဤသဒ္ဒသုခုမာလတာ ဂုဏ်သည် ဗန္ဓဖရသဒေါသနှင့် ဆန့်ကျင်ဘက် ဖြစ်၏၊ ထို့ကြောင့် ဗန္ဓဖရသဒေါသမှလွတ်လျှင် သဒ္ဒသုခုမာလတာဂုဏ် ရောက်၏။

ဆောင်။ ။ ဗန္ဓဖရသ၊ လွန်မြောက်က၊ သဒ္ဒသုခုမာ။

ပြန်ပုံစံ။ ။၁၃၆။ မြတ်စွာဘုန်းကြွယ်, လက်ထက်ဝယ်ကား, ပြည့်ကြွယ်စုံလင်, ရှင့်ရုပ်သွင်ကို, ဖူးမြင်ကြကာ, လွန်ချိုသာသည့်, သြဇာပြည့်လျှံ, တရားသံကို, နာခံမှတ်သား, ပျော်ပွဲများမှ, လွှဲထားမျက်နှာ, ကျင့်ကြပါသည်‥‥များစွာသူတော်အပေါင်းတည်း။

http://www.dhammadownload.com

၁၃၆။ သာဓု–သူတော်ကောင်းတို့သည်၊ သမ္မဒ္ဓကာလေ–ရှင်တော်ဘုရား သက်တော်ထင်ရှား ရှိစဉ်အခါ၌၊ ရူပဝိဘဝံ–ရူပနိကာယ်, တင့်တယ်ပြည့်စုံပုံကို၊ ပဿန္တာ–ကြည့်မဝ ရှုမဝ, ဖူးမြော်ကြကုန်လျက်၊ မခုရံဂိရံ–ချိုမြိန်ချေငံ, တရားတော်သံကို၊ သုဏန္တာ–ရှိသေလေးစား, နာကြားကြကုန်လျက်၊ ကေဋ္ဌိပရံမုခါ–ပျော်ပွဲရွှင်ပွဲ, မျက်နှာလွှဲကြကုန်သည်ဖြစ်၍၊ စရန္တိ–ဖြစ်ကြကုန်၏၊ ဝါ–လှည့်လည်ကြကုန်၏။

၁၃၇။ အလင်္ကာရဝိဟီနာပိ , သတံ သမ္မုခတေဒိသိ၊
အာရောဟတိ ဝိသေသေန , ရမဏီယာ တဒုဇ္ဇလာ။

၁၃၇။ ဧဒိသိ–ဤသို့သဘောရှိသော် သုခုမာလတာဂုဏ်သည်၊ အလင်္ကာရဝိဟီနာပိ–အတ္ထာလင်္ကာရမှ ကင်းပါသော်လည်း၊ သတံ–ပညာရှိတို့၏၊ သမ္မုခတံ–(ကောင်းစွာရှေ့ရှု,) မျက်မှောက်ပြုအပ်သည်၏ အဖြစ်သို့၊ အာရောဟတိ–တက်ရောက်နိုင်၏၊ တဒုဇ္ဇလာ–ထိုအတ္ထာလင်္ကာရတို့ဖြင့် ထွန်းတောက်ပပါမူကား၊ ဝိသေသေန–အထူးအားဖြင့်၊ ရမဏီယာ–နှစ်သက်ဖွယ်ရှိ၏။

ရှင်း ဤပဿန္တာ–စသော ဂါထာသည် တတိယပါဒ၌–(၁) ဓနိတအက္ခရာနှစ်လုံးကြွင်းပါဒတို့၌ တစ်လုံးမျှစီသာပါရှိ၍ ဓနိတနည်းပါးခြင်း, (၂) အရွှတ်အဖတ် ခက်သော သန္ဓိ–သံယုဂ်တို့ မပါခြင်း–ဟူသော အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသောကြောင့် သုခုမာလတာဂုဏ်ရောက်၏။

မြန်မာပြန်ပုံစံလည်း ဓနိတလေးလုံးမျှသာ ပါရှိသည့်အပြင် တိုင်သံကာရန်လည်းကင်းလွတ်, အဖတ်အရွှတ်ခက်သော တခြားအက္ခရာများလည်း မပြောလောက်ပ အနည်းငယ်မျှသာ ပါရှိသောကြောင့် သဒ္ဒသုခုမာလတာဂုဏ်ရောက်၏။

သုခုမာလတာဂုဏ်၏အစွမ်း ၁၃၇။ သုခုမာလ, ပြည့်စုံကမူ, အတ္ထာလင်္ကာရ, ယွင်းသွေ့ခွာလည်း, ပညာရှိတို့, လွန်နှစ်မြို့ရှင့်၊ မချို့အလင်္ကာ, ပါဝင်ပါမူ, မခွာရက်ရက်, လွန်နှစ်သက်သည်....နှစ်ဖက်နှစ်မျိုးစုံသောကြောင့်။

ဤသုခုမာလတာဂုဏ်နှင့် ပြည့်စုံသောအဖွဲ့သည် အတ္ထာလင်္ကာရနှင့် မပြည့်စုံပါသော်လည်း ပညာရှိများကို နှစ်သက်စေနိုင်၏၊ အတ္ထာလင်္ကာရတို့နှင့် ပြည့်စုံခဲ့ပါမူ ပြောဆိုဖွယ်ပင် မရှိတော့ပြီ၊ အလွန်အကြူးအထူးအားဖြင့် နှစ်သက်စေနိုင်၏၊ ထိုသို့နှစ်သက်စေနိုင်ခြင်းမှာလည်း နှစ်ဖက်နှစ်မျိုးစုံသော (စွယ်စုံ)အဖွဲ့မျိုး ဖြစ်သောကြောင့်ပင် ဖြစ်ချေသည်။

http://www.dhammadownload.com

၁၃၈။ ရောမဋ္ဌပိဋ္ဌရစနာ , သာခုဝါဒါဟိတဒ္ဓနီ၊
လဋ္ဌန္တိ မေ မုနိမေဃု-မ္ဓဒါ သာခုသိခါဝလာ။

၁၃၈။ ရောမဋ္ဌပိဋ္ဌရစနာ-ကြက်သီးမွေးညင်း .ထခြင်းတည်းဟူသော အတောင်အမြီးကို ထီးကဲ့သို့ ဖြန့်ခြင်းရှိကုန်သော၊ သာခုဝါဒါဟိတဒ္ဓနီ-သာခုခေါ်ခြင်းတည်းဟူသော တွန်ကျူးသံရှိကုန်သော၊ မုနိမေဃုမ္ဓဒါ-ဘုရားတည်းဟူသောမိုးကြောင့် ယစ်ကြကုန်သော၊ ဣမေ သာခုသိခါဝလာ-ဤသူတော်ကောင်းတည်းဟူသော ငှက်ဥဒေါင်းတို့သည်၊ လဋ္ဌန္တိ -စံပယ်မြူးထူးကြလေကုန်၏။

အတ္ထသုခုမာလတာဂုဏ်

၁၃၉။ သုခုမာလတ္တမတ္ထော , ပဒတ္ထဝိသယမ္ဖိ စ၊
ယထာ မတာဒိသဒ္ဒေသု , ကိတ္တိသေသာဒိကိတ္တနံ။

ပြန်ပုံစံ။　　။၁၃၈။ မွေးညင်းကြက်သီး, အတောင်မြီးကို, ထီးသို့ဖြန့်က, ရွှင်ပျပျဖြင့်, ခေါ်ကြသာခု, တွန်သံပြုလျက်, သုံးလူ့ဆရာ, မိုးဒေဝါကြောင့်, ယစ်ကာမွေ့လျော်, ဤသူတော်ကောင်း, ငှက်ဥဒေါင်းတို့, သောင်းသောင်းဖြဖြ, မြူးခုန်ကြသည်.... ဓမ္မစည်တော်-ရွှမ်းစဉ်ကို။

ရှင်း　　ဤပုံစံသည်- (၁) သိထိလများပြား၍ ဓနိတနည်းပါးခြင်း, (၂) အဖတ် အရွတ် လွယ်ကူသောအက္ခရာတို့ဖြင့် စီရင်ရေးသားထားခြင်း-ဟူသောအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံခြင်းကြောင့် သဒ္ဒသုခုမာလတာဂုဏ် ရောက်သည့်အပြင် "အသေသဝတ္ထုဝိသယသမာသရူပက-အတ္ထာလင်္ကာရ"နှင့်လည်း ပြည့်စုံ၏၊ ထို့ကြောင့် အလွန်နှစ် သက်ဖွယ်ရှိသည်။ [အသေသဝတ္ထုဝိသယသမာသရူပကအလင်္ကာ၏ သဘောကို စတုတ္ထပိုင်း၌ ကြည့်ရှုကြပါလေ။]

အတ္ထသုခုမာလတာဂုဏ်

၁၃၉။　　။ဩစိဂါမ္မ၊ လွန်မြောက်က၊ အတ္ထသုခုမာ။

အနက်သိမ်မွေ့ယဉ်ကျေးလျှင်လည်း သုခုမာလတာဂုဏ်ရောက်၏၊ (က) ရှေ့နောက်မညီညွတ် အသင့်ယုတ္တိမှကင်းသော ဩစိတျဟီနဒေါသ, (ခ) စကားအနက်အဓိပ္ပာယ် ကြမ်းတမ်းရိုင်းပြသော ဝါကျတ္ထဂါမ္ဘဒေါသတို့မှ လွန်မြောက်ခြင်းကိုပင် "စကားအနက်သိမ်မွေ့ယဉ်ကျေးသည်"ဟု ဆိုလိုသည်၊ ထို့ကြောင့် "ဩစိတျဟီနဒေါသ, ဝါကျတ္ထဂါမ္ဘဒေါသတို့မှ လွတ်မြောက်က အတ္ထသုခုမာလတာဂုဏ်ရောက်၏"ဟု မှတ်။

ကိတ္တိသေသာဒိ-၌ အာဒိသဒ္ဒါဖြင့် ဒိဝင်္ကတော-[နတ်ပြည်သို့ကြွပြီ], သဂ္ဂကာယံ အလင်္ကရိ-[နတ်ပြည်ကို တန်ဆာဆင်ပြီ၊], ပရိနိဗ္ဗုတော-[ပရိနိဗ္ဗာန်စံပြီ။] စသည်ကိုယူ။

http://www.dhammadownload.com

၁၃၉။ ပဒတ္ထဝိသယမ္ပိစ–ပုဒ်အနက်လျှင် အရာရှိသည်လည်းဖြစ်သော၊ သုခုမာလတ္တံ–သုခုမာလတာဂုဏ်သည်၊ အတ္ထေဝ–ရှိသည်သာတည်း၊ ယထာ–ပုံစံကား၊ မတာဒိသဒ္ဒေသု–မတ အစရှိသော သဒ္ဒါတို့ကို၊ ဝါ–သေပြီစသော စကားတို့ကို၊ (ဝတ္တဗ္ဗေသု–ဆိုအပ်ဆိုသင့်ကုန်သော်၊) ကိတ္တိသေသာဒိကိတ္တနံ–ကိတ္တိသေသစသော သဒ္ဒါတို့ကို ပြောဆိုခြင်းပင်တည်း၊ ဝါ–ကျော်စောသတင်းမျှသာ ကြွင်းတော့သည် စသောစကားကို ပြောဆိုခြင်းမျိုးပင်တည်း။

ထင်ရှားစေအံ့ လူသေ၏–[ဂါမဏိသေ။] သူ၏ကျော်စောသတင်းမျှသာ ကြွင်းတော့သည်, ကံကုန်ပြီ, နတ်ပြည်ကြွပြီ, ခရစ်တော်ထံ၌ အိပ်ပျော်ပြီ, ခိုဒါအရှင်မြတ်၏ အမိန့်ကို ခံယူပြီ–[သုခုမာလတာဂုဏ်ရောက်၏။] တံငါ နတ်ရွာစံပြီ, ပရိနိဗ္ဗာန်ပြုပြီ–[ဩစိတျဟိနဒေါသ။] တံငါ အနိစ္စရောက်၏, ကံကုန်၏, စုတေ့၏, ကွယ်လွန်၏–[သုခုမာလတာဂုဏ်။]

မြန်ပုံစံ။ ။သကဲ့ဝေနေယျောင်း, ဘုရားလောင်းသည်, မြင့်ညောင်းမကြာ, တတ်ပညာနှင့်, သက်အာယုစစ်, ခုနစ်နှစ်တွင်, ဘချစ်ဘုန်းလှိုင်, တောင်ကြီးယိုင်သို့, မခိုင်ရုပ, ဘူတလေးထွေ, ပျက်စီးလေ၍, ပရမေဘုန်းလျှံ, နတ်ပြည်စံသော်, ဝန်းရံဗိုလ်ထု, မှူးမတ်စုနှင့်, ပြည်သူ့အပေါင်း, ဘုရားလောင်းလည်း, ထားကြောင်းမလျော်, ခမည်းတော်ကို, ပူဇော်ပြီးခါ, ကျိုးမဲ့စွာ–ဟု, မကြာစေရ, ကန်တော့ကြ၍, မစထုတ်ပိုက်, သင်္ဂြိဟ်လိုက်သည်....မီးဌာပျောက်ပျက်စေသတည်း။ (ဂါမဏိစန္ဒ–၅။)

မဟာဧကရီ, ဒေဝီတမွတ်, မိဘုန်းထွတ်ကား, (ပ), ရုပ်ဟောင်းစွန့်ပစ်, ရုပ်သစ်လဲတုံ, ကောင်းကင်ဘုံရှိုက်, ခိုလှုံထက်ယံ, ပြောင်းတက်စံက။ (မဃ–၅၈၄။)

နောင်ညီလေးပါး, နောင်ဖွားရွယ်လှ, ငယ်နှမတို့, ဝံသမပြား, မျိုးမခြားအောင်, စုလျားပတ်နောင်, ပြည်တည်ထောင်ပြီး။ (မဃ–၃၂။)

ထိုအဖွဲ့များသည် ဩစိတျဟိနဒေါသ, ဂါမဏိသေတို့မှ လွတ်အောင် ယဉ်ယဉ်ကျေးကျေး ဖွဲ့ဆိုထားသောကြောင့် အတ္ထသုခုမာလတာဂုဏ်ရောက်၏။

မင်း တာမွေကို သွားချင်နေသလား, ကြံတောကို သွားချင်နေသလား၊ ဒါကြောင့်သာ ဖျားနေရင်း ကြက်သားကို စားတာပေါ့။

ရန်ကုန်မြို့၌ တာမွေဘက်နှင့် ကြံတောရပ်ကွက်မှာ သုသာန်ရှိ၏၊ ထို့ကြောင့် "တာမွေကို သွားချင်နေသလား, ကြံတောကို သွားချင်နေသလား"ဟု ဆိုခြင်းသည် "မင်း သေချင်နေသလား"ဟူသောစကားနှင့် အဓိပ္ပာယ်ထပ်တူပင် ဖြစ်၏၊ ထိုသို့

http://www.dhammadownload.com

၆။ သိလေသဂုဏ်

၁၄၀။ သိလိဋ္ဌပဒသံသဂ္ဂ–ရမဏီယဂုဏာလယော၊
သဗ္ဗန္ဓဂါရဝေါ သောယံ , သိလေသော နာမ တံ ယထာ။

၁၄၀။ သိလိဋ္ဌပဒသံသဂ္ဂရမဏီယဂုဏာလယော–(အချင်းချင်းဖက်သကဲ့သို့) အချင်းချင်းမှီကုန်သောပုဒ်တို့၏ ရောနှောခြင်းကြောင့် နှစ်သက်ဖွယ်ကောင်းသော ဂုဏ်၏တည်ရာဖြစ်သော၊ သဗ္ဗန္ဓဂါရဝေါ–အဖွဲ့ဗန္ဓ၏ လေးသည်၏အဖြစ်ဟု ဆိုအပ်သော ဓနိတ(ဒီဃ)အက္ခရာနှင့်တကွဖြစ်သော၊ သောယံ–ထိုအဖွဲ့သည်၊ သိလေသောနာမ–သိလေသဂုဏ်ရောက်သောအဖွဲ့မည်၏၊ တံယထာ–ထိုသိလေသဂုဏ်ရောက်သော ဥဒါဟရဏ်ကား၊ ဗာလိန္ဒုတျာဒိ–တည်း။

ယဉ်ကျေးစွာ တင်စား၍ ပြောဆိုသောကြောင့် ၄င်းစကားမျိုးကို "အတ္ထသုခုမာလတာဂုဏ်ရောက်သော စကားမျိုး"ဟု မှတ်။

[ရုဒ္ဒရသ, ဗီဘစ္ဆရသတို့ကိုပြသော အရာတို့၌ ကြမ်းတမ်းသော အက္ခရာတို့ဖြင့်ပင် ဖွဲ့ကောင်း၏၊ ထို့ပြင် အနက်ကြမ်းသော (ဂါမ္ဘဒေါသသင့်သော) စကားမျိုးကိုပင် သုံးသော်လည်း အပြစ်ရှိသည်–ဟု မယူသင့်။]

(၆) သိလေသဂုဏ်

၁၄၀။ ။လုံးဆင့်ဒီဃ၊ ဓနိတ၊ ပါကသိလေသ။

၁။ သိလိဋ္ဌပဒသံသဂ္ဂ= အက္ခရာတူသောအားဖြင့်ဖြစ်စေ– မတူသောအားဖြင့်ဖြစ်စေ နှစ်လုံး သုံးလုံး–စသည် ဆင့်ထားသော သံယုဂ်ခေါ် လုံးဆင့်သဒ္ဒါတို့ကို နီးနီးကပ်ကပ် ပါဝင်စေခြင်း, [က္က–အတူဆင့်, က္ခ–မတူဆင့်။]

၂။ သဗ္ဗန္ဓဂါရဝ= အဖွဲ့ဗန္ဓ၌ လေးလေးပင်ပင် ရွတ်ဆိုရသော ဓနိတအက္ခရာ(ဒီဃအက္ခရာ)ပါရှိခြင်း–

ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော ဂုဏ်သည် "သိလေသဂုဏ်" မည်၏။

အချို့ဆရာတို့ကား "ဌာန်ကရိဏ်းနီးကပ်ခြင်း"ဟု ပထမအင်္ဂါကို ဆိုကြ၏၊ သမတာဂုဏ်နှင့်ထပ်သည်၊ လုံးဆင့်ဆိုသော်လည်း အဖတ်အရွတ်ခက်သည့် လုံးဆင့်မျိုးကို များစွာမပါဝင်စေသင့်၊ အနည်းငယ်ခန့်မျှ ပါဝင်စေသင့်၏။

"မြန်မာစာ၌ စာလုံးဆင့်သံ မရှိ၊ ဓနိတအက္ခရာကိုလည်း သံကြမ်း–ဟု မမှတ်၊ ထို့ကြောင့် ဤဂုဏ်သည် မြန်မာအဖွဲ့နှင့်မလျော်၊ ပယ်ရန်ဖြစ်သည်"ဟူသော ဆရာတို့၏ စကားကို သာရအားဖြင့် မမှတ်သားသင့်၊ ဤသိလေသဂုဏ်သည် ပါဠိမှာထက် မြန်မာ၌ အဖြစ်များနိုင်သည်၊ တစ်စုံတစ်ရာပယ်ရန် နည်းလမ်းမရှိ၊ အကြောင်းကို (နှာ–၁၇၁)၌ ဆိုခဲ့ပြီ။

http://www.dhammadownload.com

၁၄၁။ ဗာလိန္ဒုဝိဇ္ဇမဏ္ဍေဒိ–နခရာဝလိကန္တိ ဘိ၊
သာ မုနိန္ဒပဒမ္ဘောဇ–ကန္တိ ဝေါ ဝလိတာဝတံ။

၁၄၁။ ဗာလိန္ဒုဝိဇ္ဇမဏ္ဍေဒိနခရာဝလိကန္တိ ဘိ–တက်သစ်စလမင်း၏ တင့်တယ်ခြင်းကို ဖျက်ဆီးလေ့ရှိတော်မူသော ခြေသည်းတော်အစဉ်၏ အရောင်တို့နှင့် (ရ–အာဂုံ)၊ ဝလိတာ–ယှဉ်သော၊ သာ မုနိန္ဒပဒမ္ဘောဇကန္တိ–ထိုမြတ်စွာဘုရားသခင်၏ ခြေတော်တည်းဟူသော ကြာပန်း၏ အရောင်သည်၊ ဝေါ–သင်တို့အား၊ အဝတံ–စောင့်ရှောက်ပါစေသတည်း။

၇။ ဥဒါရတာဂုဏ်

၁၄၂။ ဥက္ကံသဝန္တော ယော ကောစိ , ဂုဏော ယဒိ ပတီယတေ၊
ဥဒါရောယံ ဘဝေ တေန , သနာထာ ဗန္ဓပဒ္ဓတိ။

ပြန်ပုံစံ။ ။၁၄၁။ ရောင်ရှင်ထက်ကြပ်, ပြောင်လျှပ်လျှပ်နှင့်, ရှေ့ရပ်မျက်နှာ, ပေါ်ထွက်လာသည့်, စန္ဒာလမင်း, တင့်တယ်ခြင်းကို, ဖြိုခွင်းပယ်ကြဉ်, ခြေသည်းစဉ်ရောင်, တွဲယှဉ်ပြောင်သား, မြတ်ဘုရား၏, ဖဝါးပဒုမာ, ရောင်အဝါသည်.... ကောင်းစွာသင့်အား စောင့်စေသား။

ရှင်း ဗာလိန္ဒု–စသော ဂါထာသည်– (၁) သံယုဂ်အက္ခရာ များစွာပါရှိခြင်း, (၂) စတုတ္ထမှတစ်ပါးသော ပါဒတို့၌ ဓနိတ(ဒီဃ)ပါရှိခြင်း– ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံသောကြောင့် "သိလေသဂုဏ်"ရောက်၏။

မြန်မာပြန်ပုံစံ၌လည်း– (က္ကြ)စသော လုံးဆင့် (လုံးတွဲ)အက္ခရာ များစွာပါရှိခြင်း, ဓနိတငါးလုံး– တိုင်သံကာရန်တစ်ချက် ပါရှိခြင်းကြောင့် "သိလေသဂုဏ်"ရောက်၏။

မြန်ပုံစံ။ ။ထိုမှတုံကား, ပြည့်စုံလက္ခဏာ, ဘုန်းသမ္ဘာနှင့်, ကလျာငါးခု, ကြာဝတ်စုသို့, နုနုထွတ်ထွတ်, မွတ်မွတ်မွေ့မွေ့, မြေ့မြေ့ချောချော, လွန်လှမောရ၍, ရင်ကြောစိမ်းစိမ်း, ရှိန်းရှိန်းရွှန်းရွှန်း, လန်းလန်းလတ်လတ်, စွတ်စွတ်စွေးစွေး, မြရိပ်ပြေးလျက်, ငယ်သွေး ငယ်ရည်, ခုံကျည်တပ်တပ်, ရွှေနကပ်သို့, လှပ်လှပ်ချက်ချက်, ပြိုးပြိုးပြက်လျှင်, လက်လက် လင်းလင်း, ဝင်းဝင်းပြောင်ပြောင်, ကိုယ်ရောင်တခဲ, ရိုးရိုးရဲတည့်, အံ့အဲ့စဖွယ်, ထူးဆန်းကြယ်သား, ဆင်းရွယ်ပုံပြင်, ညီညွတ်အင်ဖြင့်, ညက်စင်ပြာကြည်း, ချည်းချည်း သွယ်သွယ်, ရှိရွယ်တအုပ်, နတ်ရုပ်အလား, ထွားရရွားသား, နဂါးသမီး, ညီးရရီးလည်း, သင်းသိးထိုဠ် များစွာတည်း။ (ဘူ–၃၇။) [ဤပုံစံကိုလည်း စစ်ကြည့်ပါလေ။]

(၇) ဥဒါရတာဂုဏ်

၁၄၂။ ။ထူးချွန်လွန်မြတ်၊ ဂုဏ်ပါလတ်၊ သိမှတ်ဥဒါရာ။

သူတစ်ပါးထက် လွန်လွန်ကဲကဲ ပေးလှူခြင်း, သီလစောင့်ခြင်း, ပညာရှိခြင်း, ဝီရိယရှိခြင်း, သဒ္ဓါရှိခြင်း, ချစ်ခင်ခြင်း, ကြည်ညိုခြင်း–စသောထူးချွန်လွန်မြတ် ချီးမွမ်းဖွယ်,

http://www.dhammadownload.com

၁၄၂။ ဥက္ကံသဝန္တော–လွန်ကဲခြင်းရှိသော၊ ယောကောစိ–အမှတ်မပြု, တစ်စုံတစ်ခုသော၊ ဂုဏော–စာဂါတိသယစသောဂုဏ်ကို၊ (ဗန္ဓေ–အဖွဲ့ဗန္ဓဋ္ဌ၊) ယဒိပတီယတေ–အကယ်၍ သိအပ်ငြားအံ့၊(ဧဝံ–ဤသို့ သိအပ်သော်၊) အယံ–ဤဆိုအပ်ခဲ့ပြီးသော သဘောရှိသောဂုဏ်သည်၊ ဥဒါရောနာမ–ဥဒါရဂုဏ်မည်သည်၊ ဘဝေ–ဖြစ်၏၊ တေန–ထိုလွန်ကဲခြင်းရှိသောဂုဏ်ဖြင့် (ဦ)၊ ဗန္ဓပဒ္ဓတိ–ရေးသားစီရင်, ပုဒ်အစဉ်သည်၊ သနာထာ–ထောက်တည်ကိုးစားရာ ရှိ၏၊ ဝါ–ပြည့်စုံ၏။

၁၄၃။ ပါဒမ္ဟောဇရဏောလိတ္တ–ဂတ္တာ ယေ တဝ ဂေါတမ၊
အဟော တေ ဇန္တ ဝေါ ယန္တိ , သဗ္ဗထာ နိရဇတ္တနံ။

၁၄၃။ ဂေါတမ–ဂေါတမနွယ်ဖွား, အို–ရှင်တော်မြတ်ဘုရား !၊ ယေ–အကြင် သတ္တဝါတို့သည်၊ တဝ–ရှင်တော်မြတ်ဘုရား၏၊ ပါဒမ္ဟောဇရဏောလိတ္တဂတ္တာ–ခြေတော်တည်းဟူသောကြာပန်းတို့၏ ဝတ်ဆံတည်းဟူသောမြူမှုန်တို့ဖြင့် လိမ်းကျံသောကိုယ် ရှိကြကုန်၏၊ တေ ဇန္တ ဝေါ–ထိုသတ္တဝါတို့သည်၊ သဗ္ဗထာ–ခပ်သိမ်းသော အချင်းအရာအားဖြင့်၊ နိရဇတ္တနံ–ကိလေသာမြူ မရှိသူတို့၏အဖြစ်သို့၊ ယန္တိ–ရောက်ကြကုန်၏၊ အဟော–သြော် အံ့သြဖွယ်ရှိပါပေစွ။

၁၄၄။ ဧဝံ ဇိနာနုဘာဝဿ , သမုက္ကံသောတြ ဒိဿတိ၊
ပညဝါ ဝိမိနာနေန , စိန္တ ယေ ပရမီဒိသံ။

အံ့သြဖွယ်ဖြစ်သော ဂုဏ်ထူးကို ထုတ်ဖော်၍ (သိသိသာသာကြီး) ရေးသားဖွဲ့ဆိုလျှင် "ဥဒါရတာဂုဏ်"ရောက်၏။

ထိုသို့ သူတစ်ပါးထက် ထူးချွန်လွန်ကဲသော ဂုဏ်တို့ကို ထည့်သွင်းရေးသားခြင်းဖြင့် ပင်လျှင် ပြည့်စုံကြွယ်ဝသော အဖွဲ့ကောင်းတစ်ခု ဖြစ်နိုင်၏။

ပြန်ပုံစံ။ ။၁၄၃။ အသမ္ဘိန္နေ, ခတ္တိယ–ဟု, ဂေါတမနွယ်, စောင့်ထိန်းလွယ်သား, စင်ကြယ်မိရိုး, ဘအမျိုးမှ, ပွားတိုးသက်ဆင်း, ဘုန်းတောက်လင်းသည့်, မင်းမင့်ပရမေ, သုံးလူ့ဆွေ !–, ရှင့်ခြေအစုံ, ကြာပဒုံ၏, သင်းထုံဝတ်ဆံ, မြူလိမ်းကျံသား, အင်္ဂ ရှိနေ, များဝေနေသည်, ကိလေမှုန်မြူ, မရှိသူ–ဟု, စင်ဖြူသန့်ရှင်း, တင့်တယ်ခြင်းသို့, မယွင်းမချွတ်, ရောက်ကုန်လတ်၍, စုတ်သတ်အံ့ဖွယ်ကောင်းသတည်း။

ရှင်း ၁၄၄။ မြူမှုန်လိမ်းကျံက ညစ်နွမ်းသည်သာ ဖြစ်ကုန်ရာ၏၊ "မြတ်စွာဘုရားကား မိမိဖဝါးမြူမှုန် လိမ်းကျံကပ်ငြိသောသူတို့ကို ကိလေသာမြူမရှိအောင် ပြုနိုင်သည်" ဟု မြတ်စွာဘုရားရှင်၏ လွန်ကဲသော တန်ခိုးတော် ဂုဏ်တော်ကို ကောင်းစွာတွေ့မြင်သိရှိနိုင်ပေသည်၊ ထို့ကြောင့် ဤအဖွဲ့သည် ဥဒါရတာဂုဏ်ရောက်၏၊ မြတ်စွာဘုရားသခင်၏

http://www.dhammadownload.com

၁၄၄။ ဧဝံ–ဤဆိုအပ်ခဲ့ပြီးသောအစဉ်ဖြင့်၊ အတြ–ပါဒမ္ဘော်ဇစသော ဤအခြားမဲ့ဂါထာ၌၊ ဇိနာနုဘာဝဿ–မြတ်စွာဘုရားတန်ခိုးတော်၏၊ သမုက္ကံသော–လွန်ကဲခြင်းသည်၊ ဒိဿတိ–ထင်ရှားး၏၊ ပညဝါ–ပညာရှိသည်၊ အနေန ဝိဓိနာ–ဤအစီအရင်ဖြင့်၊ ပရံ–တစ်ပါးသော၊ ဤဒိသံ–ဤသို့သဘောရှိသောအဖွဲ့မျိုးကို၊ စိန္တယေ–ကြံစည်ပြုလုပ်ရာ၏။

၁၄၅။ ဥဒါရော သောပိ ဝိညေယျော , ယံ ပသတ္ထဝိသေသနံ၊
ယထာ ကီဋ္ဌာသရော လီလာ–ဟာသော ဟေမင်္ဂဒါဒယော။

လွန်ကဲသောတန်ခိုးတော် ဂုဏ်တော်ဖြင့်ပင် ပြည့်စုံကုံလုံသော အဖွဲ့ကောင်းတစ်ခု ဖြစ်ရ၏၊ ပညာရှိများသည် ဤအဖွဲ့ဗန္ဓကို နည်းယူ၍ တခြားဥဒါရတာဂုဏ်ရောက်သော အဖွဲ့မျိုးကို ကြံစည်ရေးသား ကြိုးစားပြုလုပ်ကြရာ၏။

မြန်ပုံစံ။ ။မုနိညင်းစေ့တွင်း, ဝင်၍စကြိ, သွားစံပပ, ရာမထပဲ, နေလကိုင်မီ, ဝေးသီယူဇနာ, စကြဝဠာတောင်ထိပ်, ကြွနင်းနိပ်လည်း, ထန်းရိပ်တကူး, မြားနှယ်မြူးလျက်, ဘုန်းထူးဓိပတိ, တုမရှိအောင်, ဣဒ္ဓိဣဒ္ဓိ, အစိန္တိနှင့်, ဣသရိယော်, ပြိုင်တိုင်း ကျော်သည့်, ယှဉ်ဘော်ဘက်ယှား, တို့ထွတ်ထား။ (မဃ။)

လွန်ကဲသော မြတ်စွာဘုရား၏ တန်ခိုးတော်ကို သိသိသာသာကြီး ထုတ်ဖော်ရေးသားဖွဲ့ဆိုထားသောကြောင့် ဥဒါရတာဂုဏ်ရောက်၏။

ရတနာဆင်ဖြူ, ပေးသောဟူ၍, ပြည်သူပြည်သား, ငါ့အားရှုတ်ချ, မျက်မာန်ထ၍, ကြောမရစ်ဆိုင်း, ခုနစ်ပိုင်းတည့်, ပိုင်းစေကာမူ, ငါသူကား, အလှူစွန့်ကြဲ, ရဲခေါင်တိုင်စွာ, နက်ဖြန်ခါဝယ်, မဟာဒါန, အသဒိသကို, အားရအင်တက်, နှစ်သက်လွတ်လွတ်, လွတ်ပါဦးမည်။ (၀၀–၂၆။)

ဤစကားလည်း ဝေဿန္တရာမင်းကြီး၏ အလှူပေးခြင်း၌ ထူးကဲအံ့သြဖွယ်သော စိတ်ထက်သန်ခြင်းကို ပြဆိုသောကြောင့် ဥဒါရတာဂုဏ်ရောက်၏။

ဒုတိယဥဒါရတာ။ ။၁၄၅။ ဗန္ဓဖရုသ၊ ဂါမ္ဘတစ်လီ၊ လွန်မြောက်ပြီ၊ ဒုတိဥဒါရာ။

ဗန္ဓဖရုသဒေါသ, ဂါမ္ဘဒေါသတို့မှ လွတ်သည်ဖြစ်၍ ချီးမွမ်းအပ် ကောင်းမြတ်သော ဝိသေသနပါရှိသော အဖွဲ့ဗန္ဓသည်လည်း "ဥဒါရတာဂုဏ်"ရောက်၏။

(၁) အနည်းဆုံး ဂုဏ်ပြဝိသေသနပုဒ်တစ်ခု ပါရှိခြင်း,
(၂) ဗန္ဓဖရုသဒေါသ, ဂါမ္ဘဒေါသတို့မှ လွတ်မြောက်ခြင်း–
ဤအင်္ဂါနှစ်ပါးနှင့် ပြည့်စုံက ဒုတိယဥဒါရတာဂုဏ်ရောက်၏–ဟု အမြဲမှတ်။

http://www.dhammadownload.com

၁၄၅။ ယံ(ဗန္ဓနံ)–အကြောင်အဖွဲ့ဗန္ဓသည်၊ ပသတ္ထဝိသေသနံ–ချီးမွမ်းအပ်သော ဝိသေသနရှိ၏၊ သောပိ–ထို ချီးမွမ်းအပ်သော ဝိသေသနရှိသော အဖွဲ့ကိုလည်း၊ ဥဒါရော–ဥဒါရတာဂုဏ်မြောက်သောအဖွဲ့ဟူ၍၊ ဝိညေယ္ယော–သိအပ်၏၊ ယထာ–ကား၊ ကီဠာသရောတျာဒိ–အစရှိသည်တည်း၊ ကီဠာသရော–ကစားမြူးထူးခြင်းငှာ ပြုအပ်သောရေအိုင်၊ လီလာဟာသော–တင့်တယ်သောရယ်ခြင်း၊ ဟေမင်္ဂဒါဒယော–ရွှေဖြင့်ပြီးသောခြေချင်းစသည်တို့။

၈။ ကန္တီဂုဏ်

၁၄၆။ လောကိယတ္ထာနတိက္ကန္တာ , ကန္တာ သဗ္ဗနာနပိ၊
ကန္တီ နာမာတိဝုတ္တာသ , ဝုတ္တာ သာ ပရိဟာရတော။
ယထာ မုနိန္ဒက္ကစ္စာဒိ။

ကစားစရာရောကန်, တင့်တင့်တယ်တယ်ရယ်သည်, ရွှေခြေချင်း, မြတဘက်–စသော စကားမျိုးသည် "ကစားစရာ, တင့်တင့်တယ်တယ်, ရွှေ, မြ"စသော ဝိသေသနပုဒ်တို့ကြောင့် "ဒုတိယဥဒါရတာဂုဏ်" ရောက်၏။

မြန်ပုံစံ။　။စံပယ်မုလေး, ကြိုင်မွေးမွေးကို, စံသွေးနီမောင်း, ရွှေပန်းတောင်း၌, ပန်းကောင်းရွေးကြည့်, ပန်းစုံထည့်လျက်, ရွှေပြည့်သခင်, နတ်ရှင်ဘုန်းမော်, လာလတ်သော်တည့်, ကိုယ်တော်နှလုံး, ယူကြုံးမရ, နောင်တကြီးစွာ, ဖြစ်စိမ့်ဂွာကို, လည်မှာပြိုးပြက်, စိန်ဘယက်နှင့်, လက်ကောက်ပုလဲ, အာနီခဲမှ, ရဲရဲလျှံမောင်း, နားတောင်းပတ္တမြား, ဝတ်စားကောင်းစွာ, တန်ဆာညီးညီး, ဆင်ဝတ်ပြီးလျှင်, အနီးရောက်က, ရုပ်ပုံပြမည်, ပြုံဝအတွင်း, ရွှေပြတင်းက, မင်းအလာချင့်, စောင့်နေနှင့်သည်····ငါးဆင့်ဘုံသူ့ရောင်ဝါတည်း။ (ဥမ္မာ–၁၅)

ချီးမွမ်းအပ်သော ဝိသေသနပုဒ် အများအပြား ပါရှိသောကြောင့် ဥဒါရတာဂုဏ် ရောက်၏။ [လှပကျော့ရှင်း–ပျိုတစ်သင်း၊ စစ်ကြည့်။]

(၈) ကန္တီဂုဏ်

၁၄၆။　။တိဝုတ်ဂါမွ၊ လွန်မြောက်က၊ ဂုဏ–ကန္တီ ပါ။

လောကဌ် ဖြစ်သင့်ဖြစ်ထိုက်သော အကြောင်းအရာကို မကျော်လွန်သဖြင့် လူအပေါင်းက ဟုတ်သင့်ပါပေသည်, ဖြစ်သင့်ပါပေသည်–ဟု လက်ခံနိုင်၍ နှစ်သက်ဖွယ်ရှိသောဂုဏ်သည် ကန္တီဂုဏ်မည်၏။

လွန်လွန်မင်းမင်း ခန့်ခန့်ထယ်ထယ် ပြောဆိုရေးသားသော်လည်း ကြွားဝါလွန်းသည်–ဟု မဆိုသာ၊ အတိဝုတ္တဒေါသ ကင်းကွာ၍ နှစ်သက်ဖွယ်ကောင်းသော ဂုဏ်များ, ဂါမွဒေါသမှ လွတ်မြောက်၍ နှစ်သက်ဖွယ်ကောင်းသော ဂုဏ်များသည် ကန္တီဂုဏ်မည်၏–ဟု ဆိုလိုသည်။

ပုံစံ····　　မုနိန္ဒစန္ဒသမ္ဘူတ–ယသောရာသိမရီစိနံ၊
သကလောပျယမာကာသော , နာဝကာသော ဝိဇမ္ဘနေ။

http://www.dhammadownload.com

၁၄၆။ လောကိယတ္ထာနတိက္ကန္တာ–လောကဒ္ဓံထင်ရှားသောအနက်ကို မကျော်လွန်သော၊ သဗ္ဗဇနာနံပိ–အလုံးစုံသောပညာရှိတို့၏လည်း၊ ကန္တာ–နှစ်သက်အပ်သော ဂုဏ်သည်၊ ကန္တိ နာမ–ကန္တိဂုဏ်မည်၏၊ သာ–ထိုကန္တိဂုဏ်ကို၊ အတိဝုတ္တာသ–အတိဝုတ္တဒေါသ၏၊ ပရိဟာရတော–အဖြေအားဖြင့်၊ ဝါ–အဖြေ၌၊ ဝုတ္တံ–ဆိုအပ်ခဲ့ပြီ၊ ယထာ–ကား၊ မုနိန္ဒက္ကစ္စာဒိ–တည်း။

၉။ အတ္ထဗျတ္တိဂုဏ်

၁၄၇။ အတ္ထဗျတ္တာဘိဓေယျသာ–နေယျတာ သဒ္ဒတောတ္ထတော၊
သာယံ တဒုဘယာ နေယျ–ပရိဟာရေ ပဒသိတာ။
ယထာ–မရီစိစ္စာဒိစ–(စ၁)။ မနောနုရဉ္ဇနောစ္စာဒိစ–(စ၂)။

လမင်းဟူငြား, မြတ်ဘုရား၏, ကျော်ကြားရောင်တော်, ဖြန့်လိုက်သော်လျှင်, ဤကောင်းကင်သည်....ဘယ်တွင်ဆုံဖွယ် ရှိအံ့နည်း။

ရှင်း ဤ၌ အလွန်အမင်း ပြောဆိုရေးသားသော်လည်း ဂုဏ်နှင့်ဂုဏော လျောက်ပတ်သဖြင့် အတိဝုတ္တဒေါသမှ လွတ်၏၊ ကန္တိဂုဏ်ရောက်သည်။

မှတ်ဖွယ် (၁) ချီးမွမ်းသင့်သောသူကို ချီးမွမ်းသောအခါ,
(၂) နှစ်သက်ဖွယ်သောစကားကို ဆိုသောအခါ-
တို့၌ အလွန်အကျူးဆိုသော်လည်း အတိဝုတ္တဒေါသ မသင့်-ဟု သက္ကတအလင်္ကာကျမ်းများ၌ ဆိုထားသည်၊ ဤပြယုဂ်သည် ချီးမွမ်းသင့်သောသူကို ချီးမွမ်းသောပြယုဂ် ဖြစ်၏။

မြန်ပုံစံ။ ။ဖျံ့ကြဖဝါး, ရွှေဘော်များနှင့်, ပွဲသွားလမ်းမှာ, တန်တိုင်းကာလျက်, ဂေဟာရိပ်ငြိမ်, ဘယ်သူ့အိမ်လည်း, မသိမ်မငယ်, ကြီးကျယ်ဘိခြင်း, ရွှေပြူတင်းက, နေမင်းရောင်ထိန်, နှိုင်းလာချိန်လည်း, အသူရိန်နတ်, သဗ္ဗကြတ်သို့, မြေကျတ်တီးပြင့်, နေကြာပွင့်နယ်, နေမင်းရောင်ခြည်, မြူပျောက်မည်တည့်, လျှပ်ခြည်သက်တံ, မီးနှင့်စံအံ့, အလျှံတောက်ဘုန်း, ပြိုင်လှာနှုန်းလည်း, ပိုးစုန်းကြူးမျှ, မီးရှူးတန်ဆောင်, လျှပ်ခြည်မှောင်လိမ့်, ကိုယ်ရောင်ထင်ထင်, ဝေးကမြင်လျှင်, ဘဝင်ငြိမ့်ငြိမ့်, အသည်းစိမ့်မျှ, ဖိမ့်ဖိမ့်တုန်လျက်, ငါ့အသက်ကား, ပြေးထွက်သူ့ဘောင်, သူ့ဝယ်ပေါင်သော်, မင်းခေါင်ကိုယ်လက်, သတိပျက်၍, စုံမက်ခင်မှု, သူ့ဝယ်စုသည့်, ဘယ်သူ့သမီး, ရှုမငြီးမှု, ယှဉ်မှီးဆွေလင်, ဘယ်သူပင်-ဟု, သိချင်လှမော, ငါမင်းစောကို, သဘောဟုတ်တိုင်း, မဆုတ်ဆိုင်းနှင့်, ပိုင်းပိုင်းခြားခြား, ငါ့ချစ်သားသည်, ထောက်ထားချင့်တွေး, လျှောက်လတ် သေးလော့, အရေးသုံးပါး, အခက်များတွင်, ငါကားခုတုံ, ခက်ဆုံးကြုံသည် .... မတ်ယုံ မတွေးလေသလော။ (ဥမ္မာ-၂၀။)

(၉) အတ္ထဗျတ္တိဂုဏ်

၁၄၇။ ။ဗျာကိဏ်-နေယျ၊ စသည်မှ၊ လွတ်ကအတ္ထာ-ဗျတ္တိကာ။
သဒ္ဒအတ္ထ၊ မဆောင်ရ၊ အတ္ထဗျတ္တိကာ။

http://www.dhammadownload.com

၁၄၇။ အဘိဓေယျဿ–အနက်၏၊ ဝါ–အနက်ကို၊ သဒ္ဒတော–သဒ္ဒါအားဖြင့်လည်းကောင်း၊ အတ္ထတော–အနက်အားဖြင့်လည်းကောင်း၊ အနေယျတာ–မဆောင်အပ်သည်၏အဖြစ်သည်၊ အတ္ထဗျတ္တိ–အတ္ထဗျတ္တိဂုဏ်မည်၏၊ တဒုဘယာ–ထိုနှစ်ပါးစုံကြောင့်ဖြစ်သော၊ သာယံ–ထိုအတ္ထဗျတ္တိဂုဏ်ကို၊ နေယျပရိဟာရေ–နေယျဒေါသအဖြေ၌၊ ပဒဿိတာ–ပြအပ်ခဲ့ပြီ၊ ယထာ–ပြပုံကား၊ မရီစိစ္စာဒိစ–မရီစိစသည်သည်လည်းကောင်း၊ မနောနုရဥ္ဇနောစ္စာဒိစ–မနောနုရဥ္ဇနော–စသည်သည်လည်းကောင်းတည်း။

(ဗျာကိဏ္ဏဒေါသ), နေယျဒေါသ–စသည်မှ လွတ်မြောက်က အတ္ထဗျတ္တိဂုဏ်ရောက်၏၊ ထိုအတ္ထဗျတ္တိဂုဏ်သည်–

(၁) သဒ္ဒါအားဖြင့် အနက်ထင်ရှားသော သဒ္ဒအတ္ထဗျတ္တိဂုဏ်,

(၂) အနက်တစ်မျိုးအားဖြင့် အနက်တစ်မျိုးထင်ရှားသော အတ္ထအတ္ထဗျတ္တိဂုဏ်၊ ဤသို့ နှစ်မျိုးရှိ၏။

ဒေါသခန်း၌.... "ဒုလ္လဘာဝဂတီသဒ္ဒ , သာမတ္ထိယဝိလဿိနီ–[သဒ္ဒါ၏အစွမ်း, အနက်၏အစွမ်းကိုလွတ်၍ သိသာထင်ရှားသောအနက်ကို ရခဲ၏။]" ဟုဆိုခဲ့သည့်အတိုင်း အတ္ထဗျတ္တိဂုဏ်ရောက်အောင် စီကုံးရေးသားသင့်၏။

(၁) ပုံစံ....　　မရီစိစန္ဒနာလေပ–လာဘာ သိတမရီစိနော၊
ဣမာ သဗ္ဗာပိ ဓဝလာ , ဒိသာ ရောစန္တိ နိဇ္ဇရံ။

အနေကြည်ထက်ကြပ်, လရောင်ဟပ်၍, ရုပ်ဆယ်မျက်နှာ, ဘော်သာခွာသွေး, ဖြူဖြူဖွေးသည်....စုဝေးတင့်တယ် လွန်ဘိသည်။

ရှင်း　ဤ၌ အရပ်မျက်နှာဖြူဖွေးရခြင်း၏ အကြောင်းဖြစ်သော (မရီစိစန္ဒနာလေပ–လာဘာသိတမရီစိနော–အေးကြည်ထက်ကြပ်, လရောင်ဟပ်၍)ဟူသော အကြောင်းသဒ္ဒါ တိုက်ရိုက်ပါရှိ၏၊ အကြောင်းသဒ္ဒါဆောင်ဖွယ်မလို၊ သို့ဖြစ်၍ သဒ္ဒါအားဖြင့် အရပ်မျက်နှာ ဖြူဖွေးရခြင်းတည်းဟူသောအနက် ထင်ရှား၏၊ ထို့ကြောင့် ဤအဖွဲ့သည် "သဒ္ဒအတ္ထဗျတ္တိဂုဏ်" ရောက်၏။

မြန်ပုံစံ။　။ဝမ်းမြောက်ကြွေးကြော်, ဆရာတော်–ဟု, ကျော်အောင်ဆုပေး, ရှင်သဋ္ဌေးလည်း, ကျွေးမွေးလတ်သော်, ပုဏ္ဏားတော်တို့, အဖော်တသင်း, ဧည့်ခံတွင်း၌, ထမင်းဂဏာ, စားနေခါတွင်, သော်တာပြည့်ဝန်း, တိမ်ပုံစွန်းက, ရွှန်းရွှန်းယုန်စက်, ပေါ်လာထွက်သို့, ပြိုးပြက်ရောင်ထင်, တန်းဆာဆင်လျက်, အကြင် ရောခါ, ထွက်၍လာသား, ဥမ္မာဒန္တီ, ဆင်းနတ်ပိ၏, သိဂီရုပ်ပုံ, ရူပါရုံသည်, ကြေးမုံမှန်ဝ, နေရောင်ပြသို့, ပုဏ္ဏဉ်းမျက်စိ, မြင်သည်ရှိသော်, အာရမဏိက,

http://www.dhammadownload.com

ပုန အတ္ထေန ယထာ–

၁၄၈။ သဘာဝါမလတာ ဓီရ , မုဓာ ပါဒနခေသု တေ၊
ယတော တေ ဝနတာနန္တ–မောဋ္ဌိစ္ဆာယာ ဇဟန္တိ နော။

ဟဒယမှ, ရာဂလွန်စိတ်, စေတသိက်တို့, ချန်းချိတ်မရ, ဆင့်နှယ်ထ၍့, ပုဏ္ဏား့ခံတွင်း, ထမင်းခွံ့လက်, သတိပျက်လျက်, ခေါင်းထက်သို့ကျော်, ကျောပေါ်သို့တက်, လက်ကတီးရောက်, မေးအောက်လည်ပင်း, ဟင်းအလူးလူး, ကိုယ်စီရူး၍့, နမူးနထိုင်း, ဗိုင်းဗိုင်းခွေသွတ်, အချတ်ချတ်နှင့်, တရွတ်တသီ, ကိုယ်စီနည်းခြား, အမှားမှားဖြင့်, ပုဏ္ဏားတစု, ရှက်ဖွယ်မှုကို, ပြုကြသောခါ။ (ဥမ္မာ–၁၂။) [ဤပုံစံကိုလည်း စစ်ဆေးကြည့်ပါ။]

(၂) ပုံစံ ···· မနောနရဥ္ဇနောမာရ–ဂ်ဏာသိဂ်ါရဝိဗ္ဘမော၊
ဇိနေနာသမနုညာတော , မာရဿ ဟဒယာနလော။

မနိုင်ခဲကြိတ်, တွေ့သူစိတ်ကို, ယိုဖိတ်စေတတ်, မာရ်နတ်သည်းဖျား, သမီးများတို့, ပျော်ပါးရအောင်, သွေးဆောင်ပျူငှာ, ပြုလုပ်လာလည်း, မြတ်စွာသုံးလူ့, ခွင့်မပြု၍, နောက်ကျုထန်ပြင်း, မာရ်နတ်မင်းသည် ···· ရင်တွင်းမီးလျှံ ဝေတော့သည်။

ရှင်း မာရ်နတ်မင်း စိတ်ပူပန်သည်–ဟူသော အနက်တစ်မျိုးဖြင့်ပင် "သမီးများ ဘုရားမှ ရှုံးလာသည်"ဟူသောအနက် တိုက်ရိုက်မပါစေကာမူထင်ရှား သိသာ၏၊ ထို့ကြောင့် "အတ္ထအတ္ထဗျတ္တိဂုဏ်" ရောက်သည်။

ပြန်ပုံစံ။ ။၁၄၈။ သီလသမာ, ပညာအဂ္ဂိ, ရဲရဲငြိသည့်, မုနိသင်းကျစ်, ဓမ္မရာဇ် !–, ရှင်ချစ်လူ့ဘ, မုနိန္ဒ၏, ပဥ္စဒွေဘော်, ခြေသည်းတော်၌, ကြေးညှော်မတင်, ပင်ကိုယ်စင်သား, ဖြစ်ပုံများမူ, ကျိုးကားမပြီး, အချည်းနှီးတည်း၊ ထိန်ညီးပြောင်ဝင်း, ထိုဆယ်သင်းကား, လူမင်းနတ်မင်း, ဗြဟ္မာမင်းတို့, ဝပ်စင်းဦးခိုက်, မကိုင့်ဥသျှောင်, စိန်ကျောက်ရောင်ဖြင့်, ပြောင်ပြောင်ဝင်းဝင်း, မြဲထွန်းလင်းသည် ···· ကြောင်းရင်းဤသို့ဖြစ်သတည်း။

ရှင်း ဤ၌ မကိုင့်ရောင်တို့ကို မစွန့်ကုန်–ဟူသော အနက်ဖြင့်ပင်လျှင် "အတိုင်းမသိသောလူ, နတ်, ဗြဟ္မာ သတ္တဝါတို့သည် မြတ်စွာဘုရားကို အမြဲ ရှိခိုးနေကြသည်" ဟူသောအနက်သည် တိုက်ရိုက်မပါစေကာမူ ထင်ရှားသိသာ၏၊ ထို့ကြောင့် "အတ္ထအတ္ထဗျတ္တိဂုဏ်"ရောက်သည်။

မြန်ပုံစံ။ ။ အဆွေ၌မှာ, သက်တစ်ရာလျှင်, မနာမဖျား, မြင်လိုငြား၏၊ လေးပါးဆုတွင်, ရှေးဦးတင်၍, အကြင်ဆုကို, ငါယူလိုသည်····ငြင်ငြိုမရှိ ပေးဖွယ်တည်း။ (သုတ–၁၁၇။)[ဒေါသပရိဟာရာဝဗောဓပိုင်းကပင် ရှင်းပြခဲ့ပြီ၊(နှာ–၁၂၀)–၌ရှု။]

http://www.dhammadownload.com

ပုန–တစ်ဖန်၊ အတ္ထေန–အနက်အားဖြင့်၊ အနေယျတာ–မဆောင်ရသော အတ္ထဗျတ္တိဂုဏ်သည်၊ ယထာ–ကား၊ သဘာဝတျာဒိ–တည်း။

၁၄၈။ ခီရ–မြတ်စွာဘုရား !၊ တေ–ရှင်တော်မြတ်ဘုရား၏၊ ပါဒနခေသု–ခြေသည်းတော်တို့၌၊ သဘာဝါမလတာ–ပကတိအားဖြင့် ညစ်ကြေးမတင်, သန့်ရှင်းစင်ခြင်းသည်၊ မုဓာ–အကျိုးမပြီး, အချည်းနှီးပါတည်း၊ (ကသ္မာ–အဘယ့်ကြောင့်နည်း ဟူမူကား၊) ယတော–အကြင်ကြောင့်၊ တေ–ထိုခြေသည်းတော်တို့သည်၊ အဝနတာနန္တ မောဠိစ္ဆာယာ–ညွတ်ယိမ်းဦးခိုက်ကြကုန်သော အတိုင်းမသိသော လူ, နတ်, ဗြဟ္မာတို့၏ မကိုင်ဥသျှောင်, အရောင်တို့ကို၊ နောဇဟန္တိ–မစွန့်ကြလေကုန်၊ (တတော–တသ္မာ–ထို့ကြောင့်ပါတည်း။)

ငွေပဒုမာ, ပွင့်သည့်ကြာသို့, မျက်နှာပုံပြ, အို–နမ– !, ထွန်းပကျက်သရေ, လက်လက်ဝေသား, လှဆွေချစ်ကြင်, မျက်နှာပြင်ကား, လုလင်ရာထောင်, ပိတုန်းရောင်ဖြင့်, မဲမှောင်အုပ်ကဲ, ဝိုင်းပျံဝဲသား, အမြဲ ဖုံးအုပ်, စီစီချုပ်လျက်, တုန်လှုပ်ပြုပြင်, မပေါ်ထင်သည်....ကြည်လင်သန့်ရှင်း ကွယ်ပျောက်ကင်း။ (ကဝိ။)

ရှင်း အို–ချစ်နမ !– နမ၏ ငွေပဒုမာကြာနှင့်တူသော မျက်နှာကား ပင်ကိုယ်အားဖြင့် လှပရိုးမှန်သော်လည်း ရာထောင်မကသော လုလင်ပျိုတည်း ဟူသော ပိတုန်းတို့၏ ညိုမဲသောအရောင်ဖြင့် ဖုံးအုပ်ထားသောကြောင့် မပေါ်မလွင် မထင်မရှားနှင့် ညစ်နွမ်းခြင်းသို့ ရောက်ရပါပြီ။

ဤသို့ အနက်အဓိပ္ပာယ်ထွက်ရာ ထိုအနက်ဖြင့်ပင် "နမ၏ မျက်နှာကို လုလင်ပေါင်းများစွာတို့က ချစ်ခင်ကြသည်"ဟူသောအနက်ကို သိရသောကြောင့် အထက်ပါအဖွဲ့သည်လည်း "အတ္ထအတ္ထဗျတ္တိဂုဏ်" ရောက်၏။

ထိုစကားမှန်၏၊ နမ၏ မျက်နှာကို လုလင်ပျိုတို့ ချစ်ခင်ကြသည်–ဟူသောအနက်မှ တစ်ပါး တခြားသိစရာအနက် မရှိနိုင်တော့ပြီ။

မျက်လုံးအစုံ, ကြာညိုပုံတည်း၊ အစုံနှုတ်ခမ်း, မိုးစွေပန်းသို့, နီမြန်းတင့်တယ်, နှစ်သက်ဖွယ်သာ, နှာခေါင်းမှာမူ, ရွှေချွန်းတူသား, အကြောင်းများကြောင့်, ဘုရားဇနော်, ရုပ်ပုံတော်သည်....ဖူးမြော်မဝ ရှိတော့သည်။

ဗျာကိဏ္ဏဒေါသအဖြေ၌ ပြဆိုခဲ့သော ဤပုံစံသည်လည်း ဗျာကိဏ္ဏဒေါသမှ လွတ်မြောက်၍ သဒ္ဒါအားဖြင့်ပင် အနက်ထင်ရှားသော "သဒ္ဒအတ္ထဗျတ္တိဂုဏ်"မည်၏။

http://www.dhammadownload.com

၁၀။ သမာဓိဂုဏ် (၆)

၁၄၉။ ဗန္ဓသာရောတိ မညန္တိ , ယံ သမဂ္ဂါပိ ဝိညုနော၊
ဒဿနာဝသရံ ပတ္တော , သမာဓိ နာမယံ ဂုဏော။

၁၄၉။ သမဂ္ဂါပိ–ညီညွတ်ဥဿုံ, အလုံးစုံလည်းဖြစ်ကုန်သော၊ ဝိညုနော–ပညာရှိတို့သည်၊ ယံ–အကြင်သမာဓိဂုဏ်ကို၊ ဗန္ဓသာရောတိ–အဖွဲ့ဗန္ဓ, ဟူသမျှတို့၏ အသက်ဟူ၍၊ မညန္တိ–အသိအမှတ်ပြုကြကုန်၏၊ သမာဓိနာမ–သမာဓိမည်သော၊ အယံ ဂုဏော–ဤဂုဏ်သည်၊ ဒဿနာဝသရံ–ပြဆိုခွင့်သို့၊ ပတ္တော–ရောက်ခဲ့လေပြီ။

၁၅၀။ အညဓမ္မော တတောညတ္ထ , လောကသီမာနုရောဓတော၊
သမ္မာ အာဓီယတိစ္စေသော , သမာဓီတိ နိရုစ္စတိ။

၁၅၀။ အညဓမ္မော–တစ်ချို့သော မုချအရာဝတ္ထု၏ဂုဏ်သဘောကို၊ တတော–ထိုမုချဝတ္ထုမှ၊ အညတ္ထ–တစ်ပါးသော အမုချအရာဝတ္ထု၌၊ လောကသီမာနုရောဓတော–လောကဝေါဟာရအား လျော်သောအားဖြင့်၊ သမ္မာ–ကောင်းစွာ၊ အာဓီယတေ–တင်စားအပ်၏၊ ဣတိ–ထို့ကြောင့်၊ ဧသော–ထိုဂုဏ်ကို၊ သမာဓီတိ–သမာဓိဂုဏ်ဟူ၍၊ နိရုစ္စတိ–ဆိုအပ်၏။

---

(၁၀) သမာဓိဂုဏ် (၆)

ကဗျာအသက်သွင်းနည်း

၁၄၉။ သမာဓိဂုဏ်ကို အဖွဲ့ကဗျာတိုင်း၏ အနှစ်သာရ အသက်–ဟူ၍ ပညာရှိများ တညီတညွတ်တည်း အသိအမှတ် ပြုထားကြ၏၊ ထိုစကားမှန်၏၊ ဩဇဂုဏ်ဖြစ်စေ, သမာဓိဂုဏ်ဖြစ်စေ ပါရှိသော ကဗျာကို "အသက်ရှိသောကဗျာ, အသက်ဝင်သောကဗျာ(ကဗျာရှင်)"ဟု ခေါ်ဆိုကြ၏၊ ထိုအသက်ဝင်နေသော ကဗျာများသည် နှစ်ပေါင်းမည်မျှပင် ကြာမြင့်စေကာမူ "ကဗျာသေ" ကဲ့သို့ တိမ်ကောဖွယ်မရှိ၊ ကဗျာဝါသနာအိုးတို့၏ ပါးစပ်ဖျား၌ လှည့်ပတ်သွားလာ၍ နေကြရ၏၊ ကြာလေကောင်းလေဖြစ်၍ ဟောင်းသမျှ သစ်လွင်ဖို့သာ ဖြစ်၏၊ ထို့ကြောင့် ကဗျာဆရာတစ်ဆူ ဖြစ်လိုသူတို့သည် အဖွဲ့အနွဲ့၏အသက်ဖြစ်သော ဤသမာဓိဂုဏ်ကို ရိုသေလေးစား လိုက်နာကြရမည်၊ သမာဓိဂုဏ်မှကင်းလျှင် အသက်မဝင်သော "ကဗျာသေ" ဖြစ်၏၊ ယခုအခါ ထိုသမာဓိဂုဏ်ကို ပြဆိုခွင့် ရောက်လာခဲ့ပါပြီ၊ ရိုသေစွာ လိုက်နာမှတ်သား အသုံးပြုနိုင်ကြပါစေသား။

သမာဓိသဘာဝ

၁၅၀။ ။ဝတ္ထုတစ်ပါး, သဘောများကို, တခြားဝတ္ထု, တင်စားမှု, မှတ်ရှုသမာဓိ။

မုချဖြစ်ကောင်းသော အရာဝတ္ထု၏ ထင်ရှားသော ဂုဏ်သဘောကို မုချမဖြစ်ကောင်းသော အရာဝတ္ထု၌ လောကဝေါဟာရ ထုံးတမ်းစည်းကမ်းအားလျော်စွာ တင်စား (ပြောဆိုရေးသား)အပ်သောဂုဏ်သည် "သမာဓိဂုဏ်"မည်၏။

http://www.dhammadownload.com

၁၅၁။ အပါဏော ပါဏိနံ ဓမ္မော , သမ္မာ အာဓိယတေ ကွစိ၊
နိရုပေ ရူပယုတ္တဿ , နိရသေ သရသဿ စ။
၁၅၂။ အဒြဝေ ဒြဝယုတ္တဿ , အကတ္တရိပိ ကတ္တုတာ၊
ကဋ္ဌနဿာသရီရေပိ , ရူပံ တေသံ ကမာ သိယာ။

၁၅၁။ (၁) ကွစိ–အချို့သောအရာ၌၊ *ပါဏီနံ–သက်ရှိသတ္တဝါတို့၏၊ ဓမ္မော–ဂုဏ်သဘောကို၊ အပါဏော–သက်မဲ့ဝတ္ထု၌၊ သမ္မာ–ကောင်းစွာ၊ အာဓိယတေ–တင်စားအပ်၏။ [*ဆန်းကြောင့်သွေပျက်, ယင်းအချက်, ဆောင်လျက်နက်ပေးပါ။]

(၂) ကွစိ–၌၊ ရူပယုတ္တဿ–အဆင်းသဏ္ဌာန်နှင့်ယှဉ်သောဝတ္ထု၏၊ ဓမ္မော–ကို၊ နိရုပေ–အဆင်းသဏ္ဌာန်မရှိသော အရာဝတ္ထု၌၊ သမ္မာ အာဓိယတေ။

(၃) ကွစိ–၌၊ သရသဿ–အရသာရှိသောဝတ္ထု၏၊ ဓမ္မော–ကို၊ နိရသေ–အရသာမဲ့(အရသာမဟုတ်)သော အရာဝတ္ထု၌၊ သမ္မာ အာဓိယတေ။

သမာဓိဂုဏ်အပြား

၁၅၁–၂။ ။ပါဏိ ရူပ, ရသ ဒြဝါ, ကတ္တာ ကဋ္ဌန, ဤခြောက်ဝ, ပြားထသမာဓိ။

ထိုဆိုခဲ့ပြီးသော သမာဓိဂုဏ်သည်–

၁။ သက်ရှိဝတ္ထုတို့မှာသာ ရကောင်းသော အိပ်မှု, ငိုက်မှု, သွားမှု, လာမှု–စသည်တို့ကို သက်မဲ့ဝတ္ထုပေါ်၌ တင်စားပြောဆိုသော "ပါဏိဓမ္မသမာဓိဂုဏ်",

၂။ အဆင်းသဏ္ဌာန်ရှိသော ဝတ္ထုများမှာသာ ရစကောင်းသောငုပ်လျှိုးရမှု, ကြည့်မြင်ရမှု, စမ်းသပ်တွေ့ထိရမှု–စသော သဘောတို့ကို အဆင်းသဏ္ဌာန်မရှိသော ဝတ္ထုပေါ်၌ တင်စားပြောဆိုအပ်သော "ရူပဓမ္မသမာဓိဂုဏ်",

၃။ အရသာသဘော ရှိကောင်းသော ဝတ္ထုတို့၏ ချိုသောအရသာ, ချဉ်သောအရသာ–စသည်ကို အရသာမရှိသော ဝတ္ထုပေါ်၌ တင်စားပြောဆိုအပ်သော "ရသဓမ္မသမာဓိဂုဏ်",

၄။ အရည်ဖြစ်သောဝတ္ထုတို့၏ သောက်၍ရစကောင်းသော သဘောကို အရည်မရှိသော ဝတ္ထုတို့၌ တင်စားပြောဆိုအပ်သော "ဒြဝဓမ္မသမာဓိဂုဏ်",

၅။ ပြုလုပ်တတ်သော ကတ္တားဖြစ်သော လူ–စသည်တို့၏ ရုက်ခြင်း, ကြောက်ခြင်း–စသောသဘောကို မပြုလုပ်တတ်သော အကတ္တာဖြစ်သည့် လက်နက်–စသည်တို့၌ တင်စားအပ်သော "ကတ္တုဓမ္မသမာဓိဂုဏ်",

၆။ အစိုင်အခဲဖြစ်သော အထည်ဒြပ်၌ ရရှိစကောင်းသောသဘောကို အစိုင်အခဲ အထည်ဒြပ်မဟုတ်သော ဝတ္ထု၌ တင်စားအပ်သော "ကဋ္ဌနဓမ္မသမာဓိဂုဏ်"အားဖြင့် စာကိုယ်၌ သမာဓိဂုဏ်ခြောက်ပါး ထုတ်ပြထား၏၊ "ဤမျှသာရှိ၏"ဟုကား အတိအကျ သချေါတပ်၍ မဆိုချေ။

http://www.dhammadownload.com

၁၅၂။ (၄) ကွစိ–၌၊ ဒြဝယုတ္တသ–အရည်နှင့်ယှဉ်သောဝတ္ထု၏၊ ဓမ္မော–ကို၊ အဒြဝေ–အရည်မဲ့(အရည်မဟုတ်)သော ဝတ္ထု၌၊ သမ္ဘာ အာဓိယတေ။

(၅) ကွစိ–၌၊ ကတ္တုတာ–ကတ္တား၏သဘောကို၊ အကတ္တရိပိ–ကတ္တားမဟုတ်သော အရာဝတ္ထု၌လည်း၊ သမ္ဘာ အာဓိယတေ။

(၆) ကဠီနသ–အစိုင်အခဲဖြစ်သော အထည်ဒြပ်(ဝတ္ထု)၏၊ ဓမ္မော–ကို၊ အသရီရေပိ–အစိုင်အခဲဒြပ်မဟုတ်သော ဝတ္ထု၌လည်း၊ သမ္ဘာ–ကောင်းစွာ၊ အာဓိယတေ–တင်စားအပ်၏၊ တေသံ–ထိုခြောက်ပါးသော သမာဓိဂုဏ်တို့၏၊ ရူပံ–ပြယုဂ်ပုံစံသည်၊ ကမာ–အစဉ်အားဖြင့်၊ သိယာ–ဖြစ်ရာ၏။

၁။ ပါဏိဓမ္မသမာဓိဂုဏ်ပုံစံ

၁၅၃။ ဥဏ္ဏာပုဏ္ဏိန္ဒုနာ နာထ , ဒိဝါပိ သဟ သင်္ဂမာ၊
ဝိနိဒ္ဒါ သံပမောဒန္တိ , မညေ ကုမုဒိနီ တဝ။

ထို့ကြောင့် "(၇) အနုံရစကောင်းသော ပန်း–စသောဝတ္ထုတို့၏ မွှေးသည်, နုံသည်–စသော သဘောကို အနုံအသက်မရှိကောင်းသော မေတ္တာ–စသည်၌ တင်စားပြောဆိုအပ်သော ဂန္ဓဓမ္မသမာဓိဂုဏ်–မျိုးလည်း ရှိသေး၏" ဟု မှတ်သင့်၏၊ ပုံစံဖြင့် ထင်ရှားစေအံ့။

ရှင်ဥက္ကံသမာလာ, ဝါစာချိုမြ, သီတလချမ်းဇ, ကြိုင်မွှေးလှိုင်စွာ, တေးတျာသံမပျိုး, အချိုးသံ–ကြိုးသံ–တေးတွဲသံမလှောက်, အောက်သံ–ဘွဲ့သံ–ရေလယ်သံမကျော့, ပျော့သံ–ချော့သံ–လွမ်းချင်းသံမနှော, ယောသံ–ရိုင်းသံ–တလိုင်းသံမပါ, မေတ္တာသံညှင်းညှင်း, ကြိုင်ကာသင်းလိုက်သည်, နားသွင်းရော့–မင်းလက်ဉာ, ကျော်စွာ–နော်ရထာ။ [ရှင်ဥက္ကံသမာလာ မေတ္တာစာ၊]ဟူ၍လည်းကောင်း,–

နုံသာသုံးမည်, မြှနင်းရည်–ဟု, သင်းကြည်ကြိုင်ပျံ့, မေတ္တာနုံ့ကို, နူးညံ့လိမ်းသပ်, ဆက်ကပ်လေ့ရှိပါသော–ဟူ၍လည်းကောင်း မြန်မာမှုဋ္ဌ ရေးထုံးရှိ၏။

ပါဠိဋ္ဌလည်း–

စန္ဒနံ တဂရံ ဝါပိ , ဥပ္ပလံ အထ ဝသိကီ၊
ဧတေသံ ဂန္ဓဇာတာနံ , သီလဂန္ဓော အနုတ္တရော။ (ဓမ္မပဒ။)

ဤသို့စသည်ဖြင့် လာရှိပေသည်၊ ငှင်းတို့ကို ဆိုခဲ့ပြီးသော စာကိုယ်လာသမာဓိဂုဏ်ခြောက်ပါးတို့၌ ထည့်သွင်း၍ မဖြစ်နိုင်၊ ထို့ကြောင့် "ဂန္ဓဓမ္မသမာဓိဂုဏ်မျိုးလည်း ရှိသေးသည်" ဟု ဧကန်ပင် မှတ်သားသင့်၏။

(၁) ပါဏိဓမ္မသမာဓိဂုဏ်

ပြန်ပုံစံ။ ။၁၅၃။ လောကသုံးပါး, ကိုးရာထားသည့်, တရားဘုရင်, ဘုရားရှင် ! –, ရှင်ပင် ဥဏ္ဏလုံ, လစန်းယုန်နှင့်, ပေါင်းဆုံရခြင်း, အကြောင်းရင်းကြောင့်, အိုင်မင်းတန်ဆာ, ကုမုဒါဟူ, ကြာဖြူတသိုက်, နေ့ခါ၌လည်း, အိပ်ငိုက်ကင်းဟန်, ဝမ်းမြောက်လွန်၍ . . . . ကားလန်စွင့်စွင့် ပွင့်လေထင့်။

http://www.dhammadownload.com

၁၅၃။ နာထ–ရှင်တော်မြတ်ဘုရား ! ၊ တဝ–ရှင်တော်မြတ်ဘုရား၏၊ ဥဏ္ဏာပုဏ္ဏိန္ဒုနာ–ဥဏ္ဏလုံမွေးရှင်တော်တည်းဟူသော လပြည့်ဝန်းနှင့်၊ သဟ–အတူတကွ၊ သင်္ဂမာ–ပေါင်းဆုံရခြင်းကြောင့်၊ ကုမုဒိနီ–ကြာဖြူတောတို့သည်၊ ဒိဝါပိ–နေ့အခါ၌သော်လည်း၊ ဝိနိဒ္ဒါ–အိပ်ပျော်ခြင်းမှ ကင်းကြကုန်သည်ဖြစ်၍၊ သံပမောဒန္တိ မညေ–လွန်စွာဝမ်းမြောက်ကြလေကုန်ယောင်တကား။

၂။ ရူပဓမ္မသမာဓိဂုဏ်ပုံစံ

၁၅၄။ ဒယာရသေသု မုဒ္ဒန္တာ , ဇနာမတရသေသွိဝ၊
သုခိတာ ဟတဒေါသာ တေ , နာထ ပါဒမ္ဗုဇာနတာ။

ရှင်း သက်ရှိသတ္တဝါတို့၌သာ ရကောင်းသော ပေါင်းဆုံခြင်း, အိပ်ငိုက်ခြင်း, ဝမ်းမြောက်ခြင်းတို့ကို ဥဏ္ဏလုံမွေးရှင်, ကြာပန်း–ဟုဆိုအပ်သော သက်မဲ့ဝတ္ထုတို့အပေါ်၌ လောကထုံးတမ်း စည်းကမ်းများကို မကျော်လွန်စေဘဲ တင်စား၍ ဆိုထားသောကြောင့် "ပါဏိဓမ္မသမာဓိဂုဏ်" ရောက်၏။

[ဥဏ္ဏလုံမွေးရှင်တော်ကို သက်ရှိယောဂျများ, ကုမုဒြာကို သက်ရှိမိန်းမအနေထား၍ ဆိုထားသည်။]

မြန်ပုံစံ။ ။(က) စန္ဒရကန်, ကျောက်မျက်မှန်နှင့်, ငွေစန္ဒိမာ, လရောင်ဝါတို့, မျက်နှာချင်းကပ်, ရင်ချင်းထပ်လျက်, စပ်ဟပ်ပိရိ, ပေါင်းဖော်မိ၍, ပီတိရွှင်လန်း, နှစ်သက်လွန်းသည် . . . . ရွှန်းရွှန်းအရည်ယိုသတည်း။ (နော။)

(ခ) ပုန်းညက်စွယ်တော်, ကဲ့ကော်စကား, ချရားအနန်း, အိမ့်ဒန်းလှိုင်ပျ, မြရရသား, သစ်ခွပန်းတင်, ဂမုန်းအင်နှင့်, သဇင်ပွင့်ညောက်, ပင်ဆင့်ရောက်တို့, လမ်းထောက်ကပ်မှီ, စီရရီလျှင်, ရာသီမလင့်, ဆင့်ရရင့်တိ, နိမ့်မြင့်ထပ်ပြီ, ပူဇော်ညီသည် . . . . နီနီဝါဝါကြတ်ကြတ်တည်း။ (ဝေ–၃၂၃။)

(ဂ) မဲချက်က–ကဲတက်ကျယ်တယ်၊ ကျွဲနက်နယ်အလား၊ ချေးသင်္ဘေး–မီးသွေးငိုတယ်၊ ကျီးမွေးကို ရှုံးတဲ့ မထား။
(ဦးပုည–မိန်းမနက်ဖွဲ့တေးထပ်။)

ထုတ်ပြခဲ့သော ပုံစံများကို မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် နားလည်အောင် ကြည့်ရှုကြံစည်ပါလေ၊ မခက်ပြီ။

၂။ ရူပဓမ္မသမာဓိဂုဏ်

ပြန်ပုံစံ။ ။ ၁၅၄။ လောကသုံးပါး, ကိုးရာထားသည့်, တရားဘုရင်, ဘုရားရှင် ! –, သခင်ခြေစုံ, ကြာချပ်ရုံ၌, ကြည်ယုံညွတ်တွား, နတ်လူများသည်, သနားချစ်ခင်, ဂုဏ်ရေစင်၌, သက်ဝင်စောက်ထိုး, ငုပ်ကာလျှိုး၍, ဘေးမျိုးကင်းကွေ, အမြိုက်

http://www.dhammadownload.com

၁၅၄။ နာထ–မြတ်စွာဘုရား !၊ တေ–ရှင်တော်မြတ်ဘုရား၏၊ ပါဒမ္မဧနတာ–ခြေတော်အစုံ, ကြာပဒုံကို, ခိုလှုံဦးတိုက်ကုန်သော၊ ဧနာ–နတ်လူတို့သည်၊ အမတရသေသွိဝ–အမြိုက်ရေတို့၌ကဲ့သို့၊ ဒယာရသေသု–မဟာကရုဏာတော်တည်းဟူသော ဂုဏ်ရည်တို့၌၊ မုဒ္ဒန္တော–ငုပ်ကြရကုန်သည်ဖြစ်၍၊ ဟတဒေါသာ–ဖျက်ဆီးအပ်ပြီးသော (ရာဂစသော)အပြစ်ရှိကုန်လျက်၊ ဝါ–ကုန်သောကြောင့်၊ သုခိတာ–(အိုနာသေရေး, ကင်းဝေးလွတ်ရာ,) ချမ်းသာသုခသို့ ရောက်ကြရပါကုန်၏ဘုရား။

၃။ ရသဓမ္မသမာဓိဂုဏ်

၁၅၅။ မဓုရေပိ ဂုဏော ဓီရ , နပ္ပသီဒန္တိ ယေ တဝ၊
ကီဒိသီ မနသောဝုတ္တိ , တေသံ ခါရဂုဏာန ဘော။

ရေ၌, ငုပ်လေသူသွင်, အပြစ်စင်သည် . . . . ကြည်လင် ချမ်းသာ ရောက်သတည်း။

ရှင်း အဆင်းသဏ္ဌာန် ပုံဟန်ရှိသော ရေ၌ ရကောင်းသော ငုပ်လျှိုးခြင်းကို အဆင်းသဏ္ဌာန် ပုံဟန်မရှိသော ကရုဏာတော်တည်းဟူသော ဂုဏ်၌ တင်စား၍ဆိုသောကြောင့် "ရူပဓမ္မသမာဓိဂုဏ်" ရောက်၏။

မြန်ပုံစံ။ ။ဘင်တွင်းဟူသည်, လူတို့တဏှာ, ကိလေသာ၌, သည်းစွာတည့်လည့်, လည်ရှည့်မက, တလွဲညစ်ညူး, နစ်ကျွန်လူး၍, မူးမူးမော်မော်, ကိုယ်ဟုခေါ်သား, မသြော်မအမ်း, ခန္ဓာသွမ်းကို, တက်လျှမ်းပြည့်ဖြိုး, ပဋ္ဌန်မိုးလည်း, တန်းခိုးမမျှ, ဧးမြကျော်ထန်, မြိုက်ရေကန်ဟု, ယဉ်သန်ချမ်းကြည်, တဘက်ဆည်အား, မှီးလည်ရာဖွေ, မဆေးချေအံ့၊ မြုတေနိဗ္ဗာန်, ကန်ကားမိန့်ရေး, ဆိုဖွယ်ဝေး၏၊ မရှေးပညာ, လူချင်းငါဝယ်, ရောက်လှာသစ်သစ်, အာလုပ် လှစ်လျှင်, အပြစ်တပုံမကြီးတည်း။ (ဆုတောင်း–၄၆။)

(၃) ရသဓမ္မသမာဓိဂုဏ်

ပြန်ပုံစံ။ ။၁၅၅။သီလသမာ, ပညာအင်္ဂါ, ရဲရဲငြိသည်, မုနိသင်းကျစ်, ဓမ္မရာဇ !–, ရှင်ချစ်လူဘ, မုနိန္ဒ၏, ရသဆိမ့်ချို, ဂုဏ်ထိုထိုဠ်, ကြည်ညိုပေါ့တန်, ဖက်မတန်သား, ခါးငန်ဂုဏ်ရှင်, လူများဖြင်၏, စိတ်တွင်ဖြစ်ပုံ, အလုံးစုံသည်–ဘယ်ပုံသဘော ရှိသနည်း။

ရှင်း ဆိမ့်ချိုသောအရသာ, ခါးငန်သောအရသာတို့သည် သရက် ပိန္နဲ, ပင်လယ်ရေ–စသည်တို့၌သာ ရှိကောင်း၏၊ ၄င်းအရသာတို့ကို အရသာသဘော မရှိသော ဂုဏ်၌ တင်စား၍ ဆိုသောကြောင့် "ရသဓမ္မသမာဓိဂုဏ်" ရောက်သည်။

မြန်ပုံစံ။ ။ မုနိသကျာ, သစ္စာလေးပါး, တရားရောင်ခြည်, ပတ်လည်ပြောင်ပြောင်, အခေါင်ဝင်းဝင်း, များခြင်းစကြဝဠာ, အာဏာလျှံဝှန်, စောဘုန်းသန်ကား,

http://www.dhammadownload.com

၁၅၅။ ဘော ဓီရ–အို ရှင်တော်မြတ်ဘုရား !၊ ယေ–အကြင်(ယုတ်ညံ့သော နှလုံးသွင်းရှိ)သူတို့သည်၊ တဝ–ရှင်တော်မြတ်ဘုရား၏၊ မခုရေပိ–ချို့ဆိမ့်သည်လည်း ဖြစ်သော၊ ဂုဏော–(ကရဏာဂုဏ်, ပညာ)ဂုဏ်၌၊ နပ္ပသီဒန္တိ –မကြည်ညိုကြလေကုန်၊ ခါရဂုဏာနံ–ခါးငန်သောဂုဏ်ရှိကြကုန်သော၊ တေသံ–ထိုသူတို့၏၊ မနသောဝုတ္တိ–စိတ်၏ဖြစ်ပုံသည်၊ ကီဒိသီ–အဘယ်သို့ရှုအပ်သောသဘော ရှိပါသနည်း။

၄။ ဒြဝဓမ္မသမာဓိဂုဏ် ပုံစံ

၁၅၆။ သဗ္ဗတ္ထသိဒ္ဓ စူဠက–ပုဒုပေယျာ မဟာဂုဏာ၊
ဒိသာ သမန္တာ မာဝန္တိ , ကုန္ဒသောဘာသလက္ခဏာ။

၁၅၆။ သဗ္ဗတ္ထသိဒ္ဓ–အလုံးစုံသောကိစ္စတို့၌ ပြီးစီးခြင်းရှိတော်မူသော မြတ်စွာဘုရား !၊ ဝါ–ပြီးဆုံးပြီးသော အလုံးစုံသောကိစ္စရှိတော်မူသော မြတ်စွာဘုရား !၊ စူဠကပုဒုပေယျာ–ဥဿျောင်တည်းဟူသော လက်ခုပ်ဖြင့် သောက်အပ်ကုန်သော၊ ကုန္ဒသောဘာသလက္ခဏာ–သင်းခွေပန်း၏ တင့်တယ်ခြင်းနှင့်တူသော သဘောလက္ခဏာရှိကုန်သော၊ (တေ–ရှင်တော်မြတ်ဘုရား၏၊) မဟာဂုဏာ–ကြီးကျယ်များမြတ်သောဂုဏ်တော်တို့သည်၊ သမန္တာ ဒိသာ–ဝန်းကျင်ပတ်ချာ, အရပ်ဆယ်မျက်နှာတို့သို့၊ မာဝန္တိ –ပြေးသွားကြပါကုန်၏ဘုရား။

ရှေးလွန်မင်းသား, ယောကျ်ားအထွတ်, ကြိုးတုံလတ်၍, နတ်ကိုတူနေ, ရသောထွေကို, ရံနေပရိသတ်, လူနတ်တို့အား, ဟောပေကြားသည်....တရားသံချို မြမြတည်း။ (မနော်–၁၇၂။)

ရှင်း အရသာရှိသော ထောပတ်–ပျားသကာတို့၏ ချိုမြိန်သော အရသာကို အရသာမရစကောင်းသော တရားတော်သံ၌ တင်စား၍ ဆိုထားသောကြောင့် "ရသမဓု သမာဓိဂုဏ်" ရောက်သည်။

(၄) ဒြဝဓမ္မသမာဓိဂုဏ်

ပြန်ပုံစံ။ ။**၁၅၆**။ လောကီလောကုတ်, မယုတ် အကျိုး, ကိစ္စမျိုးကို, ပွားတိုးစေတတ်, ရှင်တော်မြတ် !–, လူနတ်ဗြဟ္မာ, သတ္တဝါတို့, ခေါင်းမှာမြဆောင်, တပြောင်ပြောင်တည်း, ဥဿျောင်တည်းဟူ, လက်ခုပ်ဖြူဖြင့်, ခပ်ယူမကွေ, သောက်အပ်ပေသား, သင်းခွေပန်းမာလ်, တင့်တယ်ဟန်သို့, အလွန်တင့်ငြား, သုံးလူ့ဖျား၏, မြသားတမျှ, ကာယနောတတ်, အိုင်မင်းမြတ်မှ, စိမ့်လတ်များဖြင့်, ဂုဏ်ရေစင်သည်....ဝန်းကျင်မျက်နှာ စီးသတည်း။

http://www.dhammadownload.com

၅။ ကတ္တုဓမ္မသမာဓိဂုဏ် ပုံစံ

၁၅၇။ မာရာရိဗလဝိဿဋ္ဌာ , ကုဏ္ဍာ နာနာဝိဓာယုဓာ၊
လဇ္ဇမာနညဝေသေန , ဇိန ပါဒါနတာ တဝ။

၁၅၇။ ဇိန–မြတ်စွာဘုရား !၊ မာရာရိဗလဝိဿဋ္ဌာ–မာရ်နတ်တည်းဟူသော ရန်သူစစ်တပ်သည် ပစ်လွှတ်အပ်ကုန်သော၊ နာနာဝိဓာ–အထူးထူး အပြားပြား များကုန်သော၊ အာယုဓာ–လက်နက်တို့သည်၊ ကုဏ္ဍာ–အစွမ်းတုံးကြကုန်သည် ဖြစ်၍၊ လဇ္ဇမာနာ–ရှက်ကြကုန်သောကြောင့်၊ အညဝေသေန–တစ်ပါးသော ပန်း ပေါက်ပေါက်အသွင်ဖြင့်၊ တဝ–ရှင်တော်မြတ်ဘုရား၏၊ ပါဒါနတာ–ခြေတော်အစုံ, ကြာပဒုံကို, ခိုလှုံဦးခိုက်ကြပါကုန်ပြီဘုရား။

ရှင်း မကိုဋ္ဌဉ်သျှောင်–တည်းဟူသော လက်ခုပ်ဖြင့်ခပ်၍ သောက်ခြင်းသည် ရေ–စသည် တို့၌သာ ရစကောင်းသော ဒြဝဓမ္မဖြစ်၏၊ ထိုဒြဝဓမ္မ [အရည် သဘောကို] အရည် မဟုတ်သော ဘုရားရှင်၏ ဂုဏ်တော်၌ တင်စားသောကြောင့် "ဒြဝဓမ္မသမာဓိဂုဏ်" ရောက်၏။

မြန်ပုံစံ။ ။(က) ဧသုကာရီ, ကျော်လွှံ့ညီလျက်, ဘုန်းဆီတမူ, ခပ်သိမ်းသူတို့, ဦးဖြူ ဦးနက်, သောက်တိုင်းထွက်သည်····ဝှန်တက်ပြည့်ပြည့်လျှမ်းလျှမ်းတည်း။ (ကိုးခန်း–၅။)

(ခ) ငါသို့သူသည်, လူအရည်လျက်, အရှည်ပွားစီး, ကြံကြီးမထောင်, ကုံအောင်လူ့အား, သနားမဲ့မှု, ယခုကိုယ်လွတ်, သုံးပါးဝဋ်မှ, ထွက်ခတ် လွန်ကျူး, ငါ့ချည်းကူးသော်, ကျေးဇူးနက်နိုး, အကျိုးအဘယ်, များကျယ် အံ့နည်း။ (ဆုတောင်း–၁၈၀။)

(၅) ကတ္တုဓမ္မသမာဓိဂုဏ်

ပြန်ပုံစံ။ ။၁၅၇။အဘိသင်္ခါရ, ကိလေသနှင့်, ခန္ဓမစ္စု, မာရ်လေးခုကို, အောင်လုနီးသူ, ဘုန်းညွန့်လူ !–, ရန်သူမာရ်နတ်, အားကုန်လွှတ်၍, ပစ်ခတ်လက်နက်, အချက်ချက်သည်, ရှက်၍လုံးလုံး, အစွမ်း တုံးလျက်, ဖက်နှုန်း မတန်, ပေါက်ပေါက်ဟန်ဖြင့်, ကြီးဝှန်ဂုဏ်တော်, မြတ်ဘုန်းမော်၏, ခြေတော်အစုံ, ဦးခိုက်လှုံသည်, ထောင်ပုံရာပုံစုသတည်း။

ရှင်း အစွမ်းတုံးခြင်း, ရှက်ခြင်း, ဘုရားကို ဦးခိုက်ခြင်းတို့သည် ပြုလုပ်ဖန်တီးတတ်သော လူ–စသော "ကတ္တု"တို့၌သာ ရှိစမြဲဖြစ်၏၊ ထိုကတ္တုဖြစ်သော လူ–စသည် တို့၌သာရှိသော အစွမ်းတုံးခြင်း, ရှက်ခြင်း, ရှိခိုးခြင်းကို ကတ္တုသတ္တိမရှိသော မာရ်နတ်၏ လက်နက်တို့၌ တင်စား၍ ဆိုထားသောကြောင့် "ကတ္တုဓမ္မသမာဓိဂုဏ်"ရောက်၏။

http://www.dhammadownload.com

၆။ သရီရဓမ္မသမာဓိဂုဏ် ပုံစံ

၁၅၈။ မုနိန္ဒဘာဏုမာ ကာလော–ဒိတော ဗောဓေဒယာစလေ၊
သဒ္ဓမ္မရံသိနာ ဘာတိ , ဘိန္နမန္ဓတမံ ပရံ။

မြန်ပုံစံ။　။ ဆုကြီးရည်လျက်, စိတ်ထက်ထက်ဖြင့်, ရေစက်သွန်းခိုက်, ထိုအကြိုက်ဝယ်, ရိုက်ရိုက်တုန်လျှင်, မုန်သောက်ဆင်သို့, ပဲ့တင်ဟစ်ညည်, မြေကြီးသံနှင့်, မိုးယံတလှစ်, ခါမဲ့ဖြစ်သည်, လျှပ်စစ်ပြောင်ပြောင်, ယုဂန့်နောင်တုံ့, တောင်ဝက်ပါ, သို့သာညွတ်ယွန်း။ (၀၀–၁၄၃။)

(၆) သရီရဓမ္မသမာဓိဂုဏ်

ပြန်ပုံစံ။　။၁၅၈။ သဗ္ဗညုတ, ဉာဏမြင့်ခေါင်, ဥဒည်တောင်ထက်, နံနက်ဖက်နှိုက်, ပေါ်တက်ပြောင်ဝင်း, သောင်းတိုက်လင်းသည့်, နေမင်းသကျ, မုနိန္ဒသည်, ဓမ္မရောင်ခြည်, ဓာတ်အကြည်ဖြင့်, မှောင်စည်မောဟ, ဖျက်ဆီးချလျက်, ထွန်းပလွန်စွာ, တင့်တယ်ပါသည်....ဝင်းဝါကဲမောက်လျှံလို့ကို။

ရှင်း　အဓိပ္ပာယ်အခဲဖြစ်သော ဝတ္ထုတို့၏ ပျက်စီးခြင်းသဘောကို အဓိပ္ပာယ်အခဲ မဟုတ်သော မောဟဠာတင်စား၍ ဆိုထားသောကြောင့် "သရီရဓမ္မသမာဓိဂုဏ်" ရောက်၏။

မြန်ပုံစံ။　။ရွှေခဲဆင်းရောင်, မိုက်သည့်မှောင်ဝယ်, တန်ဆောင်မရှာ, ပယ်ခွာဝင်းပ, မိရှင်မကြောင့်, ပြတ်မျှအသက်, လှိုက်ပွက်ခွေရစ်, နောင်မင်းဖြစ်ကို, ရှင်ချစ်သခင်, ခုပင်ရှကြည့်, မြော်ပါတည့်လော့။ (မနော်–၁၁၅။)

လေ့ကျင့်ရန် ပုံစံများ

(က) သတ္တသခ်ါရ, ဩကာသဟု, လောကမည်သာ, ဘုံသုံးဖြာဝယ်, ကြိုင်စွာမဆံ့, မွေးမွေးပျံ့သား, အနံ့မခန်း, သီလပန်းကို, လန်းလန်းပွင့်ကာ, ဆင်တန်းဆာတွင်, မုတ္တာပုလဲ, အာနီခဲနှင့်, ရဲရဲပွင့်ထွား, ပတ္တမြားလည်း, တင့်သားအလွန်, မတူတန်တည့်။

(ခ) ပန်းမာလ်ဟူသည်, မဠ္ဍုလိုင်ကြူး, စန္ဒကူးက, မုလေးစသား,ထိုမှစမွယ်, ကြက်ရုံးနွယ်မှ, နံ့ကြွယ်ဧချို, ပန်းထိုထိုနှင့်, ကြာညိုမိုးစွေ, ဤထွေထွေလည်း, အကြေမျှသာ, ရနံ့ဖြာ၍, လေညာမဆန်, သီလမွန်ကား, ဆယ်တန်ရပ်လုံး, ရနံ့ဖုံးလျက်, မဆုံးရှည်ကြာ, ကမ္ဘာဘာဖြင့်, နှိုင်းရာမမြော်, တုလွတ်ကျော်သား, ညှိုးရော်မမြန်း, သီလပန်းသာ, မွေးနိုင်ရာ၏။

(ဂ) ဂင်္ဂါအစ, သမုဒ္ဒနှင့်, ငါးရာငါးသွယ်, မြစ်ရေကြွယ်လည်း,ကိုယ်ဝယ်ညစ်ကြေး, ရာဂရွေးကို, ဆေးလျော်ခြင်းငှာ, မစင်ရာတည့်၊ သန့်စွာကြည်ထွေ, သီလရေဖြင့်, သန့်စေသွန်းဖျန်း, စင်အောင်တွန်းက, ငြိစွန်းရွေးမြှင့်, သန့်ရှင်းစင်လိမ့်။

http://www.dhammadownload.com

၁၅၈။ ဇောခေါဒယာစလေ–သဗ္ဗညုတဉာဏ်တော်တည်းဟူသော နေထွက်တောင်၌၊ ကာလောဒိတော–နံနက်အခါ၌ တက်လတ်သော၊ မုနိန္ဒဘာဏုမာ–ဘုရားတည်းဟူသောနေမင်းသည်၊ သဒ္ဓမ္မရံသိနာ–သူတော်ကောင်းတရားတည်းဟူသော အရောင်ဖြင့်၊ အန္ဓတမံ–မောဟတည်းဟူသော အမိုက်တိုက်ကို၊ ဘိန္ဒိ–ဖျက်ဆီးလျက်၊ ပရံ–လွန်စွာ၊ ဘာတိ–တင့်တယ်တောက်ပ၏။

(ဃ) များဖြင်ရေကြည်, မိုဃ်းပေါက်ရည်နှင့်, လေပြည်များဂှန်, ဧစိမ့်သွန်လည်း, ပူပန်ခြင်းမှ, မဧမြတည့်၊ သီလလေသာ, ဧနိင်ရာ၏။

(င) နတ်ရွာတက်ရန်, စောင်းတန်းမှန်လျက်, နိဗ္ဗာန်ဒွါရ, တံခါးမလည်း, သီလသံကောက်, ဖွင့်တိုင်းပေါက်၍, ရောက်နိုင်လိုရာ, မြတ်လှစွာသား, အချာချုပ်တည်, အခေါင်မည်သည်....ရွှေပြည်နိဗ္ဗာန် ခိုင်ပန်းတည်း။
(သုတ–၁၄၉။)

အထက်ပါပုံစံ၌ ပါရှိသော သမာဓိဂုဏ်များကို စိစစ်ပါလေ၊ အကုန်လုံးကို မိမိဉာဏ်ဖြင့် စိစစ်ဆုံးဖြတ်နိုင်က သမာဓိဂုဏ်အတွက် အခက်တွေ့တော့မည် မဟုတ်၊ အထပ်ထပ် ကြည့်ရှုကြံစည်ပါလေ။

သမာဓိဂုဏ်အပြားတစ်နည်း

(၁) အယောနိသမာဓိဂုဏ်,
(၂) အညစ္စာယာယောနိသမာဓိဂုဏ်–
ဟု တစ်နည်းအားဖြင့် သမာဓိဂုဏ် နှစ်မျိုးခွဲကြသေး၏။

ထိုတွင်–

(၁) တစ်စုံတစ်ယောက်သော ကဗျာဆရာက မဆိုဘဲလျက် မိမိဘာသာ ကဗျာဉာဏ်သက်ဝင်လာသည့်အတိုင်း ထင်မြင်ချက်မျှဖြင့် တင်စားခြင်းမျိုးသည် အယောနိသမာဓိဂုဏ်မည်၏။ [အကြောင်းကင်းသောဂုဏ်–ဟု ဆိုလိုသည်။]

ပုံစံ ဝင်လုဆဲဖြစ်သော နေမင်းကိုကြည့်၍ လိမ်မော်သီးကြီး ကြွေလုပြီ–ဟု ဆိုခြင်း, ခေါင်းရိပ်ပြီးစဖြစ်သော "ဟူန"လူမျိုးတို့၏ ဦးခေါင်းကို လိမ်မော်သီးမှည့်ကြီး–ဟု ဆိုခြင်းမျိုးပေတည်း၊ ၄င်းတို့ကိုကား တစ်စုံတစ်ယောက်သော ကဗျာဆရာမျှ မပြအပ်၊ စင်စစ်မှာမူ ၄င်းတို့ကို ဆိုလိုသော ကဗျာဆရာ၏ဉာဏ်မျှဖြင့် တင်စားခြင်းမျိုးဖြစ်၍ "အယောနိသမာဓိဂုဏ်" မည်၏။

(၂) တစ်စုံတစ်ယောက်သော ကဗျာဆရာတို့ ကြံဆရေးသားပြီးသော အနက်ကိုပင် ဆန်းကြယ်စွာ တန်ဆာဆင်၍ တင်စားရေးသားခြင်းမျိုးသည် "အညစ္စာယာယောနိသမာဓိဂုဏ်" မည်၏။ ["အရိပ်အမြွက်မျှဖြစ်သော အကြောင်းတစ်ပါးရှိသော သမာဓိဂုဏ်"ဟု ဆိုလိုသည်။]

http://www.dhammadownload.com

နောက်ဆက်တွဲ မှတ်ဖွယ်

၁၅၉။ ဝမနုဂ္ဂိရဏာဒျေတံ , ဂုဏဝုတျပရိစ္ဆုတံ၊
အတိသုန္ဒရမညန္တု , ကာမံ ဝိန္ဒတိ ဂါမ္ဗတံ။

၁၅၉။ ဧတံဝမနုဂ္ဂိရဏာဒိ–ဤပျို့အန်ခြင်း, လေတက်ခြင်းစသည်သည်၊ ဂုဏဝုတျပရိစ္ဆုတံ–ဂုဏ်ဖြစ်သော အမုချသဘောမှ မရွှေ့လျောခဲ့ပါမူကား၊ အတိသုန္ဒရံ–အလွန်ကောင်း၏၊ အညန္တု–(အမုချမှတစ်ပါး) မုချအစစ်, ဖြစ်ပါမူကား၊ ကာမံ–စင်စစ်၊ ဂါမ္ဗတံ–ဂါမ္ဗဒေါသကို၊ ဝိန္ဒတိ–ရ၏။

၁၆၀။ ကန္တိံ ဝမနဗျာဇာ , မုနိပါဒနခါဝဋ္ဋိ၊
စန္ဒကန္တိ ပိဝန္တိဝ , နိပ္ပဘံ တံ ကရောန္တိ ယော။

၁၆၀။ မုနိပါဒနခါဝဋ္ဋိ–မြတ်စွာဘုရား၏ ခြေသည်းတော်အစဉ်တို့သည်၊ ကန္တိံ–မိမိတို့၏ အရောင်တို့ကို၊ ဝမနဗျာဇာ–အန်ထုတ်သည့် အဟန်ဖြင့်၊ တံ–

ပုံစံ　သတို့သမီးသည် ရေထဲ၌ထင်နေသော မိမိမျက်လုံးကို ကြာညိုပွင့် မှတ်ထင်သည်–ဟု ဆိုခြင်းမျိုး, မိုးရွာသည်ကို သိကြားမင်းက တံမြက်လှည်းသည်–ဟု ဆိုခြင်းမျိုး, အလွန်ဝေးကွာ၍ တစ်ခါမျှ မထိဘူးသော မိုးနှင့်မြေကြီးကို ငွေနန်းချည် သွယ်တန်း၍ ချုပ်သည်–ဟု ပြောဆိုခြင်းမျိုးတို့ပင်တည်း။

၄င်းတို့ကား ကဗျာဆရာ အသီးသီးတို့ ကြံဆပြီးသားကိုပင် ဆန်းကြယ်စွာ ပြောဆိုရေးသားခြင်းမျိုးတို့ ဖြစ်၏၊ ထို့ကြောင့် "အညစ္ဆာယာယောနိသမာဓိဂုဏ်" မည်သည်။

နောက်ဆက်တွဲ မှတ်ဖွယ်

၁၅၉။ ပျို့အန်ခြင်း, လေချဉ်တက်ခြင်း, ဝမ်းလျှောခြင်း–စသည်တို့သည် (အရောင်ကို အန်၏, ဂုဏ်တို့ကို ထွေးထုတ်၏၊ ကိလေသာဝမ်းလျှောဖြင့်–စသည်ဖြင့်) တကယ်မုချမဟုတ်ဘဲ ဥပစာအားဖြင့် တင်စား၍ဆိုထားသော စကားဖြစ်ခဲ့ပါမူ "ကန္တိံ ဂုဏ်, သမာဓိဂုဏ်" ရောက်၏၊ တကယ်ဝမ်းလျှောခြင်းအစစ်သာ ဖြစ်ခဲ့ပါမူကား "ဂါမ္ဗဒေါသ" သင့်၏။

ပြန်ပုံစံ။　။၁၆၀။ မုနိထွတ်တင်, ဘုရားရှင်၏, ကင်းစင်ကြေးညှော်, ခြေသည်းတော်တို့, ငွေဘော်အယောင်, ကိုယ့်အရောင်ကို, အန်ယောင်ဟန်ဖြင့်, လွန်ဆန်းတင့်သည့်, ဝေဟင့်စကြာ, ငွေစန္ဒာကို, ရောင်ဝါကင်းအောင်, ပြုကြံဆောင်လျက်, လရောင်ကိုသောက်, ပြောင်ပြောင်တောက်သည် . . . . အံ့လောက်မူးမူး ရောင်တော်မြူး။

ရှင်း　ဤ၌ ကိုယ့်အရောင်ကို အန်ခြင်း, လရောင်ကို သောက်ခြင်းတို့သည် မုချမဟုတ် (ဂုဏဝုတ္တိ)အမုချသဘောမျှသာ ဖြစ်၏၊ အဝိညာဏကဖြစ်သော ခြေသည်းတော် အစဉ်၌ တင်စား၍ ဆိုထား၏၊ ထို့ကြောင့် "ပါဏိဓမ္မသမာဓိဂုဏ်, ကန္တိ ဂုဏ်" ရောက်၏၊ "ဂါမ္ဗဒေါသ" မသင့်။

http://www.dhammadownload.com

ထိုလကို၊ နိပ္ပဘံ–အရောင်မရှိသည်ကို၊ ကရောန္တိ ယော–ပြုကြကုန်လျက်၊ စန္ဒကန္တိ–လရောင်တို့ကို၊ ပိဝန္တိ ဝ–သောက်သကဲ့သို့ ဖြစ်ကုန်၏။

၁၆၁။ အစိတ္တကတ္တုကံ ရဂ္ဂံ–မိစ္ဆေဝံ ဂုဏကမ္မ တံ၊
သစိတ္တကတ္တုကံ ပေတံ , ဂုဏကမ္မံ ယဒုတ္တမံ။

၁၆၁။ ကွစ္ဆေဝံ–ဤဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်၊ အစိတ္တကတ္တုကံ–အဝိညာဏကကတ္တားရှိသော၊ ဂုဏကမ္မံ–အပွဓာန(အမုချ)ကံရှိသော၊ တံ–ထိုပျို့အန်ခြင်းစသည်သည်၊ ရဂ္ဂံ–နှစ်သက်ခြင်းကို ဖြစ်စေတတ်၏၊ ဧတံ–ထိုပျို့အန်ခြင်းစသည်သည်၊ သစိတ္တကတ္တုကံပိ–သဝိညာဏကကတ္တားရှိပါသော်လည်း၊ ဂုဏကမ္မံ–အပွဓာန(အမုချ)ကံရှိသည်၊ ယဒိသိယာ–အကယ်၍ဖြစ်ငြားအံ့၊ (ဧဝံ–ဤသို့ဖြစ်ခဲ့သော်၊) ဥတ္တမံ–ကောင်းမြတ်၏။

၁၆၁။ ဆိုခဲ့ပြီးသောပုစ်သည် ကတ္တားလည်း အဝိညာဏက, ကံလည်း အပွဓာန [အမုချ] ဖြစ်သောကြောင့် နှစ်သက်ဖွယ်ကောင်း၏၊ ဂါမဒေါသမှ လွန်မြောက်၏၊ "ကန္တိ ဂုဏ်, သမာဓိဂုဏ်" ရောက်၏။

ကတ္တား သဝိညာဏကကတ္တားပင် ဖြစ်ပါသော်လည်း ကံက အပွဓာန(အမုချ) ဖြစ်ခဲ့ပါမူ ဂါမဒေါသ မသင့်ပေ၊ သမာဓိဂုဏ်, ကန္တိ ဂုဏ် ရောက်သေးသည်။

ဆောင်။ ။ ဂါမလွန်ဘိ, သမာဓိ, ကန္တိ ဂုဏာ ဖြစ်တတ်ပါ။

ကောက်ချက်ချ၍ မှတ်သားဖွယ် ထို့ကြောင့် "ကတ္တားသည် အဝိညာဏကကတ္တား, သဝိညာဏကကတ္တား"ဟု နှစ်မျိုးရှိ၏၊ ပျို့အန်ခြင်း, လေချဉ်တက်ခြင်း, ဝမ်းလျှောခြင်း–စသည်တို့နှင့် ပတ်သက်သော စကားမျိုးသည် ကတ္တားက အဝိညာဏကကတ္တား, ကံက အပွဓာန(အမုချ)ကံ ဖြစ်ခဲ့ပါမူ ဂါမဒေါသ မသင့်၊ ကန္တိ ဂုဏ်, သမာဓိဂုဏ်ရောက်၏၊ သဝိညာဏကကတ္တားပင် ဖြစ်စေကာမူ ကံက အပွဓာန(အမုချ)ကံဖြစ်လျှင် ကောင်းသေး၏၊ ဂါမဒေါသမသင့်၊ ကန္တိ ဂုဏ်, သမာဓိဂုဏ်ရောက်၏၊ ကတ္တားကလည်း သဝိညာဏကကတ္တား, ကံကလည်း ပဓာန(မုချ)ကံဖြစ်မူကား မကောင်းတော့ပေ၊ ဂါမဒေါသသင့်တော့၏"ဟု ကောက်ချက်ချလျက် ဆုံးဖြတ်မှတ်သားသင့်၏။ [ဂုဏ–ဝိသေသန, အမုချ–အပွဓာန–တူ။]

ဆောင်။ ။ ပျို့အန်စသား, စကားများမှာ, ကတ္တားအဝိညာ, ဂုဏာကမ္မ, ဖြစ်တုံကမူ, ဂါမဒေါသ, လွတ်မြောက်ပါ၏၊ သဝိညာကတ္တား, ဖြစ်ပေငြားလည်း, ကံကားဂုဏ, ဖြစ်တုံကမူ, ကောင်းလှသေးပါ၊ မုချာကမ္မ, ဖြစ်တုံကလျှင်, ဂါမဒေါသ, သင့်လေပါသည်....သေချာပိုင်းခြား စစ်လေလော့။

http://www.dhammadownload.com

၁၆၂။ ဥဂ္ဂရန္တော၁ သ သ္နေဟ-ရသံ ဓိနဝရော ဇနေ၊
ဘာသန္တော မဓုရံ ဓမ္မံ , ကံ နု သမ္မိဏာယေ ဇနံ။

၁၆၂။ သ-(သော)ဓိနဝရော-ထိုဘုရားမြတ်သည်၊ သ္နေဟရသံ-မိမိ၏ ချစ်ခင်မြတ်နိုးခြင်းတည်းဟူသော ဆိုးရည်ကို၊ ဝါ-မေတ္တာကရုဏာ, အရသာကို၊ ဥဂ္ဂရန္တော၁-ထွေးအန်တော်မူသကဲ့သို့၊ ဇနေ-(အလုံးစုံသော)သတ္တဝါအပေါင်း၌၊ မဓုရံ-ချိုမြိန်ကောင်းမြတ်သော၊ ဓမ္မံ-တရားတော်ကို၊ ဘာသန္တော-ဟောတော်မူသည်ရှိသော်၊ ကံ ဇနံ-အဘယ်မည်သူကို၊ နု သမ္မိဏာယေ-မနှစ်သက်စေနိုင်ဘဲရှိပါအံ့နည်း၊ သမ္မိဏောတိဧ၀-ဧကန်ပင်နှစ်သက်စေနိုင်တော့သည်သာ။ [သ္နေဟ-သိနေဟ-ဟု ပဒစ္ဆေဒ ပြု၊ နု-ကြောင့် ကာ-ကျေ၊ သ-ကို နေ-သို့ကပ်၊ သ္နေဟ-ပြီး၏၊ ပဒသန္ဓိမဟုတ်၊ ဝဏ္ဏသန္ဓိ၊ သေနဟ-ဟု မဖတ်နှင့်၊ သနေဟ-ဟုဖတ်။]

ကဗျာဆရာခေါ်ထိုက်သူ

၁၆၃။ ယော သဒ္ဒသတ္ထကုသလော ကုသလော နိဃဏ္ဍု-
ဆန္ဒောအလင်္ကာတိသု နိစ္စကတာဘိယောဂေါ၊
သောယံ ကဝိတ္တဝိကလောပိ ကဝီသု သချ်-
မောဂ္ဂယှ ဝိန္ဒတိ ဟိ ကိတ္တိမမန္ဒရူပံ။

ကွတိ သံဃရက္ခိတမဟာသာမိဝရစိတေ သုဗောဓာလင်္ကာရေ
ဂုဏာဝဗောဓော နာမ တတိယော ပရိစ္ဆေဒေါ။

ပြန်ပုံစံ　။၁၆၂။ သုံးဘုံဘဝ, သုံးဌာနဒ္ဒ, မရန္ဒိုင်းတု, သဗ္ဗညုသည်, ကရုဏာမေတ္တာ, အရသာကို, ကောင်းစွာထွေးအန်, ပြုသည့်ဟန်သို့, သုံးတန်ဘုံသား, ဝေနေယျအား, ထူးခြားလေးနက်, ရသာသက်သည့်, ချိုမြက်ကောင်းလှ, မြတ်ဓမ္မကို, နှုတ်ဟ မြွက်ဖော်, ဟောခဲ့သော်လျှင်, ညှိုးလျော့မရှွင်, မကြည်လင်ဘဲ, ဘယ်ရှင် ဘယ်လူ, အဘယ်သူသည်, ဘယ်မူတစ် ရှိအံ့နည်း။

ရှင်း　ဤ၌ ဓိနဝရော(သဗ္ဗညုသည်)ဟူသော ကတ္တားသည် သဝိညာဏကပင် ဖြစ်သော်လည်း သ္နေဟရသံ(ကရုဏာမေတ္တာ အရသာကို)ဟူသော ကံက အပ္ပဓာန[အမှုချ] ဖြစ်သောကြောင့် ဂါမဒေါသမှ လွန်မြောက်၍ "ရူပဓမ္မသမာဓိဂုဏ်, ကန္တိဂုဏ်" ရောက်၏။

ကဗျာဆရာခေါ်ထိုက်သူ

၁၆၃။　။သဒ္ဒါကျမ်း, ဘိဓာန်-ဆန်း-အလင်္ကာ၊
လေးကျမ်းပင်, ကျွမ်းကျင်လတ်, မြဲမပြတ်လေ့လာ၊
လျစ်လျူရှု-ကျမ်းဂန်ပြုကိစ္စာ, ပယ်ရှောင်ခွာကြဉ်ထား၊
ကဗျာမြင်, ပညာရှင် မြတ်ကဝိရယ်လို့, မှတ်သိကာ ဂုဏ်ရှိန်မောက်လို့ရယ်,
ထွန်းတောက်ထင်ရှား။

http://www.dhammadownload.com

၁၆၃။ ယော–အကြင်သူသည်၊ သဒ္ဒါသတ္ထကုသလော–သဒ္ဒါကျမ်း၌ လိမ္မာ၏၊ နိဃဏ္ဍုဆန္ဒောအလင်္ကာတိသု–အဘိဓာန်ကျမ်း, ဆန်းကျမ်း, အလင်္ကာကျမ်းတို့၌လည်း (ပိကျေ)၊ ကုသလော–လိမ္မာ၏၊ နိစ္စကတာဘိယောဂေါ–(ဆောင်ခြင်း, နှလုံးသွင်းခြင်း၏ အစွမ်းအားဖြင့်) အမြဲမပြတ်, ပြုအပ်သောအားထုတ်ခြင်း ရှိ၏၊ သောယံ–ထိုသူသည်၊ ကဝိတ္ထဝိကလောပိ–ပညာရှိကဝိ၏ ဖြစ်ကြောင်းဖြစ်ရာ (ကဗျာဖွဲ့ခြင်း, ကျမ်းဂန်ရေးသားခြင်း)မှ ချို့တဲ့ပါသော်လည်း၊ ကဝိသု–ကျမ်းဂန်စီရင်, ပညာရှင်တို့၌၊ သချိ် –ပေါင်းယူရေတွက်ခြင်းသို့၊ သြဂ္ဂယှ–သက်ရောက်၍၊ အမန္ဒရူပံ–မနည်းမပါး, (အလွန်များ)သော သဘောရှိသော၊ ကိတ္တိ ံ–ကျော်စောခြင်းကို၊ ဝိန္ဒတိဟိ–ရနိုင်သည်သာတည်း။

ဂုဏ်ဝေဖောမောနာမ–ဂုဏ်တို့ကို သိရာသိကြောင်းဖြစ်သောကြောင့် ဂုဏ်ဝေဖောမည်သော၊ တတိယော–သုံးခုတို့၏ပြည့်ကြောင်းဖြစ်သော . . . . ။

ကမ္ဘာသူ ကမ္ဘာသား လူအများတို့၌ မိမိတို့ဘာသာအားလျော်စွာ "သဒ္ဒါကျမ်း, အဘိဓာန်ကျမ်း, ဆန်းကျမ်း, အလင်္ကာကျမ်း"ဟူသော ကျမ်းဂန်များ ရှိကြစမြဲ ဖြစ်၏၊ ထိုဆိုခဲ့ပြီးသော လေးကျမ်းတို့ကို လိမ္မာနားလည်သည့်အပြင် ဆောင်ယူကြည့်ရှု အမြဲလေ့လာမှုကို ပြုနေကြသောသူတို့သည် ကျမ်းဂန်တစ်စောင်တစ်ဖွဲ့, ကဗျာတစ်ပုဒ်မျှ မရေးသားစေကာမူ ကျမ်းဂန်ရေးသားစီရင်ခြင်းငှာ စွမ်းနိုင်သော ဂုဏ်အင်္ဂါနှင့် ပြည့်စုံသူများ ဖြစ်ကြသောကြောင့် "ကျမ်းပြုစာဆို, ပညာရှင်ပဂ္ဂိုလ်"ဟု အသိအမှတ်ပြုထိုက်သူများ ဖြစ်ကြကုန်၏၊ ဂုဏ်ညွှန့်တလူလူနှင့် ကျော်စောထင်ရှားနိုင်သည့်သူများ ဖြစ်ကြကုန်၏၊ ထိုလေးကျမ်းကို မတတ်က ကျမ်းပေါင်းများစွာကို တတ်မြောက်၍ ဗဟုဿုတပြည့်ဝသောပဂ္ဂိုလ်ပင် ဖြစ်စေကာမူ ကဗျာဆရာ, ကျမ်းပြုဆရာ–ဟူသော အသိအမှတ်ပြုမှုကို ခံကြရမည်မဟုတ်ချေ၊ ဂုဏ်ညွှန့်တလူလူနှင့် ကျော်စောသင့်သလောက်လည်း ကျော်စောနိုင်မည်မဟုတ်ချေ၊ ထို့ကြောင့် အဆိုပါလေးကျမ်းကို ကြိုးပမ်းသင်ကြားသင့်လှပေသည်။

မြန်မာတို့အတွက် ယနေ့ထိ ပေါ်ထွက်ပြီးသော မြန်မာသဒ္ဒါကျမ်းကောင်း, မြန်မာအဘိဓာန်ကျမ်းဂန်များ မရှိသေးသည်မှာ ဝမ်းနည်းဖွယ် ကောင်းလှ၏၊ ပညာရေး၌ နှောင့်နှေးခြင်း၏ အကြောင်းရင်း တစ်ရပ်ပေတည်း၊ "ပြည့်စုံသော မြန်မာသဒ္ဒါကျမ်းနှင့် မြန်မာအဘိဓာန်ကျမ်းကြီး အမြန်ပြီးစီးပေါ်ထွက်ပါစေ"ဟု ဆုတောင်းရတော့သည်။

ကဗျာတတ်အင်္ဂါသုံးပါး

သို့ရာတွင် ထိုလေးကျမ်းကို တတ်မြောက်ရုံမျှနှင့် ပြည့်စုံကုံလုံသော စာရေးဆရာ ကဗျာဆရာ–ဟု မဆိုထိုက်သေးချေ၊ (၁) ပင်ကိုယ်ဉာဏ်ထက်မြက်ခြင်း, (၂) အကြားအမြင်ဗဟုသုတနှင့် ပြည့်စုံကြွယ်ဝရခြင်း, (၃) လွန်ကဲသော လုံ့လဝီရိယရှိရခြင်း–ဟူသော ကျမ်းရင်းစကားဦးအဖွင့်က ပြဆိုခဲ့သော အင်္ဂါသုံးပါးနှင့်လည်း ပြည့်စုံမှသာ ပြည့်စုံကုံလုံသော စာရေးဆရာ, ကဗျာဆရာ ဖြစ်နိုင်ပေသည်။

http://www.dhammadownload.com

လေ့ကျင့်ခန်းမေးခွန်း

၁။ ဒေါသပရိဟာရာဝဗောဓပိုင်း၏ အခြားမဲ့၌ ဂုဏ်ဘဝဗောဓပိုင်းကို ပြဆိုရခြင်း၏ အကြောင်းကို သာဓကသွင်း ရှင်းလင်းပြပါ ?။

၂။ ဂုဏ်-ဟု ခေါ်ဝေါ်ရခြင်း၏အကြောင်းကိုပြ၍, ယင်းကိုပင် အတ္ထာလင်္ကာရ-ဟု ခေါ်ရကြောင်းကိုလည်း အကိုးသာဓကနှင့်တကွ ပြပါ။ ?။

၃။ ဂုဏ်ဆယ်ပါးကို သဒ္ဒ, အတ္ထ, သဒ္ဒတ္ထ-ခွဲပြ၍ "သမာဓယော"ဟု ဗဟုဝုစ်ဖြင့် ဆိုရခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ ?။

၄။ အဘယ်ဒေါသတို့မှလွတ်မြောက်က ပသာဒဂုဏ်ရောက်ကြောင်းကို လိုရင်းပါဠိနှင့် တွဲစပ်၍ ရှင်းလင်းပြပါ ?။

[ပသာဒဂုဏ်မှယုတ်လျှင် အဘယ်ဒေါသများ သင့်ရောက်နိုင်သနည်း၊ ဤသို့လည်း ပြန်လှန်၍ မေးနိုင်သည်။]

၅။ သူတည်းတစ်ယောက်, ကောင်းဖို့ရောက်မူ, သူတစ်ယောက်မှာ, ပျက်လင့်ကာသာ, ဓမ္မတာတည်း၊ ဤကဗျာသည် အဘယ်ဂုဏ်ရောက်ပါသနည်း၊ စိစစ်ပြပါ ?။

၆။ နွဲ့နွဲ့ကိုယ်ပြင်, ဆင်းရုပ်သွင်ကို, ကောင်းကင်မိုးမြေ, ပတ်မျှဖွေ၍, ရှာလေနှံ့ဘိ, ဖက်မရှိတည်း၊ ဤကဗျာ၌ ဖြစ်သင့်သောဂုဏ်များကို စိစစ်ပြပါ ?။

၇။ ယ-နှင့်ကင်းသော တ-သုံးလုံးတို့၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ ?။

၈။ ဝသန်ခါမှီ, ချိန်နှင့်ညီအောင်, တိမ်နီတိမ်ပြာ, တိမ်လွှာတိမ်ပန်း, လျှပ်နွယ်တန်းလျက်, တိမ်ဆန်းတိမ်ထူး, တိမ်ညိုမြူး၍– ဤကဗျာ၌ ဖြစ်သင့်သမျှ သဒ္ဒါလင်္ကာရတို့ကို စိစစ်ပြပါ ?။

၉။ ရင်ခတ်ရွှေရွှေ, မိုးစွေနီနီ, သရဖီထပ်ထပ်, ဇလပ်မွေးမွေး, မလေးဆင့်ဆင့်, ကြာပွင့်ဝါဝါ–ဟူသော အဖွဲ့သည် အဘယ်ဂုဏ်ရောက်ပါသနည်း၊ စိစစ်ပြပါ ?။

၁၀။ မချိုးမွမ်းသင့်သော အနုပ္ပာသကိုပြ၍, ထိုသို့မချိုးမွမ်းရခြင်း၏ အကြောင်းကိုလည်း ပြခဲ့ပါ ?။

၁၁။ (ကေဝလ)သမတာတို့၌ အဘယ်တူမျှသည်ကို ယူရပါမည်နည်း၊ အက္ခရာလုံးရေ တူမျှသည်ကိုပင် ယူရမည်လော၊ ရှင်းပြပါ ?။

၁၂။ အဘယ်ဒေါသမှလွတ်မှ သဒ္ဒသုခုမာလတာဂုဏ်, အတ္ထသုခုမာလတာဂုဏ် ရောက်နိုင်သနည်း ?။

၁၃။ မဆင်ဘဲရယ်နဲ့, ရဲခနဲရွာ, အိမ်သာကမိုး၊ ခြေမမှန်-ရေပြန်ကိုစာဆိုတတ်သူက, မိုးမှတ်လို့ချိုး၊ ဤအဖွဲ့သည် အဘယ်ဒေါသကို လွန်မြောက်၍ အဘယ်ဂုဏ်ရောက်ပါသနည်း၊ စိစစ်ပြပါ ?။

၁၄။ ကြမ်းတမ်းသော အက္ခရာတို့ဖြင့် ဖွဲ့ကောင်းသောအရာ, ဂါမ္ဘဒေါသသင့်သော စကားကိုပင် သုံးသော်လည်း အပြစ်မရှိသောအရာတို့ကို ပြပါ ?။

http://www.dhammadownload.com

၁၅။ အဘယ်ဒေါသတို့ကို လွန်မြောက်က ကန္တိဂုဏ်ရောက်နိုင်သနည်း ?။

၁၆။ ပဲကလေးက-ဆိမ့်လိုက်တာ, ပြောစရာရှိဘူး၊ ညအခါ-လသာသာ ကိုယ်တော်သုံးတယ်၊ လေပုန်းကမြူး။ ဤကဗျာသည် အဘယ်ဒေါသကို လွန်မြောက်၍ အဘယ်ဂုဏ်ရောက်ပါသနည်း၊ စိစစ်ပြပါ ?။

၁၇။ အလွန်ဆိုလျက် အတိဝုတ္တဒေါသ မသင့်သောအရာမျိုးရှိက ထုတ်ပြပါ ?။

၁၈။ အဘယ်ဒေါသလွတ်မှ အတ္ထဗျတ္တိဂုဏ်ရောက်သနည်း ?။

၁၉။ ဆင်းပျိုသွယ်ညွတ်, ဆွေသက်မှတ်ကြောင့်, ဆွတ်ဆွတ်ရိုက်ရိုက်, ပြိုက်ပြိုက်ယုတွေ, အလွမ်းဝေသည်-ဟူသော အဖွဲ့သည် အဘယ်ဒေါသမှလွန်မြောက်၍ အဘယ်ဂုဏ်ရောက်ကြောင်း စိစစ်ပြပါ ?။

၂၀။ ဘယ်လိုကဗျာမျိုးကို "အသက်ဝင်သောကဗျာ"ဟု ခေါ်၍, ဗန္ဓ၏ကျက်သရေတိုးအောင် မည်သို့လုပ်သင့်ကြောင်း ပြခဲ့ပါ ?။

၂၁။ သမာဓိဂုဏ်ခြောက်ပါးကို အဓိပ္ပာယ်နှင့်တကွပြ၍, ထိုမှတစ်ပါး သမာဓိဂုဏ်ရှိနိုင်-မရှိနိုင် ဆုံးဖြတ်ခဲ့ပါ ?။

၂၂။ မိမိအတတ်, ကိုယ့်ကိုသတ်၏၊ ဤစကားသည် အဘယ်ဂုဏ်ရောက်ပါသနည်း၊ သေချာကျန စိစစ်ပြပါ ?။

၂၃။ ဤတဏှာဟူ, မိုက်မဲမူလည်း, တပ်သူတွေ့ခါ, လွတ်မခွာဘူး၊ ဤအဖွဲ့သည် အဘယ်ဂုဏ်ရောက်ပါသနည်း၊ သေချာကျန စိစစ်ပြပါ ?။

၂၄။ ပညာရှေ့ထား, လုံ့လအားဖြင့်, ဉာဏ်သွားမပေ, ထက်မြက်စေလော့၊ အဘယ်ဂုဏ်ရောက်ကြောင်း စိစစ်ပြပါ ?။

၂၅။ (က) ရွှေထောမနာငယ်လေ, တေဇာတော်ပြောင်ပြောင်နှင့်၊ (ခ) မေတ္တာမျက်နှာ, ငဲ့ပဏ္ဏာနှင့်၊ (ဂ) သတိလက်ျာ, ပညာလက်ဝဲ, ယှဉ်အမြဲ၊ (ဃ) ချစ်စရှည်လျား, ရန်တိုငြားမူ, ကြီးပွားဧကန်၊ ဤအဖွဲ့ဗန္ဓများ အဘယ်ဂုဏ်ရောက်ကြောင်း အသီးအသီး ရှင်းပြပါ ?။

၂၆။ "ပျို့အန်၏, ဝမ်းလျှော၏"ဟု ဆိုတိုင်း ဂါမ္မဒေါသ သင့်-မသင့် စိစစ်ပြပါ ?။

၂၇။ ကဗျာပင် မရေးသော်လည်း ဘယ်လိုပုဂ္ဂိုလ်မျိုးကို ကဗျာစာဆို ခေါ်ထိုက်ပါသနည်း ?။

ဂုဏာဝဗောဓ-တတိယပိုင်း

ပြီး၏။

http://www.dhammadownload.com

၄။ အတ္ထာလင်္ကာရဝဗောဓ-စတုတ္ထပိုင်း

၁၆၄။ အတ္ထာလင်္ကာရသဟိတာ , သဂုဏာ ဗန္ဓပဒ္ဓတိ၊
ယတော အစ္ဆန္ဒ ကန္တာဝဝ , ဝုစ္စန္တေ တေ တတောဓုနာ။

၁၆၄။ သဂုဏာ-လင်၌ကျင့်ဝတ်, မယွင်းချွတ်ခြင်းစသော ဂုဏ်ရှိသော၊ ကန္တာ-အမျိုးသမီးလေးသည်၊ အတ္ထာလင်္ကာရသဟိတာ-ရွှေငွေစိန်ကျောက်, ပုတီးလက်ကောက်စသည်တို့နှင့် တကွဖြစ်ခဲ့ပါမူ၊ အစ္ဆန္ဒ ကန္တာဝ-လွန်စွာနှစ်လိုဖွယ်ရှိသကဲ့သို့၊ သဂုဏာ-ပသာဒစသောဂုဏ်နှင့်တကွဖြစ်သော၊ ဗန္ဓပဒ္ဓတိ-အဖွဲ့အနွဲ့အစည်သည်၊ အတ္ထာလင်္ကာရသဟိတာ-ပြဆိုလတ္တံ့သော အတ္ထာလင်္ကာရတို့နှင့်တကွဖြစ်ခဲ့ပါမူ၊ ယတော-အကြောင်ကြောင့်၊ အစ္ဆန္ဒ ကန္တာ-အလွန်နှစ်လိုဖွယ် ရှိ၏၊ တတော-ထို့ကြောင့်၊ တေ-ထိုအတ္ထာလင်္ကာရတို့ကို၊ အဓုနာ-ယခုအခါ၌၊ မယာ-ငါသည်၊ ဝုစ္စန္တေ-ဆိုအပ်ကုန်၏။

အတ္ထာလင်္ကာရတို့ သတ္တိ-ဂုဏ်ထူး

၁၆၄။ "အဖွဲ့ဗန္ဓသည် အမျိုးသမီး၏ ခန္ဓာကိုယ်နှင့်တူ၏၊ ဒေါသသည် အဆင်းသွင်ပြင် သဏ္ဌာန်မလှခြင်း, အကျင့်ယုတ်ခြင်း, နူနာသမင်ရက် စွဲကပ်ခြင်း-စသော အပြစ်နှင့်တူ၏" ဟု ရှေးဦးစွာ မှတ်သားရာ၏။

အပြစ်မလွတ်သောအဖွဲ့သည် အဆင်းသွင်ပြင်သဏ္ဌာန် ပုံဟန်မလှသော အမျိုးသမီး, ဝက်ခြံ တင်းတိပ် နူနာ သမင်ရက်-စသည် စွဲကပ်နေသော အမျိုးသမီးနှင့်တူ၏၊ အပြစ်ဒေါသမှ ကင်းလွတ်သော အဖွဲ့အနွဲ့အစည်သည် ပင်ကိုယ်ချော အမျိုးသမီးကလေးနှင့်တူ၏၊ ပြဆိုခဲ့ပြီးသော ဂုဏ်တို့သည် ထိုအမျိုးသမီးကလေး၏ လင်ဝတ်ကျေပွန်ခြင်း, အရာရာ၌ လိမ္မာရေးခြားရှိခြင်း-စသော ဂုဏ်ထူးနှင့်တူ၏၊ ဆိုလတ္တံ့သော အတ္ထာလင်္ကာရတို့သည်ကား ရွှေငွေစိန်ကျောက်-စသော ပစ္စည်းဥစ္စာ, ပုတီးလက်ကောက်-စသော အဆင်တန်ဆာတို့နှင့်တူကုန်၏။

အဆိုပါပင်ကိုယ်ချော အမျိုးသမီးကလေးသည် လင်ဝတ်ကျေပွန်ခြင်း, လိမ္မာရေးခြားရှိခြင်း-စသော ဂုဏ်တို့နှင့် ပြည့်စုံသည့်အပြင် ပစ္စည်းကြွယ်ဝ, ပုတီးလက်ကောက်-စသော အဆင်တန်ဆာတို့ဖြင့် မွမ်းမံပြုပြင် တန်ဆာဆင်ယင်ထားပါမူကား အလွန်ပင်တင့်တယ်၏၊ မြင်ရသူတို့၏ စိတ်ကို ယိုဖိတ်စေ၏၊ တိမ်းညွတ်မက်မောစေ၏။

ထိုနည်းတူစွာ အပြစ်ဒေါသကင်းစင်သည့် ပင်ကိုယ်ချော အဖွဲ့ဗန္ဓသည် သဒ္ဒါတည်းဟူသော အဆင်တန်ဆာ ပသာဒ-စသော ဂုဏ်တို့နှင့် ပြည့်စုံသည့်အပြင် ဆိုလတ္တံ့သော အနက်တန်ဆာ အတ္ထာလင်္ကာရတို့နှင့် ပြည့်စုံပါမူကား အလွန်ပင်ကောင်းမြတ်၏၊ ပညာရှိတို့၏ စိတ်ကို ယိုဖိတ်စေ၏၊ တပ်မက်စေ၏၊ ဆွဲဆောင်နိုင်၏။

http://www.dhammadownload.com

အတ္ထာလင်္ကာရဘေဒ

၁၆၅။ သဘာဝဝင်္ကဝုတ္တိနံ , ဘေဒါ ဒ္ဝိဓာ အလံကြိယာ၊
ပဌမာ တတ္ထ ဝတ္ထူနံ , နာနာဝတ္ထာဝိဘာဝိနီ။

၁၆၅။ အလံကြိယာ–အလင်္ကာတို့သည်၊ သဘာဝဝင်္ကဝုတ္တိနံ–သဘာဝဝုတ္တိ, ဝင်္ကဝုတ္တိတို့၏၊ ဘေဒါ–အပြားအားဖြင့်၊ ဒ္ဝိဓာ–နှစ်ပါးပြားကုန်၏၊ တတ္ထ–ထိုနှစ်ပါးတို့တွင်၊ ဝတ္ထူနံ–ဇာတ်, ဂုဏ်, ကြိယာ, ဒြပ်, နာမ်–ဟု ဆိုအပ်သော ပုဒ်နက်ဝတ္ထုတို့၏၊ နာနာဝတ္ထာဝိဘာဝိနီ–(အံ့သြဖွယ်ရာ,) အထူးထူးသော အခိုက်အတန့်ကို ပြတတ်သော အလင်္ကာသည်၊ ပဌမာ–ရှေးဦးစွာသော သဘာဝဝုတ္တိအလင်္ကာမည်၏။

ထို့ကြောင့် အနက်တန်ဆာ အတ္ထာရင်္ကာရတို့ကို ဆိုရပေတော့မည်၊ အတ္ထာလင်္ကာရ ပြည့်စုံအောင် ရေးသားလိုသောသူ, ရှေးဆရာများတို့ ရေးသားထားသော စာပေများ၌ ပါဝင်သောအနက် အဆင်တန်ဆာတို့ကို နားလည်လိုသောသူ, ပညာရှိကဝိတစ်ဆူ ပြုလုပ်လိုသောသူတို့သည် ဤအတ္ထာလင်္ကာရ–စတုတ္ထပိုင်းကို အားကြိုးမာန်တက်, နှစ်သက်သော စိတ်ဖြင့် လေ့လာသင်ကြားသင့်လှပေသတည်း။

အတ္ထာလင်္ကာရဘေဒ

၁၆၅။ ထိုအတ္ထာလင်္ကာရတို့သည်–

(၁) သာယာနာပျော်ဖွယ်ရှိအောင် မသွယ်မဝိုက် တိုက်ရိုက်ပြောဆိုသော သဘာဝဝုတ္တိအလင်္ကာ,

(၂) တိုက်ရိုက်မဟုတ် သွယ်ဝိုက်၍ပြောဆိုသော ဝင်္ကဝုတ္တိအလင်္ကာ–ဟု နှစ်မျိုးပြားကုန်၏၊ ထိုနှစ်မျိုးတို့တွင် သဘာဝဝုတ္တိအလင်္ကာသည်–

၁။ ဇာတ်၏ ထူးထွေဆန်းကြယ်သော အခိုက်အတန့်သဘောကို သာယာနာပျော်ဖွယ်ရှိအောင် မသွယ်မဝိုက်, တိုက်ရိုက်ပြဆိုသော ဇာတိသဘာဝဝုတ္တိအလင်္ကာ,

၂။ ဂုဏ်၏ ထူးထွေဆန်းကြယ်သော အခိုက်အတန့်သဘောကို သာယာနာပျော်ဖွယ်ရှိအောင် မသွယ်မဝိုက်, တိုက်ရိုက်ပြဆိုသော ဂုဏသဘာဝဝုတ္တိအလင်္ကာ,

၃။ ကြိယာ၏ ထူးထွေဆန်းကြယ်သော အခိုက်အတန့်သဘောကို သာယာနာပျော်ဖွယ်ရှိအောင် မသွယ်မဝိုက်, တိုက်ရိုက်ပြဆိုသော ကြိယာသဘာဝဝုတ္တိအလင်္ကာ,

၄။ ဒြပ်၏ ထူးထွေဆန်းကြယ်သော အခိုက်အတန့်သဘောကို သာယာနာပျော်ဖွယ်ရှိအောင် မသွယ်မဝိုက်, တိုက်ရိုက်ပြဆိုသော ဒဗ္ဗသဘာဝဝုတ္တိအလင်္ကာ,

၅။ နာမ်၏ ထူးထွေဆန်းကြယ်သော အခိုက်အတန့်သဘောကို သာယာနာပျော်ဖွယ်ရှိအောင် မသွယ်မဝိုက်, တိုက်ရိုက်ပြဆိုသော နာမသဘာဝဝုတ္တိအလင်္ကာ–ဟု ငါးမျိုးပြား၏။

http://www.dhammadownload.com

ယထာ–

၁၆၆။ လီလာဝိကန္တိ သုဘဂေါ , ဒိသာထိရဝိလောကနော၊
ဗောဓိသတ္တကုံရော ဘာသံ , ဝိရောစိ ဝါစမာသဘိ"။

ဆောင်။ ။ ဇာတ်–ဂုဏ်–ကြီယာ, ဒဗ္ဗာ–နာမ, သဘာဝကို, တိုက်ရိုက်ဆို, ခေါ်ဆို သဘာဝ။

ပြန်ပုံစံ။ ။ **၁၆၆။** တောရပ်တွင်ဖွား, လောင်းမင်းသားသည်, ဖဝါးတံဆိပ်, နင်းနှိပ်လှမ်းထောက်, မြောက်သို့စူးစူး, ကွန့်မြူးကြွားကြွား, ဖြန့်သွားခုနစ်ခါ, ဆယ်မျက်နှာကို, ကြည့်ကာရဲတင်း, ရွှံ့ရှားကင်းသား, မြတ်စကားကို, ကြုံဝါးသာကြူ, မိန့်တော်မူသည်....နတ်လူတို့လယ် တင့်တယ်စွာ့။

ရှင်း ။ ဤ၌ (၁)တန်ဆာဆင်အပ်သော အလင်္ကာရိယ, (၂)ဇာတ်–စသည်တို့၏ ထူးထွေဆန်းကြယ်သော အခိုက်အတန့်သဘော–ဟု ဆိုအပ်သော သဘာဝဂုတ္တိ, (၃) တန်ဆာဆင်ကြောင်းဖြစ်သော အလင်္ကာ၊ ဤသုံးမျိုးတို့ကို သီးသန့်ပိုင်းခြားလျက် ထင်ရှားအောင် ရှင်းလင်း၍ပြပေအံ့။–

၁။ အထက်ပါပုံစံ၌ ဘုရားအလောင်းဒြပ်သည် ပြုအပ်သော သွားခြင်း–အစရှိသည်တို့သည် တန်ဆာဆင်ယင်အပ်သောသဘော ဖြစ်သောကြောင့် အလင်္ကာရိယမည်၏။

၂။ ဘုရားအလောင်းဒြပ်တော်၏ တင့်တယ်သောသွားခြင်း, အရပ်ဆယ်မျက်နှာတို့ကို ကြည့်ရှုခြင်း, မကြောက်မရွံ့ကြုံဝါးမြွက်ဆိုခြင်း–ဟု ဆိုအပ်သော အခိုက်အတန့်ကို ထင်စွာပြတတ်သော ၄င်းအဖွဲ့သည် ဒဗ္ဗသဘာဝဂုတ္တိမည်၏။

၃။ ထိုအဖွဲ့သည်ပင်လျှင် ဘုရားအလောင်းဒြပ်တော်သည် ပြုအပ်သော သွားခြင်း–စသော ဆန်းကြယ်သော သဘောကို တန်ဆာဆင်သောကြောင့် အလင်္ကာမည်၏၊ နောက်စကားနှစ်ရပ်ကို ပေါင်းစပ်၍ ဤပုံစံကို "ဒဗ္ဗသဘာဝဂုတ္တိအလင်္ကာ"ဟု ခေါ်သည်။

[ဇာတိ–ဂုဏ–ကြီယာ–နာမ–သဘာဝဂုတ္တိတို့ကိုလည်း ဤနည်းအတိုင်းပင် ခွဲစိတ်ဝေဖန်ပါလေ။]

ဆောင်။ ။ ဒြပ်ပြုထား, သွားခြင်း–ကြည့်ခြင်း, မြွက်ဆိုခြင်းပင်, အလင်္ကာရိ, မြဲမှတ်သိလေ၊ ပြဘိထိုကို, ဝုတ္တိဆိုလျှင်, ထိုပင်အလင်္ကာ, မည်ရပါသည်....စိတ်ဖြာဤနည်းနှင့်နှင်တည်း။

ဇာတိသဘာဝဂုတ္တိ ပုံစံ

တို့ရပ်တို့ရွာ, တို့ခန်းဝါ၌, ခန္ဓာရှက်ဆိုင်း, နေမြဲတိုင်းသား, သက်ပိုင်းယိုယွင်း, ကံကုန်ခြင်းနှင့်, ထမင်းရေစာ, အခါလွန်လျက်, မာန်ပြိုင်တက်၍, မျက်ထွက်တုံငြား, ဤသို့အားဖြင့်, လေးပါးကြောင်းချာ, စုတိရာတွင်....။ (၀၀–၈။)

http://www.dhammadownload.com

၁၆၆။ ယထာ-ကား၊ လိလာဝိကန္တိ တျာဒိ . . . . တည်း၊ ဗောဓိသတ္တကုံရော-ဖွားမြင်ကာစဖြစ်သော ဘုရားအလောင်းတော်သည်၊ လိလာဝိကန္တိသုဘဂေါ-တင့်တယ်စံပယ်သော ခုနစ်ဖဝါးလှမ်းကြွသွားခြင်းဖြင့် တင့်တယ်ကောင်းမြတ်သည်ဖြစ်၍၊ ဒိသာထိရဝိလောကနော-အရပ်ဆယ်မျက်နှာတို့ကို မတုန်မလှုပ် ကြည့်ရှုတော်မူလျက်၊ အာသဘိ-ရွှံ့ရှားခြင်းကင်း, ရဲတင်းသော၊ ဝါစံ-(အဂ္ဂေါဟမသ္မိ လောကဿ၊ ဇေဋ္ဌောဟမသ္မိ လောကဿ၊ သေဋ္ဌောဟမသ္မိ လောကဿ-ဟူသော)စကားတော်ကို၊ ဘာသံ-ကျူးရင့်မြွက်ဆိုတော်မူလျက်၊ ဝိရောစိ-(နတ်လူတို့အလယ်) တင့်တယ်တော်မူလေပြီ။

ဤပုံစံသည် နတ်ဇာတ်၏ ထူးခြားဆန်းကြယ်သော သရခြင်းလေးမျိုးအကြောင်းသဘောကို သာယာနာပျော်ဖွယ်ရှိအောင် မသွယ်မဝိုက် တိုက်ရိုက်ဆိုသောကြောင့် "ဇာတိသဘာဝဝုတ္တိ" မည်၏။

ဂုဏသဘာဝဝုတ္တိ ပုံစံ

ရူပ-သဒ္ဒ, ဂန္ဓ-ရသာ, ဖောဋ္ဌဗ္ဗာ-ဟု, ဓမ္မာလောကေ, ဤလူ့မြေ၌, သဠေတနာ, မယ်ဥမ္မာကို, အာသဝေါစင်, မဟုတ်လျှင်မူ, မမြင်လေမှ, မြင်ကြရလျှင်, သရာဂစိတ်, ရေ့နယ်ဖိတ်၍, ဆို့ပိတ်မဖြစ်, တားဆီးမြစ်လည်း, ဥပ္ပဇ္ဇတိ, သမာဓိပင်, မရှိနိုင်ရှောင်း, သူ့ဆုတောင်းသည်, ပြည့်ကြောင်း ထုတ်ဖော်, ရွှေကျောင်းပေါ်၌, ကိုယ်တော်ပွဲတွေ့, ကြုံသရွေ့ကို, စုံစေ့ဘုရား, ဟောမြွက်ကြား၍, ယုံမှားသင်္ကာ, မရှိရာပြီ။ (ဥမ္မာ-၁၉။)

ဤလင်္ကာသည် ဥမ္မာဒန္တီ၏ ကုသိုလ်ဆုတောင်းတည်းဟူသောဂုဏ်၏ ထူးထွေဆန်းကြယ်သော သဘောကို တိုက်ရိုက်ဆိုသောကြောင့် "ဂုဏသဘာဝဝုတ္တိ" မည်၏။

ပုံစံတစ်နည်း

မင်းမှာသစ္စာ, လူမှာကတိ, ဆိုရိုးယိုတိုင်း, မြဘိဘယ်ခါ, မချွတ်ရာဘူး၊ သစ္စာနှင့်ကြုံ, ရေစီးတုံ-ဟု, လူပုံဆိုမှူ, ဥဒါန်းပြုရှင့်၊ အကုသိုလ်မှာ, မုသာဝါဒ, ကုသိုလ်မှကား, သစ္စဝါစာ, လေးဆုံးသာတည့်၊ သစ္စာဘောက်လှန်, မတော်မှန်က, ဘေးဒဏ်ရောက်ကာ, ပျက်တတ်စွာ၏၊ သစ္စာနှုတ်သီး, မန္တာန်ကြီးကား, သေပြီးသော်မှ, ရှင်ပြန်ရ၏။ (မဃ-၂၄၀။)

ကြီယာသဘာဝဝုတ္တိ ပုံစံ

ရှစ်သောင်းဝန်းလျား, ဆွေတော်များ၏, မိုးဖျားမြင့်ဝှန်, မာန်တမ်းခွန်ကို, နင်းလှန်ချိုးဖျက်, ကောင်းကင်ထက်မှ, ဆင်းသက်ကြွလာ, ဆန်းကြယ်စွာသား, သီဟာသန, နေရာမထက်, ဘုရားဘွယ်ရာ, ချမ်းသာခံယူ, စံတော်မူက, ထိန်ဆူပတ်ယှက်, မိုးကြီး တက်၍, ကြာဘက် တရှိ, ကြေးနီ့အရည်, သွင်သွင်

http://www.dhammadownload.com

ဝက်ဝုတ္တိသဘာဝနှင့် ပဋိညာဉ်

၁၆၇။ ဝုတ္တိ ဝတ္ထုသဘာဝဿ , ယာညထာ သာ ပရာ ဘဝေ၊
တဿာနန္တ ဝိကပ္ပတ္တာ , ဟောတိ ဗီဇောပဒဿနံ။

လည်လျက်, အုပ်စည်ပြောဟို, ရပ်ထိုထိုမှ, စွတ်လိုသူ, လူသာစွတ်ရ, ရွာသွန်းချသော်, သည့်ပ ရှေးဦး, ကြားဘူးမထင်, မမြင်ဘူးပါ, သည်တခါတွင်, ကြမ္မာတော်လှ, မြော်စ ရဟု, ပြောပအံ့အာ, ချီးမွမ်းရာတွင်။ (ဝ၀- ၄။)

ဤအဖွဲ့သည် ပေါက္ခရမိုး ရွာသွန်းခြင်း-တည်းဟူသော ကြိယာ၏ ဆန်းကြယ်သော သဘောကို မသွယ်မဝိုက်, တိုက်ရိုက်ဆိုအပ်သော "ကြိယာသဘာဝဝုတ္တိအလင်္ကာ"ရှိသော အဖွဲ့တည်း။

ဒဗ္ဗသဘာဝဝုတ္တိပုံစံ

ဝေဿန္တ ရာ, မျက်နှာမြင်မြော်, ထိုသရော်၌, လက်တော်ဆန့်ကာ, ပေးစွန့်ရာသည်, ဥစ္စာဖွဲ့ဖွဲ့, ရှိပါစုံ-ဟု, ဆွတ်ပျံ့သံလေး, မေးလတ်ဆိုသော်။
(ဝ၀-၁၆။) [ပြဆိုခဲ့ပြီးသည့်အတိုင်း စစ်လေ။]

နာမသဘာဝဝုတ္တိပုံစံ

အုပ်စည်သောင်းသောင်း, လူအပေါင်းတို့, လိုပေါင်းလိုမယ်, ရစလွယ်သား, ရောင်းဝယ်ဖောက်ကား, ကုန်သည်များ၏, စည်းပွားရှာဘမ်း, လမ်းအချက်ဝယ်, သားဘုန်းကြွယ်ကို, တင့်တယ်လက္ခဏာ, မျက်နှာထင်ရှား, မြင်လတ်ငြားရှ, အများထင်ပေါ်, သမိုက်ခေါ်သည်.... မည်တော်ဝေဿန္တ ရာတည်း။
(ဝ၀-၁၅။)

ဤအဖွဲ့သည် ဝေဿန္တ ရာ-တည်းဟူသော အမည်၏ ဆန်းကြယ်သောသဘောကို မသွယ်မဝိုက်, တိုက်ရိုက်ဆိုအပ်သော "နာမသဘာဝဝုတ္တိအလင်္ကာ"ရှိသော အဖွဲ့တည်း။

ဤနာမသဘာဝဝုတ္တိအလင်္ကာကို ဋီကာဆရာများ မပြပေ၊ ဖြစ်သင့်သောကြောင့် ထည့်ပြလိုက်ပါသည်၊ မန်လည်ဆရာတော်ဘုရားကြီးလည်း နာမသဘာဝဝုတ္တိ ရှိသင့်သည်-ဟု ယူ၏။

ဝက်ဝုတ္တိသဘာဝနှင့် ပဋိညာဉ်

၁၆၇။ ။ဇာတျာဒိက, ပဒတ္ထကို, မဆိုတိုက်ရိုက်, သွယ်ဝိုက်၍သာ, ပြဆိုပါက, ဝက်ဝုတ္တိ, အမည်ရှိ၏၊ မှတ်သိထိုကား, အလွန်များ၍, နည်းပါးမြွက်မျှ, ပြဆိုရသည်....နည်းရကုန်လုံး သိရန်တည်း။

ဇာတ်-စသည်တို့၏ ထိုထိုအခိုက်အတန့်သဘောကို ကြံဆသွယ်ဝိုက်သောအားဖြင့် ဆိုသောအလင်္ကာသည် "ဝက်ဝုတ္တိအလင်္ကာ" မည်၏၊ ထိုသို့ ကြံဆသွယ်ဝိုက်သောအားဖြင့် ပြောဆိုပုံနည်းလမ်းသည် ရေးသားပြောဆို၍ မဆုံးနိုင်လောက်အောင်ပင် များပြား၏၊

http://www.dhammadownload.com

၁၆၇။ ဝတ္ထုသဘာဝဿ–ဇာတ်စသော ပုဒ်အနက်တို့၏ (ထိုထိုအခိုက်အတန့်၌ ဖြစ်သော) သဘောကို၊ အညထာ–(မုချတိုက်ရိုက်မှတစ်ပါး,) သွယ်ဝိုက်သောအခြင်း အရာအားဖြင့်၊ ယာ ဝုတ္တိ–အကြောင်ဆိုခြင်းသည်၊ အတ္ထိ–ရှိ၏၊ သာ–ထိုဆိုခြင်းသည်၊ ပရာ–တစ်ပါးသော ဝင်္ကဝုတ္တိအလင်္ကာ မည်သည်၊ ဘဝေ–ဖြစ်၏၊ တဿ–ထိုဝင်္ကဝုတ္တိ၏၊ အနန္တ ဝိကပ္ပတ္တာ–(အဆုံးအပိုင်းအခြားမရှိ) များသောအပြားရှိသည်၏ အဖြစ်ကြောင့်၊ ဗီဇောပဒဿနံ–အကြောင်းမျှ ပြခြင်းသည်၊ ဝါ–အနည်းငယ်မျှ ပြခြင်းသည်၊ ဟောတိ–ဖြစ်၏၊ ဝါ–ဖြစ်လတ္တံ့။

ဝင်္ကဝုတ္တိဘေဒ–၃၅

၁၆၈။ တတ္ထာတိဿယဉ္စပမာ , ရူပကာဝုတ္တိ ဒီပကံ၊
အင်္ကေပေါတ္ထန္တ ရနျာသော , ဗျတိရေကော ဝိဘာဝနာ။ (၉)
၁၆၉။ ဟေတုက္ကမော ပိယတရံ , သမာသပရိကပ္ပနာ၊
သမာဟိတံ ပရိယာယ , ဝုတ္တိ ဗျာဇောပဝဏ္ဏနံ။ (၈)
၁၇၀။ ဝိသေသရုဇ္ဇာဟင်္ကာရာ , သိလေသော တုလျယောဂိတာ၊
နိဒဿနံ မဟန္တ တ္တံ , ဝဉ္ဆနာပွကတတ္ထုတိ။ (၈)
၁၇၁။ ဧကာဝဋ္ဋိ အညမညံ , သဟဝုတ္တိ ဝိရောဓိတာ၊
ပရိဝုတ္တိဗ္ဘမော ဘာဝေါ , မိဿမာသီ ရသီ ဣတိ။ (၁၀=၃၅)
၁၇၂။ ဧတေ ဘေဒါ သမုဒ္ဒိဋ္ဌာ , ဘာဝေါ ဇီဝိတမုစ္စတေ၊
ဝင်္ကဝုတ္တိသု ပေါသေတိ , သိလေသော တု သိရိ ံ ပရံ။

၁၆၈။ တတ္ထ–ထိုဝင်္ကဝုတ္တိအလင်္ကာ၌၊ အတိဿယဉ္စပမာ–အတိဿယအလင်္ကာ, ဥပမာအလင်္ကာတို့လည်းကောင်း၊ ရူပကာဝုတ္တိ–ရူပကအလင်္ကာ, အာဝုတ္တိအလင်္ကာတို့လည်းကောင်း၊ ဒီပကံ–ဒီပကအလင်္ကာလည်းကောင်း၊ အင်္ကေပေါ–အင်္ကေပအလင်္ကာလည်းကောင်း၊ အတ္ထန္တ ရနျာသော–အတ္ထန္တ ရနျာသအလင်္ကာလည်းကောင်း၊ ဗျတိရေကော–ဗျတိရကအလင်္ကာလည်းကောင်း၊ ဝိဘာဝနာ–ဝိဘာဝနာအလင်္ကာလည်းကောင်း။ [၉]

ထို့ကြောင့် အကုန်အစင်ကို မပြဆိုနိုင်ချေ၊ နည်းရုံ အနည်းငယ်မျှသာ ပြဆိုရတော့အံ့၊ ထိုပြဆိုလတ္တံ့သော တစ်ခုခုသောနည်းသည် မိမိနှင့် သဘောတူသော အဆုံးအပိုင်းအခြား မရှိသော အပြားကို သိစေနိုင်ပေလိမ့်မည်။

ဝင်္ကဝုတ္တိအပြား

၁၆၈–၁၇၂။ ။အတိ–ဥပမာ, ရူပကာနှင့်, အာဝုတ်–ဒီပကံ, အင်္ကေပံတည့်၊ အတ္ထန်–ဗျတိရေ, ဝိ–ဟေ–ကမ, ပိယတရာ, သမာ–ပရိ, သမာဟိတာ, ပရိယာယ, ဗျာဇောပ–ဝိသေ, တစ်ထွေရုဇ္ဇ, သိလေသနှင့်, တုလျယောဂိ, နိဒဿန,

http://www.dhammadownload.com

၁၆၉။ ဟေတု-ဟေတုအလင်္ကာလည်းကောင်း၊ ကမော-ကမအလင်္ကာလည်းကောင်း၊ ပိယတရံ-ပိယတရအလင်္ကာလည်းကောင်း၊ သမာသပရိကပ္ပနာ-သမာသဝုတ္တိအလင်္ကာ, ပရိကပ္ပနာအလင်္ကာတို့လည်းကောင်း၊ သမာဟိတံ-သမာဟိတအလင်္ကာလည်းကောင်း၊ ပရိယာယဝုတ္တိ-ပရိယာယဝုတ္တိအလင်္ကာလည်းကောင်း၊ ဗျာဇောပဝဏ္ဏနံ-ဗျာဇောပဝဏ္ဏနအလင်္ကာလည်းကောင်း။ [၈]

၁၇၀။ ဝိသေသာရဏ္ဍာဟင်္ကာရာ-ဝိသေသအလင်္ကာ, ရဏ္ဍာဟင်္ကာရအလင်္ကာတို့လည်းကောင်း၊ သိလေသော-သိလေသအလင်္ကာလည်းကောင်း၊ တုလျယောဂိတာ-တုလျယောဂိတာအလင်္ကာလည်းကောင်း၊ နိဒဿနံ-နိဒဿနအလင်္ကာလည်းကောင်း၊ မဟန္တ တ္တံ-မဟန္တ တ္တအလင်္ကာလည်းကောင်း၊ ဝဉ္ဆနာ-ဝဉ္ဆနာအလင်္ကာလည်းကောင်း၊ အပ္ပကတတ္ထုတိ-အပ္ပကတတ္ထုတိအလင်္ကာလည်းကောင်း။ [၈]

မဟန္တ-ဝဉ္ဆနာ, အပ္ပကာပြင်, ဧကာ-အည, သဟဝုတ္တိ, ဝိရောဓိတည်း၊ ပရိဝုတ်-ဘမ, ဘာဝတစ်ဖြာ, မိဿာ-အာသီ, ရသိနောက်ဖျား, သုံးဆယ့်ငါးသည်.... *အပြားဝက်ဝုတ္တိတည်း။

ထိုတွင်ဘာဝ, ပါဝင်မှသာ, ဇီဝသက်ဝင်, ကဗျာရှင်တည်း၊ ထို့ပြင်သိလေ, ပါဝင်လေမူ, သရေပြည့်ဖြိုး, လွန်လွန်တိုးသည်....နှစ်မျိုးထူး၍မှတ်ရာသော်။

[ဝက်ဝုတ္တိအပြား-ဟု ဆိုလိုလျက် ရှေ့နောက်ပြန်ထားသည်၊ ၄င်းကို မြန်မာမှုဒ္ဓဝုတ္တိသန္ဓိနည်း ခေါ်သည်။]

ထိုဝက်ဝုတ္တိအလင်္ကာသည်-

၁။ အတိသယဝုတ္တိအလင်္ကာ---လွန်စွာပြဆို ဆင်ယင်နည်း၊
၂။ ဥပမာအလင်္ကာ---　　နှိုင်းခိုင်း ဆင်ယင်နည်း၊
၃။ ရူပကအလင်္ကာ---　　အတူပြု ဆင်ယင်နည်း၊
၄။ အာဝုတ္တိအလင်္ကာ---　　ထပ်ဆို ဆင်ယင်နည်း၊
၅။ ဒီပကအလင်္ကာ---　　ထွန်းပြ ဆင်ယင်နည်း၊
၆။ အက္ခေပအလင်္ကာ---　　တားမြစ်ပစ်ပယ် ဆင်ယင်နည်း၊
၇။ အတ္ထန္တရန္ယာသအလင်္ကာ---ထောက်ခံ ဆင်ယင်နည်း၊
၈။ ဗျတိရေကအလင်္ကာ---　　အထူးပြ ဆင်ယင်နည်း၊
၉။ ဝိဘာဝနာအလင်္ကာ---　　ထင်စွာပြကာ ဆင်ယင်နည်း၊
၁၀။ ဟေတုအလင်္ကာ---　　အကြောင်းဖြင့် ဆင်ယင်နည်း၊
၁၁။ ကမအလင်္ကာ---　　အစဉ်ညီမျှ ဆင်ယင်နည်း၊
၁၂။ ပိယတရအလင်္ကာ---　　လွန်စွာနှစ်သက်သည်ကို ပြဆို ဆင်ယင်နည်း၊
၁၃။ သမာသဝုတ္တိအလင်္ကာ---　　ချုံးဆို ဆင်ယင်နည်း၊
၁၄။ ပရိကပ္ပနာအလင်္ကာ---　　ကြံဆ ဆင်ယင်နည်း၊

http://www.dhammadownload.com

၁၇၁။ ဧကာဝဠိ-ဧကာဝဠိအလင်္ကာလည်းကောင်း၊ အညမညံ-အညမည အလင်္ကာလည်းကောင်း၊ သဟဝုတ္တိ-သဟဝုတ္တိအလင်္ကာလည်းကောင်း၊ ဝိရောဓိတာ-ဝိရောဓိအလင်္ကာလည်းကောင်း၊ ပရိဝုတ္တိ-ပရိဝုတ္တိအလင်္ကာလည်းကောင်း၊ ဘမော-ဘမအလင်္ကာလည်းကောင်း၊ ဘာဝေါ-ဘာဝအလင်္ကာလည်းကောင်း၊ မိဿံ-မိဿအလင်္ကာလည်းကောင်း၊ အာသီ-အာသီအလင်္ကာလည်းကောင်း၊ ရသီ-ရသီအလင်္ကာလည်းကောင်း၊ လ္လတိ-ဤသို့။- [၁၀=၃၅]

၁၇၂။ ဧတေ ဘေဒါ-ဤ ၃၅-ပါးသောအပြားတို့ကို၊ သမုဒ္ဒိဋ္ဌာ-အကျဉ်းအားဖြင့် ဆိုအပ်ကုန်ပြီ၊ (တတ္ထ-ထို ၃၅-ပါးတို့တွင်၊) ဘာဝေါ-ဘာဝအလင်္ကာကို၊ ဇိဝိတံ-အဖွဲ့ဗန္ဓ၏ အသက်ဟူ၍၊ ဥစ္စတေ-ဆိုအပ်၏၊ သိလေသောတု-သိလေသအလင်္ကာသည်ကား၊ ဝက်ဝုတ္တိသု-ဝက်ဝုတ္တိအလင်္ကာတို့၌၊ ပရံ-လွန်စွာ၊ သိရိံ-ကျက်သရေကို၊ ပေါသေတိ-တိုးပွားစေ၏။

၁၅။ သမာဟိတအလင်္ကာ--- အကြောင်းတစ်ပါးရ ဆင်ယင်နည်း၊
၁၆။ ပရိယာယဝုတ္တိအလင်္ကာ---ပရိယာယ်ဆို ဆင်ယင်နည်း၊
၁၇။ ဗျာဇောပဝဏ္ဏနအလင်္ကာ---ကဲ့ရဲ့ယောင်မူ ချီးမွမ်းရာရောက် ဆင်ယင်နည်း၊
၁၈။ ဝိသေသဝုတ္တိအလင်္ကာ--- အထူးပြောဆို ဆင်ယင်နည်း၊
၁၉။ ရုဇ္ဇာဟက်ာရအလင်္ကာ--- ကြိုးဝါး ဆင်ယင်နည်း၊
၂၀။ သိလေသအလင်္ကာ--- အနက် ဖက်စပ်ကပ်တွဲ ဆင်ယင်နည်း၊
၂၁။ တုလျယောဂိတာအလင်္ကာ ဂုဏ်တူထား ဆင်ယင်နည်း၊
၂၂။ နိဒဿနအလင်္ကာ--- အကျိုးတစ်ပါးဆက်ပြ ဆင်ယင်နည်း၊
၂၃။ မဟန္တ တ္တအလင်္ကာ--- ကြီးကျယ်ခမ်းနားပုံပြ ဆင်ယင်နည်း၊
၂၄။ ဝဉ္စနာအလင်္ကာ--- လျှို့ဝှက် ဆင်ယင်နည်း၊
၂၅။ အပွကတတ္ထုတိအလင်္ကာ---မလုပ်နိုင်ဘဲ ချီးဲပုံပြ ဆင်ယင်နည်း၊
၂၆။ ဧကာဝဠိအလင်္ကာ--- ဂုဏ်ထူးစဉ်လျက် တန်ဆာ ဆင်ယင်နည်း၊
၂၇။ အညမညဝိဘူသနအလင်္ကာ-အပြန်အလှန် ဆင်ယင်နည်း၊
၂၈။ သဟဝုတ္တိအလင်္ကာ--- တကွဖြစ်သည်ကို ထုတ်ဆို ဆင်ယင်နည်း၊
၂၉။ ဝိရောဓိအလင်္ကာ--- ဆန့်ကျင်ဘက်ရောနှော ဆင်ယင်နည်း၊
၃၀။ ပရိဝုတ္တိအလင်္ကာ--- အပေးအယူ ဆင်ယင်နည်း၊
၃၁။ ဘမအလင်္ကာ--- ထင်ယောင်ထင်မှား ဆင်ယင်နည်း၊
၃၂။ ဘာဝအလင်္ကာ--- သဘောပြ ဆင်ယင်နည်း၊
၃၃။ မိဿအလင်္ကာ--- ရောနှော ဆင်ယင်နည်း၊
၃၄။ အာသီအလင်္ကာ--- တောင့်တ ဆင်ယင်နည်း၊
၃၅။ ရသီအလင်္ကာ--- အရသာပေါ်ထွက်အောင် ဆင်ယင်နည်း။-
ဤသို့လျှင် ၃၅-ပါး ပြား၏။

http://www.dhammadownload.com

၁။ အတိသယဝုတ္တိ-အလင်္ကာ

၁၇၃။ ပကာသကာ ဝိသေသဿ , သိယာတိသယဝုတ္တိ ယာ၊
လောကာတိက္ကန္တ ဝိသယာ , လောကိယာတိ စ သာ ဒ္ဝိဓာ။

၁၇၃။ ယာ(ဝုတ္တိ)-အကြင်အလင်္ကာသည်၊ ဝိသေသဿ-(ဇာတ်စသော ပဒတ္ထဉ်ဖြစ်သော) ဂုဏ်အထူးကို၊ ပကာသကာ-ပြတတ်၏၊ သာ-ထိုအလင်္ကာသည်၊ အတိသယဝုတ္တိ-အတိသယဝုတ္တိအလင်္ကာမည်သည်၊ သိယာ-ဖြစ်၏၊ သာ-ထိုအတိသယဝုတ္တိအလင်္ကာသည်၊ လောကာတိက္ကန္တ ဝိသယာတိစ-(လောကသဘောကို လွန်သောအရာရှိသော) လောကာတိက္ကန္တ အလင်္ကာဟူ၍လည်းကောင်း၊ လောကိယာတိစ-(လောကသဘောကို မလွန်မူ၍ဖြစ်သော) လောကိယအလင်္ကာဟူ၍လည်းကောင်း၊ ဒ္ဝိဓာ-နှစ်ပါးပြား၏။

ထိုဝက်ဝုတ္တိအလင်္ကာ ၃၅-မျိုးတို့တွင် ဘာဝအလင်္ကာသည် အဖွဲ့ဗန္ဓကဗျာ၏အသက်ဖြစ်၏၊ ထိုဘာဝအလင်္ကာမှ ကင်းသောကဗျာသည် အသက်ဝင်သောကဗျာမဟုတ်ချေ၊ ကဗျာသေမည်၏၊ သိလေသအလင်္ကာမူကား အတိသယ-စသော ဝက်ဝုတ္တိအကုန်လုံးတို့၌ ကျက်သရေ လွန်စွာပြည့်ဖြိုး တိုးတက်စေနိုင်၏၊ လွန်စွာတင့်တယ်စေနိုင်၏၊ သို့ဖြစ်၍ ထိုဘာဝအလင်္ကာနှင့်သိလေသအလင်္ကာ နှစ်မျိုးတို့သည် အလွန်ချီးမွမ်းဖွယ် ကောင်းလှပေ၏။

(၁) အတိသယဝုတ္တိ-အလင်္ကာ

၁၇၃။ ။လွန်ကဲပိုမို, အထူးဆို, ခေါ်ဆိုတိသယ။

[အတိ-အလွန်အကြူး၊ ဝုတ္တိ-ဆိုသည်။] "ပျော့ရာမှာ ဖယောင်း, မာရာမှာ သံချောင်း, ထက်ရာမှာ ရေစောင်း, (လေးရာမှာ ကျောက်မောင်း,) ပေါ့ရာမှာ ဗူးတောင်း, တုံးရာမှာ ဓားမဟောင်း"စသည်ဖြင့် အလွန်အကြူး အထူးကိုဆိုသော အလင်္ကာသည် "အတိသယဝုတ္တိအလင်္ကာ" မည်၏။

ထိုအတိသယဝုတ္တိအလင်္ကာသည်-

(က) လောကဉ် ထင်ရှားသောသဘောထက် လွန်ကဲသော လောကာတိက္ကန္တ,

(ခ) လောကဉ် ထင်ရှားသောသဘောကို မလွန်သော [လောကဉ် ထင်ရှားသော သဘောအတိုင်း ဆိုသော] လောကိယ-ဟု နှစ်ပါးရှိ၏။

ဆောင်။ ။လောကထင်ရှား, သဘောများထက်, ကျော်လွှားလွန်စွာ, ပြောဆိုပါမူ, လောကာ တိက္ကန္တ, တိသယတည်း၊ လောကထင်ရှား, သဘောများကို, လွန်စွာဆိုက, လောကိယ, မှတ်ကြတိသယာ။

http://www.dhammadownload.com

၁၇၄။ လောကိယာတိသယသေတေ , ဘေဒါ ယေ ဇာတိ အာဒယော၊
ပဋိပါဒိယတေ တွဒ္ဓ , လောကာတိက္ကန္တ ဂေါစရာ။

၁၇၄။ ဇာတိအာဒယော–ဇာတ်အစရှိကုန်သော၊ ယေ ဘေဒါ–အကြင်အပြားတို့သည်၊ သန္တိ–ရှိကုန်၏၊ ဧတေ–ထိုအပြားတို့သည်၊ လောကိယာတိသယသ–လောကိယာတိသယဝုတ္တိအလင်္ကာ၏၊ ဘေဒါ–အပြားတို့ပင် ဖြစ်ကုန်၏၊ အဒ္ဓတု–ယခုအခါ၌ကား၊ လောကာတိက္ကန္တ ဂေါစရာ–လောကာတိက္ကန္တ ဝိသယာတိသယဝုတ္တိအလင်္ကာကို၊ ပဋိပါဒိယတေ–ဥဒါဟရဏ်ဖြင့် ပြီးစေအပ်၏။

၁၇၄။ ထိုတွင် လောကိယာတိသယဝုတ္တိ အလင်္ကာသည် သဘာဝဝုတ္တိအလင်္ကာနှင့် (ဘေဒအားဖြင့်) မထူးခြားချေ၊ ထပ်တူထပ်မျှပင် ဖြစ်ချေသည်၊ ထို့ကြောင့် ထိုလောကိယာတိသယဝုတ္တိ အလင်္ကာသည်လည်း–

၁။ ဇာတိလောကိယာတိသယဝုတ္တိ,
၂။ ဂုဏလောကိယာတိသယဝုတ္တိ,
၃။ ကြိယာလောကိယာတိသယဝုတ္တိ,
၄။ ဒဗ္ဗလောကိယာတိသယဝုတ္တိ,
၅။ နာမလောကိယာတိသယဝုတ္တိ–

ဟု ငါးပါးပင် ပြားသည်။

ထိုငါးပါးတို့၏ သဘောသွားသည်လည်း ပြဆိုခဲ့ပြီးသော သဘာဝဝုတ္တိ၏သဘောသွားနှင့် များစွာမထူးခြားတော့ချေ၊ အနည်းငယ်မျှသာ ကွဲပြားတော့သည်၊ နယဂ္ဂါဟအားဖြင့်ပင် သိနိုင်လောက်ပြီဖြစ်၍ ထိုလောကိယာတိသယဝုတ္တိအလင်္ကာ၏ ပြယုဂ်ကို ပြဆိုဖွယ်မရှိတော့ပြီ၊ လောကာတိက္ကန္တာတိသယဝုတ္တိ အလင်္ကာ၏ပြယုဂ်မျှကိုသာ ပြရပေတော့အုံ–ဟု ဆိုလိုသည်။ [ဤကား စာကိုယ်ဆရာ၏ အာဘော်နှင့်အညီဆိုသော အဓိပ္ပာယ်တည်း။]

ဆောင်။ ။ လောကိယာတိသယ, သဘာဝတို့, ဘေဒတူညီ, ငါးပါးစီတည့်၊ သွေဖီသဘာဝ, နည်းငယ်မျှ, ထူးကြလေတော့သည်။

အတိသယဝုတ္တိအလင်္ကာကို သက္ကတတို့၌ "လောကာတိက္ကန္တ"တစ်မျိုးတည်းသာ ပြဆိုကြ၏၊ ထိုသို့ပြဆိုခြင်းသည် ပို၍ရှင်း၏၊ ဤကျမ်း၌ကား သဘာဝနှင့်ဝက်ဝုတ္တိတို့ကို ထပ်တူဆိုထားသောကြောင့် သောတုဇနတို့ အသိဉာဏ်ရှုပ်ဖွယ်သာ ဖြစ်ချေသည်၊ ထို့ကြောင့် သက္ကတလာတိုင်း တစ်မျိုးမျှသာ မှတ်သားသင့်၏၊ သို့မှသာ သဘာဝဝုတ္တိနှင့် ဝက်ဝုတ္တိအလင်္ကာတို့ ရောနှောယှက်တင်ခြင်းမှ ကင်းမည်၊ အသိဉာဏ်လည်း ပို၍ရှင်းမည်–ဟု ဆရာမြတ်တို့ မိန့်ဆိုကြ၏၊ စာကိုယ်ဆရာ၏ အာဘော်ကျကား ဖြစ်မည်မထင်၊ ငါတို့လည်း ဆရာတို့အလိုအတိုင်းပင် သဘောကျသည်။

http://www.dhammadownload.com

၁၇၅။ ပိဝန္တိ ဒေဟကန္တီ ယေ , နေတ္တဥ္ဇလိပုဋေန တေ၊
နာလံ ဟန္တုံ ဇိနေသံ တွံ , တဏ္ဍံ တဏ္ဍာဟရောပိ ကိံ။

စာကိုယ်ဆရာ၏အလိုကျ သဘာဝဝုတ္တိ, အတိသယဝုတ္တိ, မဟန္တ တ္တအလင်္ကာတို့၏ ထူးခြားကွဲပြားပုံကို မဟန္တ တ္တအလင်္ကာ (နှာ-၃၂၅)သို့ရောက်မှ ပြဆိုမည်။

ဒဗ္ဗလောကိယာတိသယဝုတ္တိ မြန်ပုံစံ

စွမ်းအင်အားကိုး, လူမျိုးမနိုင်, ကြီးခိုင်လွန်မင်း, အာကမြင်းကို, အလျှင်းသာပင်, မဆင်တန်ဆာ, ယူခဲ့လှာ၍, မကြာချက်ချင်း, အိမ်ရှေ့မင်းကို, သံညှင်းပျံ့ကြူ, မိန့်တော်မူသော်, ပြိုင်တူမထင်, အိမ်ရှေ့ရှင်ကား, ကြည်လင်ညွတ်ခ, ရှိဦးချပြီး, ထ၍ထွက်လျှင်, အလျင်မကြာ, မြင်းရှိရာသို့, ဘုန်းဝါပွင့်လူ, သွားတော်မူ၍, လွယ်ကူရက်ရက်, ဘမ်းတည့်တက်၍, ရှေ့လက်နှစ်ဖက်, မြေထက်နင်းချ, မကျစေဘဲး, ကျူးကဲးထူးထွေ, နောက်ခြေဖြင့်သာ, မြေမှာအနေ, နင်းချစေ၍, ဝိုက်ခွေဘယ်ညာ, လွယ်ကာအစ, ဆင်တူမျှကို, မရပြိုင်တူ, စီးတော်မူသည်····မြင်သူအံ့ကြ မူး၏တည်း။ [သူဇာ-၂၀၈။]

ပုံစံထုတ်က ဤပုံစံမျိုးကိုပင် ထုတ်ရပေမည်၊ ထိုသို့ထုတ်ကလည်း ဒဗ္ဗသဘာဝဝုတ္တိ အလင်္ကာနှင့် တစ်စုံတစ်ရာ ထူးခြားဖွယ်မရှိ၊ ထို့ကြောင့် ဆရာတို့၏ အလိုအတိုင်း ယူမှသာ ရှင်းလင်းလွယ်ကူပေလိမ့်မည်။

လောကာတိက္ကန္တာတိသယဝုတ္တိ ပြန်ပုံစံ

၁၇၅။ ။အဏုမြူမက, ပြင်းထန်လှသည့်, အရဟတ္တမဂ်, ဉာဏ်လက်နက်ဖြင့်, ငါးချက်မာရ်မျိုး, ပယ်နှိမ်ချိုးသား, မြေမိုးပေါ်ထင်, ဘုန်းတော်ရှင် !-, သခင်ကိုယ်မှ, ကွန့်မြူးကြသည့်, ထွန်းပယှက်လည်, ခြောက်ရောင်ခြည်ကို, သာကြည်ရွှင်ပြုံး, လက်မျက်လုံးဖြင့်, သိမ်းကျုံးသောက်သူ, များဗိုလ်လူ၏, ငတ်မူမပျက်, မွတ်သိပ်ချက်ကို, ပယ်ဖျက်တဏ္ဍာ, စွမ်းနိုင်ပါသား, ရှင်ဘုရားသည် ···· ပယ်ရှားမနိုင် ရှိတော့သည်။

ရှင်း တစ်စုံတစ်ခုသော သောက်ဖွယ်ကို သောက်ရခြင်းသည် အငတ်ပြေစေ၏၊ ဤကား လောကသဘောတည်း၊ သောက်ရပါလျက် အငတ်မပြေ-ဟု ဆိုခြင်းသည် လောကသဘောကို လွန်သောကြောင့် "လောကာတိက္ကန္တ" မည်၏၊ ထို့ပြင် ရောင်ခြည်တော်တို့၏ နှစ်သက်ဖွယ်ကို အလွန်အားဖြင့် ဆိုခြင်းကြောင့် "အတိသယဝုတ္တိ"လည်း မည်၏၊ လူအများသည် မြတ်စွာဘုရားသခင်၏ ရောင်ခြည်တော်ကို အလွန်ခုံမင်နှစ်သက် ကြသည်-ဟု တိုက်ရိုက်မဆိုဘဲ သွယ်ဝိုက်၍ဆိုသောကြောင့် "ဝင်္ကဝုတ္တိ"လည်း မည်၏၊ ထိုသုံးမျိုးကို ပေါင်း၍ ဤပုံစံကို "လောကာတိက္ကန္တာတိသယဝုတ္တိ"ဖြင့် တန်ဆာဆင်ထားသော ပုံစံ-ဟူ၍ မှတ်ပါလေ။

http://www.dhammadownload.com

၁၇၅။ ဇိန–မြတ်စွာဘုရား !၊ တေ–ရှင်တော်မြတ်ဘုရား၏၊ ဒေဟကန္တိ–ကိုယ်တော်မှထွက်သော ရောင်ခြည်တော်တို့ကို၊ ယေ–အကြင်သူတို့သည်၊ နေတ္တဥ္ဇလိ ပုဋေ့နေ–မျက်စိတည်းဟူသော လက်ခုပ်ဖြင့်၊ ပိဝန္တိ–သောက်ကြကုန်၏၊ ဧသံ–ထိုသူတို့၏၊ တဏှံ–ချစ်ခင်စုံမက်, နှစ်သက်မွတ်သိပ်ခြင်းတဏှာကို၊ တွံ–ရှင်တော်မြတ်ဘုရားသည်၊ တဏှာဟရောပိ–(သူခပ်သိမ်းတို့၏)တဏှာကို ပယ်ဖျောက်နိုင်သူဖြစ်ပါလျက်လည်း၊ ဟန္တ်–ပယ်ဖျောက်ခြင်းငှာ၊ ကိ ံနာလံ–အဘယ်ကြောင့် မစွမ်းနိုင်ပါသနည်းဘုရား ?။

၂။ ဥပမာ–အလင်္ကာ

၁၇၆။ ဥပမာနောပမေယျာနံ , သဓမ္မတ္တံ သိယောပမာ၊
သဒ္ဒတ္ထဂမ္ဘာ ဝါကျတ္ထ–ဝိသယာတိ စ သာ တိမာ။

အလင်္ကာရိယ အလင်္ကာခွဲပုံ ဤ၌ လွန်စွာနှစ်သက်အပ်သော မြတ်စွာဘုရား၏ ကိုယ်တော်မှ ထွက်သည့် လွန်စွာနှစ်သက်ဖွယ်ကောင်းသော ရောင်ခြည်တော်တို့သည် "အလင်္ကာရိယ" မည်၏၊ ထိုအလင်္ကာရိယ၌ရှိသော အလွန်နှစ်သက်ဖွယ်သောဂုဏ်ကို ထင်ရှားစေ၍ သွယ်သွယ်ဝိုက်ဝိုက် တန်ဆာဆင်ပြထားသော အဖွဲ့အနွဲ့စကားသည် "အလင်္ကာ" မည်၏၊ နောက်၌လည်း ဤနည်းချည်း ခွဲပါလေ။

ဆောင်။ ။ လွန်နှစ်သက်ဖွယ်, ရောင်ခြောက်သွယ်မူ, မှတ်ယူလင်္ကာရိ, ညွှန်ဘိထိုကို, သွယ်ဝိုက်ဆိုသား, စကားများမှာ, အလင်္ကာသည် .... ခွဲပါဤနည်းနှင့် နှင်တည်း။

မြန်ပုံစံ။ ။သားလှမယ်ဖွား, မင်းသုံးပါး၏, ဖြစ်လားကြောင်းဝန်, မြင်လတ်ထွန်သော်, ဝေဿန္တရာ, ဘုရားလျာနှင့်, ရာဇာသိဉ္စည်း, မိနည်းဖုဿတီ, ပည်းသီးမောင်းမ, ရံခမ္ဘူးမတ်, ပရိသတ်လုံး, ဟက်ပျောတုံးလား, အလျားချည်းဖြင့်, လည်းတတ်တုံလျင်း, ထိုခပင်းကို, နတ်မင်းမာဃ, သက်သာရအောင်, ဧးမြချမ်းစက်, မိုဃ်းကြာဘက်ဖြင့်, သွက်သွက်ရစ်ခွေ, ယဉ်တွေတွေတိ, စွတ်စေလိမ့, စွတ်စေရသား, အုံကြစရာ, ပြာဋိဟာတခု, ရေအစုနှင့်, မြေထုတောတောင်, မိုးဆိုက်အောင်လျှင်, ပြောင်ပြောင် ပြက်လျှပ်, ထိန်ထိန်လပ်သည် .... အရပ်ပတ်ထက် ဝန်းသတည်း။ (ဝေ–၃၀၆။)

(၂) ဥပမာ–အလင်္ကာ

၁၇၆။ ။ပမာပမေ, နှစ်ထွေတူမျှ, သမ္မန္ဓမှာ, ဥပမာတည်း၊ တစ်ဖြာထိုမှ, သဒ္ဒဂမ္ဘာ, အတ္ထာဂမ္ဘ, ဝါကျတ္ထဝိသယာ, ခွဲထွက်လာသည့်, မှတ်ပါသုံးမျိုး ဦးစွာတည်း။

http://www.dhammadownload.com

၁၇၆။ ဥပမာနောပမေယျာနံ–ဥပမာနဥပမေယျတို့၏၊ သဓမ္မတ္တံ–တူသော ဂုဏ်၏ ဖြစ်ကြောင်းဖြစ်ရာ အစပ်သမ္မန်သည်၊ ဥပမာ–ဥပမာ(အလင်္ကာ)မည်သည်၊ သိယာ–ဖြစ်၏၊ သာ–ထိုဥပမာအလင်္ကာသည်၊ သဒ္ဒတ္ထဂမ္ဘာစ–သဒ္ဒဂမ္ဘဥပမာ, အတ္ထဂမ္ဘဥပမာလည်းကောင်း၊ ဝါကျတ္ထဝိသယာစ–ဝါကျတ္ထဝိသယဥပမာလည်းကောင်း၊ ဣတိ–ဤသို့၊ တိဓာ–သုံးပါးပြား၏။

ဥပမာန–ဥပမေယျဝတ္ထုနှစ်ပါးတို့၏ ဂုဏ်တူမျှခြင်း–တည်းဟူသော အစပ်သမ္မန်သည် "ဥပမာ" မည်၏၊ ဥပမာန–ဥပမေယျဝတ္ထုတို့မူကား ဌာနီ၏အမည်ကို ဌာနပေါ်၌ တင်စားခေါ်ဝေါ်သော ဌာနျူပစာအားဖြင့် "ဥပမာ" မည်၏၊ ထိုအနက်ကို သိရကြောင်းဖြစ်သော သဒ္ဒါတို့သည် အကျိုး၏အမည်ကို အကြောင်း၌ တင်စားခေါ်ဝေါ်သော ဖလူပစာအားဖြင့် "ဥပမာ" မည်ကြ၏၊ ဤသို့လျှင် ဝါကျတစ်ခုလုံး အဖွဲ့တစ်ခုလုံးကိုပင် "ဥပမာ"ဟု ခေါ်ဆိုနိုင်လေသည်၊ ဝိသေသန–စသည်ဖြင့် တန်ဆာဆင်၍ ဆိုအပ်သော ထိုဥပမာသည် "ဥပမာအလင်္ကာ" မည်၏၊ ကြောင်သည် ကျားနှင့်တူ၏–ဟူသော ဥပမာမည်ကာမတ္တသည် "ဥပမာအလင်္ကာ" မဟုတ်ချေ။

ဆောင်။　။ သဓမ္မတ္တ, မုချဥပမာ၊ ဥပမာန, ပမေယျမူ, ဌာနျူပေ၊ ပြီးစေသဒ္ဒါ, ဥပစာဖလ, အမည်ရသည် ....ဝါကျဥပမာ မည်သတည်း။

ထိုဥပမာသည်–

၁။ သဒ္ဒဂမ္ဘဥပမာ,
၂။ အတ္ထဂမ္ဘဥပမာ,
၃။ ဝါကျတ္ထဂမ္ဘဥပမာ–

ဟု သုံးပါးပြား၏။ [အကျဉ်းမျှသာမှတ်၊ နောက် ချဲ့ပြမည်။]

အစိတ်ခြောက်ပါး ခွဲပြချက်

ဤဥပမာအလင်္ကာ၌–

(၁) ဥပမာန,　　(၄) သဓမ္မတ္တ,
(၂) ဥပမေယျ,　　(၅) ဥပမာ,
(၃) သဓမ္မ,　　(၆) ဥပမာဓောတက–

ဤသို့ အစိတ်ခြောက်မျိုးကို ပိုင်းခြား၍ မှတ်သားသင့်သေး၏၊ ထိုတွင်–

၁။ [ဥပမိယတေ အနေနာတိ–ဥပမာနံ၊] နှိုင်းယှဉ်ကြောင်းဖြစ်သော အရာဝတ္ထု (အနှိုင်းဝတ္ထု)သည် ဥပမာန–မည်၏။

၂။ ဥပမိယတေတိ–ဥပမေယျံ၊] နှိုင်းယှဉ်အပ်သောအရာ (အနှိုင်းခံဝတ္ထု)သည် ဥပမေယျ–မည်၏။

http://www.dhammadownload.com

သဒ္ဒဂမ္မောပမာ ၃-ပါး

၁၇၇။ သမာသပစ္စယေဝါဒိ , သဒ္ဒါ တေသံ ဝသာ တိမာ၊
သဒ္ဒဂမ္မာ သမာသေန , မုနိန္ဒော စန္ဒိမာနနော။

၃။ [သမာနော ဓမ္မော-သဓမ္မော၊] ဥပမာန-ဥပမေယျတို့၏ တူသောဂုဏ်သည် သဓမ္မ-မည်၏။

၄။ [သဓမ္မဿ ဘာဝေါ-သဓမ္မတ္တံ၊] တူမျှသောဂုဏ်၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သော အစပ်သမ္မန်သည် သဓမ္မတ္တ-မည်၏။ [ဥပမာနနှင့်ဥပမေယျတို့ တူမျှကြောင်းကို ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးတတ်သောသဘောကို ဆိုလိုသည်။]

၅။ [ဥပမီယတေ-ဥပမာ၊] နှိုင်းယှဉ်ခြင်းသည် ဥပမာ-မည်၏၊ ၎င်းသည် သဓမ္မတ္တနှင့် အရကောက် တူ၏၊ သမ္မန်- သဓမ္မတ္တ- ဥပမာ- သဒိသဘာဝ- သာဒိသျ- တို့သည် ဤနေရာ၌ ထပ်တူထပ်မျှပင် ဖြစ်ကြ၏၊ အမည်မျှသာ ကွဲကြသည်။

၆။ [ဥပမံ ဧတေတေတိတိ-ဥပမာဧေတကော၊] ကွဝ (ကဲ့သို့)-စသောသဒ္ဒါတို့သည် ဥပမာကို ထွန်းပြတတ်သောကြောင့် ဥပမာဧေတက-မည်၏။

၎င်းခြောက်ပါးတို့၏ သဘောသွားကို မှတ်သားမိအောင် ကြည့်ရှုထားခဲ့ပါ၊ ပုံစံသို့ ရောက်မှ ကျနရှင်းလင်းစွာ ကောက်ပြမည်။

ဆောင်။ ။ နှိုင်းယှဉ်ကြောင်းမှာ, ဥပမာန၊ နှိုင်းအပ်ကလျှင်, ဥပမေယျ၊ တူစွာဂုဏ, သဓမ္မမှန်၊ သမ္မန်-ဓမ္မတ္တ, ကောက်ယူကြလော၊ ဓမ္မတ္တ-ဥပမာ, တူမျှပါ၏၊ ထိုသာထွန်းဘိ, ကွဝါဒိမှာ, ဧေတကာသည်. . . .ခွဲပါအစိတ် ၆-ပါးတည်း။

သဒ္ဒဂမ္မောပမာ ၃-ပါး

၁၇၇။ ။သမာသ် ပစ္စယိ, ကွဝါဒိ-ဟု, သုံးခုသဒ္ဒ, ပြားလေရ, သဒ္ဒဂမ္မာ, သုံးမျိုးသာ။

ဤသဒ္ဒဂမ္မောပမာအရာ၌ သဒ္ဒါတို့သည်-
၁။ သမာသသဒ္ဒါ,
၂။ ပစ္စယသဒ္ဒါ,
၃။ ကွဝါဒိသဒ္ဒါ-ဟု သုံးမျိုးပြား၏၊

ထို့ကြောင့် သဒ္ဒဂမ္မဥပမာသည်လည်း-
၁။ သမာသသဒ္ဒဂမ္မာ,
၂။ ပစ္စယသဒ္ဒဂမ္မာ,
၃။ ကွဝါဒိသဒ္ဒဂမ္မာ-ဟု သုံးမျိုးပြား၏။

ထိုတွင် သမာသ်-ဟူသောသဒ္ဒါဖြင့် သိအပ်သော ဥပမာကို "သမာသသဒ္ဒဂမ္မောပမာ" ဟု ခေါ်သည်၊ [ကြွင်းသော ဥပမာတို့၏ သဘောသည် သက်ဆိုင်ရာ၌ ထင်ရှား လတ္တံ့။]

http://www.dhammadownload.com

၁၇၇။ သမာသပစ္စယေဝါဒိ-သမာသ်, ပစ္စည်း, ကွဝါဒိတို့သည်၊ သဒ္ဒါ-သဒ္ဒါ မည်ကုန်၏၊ တေသံ-ထိုသဒ္ဒါသုံးမျိုးတို့၏၊ ဝသာ-အပြားအားဖြင့်၊ သဒ္ဒဂမ္မာ-သဒ္ဒဂမ္မဥပမာသည်၊ တိမာ-သုံးပါးပြား၏၊ သမာသေန-သမာသ်-ဟူသောသဒ္ဒါဖြင့်၊ (ဂမ္မာ-သိအပ်သော သမာသသဒ္ဒဂမ္မောပမာကို၊ မယာ-ငါသည်၊ ဝုစ္စတိ-ဆိုအပ်၏၊) မုနိန္ဒော-မြတ်စွာဘုရားသခင်သည်၊ စန္ဒိမာနနော-လပြည့်ဝန်းနှင့်တူသော နှစ်သက်ဖွယ်သော မျက်နှာတော်ဝန်း ရှိတော်မူ၏။

သမာသသဒ္ဒဂမ္မာ။　　။ မုနိန္ဒော စန္ဒိမာနနော . . . . (ပါဠိပုံစံ။)

မုနိသင်းကျစ်, ဓမ္မရာဇမုန်ကူ, သယမ္ဘူ၏, ဝင်းဖြူရွှင်လန်း, ပြောင်ပြောင် ထွန်းသား, ယုန်နန်းအိမ်ရှင်, မျက်နှာပြင်သည် . . . . ဖူးမြင်မဝ ရှိတော့သည်။
(ပြန်ပုံစံ။)

အစိတ် ၆-ပါး ခွဲပြချက်

ပါဠိဋ္ဌ [စန္ဒိမာဝိယ ရုစိရံ အာနနံ ယသာတိ-စန္ဒိမာနနော၊] ဟု သမာသ်ဝါကျ ခင်းလေ၊ မြန်မာဋ္ဌလည်း- [ယုန်နန်းအိမ်ရှင်ကဲ့သို့ ကြည်လင်တင့်တယ်သောမျက်နှာပြင်-ယုန်နန်းအိမ်ရှင် မျက်နှာပြင်]ဟု သမာသ်ဝါကျ ခင်းထားပါလေ။ ထိုတွင်-

၁။ လ-သည် နှိုင်းယှဉ်ကြောင်း ဥပမာန-မည်၏။
၂။ မျက်နှာတော်သည် နှိုင်းယှဉ်အပ်သော ဥပမေယျ-မည်၏။
၃။ နှစ်သက်စဖွယ် ကြည်လင်တင့်တယ်သောဂုဏ်သည် သဓမ္မ-မည်၏။
၄။ လ-ဋ္ဌရှိသော တင့်တယ်ကြည်လင်သောဂုဏ်သည် လ-ဋ္ဌသာ ရှိသည်မဟုတ်၊ မျက်နှာဋ္ဌလည်း ရှိ၏၊ မျက်နှာဋ္ဌရှိသော တင့်တယ်ကြည်လင်သောဂုဏ်သည် မျက်နှာဋ္ဌသာ ရှိသည်မဟုတ်၊ လ-ဋ္ဌလည်း ရှိ၏-ဟု တူသောဂုဏ်တို့၏ တစ်စပ်တည်းဖြစ်ခြင်းသည် သမ္မန်-မည်၏၊ ထိုသမ္မန်သည်ပင် သဓမ္မတ္တ-မည်သည်။
၅။ ထိုသဓမ္မတ္တမည်သော သမ္မန်သည်ပင်လျှင် ဥပမာ-မည်၏။
၆။ ဝိယ(ကဲ့သို့)သဒ္ဒါသည် ဥပမာဇောတက-မည်၏။

သမာသ်အပြီးဋ္ဌ "သဓမ္မ"ကို ဟောသော ရုစိရ(ကြည်လင်တင့်တယ်သော)ဟူသော သဒ္ဒါကိုလည်းကောင်း, ဥပမာကို ထွန်းပြသော ဝိယ(ကဲ့သို့)သဒ္ဒါကိုလည်းကောင်း [ထိုသဒ္ဒါ နှစ်ခုတို့၏ အနက်ကို သမာသ်က ဟောပြီးဖြစ်ရကား] ချေဖျက်ထားသောကြောင့် ကျေပျောက်နေသည်-ဟူ၍ မှတ်။

ဤဋ္ဌ ဥပမာဝါစက စန္ဒိမာသဒ္ဒါနှင့်ယှဉ်သော ဝိယ(ကဲ့သို့)သဒ္ဒါသည် လ-ဋ္ဌရှိသော သဒိသဘာဝ-ဥပမာကိုထွန်းပြ၏၊ မျက်နှာဋ္ဌရှိသော သဒိသဘာဝဥပမာကိုကား အစွမ်းသတ္တိဖြင့်ပင် သိစေ၏၊ ထိုစကားမှန်၏၊ လနှင့်တူခြင်းသို့ရောက်သော မျက်နှာသည် လ၏

http://www.dhammadownload.com

ပစ္စသဒ္ဒဂမ္မောပမာ

၁၇၈။ အာယာဒီ ပစ္စယာ တေဟိ , ဝဒနံ ပင်္ဇာယတေ၊
မုနိန္ဒနယနဒွန္ဒံ , နီလုပ္ပလဒလီယတိ။

မျက်နှာနှင့်တူသော သဒိသဘာဝ–ဥပမာနှင့် ကင်း၍မဖြစ်နိုင်၊ ထို့ကြောင့် မျက်နှာ၌ရှိသော သဒိသဘာဝ–ဥပမာကို အစွမ်းသတ္တိဖြင့်ပင် သိနိုင်သည်။ [အညထာနုပပတ္တိ–အခြားနည်း မဖြစ်နိုင်၊ ဤသို့သာ ဖြစ်သင့်သည်–ဟူသော သဘောကို (သာမတ္ထိယ)အစွမ်းသတ္တိ–ဟု ခေါ်သည်။]

ရှင်း ဤ၌ ဆိုခဲ့ပြီးသည့်အတိုင်း တစ်ဝါကျလုံးကိုပင် ဥပမာ–ခေါ်နိုင်သည်၊ ထိုဥပမာသည်လည်း သမာသ်–တည်းဟူသောသဒ္ဒါ၏ အစွမ်းအားဖြင့် သိအပ်သောကြောင့် "သမာသသဒ္ဒဂမ္မ" မည်၏၊ ဤသို့လျှင် မြတ်စွာဘုရား၏မျက်နှာ တင့်တယ်၏–ဟု မသွယ်မဝိုက် တိုက်ရိုက်မဆိုဘဲ ဥပမာအားဖြင့် တန်ဆာဆင်၍ သွယ်သွယ်ဝိုက်ဝိုက် ပြဆိုသောကြောင့် ဆိုခဲ့ပြီးသောပုံစံသည် "သမာသသဒ္ဒဂမ္မောပမာ–ဝင်္ကဝုတ္တိအလင်္ကာ" မည်၏။

ပစ္စယသဒ္ဒဂမ္မောပမာ

၁၇၈။ အာယနာမတော ကတ္တူပမာနာဒါစာရေ–သုတ်ဖြင့် သက်အပ်သော အာယ–ပစ္စည်း, ဤယူပမာနာစ–သုတ်ဖြင့် သက်အပ်သော ဤယ–ပစ္စည်း, ဥပမာအနက်၌ သက်အပ်သော အာယိတတ္တ–စသောတဒ္ဓိတ်ပစ္စည်းတို့သည် ဤ၌ ပစ္စယသဒ္ဒါတို့ မည်ကုန်၏၊ ထိုပစ္စည်းတို့ဖြင့် သိအပ်သောဥပမာသည် "ပစ္စယသဒ္ဒဂမ္မောပမာ" မည်သည်။

မြန်မာဘာသာ၌ကား–ဤအရာ၌ ပစ္စည်း–ဟူ၍ ထင်ရှားမရှိချေ၊ သို့ရာတွင် အာယ, ဤယ–စသောပစ္စည်းတို့နှင့် အနီးကပ်ဆုံး အဓိပ္ပာယ်ညီမျှသော မြန်မာစကားကို ရှာဖွေ အသုံးပြုသင့်၏၊ ၎င်းမှာ "ပဲ"ဟူသော စကားပင် ဖြစ်ချေသည်။

ထင်ရှားစေအံ့ ပါဠိပုံစံ၌ပြထားသော ပင်္ဇာယတေ–(ပဒုမာကဲ့သို့ ဖြစ်၏) ဟူသောစကားသည် "ပဒုမာပဲ"ဟူသောစကားနှင့် အဓိပ္ပာယ်ညီမျှ၏၊ (က) မျက်နှာတော်သည် ပဒုမာကဲ့သို့ ဖြစ်၏၊ (ခ) မျက်နှာတော်သည် ပဒုမာပဲ–ဟူသော ထိုစကားနှစ်ခုလုံးသည်ပင် မျက်နှာတော်သည် ပဒုမာကဲ့သို့ ဖြူဖွေးတင့်တယ် နှစ်သက်ဖွယ်ကောင်း၏–ဟူသော အဖြောင့်အဓိပ္ပာယ်ထွက်ပေသည်၊ ထို့ကြောင့် အာယ–စသောပစ္စည်းများနှင့် "ပဲ–သဒ္ဒါ"တူညီကြောင်း သိသာထင်ရှားယုံကြည်ကိုးစားထိုက်ပေပြီ။

[ပုံသွေး, တပြေး–စသော စကားတို့ကိုလည်း အရာဌာနအားလျော်စွာ အာယ–စသော ပစ္စည်းများနှင့် တန်းတူထား၍ သုံးစွဲနိုင်၏။]

ပုံစံဖြင့် ရှင်းပြဦးအံ့ "မင်း လူပဲ, နတ်ပဲ"ဟု ပြောဆိုသုံးစွဲကြရာ၌ နတ်ကဲ့သို့ ပြုမူလုပ်ကိုင်သောသူကို ခေါ်သည်၊ "မင်း ဘုန်းကြီးပဲ"ဟု ပြောဆိုကြရာ၌လည်း ဘုန်းကြီးကဲ့သို့ ပြုမူလုပ်ကိုင်သောသူကို ခေါ်သည်၊ "နတ်ပဲ,

http://www.dhammadownload.com

၁၇၈။ အာယာဒီ–အာယစသည်တို့သည်၊ ပစ္စယာ–ပစ္စည်းသဒ္ဒါတို့ မည်၏၊ တေဟိ–ထိုပစ္စည်းသဒ္ဒါတို့ဖြင့်၊ (ဂမ္မာ–သိအပ်သောပစ္စယဂမ္မဥပမာကို၊ မယာ ဝုစ္စတေ၊) ဝဒနံ–မြတ်စွာဘုရား၏ မျက်နှာတော်သည်၊ ပင်္ကဇယတေ–ပဒုမာကြာပန်း ကဲ့သို့ နှစ်သက်စဖွယ် ဖြစ်တော်မူပါပေ၏၊ မုနိန္ဒနယနဒွန္ဒံ–မြတ်စွာဘုရား၏ မျက်လုံး တော်အစုံသည်၊ နီလုပ္ပလဒလီယတိ–ကြာညိုပွင့်ချပ်ကဲ့သို့ နှစ်သက်စဖွယ် ဖြစ်တော်မူပါပေ၏။

ဘုန်းကြီးပဲ"ဟု ပြောဆိုကြရာ၌ ပဲ–သဒ္ဒါက (ကဲ့သို့ ပြုမူလုပ်ကိုင်)ဟူသောအနက်ကို ဟော၏၊ ထို့ကြောင့် "နတ်ပဲ, ဘုန်းကြီးပဲ"ဟု ပုဒ်ပြီး ပြောဆိုသောအခါ ထို(ထိုကဲ့သို့ ပြုမူလုပ်ကိုင်)ဟူ သောသဒ္ဒါတို့ကို ချေအပ်ကုန်၏။

မှတ်ချက် ဟိုဟာ ဘာလဲ?–ဟု မေးလျှင် "စာအုပ်ပဲ, ခဲတန်ပဲ"ဟု အတိုဖြေဆိုကြ ရာ၌ ပဲ–ဟူသောစကားကို ကြိယာအဖြစ်ဖြင့် အသုံးပြုနိုင်သကဲ့သို့ "ပဲ" ဟူသောစကားကိုလည်း ကြိယာအဖြစ်ဖြင့် အသုံးပြုနိုင်သည်၊ ဤမျှလောက်ဖြင့်ပင် "ပဲ"ကို မြန်မာမှုဋ္ဌ (ပါဠို)အာယ–စသော ပစ္စည်းတို့နှင့် တန်းတူထား၍ အသုံးပြုနိုင်ကြောင်း ယုံကြည်ထိုက်ပေပြီ။

(၁) ပုံစံ--- ဝဒနံ ပင်္ကဇယတေ။ (ပါဠို)

မျက်နှာတော်ဝန်း, လွန်ရွှင်လန်း, ကြာပန်းပါပဲလေ။ (ပြန်)

အစိတ် ၆–ပါ: ခွဲပြချက်

ပါဠိဋ္ဌ– [ပင်္ကံဇံဝိယ ရုစိရံ အာစရတိ ပဝတ္တတီတိ–ပင်္ကဇယတေ]ဟု အတ္ထဝါကျ ပြုလုပ်ဖော်ပြသင့်၏။

မြန်မာဋ္ဌလည်း [ကြာပန်းကဲ့သို့ နှစ်သက်ဖွယ်ဖြစ်ရကား– ကြာပန်းပါပဲ]ဟု အတ္ထဝါကျ ပြုလုပ်သင့်၏၊ ထိုတွင်–

၁။ ကြာသည် ဥပမာန–မည်၏။

၂။ နှစ်သက်စဖွယ်ဖြစ်ခြင်း (အာစရဏ)ကြိယာ၏ ကတ္တားဖြစ်သော မျက်နှာ သည် ဥပမေယျ–မည်၏။

၃။ နှစ်သက်ဖွယ်၏အဖြစ်–တည်းဟူသော တူမျှသောဂုဏ်သည် သမ္မ–မည်၏။

၄။ တူမျှသည်၏အဖြစ်ဖြင့် ထိုဂုဏ်တို့၏ တစ်စပ်တည်းဖြစ်ခြင်း သမ္မန်သည် သမ္မတ္တ–မည်၏။

၅။ ထိုသမ္မန်သည်ပင်လျှင် ဥပမာ–မည်၏။

၆။ ဝါကျအခိုက်၌ရှိသော ဝိယ(ကဲ့သို့)သဒ္ဒါသည် ဥပမာဇောတက–မည်၏။

http://www.dhammadownload.com

ကျဝါဒိသဒ္ဒဂမ္ဘောပမာ

ကျဝါဒိဂိဏ်းသဒ္ဒါများ

၁၇၉။ ကျဝါဒိ ကျဝဝါ တုလျ–သမာနနိဘသန္နိဘာ၊
ယထာ သင်္ကသတုလိတ–ပကာသပတိရူပကာ။
၁၈၀။ သရိ သရိက္ခသံဝါဒိ , ဝိရောဓိသဒိသာ ဝိယ၊
ပဋိပက္ခပစ္စနိကာ , သပက္ခောပမိတောပမာ။
၁၈၁။ ပဋိဗိမ္ဗပဋိစ္ဆန္နေ–သရူပသမသမိတာ၊
သဝဏ္ဏာဘာ ပဋိနိဓိ–သဓမ္မာဒိသလက္ခဏာ။
[နာမ်–၃၂။]

၁၈၂။ ဇယတျက္ကောသတိ ဟသတိ , ပတိဂဇ္ဇတိ ဒူဟျတိ၊
ဥဿူယတျဝဇနာတိ , နိန္ဒတိသတိ ရန္ဓတိ။
[ကြိယာ–၁၀။]

၁၈၃။ တဿ စောရေတိ သောဘဂ္ဂံ , တဿ ကန္တိံ ဝိလုမ္ပတိ၊
တေန သဒ္ဒိံ ဝိဝဒတိ , တုလျံ တေနာဓိရောဟတိ။
၁၈၄။ ကစ္ဆံ ဝိဂါဟတေ တဿ , တမန္တေတျနုဗန္ဓတိ၊
တဿီလံ တံ နိသေဓေတိ , တဿစာနုကရောတိမေ။
[ဝါကျ–၁၀။]

နှစ်သက်ဖွယ်သော ဂုဏ်ကိုဟောသော ရုဒိရ(နှစ်သက်ဖွယ်ဖြစ်ရကား)သဒ္ဒါ, ဥပမာဧောတက ဝိယ(ကဲ့သို့)သဒ္ဒါတို့ ဟောအပ်သောအနက်ကို အာယ–ပစ္စည်း(ပဲ–သဒ္ဒါ)က ဟောပြီးဖြစ်သောကြောင့် ဝါကျပြီးသောအခါ ၄င်းတို့ကို ချေအပ်ကုန်၏။

ရှင်း ဤဥလည်း ဆိုခဲ့ပြီးသည့်အတိုင်း ဝဒနံ ပက်ဇာယတေ–(မျက်နှာတော်ဝန်း, လွန်ရွှင်လန်း, ကြာပန်းပါပဲလေ)ဟူသော ဝါကျတစ်ခုလုံးကိုပင် ဥပမာ–ဟု ခေါ်နိုင်၏၊ ထိုဥပမာသည်လည်း အာယ–ပစ္စည်းဖြင့် သိအပ်သောကြောင့် ပစ္စယသဒ္ဒဂမ္ဘောပမာ–မည်၏၊ ယင်းသို့ ဥပမာဖြင့် တန်ဆာဆင်ယင်၍ထားသောကြောင့် "ပစ္စယသဒ္ဒဂမ္ဘောပမာအလင်္ကာ" မည်၏။

(၂)ပုံစံ---မုနိန္ဒနယနဒွန္ဒံ , နီလုပ္ပလဒလီယတိ။ (ပါဠိ)

မြတ်စွာဘုန်းမို့, မျက်လုံးညို, ကြာညိုပွင့်ချပ်ပါပဲလေ။(ပြန်) နည်းမှီစစ်လေ။

၁၇၉–၁၈၄။ ကျဝါဒိ–စသော ဓ–ဂါထာဖြင့် သမာသပစ္စယေဝါဒိ–၌လာသော ကျဝါဒိကို အကျယ်ရေတွက်ပြသည်၊ ၄င်းတို့ကို အနက်ပေးထားသည့်အတိုင်း ရေတွက်ကြည့်ပါလေ။

http://www.dhammadownload.com

၁၇၉။ ကွဝ-ကွဝသဒ္ဒါလည်းကောင်း၊ ဝါ-ဝါသဒ္ဒါလည်းကောင်း၊ တုလျာသမာနနိဘာသန္နိဘာ-တုလျာသဒ္ဒါ, သမာနသဒ္ဒါ, နိဘာသဒ္ဒါ, သန္နိဘာသဒ္ဒါတို့လည်းကောင်း၊ ယထာ-ယထာသဒ္ဒါလည်းကောင်း၊ သက်ာသတုလိတပကာသပတိရူပကာ-သက်ာသသဒ္ဒါ, တုလိတသဒ္ဒါ, ပကာသသဒ္ဒါ, ပတိရူပကသဒ္ဒါတို့လည်းကောင်း။

မြန်မာကွဝါဒိဂိဏ်းသဒ္ဒါများ

ကဲ့သို့-ထင်းပန်း, နင်းပန်း-တရထည်, တရည်-*သေတ္တာ, တန္ဆာ-ကိုယ်စား, တပြေး-လား-ရှိ, နှိုင်းစက်-ညှိ-မျှ, မခွ-သဖွယ်, ဘက်ပြိုင်-နှယ်-သို့, နည်း-ဆွယ်-မခြား, ယိုးမှား-ဆ-ယောင်, ထင်ယောင်-ပမာ, မသာလှည့်ကျင်, အသွင်-သဏ္ဌာန်, နှုန်းနှန်း-ဟန်-လို, နှိုင်းတန်-နှင်းနိုး, မယွင်း-နိုး-တု, ကနု-ထပ်တူ, နှိုင်း-တူ-နှုန်း-မပြား, မထူးခြား-သွင်, နီးနီး-ဆင်-စံ, နှင်နှင်-မလွန်ပြီ, တညီ-မလွဲ, တပဲစသား, အလွန်များသည် . . . . ဤကား ဥပမာ-ဧာတကာ။

အဓိပ္ပာယ်ဖွင့်ပြချက်

"ဥပမာယမိမေကစ္စေ , အတ္ထံ ဇာနန္တိ ပဏ္ဍိတာ"ဟူသည်နှင့်အညီ ရှေးဟောင်းအနုစာပေဆရာတို့သည် ဥပမာကို အလွန်များစွာ အသုံးပြုကြ၏၊ ထိုကိုထွန်းပြသော ဥပမာဧာတကသဒ္ဒါတို့ကိုလည်း ပရိယာယ်အမျိုးမျိုးတို့ဖြင့် သုံးနှုန်းကြ၏၊ ထို့ကြောင့် ထိုဥပမာဧာတကသဒ္ဒါတို့သည်လည်း အလွန်များပေသည်။

အချို့ကား- "မာဂဓ သက္ကတတို့၌ ဥပမာဧာတက များစွာရှိကုန်သော်လည်း မြန်မာဘာသာ၌ကား အနည်းငယ်မျှသာ ရှိပေသည်"ဟု ဆိုကြ၏၊ ထိုစကားကို ပညာရှင်တို့ လက်ခံနိုင်ဖွယ်မရှိ၊ မြန်မာ၌ ပါဠိ သက္ကတတို့ထက် မများစေကာမူ မနည်းကြောင်းကို အောက်၌ အမြွက်မျှ ထုတ်ပြထားသော ဥဒါဟရဏ်-ပုံစံတို့ကပင် သက်သေခံလျက် ရှိနေပေသည်။

ကဲ့သို့---　　ခြေလက်ကျိုးပဲ့, ဖြစ်သကဲ့သို့။ (ငရဲ-၉၉။)

ထင်းပန်း---　(က) ညီညွတ်ခွဲခန်း, မှတ်ထင်းပန်း၍, တပ်စွမ်းမဲ့ထွေ, ကြည်နိုင်စေ။ (၇မ္ဘိ-၁၀။)

(ခ) ပြောက်ပြောက် စွန်းစွန်း, ဆေးထင်းပန်းကား, လက်သန်းလက်ချောင်း- (ဘုံခန်း။)

(ဂ) မျက်နှာကွက်လှည့်, မကြည့်တယော်, ပြန်မကောက်သည်, ညီညွတ်ထင်းပန်း နိုးသတည်း။ (ကိုးခန်း-၂၇၆။)

---

*သေတ္တာ-ကို ရှေးဆရာများ အယူအဆကို သိစေလိုသောကြောင့်သာ ထည့်လိုက်သည်။

http://www.dhammadownload.com

၁၈၀။ သရိ–သရိသဒ္ဒါလည်းကောင်း၊ သရိက္ခသံဝါဒိ–သရိက္ခသဒ္ဒါ, သံဝါဒိသဒ္ဒါ တို့လည်းကောင်း၊ ဝိရောဓိသဒိသာ–ဝိရောဓိသဒ္ဒါ, သဒိသသဒ္ဒါတို့လည်းကောင်း၊ ဝိယ–ဝိယသဒ္ဒါလည်းကောင်း၊ ပဋိပက္ခပစ္စနီကာ–ပဋိပက္ခသဒ္ဒါ, ပစ္စနီကသဒ္ဒါတို့ လည်းကောင်း၊ သပက္ခောပမိတောပမာ–သပက္ခသဒ္ဒါ, ဥပမိတသဒ္ဒါ, ဥပမာ သဒ္ဒါတို့ လည်းကောင်း။

နှင်းပန်း--- (က) ရွှေဘုံပုထိုး, နှင်းပန်းနိုးလျက်, မိုးမိုးမောက်မောက်– (ဆုတောင်း–၁၆၇။)

(ခ) ညောင်းညောင်းကြွေးရှင်, မြေငလျင်ကား, လောင်လင်ရတ်ရက်, ဖယဉ်စက်နှင့်, ပုခက်နှင်းပန်း နိုး၏တည်း။ (ပါ–၁၄၅။)

တရထည်--- (က) စိန်တရထည်, လက်ရုံးရည်ကြောင့်– (ဘုံခန်း။)

(ခ) အမှိုက်မြက်စား, နွားတရထည်, တောင်သူ့ပြည်တွင်– (ဆုတောင်း–၁၄၆။)

(ဂ) မိုးနတ်တရထည်, စံကြတည်သည်, ရွှေစည်နေ့ည ဆော်ရွှမ်းတည်း– (မဃ–၂၈။)

တရည်--- မိထိလာရွှေပြည်, နန်းသစ်တည်နှင့်, တရည်နှုန်းဆောင်, မြန်ရဋ္ဌ ခေါင်ဝယ်–(မဃ–၅၈၈။)

သေတ္တာ--- ရုပ်သွင်ထွားနု, ကြာသေတ္တာသို့, ယုယုယယ–(နဝ–၅၀။) [ရှေးအယူ အဆအတိုင်းထည့်သွင်းလိုက်သည်၊ သေတ္တာသဒ္ဒါ အဆီအနှစ်ကိုလည်း ဟော၏။]

တန္တု--- (က) တန္တုရှေးခါ, ယမုံနာနှင့်, ဂင်္ဂါမြစ်သား, နှစ်ကောင်ငါးတို့– (မဃ။)

(ခ) တန္တုနည်းသွေး, ခန့်တွက်တွေးလည်း– (ဆုတောင်း–၃၆။)

ကိုယ်စား--- ချမ်းရောင်စံသွား, လကိုယ်စားလျှင်, လေးပါးဘော်ချင်း, သားထံရင်းသို့–(ကိုးခန်း–၂၅၉။) [လကိုယ်စားလျှင်–လကဲ့သို့လျှင်၊ လ၏ကိုယ်စား၊ လ၏ကိုယ်စားလှယ်ပြုသည်၊ လနှင့်တူသည်။]

တပြေး--- (က) ကြက်ဥအရောင်, တိမ်တောင်တပြေး၊ (မဃ။)

(ခ) ဝတ်တုံဘိမူ, ပြိန်းဖျင်းလူနှင့်, အင်တူတပြေး, များမဝေးခဲ့။ [အင်တူ–ကိုလည်း မှတ်ပါ။] (ဆုတောင်း–၈၂။)

လား--- (က) လုံးလျောင်းကြံ့ခိုင်, တိုင်၏ဖြစ်လား– (ပါ–၂၄၁။)

(ခ) စန္ဒကုမာရီ, ဒေဝီတို့လား, နှလုံးထားလော့၊ (မဃ–၃၇၁။)

(ဂ) လူတွင်မွေးငြား, ဝက်အလားဖြင့်, မမှားသေဘို့–(မဃ–၃၆၈။)

(ဃ) သက်ယိုသက်မဲ့, သက်ကဲ့အလား– (မဃ–၃၆၇။)

http://www.dhammadownload.com

၁၈၁။ ပဋိဗိမ္ဘပဋိစ္ဆန္နသရူပသမသမိတာ–ပဋိဗိမ္ဘသဒ္ဒါ, ပဋိစ္ဆန္နသဒ္ဒါ, သရူပသဒ္ဒါ, သမသဒ္ဒါ, သမိတသဒ္ဒါတို့လည်းကောင်း၊ သဝဏ္ဏာဘာ–သဝဏ္ဏသဒ္ဒါ, အာဘာသဒ္ဒါ တို့လည်းကောင်း၊ ပဋိနိမိ–ပဋိနိမိသဒ္ဒါလည်းကောင်း၊ သဓမ္မာဒိသလက္ခဏာ–သဓမ္မ စသောသဒ္ဒါ, သလက္ခဏသဒ္ဒါတို့လည်းကောင်း၊ (အာဒိသဒ္ဒါဖြင့် သာမာရဏ, သစ္ဆာယစသည်တို့ကိုယူ။) ကွတိ–ဤ ၃၂–ပါးသော နာမ်ပုဒ်တို့လည်းကောင်း။

ရှိ---　(က) အဏုမြူရှိ, မဟိဝန်တို, မကုတ်လျှိုတည့်၊ (ဆုတောင်း–၂။)
(ခ) ဆံညွန့်အရှိ, မငြိပြစ်ကင်း– (ဇ–၂၁၈။)
(ဂ) လေးစားမထင်, ဘင်နှင့်တရှိ, စက်ဆုပ်မိ၍–(ဆုတောင်း–၆၄။)
(ဃ) နိမ္မာနရတ်, နတ်တရှိနှုန်း– (စန္ဒ–၃၁။)

နှိုင်းစက်---　ပမာနှိုင်းစက်, အရှိဘက်သည်, တက်စခြည်ဝါနေနှင့်တည်း– (ဇ–၉၄။)

ညို---　နိမ္မာနရတိ, နတ်နှင့်ညိလည်း, တရှိမလွန်မစားတည်း၊ (ဆုတောင်း–၃၁။)

မျှ---　(က) တောင်မျှစုန့်စုန့်, နုန့်နုန့်ဖြိုးဖြိုး– (ဆုတောင်း–၂၄။)
(ခ) နန်းသူအားကား, သားစားကြူးထ, ဘီလူးမနှင့်, အမျှနှင်နှင်– (ဇ–၁၁၉။)
(ဂ) ရွေပင်တမျှ, မညှိုးရအောင်, ထိန်းယကြီးငယ်, ထိပ်ဝယ်တင်ရှောင်း, ညွတ်ခညောင်း၍– (မဃ–၈၂။)
(ဃ) အိပ်မက်အလား, အငှားဥစ္စာ, သူ့ဟာတမျှ, စိုးမရတည့်– (မဃ–၉၁။)

မခွ---　အရှင်ကောင်းကျွန်, ပန်းကောင်းပန်–ဟု, ဆိုဟန်မခွ, ကိုယ့်ဂုဏ် လှလိမ့်– (မဃ–၃၆၈။)

သဖွယ် ---　(က) အမှိုက်မီးဘောင်, ထည့်၍လောင်သား, ကြက်တောင်သဖွယ်– (ပါ။)
(ခ) လွန်တင့်ရှာဘွယ်, နတ်သဖွယ်သို့– (မဃ–၈၃။)
(ဂ) တံချူသဖွယ်, ကြီးငယ်မလွတ်, ကျင့်ရာဝတ်ကို–(ပါ။)

ဘက်ပြိုင်---　(က) သန္ဓေငုံရင့်, ဆယ်လလင့်၍, ပွင့်စပဒုံမာ, ကြာနှင့်အရှိ, ဘက်ပြိုင် ညိလျက်– (ဇ–၈၉။)
(ခ) သွင်သွင်ဖြေနိုင်, ငါနှင့်ပြိုင်သည်, စည်ခိုင်ပညာ, သာရိပုတြာ– (ဆုတောင်း–၆၈။)

http://www.dhammadownload.com

၁၈၂။ ဇယတိ–အောင်၏၊ အင်္ကောသတိ–ဆဲရေး၏၊ ဟသတိ–ပြက်ရယ်၏၊ ပတိဂဇ္ဇတိ–ကြိုးဝါး၏၊ ဒုဟျတိ–မကောင်းပြု၏၊ ဝါ–ဖျက်ဆီး၏၊ ဥဿူယတိ–စောင်းမြောင်း၏၊ အဝဇာနာတိ–မထီမဲ့မြင်ပြု၏၊ နိန္ဒတိ–ကဲ့ရဲ့၏၊ ကွသတိ–ငြူစူ၏၊ ရုန္ဓတိ–ပိတ်ပင်၏၊ ကွတိ–ဤဆယ်ပါးသောကြိယာပုဒ်တို့လည်းကောင်း။

နှယ်--- (က) ကျွန်းသူပေါင်းကို, ကြောင်းစွန်းနှယ်, ငါ့နယ်ကျင့်လေ, ညွှန်ကြားပေသို့– (ပါ–၁၀။)

(ခ) ကျွန်တို့စရိုက်, ခွေးနှယ်လိုက်လျက်, ဆောင်ထိုက်အရေး– (မဃ–၃၆၈။)

သို့--- (က) စက်ဘုန်းလက္ခဏာ, တရာမက, စဲစဲလှလျက်, ပုံချခတ်နိပ်, ရွှေတံဆိပ်သို့, ဦးထိပ်အဖျား, ရပ်တန့်နားပြီး– (ပါ–၂၁။)

(ခ) အာကာသေ–ဟု, နဘောစန္ဒော်, လသို့ပေါသား, သူတော်တံထွာ, လူလိမ္မာတို့– (ပါ–၈၉။)

နည်း--- (က) ခလုပ်ထိမှ, အမိခေါ်နည်း, ငရဲဆည်း၍, သည်းလှမှသာ, ငိုကြွေးရှာလျက်– (ငရဲ–၂၅။)

(ခ) တန္တ၂–နည်းသွေး, ခန့်တွက်တွေးလည်း– (ဆုတောင်း–၃၆။)

ဆွယ်--- (က) ဝေါအထက်ဝယ်, နတ်နှင့်ဆွယ်လျက်– (၈–၉၄။)

(ခ) ကေသရာသို့, ပမာနှိုင်းဆွယ်– (ငရဲ။)

မခြား--- နတ်မခြားသည့်, သုံးပါးရံခွေ– (မဃ–၁၄၉။)

ယိုးမှား--- (က) တိမ်လတ်မိုးမှာ, တုသိတာနှင့်, ယာမာယိုးလှည့် မမှားတည်း။ (ဆုတောင်း–၂၀။)

(ခ) ဆောင်ပြောင်မိုးနတ်, မြပြာသာဒ်လည်း, ယိုးချွတ်မတူ– (ဆုတောင်း–၉၇။)

(ဂ) နတ်သမာတင်, ယာဉ်သာညင်ထက်, နတ်ပင်စတေ, ယိုးစနေနှင့်– (၈–၉၂။)

(ဃ) မျက်နှာပုံပြင်, ဖြူတ်ချင်းမြင်သော်, နတ်လျှင်ယိုးမှား, ရှုဘွယ်များသည်, ညက်ထွားပြာဖြူ, ဆွေအိမ်သူ– (ဘူ–၄၈။)

ဆ--- (က) သည့်ထက်မက, နတ်နှင့်ဆလည်း, နိမ့်ကျမထင်– (ဆုတောင်း–၉၄။)

(ခ) နက်ဖှမ်းပြောကျယ်, ပင်လယ်နှိုင်းဆ– (ငရဲ–၄။)

http://www.dhammadownload.com

၁၈၃။ တဿ–သူ၏၊ သောဘဂ္ဂ–တင့်တယ်ခြင်းကို၊ စောရေတိ–ခိုးယူ၏၊ တဿ–သူ၏၊ ကန္တိ–တင့်တယ်ခြင်းကို၊ ဝိလုမ္ပတိ–လုယက်၏၊ တေန–သူနှင့်၊ သဒ္ဓိ–တကွ၊ ဝိဝဒတိ–ငြင်းခုံ၏၊ တေန–သူနှင့်၊ တုလျံ–တူစွာ၊ အဓိရောဟတိ–တက်ရောက်၏။

ယောင်---　(က) ညစ်ညူးတိမ်ပုပ်, အုပ်သည့်လကို, တောက်ပထွန်းအောင်, ပြုသောယောင်သို့, မိုက်မှောင်ဇာတိ, ဖုံးလွှမ်းဘိ၍, မသိယုံမှား, ကျွန်တို့အားလျှင်, ဘုရားအရှင်, ဟောစေချင်–ဟု– (ဘူ။)

(ခ) သောက်ရှူးထွန်းပြက်, လက်လတ်သောယောင်, လောင်လလိလိ၊ (ဇ။)

ထင်ယောင်---　မြင့်မိုရ်ဖျားဝယ်, သိကြားဘုန်းစည်, ပွင့်နန်းတည်သည်, နတ်ပြည်ထင်ယောင်ယောင်တကား။ (ဇ–၁၂၄။)

ပမာ---　(က) တိရစ္ဆာန်တောမင်း, ဤဖြစ်ခြင်းကို, ဖြောင့်စင်းပမာ, အားထုတ်ခါ၌, နည်းနာအမောင်ကြဲလသေး။ (ပါ။)

(ခ) ပမာအထူး, ပင်လယ်ကူးနှင့်– (မဃ–၃၆၆။)

မသာလှည့်ကျင်–　ထက်ရံမိုးမှာ, နန္ဒဝါကား, မသာလှည့်ကျင်, သည်ပင်ပင်–ဟု– (ဇ–၉၆။)

အသွင်---　(က) ဝင်မိမှားကျင်, ငါးအသွင်သို့– (၁ရဲ–၆၁။)

(ခ) တိမ်ရွက်အသွင်, သက်တင်အလား– (ဇ–၁၂၂။)

သဏ္ဌာန်---　ဘုန်းကြီးရှင့်ဘ, အဘို့ငသော်, အားရစွာဆုံး, ခိုင်ကျည်သုံးသည်, နှလုံးတောင်ကြီး သဏ္ဌာန်တည်း။ (ဆုတောင်း–၁၅၈။)

နှုန်းနှုန်း---　နှိုင်းဖက်နှုန်းနှုန်း, မုလေးပန်းနှင့်, မတန်းညစ်မြူ။ (မင်းရဲ။)

ဟန်---　(က) မြတ်လျောက်ယုတ်တန်, ဆင်ခြင်ဟန်ဖြင့်, ပေးလွန်ပိမ့်လော, တန်ပိမ့်လော–ဟု, နှစ်မြောတိုင်တွဲ့– (ပါ။)

(ခ) တွန်သံဖိုမ, သံပြိုင်ချသား, ကြိုးကြော့အဟန်, လေသွန်မြောက်ခန်း, တံခါးနှန်းကို– (ဇ–၁၁၈။)

လို---　မွေ့ညက်နူတ်ချို, စကားဆိုလည်း, တောင်လိုဘယ်ခါ, မမောက်ရာဘူး– (မဃ။)

နှိုင်းတန်---　(က) တံဘောင်စံနည်း, မြေကြီးကြည်းလည်း, တိုင်တည်းမိတ်ရန်, ဖတ်တိုင်းမှန်သည်, နှိုင်းတန်ဖြဟ္မဏော်ဂီတည်း။ (ဆုတောင်း–၂၈။)

(ခ) ကြင်ချစ်နွဲဘော်, သဟဲတော်မူ, မနော်နှိုင်းတန်– (စန္ဒ–၃၉။)

http://www.dhammadownload.com

၁၈၄။ တဿ–သူ၏၊ ကစ္ဆ–နိုင်ငံသို့၊ ဝိဂါဟတေ–သင်္ဂဝင်၏၊ တံ–ထိုသူ့ကို၊ အန္တေတိ–အစဉ်လိုက်၏၊ တံ–သူ့ကို၊ အနုဗန္ဓတိ–အစဉ်ဖွဲ့၏၊ တဿီလံ–သူ၏အလေ့

နှင်းနိုး––– (က) ရွှေလှော်နှင်းနိုး, မိမယ်ဖြိုး၏, ရင်ရိုးချိုင့်ဆီ– (ကျေး။)
(ခ) ထိပ်ဖျားတွပ်တွပ်, မိုး၍ဟပ်သား, စွယ်သပ်ဆိပ်ချိုး,ငန်းနှင်းနိုး၍– (ပါ–၁၁၀။)
(ဂ) အဟိတ်မျိုးသို့, နှင်းနိုးပုံသွင်– (မဃ–၁၅၇။)

မယွင်း––– (က) ရာဇဝတ်ရေး, ပေါက်ကျေးမယွင်း, သိခက်လျှင်း၏။ (မဃ–၃၆၇။)
(ခ) ဤဂါထာကို, ငါလည်းခုပင်, နာရလျှင်မူ, ထို့သွင်မယွင်း, ကြောက်လန့်ကင်းလိမ့်။ (သုတ–၉၂။)

နိုး––– (က) ဘားနှင့်ကေသရိန်, နှိုင်းချိန်–တူ–နိုး (မဃ။)
(ခ) နတ်နှင့်တူနိုး, စက်ရှိန်မိုး၍–

တူ––– ဖြူလွင်ငွေတု, ညံ့နုရဲရဲ, သဲမွေ့ကြဲသား, ပုလဲအတူ– (ဆုတောင်း–၁၄။)

ကနု––– မြင့်မိုရ်တောင်စု, ဆယ်ပြန်ပြုလည်း, ကနုမမျှ, မိနှင့်ဘကို– (ငရဲ–၇၉။)

ထပ်တူ––– ရွှေမြေနတ်ပြည်, ထပ်တူစည်၍– (ဆုတောင်း–၄။)

နှိုင်း––– (က) မဟာသုဒဿန, နတ်လမ်းမနှင့်, ထကြွချီငေါ်, နှိုင်းသင့်လျော်သည်၊ (ဆုတောင်း–၁၃၁။)
(ခ) အဟိတ်မျိုးသို့, နှိုင်းနိုးပုံသွင်၊
(ဂ) မြင့်မိုရ်ရပ်ခိုင်း, နှင်းပန်းနှိုင်းသား, စစ်ကိုင်းကြီးတော်– (ရတန။)

တူ––– (က) ညွန့်ရှင်မဋ္ဌ။, ရောက်သည့်တူ–ဟု၊ (ဆုတောင်း–၂၅။)
(ခ) ပပ်ကြားထေးတူ, လုံ့လကူသား– (ပါ–၁၀၁။)

နှုန်း––– (က) ရယ်ရွှင်မျက်နှာ, လစကြာလည်း, နှုန်းငှာမတန်– (ပါ။)
(ခ) လောင်ထိန်တောက်ညီး, တန်ဆောင်မိုးလည်း, စနီးစပ်ကာ, မနှုန်းသာသား, နာဂတဲ့သ, ဉာဏကျော်ခေါင်, ပညာရောင်ဖြင့်– (ပါ–၆။)

မပြား––– (က) လူတုဆိုသွင်, ရှင်နှင့်မပြား, ခြင်းရာအားဖြင့်– (ဆုတောင်း–၁၀။)

http://www.dhammadownload.com

အထသည်၊ ဟောတိ–ဖြစ်၏၊ တံ–သူ့ကို၊ နိသေဓေတိ–တားမြစ်၏၊ တဿ–သူအား၊ အနုကရောတိ–အတုပြု၏၊ ဣတိ–ဤဆယ်ပါးသောဝါကျတို့လည်းကောင်း၊ ဣတိ–ဤသို့၊ ဣမေ–ဤ ၅၂–ပါးတို့သည်၊ ဣဝါဒီ–ဣဝါဒိဂိုဏ်းသဒ္ဒါတို့ မည်၏။

(ခ) ထွန်းညီးရောင်ပ, ရွှေဂူဝ၌, မြဲလှသိုထား, ချွေတာစားသည် ···· မပြားလူသူ့ကျင့်ယောင်တည်း။ (ကိုးခန်း–၁၉၅။)

မထူးခြား--- (က) အမြိုက်သုဓာ, နတ်စာငှာနှင့်, များစွာလျော့လျား, မထူးခြားတည့်, ဘုရားဟူက, ပွင့်စမူးမူး, ထိုနေ့ထူး၌, ရဘူးစမြဲ။ (ပါ–၁၁။)

(ခ) ဖတ်ဖတ်မောမျှ, ပိုက်တွင်ကျသည့်, လင်းတငှက်နှင့် မထူးတည်း။ (ကိုး–၂၄၉။)

သွင်--- (က) မျောက်သစ်ကိုင်းလွတ်, ဖြစ်လတ်သော့သွင်– (၈–၂၄။)

(ခ) မင်းခယောက်ျား, ကမ်းနားသစ်ပင်, ပမာသွင်နှင့်–(မဃ။)

နီးနီး--- ရိပ်ဖြူလှစ်ဘွင့်, ပလ္လင်မြင့်ထက်, နတ်နှင့်နီးနီး, နေလတ်ပြီးသော်– (၈–၆၃။)

ဆင်--- စုံစီပြောက်ထင်, ရွှေပြားဆင်သား - (ဆုတောင်း–၁၅။)

စံ--- (က) နတ်စစ်နှိုင်းစံ, ဘမွေခံလော့။ (မဃ–၁၇၁။)

(ခ) ဆယ်ဆဆယ်ရာ, မစံသာတည့်။ (ငရဲ–၂၅။)

(ဂ) ပိုးနှင့်မီးလျှံ, နှိုင်းစံတမျှ, တရွရွတိ– (မဃ–၂၉၄။)

နှင်နှင်--- ထန်းရှိနှင်နှင်, သံတံကျင်လည်း– (ငရဲ–၁၆။)

မလွန်ပြီ--- (က) နတ်ပြည်နှင့်ဤ, မလွန်ပြီ–ဟု– (ဆုတောင်း–၁၅။)

(ခ) သိကြားဟူလည်း, ရည်တူမလွန်, နှိုင်းနှုန်းတန်လျက်– (ဆုတောင်း။)

(ဂ) ပရမီသွာမွန်, နတ်မလွန်သည်, ကျီဝန်ရာနှင်း– (အာသံ။)

တညီ--- (က) သားမြတ် စာမြီ, ရွှေဧဏီသို့, တညီနှုန်းညှိ– (မဃ–၄၃၀။)

(ခ) လူပစ်စော်ညှီ, ငဒုသီနှင့်, အညီနှုန်းကြ, ဂေါသီလ–ဟု (ပါ–၅၆။)

မလွဲ--- စကားကျိုးကား, ကျောက်ကျိုးမလွဲ, ဆက်နိုင်ခဲ၏။ (မဃ–၃၆၇။)

တပဲ--- (က) ညွန့်သန်ပင်လူး, စန္ဒကူးတို့, လှိုင်မြူးရောက်ရာ, ဥယျာဉ်သာလည်း, နတ်ရွာတပဲ, ရှုမရဲတည့်။ (၈–၁၂၄။)

http://www.dhammadownload.com

၁၈၅။ ဥပမာနောပမေယျာနံ , သမ္မတ္တံ ဝိဘာဝိဟိ၊
လ္ကမေဟိ ဥပမာဘေဒါ , ကေစိ နိယျန္တိ သမ္မတိ။

(ခ) နတ်နယ်တပဲ, အံ့ကြအဲလျက်- (ပါ။)

မြန်မာဥပမာဇောတကသဒ္ဒါများကား ထိုမျှသာ မဟုတ်သေးပေ၊ များစွာရှိသေး၏။

(က) ခြောက်ပါးပေါက်၌, တောမျောက်တူလျော်, စိတ်လျှပ်ပေါ်လျှင်- (ဆုတောင်း-၁၀၄။)

(ခ) မယှ ငှက်နှင့်, နှိုင်းချက်ချေသော်, တပြေးလျော်-ဟု (ဆုတောင်း။)

(ဂ) ပုံတခုဖြင့်, တူလုလျောလျော- (ဆုတောင်း-၅၃။)

-စသည်တို့ကိုလည်း တွေ့ရသေး၏။

ထို "တူလျော်"စသောသဒ္ဒါတို့ကို သုံးသဖြင့် ထိုနှင့်အလားတူသော နှိုင်းစံ, နှိုင်းချင့်, နှိုင်းချိန်, နှိုင်းစာ, နှိုင်းဆ, နှိုင်းယှဉ်, နှိုင်းရဲ့, နှိုင်းရည်, နှိုင်းရည့်, နှိုင်းခိုင်း, နှိုင်းလျော်, နှိုင်းတင့်နိုး-စသော သဒ္ဒါတို့ကိုလည်း သုံးနိုင်သေး၏"ဟု မှတ်ပါလေ။

လ္ကဝါဒိသဒ္ဒဂမ္ဘောပမာ

၁၈၅။ ဆိုခဲ့ပြီးသော လ္ကဝ(ကဲ့သို့)စသောသဒ္ဒါတို့သည် ဥပမာန, ဥပမေယျတို့၏ တူမျှသောဂုဏ်ဖြစ်ကြောင်း အစပ်သမ္မန်ခေါ်သော ဥပမာကို ထွန်းပြ၏၊ ထိုလ္ကဝ(ကဲ့သို့) စသော သဒ္ဒါတို့ဖြင့် သိအပ်သော ဥပမာသည် လ္ကဝါဒိသဒ္ဒဂမ္ဘောပမာ-မည်၏၊ သဓမ္မတ္တတို့၏အရကို အနက်ပေးထားသည်ကို ကြည့်၍ ကောက်ပါလေ။ [နားလည်လောက်ပါပြီ၊ နောက်လည်း ဤနည်းချည်း မှတ်ပါ။]

ထိုလ္ကဝါဒိသဒ္ဒဂမ္ဘောပမာတို့သည် အလွန်များကုန်၏၊ ထို့ကြောင့်အကုန်အစင်ကို မပြနိုင်ချေ၊ ကျေးဇူးလည်းများ, အသုံးလည်းများသော ဥပမာတို့ကိုသာ ထုတ်ပြရတော့မည်။

(က) ဓမ္မောပမာ= ဂုဏ်ပုဒ်တိုက်ရိုက်ပါသော ဥပမာ,

(ခ) ဓမ္မဟီနောပမာ= ဂုဏ်ပုဒ်မပါရှိသော ဥပမာ,

(ဂ) ဝိပရီတောပမာ= ဥပမာန ဥပမေယျတို့ ရှေ့နောက်ပြန်သော ဥပမာ,

(ဃ) အညမညောပမာ= အပြန်အလှန်နှိုင်းခိုင်းသော ဥပမာ,

(င) အဗ္ဘုတောပမာ= အံ့သြဖွယ်ကောင်းသောသဘောကို ပြတတ်သော ဥပမာ,

(စ) သိလေသောပမာ= ဥပမာန ဥပမေယျ နှစ်ပါးလုံး၌ ကပ်ငြိသက်ဆိုင်သော ဂုဏ်ပုဒ်၏အစွမ်းအားဖြင့် ဆိုအပ်သော ဥပမာ,

(ဆ) သန္တာနောပမာ= သမာသ်တွဲစပ်ထားသော အသံတူ အနက်ကွဲ ပုဒ်အစဉ်ဖြင့် ဆိုအပ်သော ဥပမာ,

http://www.dhammadownload.com

၁၈၅။ ဥပမာနောပမေယျာနံ–ဥပမာန, ဥပမေယျတို့၏၊ သမ္မတ္တံ–တူသော ဂုဏ်၏ ဖြစ်ကြောင်းဖြစ်ရာ အစပ်သမ္မန်ကို၊ ဝိဘာဝိဟိ–ထင်စွာပြတတ်ကုန်သော၊ ကွမေဟိ–ဤကွဝစသောသဒ္ဒါတို့ဖြင့်၊ (ဂမ္ဘာ–သိအပ်ကုန်သော၊) ကေစိ–အချို့ ကုန်သော၊ ဥပမာဘေဒါ–ဥပမာအပြားတို့ကို၊ သမ္ပတိ–ယခုအခါ၌၊ နိယျန္တိ–ထုတ်ဆောင်အပ်ကုန်၏၊ ဝါ–လတ္တံ့။

၁၈၆။ ဝိကာသိပဒုမံဝါတိ–သုန္ဒရံ သုဂတာနနံ၊
ကွတိ ဓမ္မောပမာ နာမ , တုလျဓမ္မနိဒဿနာ။

၁၈၆။ သုဂတာနနံ–မြတ်စွာဘုရား၏ မျက်နှာတော်သည်၊ ဝိကာသိပဒုမံဝ–(ကားကားစွင့်စွင့်,) ပွင့်သောကြာကဲ့သို့၊ အတိသုန္ဒရံ–အလွန်တင့်တယ်, သပ္ပာယ်တော်မူလှပေ၏၊ ကွတိ(အယံ)–ဤဥပမာသည်၊ တုလျဓမ္မနိဒဿနာ–တူသောဂုဏ်ကို ပြတတ်သောကြောင့်၊ ဓမ္မောပမာနာမ–ဓမ္မောပမာမည်၏။

---

(၈) နိန္နောပမာ= ဥပမာနကို ကဲ့ရဲ့လျက် နှိုင်းခိုင်းထားသော ဥပမာ,
(၈၂) ပဋိသေဓောပမာ= တားမြစ်အပ်သော ဥပမာနဖြင့် နှိုင်းခိုင်းအပ်သော ဥပမာ,
(၈၃) အသာဓာရဏောပမာ= အတူမရှိ ဥပမေယျဖြင့်ပင် ပြန်၍နှိုင်းခိုင်းသော ဥပမာ,
(၈၄) အဘူတောပမာ= ထင်ရှားမရှိသော ဥပမာနဖြင့် နှိုင်းယှဉ်သော ဥပမာ–ဟူသော ၁၁–မျိုးမျှကိုသာ ထုတ်ပြမည်–ဟူလို။

(က)ပြန်ပုံစံ။　　**။၁၈၆။** သုံးလူ့ဆရာ, စောမြတ်စွာ၏, လွန်စွာရွှင်လန်း, မျက်နှာဝန်းကား, ပွင့်လန်းကြာနှယ်, လွန်တင့်တယ်၏။

ရှင်း　　ပဒုမာကြာပန်း, မျက်နှာတို့နှင့် ဆက်ဆံသောဂုဏ်ကို ပြတတ်သောကြောင့် အတိသုန္ဒရံ(လွန်တင့်တယ်)ဟူသော ဂုဏ်သည် တူသောဂုဏ်(တုလျဓမ္မ) မည်၏၊ ထိုသို့ တူမျှသောဂုဏ် တိုက်ရိုက်ပါရှိသောကြောင့် ဤဥပမာသည် "ဓမ္မောပမာ" မည်၏။ [ဓမ္မသဒ္ဒါ ဂုဏ်ဟော။]

အစိတ် ၆–ပါး ခွဲပြချက်

ဤ၌ (၁) ကြာသည် ဥပမာန–မည်၏၊ (၂) မျက်နှာသည် ဥပမေယျ၊ (၃) ဥပမာနဖြစ်သော ကြာ၌ရှိသော ကောင်းသောဂုဏ်, ဥပမေယျဖြစ်သော မျက်နှာ၌ရှိသော ကောင်းသောဂုဏ်သည် သဓမ္မ–မည်၏၊ (၄) ကြာ၌ရှိသော ကောင်းသောဂုဏ်, မျက်နှာ၌ရှိသော ကောင်းသောဂုဏ်တို့၏ မကွဲမပြား တစ်သားတည်း တစ်စပ်တည်း ဖြစ်နေသည်ကို သိစေတတ်သော သမ္မန်သည် သဓမ္မတ္တ–မည်၏၊ (၅) ထိုသဓမ္မတ္တမည်သော သမ္မန်သည် ပင်လျှင် ဥပမာ–မည်၏၊ (၆) ကွဝ(နှယ်)သဒ္ဒါသည် ထိုဥပမာကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတက–မည်၏။

http://www.dhammadownload.com

၁၈၇။ ဓမ္မဟီနာ မုခမ္ဟောဇ-သဒိသံ မုနိနော ကြတိ၊
ဝိပရီတောပမာတုလျ-မာနနေနမ္ဘုဇံ တဝ။

၁၈၇။ မုနိနော-မြတ်စွာဘုရား၏၊ မုခံ-မျက်နှာတော်သည်၊ အမ္ဘောဇသဒိသံ-ကြာပန်းနှင့်တူ၏၊ ကြတိ-ဉျဉပမာသည်၊ ဓမ္မဟီနာ-(ဂုဏ်ပုဒ်မပါသောကြောင့်) ဓမ္မဟီနောပမာမည်၏၊ (မုနိ-ရှင်တော်မြတ်ဘုရား !၊) အမ္ဘုဇံ-ကြာသည်၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ အာနနေန-မျက်နှာတော်နှင့်၊ တုလျံ-တူ၏၊ ကြတိ-ဉျဉပမာသည်၊ ဝိပရီတောပမာ-(ဥပမာန, ဥပမေယျတို့ ရှေ့နောက်ပြန်သောကြောင့်) ဝိပရီတောပမာမည်၏။

(ခ) ပြန်ပုံစံ။ ။၁၈၇။ ရဟန်းတို့ဘ, မုနိန္ဒ-ဟု, မြတ်စွာ့မျက်နှာ, ပဒုမာနှင့်, ပမာတမူ, တူတော်မူ၏။

ရှင်း တူမျှသောဂုဏ်ကိုပြတတ်သော အတိသုန္ဒရ(လွန်တင့်တယ်)စသော ဂုဏ်ဟောသဒ္ဒါ မပါရှိသောကြောင့် "ဓမ္မဟီနာ" မည်၏။

ထိုသို့ တူမျှသောဂုဏ်ကို ပြတတ်သောအတိသုန္ဒရ(လွန်တင့်တယ်)စသော ဝါစကသဒ္ဒါကင်းမဲ့ပါသော်လည်း မြတ်စွာဘုရားမျက်နှာတော်သည် ကြာပန်းနှင့်တူ၏-ဟူသောစကားရပ်၌ မျက်နှာ၏ ကြာပန်းနှင့်တူခြင်းသည် တူသောဂုဏ် ရှိသောကြောင့်သာ ဖြစ်နိုင်ပေသည်၊ တူသောဂုဏ် မရှိခဲ့သော် အဘယ်မှာလျှင် ဖြစ်နိုင်လိမ့်မည်နည်း၊ ဤသို့ အစွမ်းသတ္တိဖြင့်ပင် တူမျှသောဂုဏ်ကို သိအပ်၏။

သဒိသ, (ပမာတမူ)သဒ္ဒါသည် မျက်နှာ၏ ဝိသေသနဖြစ်သောကြောင့် ဥပမေယျ, မျက်နှာ၌ရှိသော တူမျှခြင်းဂုဏ်(ဥပမာ)ကို မုချအားဖြင့် ထွန်းပြ၏၊ ဟော၏၊ ဥပမာန-ကြာ-၌ရှိသော တူမျှသောဂုဏ်ကိုကား သာမတ္ထိယအားဖြင့် သိအပ်၏။

ဆောင်။ ။ ဝါစကသဒ္ဒါ, ကင်းမဲ့ပါလည်း, သာမတ္ထိယ, နည်းမှီပြ, တူမျှဂုဏာ သိရပါ။

(ဂ) ပြန်ပုံစံ။ ။နေအရဏ်သင့်, ကားကားစွင့်လျက်, ပွင့်သည့်ရွှေကြာ, ပဒုမာသည်, မြတ်စွာဘုန်းပွင့်, မျက်နှာနှင့်လျှင်, လွန်တူဆင်၏။

ရှင်း "မျက်နှာသည် ကြာပန်းနှင့်တူ၏"ဟူသော နှိုင်းခိုင်း ပြောဆိုရိုးမှ ပြန်လှန်၍ "ကြာသည် မျက်နှာနှင့် တူ၏"ဟု ဆိုသောကြောင့် "ဝိပရီတောပမာ"မည်၏။

အမ္ဘုဇ(ကြာ)၏ ဝိသေသနဖြစ်သော တုလျ(တူဆင်)သဒ္ဒါသည် ကြာ၌ရှိသော တူမျှခြင်းဂုဏ်ကို ဟော၏၊ ဥပမာနမျက်နှာ၌ရှိသော တူခြင်းဂုဏ်ကို (သာမတ္ထိယ)အစွမ်းသတ္တိဖြင့် သိအပ်၏။

http://www.dhammadownload.com

၁၈၈။ တဝါနနမိဝမ္ဘောဇံ , အမ္ဘောဇမိဝ တေ မုခံ၊
အညမညောပမာ သာယံ , အညမညောပမာနတော။

၁၈၈။ (မုနိ-မြတ်စွာဘုရား !၊) အမ္ဘောဇံ-ကြာပန်းသည်၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ အာနနံကွဝ-မျက်နှာတော်နှင့်တူ၏၊ တေ-ရှင်တော်မြတ်ဘုရား၏၊ မုခံ-မျက်နှာတော်သည်၊ အမ္ဘောဇံကွဝ-ကြာပန်းနှင့်တူ၏၊ သာယံ-ထိုဥပမာသည်၊ အညမညောပမာနတော-အချင်းချင်း(နှိုင်းယှဉ်ကြောင်း) ဥပမာနဖြစ်သောကြောင့်၊ အညမညောပမာ-အညမညောပမာမည်၏။

၁၈၉။ ယဒိ ကိဉ္စိ ဘဝေမ္ဘောဇံ , လောစနဿမုဝိဿံ၊
မာရေတုံ မုခသောဘံ တံ , တဝေတိ အဿတောပမာ။

ဝိပရီတခေါ်ပုံ

ဤဝိပရီတောပမာ ပုံစံ၌လည်း ဂဏ်ပုဒ်မပါရှိချေ၊ ထို့ကြောင့် "ဓမ္မဟိနာ"ပင် ခေါ်ဆိုသင့်သော်လည်း ပြန်၍ဆိုသဲ့ အားကောင်းသောကြောင့် "ဝိပရီတ"ပင် ခေါ်ရလေသည်၊ နောက်လည်း နည်းမှီကြဲလေ။

ဆောင်။　　။ ဓမ္မဟိနာ, မည်သင့်ပါလည်း, ပြန်ကာဆိုဘိ, လွန်အားရှိ၍, ဝိပရီတ, အမည်ရ, ကြံကြနောက်မှာ နည်းတူသာ။

(ဃ) ပြန်ပုံစံ။　　။ ၁၈၈။ ယှက်ရုံအိုင်တွင်း, ကြူကြူသင်းသည့်, ပွင့်လင်းရွှေကြာ, ပဒုမာသည်, မြတ်စွာဗုဒ္ဓ, မုခတရှိ, တူပေဘိ၏၊ ဇိနမြတ်စွာ, ရွှေမျက်နှာလည်း, ကြာနှင့်တမူ, အလားတူ၏။

ရှင်း　　တဝါနနမိဝမ္ဘောဇံ-(ပွင့်လင်းရွှေကြာ, ပဒုမာသည်, မြတ်စွာဗုဒ္ဓ, မုခတရှိ, တူပေဘိ၏၊)၌ မျက်နှာသည် နှိုင်းယှဉ်ကြောင်း ဥပမာန-မည်၏၊ ကြာသည် ဥပမေယျ-မည်၏။

အမ္ဘောဇမိဝ တေ မုခံ-(ဇိနမြတ်စွာ, ရွှေမျက်နှာလည်း, ကြာနှင့်တမူ, အလားတူ၏၊)၌ ကြာသည် နှိုင်းယှဉ်ကြောင်း ဥပမာန-မည်၏၊ မျက်နှာက ဥပမေယျ-မည်၏။

ဤသို့ မျက်နှာနှင့်ကြာတို့ အချင်းချင်း အပြန်အလှန် ဥပမာနဖြစ်ကြသောကြောင့် ဤဥပမာသည် "အညမညောပမာ"မည်၏။

(ငဃ) ပြန်ပုံစံ။　　။ ၁၈၉။ မျက်ခုန်းမျက်လုံး, ရွှင်ပြုံးတင့်တယ်, ပြည့်စုံကြွယ်သည်, အံ့ဖွယ်ထူးဆန်း, ရွှေကြာပန်းလျှင်, ဖြစ်ထွန်းကောင်းစွာ, ပေါ်ပေါက်လာက, ထိုကြာရှင်တော်, မျက်နှာတော်၏, နှိုင်းလျော်ရန်ကင်း, လှပခြင်းကို, ဆောင်ခြင်းကောင်းစွာ, စွမ်းနိုင်ရာ၏။

http://www.dhammadownload.com

၁၈၉။ (မုနိ–မြတ်စွာဘုရား !၊) လောစနဗ္ဘမုဝိဗ္ဘမံ–မျက်လုံးမျက်ခုန်းတို့၏ တင့်တယ်ခြင်းကဲ့သို့ တင့်တယ်ခြင်းရှိသော၊ ကိဉ္စိ–တစ်စုံတစ်ခုသော၊ အမ္ဘောဇံ–(အံ့သြဖွယ်ကောင်းသော)ကြာပန်းသည်၊ ယဒိဘဝေ–အကယ်၍ဖြစ်ငြားအံ့၊ တံ–ထိုကြာသည်၊ တဝ–ရှင်တော်မြတ်ဘုရား၏၊ မုခသောဘံ–မျက်နှာတော်၏ တင့်တယ်ခြင်းကို၊ ဓာရေတုံ–ဆောင်ခြင်းငှာ၊ (သမတ္ထံ ဘဝေယျ–စွမ်းနိုင်ခဲ့လေရာ၏၊) ကွတိ–ဤဥပမာသည်၊ အဗ္ဘုတောပမာ–(အံ့သြဖွယ်ကောင်းသော သဘောကို ပြတတ်သောကြောင့်) အဗ္ဘုတောပမာမည်၏။

၁၉၀။ သုဂန္ဓိ သောဘာသမ္ဘန္ဓိ , သိသိရံသုဝိရောဓိ စ၊
မုခံ တဝမ္ဘုဇံဝေတိ , သာ သိလေသောပမာ မတာ။

ရှင်း ဤဥပမာသည် အံ့သြဖွယ်ကောင်းသော သဘော(ဂုဏ်ထူး)ကို ပြတတ်သောကြောင့် "အဗ္ဘုတောပမာ"မည်၏။

တကယ်ပင်မရှိသော်လည်း ရှိသကဲ့သို့ ကြံဆအပ်သော အံ့သြဖွယ်ကောင်းသော ကြာပန်း၌ရှိသော မျက်လုံးမျက်ခုန်းတို့၏ တင့်တယ်ခြင်း အစပ်သမ္ဘန်(ဥပမာ)ကို ကြာပန်း၏ ဝိသေသနဖြစ်သော လောစနဗ္ဘမုဝိဗ္ဘမံ–(မျက်လုံးမျက်ခုန်း, ရွှင်ပြုံးတင့်တယ်, ပြည့်စုံကြွယ်သည့်)ဟူသော သဒ္ဒါက ထွန်းပြ၏၊ ထိုသို့ မျက်လုံးမျက်ခုန်းတို့၏ တင့်တယ်ခြင်း ရှိသော အစပ်သမ္ဘန်ဥပမာကို ထွန်းပြသောကြောင့် ကြာပန်းသည် ဌာနျုပစာအားဖြင့် ဥပမာ–မည်၏၊ မျက်နှာတော်သည် ဥပမေယျ–မည်၏၊ မျက်နှာ၌ဖြစ်သော မျက်လုံးမျက်ခုန်းတို့၏ တင့်တယ်ခြင်း–ဟု ဆိုအပ်သော အစပ်သမ္ဘန်ကို "အကယ်၍ မျက်နှာ၌ မရှိခဲ့ပါမူ ထိုသို့သဘောရှိသော တင့်တယ်သော မျက်နှာတော်ကို အဘယ်မှာ ဆောင်ထားနိုင်လိမ့်မည်နည်း"ဟူသော သာမတ္ထိယအစွမ်းဖြင့် သိအပ်၏။ (ဋီ။)

ဤ၌ ကြာသည် ဥပမာန, မျက်နှာသည် ဥပမေယျ, ထင်ရှားမရှိသော ကြာ၏ မျက်လုံးမျက်ခုန်းတို့၏ တင့်တယ်ခြင်း ထင်ရှားရှိသော မျက်နှာ၏ မျက်လုံးမျက်ခုန်းတို့၏ တင့်တယ်ခြင်း တူညီသည်၏အဖြစ်–တည်းဟူသော အစပ်သမ္ဘန်သည် (သဓမ္မတ္တ) ဥပမာ–မည်၏၊ ထိုဥပမာကို လောစနဗ္ဘမုဝိဗ္ဘမံ–၌ အတွင်းငုတ်နေသော ကွဝသဒ္ဒါက ထွန်းပြ၏။

(စ) ပြန်ပုံစံ။ ။၁၉၀။ ဓမ္မသာမိ, မာရဇိ–ဟု, မုနိထွတ်တင်, ဘုရားရှင် !–, ရှင်ပင့်မျက်နှာ, ပဒုမာသို့, ကောင်းစွာငြိမ့်အေး, ကြူကြူမွေး၍, ညစ်ကြေးမဝင်, ရောင်ရှင်ရွှန်းရွှန်း, အပြည့်ထွန်းသည် . . . . လစန်းရောင်နှင့် ဆန့်ကျင်၏။

ရှင်း ဤ၌ ပဒုမာကြာသည် ဥပမာန, မြတ်စွာဘုရား၏ မျက်နှာသည် ဥပမေယျ–မည်၏၊ ပဒုမာကြာသည် ကြာနံ့ရှိ၏၊ မျက်စွာဘုရား၏ မျက်နှာတော်သည်လည်း လေးပါးသော နံ့သာမျိုးကဲ့သို့ မွေးပျံ့သောအနံ့ ရှိတော်မူ၏၊ ကြာသည် မိမိနှင့်စပ်ယှဉ်သော

http://www.dhammadownload.com

၁၉၀။ (ဇိန–မြတ်စွာဘုရား !၊) တဝ–ရှင်တော်မြတ်ဘုရား၏၊ မုခံ–မျက်နှာတော်သည်၊ အမ္ဗုဇံဝ–ပဒုမာကြာပန်းကဲ့သို့၊ သုဂန္ဓိစ–ကောင်းသောအနံ့လည်းရှိ၏၊ သောဘာသမ္မန္ဓိစ–အရောင်နှင့်လည်း စပ်ခြင်းရှိ၏၊ သိသိရံသုဝိရောဓိစ–ချမ်းအေးသောအရောင်ရှိသော လနှင့်လည်း ဆန့်ကျင်၏၊ ကွတိ–ဤသို့သဘောရှိသော၊ သာ–ထိုဥပမာကို၊ သိလေသောပမာ–(ဥပမာန, ဥပမေယျ နှစ်ပုဒ်လုံး၌ကပ်ငြိတတ်သော ဂုဏ်၏အစွမ်းအားဖြင့် ဆိုအပ်သောကြောင့်) သိလေသောပမာမည်၏ဟူ၍၊ မတာ–သိအပ်၏။

၁၉၁။ သရူပသဒ္ဒဝစ္ဆတ္တာ , သာ သန္တာနောပမာ ယထာ၊
ဗာလာဝုယျာနမာလာယံ , သာလကာနနသောဘိနီ။

အရောင်ရှိ၏၊ မြတ်စွာဘုရား၏ မျက်နှာတော်သည်လည်း အတုမရှိသော ရောင်ခြည်ရှိတော်မူ၏၊ လ–ထွက်သောအခါ ငုံသောကြောင့် ကြာသည် လ–နှင့် ဆန့်ကျင်ဘက်ဖြစ်၏၊ လ–နှင့် သန့်ရှင်းကြည်လင်ခြင်းဂုဏ်ရည် တူသောကြောင့် အကြိုတူ ရန်သူနည်းဖြင့် မျက်နှာသည် လ–နှင့် ဆန့်ကျင်၏၊ ထိုဝိသေသနသုံးပုဒ်တို့သည် ဆိုခဲ့ပြီးသည့်အတိုင်း ဥပမာန,ဥပမေယျ နှစ်ပုဒ်လုံးကို ကပ်ငြိထိစပ်တတ်, ဟောတတ်၏၊ ထိုသို့ ဥပမာန, ဥပမေယျ အနက်နှစ်ပါးလုံး၌ ကပ်ငြိထိစပ်တတ်သောဂုဏ်ပုဒ်၏ အစွမ်းအားဖြင့် ဆိုအပ်သောကြောင့် ဤဥပမာသည် "သိလေသောပမာ" မည်၏။

ထိုဂုဏ်တို့သည် မုချအားဖြင့် ကြာနှင့်သာစပ်ကုန်၏၊ မျက်နှာနှင့်စပ်သည်၏အဖြစ်ကိုကား [သာမတ္ထိယနည်းအားဖြင့်] ဆ၍သိအပ်၏၊ ထိုဂုဏ်တို့သည် ကြာနှင့်မျက်နှာ နှစ်ပါးလုံး၌ ရှိသောကြောင့် ကြာနှင့်မျက်နှာ တစ်စပ်တည်းစပ်၍နေခြင်းသည် သမ္မန်–မည်၏၊ ထိုသမ္မန်သည်ပင် ဥပမာ–မည်သည်၊ ထိုဥပမာကို ထွန်းပြတတ်သော ကွဝ(သို့)သဒ္ဒါသည် ဥပမာဇောတက–မည်၏။

(ဆ) ရှင်း။　။၁၉၁။ သမာသ်တွဲစပ်ထားသော အသံတူ ပုဒ်အစဉ်ဖြင့် ဆိုအပ်သော ဥပမာသည် "သန္တာနောပမာ" မည်၏၊ ဤ၌ သိလေသောပမာသဘော သက်ရောက်သော်လည်း သမာသ်တွဲစပ်ထားသော အသံတူပုဒ်အစဉ်ဖြင့် ဆိုအပ်သောကြောင့် "သန္တာနောပမာ" မည်၏။

မိန်းမပျိုသည် ဥပမာန, ဥယျာဉ်အစဉ်သည် ဥပမေယျ, တင့်တယ်ခြင်းဂုဏ်သည် သဓမ္မ, ထိုဥပမာန-ဥပမေယျနှစ်ပါးစုံ၌ရှိသော တင့်တယ်ခြင်းဂုဏ်နှစ်ခုတို့၏ တစ်စပ်တည်းစပ်နေခြင်းသည် သမ္မန်–မည်၏၊ ထိုသမ္မန်သည်ပင် သဓမ္မတ္တလည်း မည်၏၊ ဥပမာလည်း မည်၏၊ ကွဝ–သဒ္ဒါသည် ဥပမာဇောတက–မည်၏။

မြန်ပုံစံ။　။ဝေနေအများ, ကျိုးတိုးပွားဖို့, ကိုးစားမှီရာ, မြတ်ဗုဒ္ဓါသည်, ရွှေဝါဝင်းပြောင်, ဟသ်ံမောင်သို့, ရွှေတောင်ရိုကိုယ်, တင့်တယ်ပို၏။ (နော)

http://www.dhammadownload.com

၁၉၁။ သရူပသဒ္ဒဝစ္စတ္တာ–သုတိတူသောသဒ္ဒါအစဉ်ဖြင့် ဆိုအပ်သည်၏ အဖြစ်ကြောင့်၊ သာ–ထိုဥပမာသည်၊ သန္တာနောပမာ–သန္တာနောပမာမည်၏၊ ယထာ–ကား၊ ဗာလာတျာဒိ–တည်း၊ အယံ ဥယျာနမာလာ–ဤဥယျာဉ်အစဉ်သည်၊ သာလ ကာနနသောဘိနီ–(သ–အာလက–အာနန–သောဘိနီ)ခွေလိပ်သောဆံပင်ရှိသော မျက်နှာဖြင့် တင့်တယ်သော၊ ဗာလာဝ–မိန်းမပျိုကဲ့သို့၊ သာလကာနနသောဘိနီ–(သာလ–ကာနန–သောဘိနီ)အင်ကြင်းတောဖြင့် တင့်တယ်၏၊ [အလကား= စူဏ်ကုန္တလား–ခွေလိပ်သောဆံပင်တို့၊ အမရကောသအဘိဓာန်။]

၁၉၂။ ခယီ စန္ဒော ဗဟုရဇံ , ပဒုမံ တေဟိ တေ မုခံ၊
သမာနမွိ သမုက္ကံသီ , တျယံ နိန္ဒောပမာ မတာ။

၁၉၂။ (မုနိ–မြတ်စွာဘုရား !၊) စန္ဒော–လသည်၊ ခယီ–(လပြည့်ကျော်တစ်ရက် နေ့မှစ၍ နေ့တိုင်းနေ့တိုင်း) ကုန်ခြင်းသဘောရှိ၏၊ ပဒုမံ–ကြာသည်၊ ဗဟုရဇံ–များသောဝတ်မှုန်ဝတ်ဆံရှိ၏၊ တေ–ရှင်တော်မြတ်ဘုရား၏၊ မုခံ–မျက်နှာတော်သည်၊ တေဟိ–ထိုလ, ကြာတို့နှင့်၊ သမာနမွိ–(အရောင်, ကောင်းသောအနံ့စသည်ဖြင့်) တူပါသော်လည်း၊ သမုက္ကံသီ–လွန်ကဲသောဂုဏ် ရှိတော်မူပါပေ၏၊ ဣတိ–ဤသို့ သဘောရှိသော၊ အယံ–ဤဥပမာကို၊ နိန္ဒောပမာ–နိန္ဒောပမာမည်၏ဟူ၍၊ မတာ–သိအပ်၏။

ရှင်း ဤ၌ "မြတ်စွာဘုရားသခင်သည် ရွှေအတောင်ရှိသော ကိုယ်ကာယဖြင့် အလွန့် အလွန်တင့်တယ်သော ရွှေဟင်္သာကဲ့သို့ ရွှေတောင်ကြီးပမာဏရှိသော ကိုယ်ကာယ တော်ဖြင့် အလွန့်အလွန် တင့်တယ်သပွာယ်တော်မူပါပေ၏" ဟု အဖြောင့်အဓိပ္ပာယ် ထွက်၏။ [သန္တာနောပမာဖြစ်ပုံကို ပါဠိကို နည်းမှီ၍သိလေ။]

သိလေသောပမာနှင့် သန္တာနောပမာအထူး

သိလေသောပမာ၌ အသံတူ, အနက်တူသည်၊ ဝိသေသနပုဒ်များကို သမာသ်ဖြင့် ဖြစ်စေ, အသီးအသီး(ဝါကျဖြင့်)ဖြစ်စေ ဆိုနိုင်သည်၊ သန္တာနောပမာ၌ကား အသံတူ အနက် ပြားသည်၊ ဝိသေသနပုဒ်ကို သမာသ်ဖြင့်သာ ဆိုရသည်၊ ဤသို့ အထူးကြံသင့်၏။

(ဇ) ပြန်ပုံစံ။ ။၁၉၂။ ဒေါင်းအိမ်စကြာ, ပုဏ္ဏမာသည်, ကလာတစ်ဆုတ်, နေ့စဉ်ယုတ်၏၊ ကုမုဒ်ရွှေကြာ, ပဒုမာလည်း, လယ်မှာဝတ်ဆံ, အပြည့်လျှံ၏၊ သယမ္ဘူနတ်, ရှင်တော်မြတ်၏, တုလွတ်မျက်နှာ, ထိုလ–ကြာနှင့်, ရောင်ဝါဂုဏ်ဖြင့်, တူပေသင့်လည်း . . . . ကဲတင့်ဂုဏ်ဝါ ပိုတော့၏။

ရှင်း ဤ၌ လ–ကြာတို့သည် ဥပမာန, မျက်နှာတော်သည် ဥပမေယျ၊ "မြတ်စွာ ဘုရား၏ မျက်နှာတော်သည် လ–ကြာတို့နှင့် တူစေကာမူ လ–မှာ ဆုတ်ယုတ် ကုန်ခန်းခြင်းသဘော, ကြာမှာ ဝတ်မှုန်များသောသဘော ရှိသောကြောင့် မျက်နှာတော်က

http://www.dhammadownload.com

၁၉၃။ အသမတ္ထော မုခေနိန္ဒ္၊ , ဇိန တေ ပတိဂဒ္ဓိတုံ၊
ဧဠော ကလင်္ကီတိ အယံ , ပဋိသေဓောပမာ သိယာ။

၁၉၃။ ဇိန–မြတ်စွာဘုရား !၊ ဧဠော–မသန့်ရှင်းသော၊ ကလင်္ကီ–ယုန်ရေးအမှတ်တံဆိပ်ပါရှိသော၊ ကွန္ဒ္၊–လသည်၊ တေ–ရှင်တော်မြတ်ဘုရား၏၊ မုခေန–မျက်နှာတော်နှင့်၊ ပတိဂဒ္ဓိတုံ–(တူသည်သာတည်းဟု) ဖက်ပြိုင်ကြုံဝါးခြင်းငှာ၊ အသမတ္ထော–မစွမ်းနိုင်ပေ၊ ကွတိ–ဤသို့သဘောရှိသော၊ အယံ–ဤဥပမာသည်၊ ပဋိသေဓောပမာ–(တားမြစ်အပ်သောဥပမာနဖြင့် နှိုင်းယှဉ်ခြင်းကြောင့်) ပဋိသေဓောပမာမည်သည်၊ သိယာ–ဖြစ်၏။

၁၉၄။ ကစ္ဆံ စန္ဒာရဝိန္ဒာနံ , အတိက္ကမ္မ မုခံ တဝ၊
အတ္တနာဝ သမံ ဇာတ–မိတျသာဓာရဏောပမာ။

ထိုလ–ကြာတို့ထက် အမြဲတန်းပြည့်ဝနေသောဂုဏ်, မြူမတင်သောဂုဏ်–စသည်တို့ဖြင့် သာလွန်၏"ဟု ဥပမာနကို ကဲ့ရဲ့လျက် နှိုင်းခိုင်းထားသောကြောင့် "နိန္ဒောပမာ"မည်၏။

ဤ၌ သမာန(တူ)သဒ္ဒါသည် ဥပမာကို ထွန်းပြ၏။ [ဂုဏ်ပုဒ်မပါသောကြောင့် ဓမ္မဟိနာဆိုသင့်ပါသော်လည်း ကဲ့ရဲ့ခြင်းက ပြဋ္ဌာန်းသောကြောင့် "နိန္ဒောပမာ"ပင် မည်သည်။]

(ဈ) ပြန်ပုံစံ။　　**။၁၉၃။** ခြောက်သွယ်ရောင်ညွန့်, ပြောင်ပြောင်ကွန့်သား, ဘုန်းဝန့်ကြီးလှ, အို–ဇိန !–, လုံးဝမစင်, အရေးထင်သည့်, ယုန်ရှင်စန္ဒ, ဘော်ငွေလကား, ရှင်ဖျားမျက်နှာ, တူသည်သာဟု, သံဝါထောင်လွှား, မကြုံးဝါးသင့်။

ရှင်း　ဤ၌ ဧဠောကလင်္ကီ(လုံးဝမစင်, အရေးထင်သည့်)ဟူသော ဝိသေသနနှစ်ပုဒ်ဖြင့် ဥပမာနဖြစ်သော လကို ကဲ့ရဲ့၏၊ ပတိဂဒ္ဓိတုံ အသမတ္ထော–(သံဝါထောင်လွှား, မကြုံးဝါးသင့်)ဖြင့် လနှင့်မျက်နှာ ကြည်လင်ထွန်းပသောဂုဏ်အားဖြင့် တူမျှပုံကိုပြ၍ လနှင့်မျက်နှာ ကြည်လင်ထွန်းပသောဂုဏ်အားဖြင့် တူသော်လည်း အလုံးစုံတူမျှပုံကို တားမြစ်၏။

ထိုသို့ တားမြစ်ခြင်းကို ပဓာနထားလျက် မြစ်အပ်သော လ–တည်းဟူသော ဥပမာနဖြင့် နှိုင်းခိုင်းအပ်သောကြောင့် ဤဥပမာသည် "ပဋိသေဓောပမာ"မည်၏။

နိန္ဒောပမာသဘော သက်ရောက်သော်လည်း ပဋိသေဓကိုသာ ပဓာနထားသည်၊ ကဲ့ရဲ့ခြင်းကား ပဓာနမဟုတ်သောကြောင့် နိန္ဒောပမာ–မဆို၊ ပဋိသေဓောပမာသာ ဆိုရသည်၊ ဤ၌ ပတိဂဒ္ဓိတုံ–(သံဝါထောင်လွှား, မကြုံးဝါးသင့်)သည် ဥပမာဇောတက မည်၏။ [ပတိဂဒ္ဓတိ–ဟူသော ကွဝါဒိဂိဏ်းဝင်ပုဒ်ကို သတိထား။]

(ည) ပြန်ပုံစံ။　　**။၁၉၄။** မုနိထွတ်တင်, ဘုရားရှင် !–, ရှင်ပင့်မျက်နှာ, လနှင့်ကြာ၏, ရောင်ဝါတင့်ဟန်, ကဲမိုးလွန်၍, နှိုင်းရန်ကိုယ်သာ, ရှိတော့ပါ၏။

http://www.dhammadownload.com

၁၉၄။ (မုနိ–မြတ်စွာဘုရား !၊) တဝ–ရှင်တော်မြတ်ဘုရား၏၊ မုခံ–မျက်နှာတော်သည်၊ စန္ဒာရဝိန္ဒာနံ–လ,ကြာတို့၏၊ ကစ္ဆံ–အရောင်ထွက်ရိုးအစဉ်ကို၊ ဝါ–တင့်တယ်ခြင်းကို၊ အတိက္ကမ္မ–လွန်၍၊ အတ္တနာဝ–မိမိနှင့်သာလျှင်၊ သမံ–တူသည်၊ ဇာတံ–ဖြစ်ခဲ့လေပြီ၊ ဣတိ–ဤဥပမာသည်၊ အသာဓာရဏောပမာ–(အတူမရှိဥပမေယျဖြင့်ပင် ပြန်၍နှိုင်းခိုင်းသောကြောင့်) အသာဓာရဏောပမာမည်၏။

၁၉၅။ သဗ္ဗမ္ဘောဇဘာသာရော , ရာသိဘူတောဝ ကတ္ထစိ၊
တဝါနနံ ဝိဘာတိတိ , ဟောတာဘူတောပမာ အယံ။

၁၉၅။ (မုနိ–မြတ်စွာဘုရား !၊) တဝ–ရှင်တော်မြတ်ဘုရား၏၊ အာနနံ–မျက်နှာတော်သည်၊ ကတ္ထစိ–တစ်စုံတစ်ခုသောအရပ်၌၊ ရာသိဘူတော–စုပုံနေသော၊ သဗ္ဗမ္ဘောဇဘာသာရော ဣဝ–အလုံးစုံသောကြာပန်းတို့၏ မြတ်သောအရောင်အပေါင်းကဲ့သို့၊ ဝိဘာတိ–အထူးအားဖြင့်တောက်ပ၏၊ ဣတိ–ဤသို့သဘောရှိသော၊ အယံ–ဤဥပမာသည်၊ အဘူတောပမာ–(ထင်ရှားမရှိသောဝတ္ထုဖြင့် နှိုင်းယှဉ်ခြင်းကြောင့်) အဘူတောပမာမည်သည်၊ ဟောတိ–ဖြစ်၏။

ရှင်း ဤ၌ အတူမရှိသော ဥပမေယျဖြစ်သော မျက်နှာဖြင့်ပင် ပြန်၍နှိုင်းခိုင်းခြင်းကို ပြဆိုသောကြောင့် အသာဓာရဏောပမာ–မည်၏။ [နတ္ထိ သာဓာ ရဏံ ဧတဿာတိ–အသာဓာရဏံ၊ အသာဓာရဏေန ဥပမာ–အသာဓာရဏောပမာ။] ဋီကာတစ်မျိုးဆို၏။

မြန်ပုံစံများ

(က) သဒ္ဒါလက်သုံး, ကျမ်းရိုးထုံး၌, သီးရုံးသီးပွင့်, တူရည့်မြှင့်သော်, ငါနှင့်ငါသာနှိုင်းစရာ–ဟု (ကိုးခန်း–နိဂုံး–၇။)

(ခ) လမ်းပေါက်ခရီး, သိဒ္ဓိပြီး၍, အံ့ချီးထောမနာ, တသြဘာဖြင့်, ငါသာငါနှိုင်း, ပမာခိုင်းသည် . . . . ပြိုင်တိုင်းအောင်စိမ့် ကျော်သဲတည်း။ (မဃ–၆၀၄။)

မျက်နှာသည် မျက်နှာနှင့်သာတူ၏၊ ငါသည် ငါနှင့်သာတူ၏–စသည်ဖြင့် ဥပမာပုဒ်တသီးတခြားမရှာတော့ဘဲ ဥပမေယျကိုပင် ဥပမာနပြုသော ဥပမာမျိုးသည် အသာဓာရဏောပမာမည်၏။

(၄)ပြန်ပုံစံ။ ။၁၉၅။ ပစ္စုပ်–သံသရာ, ကျိုးနှစ်ဖြာကို, ကောင်းစွာသိမြင်, မြတ်ရှင်ပင် !–, ရှင်ပင့်မျက်နှာ, တစ်နေရာ၌, ယူကာဥသုံ, အလုံးစုံကို, စုပုံ၍ထား, ကြာပန်းများ၏, ကောင်းငြားရောင်လို, ဖိတ်ဖိတ်ယိုသည် . . . . ထိုထို ကွန်မြူးတောက်ချက်ထူး။

http://www.dhammadownload.com

အတ္ထဂမ္မောပမာ (၄)

၁၉၆။ ပတိယတေတ္ထဂမ္မာ တု , သဒ္ဒသာမတ္ထိယာ ကွစိ၊
သမာသပစ္စယေဝါဒိ-သဒ္ဒယောဂံ ဝိနာ အပိ။

၁၉၆။ တု-အဖို့တစ်ပါးကား၊ အတ္ထဂမ္မာ-အတ္ထဂမ္မဥပမာကို၊ ကွစိ-အချို့သော အရာ၌၊ သမာသပစ္စယေဝါဒိသဒ္ဒယောဂံ-သမာသ်, ပစ္စည်း, ကွဝါဒိဂိဏ်းသဒ္ဒါတို့နှင့် ယှဉ်ခြင်းကို၊ ဝိနာအပိ-ကြဉ်၍လည်း၊ သဒ္ဒသာမတ္ထိယာ-(ဥပမာန,ဥပမေယျ) သဒ္ဒါတို့၏ အနက်အစွမ်းဖြင့်၊ ပတိယတေ-သိအပ်၏။

၁၉၇။ ဘိဂံါနေမာနိ စက္ခုါနိ , နမ္မုဇံ မုခမေဝိဒံ၊
သုဗျတ္တသဒိသတ္တေန , သာ သရူပေါပမာ မတာ။

၁၉၇။ ကွမာနိ-ဤအရာတို့သည်၊ နဘိဂံါနိ-ပိတုန်းမဟုတ်ကုန်၊ စက္ခုါနိ(၉၀)-မျက်လုံးတော်တို့သာတည်း၊ ကွဒံ-ဤအရာသည်၊ နအမ္မုဇံ-ကြာမဟုတ်ချေ၊ မုခမေဝ-မြတ်စွာဘုရား၏ မျက်နှာတော်သာတည်း၊ သာ-ထိုဥပမာကို၊ သုဗျတ္တသဒိသတ္တေန-အလွန်ထင်ရှားစွာတူသည်၏အဖြစ်ကြောင့်၊ သရူပေါပမာ-သရူပေါပမာမည်၏ဟူ၍၊ မတာ-သိအပ်၏။

ရှင်း　တစ်ကမ္ဘာလုံး၌ အနှံ့အပြားရှိနေသော ကြာအကုန်လုံးတို့သည် တစ်နေရာတည်း မစုဆုံနိုင်ချေ၊ မည်သူတစ်ဦးတစ်ယောက်မျှလည်း စုပုံခြင်းငှာ မတတ်နိုင်၊ ထိုသို့ထင်ရှားမရှိသော ဝတ္ထုတို့ဖြင့် နှိုင်းခိုင်းသောကြောင့် ဤဥပမာသည် "အဘူတောပမာ" မည်၏၊ ဤကား ကွဝါဒိသဒ္ဒဂမ္မောပမာ ၁၁-မျိုးတည်း။

အတ္ထဂမ္မောပမာ-၄

၁၉၆။ ။သမာသ်, ပစ္စည်း,ကွဝါဒိဂိဏ်းသဒ္ဒါတို့ပင် မပါရှိသော်လည်း ဥပမာန,ဥပမေယျသဒ္ဒါတို့၏ အနက်ဖြင့်ပင် သိအပ်သောဥပမာသည် "အတ္ထဂမ္မောပမာ"မည်၏။

ထိုအတ္ထဂမ္မောပမာကို-

(က) သရူပေါပမာ= တူမျှသောသဘောရှိသော ဥပမာ,
(ခ) ပရိကပ္ပောပမာ= ကြံဆသဖြင့်ဆိုအပ်သော ဥပမာ,
(ဂ) သံသယောပမာ= ယုံမှားခြင်းဖြင့် ပြဆိုနှိုင်းခိုင်းအပ်သော ဥပမာ,
(ဃ) ပတိဝတ္ထုပမာ= အတူဝတ္ထုကို နောက်မှပြု၍ နှိုင်းခိုင်းသော ဥပမာ-

ဤသို့ ၄-မျိုး ထုတ်ပြထားပေသည်။

(က) ပြန်ပုံစံ။　။၁၉၇။ လှုပ်လှုပ်ရှားရှား, ဤဟာများကား, ဟုတ်ငြားမထင်, ပိတုန်းလျှင်တည်း၊ တို့ရှင်မြတ်စွာ, မျက်လုံးပါပေ၊ဤဟာရွှန်းရွှန်း, ရွှင်လန်းလန်းလည်း,ကြာပန်းမထင်, မျက်နှာပင်တည်း။

http://www.dhammadownload.com

၁၉၈။ မယေဝ မုခသောဘာသေ–တျလမိန္ဒု ဝိကတ္ထနာ၊
ယတောမ္မုဇေပိ သာတ္ထိတိ , ပရိကပ္ပေါပမာ အယံ။

၁၉၈။ ကွန္ဒု–အိုလမင်း ! ၊ အသေ–ထိုမြတ်စွာဘုရား၏၊ မုခသောဘာ–မျက်နှာတော်၏ အရောင်သည်၊ မယေဝ–ငါတစ်ဦးတည်း၌သာလျှင်၊ (အတ္ထိ–ရှိ၏၊ ကွတိ–ဤသို့၊) ဝိကတ္ထနာ–ပလွှားကြုံးဝါးခြင်းဖြင့်၊ အလံ–မသင့်၊ (ကသ္မာ–အဘယ့်ကြောင့်နည်းဟူမူကား၊) ယတော–အကြင်ကြောင့်၊ သာ–ထိုမျက်နှာတော်၏ အရောင်မျိုးသည်၊ အမ္မုဇေပိ–ပဒုမာကြာ၌လည်း၊ အတ္ထိ–ရှိသေး၏၊ တတော–ထို့ကြောင့်တည်း၊ ကွတိ–ဤသို့သဘောရှိသော၊ အယံ–ဤဥပမာသည်၊ ပရိကပ္ပေါပမာ–(ကြံဆသဖြင့် ဆိုအပ်သောကြောင့်) ပရိကပ္ပေါပမာမည်၏။

ရှင်း မျက်လုံးတော်နှင့် ပိတုန်းတို့၏ တူမျှသော လှုပ်ရှားခြင်းသဘော, မျက်နှာ တော်နှင့် ကြာပန်းတို့၏ တူမျှသော ရွှင်လန်းခြင်းသဘော ရှိသောကြောင့် "သရူပေါပမာ"မည်၏။ [သမာနံ ရူပံ (သဘာဝေါ) ယဿာတိ–သရူပါ၊ သရူပါစ သာ ဥပမာစာတိ–သရူပေါပမာ။]

ဤဥပမာသည် ဥပမာကိုထွန်းပြတတ်သော သမာသ်, ပစ္စည်း, ကွဝါဒိဂိဏ်းသဒ္ဒါတို့ မပါသော်လည်း "ပိတုန်းနှင့်မျက်လုံး, ကြာပန်းနှင့်မျက်နှာ"ဟူသော ဥပမာ,ဥပမေယျတို့၏ အနက်ဖြင့်ပင် တူမျှပုံကို သိနိုင်သောကြောင့် "အတ္ထဂမ္မောပမာ"မည်၏။

ထင်ရှားစေအံ့ လှုပ်ရှားခြင်း–စသော ဂုဏ်အားဖြင့် ပိတုန်းနှင့် အလွန်တူသော ကြောင့်သာ မျက်လုံးတော်ကို ပိတုန်း–ဟု မှတ်ထင်ရ၏၊ ထိုအထင်ကို တားမြစ်၍ ပိတုန်းမဟုတ်–ဟု ဆိုသဖြင့် ပိတုန်းနှင့်မျက်လုံး တူသည်၏အဖြစ်သည် အလွန်ထင်ရှား၏။

ကြည်လင်ခြင်း, ရွှင်လန်းခြင်း–စသော ဂုဏ်အားဖြင့် ကြာနှင့် အလွန်တူသော ကြောင့်သာ မျက်နှာတော်ကို ကြာ–ဟု မှတ်ထင်ရ၏၊ ထိုအထင်ကို တားမြစ်၍ ကြာ မဟုတ်–ဟု ဆိုသဖြင့် ကြာနှင့်မျက်နှာ တူသည်၏အဖြစ်သည်လည်း အလွန်ထင်ရှား၏၊ ထိုသို့ အလွန်သိသာထင်ရှားစွာ တူသောသဘောရှိသောကြောင့် သရူပေါပမာမည်၏၊ ဆိုခဲ့ပြီးသည့်အတိုင်း ဥပမာန, ဥပမေယျ သဒ္ဒါတို့၏ အနက်အားဖြင့်ပင် ဆ၍သိအပ်သောကြောင့် အတ္ထဂမ္မာလည်း မည်သည်၊ ထိုနှစ်ခုကိုပေါင်း၍ ဤဥပမာကို "သရူပအတ္ထဂမ္မောပမာ"ဟု ခေါ်သည်။

(ခ) ပြန်ပုံစံ။ ။၁၉၈။ ထက်အာကာသ, ရေအိုင်မ၌, ထွန်းပပွင့်လင်း, အို–လမင်း ! –, တုကင်းဂုဏ်ရှင်, မြတ်ရှင်ပင်၏, ကြည်လင်မျက်နှာ, ရောင်အဝါသည်, ငါ့မှာသာလျှင်, ပြည့်စုံလင်–ဟု, အရှင်ပလွား, မကြုံးဝါးသင့်၊ ရေပြင် တန်ဆာ, ကြာပန်းမှာလည်း, မျက်နှာရောင်များ, ရှိထင်ရှား၏။

http://www.dhammadownload.com

၁၉၉။ ကိံ ဝါမ္ဗုဇန္တောဘန္တာလိ , ကိံ လောလနယနံ မုခံ၊
မမ ဒေါလာယတေ စိတ္တ-မိစ္စယံ သံသယောပမာ။

၁၉၉။ အန္တောဘန္တာလိ-အတွင်း၌လည်သောပိတုန်းရှိသော၊ အမ္ဗုဇံဝါကိံ-ကြာပန်းလေလော၊ လောလနယနံ-လှုပ်သောမျက်လုံးရှိသော၊ မုခံဝါကိံ-မျက်နှာတော်လေလော၊ ဣတိ-ဤသို့၊ မမ-အကျွန်ုပ်၏၊ စိတ္တံ-စိတ်သည်၊ ဒေါလာယတေ-ပုခက်ကဲ့သို့ပြုကျင့်၏၊ ဝါ-ယုံမှား၏၊ ဣစ္စယံ-ဤသို့သဘောရှိသော ဥပမာသည်၊ သံသယောပမာ-(ယုံမှားခြင်းဖြင့် ပြဆိုအပ်သောကြောင့်) သံသယောပမာမည်၏။

၂၀၀။ ကိဉ္စိဝတ္ထုံ ပဒဿေတွာ , သဓမ္မဿာဘိဓာနတော၊
သာမျပ္ပတီတိ သဗ္ဘာဝါ , ပတိဝတ္ထုပမာ ယထာ။

ရှင်း ဤ၌ လမင်းသည် ဤကဲ့သို့ တစ်ခါမျှ မပလွှားမကြုံးဝါးဘူးပါသော်လည်း ပြုဖူးသကဲ့သို့ ကြံဆ၍ဆိုထားသောကြောင့် "ပရိကပ္ပောပမာ" မည်၏။ [ပရိကပ္ပနာယ ဝုတ္တာ ဥပမာ-ပရိကပ္ပောပမာ။]

ဥပမာဇောတကသဒ္ဒါ မပါရှိစေကာမူ ဥပမာန လ-နှင့် ဥပမေယျ မျက်နှာတို့၏ တူမျှခြင်းကို ကြဉ်ထား၍ ထိုသို့ကြံဆဖွယ် အဘယ်မှာရှိနိုင်ပါမည်နည်း၊ (ဧကန်ပင် မရှိနိုင်ချေ)ဟူသော အနက်၏အစွမ်းဖြင့် တူမျှပုံကို သိအပ်၏၊ ထို့ကြောင့် အတ္ထဂမ္မောပမာ ခေါ်သည်။

(ဂ) ပြန်ပုံစံ။ **။၁၉၉။** အတွင်းထဲတွင်, ပိတုန်းဝင်သည့်, ကြာပင်လေလော၊ လှုပ်သော မျက်စိ, အစုံရှိသည့်, မုနိထွတ်ထား, မြတ်ဘုရား၏, ထူးခြားဝင်းဝါ, ရွှေမျက်နှာလော၊ ကျွန်တွေးတောသည်· · · · သဘောမမိ ယုံမှား၏။

ရှင်း ဥပမာန,ဥပမေယျ နှစ်ပါးတို့၏ တူပုံကို ယုံမှားဖြစ်ခြင်းဖြင့် ပြဆိုအပ်သောကြောင့် ဤဥပမာသည် "သံသယောပမာ" မည်၏။ [သံသယေန ဝုတ္တာ ဥပမာ-သံသယောပမာ။]

ကြာပန်းနှင့် မျက်နှာတို့၌ သံသယဖြစ်ဖွယ်ရာ တူသောဂုဏ်မရှိခဲ့လျှင် သံသယဖြစ်ဖွယ်ပင် မရှိတော့ချေ၊ တူသောဂုဏ် ရှိသောကြောင့်သာ ဖြစ်ရချေသည်-ဟူသော အနက်၏ အစွမ်းသတ္တိဖြင့် တူပုံကို သိအပ်၏။

(ဃ) ပတိဝတ္ထုပမာ။ **။၂၀၀။** အလိုရှိအပ်သော တစ်စုံတစ်ခုသော ဥပမေယျဝတ္ထုကို ဦးစွာ ပြပြီးမှ ထိုဥပမေယျနှင့် တစ်စုံတစ်ခုသော ဂုဏ်အားဖြင့်တူသော ဥပမာနဝတ္ထုကို ဆိုသောအားဖြင့် ဥပမေယျ,ဥပမာန တူမျှခြင်းကို သိရသောဥပမာသည် ပတိဝတ္ထုပမာ-မည်၏။ [ပတိဝတ္ထုနာ ဥပမာ-ပတိဝတ္ထုပမာ။]

http://www.dhammadownload.com

၂၀၀။ ကိုဠိဝတ္ထုံ–(ဆိုခြင်းငှာအလိုရှိအပ်သော) တစ်စုံတစ်ခုသော ပုဒ်နက် (ဝတ္ထု)ကို၊ ဥပဒေသောတွေ–ဦးစွာပြပြီး၍၊ သဓမ္မသေ–တူသောသဘောရှိသော (တခြား) ဝတ္ထုကို၊ အဘိဓာနတော–ဆိုသောအားဖြင့်၊ သာမျပတီတိသဇ္ဈာဝေါ–တူသည်၏ အဖြစ်ကို သိရခြင်း၏ ထင်ရှားဖြစ်ခြင်းကြောင့်၊ ပတိဝတ္ထုပမာ–ပတိဝတ္ထုပမာမည်၏၊ ယထာ–ကား၊ ဇနေသုတျာဒိ–တည်း။ [သမာနာနံ ဘာဝေါ–သာမျံ၊ ပတိ ဣယတော–ပတီတိ၊ သာမျသေ ပတီတိ–သာမျပတီတိ၊ သာမျပတီတိယာ သဇ္ဈာဝေါ–သာမျပတီတိသဇ္ဈာဝေါ။]

၂၀၁။ ဇနေသု ဇာယမာနေသု , နေကောပိ ဓိနသာဒိသော၊
ဒုတိယော နနု နတ္ထေဝ , ပါရိဇာတသေ ပါဒပေါ။

၂၀၁။ ဇာယမာနေသု–မွေးဖွားလာကြကုန်သော၊ ဇနေသု–လူတို့တွင်၊ ဧကောပိ–တစ်စုံတစ်ယောက်မျှလည်းဖြစ်သော၊ ဓိနသာဒိသော–မြတ်စွာဘုရားနှင့်တူသော သူသည်၊ နအတ္ထိ–မရှိ၊ (ဇာယမာနေသု–ပေါက်ရောက်ကြသောသစ်ပင်တို့တွင်၊) ပါရိဇာတသေ–ပင်လယ်ကသစ်ပင်၏၊ ဒုတိယော–နှစ်ခုမြောက်တူသော၊ ပါဒပေါ–သစ်ပင်သည်၊ နတ္ထေဝနနု–မရှိသည်သာ မဟုတ်ပါလော။

ပြန်ပုံစံ။ ။၂၀၁။ လူနတ်ဗြဟ္မာ, သတ္တဝါများ, သုံးဘုံသားတွင်, ဘုရားနှင့်မူ, တူသော သူဟု, တစ်လူတစ်နတ်, မရှိလတ်တည်း၊ နတ်နတ်ချစ်ခင်, ကသစ်ပင်နှင့်, ပုံသွင်တန်းတူ, သစ်ပင်ဟူသည် .... မပြူမထွက်မဟုတ်လော။

ရှင်း ပင်လယ်ကသစ်ပင်၏ သစ်ပင်တို့ထက်မြတ်ခြင်း, ဘုရား၏ အခြားသတ္တဝါတို့ထက် မြတ်ခြင်းသည် ဥပမာန,ဥပမေယျ ဝတ္ထုနှစ်ပါး တူမျှခြင်း(သာမျ)မည်၏။

ထိုတူမျှခြင်း(သာမျ)ကို [သဒိသော န–ဒုတိယော နတ္ထိ–]အတူမရှိဟူသော သဒ္ဒါနှစ်ခုတို့၏ အနက်အစွမ်းသတ္တိဖြင့် ပြအပ်၏၊ သိအပ်၏၊ ထင်ရှားစေဦးအံ့၊ (သဒိသော န) ပထမအတူမရှိဟူသော သဒ္ဒါဖြင့် မြတ်စွာဘုရား၌ရှိသော တူသောဂုဏ်၏အဖြစ် [ဂုဏ်တူမျှခြင်း]ကို မုချ အားဖြင့်ပြ၏၊ ပင်လယ်ကသစ်ပင်၌ရှိသော ဂုဏ်တူမျှခြင်းကို အစွမ်းသတ္တိဖြင့်ပြ၏၊ [ဒုတိယော နတ္ထိ၊] ဒုတိယအတူမရှိဟူသော သဒ္ဒါဖြင့် ပင်လယ်ကသစ်ပင်၌ရှိသော ဂုဏ်တူမျှခြင်းကို မုချအားဖြင့် ပြ၏၊ ဘုရား၌ရှိသော ဂုဏ်တူမျှခြင်းကို အစွမ်းသတ္တိဖြင့်ပြ၏၊ ဤသို့ ဥပမာန,ဥပမေယျတို့၏ ဂုဏ်ရည်တူမျှခြင်းကို အတူမရှိသော အနက်နှစ်ခုတို့၏ အစွမ်းဖြင့်ပင် သိနိုင်၏။

ထိုတူမျှခြင်း(သာမျ)ကိုလည်း ပတိဝတ္ထုဖြစ်သော ပင်လယ်ကသစ်ပင်၏ တခြားသစ်ပင်တို့နှင့် မတူကြောင်းကို ဆိုသဖြင့် သိရ၏။ သို့ဖြစ်၍–

ဤ၌ အလိုရှိအပ်သော မြတ်စွာဘုရားတည်းဟူသောဥပမေယျဝတ္ထုကို ဦးစွာဆိုပြီးမှ ထိုမြတ်စွာဘုရားတည်းဟူသော ဥပမေယျဝတ္ထုနှင့် အတူမရှိသောဂုဏ်အားဖြင့် တူမျှသော

http://www.dhammadownload.com

ဝါကျတ္ထောပမာ

၂၀၂။ ဝါကျတ္ထေနေဝ ဝါကျတ္ထော , ယဒိကောစျုပမိယတေ၊
ကွဝယုတ္တာဝိယုတ္တတ္တာ , သာ ဝါကျတ္ထောပမာ ဒွိဓာ။

၂၀၂။ ဝါကျတ္ထေနေဝ–ဝါကျ၏အနက်ဖြင့်သာလျှင်၊ ကောစိ–တစ်စုံတစ်ခုသော၊ ဝါကျတ္ထော–ဝါကျ၏အနက်ကို၊ ယဒိဉပမိယတေ–အကယ်၍ နှိုင်းယှဉ်အပ်သည်ဖြစ်အံ့၊ သာ–ထိုဉပမာသည်၊ ဝါကျတ္ထောပမာ–ဝါကျတ္ထောပမာမည်၏၊ သာ–ထို ဝါကျတ္ထောပမာသည်၊ ကွဝယုတ္တဝိယုတ္တတ္တာ–ကွဝသဒ္ဒါနှင့်ယှဉ်သည်၏အဖြစ်, မယှဉ်သည်၏ အဖြစ်ကြောင့်၊ ဒွိဓာ–(ကွဝယုတ္တဝါကျတ္ထောပမာ, ကွဝဝိယုတ္တ ဝါကျတ္ထောပမာဟု) နှစ်ပါးပြား၏။

ပင်လယ်ကသစ်ပင်တည်းဟူသော ဥပမာနဝတ္ထုကို နောက်မှဆိုသောအားဖြင့် ဥပမာန, ဥပမေယျ ဝတ္ထုတို့၏ ဂုဏ်ရည်တူမျှပုံကို သိရသောကြောင့် ဤဥပမာသည် "ပတိဝတ္ထုပမာ"မည်၏။

ဥဏ်ရည်သွေးရန်

(က) ဆရာတော်ကြီးသင်္ကန်းသည် အလွန်ကောင်း၏၊ ဘုရင့်ပုဆိုး ပိုးချည်းမဟုတ်လော။

(ခ) လဒ္ဓိပေသလသည် အလဒ္ဓိရှေ့၌ ချုပ်ချယ်စောင်းမြောင်းမပြု၊ သူရူးရှေ့၌ သူတော်ကောင်းသည် ဝတ်လစ်စလစ်ဖြစ်ဖူးသလော၊ ဤစကားမျိုးသည်လည်း ပတိဝတ္ထုပမာပင် ဖြစ်၏။

ဝါကျတ္ထောပမာ
သဘာဝနှင့်ဘေဒ

၂၀၂။ ဝါကျဒ္ဒ်ပါရှိသော ကြိယာကာရကတို့ကို စပ်၍သိအပ်သောသဘောသည် ဝါကျနက်မည်၏၊ ထိုသို့သဘောရှိသော ဝါကျနက်တစ်ခုဖြင့် ဝါကျနက်တစ်ခုကို နှိုင်းခိုင်းသောဉပမာသည် "ဝါကျတ္ထောပမာ"မည်၏၊ [ဝါကျတ္ထေန ဥပမာ–ဝါကျတ္ထောပမာ။]

ထိုဝါကျတ္ထောပမာကိုပင် "ဝါကျတ္ထဝိသယဉပမာ"ဟု ဆိုခဲ့သည်၊ အဆိုကွဲသော်လည်း သဘောအဓိပ္ပာယ် မထူးတော့ပြီ။

ထိုဝါကျတ္ထောပမာသည်–

(က) ကွဝါဒိဂိုဏ်းသဒ္ဒါနှင့်ယှဉ်သော ကွဝယုတ္တဝါကျတ္ထောပမာ,

(ခ) ကွဝါဒိဂိုဏ်းသဒ္ဒါနှင့်မယှဉ်သော ကွဝဝိယုတ္တဝါကျတ္ထောပမာ–

ဤသို့လျှင် နှစ်ပါးပြား၏။

http://www.dhammadownload.com

၂၀၃။ ဇိနော သံလ္လေသတတ္တာနံ , အာဝိဘူတော ဇနာန ယံ၊
ဃမ္မသန္တာပတတ္တာနံ , ဃမ္မကာလေမ္ဗုဒေါ ဝိယ။

၂၀၃။ အယံဇိနော–ဤမြတ်စွာဘုရားသခင်သည်၊ (ကလိယုဂေ–ကလိယုဂ်ကာလ၌၊) သံလ္လေသတတ္တာနံ–ကိလေသာအပူဖြင့် ပူလောင်၍နေကြကုန်သော၊ ဇနာနံ–သတ္တဝါများအဖို့၊ အာဝိဘူတော–ထင်ရှားကောင်းစွာ, ပွင့်တော်မူလာ၏၊ အမ္ဗုဒေါ–မိုးသည်၊ ဃမ္မကာလေ–နွေအခါ၌၊ ဃမ္မသန္တာပတတ္တာနံ–နွေအပူဖြင့် ပူလောင်နေသူများအဖို့၊ အာဝိဘူတောဝိယ–ထင်ရှားကောင်းစွာ, ရွာသွန်းလာသကဲ့သို့တည်း။

၂၀၄။ မုနိန္ဒာနနမာဘာတိ , ဝိလာသေကမနောဟရံ၊
ဥဒ္ဓံ သမုဂ္ဂတသာပိ , ကိံ တေ စန္ဒ ဝိဇမ္ဘနာ။

(က) ပြန်ပုံစံ။ ။၂၀၃။ ဓမ္မသာမိ, မာရဇိသည်, ကလိယုဂ, ခေတ်ကာလ၌, ပြင်းပြလှချေ, မီးကိလေဖြင့်, ပူနေကြောင်း, လူအများဖို့, ထင်ရှားကောင်းစွာ, ပွင့်ပေါ်လာ၏၊ နွေခါကာလ, ပြင်းပြနေပူ, လောင်မြိုက်သူဖို့, ခြိမ့်ဆူထစ်ကြိုး, ဖွေသွန်းဖြိုးလျက်, မိုးသည်းထန်စွာ, ဖြစ်ပေါ်လာသည်. . . . ပမာထပ်တူထပ်မျှတည်း။

ရှင်း ဤ၌ ဣဝါဒိဂိဏ်းသဒ္ဒါ တိုက်ရိုက်ပါရှိသောကြောင့် ဣဝယုတ္တမည်၏၊ နောက် ဥပမာနဝါကျထွဖြင့် ရှေ့ဥပမေယျဝါကျထွကို နှိုင်းခိုင်းထားသောကြောင့် ဝါကျထွောပမာလည်းမည်၏၊ ထိုနှစ်မျိုးကိုပေါင်း၍ "ဣဝယုတ္တဝါကျထွော ပမာ"ဟု ခေါ်သည်။

နောက်ဝါကျထွသည် ဥပမာန[ဝိသေသန]၊ ရှေ့ဝါကျထွသည် ဥပမေယျ[ဝိသေသျ]၊ ဤသို့ ဝါကျပြားသော်လည်း တစ်ဝါကျတည်းသာ မှတ်အပ်၏၊ ဝါကျနက်နှစ်ခုကိုပေါင်းမှ ဥပမာတစ်ခုမျှသာ ဖြစ်သည်၊ ဝိယ(ပမာထပ်တူထပ်မျှ)သဒ္ဒါသည် နောက်ဝါကျ၌ရှိသော တူမျှခြင်းဥပမာကို မုချအားဖြင့် ပြ၏၊ ရှေ့ဝါကျ၌ရှိသော တူမျှခြင်းကိုကား သာမတ္ထိယအားဖြင့် ပြ၏။

(ခ) ပြန်ပုံစံ။ ။၂၀၄။ တင့်တယ်မျိုးစု, စံပယ်မူဖြင့်, နှိုင်းတုကင်းဘိ, နှစ်လိုရှိသည့်, မုနိမြတ်စွာ, မျက်နှာလှသည်, ဝင်းဝါပြောင်ရွှန်း, လွန်တောက်ထွန်း၏၊ ယုန်နန်းစကြာ, အိုး–စန္ဒာ !–, ထက်အာကာသ, ကောင်းကင်ဝယ်, တက်ကြွကောင်းစွာ, သင်စန္ဒာ၏, ဝင့်ဝါပလွား, ငါတကားဟု, ကြိမ်းဝါးအံခိုး, လှည့်ခြင်းမျိုးဖြင့် . . . . အကျိုးဘယ်မှာရှိမည်နည်း။

ရှင်း ဤ၌ ဣဝါဒိဂိဏ်းသဒ္ဒါ မပါရှိသောကြောင့် ဣဝဝိယုတ္တမည်၏၊ ရှေ့ဝါကျနက်သည် ဥပမေယျ၊ နောက်ဝါကျနက်သည် ဥပမာ၊ ထိုသို့ နောက်ဝါကျနက်ဖြင့် ရှေ့ဝါကျနက်ကို နှိုင်းခိုင်းထားသောကြောင့် ဝါကျထွောပမာလည်း မည်၏၊ နှစ်ခုကိုပေါင်း၍ "ဣဝဝိယုတ္တဝါကျထွောပမာ"ခေါ်သည်။

http://www.dhammadownload.com

၂၀၄။ ဝိလာသေကမနောဟရံ–တင့်တယ်စံပယ်ခြင်းကြောင့် အတူမရှိ စိတ်နှလုံးကို ဆွဲဆောင်တတ်သော၊ မုနိန္ဒာနနံ–မြတ်စွာဘုရားရှင်၏ မျက်နှာတော်သည်၊ အာဘာတိ–အလွန်တောက်ပ၏၊ (တသ္မာ–ထို့ကြောင့်၊ ဋီသစ်၊) စန္ဒ–အို လမင်း !၊ ဥဒ္ဒံ–အာကာဝေဟင်, ထက်ကောင်းကင်သို့၊ သမုဂ္ဂတဿာပိ–ကောင်းစွာမသွေတက်ရောက်သည်လည်းဖြစ်ပေသော၊ တေ–သင်လမင်း၏၊ ဝိဇမ္ဘနာ–ငါတကားဟုကြုံးဝါးလှည့်လည်ခြင်းဖြင့်၊ ကိ–အဘယ်အကျိုးရှိအံ့နည်း။

အလင်္ကာဖျက်ဥပမာ(ဒုဋ္ဌာလင်္ကာတိ)

၂၀၅။ သမုဗ္ဗေဇေတိ မိမန္တံ , ဘိန္နလိင်္ဂါဒိကံ တု ယံ၊
ဥပမာဒူသနာယာလ–မေတံ ကတ္ထစိ တံ ယထာ။

ငါသည် မြတ်စွာဘုရားမျက်နှာနှင့် တူ၏ဟု မာန်ထောင်သောလ၏ ကောင်းကင်တက်ခြင်း, ကြုံးဝါးလှည့်လည်ခြင်း နှစ်ခုကို တားမြစ်သဖြင့် မျက်နှာနှင့် လတို့၏ တင့်တယ်ခြင်းတူပုံကို ဂ္ဂဝါဒိဂိဏ်းသဒ္ဒါ မပါရှိသော်လည်း သိအပ်၏။

ဥပမာန,ဥပမေယျသဘော

၂၀၅။ ဥပမာပျက်ကို သိနားလည်နိုင်ရန် ဥပမာန,ဥပမေယျတို့၏ သဘောကို ဦးစွာပြဆိုပေအံ့၊ ဥပမာန, ဥပမေယျတို့သည် အများအားဖြင့် လိင်, ဝုစ်, ဝိဘတ်, ဂုဏ် တူမြဲတည်း၊ ထိုလေးပါးတို့တွင် ဝိဘတ်ကား အမြဲတူရမည်၊ ကျန်သုံးပါးတို့မှာ တူသည်လည်းရှိ၏၊ မတူသည်လည်းရှိ၏၊ ထို့ကြောင့် "ဥပမာန, ဥပမေယျ, ပဒနှစ်ပါး, လိင်ဝုစ်ပြားလည်း, ဝိဘတ်ကားမူ, တူမြဲဟူ၏"ဟု နိယံဆရာတို့ မိန့်ဆိုကြ၏။

ထိုဝိဘတ်တူမြဲ–ဟူသော စည်းကမ်းကိုလည်း ပဒအရာဒ္ဌသာ မှတ်သင့်၏၊ ဝါကျအရာဒ္ဌကား ဝိဘတ်မတူသော "ဧကာဟံ ဘဇ္ဇေ ဟတ္ထံ အဘိနိမ္မိနိဿာမိ၊ သေယျထာပိ ပထဝိ"စသော ပါဠိတော်များ ထင်ရှားရှိ၏၊ ဤပါဠိတော်၌ "ပထဝိ"ဟူသော ဥပမာနနှင့် "ဟတ္ထံ"ဟူသော ဥပမေယျတို့ ဝိဘတ်မတူချေ။

ဥပမာပျက်– ၇ (ဒုဋ္ဌာလင်္ကာတိ)

(က) ဘိန္နလိင်္ဂါပမာ= လိင်ချင်းမတူ(လိင်ကွဲပြား)သော ဥပမာ,
(ခ) ဝိဇာတိဝစနာ= ဝုစ်မတူ(ဝုစ်ကွဲပြား)သော ဥပမာ,
(ဂ) ဟီနောပမာ= ယုတ်ညံ့သော ဥပမာ,
(ဃ) အဓိကောပမာ= ကြီးကျယ်လွန်ကဲသော ဥပမာ,
(င) အဖုဋ္ဌတ္ထောပမာ= အနက်ထူးမရှိ(အနက်မထိ)သော ဥပမာ,
(စ) ဥပမာပေက္ခိနီဥပမာ= ဥပမာနပုဒ်ကိုငဲ့သော ဥပမာ,
(ဆ) ခဏ္ဍိတောပမာ= ဥပမာနကျိုးသော ဥပမာ–

ဟူသော ဥပမာပျက် ၇–မျိုးတို့ကို ကဗျာအရာ, လိမ္မာမြင်သိ, ကဝိမြောက်ပြီး, ပညာရှိကြီးတို့ မနှစ်သက်ကြချေ၊ ၄င်းတို့သည် အချို့နေရာ၌ ဥပမာအလင်္ကာကိုပင် ဖျက်ဆီး

http://www.dhammadownload.com

၂၀၅။ ယံ ဘိန္နလိင်္ဂါဒိကံ–အကြင်ပြားသောလိင်္ဂရှိသော ဥပမာ(ဘိန္နလိင်္ဂေါပမာ) စသည်သည်၊ ဓိမန္တံ–(ကဗျာတတ်သို့,) ပညာရှိကို၊ သမုဗ္ဗေဇေတိ–ထိတ်လန့်စေ၏၊ တု–ထိုသို့ပင် ထိတ်လန့်စေသော်လည်း၊ ဧတံ–ဤဘိန္နလိင်္ဂေါပမာစသည်သည်၊ ကတ္ထစိ–တစ်ချို့သောနေရာ၌သာ၊ ဥပမာဒူသနာယ–ဥပမာအလင်္ကာကို ဖျက်ဆီးခြင်းငှာ၊ အလံ–စွမ်းနိုင်၏၊ တံယထာ–ထိုဥဒါဟရဏ်ကား၊ ဟံသိဝါယံတျာဒိ–တည်း။

၂၀၆။ ဟံသိဝါယံ သသီ ဘိန္န–လိင်္ဂါကာသံ သရာနိဝ၊
ဝိဇာတိဝစနာဟီ နာ , သာဝ ဘတ္တော ဘဒ္ဒေါဓိပေ။

နိုင်၏၊ ဝါကျတ္ထဒေါသ ဖ–မျိုးအနက် ဒုဋ္ဌာလင်္ကာတိခေါ်သော ဒေါသသင့်၏၊ ထို့ကြောင့် ဆိုခဲ့ပြီးသော ဥပမာ ၇–မျိုးတို့ကို မသုံးစွဲ မရေးသားမိအောင် အထူးသတိထားကြရာ၏။

ဆောင်။ ။ လိင်ကွဲ–ဝုစ်ကွဲ, ယုတ်–လွန်ကဲဘိ, နက်မထိနှင့်, ငဲ့ဘိဥပမာ, ကျိုးပါပမာန, ပေါင်းသတ္တကို, ကဗျာ့အရာ, လိမ္မာမြင်သိ, ပညာရှိတို့, မနှစ်မြို့ချေ၊ တချို့နေရာ, ဥပမာဆို, လင်္ကာကိုပင်, ဖျက်ဖြိုခြင်းငှာ, စွမ်းနိုင်ပါသည်....ဒုဋ္ဌာလင်္ကာတိ အပြစ်ငြိ။

ထိုခုနစ်မျိုးတို့၏ ပုံစံကို အမှတ်ရလွယ်ကူအောင် တပါတည်း အစဉ်အတိုင်း ထုတ်ပြပေအံ့....၊ ရှင်းလင်းချက်ကိုမူ ပါဠိပုံစံနှင့်တွဲစပ်၍ သက်ဆိုင်ရာ၌ ပြသွားမည်။

ဥပမာပျက်– ၇။ ပြန်ပုံစံ ။၂၀၆။ ယုန်ပျံစကြာ, စန်းသော်တာသည်, ဟသ်ာမလျှင်, လွန်တူဆင်၏၊ ကောင်းကင်သည်ကား, ရေအိုင်များနှင့်, မခြားတမူ, အလားတူရှင့်၊ ဤသူခစား, သခင့်နားဌ, ခစားခွေးတူ၊ ပိုးစိန်းဖြူသည်, နေတူမယွင်း, ထွန်းတောက်လင်း၏၊ ခပင်းရန်စည်, တားရန်တည်သည့်, စစ်သည်များစွာ, သမုဒ္ဒါသည်, ဧရာပင်လယ်, ဆူသည့်နယ်တည်း၊ လဝယ်ယုန်လျှင်, ပိတုန်းဆင်၏၊ ဝေဟင်စခန်း, ယုန်ရေးစွန်းသည့်, လဝန်းနှင့်မူ, ကြာဖြူတူသည်....မှတ်ယူပုံစံ စဉ်တိုင်းကြဲ။

(က) ဘိန္နလိင်္ဂေါပမာ။ ။ယုန်ပျံစကြာ, စန်းသော်တာသည်, ဟသ်ာမလျှင်, လွန်တူဆင်၏။

ဤ၌ လသည် ပုံလိင်ဖြစ်၍ ဟံသော–(ဟသ်ာနှင့်လျှင်, လွန်တူဆင်)ဟု နှိုင်းခိုင်းသင့်ပါလျက် မနှိုင်းခိုင်းဘဲ ဟံသိ–(ဟသ်ာမလျှင်, လွန်တူဆင်)ဟု ဣတ္ထိလိင်ဖြင့် ဥပမာပြုခြင်းသည် လိင်မတူသောကြောင့် "ဘိန္နလိင်္ဂေါပမာ"မည်၏၊ ဒုဋ္ဌာလင်္ကာတိဒေါသသင့်၏၊ ထို့ကြောင့် ဒုဋ္ဌာလင်္ကာတိဒေါသအတွက် ပုံစံအသီးအခြား မပြခဲ့ဘဲ ဤပုံစံများကိုပင် ရည်ညွှန်းခဲ့သည်။

http://www.dhammadownload.com

၂၀၆။ အယံသသီ–ဤလမင်းသည်၊ ဟံသီဝ–ဟင်္သာမကဲ့သို့တည်း၊ အယံ–ဤဥပမာသည်၊ ဘိန္နလိင်္ဂါ–(ပြားသောလိင်ရှိသောကြောင့်) ဘိန္နလိင်္ဂေါပမာမည်၏၊ အာကာသံ–ကောင်းကင်သည်၊ သရာနိဝ–ရေအိုင်တို့ကဲ့သို့တည်း၊ အယံ–ဤဥပမာသည်၊ ဝိဇာတိဝစနာ–(ဝုစ်မတူသောကြောင့်)ဝိဇာတိဝစနောပမာမည်၏၊ ဘဒ္ဒော–သူခစားသည်၊ အဓိပေ–အရှင်သခင်၌၊ သာဝ–ခွေးကဲ့သို့၊ ဘတ္တော–ခစား၏၊ အယံ–ဤဥပမာသည်၊ ဟီနောပမာ–(ယုတ်ညံ့သောဥပမာနရှိသောကြောင့်) ဟီနောပမာမည်၏။

၂၀၇။ ခန္ဓောတော ဘာဏုမာလိဝ , ဝိဘာတိတျဓိကောပမာ၊
အဖုဋ္ဌတ္ထာ ဗလမ္ဗောဓိ , သာဂရော ဝိယ သံခုဘိ။

(ခ) ဝိဇာတိဝစနောပမာ။ ။ကောင်းကင်သည်ကား, ရေအိုင်များနှင့်, မခြားတမူ, အလားတူရှင့်။

ဤ၌ ဥပမေယျဖြစ်သော ကောင်းကင်သည် ဧကဝုစ်ကိန်းဖြစ်၏၊ ဥပမာနဖြစ်သော ရေအိုင်သည် ဗဟုဝုစ်ကိန်းဖြစ်၏၊ ဤသို့ ဥပမာန,ဥပမေယျ ပဒနှစ်ပါး ဝုစ်ကွဲပြားသောကြောင့် ဝိဇာတိဝစနောပမာ–မည်၏၊ ဒုဋ္ဌာလင်္ကာဒေါသသင့်၏။

(ဂ) ဟီနောပမာ။ ။ဤသူခစား, သခင်နားဠ, ခစားခွေးတူ။

ဤ၌ ဥပမေယျဖြစ်သော သူခစားသည် လူဇာတ်ရှိ၏၊ မြင့်မြတ်၏၊ ဥပမာနဖြစ်သော ခွေးသည် တိရစ္ဆာန်ဇာတ်ရှိ၏၊ ယုတ်ညံ့၏၊ ဤသို့ မြင့်မြတ်သောလူကို ယုတ်ညံ့သော တိရစ္ဆာန်ဖြင့် နှိုင်းခိုင်းသောကြောင့် "ဟီနောပမာ"မည်၏၊ ဒုဋ္ဌာလင်္ကာဒေါသသင့်၏။

၁။ တွံ သုနခေါ ဝိယ ဗာလော–(မင်းဟာ ခွေးလိုပဲ မိုက်တယ်)စသည်ဖြင့် ကဲ့ရဲ့သောအရာမျိုး,

၂။ သုနခေါ သာမိကဿ ဝစနံ သုဏာတိ ဝိယ ဘဒ္ဒော သာမိကဿ ဝစနံ သုဏောဃျ–(ခွေးသည် သခင်စကားကို နားထောင်သလို သူခစားသည် သခင်စကားကို နားထောင်သင့်၏)စသည်ဖြင့် နည်းယူသင့်သော အရာမျိုးတို့၌ ဟီနောပမာဖြစ်သည်–ဟု အပြစ်မတင်သင့်၊ ရေးသား,ပြောဆိုသုံးစွဲကောင်း၏။

(ဃ) အဓိကောပမာ။ ။၂၀၇။ ပိုးစိန်းဖြူသည်, နေတူမယွင်း, ထွန်းတောက်လင်း၏။

ဤ၌ ဥပမေယျဖြစ်သော ပိုစုန်းကြူးသည် သေးငယ်၏၊ ဥပမာနဖြစ်သော နေ–မူကား လွန်ကဲကြီးကျယ်လှ၏၊ ထိုသို့ ဥပမေယျနှင့်မတန်အောင် လွန်ကဲကြီးကျယ်သော ဥပမာနရှိသောကြောင့် "အဓိကောပမာ"မည်၏၊ ဒုဋ္ဌာလင်္ကာဒေါသသင့်၏။

http://www.dhammadownload.com

၂၀၇။ ခဇ္ဇောတော–ပိုးစုန်းကြူးသည်၊ ဘာဏုမာလီဝ–နေမင်းကဲ့သို့၊ ဝိဘာတိ–ထွန်းလင်းတောက်ပ၏၊ ဣတိ–ဤဥပမာသည်၊ အဓိကောပမာ–(လွန်ကဲသော ဥပမာနရှိသောကြောင့်)အဓိကောပမာမည်၏၊ ဗလမ္မောဓိ–စစ်သည်တည်းဟူသော သမုဒ္ဒရာသည်၊ သာဂရောဝိယ–သမုဒ္ဒရာကဲ့သို့၊ သံခုဘိ–ချောက်ချားပြီ၊ ဣတိ–ဤဥပမာသည်၊ အဖုဋ္ဌတ္ထာ–(မထိသောအနက် ရှိသောကြောင့်) အဖုဋ္ဌတ္ထောပမာမည်၏။

၂၀၈။ စန္ဒေ ကလင်္ကော ဘိင်္ဂါဝေ–တျုပမာပေက္ခိနီ အယံ၊
ခဏ္ဍိတာ ကေရဝါကာရော , သကလင်္ကော နိသာကရော။

(ဂ) အဖုဋ္ဌတ္ထောပမာ။ ။ခပင်းရန်စည်, တားရန်တည်သည့်, စစ်သည်များစွာ, သမုဒ္ဒါသည်, ဧရာပင်လယ်, ဆူသည့်နှယ်တည်း။

ဤ၌ ဗလမ္မောဓိ–(စစ်သည်များစွာ, သမုဒ္ဒါသည်)ဟူသော ရူပကဖြင့်ပင် စစ်သည်များ သမုဒ္ဒရာနှင့်တူကြောင်း ထင်ရှားပြီးဖြစ်၏၊ သာဂရောဝိယ–(ဧရာပင်လယ်, ဆူသည့်နှယ်) ဟူသော ဥပမာနကို ထပ်၍ဆိုသဖြင့် တွေ့ထိစရာ အနက်ထူး မရှိတော့ချေ၊ ထို့ကြောင့် ဤဥပမာသည် "အဖုဋ္ဌတ္ထောပမာ"မည်၏၊ ဥပမာအလင်္ကာပျက်၏၊ ဒုဋ္ဌာလင်္ကာတိဒေါသသင့်၏၊ ပုနရုတ္တိဒေါသ, ဧကတ္ထဒေါသလည်းသင့်၏။

(စ) ဥပမာပေက္ခိနီ။ ။၂၀၈။ လဝယ်ယုန်လျှင်, ပိတုန်းဆင်၏။

ဤ၌ ကလင်္ကော–(ယုန်လျှင်)ဟူသော ဥပမေယျ၌ အာမာရရှိသကဲ့သို့ ဘိင်္ဂါဝေ–(ပိတုန်းဆင်၏)ဟူသော ဥပမာနပုဒ်၌ ပဗ္ဘဂ္ဆ(ပန်းချီ)စသော အာမာရရှိသင့်၏၊ ထိုသို့ ရှိသင့်ပါလျက် မရှိရကား ဤ၌ အာမာရလိုနေသည်၊ သို့ဖြစ်၍ လ၏ဥပမာနဖြစ်သော ပုပ္ဖဂ္ဆ(ပန်းချီ)စသည်ကို ငဲ့သောကြောင့် ဤဥပမာသည် "ဥပမာပေက္ခိနီ"မည်၏။

လသည် ပိတုန်း၏တည်ရာ မဖြစ်နိုင်ချေ၊ ထို့ကြောင့် ပိတုန်း၏တည်ရာပန်းချီစသည်ကို လ၏ဥပမာနအဖြစ်ဖြင့် ဆိုသင့်၏၊ ထိုသို့ ဆိုသင့်ပါလျက် မဆိုသောကြောင့် ဥပမာအလင်္ကာ ပျက်၏၊ ဒုဋ္ဌာလင်္ကာတိဒေါသသင့်သည်၊ [အာမာရရှိသော ဥပမေယျကို အာမာရမပါသော ဥပမာနဖြင့် နှိုင်းခိုင်းသောကြောင့် ဥပမာနအာမာရကို ငဲ့သည်၊ မပါ၍ အလိုရှိအပ်သည်။]

(ဆ) ခဏ္ဍိတောပမာ။ ။ဝေဟင်စခန်း, ယုန်ရေးစွန်းသည့်, လဝန်းနှင့်မူ, ကြာဖြူတူသည်။

ဤ၌ နိသာကရော–(လဝန်း)ဟူသော ဥပမေယျပုဒ်၌ သကလင်္ကော–(ယုန်ရေးစွန်းသည့်)ဟူသော ဝိသေသနပုဒ် ပါရှိသကဲ့သို့ ကေရဝ–(ကြာဖြူ)ဟူသော ဥပမာန၌လည်း

http://www.dhammadownload.com

၂၀၈။ စန္ဒေ-လဒ္ဓ၊ ကလကော်-ယုန်ရေးအမှတ်တံဆိပ်သည်၊ ဘိင်္ဂေါ၀-ပိတုန်းကဲ့သို့တည်း၊ ဣတိ-ဤသို့သဘောရှိသော၊ အယံ-ဤဥပမာသည်၊ ဥပမာပေက္ခီနီ-(ဥပမာနကို ငဲ့တတ်သောကြောင့်) ဥပမာပေက္ခီနီမည်၏၊ သကလကော်-ယုန်ရေးအမှတ်တံဆိပ်ရှိသော၊ နိသာကရော-လသည်၊ ကေရ၀ါကာရော-ကြာဖြူပန်းနှင့်တူ၏၊ ဣတိ-ဤသို့သဘောရှိသော၊ အယံ-ဤဥပမာသည်၊ ခဏ္ဍိတာ-(ဥပမာနကျိုးပျက်သောကြောင့်) ခဏ္ဍိတောပမာမည်၏။

၂၀၉။ ဣစ္စေ၀မာဒိရူပေသု , ဘ၀န္တိ ၀ိဂတာဒရာ၊
ကရောန္တိ စာဒရံ မိရာ , ပယောဂေ ကုစိဒေ၀ တု။

၂၀၉။ ဣတိ-ဤသို့၊ ဧ၀ရူပေသု-ဤသို့အစရှိသော ဥဒါဟရဏ်တို့၌၊ မိရာ-(ကဗျာအရာ, လိမ္မာမြင်သိ,) ပညာရှိတို့သည်၊ ၀ိဂတာဒရာ-အလေးပြုခြင်းမှ ကင်းကုန်သည်၊ ဘ၀န္တိ-ဖြစ်ကုန်၏၊ ကုစိဒေ၀-အချို့သာလျှင်ဖြစ်သော၊ ပယောဂေတု-(ဘိန္နလိင်္ဂစသော) ဥဒါဟရဏ်၌ကား၊ အာဒရံ-ရိုသေလေးစားခြင်းကို၊ ကရောန္တိ စ-ပြုလည်းပြုကြကုန်၏။

၂၁၀။ ဣတ္ထိ၀ါယံ ဧနော ယာတိ , ၀ဒတ္မေသာ ပုမာ ၀ိယ၊
ပိယော ပါဏာ ဣ၀ါယံ မေ , ၀ိဇ္ဇာ ဓနမိ၀ဇ္ဇိတာ။

သဘိင်္ဂေါ-(ပိတုန်းရှိသည့်)စသော ၀ိသေသနပုဒ် ပါရှိသင့်၏၊ ယခုမူမူ မပါရှိချေ၊ ဥပမာနတစ်ပိုင်းတစ်စသာ ရှိ၏၊ ပိတုန်း-တည်းဟူသော ဥပမာနကျိုးပျက်သည်၊ ထို့ကြောင့် "ခဏ္ဍိတောပမာ"မည်၏။

ဘိန္နလိင်္ဂါဒိဒ္ဓြင်းချက်

၂၀၉။ ပြဆိုခဲ့သော ဥဒါဟရဏ်တို့သည် လိင်, ၀ုစ်-စသည် မကွဲသင့်ဘဲ ကွဲပြားသောကြောင့် ပညာရှိများ မလေးစား, အလိုမရှိအပ်သော ဥဒါဟရဏ်တို့ ဖြစ်ချေသည်၊ လိင်,၀ုစ်-စသည်ကွဲမှ ဆိုဖြစ်သော ပြဆိုလတ္တံ့သော အချို့ဥဒါဟရဏ်မျိုး၌ကား ရိုသေလေးစားကြ, အလိုရှိကြကုန်သေး၏။

ပြန်ပုံစံ ၂၁၀။ (၁) ဤသည်ယောကျ်ား, မိန်းမသားနှင့်, အသွားအလာ, မူရာတူမျှ, (၂) ဤမိန်းမကား, ယောကျ်ားပမာ, ကြမ်းစွာပြောဆို၊ (၃) သက်တို့ကိုသို့, သူကိုငါလျှင်, လွန်ချစ်ခင်၏၊ (၄) များဖြင်ပညာ, အဖြာဖြာကို, ဥစ္စာမသွေးစုသင့်ပေ၏။

ရှင်း ဤ၌ (၁-၂)နံပါတ် ပုံစံတို့သည် လိင်မတူသော ဘိန္နလိင်္ဂါပမာတို့ ဖြစ်ကြ၏၊ (၃-၄)နံပါတ် ပုံစံတို့သည် ၀ုစ်မတူသော ဝိဇာတိ၀စနော ပမာများ ဖြစ်ကြ၏၊ ထိုသို့ပင်ဖြစ်စေကာမူ လိင်, ၀ုစ်-ပြားသင့်သောအရာများ ဖြစ်၍ အပြစ်မရှိ၊ ပညာရှိတို့နှစ်သက်၏။

http://www.dhammadownload.com

၂၁၀။ (၁) အယံ ဇနော–ဤလူသည်၊ ဣတ္ထိဝ–မိန်းမကဲ့သို့၊ ယာတိ–(မသန့်မရှင်း)သွား၏၊ (၂) ဧသော–ဤမိန်းမသည်၊ ပုမာဝိယ–ယောကျ်ားကဲ့သို့၊ ဝဒတိ–(ကြမ်းတမ်းစွာ)ပြော၏၊ (၃) မေ–ငါသည်၊ အယံ–ဤသူကို၊ ပါဏာဣဝ–အသက်တို့ကိုကဲ့သို့၊ ပိယော–ချစ်ခင်အပ်၏၊ (၄) ဝိဇ္ဇာ–အတတ်ပညာတို့ကို၊ ဓနမိဝ–ဥစ္စာကိုကဲ့သို့၊ အဇ္ဇိတာ–စုဆောင်းဆည်းပူးအပ်ကုန်၏။

၂၁၁။ ဘဝံ ဝိယ မဟီပါလ , ဒေဝရာဇာ ဝိရောစတေ၊
အလမံသုမတော ကိစ္ဆံ , တေဇသော ရောဟိတုံ အယံ။

ထင်ရှားစေအံ့–

(၁) ကဲ့ရဲ့သင့်သောအရာမျိုးဌ ဤသူသည် မိန်းမကဲ့သို့ သွား၏၊ မိန်းမကဲ့သို့ ပြုလုပ်၏–စသည်ဖြင့် ဆိုသင့်၏၊ လိင်ကွဲပြားမှုကြောင့် အပြစ်မရှိ၊ ချီးမွမ်းသင့်သောအရာဌ "ဤဓမ္မကထိကသည် မိန်းမကဲ့သို့ ဟောပြော၏"ဟု ဆိုမူ အပြစ်ရှိ၏။

(၂) မိန်းမကို ချီးမွမ်းလိုရာဌ "ဤမိန်းမသည် ယောကျ်ားကဲ့သို့ ပြောဆိုပြုလုပ်၏၊ ယောကျ်ားကဲ့သို့ အားရှိ၏၊ ယောကျ်ားကဲ့သို့ ရဲရင့်၏၊ ယောကျ်ားကဲ့သို့ ဉာဏ်ပညာရှိ၏" စသည်ဖြင့် ယောကျ်ားနှင့်တူကြောင်းကိုဆိုမူ လိင်ကွဲလွဲမှုကြောင့် အပြစ်မရှိ၊ "ဤမိန်းမသည် ဆင်ပြောင်ကြီးကဲ့သို့ အနောင်အဖွဲ့ကို ဖြတ်၏၊ ခြင်္သေ့မင်းကဲ့သို့ ပရိသတ်အလယ်ဌ ကျူးရင့်မြွက်ဆို၏"ဟုဆိုမူ အပြစ်ရှိ၏။

(၃–၄) နံပါတ်ပုံစံတို့သည် ဝုစ်ကွဲသင့်သောအရာများ ဖြစ်သောကြောင့် အပြစ်မရှိချေ၊ လိင်ကွဲသင့်–မကွဲသင့်, ဝုစ်ကွဲသင့်–မကွဲသင့်ကို မုချကိန်းသေသတ်မှတ်၍ မဖြစ်နိုင်၊ "လောကသဘာဝအားလျော်စွာ လိင်,ဝုစ်ပြားသင့်သောအရာဌ လိင်,ဝုစ်ပြားသော်လည်း အပြစ်မရှိ၊ လိင်,ဝုစ်မပြားသင့်သောအရာဌ ပြားမူ အပြစ်ရှိ၏"ဟုသာ ဌာနာဌာနကို ထောက်ချင့်၍ မှတ်သားသင့်၏။

ပြန်ပုံစံ။ ။၂၁၁။ (၁) မြေကိုစောင့်တတ်, အို–မင်းမြတ် !–, နတ်နတ်သနင်း, သိကြားမင်းသည်, ရှင်မင်းမြတ်နှယ်, လွန်တင့်တယ်၏၊ (၂) ဘုန်းကြွယ်အထူး, စောရန်ဉူးကား, မြူးထူးရောင်လျှံ, ဒေါင်းယာဉ်ပျံ၏, ထက်ယံဝိုးဝင်း, တင့်တယ်ခြင်းသို့, ထန်ပြင်းကဲမိုး, ကိုယ့်တန်ခိုးဖြင့်, စိုးမိုးပိုင်နင်း, တက်ရောက်ခြင်းငှာ, စွမ်းနိုင်ပါသည်. . . . ဂုဏ်ဝါကွန့်မြူး လွန့်လွန့်လူး။

ရှင်း ဤပုံစံနှစ်ခုတို့တွင် (၁) နံပါတ်ပုံစံသည် "ဟီနူပမာ"မည်၏၊ (၂) နံပါတ်ပုံစံသည် "အဓိကူပမာ"မည်၏၊ သို့ရာတွင် လူမင်း, နတ်မင်း–စသည်တို့ကို အချင်းချင်းနှိုင်းယှဉ်ရာဌ အယုတ်အမြတ် မရွေးချယ်ဘဲ လောကထုံးတမ်းစဉ်လာအရ ဥပမာပြုကြ၏၊ ထို့ကြောင့် ပညာရှိတို့ နှစ်သက်အပ်သည်သာ၊ ဒုဋ္ဌာလင်္ကာတိဒေါသမသင့်။

http://www.dhammadownload.com

၂၁၁။ (၁) မဟိပါလ–မြေကိုစောင့်တတ်, အိုး–မင်းမြတ် !၊ ဒေဝရာဇ–နတ်တို့သနင်း, သိကြားမင်းသည်၊ ဘဝံဝိယ–အရှင်မင်းမြတ်ကဲ့သို့၊ ဝိရောစတေ–တင့်တယ်၏၊ (၂) အယံ–ဤမင်းသည်၊ အံသုမတော–နေမင်း၏၊ ကစ္ဆံ–လမ်းသို့၊ ဝါ–တင့်တယ်ခြင်းသို့၊ ဝါ–နိုင်ငံသို့၊ တေဇော–တန်ခိုးဖြင့်၊ အာရောဟိတုံ–တက်ရောက်ခြင်းငှာ၊ အလံ–စွမ်းနိုင်၏။ [ကစ္ဆံ ဝိဂါဟတော–ကွဝါဒိဂိဏ်းဝင်။ * ဝိရာဇတော–ဋီ။]

၃။ ရူပကအလင်္ကာ

၂၁၂။ ဥပမာနောပမေယျာနံ , အဘေဒသာ နိရူပနာ၊
ဥပမာဝ တိရောဘူတ–ဘေဒါ ရူပကမုစ္စတေ။

တန်ခိုးအစွမ်းကို အလွန်အကြူး ချီးကျူးလျက် လူမင်းကို နတ်မင်းနှင့် ဥပမာပြု၍ ရေးသားခြင်းသည်လည်း လောကနှင့်မဆန့်ကျင်သောကြောင့် ဥပမာအလင်္ကာမဟုတ်၊ ဒုဋ္ဌာလင်္ကာတဒေါသ သင့်ရောက်ဖွယ်မရှိ၊ ထို့ကြောင့်ပင် ရှေးဆရာကျော်တို့သည်လည်း–

(က) သာထွက်စံတည်, ငါတို့ပြည်ကား, မည်သည့်ဥစ္စာ, လိုရာမတ, နတ်ပြည်ကျသို့။ (ဘူ။)

(ခ) သပြေတမွတ်, နရထွတ်လည်း, မင်းဝတ်တန်းဆာ, ဆင်လျက်သာဖြင့်, ဗိုလ်ပါရံပြီး, ရထားစီးလျက်, မငြီးရွှဘွယ်, နတ်တို့လယ်၌, တင့်တယ်လှစွာ, ဝေယ္ယာက, ကွန္ဒာနတ်မင်း, သက်လာဆင်းသို့။ (ဥမ္မာ–၁၄။)

စသည်ဖြင့် ဗာရာဏသီမြို့ကို နတ်ပြည်နှင့်လည်းကောင်း, သိဝိမင်းကို သိကြားမင်းနှင့်လည်းကောင်း နှိုင်းခိုင်းစပ်ဆိုခဲ့ကြပေသည်။

မှတ်ဖွယ်အမှာ　မြတ်စွာဘုရားသခင်ကို ခြသေ့မင်း–နွားလားဥသဘ–စသည်တို့ဖြင့် ဥပမာကပ်ခြင်း, မြတ်စွာဘုရားသခင်၏ လက္ခဏာတော် တစ်စိတ်တစ်ဒေသကို တိရစ္ဆာန်သတ္တဝါတို့၏ အင်္ဂါအစိတ်အပိုင်းနှင့် ဥပမာကပ်ခြင်း, မြတ်စွာဘုရားသခင်၏အသံတော်ကို ကရဝိတ်ကြိုးကြာသံနှင့် ဥပမာကပ်ခြင်း, လူ၏ပေါင်ကို ဆင်နှာမောင်းနှင့် ဥပမာကပ်ခြင်း, မျက်လုံးကို မွေးကာစ သမင်မငယ်၏ မျက်လုံးနှင့် ဥပမာကပ်ခြင်း, သီလစောင့်သောရဟန်းများကို ယစ်မနှင့်ဥပမာကပ်ခြင်း–စသော သုံးသင့်သုံးထိုက်သော ဟီနူပမာ–စသည်တို့သည်များစွာပင် ရှိကုန်၏၊ အရာဌာနကို ထောက်ချင့်၍ သုံးစွဲကြရာ၏၊ ဤကား အလင်္ကာကိုမဖျက်သော ဥပမာလေးမျိုးတည်း။

(၃) ရူပက

၂၁၃။ ။ပမာ–ပမေယျ, နှစ်ဝမပြား, အတူထား, မှတ်သားရူပကာ။

ဥပမာန,ဥပမေယျတို့သည် ပင်ကိုယ်သဘောအားဖြင့် ကွဲပြားကြ၏၊ ထိုသို့ပင် ကွဲပြားစေကာမူ ထိုဥပမာန,ဥပမေယျတို့ကို မကွဲမပြား တသားတည်းဖြစ်နေသကဲ့သို့ တင်စား

http://www.dhammadownload.com

၂၁၂။ ဥပမာနောပမေယျာနံ–ဥပမာန,ဥပမေယျတို့၏၊ အဘေဒဿ–မထူးမပြားခြင်းသို့၊ နိရူပနာ–တင်သောအားဖြင့်၊ တိရောဘူတဘေဒါ–ပျောက်ကွယ်သော ထူးပြားခြင်းရှိသော၊ ဥပမာဝ–ဥပမာကိုပင်လျှင်၊ ရူပကံ–ရူပကဟူ၍၊ ဥစ္စတေ–ဆိုအပ်၏။

၂၁၃။ အသေသဝတ္ထုဝိသယံ , ဧကဒေသဝိဝတ္တိ စ၊
တံ ဒွိဓာ ပုန ပစ္စေကံ , သမာသာဒိဝသာ တိဓာ။

ပြဆိုသော ဥပမာမျိုးကိုပင် ရူပက–ဟု ခေါ်သည်၊ ဥပမာထက်ပို၍ တူညီကြောင်းကို ပြသော အလင်္ကာ–ဟု ဆိုလိုသည်။ [အဘေဒံ ရူပယတီတိ–ရူပကံ။]

ဥပမာ,ရူပက–အထူး

ဥပမာ၌ ဂုဏ်သာတူ၏၊ ဒြပ်ကားမတူချေ၊ ရူပက၌ ဂုဏ်,ဒြပ်နှစ်ပါးလုံးတူညီ၏။ [ဂုဏ်,ဒြပ်တူသကဲ့သို့ မကွဲပြားအောင်ပြသည်။]

တစ်နည်း= ဥပမာမှာ ဥပမာန,ဥပမေယျ ပြားရသည်၊ ရူပကမှာ အပြားမရှိ။

တစ်နည်း= ဥပမာမှာ ဥပမာနပုဒ်အရ ရှိ၏၊ ရူပက၌ ဥပမာနပုဒ်အရ မရှိချေ၊ ဤသို့ ဥပမာအလင်္ကာနှင့် ရူပကအလင်္ကာတို့ ထူးခြားကြသည်။

ဆောင်။ ။ ဂုဏ်ရည်တူငြား, ဒြပ်ပြားက, မှတ်သားသေချာ, ဥပမာတည်း၊ ဂုဏာဒဇ္ဇ, တူညီမျှ, မှတ်ကြရူပကာ။

ရူပက, လောကာတိက္ကန္တ ရူပကာတိသယ–အထူး

ရူပက၌ ဥပမာနဟောသဒ္ဒါ, ဥပမေယျဟောသဒ္ဒါ အပြည့်အစုံပါ၏၊ ဥပမေယျကိုသာ အရကောက်ရ၏၊ လောကာတိက္ကန္တ ရူပကာတိသယ၌ ဥပမေယျဟောသဒ္ဒါ မပါ၊ ဥပမာနဟောသဒ္ဒါမျှသာ ပါ၏၊ အရကိုမူ ဥပမေယျကိုပင် ကောက်ရ၏၊ အလင်္ကာနှစ်ပါးကျသို့ထူးခြားကြ၏။ [ဂါထာနံပါတ် ၁၇၅–လာ စကားနှင့်စပ်၍ ကြံလေ။]

ဆောင်။ ။ ပမာ–ပမေ, နှစ်ထွေသဒ္ဒ, ပြည့်ပါကြ၍, ကောက်ရပမေယျာ, ရူပကာတည်း၊ ပမာမျှပေ, ပါရှိလေ၍, ပမေကောက်ရ, တိသယ, နှစ်ဝအထူးသာ။

ရူပကအပြား:

၂၁၃။ ထိုရူပကသည်– (၁) အသေသဝတ္ထုဝိသယ–အကြွင်းမရှိသောဝတ္ထုလျှင် အရာရှိသော ရူပက, (၂) ဧကဒေသဝိဝတ္တိ–တစ်စိတ်တစ်ဒေသ၌ဖြစ်သော ရူပက–ဟု နှစ်မျိုးပြား၏၊ ထိုနှစ်မျိုးတို့တွင် တစ်ခုတစ်ခု၌–

(၁) သမာသရူပက, (၂) အသမာသရူပက, (၃) သမာသာသမာသရူပက–ဟု သုံးမျိုးစီပြားပြန်၏၊ ဤသို့လျှင် ရူပကအလင်္ကာ ၆–မျိုးဖြစ်သတည်း။

http://www.dhammadownload.com

၂၁၃။ တံ–ထိုရူပကသည်၊ အသေသဝတ္ထုဝိသယံ–အကြွင်းမရှိသောဝတ္ထုလျှင် အရာရှိသော ရူပကလည်းကောင်း၊ ဧကသေသဝိဝတ္တိစ–တစ်စိတ်တစ်ဒေသ၌သာ ဖြစ်သော ရူပကလည်းကောင်း၊ (ကတိ–ဤသို့၊) ဒွိဓာ–နှစ်ပါးပြား၏၊ (တံ–ထိုရူပက နှစ်ခုအပေါင်းသည်၊) ပုန–တစ်ဖန်၊ ပစ္စေကံ–အသီးအသီး၊ သမာသာဒိဝသာ–သမာသ ရူပကစသည်တို့၏ အပြားဖြင့်၊ တိဓာ–သုံးပါးစီ ပြားပြန်၏။

၂၁၄။ အဂ်ုလိဒလသံသောဘိ် , နခဒီဓိတိကေသရံ၊
သိရသာ နု ပိလန္ဓန်္တိ , ကေ မုနိန္ဒပဒမ္မုဇံ။

၂၁၄။ အဂ်ုလိဒလသံသောဘိ်–ခြေချောင်းတော်တည်းဟူသော ပွင့်ချပ်တို့ဖြင့် အလွန်တင့်တယ်သော၊ နခဒီဓိတိကေသရံ–ခြေသည်းတော်ရောင်တည်းဟူသော ဝတ်မှုန်ဝတ်ဆံရှိသော၊ မုနိန္ဒပဒမ္မုဇံ–မြတ်စွာဘုရားသခင်၏ ခြေတော်တည်းဟူသော ကြာကို၊ ကေ–အဘယ်သူတို့သည်၊ သိရသာ–ဦးခေါင်းဖြင့်၊ နု ပိလန္ဓန်္တိ–မပန်ဆင်ဘဲ ရှိကုန်အံ့နည်း၊ (ပိလန္ဓန်္တိ ဧဝ–ဧကန်ပင်ပန်ဆင်ကြကုန်မည်သာ။) [အဂ်ုလိဒ္ဓ ဆန်းကြောင့် ဒီဃ။]

၂၁၅။ ရတနာနိ ဂုဏာ ဘူရီ , ကရဏာ သီတလံ ဧလံ၊
ဂမ္ဘီရတ္တမဂါဓတ္တံ , ပစ္စက္ခောယံ ဇိနောမ္မုခိ။

ပြန်ပုံစံ။　။၂၁၄။ ခြေချောင်းဆယ်ဖြာ, ပွင့်ချပ်လွှာဖြင့်, လွန်စွာတင့်မော်, ခြေသည်းတော်မှ, ထွက်ပေါ်ရောင်လျှံ, ဝတ်ဆံများစွာ, အပြည့်ပါသား, မြတ်ဘုရား၏, ဖဝါး ခြေစုံ, ကြာပဒုံကို, သုံးဘုံတိုက်သား, ဘယ်သူများသည် . . . . ဦးဖျားမဆင် ရှိမည်နည်း။

ရှင်း　ဝိသေသျဖြစ်သော ခြေတော်အစုံနှင့် ဝိသေသနဖြစ်သော ခြေချောင်း, ခြေသည်းရောင်တို့ကို ကြာပန်းပွင့်ချပ်, ဝတ်ဆံတို့ဖြင့် အကြွင်းအကျန်မရှိအောင် နှိုင်းခိုင်းထားသောကြောင့် "အသေသဝတ္ထုဝိသယ"မည်၏၊ ထိုဥပမေယျ, ဥပမာနတို့ကို မကွဲမပြားတသားတည်း ဖြစ်နေသကဲ့သို့ သမာသ်ဖြင့် တင်စားပြဆိုသောကြောင့် "သမာသရူပက" လည်း မည်၏၊ ထိုနှစ်ခုကိုပေါင်း၍ "အသေသဝတ္ထုဝိသယသမာသရူပက"ဟု ခေါ်သည်။

မြန်ပုံစံ။　။ ဟိရိကျောင်ွ, သြတ္တပ်ရွှေနှင့်, နံ့မွှေကြာမုံ, ခက်ရုံသန္တာ, သဒ္ဒါမျက်မြ, သီလပုလဲ, စွန့်ကြဲဒါန, စာဂမဏိ, ဗုဒ္ဓိဝရဖိန်, တောက်ထိန်ခုနစ်ပါး, ဥစ္စာများကို, သူ့အားဝေ၄, ဉာဏသူဌေး, ဉာဏ်လှူပေး၍။ (ကိုးခန်း–နိဂုံး–၄။) [ဤကဗျာကိုလည်း စစ်ကြည့်လေ။]

ပြန်ပုံစံ။　။၂၁၅။ သုံးလူမျက်ဖျော်, မြတ်ရှင်တော်၏, ဂုဏ်တော်များမှာ, ရတနာတည်း၊ မဟာကရု, သနားမှုကား, ကြီးထုကြည်လင်, ရေအေးပင်တည်း၊ ရှစ်အင်ဓမ္မ, တွေ့ကြုံရလည်း, ကင်းလှဖောက်ပြန်, နက်နဲဟန်ကား, ထောက်ရန်ခဲခက်,

http://www.dhammadownload.com

၂၁၅။ အယံ ဓိနော–ဤမြတ်စွာဘုရားသခင်သည်၊ ပစ္စက္ခော–(ငါတို့)မျက်မှောက်ဖြစ်သော၊ အမ္မုခိ–သမုဒ္ဒရာပင်တည်း၊ (ကသ္မာ–အဘယ့်ကြောင့်နည်းဟူမူကား၊ ယသ္မာ–အကြောင်ကြောင့်၊ အသ–ထိုမြတ်စွာဘုရားသခင်၏၊) ဘူရီ–များစွာကုန်သော၊ ဂုဏာ–သီလ သမာဓိ, အစရှိသား,) ဂုဏ်တော်များသည်၊ ရတနာနိ–ရတနာတို့ပင်တည်း၊ ကရဏာ–မဟာကရုဏာတော်သည်၊ သိတလံ–အေးမြသော၊ ဇလံ–ရေပင်တည်း၊ ဂမ္ဘီရတ္တံ–(လာဘာလာဘ, စသည်ရှစ်တန်, လောကဓံကြောင့်, ဖောက်ပြန်မရှိ,) ပကတိသဘောတော်၏ နက်နဲခြင်းသည်၊ အဂါဓတ္တံ–ထောက်တည်ခက်ခဲ, လွန်နက်နဲသည်၏ အဖြစ်ပေတည်း၊ (တသ္မာ–ထို့ကြောင့်တည်း။)

၂၁၆။ စန္ဒိကာ မန္ဒဟာသာ တေ , မုနိန္ဒ ဝဒနိန္ဒုနော၊
ပဗောဓယတျယံ သာဓု–မနောကုမုဒကာနနံ။

နက်သည့်ချက်တည်း၊ သို့တွက်ကြောင်းလျား, မြတ်ဘုရားကား, မျက်ဝါးထင်ထင်, ငါတို့မြင်ရ, သမုဒ္ဒသည် . . . . မုချဇကန် ဖြစ်သတည်း။

ရှင်း ဥပမေယျဖြစ်သောဘုရား, ဂုဏ်တော်, ကရုဏာတော်, နက်နဲသောသဘောတော်တို့ကို ဥပမာနဖြစ်သော သမုဒ္ဒရာ, ရတနာ, ရေ, နက်နဲသည်၏ အဖြစ်တို့ဖြင့် မကြွင်းမကျန်ရအောင် နှိုင်းခိုင်းထားသောကြောင့် "အသေသဝတ္ထုဝိသယ" မည်၏။

ဂုဏ်ရည်အလွန်တူကြ၍ ထိုဥပမေယျ,ဥပမာနတို့ မကွဲမပြား တသားတည်း ဖြစ်နေသကဲ့သို့ ဝါကျဖြင့် တင်စားပြဆိုထားသောကြောင့် "အသမာသရူပက"လည်းမည်၏၊ ထိုနှစ်ခုကို ပေါင်းစပ်၍ ဤပုံစံကို "အသေသဝတ္ထုဝိသယ-အသမာသရူပက"ဟု ခေါ်သည်။

ပြန်ပုံစံ။ ။၂၁၆။ သီလအာဒိ, တူမရှိသား, မုနိဥဿော်, မြတ်ဘုန်းခေါင် !–, ဂုဏ်ရောင်ကွန့်ဖြာ, ရှင်မြတ်စွာ၏, မျက်နှာစန္ဒ, ဝင်းပပ၏, ညှင်းပျစဉ်းငယ်, ပြုံးရယ်ခြင်းဟူ, လရောင်မူကား, သူတော်များစွာ, ဝေနေယျာ၏, စိတ်ကြာဖြူ*မြိုင်, ပွင့်စေနိုင်သည် . . . . ကြိုင်လှိုင်ကားကား စွင့်စွင့်တည်း။

ရှင်း ဤ၌ ဝဒနိန္ဒုနော, မနောကုမုဒကာနနံ–(မျက်နှာစန္ဒ, စိတ်ကြာဖြူမြိုင်)တို့ကား သမာသရူပကတည်း။

စန္ဒိကာမန္ဒဟာသာ–(ညှင်းပျစဉ်းငယ်, ပြုံးရယ်ခြင်းဟူ, လရောင်မူကား)ကား အသမာသရူပကတည်း၊ ဤသို့ သမာသ်တချို့, ဝါကျတချို့အားဖြင့် အကြွင်းအကျန်မရှိအောင် ရူပကပြုသောကြောင့် "အသေသဝတ္ထုဝိသယ-သမာသာသမာသရူပက" မည်၏။

---

* မြိုင်=တော။ (ပေါ်)

http://www.dhammadownload.com

၂၁၆။ မုနိန္ဒ–အို မြတ်စွာဘုရား !၊ တေ–ရှင်တော်မြတ်ဘုရား၏၊ ဝဒနိန္ဒုနော–မျက်နှာတော်တည်းဟူသော လမင်း၏၊ မန္ဒဟာသာ–သာသာညင်းညင်း, ပြုံးရယ်တော်မူခြင်းတို့သည်၊ စန္ဒိကာ–လရောင်တို့ပင်တည်း၊ အယံ–ဤသာသာညင်းညင်း ပြုံးရယ်တော်မူခြင်းတည်းဟူသော လရောင်သည်၊ (အယန္တိ ဇာတျောကဝစနေန မန္ဒဟာသာ စန္ဒိကာ နိဒ္ဒိဋ္ဌာ၊ ဋီကာသစ်၊) သာခုမနောကုမုဒကာနနံ–သူတော်ကောင်းတို့၏ စိတ်နှလုံးတည်းဟူသော ကြာဖြူတောကို၊ ပဗောဓယတိ–ပွင့်စေ၏။

၂၁၇။ အသေသဝတ္ထုဝိသယေ , ပဘေဒေါ ရူပကေ အယံ၊
ဧကဒေသဝိဝတ္တိမှိ , ဘေဒေါ ဒါနိ ပဝုစ္စတိ။

၂၁၇။ အသေသဝတ္ထုဝိသယေ–အကြွင်းမရှိသောဝတ္ထုလျှင် အရာရှိသော၊ ရူပကေ–ရူပကဒ္ဒ၊ အယံ–ဤဆိုခဲ့ပြီးသော ပုံစံသုံးခုသည်၊ ပဘေဒေါ–အထူးအပြားပေတည်း၊ ဒါနိ–ယခုအခါ၌၊ ဧကဒေသဝိဝတ္တိမှိ–တစ်စိတ်တစ်ဒေသ၌ဖြစ်သော၊ ရူပကေ–ရူပကဒ္ဒ၊ ဘေဒေါ–အထူးအပြားကို၊ ပဝုစ္စတိ–ဆိုအပ်၏၊ ဝါ–ဆိုအပ်လတ္တံ့။

၂၁၈။ ဝိလာသဟာသကုသုမံ , ရုစိရာဓရပလ္လဝံ၊
သုခံ ကေ ဝါ န ဝိန္ဒန္တိ , ပဿန္တာ မုနိနော မုခံ။

၂၁၈။ ဝိလာသဟာသကုသုမံ–တင့်တယ်စွာပြုံးရယ်တော်မူခြင်းတည်းဟူသော ပန်းရှိသော၊ ရုစိရာဓရပလ္လဝံ–နှစ်သက်ဖွယ်သော နှုတ်ခမ်းတော်တည်းဟူသော ရွက်ညွန့်ရှိထသော၊ မုနိနော–မြတ်စွာဘုရားသခင်၏၊ မုခံ–မျက်နှာတော်ကို၊ ပဿန္တာ–ဖူးမြော်ကြရကုန်သော၊ ကေဝါ–အဘယ်မည်သောသူတို့သည်၊ သုခံ–စိတ်ချမ်းသာမှုကို၊ နဝိန္ဒန္တိ–မရတုံဘဲ, ရှိကုန်အံ့နည်း၊ (ဝိန္ဒန္တိ ဇဝ–ဇကန်ပင် ရကြကုန်တော့သည်သာ။)

၂၁၇။ ပြဆိုခဲ့ပြီးသောပုံစံသုံးခုသည် အသေသဝတ္ထုဝိသယ–ရူပက၏ အထူးအပြားတို့ပင်တည်း၊ ယခုအခါ၌ ဧကဒေသဝိဝတ္တိရူပက၏ အထူးအပြားတို့ကို ပြဆိုရတော့မည်။

ပြန်ပုံစံ။ ။၂၁၈။ ကွန့်မြူးစံပယ်, လွန်တင့်တယ်သည့်, ပြုံးရယ်ပန်းပွင့်, လန်းလန်းစွင့်သား, ရှုချင့်စဖွယ်, နီရောင်ချယ်သည့်, နုနယ်လူးလွန့်, နှုတ်ရွက် ညွန့်လည်း, မြူးကွန့်ဝေဆာ, စောမြတ်စွာ၏, မျက်နှာတော်လှ, ဝင်းပပကို,ဖူးရသူ, ဘယ်နတ်လူသည်, ကြည်ဖြူအေးမြ, စိတ်သုခကို . . . .မရတုံဘဲ ရှိမည်နည်း။

ရှင်း ဤ၌ ပြုံးရယ်ခြင်းနှင့် ပန်းပွင့်, နှုတ်ခမ်းနှင့် ရွက်ညွန့်တို့ကို ရူပကပြုလုပ်ထား၏၊ မျက်နှာတော်ကိုမူကား မပြုလုပ်ချေ၊ ထိုသို့ အကုန်လုံးကို မပြုလုပ်မူ၍ တစ်စိတ်တစ်ဒေသကိုသာ ရူပကပြုသောကြောင့် "ဧကဒေသဝိဝတ္တိ" မည်၏၊ ထိုပြုံးရယ်ခြင်းနှင့်

http://www.dhammadownload.com

၂၁၉။ ပါဒဒွန္ဒံ မုနိန္ဒဿ , ဒဒါတု ဝိဇယံ တဝ၊
နခရံသိ ပရံ ကန္တာ , ယဿ ပါပဇယဒ္ဓဇာ။

၂၁၉။ ယဿ–အကြင်မြတ်စွာဘုရားသခင်၏၊ ပရံ–လွန်စွာ၊ ကန္တာ–နှစ်သက်ဖွယ်ရှိကုန်သော၊ နခရံသိ–ခြေသည်းတော်ရောင်တို့သည်၊ ပါပဇယဒ္ဓဇာ–မကောင်းမှုတို့ကို အောင်မြင်ရာ၌ လွှင့်ထူအပ်သော အောင်လံတို့ပေတည်း၊ တဿ မုနိန္ဒဿ–ထိုမြတ်စွာဘုရားသခင်၏၊ ပါဒဒွန္ဒံ–ခြေတော်အစုံသည်၊ တဝ–သင့်အား၊ ဝိဇယံ–အောင်ခြင်းကို၊ ဒဒါတု–ပေးတော်မူပါစေသတည်း။

၂၂၀။ သုနိမ္မလကပေါလဿ , မုနိန္ဒဝဒနိန္ဒုနော၊
သာဓုပွဗ္ဗင်္ဂဟဒယံ , ဇာတံ ကေရဝကာနနံ။

ပန်းပွင့်, နှုတ်ခမ်းနှင့် ရွှက်ညွန့်တို့ကိုလည်း သမာသ်ဖြင့်ပင် ဥပမာ, ဥပမေယျ မကွဲမပြား တသားတည်းကျအောင် ရူပကလုပ်ထားသောကြောင့် "သမာသ ရူပက" မည်၏၊ ထိုနှစ်ပါးကို ပေါင်းစပ်သောအားဖြင့် "ဧကဒေသဝိဝတ္တိ–သမာသရူပက" ဟု ခေါ်ရသည်။

ပြန်ပုံစံ။ ။၂၁၉။ မုနိသင်းကျစ်, ဓမ္မရာဇ်၏, လွန်နှစ်သက်အပ်, လျှပ်လျှပ်ပြောင်ပြောင်, ခြေသည်းရောင်ကား, များစြောင်အကု, ကိလေစုကို, အောင်မှုစိုက်ထူ, အောင်လံဟူ၏၊ ရန်သူများဖြင့်, ဖြိုဖျက်နှင့်သည့်, ထိုရှင်ဘုရား, ခြေတော်များသည် . . . . သင့်အားအောင်ဆု ပေးစေသောဝ်။

ရှင်း ဤ၌ (၁) မြတ်စွာဘုရား, (၂) ခြေတော်, (၃) ခြေသည်းတော်–သုံးပါးတို့တွင် ခြေသည်းတော်တစ်ခုမျှကိုသာ ရူပကပြုလုပ်၏၊ ကြွင်းသော မြတ်စွာဘုရားနှင့် ခြေတော်တို့ကို ရူပကမလုပ်ချေ၊ ထိုသို့ အကုန်လုံးကို မလုပ်မူ၍ တစ်စိတ်တစ်ဒေသကိုသာ လုပ်သောကြောင့် "ဧကဒေသဝိဝတ္တိ"မည်၏၊ သမာသ်မစပ်ဘဲ ခြေသည်းတော်နှင့် အောင်လံတို့ကို မကွဲမပြား တသားတည်းဖြစ်နေသကဲ့သို့ တင်စားပြဆိုသောကြောင့် "အသမာသရူပက"လည်း မည်၏၊ ထိုနှစ်ပါးကို ပေါင်းစပ်သောအားဖြင့် ဤပုံစံကို "ဧကဒေသဝိဝတ္တိ–အသမာသရူပက"ဟု ခေါ်သည်။

ပြန်ပုံစံ။ ။၂၂၀။ လွန်စွာညစ်ကြေး, ကင်းဝေးစင်ပြောင်, ပါးစောင်ရှိသား, ဘုရားမျက်နှာ, ယုန်စကြာ၏, များစွာသူတော်, လေးဖော်သစ္စာ, သိမြင်ပါ၍, ကောင်းစွာပွင့်ဖြူ, စိတ်တည်းဟူသည်, ကြာဖြူတောကြီး ဖြစ်ခဲ့ပြီ။

ရှင်း ဤ၌ (၁) ပါးစောင်, (၂) မျက်နှာ, (၃) သူတော်ကောင်းတို့၏စိတ်–ဟု သုံးချက်ရှိ၏၊ ထိုသုံးချက်တို့တွင် မျက်နှာ,စိတ်တို့ကိုသာ ရူပကပြုထား သောကြောင့် "ဧကဒေသဝိဝတ္တိ" မည်၏၊ မျက်နှာနှင့်လကို သမာသ်ဖြင့်လည်းကောင်း, စိတ်နှင့်ကြာဖြူတောကို ဝါကျဖြင့်လည်းကောင်း မကွဲမပြား တသားတည်းဖြစ်နေသကဲ့သို့ တင်စားပြဆိုသောကြောင့်

http://www.dhammadownload.com

၂၂၀။ သုနိမ္မလကပေါလဿ–အလွန်အညစ်အကြေးကင်းသော ပါးစောင်ရှိတော်မူသော၊ မုနိန္ဒဝဒနိန္ဒုနော–မြတ်စွာဘုရားသခင်၏ မျက်နှာတော်တည်းဟူသော လမင်း၏၊ သာခုပဗ္ဘုဟဒယံ–သူတော်ကောင်းတို့၏ (သစ္စာလေးပါးကို သိမြင်ခြင်း၏ အစွမ်းအားဖြင့်) ပွင့်လင်းသော စိတ်နှလုံးသည်၊ ကေရဝကာနနံ–ကြာဖြူတောသည်၊ ဇာတံ–ဖြစ်ခဲ့လေပြီ။

၂၂၁။ ရူပကာနိ ဗဟူနေဝ , ယုတ္တာယုတ္တာဒိဘေဒတော၊
ဝိသုံ နာနိ ဝုတ္တာနိ , ဇတ္ထေဝန္တေဘဂါနိတိ။

၂၂၁။ ရူပကာနိ–ရူပကတို့သည်၊ ယုတ္တာယုတ္တာဒိဘေဒတော–ယုတ္တရူပက, အယုတ္တရူပကစသော အပြားအားဖြင့်၊ ဗဟူနိဇဝ–များကုန်သည်သာတည်း၊ တာနိ–ထိုရူပကတို့သည်၊ ဝါ–တို့ကို၊ ဇတ္ထေဝ–ဤဆိုခဲ့ပြီးသောရူပက ၆–မျိုးတို့၌သာလျှင်၊ အန္တေဘဂါနိ–အတွင်းဝင်ကုန်၏၊ ဣတိ–ထို့ကြောင့်၊ ဝိသုံ–အသီးအခြား၊ နဝုတ္တာနိ–မဆိုအပ်ကုန်။

"သမာသာသမာသရူပက"လည်းမည်၏၊ ထိုနှစ်ပါးကို ပေါင်းစပ် သောအားဖြင့် ဤပုံစံကို "ဇကဒေသဝိဝတ္တိ–သမာသာသမာသရူပက"ဟု ခေါ်သည်။

ရူပကကြွင်း အမှာ

၂၂၁။ သက္ကတဌ ယုတ္တရူပက, အယုတ္တရူပက–စသောအားဖြင့် ရူပကပေါင်းများစွာ ပြဆိုထားသေး၏၊ ထိုယုတ္တ, အယုတ္တ–စသော ရူပကတို့သည် ပြဆိုခဲ့ပြီးသော ရူပက ၆–မျိုးတို့၌ပင် အတွင်းဝင်ပေပြီ၊ ထို ၆–မျိုးတို့မှ လွတ်အောင်ကား မဆိုနိုင်တော့ချေ၊ ထို့ကြောင့် ထိုယုတ္တ, အယုတ္တ–စသော ရူပကတို့ကို ဤအလင်္ကာကျမ်း၌ အသီးအခြား မပြဆိုတော့ပေ၊ အာဒိသဒ္ဒါဖြင့် ဝိသမရူပက, သဝိသေသ ရူပက, ဝိရုဒ္ဓရူပက, ဟေတုရူပက, သိလိဋ္ဌရူပက, ဥပမာရူပက, ဗျတိရေကရူပက, အက္ခေပ ရူပက, သမာဓာနရူပက, တတ္ထာပဟ္နဝရူပက–စသည်တို့ကို ယူသင့်၏။

ဋီကာပြ–ယုတ္တရူပကပုံစံ
သိတပုပ္ဖဇ္ဇလဲ လောလ–နေတ္တဘိဂံ တဝါနနံ၊
ကဿ နာမ မနော ဓိရ , နာကမုတိ မနောဟရံ။

ဓိရ–အို မြတ်စွာဘုရား !၊ သိတပုပ္ဖဇ္ဇလဲ–(ညင်းညင်းသာသာ) ပြုံးရယ်တော်မူခြင်း–တည်းဟူသော ပန်းတို့ဖြင့် တောက်ပသော၊ လောလနေတ္တဘိဂံ–တဖျပ်ဖျပ်လှုပ်သော မျက်လုံးတော်တည်းဟူသော ပိတုန်းရှိသော၊ မနောဟရံ–ဖွးမြင်ရသူတို့၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်သော၊ တဝ–ရှင်တော်မြတ်ဘုရား၏၊ အာနနံ–မျက်နှာတော်သည်၊ ကဿ နာမ–အဘယ်မည်သောသူ ၏၊ မနော–စိတ်ကို၊ နာကမုတိ–မဆွဲငင်နိုင်ဘဲ ရှိပါအံ့နည်း၊ (အာကမုကိဇဝ–ဇကန်ပင် ဆွဲငင်နိုင်လေတော့သည်သာတည်း။)

http://www.dhammadownload.com

၂၂၂။ စန္ဒိမာကာသပဒုမ–မိစ္ဆေတံ ခဏ္ဍရူပကံ၊
ဒုဋ္ဌမမ္ဟောရူဟဝနံ , နေတ္တာနိစ္စာဒိ သုန္ဒရံ။

၂၂၂။ (၁) စန္ဒိမာ–လမင်းသည်၊ အာကာသပဒုမံ–ကောင်းကင်၌ ပဒုမာကြာပန်း ပင်တည်း၊ ဣတိဧတံ–ဤသို့သဘောရှိသော ရူပကမျိုးသည်၊ ခဏ္ဍရူပကံ–(လကိုသာ ရူပကပြု၍ ကောင်းကင်ကို ရူပကမပြုသောကြောင့် ကျိုးပျက်သော)ခဏ္ဍရူပကမည်၏၊ ဒုဋ္ဌံ–ဒုဋ္ဌာလင်္ကာတိဒေါသသင့်၏။

(၂) အမ္ဟောရူဟဝနံ–ကြာညိုတောသည်၊ နေတ္တာနိ–မျက်လုံးတော်တို့ပေတည်း၊ ဣစ္စာဒိ–ဤသို့အစရှိသော ရူပကသည်၊ သုန္ဒရံ–ဝုစ်ကွဲပြားသော်းလည်း ကောင်း၏။

ပြန်ပုံစံ။ ။ကြီးမားလုံ့လ, ဝီရိယနှင့်, ပြည့်ဝအကယ်, စောဘုန်းကြွယ် !–, ပြိုးရယ် ပန်းဖြင့်, တောက်ပြောင်ဝင့်လျက်, လှုပ်လှက်မျက်စိ, ပိတုန်းရှိသည့်, မြင်မိသည်, စိတ်ကိုယူသား, နတ်လူဥက္ကဋ္ဌ, ရှင်တော်မြတ်၏, ကင်းလွတ်ကြေးညော်, မျက်နှာတော်သည်, ဖူးမြော်ရသူ, နတ်နတ်လူ၏, ကြည်ဖြူရွှင်ပြိုး, စိတ်နှလုံးကို . . . . သိမ်းကျုံးဆွဲဆောင်လေတော့သည်။

ရှင်း ဤ၌ ပန်းပွင့်နှင့်ပိတုန်းတို့၏ အချင်းချင်း ယှဉ်ပြိုင်ဖက်ဖြစ်သောကြောင့် ဤရူပကသည် "ယုတ္တရူပက" မည်၏၊ (ထိုယုတ္တရူပက၏ ပြန်ဘက်အားဖြင့် အယုတ္တရူပကကို သိအပ်၏၊) ဤပုံစံသည် စာကိုယ်ထဲ၌ မပါသင့်၊ ဦးကာ ထုတ်ပြထားသော ပုံစံမျှသာ ဖြစ်သည်။

၄င်းဆိုခဲ့ပြီးသောရူပက ၆–မျိုးထဲ၌ ထည့်သွင်းပါက "ဧကဒေသဝိဝတ္တိသမာသ ရူပက"သို့ ဝင်၏၊ ဆိုခဲ့ပြီးသည်ကို နည်းမှီ၍ စစ်ကြည့်ပါလေ။

ရူပကပျက်–မပျက် ပြန်ပုံစံ

၂၂၂။ (၁) နက္ခတ်ရာဇာ, စန်းသော်တာသည်, အာကာဝေဟင်, ကြာပန်းပင်တည်း၊ ဤလျှင်ခဏ္ဍာ, ရူပကဆို, ရှောင်စေလိုဏ်၏၊ (၂) ကြာညိုတောကား, မျက်လုံးများတည်း၊ ဝုစ်ပြားစေကာ, ဤလိုဟာသည် . . . . များစွာကောင်းမြတ် အပြစ်လွတ်၏။

ရှင်း ရူပက–ဟူသည် ဥပမာမျိုးပင် ဖြစ်၏၊ သို့ဖြစ်၍ ရူပကပျက်–မပျက်ကို ဥပမာကဲ့သို့ပင် ကြံဆ၍ ယူသင့်၏။

(၁) နံပါတ်ပုံစံ၌ လနှင့်ကြာ, ကောင်းကင်နှင့်တစ်ဖက်ဆည်ကန် ရူပကပြုသင့်၏၊ ထိုသို့ ပြုသင့်ပါလျက် ကောင်းကင်ကို ရူပကမပြုဘဲ ချန်ထားခဲ့သောကြောင့် ရူပကကျိုး၏၊ ရူပကအလင်္ကာပျက်သောကြောင့် ဒုဋ္ဌာလင်္ကာတိ ဒေါသ သင့်လေသည်၊ (၂) နံပါတ်ပုံစံ၌ ဥပမာန,ဥပမေယျ ဝုစ်ကွဲသော်လည်း အပေါင်း အစိတ် ဖြစ်၍ သင့်လျော်သောကြောင့် ရူပကအလင်္ကာမပျက်၊ ဒုဋ္ဌာလင်္ကာတိဒေါသလည်း သင့်ဖွယ်မရှိ၊ ထို့ကြောင့် ပညာရှိတို့ နှစ်သက်၍ ကောင်းမြတ်သည်။

http://www.dhammadownload.com

၂၂၃။ ပရိယန္တော ဝိကပ္ပာနံ , ရူပကာသောပမာယ စ၊
နတ္ထိ ယံ တေန ဝိညေယျံ , အာဝုတ္တမနုမာနတော။

၂၂၃။ ရူပကာသစ-ရူပကာ၏လည်းကောင်း၊ ဥပမာယစ-ဥပမာ၏လည်းကောင်း၊ ဝိကပ္ပာနံ-အမျိုးမျိုးအစားစား ကြံဆအပ်သော အပြားတို့၏၊ ပရိယန္တော-အဆုံးသည်၊ ယံ(ယေန)-အကြင်ကြောင့်၊ နတ္ထိ-မရှိ၊ တေန-ထို့ကြောင့်၊ အာဝုတ္တံ-ဤကျမ်း၌ မဆိုအပ်သော ဥပမာ, ရူပကာအပေါင်းကို၊ အနုမာနတော-ဆိုခဲ့ပြီးသော ဥပမာ, ရူပကတို့နှင့် နှိုင်းယှဉ်ကြံဆသော အနုမာနဉာဏ်အားဖြင့်၊ ဝိညေယျံ-သိအပ်၏၊ ဝါ-သိနိုင်လောက်ပေပြီ။

၄။ အာဝုတ္တိ-အလက််ာ

၂၂၄။ ပုနပ္ပုနမုစ္စာရဏံ , ယမတ္ထသ ပဒဿ စ၊
ဥဘယေသဉ္စ ဝိညေယျာ , သာယမာဝုတ္တိ နာမတော။

၂၂၄။ အတ္ထသစ-အနက်ကိုလည်းကောင်း၊ ပဒဿစ-ပုဒ်ကိုလည်းကောင်း၊ ဥဘယေသဉ္စ-အနက်,ပုဒ်နှစ်ပါးတို့ကိုလည်းကောင်း၊ ပုနပ္ပုနံ-အဖန်ဖန်အထပ်ထပ်၊ ယံဥစ္စာရဏံ-အကြင်ရွတ်ဆိုရခြင်းသည်၊ အတ္ထိ-ရှိ၏၊ သာယံ-ထိုအဖန်ဖန်အထပ်ထပ်ရွတ်ဆိုရခြင်းကို၊ နာမတော-အမည်အားဖြင့်၊ အာဝုတ္တိ-အာဝုတ္တိအလက််ာဟူ၍၊ ဝိညေယျာ-သိအပ်၏။

ဥပမာ, ရူပက- မှာထားချက်

၂၂၃။ သက္ကတဘာသာ အလက််ာကျမ်းတို့၌ ပြဆိုထားသော ရူပက, ဥပမာတို့၏ အပြားသည် အလွန်များပြား၏၊ ထိုအလက််ာဆရာတို့ အမျိုးမျိုးအစားစား ကြံစည်ထားသမျှကို ပြဆိုရပါမူ ပြီးဆုံးနိုင်ဖွယ်ပင် မရှိ၊ ထို့ကြောင့် ဤကျမ်း၌ သူတို့ကြံစည်ထားသမျှကို မပြဆိုတော့ပေ၊ ထိုသို့ပင် မပြဆိုစေကာမူ အကျိုးဆုတ်ယုတ်ဖွယ်မရှိ၊ ဆိုခဲ့ပြီးသော လက္ခဏာတို့၏ အတွင်း၌ ပါဝင်ပြီးပင် ဖြစ်ပါသည်၊ ဆိုခဲ့ပြီးသော ဥပမာ,ရူပကတို့နှင့် နှိုင်းယှဉ်ကြံဆက အကုန်အစင်ကိုပင် သိမြင်နိုင်လောက်ပါပြီ။

(၄)အာဝုတ္တိ

၂၂၄။ ။အနက်-သဒ္ဒါ, ထိုနှစ်ဖြာကို, ထပ်ကာဆိုဘိ, အာဝုတ္တိ, မည်ရှိအလက််ာ။
အဖန်ဖန်အထပ်ထပ် ရွတ်ဆိုရခြင်းသည် အာဝုတ္တိအလက််ာမည်၏၊
[အာ ပုနပ္ပုနံ ဝုတ္တိ ကထနံ-အာဝုတ္တိ။]

ထိုအာဝုတ္တိအလက််ာသည်-

(က) အနက်အဓိပ္ပာယ်ကို အဖန်ဖန်ထပ်၍ ရွတ်ဆိုရသော အတ္ထာဝုတ္တိ,
(ခ) ပုဒ်ကို အဖန်ဖန်အထပ်ထပ် ရွတ်ဆိုရသော ပဒါဝုတ္တိ,

http://www.dhammadownload.com

၂၂၅။ မနော ဟရတိ သဗ္ဗေသံ , အာဒဒါတိ ဒိသာ ဒသ၊
ဂဏှာတိ နိမ္မလတ္တဉ္စ , ယသော ရာသိ ဓိနဿယံ။

၂၂၅။ ဓိနဿ–မြတ်စွာဘုရားသခင်၏၊ အယံယသောရာသိ–ဤကျော်စောခြင်းအစုသည်၊ သဗ္ဗေသံ–(ဗြဟ္မာနတ်လူ,) ခပ်သိမ်းသူတို့၏၊ မနော–စိတ်ကို၊ ဟရတိ–ဆောင်ယူနိုင်၏၊ ဒသဒိသာစ–အရပ်ဆယ်မျက်နှာတို့ကိုလည်း၊ အာဒဒါတိ–ယူနိုင်၏၊ နိမ္မလတ္တဉ္စ–အညစ်အကြေးကင်းခြင်းကိုလည်း၊ ဂဏှာတိ–ယူနိုင်၏။

(ဂ) အနက်–ပုဒ်နှစ်ပါးစုံကို အဖန်ဖန်အထပ်ထပ် ရွတ်ဆိုရသော ဥဘယတ္ထာဝုတ္တိ–ဟု သုံးပါးရှိ၏။

(က) ပြန်ပုံစံ။ ။၂၂၅။ အတူမပေါ်, မြတ်ရှင်တော်၏, ဤကျော်စောမှု, ဂုဏ်အစုသည်, လူ့ပြည်–နတ်ပြည်, ဗြဟ္မာ့ပြည်ဆုံး, သူအလုံး၏, နှလုံးစိတ်ဓာတ်, ဆောင်ထားတတ်၏၊ ရံပတ်ဒိသာ, ဆယ်မျက်နှာကို, ဖြန့်ကာငင်ယူ, ကိလေမြူဖျင်း, လွတ်မြောက်ကင်း၍, သန့်ရှင်းခြင်းကို သိမ်းပိုက်သို၏။

ရှင်း ယူ၏–ဟူသော အနက်တစ်ခုကိုပင် "ဟရတိ, အာဒဒါတိ, ဂဏှာတိ"ဟု ပရိယာယ်သဒ္ဒါ အမျိုးမျိုးဖြင့် ထပ်ကာထပ်ကာ ဆိုထားသောကြောင့် ဤအလင်္ကာသည် အတ္ထာဝုတ္တိအလင်္ကာမည်၏။ [အနက်သာထပ်–သဒ္ဒါမထပ်၊ ပါဠိအတွက်။]

မြန်မာကဗျာပုံစံခွဲလည်း ယူ၏–ဟူသော အနက်တစ်ခုတည်းကိုပင် "ဆောင်ထား, ငင်ယူ, သိမ်းပိုက်"ဟူသော ပရိယာယ်သဒ္ဒါ အမျိုးမျိုးဖြင့် ထပ်၍ဆိုထား၏၊ ထို့ကြောင့် "အတ္ထာဝုတ္တိအလင်္ကာ"မည်၏။

မြန်ပုံစံ။ ။လှမြတ်စံထွား, ခုနစ်ပါးတွင်, ရှေ့ဘွားအကြီး, ထွန်းညီးအင်ညီ, မင်းဟာရိကား, ထိပ်ဆီထားတင်, အိုး–ငဲ့လင်း!–ဟု, ဆောလျင်နှုတ်လွတ်, ဆိုမိခွါတ်၏့၊ လျှံပတ်ရောင်မြူး, မင်းငါးဦးလည်း, ထူးထူးပြားပြား, စကားထဲးနက်, လျှို့ဝှက်သင့်ရာ, မဆိုရာလျက်, ကြီးစွာစိတ်ထား, ရာဂအားဖြင့်, လန့်ကြားထိတ်လ, ဆိုယောင်ကြ၏့၊ သို့မှသတိ, ရသည်ရှိသော်, သိရိဝင်းဝါ, မင်းသူဇာကို, ရှက်ရွာလှ၍့, ယဉ်မြေ့မျက်နှာ, မသာညှိုးငယ်, သနားဘွယ်သည်. . . . ပန်းနှယ်ညှိုးညစ်ညူး၏့တည်း။ (သူဇော–၂၁၁။)

ဤ၌လည်း အဆိုခွါတ်၏–ဟူသော အနက်တစ်ခုတည်းကို "ဆိုမိခွါတ်၏, ဆိုယောင်ကြ၏"ဟု ပရိယာယ်သဒ္ဒါဖြင့် ထပ်ဆိုထားသောကြောင့် "အတ္ထာဝုတ္တိအလင်္ကာ" ရောက်သည်။

http://www.dhammadownload.com

၂၂၆။ ဝိဘာသေန္တိ ဒိသာ သဗ္ဘာ , မုနိနော ဒေဟကန္တိ ယော၊
ဝိဘာ သေန္တိ စ သဗ္ဘာပိ , စန္ဒာဒိနံ ဟတာ ဝိယ။

၂၂၆။ မုနိနော-မြတ်စွာဘုရားသခင်၏၊ ဒေဟကန္တိ ယော-ကိုယ်တော်မှထွက်သော ရောင်ခြည်တော်တို့သည်၊ သဗ္ဘာဒိသာ-အရပ်ဆယ်မျက်နှာလုံးတို့ကို၊ ဝိဘာသေန္တိ-အထူးအားဖြင့် ထွန်းတောက်ပစေကုန်၏၊ (တသ္မာ-ထို့ကြောင့်၊) စန္ဒာဒိနံ-လအစရှိသည်တို့၏၊ သဗ္ဘာပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ ဝိဘာ-အရောင်တို့သည်၊ ဝါ-တို့ကို၊ ဟတာဝိယ-ဖျက်ဆီးအပ်ကုန်သကဲ့သို့၊ သေန္တိ စ-ဖြစ်လည်းဖြစ်ကုန်၏။

၂၂၇။ ဇိတ္တာ ဝိဟရတိ ကွေသ-ရိပုံ လောကေ ဇိနော အယံ၊
ဝိဟရတျာရိဝဂ္ဂါယံ , ရာသိဘူတောဝ ဒုဇ္ဇနေ။

(ခ) ပြန်ပုံစံ။　။၂၂၆။ ဘုရားလူ့ဘ, မုနိန္ဒ၏, ကိုယ်မှကွန့်လည်, ခြောက်ရောင်ခြည်လျှင်, ပတ်လည်ဆယ်ဖြာ, ရပ်မျက်နှာကို, ဝင်းဝါထိန်ဝေ, တောက်ပြောင်စေ၏၊ လနေ-စသား, အရောင်များကို, ပယ်ရှားကုန်အောင်, တက်တက်ပြောင်စေ, ပြုနေအဟန်, ဖြစ်တုံပြန်သည်.... လွန့်လွန်အံ့ဖွယ်ကောင်းလှ၏။

ရှင်း　အနက်မတူသော ဝိဘာသေန္တိ-ဟူသော ပုဒ်နှစ်ခုကိုသာ ထပ်ဆိုသောကြောင့် ပဒါဝုတ္တိအလက််ာ မည်၏၊ ပါဠိအတွက်။ [သဒ္ဒါထပ်-အနက်မထပ်။]

မြန်မာပြန်ပုံစံ၌လည်း အနက်မတူသော "ပြောင်စေ"ဟူသော သဒ္ဒါနှစ်ခုကို ထပ်ဆိုထား၏၊ ထို့ကြောင့် ပဒါဝုတ္တိ မည်လေသည်။

(ဂ) ပြန်ပုံစံ။　။၂၂၇။ သူသတ်သမား, မာရ်ငါးပါးကို, ထွားထွားညက်ညက်, ဥာဏ်လက်နက်ဖြင့်, ဖြိုဖျက်နင်းချေ, သုံးလူ့ဆွေသည်, ကိလေရန်သူ, အောင်တော်မူ၍, နတ်လူလယ်မှာ, တည်နေပါ၏၊ *ဆယ်ဖြာရန်သူ, ပူပန်မှုကား, ပေါင်းစုဝန်းရံ, သူယုတ်ထံမှာ, မြဲမြံမကွာ, တည်နေပါ၏။

ရှင်း　နေထိုင်ခြင်းအနက်ကိုချည်း ဟောသော ဝိဟရတိ-ဟူသောပုဒ်ကို နှစ်ခါထပ်၍ဆိုထားသောကြောင့် ဥဘယာဝုတ္တိအလက််ာ-မည်၏၊ [အနက်လည်းထပ် သဒ္ဒါလည်းထပ်။]

မြန်မာပြန်ပုံစံ၌လည်း နေခြင်းအနက်ကိုချည်း ဟောသော"တည်နေပါ၏"ဟူသော ပုဒ်ကို နှစ်ခါထပ်၍ဆိုထား၏၊ ထိုသို့ အနက်,သဒ္ဒါ နှစ်ပါးစုံကို ထပ်၍ဆိုထားသောကြောင့် ဥဘယာဝုတ္တိအလက််ာ-မည်၏။

---

* ဆယ်ဖြာရန်သူ, ပူပန်မှုကား= ကိလေသာရန်သူဆယ်ပါးကား။

http://www.dhammadownload.com

၂၂၇။ အယံ ဇိနော–ဤမြတ်စွာဘုရားသခင်သည်၊ ကွေသရိပုံ–ကိလေသာတည်းဟူသော ရန်သူအပေါင်းကို၊ ဇိတွာ–အောင်တော်မူပြီး၍၊ လောကေ–လောက၌၊ ဝိဟရတိ–နေတော်မူ၏၊ အယံ အရိဝဂ္ဂေါ–ဤကိလေသာရန်သူအပေါင်းသည်၊ ဒုဇ္ဇနေ–သူယုတ်မာ၌၊ ရာသိဘူတောဝ–အပေါင်းအစုဖြစ်၍သာလျှင်၊ ဝိဟရတိ–တည်နေ၏။

၅။ ဒီပက–အလင်္ကာ (၉)

၂၂၈။ ဧကတ္ထဝတ္တမာနမ္ပိ , သဗ္ဗဝါကျောပကာရကံ၊
ဒီပကံ နာမ တဉ္စာဒိ–မဇ္ဈန္တဝိသယံ တိဓာ။

မြန်ပုံစံ။ ။တည့်တည့်ဘေးရန်, ရောက်မည်မှန်မူ, မန္တန်ဆေးဝါး, မန္တရားဖြင့်, သမားရုံးစု, နှုတ်ပိတ်ပြု၍, လွတ်မှုထင်လျှင်, လွတ်ကြောင်းရင်လော့၊ လွတ်ဆင်မရှိ, ခက်ပြန်ဘိမူ, ကဝိဇာနည်, ပညာသည်နှင့်, ကြံစည်မြော်ရှု, တိုင်ပင်ပြု၍, လွတ်မှုထင်လျှင်, လွတ်ကြောင်းရင်လော့၊ လွတ်ဆင်မရှိ, ခက်ပြန်ဘိမူ, ပြောင်းအိချိုသာ, ပီယဝါဖြင့်, ကြင်နာဘွယ်မှု, ချစ်ဖွယ်ပြု၍, လွတ်မှု ထင်လျှင်, လွတ်ကြောင်းရင်လော့၊ လွတ်ဆင်မရှိ, ခက်ပြန်ဘိမူ, ဖြန့်ချိငွေကြေး, တန်စိုးပေး၍, လွတ်ရေးထင်လျှင်, လွတ်ကြောင်းရင်လော့၊ လွတ်ဆင်မရှိ, ခက်ပြန်ဘိမူ, အမိအဘ, ဘိုးဘွားကသည်, မျိုးစဆွေလျဉ်, အစဉ်မပျက်, စပ်ယှက်သဖြင့်, သို့မှသင့်ဟု, လွတ်ခွင့်ထင်လျှင်, လွတ်ကြောင်းရင်လော့ . . . သည်တွင် ပိုင်းခြား–ဥပါယ်ငါး။ (သြ–၃၉။)

ရှင်း အနက်တူ "လွတ်ကြောင်းရင်လော့"ဟူသော သဒ္ဒါကို ထပ်ကာထပ်ကာ ဆိုထားသည်၊ ထို့ကြောင့် ဥဘယာဝုတ္တိအလင်္ကာရှိသော အဖွဲ့ဖြစ်သည်။

(၅) ဒီပက

၂၂၈။ ။ဇာတိ–ဂုဏ, ကြိယတို့, စ–လယ်–ဆုံးမှာ, တစ်နေရာတွင်, တည်ကာနေကြ, ဝါကျလုံးအား, ကျေးဇူးများ, မှတ်သားဒီပက။

တစ်နေရာတွင်တည်လျက် အလုံးစုံသောဝါကျကို ကျေးဇူးပြုတတ်သော အလင်္ကာသည် ဒီပကအလင်္ကာမည်၏။

[ဒီပေတီတိ–ဒီပေါ၊ ဒီပေါဝိယာတိ–ဒီပကံ၊ –ပဋိဘာဂတ္ထေ ကပစ္စယေန။]

ထိုဒီပကအလင်္ကာသည် "ကြိယာဒီပက, ဇာတိဒီပက, ဂုဏဒီပက"အားဖြင့် သုံးပါးပြား၏၊ ထိုသုံးပါးတို့တွင် တစ်ပါးတစ်ပါး၌ "အာဒိ, မဇ္ဈ, အန္တ"ဟု သုံးမျိုးစီ ပြားပြန်၏၊ ထို့ကြောင့်–

(က) ကြိယာအာဒိဒီပက= ကြိယာအစ၌တည်၍ အလုံးစုံသောဝါကျကို ကျေးဇူးပြုသည်။

http://www.dhammadownload.com

၂၂၈။ ဧကတ္တ-တစ်နေရာ၌၊ ဝတ္တမာနမ္မိ-ဖြစ်ပါသော်လည်း၊ သဗ္ဗဝါကျောပကာ ရကံ-အလုံးစုံသောဝါကျတို့အား ကျေးဇူးပြုတတ်သော ကြိယာ, ဇာတ်, ဂုဏ်သည်၊ ဒီပကံနာမ-ဒီပကအလင်္ကာမည်၏၊ တဉ္စ-ထိုဒီပကအလင်္ကာသည်လည်း၊ အာဒိမဇ္ဈန္တဝိသယံ-ဝါကျ၏အစ,အလယ်, အဆုံးလျှင် အရာရှိသည်ဖြစ်၍၊ (ပုန-တစ်ဖန်၊ ပစ္စေကံ-အသီးအသီး၊) တိဓာ-သုံးပါးစီပြားပြန်၏။ [၃xဃ=၉-ပါးရှိသည်ဟူလို။]

၂၂၉။ အကာသိ ဗုဒ္ဓေါ ဝေနေယျ-ဗန္ဓုနမမိတောဒယံ၊
သဗ္ဗပါပေဟိ စ သမံ-နေကတိတ္ထိယမဒ္ဒနံ။

၂၂၉။ ဗုဒ္ဓေါ-မြတ်စွာဘုရားသခင်သည်၊ ဝေနေယျဗန္ဓုနံ-ဆုံးမထိုက်သည်သာလျှင်ဖြစ်သော သတ္တဝါတို့၏၊ အမိတောဒယံ-မနှိုင်းယှဉ်အပ်သော ကြီးပွားတိုးတက်ခြင်းကို၊ အကာသိ-ပြုတော်မူလေပြီ၊ သဗ္ဗပါပေဟိ-အလုံးစုံသော အကုသိုလ်တို့နှင့်၊ သမံ-အတူတကွ၊ အနေကတိတ္ထိယမဒ္ဒနံ စ-များစွာသော တိတ္ထိတို့ကို နှိမ်နင်းခြင်းကိုလည်း၊ အကာသိ-ပြုတော်မူလေပြီ။

(ခ) ကြိယာမဇ္ဈဒီပက= ကြိယာအလယ်၌တည်၍ အလုံးစုံသောဝါကျကို ကျေးဇူးပြုသည်။

(ဂ) ကြိယာအန္တဒီပက= ကြိယာအဆုံး၌ တည်၍ အလုံးစုံသောဝါကျကို ကျေးဇူးပြုသည်။

(ဃ) ဇာတိအာဒိဒီပက= ဇာတ်အစ၌တည်၍ အလုံးစုံသောဝါကျကို ကျေးဇူးပြုသည်။

(င) ဇာတိမဇ္ဈဒီပက= ဇာတ်အလယ်၌တည်၍ အလုံးစုံသောဝါကျကို ကျေးဇူးပြုသည်။

(စ) ဇာတိအန္တဒီပက= ဇာတ်အဆုံး၌တည်၍ အလုံးစုံသောဝါကျကို ကျေးဇူးပြုသည်။

(ဆ) ဂုဏအာဒိဒီပက= ဂုဏ်အစ၌တည်၍ အလုံးစုံသောဝါကျကို ကျေးဇူးပြုသည်။

(ဇ) ဂုဏမဇ္ဈဒီပက= ဂုဏ်အလယ်၌တည်၍ အလုံးစုံသောဝါကျကို ကျေးဇူးပြုသည်။

(ဈ) ဂုဏအန္တဒီပက= ဂုဏ်အဆုံး၌တည်၍ အလုံးစုံသောဝါကျကို ကျေးဇူးပြုသည်။

ဤသို့လျှင် ဒီပကအလင်္ကာ ၉-မျိုး ပြား၏။

(က) ပြန်ပုံစံ။ ။၂၂၉။ ပြုပြီးထင်ရှား, ဘုရားမြတ်စွာ၊ ဝေနေယျာတွက်, တိုးတက်ချမ်းသာ။ လုံးစုံညစ်ကျူ, အကုညီစွာ၊ တိတ္ထိသင်း, နှိမ်နင်းခြင်းရာပါ။

ရှင်း အကာသိ-(ပြုပြီးထင်ရှား)ဟူသော ကြိယာသည် အစ၌တည်၍ အလုံးစုံသောဝါကျအား ကျေးဇူးပြုသောကြောင့် ကြိယာအာဒိဒီပက-မည်၏။

http://www.dhammadownload.com

၂၃၀။ ဒဿနံ မုနိနော သာဓု-ဇနာနံ ဇာယတေမတံ၊
တဒညေသန္တာ ဇန္တူနံ , ဝိသံ နိစ္စောပတာပနံ။

၂၃၀။ မုနိနော-မြတ်စွာဘုရားသခင်ကို၊ ဒဿနံ-ဖူးမြင်ရခြင်းသည်၊ သာဓု ဇနာနံ-သူတော်ကောင်းဖြစ်သူ များပိုလ်လူတို့အား၊ အမတံ-အမြိုက်နိဗ္ဗာန်သည်၊ ဇာယတေ-ဖြစ်၏၊ တဒညေသံ-ထိုသူတော်ကောင်းတို့မှတစ်ပါးကုန်သော၊ ဇန္တူနံတု-သတ္တဝါတို့အားကား၊ နိစ္စောပတာပနံ-အမြဲမပြတ်, ပူလောင်စေတတ်သော၊ ဝိသံ-အဆိပ်သည်၊ ဇာယတေ-ဖြစ်၏။

၂၃၁။ အစ္ဆန္တ ကန္တ လာဝဏ္ဏ-စန္ဒာတပမနောဟရော၊
ဇိနာနနိန္ဒု ကန္တု စ , ကဿ နာနန္ဒကော ဘဝေ။

၂၃၁။ အစ္ဆန္တ ကန္တ လာဝဏ္ဏစန္ဒာတပမနောဟရော-အလွန်တင့်တယ်ကောင်းမြတ်, ချစ်ခင်အပ်သည်၏အဖြစ်တည်းဟူသော လရောင်ဖြင့် စိတ်နလုံးကို ဆွဲဆောင်နိုင်သော၊ ဇိနာနနိန္ဒု-မြတ်စွာဘုရားသခင်၏ မျက်နှာတော်တည်းဟူသော လမင်းသည်လည်းကောင်း၊ ကန္တုစ-ပကတိသောလမင်းသည်လည်းကောင်း၊ ကဿ-အဘယ်သူကို၊ အာနန္ဒကော-နှစ်သက်စေသည်၊ န ဘဝေ-မဖြစ်ဘဲ ရှိပါအံ့နည်း၊ (ဘဝတိဧဝ-ဧကန်ပင်ဖြစ်တော့သည်သာ။)

(ခ) ပြန်ပုံစံ။ ။၂၃၀။ မုနိထွတ်ထား, မြတ်ဘုရားကို, မျက်ဝါးထင်ထင်, ကြုံကြိုက်မြင်က, သဒ္ဓနမှာ, ဖြစ်ရဧကန်, မြိုက်နိဗ္ဗာန်တည့်၊ ကြွင်းကျန်သည့်လူ, ဆိုးသွမ်းသူမှာ, မြဲပူစရာ-အဆိပ်သာ။

ရှင်း ဇာယတေ-(ဖြစ်ရဧကန်)ဟူသော ကြိယာသည် အလယ်၌တည်၍ အလုံးစုံသော ဝါကျအား ကျေးဇူးပြုသောကြောင့် ကြိယာမဇ္ဈဒီပကမည်၏။

မြန်ပုံစံ။ ။ပုလဲးမြကုံး, ရွှေဆံထုံးသို့, ဦးလုံးထိပ်ပြင် . . . . (ကိုးခန်း-၁၈၆။)

ရှင်း [ဦးလုံး= ဦးဆံလုံး= ဆံထုံး၊] ဥပမာဧာတကဖြစ်သော "သို့" ကြိယာကို အလယ်၌သာပြ၍ စပ်သည်၊ "ပုလဲကုံးသို့, မြကုံးသို့, ရွှေဆံထုံး-တည်းဟူသော ဦးလုံးသို့" ဟု ပုဒ်တိုင်းနှင့်စပ်၍ယူရသောကြောင့် ကြိယာမဇ္ဈဒီပကမည်၏။

(ဂ) ပြန်ပုံစံ။ ။၂၃၁။ လွန်စွာတင့်တယ်, နှစ်သက်ဖွယ်တည့်၊ လွင့်ဖယ်အမှောင်, သော်တာရောင်ဖြင့်, များမြောင်နတ်လူ, စိတ်ကိုယူသည့်, သုံးလူဆရာ, စောမြတ်စွာ၏, မျက်နှာပြောင်ဝင်း, ရွှေလမင်းနှင့်, ထွန်းလင်းကြည်မြ, မိုးပေါ်လသည်, လောကစုရုံး, လူအလုံးကို, ရွှင်ပြိုးနှစ်သက်စေသတည်း။ [မဏိဦးဗျည်းချ။]

ရှင်း ပါဠိ၌ ဘဝေ-ဟူသော ကြိယာသည် အဆုံး၌တည်၍ အလုံးစုံသောဝါကျကို ကျေးဇူးပြုသောကြောင့် ကြိယာအန္တ ဒီပကမည်၏။

http://www.dhammadownload.com

၂၃၂။ ဟောတာဝိပ္ပဋိသာရာယ , သီလံ ပါမောဇ္ဇဟေတု သော၊
တံ ပီတိဟေတု သာ စာယံ , ပဿဒ္ဓာဒိပသိဒ္ဓိယာ။

၂၃၂။ သီလံ-သီလသည်၊ အဝိပ္ပဋိသာရာယ-နှလုံးသာယာခြင်းငှာ၊ ဟောတိ-ဖြစ်၏၊ သော-ထိုနှလုံးသာယာခြင်းသည်၊ ပါမောဇ္ဇဟေတု-နုသောပီတိ၏ အကြောင်းသည်၊ ဟောတိ-ဖြစ်၏၊ တံ-ထိုနုသောပီတိသည်၊ ပီတိဟေတု-အားကြီးသောပီတိ၏အကြောင်းသည်၊ ဟောတိ-ဖြစ်၏၊ သာစာယံ-ထိုအားကောင်းသောပီတိသည်လည်း၊ ပဿဒ္ဓာဒိပသိဒ္ဓိယာ-ပဿဒ္ဓိစသည်တို့၏ ပြီးစီးခြင်း၏၊ (ဟေတု-အကြောင်းသည်၊) ဟောတိ-ဖြစ်၏။

ပုံစံရှင်းပြချက်

၂၃၃။ ဣစ္စာဒိဒီပကတ္တေပိ , ပုဗ္ဗံပုဗ္ဗမပေက္ခိနီ၊
ဝါကျမာလာ ပဝတ္တာတိ , တံ မာလာဒီပကံ မတံ။

မြန်မာပြန်ပုံစံ၌လည်း "ရွှင်ပြုံးနှစ်သက်စေသတည်း" ဟူသော ကြိယာသည် အဆုံး၌ တည်လျက် အလုံးစုံသော ဝါကျအား ကျေးဇူးပြု၏၊ ထို့ကြောင့် ကြိယာအန္တဒီပက မည်၏။

အချုပ်အားဖြင့် တစ်ဝါကျ၌သာ ဆိုက်စပ်ရသော ကြိယာကိုဖြစ်စေ, နောက်နောက်ဝါကျတို့သို့လည်း လိုက်၍ဆိုက်စပ်ရသော ကြိယာကိုဖြစ်စေ ဝါကျ၏ အစဆုံး၌ထားက ကြိယာအာဒိဒီပကမည်၏၊ အလယ်စာသား၌ထားက ကြိယာမဇ္ဈဒီပက မည်၏၊ နောက်ပိတ်ဆုံးမှာထားက ကြိယာအန္တဒီပကမည်၏-ဟု ခွဲရာ၏၊ ဇာတိဒီပက, ဂုဏဒီပကတို့ကိုလည်း နည်းမှီ၍သိလေ။

မာလာဒီပက ပြန်ပုံစံ ၂၃၂။ ဖြစ်၏သီလ, စိတ်ရွှင်ပျဘို့, ရွှင်ပျခြင်းကား, ပီတိအားသေး, ဖြစ်ရေး အကြောင်း, ပီတိ နှောင်းကား, အားကောင်း ပီတိ, ဖြစ်မည့်ကြောင်းပင်, အားအင်ကောင်းလတ်, ပီတိဓာတ်သည် . . . . ပဿဒ္ဓာဒိတို့ ပြီးရန်ဘို့။ [မဏိဆံကျင်ချ။]

ရှင်း ၂၃၃။ ဆိုခဲ့ပြီးသောသဘောရှိသော ဒီပကသည် ကြိယာအာဒိဒီပက ဖြစ်သင့်ပါသော်လည်း ရှေးရှေးဝါကျကို ငဲ့နေသော နောက်နောက်ဝါကျအစဉ် ရှိသောကြောင့် မာလာဒီပကပင်ဖြစ်၏၊ (အဝိဇ္ဇာပစ္စယာ သင်္ခါရာ-စသည်လည်း မာလာဒီပကမျိုးပင် ဖြစ်သည်။)

ပြဆိုခဲ့ပြီးသော ဒီပကကိုးမျိုးလုံးတို့၌ မာလာဒီပကကို ရနိုင်သောကြောင့် ဒီပက အလင်္ကာ ၁၈-မျိုးရှိ၏-ဟု မှတ်သင့်၏။

http://www.dhammadownload.com

၂၃၃။ ကွတိ–ဤသို့သဘောရှိသော ဒီပကသည်၊ ဝါ–၏၊ အာဒိဒီပကတွေ့–ကြိယာအာဒိဒီပက၏အဖြစ်သည်၊ သတိပိ–ဖြစ်ပါသော်လည်း၊ ပုဗ္ဗံပုဗ္ဗံ–ရှေးရှေးဝါကျကို၊ အပေက္ခိနီ–ငဲ့လျက်၊ ဝါကျမာလာ–နောက်နောက်သောဝါကျ အစဉ်သည်၊ ပဝတ္တာ–ဖြစ်၏၊ ကွတိ–ထို့ကြောင့်၊ တံ–ထိုဒီပကကို၊ မာလာဒီပကံ–မာလာဒီပကဟူ၍၊ မတံ–သိအပ်၏။

၂၃၄။ အနေနေဝပွကာရေန , သေသာနမပိ ဒီပကေ၊
ဝိကပ္ပာနံ ဝိမာတဗ္ဗာ–နုဂတိ သုဒ္ဓဗုဒ္ဓိဘိ။

၂၃၄။ အနေနေဝပွကာရေန–ဤဆိုခဲ့ပြီးသော အပြားအားဖြင့်သာလျှင်၊ ဒီပကေ–ဒီပကအလင်္ကာ၌၊ သေသာနံ–ဆိုခဲ့ပြီးသည်မှ ကြွင်းကုန်သော၊ ဝိကပ္ပာနံအပိ–အပြားတို့ကိုလည်း၊ အနုဂတိ–ထိုးထိုးထွင်းထွင်း, သိမြင်ခြင်းကို၊ သုဒ္ဓဗုဒ္ဓိဘိ–လွန်သန့်စင်ဘိ, ပညာရှိတို့သည်၊ ဝိမာတဗ္ဗာ–စီရင်အပ်၏။

၆။ အက္ခေပ–အလင်္ကာ

၂၃၅။ ဝိသေသဝစနိစ္ဆာယံ , နိသေဓဝစနံ တု ယံ၊
အက္ခေပေါ နာမ သောယ၌ , တိဓာ ကာလပဘေဒတော။

ရည်ညွှန်းချက် ၂၃၄။ ဆိုခဲ့ပြီးသောနည်းဖြင့်ပင် ဒီပကအလင်္ကာ၌ ကြွင်းကျန်သော ဒီပကမျိုးတို့ကို ဥဒါဟရဏ်ဆောင်၍ ပညာရှိများ ထိုးထွင်းသိမြင်နိုင်လောက်ပေပြီ၊ ထို့ကြောင့် ဤကျမ်း၌ မပြတော့ပေ၊ ဤဒီပကအလင်္ကာသည် သိလွယ်၏၊ ထို့ကြောင့် ငါတို့လည်း မြန်မာပုံစံ ပြည့်စုံအောင် ထုတ်ဆောင်၍မပြတော့ပေ၊ (ကွတိပိ သော ဘဂဝါ–စသည်ကို ဂုဏဒီပကထဲ၌ သွင်းသင့်သည်–ဟု ဆရာများ ဆိုကြ၏၊ ကွတိပိကို ငဲ့၍ အမည်ပေးက နာမဒီပကလည်း ဖြစ်သင့်ပါ၏။)

(၆) အက္ခေပ

၂၃၅။ ။တစ်ခုခုကို, ထူးဆိုလိုငြား, ပယ်မြစ်တားက, အက္ခေပ, ကာလဘေဒါ, သုံးမျိုးဖြာ။

တစ်စုံတစ်ခုသောအထူးကို ဆိုလို၍ တားမြစ်ပြဆိုသော စကားသည် အက္ခေပအလင်္ကာမည်၏။ [အက္ခိပနံ ပဋိက္ခိပနံ–အက္ခေပေါ။]

ထိုအက္ခေပအလင်္ကာသည်–

(က) အတိတက္ခေပ= အတိတ်ကိုတားမြစ်ခြင်း,
(ခ) ဝတ္တမာနက္ခေပ= ပစ္စုပ္ပန်ကိုတားမြစ်ခြင်း,
(ဂ) အနာဂတက္ခေပ= အနာဂတ်ကိုတားမြစ်ခြင်း–

ဤသို့လျှင် ကာလဘေဒအားဖြင့် သုံးပါးပြား၏။

http://www.dhammadownload.com

၂၃၅။ ဝိသေသဝစနိစ္ဆာယံတု-တစ်စုံတစ်ခုသော အနက်ထူးကို ဆိုလိုလတ်သော် သာလျှင်၊ ယံ နိသေဓဝစနံ-အကြောင်တားမြစ်ကြောင်းစကားသည်၊ အတ္ထိ-ရှိ၏၊ သော-ထိုတားမြစ်ကြောင်းစကားသည်၊ အက္ခေပေါနာမ-အက္ခေပအလင်္ကာမည်၏၊ အယဉ္စ-ဤအက္ခေပအလင်္ကာသည်လည်း၊ ကာလပဘေဒတော-ကာလအပြားအားဖြင့်၊ တိဓာ-(အတီတက္ခေပ, ဝတ္တမာနက္ခေပ, အနာဂတက္ခေပဟု) သုံးပါးပြား၏။

၂၃၆။ ဧကာကီနေကသေနံ တံ , မာရံ သ ဝိဇယီ ဇိနော၊
ကထံ တမထဝါ တဿ , ပါရမီဗလမီဒိသံ။
[အတီတက္ခေပေါ။]

၂၃၆။ သ-သော ဇိနော-ထိုမြတ်စွာဘုရားသခင်သည်၊ ဧကာကီ-အဖော်မပါ, တစ်ပါးတည်း ဖြစ်ပါလျက်၊ အနေကသေနံ-များသောစစ်သည်ရှိသော၊ တံမာရံ-ထိုမာရ်နတ်ကို၊ ဝိဇယီ-အောင်တော်မူလေပြီ၊ တံ-ထိုသို့အောင်ခြင်းသည်၊ ကထံ-အဘယ်မှာသင့်နိုင်ပါမည်နည်း၊ အထဝါ-အဘယ်မှာ မသင့်လျော်ဘဲ ရှိပါမည်နည်း၊ တဿ-ထိုမြတ်စွာဘုရားသခင်၏၊ ပါရမီဗလံ-ပါရမီတော်တည်းဟူသော စစ်တပ်သည်၊ ဤဒိသံ-ဤသို့ (မာရ်နတ်ကို အောင်နိုင်ခြင်း)သဘောရှိပေ၏၊ (အယံ-ဤသည်ကား၊) အတီတက္ခေပေါ-အတီတက္ခေပတည်း။

(က) ပြန်ပုံစံ။　။၂၃၆။ နတ်လူမျက်ဖျော်, မြတ်ရှင်တော်သည်, အဖော်မလှောက်, တစ်ယောက်တည်းသာ, ဖြစ်လေပါလည်း, ဗိုလ်ပါများပြား, မာရ်နတ်သားကို, ထွားထွားညက်ညက်, ဘုန်းလက်နက်ဖြင့်, ပယ်ဖျက်သုတ်သင်, ပြီးအောင်မြင်ဟု, လူရှင်နှုတ်ဖျား, ပြောစကားကား, လွဲမှားစရာ, မရှိပါတည်း၊ ဂုဏ်ဝါမဟေ, သုံးလူ့ဆွေ၏, သချေ်များစွာ, ကမ္ဘာဘာက, ဖြည့်လာပါရမီ, ဝါဟိနီသည် . . . . ဤသို့သဘောရှိသတည်း။

ရှင်း　မြတ်စွာဘုရားသခင်၏ ပါရမီအားစွမ်း-တည်းဟူသော အနက်ထူးကို ဆိုလိုသောကြောင့် (အထဝါ-လွဲမှားစရာ, မရှိပါတည်း-ဟု) တားမြစ်၏၊ ထိုသို့ တားမြစ်ခြင်းသည် အက္ခေပမည်၏၊ ထိုအက္ခေပသည်လည်း ရှေးအကြောင်းကို တားမြစ်သော အက္ခေပဖြစ်သောကြောင့် အတီတက္ခေပ မည်လေသည်။

မြန်ပုံစံ။　။ရင်သွေးသည်းချာ, သားနန်းလျာတို့, အခါရွယ်သစ်, ငယ်သနစ်က, ခုနှစ်တိုင်အောင်, အန်ထောင်တုပ, မွေးချစ်ဘနှင့်, အဆမလျော်, ငေါတော်ငက်တက်, မထွက်ဘူးပါ၊ သည်တစ်ခါတွင်, နူဇကာခေါဆို, ပုဏ္ဏားအိုလျှင်, ထောင်းလိုလည်းထောင်း, ရောင်းလိုရောင်းစေ, ငါမနေဟု, ရေမှပြေးတက်, ခြေတော်စက်၌, မှောက်လျက်ငိုလည်းငိုလတ်တည်း။
(၀၀-၁၃၄။) [စစ်လေ။]

http://www.dhammadownload.com

၂၃၇။ ကိ ံ စိတ္တေဇာသမုဋ္ဌါတံ , အပတ္တောသ္မီတိ ခိဒ္ဓသေ၊
ပဏ္ဍာမော နနု သောယေဝ , သကိမ္မိ သုဂတေ ကတော။
[ဝတ္တမာနကွေ့ပေါ။]

၂၃၇။ စိတ္တ–အို စိတ် ! ၊ (အဟံ–ငါကား၊) ဇောသမုဋ္ဌါတံ–တဏှာကို အကြွင်းမဲ့ ပယ်ခွာခြင်းသို့၊ အပတ္တော–မရောက်သေးသည်၊ အသ္မိ–ဖြစ်၏၊ ဣတိ–ဤသို့၊ (တွံ–သင်သည်၊) ကိ ံခိဒ္ဓသေ–အဘယ့်ကြောင့် ပင်ပန်းဘိသနည်း၊ သုဂတေ–မြတ်စွာဘုရားသခင်၌၊ သကိမ္မိ–တစ်ကြိမ်မျှသော်လည်း၊ ကတော–ပြုအပ်သော၊ ပဏ္ဍာမော–ရှိခိုးခြင်းသည်၊ သောယေဝနနု–ထိုတဏှာကို အကြွင်းမဲ့ ပယ်ခြင်းပင် မဟုတ်ပါလော၊ (အယံ–ဤကား၊) ဝတ္တမာနကွေ့ပေါ–တည်း။

(ခ) ပြန်ပုံစံ။ ။၂၃၇။ မြင်နိုင်ခဲစွ, သိမ်မွေ့လှ၍, ကာမဥဿုံ, ငါးအာရုံ၌, တလုံလဲလဲ, တပ်စွဲယိုဖိတ်, အချင်းစိတ် !–, အတိတ်မှစ, ယနေ့ကျအောင်, ဖွဲ့လှခါခါ, ထိုတဏှာကို, ဖျက်ခွာဖယ်ဖျောက်, မဖြစ်မြောက်ဟု, နောက်ကျမလန်း, ဘယ့်ကြောင့်ပန်းခဲ့၊ ဘုန်းတန်းကြီးမား, မြတ်ဘုရားကို, တည်ငါးပါးဆိုက်, ရှိခိုးခိုက်ရ, တစ်ကြိမ်မျှဖြင့်, တဏှာအညစ်, ဖျက်ခွာပစ်သည် . . . . စင်စစ် မဖြစ်ရာသလော။

ရှင်း ဘုရားကို ရှိခိုးခြင်းသည် တဏှာကို ပယ်ခွာခြင်းပင် မည်၏–ဟူသော အနက်ထူးကို ဆိုလိုလျှင် ဘာ့ကြောင့် ပင်ပန်းနေရသနည်း–ဟု ဖြစ်နေဆဲ (ပစ္စုပ္ပန်)ပင်ပန်းခြင်းကို တားမြစ်သောကြောင့် ဝတ္တမာနကွေ့ပမည်၏။

မြန်ပုံစံ။ ။သို့သည်အရာ, လွမ်းမိုးဝါကို, မဟာလောကဓာတ်, တိုက်မြတ်ဘန်ဆင်း, ပြည့်လင်းလျှံဖြာ, မိုးကြီးစွာတိ, သွန်းကာဖျော်ဖျော်, စွေချေသော်လည်း, ခဲးလျော်ကိစ္စ, မချမ်းမြဘူး၊ မရန္နန်းရာ, နုဝင်းဝါသည်, သူဇာမေဃ, သွန်းပါမှပင်, ချမ်းမြမည်ရှင်၊ မမြင်မျက်စိ, မည်းနောက်ကျိမ္မ, မသိထူးထွေ, လွမ်းမှောင်ဝေကို, လနေထောင်သောင်း, ပေါင်း၍ထွက်ပေါ်, ထွန်းပသော်လည်း, မူးမော်ပျောက်ကင်း, မိုက်မလင်းဘူး၊ တင်ကင်းပြစ်ဆာ, ရှင်းလွတ်ကွာသည်, သူဇာစန္ဒ, ထွန်းပါမှပင်, လင်းလှမည်ရှင်, ကြောခြင်ဖိမ့်မျှ, ဝမ်းကလိုက်ဆာ, လွမ်းရောဂါကို, မဟာဗြဟ္မ, ဒေဝထိပ်မူး, မန္တန်ကျူးနှင့်, ပုံ့ပျူးသာဖျော်, ရွှတ်မိန့်သော်လည်း, ထဲးပေါ်ရှင်းရှင်း,မလွတ်ကင်းဘူး၊ အဆင်းသိဂ်ါ, ဝင်းဝင်းဝါသည်, သူဇာမန္တ, မန်းပါမှပင်, ထဲးပရောဂါ, ငြိမ်းပါမည်ရှင်၊ ငါးအင်ကလျာ, ကောင်းညီစွာသည်, သူဇာမေဃ, စန္ဒမန္တန်, ရောင်ဝှန်ထွန်းပ, သွန်းချရွာဖျန်း, မှုတ်မန်းဖျော်ဖြည့်, ကယ်ပါလှည့်လော့။ (သူဇာ–၁၇၁။)

http://www.dhammadownload.com

၂၃၈။ သစ္စံ နု တေ ဂမိဿန္တိ , သိဝံ သုဇနဂေါစရံ၊
မိစ္ဆာဒိဋ္ဌိပရိကန္တ-မာနသာ ယေ သုဒုဇ္ဇနာ။
[အနာဂတက္ခေပေါ။]

(ဂ) ပြန်ပုံစံ။ ။၂၃၈။ သူတော်များစွာ, ကျက်စားရာဟု, ဘေးကွာရန်ပြတ်, နိဗ္ဗာန်ဓာတ်သို့, မချွတ်မှန်စွာ, လူများစွာသည်, ရောက်မှာမဟုတ်, ဘယ်သူယုတ်ဟု, ထုတ်ပြသေချာ, ဆိုရပါမူ, မိစ္ဆာဒိဋ္ဌိ, စွဲကပ်ငြိသည့်, စိတ်ရှိလွန်စွာ, သူယုတ်မာသည်....မှန်စွာဖြစ်လေသည်တမုံ့။

ရှင်း　မိစ္ဆာအယူရှိသူများ၏ အပြစ်-တည်းဟူသော အနက်ထူးကို ပြဆိုလိုရှိ၍ (နု ဂမိဿန္တိ-ရောက်မှာမဟုတ်၊) နိဗ္ဗာန်သို့ ရောက်နိုင်လိမ့်မည်မဟုတ်-ဟု အနာဂတ်ကြိယာကို တားမြစ်သောကြောင့် အနာဂတက္ခေပ မည်၏။

မြန်ပုံစံ။ ။ ရဟန်းရဟန်း, မည်ပြဋ္ဌာန်းလျက်, ရဟန်းဟူလစ်, ခေါ်ရာဖြစ်ရုံ, စနစ်ခေါက်ချိုး, ချုပ်ရိုးခန်းခန်း, ဖန်ရည်စွန်းသား, သင်္ကန်းဝါဝါ, ဦးပြည်းကာဖြင့်, ပညာကင်းပ, သီလမဲ့မျိုး, အတွင်းဆိုးကား, အကျိုးတစီ, ဘယ်မှာရှိလိမ့်, မော်မိမော်မန်း, နေကာဆန်းနှင့်, ရဟန်းကျင့်ဝတ်, တပါးချွတ်က, လူနတ်မကြိုက်, ကဲ့ရဲ့ထိုက်၏။ (မဃ-၄၂၅။)

အနာဒရက္ခေပ

ဇိဝိတာသာ ဗလဝတိ , ဓနာသာ ဒုဗ္ဗလာ မမ၊
ဂစ္ဆ ဝါ တိဋ္ဌ ဝါ ကန္တ , မမာဝတ္ထာ နိဝေဒိတာ။

ကန္တ-ချစ်လင် !၊ မမ-ကျွန်မ၏၊ ဇိဝိတာသာ-အသက်၌တွယ်တာခြင်းသည်၊ ဗလဝတိ-အားကြီးပါ၏၊ ဓနာသာ-ဥစ္စာ၌တွယ်တာခြင်းသည်၊ဒုဗ္ဗလာ-အားနည်းပါ၏၊ တုံ-သင်ချစ်လင်သည်၊ ဂစ္ဆဝါ-သွားလိုမူလည်းသွားပါလော့၊ တိဋ္ဌဝါ-တည်လိုမူလည်းတည်ပါလော့၊ မမာဝတ္ထာ-ကျွန်မသဘောကို၊ နိဝေဒိတာ-သိစေအပ်ပါပြီ။

ပြန်ပုံစံ။ ။ ဆီးဖြူဖန်းခါး, ဖြစ်တုံငြားက, မျိုထားမည်ပင်, မယ့်ချစ်လင် !-, မယ့်တွင်အသက်, တွယ်ထားချက်သာ, အားကြီးပါ၏၊ ဥစ္စာတွယ်ရေး, လွန်အားသေးခဲ့၊ သွားရေးခုံမင်, သင်ချစ်လင်သည်, သွားချင်ကားသွား, နေချင်ကားနေ, မာယေမနှော, မယ့်သဘောကို....ထုတ်ပြောသိစေခဲ့ပါပြီ။

ရှင်း　"ကျွန်မသဘောကို ထုတ်ပြောသိစေခဲ့ပါပြီ"ဟူသော အနက်ထူးကို ဆိုလိုရှိ၍ မိမိလင်ကို သွားချင်ကားသွား, မသွားချင်နေ-ဟု မရိုမသေ မထီလေးစား တားမြစ်သောကြောင့် အနာဒရက္ခေပမည်၏။

ထိုသို့ပင် အနာဒရက္ခေပဆိုရစေကာမူ သွားဆဲကိုဖြစ်စေ, လာလတ္တံ့ကိုဖြစ်စေ တားမြစ်ခြင်းမျိုးသာ ဖြစ်သောကြောင့် ဝတ္တမာနက္ခေပ, အနာဂတက္ခေပ တစ်ခုခုသာ

http://www.dhammadownload.com

၂၃၈။ သုဇနဂေါစရံ-သူတော်ကောင်းတို့၏ အာရုံ(ကျက်စားရာ)ဖြစ်သော၊ သိဝံ-နိဗ္ဗာန်သို့၊ တေ-ထိုသူတို့သည်၊ သစ္စံ-အမှန်စင်စင်၊ နာ ဂမိဿန္တိ-ရောက်ကုန်လိမ့်မည်မဟုတ်၊ (ကေ-အဘယ်သူတို့နည်းဟူမူကား၊) ယေ-အကြင်သူတို့သည်၊ မိစ္ဆာဒိဋ္ဌိပရိကပ္ပိတာ-မိစ္ဆာအယူသည် နှိပ်စက်ဖျက်ဆီးအပ်သောစိတ် ရှိကြကုန်သည်ဖြစ်၍၊ သုဒုဇ္ဇနာ-အလွန်ယုတ်မာကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ (တေယေဝ-ထိုသူတို့ပင်လျှင်တည်း၊) အယံ-ဤသည်ကား၊ အနာဂတက္ခေပေါ-အနာဂတက္ခေပတည်း။

၇။ အတ္ထန္တရနျာသ-အလင်္ကာ

၂၃၉။ ဧယျော အတ္ထန္တရနျာသော , ယောညဝါကျတ္ထသာဓနော၊
သဗ္ဗဗျာပီ ဝိသေသဒ္ဓေါ , ဟိဝိသိဋ္ဌဿ ဘေဒတော။

ဖြစ်ချေသည်၊ သို့ဖြစ်၍ ဆိုခဲ့ပြီးသော သုံးပါးတို့၌ ပါဝင်ပြီးပင် ဖြစ်တော့၏၊ ထို့ကြောင့် သက္ကတ၌ ပြဆိုထားသော ထိုအနာဒရက္ခေပ(ဓမ္မက္ခေပ)စသည်တို့ကို ဤကျမ်း၌ မပြတော့ချေ။

ထို့ပြင် ကာလသာမန် အက္ခေပမျိုးလည်း ရှိသင့်သေး၏၊ ပုံစံမျှ ပြဦးအံ့၊-

ကာလသာမည အက္ခေပ တခန်းထိုမှ, ပြည်မတန်ဆာ, လင်ကွာမိန်းမ, မုဆိုးမနှင့်, ဟိုင်းမပျိုကြီး, တသီး သွင်ယုတ်, ပဏ္ဍုက်-ဘိကျွန်, တလီ ထိုနောက်, သေသောက်အိမ်ခေါ်, အပ်မလျော်သား, ဆဂေါစရ, ခြောက်ဌာနနှိုက်, သီလချစ်ခင်, သူတော်စင်တို့, ကျွမ်းဝင်ဘယ်ခါ, မပြုရာတည့်၊ ပြုပါတပြီး, ခရီးကုန်းကြောင်း, ဖုံထောင်းထောင်းနှိုက်, မိကျောင်း ကြည်းတင်, ဖြစ်တတ်ကျင်၏။ (မဃ-၄၂၅)

အက္ခေပ ဥာဏ်ရွှင်ဆေး (က) ဗိုလ်ချုပ်အောင်ဆန်းတို့ လက်နက်မကိုင်ဘဲ လွတ်လပ်ရေးရအောင် ယူပေးခဲ့သည်-ဟူသော စကားကို မယုံမရှိရာ၊ လူထုစည်းလုံးညီညွတ်ခြင်း၏ အားသည် အလွန်ကြီးမား၏၊ ထိုထက် ကြီးမားသော အားမရှိ။

(ခ) သင်သည် အပြော,အရေး ညံ့ဖျင်းသည်-ဟု ဘာ့ကြောင့် စိတ်ပူပန်နေရသနည်း၊ ဤအလင်္ကာကျမ်းကို လေ့လာပါတော့လား။

(ဂ) သူ ဘယ်ပညာတတ်နိုင်လိမ့်မည်နည်း၊ တယ်အပျော်အပါး လိုက်စားတာကိုး၊ ဤမျှလောက်ဖြင့်ပင် အက္ခေပအရာ၌ ဥာဏ်ပွင့်လင်းလောက်ပေပြီ။

(၇) အတ္ထန္တရနျာသ

၂၃၉။ ။တစ်ပါးဝါကျတ်, ပြီးစေတတ်က, အတ္ထန္တရ, နျာသတည့်၊ သဗ္ဗ-ဝိသေ, ဟိပွားစေ, ပြားလေလေးမျိုးသာ။

http://www.dhammadownload.com

၂၃၉။ ယော-အကြင်အလင်္ကာသည်၊ အညဝါကျတ္ထသာဓနော-တစ်ပါးသော ဝါကျနက်ကို ပြီးစေတတ်၏၊ (သော-ထိုအလင်္ကာကို၊) အတ္ထန္တ ရနျာသော-အတ္ထန္တ ရနျာသအလင်္ကာဟူ၍၊ ဥဒ္ဃော-သိအပ်၏၊ အသ-အတ္ထန္တ ရနျာသအလင်္ကာ၏၊ ဘေဒတော-အပြားတို့သည်၊ [ကွစိတောယောဂဝိဘာဂဖြင့် ပဌမတ္ထဉ် တောသက်၊] ဟိဝိသိဋ္ဌာ-(ဟိမပါ-ဟိပါ)ဟိသဒ္ဒါဖြင့်အထူးပြုအပ်ကုန်သော၊ သဗ္ဗဗျာပိစ-ဟိရဟိတ သဗ္ဗဗျာပိ အတ္ထန္တ ရနျာသ, ဟိသဟိတသဗ္ဗဗျာပိအတ္ထန္တ ရနျာသလည်းကောင်း၊ ဝိသေသဒ္ဒော-ဟိရဟိတဝိသေသဋ္ဌအတ္ထန္တ ရနျာသ, ဟိသဟိတဝိသေသဋ္ဌအတ္ထန္တ ရနျာသလည်းကောင်း၊ (ကွတိ-ဤသို့၊ စတ္တာရော-လေးပါးတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏။)

ဆိုခဲ့ပြီးသော စကားတစ်ရပ်၏ အဓိပ္ပာယ်ကို ပြီးစေတတ်, ခိုင်မြဲစေတတ်သော အလင်္ကာသည် အတ္ထန္တ ရနျာသမည်၏၊ ၄င်းကို ဝါကျအရာဋ္ဌ ဒဋ္ဌိကရဏဝါကျ-ဟု ခေါ်၏၊ ခိုင်မြအောင်ပြုကြောင်းစကား-ဟု ဆိုလိုသည်၊ ထို့ကြောင့် ခိုင်မြစေအပ်သော ရှေ့စကားရပ်တစ်ခု, ခိုင်မြအောင်ပြုကြောင်းဖြစ်သော နောက်စကားရပ်တစ်ခု-ဟု စကားနှစ်ရပ် ပါရှိရမည်၊ ထိုစကားနှစ်ရပ်သည်လည်း အပေါင်းအဓိပ္ပာယ်(ပိဏ္ဍတ္ထ) ထပ်တူထပ်မျှပင်ဖြစ်ရမည်၊ ထို့ကြောင့် "ရှေ့စကားကို ခိုင်မြစေရန် ထိုစကားနှင့် အလားတူဖြစ်သော နောက်စကားကို ထပ်ဆိုခြင်းသည် အတ္ထန္တ ရနျာသမည်၏"ဟု အကျဉ်းမှတ်။

[အတ္ထောစ သော အန္တ ရောစာတိ-အတ္ထန္တ ရော၊ အတ္ထန္တ ရဿ နိအာသော (ဌပနံ ကထနံ)-အတ္ထန္တ ရနျာသော။]

ထိုအတ္ထန္တ ရနျာသအလင်္ကာသည်-

(က) ဟိရဟိတသဗ္ဗဗျာပိအတ္ထန္တ ရနျာသ= ဟိသဒ္ဒါမပါမူ၍ အလုံးစုံနှင့် ပျံ့နှံ့ဆက်ဆံသည့် အတ္ထန္တ ရနျာသ,

(ခ) ဟိသဟိတသဗ္ဗဗျာပိအတ္ထန္တ ရနျာသ= ဟိသဒ္ဒါ တိုက်ရိုက်ပါ၍ အလုံးစုံနှင့် ပျံ့နှံ့ဆက်ဆံသည့် အတ္ထန္တ ရနျာသ,

(ဂ) ဟိရဟိတဝိသေသဋ္ဌအတ္ထန္တ ရနျာသ= ဟိသဒ္ဒါမပါမူ၍ အများနှင့် မဆက်ဆံသော (တစ်စိတ်တစ်ဒေသဋ္ဌသာ တည်သော) အတ္ထန္တ ရနျာသ,

(ဃ) ဟိသဟိတဝိသေသဋ္ဌအတ္ထန္တ ရနျာသ= ဟိသဒ္ဒါတိုက်ရိုက်ပါ၍ အများနှင့် မဆက်ဆံသော အတ္ထန္တ ရနျာသ-ဟု လေးပါးပြား၏။

[သဗ္ဗံ ဗျာပေတိ သီလေနာတိ-သဗ္ဗဗျာပိ၊ ဝိသေသေ (ပဒေသေ) တိဋ္ဌတီတိ-ဝိသေသဋ္ဌော။]

http://www.dhammadownload.com

၂၄၀။ တေပိ လောကဟိတာ သတ္တာ, သူရိယော စန္ဒိမာ အပိ၊
အတ္ထံ ပဿ ဂမိဿန္တိ , နိယမော ကေန လဃ်္ဃတေ။

၂၄၀။ သူရိယောအပိ–နေမင်းသည်လည်းကောင်း၊ စန္ဒိမာအပိ–လမင်းသည်လည်းကောင်း၊ လောကဟိတာသတ္တာ–သတ္တဝါတို့၏ အကျိုးစီးပွားဌ လွန်စွာကပ်ငြိကြကုန်၏၊ တေပိ–(တန်ခိုးကြီးများ)ထိုလနေများတို့သော်မှလည်း၊ အတ္ထံ–ချုပ်ပျောက်ခြင်းသို့၊ ဂမိဿန္တိ–ရောက်ကုန်လတ္တံ့၊ ပဿ–ရှုစမ်းပါလော့၊ နိယမော–ဖြစ်ကျက်မြဲ, မလွဲမှန်လှ, သဘာဝကို၊ ကေန(သင်္ခါရ,သတ္တဝါ) အဘယ်အရာသည်၊ လဃ်္ဃတေ–ခုန်ကျော်လွန်မြောက်အပ်ပါမည်နည်း ?။

မြန်မာမှဋ္ဌ ဟိသဒ္ဒါ မရှိချေ၊ သို့ဖြစ်၍ ၄င်းနှင့် တန်းတူညီမျှသော (၄င်း၏အနက်ဖြစ်သော) မှန်၏, ဟုတ်၏, သင့်၏–စသော စကားကိုပင် ဟိ–အစား အသုံးပြုရသည်၊ သို့ဖြစ်စေကာမူ အမည်ကို မရှုပ်ထွေးစေလိုသောကြောင့် မြန်မာ၌လည်း ပါဠိအတိုင်းပင် ဟိရဟိတ–စသည်ဖြင့် အသုံးပြုသွားပေလိမ့်မည်။

ပတိဝတ္ထုပမာနှင့်အတ္ထန္တ ရနျာသ–အထူး

အတ္ထန္တ ရနျာသအလင်္ကာသာ ရှေ့ဝါကျကို ပြီးစေတတ်သော သဘောရှိသည်မဟုတ်သေး၊ ပတိဝတ္ထုပမာလည်း ရှေ့ဝါကျနက်ကို ပြီးစေတတ်သော သဘောရှိသည်ပင်၊ ထိုသို့ ပြီးစေပုံချင်း တူစေကာမူ ရှေ့ဝါကျကို ပြီးစေမှု,တူမှု နှစ်ခုကို ရှေ့ရှုပြဆိုက ပတိဝတ္ထုပမာမည်၏၊ ရှေ့ဝါကျစုကို ပြီးစေမှုသက်သက်ကိုသာ ရှေ့ရှုပြဆိုက အတ္ထန္တ ရနျာသအလင်္ကာမည်၏၊ ဤသို့ သဘောသွား ကွဲပြားခြားနားကြ၏။

ဆောင်။ ။ပြီးမှု–တူမှု, ထိုနှစ်ခုကို, ရှေ့ရှုပတိ, ဝတ္ထုညီကြ၊ ရှေ့ဝါကျစု, ပြီးစေမှုသာ, ရှေးရှုပါက, နျာသ, ထူးကြသဘောမှာ။

(က) ပြန်ပုံစံ။ ။၂၄၀=(က) လောကလူများ, ကျိုးစီးပွားကို, ဆောင်ထားတတ်ကြ, နေနှင့်လပင်, အတ္ထတောင်စွန်း, ကွယ်ကာယွန်း၍, မထွန်းရောင်ဝါ, ချုပ်ပျောက်ပါလိမ့်။

(ခ) သေချာစေ့ငု, ဉာဏ်ဖြင့်ရှုလော့၊ ပုပ္ပရွရွ, သင်္ခါရတို့, ဖြစ်ကျက်မြဲ, မလွဲမှန်လှ,သဘာဝကို, သတ္တသင်္ခါ, ဘယ်အရာသည် . . . . ခုန်ကာလွန်မြောက်နိုင်မည်နည်း။

ရှင်း နိယမော ကေန လဃ်္ဃတေ–(ပုပ္ပရွရွ–စသည်)ဖြင့် ရှေ့စကားရပ်၏အနက် အဓိပ္ပာယ်ကို ပြီးစေ၏၊ ခိုင်မြဲစေ၏၊ ထို့ကြောင့် အတ္ထန္တ ရနျာသမည်၏၊ ထိုအတ္ထန္တ ရနျာသစကားရပ်၌ ဟိမပါသောကြောင့် ဟိရဟိတလည်းမည်၏၊ ထိုဖြစ်က ပျက်မြဲသဘောသည် သတ္တဝါသင်္ခါရအကုန်လုံးနှင့် ပျံ့နှံ့ဆက်ဆံသောကြောင့် သဗ္ဗဗျာပီလည်း–မည်၏၊ ထိုသုံးရပ်ကို ပေါင်း၍ "ဟိရဟိတသဗ္ဗဗျာပီအတ္ထန္တ ရနျာသ"ဟု ခေါ်သည်။

http://www.dhammadownload.com

၂၄၁။ သတ္ထာ ဒေဝမနုဿာနံ , ဝသီ သောပိ မုနိဿရော၊
ဂတောဝ နိဗ္ဗုတိံ သဗ္ဗေ , သခ်ါရာ နု ဟိ သဿတာ။

၂၄၁။ ဒေဝမနုဿာနံ-နတ်လူတို့၏၊ သတ္ထာ-ဆရာဖြစ်တော်မူသော၊ ဝသီ-ငါးပါးသောဝသီဘော် ရှိတော်မူထသော၊ သောမုနိဿရောပိ-ထိုရှင်တော်မြတ်ဘုရားသော်မှလည်း၊ နိဗ္ဗုတိံ-ခန္ဓပရိနိဗ္ဗာန် ဝင်စံခြင်းသို့၊ ဂတောဝ-ရောက်တော်မူရသည်သာ၊ ဟိ-မှန်၏၊ သဗ္ဗေ-အလုံးစုံကုန်သော၊ သခ်ါရာ-သခ်ါရတရားတို့သည်၊ နု သဿတာ-အခါခပ်သိမ်း ထင်ရှားမရှိကြလေကုန်၊ ဝါ-မမြဲကုန်။

မြန်ပုံစံ။ ။(က) ခပဲထွေပြား, ဤလူများနှိုက်, စကားနည်းသူ, ထိုသည့်လူကို, မတူလူချင်း, နှုတ်ဟင်းလင်းနှင့်, ခံတွင်းမဟဲ့, လျှာမဲ့ငါးကောင်, အယောင်တုံ ချက်, မငက်ငက်ဟု, အပျက်စောင်းမဲ့, ဆိုကဲ့ရဲ့၏၊ ကျယ်ဘွဲ့စကား, များသူ့အားလည်း, ဘွားဘွားသွက်သွက်, အမြုပ်ထွက်အောင်, ထန်းရွက် လေခတ်, တတင့်တင့်ဟု, ရေရွတ်မဲ့ရွဲ့, ဆိုကဲ့ရဲ့၏၊ နှိုင်းရဲ့သောအား, စကား စမြည်, တိုရှည်သင့်ရုံ, ပြောပါတုံလျှင်း, နိတုံနိဂ္ဂ, ရွေပေးရသို့, မျှတအကယ်, ကုန်နိုး ဘွယ်ဟု, လူဝယ်နှုတ်ရွဲ့, ဆိုကဲ့ရဲ့၏။

(ခ) ပြစ်ဘွဲ့ဆိုတင်း, ကဲ့ရဲ့ခြင်းမှ, လွတ်ကင်းသသူ, မယိုဟူရှင့်၊-(မဃ-၄၂၄။)

(ခ) ပြန်ပုံစံ။ ။ ၂၄၁=(က) ဗြဟ္မာနတ်လူ, သုံးဘုံသူ၏, တစ်ဆူဆရာ, ဖြစ်လေပါ၍, ငါးဖြာဝသီ, ပြည့်စုံညီသား, မြတ်ဘုရားပင်, ငါးပါးခန္ဓာ, ချုပ်သုဉ်းပါလျက်, လွန်စွာအေးမြ, နိဗ္ဗာနသို့, ဝင်ရသည်သာ။

(ခ) မှန်လှပါ၏၊ သခ်ါခမ္မ, ရှိသမျှသည်....မြဲလှတစ် မရှိသော်ပ။

ရှင်း: သဗ္ဗေ သခ်ါရာ နု ဟိ သဿတာ-(မှန်လှပါ၏, သခ်ါခမ္မ, ရှိသမျှသည်, မြဲလှတစ် မရှိသော်)ဟူသော စကားရပ်ဖြင့် ရှေ့ဝါကျစကားရပ်ကို ပြီးစေ၏၊ ခိုင်မြဲစေ၏၊ ထို့ကြောင့် ထိုသဗ္ဗေသခ်ါရာ-(မှန်လှပါ၏, သခ်ါခမ္မ)စသော နောက်စကားရပ်(ဝါကျ)သည် အတ္ထန္တရနျာသမည်၏၊ ထိုသည်ပင် ဟိ-(မှန်၏) ပါရှိသောကြောင့် ဟိသဟိတလည်း မည်၏၊ မမြဲခြင်းသဘောသည် သခ်ါရအကုန်လုံး၌ ပျံ့နှံ့သောကြောင့် သဗ္ဗဗျာပီလည်း မည်၏၊ ထိုသုံးရပ်ကို ပေါင်းစပ်၍ "ဟိသဟိတ-သဗ္ဗဗျာပီ-အတ္ထန္တရနျာသ"ဟု ခေါ်သည်။

မြန်ပုံစံ။ ။(က) သုံးလူ့အထွတ်, ရှင်တော်မြတ်တို့, ဟောမှတ်အလို, ဤလူ့ကိုယ်၌, ကုသိုလ်အစုတ်, အားထုတ်အပ်စွ, ဝီရိယကို, ကြံရအောက်မေ့, ချိန်မရွေ့ဘဲ, ယနေ့အမြန်, ပြုသင့်တန်၏။

http://www.dhammadownload.com

၂၄၂။ ဇိနော သံသာရကန္တာရာ , ဇနံ ပါပေတိ နိဗ္ဗုတိံ၊
နနု ယုတ္တာ ဂတိ သာယံ , ဝေသာရဇ္ဇသမင်္ဂိနံ။

၂၄၂။ ဇိနော–မြတ်စွာဘုရားသခင်သည်၊ ဇနံ–သတ္တဝါအပေါင်းကို၊ သံသာရကန္တာရာ–သံသရာဝဲ, ခရီးခဲမှ၊ နိဗ္ဗုတိံ–ဘေးရန်ကင်းပြတ်, နိဗ္ဗာန်ရပ်သို့၊ ပါပေတိ–ရောက်စေတော်မူ၏၊ သာယံဂတိ–ထိုသို့ဖြစ်ခြင်းသဘောသည်၊ ဝေသာရဇ္ဇသမင်္ဂိနံ–လေးပါးသောဝေသာရဇ္ဇဉာဏ်နှင့်ပြည့်စုံသော ဘုရားရှင်တို့အား၊ ယုတ္တာနနု–သင့်လျော်သည်သာ မဟုတ်ပါလော။

(ခ) ဟုတ်မှန်လှပါ, သတ္တဝါတို့, သေခါသေချိန်, ပြက္ခဒိန်ဝေဖန်, နက်ဖန်သဘက်, သေမည့်ရက်ကို, ချိန်းချက်မယို, ဘယ်သူသိအံ့။–
(မဃ–၄၁၆–ကို အနည်းငယ်ပြင်ထားသည်။)

(ဂ) ပြန်ပုံစံ။ ။၂၄၂=(က) သုံးလူထွတ်ထား, မြတ်ဘုရားသည်, များပြားသတ္တာ, ဝေနေယျာကို, သံသရာယက်ဝဲ, ခရီးခဲမှ, ထုတ်ဆွဲဘေးကွာ, နိဗ္ဗာန်ရွာသို့, ကောင်းစွာမချို့, ရောက်အောင်ပို့၏။

(ခ) ဤသို့ဖြစ်မှု, သဘောစကား, စတုဝေသာ, ဉာဏ်မဟာနှင့်, ကောင်းစွာပြည့်လတ်, ရှင်တော်မြတ်အား····လျောက်ပတ်သည်သာ မဟုတ်လော။

ရှင်း နနုယုတ္တာ–(ဤသို့ဖြစ်မှု)စသော နောက်ဝါကျဖြင့် ရှေ့ဝါကျကို ခိုင်မြဲအောင်ပြဆိုသောကြောင့်, ထိုနောက်ဝါကျသည် အတ္ထန္တရချာသမည်၏၊ ထိုနောက်ဝါကျသည်ပင် ဟိ–(မှန်၏)မပါသောကြောင့် ဟိရဟိတလည်းမည်၏၊ ဝေသာရဇ္ဇဉာဏ်ရှင်–ဟူသော တစ်စိတ်တစ်ဒေသ၌သာတည်၍ အများနှင့် မဆက်ဆံသောကြောင့် ဝိသေသဋ္ဌလည်းမည်၏၊ ထိုသုံးရပ်ကို ပေါင်းစပ်၍ "ဟိရဟိတ–ဝိသေသဋ္ဌ–အတ္ထန္တရချာသ"ဟု ခေါ်သည်။

ဝေသာရဇ္ဇ [သာရ–ဒုဗ္ဗလေ–စု၊ သာရီယတေ–သာရဒေါ၊ ဝိဂတော သာရဒေါ ယဿာတိ–ဝိသာရဒေါ၊ ရဲရင့်သူ၊ ဝိသာရဒဿ ဘာဝေါ–ဝေသာရဇ္ဇံ။]
ရဲရင့်သူ၏ဖြစ်ကြောင်းဉာဏ်ကို ဝေသာရဇ္ဇ–ဟု ခေါ်သည်။

အန္တရာယေ စ နိယျာနေ , ဗုဒ္ဓတ္တေ အာသဝက္ခယေ၊
ဣမေသု စတူသု ဌာနေသု , ဗုဒ္ဓေါ ဟောတိ ဝိသာရဒေါ။

ဟူသည်နှင့်အညီ– ယင်းဝေသာရဇ္ဇဉာဏ်သည်–

၁။ အန္တရာယ်မည်သောတရား၌ ရဲရင့်ခြင်း,
၂။ ဝဋ်မှထွက်မြောက်ကြောင်းတရား၌ ရဲရင့်ခြင်း,
၃။ သစ္စာလေးပါးကို သိခြင်း၌ ရဲရင့်ခြင်း,
၄။ အာသဝေါတရားကုန်မှု၌ ရဲရင့်ခြင်း–ဟု လေးပါးပြား၏။

http://www.dhammadownload.com

၂၄၃။ သုရတ္တံ တေ ဓရဖုဋ္ဌံ , ဇိန ရဇ္ဇေတိ မာနသံ၊
သယံ ရာဂပရီတာ ဟိ , ပရေ ရဇ္ဇေန္တိ သင်္ဂတေ။

၂၄၃။ ဇိန-မြတ်စွာဘုရား ! ၊ တေ-ရှင်တော်မြတ်ဘုရား၏၊ သုရတ္တံ-ကောင်းစွာ နိမြန်းသော၊ အဓရဖုဋ္ဌံ-နှုတ်ခမ်းတော်အစုံသည်၊ မာနသံ-ဖူးမြော်ရသူတို့၏ စိတ်နှလုံးကို၊ ရဇ္ဇေတိ-နှစ်သက်နိမြန်းစေ၏၊ ဟိ-မှန်၏၊ သယံ-ကိုယ်တိုင်၊ ရာဂပရီတာ-တပ်စွဲခြင်းနှင့်ယှဉ်သော ဝတ္ထုတို့သည်၊ သင်္ဂတေ-မိမိနှင့်ပေါင်းဆုံကြကုန်သော၊ ပရေ-တစ်ပါးသောဝတ္ထုတို့ကို၊ ရဇ္ဇေန္တိ-တပ်စွဲစေကုန်၏။ [ရာဂဖြစ်သည့်အခါ နှလုံးသားနိမြန်းသည်-ဟု ယူ။]

မြန်ပုံစံ။　။ (က) ပဲထိုက်ဥစ္စာ, မရေရာကို, အခါလျှော်လျှား, လိုသောအားဖြင့်, ဖိုးများဥစ္စာ, မွန်မြတ်စွာကို, မိဆွာယွင်းသွေ, ပျက်စီးစေသို့, ဖိုးနေနည်းလှ, မိန်းမမျှကို, ရာဂဖြိုးဖြိုး, ချစ်မြတ်နိုး၍, ဖိုးအနှဲ့, မြတ်လှထင်ရှား, ကိုယ်တော့်အားကို, ခန့်ညားမဲ့ထွေ, မပျက်စေနှင့်။

(ခ) သက်ဝေမက, ချစ်မဝသည့်, တကာ့မြောက်သား, မိဖုရားသည်, ရွှေသားလိမ်းကျံ, အပေါ်မံသည်, ညှိနှုပ်သိုး, မစင်အိုးနှင့်, တူရိုးပမာ, မျှသည်သာတည့်၊ ရွှေတာကျောက်စီ, ထဘီတဘက်, ပြိုးပြိုးပြက်ကြောင့်, စုံမက်ဘွယ်ပေ, သရေပေါ်ယောင်, အလှဆောင်သည် . . . .နံဟောင်ကိုယ်ထဲး ပုပ်လောင်တည်း။ (သူဇာ-၁၇၈။) [နောက်ဝါကျဖြင့် မိန်းမ အဖိုးမတန်ကြောင်းကို ခိုင်မြဲစေသည်။]

(ဃ)ပြန်ပုံစံ။　။၂၄၃=(က) တင့်တယ်မျိုးစုံ, စုကာပုံ၍, ပြည့်စုံသဟာယ်, စောဘုန်းကြွယ် ! , ပြည့်ကြွယ်အမှတ်, ရှင်တော်မြတ်၏, မှည့်လတ်ကျီးအာ, သီးပမာသို့, လွန်စွာနိမြန်း, ရောင်တော်ထွန်းသား, ညီလွန်းထိဆုံ, နှုတ်ခမ်းစုံသည်, အာရုံထင်ထင်, ဖူးမြင်ရသူ, များဗိုလ်လူ၏, ကြည်ဖြူရွှင်ပြိုး, စိတ်နှလုံးကို, သိမ်းကြုံးကောင်းမွန်, တပ်စေပြန်ရှင့်။

(ခ) ဟုတ်မှန်လှဘိ, မိမိစွမ်းမှု, ရှိဝတ္ထုသည်, ရောရှမိမိ, ပေါင်းဆုံမိသား, ဝတ္ထုများကို, လျင်လျားမသွေ-တပ်စွန်းစေ၏။

ရှင်း　သယံ ရာဂပရီတာ ဟိ-(ဟုတ်မှန်လှဘိ, မိမိစွန်းမှု, ရှိဝတ္ထုသည်) စသော နောက်ဝါကျသည် ရှေ့ဝါကျကို ပြီးစေ, ခိုင်မြဲစေ၏၊ ထို့ကြောင့် အတ္ထန္တရဏ္ဍာသမည်၏၊ ထိုနောက်ဝါကျသည်ပင် ဟိ-(ဟုတ်မှန်လှဘိ)ပါရှိသောကြောင့် ဟိသဟိတလည်းမည်၏၊ တပ်စွန်းမှုရှိသောဝတ္ထုတို့၏ သီးခြားသဘောမျှသာဖြစ်၍ အများနှင့်မဆက်ဆံသောကြောင့် ဝိသေသဋ္ဌလည်းမည်၏၊ ထိုသုံးမျိုးကိုပေါင်း၍ "ဟိသဟိတ-ဝိသေသဋ္ဌ-အတ္ထန္တရဏ္ဍာသ"ဟု ခေါ်သည်။

http://www.dhammadownload.com

၈။ ဗျတိရေက-အလင်္ကာ (၄)

၂၄၄။ ဝါစ္စေ ဂမ္မေထ ဝတ္ထူနံ , သဒိသတ္တေ ပဘေဒနံ၊
ဗျတိရေကောယမပ္ပေကော-ဘယဘေဒါ စတုဗ္ဗိဓော။

၂၄၅။ ဝတ္ထူနံ-(ဥပမာန, ဥပမေယျဟူသော နှစ်ခုသော) ဒြပ်ဝတ္ထုတို့၏၊ သဒိသတ္တေ-တူညီသည်၏ အဖြစ်ကို၊ ဝါစ္စေ-သဒ္ဒါဖြင့် တိုက်ရိုက်ဆိုအပ်သော်လည်းကောင်း၊ အထ-ထိုမှတစ်ပါး၊ ဂမ္မေ-အနက်ဖြင့်ဆ၍သိအပ်သော်လည်းကောင်း၊ ပဘေဒနံ-(ဥပမာန,ဥပမေယျဝတ္ထုတို့၏) ထူးခြားပုံကို ပြခြင်းသည်၊ ဗျတိရေကော-ဗျတိရေကအလင်္ကာမည်၏၊ အယံပိ-ဤဗျတိရေကအလင်္ကာသည်လည်း၊ ဧကော ဘယဘေဒါ-ဧက,ဥဘယအားဖြင့် (နှစ်ပါးစီ)ပြားပြန်သောကြောင့်၊ စတုဗ္ဗိဓော-လေးပါးအပြားရှိ၏။

မြန်ပုံစံ။ ။ (က) ရာဂတပ်ပြွေ့, ကြိုက်သူတွေ့သော်, ရုက်လေ့မရှိ, ထိုဣတ္ထိတို့, တပ်မိမခွာ, မြော့ပမာသို့, တံငါမုဆိုး, အမျိုးမမွန်, ပန်းမိုက်သွန်က, ကျွန်ပင်တမင့်, ဖြစ်လင့်တပဲ်း, ဘနှင့်လဲး၏။

(ခ) မလွဲးမှန်လှ, ဧကန္တ ရှင့်၊ အဘနှင့်လင်, တူပင်မကွာ, သေကြရာနှိုက်, ဣန္ဒာနတ်ဆေး, တလုံးပေးလည်း, ကျေးဇူးထွတ်တင်, မွေးဘခင်ကို, မရှင်စေရာ, လင်ကိုသာလျှင်, ရှင်ပါစေမှု, လျင်စွာကုလိမ့်၊ ကျေးဇူးလက္ခဏာ, မင့်ရာဘူး။ (မဃ-၃၀၄။)

(က) ဗျတိရေက

၂၄၄။ ။ ဝတ္ထုနှစ်ပါး, အတူထားကာ, ဆိုတုံပါလျက်, ထူးခြားချက်ကို, မိန့်မြွက်ပြန်လေ, ဗျတိရေတည့်၊ ဝါစ္စေ-ဂမ္မာ, ထိုနှစ်ဖြာကို, ဧကော-ဥဘယ, ပွားတုံက, ပြားရလေးမျိုးသာ။

နှိုင်းယှဉ်ပြဆိုလိုသော ဝတ္ထုနှစ်ခုတို့၏ တူညီပုံသဘောကို ပြဆိုပြီးနောက် ထိုဝတ္ထုနှစ်ခုတို့၏ မတူထူးခြား, ကွဲပြားချက်ကို ပြဆိုပြန်ခြင်းသည် ဗျတိရေကအလင်္ကာမည်၏။ [ဗျတိရေစနံ ပုထက္ကရဏံ-ဗျတိရေကော၊ ရိစ-ဝိယောဂသမ္မဇ္ဇနေသု-စု၊ နိ။]

ထိုဗျတိရေကအလင်္ကာသည် သဒ္ဒါတိုက်ရိုက်ပါသော ဝါစ္စ, တိုက်ရိုက်မရှိ ဆ၍သိအပ်သော ဂမ္မ-အားဖြင့် ရှေးဦးစွာ နှစ်ပါးပြား၏၊ ထိုနှစ်ပါးတို့တွင်တစ်ပါးတစ်ပါး၌ ဧက,ဥဘယ-ဟု နှစ်ပါးစီ ပြားပြန်သောကြောင့်-

(က) ဝါစ္စဧကဗျတိရေက= သဒ္ဒါတိုက်ရိုက်ပါ၍ ဥပမေယျတစ်ပါး၏ အထူးကိုသာ ဆိုသည်။

(ခ) ဝါစ္စဥဘယဗျတိရေက= သဒ္ဒါတိုက်ရိုက်ပါသည့်ပြင် နှစ်ပါးလုံး၏ အထူးကို ဆိုသည်။

http://www.dhammadownload.com

၂၄၅။ ဂမ္ဘီရတ္တမဟတ္တာဒိ-ဂုဏာ ဧလဓိနာ ဇိန၊
တုလျော တူမသိ ဘေဒေါ တု , သရီရေနေဒိသေန တေ။

၂၄၅။ ဇိန-မြတ်စွာဘုရား ! ၊ တွံ-ရှင်တော်မြတ်ဘုရားသည်၊ ဂမ္ဘီရတ္တမဟတ္တာဒိ ဂုဏာ-နက်နဲသည်၏ အဖြစ်, ကြီးမြတ်သည်၏ အဖြစ်စသော ဂုဏ်ကြောင့်၊ ဧလဓိနာ-သမုဒ္ဒရာနှင့်၊ တုလျော-တူတော်မူသည်၊ အသိ-ဖြစ်တော်မူပါပေ၏၊ ဘေဒေါတု-မတူထူးခြား, ကွဲပြားခြင်းသည်ကား၊ တေ-ရှင်တော်မြတ်ဘုရား၏၊ ဤဒိသေ-ဤသို့တင့်တယ်, လွန်သပ္ပာယ်သော သဘောရှိသော၊ သရီရေန-ကိုယ်တော်ကြောင့်၊ ဟောတိ-ဖြစ်ပါ၏။

၂၄၆။ မဟာသတ္တာတိဂမ္ဘီရာ , သာဂရော သုဂတောပိ စ၊
သာဂရောဇ္ဇနသင်္ကာသော , ဇိနော စာမီကရဇ္ဇုတိ။

(ဂ) ဂမ္ဘီရတ္တမဟတ္တာဒိ-ဂုဏာ ဧလဓိနာ ဇိန၊ တုလျော တူမသိ ဘေဒေါ တု , သရီရေနေဒိသေန တေ။

(ဃ) ဂမ္ဘီရတ္တမဟတ္တာဒိ-ဂုဏာ ဧလဓိနာ ဇိန၊ တုလျော တူမသိ ဘေဒေါ တု , သရီရေနေဒိသေန တေ။

(က) ပြန်ပုံစံ။ ။ ၂၄၅။ သစ္စာလေးဆင့်, ကားကားပွင့်သည့်, မင်းမင့်းထိပ်တင်, အို အရှင် !, ဂုဏ်အင်ကြီးမား, အရှင်ကားလျှင်, ကြီးမားသမုဒ်, ရေအစုတ်နှင့်, ဂုဏ်ပုဒ် နက်ကျယ်, တူတကယ်တည်း၊ နည်းငယ်မတူ, ထူးဟန်မူကား, နတ်လူ မျက်ဖျော်, မြတ်ရှင်တော်၏, ရှုမျှော်မဝ, ကိုယ်ကာယကြောင့် ....မုချ မသွေ-ဖြစ်ရလေ။

ရှင်း ဤ၌ ဥပမာန,ဥပမေယျ ဝတ္ထုနှစ်ခုတို့၏ တူမျှပုံကိုပြသော တုလျ-(တူတကယ်) သဒ္ဒါတိုက်ရိုက်ပါရှိသောကြောင့် ဝါစ္စမည်၏၊ ဘုရားရှင်-တည်းဟူသော ဥပမေယျ တစ်ခုတည်း၏သာ ထူးခြားဟန်ကို ပြဆိုသောကြောင့် ဧကလည်းမည်၏၊ ဘုရားနှင့် သမုဒ္ဒရာ ဝတ္ထုနှစ်ခုတို့၏ တူညီပုံသဘောကို ပြပြီးမှ ဘုရားက သမုဒ္ဒရာထက် ထူးခြား သာလွန်ကြောင်းကို ပြဆိုပြန်သောကြောင့် ဗျတိရေကလည်းမည်၏၊ ထိုသုံးခုကိုပေါင်း၍ "ဝါစ္စ-ဧက-ဗျတိရေက"ဟု ခေါ်သည်။

(ခ) ပြန်ပုံစံ။ ။ ၂၄၆။ မဟာသမုဒ်, ရေအစုတ်နှင့်, သမ္မုခ်ဘုရား, ထိုနှစ်ပါးကား, ကြီးမား သတ္တ, ရှိရသဘော, မြတ်သောသတ္တဝါ, ဖြစ်ခြင်းရာကြောင့်, မဟာသတ္တ, အမည် ရ၏၊ မရထောက်ရာ, နက်လှပါသား, သဘာဝထွ, နက်နဲလှဘိ, အကြောင်း ရှိ၍, အတိဂမ္ဘီ, မည်တွင်ပြီတည်း၊ ဤနှစ်ပါးမှာ, သမုဒ္ဒါမူ, ရောင်ဝါညိုမှောင်, မျက်စဉ်းရောင်တည်း၊ ဂုဏ်ရောင်ပဝင်း, တရားမင်းကား, ဝါဝင်းတောက်ပြောင်, ရွှေအရောင်တည်း။

http://www.dhammadownload.com

၂၄၆။ သာဂရောပိစ–သမုဒ္ဒရာသည်လည်းကောင်း၊ သုဂတောပိစ–မြတ်စွာဘုရားသည်လည်းကောင်း၊ မဟာသတ္တာ–မဟာသတ္တတို့မည်ကုန်၏၊ အတိဂမ္ဘီရာ–အတိဂမ္ဘီရတို့မည်ကုန်၏၊ (တေသု–ထိုနှစ်ပါးတို့တွင်၊) သာဂရော–သမုဒ္ဒရာသည်၊ အဥ္ဇနသင်္ကာသော–မျက်စဉ်းရောင်နှင့်တူသည့် ညိုမှောင်သောအဆင်းရှိ၏၊ ဇိနော–မြတ်စွာဘုရားသည်၊ စာမီကရဇ္ဇုတိ–ရွှေကဲ့သို့ ဝါဝင်းသောအဆင်းရှိ၏။

၂၄၇။ နာ သန္တာပပဟံ နေဝိ–စ္ဆိတဒံ မိဂလောစနံ၊
မုနိန္ဒ နယနဒ္ဒန္ဒံ , တဝ တဂ္ဂါဏာဘူသိတံ။

ရှင်း ဥပမာန–သမုဒ္ဒရာနှင့် ဥပမေယျ–ဘုရားတို့၏ တူမျှခြင်းကို မဟာသတ္တာတိဂမ္ဘီရာ–(မဟာသတ္တာ, အမည်ရ၏၊ အတိဂမ္ဘီ, မည်တွင်ပြီတည်း၊)ဟူသောသဒ္ဒါဖြင့် တိုက်ရိုက်ဆိုထားသောကြောင့် ဝါစ္စည်၏၊ ဥပမာန,ဥပမေယျ နှစ်ပါးလုံး၏အထူးကို ဆိုထားသောကြောင့် ဥဘယလည်းမည်၏၊ သမုဒ္ဒရာ,ဘုရား နှစ်ပါးတို့၏ တူညီပုံသဘောကို ပြဆိုပြီးမှ ထိုဝတ္ထုနှစ်ခုတို့၏ မတူထူးခြား ကွဲပြားဟန်ကို ပြဆိုပြန်သောကြောင့် ဗျတိရေကလည်းမည်၏၊ ထိုသုံးခုကိုပေါင်း၍ "ဝါစ္စ–ဥဘယ–ဗျတိရေက"ဟု ခေါ်ရသည်။

မဟာသတ္တာတိဂမ္ဘီရ မည်ပုံအထူး မဟာသမုဒ္ဒရာသည် ကြီးမားသော တိပိဂံလ–စသော ငါးတို့၏ နေရာဖြစ်သောကြောင့် မဟာသတ္တမည်၏၊ မြတ်စွာဘုရားကား လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ထက်မြတ်သော သတ္တဝိသေသ ပုရိသုတ္တမ ဖြစ်သောကြောင့် မဟာသတ္တမည်၏။

သမုဒ္ဒရာသည် သက်ဝင်နိုင်ခဲ, ထောက်တည်ရန်ခက်ခဲအောင် နက်ရှိုင်းသောကြောင့် အတိဂမ္ဘီရမည်၏၊ မြတ်စွာဘုရားကား အဇ္ဈာသယ–အလိုဆန္ဒ သဘောတော်၏ နက်နဲသောကြောင့် အတိဂမ္ဘီရမည်၏။

မြန်ပုံစံ။ ။ ဒီပက္ခန်းခွင်, ဇမ္ဗူပြင်ဝယ်, အကြင်မင်းတို့, စားရာဘို့ကြောင့်, မချို့ဗိုလ်ပါ, ဝန်းရံကာနှင့်, မြို့သာတောခွင်, စုံတပြင်ဝယ်, သမင်တို့အား, လိုက်လံငြားရှာ, လေးမြားနှင့်ပစ်, သတ်ကြည့်စ်လျက်, အသစ်ရက်ရက်, သွေးစက်စက်နှင့်, ချက်၍ဝမ်းဝ, စားကုန်ကြ၏၊ ထိုမှတစ်ဖြာ, လူသားသာလျှင်, ဝမ်းစာခင်ငြား, သတ်၍စား၏၊ နှစ်ပါးပြုဟန်, တမလွန်၌, ပြစ်ဝန်တမျှ, တူကုန်ကြလျက်, ငါမှတပါး, ထိုမင်းများကို, သင်ကားမဆို, မျက်ငြိုးသိုသို့, ငါ့ကိုလျှင်သာ, တရားကွာဟု, နှုတ်ပါရေရွတ်, သင်ဆိုလတ်သည်။ (သုတ–၉၆။)

(ဂ) ပြန်ပုံစံ။ ။၂၄၇။ မုနိထွတ်တင်, အိုအရှင် ! –, သမင်မျက်လုံး, တစုံလုံးသည်, ပူတုံးကိလေ, မငြိမ်းစေရှင့်၊ သုံးထွေဘုံသား, လွန်လိုလားသည်, ထူးခြားကောင်းကျိုး, မပေးရိုးတည်း၊ မြေမိုးပေါ်ထင်, မြတ်အရှင်၏, ကြည်လင်လွန်ဘိ, စုံမျက်စိသာ, ကိလေသာကို, ပယ်ခွာကောင်းကျိုး, ပေးလေရိုးသည်....ဂုဏ်မျိုးဝင့်ထယ်–လွန်တင့်တယ်။

http://www.dhammadownload.com

၂၄၇။ မုနိန္ဒ-မြတ်စွာဘုရား !၊ မိဂလောစနံ-သမင်ငယ်၏ မျက်လုံးအစုံသည်၊ နသန္တာပယဟံ-ကိလေသာတည်းဟူသောအပူကို မပယ်ဖျောက်နိုင်၊ နေဝိစ္ဆိတဒံ-လိုအပ်သော ကောင်းကျိုးကိုလည်း မပေးနိုင်၊ တဝ-ရှင်တော်မြတ်ဘုရား၏၊ နယနဒွန္ဒံ-မျက်လုံးတော်အစုံသည်၊ တဂ္ဂါဏာဘူသိတံ-(ကိလေသာအပူကို ပယ်ဖျောက်နိုင်ခြင်း, အလိုရှိအပ်သော ကောင်းကျိုးကို ပေးနိုင်ခြင်းတည်းဟူသော) ထိုဂုဏ်နှစ်ပါးတို့ဖြင့် တန်ဆာဆင်အပ်သည်၊ ဟောတိ-ဖြစ်ပါ၏။

၂၄၈။ မုနိန္ဒာနနမမ္ဟောဇ-မေသံ နာနာတ္တမီဒိသံ၊
သုဝုတ္တာမတသန္ဒာယီ , ဝဒနံ နေဒိသမ္ဘုဇံ။

ရှင်း ရှေ့ဝါကျလာ ပဋိသေဓနှစ်ခုတို့ကြောင့်ပင် ဘုရားမျက်လုံးနှင့် သမင်မျက်လုံးတို့ ရှည်ခြင်း,ကျယ်ခြင်း-စသည် တူပုံကို အနက်၏အစွမ်းအားဖြင့် သိသာနိုင်၏၊ ထို့ကြောင့် ဂမ္ဘမည်၏၊ ဘုရားရှင်မျက်လုံး-တည်းဟူသော ဥပမေယျတစ်ခုတည်း၏သာဂုဏ်အားဖြင့် ထူးခြားဟန်ကို ပြဆိုသောကြောင့် ဧကလည်းမည်၏၊ သမင်မျက်လုံး, ဘုရားမျက်လုံး နှစ်ပါးတို့၏ တူမျှပုံသဘောကို ပြဆိုပြီးမှ ဘုရားမျက်လုံးက သမင်မျက်လုံးထက် ထူးခြားသာလွန်ကြောင်းကို ပြဆိုသောကြောင့် ဗျတိရေကလည်းမည်၏၊ ထိုသုံးခုကိုပေါင်း၍ "ဂမ္ဘ-ဧက-ဗျတိရေက" ဟုခေါ်သည်။

မြန်ပုံစံ။ ။ ကျွန်းပေါ်တခွင်, ဤမြေပြင်ဝယ်, အကြင်ရသာ, ထိုဩဇာထက်, သစ္စာအလွန်, မြတ်သည်မှန်၏၊ သုံးတန်တလီ, ဝိရတီဟု, ဝစီသစ္စာ,တည်သောခါလျှင်, မြတ်စွာဘက်ကျွန်း, သူတော်ထွန်းသား, ရဟန်းပုဏ္ဏား, စသောအားဖြင့်, အများသတ္တဝါ, ဘုံသုံးဖြာ၌, ဇာတိ-မရဏ, ပူပန်စသည်, ဒုက္ခလွတ်လျက်, ကမ်းတဘက်သို့, ဖိုလ်-မဂ်ရှစ်တန်, ရွေဖောင်ကန်၍, နိဗ္ဗာန်ချမ်းသာ, မြိုက်ဩဇာကို, လွယ်ကာဆွတ်ခွေ, သုံးဆောင်လေသည်. . . .မြတ်ထွေအမွန် မြ၏တည်း။ (သုတ-၁၀၂။)

(ဃ)ပြန်ပုံစံ။ ။၂၄၈။ သုံးလူထိပ်ပန်း, မျက်နှာဝန်းနှင့်, ကြာပန်းနှစ်ခု, ထူးခြားမှုကား, မှတ်ရှုသို့သာ, ရွှေမျက်နှာလျှင်, ကောင်းစွာဟောကြား, မြိုက်တရားကို, လျင်လျားဆောစွာ, ပေးတတ်ပါသည် . . . .ကြာမှာထိုသို့-ပေးရန်ချို့။

ရှင်း ကြာနှင့်မျက်နှာ တူ၏-ဟု တိုက်ရိုက်မဆိုစေကာမူ ဧသံ နာနာတ္တမီဒိသံ-(ထူးခြားမှုကား, မှတ်ရှုသို့သာ)ဖြင့်ပင် ကောင်းသောအနုံအဆင်း တစ်စိတ်တစ်ဒေသအားဖြင့် တူမျှပုံကိုဆ၍ သိအပ်သောကြောင့် ဂမ္ဘမည်၏၊ ကြာနှင့်မျက်နှာ နှစ်ပါးလုံးတို့၏အထူးကို ပြဆိုသောကြောင့် ဥဘယလည်းမည်၏၊ မျက်နှာနှင့်ကြာ တူကြောင်းကို ဆိုပြီးမှထူးခြားချက်ကို တစ်ဖန်ခွဲခြားပြဆိုပြန်သောကြောင့် ဗျတိရေကလည်းမည်၏၊ ထိုသုံးပါးကိုပေါင်းစပ်၍ "ဂမ္ဘ-ဥဘယ-ဗျတိရေကအလက်ာ"ဟု ခေါ်သည်။

http://www.dhammadownload.com

၂၄၈။ မုနိန္ဒာနနံ–မြတ်စွာဘုရားသခင်၏ မျက်နှာတော်လည်းကောင်း၊ အမ္ဘောဇ–ကြာလည်းကောင်း၊ (ကြတိ–ဤသို့၊) ဧသံ–ထိုနှစ်ပါးတို့၏၊ နာနာတ္တံ–ထူးသည်၏ အဖြစ်သည်၊ ဤဒိသံ–ဤသို့သဘောရှိ၏၊ ဝဒနံ–မျက်နှာတော်သည်၊ သုဝုတ္ထာမတ သန္ဒာယီ–ကောင်းစွာဟောကြားတော်မူအပ်သော တရားတော်တည်းဟူသော အမြိုက်ကို ပေးတော်မူတတ်၏၊ အမ္ဗုဇံ–ကြာသည်၊ ဤဒိသံ–ဤသို့ရှုအပ်သော သဘောရှိသည်၊ နံ(ဟောတိ)–မဟုတ်ချေ။

၉။ ဝိဘာဝနာ–အလင်္ကာ (၂)

၂၄၉။ ပသိဒ္ဓံ ကာရဏံ ယတ္ထ , နိဝတ္တေတွာညကာရဏံ၊
သာဘာဝိကတ္တမထဝါ , ဝိဘာဗျံ သာ ဝိဘာဝနာ။

မြန်ပုံစံ။ ။ တွက်ဆလျှင်ကား, မတရားနှင့်, တရားဟူက, လွန်ဝေးကြ၍, အဝမ္မမူ, ငရဲဟူသား, မီးပူဒုက္ခ, အပါယ်ချလိမ့်၊ ဓမ္မမူကား, ချမ်းသာများလျက်, ထက်ဖျား နတ်မွန်, မြိုက်နိဗ္ဗာန်မြို့, ကောင်းစွာပို့၏။ (သုတ–၉၄။)

ဗျတိရေက ဉာဏ်ရွှင်ဆေး

(က) စားခြင်း, အိပ်ခြင်း, မေထုန်မှီဝဲခြင်း–စသည်၌ လူသည် မျောက်နှင့် ထပ်တူ ထပ်မျှပင် ဖြစ်ချေသည်၊ လူ၌ အသိဉာဏ်တစ်ခုမျှသာ ပိုလွန်၏။

(ခ) မျောက်သည် လူနှင့် အင်္ဂါခြေလက်အားဖြင့် တူ၏၊ လူမှာ အသိဉာဏ်ရှိသောကြောင့် မိုးလုံလေလုံ နေထိုင်နိုင်သည်၊ မျောက်မှာ အသိဉာဏ်မရှိသောကြောင့် ထိုကဲ့သို့ မိုးလုံလေလုံ မနေထိုင်နိုင်ချေ။

(ဂ) ပညာမဲ့သောခေါင်းဆောင်သည် နောက်လိုက်ငယ်သားတို့ကို ငြိမ်သက်အောင် မထိန်းသိမ်းနိုင်ချေ၊ ပညာရှိသောခေါင်းဆောင်မှသာ ထိန်းသိမ်းနိုင်ချေသည်။

(ဃ) ပညာရှိနှင့် ပညာမရှိသူတို့သည် ဤသို့ခြားနားကြ၏၊ ပညာရှိသည် ပရိသတ် အလယ်၌ ရဲရင့်စွာ ပြောဆိုဝင်ထွက်နိုင်၏၊ ပညာမရှိသောသူမူကား ထိုကဲ့သို့ မပြုလုပ်နိုင်ချေ။

(၉) ဝိဘာဝနာ

၂၄၉။ ။ ထင်ရှားကြောင်းများ, ပယ်မြစ်တားလျက်, တစ်ပါးကြောင်းရင်း, ပြဆိုခြင်းနှင့်, ပြီးခြင်းသဘော, ထင်စွာပြ, မည်ရ ဝိဘာဝနာ။

အကြောင်းတစ်ပါးကိုဖြစ်စေ, ဓမ္မတာသဘောအားဖြင့်ဖြစ်သော အကျိုးကိုဖြစ်စေ ပြဆိုရာပြဆိုကြောင်းဖြစ်သော အလင်္ကာသည် ဝိဘာဝနာအလင်္ကာမည်၏၊ [ဝိဘာဝိ ယတိ အညကာရဏံ သာဘာဝိကတ္တံဝါ ဇတ္ထာတိ, (ဇောယာတိဝါ)–ဝိဘာဝနာ။]

http://www.dhammadownload.com

၂၄၉။ ယတ္ထ-အကြောင်အလင်္ကာ၌၊ ပသိဒ္ဓံ-(လောကဋ္ဌ)ထင်ရှားသော၊ ကာရဏံ-အကြောင်းကို၊ နိဝတ္တေတွာ-တားမြစ်၍၊ အညကာရဏံ-တစ်ပါးသောအကြောင်းကို၊ ဝိဘာဗျံ-ပြအပ်၏၊ အထဝါ-တစ်နည်းသော်ကား-၊ သာ ဘာဝိကတ္တံ-ဓမ္မတာသဘောအားဖြင့် ဖြစ်တတ်သည်၏အဖြစ်ကို၊ ဝိဘာဗျံ-ပြအပ်၏၊ သာ-ထိုအလင်္ကာသည်၊ ဝိဘာဝနာ-ဝိဘာဝနာအလင်္ကာမည်၏။ [ဝိဘာဗျံ-ပကာသနိယံ၊ ဒို-သစ်၊ အဝဂမျတော၊ ဋီဟောင်း။]

၂၅၀။ အနဋ္ဌိတာသိတံ နေတ္တံ , အဓရောရဋ္ဌိတာရဏော၊
သမာနတာ ဘမု စာယံ , ဓိနာနာဝဋ္ဌိတာ တဝ။

ထိုဝိဘာဝနာအလင်္ကာသည်-

(က) ကာရဏာန္တ ရဝိဘာဝနာ= အကျိုးသည် အကြောင်းနှင့်ကင်း၍ ဖြစ်ရိုးမရှိသော်လည်း ထင်ရှားသောအကြောင်းကို တားမြစ်၍ အကြောင်းတစ်ပါးကို ပြဆိုသော ဝိဘာဝနာ,

(ခ) သာဘာဝိကတ္တဝိဘာဝနာ= အကြောင်းပင် ရှိသော်ငြားလည်း အကြောင်းမထင်ရှားသောကြောင့် မိမိသဘောဓမ္မတာအတိုင်း ဖြစ်ခြင်းကို ပြဆိုသော ဝိဘာဝနာ-ဟု နှစ်မျိုးရှိ၏။

[ထင်ရှားသောအကြောင်းကို တားမြစ်၍ သဘောအားဖြင့်ဖြစ်သည်-ဟု မဆိုလျှင်-ကာရဏာန္တ ရဝိဘာဝနာ၊ သဘောအားဖြင့်ဖြစ်သည်-ဟု ဆိုလျှင် သာဘာဝိကတ္တဝိဘာဝနာ-ဟု ဋီကာတို့၌ အထူးကို ဆို၏။]

(က) ပြန်ပုံစံ။ ။၂၅၀။ ဗောဓိအောင်မြေ, ပလ္လင်ဗွေ၌, အောင်လေမာရ်စစ်, တို့ရှင်ချစ် !, ရှင်ချစ်မျက်လုံး, ကန့်မသုံးဘဲ, လုံးလုံးနက်ညို, နှုတ်ခမ်းဆိုလည်း, ဆေးကို တစ်စက်, မကူစွက်ဘဲ, စက်စက်နီတွေး၊ မျက်ခုန်းမွေးလည်း, ပြုရေးကင်းကွာ, ကွေးညွတ်ပါသည် . . . . တူစွာသုံးရက်လနှင့်တည်း။

ရှင်း မျက်လုံးမည်းခြင်း, နှုတ်ခမ်းနီခြင်း, မျက်ခုန်းမွေး ကွေးညွတ်ခြင်း-ဂုဏ်ကို ပြီးစေတတ်သော လောကဋ္ဌထင်ရှားသည့် လင်္ကဝံကန့်တိုက်ခေါ် မျက်စဉ်းကျောက်-စသည်တို့ဖြင့် ညှိအောင်ခတ်ခြင်း, ရေးကွင်းခြင်း, ချိပ်ရည်-စသည်တို့ဖြင့်ဆိုးခြင်း, ပြုပြင်ခြင်း-ဟူသော အကြောင်းတို့ကို တားမြစ်၍ ရှေးကပြုခဲ့သော ကုသိုလ်ကံကြောင့် ထိုကဲ့သို့ ဖြစ်သည်-ဟု အကြောင်းတစ်ပါးကို ပြအပ်သောကြောင့် ကာရဏာန္တ ရဝိဘာဝနာမည်၏။

ထိုရှေးကံကြောင့်-ဟူသော အကြောင်းကို သဒ္ဒါအားဖြင့် တိုက်ရိုက်မဆိုသော်လည်း အကျိုးတရားသည် အကြောင်းနှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် အနက်၏အစွမ်းအားဖြင့်ပင် သိနိုင်၏။

http://www.dhammadownload.com

၂၅၀။ ဇိန–မြတ်စွာဘုရား !၊ တဝ–ရှင်တော်မြတ်ဘုရား၏၊ နေတ္တံ–မျက်လုံးတော်အစုံသည်၊ အနဥ္ဇိတံ–မျက်စဉ်းမခြယ်အပ်ဘဲ၊ အသိတံ–မည်းနက်ပါပေ၏၊ အဓရော–နှုတ်ခမ်းတော်သည်၊ အရဥ္ဇိတော–ဆေးမဆိုးအပ်ဘဲ၊ အရုဏော–နီမြန်းတော်မူပါပေ၏၊ အယံ ဘမုစ–ဤမျက်ခုန်းတော်အစုံသည်လည်း၊ အနာဝဥ္ဆိတာ–ကွေးညွတ်အောင်မပြုအပ်ဘဲ၊ သမာနတာ–ကောင်းစွာမသွေ, ညွတ်ကွေးတော်မူပါပေ၏။

၂၅၁။ န ဟောတိ ခလု ဒုဇ္ဇနျ , မပိ ဒုဇ္ဇနသင်္ဂမေ၊
သဘာဝနိမ္မလတ္တရေ , သာဓုဇန္တူန စေတသိ။

၂၅၁။ ဒုဇ္ဇနသင်္ဂမေ–သူယုတ်မာတို့နှင့် ပေါင်းဖော်ရခြင်းသည်၊ သတိပိ–ဖြစ်ပါသော်လည်း၊ သာဓုဇန္တူနံ–သူတော်ကောင်းတို့၏၊ သဘာဝနိမ္မလတ္တရေ–သဘောအားဖြင့် အလွန်အညစ်အကြေးကင်းသော၊ စေတသိ–စိတ်၌၊ ဒုဇ္ဇနျံ–သူယုတ်မာ၏ ဖြစ်ကြောင်း(မကောင်းမှုဒုစရိုက်)သည်၊ ခလု–စင်စစ်၊ န ဟောတိ–မဖြစ်နိုင်ပေ။

မြန်ပုံစံ။ ။ မြက်ကဲးသမ္ဘာ, နေမြင့်ကြာသို့, ဥာဏ်ဝါရင့်ငုံ, ဗောဓိခုံကား, တစုံတယောက်, အထောက်အကူ, မည်သူမမ, ရှေးကဝါသနာ, ပညာသန်ကျန်း, ကိုယ့်ပင်ထွန်းဖြင့်, မခန်းမယုတ်, မြစ်သမုဒ်သို့, အဟုတ်တလှိုင်း, လိုတိုင်းဖြည့်ဖြူး, ကျေးဇူးကြွယ်ဝ, လောက်ကုံလှ၍, ဤမျှဟောသော်, ဤနှင့်လျော်ဟု, အာဘော်စရိုက်, သူဝမ်းပိုက်ကို, နှိုက်နှိုက်နှဲးနှဲး, ပေါ်ထဲးသိစွမ်း, တရားမွှမ်းက, ငြိမ်းချမ်းသံဝေ, ရကုန်လေသည်····ကြောရေစိုးစိုးစိမ့်စိမ့်တည်း။ (ကိုးခန်း–၂၃၆။)

(ခ) ပြန်ပုံစံ။ ။ ၂၅၁။ အကြောင်းမလျော်, မသူတော်နှင့်, ပေါင်းဖော်အတူ, နေရမူလည်း, မြင်သူနှစ်ထောင်း, သူတော်ကောင်း၏, ပျော့ပျောင်းစဉ်လာ, ဓမ္မတာဖြင့်, လွန်စွာညစ်ကြေး, ကင်းဝေးဖြူဆွတ်, တွင်းစိတ်ဓာတ်ဝယ်, သက်သတ်–ခိုးမှု, ကာမေသုနှင့်, မုသာသုရ, မေရယကို, ပြုကြထပ်ထပ်, စက်ဆုပ်အပ်သော, ကျင့်သဘောသည်····ရောနှောကူးလူး–မရှိဘူး။

ရှင်း စိတ်၏ အညစ်အကြေးကင်းကြောင်း အသင့်အတင့်နှလုံးသွင်းမှု (ယောနိသောမနသိကာရ)စသည် ရှိသော်လည်း ထိုအကြောင်းကို မင့်မူ၍ မိမိသဘောအားဖြင့် ဖြစ်သည်–ဟု (ထင်မြင်သည့်အတိုင်း) ပြဆိုသောကြောင့် သာဘာဝိကတ္တဝိဘာဝနာမည်၏။

မြန်ပုံစံ။ ။ ရှုမျှော်အသိ, ဥာဏ်မျက်စိဖြင့်, မြင်ယှိကျယ်စွာ, ကြီးပညာနှင့်, မဟာဗောဓိသတ်, သူမြတ်တို့ကား, မစားကိုယ်ဝမ်း, ရိန္ဓမ်းခြိုးခြံ, အငတ်ခံ၍, အားသံမမေ့, လှူစလေ့၏၊ တနေ့ငါးသိန်း, တွက်ကိန်းမက, စွန့်သမျှလည်း, အားရစိတ်ထဲး,

http://www.dhammadownload.com

၁၀။ ဟေတု-အလက််ာ

၂၅၂။ ဇနကော ဉာပကော စေတိ , ဒုဝိဓာ ဟေတဝေါ သိယုံ၊
ပဋိသန်ရဏံ တေသံ , အလက််ာရတယောဒိတံ။

၂၅၂။ ဇနကော-(ဖြစ်စေတတ်သော)ဇနကဟိတ်လည်းကောင်း၊ ဉာပကောစေ-(သိစေတတ်သော)ဉာပကဟိတ်လည်းကောင်း၊ လ္ကတိ-ဤသို့၊ ဟေတဝေါ-ဟိတ်တို့သည်၊ ဒုဝိဓာ-နှစ်ပါးပြားကုန်သည်၊ သိယုံ-ဖြစ်ကုန်၏၊ တေသံ-ထိုဟိတ်နှစ်ပါးတို့ကို၊ ပဋိသန်ရဏံ-ပြုပြင်ခြင်းသည်၊ ဝါ-ထူးသည်၏အဖြစ်ဖြင့် ပုံ့နှံ့အောင်ပြု၍ ဟုတ်တိုင်းမှန်စွာဆိုခြင်းသည်၊ အလက််ာရတယာ-(အလက််ာရတာယ-)အလက််ာ၏ သဘောဖြင့်၊ ဥဒိတံ-ထင်ရှား၏၊ [ဥဒိတံ-ပသိဒ္ဓံ၊ ဍီ-သစ်။]

ရောင့်ရဲမယို၊ အဇ္ဈတ္တိမှ, မျက်စိထုတ်လှူ, ဖြတ်ယူခါခါ, စွယ်မြတ်စွာကို, တောင်းလာမငြင်း, အာခံတွင်းနှိက်, စွယ်ရင်းမကျန်, သွေးကြန်ကြန်နှင့်, ထွင်းလှန်ယူစေ, မဏ္ဍေမတွန့်, သက်စွန့်လှူပေး, လေးနှင့်ခွင်းပစ်, စေဆစ်ပါးနီး, ရောက်လုပြီးလျက်, ဆုကြီးရွယ်ဆောင်, စွယ်ခြောက်ရောင်ကို, ကုန်အောင်လှူခြင်း, မီးပုံတွင်းသို့, ခုန်ဆင်းကိုယ်ကို, လှူလိုအသား, ဤသို့အားဖြင့်, သိကြားဟန့်ဆီး, မာန်ကြီးတားဖျက်, နတ်စက်ပုဆိန်, ထိပ်ထက်ချိန်လည်း, သမာဓိန်ခိုင်, စိန်-ကျောက်တိုင်သို့, မယိုင်မယိမ်း, မတိမ်းမပြို, ကဲကုသိုလ်မှ, အလိုမစောင်း, ယူမပြောင်းသည် . . . . မြတ်လောင်းတော်တို့ တံထွာတည်း။ (မဃ-၂၅၄။)

(၁၀) ဟေတု

၂၅၂။ ။ဖြစ်စေ-သိစေ, ကြောင်းနှစ်ထွေကို, ပြုလေထူးစွာ, တန်ဆာဆင်ယင်, ပြဆိုလျှင်, မည်တွင်ဟေတွာ-လက််ာရာ။

ဟေတု(အကြောင်း)သည်-

၁။ သရက်စေ့က သရက်ပင်ကို ဖြစ်စေသကဲ့သို့ အကျိုးကို တိုက်ရိုက်ဖြစ်စေတတ်သော အကြောင်း(ဇနကဟေတု),

၂။ အပေါ်၌လွှင့်နေသော မီးခိုးကို မြင်ရမှုကြောင့် အောက်၌ မီးရှိကြောင်းကို သိစေတတ်သော အကြောင်း(ဉာပကဟေတု)-ဟု နှစ်ပါးရှိ၏။

သရက်စေ့ကြောင့် သရက်ပင်ဖြစ်၏, မီးခိုးကိုမြင်ရသောကြောင့် မီးကို သိရ၏-စသည်ဖြင့် တိုက်ရိုက်တဲ့တိုး ရိုးရိုးပြောဆိုအပ်သော အကြောင်းများကို ဟေတုအလက််ာ-ဟု မခေါ်ရချေ၊ သူတစ်ပါးတို့ သာယာနာပျော်ဖွယ်ရှိအောင် ဝိသေသန-စသည်ထည့်စွက်လျက် နှစ်ခြိုက်ဖွယ်ရာ တန်ဆာဆင်ယင် ပြုပြင်၍ ဆိုအပ်သော အကြောင်းများကိုသာ ဟေတုအလက််ာ-ဟု ခေါ်ဆိုရလေသည်။

http://www.dhammadownload.com

၂၅၃။ ဘာဝါဘာဝကိစ္စဝသာ , စိတ္တဟေတုဝသာပိ စ၊
ဘေဒါနန္တာ ဣဒံ တေသံ , မုခမတ္တနိဒဿနံ။

၂၅၃။ ဘာဝါဘာဝကိစ္စဝသာ-ဘာဝကိစ္စ, အဘာဝကိစ္စတို့၏ အပြားအားဖြင့်လည်းကောင်း၊ စိတ္တဟေတုဝသာပိစ-ဆန်းကြယ်သော ဟိတ်၏အပြားအားဖြင့်လည်းကောင်း၊ (တေသံ-ထိုဟိတ်တို့၏၊) ဘေဒါ-အပြားတို့သည်၊ အနန္တာ-အဆုံးအပိုင်းအခြား မရှိကြလေကုန်၊ ဣဒံ-ဤဆိုလတ္တံ့သည်ကား၊ တေသံ-ထိုဟိတ်တို့၏၊ မုခမတ္တနိဒဿနံ-အမြွက်မျှကို ပြခြင်းပေတည်း။

၂၅၄။ ပရမတ္ထပကာသေက-ရသာ သဗ္ဗမနောဟရာ၊
မုနိနော ဒေသနာယံ မေ , ကာမံ တောသေတိ မာနသံ။
[ဘာဝကိစ္စော ကာရကဟေတု။]

၂၅၄။ မုနိနော-မြတ်စွာဘုရားသခင်၏၊ ပရမတ္ထပကာသေကရသာ-ပရမတ္ထတရားတို့ကို ပြတတ်သည့် တစ်ခုသောကိစ္စရှိသော၊ သဗ္ဗမနောဟရာ-ခပ်သိမ်းသောသူတို့၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်သော၊ အယံ ဒေသနာ-ဤဒေသနာတော်သည်၊ မေ-အကျွန်ုပ်၏၊ မာနသံ-စိတ်ကို၊ ကာမံ-စင်စစ်၊ တောသေတိ-နှစ်သက်စေ၏။

အယံ-ဤဟိတ်သည်၊ ဘာဝကိစ္စော-မဖြစ်သေးသောပီတိကို ဖြစ်အောင်ပြုတတ်သော ကိစ္စရှိသော၊ ကာရကဟေတု-ဇနကဟိတ်ပင်တည်း။ [ကာရကဟိတ်နှင့် ဇနကဟိတ် တူ၏၊ ကရောတီတိ-ကာရကော။]

ဟေတုအပြား ၂၅၃။ ဘာဝကိစ္စ-မရှိသေး,မဖြစ်သေးသည်ကို ရှိအောင်,ဖြစ်အောင် ပြုတတ်သောဟိတ်။ [ဘာဝေတီတိ-ဘာဝေါ၊ ဘာဝေါကိစ္စံ ဧတသ္သာတိ-ဘာဝကိစ္စော။]

အဘာဝကိစ္စ-ရှိပြီး,ဖြစ်ပြီးကို မရှိအောင်, မဖြစ်အောင် ပြုတတ်သောဟိတ်၊ [နဘာဝေတီတိ-အဘာဝေါ။]

စိတ္တဟေတု-အံ့သြဖွယ်ရာ လွန်စွာဆန်းကြယ်သောဟိတ်-စသည်တို့၏ အပြားအားဖြင့် ဟိတ်တို့၏အပြားသည် မရေမတွက်နိုင်အောင် အလွန်များပြားကုန်၏။

ထိုသို့များရခြင်းမှာလည်း လောကဥ္စ အကြောင်းတို့သည် မရေတွက်နိုင်အောင် များသောကြောင့်ပင် ဖြစ်ချေသည်၊ ထို့ကြောင့် ထိုဟိတ်တို့ကို ကုန်စင်အောင်မပြနိုင်၊ အမြွက်(အနည်းငယ်)မျှကိုသာ ပြဆိုရတော့မည်၊ ထိုသို့ အမြွက်မျှကိုပြသဖြင့် ကြွင်းသောဟိတ်တို့ကိုလည်း ပြလတ္တံ့သော ငါးမျိုးတို့ဌပင် သွင်းယူနိုင်ပေလိမ့်မည်။

(၁) ပြန်ပုံစံ။ ။၂၅၄။ အောင်မြင်မာရ်ငါး, သုံးလူ့ဗျား၏, လေးပါးပရမတ်, ရုပ်နာမ်ဓာတ်ကို, ပြတတ်သည့်ပြင်, များလူရှင်၏, ကိုယ်တွင်းကိန်းလတ်, ဝိညာဉ်ဓာတ်ကို, ဆောင်တတ်ကောင်းစွာ, ဒေသနာသည်, မှန်စွာမချွတ်, ကျွန်ုပ်စိတ်ဓာတ်ကို . . . . ဖြူဆွတ်ကြည်ထွေ, နှစ်သက်စေ၏။

http://www.dhammadownload.com

၂၅၅။ ဓိရေဟိ သဟ သံဝါသာ , သဒ္ဓမ္မသာဘိယောဂတော၊
နိဂ္ဂဟေနိဿိယာနဉ္စ , ဒုက္ခသုပသမော သိယာ။
[အဘာဝကိစ္စော ကာရကဟေတု။]

၂၅၅။ ဓိရေဟိ-ပညာရှိတို့နှင့်၊ သဟ-အတူတကွ၊ သံဝါသာ-ပေါင်းဖော်ယှဉ်တွဲ, မှီဝဲရခြင်းကြောင့်လည်းကောင်း၊ သဒ္ဓမ္မသ-ဘုရားဟော်ဖော်, ပရိယတ်တရား တော်ကို၊ အဘိယောဂတော-ကြားနာပို့ချ, မပြတ်အားထုတ်ရခြင်းကြောင့် လည်းကောင်း၊ ဂ္ဂဟ်ိဿိယာနံ-စက္ခုစသား, ဂ္ဂန်ဒြေခြောက်ပါးတို့ကို၊ နိဂ္ဂဟေနစ-ကောင်းစွာနှိပ်နင်း, တားမြစ်ခြင်းကြောင့်လည်းကောင်း၊ ဒုက္ခသ-ခန္ဓာငါးပါး, ဆင်းရဲ ရခြင်းတရား၏၊ ဥပသမော-မြစ်ရင်းပြတ်ကင်း, ငြိမ်းအေးခြင်းသည်၊ သိယာ-ဖြစ်ရာ၏။

အယံ-ဤဟိတ်သည်၊ အဘာဝကိစ္စော-ရှိပြီး,ဖြစ်ပြီးသော ခန္ဓာငါးပါးတရားကို မရှိအောင်,မဖြစ်အောင်ပြုတတ်သော ကိစ္စရှိသော၊ ကာရကဟေတု-ဇနကဟိတ် ပင်တည်း။

ရှင်း (မြတ်စွာဘုရားဒေသနာတော်သည်) မရှိသေး,မဖြစ်သေးသော ပီတိကို ရှိအောင်, ဖြစ်အောင် ပြုတတ်သောကြောင့် ဘာဝကိစ္စမည်၏၊ ပီတိ-တည်းဟူသောအကျိုးကို တိုက်ရိုက်ဖြစ်စေတတ်သော အကြောင်းဖြစ်သောကြောင့် ဇနကဟေတုလည်းမည်၏၊ "ပရမတ္ထတရားကို ပြတတ်သော, အလုံးစုံသောသူတို့၏စိတ်ကို ဆွဲဆောင်နိုင်သော" ဟူသော ဝိသေသနနှစ်ခုဖြင့် တန်ဆာဆင်ထားသောကြောင့် အလက််ာလည်းမည်၏၊ ထိုသုံးခုကို ပေါင်းစပ်သောအားဖြင့် "ဘာဝကိစ္စ-ဇနကဟေတု"အလက််ာမည်လေသည်။

["ဒေသနာတော်သည် ငါ၏စိတ်ကို နှစ်သက်စေ၏"မျှကိုသာ ဆိုလျှင် ဟေတု အလက််ာမမည်၊ ဝိသေသနဖြင့် တန်ဆာဆင်၍ ဆိုထားသောကြောင့်သာ ဟေတုအလက််ာ မည်လေသည်၊ လိုရင်းမှာ- ဟိတ်ဖြစ်ကာမျှဖြင့် ဟေတုအလက််ာ မဖြစ်နိုင်၊ ဝိသေသန-စသည်ဖြင့် တန်ဆာဆင်၍ ဆိုမှသာ ဟေတုအလက််ာဖြစ်နိုင်သည်-ဟူ၏။]

မြန်ပုံစံ။ ။ ရှေးဝယ်သော့ခါ, တောဟေမာန္ဓိက်, ပညာမြော်မြင်, ခါ-မျောက်-ဆင်တို့, ညောင်ပင်တခု, သက်သေပြု၍, ဂုဏ်ဝုမှာ, ပစာယန, ကျင့်ကုန်ကြကြောင့်, လူမျှမတန်, တိရစ္ဆာန်လျက်, နတ်ဌာန်မုချ, ရောက်ကုန်ကြ၏။
(မဃ-၁၇၆။)

(၂) ပြန်ပုံစံ။ ။ ၂၅၅။ ကြောင်းကျိုးမြင်သိ, ပညာရှိနှင့်, ပေါင်းမိတူကွ၊ သဒ္ဓမ္မကို, နေ့ည မခြား, လွန်ကြိုးစား၍၊ ခြောက်ပါးကွန်ဒြေ, ငြိမ်စေနိပ်ကွပ်၊ ကြောင်းသုံး ရပ်ကြောင့်, သုံးထပ်ဘုံတွင်း, ဆင်းရဲခြင်းသည်....မြစ်ရင်းကင်းပြတ်-ငြိမ်းအေးတည်း။

http://www.dhammadownload.com

၂၅၆။ မုနိန္ဒ စန္ဒသံဝါဒီ–ကန္တ ဘာဝေါပသောဘိနာ၊
မုခေနေဝ သုဗောဓံ တေ , မနံ ပါပါဘိနိဿဒုံ။
[ဘာဝကိစ္စော ဉာပကဟေတု။]

၂၅၆။ မုနိန္ဒ–မြတ်စွာဘုရား ! ၊ တေ–ရှင်တော်မြတ်ဘုရား၏၊ စန္ဒသံဝါဒီကန္တ ဘာဝေါပသောဘိနာ–လမင်းနှင့်တူသော နှစ်သက်ဖွယ်၏အဖြစ်ဖြင့် တင့်တယ်တော်မူသော၊ မုခေနေဝ–မျက်နှာတော်ကြောင့်ပင်လျှင်၊ တေ–ရှင်တော်မြတ်ဘုရား၏၊ မနံ–စိတ်တော်ကို၊ ဝါ–သည်၊ ပါပါဘိနိဿဒုံ–မကောင်းမှုမှ လွတ်မြောက်ပြီဟု၊ သုဗောဓံ–ကောင်းစွာသိအပ်ပါ၏။

အယံ–ဤဟိတ်သည်၊ ဘာဝကိစ္စော–ဖြစ်ပေါ်စေတတ်သောကိစ္စရှိသော၊ ဉာပကဟေတု–ဉာပကဟိတ်ပေတည်း။ [အဘာဝကိစ္စ ဉာပကဟိတ်မျိုး မရှိနိုင်။]

ရှင်း ထင်ရှားရှိသော ခန္ဓာငါးပါး ဒုက္ခတရားကို မရှိအောင်ပြုတတ်သောကြောင့် အဘာဝကိစ္စမည်၏၊ ထိုခန္ဓာငါးပါးတို့၏ မရှိခြင်း နိဗ္ဗာန်ကို တိုက်ရိုက်ဖြစ်စေတတ်သောကြောင့် ဇနကဟေတုလည်း–မည်၏၊ ထိုနှစ်ပါးကိုပေါင်းသော် "အဘာဝကိစ္စ–ဇနကဟေတု" မည်၏။

မြန်ပုံစံ။ ။ကိန္နရာစစ်, ငှက်မျိုးဖြစ်လျက်, ကျစ်လစ်သော့အား, ကြောက်မှသားကြောင့်, စကားမသည်း, နှုတ်စောင့်စည်း၏၊ ချုပ်တည်းနှုတ်လျှာ, မစောင့်စွာကြောင့်, ဟသ်ဘည်နောင်, ဆောင်သည်မိုက်လှ, လိပ်ဗာလလျှင်, လွတ်ကျအောက်မြေ, သက်ဆုံးသေ၏။ (မဃ–၂၁၂။)

သာသနာတွင်, ဆန့်ကျင် ညှိုးမြန်း, ထိုရဟန်းသည်, ကမ္မဋ္ဌာန်းသိ, ဉာဏ်မျက်စိကြောင့်, ဝိစိကိစ္ဆာ, ဒိဋ္ဌိခွာလျက်, သောတာပန်မည်, ဖိုလ်၌တည်၍။ (ဥမ္မာ–၁၀၃။) [ဤပုံစံသည် ဘာဝကိစ္စ၊ အဘာဝကိစ္စဇနကဟေတုပုံစံတည်း။]

(၃)ပြန်ပုံစံ။ ။၂၅၆။ ကိလေတစိ, ကြွင်းမရှိသည့်, မုနိဥဿောင်, မြတ်ဘုန်းခေါင်း ! –, ခြောက်ရောင်ကွန့်ဖြာ, စောမြတ်စွာ၏, ပမာလနယ်, နှစ်သက်ဖွယ်တည့်၊ သပ္ပာယ်လွန်တင့်, မျက်နှာဖြင့်လျှင်, ရှင်ပင့်စိတ်စု, မကောင်းမှုမှ, လွတ်မှုခြင်းရာ, လူတကာသည်....လွယ်စွာသိအပ်ပါပေ၏။

ရှင်း မဖြစ်သေးသော အသိဉာဏ်ကို ဖြစ်စေတတ်သောကြောင့် ဘာဝကိစ္စမည်၏၊ မကောင်းမှုမှလွတ်မြောက်ခြင်း–တည်းဟူသော အကျိုးကို သိစေတတ်သောကြောင့် ဉာပကဟေတုလည်းမည်၏၊ ထိုနှစ်ပါးကိုပေါင်းသော် "ဘာဝကိစ္စ–ဉာပကဟေတု" မည်၏။

http://www.dhammadownload.com

၂၅၇။ သာခုဟတ္ထာရဝိန္ဒာနိ , သင်္ကော်စယတိ တေ ကထံ၊
မုနိန္ဒ စရဏဒွန္ဒ-ရာဂဇာလာတပေါ ဖုသံ။
[အယုတ္တကာရီ စိတ္တဟေတု။]

၂၅၇။ မုနိန္ဒ-ရှင်တော်မြတ်ဘုရား ! ၊ တေ-ရှင်တော်မြတ်ဘုရား၏၊ စရဏဒွန္ဒ ရာဂဇာလာတပေါ-ခြေတော်အစုံ၏ နိမြန်းသောအဆင်းဟူသော နေဆာရောင်သည်၊ သာခုဟတ္ထာရဝိန္ဒာနိ-သူတော်ကောင်းတို့၏ လက်တည်းဟူသော ကြာတို့ကို၊ ဖုသံ-တွေ့ထိလျက်၊ ကထံ-အဘယ့်ကြောင့်၊ သင်္ကော်စယတိ-ငုံစေဘိသနည်း။

အယံ-ဤဟိတ်သည်၊ အယုတ္တကာရီ-မသင့်သည်ကိုပြုတတ်သော၊ စိတ္တ ဟေတု-ဆန်းကြယ်သော ဟိတ်ပေတည်း။

မြန်ပုံစံ။　။ ခွန်အားတွင်ကျယ်, အလမ္ဘာယ်လျှင်, နှိပ်နယ်ညှဉ်းဆဲ, ဆင်းရဲဝေဒနာ, ခံရာမသီး, မီးသို့လည်းပွတ်, ဗောဓိသတ်ကို, မလွတ်ကြပ်ကြပ်, ဖမ်းသည့် ရပ်ဝယ်, နှံ့စပ်ဖျော်ဖျော်, သွေးတိမြော်လျက်, နွယ်လျှော်ပချုပ်, အရုပ်ပြက်ပြက်, ရက်သည့်အရာ, ထိုခန်းဝါကို, မှန်စွာတတ်တတ်, မြင်ဘိလတ်သော်, ဘူရိဒတ္တ, ညီနတ်လှကို, ငဆယောက်ငား, မြွေသမားလျှင်, ဖမ်းငြားလတ်သည်, ဖြစ်တော့မည်ဟု, အချည်သိမြော်က, စိုးရိမ်ရောက်လျက်။ (ဘူ-၂၈၉။)

(၄) ပြန်ပုံစံ။　။၂၅၇။ အာဂါနာဂါ, သေက္ခာသေက္ခ, ပစ္စေကဟု, ငါးဝမုနိန်,မာရဇိန် !-, ထွန်းထိန်ဝန်းကျင့်, ခြောက်ရောင်လွှင့်သား, အရှင့်ခြေခုံ, ရွှေစက်စုံ၏, နိတုံပမာ, နီတျာတောက်ပြောင်, နေဆာရောင်သည်, လူ့ဘောင်တလွှား, သူတော်များ၏, ချီထားထိပ်မှာ, လက်အုပ်ကြာကို, ကောင်းစွာထိလျက်, ပွင့်ချပ်ရွက်ကို . . . . ဘယ်တွက်ငုံစေဘိသနည်း။

ရှင်း　နေဆာရောင်တို့သဘောမည်သည် ကြာကို ပွင့်စေတတ်သောသဘော ရှိ၏၊ ထို့ကြောင့် မြတ်စွာဘုရားခြေတော်စုံ၏ နိမြန်းတောက်ပြောင်သော နေဆာရောင်သည် သူတော်ကောင်းတို့၏ လက်အုပ်-တည်းဟူသောကြာကို ငုံစေသည်-ဟု ဆိုခြင်းသည် မသင့်၊ ထိုသို့ မသင့်သည်ကို ပြုတတ်သောကြောင့် အယုတ္တကာရီမည်၏၊ ထိုသို့ မသင့်လျော်သောအမှုကို ပြုခြင်းသည်ပင်လျှင် [ထင်ရှားသောအကြောင်းနှင့်ဆန့်ကျင်၍] အံ့သြဖွယ်ရာ လွန်စွာဆန်းကြယ်သော အကြောင်းလည်း ဖြစ်သောကြောင့် စိတ္တဟေတုလည်း မည်၏၊ ထိုနှစ်ခုကို ပေါင်း၍ "အယုတ္တကာရီ-စိတ္တဟေတု"ဟု ခေါ်သည်။ [အယုတ္တံ ကရောတီတိ-အယုတ္တကာရီ၊ စိတ္တဉ္စ တံ ဟေတုစာတိ-စိတ္တဟေတု၊ အယုတ္တကာရီစသော စိတ္တဟေတုစာတိ-အယုတ္တကာရီစိတ္တဟေတု။]

အလှူသီတင်း, မကင်းဘာဝနာ, မချာရက်နေ့, မမေ့လျော့တတ်, ထိုသူမြတ်တို့, လူ-နတ်ခန္ဓာ, ပြောင်းလဲးကာလျှင်, ချမ်းသာသုခ, မပျက်ကြကြောင့်, ဘဝသဘော,

http://www.dhammadownload.com

၂၅၈။ သင်္ကော်စယန္တိ ဇန္တူနံ , ပါဏိပင်္ကေရုဟာနိဟ၊
*မုနိန္ဒစရဏာဒ္ဒန္ဒ-နခစန္ဒာနမံသဝေါ။
[ယုတ္တကာရီ စိတ္တဟေတု။]

၂၅၈။ မုနိန္ဒစရဏာဒ္ဒနခစန္ဒာနံ-မြတ်စွာဘုရား၏ ခြေတော်အစုံ၌ ခြေသည်းတော်အစဉ်တည်းဟူသော လမင်းတို့၏၊ အံသဝေါ-အရောင်တို့သည်၊ ဣဟ-ဤလောက၌၊ ဇန္တူနံ-သတ္တဝါတို့၏၊ ပါဏိပင်္ကေရုဟာနိ-လက်တည်းဟူသော ကြာတို့ကို၊ သင်္ကော်စယန္တိ-ငုံစေကုန်၏။ *[မုနိန္ဒဿ ပါဒဒ္ဒန္ဒေ-လည်းရှိ၏။]

အယံ-ဤဟိတ်သည်၊ ယုတ္တကာရီ-သင့်သည်ကိုပြုတတ်သော၊ စိတ္တဟေတု-ဆန်းကြယ်သောဟိတ်ပေတည်း။

မေ့လျော့ခြင်းဟူ, စုတိမူလည်း, သေသူမမည်, ဟူတုံသည်တည့်။
(မဃ-၂၉၁။) [ဤပုံစံကို အယုတ္တကာရီစိတ္တဟေတု-ဟု ဆိုကြ၏၊ ငါတို့ကား ယုတ္တကာရီစိတ္တဟေတုသာ ဖြစ်မည်ထင်ပေသည်၊ စဉ်းစားပါ။]

(၅)ပြန်ပုံစံ။ ။ ၂၅၈။ မုနိပရမေ, သုံးလူ့ဆွေ၏, ခြေတော်စုံဝယ်, မှီတွယ်ဆယ်ခု, ခြေသည်းစုမည်, လရောင်သည်ကား, သုံးပြည်ဘုံသူ, နတ်နှင့်လူ၏, လက်ဟူပန်းကြာ, ငုံစေပါသည်....လွန်စွာဆန်းကြောင့် ဆန်းကြယ်တည်း။

ရှင်း လရောင်တို့မည်သည် ကြာကို ငုံစေသောသဘော ရှိ၏၊ ထို့ကြောင့် ခြေသည်းတော်တည်းဟူသော လရောင်တို့သည် လက်-တည်းဟူသောကြာကို ငုံ၏၏-ဟု ဆိုခြင်းသည် သင့်လျော်၏၊ ထိုသို့ သင့်လျော်သည်ကို ပြုတတ်သောကြောင့် ပ ဿကာရီမည်၏၊ ထိုသည်ပင်လျှင် လွန်စွာထူးထွေဆန်းကြယ်သော အကြောင်းဖြစ်သောကြောင့် စိတ္တဟေတုလည်းမည်၏၊ ထိုနှစ်မျိုးကိုပေါင်း၍ "ယုတ္တကာရီ-စိတ္တဟေတု"ဟု ခေါ်ရသည်။

မြန်ပုံစံ။ ။ မိမိကမ္မ, ကိလေသဖြင့်, သုခလိုငြား, ဒုက္ခပွားတ၏၊ ရှေ့ကားသုခ, နောက်ဒုက္ခနှင့်, စိတ်ကလိရေး, အဓေးတောင့်တ, အပူရလျက်, ပူကဓေးမြိုး, မှန်မလွဲရှင့်၊ ဆင်းရဲ့ရှေးယို, နောက်ပြိချမ်းသာ, ဖြစ်မြဲစွာတည့်၊ ဓမ္မတာအပြီး, လူ့ထုံးတီးကို, ဘုန်းမီးတောက်ပ, ချစ်မဝသည့်, သားလှရွှေချည်, မောင်မှတ်တည်လော့၊ ဆံခြည်ဆယ်ခြမ်း, မွေးဘဝမ်းနှိုက်, မချမ်းနိုင်ဘွယ်, လောင်တိုက်နှယ်သို့, အကယ်ထင်ရည်, စိတ်ဝယ်တည်ကြောင့်, သည်ပြည်တိုင်းခန်း, သည်နန်းသည်ထီး, သည်လောင်မီးနှင့်, မမှီးမစပ်, ငါမအပ်သည်....နီးကပ်မခံနိုင်တော့တည်း။ (မဃ-၂၂၆။)

http://www.dhammadownload.com

၁၁။ ကမ-အလက််ာ

၂၅၉။ ဥဒ္ဒိဋ္ဌာနံ ပဒတ္ထာနံ , အနုဒ္ဒေသော ယထာက္ကမံ၊
သန်္ဓာနမိတိ နိဒ္ဒိဋ္ဌံ , ယထာသန်္ဓံ် ကမောပိ စ။

၂၅၉။ ဥဒ္ဒိဋ္ဌာနံ-ရှေးဦးစွာဆိုအပ်ကုန်သော၊ ပဒတ္ထာနံ-ပုဒ်အနက်တို့ကို၊ ယထာက္ကမံ-အစဉ်အားလျော်စွာ၊ အနုဒ္ဒေသော-တစ်ဖန်ဆိုခြင်းကို၊ သန်္ဓာနမိတိ-သန်္ဓာနအလက််ာဟူ၍လည်းကောင်း၊ ယထာသန်္ဓံ် ကွတိ-ယထာသန်္ဓအလက််ာဟူ၍ လည်းကောင်း၊ နိဒ္ဒိဋ္ဌံ-ဆိုအပ်၏၊ ကမောပိစ-ကမအလက််ာဟူ၍လည်း၊ နိဒ္ဒိဋ္ဌော-ဆိုအပ်၏။ [နိဒ္ဒိဋ္ဌံ-ဝုတ္တံ၊ ဋီ။]

၂၆၀။ အာလာပဟာသလီလာဟိ , မုနိန္ဒ ဝိဇယာ တဝ၊
ကောကိလာ ကုမုဒါနိစော-ပသေဝန္တေ ဝနံ ဇလံ။

---

(၁၁) ကမ

၂၅၉။ ။ဥဒ္ဒေသ-နိဒ္ဒေသ, စဉ်ညီမျှ, ကမအလက််ာ။

ရှေးဦးစွာဆိုအပ်သော ပုဒ်အနက်သည် ဥဒ္ဒေသ-မည်၏၊ အနက်ထူးကိုမှီ၍ တစ်ဖန်ဆိုအပ်သော ပုဒ်အနက်သည် အနုဒ္ဒေသ-မည်၏၊ ရှေးဦးစွာ (ဥဒ္ဒေသ-က) ဆိုခဲ့သော အစဉ်နှင့် တူမျှကိုက်ညီအောင် နောက်ထပ် ပုဒ်အနက်တို့ကို ပြဆိုက ကမ-အလက််ာ မည်၏။

အစဉ်အားလျော်စွာဆိုသော အလက််ာဖြစ်သောကြောင့် သန်္ဓာနအလက််ာ-ယထာသန်္ဓ အလက််ာ-ဟူ၍လည်း ခေါ်နိုင်သည်။ [သန်္ဓာန, ယထာသန်္ဓ, ကမ-သဒ္ဒါတို့သည် အနက်တူကုန်၏။]

ထိုကမအလက််ာသည် အပက္ကမဒေါသနှင့် ဖြောင့်ဖြောင့်ဆန့်ကျင်၏၊ ထို့ကြောင့် အပက္ကမဒေါသမှလွန်မြောက်က ကမအလက််ာဖြစ်တော့သည်။ [ကမတီတိ-ကမော၊ ကမံ အနတိက္ကမ္မ-ကမော။]

ဆောင်။　　။ အပက္ကမ, လွန်မြောက်က, ကမအလက််ာ။

ပြန်ပုံစံ။　　။ ၂၆၀။ ပစ္စုပ်-သံသရာ, ကျိုးနှစ်ဖြာကို, မှန်စွာသိခြင်း, စိုးပိုင်နင်းသည်, မင်းမင်းထိပ်တင်, အို အရှင် !-, သုံးခွင်ထွတ်ထား, ရှင်ဘုရား၏, စကားသံမွန်, ပြုံးရယ်ဟန်တို့, လွန်လွန်မင်းမင်း, တင့်တယ်ခြင်းဖြင့်, ငှက်မင်းဥဩ, ကြာဖြူတောကို, နိုင်သောကြောင့်သာ, ဥဩကြာတို့, *ဟေမာစုံဖျား, ရေအိုင်များသို့, ပြေးသွားမှီဝဲကြလေထင့်။

---

* ဟေမာ= တော၊ စုံဖျား= တော။ [ပေါ။]

http://www.dhammadownload.com

၂၆၀။ မုနိန္ဒ–မြတ်စွာဘုရား !၊ တဝ–ရှင်တော်မြတ်ဘုရား၏၊ အာလာပဟာသ လိဒ္ဓာဟိ–အသံတော်၏ တင့်တယ်ခြင်း, ပြုံးရယ်ခြင်းတို့၏ တင့်တယ်ခြင်းတို့ဖြင့်၊ ဝိဇယာ–(အသံကောင်းသောဥဿ, အဆင်းလှသော ကြာဖြူတောတို့ကို) အောင်နိုင်တော်မူခြင်းကြောင့်၊ ကောကိလာ–ဥဿတို့သည်လည်းကောင်း၊ ကုမုဒါနိစ–ကြာဖြူတောတို့သည်လည်းကောင်း၊ ဝနံ–တောကိုလည်းကောင်း၊ ဇလံ–ရေကိုလည်းကောင်း၊ ဥပသေဝန္တေ (ကျဝ)–မှီဝဲကြရလေကုန်ယောင်တကား။

ရှင်း ဤ၌ (က) မြတ်စွာဘုရားအသံတော်, ပြုံးရယ်ခြင်းတို့သည် ရှေးဦးစွာ ဆိုအပ်သောကြောင့် ဥဒ္ဒေသမည်၏၊ (ခ) ဥဿဌက်–ကြာဖြူတော, (ဂ) တော–ရေတို့သည် နောက်ထပ်၍ ဆိုအပ်သောကြောင့် အနုဒ္ဒေသတို့မည်၏။

(က) ထိုတွင် အသံတော်နှင့်ဥဿ, ဥဿနှင့်တော, (ခ) ပြုံးရယ်ခြင်းနှင့်ကြာဖြူတော, ကြာဖြူတောနှင့်ရေတို့ ဥဒ္ဒေသ–နိဒ္ဒေသအစဉ် ကိုက်ညီသောကြောင့် ကမအလင်္ကာမည်၏။

အလင်္ကာ ရောရာ၌ မှတ်ဖွယ် မြတ်စွာဘုရားအသံတော်မှ ရှုံးသောကြောင့် ကရဝိတ်တို့ တောသို့ ကပ်ကြရခြင်းသည်လည်းကောင်း, မြတ်စွာဘုရား၏ ပြုံးရယ်ခြင်းမှရှုံးသောကြောင့် ကြာဖြူတောတို့ ရေသို့ ကပ်ရခြင်းသည်လည်းကောင်း အကြောင်းမှန် မဟုတ်ချေ၊ ကြဲဆဆိုထားသော စကားမျှသာဖြစ်သည်၊ ထို့ကြောင့် ဤဝဿဒါကိုဆောင်၍ အနက်ပေးရသည်၊ ထိုသို့ကြံဆ၍ ဆိုသောကြောင့် ပရိကပ္ပနာအလင်္ကာ–ဟု ဆိုသင့်ပါသော်လည်း အလင်္ကာအမျိုးမျိုး ရောနှောရာ၌ ဆိုလိုသောသူ၏ အလိုရှိအပ်သော အလင်္ကာကိုသာ မုချအားဖြင့် ခေါ်ဝေါ်ရပေသည်၊ သို့ဖြစ်၍ ပရိကပ္ပနာအလင်္ကာနှင့် ရောနှောနေသော်လည်း ဥဒ္ဒေသအစဉ်အားဖြင့် ပြအပ်သော အနုဒ္ဒေသကို အဦးပြုသောကြောင့် [အစဉ်ကိုသာ ပဓာနထား၍ ဆိုသောကြောင့်] ကမအလင်္ကာသာ ခေါ်ရသည်၊ နောက်လည်း ဤနည်းချည်း မှတ်လေ။

ဆောင်။ ။ ပရိကပ္ပနာ, မည်သင့်ပါလည်း, စဉ်သာပဓာန, ထားကာပြု၍, ကမအလင်္ကာ, ခေါ်ရပါ၏၊ များစွာလင်္ကာရ, ပေါင်းဆုံကမူ, ညွှန်ပြလိုရာ, အလင်္ကာကို, မှန်စွာပဓာန, ခေါ်ဝေါ်ရသည် . . . . မှတ်ကြနောက်လည်း ဤနည်းတည်း။

မြန်ပုံစံ။ ။ အတိ–အနု, ခေါ်ပြုအဝ, ဇာတသုံးဖြာ, ကျမ်းနှိုက်လာသား, မာတာ–ပိတ, မိနှင့် ဘထက်, သီလ–သမာ, ပညာကျင့်မူ, လွန်–တူ–ယုတ်ထ, သားသုံးဝတည့်။ (မဃ–၃၂၁။)

မြေကြီးကုန်နိုး, မြေတုန်နိုးနှင့်, မိုးလည်းပြိုအံ့, မြေပျောက်တုံ့ဟု, ကြောက်ရွံ့စိုးထိတ်, မလုံစိတ်ဖြင့်, အဟိတ်ပီပီ, ဉာဏ်မမှီသည့်, တိနှင့်ကြိုးကြာ, မိုက်စွာတုံမြောက်, တိတွတ်မျောက်တို့။ (မဃ–၃၇၂။) [မဃဒေဝ ပိုဒ်ရေ ၁၃၈–ကိုလည်း ကြည့်ပါလေ။]

http://www.dhammadownload.com

၁၂။ ပိယတရ-အလက််ာ

၂၆၁။ သိယာ ပိယတရံ နာမ , အတ္ထရူပဿ ကဿစိ၊
ပိယဿာတိသယေနေတံ , ယံ ဟောတိ ပဋိပါဒနံ။

၂၆၁။ အတိသယေန-အလွန်အားဖြင့်၊ ပိယဿ-ချစ်နှစ်သက်အပ်သော၊ ကဿစိ-အမှတ်မပြု, တစ်စုံတစ်ခုသော၊ အတ္ထရူပဿ-အနက်သဘောကို၊ ယံ ပဋိပါဒနံ-အကြောင်ပြီးစေခြင်း, ပြောဆိုခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဧတံ-ဤပြီးစေခြင်း, ပြောဆိုခြင်းသည်၊ ပိယတရံနာမ-ပိယတရအလက််ာမည်သည်၊ သိယာ-ဖြစ်၏။

၂၆၂။ ပိတိယာ မေ သမုပ္ပန္နာ , သန္တာ သန္ဒဿနာ တဝ၊
ကာလေနာယံ ဘဝေ ပိတိ , တဝေဝ ပုန ဒဿနာ။

၂၆၂။ သန္တာ-မြတ်စွာဘုရား !၊ တဝ-ရှင်တော်မြတ်ဘုရားကို၊ သန္ဒဿနာ-ဖူးမြင်ရခြင်းကြောင့်၊ ယာပိတိ-အကြင်ပိတိသည်၊ မေ-အကျွန်ုပ်၏သန္တာန်၌၊ သမုပ္ပန္နာ-ကောင်းစွာမသွေ, ဖြစ်ပေါ်ခဲ့လေပြီ၊ အယံ ပိတိ-ဤပိတိမျိုးသည်၊ ကာလေန-သင့်လျော်လှစွာ, ချိန်အခါ၌၊ တဝေဝ-ရှင်တော်ဘုရားကိုသာလျှင်၊ ပုန-နောက်ထပ်တစ်ဖန်၊ ဒဿနာ-ဖူးမြော်ရခြင်းကြောင့်၊ ဘဝေ-ဖြစ်နိုင်ပါလိမ့်မည်။

---

(၁၂) ပိယတရ

၂၆၁။ ။ လွန်စွာစွဲမက်, နှစ်သက်အပ်သော, သဘောအတ္ထ, မြွက်ဟော်ပြ, ပိယတရာ-အလက််ာ။

မိမိ အလွန်နှစ်သက်အပ်သော တစ်စုံတစ်ခုသော အနက်သဘောကို ဖော်ပြပြော ဆိုသော အလက််ာသည် ပိယတရအလက််ာမည်၏။ [အတိသယေန ပိယံ-ပိယတရံ။]

ပြန်ပုံစံ။ ။၂၆၂။ ပူမှုခပ်သိမ်း, ကင်းပြတ်ငြိမ်းလျက်, ရုပ်သိမ်းခန္ဓာ, စောမြတ်စွာ !-, လွန်စွာကြည်လင်, ရှင့်ရုပ်သွင်ကို, ဖူးမြင်ရငြား, ကျွန်ုပ်အားလျှင်, ဖြစ်ပွားပြည့်ဖြိုး, ပိတိမျိုးသည်, သင့်နိုးတော်ရာ, ချိန်အခါ၌, ဂုဏ်ဝါပေါ်ထင်, ပြည့်စုံလင်သည့်, ရှင်ပင်ကိုသာ, ဖူးရပါမှ ....ထပ်ကာဖြစ်မည်-ထင်ပါသည်။

ရှင်း ရှင်တော်မြတ်ဘုရား ! ရှင်တော်မြတ်ဘုရားကို ဖူးမြော်ရစဉ်အခါ၌ ဖြစ်သော ပိတိမျိုးသည် [ရှင်တော်မြတ်ဘုရားနှင့် တူသူမရှိသောကြောင့်] တခြားသူကို တွေ့မြင်ရသော်လည်း ဖြစ်နိုင်မည်မဟုတ်ပါ၊ ရှင်တော်မြတ်ဘုရားကို ဖူးမြော်ရမှသာ ဖြစ်နိုင်ပေလိမ့်မည်၊ ထို့ကြောင့် "ရှေးက ဖူးမြော်ရသလို နောင်ကိုလည်း ဖူးမြော်ရပါလို၏"ဟု ဆိုလိုသည်။

http://www.dhammadownload.com

၁၃။ သမာသဝုတ္တိ-အလင်္ကာ

၂၆၃။ ဝဏ္ဏိတေနောပမာနေန , ဝုတ္တာဓိပ္ပေတဝတ္ထုနော၊
သမာသဝုတ္တိ နာမာယံ , အတ္ထသခ်ေပရူပတော။

၂၆၃။ ဝဏ္ဏိတေန-ချီးမွမ်းအပ်သော၊ ဥပမာနေန-ဥပမာနဝတ္ထုဖြင့်၊ အဓိပ္ပေတဝတ္ထုနော-အလိုရှိအပ်သော (စိတ်၌ထားအပ်သည့် ဥပမေယျ)ဝတ္ထုကို၊ ဝုတ္တာ-ဆိုခြင်းကြောင့်၊ အတ္ထသခ်ေပရူပတော-အနက်ကိုချုံးခြင်းသဘော ရှိသောကြောင့်၊ အယံ-ဤအလင်္ကာကာသည်၊ သမာသဝုတ္တိနာမ-သမာဝုတ္တိအလင်္ကာမည်၏။

ဤ၌ ဘုရား-တည်းဟူသော အနက်သဘောကို အလွန်နှစ်သက်ချစ်ခင်ကြောင်းကို [ချစ်ခင်အပ်သည်၏အဖြစ်ကို] ဖော်ပြပြောဆိုသောကြောင့် ပိယတရအလင်္ကာမည်၏။

မြန်ပုံစံ။ ။ မောင့်မျက်နှာကို, မာတာမိခင်, မြင်ရသောခါ, ဥပမာမူ, ရတနာမျိုး, ရွှေအိုး ပဒေသာ, ပေါက်ပေလာသည်, ပမာတမျှ, မောင်သားလှကြောင့်, ဝသည်ပီတိ, ရှိသည်ရိုးတွင်း, ခြင်ဆီချဉ်းမျှ, ချစ်မောလှလျက်, သန်းပြကြမ်းပိုး, မှက်ခြင်မျိုးက, ဟူသမျှလည်း, ကိုက်ရမဲ့ပါ, မောင့်ကိုသာလျှင်, ချမ်းသာစိမ့်ကြောင်း, သမားကောင်းနှင့်, ဆေးကောင်းစားစား, ရှောင်ရှားအစာ, ဤသာကျန်တော, ရှိစေသောဟု, စိတ်ဓောကြည်သာ, ဆုတောင်းကာနှင့်, တဖြာညောင်ရေ, စထွေနေ့ည, သွန်းချမယွန်း, ဘန်ဘန်ပွန်းသည် . . . . ရွှန်းရွှန်းနေ့တိုင်း-စိုး၏တည်း။ (ပုတ္တော-၇။)

(၁၃) သမာသဝုတ္တိ

၂၆၃။ ။ ချီးမွမ်းအပ်လှ, ပမာနဖြင့်, မေယျစိတ်မှတ်, ဝုက်ဆိုလတ်, သမာသ်ဝုတ္တာ-အလင်္ကာ။ [သမာသဝုတ္တိအလင်္ကာ-ဟူလို။]

ဥပမာအလင်္ကာ, ရူပကအလင်္ကာတို့၌ကဲ့သို့ ဥပမာန,ဥပမေယျတို့ကို အကျယ်တဝင့် ထုတ်ဖော်၍မပြဆိုဘဲ ဥပမေယျဝတ္ထုကို စိတ်၌ သိဝုက်မှတ်သားထားလျက် ထိုဥပမေယျဝတ္ထုနှင့် ဂုဏ်ရည်တူမျှသော ဥပမာနဝတ္ထုမျှကိုသာ ဂုဏ်ထူးဝိသေသန အပြည့်အစုံနှင့် တကွ ပြောဆိုရေးသားခြင်းသည် အနက်ကို ချုံးခြင်းသဘော ရှိသောကြောင့် သမာသဝုတ္တိအလင်္ကာမည်၏။ [သမာသေန ဝုတ္တိ-သမာသဝုတ္တိ။]

ဥပမေယျကို မပြဆိုဘဲ ဂုဏ်ထူးဝိသေသနအပြည့်အစုံနှင့်တကွသော ဥပမာနမျှကိုသာ ပြဆိုခြင်းသည် သမာသဝုတ္တိအလင်္ကာမည်၏-ဟု အကျဉ်းမှတ်။

ဥပမာနမျှကိုသာဆိုသော်လည်း အရကောက်သောအခါ ဥပမေယျကိုသာ အရကောက်ရသည်၊ တိုက်ရိုက်ထုတ်ဆိုသော ဥပမာနပုဒ်သည် လိုရင်းမဟုတ်၊ အပမာနနှိုင်းယှဉ်ကြောင်းမျှသာ ဖြစ်၏၊ ထိုဥပမာန အပမာနအနက်ကို ထောက်ဆ၍သိအပ်သော ဥပမေယျသာ လိုရင်း(ပမာန)ဖြစ်သည်-ဟူလို။

http://www.dhammadownload.com

၂၆၄။ သာယံ ဝိသေသျမတ္တေန , ဘိန္နာဘိန္နဝိသေသနာ၊
အတ္ထေဝ အပရာပျတ္ထိ , ဘိန္နာဘိန္နဝိသေသနာ။

၂၆၄။ သာယံ-ထိုသမာသဝုတ္တိအလင်္ကာသည်၊ ဝိသေသျမတ္တေန-(ဥပမာန, ဥပမေယျ) ဝိသေသသျမျှဖြင့်၊ ဘိန္နာ-ကွဲပြားသည်ဖြစ်၍၊ အဘိန္နဝိသေသနာ-(သိလေသအားဖြင့်) မကွဲပြား(တူ)သော ဝိသေသနရှိသော အလင်္ကာသည်၊ အတ္ထေဝ-ရှိသည်သာ၊ ဘိန္နာဘိန္နဝိသေသနာ-(သိလေသအားဖြင့်) ကွဲပြားသောဝိသေသန, မကွဲပြား(တူ)သောဝိသေသနရှိသော၊ အပရာပိ-တစ်ပါးသော သမာသဝုတ္တိအလင်္ကာသည်လည်း၊ အတ္ထိ-ရှိသေး၏။

၂၆၅။ ဝိသုဒ္ဓါမတသန္နာယီ , ပသတ္ထရတနာလယော၊
ဂမ္ဘီရော စာယမမ္ဘောဓိ-ပုညေနာပါဒိတော မယာ။

ဘေဒ။　။ **၂၆၄။** ဝိသေသ်မျှပေ, ကွဲပြားလေ၍, ဝိသေထပ်တူ, တူ-မတူ, မှတ်ယူနှစ်မျိုးသာ။

ထိုသမာသဝုတ္တိအလင်္ကာသည်-

(က) ဥပမာန,ဥပမေယျ ဝိသေသျမျှသာ ကွဲပြား၍ သိလေသအားဖြင့် ဝိသေသနတူညီသော- အဘိန္နဝိသေသနသမာသဝုတ္တိ,

(ခ) ဥပမာန,ဥပမေယျ ဝိသေသျမျှကွဲပြား၍ မတူသောဝိသေသန, တူသော ဝိသေသန နှစ်မျိုးပါရှိသော- ဘိန္နာဘိန္နဝိသေသနသမာသဝုတ္တိ-ဟု နှစ်မျိုးပြား၏။

[ပမာ-ပမည်း, ဝိသေသျဒြပ် နှစ်ခုကွဲပြားလျက် (က) ဝိသေသနတူသော သမာသဝုတ္တိ, (ခ) ဝိသေသန တူ-မတူသော သမာသဝုတ္တိ-ဟု နှစ်မျိုးပြားသည်-ဟု အကျဉ်းမှတ်။]

(က)ပြန်ပုံစံ။　။ **၂၆၅။** ညစ်ကြေးကင်းကွာ, မြိုက်ရသာကို, ကောင်းစွာပေးတတ်, ဖိုးမပြတ်သည့်, အမြတ်ရတနာ, ဖြစ်တည်ရာတည့်, လွန်စွာနက်ထ, သမုဒ္ဒသို့, ဘဝပါရမီ, ထောက်ကူညီ၍, ရောက်ပြီကျွန်ုပ်ကောင်းစွာတည်း။

ရှင်း　ဤကဗျာ၌ ဝိသေသန သုံးချက်ပါရှိ၏၊ ထိုဝိသေသန သုံးချက်တို့တွင်-
(က) "ညစ်ကြေးကင်းကွာ, မြိုက်ရသာကို, ကောင်းစွာပေးတတ်"ဟူသော ဝိသေသနသည် ဥပမာနဖြစ်သော သမုဒ္ဒရာ၌စပ်ခိုက် "အညစ်အကြေးကင်းကွာသည့် အမြိုက်သုဓာ အရသာကို ကောင်းစွာပေးတတ်သော"ဟူသော အနက်ကို ဟော၏၊ ဥပမေယျဖြစ်သော တရားတော်၌စပ်ခိုက် "အညစ်အကြေးကင်းစင်သည့် အမြိုက်နိဗ္ဗာန်-တည်းဟူသော အရသာကို ကောင်းစွာပေးတတ်သော"ဟူသော အနက်ကို ဟော၏။

http://www.dhammadownload.com

၂၆၅။ ဝိသုဒ္ဓါမတသန္ဒာယီ–အထူးသဖြင့်စင်ကြယ်သော အမြိုက်သုဓာကို ပေးတတ်သော (ဥပမာန)၊ ဝါ–အထူးသဖြင့်စင်ကြယ်သော အမြိုက်နိဗ္ဗာန်ကို ပေးတတ်သော (ဥပမေယျ)၊ ပသတ္ထရတနာလယော–ချီးမွမ်းအပ်သော ရတနာဆယ်ပါးတို့၏ တည်ရာဖြစ်သော (ဥပမာန)၊ ဝါ–ချီးမွမ်းအပ်သော ၃၇–ပါးသော ဗောဓိပက္ခိယတရားရတနာတို့၏ တည်ရာဖြစ်သော (ဥပမေယျ)၊ ဂမ္ဘီရော–ထောက်တည်ရာမရအောင် နက်သော (ဥပမာန)၊ ဝါ–ဧကတ္တစသောနည်းလေးပါးတို့ဖြင့် နက်နဲသော (ဥပမေယျ)၊ အယံ အမ္မောဓိ–ဤနို့ဓမ်းသမုဒ္ဒရာသို့လည်း၊ ဝါ–စိတ်ကမ္ဘတ်ထား သမုဒ္ဒရာတည်းဟူသော သူတော်ကောင်းတရားသို့လည်း၊ ပုညေန–ဘဝများစွာ, ဆည်းပူးလာသည့် ပါရမီကုသိုလ်ကြောင့်၊ မယာ–ငါသည်၊ အာပါဒိတော–ရောက်အပ်ခဲ့လေပြီ။

(ခ) "ဖိုးမပြတ်သည့်, အမြတ်ရတနာ, ဖြစ်တည်ရာတည့်"ဟူသော ဝိသေသနသည် ဥပမာနဖြစ်သော သမုဒ္ဒရာ၌ စပ်ရခိုက် "အဖိုးအတိုင်းမသိ ထိုက်တန်သည့် ပုလဲ,ပတ္တမြား–စသော မြတ်သောရတနာတို့၏ တည်ရာဖြစ်ထသော"ဟူသော အနက်ကို ဟော၏၊ ဥပမေယျဖြစ်သော တရားတော်၌ စပ်ရခိုက် "အဖိုးအတိုင်းမသိ ထိုက်တန်မြင့်မြတ်သော ၃၇–ပါးသော ဗောဓိပက္ခိယတရားရတနာတို့၏ ဖြစ်ထွန်းတည်ရှိရာဖြစ်ထသော"ဟူသော အနက်ကို ဟော၏။

(ဂ) "လွန်စွာနက်ထ"ဟူသော ဝိသေသနသည် ဥပမာနဖြစ်သော သမုဒ္ဒရာ၌စပ်ရခိုက် "ထောက်တည်ရာမရအောင် လွန်စွာနက်ထသော"ဟူသော အနက်ကို ဟော၏၊ ဥပမေယျဖြစ်သော တရားတော်၌ စပ်ရခိုက် "ဧကတ္တ–စသော နည်းလေးပါးတို့ဖြင့် လွန်စွာနက်နဲထသော" ဟူသော အနက်ကို ဟော၏။

"သမုဒ္ဒသို့"ဟူသောပုဒ်သည် ဝိသေသျမည်၏၊ ထိုသမုဒ္ဒ–ဟူသော ဝိသေသျသည် "သမုဒ္ဒရာ"တည်းဟူသော ဥပမာအနက်ကိုလည်း ဟော၏၊ "စိတ်ကမ္ဘတ်သားထားသော သူတော်ကောင်းတရား"ဟူသော ဥပမေယျအနက်ကိုလည်း ဟော၏။ [ပါဠိပုံစံအတွက် အနက်ပေးထားသည်ကို ကြည့်ရှု၍ နားလည်နိုင်လောက်ပြီ။]

ဤပုံစံ၌ ဥပမာအရ–သမုဒ္ဒရာ, ဥပမေယျအရ–တရားကို ရသောကြောင့် ဥပမာန, ဥပမေယျ ဝိသေသျဒြပ်နှစ်ခု ကွဲပြားသော်လည်း ဝိသေသနသုံးခုတို့သည် ပြဆိုခဲ့ပြီးသည့်အတိုင်း ဥပမာန,ဥပမေယျ နှစ်ခုတို့နှင့် သင့်တင့်ဆက်ဆံတူမျှသောကြောင့် အဘိန္နဝိသေသနမည်၏၊ ဥပမေယျကို မဆိုဘဲ ဝိသေသနအပြည့်အစုံနှင့်တကွသော ဥပမာနမျှကိုသာ [အကျဉ်းချုံးသဖြင့်] ပြဆိုသောကြောင့် သမာသဝုတ္တိလည်းမည်၏၊ ထိုနှစ်ခုကို ပေါင်းသော် "အဘိန္နဝိသေသနသမာသဝုတ္တိ"မည်၏။

http://www.dhammadownload.com

၂၆၆။ ကျစ္ဆိတတ္ထပဒေါ သာရော , ဖလပုပ္ဖောပသောဘိတော၊
သစ္ဆာယောယမပုဗ္ဗော၀ , ကပ္ပရုက္ခော သမုဒ္ဒိတော။

၂၆၆။ ကျစ္ဆိတတ္ထပဒေါ-အလိုရှိအပ်သော ၀တ်စားတန်ဆာစသော လောကီအကျိုးကို ပေးတတ်သော (ဥပမာန)၊ ၀ါ-အလိုရှိအပ်သော လောကီ,လောကုတ္တရာအကျိုးကို (လျော်စွာ)ပေးတတ်သော (ဥပမေယျ)၊ သာရော-သစ်ပင်ဟူသမျှတို့ထက်မြတ်သော (ဥပမာန)၊ ၀ါ-သတ္တ၀ါဟူသမျှတို့ထက်မြတ်သော (ဥပမေယျ)၊ ဖလပုပ္ဖောပသောဘိတော-အသီးအပွင့်တို့ဖြင့် တင့်တယ်သော (ဥပမာနအတွက်သာ)၊ သစ္ဆာယော-အရိပ်ရှိသော (ဥပမာန)၊ ၀ါ-ရောင်ခြည်တော်ခြောက်သွယ်ရှိသော (ဥပမေယျ)၊ အပုဗ္ဗော၀-ရှေးဦးမဖြစ်ဘူးသည်သာလျှင်ဖြစ်သော၊ အယံကပ္ပရုက္ခော-ဤပဒေသာပင်သည် (ဥပမာနဝိသေသျ)၊ ၀ါ-စိတ်ကမှတ်သား ပဒေသာပင်တည်းဟူသော မြတ်စွာဘုရားသည် (ဥပမေယျဝိသေသျ)၊ သမုဒ္ဒိတော-ကောင်းစွာမသွေ, ဖြစ်ပေါ်၍လာခဲ့လေပြီ။

အနက်နှစ်မျိုးပေးထားရာ၌ ဥပမာနဖြစ်သော ပထမအနက်သာ လိုရင်းဖြစ်၏၊ သို့သော် အရကောက်သောအခါ ဥပမေယျဖြစ်သော ဒုတိယအနက်အတိုင်းသာ ကောက်ရမည်။

မြန်ပုံစံ။ ။ သေချာမှတ်သွင်း, ပြည့်ဦးကင်းကို, သားမင်းမနှိမ်, ဂုဏ်သိမ်မြင့်လွန်, ပြည့်တံခွန်ကို, သားမွန်မချ, နေ့ညမြင်သိ, ပြည်မျက်စိကို, မထိမပါး, ပြည့်နားမပယ်, ပြည်စွယ်မချိုး, မည်ိုးမျက်နှာ, မနာပြည့်၀မ်း, သန်စွမ်းခြေလက်, ပယ်မဖျက်ဘဲ, အမျက်ကိုးကွင်း, ဆင်နှိုင်လျှင်း၍, ထွန်း၀င်းဂုဏ်ရောင်, တပြောင်ပြောင်သည် . . . . မိုးခေါင်ထိုးဖောက်စေဘိလော့။ (မဃ-၁၈၀။)

ဤ၌ မင်းတို့ကျင့်ရာ ကိုးပါးကို ထိန်၀ှက်၍ နဝရတ်ကိုးပါးအမည်ဖြင့် သဒိသူပစာအားဖြင့် တင်စားခေါ်ဝေါ်ခြင်းသည် သမာနရူပါပဟေဠိမည်၏၊ ဤသမာနရူပါပဟေဠိကိုလည်း ဂုဏ်ထူး၀ိသေသန မပါစေကာမူ အနက်ကိုချုံးခြင်းသဘော ရှိသောကြောင့် သမာသဝုတ္တိအလက််ာ-ဟူ၍ပင် ယူသင့်၏။

(ခ) ပြန်ပုံစံ။ ။ ၂၆၆။ လိုရှိကျိုးမြတ်, ပေးဆောင်တတ်သား, မြင့်မြတ်လွန်စွာ, တစ်ဖြာပွင့်သီး, ခိုင်ဖြီးဝေဆာ, တင့်တယ်ပါသား, ဆာယာပြည့်၀, ရှေးကမဖြစ်, ခုသာဖြစ်၍, ထူးသစ်ရက္ခာ, ပဒေသာသည် . . . ကောင်းစွာဖြစ်ပေါ်လာခဲ့ပြီ။

ရှင်း ။ ဤ၌ သစ်ပင်သည်-ဥပမာန, ဘုရားသည်-ဥပမေယျမည်၏၊ ၄င်းသည် ဝိသေသျဖြစ်၏၊ ထိုဝိသေသျ၌ (က) ကျစ္ဆိတတ္ထပဒေါ-(လိုရှိကျိုးမြတ်, ပေးဆောင်တတ်သား), (ခ) သာရော-(မြင့်မြတ်လွန်စွာ), (ဂ) ဖလပုပ္ဖောပသောဘိတော-

http://www.dhammadownload.com

ပုံစံရှင်းပြ-အကျဉ်းမျှ

၂၆၇။ သာဂရတ္တေန သဒ္ဓမ္မော , ရုက္ခတ္တေနောဒိတော ဇိနော၊
သဗ္ဗေ သာဓာရဏာ ဓမ္မာ , ပုဗ္ဗတြာညတြတုတ္တယံ။

၂၆၇။ သဒ္ဓမ္မော-ဘုရားဟောဖော်, တရားတော်ကို၊ သာဂရတ္တေန-သမုဒ္ဒရာ အသွင်ဖြင့်၊ ဥဒိတော-ဆိုအပ်ပြီ၊ ဇိနော-မြတ်စွာဘုရားကို၊ ရုက္ခတ္တေန-ပဒေသာပင် အသွင်ဖြင့်၊ ဥဒိတော-ဆိုအပ်ပြီ၊ ပုဗ္ဗတြ-(ဝိသုဒ္ဓါမတသန္ဒာယီ-စသော) ရှေ့ဂါထာ၌၊ သဗ္ဗေ-အလုံးစုံကုန်သော၊ ဓမ္မာ-ဂုဏ်ဝိသေသနတို့သည်၊ သာဓာရဏာ-(သမုဒ္ဒရာ-တရား, နှစ်ပါးတို့နှင့်) ဆက်ဆံတူမျှကုန်၏၊ အညတြတု-(ဣစ္ဆိတတ္ထပဒေါ-စသော) နောက်ဂါထာ၌ကား၊ တယံ-(ဣစ္ဆိတတ္ထပဒေါ, သာရော, သစ္ဆာယော-ဟူသော) ဝိသေသနသုံးခုအပေါင်းသည်သာ၊ သာဓာရဏံ-(သစ်ပင်-ဘုရား, နှစ်ပါးတို့နှင့်) ဆက်ဆံတူမျှ၏၊ (ဧကံ-တစ်ခုသော "ဖလပုပ္ဖောပသောဘိတော"ဟူသော ဝိသေသနသည်၊ အသာဓာရဏံ-နှစ်ပါးလုံးနှင့် မဆက်ဆံ၊ ဝါ-သစ်ပင်-ဟူသော ဝိသေသျ တစ်ခုနှင့်သာ ဆက်ဆံ၏။) [အညတ္ထာပေါဟနနည်း ကြံလေ။]

(တစ်ဖြာ ပွင့်သီး, ခိုင်ဖြီးဝေဆာ, တင့်တယ်ပါသား), (ဃ) သစ္ဆာယော-(ဆာယာပြည့်ဝ)-ဟု ဝိသေသနလေးပုဒ် ပါရှိ၏၊ [မြန်မာပုံစံနက်ကို ပါဠိကိုနည်းမှီ၍ သိပါလေ။]

ထိုလေးပုဒ်တို့တွင် ဖလပုပ္ဖောပသောဘိတော-(တစ်ဖြာပွင့်သီး, ခိုင်ဖြီးဝေဆာ, တင့်တယ်ပါသား) ဟူသော ဝိသေသနပုဒ်သည် ဥပမာနဖြစ်သော သစ်ပင်နှင့်သာ ဆက်ဆံ၏၊ ဥပမေယျဖြစ်သော ဘုရားနှင့် မဆက်ဆံ၊ ထို့ကြောင့် ဘိန္နဝိသေသနမည်၏၊ ကျန်ဝိသေသနသုံးခုတို့သည် ဥပမာနဖြစ်သော-သစ်ပင်, ဥပမေယျဖြစ်သော-ဘုရား နှစ်ပါးလုံးနှင့် ဆက်ဆံတူမျှကုန်၏၊ ထို့ကြောင့် အဘိန္နဝိသေသနမည်၏၊ ဥပမေယျကို တိုက်ရိုက်ထုတ်မဆိုဘဲ စိတ်၌မှတ်သားထားပြီးလျှင် ဝိသေသနနှင့်တကွ ဥပမာနမျှကိုသာ အကျဉ်းချုံးသဖြင့် ဆိုသောကြောင့် သမာသဝုတ္တိလည်းမည်၏၊ ထိုသုံးရပ်ကိုပေါင်းသော် "ဘိန္နာဘိန္နဝိသေသနသမာသဝုတ္တိ"မည်၏။

ပုံစံရှင်းပြချက်။ ။ ၂၆၇။ ဝိသုဒ္ဓါမတသန္ဒာယီ-စသော ရှေ့ပုံစံ၌ တရားကိုသမုဒ္ဒရာနှင့် ဂုဏ်တူထားသောကြောင့် သမုဒ္ဒရာသဘော သမုဒ္ဒရာအသွင်ဖြင့် ဆိုထား၏၊ ထိုပုံစံ၌ ဝိသေသနသုံးခုတို့သည် သမုဒ္ဒရာ,တရား နှစ်ပါးလုံးနှင့် ဆက်ဆံကုန်၏။

ဣစ္ဆိတတ္ထပဒေါ-စသော နောက်ပုံစံ၌ မြတ်စွာဘုရားကို ပဒေသာပင်နှင့် ဂုဏ်တူ သောကြောင့် ပဒေသာပင်သဘော ပဒေသာပင်အသွင်ဖြင့် ဆိုထား၏၊ ထိုပုံစံ၌ ဖလ ပုပ္ဖောပသောဘိတော-(တစ်ဖြာပွင့်သီး, ခိုင်ဖြီးဝေဆာ, တင့်တယ်ပါသား)ဟူသော ဝိသေသနတစ်ခုသည် သစ်ပင်နှင့်သာဆက်ဆံ၏၊ ဘုရားနှင့်မဆက်ဆံချေ၊ ကြွင်းဝိသေသန သုံးပုဒ်သည် သစ်ပင်,ဘုရား နှစ်ပါးလုံးနှင့်ဆက်ဆံ၏။

http://www.dhammadownload.com

၁၄။ ပရိကပ္ပနာ-အလင်္ကာ

၂၆၈။ ဝတ္ထုနောညပ္ပကာရေန , ဌိတာ ဝုတ္တိ တဒညထာ၊
ပရိကပ္ပီယတေ ယတ္ထ , သာ ဟောတိ ပရိကပ္ပနာ။

[အပုဗ္ဗောဝ-(ရှေးကမဖြစ်, ခုသာဖြစ်၍, ထူးသစ်)ဟူသော ပုဒ်သည် ဝိသေသန မည်ကာမတ္တမျှသာ ဖြစ်၏၊ ထိုပုဒ်ဖြင့် သင့်လျော်လျောက်ပတ် ချီးမွမ်းအပ်သော ဂုဏ်ထူး တစ်စုံတစ်ရာကို မပြနိုင်ချေ၊ ထို့ကြောင့် ဝိသေသနအနက်ကို ရှေ့လေးပါးတို့၌သာ စိစစ်ပြဆိုသည်-ဟု မှတ်အပ်၏။]

သမာသဝုတ္တိ ဉာဏ်ရွှင်ဆေး ရှေးအခါ ဒိသာပါမောက္ခဆရာတစ်ဦးထံ တပည့်လုလင်ငါးရာတို့ ပညာသင်ကြ၏၊ သူတို့သည် ပညာဆုံးခန်းတိုင်ရောက် တတ်မြောက်သော အခါ ဆရာသိသလောက် ငါတို့သိပြီ၊ ဆရာနှင့်ငါတို့ အထူးမရှိတော့ပြီ-ဟု မာန်တက်၍ ဆရာအားခစားမှု မပြုကြကုန်၊ တစ်နေ့သောအခါ ဆရာသည် ဆီးပင်အောက်၌ ထိုင်နေ၏၊ ထိုအခါ ဆရာကို ရှုတ်ချလို၍ (နိဿာရောဝတာယံ ရုက္ခော) "ဤသည့်သစ်ပင်, အနှစ်လျှင်, ကင်းစင်ပါပေစွ"ဟု ဆိုကြ၏၊ ထိုသို့ပင် ဆိုစေကာမူ သူတို့စိတ်၌ ဝှက်ထားသော "ဆီးပင်ပမာ, တို့ဆရာ, ကင်းကွာနှစ်သာရ"ဟူသော အနက်အဓိပ္ပာယ်ကို ဆရာသိသွား၏။

ထိုသို့သိသွား၍ (ကာလော ဃသတိ-စသော) ပြဿနာတစ်ပုဒ်ကို မေး၏၊ တပည့်ငါးရာတို့ မဖြေနိုင်သောအခါ (ပခုံးကြားထွက်, လည်ပင်းထက်၌, နားရွက်မျက်စိ, ပေါက်ဘိမွေးဆံ, ခြံရံဝန်းကျင်, ဥက္ခောင်းဖြင်လည်း, အမြင်အသိ, ရှိသည်ဥက္ခောင်း, လွန်နည်းတောင်း၏)ဟု နှိပ်ကွပ်ပြောဆို၏၊ ထိုနောက်မှ ဆရာကို ကန်တော့ကြ၍ မာန်မထောင်ဝံ့ဘဲ ခစားကြ၏။ [ပဏ္ဏာသ-၄၊ ဇာတ်-၄။]

အထက်ပါပုံစံ၌ ဆရာကို ဆီးပင်အသွင်ထား၍ ဆိုခြင်းသည် (ဝိသေသန မပါသော်လည်း) သမာသဝုတ္တိအလင်္ကာပင် မည်၏၊ မြန်မာ၌ ဤသို့ပြောဆိုခြင်းမျိုးကို စောင်းပါးရိပ်ခြည်ပြောသည်-ဟု ခေါ်သည်၊ ပေါများလှ၏၊ မန်လည်ဆရာတော်ဘုရားကြီးသည်လည်း " ဥပမေကို, မြှုပ်သွေထားချန်, ဥပမာန်မျှ, အကျဉ်းပြက, သမာသအလင်္ကာ" ဟု နယဒဿနနိဂုံး၌ မိန့်ဆိုခဲ့ပေသည်၊ ဝိသေသနပါရမည်-ဟု မဆိုခဲ့ပေ။

ပရိကပ္ပနာ

၂၆၈။ ။ သဘောလျောက်သာ, မှန်ကန်စွာလျှင်, ဖြစ်လာထင်ရှား, ဝတ္ထုများကို, ပယ်ရှား ပကတိ, ကြံဆိုဘိ, ပရိကပ္ပနာ။

သဘောသဘာဝအလျောက် မှန်ကန်စွာဖြစ်နေသော ဝတ္ထုများကို ထိုဟုတ်မှန်သော ပကတိသဘောကို ပယ်စွန့်၍ တစ်မျိုးတစ်ဖုံအားဖြင့် ကြံစည်ပြောဆိုအပ်သော အလင်္ကာသည် ပရိကပ္ပနာအလင်္ကာမည်၏။

http://www.dhammadownload.com

၂၆၈။ ယတ္ထ–အကြောင်အလင်္ကာ၌၊ ဝတ္ထုနော–တစ်စုံတစ်ခုသောဝတ္ထု၏၊ အညပ္ပကာရေန–တစ်ပါးသော(ဟုတ်မှန်သည့်)အပြားအားဖြင့်၊ ဌိတာ–တည်သော၊ ဝုတ္တိ–ဖြစ်ပုံကို၊ တဒညထာ–ထိုမှတစ်ပါးသော အပြားအားဖြင့်၊ ပရိကပ္ပိယတေ–ကြံအပ်၏၊ သာ–ထိုအလင်္ကာသည်၊ ပရိကပ္ပနာ–ပရိကပ္ပနာအလင်္ကာမည်သည်၊ ဟောတိ–ဖြစ်၏။

၂၆၉။ ဥပမာဇ္ဈန္တ ရတ္တေန , ကိရိယာဒိဝသေန စ၊
ကမေနောဒါဟရိဿာမိ , ဝိဝိဓာ ပရိကပ္ပနာ။

၂၆၉။ ဥပမာဇ္ဈန္တ ရတ္တေန–ဥပမာ အတွင်း၌ရှိသည်၏ အဖြစ်ဖြင့်လည်းကောင်း၊ ကိရိယာဒိဝသေနစ–ကြိယာစသည်တို့၏ အပြားအားဖြင့်လည်းကောင်း၊ ဝိဝိဓာ–အထူးထူးအပြားပြား များကုန်သော၊ ပရိကပ္ပနာ–ပရိကပ္ပနာအလင်္ကာတို့ကို၊ ကမေန–အစဉ်အားဖြင့်၊ ဥဒါဟရိဿာမိ–ထုတ်ဆောင်ပေအံ့။

၂၇၀။ ဣစ္ဆာဘင်္ဂါတုရာသိနာ , တာတိနိစ္စလမစ္ဆရာ၊
ဝသံ နေန္တိ ဝ မိရံ တံ , တဒါ ယောဂါဘိယောဂတော။

သွေပိ ဥပသင်္ကမေယျာမ–စသော သတ္တမီဝိဘတ်အဆုံးရှိသော ပုဒ်များကို ပရိကပ္ပနာအလင်္ကာမည်၏–ဟု မှတ်ထင်တတ်၏၊ ကြဲဆခြင်း ပရိကပ္ပ–ပါတိုင်း အလင်္ကာမဟုတ်ချေ၊ ဆန်းကြယ်စွာ တန်ဆာဆင်၍ဆိုမှ ပရိကပ္ပနာအလင်္ကာ မည်သည်၊ (နက်ဖြန်လည်း ချဉ်းကပ်နိုင်လိမ့်မည်လားမသိ)ဟူသော စကားကို (ညအခါ၌ လသာခြင်းသည် သစ်ပင်အပေါင်းတို့ကို ဆေးသုတ်ထားသကဲ့သို့ ဖြစ်၏)ဟူသော စကားနှင့် နှိုင်းယှဉ်ကြည့်ပါ။ [အညထာ ပရိကပ္ပိယတေ ဇတ္ထာတိ–ပရိကပ္ပနာ။]

ဘေဒ။ ။ ၂၆၉။ ဥပမာဇ္ဈန္တ ရာ, ကိရိယာနှင့်, ဂုဏာ–ဂမ္မ, လေးပါးမျှ, ပြားထကပ္ပနာ။

ပရိကပ္ပနာအလင်္ကာသည်လည်း အလွန်များ၏၊ သက္ကတအလင်္ကာဆရာတို့ အမျိုးမျိုးအဖုံဖုံ ပြဆိုထားကြ၏၊ တစ်ဦးအဆိုနှင့်တစ်ဦးအဆိုလည်း မတူညီကြချေ၊ ဤ၌ကား–

(က) အတွင်း၌ဥပမာရှိသော– ဥပမာဇ္ဈန္တ ရပရိကပ္ပနာ,
(ခ) ကြိယာကို တစ်မျိုးတစ်ဖုံ ကြံစည်၍ဆိုအပ်သော– ကြိယာပရိကပ္ပနာ,
(ဂ) တစ်စုံတစ်ခုသောဂုဏ်ထူးကို တစ်မျိုးတစ်ဖုံကြံစည်၍ ဆိုအပ်သော– ဂုဏပရိကပ္ပနာ,
(ဃ) ဂမ္မပရိကပ္ပနာ(ပတီယမာနပရိကပ္ပနာ, အတ္ထပရိကပ္ပနာ–လည်းခေါ်သည်) ဟူသော ပရိကပ္ပနာလေးမျိုးကိုသာ အစဉ်အတိုင်း ပုံစံထုတ်၍ ပြရပေတော့အံ့။

(က) ပြန်ပုံစံ။ ။ ၂၇၀။ အဇပါလ, နိဂ္ရောဓဟု, ပင်မရင်းမှာ, ထိုင်နေပါသည့်, ဂုဏ်ဝါမြင့်မား, မြတ်ဘုရားကို, ဖြားယောင်းလျက်သာ, လိုမပါ၍, အာသာပျက်စီး, ဆင်းရဲကြီးသား, သီးသီးငြိမ်သက်, မလှုပ်ယှက်ဘဲ, မှိုင်ချက်ပြင်းပြ,

http://www.dhammadownload.com

၂၇၀။ ဣစ္ဆာဘင်္ဂါတုရာ–မိမိတို့၏အလို ပျက်စီးခြင်းကြောင့် ကျင်နာဆင်းရဲကြကုန်သော၊ အတိနိစ္စလံ–မလျှပ်မယှက်, အလွန်ငြိမ်သက်စွာ၊ အာသိနာ–ကြံမှိုင်၍ထိုင်နေကြကုန်သော၊ တာအစ္ဆရာ–ထိုမာရ်နတ်မင်း၏သမီးတို့သည်၊ တဒါ–အရှုံးကြီးရှုံးရာ, ထိုအခါ၌၊ ယောဂါဘိယောဂတော–မန္တန်မန်းမှုတ်, အာထုတ်ခြင်းဖြင့်၊ တံ ဓိရံ–ထိုမြတ်စွာဘုရားကို၊ ဝသံ–မိမိတို့ အလိုသို့၊ နေန္တိ ဝ–ဆောင်ကြလေကုန်ယောင်တကား။

ထိုင်နေကြသည့်, မာရသည်းဖျား, သမီးများတို့, ဖြားယောင်းပါလျက်, အလိုပျက်၍, အရှက်ရရာ, ထိုအခါ၌, ဂါထာစုတ်သွင်း, မန်းမှုတ်ခြင်းဖြင့်, မင်းမင့်းမကိုင့်, တရားတိုက်ကို, လိုလိုက်ပါအောင်, တစ်မျိုးနှောင်သည် . . . . ဆွဲဆောင်လေကုန်ယောင်တကား။

ရှင်း နတ်သမီးသုံးယောက် မလျှပ်မယှက် ငြိမ်သက်စွာ ကြံမှိုင်ထိုင်နေခြင်းသည် ဇော်ဂနိမတို့ မန္တန်စုတ်သည်နှင့်တူ၏၊ ထို့ကြောင့် နတ်သမီးသည် ဥပမေယျ, ဇော်ဂနီမသည် ဥပမာနဖြစ်သည်–ဟု အစွမ်းသတ္တိဖြင့် သိနိုင်၏၊ ထိုသို့ ဥပမာ အတွင်း၌ရှိသောကြောင့် ဥပမာဇ္ဈာန္တရမည်၏၊ သဘောအားလျော်စွာ မိမိတို့၏ ကြံစည်ရင်းအလိုပျက်စီးခြင်းကြောင့် အလွန်အမင်း စိတ်ဆင်းရဲကြကုန်လျက် မလျှပ်မယှက်ဘဲ မျက်နှာသေကလေးများဖြင့် မှိုင်တွေချကာ ထိုင်နေကြသော မာရ်နတ်သမီးတို့ကို ထိုဟုတ်မှန်သောပကတိသဘောကို ပယ်စွန့်၍ "မန္တန်စုတ်ခြင်းဖြင့် အလိုသို့ အပါဆောင်သည်"ဟု တစ်မျိုးတစ်ဖုံအားဖြင့် ကြံစည်ပြောဆိုသောကြောင့် ပရိကပ္ပနာလည်းမည်၏၊ ထိုနှစ်မျိုးကိုပေါင်းသော် "ဥပမာဇ္ဈာန္တရ–ပရိကပ္ပနာ"မည်၏။

"နေန္တိ ဝ–ဆွဲဆောင်လေကုန်ယောင်တကား"ဟု ကြိယာဒ္ဒါ ဣဝသဒ္ဒါယှဉ်သော်လည်း ကြိယာပရိကပ္ပနာ–ဟု မခေါ်ရ၊ ကြိယာကို ကြံစည်ရုံမျှသာမဟုတ်၊ ဥပမာလည်းအတွင်း၌ ပါနေသောကြောင့် ဥပမာဇ္ဈာန္တရပရိကပ္ပနာ–ဟုသာ ခေါ်ရသည်။

[ထို ဣဝ(ယောင်)–သဒ္ဒါသည် ဥပမာကို ထွန်းပြ၏–ဟု မယုံမှားသင့်၊ တူမျှသော ဂုဏ်ထူး၌ ဆက်စပ်မှု မရှိဘဲ ကြိယာမျှ၌ ဥပမာ,ဥပမေယျ (ဥပမာ)မဖြစ်နိုင်သောကြောင့်တည်း။]

မြန်ပုံစံ။ ။ ကေသာမြရိုး, သွေ့ညှိုးခွေပျောင်း, ဆံတချောင်းမျှ, ရုပ်ပြောင်းမူခြား, ဖြူသော့အားဖြင့်, ထင်ရှားအသစ်, ပေါ်သည့်ဖြစ်ကို, စိစစ်ဉာဏ်ယှဉ်, ဆင်ခြင်စဉ်နှိုက်, ပညိန္ဒြိ, သတိမလွတ်, သဟောတ္တပ္ပ, မြတ်ဉာဏဖြင့်, ယမမင်းကြီး, ထိပ်ထက်စီး၍, အပြီးခုပင်, ကြာမတင်ခင်, လျင်တောက်တပတ်, မြန်ရွတ်ရွတ်တိ, မလွတ်ဆွဲငင်, ယူမည်သွင်သို့, ထင်ဘိရကား။ (မဃ–၁၃၇။)

http://www.dhammadownload.com

၂၇၁။ ဂဇံ မာရော သမာရဂ္ဂော , ယုဒ္ဓါယစ္ဆန္တ မုန္နတံ၊
မဂ္ဂမန္တေသတိ နူန , ဇိနဘီတော ပလာယိတုံ။

၂၇၁။ ယုဒ္ဓါယ–စစ်ထိုးခြင်းငှာ၊ အစ္ဆန္တ မုန္နတံ–(တောင်လိုစွင့်စွင့်,) အလွန်မြင့်သော၊ ဂဇံ–(ဂိရိမေခလာမည်တွင်,) စီးတော်ဆင်ကို၊ သမာရဂ္ဂော–ကောင်းစွာတက်စီးသော၊ မာရော–မာရ်နတ်သည်၊ ဇိနဘီတော–မြတ်စွာဘုရားမှ ကြောက်ရွံ့သည်ဖြစ်၍၊ ပလာယိတုံ–ထွက်ပြေးခြင်းငှာ၊ မဂ္ဂံ–လမ်းကို၊ အန္တေသတိနူန–ရှာလေ ယောင်တကား။

၂၇၂။ မုနိန္ဒ ပါဒဒွန္ဒေ တေ , စာရုရာဇီဝသုန္ဒရေ၊
မညေ ပါပါဘိသမ္ဘဒ္ဒ–ဇာတသောဏော သောဏိမာ။

(ခ) ပြန်ပုံစံ။ ။ ၂၇၁။ ဂုဏ်နဲ့ပြန့်လှိုင်, မြတ်ဘုန်းခိုင်နှင့်, ဖက်ပြိုင်နှိုင်းဆို, စစ်ထိုးလို၍, တောင်လိုစွင့်စွင့်, အလွန်မြင့်သား, ဆင်မင်းထက်မှာ, ကောင်းမွန်စွာလျှင်, တက်ကာ စီးလတ်, ထိုမာရ်နတ်သည်, လူနတ် ထိပ်ပန်, ဘဂဝန်ကို, ကြောက်လွန်ညှိုးနွမ်း, ပြေးရန်လမ်းကို . . . . ထောက်လှန်း ရှာဖွေယောင် တကား။

ရှင်း သဘောမှန်အတိုင်း ဖြစ်နေသော ဆင်စီးခြင်းကြီးယာကို ဘုရားရှင်ကိုကြောက်၍ ပြေးပေါက်ရှာသလို တစ်မျိုးတစ်ဖုံအားဖြင့် ကြံစည်၍ဆိုထားသောကြောင့် ကြီးယာ ပရိကပ္ပနာမည်၏။

မြန်ပုံစံ။ ။ သည်အဝါရက်, ခါသန့်သက်၌, ကိုက်ထွက်သမျှ, မထသော့နယ်, ရှူချင် ဘွယ်နှင့်, ဘယ်သူအရဲ, ဘယ်သူထံဝယ်, မြဲမြံဆောက်တည်, နေလိမ့်မည်ရှင့်၊ ငါသည်မင်းခေါင်, တည်ထောင်ထင်ပေါ်, ပတ်ဝန်းကျော်သည်, ပြည်တော် အချာ, မိမိလာသို့, အပါရောက်အောင်, ဘသူဆောင်၍, ညီနောင်ရောက် ပါမည်မသိ။ (ဇ–၁၁၃။)

(ဂ) ပြန်ပုံစံ။ ။ ၂၇၂။ မုနိငါးဝ, စိုးပိုင်သသည့်, တေဇကဲမော်, မြတ်ရှင်ကျော် !–, မျက်ဖျော်လူနတ်, ရှင်တော်မြတ်၏, အပတ်တစ်ရာ, ပဒုမာသို့, လွန်စွာ တင့်မော်, ခြေစုံပေါ်၌, ရောင်တော်ချင်းချင်း, နီအဆင်းသည်, မာရ်မင်း ဗိုလ်ပါ, ကိလေသာကို, နှိမ်ကာချေဖျက်, သွေးရည်စက်ကြောင့် . . . . တိုးတက်နီမြန်း လေယောင်တကား။

ရှင်း မြတ်စွာဘုရားသခင်၏ ခြေတော်စုံ၌ ရွေးဘဝများစွာက ပြုလုပ်ခဲ့သော ကုသိုလ်ကံကြောင့်ဖြစ်သော နီမြန်းသော အဆင်းတော်(တည်းဟူသော ဂုဏ်)ကို မကောင်းမှုကို နှိမ်နင်းရသောကြောင့် ထွက်လာသောသွေး စွန်း၍ဖြစ်သလို တစ်မျိုးတစ်ဖုံ ကြံစည်၍ ဆိုသောကြောင့် ဂုဏပရိကပ္ပနာမည်၏။

http://www.dhammadownload.com

၂၇၂။ မုနိန္ဒ-မြတ်စွာဘုရား !၊ တေ-ရှင်တော်မြတ်ဘုရား၏၊ စာရုရာဇီဝ သုန္ဒရေ-နှစ်သက်ဖွယ်သော ပဒုမာကြာပန်းကဲ့သို့ ကောင်းမြတ်တင့်တယ်သော၊ ပါဒဒွန္ဒေ-ခြေတော်စုံ၌၊ သောဏိမာ-နီမြန်းသောအဆင်းတော်သည်၊ ပါပါဘိသမ္မဒ္ဒ ဇာတသောဏေနမညေ-မကောင်းမှုတို့ကို နှိမ်နင်းချေဖျက်ခြင်းကြောင့်ဖြစ်သော သွေးကြောင့်ဖြစ်လေယောင်တကား။

၂၇၃။ မညေ သင်္ကေ ဓုဝံ နူန-မိဝမိစ္စေဝမာဒိဟိ၊
သာယံ ဗျဉ္ဇီယတေ ကွာပိ , ကွာပိ ဝါကျေန ဂမျတေ။

၂၇၃။ ကွာပိ-အချို့သောအရာ၌လည်း၊ သာယံ-ထိုပရိကပွနာအလင်္ကာကို၊ မညေသင်္ကေဓုဝံနူနမိဝမိစ္စေဝမာဒီဟိ-မညေ, သင်္ကေ, ဓုဝံ, နူန, ဣဝ-ဤသို့အစရှိသော သဒ္ဒါတို့ဖြင့်၊ ဗျဉ္ဇီယတေ-ပြအပ်၏၊ ကွာပိ-အချို့သောအရာ၌လည်း၊ သာယံ-ထိုပရိကပွနာအလင်္ကာကို၊ ဝါကျေန-ဝါကျဖြင့်၊ ဂမျတေ-သိအပ်၏။

မြန်ပုံစံ။ ။ ရန်သူကိုသာ, တခါတဘန်, ခြင်းရာပြန်၍, အလွန်မိတ်ဝင်, မချစ်ခင်က, ရှင်ပင်သဗ္ဗညု, ဘုရားဆုကို, တခုအားသိုင်း, အရဲလှိုင်း၍, နေ့တိုင်းမဆုတ်, ယောက်ျားဟုတ်ရှင့်, ယုတ်လျှင်းလေစိမ့်, အခေါင်နိမ့်လိမ့်, တအိမ့်ထက်တွင်, အကြင်သူအား, တမိသားသို့, သနားချစ်ကျွမ်း, မေတ္တာမွမ်းအံ့, ခွဲခြမ်းယူငင်, ကျယ်သိမြင်သား, ဆင်းပြင်လှပျို, ငါသို့ကိုယ်ကို····မျက်လိုမုန်းလေဘိတကား။ (မြား-၆၈။)

ပရိကပွနာဇောတက

၂၇၃။ ။ဟန်ယောင်တကား, တွေးစဉ်းစားနှင့်, ထင်မှားကြံစည်, သလော(မည်), စသည် ကပွနာ-ထွန်းပြရှာ။

ပါဋ္ဌိ၌ မညေ, သင်္ကေ, ဓုဝံ, နူန, ဣဝ(တက္ကေမိ, ပရိကပွေမိ, စိန္တယာမိ, ယထာ) စသော သဒ္ဒါတို့သည် ပရိကပွနာကို ထွန်းပြ၏။

မြန်မာမှု၌ကား ဟန်တကား, ယောင်တကား, တွေးမိသည်, စဉ်းစားမိသည်, ထင်မှားသည်, ကြံစည်မိသည်, သလော-စသော သဒ္ဒါတို့သည် ပရိကပွနာကို ထွန်းပြ၏။

ထိုသဒ္ဒါများ တိုက်ရိုက်ပါရှိ(ထိုသဒ္ဒါတို့ဖြင့် ပြဆိုအပ်)သော ပရိကပွနာကို ဝါစ္စ ပရိကပွနာ၊ သို့မဟုတ် သဒ္ဒပရိကပွနာ-ဟု ဆိုသင့်သည်၊ ပုံစံအသီးအခြား ထုတ်ပြဖွယ်မလို၊ ဆိုခဲ့ပြီးသောပုံစံများပင် ဖြစ်ချေသည်။

၄င်းသဒ္ဒါစု မပါရှိဘဲ ဝါကျ၏အစွမ်းအားဖြင့်သာ သိအပ်သော ပရိကပွနာမျိုးကို ဂမ္မပရိကပွနာ၊ သို့မဟုတ် ပတီယမာနပရိကပွနာ, အတ္ထပရိကပွနာ-ဟု ခေါ်သင့်၏။

http://www.dhammadownload.com

၂၇၄။ ဒယာသဥ္ဇာတသရသာ , ဒေဟာ နိက္ခန္တကန္တိယော၊
ပီဏေန္တာ ဇိန တေ သာဓု , ဇနံ သရသတံ နယုံ။

၂၇၄။ ဇိန–မြတ်စွာဘုရား !၊ တေ–ရှင်တော်မြတ်ဘုရား၏၊ ဒယာသဥ္ဇာတ သရသာ–ကရုဏာတော်ကြောင့်ဖြစ်သော ချစ်ခင်မြတ်နိုးခြင်းရှိသော၊ ဒေဟာ–ကိုယ်တော်မှ၊ နိက္ခန္တကန္တိယော–ထွက်သောရောင်ခြည်တော်တို့သည်၊ သာဓုဇနံ–သူတော်ကောင်းအပေါင်းကို၊ ပီဏေန္တာ–ချစ်ခင်နှစ်သက်စေကုန်လျက်၊ သရသတံ–ချစ်ခင်မြတ်နိုးခြင်းရှိသူ၏အဖြစ်သို့၊ နယုံ–ဆောင်ကြကုန်ပြီ။

(ဃ) ပြန်ပုံစံ။ ။ ၂၇၄။ အောင်သင့်အောင်ရန်, ငါးပါးမာရ်ကို, ကံ–ဉာဏ်လက်နက်, အချက်ချက်ဖြင့်, ဖြိုဖျက်အောင်မြင်, အို အရှင် !–, ဂုဏ်အင်များမြတ်, ရှင်တော်မြတ်၏, သတ္တဝိသယာ, ကရုဏာနှင့်, မေတ္တာပြည့်ဝ, ကိုယ်တော်မှလျှင်, ထွက်ကြွခြောက်ဖော်, ရောင်ခြည်တော်သည်, သူတော်များထွေ, မြတ်နိုးစေလျက်, ဘုန်းဝေခင်ချစ်, သူတော်ဖြစ်သို့, စင်စစ်ရောက်အောင်ဆောင်ပါပြီ။

ရှင်း မြတ်စွာဘုရား၏ ကိုယ်ကာယတော်သည် (မဟာကရုဏာတော်ကြောင့်ဖြစ်သော) ချစ်ခင်မြတ်နိုးခြင်းနှင့်တကွ ဖြစ်၏၊ အရောင်တို့သည် ထိုချစ်ခင်မြတ်နိုးခြင်းရှိသော ကိုယ်နှင့် ပေါင်းဆုံရသောကြောင့် မိမိကိုယ်တိုင် ချစ်ခင်မြတ်နိုးခြင်းနှင့်တကွဖြစ်ဟန်ရှိ၏၊ ထိုသို့ မိမိတို့ကိုယ်တိုင် ချစ်ခင်မြတ်နိုးခြင်းနှင့်တကွ ဖြစ်ကြလျက် မိမိကိုမှီဝဲသော သူတော်ကောင်းအပေါင်းကို ချစ်ခင်မြတ်နိုးခြင်းရှိသူ၏ အဖြစ်သို့ ဆောင်နိုင်ဟန် ရှိကြ၏–ဟု တစ်မျိုးတစ်ဖုံအားဖြင့် ကြံဆခြင်းကို (မညေ–ဟန်–ယောင်တကား)စသော သဒ္ဒါများ မပါရှိသော်လည်း ဝါကျ၏အစွမ်းအားဖြင့် သိအပ်သောကြောင့် ဂမ္မပရိကပ္ပနာမည်၏။

မြန်ပုံစံ။ ။ မင်းနေ အင်္ဂါ, ပြည့်စုံစွာသည့်, မိထိလာ–ကျော်ခြီး, ဤပြည်ကြီးကား, ကာဆီးပတ်ဝိုင်း, တံတိုင်းမြို့ရိုး, ပြအိုးရဲးခို, ကျည်းလျှိုတံခါး, မြဲးကျပ်ထား၍, ငါ့အားလုံအောင်, အသေလှောင်သည့်, နှောင်အိမ်စင်စစ်, ထောင်ကြီးဖြစ်၏၊ မနှစ်သက်အပ်, မတပ်ကောင်းစွာ, အကြင် ငါလျှင်, မကြာ လွတ်အောင်, ပြေးထွက်ရှောင်လျက်, ဤထောင်အတွင်း, ပြန်မဆင်းသည် · · · · ကွင်း၍ သွေရတတ်ဘိမူ။ (မဃ–၁၄၇။)

ဉာဏ်ရည်သွေးရန်

(က) ချစ်နှမ !– သင်သည် လှပသောအဆင်းကို ဆောင်ပေ၏၊ သင့်အမေသည် ရွှေမှုံ့စား၍များ မွေးလေရော့သလား ?။

(ခ) ကျမ်းဂန်တတ်မြောက်ပါသော်လည်း မိမိတတ်ကြောင်းကို ဂုဏ်မဖော်ဘဲ ဆိတ်ဆိတ်နေခြင်းဂုဏ်သည် ဂုဏ်အပေါင်းကို ဖွဲ့တတ်သောကြောင့် ဆွေမျိုးကဲ့သို့ ဖြစ်၏။ [စစ်လေ။]

http://www.dhammadownload.com

၁၅။ သမာဟိတ-အလင်္ကာ

၂၇၅။ အာရဇ္ဇန္တသ ယံကိဉ္စိ , ကတ္တုံ၊ ပုညဝသာ ပုန၊
သာဓနန္တ ရလာဘော ယော , တံ ဝဒန္တိ သမာဟိတံ။

၂၇၅။ ယံကိဉ္စိ-အမှတ်မပြု, တစ်စုံတစ်ခုသောအမှုကို၊ ကတ္တုံ-ပြုလုပ်ခြင်းငှာ၊ အာရဇ္ဇန္တသ-(လုံ့လကြိုးကုတ်,) အားထုတ်သောသူ၏၊ ပုညဝသာ-ကုသိုလ်စွမ်းဖြင့်၊ ပုန-တစ်ဖန်၊ ယော သာဓနန္တ ရလာဘော-အကြင်(အကျိုး)ပြီးစီးခြင်း, အကြောင်းတစ်ပါးကိုရခြင်းသည်၊ အတ္ထိ-ရှိ၏၊ တံ-ထိုအကြောင်းတစ်ပါး ရခြင်းကို၊ (ပဏ္ဍိတာ-ကဗျာအရာ, လိမ္မာမြင်သိ, ပညာရှိတို့သည်၊) သမာဟိတံ-သမာဟိတအလင်္ကာဟူ၍၊ ဝဒန္တိ-ဆိုကြကုန်၏။

၂၇၆။ မာရာရိဘင်္ဂါဘိမုခ-မာနသော တဿ သတ္ထုနော၊
မဟာမဟိ မဟာရဝံ , ရဝိယမုပကာရိကာ။

---

(၁၅) သမာဟိတ

၂၇၅။ ။ အားထုတ်မှုများ, ကြောင်းတစ်ပါး, ရငြားသမာ-ဟိတသာ။

တစ်စုံတစ်ခုသောအကျိုး ပြီးစီးစေရန် အားထုတ်သောသူ၏ ကုသိုလ်စွမ်းဖြင့် အကျိုးပြီးရခြင်း၏ အကြောင်းတစ်ပါးကို ရရှိခြင်းသည် သမာဟိတအလင်္ကာ-မည်၏။ [သမ္မာ ဓာနံ-သမာဟိတံ။]

တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စကို အားထုတ်ရာ၌ အားထုတ်သောအကြောင်းမှ တစ်ပါးသောအကြောင်းကြောင့် အားထုတ်အပ်သောအကျိုး ပြီးစီးပါက သမာဟိတ အလင်္ကာမည်၏။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် မိမိပြုလုပ်သော အမှုကိစ္စသည် ပြုလုပ်သော အကြောင်းမှ တစ်ပါးသောအကြောင်းကြောင့် ပြီးလျှင် ကံကြောင့်ပြီးသည်-ဟုပင် ထင်မှတ်တတ်ကြ၏၊ မည်သည့်အကြောင်းကြောင့်ပင်ပြီးပြီး တစ်ပါးသောအကြောင်းကြောင့်ပြီးလျှင် သမာဟိတအလင်္ကာမည်လေသည်။

ပြန်ပုံစံ။ ။ ၂၇၆။ သူ ပုန်သူကန်, မာရ်နတ်ရန်ကို, ဖျက်ရန်စိတ်အား, ရှေးရှုထားသည့်, ဘုရားစစ်မှုး, စောရန်ဂူးအား, ကျေးဇူးများထွေ, ဤသည့်မြေသည် .... အော်လေဟီးဟီး-သည်းစွာတည်း။

ရှင်း ဤ၌ မာရ်နတ်ကို နှိမ်နင်းဖျက်ဆီးခြင်းသည် မြတ်စွာဘုရား အားထုတ်အပ်သော အကျိုးမည်၏၊ မြေကြီး သည်းစွာအော်မြည်ခြင်းသည် အကျိုးပြီးစီးခြင်း၏ အကြောင်းတစ်ပါး မည်၏။ [မူလအားထုတ်မှုကား စိတ်ဖြင့်ကြံစည်ခြင်းပင်တည်း။]

http://www.dhammadownload.com

၂၇၆။ မာရာရိဘင်္ဂါဘိမုခမာနသော–မာရ်နတ်ရန်သူကို ဖျက်ဆီးခြင်း၌ ရှေးရှု သောစိတ် ရှိတော်မူသော၊ တဿ သတ္ထုနော–ထိုမြတ်စွာဘုရားအား၊ ဥပကာရိကာ–ထောက်ကူသမှု, ကျေးဇူးပြုတတ်သော၊ အယံမဟာမဟီ–ဤမြေကြီးသည်၊ မဟာရဝံ–(မာရ်နတ်အသံ, ကွဲလုနီးနီး,)ကြောက်မက်ဖွယ်သောအသံကြီးကို၊ ရဝိ–မြည်လေပြီ။

၁၆။ ပရိယာယဝုတ္တိ–အလင်္ကာ

၂၇၇။ အဝတ္တာဘိမတံ တဿ , သိဒ္ဓိယာ ဒဿနညထာ၊
ဝဒန္တိ တံ ပရိယာယ–ဝုတ္တိတိ သုစိဗုဒ္ဓယော။

၂၇၇။ အဘိမတံ–အလိုရှိအပ်သော အနက်သဘောကို၊ အဝတ္တာ–တိုက်ရိုက် မဆိုမူ၍၊ တဿ–ထိုအလိုရှိအပ်သော အနက်သဘော၏၊ သိဒ္ဓိယာ–ပြီးစီးခြင်းငှာ၊ အညထာ–တစ်ပါးသော အခြင်းအရာအားဖြင့်၊ ယံ ဒဿနံ–အကြောင်းပြဆိုခြင်းသည်၊ အတ္ထိ–ရှိ၏၊ တံ–ထိုပြဆိုခြင်းကို၊ ပရိယာယဝုတ္တိတိ–ပရိယာယဝုတ္တိအလင်္ကာဟူ၍၊ သုစိဗုဒ္ဓယော–စင်ကြယ်သော ပညာရှိတို့သည်၊ ဝဒန္တိ –ဆိုကြကုန်၏။

ထိုသို့ အားထုတ်အပ်သော စိတ်ဖြင့်ကြဲစည်ခြင်း–ဟူသောအကြောင်းမှ တစ်ပါးသော မြေကြီး သည်းစွာအော်မြည်ခြင်း–တည်းဟူသော အကြောင်းကြောင့် မာရ်နတ်ရန်ကို ဖျက်ဆီးခြင်း–တည်းဟူသောအကျိုး ပြီးစီးသောကြောင့် သမာဟိတအလင်္ကာမည်၏။

မြန်ပုံစံ။ ။ သောတ္ထိယထဲ, လှူခံမြက်ဆုပ်, ရွှက်အုပ်မြေဝေ, ဗုဒ္ဓဟေပင်ရင်း, ဗောဓိ မင်းအောက်, ဖြန့်ကျင်းထိုင်မြောက်, ပလ္လင်ပေါက်၍, လာရောက်ရှုးရှုး, မာရ်စစ် ရှုးတိ, ကြောက်မူးဘွယ်လို, မြေမှုန့်ရှိဖြင့်, အချိုပြောဟုံ, ဝိုင်းအုံကြွေးဟစ်, လျှပ်စစ်မိုးကြိုး, နတ်စက်မျိုးနှင့်, လေဆိုးတိုက်လွှင့်, တောင်ကြီးလွှင့်လောက်, မာရ်မင့်းရန်ကြီး, ရန်တမီးကို, ပျက်စီးစေတတ်, ဘဝ်ပြတ်မျှ, ရိုက်ခတ်ပဲ့တင်, မြေအပြင်နှင့်, ကောင်းကင်မိုးလုံး, အုပ်ဖုံးပိတ်စပ်, လင်းကွင်းရှပ်သို့, ဘိညဉ်ကြိုးခုန်, သောင်းတိုက်တုန်အောင်, ရွှေပုညာဘိ, တုမယိသား, ဓိပတိခေါင်မှူး, ဘုန်းတော်ထူးဖြင့်, ပွဲဦးအောင်မြင်–ဇေယျာရင်မှ။ (မဃ–၅၃၄။)

(၁၆) ပရိယာယဝုတ္တိ

၂၇၇။ ။ လိုအပ်သဘော, သွယ်ဝိုက်ပြော, မှတ်လော–ပရိယာ။

မိမိအလိုရှိအပ်သော အနက်သဘောကို တိုက်ရိုက်မပြောဆိုဘဲ သွယ်ဝိုက်၍ ပြောဆို ခြင်းမျိုးသည် ပရိယာယဝုတ္တိအလင်္ကာမည်၏။ [ပရိယာယေန ဝုတ္တိ–ပရိယာယဝုတ္တိ။]

http://www.dhammadownload.com

၂၇၈။ ဝိဝဋဂ်ာနိကွိတ္တံ , ဓနမာရက္ခဝဇ္ဇိတံ၊
ဓနကာမ ယထာကာမံ , တုဝံ ဂစ္ဆ ယဒိစ္ဆသိ။

၂၇၈။ ဓနံ-ဥစ္စာကို၊ ဝိဝဋဂ်ာနိကွိတ္တံ-ဟင်းလင်းအပြင်၌ထားအပ်၏၊ အာရက္ခ ဝဇ္ဇိတံ-စောင့်ရှောက်မည့်သူမှလည်း ကင်း၏၊ ဓနကာမ-ဥစ္စာကို လိုလားသော မိတ်ဆွေ !၊ တုဝံ-သင်သည်၊ ယဒိစ္ဆသိ-အကယ်၍ အလိုရှိအံ့၊ ယထာကာမံ-အလိုရှိတိုင်း၊ ဂစ္ဆ-သွားပါလေလော့။

၁၇။ ဗျာဓေဏ္ဍန-အလက််ာ

၂၇၉။ ထုတိ ကရောတိ နိန္ဒန္တော , ဝိယ တံ ဗျာဓေဏ္ဍနံ၊
ဒေါသာဘာသာ ဂုဏာဓေ , ယန္တိ သန္ဓိမတြ ဟိ။

၂၇၉။ နိန္ဒန္တော်ဝိယ-ကဲ့ရဲ့သကဲ့သို့၊ ထုတိ-ချီးမွမ်းမှုကို၊ ကရောတိ-ပြု၏၊ တံ-ထိုအလက််ာသည်၊ ဗျာဓေဏ္ဍနံ-ဗျာဓေဏ္ဍနအလက််ာမည်၏၊ အတြ-ဤဗျာဓေဏ္ဍနအလက််ာ၌၊ ဒေါသာဘာသာ-အပြစ်ကဲ့သို့ထင်ကုန်သော၊ ဂုဏာဓေ-ဂုဏ်တို့သာလျှင်၊ သန္ဓိမိ-စုဝေးတည်နေခြင်းသို့၊ ယန္တိ-ရောက်ကြကုန်၏။

ပြန်ပုံစံ။　။ ၂၇၈။ ရွှေငွေဘဏ္ဍာ, များဥစ္စာကို, မိုးကာကင်းစင်, ဟင်းလင်းပြင်၌, ထားချင်တိုင်းသာ, ပုံထားပါ၏၊ စောင့်မှာနည်းပါး, မရှိငြားတည်း၊ များပြားခန, လိုချင်လှပေ, အို မိတ်ဆွေ !-, ရွှေငွေ အသင်, လိုလားလျှင်မူ. . . .စိတ်ထင်တိုင်းသာ-သွားပါလော။

ရှင်း　ဥစ္စာကို သွားခိုးချေ-ဟု ဆိုလိုလျက် တိုက်ရိုက် မဆိုဘဲ ဥစ္စာကို လိုလားက စိတ်ထင်တိုင်း သွားနိုင်သည်-ဟု သွယ်ဝိုက်၍ ဆိုသောကြောင့် ပရိယာယဝုတ္တိ အလက််ာမည်၏။

မြန်ပုံစံ။　။ အဆွေ၌မှာ ,သက်တရာလျှင်, မနာမဖျား, မြင်လိုငြား၏၊ လေးပါးဆုတွင်, ရှေးဦးတင်၍, အကြင်ဆုကို, ငါယူလိုသည်. . . .ငြင်ငြိုမရှိ ပေးဘွယ်တည်း။ (သုတ-၁၁၇။)

(က) အရှင်ဘုရားဆီက စာအုပ်ကို ခဏလောက်ရလျှင် ကောင်းမှာပဲ,

(ခ) ဒီ နှစ် စာမေးပွဲအောင်လျှင် သိပ်ကောင်းမှာပဲ၊ ၄င်းတို့ကို စစ်ဆေးကြည့်လေ။

(၁၇) ဗျာဓေဏ္ဍန

၂၇၉။　။ ကဲ့ရဲ့ယောင်ပြု, ချီးမွမ်းမှု, နှစ်ခုအနက်လာ။

မြသိလေသ, မိုဖြစ်ရ, ဗျာဓေဏ္ဍနာ။　　[ဋီ-သစ်။]

တစ်ချို့ဌာန, မမှီကြ, ဖြစ်ရသေးသည်သာ။　　[ဆရာများ။]

http://www.dhammadownload.com

၂၈၀။ သဒ္ဓာလေတုမလံ တွံသိ , ဘုသံ ကုဝလယာခိလံ၊
ဝိသေသံ တာဝတာ နာထ , ဂုဏာနံ တေ ဝဒါမ ကိံ။

၂၈၀။ နာထ–မြတ်စွာဘုရား ! ၊ တွံ–ရှင်တော်မြတ်ဘုရားသည်၊ အခိလံ–အလုံးစုံသော၊ ကုဝလယံ–ကြာတောကို၊ ဝါ–မြေအဝန်းကို၊ ဘုသံ–ပြင်းစွာ၊ သဒ္ဓာလေတုံ–တုန်လှုပ်စေခြင်းငှာ၊ အလံ–စွမ်းနိုင်သည်၊ အသိ–ဖြစ်တော်မူပါပေ၏၊ တာဝတာ–ထိုမျှလောက်ဖြင့်၊ တေ–ရှင်တော်မြတ်ဘုရား၏၊ ဂုဏာနံ–သီလစသော ဂုဏ်တို့၏၊ ဝိသေသံ–အထူးကို၊ ကိံ ဝဒါမ–အဘယ်မှာ ဆိုနိုင်ပါကုန်မည်နည်း။

ကဲ့ရဲ့ယောင်ပြု၍ ချီးမွမ်းခြင်းသည် ဗျာဇဝဏ္ဏနအလင်္ကာမည်၏၊ ထိုဗျာဇဝဏ္ဏနအလင်္ကာ၌ သဒ္ဒါအားဖြင့် ကဲ့ရဲ့ပြစ်တင်သလို ဖြစ်၏၊ ထိုကဲ့ရဲ့ပြစ်တင်သလိုဖြစ်သော သဘောတို့သည် အနက်အားဖြင့် ကဲ့ရဲ့ပြစ်တင်ရာမရောက်၊ ချီးမွမ်းရာရောက်သော ဂုဏ်တို့သာ ဖြစ်ကြရ၏။

ဤဗျာဇဝဏ္ဏနအလင်္ကာသည် ကဲ့ရဲ့မှု, ချီးမွမ်းမှု–အနက် ပါရှိသော သိလေသသဘောကို အမြဲမှီ၍ ဖြစ်ရ၏–ဟု ဋီကာဆရာဆို၏၊ ထိုသို့ပင် ဋီကာဆရာ ဆိုပါသော်လည်း တစ်ချို့နေရာ၌ သိလေသကိုမမှီဘဲ ကဲ့ရဲ့ယောင်ပြု၍ ချီးမွမ်းခြင်း, ချီးမွမ်းယောင်ပြု၍ ကဲ့ရဲ့ခြင်း–တို့လည်း ရှိကုန်သေး၏။

အချုပ်အားဖြင့် သိလေသသဘော ပါသည်ဖြစ်စေ, မပါသည်ဖြစ်စေ ကဲ့ရဲ့ယောင်ပြု၍ ချီးမွမ်းခြင်း, (ချီးမွမ်းယောင်ပြု၍ ကဲ့ရဲ့ခြင်း)သည် ဗျာဇဝဏ္ဏနအလင်္ကာမည်၏–ဟု ဇကန်ဇက မှတ်သင့်၏၊ ဤကားဆရာမြတ်တို့ အဆုံးအဖြတ်တည်း။ [ဗျာဇေန ဝဏ္ဏနံ–ဗျာဇဝဏ္ဏနံ၊ ဗျာဇေဒ္ဓါ ဝဏ္ဏနအနက်ဟော။]

တစ်ဦးကို တိုက်ရိုက်ချီးမွမ်းသဖြင့်, တစ်ဦးကို အဓိပ္ပာယ်အားဖြင့် ချီးမွမ်းရာရောက်သော အလင်္ကာမျိုးသည်လည်း ဗျာဇဝဏ္ဏနအလင်္ကာမည်၏–ဟု ဆိုကြသေး၏။

ပြန်ပုံစံ။ ။ ၂၈၀။ သောင်းတိုက်မှန်ကူ, သယမ္ဘုဟု, နတ်လူဥက္ကဋ္ဌ, လောကနတ် !–, တုလွတ်ဂုဏ်ရှင်, ကျွန်ုသခင်သည်, ဘယ်တွင်မချွင်း, မြေခပင်းကို, ထန်ပြင်းသွက်သွက်, အိုးထိန်းစက်သို့, လှုပ်ယှက်စိမ့်ဌာ, စွမ်းနိုင်ပါ၏၊ တောကြီးမြင့်, ထိုမျှဖြင့်လျှင်, သခင့်ဂုဏ်ဝါ, ထူးခြင်းရာကို . . . . ဘယ်မှာ ဆိုနိုင်ပါမည်နည်း။

ရှင်း ပါဠိပုံစံဝယ် "ကုဝလယံ"သည် သိလေသအားဖြင့် ကြာတော, မြေအဝန်း–ဟူသော အနက်နှစ်ခုကို ဟော၏၊ ထိုတွင် ကြာတောကို လှုပ်စေနိုင်သည်–ဟူသော စကားဖြင့် ကဲ့ရဲ့သကဲ့သို့ ဖြစ်၏၊ မြေအဝန်းကို လှုပ်စေနိုင်သည်–ဟူသော စကားဖြင့် ချီးမွမ်း၏၊ ထိုသို့ ကဲ့ရဲ့ယောင်ပြု၍ ချီးမွမ်းသောကြောင့် ဤအလင်္ကာသည် ဗျာဇဝဏ္ဏနအလင်္ကာမည်၏။ [ဋီ ။]

http://www.dhammadownload.com

၁၈။ ဝိသေသဝုတ္တိ-အလင်္ကာ (၄)

၂၈၁။ ဝိသေသိစ္ဆာယံ ဒဗ္ဗဿ , ကြိယာဇာတိဂုဏဿ စ၊
ဝေကလ္လဒဿနံ ယတြ , ဝိသေသော နာမ ယံ ဘဝေ။

၂၈၁။ ယတြ-အကြင်အလင်္ကာ၌၊ ဝိသေသိစ္ဆာယံ-အထူးကို ဆိုလိုသည်၊ (သတိ-ဖြစ်လတ်သော်၊) ဒဗ္ဗဿ-ဒြပ်၏လည်းကောင်း၊ ကြိယာဇာတိဂုဏဿစ-ကြိယာ, ဇာတ်, ဂုဏ်၏လည်းကောင်း၊ ယံ ဝေကလ္လဒဿနံ-အကြင်ချို့တဲ့မှုကို ပြခြင်းသည်၊ အတ္ထိ-ရှိ၏၊ အယံ-ဤအလင်္ကာသည်၊ ဝိသေသောနာမ-ဝိသေသဝုတ္တိ အလင်္ကာမည်သည်၊ ဘဝေ-ဖြစ်၏။

ငါတို့အလိုအားဖြင့်ကား မြေကိုဟောသည်ဖြစ်စေ, ကြာကိုဟောသည်ဖြစ်စေ ကဲ့ရဲ့ယောင်မူသော စကားမျှသာ ဖြစ်၏။

မြေပြင်အလုံးကို တုန်လှုပ်နိုင်စေရုံမျှသော တန်ခိုးမျှဖြင့် အရှင်၏ဂုဏ်ထူးကို မချီးကျူးနိုင်သေး-ဟု ကဲ့ရဲ့သလို ဆိုသဖြင့် ထိုထက်ကြီးမားသော တန်ခိုးတော်,ဂုဏ်တော်များရှိသေးကြောင်းကို အနက်အားဖြင့် သိရပေသည်၊ ထိုသို့ ကဲ့ရဲ့ယောင်ပြု၍ ချီးမွမ်းသောကြောင့် ဗျာဇဝဏ္ဏနအလင်္ကာမည်၏။

မြန်ပုံစံ။　။ လောင်းမင်းမြတ်စွာ, မဟာဓမ္မရာဇ, နေမြစ်ဘုန်းပွင့်, ရန်မျိုးလွင့်သား, တို့ရှင့်လက်ရုံး, ဇမ္ဗူလုံးကို, သိမ်းကျုံးရုံနှင့်, ဘယ်ခြိုးသင့်လိမ့်၊ ယခင့်ရှေးသော်, ထိုခါရော်က, ဘေးတော်မန္ဒာတ်, လောင်းမြတ်သာမိ, ဘုန်းယိုလွှဲကျော်, မင်းနှစ်ဘော်သို့, မိုးပေါ်သိကြား, နတ်ရထားနှင့်, လျင်လျားမကြာ, ပင့်ဆောင်လာလိမ့်၊ မှန်စွာမယွင်း, မှတ်ကုန်မင်း-ဟု, ခံတွင်းမပိတ်, နှုတ်မဆိတ်အောင်, ထိတ်ထိတ်မွမ်းမျှ, ခြီးမွမ်းကြသည်....ပြောပ တစုတဝိုင်းတည်း။
(မဃ-၅၁၁။)

(က) ဗလိကမင်းသည် ကြမ်းကြုတ်ခက်ထန်သောသူအား ကြမ်းကြုတ်ခက်ထန်သော ဒဏ်ကို ပေး၏။

(ခ) သူတော်ကောင်းဆိုသော်လည်း သူတော်မှ ကိုယ်ကောင်းနိုင်မည်။
[ချီးမွမ်းယောင်ပြု ကဲ့ရဲ့၏။]

(၁၈) ဝိသေသဝုတ္တိ

၂၈၁။　။ ထူးဆိုလိုလတ်, ဒြပ်ကြိယာ, ဇာတ်-ဂုဏ်၏, ကင်းကွာယွင်းသွေ, ပြလိုလေ, ဝိသေဝုတ္တိသာ။

ထူးကဲလွန်မြတ်သောအကျိုးကို ပြလိုသောကြောင့် ဒြပ်, ကြိယာ, ဇာတ်, ဂုဏ်-တို့၏ မရှိခြင်းကို ပြဆိုရာဖြစ်သော အလင်္ကာသည် ဝိသေသဝုတ္တိအလင်္ကာမည်၏။

http://www.dhammadownload.com

၂၈၂။ နာ ရထာ နာ စ မာတင်္ဂါ , နာ ဟယာ နာ ပဒါတယော၊
ဇိတော မာရာရိ မုနိနာ , သမ္ဟာရာဝဇ္ဇနေန ဟိ။
[ဒဗ္ဗဝိသေသဝုတ္တိ။]

၂၈၂။ (မုနိနော–မြတ်စွာဘုရားအား၊) ရထာ–ရထားတို့သည်၊ နာ–မရှိကုန်၊ မာတင်္ဂါစ–ဆင်တို့သည်လည်း၊ နာ–မရှိကုန်၊ ဟယာစ–မြင်းတို့သည်လည်း၊ နာ–မရှိကုန်၊ ပဒါတယောစ–ခြေသည်စစ်သားတို့သည်လည်း၊ နာ–မရှိကုန်၊ (တထာပိ–ထိုသို့ပင် မရှိပါသော်လည်း၊) မုနိနာ–မြတ်စွာဘုရားသည်၊ သမ္ဟာရာဝဇ္ဇနေနဟိ–ပါရမီအဆောက်အဦတို့ကို ဆင်ခြင်တော်မူခြင်းဖြင့်ပင်လျှင်၊ မာရာရိ–မာရ်မင်းရန်သူကို၊ ဇိတော–အောင်အပ်လေပြီ။

အယံ–ဤသည်ကား၊ ဒဗ္ဗဝိသေသဝုတ္တိ–ဒဗ္ဗဝိသေသဝုတ္တိတည်း။

ထိုဝိသေသဝုတ္တိအလင်္ကာသည်–

(က) ဒြပ်ချို့တဲ့ပုံကို ပြလျက် အထူးကို ပြဆိုသော– ဒဗ္ဗဝိသေသဝုတ္တိ,

(ခ) ကြိယာချို့တဲ့ပုံကို ပြလျက် တစ်စုံတစ်ခုအထူးကို ပြဆိုသော– ကြိယာဝိသေသဝုတ္တိ,

(ဂ) ဂုတ်ချို့တဲ့ပုံကို ပြလျက် တစ်စုံတစ်ခုအထူးကို ပြဆိုသော– ဂုတိဝိသေသဝုတ္တိ,

(ဃ) ဂုဏ်ချို့တဲ့ပုံကို ပြလျက် တစ်စုံတစ်ခုအထူးကို ပြဆိုသော–ဂုဏဝိသေသဝုတ္တိ–ဤသို့လျှင် လေးပါးပြား၏။

(က) ပြန်ပုံစံ။ ။ ၂၈၂။ မုနိထွတ်ထား, မြတ်ဘုရားအား, ရထားမရှိ, ဆင်မရှိကင်း, စစ်မြင်းအများ, စစ်သားခြေလျင်, မရှိပင်တည်း၊ သို့စင်တစေ, မရှိချေလည်း, ကမ္ဘေကမ္ဘာ, ဖြည့်ဆည်းလာသည့်, ပါရမီတသင်း, အောက်မေ့ရင်းဖြင့်, မာရ်မင်းရန်သူ, အောင်တော်မူသည်....သုံးလူဗိုလ်ချုပ် အရှင်တည်း။

ရှင်း ဤစစ်အောင်ကြောင်းဖြစ်သောရထား, ဆင်, မြင်း, ခြေသည်–တည်းဟူသော စစ်အင်္ဂါလေးပါး ဒြပ်တို့၏ ချို့တဲ့ခြင်း (မရှိခြင်း)ကို ပြလျက် ရန်သူကို အောင်နိုင်သော သဘောရှိသော ပါရမီတော်တို့ကို ဆင်ခြင်ခြင်း–တည်းဟူသော အထူးကို ဆိုသောကြောင့် ဒဗ္ဗဝိသေသဝုတ္တိမည်၏။

မြန်ပုံစံ။ ။ကျက်သရေဝင်းဝါ, ငါဆရာကား, ဘိညာကျက်လေ့, ရသေ့ပစ္စေ, မဟုတ်ပေဘူး၊ တောခြေမြိုင်စိုး, သစ်အမျိုးတွင်, မြတ်နိုးစရာ, သြဇာပြည့်နှက်, ညောင်းသစ်ရွက်လည်း, ဆောင်းရွက် နွေရှင်, ဘယ်ခါတွင်မျှ, စင်စစ်မခါ, ကျလာမစဲ, ခိုတောင်လဲဖြင့်, ကြွေမြိမလေ့, တိမ်ညိုငွေ့နှင့်, အရွှေ့လိုက်ဘက်, ဥယျာဉ်ထက်တွင်, သရက်နှစ်ပင်တို့ပေတည်း။ (၈–၁၉၈။)

http://www.dhammadownload.com

၂၈၃။ နု ဗဒ္ဓါ ဘူကုဋိ နေဝ , ဖုရိတော ဒဿနဒ္ဆဒေါ၊
မာရာရိဘင်္ဂာကာသိ , မုနိ ဓိရော ဝရော သယံ။
[ကြိယာဝိသေသဝုတ္တိ။]

၂၈၃။ ဘူကုဋိ-မျက်မှောင်ကြုတ်ခြင်းကို၊ နု ဗဒ္ဓါ-မဖွဲ့(မပြု)အပ်၊ ဒဿနဒ္ဆဒေါ-နှုတ်ခမ်းတော်ကို၊ နေဝ ဖုရိတော-မလှုပ်(မစူ)အပ်၊ (တထာပိ-ထိုသို့ပင်ဖြစ်ပါသော်လည်း၊) ဓိရော-ကြီးသောပညာရှိတော်မူသော၊ ဝရော-မြတ်တော်မူထသော၊ မုနိ-မြတ်စွာဘုရားသည်၊ သယံ-ကိုယ်တော်တိုင်၊ မာရာရိဘင်္ဂ-မာရ်နတ်ရန်သူကို ဖျက်ဆီးခြင်းကိုလည်း၊ အကာသိ-ပြုတော်မူပြီ။
အယံ-ဤသည်ကား၊ ကြိယာဝိသေဝုတ္တိ-ကြိယာဝိသေသဝုတ္တိတည်း။

၂၈၄။ နု ဒိသာသု ဗျတာ ရံသိ , နာလောကော လောကပတ္ထဒ္ဒေါ၊
တထာပျန္ဓတမဟရံ , ပရံ သာဓု သုဘာသိတံ။
[ဇာတိဝိသေသဝုတ္တိ။]

၂၈၄။ ဒိသာသု-အရပ်ဆယ်မျက်နှာတို့၌၊ ဗျတာ-ပျံ့နှံ့သော၊ ရံသိ-အရောင်မျိုးသည်၊ န-မဟုတ်၊ လောကပတ္ထဒ္ဒေါ-တစ်လောကလုံး၌ ပျံ့နှံ့သော၊ အာလောကော-အလင်းရောင်မျိုးသည်၊ န-မဟုတ်၊ တထာပိ-ထိုသို့ပင်ဖြစ်ပါသော်လည်း၊ သာဓုသုဘာသိတံ-သူတော်ကောင်းတို့ ကောင်းစွာပြောဆိုဟောကြားအပ်သော တရားတော်သည်၊ ပရံ-လွန်စွာ၊ အန္ဓတမဟရံ-မောဟတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်နိုင်သည်၊ ဟောတိ-ဖြစ်၏။
အယံ-ဤသည်ကား၊ ဇာတိဝိသေသဝုတ္တိ-ဇာတိဝိသေသဝုတ္တိတည်း။

(ခ) ပြန်ပုံစံ။ ။ ၂၈၃။ မျက်မှောင်မကြုတ်, ရွှေနှုတ်မစူ, သို့ဖြစ်မူလည်း, ကြီးထူပညာ, ရှိလေပါသည့်, သုံးရွာတုလွတ်, ဘုရားမြတ်သည်.... မာရ်နတ်ရန်ကို ဖြိုနိုင်၏။

ရှင်း ဤ၌ မျက်မှောင်ကြုတ်ခြင်း, နှုတ်ခမ်းစူခြင်း-ဟူသော ကြိယာချို့တဲ့ပုံကို ပြလျက် ဖောက်ပြန်ခြင်းကင်းသော မာရ်နတ်မင်းရန်သူကို အောင်မြင်ခြင်းအထူးကို ပြသောကြောင့် ကြိယာဝိသေသဝုတ္တိအလင်္ကာမည်၏။

မြန်ပုံစံ။ ။ မျက်ငြိုးမာန်ချောင်း, ရိပ်မစောင်းလည်း, သောင်းတိုက်လက်ျာ, မြေမျက်နှာထက်, တရာပြည်ထောင်, နန်းဆောင်ဆောင်နှင့်, ကုန်အောင်များစွာ, မင်းတကာတို့, စကြာတော်ဦး, မဖူးတိုက်လို, မခိုလိုခိုး, ရွံ့မစိုးဟု, အဲးခိုးသံယံ, ဝမ်းထဲကြဲမျှ, တရံတဘန်, မလွန်ဆန်တည့်။ (မဃ-၁၆၅။)

(ဂ) ပြန်ပုံစံ။ ။ ၂၈၄။ ရပ်ဆယ်မျက်နှာ, ပျံ့နှံ့ပါသည့်, ရောင်ဝါမျိုးဇာစ်, မဖြစ်လုံးလုံး, လောကလုံးကို, လွှမ်းဖုံးစေတတ်, လင်းရောင်ဇာတ်လည်း, ကင်းလွတ်

http://www.dhammadownload.com

၂၈၅။ နု ခရံ နု ဟိ ဝါ ထဒ္ဓံ , မုနိန္ဒ ဝစနံ တဝ၊
တထာပိ ဂါဠှံ ခဏတိ , နိမ္မုလံ ဇနတာမဒံ။
[ဂုဏဝိသေသဝုတ္တိ။]

၂၈၅။ မုနိန္ဒ–မြတ်စွာဘုရား !၊ တဝ–ရှင်တော်မြတ်ဘုရား၏၊ ဝစနံ–စကား တော်သည်၊ နု ခရံ–ကြမ်းလည်းမကြမ်းတမ်းချေ၊ နု ဟိ ဝါ ထဒ္ဓံ–ခက်လည်းမခက် မာချေ၊ တထာပိ–ထိုသို့ပင်ဖြစ်ပါသော်လည်း၊ ဇနတာမဒံ–သတ္တဝါအပေါင်း၏ မာန်ယစ်ခြင်းကို၊ ဂါဠှံ–ပြင်းထန်စွာ၊ နိမ္မုလံ–အမြစ်ကင်းအောင်၊ ခဏတိ–တူးဖြို နိုင်၏။

အယံ–ဤသည်ကား၊ ဂုဏဝိသေသဝုတ္တိ–ဂုဏဝိသေသဝုတ္တိတည်း။

သွေချော်, သို့ဖြစ်သော်လည်း, သူတော်အများ, ဟောတရားသည်, ကြီးမား အဟုတ်, မိုက်မှောင်ယုတ်ကို . . . . လွင့်မှုတ်ပယ်ဖျောက်နိုင်သတည်း။

ရှင်း ဤ၌ ပကတိသောအမိုက်မှောင်ကို ပယ်ဖျောက်တတ်သော အရောင်အဆင်း အလင်း ဇာတ်မျိုး ချို့တဲ့ခြင်းကို ပြလျက် သူတော်ကောင်းတရားတော်၏ မောဟမှောင်ကို ပယ်ဖျက်နိုင်ခြင်း–တည်းဟူသော အထူးကို ဆိုသောကြောင့် ဇာတိဝိသေသဝုတ္တိအလင်္ကာ မည်၏။

(ဃ) ပြန်ပုံစံ။ ။ ၂၈၅။ မုနိထွတ်တင်, အို အရှင် !–, ဂုဏ်အင်ကြီးများ, ရှင့်တရားသည်, လွှသွားပမာ, မကြမ်းပါတည့်၊ ခက်မာကွင်းကွေ, သို့ဖြစ်ပေလည်း, များထွေ လူကြမ်း, နှတ်သရမ်း၏, ကြမ်းတမ်းခက်မာ, မာန်တကာကို, ပြင်းစွာ ဆွဲနုတ်, မြစ်ရင်းပြုတ်အောင်, တူးခုတ်ဖြိုဖျက်နိုင်ပေ၏။

ရှင်း တူးစရာလက်နက်ဖြစ်သော ပေါက်တူး, ဓား, တူရွင်း–စသည်တို့၌ ရစကောင်းသော ကြမ်းတမ်းသောဂုဏ်, ခက်မာသောဂုဏ်ကို တားမြစ်၍ မြတ်စွာဘုရားစကား တော်၏ မာန်မာနကိုတူးဖြိုနိုင်သောသဘော ဂုဏ်ထူးကို ဆိုသောကြောင့် ဂုဏဝိသေသဝုတ္တိ အလင်္ကာ မည်၏။

မြန်ပုံစံ။ ။ ပိုးထိုးရောင်ကောင်း, သစ်ဆွေးယောင်းသို့, မပေါင်းဖြစ်သာ, မယ့်ခန္ဓာကား, တပ်ရာစိုးစိ, မျှမရှိခဲ့, မသိဉီးနား, စိတ်သွားကိုယ်ပါ, ငယ်သော့ခါက, ကြင်ရာ ကြင်မိ, မိုးရှိရှိသာ, ကတိသစ္စာ, ချစ်အာဏာနှင့်, တဏှာဟော့ရမ်း, မြော့သွေး စမ်းသည် . . . . မဘမ်းမိစေ ဖြစ်ရစ်တော့။ (ဇ–၂၄၄။)

ဥာဏ်ရွှင်ဆေး

(က) မိန်းမများအား စစ်တပ်လည်းမရှိ၊ လက်နက်လည်းမရှိ၊ သို့သော် မျက်စ ပစ်ရုံမျှဖြင့် လောကကြီးတစ်ခုလုံးကို ကြေမွစေနိုင်၏။

(ခ) သီလသည် ဆပ်ပြာလည်းမဟုတ်၊ ခဝါသည်မျိုးလည်းမဟုတ်၊ ဖွတ်လည်း

http://www.dhammadownload.com

၁၉။ ရဋ္ဌာဟက််ရ-အလက််

၂၈၆။ ဒဿီယတောတိရိတ္တံ တု , သူရဝိရတ္တနံ ယဟိံ၊
ဝဒန္တိ ဝိညူ ဝစနံ , ရဋ္ဌာဟက််ရမီဒိသံ။

၂၈၆။ ယဟိံ-အကြောင်စကားဌ်၊ သူရဝိရတ္တနံ-ရဲ့ရင့်သူ၏အဖြစ်, လုံ့လရှိသူ၏အဖြစ်ကို၊ အတိရိတ္တံ-အလွန်အကဲ၊ ဒဿီယတော-ပြအပ်၏၊ ဤဒိသံ-ဤသို့သဘောရှိသော၊ ဝစနံ-စကားကို၊ ဝိညူ-ပညာရှိတို့သည်၊ ရဋ္ဌာဟက််ရံ-ရဋ္ဌာဟက််ရအလက််ဟူ၍၊ ဝဒန္တိ-မိန့်ဆိုကြကုန်၏။ [တုကား နိပါတ်မျှသာ။]

၂၈၇။ ဒမေ နန္ဒောပနန္ဒသ , ကိံ မေ ဗျာပါရဒဿနာ၊
ပုတ္တာ မေ ပါဒသမ္ဘတ္တာ , သင်္ခာ သန္တေ ဝ တာဒိသေ။

မဖွတ်လျှော်၊ သို့ပင်ဖြစ်သော်လည်း သန့်ရှင်းစင်ကြယ်သော အကျိုးကို ပေးနိုင်၏။ [ဒြပ်, ဇာတ်, ကြိယာ-ရောဂ။]

(၁၉) ရဋ္ဌာဟက််ရ

၂၈၆။ ။ ရဲရင့်ကြိုးစား, ဂုဏ်အများကို, ပြထားအလွန်, ကြံ့ဝါးဟန်, မှတ်ရန်ရဋ္ဌာ-ဟက််ရာ။

အလွန်ရဲရင့်ခြင်း, ကြိုးစားအားထုတ်ခြင်း-စသော ဂုဏ်များနှင့် ပြည့်စုံကြောင်းကို ပြရန် ကြံ့ဝါးမြွက်ဆိုသောစကားသည် ရဋ္ဌာဟက််ရအလက််မည်၏။ [ရဋ္ဌော ဥဂ္ဂတော အဟံကာရော ဇတ္ထာတိ-ရဋ္ဌာဟက််ရော၊ ငါဟဲ့ယောကျ်ား-စသည်ဖြင့် ကြံ့ဝါးတက်ကြွခြင်းရှိသောအလက််-ဟူလို။]

ပြန်ပုံစံ။ ။ **၂၈၇။** နန္ဒောပနန်, နဂါးမာန်ကို, ပယ်လွန်နိပ်နင်း, ဆုံးမခြင်းဌ်, မင်းမင့်ဝပ်တွား, ငါဘုရား၏, ကြိုးစားလုံ့လ, ဗျာပါရကို, ဖွင့်ဟထင်လင်း, ထုတ်ပြခြင်းဖြင့်, ကျိုးရင်းဘယ်မှာ, ရှိတို့ပါလိမ့်, ကြောင်းမှာမူကား, ထိုနဂါးကို, နှိပ်ထားမာန်ချိုး, ကိစ္စမျိုးဌ်, တန်ခိုးကြွဒ်, ချုပ်ဝတ်ရှိသည့်, မြဘိခြေရင်း, ဝပ်စင်းခစား, သားတော်များသည် . . . ထင်ရှားငါ့မှာ ရှိသောကြောင့်။

ရှင်း စျာန်စိတ်ကို လေ့လာခြင်းရှိသူ၏အဖြစ်ဖြင့် ရဲရင့်ခြင်း, အားထုတ်ခြင်း-ဂုဏ်ကို ပြရန် နန္ဒောပနန္ဒနဂါးမင်းကို ငါဘုရားကိုယ်တော်တိုင် မဆိုထားနှင့် မောဂ္ဂလ္လာန်-စသော ငါ့သားတော်များပင် မဆုံးမလောက်-ဟု ကြံ့ဝါးမြွက်ဆိုသော စကားမျိုးဖြစ်သောကြောင့် ရဋ္ဌာဟက််ရအလက််မည်၏။

မြန်ပုံစံ။ ။ ဝေးခေါင်တာလမ်း, ထိုဘက်ကမ်းကား, ထောက်လှမ်းမိကာ, မရောက်ရာလည်း, ငါမနေတန်, ကြိုးအားသွန်လိမ့်၊ ပုစွန်လုံးလျောင်း, ခေါင်းမရှိလျက်, လမ်းဆက်ဝေးမြေ, ရောက်နိုင်လေ၏၊ ခြေမရှိသည်, မြွေကျောက်ရည်လည်း,

http://www.dhammadownload.com

၂၈၇။ နန္ဒောပနန္ဒသ–(တန်ခိုးထန်ပြင်း,) နန္ဒောပနန္ဒနဂါးမင်းကို၊ ဒမေ–ဆုံးမခြင်း၌၊ ဗျာပါရဒဿနာ–အားထုတ်လုံ့လ, ဗျာပါရကိုပြခြင်းဖြင့်၊ မေ–ငါ့အား၊ ကိ–အဘယ်အကျိုးရှိအံ့နည်း၊ (ယတော–အကြင်ကြောင့်၊) မေ–ငါဘုရား၏၊ တာဒိသေ–ထိုသို့သဘောရှိသော ကိစ္စမျိုး၌၊ သန္တေ–တန်ခိုးကြီးပါဒ်, ချပ်ဝတ်တန်ဆာရှိကုန်သော၊ ပါဒသမ္ဘတ္တာ–ခြေတော်အရင်း, ဝပ်စင်းခစားကြကုန်သော၊ ပုတ္တာ–မောဂ္ဂလ္လာန်စသား, သားတော်များတို့သည်၊ သန္တေ ဝ–ရှိကြကုန်သည်သာ၊ (တတော–ထို့ကြောင့်၊ ကိ–အဘယ်အကျိုးရှိအံ့နည်း။)

၂၀။ သိလေသ–အလင်္ကာ

၂၈၈။ သိလေသော ဝစနာနေကာ–ဘိဓေယျောကပဒါယုတော်၊
အဘိန္နပဒဝါကျာဒိ–ဝသာ တောမာယမီရိတော။

စိတ်ရည်တိုင်းသာ, လိုရာရပ်မြေ, ပေါက်နှိုင်လေ၏၊ မသေလည်းတင့်, သေလည်းတင့်ဖြင့်, ငါနှင့်ငါ့ကိုယ်, ဖြစ်လိုသမျှ, ကြမ္မာ့အလျောက်, မရောက်ဖြစ်စေ, ရောက်ဖြစ်စေတည့်၊ ရေပင်လယ်သူ, ညက်ဖြူညိုပြာ, အားမနာလင့်, ယွာဟံပန, လုံ့လခင်စွာ, အကြင်ငါကား, ယထာသတ္တိ, ရှိလတ်သော့တိုင်း, မဆိုင်းမတွ, ယောကျ်ားအဟုတ်, မဆုတ်မနစ်, ဖြစ်သည်လွန်ကျူး, သည်ကျေးဇူးကား, အထူးဖြင့်အား, ကျော်ထင်ရှားလိမ့်, မိုးဖျားထိရာစမြဲတည်း။ (၈–၄၃။)

အထုကြီးစွာ, များဗိုလ်ပါတို့ !–, ငါတမူကား, သိကြားဆုနှင်း, ကုသမင်းတည့်၊ မယွင်းမပျက်, အသက်ရှည်ထွေ, မသေပျောက်လို, ကိုယ်စိတ်ချမ်းသာ, ဖြစ်ချင်ပါမူ, မကြာစေလင့်, ရင်ဖြင့်ဝပ်လေ, ရှိသေဂါရဝ, တုပ်ကွေ့သိမ်, ရှိဦးနှိမ်ဟု, သုံးကြိမ်အစေ့, ရွှေခြေသေ့သို့, ဓလေ့ကြော်ညည်, ကျွန်းလုံးလျှံအောင်, အသံခါလှစ်, ကြွေးကြော်ဟစ်သည် . . . . တောင်–မြစ်–ရေ–မြေ, ဖောက်ထွင်းတည်း။ (ကုသ–၄၂၁။)

(၂၀) သိလေသ

၂၈၉။ ။ တူမျှပုဒ်များ, အနက်ပြားလျက်, နှစ်ပါး နက်ဝယ်, ငြိကပ်တွယ်, မှတ်ဖွယ်သိလေသာ။

အဘိန္နပဒ, ဘိန္နပဒါ, ဘိန္နာဘိန္နဲ, သုံးပါးမျှ, ပြားထရှေးဦးစွာ။

ပုဒ်အားဖြင့် တူမျှသော်လည်း အနက်ကွဲပြားလျက်, တစ်စုံတစ်ရာတူမျှသောဂုဏ်–စသည်ဖြင့် ဥပမာ,ဥပမေယျ အနက်နှစ်ခုတို့၌ ငြိကပ်ထိစပ်တတ်သောစကားသည် သိလေသအလင်္ကာမည်၏–ဟု ဋီကာဆရာတို့ ဆိုကြ၏၊ ဥပမာန,ဥပမေယျ မဟုတ်စေကာမူ သိလေသဖြစ်နိုင်သည်ပင်။

http://www.dhammadownload.com

၂၈၈။ အနေကာဘိဓေယျံ-များသော(ကွဲပြားသော)အနက်ရှိသော၊ ဧကပဒါယုတံ-တစ်ခုတည်းသော(တူသော)ပုဒ်နှင့်ယှဉ်သော၊ ဝစနံ-စကားသည်၊ သိလေသော-သိလေသအလင်္ကာမည်၏၊ အယံ-ဤသိလေသအလင်္ကာကို၊ အဘိန္နပဒဝါကျာဒိဝသာ-အဘိန္နပဒဝါကျစသည်တို့၏ အပြားအားဖြင့်၊ တေဓာ-သုံးပါးပြား၏ဟူ၍၊ ဤရိတော-ဆိုအပ်၏။

၂၈၉။ အန္ဓန္တ မဟရော ဟာရီ , သမာရုဠှော မဟောဒယံ၊
ရာဇတေ ရံသိမာလိယံ , ဘဂဝါ ဗောဓယံ ဇနေ။
[အဘိန္နပဒဝါကျသိလေသော။]

၂၈၉။ မဟောဒယံ-ကြီးစွာသောဥဒည်းတောင်ထိပ်သို့၊ သမာရုဠှော-ကောင်းစွာတက်ပြီးသော၊ အန္ဓတမဟရော-တခဲနက်သော အမိုက်မှောင်ကို ပယ်ဖျောက်တတ်သော၊ [ဆန်းကြောင့်နိဂုဟိတ်လာသည်၊] ဟာရီ-နှစ်သက်ဖွယ်လည်းရှိထသော၊ ဝါ-တင့်တယ်ထသော၊ ရံသိမာလီ-အရောင်တည်းဟူသော ပန်းလည်းရှိထသော၊ ဇနေ-သတ္တဝါအပေါင်းတို့ကို၊ ဗောဓယံ-နိုးစေတတ်သော၊ အယံ ဘဂဝါ-အရာမကတန်ခိုးရှိသော ဤနေမင်းသည်၊ ရာဇတေ-ထွန်းပတင့်တယ်၏။ [ဥပမာန-နေနှင့်ဆိုင်သော အနက်။]

[သိလေသေတီတိ-သိလေသော၊ သိလေသ-အာလိင်္ဂနေ၊ အပရောပိ အတ္ထော ဇတ္ထ သိလိဿတီတိ-သိလေသော။ ဋီ။]

ထိုသိလေသအလင်္ကာသည်-

(က) ဝိဂြိုဟ်ဝါကျအရာ၌ တူမျှသောပုဒ်ရှိသော- အဘိန္နပဒဝါကျသိလေသ,
(ခ) ဝိဂြိုဟ်ဝါကျအရာ၌ ကွဲပြားသောပုဒ်ရှိသော- ဘိန္နပဒဝါကျသိလေသ,
(ဂ) ဝိဂြိုဟ်ဝါကျအရာ၌ ကွဲပြား-မကွဲပြားသောပုဒ်ရှိသော- ဘိန္နာဘိန္နပဒဝါကျသိလေသအားဖြင့် သုံးပါးပြား၏။

[အဘိန္နာနိ ပဒါနိ ယသ္မိ န္တိ-အဘိန္နပဒံ၊ အဘိန္နပဒဉ္စ တံ ဝါကျဉ္စာတိ-အဘိန္နပဒဝါကျံ-စသည်လုပ်။]

(က) ပြန်ပုံစံ။ ။၂၈၉။ မြတ်ဥဒည်းတောင်, တက်ထွန်းပြောင်သား, မိုက်မှောင်ဖျောက်ပယ်, နှစ်သက်ဖွယ်တည့်, မီးနှယ်ပြောင်ထွန်း, ရောင်ပန်းရှိသား, လူအများကို, နိုးကြားတတ်စေ, တွက်ရေမထင်, တန်ခိုးရှင်သည်. . . . လွန်ပင်ထွန်းပြောင်ပဝင်းတည်း။

ရှင်း ဤပုံစံ၌ပါရှိသော ပုဒ်တို့သည် အနက်ကွဲပြားလျက် ဥပမာနဖြစ်သော နေ, ဥပမေယျဖြစ်သော ဘုရားတို့၌ ငြိကပ်ထိစပ်တတ်သော သဘောရှိသောကြောင့် သိလေသမည်၏၊ ဝိဂြိုဟ်ဝါကျအခိုက်အတန့်၌ တူမျှသောပုဒ်ရှိသောကြောင့် အဘိန္နပဒဝါကျလည်း

http://www.dhammadownload.com

မဟောဒယံ-အလွန်တိုးပွားမြင့်မြတ်သော သဗ္ဗညုတဉာဏ်တော်တည်းဟူသော ဥဒည်းတောင်ထိပ်သို့၊ သမာရုဠှော-ကောင်းစွာတက်ရောက်ပြီးသော၊ အန္ဓတမဟရော-မောဟတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်တော်မူတတ်ထသော၊ ဟာရိ-နှစ်သက်ဖွယ်လည်းရှိထသော၊ ဝါ-တင့်တယ်ထသော၊ ရံသိမာလီ-ရောင်ခြည်တော်ခြောက်သွယ်တည်းဟူသော ပန်းလည်းရှိထသော၊ ဇနေ-သတ္တဝါတို့ကို၊ ဗောဓယံ-(ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းမှ) နိုးကြားစေတတ်ထသော၊ အယံဘဂဝါ-(ဘုန်းတော်ခြောက်၀, တန်ခိုးတော်အနန္တ တို့နှင့် ပြည့်စုံတော်မူသော) ဤမြတ်စွာဘုရားသခင်သည်၊ ရာဇတေ-ထွန်းပတင့်တယ်တော်မူပါပေ၏။ [ဥပမေယျ-ဘုရားနှင့်ဆိုင်သော အနက်။]

အယံ-ဤသိလေသသည်၊ အဘိန္နပဒဝါကျသိလေသော-အဘိန္နပဒဝါကျသိလေသတည်း။

မည်၏၊ ထိုနှစ်ခုကိုပေါင်း၍ "အဘိန္နပဒဝါကျ-သိလေသ"ဟုခေါ်သည်၊ [အဘိန္နပဒဝါကျသခ်ါတော သိလေသော-အဘိန္နပဒဝါကျသိလေသော။] အဘိန္နဖြစ်ပုံကို နားလည်စေရန် ပါဠိပုံစံ၌ပါသော ပုဒ်တို့ကို ဝိဂြိုဟ်ဝါကျပြုလုပ်၍ ပြဦးအံ့-

အန္ဓန္တမဟရော။ ။ အန္ဓောစ သော တမောစာတိ-အန္ဓတမော၊ အန္ဓတမံ ဟရတီတိ-အန္ဓတမဟရော။ [ဆန်းကြောင့် နိဂ္ဂဟိတ်လာ၊ ဝဂ္ဂန္တပြု၍-အန္ဓန္တမဟရော-ဟု ဖြစ်သည်။]

ဟာရိ။ ။ စိတ္တံ ဟရတီတိ-ဟာရိ။ [တင့်တယ်သော-ဟု ပေး။]

မဟောဒယံ။ ။ မဟန္တောစ သော ဥဒယော(ပဗ္ဗတော)စာတိ-မဟောဒယော၊ မဟန္တောစ သော ဥဒယော(အဗ္ဘုဒယော အဘိဝုဋ္ဌိ)စာတိ-မဟောဒယော။

ရံသိမာလီ။ ။ ရံသိနံ မာလာ-ရံသိမာလာ၊ ရံသိမာလာ အဿ အတ္ထီတိ-ရံသိမာလီ။

ဘဂဝါ။ ။ ဘဂေါ(သိရီ) အဿာတိ-ဘဂဝါ၊ နေ။ ဘဂေါ(သိရီကာမပယတနာဒိပကာရော) အဿာတိ-ဘဂဝါ၊ ဘုရား။

ဤသို့ ဝိဂြိုဟ်ဝါကျအခိုက်အတန့်၌ တူမျှသောပုဒ် ရှိသောကြောင့် အဘိန္နပဒဝါကျမည်၏-ဟူလို။

မြန်မာပုံစံနက်ကို ပါဠိပုံစံနက်နှင့် တိုက်ဆိုင်ကြည့်ရှုက သိနိုင်လောက်ပြီဖြစ်သောကြောင့် အသီးအခြား ယှဉ်စပ်၍ မပြတော့ပေ။

http://www.dhammadownload.com

၂၉၀။ သာရဒါမလကာဘာသော , သမာနိတပရိက္ခယော၊
ကုမုဒါကရသမ္ဘောဓော , ပီဏော်တိ ဇနတံ သုခီ။
[ဘိန္နပဒဝါကျသိလေသော။]

၂၉၀။ သာရဒေါ-သရဒဉတုဒ္ဒြစ်သော၊ အမလကာဘာသော-အညစ်အကြေးကင်းသောအရောင်ရှိထသော၊ သမာနိတပရိက္ခယော-အစဉ်အတိုင်းဆောင်အပ်သောလဆုတ်ပက္ခရှိသော၊ ကုမုဒါကရသမ္ဘောဓော-ကြာဖြူအိုင်ကို ကောင်းစွာပွင့်စေနိုင်သော၊ သုခီ-(သုဓာဘုတ်ရှိသော)လမင်းသည်၊ ဇနတံ-သတ္တဝါအပေါင်းကို၊ ပီဏော်တိ-နှစ်သက်စေ၏၊ [ဥပမာန-လနှင့်သာဆိုင်သော အနက်။]

သာရဒေါ-နိဗ္ဗာန်တည်းဟူသော အနှစ်သာရကို ပေးတတ်သော၊ အာမလကာဘာသော-လက်ပေါ်၌တင်ထားသော သျှိသျှားသီးအလား ဥယျာဓမ်တရားကို သိတော်မူတတ်ထသော၊ သမာနိတပရိက္ခယော-နိဗ္ဗာန်သို့ ကောင်းစွာဆောင်အပ်သောကိလေသာကုန်ခန်းခြင်းရှိသော၊ ကုမုဒါကရသမ္ဘောဓော-မြေ၌နေသောသတ္တဝါတို့၏နှစ်သက်ရွှင်လန်းခြင်းကို ပြုတတ်သော သစ္စာလေးပါးကို သိခြင်းရှိထသော၊ သုခီ-ကောင်းသောပညာရှိတော်မူသော မြတ်စွာဘုရားသည်၊ ဇနတံ-သတ္တဝါအပေါင်းကို၊ ပီဏော်တိ-နှစ်သက်စေ၏။ [ဥပမေယျ-ဘုရားနှင့်ဆိုင်သော အနက်။]

အယံ-ဤသိလေသသည်၊ ဘိန္နပဒဝါကျသိလေသော-ဘိန္နပဒဝါကျသိလေသတည်း။

(ခ) ရှင်း။　။ ၂၉၀။ (က) သရဒေ ဇာတော-သာရဒေါ၊ [ဥပမာနပက္ခ ၊] သာရံ ဒဒါတီတိ-သာရဒေါ၊ [ဥပမေယျပက္ခ။]

(ခ) အမလကော အာဘာသော ယဿာတိ-အမလကာဘာသော၊ [ဥပမာနပက္ခ၊] အာမလကော ဝိယ အာဘာသော (ဥယျာဝဇောဓော) ယဿာတိ-အာမလကာဘာသော၊ [ဥပမေယျပက္ခ ။]

(ဂ) သံ(သုဋ္ဌု) အာနိတော ပရိက္ခယော ယေနာတိ-သမာနိတပရိက္ခယော၊ [ဥပမာနပက္ခ ၊] သမံ အာနိတော ပရိက္ခယော ယေနာတိ-သမာနိတပရိက္ခယော၊ [ဥပမေယျပက္ခ ။]

(ဃ) ကုမုဒါနံ အာကရော-ကုမုဒါကရော၊ ကုမုဒါကရံ သမ္ဘောဓေတီတိ-ကုမုဒါကရသမ္ဘောဓော၊ [ဥပမာနပက္ခ ၊] ကူနံ(တန္နိဿိတာနံ) မုဒါ-ကုမုဒါ၊ ကုမုဒံ ကရောတီတိ-ကုမုဒါကရော၊ ကုမုဒါကရော သမ္ဘောဓော ယဿာတိ-ကုမုဒါကရသမ္ဘောဓော၊ [ဥပမေယျပက္ခ ။]

(င) သုဓာ(အမတံ) အသ အတ္ထီတိ-သုခီ၊ [ဥပမာနပက္ခ ၊] သု(သောဘနာ) ခီ(ဗုဒ္ဓိ) ယဿာတိ-သုခီ၊ [ဥပမေယျပက္ခ ။]

http://www.dhammadownload.com

၂၉၁။ သမာဟိတတ္တာဝိနယော , အဟိနမဒမဒ္ဒနော၊
သုဂတော ဝိသဒံ ပါတု , ပါဏိနံ သော ဝိနာယကော။
[ဘိန္နာဘိန္နပဒဝါကျသိလေသော။]

၂၉၁။ သမာဟိတတ္တာဝိနယော–ကောင်းစွာထားအပ်သော အတ္တဘောကို (အထူးအားဖြင့်) ဆောင်ခြင်းရှိသော၊ အဟိနမဒမဒ္ဒနော–(မြွေမင်း)နဂါးတို့၏ မာန်မာနကို နှိပ်နင်းတတ်ထသော၊ သုဂတော–တင့်တယ်သောသွားခြင်းရှိထသော၊ ဝိနာယကော–ဌက်တို့၏ အကြီးအကဲဖြစ်ထသော၊ သော–ထိုဂဠုန်မင်းသည်၊ ဝိသဒံ–အဆိပ်ကို ပေးတတ်သော၊ ပါဏိနံ–နဂါးသတ္တဝါအပေါင်းကို၊ ပါတု–စောင့်ရှောက်ပါစေသတည်း။ [ဥပမာန–ဂဠုန်နှင့်ဆိုင်သော အနက်။]

ထိုဝိဂ္ဂဟဝါကျ ပြုလုပ်ပြသည့်ပုဒ်တို့သည် ဥပမာန,ဥပမေယျ နှစ်ပါးလုံး၌ ငြိကပ်ထိစပ်တတ်သော သဘောရှိသောကြောင့် သိလေသမည်၏၊ ၄င်းတို့သည် ဥပမာန,ဥပမေယျ နှစ်ပက္ခလုံးတို့၌ အသံ(သုတိ)ပင် တူပါသော်လည်း ပြဆိုခဲ့ပြီးသည့်အတိုင်း ဝိဂ္ဂြိဟ်ဝါကျ အခိုက်အတန့်၌ ကွဲပြားသောပုဒ် ရှိသောကြောင့် ဘိန္နပဒဝါကျလည်းမည်၏၊ ထိုနှစ်ခုကို ပေါင်း၍ "ဘိန္နပဒဝါကျ–သိလေသ"ဟု ခေါ်ဆိုရလေသည်။

[တော်သလင်းလပြည့်ကျော် ၁–ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ၂–လသည် သရဒဥတုမည်၏။]

(ဂ) ရှင်း။ ။ ၂၉၁= (က) သမာဟိတော အတ္တသ(သရီရသ) ဝိနယော အသာတိ–သမာဟိတတ္တဝိနယော၊ [ဥပမာနပက္ခ၊] သမာဟိတော အတ္တသ(စိတ္တသ) ဝိနယော ယသာတိ–သမာဟိတတ္တဝိနယော၊ [ဥပမေယျပက္ခ ။] (မကွဲ)

(ခ) အဟိနံ ဂ္ဂနာ(နာယကာ)–အဟိနာ၊ အဟိနာနံ မဒေါ–အဟိနမဒေါ၊ အဟိနမဒံ မဒ္ဒတီတိ–အဟိနမဒမဒ္ဒနော၊ [ဥပမာနပက္ခ ၊] နဟိနာ–အဟိနာ၊ အဟိနာနံ မဒေါ–အဟိနမဒေါ၊ အဟိနမဒံ မဒ္ဒတီတိ–အဟိနမဒမဒ္ဒနော၊ [ဥပမေယျပက္ခ။] (ကွဲ)

(ဂ) သု(သုန္ဒရ) ဂတံ ယသာတိ–သုဂတော၊ [ဥပမာနပက္ခ ၊] သု(သုန္ဒရ) ဂတံ ယသာတိ–သုဂတော၊ [ဥပမေယျပက္ခ ။] (မကွဲ)

(ဃ) ဝိသံ ဒဒါတီတိ–ဝိသဒေါ၊ တံ [ဥပမာနပက္ခ၊] ဝိ(ဝိဂတံ) သဒံ–ဝိသဒံ၊ [ဥပမေယျပက္ခ။] (ကွဲ)

(င) ဝိနံ(ပက္ခိနံ) နာယကော–ဝိနာယကော၊ [ဥပမာနပက္ခ ၊] ဝိနေတီတိ–ဝိနာယကော၊ [ဥပမေယျပက္ခ ။] (ကွဲ)

ဝိဂ္ဂြိဟ်ဝါကျ ပြုလုပ်ထားသော ပုဒ်တို့သည် ဥပမာနဖြစ်သော–ဂဠုန်, ဥပမေယျဖြစ်သော–ဘုရား နှစ်ပါးလုံး၌ ငြိကပ်ထိစပ်တတ်သော သဘောရှိသောကြောင့် သိလေသမည်၏။

http://www.dhammadownload.com

သမာဟိတတ္တာဝိနယော-ကောင်းစွာထားအပ်သော စိတ်ကိုဆုံးမခြင်းရှိတော်မူသော၊ အဟိနမဒမဒ္ဒနော-မယုတ်(မြတ်)သော ဗကဗြဟ္မာစသည်တို့၏ မာန်မာနကို နှိပ်နင်းတော်မူတတ်ထသော၊ သုဂတော-တင့်တယ်သောသွားခြင်း ရှိတော်မူထသော၊ ဝိနာယကော-(ဝေနေယျသတ္တဝါတို့ကို) ဆုံးမတော်မူတတ်ထသော၊ သော-ထိုမြတ်စွာဘုရားသခင်သည်၊ ပါဏိနံ-သတ္တဝါအပေါင်းကို၊ ဝိသဒံ-သန့်ရှင်းကောင်းမွန်စွာ၊ ပါတု-စောင့်ရှောက်တော်မူပါစေသတည်း။ [ဥပမေယျ-ဘုရားနှင့်ဆိုင်သောအနက်။]

အယံ-ဤသိလေသသည်၊ ဘိန္နာဘိန္နပဒဝါကျသိလေသော-ဘိန္နာဘိန္နပဒဝါကျသိလေသတည်း။

သိလေသဘေဒ-တစ်မျိုး

၂၉၂။ ဝိရုဒ္ဓါဝိရုဒ္ဓါဘိန္နံ-ကမ္မာ နိယမဝါပရော၊
နိယမက္ခေပဝစနော , အဝိရောဓိ ဝိရောဓျပိ။

၂၉၂။ ဝိရုဒ္ဓါဝိရုဒ္ဓါဘိန္နကမ္မာ-ဝိရုဒ္ဓကမ္မသိလေသ, အဝိရုဒ္ဓကမ္မသိလေသ, အဘိန္နကမ္မသိလေသတို့လည်းကောင်း၊ နိယမဝါ-နိယမဝန္တုသိလေသလည်းကောင်း၊ အပရော-တစ်ပါးသော၊ နိယမက္ခေပဝစနော-နိယမက္ခေပဝစနသိလေသလည်းကောင်း၊ အဝိရောဓိ-အဝိရောဓိသိလေသလည်းကောင်း၊ ဝိရောဓျပိ-ဝိရောဓိသိလေသလည်းကောင်း၊- [၇ ။]

၂၉၃။ ဩစိတျသမ္ဘောသကာဒိ-သိလေသော ပဒဇာဒိပိ၊
ဧသံ နိဒဿနေသ္မေဝ , ရူပမာဝိဘဝိဿတိ။

ထိုဝိသေသနပုဒ်တို့သည် ဥပမာန,ဥပမေယျ နှစ်ပက္ခတို့၌ အသံ(သုတိ) တူသော်လည်း ဝိဂြိဟ်ဝါကျ အခိုက်အတန့်၌ "အဟိနမဒမဒ္ဒနော- ဝိသဒံ- ဝိနာယကော"တို့သည် ကွဲပြားသောပုဒ်ရှိသောကြောင့် ဘိန္နပဒဝါကျတို့မည်၏၊ "သမာဟိတတ္တာဝိနယော-သုဂတော"တို့သည် ဝိဂြိဟ်ဝါကျ အခိုက်အတန့်၌လည်း (မကွဲပြားသော)တူမျှသောပုဒ်ရှိသောကြောင့် အဘိန္နပဒဝါကျတို့မည်၏၊ ထိုသုံးရပ်ကိုပေါင်း၍ "ဘိန္နာ-ဘိန္နပဒဝါကျ-သိလေသ"ဟု ခေါ်ရလေသည်။ [ပဒဝါကျ-တစ်ခု ကျေ။]

သိလေသဘေဒတစ်မျိုး

၂၉၂-၂၉၃။ ။ ဆန့်ကျင်ကိရိ, မဆန့်ဘိန့်, ကိရိမပြား, ပါငြားသာလျှင်, သာလျှင်ပယ်ဟန့်, နက်မဆန့်နှင့်, နက်ဆန့်ကျင်ဘိ, ယုတ္တိပွားစေ, ဤရှစ်ထွေ, ပြားလေသိလေသာ-တစ်နည်းလာ။

သိလေသသည်-

(က) ဆန့်ကျင်သောကြိယာပါရှိသော- ဝိရုဒ္ဓကမ္မသိလေသ,

(ခ) မဆန့်ကျင်သောကြိယာပါရှိသော- အဝိရုဒ္ဓကမ္မသိလေသ,

http://www.dhammadownload.com

၂၉၃။ ပဒဏာဒိ–ပုဒ်ကြောင့်ဖြစ်သော သိလေသအစရှိသော၊ ဩစိတျသမ္မော သကာဒိသိလေသောပိ–ဩစိတျသမ္မောသကစသော သိလေသလည်းကောင်း၊ (ကျတိ–ဤသို့၊ အပရေပိ–တစ်ပါးလည်းဖြစ်ကုန်သော၊ သိလေသဘေဒါ–သိလေသ အပြားတို့သည်၊ သန္တိ–ရှိကုန်၏၊ ဒို–ဟောင်း၊) ဧသဲ–ထိုသိလေသတို့၏ ရူပံ–သဘောသည်၊ နိဒဿနေသွေဝ–ပြယုဂ်ဥဒါဟရဏ်ပုံစံတို့၌ပင်လျှင်၊ အာဝိဘာဝိဿတိ–ထင်စွာဖြစ်လိမ့်လတ္တံ့။ [အာဒိသဒ္ဒါဖြင့် သုဂန္ဓိသောဘာသမ္မန္ဓိ–စသော ဥပမာသိလေသ–စသည်ကို ယူသင့်၏၊ ဒို–ဟောင်း။]

၂၉၄။ သဝသေ ဝတ္တယဲ လောကံ , အခိလံ ကလ္လဝိဂ္ဂဟော၊
ပရာဘဝတိ မာရာရိ , ဓမ္မရာဇာ ဝိဇမ္ဘတေ။

(ဂ) မပြားသောကြိယာပါရှိသော– အဘိန္နကမ္မသိလေသ,
(ဃ) ဧဝ(သာလျှင်)သဒ္ဒါပါရှိသော– နိယမဝန္တုသိလေသ,
(င) ဧဝ(သာလျှင်)သဒ္ဒါကိုပယ်သော သဒ္ဒါပါရှိသော– နိယမကွေ့ပဝစနသိလေသ,
(စ) ဆန့်ကျင်သောအနက်မရှိသော– အဝိရောဓိသိလေသ,
(ဆ) ဆန့်ကျင်သောအနက်ရှိသော–ဝိရောဓိသိလေသ,
(ဇ) အသင့်ယုတ္တိကို တိုးပွားစေတတ်သောပုဒ်–စသည်ဖြစ်သော ဩစိတျသမ္မော သကပဒသိလေသ–ဟု တစ်နည်းအားဖြင့် ၈–ပါးပြားသော်၏၊ ယခင်သုံးပါးနှင့် ပေါင်းသော် သိလေသ ၁၁–ပါး ဖြစ်သတည်း။ [ကရီယတေ–ကမ္မံ၊ ကြိယာ။ ဝိရုဒ္ဓမေဝ ကမ္မံ ဧတသ္မာတိ–ဝိရုဒ္ဓကမ္မော။]

၄င်းတို့၏သဘောကို ပြဆိုလတ္တံ့သော ဥဒါဟရဏ်ဖြင့်ပင်လျှင် သိနိုင်လောက်သောကြောင့် အသီးအခြား(သုတ်တည်၍) မပြဆိုတော့ပေ။

(က)ပြန်ပုံစံ။ ။ ၂၉၄။ အကုန်အစင်, လူများဖြင်ကို, လိုတွင်ဖြစ်စေ, စွမ်းနိုင်ပေသား, ဖျက်ချေအယူ, လွန်လေးမူသည့်, ရန်သူမာရ, ပျက်စီးရ၏၊ ဓမ္မရာဇာ, စောမြတ်စွာသည်....လွန်စွာတင့်တယ်လှပေ၏။

မြန်ပုံစံနက် လူအကုန်လုံးကို မိမိအလိုဥ် ဖြစ်စေနိုင်သော သူတစ်ပါးကို ဖျက်ဆီးချေမှုန်းခြင်း–အယူဝါဒကို အလွန်နှစ်သက်သည့် ရန်သူမာရ်နတ်သည် ပျက်စီးရ၏။

လူအကုန်လုံးကို မိမိအလိုတော်ဥ် ဖြစ်စေနိုင်သော, ထိုထိုဘဝနှင့် ကိလေသာအစုတို့ကို ဖျက်ဆီးချေမှုန်းခြင်း အယူဝါဒကို အလွန်နှစ်သက်တော်မူသည့် ဓမ္မရာဇ်ဘုရားသည် လွန်စွာတင့်တယ်လှပေ၏။

http://www.dhammadownload.com

၂၉၄။ အခိလံ-အလုံးစုံသော၊ လောကံ-သတ္တလောကကို၊ သဝသေ-မိမိအလိုဌ်၊ ဝတ္တယံ-ဖြစ်စေနိုင်သော၊ ကလ္လဝိဂ္ဂဟော-နှစ်သက်သောစစ်ထိုးခြင်းရှိသော၊ မာရာရိ-မာရ်နတ်တည်းဟူသော ရန်သူသည်၊ ပရာဘဝတိ-ပျက်စီးဆုံးရှုံး၏။

အခိလံ-အလုံးစုံသော၊ လောကံ-သတ္တလောကကို၊ သဝသေ-မိမိအလိုဌ်၊ ဝတ္တယံ-ဖြစ်စေတတ်သော၊ ကလ္လဝိဂ္ဂဟော-နှစ်သက်ဖွယ်သော ခန္ဓာကိုယ်ရှိတော်မူသော၊ ဓမ္မရာဇာ-တရားမင်းဘုရားသည်၊ ဝိဇေ္ဈတေ-တင့်တယ်တော်မူ၏။

၂၉၅။ သဘာဝမခုရံ် ပုည-ဝိသေသောဒယသမ္ဘဝံ၊
သုဏာန္တိ ဝါစံ မုနိနော , ဇနာ ပဿန္တိ စာမတံ။

၂၉၅။ ဇနာ-သတ္တဝါတို့သည်၊ သဘာဝမခုရံ်-သဘောအားဖြင့် ချုပ်မြိန်သာယာသော၊ ပုညဝိသေသောဒယသမ္ဘဝံ-ကောင်းမှုကုသိုလ်အထူး၏ တိုးပွားခြင်းကြောင့် ဖြစ်ထသော၊ မုနိနော-မြတ်စွာဘုရား၏၊ ဝါစံ-စကားတော်ကို၊ သုဏာန္တိ-နာကြားရကုန်၏။

သဘာဝမခုရံ်-ပင်ကိုယ်သဘာဝ ချုပ်မြိန်ကောင်းမြတ်လှသော၊ ပုညဝိသေသောဒယသမ္ဘဝံ-(မိမိတို့၏) ကောင်းမှုကုသိုလ်ထူး၏ တိုးပွားခြင်းကြောင့် ဖြစ်ထသော၊ အမတံစ-အမြိုက်နိဗ္ဗာန်ကိုလည်း၊ ပဿန္တိ-မြင်ကြရကုန်၏။

ရှင်း ဝိသေသနနှစ်ပုဒ်တို့သည် မာရ်နတ်-ဘုရား နှစ်ပါးလုံး၌ ငြိကပ်ထိစပ်သောသဘော ရှိသောကြောင့် သိလေသမည်၏၊ ပရာဘဝတိ-(ပျက်စီးရ၏၊) ဝိဇေ္ဈတေ-(လွန်စွာ တင့်တယ်လှပေ၏၊)ဟူသော ကြိယာနှစ်ခုတို့ အချင်းချင်းဆန့်ကျင်သောကြောင့် ဝိရုဒ္ဓကမ္မမည်၏၊ ထိုနှစ်ခုကိုပေါင်း၍ "ဝိရုဒ္ဓကမ္မ-သိလေသ"ဟု ခေါ်သည်။

(ခ) ပြန်ပုံစံ။ ။ ၂၉၅။ ဘုရားမိုခို, များလူဗိုလ်တို့, (၁) ပင်ကိုယ်သဘာဝ, ချုပ်မြိန်လှသည်, (၂) ပုညဝိသေ, တိုးပွားလေ၍, ဖြစ်ပေအကယ်, ဘုန်းကြွယ်ဟောကြား, မြတ်တရားကို, မှတ်သားနာကြ, အမတလည်း....မြင်ရမျက်မှောက်ပြုကာတည်း။

ရှင်း ဤ၌ ဝိသေသနနှစ်ပုဒ်တို့သည် တရားနှင့်နိဗ္ဗာန်-တည်းဟူသော အနက်နှစ်ပါးတို့၌ ငြိကပ်ထိစပ်သောသဘော ရှိသောကြောင့် သိလေသမည်၏၊ သုဏာန္တိ-(မှတ်သားနာကြ), ပဿန္တိ-(မြင်ရ)ဟူသော ကြိယာတို့ အချင်းချင်း မဆန့်ကျင်ကြသောကြောင့် အဝိရုဒ္ဓကမ္မမည်၏၊ ထိုနှစ်ပါးကို ပေါင်းစပ်၍ "အဝိရုဒ္ဓကမ္မ-သိလေသ"ဟုခေါ်သည်။

မြန်မာပုံစံ၏ ဆိုလိုရင်း အဓိပ္ပာယ်မှာ ပေါ်လွင်ထင်ရှားပါ၏၊ အသိဉာဏ်မရှင်းကပါဠိပုံစံနိဿယနှင့် တိုက်ဆိုင်ကြည့်ပါလေ။

http://www.dhammadownload.com

၂၉၆။ အန္ဓကာရပဟာရာယ , သဘာဝမဓုရာယ စ၊
မနော ပီဏောတိ ဇန္တူနံ , ဇိနော ဝါစာယ ဘာယ စ။

၂၉၆။ အန္ဓကာရပဟာရာယ–မောဟတည်းဟူသော အမှိုက်မှောင်ကို ပယ်ဖျောက်တတ်သည်လည်းဖြစ်သော၊ သဘာဝမဓုရာယစ–သဘောအားဖြင့် ချိုမြိန်ကောင်းမြတ်သည်လည်းဖြစ်ထသော၊ ဝါစာယ–တရားတော်ဖြင့်လည်းကောင်း၊ အန္ဓကာရပဟာရာယ–ပကတိသောအမှိုက်မှောင်ကို ပယ်ဖျောက်တတ်သည်လည်းဖြစ်သော၊ သဘာဝမဓုရာယစ–သဘောအားဖြင့် ကောင်းမြတ်တင့်တယ်သည်လည်းဖြစ်ထသော၊ ဘာယစ–ရောင်ခြည်တော်ဖြင့်လည်းကောင်း၊ ဇိနော–မြတ်စွာဘုရားသည်၊ ဇန္တူနံ–သတ္တဝါတို့၏၊ မနော–စိတ်ကို၊ ပီဏောတိ–နှစ်သိမ့်စေနိုင်၏။

၂၉၇။ ကေသက္ခီနံဝ ကဏ္ဍာတ္တံ , ဘမူနံယေဝ ဝက်တာ၊
ပါဏိပါဒါဓရာနံဝ , မုနိန္ဒသာဘိရတ္တတာ။

(က) ပြန်ပုံစံ။ ။ ၂၉၆။ မိုက်မှောင်ထုကို, ပယ်ဖျက်ဖြိုသည့်, ပင်ကိုယ်ကောင်းသား, မြတ်စကားဖြင့်, ရောင်တော်ဖြင့်လည်း, မင်းမင့်းပရမေ, သုံးလူ့ဆွေသည်, ဝေနေယျားစွာ, သတ္တဝါအလုံး, စိတ်နှလုံးကို . . . . ရွှင်ပြုံးနှစ်သက်စေသတည်း။

မြန်ပုံစံနက် မောဟ–တည်းဟူသော အမှောင်ထုကို ဖြိုဖျက်တတ်သော ပင်ကိုယ်သဘောအားဖြင့် ကောင်းမြတ်သော တရားစကားတော်ဖြင့်လည်းကောင်း, ပကတိသော အမှောင်ထုကို ဖြိုဖျက်တတ်သော ပင်ကိုယ်သဘောအားဖြင့် ကောင်းမြတ်တင့်တယ်သည့် ရောင်ခြည်တော်ဖြင့်လည်းကောင်း မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေနိုင်၏။

ရှင်း အနက်ပေးပြထားသည့်အတိုင်း ဝိသေသနပုဒ် နှစ်ခုတို့သည် တရားစကားနှင့် ရောင်ခြည်တော်–ဟူသော အနက်နှစ်ပါး၌ ငြိကပ်ထိစပ်သောသဘော ရှိသောကြောင့် သိလေသမည်၏၊ ကရိဏ်းဖြစ်သော တရားစကားနှင့် ရောင်ခြည်တော်တို့ကို နှစ်သက်စေခြင်းကြိယာ တစ်ခုတည်း၌ပင်လျှင် ယှဉ်စပ်ရ၍ မပြားသောကြိယာ ရှိသောကြောင့် အဘိန္နကမ္မမည်၏၊ ထိုအမည်နှစ်ရပ်ကို ပေါင်းစပ်၍ "အဘိန္နကမ္မ–သိလေသ"ဟု ခေါ်သည်။

(ဃ) ပြန်ပုံစံ။ ။ ၂၉၇။ ဘုန်းဂုဏ်ဖြိုးကျော်, မြတ်ဇိနော်၏, ဆံတော်မျက်နှာ, ဣန္ဒြိနှစ်ချက်သာ, မည်းနက်ပါရှင့်၊ နှစ်ဖြာယှက်ပေါ်, မျက်ခုန်းတော်သာ, ကောက်ကွေးပါသား၊ ခြေဖဝါးနှင့်, လက်ဖျားနှတ်သာ, နီမြန်းပါသည် . . . . လွန်စွာအံ့ဖွယ်ကောင်းဘိသည်။

http://www.dhammadownload.com

၂၉၇။ မုနိန္ဒသ-မြတ်စွာဘုရား၏၊ ကေသက္ခီနံဝ-ဆံတော်မျက်လုံးတော်တို့၏ သာလျှင်၊ ကဏ္ဍတ္တံ-မည်းနက်ကုန်သည်၏ အဖြစ်သည်၊ ဟောတိ-ဖြစ်ပါ၏၊ (စိတ္တေ-စိတ်တော်၌၊ ကဏ္ဍတ္တံ-အကုသိုလ်၏ အဖြစ်သည်၊ န ဟောတိ-မဖြစ်ပေ၊) ဘမူနံ ယေဝ-မျက်ခုန်းတော်တို့၏ သာလျှင်၊ ဝင်္ကတာ-ကောက်ကွေးသည်၏ အဖြစ်သည်၊ ဟောတိ-ဖြစ်ပါ၏၊ (အဇ္ဈာသယေ-အလိုတော်၌၊ ဝင်္ကတာ-ကောက်ကျစ်စဉ်းလဲသည်၏ အဖြစ်သည်၊ န ဟောတိ-မဖြစ်ပေ၊) ပါဏိပါဒါဓရာနံဝ-လက်ဖဝါး, ခြေဖဝါး, နှုတ်ခမ်းတော်တို့၏ သာလျှင်၊ အဘိရတ္တတာ-လွန်စွာနီမြန်းကုန်သည်၏ အဖြစ်သည်၊ ဟောတိ-ဖြစ်ပါ၏၊ (စိတ္တေ-စိတ်တော်၌၊ အဘိရတ္တတာ-အလွန်တပ်မက်မှုရာဂသည်၊ န ဟောတိ-မဖြစ်ပေ။)

၂၉၈။ ပါဏိပါဒါဓရေသွေဝ , သာရာဂေါ တဝ ဒိဿတိ၊
ဒိဿတေ သောယမထဝါ , နာထ သာဓုဂုဏောသွပိ။

မြန်ပုံစံနက် မြတ်စွာဘုရားသခင်၏ ဆံတော်, မျက်လုံးတော်တို့သာ မည်းနက်ပါ၏၊ စိတ်တော်မှာ မည်းညစ်သောအကုသိုလ် မရှိချေ၊ မျက်ခုန်းတော်အစုံတို့သာ ကောက်ကွေးပါ၏၊ အလိုဆန္ဒတော်၌ ကောက်ကွေးမှု မရှိချေ၊ ခြေဖဝါး, လက်ဖျား, နှုတ်ခမ်းတို့သာ နီမြန်းပါ၏၊ စိတ်တော်၌ နီမြန်းတပ်စွဲမှုရာဂ မရှိချေ၊ ဤသဘောများသည် အံ့ဩဖွယ်ကောင်းလှပေ၏။

ရှင်း ဤ၌ ဇဝ(သာလျှင်)သဒ္ဒါ ပါရှိသောကြောင့် နိယမဝန္တုမည်၏၊ မည်းနက်ခြင်းသည် ဆံတော်, မျက်လုံးတော်တို့၏ မည်းနက်သောဂုဏ်-ဟူသောအနက်, စိတ်၌ရှိသော အကုသိုလ်-ဟူသောအနက်တို့၌ ငြိကပ်ထိစပ်သောကြောင့်လည်းကောင်း၊ ကောက်ကွေးခြင်းသည် မျက်ခုန်းတော်တို့၏ ကောက်ကွေးသောဂုဏ်-ဟူသောအနက်, သာဎေယျ-ဟူသောအနက်တို့၌ ငြိကပ်ထိစပ်သောကြောင့်လည်းကောင်း၊ အလွန်နီမြန်းခြင်းသည် လက်ဖဝါး-ခြေဖဝါး-နှုတ်ခမ်းတော်တို့၏ နီမြန်းသောဂုဏ်-ဟူသောအနက်, ရာဂ-ဟူသောအနက်တို့၌ ငြိကပ်ထိစပ်တတ်သောကြောင့်လည်းကောင်း သိလေသမည်၏၊ ထိုနှစ်ခုကိုပေါင်းစပ်၍ "နိယမဝန္တု-သိလေသ"ဟု ခေါ်သည်။

ပါဠိဘာသာ၌ ဇဝသဒ္ဒါကို အဝဓာရဏ-ဟူ၍လည်းကောင်း, နိယမ-ဟူ၍လည်းကောင်း ခေါ်သည်၊ ထိုဇဝသဒ္ဒါသည် မြန်မာဘာသာ၌ (သာ, သာလျှင်)စသည်တို့နှင့် ညီမျှ၏၊ ထို့ကြောင့် မြန်မာ၌ ဇဝ-အစား "သာ"ကို အသုံးပြုသည်။

(ဂ) ပြန်ပုံစံ။ ။၂၉၈။ လူနတ်အများ, ကိုးအားထားသည့်, တရားမျှဝေ, သုံးလူ့ဆွေ !-, ရှင့်ခြေဖဝါး, ရွှေလက်ဝါးနှင့်, နှုတ်ဖျားခွံသာ, ပြင်းစွာတပ်ခြင်း, ပေါ်ထင်လင်း၏၊ ကင်း၏ စိတ်တွင်, ရိပ်မထင်ခဲ့၊ ထို့ပြင်ထင်လင်း, ထိုတပ်ခြင်းသည်, သီဂင်း မွေ့လျော်, မြတ်သူတော်၏, ကြေးညှော် ကင်းစင်, ဂုဏ်တို့တွင်လည်း· · · · တွေ့မြင်ရချေသေးပေ၏။

http://www.dhammadownload.com

၂၉၈။ နာထ–မြတ်စွာဘုရား ! ၊ တဝ–ရှင်တော်မြတ်ဘုရား၏ ၊ ပါဏိပါဒါဓရေ သွေဝ–လက်ဖဝါး, ခြေဖဝါး, နှုတ်ခမ်းတော်တို့၌သာလျှင်၊ သာရာဂေါ–လွန်စွာတပ်စွဲ, နီရဲသောအဆင်းတော်သည်၊ ဒိဿတိ–ထင်ပါ၏၊ (စိတ္တော–စိတ်တော်၌၊ သာရာဂေါ–ပြင်းစွာတပ်စွဲခြင်းရာဂသည်၊ နဒိဿတိ–မထင်ပါ၊) အထဝါ–ထို့မှတစ်ပါး၊ သောယံ–ထိုပြင်းစွာနှစ်သက်ခြင်း ကုသလစ္ဆန္ဒသည်၊ သာခုဂဏေသွပိ–သူတော်ကောင်းတို့၏ သီလစသော ဂုဏ်တို့၌လည်း၊ ဒိဿတေ–ထင်ပြန်၏။

၂၉၉။ သလက္ခဏောတိသုဘဂေါ , တေဇဿီ နိယတောဒယော၊
လောကေသော ဇိတသံက္လေသော , ဝိဘာတိ သမဏိဿရော။

မြန်ပုံစံနက် ရှင်တော်မြတ်ဘုရား ! ရှင်တော်မြတ်ဘုရား၏ ခြေဖဝါး, လက်ဖဝါး, နှုတ်ဖျားတော်တို့၌သာ ပြင်းစွာတပ်စွဲ နီရဲသောအဆင်းတော်သည် ပေါ်လွင်ထင်ရှားပါ၏၊ စိတ်တော်၌ ပြင်းစွာတပ်ခြင်းရာဂ မထင်ပါ၊ ထို့ပြင် ထိုပေါ်လွင်ထင်ရှားသော ပြင်းစွာတပ်နှစ်သက်မှု ကုသလစ္ဆန္ဒသည် သီတင်းသီလ အမြဲစောင့်ထိန်းနေကြသော သူတော်ကောင်းတို့၏ အကုသိုလ်အညစ်အကြေးမှ ကင်းစင်သောဂုဏ်များ၌လည်း တွေ့မြင်ရချေသေး၏။

ရှင်း (ဇဝ–သာ)ဟု ပြဆိုခဲ့သောနိယမကို တားမြစ်တတ်သော အထဝါ–(ထို့ပြင်)ဟူသော သဒ္ဒါပါရှိသောကြောင့် နိယမက္ခေပဝစနမည်၏၊ သာရာဂေါ–(ပြင်းစွာတပ်ခြင်း၊) ဟူသောသဒ္ဒါသည် ပြင်းစွာတပ်စွဲ နီရဲသောအဆင်း–ဟူသောအနက်, ပြင်းစွာတပ်ခြင်းရာဂ–ဟူသောအနက် နှစ်ပါးတို့၌ ငြိကပ်ထိစပ်သောကြောင့် သိလေသမည်၏၊ ထိုနှစ်ပါးကို ပေါင်း၍ "နိယမက္ခေပဝစန–သိလေသ"ဟု ခေါ်သည်။

[ပါဠိ–အထဝါ–အစား မြန်မာ၌ "ထို့ပြင်"ကို သုံးထားသည်။]

မြန်ပုံစံ။ ။ပညာမည်ငြား, ဤတရားလည်း, ယောက်ျားနို့က်သာ, မဟူရာဘူး၊ အမရာဒေဝီ, ထေရီမမ္မ, ဒိန္နာစသည်, အပ္ပကဟူ, နည်းငယ်မူကား, လူဝယ်ထိုသို့, မိန်းမတို့လည်း, မချို့ပညာ, ယှဉ်တတ်စွာ၏၊ မိစ္ဆာမိုက်ကြူး, ကျူးဇူးချေတတ်, မမြတ်စာရ, မောဟပြောထူ, မိန်းမဟူသည်, ယေဘုယျနည်း, ဖြစ်သတည်းရှင့်၊ သိမ်းဆည်းမဲ့ဘိ, ကင်းသတိနှင့်, အသိပညာဉ်, မယှဉ်သသူ, ထိုမျှလူတို့, ကျင့်မူဘောက်ပြား, မတည်ကြားသည် . . . . ယောက်ျားမိန်းမ မဟူတည်း။ (မဃ–၃၁၄။) [ဤပုံစံကိုလည်း နိယမက္ခေပဝစန–သိလေသ–ဟု ဆိုကြ၏၊ သိလေသ သဘော ရှိနိုင်–မရှိနိုင် စဉ်းစားပါ။]

(စ) ပြန်ပုံစံ။ ။ ၂၉၉။ အမှတ်လက္ခဏာ, ရှိပေထသား, ကောင်းလှလွန်စွာ, ထွန်းဖြာတန်ခိုး, ပြည့်စုံဖြိုးလျက်, တိုးတက်မပြတ်, အောင်လတ်ပူပင်, ဘုံပြင်လောက, အစိုးရနှင့်, ကျောက်လှမျက်ရှင်, တုဘက်စင်သည် . . . . လွန်ပင်တင့်တယ် လောကလယ်။

http://www.dhammadownload.com

၂၉၉။ သလက္ခဏော-ယုန်ရေးအမှတ်တံဆိပ်ပါရှိသော၊ အတိသုဘဂေါ-အလွန်တင့်တယ်သော ကျက်သရေရှိသောလမင်းသည်၊ ဝိဘာတိ-တင့်တယ်တောက်ပ၏၊ သလက္ခဏော-လက္ခဏာတော်ကြီး ၃၂-ပါးရှိသော၊ အတိသုဘဂေါ-အလွန်ကောင်းမြတ်တင့်တယ်ခြင်းရှိသော မြတ်စွာဘုရားသည်၊ ဝိဘာတိ-အထူးအားဖြင့် တင့်တယ်တော်မူ၏။

တေဇသီ-ထွန်းတောက်ပသောတန်ခိုးရှိသော၊ နိယတောဒယော-နေ့စဉ်အမြဲတက်ခြင်းရှိသော နေမင်းသည်၊ ဝိဘာတိ-အထူးအားဖြင့် တောက်ပ၏၊ တေဇသီ-တန်ခိုးရှိတော်မူသော၊ နိယတောဒယော-အမြဲတိုးပွားသော သဗ္ဗညုတဉာဏ် ရှိတော်မူသော မြတ်စွာဘုရားသည်၊ ဝိဘာတိ-အလွန်တင့်တယ်တော်မူပါပေ၏။

လောကေသော-လောကကိုအစိုးရသော၊ ဇိတသံက္လေသော-(စျာနပီတိဖြင့်) အောင်အပ်ပြီးသော ကိုယ်စိတ်ပူပန်ခြင်းရှိသော ဗြဟ္မာသည်၊ ဝိဘာတိ-တင့်တယ်၏၊ လောကေသော-လောကသုံးပါးကိုအစိုးရတော်မူသော၊ ဇိတသံက္လေသော-(အရဟတ္တမဂ်ဖြင့်) အောင်အပ်ပြီးသောကိလေသာရှိတော်မူသော မြတ်စွာဘုရားသည်၊ ဝိဘာတိ-တင့်တယ်တော်မူပါပေ၏။

သ(သော)မဏိဿရော-ထိုကျောက်မြတ်သည်၊ ဝိဘာတိ-တင့်တယ်၏၊ သမဏိဿရော-ရဟန်းတို့ကို အစိုးတော်မူသော မြတ်စွာဘုရားသည်၊ ဝိဘာတိ-တင့်တယ်တော်မူပါပေ၏။

မြန်ပုံစံနက် ယုန်ရေးအမှတ်တံဆိပ်ပါရှိသော လွန်စွာကောင်းမြတ်လှပသော လသည်လည်းကောင်း, ထွန်းလင်းတောက်ပသောတန်ခိုးရှိသော အမြဲတိုးတက်အရှေ့ဘက်မှ ပေါ်ထွက်လာသော နေမင်းသည်လည်းကောင်း, စျာနပီတိဖြင့် ကိုယ်စိတ်ပူပန်မှုကို အောင်တတ်သည့် လောကကိုအစိုးရသော ဗြဟ္မာသည်လည်းကောင်း, တုဘက်ကင်းကွာအောင် လှပသော ပတ္တမြားကျောက်သည်လည်းကောင်း, လောကအလယ်ဝယ် အလွန်တင့်တယ်လှပေ၏။ [ဥပမာနပက္ခ အနက်။]

၃၂-ပါးသော ယောက်ျားမြတ်တို့၏ အမှတ်လက္ခဏာ အပြည့်ပါရှိသော, လွန်စွာတင့်တယ်ကောင်းမြတ်လှသော, ထွန်းတောက်ပသောတန်ခိုးတော်လည်း ရှိတော်မူထသော, အမြဲမပြတ်တိုးတက်သော သဗ္ဗညုတဉာဏ်လည်း ရှိတော်မူထသော, ပူပင်မှုကိလေသာ-ဟူသမျှကိုလည်း အောင်တော်မူတတ်ထသော, လောကသုံးခွင် ဘုံအပြင်ကိုလည်း အစိုးရတော်မူထသော ရဟန်းတို့သခင် ဘုရားရှင်သည် လောကအလယ်ဝယ် အလွန်တင့်တယ်လှပေ၏။ [ဥပမေယျ-ဘုရားအတွက် အနက်။]

http://www.dhammadownload.com

၃၀၀။ အသမောပိ သမော လောကေ , လောကေသောပိ နရုတ္တမော၊
သဒယောပျဒယော ပါပေ , စိတ္တာယံ မုနိနော ဂတိ။

၃၀၀။ လောကေ–လောကဒ်၌၊ အသမောပိ–အတူမရှိသောမင်းစသည်ဖြစ်သော်လည်း၊ သမော–တူသူရှိခဲ့ပြန်၏၊ လောကေသောပိ–ဗြဟ္မာဖြစ်လျက်လည်း၊ နရုတ္တမော–လူမြတ်ဖြစ်၏၊ သဒယောပိ–ပေးကမ်းခြင်းရှိသူဖြစ်လျက်လည်း၊ ဝါ–သနားချစ်ခင်ခြင်းရှိသူဖြစ်လျက်လည်း၊ ပါပေ–လူယုတ်မာ၌၊ အဒယော–ပေးကမ်းခြင်းမရှိ၊ ဝါ–သနားချစ်ခင်ခြင်းမရှိ။

တစ်နည်း= အသမောပိ–အတူမရှိသော ဘုရားဖြစ်တော်မူ၍သာလျှင်၊ လောကေ–အလုံးစုံသောလူအပေါင်း၌၊ သမော–တူမျှသောစိတ်ရှိတော်မူပါပေ၏၊ လောကေသောပိ–လောကကိုအစိုးရသော ဘုရားဖြစ်တော်မူ၍သာလျှင်၊ နရုတ္တမော–လူမြတ်ဖြစ်တော်မူပါပေ၏၊ သဒယော–သနားခြင်းရှိသော ဘုရားဖြစ်တော်မူ၍သာလျှင်၊ ပါပေ–မကောင်းမှု အကုသိုလ်၌၊ အဒယော–သနားခြင်းမရှိပေ၊ မုနိနော–မြတ်စွာဘုရား၏၊ အယံဂတိ–ဤဖြစ်ပုံတော်သည်၊ စိတ္တာ–(ချီးမွမ်းစဖွယ်) ဆန်းကြယ်လှပါပေ၏။

ရှင်း ဤပုံစံ၌ပါရှိသော ဂုဏ်ပုဒ်တို့သည် ဆန့်ကျင်ဘက်အနက် မရှိသောကြောင့် အဝိရောဓိမည်၏၊ ထိုပုဒ်တို့သည်- (၁)လနှင့်ဘုရား, (၂)နေနှင့်ဘုရား, (၃) ဗြဟ္မာနှင့်ဘုရား, (၄)ပတ္တမြားကျောက်နှင့်ဘုရား–ဟူသော အနက်နှစ်ခုနှစ်ခုတို့၌ ငြိကပ်ထိစပ်သောကြောင့် သိလေသလည်းမည်၏၊ ထိုနှစ်ခုကို ပေါင်းစပ်၍ "အဝိရောဓိ–သိလေသ"ဟု ခေါ်သည်။

ကြိယာမပြားသောကြောင့် အဘိန္နကမ္မ–သိလေသ–ဟု ဆိုသင့်သော်လည်း မဆိုရကြောင်းကို ရှေးကဆိုခဲ့ပြီးသည်ကို နည်းမှီ၍ သိနိုင်လောက်ပေပြီ။

(ဆ) ပြန်ပုံစံ။ ။ ၃၀၀။ တူသူကင်းကွာ, ဖြစ်တုံပါလျက်, တူစွာဖြစ်ရ, သုံးလောကဝယ်, ဗြဟ္မာစင်စစ်, လူမြတ်ဖြစ်ရှင့်၊ ချစ်ခင်သနား, ရှိတုံငြားလျက်, သနားကင်းကွာ, ယုတ်တမာဝယ်, မြတ်စွာဘုန်းမော်, ဖြစ်ပုံတော်သည်.... ထွေငေါ်ချီးဖွယ် ဆန်းကြယ်၏။

မြန်ပုံစံနက် လောကဒ်၌ အတူမရှိသောသူဖြစ်လျက် သူတစ်ပါးနှင့် တူညီခဲ့ရပြန်၏၊ ဗြဟ္မာစင်စစ်ဖြစ်ပါလျက် လူမြတ်ဖြစ်ရပြန်၏၊ ချစ်ခင်သနားမှုရှိသူဖြစ်ပါလျက် လူယုတ်မာတို့၌ သနားခြင်းမှ ကင်း၏။

တစ်နည်း= အတူမရှိသောဘုရား ဖြစ်တော်မူလျက် ဗြဟ္မာနတ်လူ သုံးဘုံသူတို့၌ တူစွာဖြစ်သောစိတ် ရှိပါပေ၏၊ လောကသုံးပါး၌ မွန်မြတ်သော ဘုရားစင်စစ် ဖြစ်တော်

http://www.dhammadownload.com

၃၀၁။ သံသာရဒုက္ခောပဟတာ-ဝနတာ ဇနတာ တွယိ၊
သုခမိစ္ဆိတမစ္ဆန္တံ , အမတန္ဒဒ ဝိန္ဒတိ။

၃၀၁။ အမတန္ဒဒ-အမြိုက်သုဓာဘုတ်ကို ပေးတတ်သော အရှင်နတ်မင်း ! ၊ ဝါ-အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်သောမြတ်စွာဘုရား ! ၊ သံသာရဒုက္ခောပဟတာ-သံသရာဆင်းရဲသည် နှိပ်စက်အပ်သော၊ ဇနတာ-လူအပေါင်းသည်၊ တွယိ-အရှင်နတ်မင်း၌၊ ဝါ-ရှင်တော်မြတ်ဘုရား၌၊ အဝနတာ-ခိုလှုံဦးခိုက်, ညွတ်ဦးတိုက်သည်ဖြစ်၍၊ အစ္ဆန္တံ-လွန်လွန်မင်းမင်း၊ ဣစ္ဆိတံ-အလိုရှိအပ်သော၊ သုခံ-ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာမှုကို၊ ဝါ-နိဗ္ဗာန်ချမ်းသာမြတ်ကို၊ ဝိန္ဒတိ-ရပါ၏။

မူ၍သာလျှင် လူမြတ်ဖြစ်တော်မူပါပေ၏၊ ချစ်ခင်သနားမှုရှိသော ဘုရားဖြစ်တော်မူပါလျက် ယုတ်မာလှသော အကုသိုလ်အစုဥ သနားချစ်ခင်မှု ကင်းတော်မူပါပေ၏၊ ဘုန်းတော်ကြီးများ မြတ်ဘုရား၏ ဖြစ်ပုံတော်သည် ချီးမွမ်းအံ့သြမကုန်အောင် ဆန်းကြယ်လှပါပေ၏။

ရှင်း ဤပုံစံဝယ် ရှေးဦးစွာပေးထားသောအနက်၌ (၁)အတူမရှိသူဖြစ်လျက် တူခြင်း, (၂)ဖြဟ္မာဖြစ်လျက် လူဖြစ်ခြင်း, (၃)ပေးကမ်းခြင်းရှိသူဖြစ်လျက် မပေးကမ်းခြင်း, ဝါ-သနားချစ်ခင်မှုရှိလျက် မသနား မချစ်ခင်ခြင်းတို့သည် အချင်းချင်းဆန့်ကျင်ကြ၏၊ ထိုသို့ ဆန့်ကျင်ဘက်အနက် ပါရှိသောကြောင့် ဝိရောဓိမည်၏။

ထိုပုဒ်တို့သည် (၁)မင်းနှင့်ဘုရား, (၂)ဖြဟ္မာနှင့်ဘုရား, (၃)ယောက်ျားနှင့်ဘုရား အနက်နှစ်ပါးစီတို့၌ ငြိကပ်ထိစပ်တတ်သောကြောင့် သိလေသလည်းမည်၏၊ ထိုအမည်နှစ်ခုကိုပေါင်း၍ "ဝိရောဓိ-သလေသ"ဟု ခေါ်သည်။

[ရှေ့ပက္ခ၌ အပိသဒ္ဒါသည် (ဝိရောဓ)ဆန့်ကျင်ခြင်းကို ထွန်းပြ၏၊ နောက်ပက္ခ၌ အဝဓာရဏာအနက်ကို ထွန်းပြ၏။]

(၈) ပြန်ပုံစံ။ ။ ၃၀၁။ အမြိုက်ပေးတတ်, အရှင်မြတ် !-, ဝဠုံသံသရာ, များဒုက္ခာသည်, ပြင်းစွာနှိပ်ထောင်း, လူအပေါင်းကား, ရှင်ကောင်း၌သာ, ဦးခိုက်ပါ၍, လွန်စွာလိုလတ်, ချမ်းသာမြတ်ကို . . . . မချွတ်ရကြပါပေ၏။

မြန်ပုံစံနက် အမြိုက်သုဓာဘုတ်ကို ပေးတတ်သော အရှင်နတ်မြတ် ! သံသရာဝဠုံဆင်းရဲ၏ ပြင်းစွာနှိပ်စက်ညှဉ်းပန်းခြင်းကို ခံနေကြရသူ လူအပေါင်းသည် အရှင်ကောင်း၌ ဦးခိုက်ကြ၍ လွန်စွာလိုလားနေကြသော ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာမြတ်ကို ဇနပင် ရကြပါ၏။

တစ်နည်း= အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်သော ရှင်တော်မြတ်ဘုရား ! သံသရာဝဠုံဆင်းရဲ၏ ပြင်းစွာညှဉ်းပန်းနှိပ်စက်မှုကို ခံနေကြရသော လူအပေါင်းသည် ရှင်တော်မြတ်

http://www.dhammadownload.com

၂၁။ တုလျယောဂိတာ-အလင်္ကာ

၃၀၂။ ဂုဏာယုတ္တေဟိ ဝတ္ထူဟိ , သမံ ကတ္တာန ကဿစိ၊
သံကိတ္တန် ဘဝတိ ယံ , သာ မတာ တုလျယောဂိတာ။

၃၀၂။ ဂုဏာယုတ္တေဟိ-(ကောင်း-မကောင်းသော)ဂုဏ်တို့နှင့်ယှဉ်ကုန်သော၊ ဝတ္ထူဟိ-ဝတ္ထုတို့နှင့်၊ သမံ-တူ မျှသည်ကို၊ ကတ္တာန-ပြု၍၊ ကဿစိ-တစ်စုံတစ်ယောက်သောသူကို၊ (ထုတိနိန္ဒတ္ထံ-ချီးမွမ်းခြင်း-ကဲ့ရဲ့ခြင်းငှာ၊ ဒို-ဟောင်း၊) ယံသံကိတ္တန်-အကြင်ပြောဆိုခြင်းသည်၊ ဘဝတိ-ဖြစ်၏၊ သာ-ထိုပြောဆိုခြင်းကို၊ တုလျယောဂိတာ-တုလျယောဂိတာ အလင်္ကာဟူ၍၊ မတာ-သိအပ်၏။

ဘုရား၌ ရှိခိုးဦးခိုက်ကြ၍ လွန်စွာလိုလားတောင့်တနေကြသော နိဗ္ဗာန်ချမ်းသာမြတ်ကို ဧကန်ပင် ရကြပါ၏။

ရှင်း အမြိုက်ကို ပေးတတ်သောသူတို့က ဒုက္ခရောက်နေသောသူကို ချမ်းသာရအောင် ပြုနိုင်ခြင်းသည် သင့်လျော်လျောက်ပတ်လှပေ၏၊ ထို့ကြောင့် ဩစိတျမည်၏၊ ထိုဩစိတျ(အသင့်ယုတ္တိ)ကိုလည်း ထိုပုဒ်ကပင် တိုးပွားစေတတ်၏၊ ထို့ကြောင့် ဩစိတျသမ္မောသကပဒလည်း မည်၏၊ အမတန္ဒဒ(အမြိုက်ပေးတတ်, အရှင်မြတ်)ဟူသော ပုဒ်သည် နတ်-ဟူသောအနက်, ဘုရား-ဟူသောအနက် နှစ်ပါး၌ ငြိကပ်ထိစပ်တတ်သောကြောင့် သိလေသမည်၏၊ ထိုစကားနှစ်ရပ်ကို ပေါင်းစပ်၍ "ဩစိတျသမ္မောသကပဒ-သိလေသ"ဟု ခေါ်သည်။

(၂၁) တုလျယောဂိတာ

၃၀၂။ ။ ချီးမွမ်းလိုခဲ့, ကဲ့ရဲ့လိုလတ်, အကြောင်းရပ်ကြောင့်, ဝတ္ထုနှစ်ပါး, ဂုဏ်တူထား, ဆိုငြားတုလျယောဂိတာ။

ချီးမွမ်းလိုသောကြောင့်ဖြစ်စေ, ကဲ့ရဲ့လိုသောကြောင့်ဖြစ်စေ ဝတ္ထုနှစ်ခုသုံးခု-စသည်ကို ဂုဏ်တူထား၍ တစ်စုံတစ်ယောက်သောသူ၏ ဂုဏ်ကိုပြောဆိုခြင်း, အပြစ်ကိုပြောဆိုခြင်း နှစ်ပါးလုံးသည်ပင် တုလျယောဂိတာအလင်္ကာမည်၏၊ သို့ဖြစ်၍ ထိုတုလျယောဂိတာ အလင်္ကာကို-

(က) ဂုဏ်ကိုပြောဆိုသော တုလျယောဂိတာအလင်္ကာ,
(ခ) အပြစ်ကိုပြဆိုသော တုလျယောဂိတာအလင်္ကာ-ဟု နှစ်မျိုးခွဲသင့်၏။

[တုလျေန သဟ ယောဂေါ-တုလျယောဂေါ၊ တုလျယောဂေါ ဧတေသံ အတ္ထီတိ-တုလျယောဂိနော၊ တုလျယောဂိနံ ဘာဝေါ-တုလျယောဂိတာ။]

တူသောဂုဏ်နှင့်ယှဉ်ကြသော ဝတ္ထုဒြပ်(အနက်)တို့၏ ထိုထိုဂုဏ်နှင့်စပ်ခြင်း(သမ္ဗန်)သည်သာ မုချအားဖြင့် တုလျယောဂိတာမည်၏၊ ထိုဂုဏ်နှင့်ယှဉ်ကြသော ဒြပ်တို့သည်ကား

http://www.dhammadownload.com

၃၀၃။ သမ္ပတ္တသမ္မဒေါ လောကော , သမ္ပတ္တာလောကသမ္မဒေါ၊
ဥဘောဟိ ရံသိမာလီ စ , ဘဂဝါ စ တမောနုဒေါ။

၃၀၃။ ရံသိမာလီစ-နေမင်းသည်လည်း၊ တမောနုဒေါ-ပကတိသောအမိုက်မှောင်ကို ပယ်ဖျောက်နိုင်၏၊ ဘဂဝါစ-မြတ်စွာဘုရားသည်လည်း၊ တမောနုဒေါ-မောဟတည်းဟူသော အမိုက်မှောင်ကို ပယ်ဖျောက်နိုင်၏၊ ဥဘောဟိ-နေမင်း ဘုရား, နှစ်ပါးတို့ကြောင့်၊ လောကော-လူ အပေါင်းသည်၊ သမ္ပတ္တသမ္မဒေါ-ရအပ်သောဝမ်းမြောက်ခြင်းရှိ၏၊ သမ္ပတ္တာလောကသမ္မဒေါ-ရအပ်သောအရောင်အလင်းနှင့် ပြည့်စုံခြင်း ရှိ၏။

ဌာနီ၏အမည်ကို ဌာနပေါ်၌ တင်စားခေါ်ဝေါ်သုံးစွဲသော ဌာနျုပစာအားဖြင့် တုလျယောဂိတာ မည်ကြ၏၊ ထိုအနက်ကို ဟောတတ်သောစကားအထူး(ဗန္ဓ)သည် ကာရကဗျူပစာအားဖြင့် တုလျယောဂိတာမည်၏ [ဋီ၊] အတ္ထာလက်ာရ-ဟူသမျှ၌ ဗန္ဓသည် မုချအလက်ာ မမည်၊ ဥပစာချည်း။

(က) ပြန်ပုံစံ။ ။ ၃၀၃။ တန်ခိုးထန်ပြင်း, ရှင်နေမင်းသည်, ပယ်ခွင်းအမှောင်, ထွန်းလင်းပြောင်ရှင့်၊ ဘုန်းရောင်ပြည့်ဝ, မြတ်ဗုဒ္ဓလည်း, မောဟအမှောင်, ပယ်ထွန်းပြောင်၏၊ စွမ်းဆောင်ထူးခြား, ထိုနှစ်ပါးကြောင့်, လူများဝမ်းသာ, ဖြစ်ကြပါသည်....ရောင်ဝါအလင်း ရသောကြောင့်။

ရှင်း ဤ၌ နှစ်သက်မှုကို ပေးနိုင်ခြင်း, အရောင်အလင်းကို ပြုခြင်း-ဟူသော ဂုဏ်နှင့် ယှဉ်သော နေနှင့် အတူထား၍ မြတ်စွာဘုရား၏ဂုဏ်ကို ချီးမွမ်းပြောဆိုသောကြောင့် တုလျယောဂိတာအလက်ာမည်၏။

မြန်ပုံစံ။ ။ သတ္တဝါတွင်, အမြင်စက္ခု, ငါးပါးစုသည့်, သဗ္ဗညုဘုရား၊ ခြေရာများတွင်, ထင်ရှားကြီးစွာ, ဆင့်ခြေရာတည့်၊ နံ့သာမျိုးစစ်, အမြစ်တွင်သော်, အကျော်နက်ကျူး၊ အနှစ်ထူးကား, စန္ဒကူးနီလာ၊ အပွင့်မှာမူ, မုလေးဟူ၏၊ လူတို့သနင်း, မင်းတွင်စကြာ, အင်္ဂါဗုဒ္ဓ, စသည်ငါးပါး, ပဉ္စတား-ဟု, ထင်ရှားထိန်ဖြာ, ဂြိုဟ်တကာတွင်, သောကြာစိုင်ရှူး, ထွန်းမြူးတောက်ပြောင်၊ ကြယ်များဘောင်တွင်, လရောင်လွန်ကဲ့, မှောင်တခဲကို, ဘောက်ခွဲးပယ်ခြင်း, ရောင်အလင်းတွင်, နေမင်းပြဘင်၊ မြစ်တွင်သမုဒ်, အဟုတ်ကြီးမား၊ တောင်ကားမြင်းမိုရ်၊ ကုသိုလ်ပညပ်, တရားရပ်တွင်, အပွမာဒ, ထူးမြတ်လှ။ (မဃ-၅၄၀။)

ပြည်တွင်ဗာရာ, ပန်းမှာမုလေး, အဇီးသီတာ, ရေမှာမိုးများ, ယောကျ်ားတွင်ပေ, ပရမေသုရာ, မိန်းမမှာကား, ကညာပျိုစင်, သီးတွင်သရက်, သားတွင်ဝက်ဟူ, မြစ်မူဂင်္ဂါ, ထူးမြတ်စွာသို့။ (မဃ-၅၄၉။)

http://www.dhammadownload.com

၂၂။ နိဒဿန-အလင်္ကာ

၃၀၄။ အတ္ထန္တရံ သာဓယတာ , ကိဉ္စိ တံ သဒိသံ ဖလံ၊
ဒဿီယတေ အသန္တံ ဝါ , သန္တံ ဝါ တံ နိဒဿနံ။

ဥဘော ခဇ္ဇာ ဥဘော ကုဏီ , ဥဘော ဝိသမစက္ခုကာ၊
ဥဘိန္နံ ပိဋ္ဌကာ ဇာတာ , နာဟံ ပဿာမိ ကြလ္လိသံ။
[ဧကနိပါတ်ဇာတ်။]

(ခ) ပြန်ပုံစံ။ ။နှစ်ယောက်လုံးပင်, ခြေများခွင်၏၊ လက်ပြင်ကောက်နေ, မျက်စိစွေရှင့်၊ တူလေမြင်းဖု, ရှိသည်မှကြောင့်, မည်သူ့ကိုမျှ, ကြလွိသဟု, မုချ ထင်ထင်-ငါမမြင်။

ရှင်း ဤ၌ ခြေခွင်ခြင်း-စသော အပြစ်နှင့်ယှဉ်သော ကြလွိသယောင်ဆောင်နေသော သိကြားမင်းနှင့် အတူထား၍ ကြလွိသသူဌေးစစ်၏ အပြစ်ကို ပြောဆိုသောကြောင့် တုလျယောဂိတာအလင်္ကာ-မည်၏။ [စာကိုယ်၌ မပြသော်လည်း ရသင့်သည်သာ မှတ်ပါလေ။]

မြန်ပုံစံ။ ။ အဂ္ဂိခန္ဓ, မြစ်မသမုဒြာ, ပြောလဟာနှင့်, ကြီးစွာလောဘ, မဟိစ္ဆအား, ခမ်းနား ပစ္စည်း, အနည်းနည်းတို၊ ပေါများဖြင်စး, နေ့တိုင်းပေးလည်း, မြတ်လေး လွန်ကဲ, ရောင့်ရဲစေငှာ, မတတ်ရာ။ (ဘူပေါင်း-၅၀။)

ရေမယိုကန်, ဆန်မဲ့စပါး, တရားမဲ့မင်း, ခိုးကင်းသည့်မီး, ဤလေးသီးကား, ချည်းနှီးမျှသာ, လူမှာတစ်, ကျိုးမယှိဘူး။ (မဃ-၃၂၃။)

တုလျယောဂိတာ ဥဒ္ဓာရ်ရွှင်ဆေး

(က) အသီးတွင်သရက်, အရွက်တွင်လက်ဖက်, အသားတွင်ဝက်။
(ခ) ပတ္တမြားငမောက်, ငါး ငါးသလောက်။
(ဂ) ငါးမှာ ငါးသလောက်, မယားမှာ ဆံတောက် (အစားခက်-အထားခက်။)
(ဃ) ဓားကိုဖျက်သည် ဝါးမျက်, နွားကိုဖျက်သည် နွားနက်, ရှင်ကိုဖျက်သည် ဓဇင်, လူကိုဖျက်သည် အရက်။

ဤပုံစံများကိုလည်း စစ်ဆေးကြည့်ပါလေ၊ တချို့ပုံစံ၌ ဂုဏ်မပါသော်လည်း သိသာ၏၊ မဂ်လသုတ်, ပရာဘဝသုတ်, ဝသလသုတ်-ပါဠိတော်များလည်း တုလျယောဂိတာအလင်္ကာ ရှိ၏ -ဟု ဆရာတို့ ဆိုကြ၏။

(၂၂) နိဒဿ

၃၀၄။ ။ တစ်ပါးအကျိုး, ပြီးကြောင်းမျိုးဖြင့်, ကျိုးတူတစ်ခု, ဆက်ပြမှု, မှတ်ရှုနိဒဿနာ။
မလိုအကျိုး, လိုအကျိုး, နှစ်မျိုးပြားသည်သာ။

http://www.dhammadownload.com

၃၀၄။ (ယတ္ထ-အကြောင်အလင်္ကာ၌၊) အတ္ထန္တ ရံ-အကျိုးတစ်ပါးကို၊ သာဓယတာ-ပြီးစေတတ်သော၀တ္ထုတစ်ခုဖြင့်၊ တံ သဒိသံ-ထိုအကျိုးနှင့်တူသော၊ အသန္တံ ၀ါ-အလိုမရှိအပ်သည်လည်းဖြစ်သော၊ သန္တံ ၀ါ-အလိုရှိအပ်သည်လည်းဖြစ်သော၊ ကိဉ္စိ-တစ်စုံတစ်ခုသော၊ ဖလံ-အကျိုးကို၊ ဒဿီယတေ-ပြအပ်၏၊ တံ-ထိုအလင်္ကာသည်၊ နိဒဿနံ-နိဒဿနအလင်္ကာမည်၏။

၃၀၅။ ဉဒယာ သမဏိန္ဒဿ , ယန္တိ ပါပါ ပရာဘ၀ံ၊
ဓမ္မရာဇဝိရုဒ္ဓါနံ , သူစယန္တာ ဒုရန္တတံ။

အကြောင်းတစ်ခုဖြင့် မူလအကျိုးတစ်ခုကိုပြပြီး၍ ထိုအကျိုးနှင့်တူသော အကျိုးတစ်ခုကို ဆက်လက်ပြဆိုသောအလင်္ကာသည် နိဒဿနအလင်္ကာမည်၏။ ["တစ်ချက်ခုတ် နှစ်ချက်ပြတ်"ဆိုသကဲ့သို့ အကြောင်းတစ်ပါးဖြင့် အကျိုးနှစ်ပါး ပြီးစေသည်ကို ပြသော အလင်္ကာ-ဟု ဆိုလိုသည်။]

ထိုနိဒဿနအလင်္ကာသည်-

(က) အလိုမရှိအပ်သောအကျိုးကို ဆက်ပြသော- အသန္တဖလနိဒဿနအလင်္ကာ,
(ခ) အလိုရှိအပ်သောအကျိုးကို ဆက်ပြသော- သန္တဖလနိဒဿနအလင်္ကာ-ဟု နှစ်မျိုး ရှိ၏။

(က) ပြန်ပုံစံ။ ။ ၃၀၅။ ရဟန်းတို့မင်း, ပွင့်ပေါ်ခြင်းကြောင့်, ညံ့ဖျင်းဆိုး၀ါး, အကုသိုလ်များသည်, တရားဘုရင်, မြဆန့်ကျင်သည့်, လူရှင်အပေါင်း, ထောင်းထောင်း ဖောက်ပြန်, ပျက်စီးဟန်ကို, ပြည့်စုံလျက်သာ, ပျောက်ပျက်ပါသည်....ဘယ်မှာ တည်နေနိုင်မည်နည်း။

ရှင်း ဤ၌ ဘုရားပွင့်တော်မူခြင်းသည် အကြောင်းမည်၏၊ ထိုအကြောင်းကြောင့် မကောင်းမှုအကုသိုလ်တို့၏ ပျက်စီးခြင်းသည် မူလအကျိုး မည်၏၊ တရားမင်းနှင့် ဆန့်ကျင်သောသူတို့၏ ပျက်စီးခြင်းသည် ထိုမူလအကျိုးနှင့်တူသော အကျိုးမည်၏၊ ထိုဆန့်ကျင်ဘက်ပုဂ္ဂိုလ်တို့၏ ပျက်စီးခြင်းအကျိုးသည် အလိုမရှိအပ်သောအကျိုးဖြစ်သောကြောင့် အသန္တဖလလည်း မည်၏၊ ထိုသို့ အလိုမရှိအပ်သောအကျိုးကို ဆက်၍ပြဆိုအပ်သောကြောင့် အသန္တဖလနိဒဿနအလင်္ကာ မည်၏။

မြန်ပုံစံ။ ။ မှတ်လော့တသွယ်, လူတို့၀ယ်လျှင်, ကြီးငယ်အများ, မင်းပုဏ္ဏားက, ယောက်ျားမိန်းမ, ကြင်ကာလနှိုက်, လောဘတရား, စရိုက်များလျက်, ပြန့်ပွားမဆိတ်, ထိုကြောင်းဟိတ်ကြောင့်, ဒုဿီလန္တရ, ကပ်ကြီးကျ၍, ငတ်ကြမွတ်ကြ, မ၀ရေစာ, တောင့်တကာလျှင်, များစွာသေပျောက်, ပြိတ္တာရောက်၏၊ မီးတောက်တမျှ, ဟုန်းဟုန်းထလျက်, ဒေါသလွန်ပြန်, ပြန့်ပွား၀ှန်သော်, သတ္တန္တရ,

http://www.dhammadownload.com

၃၀၅။ သမဏိန္ဒသ–ရဟန်းမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏၊ ဥဒယာ–ပွင့်တော်မူခြင်းကြောင့်၊ ပါပါ–မကောင်းမှု အကုသိုလ်တရားတို့သည်၊ ဓမ္မရာဇ ဝိရုဒ္ဓါနံ–တရားစောင့်သောမင်းနှင့် ဆန့်ကျင်ကြသောသူတို့၏၊ ဝါ–တရားမင်း ဘုရားနှင့် ဆန့်ကျင်သောသူတို့၏၊ ဒုရန္တာ–ဖောက်ပြန်ပျက်စီးခြင်းရှိကုန်သည်၏ အဖြစ်ကို၊ သူစယန္တာ–ထင်စွာပြကုန်လျက်၊ ပရာဘဝံ–ပျက်စီးခြင်းသို့၊ ယန္တိ–ရောက်ကြကုန်၏။

၃၀၆။ သိရောနိက္ခိတ္တစရဏော–စွန့်ရိယာနမ္မုဇ္ဇာနယံ၊
ပရမဿ္ဒတတံ လောကေ , ဝိညာပေတတ္တာနော ဇိနော။

၃၀၆။ အယံဇိနော–ဤမြတ်စွာဘုရားသည်၊ အစ္စန္တရိယာနံ–အဲ့သြဖွယ်ကောင်းကုန်သော၊ အမ္မုဇ္ဇာနံ–ကြာတို့၏၊ သိရောနိက္ခိတ္တစရဏော–ဦးထိပ်ထက်၌ ချထားအပ်သော ခြေရှိသည်ဖြစ်၍၊ လောကေ–လောကဋ္ဌ၊ အတ္တာနော–မိမိ၏၊ ပရမဿ္ဒတတံ–လွန်စွာအဲ့သြဖွယ်ရှိသည်၏ အဖြစ်ကို၊ ဝိညာပေတိ–သိစေတော်မူ၏။

ကပ်ကြီးကျ၍, သတ်ကြဖြတ်ကြ, အာဃာတဖြင့်, သေထုံမြောက်, ငရဲရောက်၏, ထို့နောက်ဉာဏ, နည်းပါးကြကြောင့်, မောဟသမုဒ္ဒာန်, ထိုဟိတ်လွန်က, ရောဂန္တရ, ကပ်ကြီးကျ၍, များလှရောဂါ, ဝေဒနာဖြင့်, ခန္ဓာပျက်သူ, ပြန့်ပြောထူရှင့်။ (မဃ–၂၈၇။)

(ခ) ပြန်ပုံစံ။ ။ ၃၀၆။ ငါးမာရ်ဖျက်ပယ်, တို့ဘုန်းကြွယ်သည်, အံ့ဖွယ်ကောင်းလှ, ဒွေပါဒကို, ခံကြရန်သာ, ထွက်ပေါ်လာသည်, ရွှေကြာထိပ်ထက်, ခြေတော်စက်ကို, ဖြန့်လျက်နင်းကြွ, သုံးလောကဋ္ဌ, လွန်လှကြီးကျယ်, ကိုယ့်အံ့ဖွယ်ကို....ပြည့်ကြွယ်စုံစေ့ သိစေ၏။

ရှင်း ဤဋ္ဌ ဇိနော–(တို့ဘုန်းကြွယ်)ဟူသော ကတ္တားသည် အကြောင်း(ဟေတု)ကတ္တားမည်၏၊ ထိုဘုရား–တည်းဟူသော အကြောင်းကြောင့် အံ့ဖွယ်ကောင်းသောကြာတို့ မြေမှပေါ်ထွက်လာခြင်းသည် မုချအကျိုးမည်၏၊ မိမိ၏ လွန်စွာကြီးကျယ် အံ့သြဖွယ်ကို သိစေခြင်းသည် ထိုအကျိုးနှင့်တူသော အကျိုးမည်၏၊ ထိုအကျိုးသည်လည်း အလိုရှိအပ်ကောင်းမြတ်သည်သာဖြစ်သောကြောင့် သန္တ ဖလမည်၏၊ ထိုသို့ အလိုရှိအပ်သောအကျိုးကို ဆက်လက်၍ပြသောကြောင့် သန္တ ဖလနိဒဿနအလင်္ကာမည်၏။

မြန်ပုံစံ။ ။ ရှေးခါသော်က, သံဝရ–ဟု, မင်းလှရွှေတုံး, အငယ်ဆုံးလျက်, နှလုံးမွေ့သိမ်, ရွှေအိမ်နန်းရိပ်, စိုးစံနိုပ်သော်, ကိုးကျိပ်ကိုးပါး, နောင်တော်များကို, ကြေးစားမဖျက်, ခြီးမြှောက်ချက်ကြောင့်, ဝန်းယှက်ပတ်ခြံ, စောင့်ရံညီညာ, ဘေးရန်ကာ၍, ဗာရာပြည်ကြီး, ခိုင်စည်ဖြိုး၏။ (မဃ–၁၈၅။)

http://www.dhammadownload.com

၂၃။ မဟန္တ တ္တ-အလင်္ကာ

၃၀၇။ ဝိဘူတိယာ မဟန္တ တ္တံ , အဓိပ္ပာယဿ ဝါ သိယာ၊
ပရမုက္ကံသတံ ယာတံ , တံ မဟန္တ တ္တမီရိတံ။

၃၀၇။ ဝိဘူတိယာ-စည်းစိမ်၏ လည်းကောင်း၊ အဓိပ္ပာယဿဝါ-အလိုဆန္ဒ၏ လည်းကောင်း၊ ပရမုက္ကံသတံ-အလွန် လွန်ကဲသည်၏ အဖြစ်သို့၊ ယာတံ-ရောက်သော၊ ယံ မဟန္တ တ္တံ-အကြင်ကြီးမြတ်သည်၏ အဖြစ်သည်၊ သိယာ-ဖြစ်ရာ၏၊ တံ-ထို ကြီးမြတ်သည်၏ အဖြစ်ကို၊ မဟန္တ တ္တံ-မဟန္တ တ္တအလင်္ကာဟူ၍၊ ဤရိတံ-ဆိုအပ်၏။

၃၀၈။ ကိရီဠုရတနန္ဆာယာ-နုဝိဒ္ဓါတပဝါရဏော၊
ပုရာ ပရံ သိရိ ဝိန္ဒိ , ဗောဓိသတ္တောဘိနိက္ခမာ။

---

(၂၃) မဟန္တ တ္တ

၃၀၇။ ။ စည်းစိမ်-ဆန္ဒ, ကြီးကျယ်လှ, ထုတ်ပြမဟန္တ တ္တာ။

အလွန်အမင်း ကြီးကျယ်ခြင်းကို ပြဆိုသောအလင်္ကာသည် မဟန္တ တ္တအလင်္ကာ မည်၏။

ထိုမဟန္တ တ္တအလင်္ကာသည်-

(က) စည်းစိမ်၏ လွန်ကဲကြီးကျယ်ပုံကိုပြဆိုသော- ဝိဘူတိမဟန္တ တ္တအလင်္ကာ,

(ခ) အလိုအဖျာသယဆန္ဒကိုပြဆိုသော- အဖျာသယမဟန္တ တ္တအလင်္ကာ-ဟု နှစ်မျိုးရှိ၏။ [မဟတော ဘာဝေါ-မဟန္တ တ္တံ။]

အလင်္ကာ ၃-မျိုး အထူး

သာမန်ဖြစ်သော သဘောသဘာဝကို တန်ဆာဆင်၍ဆိုက သဘာဝုတ္တိအလင်္ကာမည်၏၊ ထိုထက်သာလွန်သော သဘောသဘာဝကို ပြဆိုက အတိသယဝုတ္တိအလင်္ကာမည်၏၊ အလွန်အကြူး အထူးအံ့သြဖွယ်ကောင်းသော သဘောသဘာဝကိုဆိုက မဟန္တ တ္တအလင်္ကာမည်၏၊ ဤသို့ အလင်္ကာ ၃-မျိုး၏ အထူးကို ခွဲခြား မှတ်သားသင့်၏။

ဆောင်။ ။ သာမန်ဖြစ်သော, သဘောကိုပင်, တန်ဆာဆင်က, သဘာဝတည့်၊ တိသယမှာ, ထိုထက်သာ၏၊ လွန်စွာအထူး, ချီးကျူးသင့်လှ, သဘာဝကို, ပြဆိုပေလတ်, မဟန္တ တ်-ခွဲအပ်ဤသို့သာ။

(က) ပြန်ပုံစံ။ ။ ၃၀၈။ အလောင်းတော်မြတ်, မင်းသိဒ္ဓတ်သည်, စွန့်လွှတ်ရွှေအိမ်, မမွေ့သိမ်ဘဲ, ဆိတ်ငြိမ်မြို့ခွင်, မဝင်ခင်က, ခေါင်းတွင်ဆောင်းထား,မကိုင်ဖျားမှ, ထွက်သွားပြောင်ပြောင်, စိန်ကျောက်ရောင်တို့, တောက်လောင်ခညောင်း, ထီးဖြူဆောင်းလျက်, ကောင်းမွန်လှပေ, ကျက်သရေကို . . . ထူးထွေစုံညီ-ရခဲ့ပြီ။

http://www.dhammadownload.com

၃၀၈။ ဗောဓိသတ္တော–ဘုရားအလောင်းတော်သည်၊ အဘိနိက္ခမာ–တောထွက်သည်မှ၊ ပုရာ–ရှေးအခါ၌၊ ကိရီဋ္ဌရတနစ္ဆာယာနုဝိဒ္ဓါတပဝါရဏော–မကိုင်ဥသျှောင်၌တပ်သော ရတနာရောင်တို့ဖြင့်ဟပ်သော ထီးဖြူရှိသည်ဖြစ်၍၊ ပရံ–လွန်ကဲထူးမြတ်သော၊ သိရိံ–စည်းစိမ်ကျက်သရေကို၊ ဝိန္ဒိ–ရတော်မူလေပြီ။

ရှင်း ဤ၌ ခေါင်းဝယ်ဆောင်းထားသည့် မကိုင်ဥ်၌တပ်ထားသော ရတနာရောင်တို့ဖြင့် တပြောင်ပြောင် တလျှပ်လျှပ် အရောင်ဟပ်နေသော ထီးဖြူဆောင်းခြင်း–(ဟု ဆိုအပ်သော ဘုရားအလောင်းတော်၏ စည်းစိမ် လွန်ကဲကြီးကျယ်ပုံ)ကို ပြဆိုသောကြောင့် ဝိဘူတိမဟန္တ တ္တအလင်္ကာမည်၏။

မြန်ပုံစံ။ ။ နိုင်ငံပတ်လည်, အပြည်ပြည်မင်း, သတင်းဝှန်ဝှါ, ဘုန်းတေဇာကြောင့်, ပဏ္ဏာကာရ, ပို့သဆက်ရောက်, လမ်းထောက်ခရီး, စခန်းနီးဝယ်, မီးလည်းမသေ, ရေလည်းမချောက်, ထက်အောက်ခပင်း, မြို့တွင်းမြို့ပြင်, ဘုရင်ပြုသူ, ထီးဖြူချင်းထွေး, မေတ္တာရှေးလျက်, ရင်သွေးရင်သား, ရွှေရထားနှင့်, ရွှေဓားရွှေလှံ, ဆက်သနှံသည်‥‥ကျောက်သံ–ရွှေ–ငွေ–ဆင်–မြင်းတည်း။
(ကုသ–၄၂၅။)

ပုဗ္ဗေကတ, ပုညစက်မြတ်, လျောက်ပတ်ထူးကဲ, စုံညီဆဲတွင်, အံ့အဲမနိုင်, ရွှေစိုင်ငွေစိုင်, ပတ္တမြားစိုင်, အမြိုင်သား, အဝေသား, အစားအဝတ်, ဆွတ်ခါသွယ်ကာ, ပဒေသိ ပဒေသာ, ထွေရာကုံတံ, ရေကန်ဥယျာဉ်, ဝိညာဉ်ရှိမဲ့, သဲ့ရတနာ, မဟာကုသလ, ကာမာဝစရအကျိုး, ဖြိုးရော့ မောက်ကရော့, ထက်အောက်တရကြမ်း, လျှမ်းကလျှမ်း ဝေကဝေ, ခြွေရွှေခြံရံ, လျားနံသမသတ်, ထောင့်ပြတ် ထောင့်သန်း, စမ်းတိုင်းရ ကောက်တိုင်းရ, အာကာသအပြင်, တကောင်းကင်လုံး, ဟုန်းဟုန်းလောင်ဖောက်, မီးတောက်မက, မြအရှင်မြုပ်, ဒုက္ကဇိဒုက္ကဇာ, ရုပ်လွှာရုပ်ဆန်း, တင်းကြမ်းဒရပိန်း, အပြိန်းအပြောက်, ဘုန်းဖန်၍ဆောက်သောကြောင့်, နှိုင်းထောက်ပြိုင်ခွင့်, မရှိသင့်ပြီဘူ, ဘုံမြင့်ပဉ္စမီ, ရွှေအိမ်ဆီဝယ်, ဗိရဏီနတ်သမီး, သူ့စည်းစိမ်ကြီး, ညီးညီးလက်လက်, မစက်မရက်, သူ့ကျက်သရေ, သူ့မြုတေ, သူ့နိကာယ်, အရွယ်အဆင်း, ရွှေပြူတင်းဝယ်, လေညှင်းသူဘင်, ရွှင်စံပယ်ဟန်, တင့်တယ်ဟန်များကို, ပုထုဇဉ်စု, သမုဒယခဲ, ဝဲ၌မွေ့သူ, လူလူရှင်ရှင်, မြင်လျှင်မိန်းပြတ်, ရှိမည်သာမှတ်ပါရော့, အရဟတ္တဖိုလ်, ထီးရိပ်ခိုတုန်းမို့, ထိုနတ်သမီး, အာရုံနှင့်ငြိမင့်, ဗောဓိသတ်သော မသတ်သော, ဇောစိတ်ဝီထိ, မယွင်းပဲ ရှိမလ။
(နေ။)

http://www.dhammadownload.com

၃၀၉။ သတ္တော သမ္မောဓိယံ ဗောဓိ-သတ္တော သတ္တဟိတာယ သော၊
ဟိတ္တာ သ္နေဟရသာဗန္ဓ-မပိ ရာဟုလမာတရံ။

၃၀၉။ သော ဗောဓိသတ္တော-ထိုဘုရားအလောင်းတော်သည်၊ သ္နေဟရသာဗန္ဓံ-ချစ်ခင်ခြင်းတည်းဟူသော ရာဂဖြင့် ပြင်းပြစွာဖွဲ့အပ်သော၊ ရာဟုလမာတရံအပိ-ရာဟုလာမယ်တော် ယသောဓရာမိဖုရားကြီးကိုသော်မှလည်း၊ ဟိတ္တာ-မင့်မည္စာ, စွန့်ပစ်ခွာ၍၊ သတ္တဟိတာယ-သတ္တဝါတို့၏ အစီးအပွားအလို့ငှာ၊ သမ္မောဓိယံ-သဗ္ဗညုတဉာဏ်တော်၌၊ သတ္တော-ငြိကပ်စွဲလမ်းတော်မူခဲ့လေပြီ။

၂၄။ ဝဋ္ဋနာ-အလက််ာ

၃၁၀။ ဂေါပေတွာ ဝဏ္ဏနိယံ ယံ , ကိဉ္စိ ဒဿီယတေ ပရံ၊
အသမံ ဝါ သမံ တဿ , ယဒိ သာ ဝဋ္ဋနာ မတာ။

(ခ) ပြန်ပုံစံ။ ။ ၃၀၉။ တစ်ရှာတစ်ပါး, မင်းအများတို့, ခစားပန်ထွာ, လောင်းအလျာသည်, လွန်စွာခင်ချစ်, ကြိုးဖြင့်ရစ်သည့်, ဖွားသစ်သည်းချာ, ရာဟုလာ၏, မာတာမိခင်, သူကိုစင်လျက်, မင့်ကွက်ဘဲ, ရက်စက်ပယ်ခွာ, များသတ္တာ၏, နှစ်ဖြာအကျိုး, လွန်စွာတိုးဖို့, အားကြိုးရည်သန်, သဗ္ဗညာဏ်ဝယ်, ပြင်းထန်စွဲလမ်းခဲ့လေပြီ။

ရှင်း ထိုသို့သဘောရှိသော မိန်းမရတနာ၌သော်လည်း မင့်မကွက်ဟု ဆိုသဖြင့် အလိုအဇ္ဈာသယ၏ လွန်ကဲကြိုးကျယ်ပုံကို ပြဆိုသောကြောင့် အဇ္ဈာသယမဟန္တ တ္တအလက််ာမည်၏။

မြန်ပုံစံ။ ။ ဖရဏာလောကီ, ပီတိဆိနှင့်, ဝသီစည်ပင်, ဣယင်းရှင်ကား, ဖူးမြင်ချက်တွေ့, ယခုနေ့လျှင်, မစ္ဆေနှစ်ဖြစ်, ကိုယ်အညစ်ဟု, အသစ်မလောင်း, မိုက်မြက်ဟောင်းကို, အိုင်ကောင်းသီတာ, ဌဂ်မာ၌, ဖွပ်ကာလက်မွန်, ခဏဝန်ဖြင့်, စင်တန်ကောင်းစွာ, ကျွတ်လေရာလျက်, တွယ်တာသနား, လူသုံးပါးကို, မသွားခေါက်ရက်, ကြည့်ငဲ့ကွက်၍, အသက်လှုလှု, ဆုကြိုးယူ၏။
(ပါ-၉။)

(၂၄) ဝဋ္ဋနာ

၃၁၀။ ။ ချီးမွမ်းလိုငြား, ဝတ္ထုများကို, ဝှက်ထားမတူ, ဝတ္ထုတူ, ပြုမူ ဝဋ္ဋနာ။

ချီးမွမ်းလိုသောဝတ္ထုကို လျှို့ဝှက်၍ဆိုကြောင်းဖြစ်သော အလက််ာသည် ဝဋ္ဋနာအလက််ာမည်၏။

ထိုဝဋ္ဋနာအလက််ာသည်-

(က) ချီးမွမ်းလိုသောဝတ္ထုကို လျှို့ဝှက်ထား၍ ထိုချီးမွမ်းလိုသောဝတ္ထုနှင့် မတူသော ဝတ္ထုကို ပြဆိုသော- အသမဝဋ္ဋနာအလက််ာ,

http://www.dhammadownload.com

၃၁၀။ (ယတ္ထ–အကြင်အလင်္ကာ၌) ဝဏ္ဏနီယ်–ချီးမွမ်းထိုက်သော၊ ယံကိဉ္စိ–တစ်စုံတစ်ခုသောဝတ္ထုကို၊ ဂေါပေတွာ–လျှို့ဝှက်၍၊ တဿ–ထိုဝတ္ထုနှင့်၊ အသမံဝါ–မတူသည်မူလည်းဖြစ်သော၊ သမံဝါ–တူသည်မူလည်းဖြစ်သော၊ ပရံ–တစ်ပါးသောဝတ္ထုကို၊ ယဒိ ဒဿီယတေ–အကယ်၍ ပြအပ်သည်ဖြစ်အံ့၊ သာ–ထိုအလင်္ကာကို၊ ဝဉ္ဆနာ–ဝဉ္ဆနာအလင်္ကာဟူ၍၊ မတာ–သိအပ်၏။

၃၁၁။ ပုရတော နု သဟသေသု , နု ပဠေသု စ တာဒိနော၊
မာရော ပရေသု တသေသံ , သဟသံ ဒသဝဓိတံ။

(ခ) ချီးမွမ်းလိုသောဝတ္ထုကို လျှို့ဝှက်ထား၍ ထိုချီးမွမ်းလိုသောဝတ္ထုနှင့် တူသောဝတ္ထုကို ပြဆိုသော– သမဝဉ္ဆနာအလင်္ကာ–ဟု နှစ်မျိုးပြား၏၊ [ဝဠွေတိဝဏ္ဏနီယံ ဇတာယာတိ–ဝဉ္ဆနာ။]

(က) ပြန်ပုံစံ။ ။ **၃၁၁**။ လက်နက်များလှ, နတ်မာရသည်, လာဘစသား, အင်ရှစ်ပါးကြောင့်, ဖောက်ပြားကင်းစင်, ဘုရားရှင်၏, ရှေ့တွင်တစ်ထောင်, မြားကိုဆောင်အား, မရှိငြားရှင့်၊ မြားသမ္မောဟ, ဥမ္မာဒနှင့်, သောသ–တာပနာ, ထမ္ဘနာလည်း, ကင်းကွာဆောင်အား, မရှိငြားချေ၊ သို့ဖြစ်ပေလည်း, ကိလေပြောထူ, တစ်ပါးလူ၌, ထိုသူ၏မြား, ဆယ်လီဗွားသည် . . . . များပြားအထောင်ဖြစ်သတည်း။

ရှင်း ဤ၌ ချီးမွမ်းလိုသော မာရ်နတ်ကို လျှို့ဝှက်ထား၍ မြားတစ်သောင်းဖြစ်သည်ဟု ထိုမာရ်နတ်နှင့်မတူသော မြားကို ပြဆိုသောကြောင့် အသမဝဉ္ဆနာအလင်္ကာမည်၏။

မြားရေတွက်ပုံ။ ။ (က) သမ္မောဟန= တွေဝေစေခြင်း,
(ခ) ဥမ္မာဒန= ရူးစေခြင်း,
(ဂ) သောသန= ပိန်ခြောက်စေခြင်း,
(ဃ) တာပန= ပူပန်စေခြင်း,
(င) ထမ္ဘန= ကိုယ်စိတ်တောင့်တင်းစေခြင်း။
ဤကား လောကီအလိုအားဖြင့် မာရ်မင်း၏ မြားငါးစင်းပေတည်း။

ဆောင်။ ။ သမ်–ဥမ်–သော–တာ, ထမ္ဘနာ, ငါးဖြာမာရ်မင်းမြား။

သာသနာတော်၏ အလိုအားဖြင့် ရှုပါရုံ–စသော ကာမဂုဏ်ငါးပါးကို မာရ်မင်း၏ မြားငါးစင်း–ဟု ခေါ်သည်။

မဃဒေဝဆရာကား–

သေစေတရေး, လျှာမေးခိုင်မှု, ချစ်အောင်ပြုလျှင်း, ခံတွင်းကိုယ်ခြောက်, ရူးနောက်စေတတ်, ခြောက်ဘုံထွတ်ကာ, မိုးနတ်မာရ်မင်း, မြားငါးစင်းလျှင်, မကြွင်းကိုယ်တွင်,

http://www.dhammadownload.com

၃၁။ မာရော-မာရ်နတ်သည်၊ တာဒိနော-တာဒိဂုဏ်ရှင်, ဘုရားသခင်၏၊ ပုရတော-ရှေ့တော်မှောက်၌၊ သဟဿေသု-မြားတစ်ထောင်ရှိသူသည်လည်း၊ နဟောတိ-မဟုတ်ပေ၊ ပဏ္ဍေသုစ-မြားငါးစင်းရှိသူသည်လည်း၊ နဟောတိ-မဟုတ်ချေ၊ (တထာပိ-ထိုသို့ပင်ဖြစ်ပါသော်လည်း၊) ပရေသု-ရာဂပြောထူ, တစ်ပါးသောသူတို့၌၊ တဿ-ထိုမာနတ်၏၊ ဧသံ-ထိုမြားတို့၏၊ ဒသဝမိတံ-တစ်ဆယ်ဖြင့်မြှောက်အပ်သော၊ သဟဿံ-တစ်ထောင်သည်၊ တစ်နည်း= ဒသဝမိတံသဟဿံ-တစ်သောင်းသည်၊ ဟောတိ-ဖြစ်၏။

၃၁။ ဝိဝါဒမနယုဉ္ဇန္တော , မုနိန္ဒဝနိန္ဒုနာ၊
သမ္ပဂ္ဂေါ စန္ဒိမာ နာယံ , ဆတ္တမေတံ မနောဘုနော။

အမြဲထင်သည်, ဤလျှင်မိန်းမ, ဣတ္ထိယတို့, ရူပ-သဒ္ဒ, ဂန္ဓ-ရသာ, ဖောဋ္ဌဗ္ဗာဟု, ယုတ်မာမမြတ်, ငါးဖြာဓာတ်ကား, ဥပဒါများစွာ, ဘေးတကာ၏, မဟာသဟဲ, မှန်မလွဲရှင့်၊ မှီဝဲသူပေါင်း, ဆင်းရဲကြောင်းတည့်၊ ဆိုးတောင်းမပြတ်, နှိပ်စက်တတ်၏-ဤသို့ တစ်မျိုးဆိုထား၏။

မြားတစ်ထောင်, တစ်သောင်း-ဟူရာ၌ အနေကသန်္ခါဖြစ်၏၊ ထို့ကြောင့် အထောင်မက, အသောင်းမက-ဟူသောအနက်ကို ယူရမည်၊ ထိုကာမဂုဏ်ငါးပါးကို အာသဝ-ဩဃ-ယောဂ-စသည်, ကာလ-သန္တာန်-စသည်တို့ဖြင့် မြှောက်ပွားလျှင် ထောင်သောင်းမကသော ကိလေသာမြားတို့ ဖြစ်ကုန်၏။

(ခ) ပြန်ပုံစံ။ ။ ၃၁။ မြတ်စွာမျက်နှာ, ယုန်စကြာနှင့်, ငါလှ သူလှ, ငြင်းခုန်ကြရန်, အားထုတ်ပြန်သား, ဤဟာကားလျှင်, ထင်ရှားပြည့်ဝ, ယုန်အိမ်လသည်, မုချသေချာ, မဟုတ်ရာတည့်၊ ထိုဟာကားမူ, မနောဘူ၏, ထီးဖြူဝန်းသာ, ဖြစ်သင့်ပါသည်.... ရောင်ဝါငွေရည် ရွှန်းသတည်း။

ရှင်း ဤ၌ ချီးမွမ်းလိုသောလ-ကို ဝှက်ထား၍ ထိုလနှင့်တူသော ထီးဝန်းကို ချီးမွမ်းပြဆိုသောကြောင့် သမဝဏ္ဏနာအလင်္ကာမည်၏။

မြန်ပုံစံ။ ။ လက်ျာလက်သန့်, နံအညွန့်ကို, ခန့်၍ပစ်သော်, နစ်သည်အပ, လက်ဝဲရှု၍, မြားမပြေးထွက်, သွေးပြွက်ပြွက်လျှင်, နန်းထက်တစီ, အပစ်ရှိသို့, မချိသြော်လဲ, ဤဆင်းရဲကား, ယဉ်ဝဲဟော်ဟော်, ဘုံသုံးဘော်တွင်, သူတော်တကာ, ခံမြဲရာတည့်၊ သည်းစွာမဟူ, ကလူလေထွန်, ဤလက်မှန်ထက်, မျိုးမွန်နှစ်ဘော်, အစုံပျော်သား, မယ်တော်ဘခင်, ကျေးဇူးရှင်ကို, မမြင်တို့ရ, ဤဒုက္ခလျှင်, သားလှကိုယ်မှာ, မခံသာသည်....အနာသည်းလှ၏တကား။
(မြား-၁၂၉။)

http://www.dhammadownload.com

၃၁၂။ မုနိန္ဒဝဒနိန္ဒုနာ–မြတ်စွာဘုရား၏ မျက်နှာတော်တည်းဟူသောလမင်းနှင့်၊ ဝိဝါဒံ–ဘက်ပြိုင်ငြင်းခုန်ခြင်းကို၊ အနုယုဉ္ဇန္တော–အားထုတ်သော၊ အယံ–ဤအရာသည်၊ သမ္ပဇ္ဇော–ပြည့်သော၊ စန္ဒိမာ–လသည်၊ နဟောတိ–မဟုတ်ချေ၊ ဧတံ–ဤအရာသည်၊ မနောဘုနော–မာရ်နတ်၏၊ ဆတ္တံ–ထီးပေတည်း။

၂၅။ အပွကတတ္ထုတိ–အလင်္ကာ

၃၁၃။ ပရာနုဝတ္တနာဒီဟိ , နိဗ္ဗိန္ဒနိဟ ယာ ကတာ၊
ထုတိရပွကတေ သာယံ , သိယာ အပွကတတ္ထုတိ။

၃၁၃။ ပရာနုဝတ္တနာဒီဟိ–သူတစ်ပါး၏အလိုသို့ လိုက်ရခြင်းစသည်တို့ကြောင့်၊ နိဗ္ဗိန္ဒနေန–ငြီးငွေ့စိတ်ပျက်သောသူသည်၊ အပွကတေ–(မိမိကိုယ်တိုင်)မပြုလုပ်နိုင်သော၊ ဣဟ–ဤတစ်စုံတစ်ခုသောဝတ္ထုဥ်၊ ကတာ–ပြုအပ်သော၊ ယာထုတိ–အကြင်ချီးမွမ်းခြင်းသည်၊ အတ္ထိ–ရှိ၏၊ သာအယံ–ထိုချီးမွမ်းခြင်းသည်၊ အပွကတတ္ထုတိ–အပွကတတ္ထုတိအလင်္ကာမည်သည်၊ သိယာ–ဖြစ်၏။

၃၁၄။ သုခံ ဇီဝန္တိ ဟရိဏာ , ဝနေသွပရသေဝိနော၊
အနာယာသောပလာဘေဟိ , ဧလဒဇ္ဈကုံရာဒိဘိ။

သရူပေါပမာ မဆိုရ

"လှပ်လှပ်ရှားရှား, ဤဟာများကား, ဟုတ်ငြားမထင်, ပိတုန်းလျှင်တည်း၊ တို့ရှင်မြတ်စွာ, မျက်လုံးပါပေ၊ ဤဟာရွှန်းရွှန်း, ကြာပန်းမထင်, မျက်နှာပင်တည့်"ဟူသော သရူပေါပမာနှင့် သဘောတူ၍ သရူပေါပမာဆိုသင့်သော်လည်း သရူပေါပမာ၌ အတူကိုသာ ပဓာနထားဆို၏၊ ဤ၌ကား ဝှက်၍ချီးမွမ်းခြင်းကို ပဓာနထားဆို၏၊ ထို့ကြောင့် သရူပေါပမာ မဆိုရ။

(၂၅) အပွကတတ္ထုတိ

၃၁၃။ ။ လုပ်နိုင်ကင်းကွာ, စုံတစ်ရာဝယ်, ဖွေရှာကြံဆ, ချီးမွမ်းက, အပွကတာ–ထုတိသာ။

သူတစ်ပါး၏အလိုသို့ လိုက်ပါရခြင်း–စသော အကြောင်းတစ်စုံတစ်ရာကြောင့် ငြီးငွေ့စိတ်ပျက်နေသော သူတစ်ဦးတစ်ယောက်သည် မိမိကိုယ်တိုင် တကယ်မလုပ်နိုင်သော တစ်စုံတစ်ခုသောအရာ၌ စိတ်ဖြင့်ရှာဖွေကြံဆလျက် ချီးမွမ်းမှုကိုပြုခြင်းသည် အပွကတတ္ထုတိအလင်္ကာမည်၏။ [နာ ပကတံ–အပွကတံ၊ အပွကတေ ကတာ ထုတိ–အပွကတတ္ထုတိ။]

ပြန်ပုံစံ။ ။ **၃၁၄။** သူတစ်ပါးကို, မမှီခိုဘဲ, တောကြီတောင်ကြား, လှည့်လည်သွားသည့်, တောသားသမင်, တောတခွင်ဝယ်, လွန်ပင်အေးချမ်း, စိမ့်စမ်းရေကြည်, မြရည်ရောင်ကွန့်, မြက်ညွန့်နေဇာ, ရလွယ်ရာဖြင့် .... ချမ်းသာသက်မွေးကောင်းပေစွ။

http://www.dhammadownload.com

၃၁၄။ အပရသေဝိနော-သူတစ်ပါးကို မှီခိုလေ့ မရှိကုန်သော၊ ဟရိဏာ-သားသမင်တို့သည်၊ ဝနေသု-တောတို့၌၊ အနာယာသောပလာဘေဟိ-မပင်မပန်း, အေးချမ်းလွယ်ကူသဖြင့် ရအပ်ကုန်သော၊ ဧလဒဿကုံရာဒီဟိ-ရေ,နေဇာ(သမန်း) မြက်ညွှန့် စသည်တို့ဖြင့်၊ သုခံ-ချမ်းသာလွယ်ကူစွာ၊ ဇီဝန္တိ-အသက်မွေးကြရလေကုန်စွတကား။

၂၆။ ဧကာဝဇ္ဇိ-အလင်္ကာ

၃၁၅။ ဥတ္တရံ ဥတ္တရံ ယတ္ထ , ပုဗ္ဗပုဗ္ဗဝိသေသနံ၊
သိယာ ဧကာဝဇ္ဇိ သာယံ , ဒ္ဝိဓာ ဝိဓိနိသေဓတော။

ရှင်း ဤစကားသည် မင်းမှုထမ်းများတို့က မင်းအလိုသို့လိုက်ရခြင်း-စသည်တို့ကြောင့် ငြီးငွေ့စိတ်ပျက်၍ မိမိတို့ကိုယ်တိုင် မပြုလုပ်နိုင်သော သားသမင်တို့၏ အပြုအမူ အသက်မွေးမြဲကြပုံ၌ စိတ်ဖြင့်ကြံဆလျက် ချီးမွမ်းမှုကိုပြုသော စကားမျိုးဖြစ်သောကြောင့် အပွကတတ္ထုတိအလင်္ကာမည်၏။

အပွကတတ္ထုတိ ဥဏ်ရွှင်ဆေး

(က) ဝန်းကြီးဝန်ကြီးနဲ့ နွားကျောင်းလောက်မျှ လွတ်လပ်ခွင့် မရှိပါကလား။

(ခ) သီလ မရှိသော ဒုဿီလ-ရဟန်းမျိုး၏ ရွာသူ ရွာသားတို့ သဒ္ဓါကြည်ဖြူပေးလှူသောဆွမ်းကို စားသောက်ရခြင်းသည် နီရဲအောင် မီးဖုတ်ထားသော သံလုံးကြီးကို မျိုရသည်လောက်မျှ မမြတ်ပါတကား။

(ဂ) အကုသိလ်ဖြစ်ဖွယ် အာရုံမျိုး၌ "ကန်း-ပင်း-ကျိုး-အ" ဖြစ်ရခြင်းသည် ကောင်းလှသေး၏။

(၂၆) ဧကာဝဇ္ဇိ

၃၁၅။ ။ နောက်နောက်ပဒေ, ရှေ့ရှေ့နေ၏, ဝိသေသန, ဖြစ်တုံက, ဧကဝဇ္ဇိသာ။ စီရင်-မြစ်တား, နှစ်ပါးပြား, မှတ်သားကြလေရာ။

နောက်နောက်၌နေသောပုဒ်သည် ရှေ့ရှေ့၌နေသောပုဒ်၏ ဂုဏ်ထူးပြဝိသေသန ဖြစ်ခြင်းသည်ပင် ဧကာဝဇ္ဇိအလင်္ကာမည်၏။

ထိုဧကာဝဇ္ဇိအလင်္ကာသည်-

(က) အမြစ်အတား(ပဋိသေဓ) မပါဘဲ နောက်နောက်ပုဒ်ကို ရှေ့ရှေ့ပုဒ်၏ဂုဏ်ပြ ဝိသေသန အဖြစ်ဖြင့်သာ စီရင်သော- ဝိဓိဧကာဝဇ္ဇိအလင်္ကာ,

(ခ) မြစ်တားမှု(ပဋိသေဓ)ကို ပြုလျက် နောက်နောက်ပုဒ်သည် ရှေ့ရှေ့ပုဒ်၏ ဂုဏ်ထူးပြ ဝိသေသနဖြစ်သော-နိသေဓဧကာဝဇ္ဇိအလင်္ကာ-

ဤသို့ နှစ်ပါးပြား၏။

http://www.dhammadownload.com

၃၁၅။ ယတ္ထ–အကြောင်အလင်္ကာ၌၊ ဥတ္တရံဥတ္တရံ–နောက်နောက်ဖြစ်သော ပုဒ်သည်၊ ပုဗ္ဗပုဗ္ဗဝိသေသနံ–ရှေ့ရှေ့ပုဒ်၏ ဝိသေသနသည်၊ ဟောတိ–ဖြစ်၏၊ သာ–ထိုအလင်္ကာသည်၊ ဧကာဝဠိ–ဧကာဝဠိအလင်္ကာမည်သည်၊ သိယာ–ဖြစ်၏၊ အယံ–ဤဧကာဝဠိအလင်္ကာသည်၊ ဝိဓိနိသေဓတော–စီရင်ခြင်းဝိဓိ, တားမြစ်ခြင်းနိသေဓ အားဖြင့်၊ ဒွိဓာ–နှစ်ပါးပြားသည်၊ ဟောတိ–ဖြစ်၏။

၃၁၆။ ပါဒါ နခါဠိရုစိရာ , နခါဠိ ရံသိဘာသုရာ၊
ရံသီ တမောပဟာနေက–ရသာ သောဘန္တိ သတ္ထုနော။

ဥတ္တရံဥတ္တရံ၊ ပုဗ္ဗပုဗ္ဗဝိသေသနံ–ဟု ဝိစ္ဆာဖြင့် ဆိုထားသောကြောင့် (ပုံစံများ၌ထား သည့်အတိုင်း) ဝိသေသန, ဝိသေသျတို့ ကွင်းဆက်သဘောမျိုး ဆက်စပ်နေမှသာ ဧကာဝဠိ အလင်္ကာ မည်နိုင်ကြောင်းကိုလည်း သတိပြုပါ။ [ဋီ–သစ်။]

(က) ပြန်ပုံစံ။ ။ ၃၁၆။ သုံးလောကနတ်, ခြေတော်မြတ်သည်, ညီညွတ်ပေါင်းယှဉ်, ခြေသည်းစဉ်ဖြင့်, လှယဉ်နှစ်ဖွယ်, လွန်တင့်တယ်၏၊ ဆန်းကြယ်နယဉ်, ခြေသည်းစဉ်မူ, ဖိတ်စင် ရောင်ဝါ, တို့ဖြင့်သာလျှင်, လွန်စွာ တောက်ပ, တင့်တယ်လှ၏၊ ထွက်ကြွပြောင်ပြောင်, ထိုအရောင်လည်း, မိုက်မှောင်ဖျောက်မှု, တစ်ခုကိစ္စ, ရှိလေရသည်....တင့်လှအလွန့်အလွန်တည်း။

အခြေခံမှတ်ဖွယ်

ပါဒါ–(သုံးလောကနတ်, ခြေတော်မြတ်သည်) } ရှေ့နောက်
နခါဠိရုစိရာ–(ညီညွတ်ပေါင်းယှဉ်,ခြေသည်းစဉ်ဖြင့်,လှယဉ်တင့်တယ်) } တစ်စုံ

နခါဠိ–(ဆန်းကြယ်နယဉ်, ခြေသည်းစဉ်မူ) } ရှေ့နောက်
ရံသိဘာသုရာ–(ဖိတ်စင်ရောင်ဝါ, တို့ဖြင့်သာလျှင်, လွန်စွာတောက်ပ) } တစ်စုံ

ရံသီ–(ထွက်ကြွပြောင်ပြောင်, ထိုအရောင်လည်း) } ရှေ့နောက်
တမောပဟာနေကရသာ–(မိုက်မှောင်ဖျောက်မှု, တစ်ခုကိစ္စ, ရှိလေရသည်) } တစ်စုံ

ထိုတွင် နောက်နောက်သောပုဒ်များသည် မပြဋ္ဌာန်းသောကြောင့်လည်းကောင်း, ဂုဏ်ဖြစ်သောကြောင့်လည်းကောင်း, အထူးပြုတတ်သောကြောင့်လည်းကောင်း ဝိသေသနတို့ မည်ကုန်၏။

ရှင်း တမောပဟာနေကရသာ–ဟူသော နောက်ပုဒ်သည် ရံသီ–ဟူသော ရှေ့ပုဒ်၏ ဝိသေသနဖြစ်၏၊ ရံသိဘာသုရာ–ဟူသော နောက်ပုဒ်သည် နခါဠိ–ဟူသော ရှေ့ပုဒ်၏ ဝိသေသနဖြစ်၏၊ နခါဠိရုစိရာ–ဟူသော နောက်ပုဒ်သည် ပါဒါ–၏ ဝိသေသန ဖြစ်၏။

http://www.dhammadownload.com

၃၁၆။ သတ္ထုနော-မြတ်စွာဘုရား၏၊ ပါဒါ-ခြေတော်တို့သည်၊ နခါဋ္ဌရုစိရာ-ခြေသည်းတော်အစဉ်တို့ဖြင့် နှစ်သက်ဖွယ်ရှိကုန်၏၊ နခါဋ္ဌိ-ခြေသည်းတော်အစဉ်တို့သည်၊ ရံသိဘာသုရာ-ရောင်ခြည်တော်တို့ဖြင့် ထွန်းတောက်ပကုန်၏၊ ရံသိ-ရောင်ခြည်တော်တို့သည်၊ တမောပဟာနေကရသာ-အမိုက်မှောင်ကိုပယ်ခြင်းတည်းဟူသော တစ်ခုသောကိစ္စ ရှိကုန်သည်ဖြစ်၍၊ သောဘန္တိ-တင့်တယ်ကြကုန်၏။

၃၁၇။ အသန္တုဋ္ဌော ယတိ နေဝ , သန္တောသော နာလယာဟတော၊
နာလယော ယော သ ဇန္တူနံ , နာနန္တ ဗျသနာဝဟော။

ဤသို့ ပဋိသေဓမပါဘဲ နောက်နောက်ပုဒ်ကို ရှေ့ရှေ့ပုဒ်၏ဂုဏ်ပြ ဝိသေသနအဖြစ်ဖြင့် စီရင်သောကြောင့် ဝိဓိကောဝဋ္ဋိအလက််ာမည်၏။ [မြန်မာအတွက်လည်း သိနိုင်လောက်ပြီ။]

မြန်ပုံစံ။ ။ ပေါရယ်ထိုထို, လူဗိုလ်အယို, များအချိုလည်း, သတ္တိဗလ, စွမ်းထာမကို, မပြမသိ, ပြမှသိ၏၊ သိမှထိတ်လန့်, ရုံ့ကြောက်ခန့်၏၊ ခန့်မှရိုသေ၊ ရိုသေသော်သာ, လိုက်နာရွှင်လန်း, ကျင့်ဖြောင့်တန်း၏။ (မဃ-၁၉၀။)

လောကန္ဒိုက်မှာ, လေးစွာကျောက်ထီး၊ ထိုကျောက်ထီးထက်, လူကြီးမိဘ, ဆရာစသား, ဆုံးမစကား၊ ထိုစကားထက်, ဘုရားနှုတ်နက်, ခမ္မစက်အစစ်, လေးဆုံးဖြစ်၏။ (မဃ-၂၆၆။)

(ခ) ပြန်ပုံစံ။ ။ ၃၁၇။ ရရသမျှ, ပစ္စယဖြင့်, မမျှတမူ, ထိုသည့်သူသည်, ဘိက္ခုအစစ်, ဘယ်မှာဖြစ်လိမ့်၊ ချစ်ခင်တဏှာ, ကိုယ်မခွာဘဲ, လွန်စွာညှဉ်းဆဲ, သူခပဲကား, ရောင့်ရဲသူ, မဟုတ်ဟူ၏၊ ဗိုလ်လူများဖြင့်, ဆုံးမထင်ဘဲ, လွှင့်စင်ပျောက်အောင်, မဆောင်နိုင်သော, ထိုသဘောသည်....မက်မောတဏှာ မဟုတ်ရာ။

ဝိသေသန ဝိသေသျဃူပုံ

ဤ၌ အရုနည်းလျှင် ဝိသေသန, အရုများသောပုဒ်သည် ဝိသေသျမည်၏၊ သို့ဖြစ်၍ အသန္တုဋ္ဌော-(ရရသမျှ, ပစ္စယဖြင့်, မမျှတမူ, ထိုသည့်သူသည်) ဟူသောရှေ့ပုဒ်သည် မရောင့်ရဲသူ နတ်-လူ-ပုဏ္ဏား-ရဟန်း-စသော အားဖြင့် သူခပ်သိမ်းတို့နှင့် ဆက်ဆံ၍ အရုများသောကြောင့် ဝိသေသျမည်၏၊ ယတိ နေဝ- (ဘိက္ခုအစစ်, ဘယ်မှာဖြစ်လိမ့်)ဟူသောပုဒ်၏အရ ရဟန်းမှတစ်ပါး သတ္တဝါသာမညကိုရ၏၊ ရဟန်းကျန်နေ၏၊ ရှေ့ပုဒ်လောက် အရုမများချေ၊ ထို့ကြောင့် ဝိသေသနမည်၏၊ ကြွင်းသောပုဒ်တို့၏ ဝိသေသန,ဝိသေသျ သဘောကိုလည်း ဤနည်းအတိုင်း ထိုက်သည်အားလျော်စွာ ခွဲသင့်၏။

ဆောင်။ ။ ဤ၌ပုဒ်နေ, ရနည်းလေလျှင်, ဝိသေသန၊ ရများက, ယူကြဝိသေသျာ။

http://www.dhammadownload.com

၃၁၇။ အသန္တုဋ္ဌော–မရောင့်ရဲသူသည်၊ နေဝယတိ–ရဟန်းမဟုတ်၊ အာလယာ ဟတော–တဏ္ဍာရမက်, နှိပ်စက်အပ်သောသူသည်၊ နသန္တောသော–ရောင့်ရဲသူ မမည်၊ ယော–အကြင်သဘောတရားသည်၊ ဇန္တူနံ–သတ္တဝါတို့၏၊ အနန္တဗျသနာ ဝဟော–အဆုံးမရှိသောပျက်စီးခြင်းကို ဆောင်တတ်သည်၊ နမဟုတ်၊ သ(သော)– ထိုတရားသည်၊ နာလယော–တဏ္ဍာရမက်, အလိုပျက် မမည်ချေ။ [ဤကား ဋီကာ ဖွင့်တိုင်း ပေးအပ်သောအနက်တည်း။]

ရှင်း အသန္တုဋ္ဌော–စသော နောက်နောက်ပုဒ်တို့သည် ယတိ၏ ဂုဏ်–စသည်ကို တားမြစ်လျက် ရှေ့ရှေ့ပုဒ်၏ ဝိသေသနဖြစ်သောကြောင့် နိသေဓဧကာဝဋ္ဌိအလင်္ကာမည်၏။

[ဤကား ဋီကာနောက်သို့လိုက်၍ရေးလိုက်သော အဓိပ္ပာယ်ဖြစ်ချေသည်၊ ဤပုံစံသည် မရှင်းလင်းလှပေ၊ ဋီကာ၏ဝိသေသန,ဝိသေသျ ယူပုံလည်း သဘာဝကျမည်မထင်၊ ဆရာများ၏အနက်အတိုင်း ရှင်းပြဦးအံ့–။]

ဆရာနည်း မရောင့်ရဲသောသူသည် ရဟန်းမဟုတ်၊ ရောင့်ရဲသောသူသည် တဏ္ဍာရမက် အလိုပျက် နှိပ်စက်ခံရသူမဟုတ်၊ တဏ္ဍာရမက် အလိုပျက်မဟုတ်သော တရားသည် သတ္တဝါတို့၏ အဆုံးမရှိသော ပျက်စီးခြင်းမျိုးကို မဆောင်တတ်။

ရှင်း ဤ၌ နာနန္တဗျသနာဝဟော–(သတ္တဝါတို့၏ အဆုံးမရှိသော ပျက်စီးခြင်းကို မဆောင်တတ်) စသော နောက်နောက်ပုဒ်သည် နာလယော ယော သ ဇန္တူနံ– (တဏ္ဍာရမက်, အလိုပျက် မဟုတ်သောတရား) စသော ရှေ့ရှေ့ပုဒ်၏ မြစ်တားမှု ပဋိသေဓကိုပြုလျက် ဝိသေသနဖြစ်၏၊ ထို့ကြောင့် နိသေဓဧကာဝဋ္ဌိအလင်္ကာမည်လေသည်။

မြန်ပုံစံ။ ။(က) ကျင့်ဝတ်ကင်းဝေး, သားမလေးက, ကျေးမရိုသေ, ကျွန်မခြေက, ဗိုလ်ခြေ မညွတ်, ဖြစ်တို့တတ်၏၊ လေးမြတ်စိတ်နေ, မကင်းစေနှင့်။ (မဃ–၃၁၇။)

(ခ) ယုတ်မြတ်ဗိုလ်လှေး, နှလုံးဆွေး၍, မလေးမမြတ်, လူမညွတ်က, နတ်မ ကြည်ညို၊ နတ်မလိုလည်း, ထိုထိုကြီးငယ်, ပြုဘွယ်ကိစ္စ, ကြံသမျှလျှင်, ဆုတ်လသို့ညှိုး, ဘုန်းမတိုးဘူး၊ တန်းခိုးဂုဏ်သိမ်, ရေ့နှယ် တိမ်၍, စည်းစိမ် အသက်, ပျက်လွယ်တတ်၏။ (မဃ–၃၁၈။)

(ဂ) နှိမ့်ချမကျိုး, ထိုလူမျိုးကား, မိုးကိုလက်လှမ်း, မျှော့သွေးစမ်းသို့, စွဲးလမ်း မရ, တဆဆဖြင့်, မကျအရာ, ယောင်ကာသာလျှင်, ဤမှာ ကောင်းနိုး, ထိုကောင်းနိုးနှင့်, နိုးနိုးအာရုံ, ကာလဟုံ၍, မကုံဥစ္စာ, ဝိဇ္ဇာသိပ္ပ, မဲ့တတ်ကြရှင့်၊ ဓနပညာ, မဲ့တုံပါသော်, ဥစ္စာမရှိ, ကတိမတည်, လူမမည်ဘဲး, လူရည်မသွင်, ပွဲးလယ်ခွင်သို့, မဝင်အပ, သုံးမကျဘူး၊ တဘဝလုံး, သက်ဆုံးအဖျင်း, ချမ်းသာ ကင်းရှင့်။ (မဃ–၂၆၇။)

http://www.dhammadownload.com

တစ်နည်း= အသန္တုဋ္ဌော-မရောင့်ရဲသောသူသည်၊ နေဝယတိ-ရဟန်းမဟုတ်၊ သန္တောသော-ရောင့်ရဲသောသူသည်၊ နာလယာဟတော-တဏှာရမက်, အလိုပျက်နိပ်စက်အပ်သူမဟုတ်၊ ယော-အကြင်သဘောသည်၊ နာလယော-တဏှာရမက်, အလိုပျက်မဟုတ်၊ သ(သော)-ထိုသဘောသည်၊ ဇန္တုနံ-သတ္တဝါတို့၏၊ နာနန္တ ဗျသနာဝဟော-အဆုံးမရှိသော ပျက်စီးခြင်းကို မဆောင်တတ်။ [ငါတို့ဆရာစဉ်ဆက်ပို့ချသော အနက်တည်း။]

နောက်ဆက်တွဲမှတ်ဖွယ်　ရှေ့ရှေ့သောပုဒ်ကို အစွဲပြု၍ နောက်နောက်သောပုဒ်ကို ဝိသေသနအဖြစ်ဖြင့် ထားခြင်း-ပယ်ခြင်း နှစ်မျိုးကိုသာ ဆိုသော်လည်း ရှေ့ရှေ့ပုဒ်ကိုစွဲ၍ နောက်နောက်သောပုဒ်ကို ကြိယာ၏အဖြစ်ဖြင့် ထားခြင်း-ပယ်ခြင်း, လက္ခဏာ၏အဖြစ်ဖြင့် ထားခြင်း-ပယ်ခြင်း စသည်တို့ကိုလည်း ဧကာဝဋ္ဋိဌဿင်းသင့်၏၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ-စသော ပါဠိတော်များကို ပုံစံထုတ်-ဟု ဆရာတို့ဆိုကြ၏။

မြန်ပုံစံ။　။(က) ပေါက်ပင်ကိုင်းကိုင်း ရွှေဗျိုင်းဘာလို့နားရတယ်၊ ငါးပေါလို့ နားရတယ်၊ ငါးဘာကြောင့်ပေါရတယ်၊ ကျွဲလူးလို့ ပေါရတယ်၊ ကျွဲဘာကြောင့် လူးရတယ်၊ ဖြုတ်ကိုက်လို့ လူးရတယ်၊ ဖြုတ်ဘာလို့ ကိုက်ရတယ်၊ မိုးရွာလို့ ကိုက်ရတယ်၊ မိုးဘာလို့ ရွာရတယ်၊ ဘားအော်လို့ ရွာရတယ်၊ ဘားဘာလို့ အော်ရတယ်၊ မြွေကိုက်လို့ အော်ရတယ်၊ မြွေဘာလို့ ကိုက်ရတယ်၊ ငါဝမ်းပူဆာ မနေသာလို့ ကိုက်ရတယ်။ (ရှေး။)

(ခ) ပညာသုတ, မရသေးစွာ, ကျမ်းဂန်စာကို, နှုတ်မှာအမြဲ, တက်နိုင်ခဲ၏၊ နှုတ်ထဲလေ့လေ့, တက်နိုင်၍လည်း, မမေ့မှတ်စွဲး, ဆောင်နိုင်ခဲ၏၊ ဝမ်းထဲးအကယ်, ဆောင်မှတ်လွယ်လည်း, ဓိပ္ပာယ်အနက်, ဝက်ဝက်ဝေခွဲ, သိနိုင်ခဲ၏၊ ထိုခဲးသုံးဖြာ, လွန်မြောက်စွာမှ, ပညာရှိမြတ်, ကဝိထွတ်-ဟု, မချွတ်မှတ်ရာ, မိန့်စဉ်လာ။ (မဃ-၆၀၃။)

ဥာဏ်ရွှင်ဆေး:

(က) အုန်းကိုးခြဲ၊ တစ်ခြဲမှာကိုးပင်၊ တစ်ပင်မှာကိုးခိုင်၊ တစ်ခိုင်မှာကိုးလုံး၊ တစ်လုံးမှာ ရှဉ့်ကိုးကောင်၊ တစ်ကောင်မှာမြားကိုးစင်း၊ (မြားစင်းမည်မျှရှိသနည်း။)

(ခ) တိုင်းပြည်အုပ်ချုပ်ရာတွင် ဓမ္မသတ်ကျမ်းများသည် များစွာအရေးကြီးပေသည်၊ ဓမ္မသတ်ကျမ်းကောင်းများရှိမှသာလျှင် တိုင်းသူပြည်သားတို့ ငြိမ်ဝပ်ပိပြားသည်၊ ငြိမ်ဝပ်ပိပြားမှသာလျှင် တိုင်းပြည်တိုးတက်ကြီးပွားချမ်းသာနိုင်သည်၊ သို့တိုးတက်ကြီးပွားချမ်းသာမှသာလျှင် အမျိုးဘာသာ သာသနာတို့ ကောင်းစွာထွန်းကားနိုင်သည်၊ ထို့ကြောင့် တိုင်းပြည်၏ ကြီးပွားချမ်းသာခြင်းသည်

http://www.dhammadownload.com

၂၇။ အညမညဝိဘူသန-အလင်္ကာ

၃၁၈။ ယဟိ ံ ဘူသိယဘူသတ္တံ , အညမညံ တု ဝတ္ထုနံ၊
ဝိနာဝ သဒိသတ္တံ တံ , အညမညဝိဘူသနံ။

၃၁၈။ ယဟိ ံ-အကြင်အလင်္ကာ၌၊ သဒိသတ္တံ-တူသည်၏အဖြစ်ကို၊ ဝိနာဝ-ကြဉ်၍သာလျှင်၊ ဝတ္ထူနံ-ဝတ္ထုတို့၏၊ အညမညံ-အချင်းချင်း၊ ဘူသိယဘူသတ္တံ-တန်ဆာဆင်အပ်, တန်ဆာဆင်တတ်ကုန်သည်၏အဖြစ်သည်၊ အတ္ထိ-ရှိ၏၊ တံ-ထိုအလင်္ကာသည်၊ အညမညဝိဘူသနံ-အညမညဝိဘူသနအလင်္ကာမည်၏။ [တုကား ပဒါလင်္ကာရတည်း။]

၃၁၉။ ဗျာမံသုမဏ္ဍလံ တေန , မုနိနာ လောကဗန္ဓုနာ၊
မဟန္တိ ံ ဝိန္ဒတိ ကန္တိ ံ , သောပိ တေနေဝ တာဒိသိ ံ။

တိုင်းပြည်၏ဓမ္မသတ်ကျမ်းကောင်းများပေါ်တွင် မှီခိုလျက်ရှိသည်-ဟု ဆိုသင့်ပေသည်။ (စာသမိုင်း။)

(ဂ) သရဒဉတုဌ် ရေအိုင်သည် ကြာပွင့်ရှိ၏၊ ကြာသည် ပိတုန်းတို့နှင့်ယှဉ်၏၊ ပိတုန်းတို့သည် တေးတဒီဒီဆိုကုန်၏၊ တေးတို့သည် ကာမကို တိုးပွားစေ၏။

(ဃ) ကြာမရှိလျှင် ရေမမည်၊ ပိတုန်းမနားလျှင် ကြာမမည်၊ တေးတဒီဒီမဆိုလျှင် ပိတုန်းမဟုတ်၊ စိတ်ကိုမဆွဲဆောင်နိုင်လျှင် ပိတုန်းမြည်သံမဟုတ်။

(၂၇) အညမညဝိဘူသန

၃၁၈။ ။ ဝတ္ထုနှစ်သင်း, တူမှုကင်းလည်း, အချင်းချင်းလျှင်, တန်ဆာဆင်, မည်တွင်-အညမညပါ။

ဝတ္ထုနှစ်ခုတို့ တစ်ခုနှင့်တစ်ခု မတူသော်လည်း အချင်းချင်း အပြန်အလှန် တန်ဆာဆင်ခြင်းသဘောသည် အညမညအလင်္ကာမည်၏။ (အညမညဝိဘူသနအလင်္ကာလည်း ခေါ်သည်။)

တန်ဆာဆင်အပ်, တန်ဆာဆင်တတ်သော ဝတ္ထုနှစ်ခုသည် အညမညမည်၏၊ ထိုကို ပြတတ်သော အလင်္ကာသည်လည်း အညမည-ဟူသော အမည်ကိုပင် ရလေသည်။

(သက္ကတ၌ အချင်းချင်းကျေးဇူးပြုခြင်းသည် အညမညအလင်္ကာမည်၏-ဟူ၍လည်းကောင်း, ကြိယာချင်းတူခြင်းသည် အညမညအလင်္ကာမည်၏-ဟူ၍လည်းကောင်း ဆိုကြ၏။) [အညဉ္ဉ အညဉ္ဉ-အညမည်၊ အညမည် ဝိဘူသီယတေ အနေနာတိ-အညမညဝိဘူသနံ။]

ပြန်ပုံစံ။ ။ ၃၁၉။ ရှစ်ဆယ်အတောင်, ထွန်းလင်းပြောင်လည်း, လေးတောင်လောက်မျှ, ထင်မှတ်ရသည့်, ထွန်းပရွန်းရွန်း, ရောင်ခြည်ဝန်းသည်, တုကျွန်းပရမေ, သုံးလူ့ဆွေကြောင့်, ထူးထွေလွန်မင်း, တင့်တယ်ခြင်းကို, ပြည့်တင်းကောင်းစွာ, ရရှိ

http://www.dhammadownload.com

၃၁၉။ ဗျာမံသုမဏ္ဍလံ-(အတောင်ရှစ်ဆယ်မျှ, ကွန့်မြူးကြွလည်း) တစ်လံမျှသာ ထင်ရသော ရောင်ခြည်ဝန်းသည်၊ လောကဗန္ဓုနာ-လောက၏အဆွေဖြစ်တော်မူပေသော၊ တေနမုနိနာ-ထိုမြတ်စွာဘုရားကြောင့်၊ မဟန္တိ-ကြီးကျယ်မြင့်မြတ်, ပူဇော်အပ်သော၊ ကန္တိ-တင့်တယ်ခြင်းကို၊ ဝိန္ဒတိ-ရ၏၊ သောပိ-ထိုမြတ်စွာဘုရားသည်လည်း၊ တေနေဝ-ထိုရောင်ခြည်ဝန်းကြောင့်သာလျှင်၊ တာဒိသိ-ထိုသို့သော ရှိသော တင့်တယ်ခြင်းမျိုးကို၊ ဝိန္ဒတိ-ရ၏။

ပါ၏၊ သုံးရွာရှေ့သွား, မြတ်ဘုရားလည်း, ထူးခြားတောက်ထွန်း ထိုရောင်ဝန်းကြောင့်, ထူးဆန်းပြည့်ကြွယ်, လွန်ကြီးကျယ်သည့်, တင့်တယ် ရူပ, ကောင်းစွာရသည်....တူမျှကင်းသည့် သခင်ကို။

ရှင်း အချင်းချင်း မတူကြကုန်သော တစ်လံမျှလောက် ထင်ရသည့် ရောင်တော်ဝန်းနှင့် မြတ်စွာဘုရား-ဟူသော ဝတ္ထုနှစ်ခုတို့တွင် ရှေ့ဝါကျ၌ တစ်လံမျှထင်ရသော ရောင်ခြည်တော်ဝန်းသည် တန်ဆာဆင်အပ်သော(အလင်္ကာရိယ)ဝတ္ထု မည်၏၊ မြတ်စွာဘုရားသည် တန်ဆာဆင်တတ်သော(အလင်္ကာရ)ဝတ္ထု မည်၏။

နောက်ဝါကျ၌ မြတ်စွာဘုရားသည် အလင်္ကာရိယ၊ ရောင်တော်ဝန်းသည် အလင်္ကာရ မည်၏၊ ဤသို့ အချင်းချင်း အပြန်အလှန် တန်ဆာဆင်သောကြောင့် အညမညအလင်္ကာ မည်၏၊ (ဝါ-အညမညပိဘူသနအလင်္ကာမည်၏။)

ဗျာမပွဘာ အဆုံးအဖြတ် မြတ်စွာဘုရား၏ အရောင်တော်သည် ဝန်းကျင်ထက်အောက် ရှေ့နောက် ဝဲယာ အရပ်မျက်နှာ အကုန်လုံး၌ အတောင်ရှစ်ဆယ်တိုင်အောင် အမြဲတန်း ကွန့်မြူးထွက်ကြွပေ၏၊ ထိုသို့ပင် ထွက်ကြွစေကာမူ အဝေးမှ ဖူးမြင်ရသူတို့သည် တခဲနက် တစ်လံမျှသာ ထင်ရ၏၊ ထို့ကြောင့်ပင် ထွက်မြဲထွက်စဉ် အရောင်တော်ကို ရည်ရွယ်၍ အသီတိဟတ္ထဋ္ဌာနံ ဂဏ္ဌာတိ-စသော စကားကို အဋ္ဌကထာဆရာများ မိန့်ဆိုကြ၏၊ တချို့နေရာ၌ အဝေးမှတွေ့မြင်ရသော ရောင်ခြည်တော်ကို ရည်ရွယ်၍ ဗျာမပွဘာ-ဟု သုံးနှုန်းရေးသားကြ၏၊ ဤသို့ စကားနှစ်ရပ်ကို မဆန့်ကျင်အောင် ယူသင့်၏။ [သီ-ဋီ-သစ်ကို မှီ။]

မြန်ပုံစံ။ ။ သူတော်တရား, တံတိုင်းခြားသို့, ရန်းတားစောင့်ချုပ်, ရှင်မအုပ်သည်, ကျွန်ုပ်တို့မူ, ရှင့်ကြောင့်ဟူ၍, မည်သူမည်ဝါ, ပစ္စာမဆို, လှုကုသိုလ်နှင့်, မပြိုမကွဲ, ရှင့်ထံမြဲ၏, ထွက်ကဲစိုးခြုံ, ရှင်မတုံလည်း, တစုံတခု, ငါတို့မှကြောင့်, ကယုကယင်, လောင်လင်ညှိုးချုံး, နှလုံးဆင်းရဲ, ထိပါးရုံး၏, မလွဲးမချတ်, ညီညွတ်ခြင်းရာ, နှိုင်းပမာသော်, ကြာလည်းရေဖြင့်, လန်းလန်းပွင့်သို့, ထိုနှင့်နှိုင်းထွေ, ရေလည်းကြာဖြင့်, ရွှန်းရွှန်းတင့်သို့။ (ကိုးခန်း-၂၃၂။)

http://www.dhammadownload.com

၂၈။ သဟဝုတ္တိ-အလင်္ကာ

၃၂၀။ ကထနံ သဟဘာဝဿ , ကြိယာယ စ ဂုဏဿ စ၊
သဟဝုတ္တီတိ ဝိညေယျံ , တဒုဒါဟရဏံ ယထာ။

၃၂၀။ ကြိယာယစ-ကြိယာ၏လည်းကောင်း၊ ဂုဏဿစ-ဂုဏ်၏လည်းကောင်း၊ သဟဘာဝဿ-တကွဖြစ်ခြင်းကို၊ ကထနံ-ဆိုခြင်းကို၊ သဟဝုတ္တီတိ-သဟဝုတ္တိအလင်္ကာဟူ၍၊ ဝိညေယျံ-သိအပ်၏၊ တဒုဒါဟရဏံ-ထို(သဟဝုတ္တိအလင်္ကာ)၏ ဥဒါဟရဏ်ကို၊ ယထာ-ဤဆိုလတ္တံ့သောနည်းဖြင့်၊ (ဒဋ္ဌဗ္ဗံ-မှတ်အပ်၏။)

၃၂၁။ ဇလန္တိ စန္ဒရံသီဟိ , သမံ သတ္ထု နခံသဝေါ၊
ဝိဇမ္ဘတိ စ စန္ဒေန , သမံ တံ မုခစန္ဒိမာ။

ဉာဏ်ရွှင်ဆေး

(က) ရေအိုင်သည် ပဒုမာကြာတို့ဖြင့် တင့်တယ်၏၊ ပဒုမာကြာပန်းသည်လည်း ရေအိုင်ဖြင့်ပင် တင့်တယ်ရ၏။

(ခ) စာချဆရာသည် စာသင်သားများတို့ဖြင့် ကြီးပွားတင့်တယ်၏၊ စာသင်သားများသည်လည်း စာချဆရာဖြင့်ပင် ကြီးပွားတင့်တယ်ကြရပေသည်။

(၂၈) သဟဝုတ္တိ

၃၂၀။ ။ ကြိယာချင်း, ဂုဏ်ချင်းတူကွ, ဆိုတုံက, သဟဝုတ္တိသာ။

အတူတကွဖြစ်သည်ကို ဆိုခြင်းသည် သဟဝုတ္တိအလင်္ကာမည်၏။

ထိုသဟဝုတ္တိအလင်္ကာသည်-

(က) ကြိယာတို့ အတူတကွဖြစ်ခြင်းကိုဆိုသော- ကြိယာသဟဝုတ္တိအလင်္ကာ,

(ခ) ဂုဏ်တို့ အတူတကွဖြစ်ခြင်းကိုဆိုသော- ဂုဏသဟဝုတ္တိအလင်္ကာ-ဤသို့ နှစ်ပါးပြား၏။

ကထနံ ။ပ။ ဂုဏဿစ-ခြေသည်းတော်ရောင်, လရောင်-စသော ပုဒ်နက်တို့သာ အတူတကွဖြစ်ကြပေ၏၊ ထိုသို့ပင်ဖြစ်သော်လည်း ထိုပုဒ်တို့၏ အတူတကွဖြစ်ခြင်းသည် ကြိယာ၌ဖြစ်စေ, ဂုဏ်၌ဖြစ်စေ ဖြစ်ကြရပေ၏၊ ထိုသို့ ကြိယာ,ဂုဏ်တို့နှင့် မကင်းကြလေသောကြောင့် ကထနံ သဟဘာဝဿ , ကြိယာယစ ဂုဏဿစ-(ကြိယာချင်း, ဂုဏ်ချင်း တူကွ-ဟု ဆိုရပေသည်။

ဆောင်။ ။အတူတကွ, ပဒတ္ထသာ, ဖြစ်တုံပါလည်း, ကြိယာဂုဏ, မကင်းကြ, မိန့်ဟ ကြိယာယ-ဂုဏဿ။

(က) ပြန်ပုံစံ။ ။ ၃၂၁။ လောကဆီမီး, မြတ်စောထီး၏, ညီးညီးပြောင်ပြောင်, ခြေသည်းရောင်သည်, လရောင်တူကွ, ထွန်းတောက်ပ၏၊ မြတ်စွာ့မျက်နှာ, ယုန်စန္ဒာလည်း, ရောင်ဝါဖြူဆွ, မိုးပေါ်လနှင့်, တူကွစံပယ်, လွန်တင့်တယ်၏။

http://www.dhammadownload.com

၃၂၁။ သတ္ထု–မြတ်စွာဘုရား၏၊ နခံသဝေါ–ခြေသည်းတော်ရောင်တို့သည်၊ စန္ဒရံသီဟိ–လရောင်တို့နှင့်၊ သမံ–အတူတကွ၊ ဇလန္တိ–ထွန်းတောက်ပကုန်၏၊ တံမုခစန္ဒိမာ–ထိုမြတ်စွာဘုရား၏ မျက်နှာတော်တည်းဟူသော လသည်၊ စန္ဒေန–ပကတိသောလနှင့်၊ သမံ–အတူတကွ၊ ဝိဇမ္ဘတိ–တင့်တယ်စံပယ်၏။

၃၂၂။ ဇိနောဒယေန မလိနံ , သဟ ဒုဇ္ဇနစေတသာ၊
ပါပံ ဒိသာ သုဝိမလာ , သဟ သဇ္ဇနစေတသာ။

ရှင်း ဤ၌ ခြေသည်းရောင်နှင့်လရောင်, မြတ်စွာဘုရားမျက်နှာတော်နှင့်လ–တည်းဟူသော နှစ်ခုသောပုဒ်နက်တို့၏ တောက်ပခြင်း,တင့်တယ်ခြင်း–ကြိယာတို့၏ အတူတကွဖြစ်ခြင်းကို ဆိုသောကြောင့် ဤအလင်္ကာသည် ကြိယာသဟဝုတ္တိအလင်္ကာမည်၏။

(ခ) ပြန်ပုံစံ။ ။ ၃၂၂။ လောကထွတ်ထား, မြတ်ဘုရား၏, မာရ်ငါးပယ်ခွင်း, ပွင့်ပေါ်ခြင်းကြောင့်, ညံ့ဖျင်းဆိုးဝါး, အကုမ္မားသည်, တရားမကျင့်, လူလေလွင့်၏, စိတ်နှင့်တူကွ, ညစ်နွမ်းရ၏၊ ဒသဒိသာ, ရပ်မျက်နှာမူ, မကွာတရား, သူတော်များ၏, စိတ်ထားတူကွ, ညစ်ကြေးပသည်.... ဆွဆွဖြူဖြူဖွေးဖွေးတည်း။

ရှင်း ဤ၌ ပုဒ်,နက်နှစ်ပါးတို့နှင့် ဆက်ဆံသော ညစ်နွမ်းခြင်း, အညစ်အကြေးကင်းခြင်း ဂုဏ်တို့၏ အတူတကွဖြစ်ခြင်းကို ဆိုသောကြောင့် ဤအလင်္ကာသည် ဂုဏသဟဝုတ္တိမည်၏။

ဉာဏ်ရည်သွေးရန် မြန်ပုံစံ

(က) မရဏာညစ်, သေမင်းစစ်ကို, မပစ်နိုင်စွာ, မကာနိုင်ကြ, ထိုကိစ္စကြောင့်, တကွမနေး, ဗိုလ်အလှေးနှင့်, လေးပါမင်းပါ, သေမင်းရွှာသို့, လိုက်ရှာကုန်လျှင်း, ထိုတသင်းသည်....မကြွင်းစင်ကြ–လေကုန်စွ။ (မဃ–၃၅၅။)

(ခ) သရက်ပွင့်ခိုင်တို့သည် ခရီးသွားတို့၏ တွေဝေခြင်းနှင့်တကွ ကြီးပွားကြ၏၊ စန္ဒကူးတောမှလာသော လေတို့သည် ထိုခရီးသွားတို့၏ ထွက်သက်ဝင်သက်နှင့်တကွ တိုက်ကြကုန်၏။ (ကြိယာ)

(ဂ) ထိုရော်ရေနတ်, ပရိသတ်တို့, မချွတ်ပင်ကို, မင်းသားဆိုသည်, အလိုမှန်ငြား, ဟုတ်ယောင်ကားဟု, ထူးခြားမရှိ, မှတ်လျှင်းဘိ၏၊ ပုတိမစ္ဆ, တလွည့်ပြုပ်, ထုပ်သည်ဘက်လျှင်, နံသက်သိုးအူ, သဘောတူသို့, အယူမှားရှောင်း, သူမကောင်းနှင့်, ယှဉ်ပေါင်းသော့အား, ထွေပြားမိစ္ဆာ, နာနာကာရ, ဖောက်ပြန်ကြ၏။ (ဘူပေါင်း–၅၈။)

http://www.dhammadownload.com

၃၂၂။ ဇိနောဒယေန–ဘုရားပွင့်တော်မူခြင်းကြောင့်၊ ပါပံ–အကုသိုလ်သည်၊ ဒုဇ္ဇနစေတသာ–သူယုတ်မာတို့၏စိတ်နှင့်၊ သဟ–တကွ၊ မလိနံ–ညစ်နွမ်းဖြစ်၏၊ ဒိသာ–အရပ်မျက်နှာတို့သည်၊ သဇ္ဇနစေတသာ–သူတော်ကောင်းတို့၏စိတ်နှင့်၊ သဟ–တကွ၊ သုဝိမလာ–အလွန်အညစ်အကြေးကင်းကုန်၏။

၂၉။ ဝိရောဓိတာ–အလင်္ကာ

၃၂၃။ ဝိရောဓိနံ ပဒတ္ထာနံ , ယတ္ထ သံသဂ္ဂဒဿနံ၊
သမုက္ကံသာဘိဓာနတ္ထံ , မတာ သာယံ ဝိရောဓိတာ။

၃၂၃။ ယတ္ထ–အကြောင်အလင်္ကာ၌၊ သမုက္ကံသာဘိဓာနတ္ထံ–လွန်ကဲခြင်းကိုဆိုရခြင်းအကျိုးငှာ၊ ဝိရောဓိနံ–အချင်းချင်းဆန့်ကျင်ကြကုန်သော၊ ပဒတ္ထာနံ–(ကြိယာ, ဂုဏ်စသော)ပုဒ်နက်တို့၏၊ ယံ သံသဂ္ဂဒဿနံ–အကြောင်ရောနှောမှုကိုပြခြင်းသည်၊ အတ္ထိ–ရှိ၏၊ သာယံ–ထိုအလင်္ကာကို၊ ဝိရောဓိတာ–ဝိရောဓိတာအလင်္ကာဟူ၍၊ မတာ–သိအပ်၏။

၃၂၄။ ဂုဏာ သဘာဝမဒုရာ , အပိ လောကေကဗန္ဓုနော၊
သေဝိတာ ပါပသေဝီနံ , သမ္မဒူသေန္တိ မာနသံ။

(ဃ) ယခုညဉ့်တို့သည် ငါ၏ထွက်သက်,ဝင်သက်တို့နှင့်တကွ ရှည်လျားလှ၏၊ လရောင်ဖြင့် တန်ဆာဆင်ထားသော ထိုညဉ့်တို့သည် ကျွန်ုပ်၏ကိုယ်အင်္ဂါနှင့်တကွ ဖြူဖွေးလှပ၏။ (ဂုဏ)

(၂၉) ဝိရောဓိတာ

၃၂၃။ ။ လွန်သည့်ဂုဏ်အင်,ပြဆိုချင်၍, ဆန့်ကျင်သောဝေါ, ပုဒ်နက်ရော, ဝိရောဓိတာ–အလင်္ကာ။

တစ်ခုသောဝတ္ထု၏ လွန်ကဲသော ဂုဏ်ကို ပြရခြင်းအကျိုးငှာ (အဖြူ–အမည်း, အအေး, အပူ–စသော)ဆန့်ကျင်သော ပုဒ်နက်ဝတ္ထုတို့ကို ရောနှော၍ ပြဆိုသော အလင်္ကာသည် ဝိရောဓိတာအလင်္ကာမည်၏။ [ဝိရောဓော ဇေတသံ (ဂုဏာနံ) အတ္ထိတိ–ဝိရောဓီ၊ ဝိရောဓိနံ ဘာဝေါ–ဝိရောဓိတာ။]

ပြန်ပုံစံ။ ။ ၃၂၄။ အပေါင်းများစွာ, သတ္တဝါ၏, ဇြဟ္မာနတ်လူ, ဘက်မပြုသည်, တစ်ဆူအဆွေ, ဖြစ်တုံပေလျက်, ထူးထွေဆန်းပြား, ရသများသည့်, တရားဘုရင်, ဘုရားရှင်၏, များဖြင်ဂုဏ်ပေါင်း, ပင်ကိုယ်ကောင်းလည်း, မကောင်းလိုက်စား, သူယုတ်များတို့, မှိုင်းလတ်သော်, မကောင်းပျော်သည့်, သူတော်မဟုတ်, ထိုသူယုတ်၏, ညစ်ပုပ်စုတ်ပြတ်, တွင်းစိတ်ဓာတ်ကို, ဖျက်လတ်–အလွန့်အလွန်တည်း။

http://www.dhammadownload.com

၃၂၄။ လောကေကဇန္ဓနော-လူအပေါင်း၏ မြတ်သောအဆွေဖြစ်သော မြတ်စွာဘုရား၏၊ ဂုဏာ-ဂုဏ်တော်တို့သည်၊ သဘာဝမဓုရာအပိ-သဘောအားဖြင့် ချိုမြိန်ကောင်းမြတ်ကုန်သော်လည်း၊ ပါပသေဝိနံ-မကောင်းမှုကို မှီဝဲသောသူတို့သည်၊ သေဝိတာ-မှီဝဲအပ်ကုန်သည်ရှိသော်၊ ပါပသေဝိနံ-မကောင်းမှုကို မှီဝဲသောသူတို့၏၊ မာနသံ-စိတ်ကို၊ သမ္မဒူသေန္တိ -လွန်စွာပျက်စီးစေကုန်၏။ [ပါပသေဝိနံ-ကား ကာကောလောကနနည်း။]

၃၀။ ပရိဝုတ္ထိ-အလင်္ကာ

၃၂၅။ ယဿ ကဿစိ ဒါနေန , ယဿ ကဿစိ ဝတ္ထုနော၊
ဝိသိဋ္ဌဿ ယမာဒါနံ , ပရိဝုတ္ထိတိ သာ မတာ။

ရှင်း မြတ်စွာဘုရားဂုဏ်တော်တို့၏ လွန်ကဲခြင်းကို ပြရခြင်းငှာ ပင်ကိုယ်ကောင်းသော ဂုဏ်နှင့် ဖျက်ဆီးခြင်းကြိယာတို့ကို ရောနှောပြဆိုသောကြောင့် ဤအလင်္ကာသည် ဝိရောဓိတာ-မည်၏။ [ယုတ်ညံ့သော နှလုံးသွင်းရှိသော ပုဂ္ဂိုလ်တို့သည် သည်းမခံနိုင်လောက်အောင် မြတ်စွာဘုရားဂုဏ်တော်များ လွန်ကဲသည်-ဟူလို။]

မြန်ပုံစံ။ ။ သူ့ကိုချီးမြှောက်, ကိုယ့်ဂုဏ်မြောက်၏ ့၊ ယွင်းဖောက်အလို, ဝံ(ဝန်)မတိုနှင့်, သူ့ကိုဂုဏ်နိမ့်, ကိုယ့်ဂုဏ်နိမ့်၏ ့၊ စည်းစိမ့်အရာ, သူ့ချမ်းသာနိုက်, ကျဿာမပြု, ဝမ်းမြောက်ရှုလော့။ (မဃ-၁၈၅။)

များစွာတံသင်း, ရန်ခပင်းကို, အကြွင်းအကျန်, ပဟာန်သမုဒ္ဆေ, ချေနိုင်ဖျက်နိုင်, သတ်ဖြတ်နိုင်သည်, စိန်တိုင်စိန်ချက်, စိန်သန်လျက်သို့, မင်္ဂအရဟတ္တ, ပါဒအခြေ, ဖြစ်စေနိုင်တတ်, ဝိပဿနာ, သညာသည်ဉာဏ်, သည်အကြံသည်အတတ်, မြတ်ထက်မြတ်ပါကို, ငှက်ခတ်တောတိုး, မုဆိုးပညာ, သူတို့ကလာ၍ပဲ, ပညာချင်းဟု, ပမာပြုကြလျှင်, တခုက ခေမာ, တခုက ပါယ်ရွာ, သည်လောက်ပဲ ကွာကြောင်းကို, သိသာခြားနားလှလေပြီ။ (နေ။)

ဟသ်မင်းတို့ တွန်မြူးသံသည် ချစ်နှစ်သက်ခြင်းကို တိုးပွားစေ၏၊ ဥဒေါင်းတို့ တွန်သံသည် လွန်လွန်မင်းမင်း နှစ်သက်ခြင်းကို ကုန်ခန်းစေ၏။

ဟသ်သံ, ဥဒေါင်းသံတို့ ထူးခြားဟန်ကို ပြရခြင်းငှာ နှစ်သက်ခြင်းကို ပွားစေခြင်း, ကုန်ခန်းစေခြင်း-ဟူသော ဆန့်ကျင်ဘက်ကြိယာ နှစ်ခုတို့ကို ရောရှပြသောကြောင့် ဝိရောဓိတာအလင်္ကာမည်၏။

(၃၀) ပရိဝုတ္ထိ

၃၂၅။ ။ တစ်စုံတစ်ခု, ပေးလှူမှုဖြင့်, ဝတ္ထုထူးရှိ, ယူတုံဘိ, ပရိဝုတ္ထိသာ။

တစ်စုံတစ်ခုသောဝတ္ထုကို ပေး၍ ထူးကဲလွန်မြတ်ခြင်းရှိသော ဝတ္ထုကို ယူခြင်းသည် ပရိဝုတ္ထိအလင်္ကာမည်၏။ [တူသောဝတ္ထု, ယုတ်သောဝတ္ထုကို ယူခြင်းကိုလည်း ပရိဝုတ္ထိအလင်္ကာ-ဟုပင် ခေါ်ရသည်၊ ပရိဝုတ္ထိသဒ္ဒါသည် ပေး၍ယူခြင်း၌ဖြစ်သောရုဋ္ဌိသဒ္ဒါတည်း။]

http://www.dhammadownload.com

၃၂၅။ ယသကသစိဝတ္ထုနော–အမှတ်မပြု, တစ်စုံတစ်ခုသောဝတ္ထုကို၊ ယသကသစိ–တစ်စုံတစ်ယောက်သောသူအား၊ ဒါနေန–ပေးခြင်းဖြင့်၊ ဝိသိဋ္ဌသ–ထူးကဲလွန်မြတ်သော ဝတ္ထုကို၊ ယံအာဒါနံ–အကြင်ယူခြင်းသည်၊ အတ္ထိ–ရှိ၏၊ သာ–ထိုအလင်္ကာကို၊ ပရိဝုတ္တိတိ–ပရိဝုတ္တိအလင်္ကာဟူ၍၊ မတာ–သိအပ်၏။

၃၂၆။ ပုရာ ပရေသံ ဒတ္တွာန , မနုညံ နယနာဒိကံ၊
မုနိန္ဒ သမနုပ္ပတ္တော , ဒါနိ သဗ္ဗညုတာသိရိ˚။

၃၂၆။ မုနိန္ဒ–ရှင်တော်မြတ်ဘုရား !၊ တွံ–ရှင်တော်မြတ်ဘုရားသည်၊ ပုရာ–ရှေးအခါ၌၊ ပရေသံ–တစ်ပါးသောသူတို့အား၊ မနုညံ–နှစ်သက်ဖွယ်ကောင်းသော၊ နယနာဒိကံ–မျက်လုံးတော်အစရှိသည်ကို၊ ဒတ္တွာန–ပေးလှူပြီး၍၊ ဒါနိ–ယခုအခါ၌၊ သဗ္ဗညုတာသိရိ˚–သဗ္ဗညုတဉာဏ်တော်တည်းဟူသော အသရေကို၊ သမနုပ္ပတ္တော–ကောင်းစွာရလေပြီ။

ပြန်ပုံစံ။ ။ ၃၂၆။ ပစ္စုပ်–သံသရာ, ကျိုးနှစ်ဖြာကို, မှန်စွာ သိခြင်း, စိုးပိုင်နင်းသည့်, မင်းမင့်းထွတ်တင်, အို အရှင် !–, ရှင်ပင်မြတ်စွာ, ရှေးအခါက, တောင်းလာခံငြား, သူတို့အားလျှင်, စိတ်ထားရွှင်ပျ, မျက်လုံးစသည့်, ဒါနဝတ္ထု, ပေးလှူမှုကြောင့်, ယခုခါဝယ်, လွန်ကြီးကျယ်သည့်, သိဖွယ်မကျန်, ဘုရားဉာဏ်ဟု, မြတ်မွန်လှချေ, ကျက်သရေကို . . . . မသွေကောင်းစွာ–ရပါပြီ။

ရှင်း မျက်လုံး–စသော လှူဖွယ်ဝတ္ထုကို ပေး၍ ထူးကဲလွန်မြတ်သော သဗ္ဗညုတဉာဏ် အသရေတော်ကို ယူခြင်းကြောင့် ပရိဝုတ္တိအလင်္ကာမည်၏။

မြန်ပုံစံ ။မြော်တော်နံ့ဟောင်, ဤအကောင်ကို, ရွံရှောင်ခွာခွာ, တပ်ရာမသည်း, စုံမက်နည်းလျက်, မတည်းမကွ, ပြည်မကျော်ထင်, သူစင်နေအပ်, သန့်ပြန့်ရပ်သို့, ချဉ်းကပ်ပါရှောင်း, အကယ်ကောင်းအံ့ . . . . ညီလောင်းကိုယ်နှံ့–မလူးတည်း။ (ဆုတောင်း–၄၀။)

မိန်းမတကာ, မိကလျာတို့, ကောင်းစွာစိတ်က, ကျင့်နိုင်ကြသော်, ဒေဝလောကာ, နတ်ခြောက်ရွာဝယ်, နိမ္မာဝသ, ဘုံဌာနဋ္ဌ, မနာပကာယိကာ, မည်သည်ဖြင့်, လိုရာကြဲတိုင်း, ပြည့်မဆိုင်းဘဲ, သက်ပိုင်းရှိရွေ့, စံသိမ်မွေ့လျက်, ချမ်းမြေ့ရိပ်ငြိမ်, တင်းမတိမ်အောင်, စည်းစိမ်တပ်ရစ်, အသစ်သစ်နှင့်, နတ်စစ်အထူး, သူ့ထက်ကျူး၍, ပျော်မြူးမယ်မောင်, တပြောင်ပြောင်သည် . . . . ကိုယ်ရောင်လက်လက်ဝင်းဝင်းတည်း။ (မဃ–၄၁၃။)

ဉာဏ်ရည်သွေးရန်

(က) ရိုက်နှက်ပုတ်ခတ်ခြင်းကို ပေးလျက် သူတစ်ပါးတို့ ကြာမြင့်စွာစုဆောင်းထားသော ပစ္စည်းဥစ္စာကို ယူလေပြီ။

http://www.dhammadownload.com

၃၁။ ဘမ-အလက်ာ

၃၂၇။ ကိဉ္စိ ဒိသွာန ဝိညာတာ , ပဋိပဒ္ဓတိ တံ သမံ၊
သံသယာပဂတံ ဝတ္ထုံ , ယတ္ထ သောယံ ဘမော မတော။

၃၂၇။ ယတ္ထ-အကြောင်းအလက်ာ၌၊ ဝိညာတာ-သိမြင်လိမ္မာသောသူသည်၊ ကိဉ္စိ-တစ်စုံတစ်ခုသောဝတ္ထုကို၊ ဒိသွာန-မြင်ပြီး၍၊ တံ သမံ-ထိုမိမိမြင်ဖူးသောဝတ္ထုနှင့် တူသော၊ ဝတ္ထုံ-တစ်ပါးသောဝတ္ထုကို၊ သံသယာပဂတံ-ယုံမှားသံသယကင်းသည်ကို၊ ကတွာ-ပြု၍၊ ပဋိပဒ္ဓတိ-သိ၏၊ သောယံ-ထိုအလက်ာကို၊ ဘမော-ဘမအလက်ာ ဟူ၍၊ မတော-သိအပ်၏။

၃၂၈။ သမံ ဒိဿာသုဒ္ဓလာသု , ဇိနပါဒနခံသုနာ၊
ပဿန္တာ အဘိနန္ဒန္တိ , စန္ဒာတပမနာ ဇနာ။

(ခ) ဆွေးမြေ့ပူပန်မှုသဘောရှိသော ခန္ဓာကိုယ်-တည်းဟူသော ပစ္စည်းဖြင့် ဆွေးမြေ့ပူပန်ခြင်းမရှိသော နိဗ္ဗာန်ကို အရယူပြီ။

(၃၁) ဘမ

၃၂၇။ ။ သိဖူးရှေးက, ဝတ္ထုမျှနှင့်, တူလှရုပ်သွင်, ဝတ္ထုမြင်သော်, ထိုပင်မှတ်ကြ, ထင်လွဲက, ဘမအလက်ာ။

မိမိ ရှေးက သိမြင်ဖူးသောဝတ္ထုနှင့် ရုပ်သွင်သဏ္ဌာန်တူမျှသော တစ်စုံတစ်ခုသော ဝတ္ထုကို တွေ့မြင်သောအခါ မိမိ ရှေးက သိမြင်ဖူးသောဝတ္ထု-ဟု အကယ်ပင်မှတ်ထင်ခြင်း, အထင်လွဲခြင်းသည် ဘမအလက်ာမည်၏၊ "ငှက်မသိက ဇရက်ချိုးထင်"ဆိုသကဲ့သို့တည်း၊ လိုရင်းမှာ အထင်လွဲမှုမှန်သမျှကိုပင် ဘမအလက်ာခေါ်နိုင်သည်။ [ဘမနံ အနဝဋ္ဌာန-ဘမော။]

ပြန်ပုံစံ။ ။ ၃၂၈။ ဇိနရှင်ကျော်, ခြေသည်းတော်မှ, ထွက်ပေါ်ကွန့်လည်, မြတ်ရောင်ခြည်ဖြင့်, ပတ်လည်ဒိသာ, ဆယ်မျက်နှာတို့, ညီညာတူမျှ, ထွန်းတောက်ပသော်, မြင်ရထိုထို, များလူဗိုလ်တို့, ထိုထိုမျက်နှာ, ထွန်းလင်းဖြာသား, ဤဟာကားလျှင်, ယခင်ထွန်းမြဲ, လရောင်ပဲဟု, စွဲလမ်းစိတ်က, မှတ်ထင်ကြလျက်, ရွှင်ပျသာကြည်-ကုန်သတည်း။

ရှင်း ထင်ရှားရှိသော ခြေသည်းရောင်ကို လရောင်-ဟု အထင်အမှတ်လွဲသောကြောင့် ဤအလက်ာသည် ဘမအလက်ာမည်၏။ [သဘာဝနှင့်လည်း ညီကြည့်။]

မြန်ပုံစံ။ ။ဓမ္မသဘော, ဘယ်သို့ ဟောလည်း, လိပ်ကျော ကြောင်ကော်, ပြောင်ချော်ချော်နှင့်, ပျော်တပြိုးပြိုး, မော်မဆုံးဘဲး, နလုံးမယဉ်, ဉာဏ်မယှဉ်တည့်, ပျိုစဉ်ယုတ်မာ, အိုခါဆိုးဝါး, ဤကိုယ်အားလျှင်, ယောကျ်ားမိန်းမ, သမုတ်ကြလျက်, သုဘထင်၍, မငြီးငွေ့ဘူး။ (မဃ-၁၀၈။)

http://www.dhammadownload.com

၃၂၈။ ဓိနပါဒနခံသုနာ–မြတ်စွာဘုရား၏ ခြေသည်းတော်ရောင်ဖြင့်၊ ဒိသာသု–အရပ်ဆယ်မျက်နှာတို့သည်၊ သမံ–တူပြိုင်ညီမျှ (တစ်ခုတည်းသောခဏ၌၊ ဦ၊) ဥဇ္ဇလာသု–ထွန်းလင်းတောက်ပကုန်လတ်သော်၊ (တာဒိသာ–ထိုအရပ်မျက်နှာတို့ကို၊) ပဿန္တာ–မြင်ကြကုန်သော၊ ဇနာ–လူတို့သည်၊ စန္ဒာတပမနာ–လရောင်ဟု ဖြစ်သော စိတ်ရှိကြကုန်သည်ဖြစ်၍၊ အဘိနန္ဒန္တိ –အလွန်နှစ်သက်ဝမ်းမြောက်ကြကုန်၏။

၃၂။ ဘာဝ–အလင်္ကာ

၃၂၉။ ပဝုစ္စတေ ယံ နာမာဒိ , ကဝိနံ ဘာဝဗောဓနံ၊
ယေန ကေနစိ ဝဏ္ဏေန , ဘာဝေါ နာမာယမီရိတော။

၃၂၉။ ကဝိနံ–(ပြောဆိုသော) ပညာရှိတို့၏၊ ဘာဝဗောဓနံ–အလိုကိုသိစေတတ်သော၊ ယံနာမာဒိ–အကြင်နာမ်ပုဒ်အစရှိသည်ကို၊ ယေနကေနစိဝဏ္ဏေန–တစ်စုံတစ်ခုသော အခြင်းအရာအားဖြင့်၊ ပဝုစ္စတေ–ဆိုအပ်၏၊ အယံ–ဤအလင်္ကာကို၊ ဘာဝေါနာမ–ဘာဝမည်၏ဟူ၍၊ ဤရိတော–ဆိုအပ်၏။ [အာဒိသဒ္ဒါဖြင့် ဝါကျကိုယူ၊ ဦဟောင်း။]

ဥဇ္ဇာရည်သွေးရန်

(က) အရည်ထန်သည်း ယိုစီးသကဲ့သို့ ထွန်းလင်းတောက်ပသော လရောင်သည် သူခပ်သိမ်းကို အထင်မှားစေ၏၊ ထိုလရောင်ကြောင့်ပင်လျှင် နွားကျောင်းသူငယ်မသည် နို့ရည်ယိုစီးသည်–ဟု မှတ်ထင်၍ နွားမ၏အောက်၌ နို့အိုးကို ခံ၏၊ အိမ်ရှင်မသည် ကြာဥပုန်းခိုင်ကို ကြာဖြူမှတ်ထင်၍ နားခ်ဳပန်၏၊ လူရိုင်းမကလေးသည် ပုလဲလုံးထင်၍ ဆီးသီးများကို ခူး၏။

(ခ) ပုထုဇဉ်အန္ဓများသည် ၃၂–ကောဋ္ဌာသကို သာယာဖွယ်မှတ်ထင်၍ အနားမမခွာနိုင်ကြချေ။

(၃၂) ဘာဝ

၃၂၉။ ။ကဝိဆန္ဒ, ထင်စွာပြ, ဘာဝအလင်္ကာ။

ဝတ္ထုတစ်ပါး၏ သဘာဝမမှကို တားမြစ်၍ဖြစ်စေ, မတားမြစ်မူ၍ဖြစ်စေ ပညာရှိတို့၏ အလိုသဘောဆန္ဒကို ထင်စွာပြဆိုသော အလင်္ကာသည် ဘာဝအလင်္ကာမည်၏။ [ဘာဝေတီတိ–ဘာဝေါ။] [ဦကာဟောင်း၌ တားမြစ်၍ဆိုမှသာ ဘာဝအလင်္ကာမည်၏–ဟု ဆို၏၊ ဦကာသစ်၌မူကား တားမြစ်၍ဖြစ်စေ, မတားမြစ်မူ၍ဖြစ်စေ ပညာရှင်တို့၏ အလိုဆန္ဒကို ပြဆိုက ဘာဝအလင်္ကာမည်၏–ဟု ဆို၏၊ ဦကာသစ်နည်းက သာ၍သင့်မြတ်ဖွယ်ရှိသည်။]

ဘာဝမည်ပုံ ဤ၌ ပညာရှိတို့၏အလိုကို ပြတတ်သော စကားသည်သာ မုချအားဖြင့် ဘာဝမည်ပေ၏၊ ထိုစကား၏မှီရာဖြစ်သော ပုဒ်အစဉ်တို့သည် ဌာနျူပစာအားဖြင့် ဘာဝ–ဟူသောအမည်ကို ရကြလေသည်။

http://www.dhammadownload.com

၃၃၀။ နနု တေယေဝ သန္တာနော , သာဂရာ နု ကုလာစလာ၊
မနမွိ မရိယာဒံ ယေ , သံဝဋ္ဋေပိ ဇဟန္တိ နော။

၃၃၀။ သံဝဋ္ဋေ-ကမ္ဘာပျက်ရာ, ချိန်အခါ၌၊ ယေ-အကြင်သမုဒ္ဒရာတို့သည်၊ မရိယာဒံ-မိမိတို့၏(ကမ်းကို ရေမလွန်ခြင်းဟူသော) စည်းကမ်းအပိုင်းအခြားကို၊ ဇဟန္တိ-စွန့်ကြရကုန်၏၊ တေ-ထိုပကတိသောသမုဒ္ဒရာတို့သည်၊ နောသာဂရာ-သမုဒ္ဒရာအစစ်, မဖြစ်ကုန်၊ ယေ-အကြင်တောင်ရံတို့သည်၊ မရိယာဒံ-မိမိတို့၏(မတုန်လှုပ်ခြင်းတည်းဟူသော)စည်းကမ်းကို၊ ဇဟန္တိ-စွန့်ကြရကုန်၏၊ တေ-ထိုတောင်ရံတို့သည်၊ နု ကုလာစလာ-တောင်ရံအစစ် မဖြစ်ကုန်၊ ယေ-အကြင်သူတော်ကောင်းတို့သည်၊ သံဝဋ္ဋေပိ-ကမ္ဘာပျက်ရာ, ချိန်အခါ၌သော်မှလည်း၊ မရိယာဒံ-မိမိတို့၏ ကိုယ်ကျင့်တရား, စည်းကမ်းအပိုင်းအခြားကို၊ မနမွိ-စိုးစဉ်းအနည်းငယ်မျှလည်း၊ နောဇဟန္တိ-မစွန့်ကြလေကုန်၊ တေယေဝသန္တာ-ထိုသူတော်ကောင်းတို့သည်သာလျှင်၊ နနု-စင်စစ်အားဖြင့်၊ သာဂရာ-သမုဒ္ဒရာအစစ်, ဖြစ်ကြကုန်၏၊ ကုလာစလာ-တောင်ရံအစစ်, ဖြစ်ကြကုန်၏။

ဆောင်။　။ကဝိအလို, ပြဆိုစကား, မည်ငြားဘာဝ, မုချထွတည်း၊ မှတ်ကြမှီရာ, ပုဒ်တို့မှာမူ, ဌာနျှု, ခေါ်ယူဘာဝ-အမည်ရ။

ပြန်ပုံစံ။　။ ၃၃၀။ ကမ္ဘာ ပျက်ရာ, ချိန်အခါဝယ်, နှစ်ဖြာသောကမ်း, ရေတက်လွှမ်း၍, စည်းကမ်းမှယုတ်, ဤရေစုတ်ကား, သမုဒ်မချုတ်, မဟုတ်လတ်တည့်၊ ရံပတ်မြင့်မိုရ်, တောင်ထိုထိုလည်း, ယိမ်းပြိုကွဲအက်, စည်းကမ်းပျက်၍, အနက်စွန့်ပစ်, တောင်မစစ်ရှင့်၊ ခင်ချစ်တရား, သူတော်များကား, ထွားထွားညက်ညက်, ကမ္ဘာပျက်လည်း, ကိုယ့်တွက်စည်းကမ်း, ကျင့်စဉ်လမ်းကို, မြုန်မ်းလောက်မျှ, မစွန့်ကြတည့်၊ မုချသေချာ, သူတို့သာလျှင်, ကြီးစွာရေစုတ်, သမုဒ်အစစ်, တောင်စဉ်ဖြစ်သည် . . . . ချစ်ခင်စည်းကမ်း-စောင့်သောကြောင့်။

ရှင်း　ဤ၌ ပကတိသော သမုဒ္ဒရာ,တောင်စဉ်တို့၏ သဘောကို တားမြစ်၍ ပညာရှိတို့၏ စည်းကမ်းစောင့်ထိန်းခြင်း, မတုန်လှုပ်ခြင်းဂုဏ်ကို ထင်စွာပြသောကြောင့် ဘာဝအလင်္ကာမည်၏။

မြန်ပုံစံ။　။ ဖြင့်ပေါများစွာ, လေပြင်းလာ၍, ဂွမ်းဝါအယောင်, ထိုထိုတောင်ကို, ပါအောင်နုတ်ငင်, ကောင်းကင်ပြင်သို့, တင်နိုင်လေရာ, နေ-လသာလျှင်, မြေမှာကျမည်, မြစ်တို့သည်လည်း, မတည်ဖောက်ပြန်, အညာဆန်လိမ့်၊ မမှန်ငါကား, မဆိုငြားတည့်။ (သုတ-၇၀။)

သဗ္ဗညုလမ်း, ပွင့်လောင်းတမ်းကား, ထက်ခြမ်းကိုယ်ကို, လိုသောဟူက, စိတ်ယူမခွ, နှစ်ဖက်လွှဖြင့်, ခြခြကွဲးအက်, ကိုယ်ကိုဝက်၍, တီတွက်မနေး,

http://www.dhammadownload.com

၃၃။ မိဿက-အလင်္ကာ

၃၃၁။ အင်္ဂီဘာဝါ သဒိသ-ဗလဘာဝါ စ ဗန္ဓနေ၊
သံသဂ္ဂေါလင်္ကတီနံ ယော , တံ မိဿန္တိ ပဝုစ္စတိ။

၃၃၁။ အင်္ဂီဘာဝါစ-ပြီးစေတတ်, ပြီးစေအပ်သည်၏အဖြစ်ဖြင့်လည်းကောင်း၊ သဒိသဗလဘာဝါစ-တူမျှသောအားစွမ်းရှိသည်၏ အဖြစ်ဖြင့်လည်းကောင်း၊ ဗန္ဓနေ-ပဒ္ဓစသောဗန္ဓဋ္ဌ၊ အလင်္ကတီနံ-အလင်္ကာတို့၏၊ ယော သံသဂ္ဂေါ-အကြင်ရောနှောခြင်းသည်၊ အတ္ထိ-ရှိ၏၊ တံ-ထိုအလင်္ကာကို၊ မိဿန္တိ-မိဿဟူ၍၊ ပဝုစ္စတိ-ဆိုအပ်၏။

၃၃၂။ ပသတ္ထာ မုနိနော ပါဒ-နခရံသိမဟာနဒီ၊
အဟော ဂါဠှံ နိမုဂ္ဂေါပိ , သုခါယတေဝ တေ ဇနေ။

ပေးပိမ့်သည်သာ, ကြည်သဒ္ဓါလျက်, စေတနာလှလှ, ချစ်ခင်မှုနှင့်, အရှုအသာ, များမကြာပဲ, ရာဂီသန့်လွင်, မြူမတင်သည့်, ရွှေစင်ရည်ရဲ့, ရွှေလည်ရွဲကို ····ဆင်မြီးဆင်ပြန်ရလတ္တံ့။ (၀၀-၂၂၈။)

မြေကြီးကိုသာ တီစား၍ ကုန်လိမ့်မည်၊ မိုးကောင်းကင်သာ ပြို၍ ကျလိမ့်မည်၊ အကျွန်ုပ်၏သစ္စာမဏ္ဍိုင်ကား ယိမ်းယိုင်လိမ့်မည်မဟုတ်ပါ။

(၃၃) မိဿ

၃၃၁။ ။အလင်္ကာရ, ရောနှောက, မိဿအလင်္ကာ။
ပြီးစေတတ်-အပ်, အားတူလတ်, နှစ်ရပ်ခွဲလေပါ။

ဆိုခဲ့ပြီးသော အလင်္ကာတို့ကို ရောနှောခြင်းသည်ပင်လျှင် မိဿအလင်္ကာမည်၏။ [ဤနေရာ၌ သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရ နှစ်မျိုးလုံးကိုပင် ယူသင့်၏။]

ထိုမိဿအလင်္ကာသည်-

(က) ပြီးစေတတ်-ပြီးစေအပ်သည်၏အဖြစ်ဖြင့် ရောနှောသော- အင်္ဂီဘာဝ မိဿအလင်္ကာ,

(ခ) တူမျှသောအားရှိသည်၏ အဖြစ်ဖြင့် ရောနှောသော- သဒိသဗလဘာဝ မိဿအလင်္ကာ-ဟု နှစ်ပါးရှိ၏။ [မိဿနံ မိဿီဘဝနံ-မိဿံ။]

အင်္ဂီစသည် ကောက်ပုံ ပြီးစေတတ်သော သဘောသည် အင်္ဂီမည်၏၊ ပြီးစေအပ်သောသဘောသည် အင်္ဂီမည်၏၊ ပြီးစေတတ်,ပြီးစေအပ်သည်၏အဖြစ်ဖြင့် စပ်သောသမ္ဗန်သည် အင်္ဂီဘာဝမည်၏-ဟု ခွဲခြားမှတ်သားပါလေ။

(က) ပြန်ပုံစံ။ ။ ၃၃၂။ လွန်စွာသပ္ပာယ်, စောဘုန်းကြွယ်၏, အံ့ဖွယ်ထိုက်လှ, ခြေသည်းမှလျှင်, ထွက်ကြွရောင်ဝါ, မြစ်မဟာသည်, ဝင်ကာငုပ်ငြား, သူတော်များကို, နှစ်ပါးချမ်းသာ, ပေးနိုင်ပါသည် ····လွန်စွာအံ့ဖွယ်ကောင်းပေစွ။

http://www.dhammadownload.com

၃၃၂။ မုနိနော-မြတ်စွာဘုရား၏၊ ပသတ္ထာ-ချီးမွမ်းအပ်သော၊ ပါဒနခရံသိ မဟာနဒီ-ခြေသည်းတော်ရောင်တည်းဟူသော မြစ်ကြီးသည်၊ ဂါင်္ဂ-အလွန်အမင်း၊ နိမုဂ္ဂေပိ-ငုပ်သည်လည်းဖြစ်ကုန်သော၊ တေ ဇနေ-ထိုသူတော်ကောင်းတို့ကို၊ သုခါ ယတေဝ-ချမ်းသာစေသည်သာလျှင်တည်း၊ အဟော-ဩော်အံ့ဖွယ်ရှိပါပေစွတကား။

၃၃၃။ ဝေသော သဘာဝမခုရော , ရူပံ နေတ္တရသာယနံ၊
မရူဝ မုနိနော ဝါစာ , န သမ္မိဏ္ဍောတိ ကံ ဇနံ။

ရှင်း ဤ၌ ပါဒနခရံသိမဟာနဒီ-(ခြေသည်းမှလျှင်, ထွက်ကြွရောင်ဝါ, မြစ်မဟာသည်) သည် ရူပကအလက်ာတည်း၊ ပြီးစေတတ်သောကြောင့် အင်္ဂါမည်၏။

နိမုဂ္ဂေ-(ဝင်ကာငုပ်ငြား)သည် သမာဓိ(ဂုဏ်) သဒ္ဒအလက်ာမည်၏၊ ၄င်းသည် ပြီးစေအပ်သောကြောင့် အင်္ဂီမည်၏။ [ထိုအလက်ာနှစ်ခုတို့၏ ပြီးစေတတ်သည်၏အဖြစ်, ပြီးစေအပ်သည်၏အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် အင်္ဂံဘာဝမည်၏။]

ထိုသို့ ရူပကအလက်ာနှင့် သမာဓိအလက်ာတို့ ပြီးစေတတ်,ပြီးစေအပ်သည်၏ အဖြစ်ဖြင့် ရောနှောသောကြောင့် ဤအလက်ာသည် အင်္ဂံဘာဝမိဿအလက်ာမည်၏။

မြန်ပုံစံ။ ။လေးဖြာနွယ်ရိုး, ဘုန်းတော်ကိုးသည့်, ဘုန်းမိုးမြော်ခ, လူထိုမျှကို, သားလှ ဘုန်းဝေ, ဘုန်းမိုးစွေ၍, ဘုန်းရေချိုးသောက်စေဘိလော့။
(မဃ-၁၇ဖ။)

ဘုန်းမိုးမြော်ခ-စသော စကားသည် ဘုန်းကိုမိုး၌တင်စားသော သမာဓိဂုဏ်, ဘုန်းရေ ချိုးသောက်ခြင်း-ဟူသော သမာဓိဂုဏ်တို့ဖြင့် ကျေးဇူးပြုတတ်,ကျေးဇူးပြုအပ်သည်၏ အဖြစ်ဖြင့် ရောနှောသောကြောင့် အင်္ဂံဘာဝမိဿအလက်ာမည်၏။

(ခ) ပြန်ပုံစံ။ ။၃၃၃။ လောကနှစ်ပါး, ကျိုးစီးပွားကို, သိထားပိုမို, ရှင်စစ်ဗိုလ်၏, ပင်ကိုယ် သဘာဝ, ချိုမြိန်လှသည့်, ကြွရွထင်ပေါ်, သွင်ပြင်တော်နှင့်, ဖူးမြော်စုရုံး, သူအားလုံး၏, မျက်လုံးတွက်တာ, ရသာယန, သြသဓဟူ, ဆင်းလှရူပါ, ပျားသကာသို့, သာယာချိုငြား, မြတ်စကားဟု, ဤသုံးခုသည်, ကြည့်ရှု ဖူးမြင်, များလူရှင်ကို . . . . ကြည်လင်နှစ်သက်စေတော့သည်။

ရှင်း ဤ၌ သဘာဝမခုရော-(ပင်ကိုယ်သဘာဝ, ချိုမြိန်လှသည့်)သည် သမာဓိဂုဏ် မည်၏၊ နေတ္တရသာယနံ-(မျက်လုံးတွက်တာ, ရသာယန, သြသဓဟူ, ဆင်းလှ ရူပါ)သည် ရူပကအလက်ာမည်၏၊ မရူဝ-(ပျားသကာသို့)သည် ဥပမာအလက်ာမည်၏။

နှစ်သက်ခြင်းကြိယာကို ဖြစ်စေရာ၌ (အချင်းချင်းငဲ့ကွက်ခြင်းမှ ကင်းသောကြောင့်) တူမျှသောအား ရှိသည်၏အဖြစ်ဖြင့် အလက်ာသုံးမျိုးကို ရောနှောထားသောကြောင့် ဤအလက်ာသည် သဒိသဗလဘာဝမိဿအလက်ာမည်၏။

http://www.dhammadownload.com

၃၃၃။ မုနိနော–မြတ်စွာဘုရား၏၊ သဘာဝမဓုရော–သဘောအားဖြင့် ချိုမြိန်ကောင်းမြတ်သော၊ ဝေသော–အသွင်တော်သည်လည်းကောင်း၊ နေတ္တရသာယနံ–မျက်လုံးတို့၏ ရသာယနဆေးတည်းဟူသော၊ ရူပံစ–အဆင်းတော်သည်လည်းကောင်း၊ မဓုဝ–ပျားသကာကဲ့သို့သော၊ ဝါစာ–စကားတော်သည်လည်းကောင်း၊ ကံ ဇနံ–အဘယ်သူကို၊ န သမ္မိဏ္ဍေတိ–မနှစ်သက်စေနိုင်ဘဲ ရှိပါအံ့နည်း၊ (သမ္မိဏ္ဍေတိ ဧဝ–ဧကန်ပင်နှစ်သက်စေသည်သာ။)

၃၄။ အာသီ–အလင်္ကာ

၃၃၄။ အာသီ နာမ သိယာတ္ထဿ , ကွဋ္ဌဿာသီသနံ ယထာ၊
တိလောကေကဂတိ နာထော , ပါတု လောကမပါယတော။

မြန်ပုံစံ။ ။ကွဋ္ဌနိဋ္ဌာ, ခြောက်ဖြာအာရုံ, တွေ့ကြုံမရွေ့, ပျော်စလေ့သား, ထိုရွေ့သတ္တဝါ, များဗိုလ်ပါတို့, ဝိပါကဝဋ်, ကမ္မဝင့်နှင့်, မလွတ်နိုင်ကြ, ဤကိစ္စကြောင့်, လောဘသဟာယ, ကံဆန်းကြယ်တိုင်း, ကြီး–ငယ်–လုံး–ချွန်း, ဝိုင်းဝန်း–ရှည်–တို, ဖြူ–ညို–နီ–ရွှေ, အခြေယို–မဲ့, တွက်ဘွဲ့များစွာ, မရေသာအောင်, သညာဧကတ်, နာနတ်ကာယ, ထူးပြားစွနှင့်, လေးဝအောက်ခွင်, ဘုံတပြင်ဝယ်, အရှင်ယမမင်း, နိုင်ငံတွင်းက, စာရင်းမပျက်, ဝမကွက်ဘဲ, တက်သက်တုံ့ပယ်, ယက်ကန်ရှယ်သို့, သွယ်လှယ်မနား, ဘဝအားဖြင့်, မခြားစပ်လျက်, စဉ်ကာဆက်၍, ဝင်ထွက်လူးလာ, တချာချာလျင်, ပေါ်ကာငုပ်ဆင်း, ကျင်လည်ခြင်းဖြင့်, ပါယ်တွင်းလည်ကာ, ရှည်ကြာ–မငြိမ်းနိုင်သတတ်။ (မဃ–၁၃၁။)

(၃၄) အာသီ

၃၃၄။ ။လိုအပ်ကျိုးများ, တောင့်တငြား, မှတ်သားအာသီပါ။

အလိုရှိအပ်သော အကျိုးစီးပွားကို တောင့်တခြင်းသည် အာသီအလင်္ကာမည်၏။ [အာသီသနံ–အာသီ။]

မြန်ပုံစံ။ ။ဗြဟ္မာ–နတ်–လူ, သုံးဘုံသူ၏, အတူကင်းကွာ, ကိုးကွယ်ရာလျှင်, မှန်စွာဖြစ်ငြား, မြတ်ဘုရားသည်, သုံးပါးဘုံသူ, နတ်နတ်လူကို, ပြောထူဒုက္ခာ, ပါယ်လေးရွာမှ, ကွယ်ကာစောင့်ရှောက်ပါစေသော်။

ရှင်း။ ။စောင့်ရှောက်ပါစေ–ဟု တောင့်တသောကြောင့် အာသီအလင်္ကာမည်၏။

မြန်ပုံစံ။ ။ခန္ဓာပင်စည်, သက်တော်ရှည်၍, ရောင်ခြည်ရွှန်းရွှန်း, တန်းခိုးထွန်းလျက်, ရဟန်းရှင်လူ, ပြည်သူတို့အား, စီးပွားဆောင်ခြင်း, မင်း၏ဘွယ်ရာ, လက္ခဏာနှင့်, ညီညာကျင့်ပြီး, သင်မင်းကြီးနှိုက်, ကောင်းချီးမင်္ဂလာ, ချမ်းသာ

http://www.dhammadownload.com

၃၃၄။ ဣဋ္ဌဿ-အလိုရှိအပ်သော၊ အတ္ထဿ-အကျိုးကို၊ အာသီသနံ-တောင့်တခြင်းသည်၊ အာသီနာမ-အာသီအလင်္ကာမည်သည်၊ သိယာ-ဖြစ်၏၊ ဥဒါဟရဏံ-သည်၊ ယထာ-ကား၊ တိလောကေကတျာဒိ-တည်း၊ တိလောကေကဂတိ-ဗြဟ္မာနတ်လူ, သုံးဘုံသူတို့၏ အတူမရှိသော ကိုးကွယ်ရာဖြစ်တော်မူသော၊ နာထော-မြတ်စွာဘုရားသည်၊ လောကံ-သတ္တလောကကို၊ အပါယတော-အပါယ်ဘေးမှ၊ ပါတု-စောင့်ရှောက်တော်မူပါစေသတည်း။

၃၅။ ရသီ-အလင်္ကာ

၃၃၅။ ရသပ္ပတီတိ ဇနကံ , ဇာယတေ ယံ ဝိဘူသနံ၊
ရသဝန္တန္တိ တံ ဥေယျံ , ရသဝန္တဝိဓာနတော၊

၃၃၅။ ယံဝိဘူသနံ-အကြင်အလင်္ကာသည်၊ ရသပ္ပတီတိ ဇနကံ-(ရသကိုးပါးတို့တွင် တစ်ပါးပါးသော)ရသကို သိစေခြင်းကို ဖြစ်စေတတ်သည်ဖြစ်၍၊ ဇာယတေ-ဖြစ်၏၊ တံ-ထိုအလင်္ကာကို၊ ရသဝန္တဝိဓာနတော-ရသရှိသည်၏အဖြစ်ကို စီရင်တတ်(ပြတတ်)သောကြောင့်၊ ရသဝန္တန္တိ-ရသီအလင်္ကာဟူ၍၊ ဥေယျံ-သိအပ်၏။

၃၃၆။ ရာဂါနတဗ္ဘူတသရောဇမုခံ ဓရာယ,
ပါဒါ တိလောကဂရုနောဓိကဗန္ဓရာဂါ၊
အာဒါယ နိစ္စသရသေန ကရေန ဂါဠ္ဠံ,
သဥ္ဇူမ္ဗယန္တိ သတတာဟိတသမ္ဘမေန။

ပြန့်ပြော, တည်စေသော-ဟု, သဘောနှစ်သက်, စိတ်ထက်လှုလှု, မေတ္တာပြုသည်····ယခုဝမ်းမြောက်ဝမ်းသာတည်း။ (ဘူ-၃၁၀။)

(၃၅) ရသီ

၃၃၅။ ။ရသကိုးပါး, တစ်ပါးပါး, ပါငြားရသီသာ။

ပြဆိုလတ္တံ့သော သိင်္ဂါရ-စသည့် ရသကိုးပါးတို့တွင် တစ်ပါးပါးနှင့် ပြည့်စုံသော အလင်္ကာသည် ရသီအလင်္ကာမည်၏၊ ထိုရသတို့၏သဘောသည် ပဥ္စမပိုင်း၌ ထင်ရှားလတ္တံ့။

ပြန်ပုံစံ။ ။ **၃၃၆**။ဗြဟ္မာ-နတ်-လူ, သုံးဘုံသူ၏, တစ်ဆူဆရာ, ဖြစ်လေပါသား, မြတ်ဘုရား၏, ထူးခြားဖွဲ့အပ်, အလွန်တပ်သည့်, နှစ်ရပ်ခြေလျှင်, ယောက်ျားလင်သည်, မြေပြင်တည်းဟူ, ချစ်ရည်တူသည့်, အိမ်သူသက်ဝေ, ငယ်ကျွမ်းဆွေ၏, ပွားလေတပ်မက်, ဖြစ်သည်ချက်ကြောင့်, ကိုယ့်ဘက်ညွတ်လာ, အံ့ဖွယ်ရာတည့်၊ လွန်စွာပြုံးချို, မူရာပိုသည့်, ကြာလိုရွှင်ပျ, မျက်နှာလှကို, နိစ္စတပ်မက်, ရောင်တော်လက်ဖြင့်, ပွေ့ဖက်ကိုင်ကာ, လေးမြတ်စွာသည်····ခါခါနမ်းစုပ်လေသတည်း။

http://www.dhammadownload.com

၃၃၆။ တိလောကေကဂရုနော–ဗြဟ္မာနတ်လူ, သုံးဘုံသူတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏၊ အဓိကဗန္ဓရာဂါ–အလွန်ဖွဲ့အပ်သော တပ်ခြင်းရှိကုန်သော၊ ပါဒါ–ခြေတော်တည်းဟူသော ယောက်ျားတို့သည်၊ ဓရာယ–မြေကြီးတည်းဟူသော မိန်းမ၏၊ ရာဂါနတဗ္ဗုတသရောဇမုခံ–တပ်ခြင်းကြောင့်ညွတ်သော အံ့ဩဖွယ်ကောင်းသည့် ကြာနှင့်တူသော မျက်နှာကို၊ နိစ္စသရသေန–အမြဲတပ်ခြင်းရှိသော၊ ကရေန–အရောင်တော်တည်းဟူသော လက်ဖြင့်၊ ဂါဠှံ–ခိုင်မြဲစွာ၊ အာဒါယ–ကိုင်၍၊ သတတာဟိတသမ္ဘမေန–အမြဲမပြတ်, ပြုအပ်သော လေးမြတ်ခြင်းဖြင့်၊ သဥ္ဇုမ္ဗယန္တိ–ကောင်းစွာမသွေ, နမ်းစုပ်ကြလေကုန်၏။

ရှင်း ဤ၌ ခြေတော်ကို ယောက်ျား, မြေကြီးကို မိန်းမ, ခြေတော်ကိုခံရန် ပေါ်ထွက်လာသော ပဒုမာကြာကို မျက်နှာ, ရောင်ခြည်တော်ဟပ်ခြင်းကို လက်ဖြင့်ပွေ့ဟန်, နင်းတော်မူခြင်းကို နန်းစုပ်ဟန်ပြု၍ သမ္ဘောဂသိင်္ဂါရရသာဘာသ–နှင့် ပြည့်စုံအောင် ဖွဲ့ဆိုထားသောကြောင့် ရသီအလင်္ကာမည်လေသည်။

သိင်္ဂါရရသာဘာသ ယောက်ျားမိန်းမတို့၏ ချစ်ကြိုက်ခြင်းသည် "ကာမ"သိင်္ဂါရရသအစစ်မည်၏၊ ယောက်ျားမိန်းမတို့ ချစ်ကြိုက်ခြင်းကဲ့သို့ အတုပြုလုပ်၍ဆိုအပ်သော အဝိညာဏကဝတ္ထုတို့၏ ချစ်ကြိုက်ခြင်းသည် ကာမသိင်္ဂါရရသာဘာသမည်၏။ [သိင်္ဂါရရသအတုအယောင်–ဟု ဆိုလိုသည်။]

ဘာဝါလင်္ကာရ ထုတ်ပြချက် သိင်္ဂါရရသသည် (၁) အာယောဂ, (၂) ဝိပ္ပယောဂ, (၃) သမ္ဘောဂ–ဟု ၃–မျိုးရှိ၏–ဟု ပဥ္စမပိုင်း၌ ဆိုထားသော်လည်း အာယောဂနှင့် ဝိပ္ပယောဂသည် ဝိပ္ပလမ္ဘသာ ဖြစ်၏၊ ထို့ကြောင့် ဝိပ္ပလမ္ဘသိင်္ဂါရ, သမ္ဘောဂသိင်္ဂါရအားဖြင့် နှစ်ပါးသာ ဖြစ်၏၊ ထိုနှစ်ပါးတို့တွင် ဝိပ္ပလမ္ဘသာ မယုတ်လျော့သော ချီးမွမ်းခြင်း၏တည်ရာဖြစ်သောကြောင့် နှစ်သက်ဖွယ်ကောင်း၏ သမ္ဘောဂမူထိုကဲ့သို့ သဘော မရှိချေ၊ ထို့ကြောင့် သမ္ဘောဂါဘာသသည်လည်း နှစ်သက်ဖွယ်မှ ယုတ်လျော့သည်သာ၊ ထိုသို့ပင်ဖြစ်သော်လည်း ပေါင်းဖော်ယှဉ်စပ်ရခြင်းရှိသော ချီးမွမ်းဖွင့်ဆိုရခြင်းသည်လည်း သင့်လျော်သည်သာ ဖြစ်၏၊ ထို့ကြောင့် ဤနေရာ၌ ဖြစ်သင့်သော သမ္ဘောဂသိင်္ဂါရရသာဘာသကို ဤသို့ မှတ်အပ်၏။

(က) ဤ၌ ရာဂါနတ, အဓိကဗန္ဓရာဂါ–ဟူသောပါဌ်၌ တပ်ခြင်းကိုဟောသော ရာဂသဒ္ဒါဖြင့် ရတိဌာယီဘာဝါဘာသကို ပြ၏။

(ခ) မိန်းမအရာ၌ထားသော မြေကြီးကိုဟောသော ဓရာသဒ္ဒါ, ယောက်ျားအရာ၌ ထားအပ်သော ခြေကိုဟောသော ပါဒသဒ္ဒါတို့ဖြင့် (မုချအကြောင်းဖြစ်သော) အာရမဏဝိဘာဝါဘာသကို ပြ၏။

http://www.dhammadownload.com

အတ္ထာလင်္ကာရ-နိဂုံး

၃၃၇။ ဣစ္စာနုဂမ္မ ပုရိမာစရိယာနုဘာဝံ,
သခ်ေပတော နိဂဒိတောယမလင်္ကတိနံ၊
ဘေဒေါပရူပရိ ကဝိဟိ ဝိကပ္ပိယာနံ,
ကော နာမ ပဿိတုမလံ ခလု တာသမန္တံ။

ဣတိ သံဃရက္ခိတမဟာသာမိဝရစိတေ သုဗောဓာလင်္ကာရေ
အတ္ထာလင်္ကာရာဝဗောဓော နာမ စတုတ္ထော ပရိစ္ဆေဒေါ။

(ဂ) အံ့သြဖွယ်ကောင်းသော ကြာကိုဟောသော အဗ္ဘုတသရောဇ-ဟူသောသဒ္ဒါဖြင့် (မွေ့လျော်ဖွယ်သော အရပ်ဒေသ-စသော အခြံအရံဖြစ်သော အကြောင်းဟု ဆိုအပ်သော) ဥဒ္ဒီပနဝိဘာဝါဘာသကို ဆ၍သိအပ်၏။

(ဃ) အမြဲပြည့်စုံခြင်းရှိသောလက်ဖြင့် မြစွာကိုင်ခြင်း-တည်းဟူသော အနက်ကို ဟောသော နိစ္စသရသေန ဂါဠ်-ဟူသောပါဠ်ဖြင့် (ကြည်လင်ခြင်း-ဟု ဆိုအပ်သော) ဗျာဘိစာရီဘာဝါဘာသကို ပြ၏၊ အမြဲပြုအပ်သော လေးမြတ်ခြင်း-ဟူသောအနက်ကိုဟောသော သတတာဟိတသမ္ဘမေန-ဟူသောပါဠ်ဖြင့် (ဥဿုက-စသော)ဗျာဘိစာရီဘာဝါဘာသကို ပြ၏။

(င) ဗျာဘိစာရီဘာဝါဘာသကို ပြတတ်ကုန်သော ပညာရှိတို့၏စကားသည် အနုဘာဝါဘာသမည်၏။

(စ) ဤသို့ အဖွဲ့၌ ထင်ရှားသော ဌာယီဘာဝ, ဗျာဘိစာရီဘာဝ, အနုဘာဝတို့ဖြင့် အနက်ကိုသိမြင်သော ပညာရှိတို့၏သန္တာန်၌ဖြစ်သော နှစ်သက်သောအရိပ်အရောင်-ဟု ဆိုအပ်သော ရသာဘာသသည် ရှိ၏၊ ထိုရသာဘာသကို ဤနေရာ၌ သမ္ဘောဂရသာဘာသ-ဟု ဆိုအပ်၏။ [ဋီ-သစ် မှီ။]

[ဤပြဆိုခဲ့ပြီးသော ဋီကာသစ်စကားကိုထောက်၍ ကြွင်းသော သောကဌာယီဘာဝါဘာသ-စသည်တို့လည်း ရှိကုန်သေး၏-ဟု နယဂ္ဂါဟအားဖြင့် မှတ်သားရာ၏။]

အတ္ထာလင်္ကာရ-နိဂုံး

၃၃၇။ ဤသို့ ဆိုခဲ့ပြီးသောနည်းဖြင့် အကျွန်ုပ်သည် ရှေးအလင်္ကာကျမ်းပေါင်းများစွာတို့ကို မှီငြမ်းအားထားပြု၍ (ဝန်ခံထားသည့်အတိုင်း) အလင်္ကာတို့၏အပြားကို အကျဉ်းအားဖြင့် ပြဆိုခဲ့ပေပြီ၊ ရှည်ဝေးသောကာလမှ ယနေ့ကျအောင် ပညာရှိအဆက်ဆက်တို့ ပြုစီရင်ထားသော အလင်္ကာတို့သည် အလွန်များပြားလှကုန်၏၊ (သမုဒ္ဒရာပမာ လွန်စွာကျယ်ဝန်းလှချေ၏၊) ထိုအလင်္ကာတို့၏ အဆုံးကို အဘယ်သူသည် မြင်စွမ်းနိုင်ပါမည်နည်း ?။

http://www.dhammadownload.com

၃၃၇။ ကွတိ–ဤဆိုခဲ့ပြီးသောနည်းဖြင့်၊ ပုရိမာစရိယာနုဘာဝံ–ရှေးဆရာတို့၏ (အလင်္ကာကျမ်းတည်းဟူသော) အစွမ်းသတ္တိကို၊ အနုဂမ္မ–အမှီသဟဲပြု၍၊ အလင်္ကာရီနံ–အလင်္ကာတို့၏၊ အယံဘေဒေါ–ဤအပြားကို၊ သခေ်ပတော–အကျဉ်းအားဖြင့်၊ မယာ–ငါသည်၊ နိဂဒိတော–ဆိုအပ်ခဲ့ပြီ၊ ဥပရူပရိ–အဆင့်ဆင့်၊ ဝါ–ရှည်ဝေးသော ကာလမှ ယနေ့ကျအောင်၊ ကဝိဟိ–ပညာရှိတို့သည်၊ ဝိကပ္ပိယာနံ–အသီးသီးပြုစီရင်အပ်ကုန်သော၊ တာသံ–ထိုအလင်္ကာတို့၏၊ အန္တံ–အဆုံးကို၊ ပဿိတုံ–မြင်ခြင်းငှာ၊ ခလု–စင်စစ်၊ ကောနာမ–အဘယ်မည်သောသူသည်၊ အလံ–စွမ်းနိုင်ပါမည်နည်း။

အတ္ထာလင်္ကာရာဝဇောဓောနာမ–အတ္ထာလင်္ကာရတို့ကို ထိုးထွင်းသိမြင်ရာသိမြင်ကြောင်းဖြစ်သောကြောင့် အတ္ထာလင်္ကာရာဝဇောဓမည်သော . . . . ။

ဤအလင်္ကာကျမ်း–တည်းဟူသော မဏိမေခလာနတ်သမီးသာ မကယ်ဆယ်ပါက ထိုအဆုံးအပိုင်းအခြားမရှိသော အလင်္ကာပြင်ကျယ် ရေပင်လယ်ကို သောတုဇနအပေါင်း–တည်းဟူသော အဘယ်ဇနကမင်းသားသည် ဆုံးခန်းတိုင်ရောက် ကူးမြောက်နိုင်ပါမည်နည်း၊ ဇကန်ပင် ကူးမြောက်နိုင်ဖွယ် မရှိတော့ပြီ၊ အဆုံးသို့မရောက်မီပင် တမလွန်လောကကို တန်ဆာဆင်ရပေလိမ့်မည်–ဟူလို။

လေ့ကျင့်ခန်းမေးခွန်း

၁။ သဘာဝတ္ထိအလင်္ကာပုံစံကို အလင်္ကာရီယ, အလင်္ကာ ခွဲပြပါ ?။

၂။ လောကာတိက္ကန္တာတိသယဝုတ္တိအလင်္ကာပုံစံကို ထုတ်၍, လောကာတိက္ကန္တ, အတိသယဝုတ္တိ, ဝက်ဝုတ္တိမည်ပုံကို ရှင်းပြပါ ?။

၃။ ၄င်းပုံစံကိုပင် အလင်္ကာရီယ, အလင်္ကာ ခွဲပြပါ ?။

၄။ အဘယ်အရာများကို အဘယ်နည်းဖြင့် ဥပမာခေါ်နိုင်ကြောင်း သိသာထင်ရှားအောင်ပြပါ ?။

၅။ ဥပမာအလင်္ကာ၌ ရသင့်သော ၆–ပါးကို အဓိပ္ပာယ်နှင့်တကွ ပြပါ ?။

၆။ သမာသသဒ္ဒဂမ္မောပမာ၌ ဥပမာဒိဆက္ကခွဲဝေပြပါ ?။

၇။ သမာသသဒ္ဒဂမ္မောပမာ၌ "ပစ္စယသဒ္ဒါ"ဟု အဘယ်ကို ခေါ်ပါသနည်း ?။

၈။ သဓမ္မ, သဓမ္မတ္တ–အရတို့ကို ကောက်ပြပါ ?။

၉။ ဟီနဓမ္မောပမာ၌ အဘယ်ပုံ သဓမ္မကို သိနိုင်ပါသနည်း၊ ရှင်းလင်းပြပါ ?။

http://www.dhammadownload.com

၁၀။ ဝိပရိတောပမာပုံစံကိုလည်း ဂုဏ်ပုဒ်မပါသောကြောင့် "ဓမ္မဟိနာ"ဟု ခေါ်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် "ဝိပရိတောပမာ"ဟုသာ ဆိုရပါသနည်း ?။

၁၁။ သိလေသောပမာနှင့် သန္တာနောပမာတို့၏ ထူးခြားပုံကို ပြပါ ?။

၁၂။ နိန္နောပမာပုံစံကိုလည်းဂုဏ်ပုဒ်မပါသောကြောင့် "ဓမ္မဟိနာ"ဟု ဆိုသင့်ပါလျက် အဘယ့်ကြောင့် "နိန္နောပမာ"ဟုသာ ဆိုရပါသနည်း ?။

၁၃။ ဥပမာန,ဥပမေယျတို့၏ သဘောလက္ခဏာကို ပြပါ ?။

၁၄။ ဟီနောပမာပင်ဖြစ်သော်လည်း အပြစ်မသင့်-ဆိုကောင်းသောအရာမျိုးရှိက ရှာဖွေထုတ်ပြပါ ?။

၁၅။ ဘိန္နလိင်္ဂါပမာဖြင့် ဆိုသင့်သောအရာ, မဆိုသင့်သောအရာတို့ကို ပိုင်းခြားသတ်မှတ်ပြပါ ?။

၁၆။ ဥပမာနှင့်ရူပကတို့၏ ထူးခြားပုံကို ပြပါ ?။

၁၇။ ရူပက, လောကာတိက္ကန္တ ရူပကာတိသယတို့၏ အထူးကို ပြပါ ?။

၁၈။ **သီတပုဖုန္နလဲ**-စသော ယုတ္တရူပကပုံစံကို ရူပက ဖ-ပါးတို့တွင် သင့်လျော်ရာရူပကဋ္ဌ ထည့်သွင်းပြပါ ?။

၁၉။ အနာဒရက္ခေပကို ဤကျမ်းဋ္ဌ မပြဆိုရခြင်းအကြောင်းကို ပုံစံထုတ်လျက် ရှင်းပြခဲ့ပါ ?။

၂၀။ ပတိဝတ္ထုပမာနှင့် အတ္ထန္တ ရန္ဓာသအလင်္ကာတို့၏ ထူးခြားပုံကို ပြပါ ?။

၂၁။ သမုဒ္ဒရာနှင့် မြတ်စွာဘုရားတို့ မဟာသတ္တ, အတိဂမ္ဘီရမည်ပုံ ထူးခြားဟန်ကိုပြပါ ?။

၂၂။ ကာရဏန္တ ရဝိဘာဝနာနှင့် သာဘာဝိကတ္တဝိဘာဝနာတို့၏ ထူးခြားဟန်ကိုပြပါ ?။

၂၃။ ဟိတ်ဖြစ်တိုင်း ဟေတုအလင်္ကာခေါ်ရ,မခေါ်ရ ရှင်းလင်းပြပါ ?။

၂၄။ ဥဒ္ဒေသ,အနုဒ္ဒေသတို့၏ အဓိပ္ပာယ်ကိုရေး၍ အဘယ်ဒေါသကို လွန်မြောက်မှ ကမအလင်္ကာဖြစ်နိုင်ကြောင်း ရှင်းပြပါ ?။

၂၅။ အလင်္ကာများစွာ ရောနှောရာ၌ ယူရပုံစည်းကမ်းကို ပြပါ ?။

၂၆။ ဥပမာအလင်္ကာနှင့် သမာသဝုတ္တိအလင်္ကာတို့၏ ထူးခြားပုံကို ပြပါ ?။

၂၇။ စောင်းပါးရိပ်ခြည်ပြောဆိုခြင်းမျိုးကို "အဘယ်အလင်္ကာ"ဟု ဆိုသင့်ပါသနည်း ?။

၂၈။ **သွေပိ ဥပသင်္ကမေယျာမ**-စသည့် သတ္တမီဝိဘတ်အဆုံးရှိသော ပုဒ်တို့ကို ပရိကပ္ပနာအလင်္ကာ ခေါ်သင့်,မခေါ်သင့် ဆုံးဖြတ်ခဲ့ပါ ?။

၂၉။ ကဲ့ရဲ့ယောင်ပြု၍ ချီးမွမ်းခြင်းကို "ဗျာဇဝဏ္ဏနအလင်္ကာ"ဟု ဆိုက ချီးမွမ်းယောင်ပြု၍ ကဲ့ရဲ့ခြင်းကို "အဘယ်အလင်္ကာ"ဟု ဆိုပါမည်နည်း ?။

၃၀။ **ငါဟဲ့ယောက်ျား, မတစ်ထောင် တစ်ကောင်ဖွား**-စသောစကားမျိုးသည် အဘယ်အလင်္ကာ ဖြစ်ပါသနည်း ?။

၃၁။ သိလေသသဒ္ဒါလင်္ကာရနှင့် သိလေသအတ္ထာလင်္ကာရတို့ ထူးခြားပုံကို ပြပါ ?။

http://www.dhammadownload.com

၃၂။ အဘယ်ကိုသော "တုလျယောဂိတာ"ဟု မုချခေါ်သင့်ကြောင်း, ဒြပ်နှင့်အဖွဲ့တို့ကိုမူ မည့်သည့်နည်းအားဖြင့် တုလျယောဂိတာ ခေါ်သင့်ကြောင်း သေချာကျန ရှင်းပြပါ ?။

၃၃။ **အသီးတွင်သရက်, အရွက်တွင်လက်ဖက်, အသားတွင်ဝက်**–စသော စကားမျိုးသည် မည်သည့်အလင်္ကာ ဖြစ်ပါသနည်း ?။

၃၄။ သဘာဝဝုတ္တိ, အတိသယဝုတ္တိ, မဟန္တတ္တအလင်္ကာ ၃–မျိုးတို့၏ ထူးခြားပုံကို ပြပါ ?။

၃၅။ ဧကာဝဠိအလင်္ကာ၌ ဝိသေသန,ဝိသေသျဃူပုံကို ရှင်းလင်းပြပါ ?။

၃၆။ ရှေ့ရှေ့ပုဒ်ကို အစွဲပြု၍ နောက်နောက်ပုဒ်ကို ဝိသေသနအဖြစ်ဖြင့် ထားခြင်း–ပယ်ခြင်းနှစ်မျိုးကို ဧကာဝဠိဆိုက ရှေ့ရှေ့ပုဒ်ကိုစွဲ၍ နောက်နောက်ပုဒ်ကို ကြိယာ၏ အဖြစ်ဖြင့် ထားခြင်း–ပယ်ခြင်းတို့ကို အဘယ်အလင်္ကာ–ဟု ခေါ်မည်နည်း ?။

၃၇။ အညမညဝိဘူသနအလင်္ကာ၌ အဘယ်ကို အညမညခေါ်ကြောင်း ပြခဲ့ပါ ?။

၃၈။ ပုဒ်နက်–ခေါ်သော ပဒတ္ထတို့သာ အတူတကွ ဖြစ်ကြပါလျက် အဘယ့်ကြောင့် **ကထံ သဟဘာဝဿ , ကြိယာယစ ဂုဏဿစ**–ဟု ဆိုရပါသနည်း ?။

၃၉။ ဘာဝအလင်္ကာ၌ အဘယ်ကို အဘယ်ပုံ ဘာဝခေါ်ရကြောင်း သိသာရုံမျှ ပြပါ ?။

၄၀။ ပညာမရှိသောသူတို့၏ အလိုကို ထင်စွာပြက "ဘာဝအလင်္ကာ"ဟု ခေါ်ထိုက်, မခေါ်ထိုက် မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ခဲ့ပါ ?။

၄၁။ အင်္ဂ်,အင်္ဂီ,အင်္ဂီ ဘာဝတို့၏အရကို ကောက်ပြပါ ?။

၄၂။ သဒ္ဒါလင်္ကာရနှင့် အတ္ထာလင်္ကာရတို့ ရောနှောက မိဿအလင်္ကာခေါ်သင့်,မခေါ်သင့် သဓကပြ ဆုံးဖြတ်ချက်ချခဲ့ပါ ?။

၄၃။ သိင်္ဂါရရသနှင့် သိင်္ဂါရရသာဘာသတို့၏ အဓိပ္ပာယ်ကို ပြပါ ?။

အတ္ထာလင်္ကာရဝဂ္ဂေါ–စတုတ္ထပိုင်း
ပြီး၏။

http://www.dhammadownload.com

၅။ ရသဘာဝါဝဗောဓ-ပဋ္ဌမပိုင်း

လူကြိုက်များအောင်ရေးနည်း

၃၃၈။ ပဋိဘာဝနတာ လောက-ဝေါဟာရမနုသာရိနာ၊
တတောစိတျသမုလ္လာသ-ဝေဒိနာ ကဝိနာ ပရံ။

၃၃၉။ ဌာယိသမ္ဘန္ဓိနော ဘာဝ-ဝိဘာဝါ သာနုဘာဝကာ၊
သမ္ဗန္ဓန္တိ နိဗန္ဓာ တေ , ရသဿာဒါယ သာဓုနံ။

၅။ ရသဘာဝါဝဗောဓ-ပဋ္ဌမပိုင်း

လူကြိုက်များအောင် ရေးနည်း

၃၃၈-၉။ ။ဌာနလျော်စွာ, သိပညာနှင့်, ဝေါဟာရများ, နားလည်ထား၍, ထင်ရှားယုတ္တိ, ရှိ-မရှိကို, သိဘိကောင်းစွာ, ပညာတို့, ဘာဝ-ဝိဘာဝ, နုဘာဝဖြင့်, ပြည့်ဝစုံလင်, တန်ဆာဆင်ပြ, ဖွဲ့ဗန္ဓသည်....ရွကြသူတို့ သာယာဖို့။

စာရေးလိုသောသူသည်–

(က) ထိုထိုအရာအားလျော်စွာ သိမြင်တတ်သော ပဋိဘာန်ဉာဏ်ရှိခြင်း,

(ခ) ကာလ-ဒေသအားလျော်စွာ ဖြစ်သော လောကဝေါဟာရ အသုံးအနှုံးကို နားလည်ခြင်း,

(ဂ) အသင့်ယုတ္တိ ရှိ-မရှိကို စိစစ်သိမြင်နိုင်ခြင်း–ဟူသော အင်္ဂါသုံးပါးနှင့် ရှေးဦးစွာ ပြည့်စုံစေရမည်။

ထို့နောက် မိမိဖွဲ့လိုသောကဗျာကို (၁) ဘာဝ, (၂) ဝိဘာဝ, (၃) အနုဘာဝတို့ဖြင့် ပြည့်ဝစုံလင်အောင် တန်ဆာဆင်ယင်၍ ဖွဲ့ရမည်၊ ထိုသို့ဖွဲ့ဆိုမှသာ ရသပေါ်ထွက်၍ ကြည့်ရှုသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေနိုင်ပေလိမ့်မည်။

ထိုတွင်–

၁။ ဇာတ်ကောင်တို့၏ စိတ်ဖြစ်ပုံအထူးသည် ဘာဝမည်၏။

၂။ ထိုဘာဝ၏မူချအကြောင်း, အခြေအရံအကြောင်းသည် ဝိဘာဝမည်၏။

၃။ ထိုဘာဝကြောင့်ဖြစ်သော ကိုယ်အမူအရာ-စသည်တို့သည် အနုဘာဝတို့မည်၏၊ ထိုသို့ အကြောင်းအကျိုးကို စုံလင်အောင် ထည့်သွင်းဖွဲ့ဆိုရမည်–ဟု ဆိုလိုသည်။

ဘာဝသည်–

(က) ဌာယီဘာဝ,

(ခ) ဗျဘိစာရီဘာဝ,

(ဂ) သာတ္တိကာဘာဝ(ကေဝလဘာဝ)ဟု သုံးမျိုးပြား၏။

http://www.dhammadownload.com

၃၃၈-၉။ ပဋိဘာနဝတာ-ထိုထိုအရာအားလျော်စွာ သိမြင်တတ်သော ပညာရှိသော၊ လောကဝေါဟာရမနုသာရိနာ-လောကဝေါဟာရသို့ အစဉ်လိုက်လေ့ရှိသော၊ (ယတော-အကြောင်ကြောင့်၊ သြစိတျနာမ-အသင့်ယုတ္တိမည်သည်သည်၊ ဝါ-ကို၊ ဗန္ဓတော-အဖွဲ့မှ၊ ဝိယောဇနီယံ-ကင်းစေအပ်သည်၊ နဟောတိ-မဖြစ်၊) တတော-ထိုသို့ အဖွဲ့မှ အသင့်ယုတ္တိကို မကင်းစေအပ်သည်၏ အဖြစ်ကြောင့်၊ ပရံ-လွန်စွာ၊ သြစိတျသမုလ္လာသဝေဒိနာ-အသင့်ယုတ္တိဖြင့် ဆိုလိုသောအနက်၏ ထွန်းလင်းတောက်ပခြင်းကိုသိသော၊ ကဝိနာ-ကဗျာတတ်သိ, ပညာရှိသည်၊ နိဗန္ဓာ-ဖွဲ့ဆိုအပ်ကုန်သော၊ ဌာယိသမ္မန္ဓိနော-ဌာယီပုဒ်နှင့်စပ်ခြင်းရှိကုန်သော၊ ဝါ-ဌာယီပုဒ်သည်ဟောအပ်သော ရတိစသောအနက်နှင့် စပ်ခြင်းရှိကုန်သော၊ သာနုဘာဝကာ-အနုဘာဝနှင့်တကွဖြစ်ကုန်သော၊ တေ ဘာဝဝိဘာဝါ-ထိုဘာဝ, ဝိဘာဝတို့သည်၊ သာမူနံ-သူတော်ကောင်းတို့၏၊ ရသဿာဒါယ-အဖွဲ့ဗန္ဓ၏ အရသာကို သာယာခံစားခြင်းငှာ၊ သမ္ဘဇန္တိ-ကောင်းစွာမသွေ, ဖြစ်ကြလေကုန်၏။

ဝိဘာဝသည်လည်း-

(က) အာရမဏဝိဘာဝ,

(ခ) ဥဒ္ဒိပနဝိဘာဝ-ဟု နှစ်မျိုးပြား၏။

အနုဘာဝကား အပြားမရှိ၊ နောက်၌ အကျယ်ပြလတ္တံ့။

ရသပေါ်ထွက်အောင်ရေးလိုက ထို ၆-မျိုးလုံးကိုဖြစ်စေ, တစ်စိတ်တစ်ဒေသကိုဖြစ်စေ သင့်လျော်သလို ထည့်သွင်းရေးသားရမည်။

ရှေးဆရာများ ရေးသားထားသော ကဗျာများ၌လည်း ထို ၆-မျိုးတို့ ထိုက်သည်အားလျော်စွာ ပါဝင်တတ်၏၊ သို့ရာတွင် ၆-မျိုးလုံး အပြည့်အစုံပါရှိသော ရသီအလင်္ကာမျိုးကား ရှားပါးလှ၏၊ အပြည့်အစုံပင် မပါရှိသော်လည်းဘာဝါလင်္ကာရထုတ်ရာ၌ သာမတ္ထိယနည်းအားဖြင့် အသင့်ယုတ္တိအားလျော်စွာ ထုတ်ဆောင်ရမည်၊ ထိုစကားရပ်များကို ထောက်ဆ၍ ရသီအလင်္ကာမြောက်မှ ဘာဝါလင်္ကာရထုတ်နိုင်သည်၊ ရသီအလင်္ကာမမြောက်က ဘာဝါလင်္ကာရမထုတ်နိုင်-ဟု မှတ်သားသင့်၏။

ဆောင်။ ။စိတ်၏ဖြစ်ခြင်း, ထူးအခြင်းကို, ဘာဝဆိုလော့၊ ထို၏မူလာ, အကြောင်းမှာမူ, အာရမဏာ, ကြောင်းဖျားကမူ, ဥဒ္ဒိဟ္၍, နှစ်ဆူဝိဘာဝ, ကောက်ယူကြလော့၊ ဘာဝသိမှ, အကျိုးစုမှာ, နုဘာဝါသည် . . . . ဘာဝါလင်္ကာရထုတ်နည်းတည်း။
[၄င်းကို သက်ဆိုင်ရာ၌ သွင်း၍ ဖွင့်ပြသွားမည်။]

http://www.dhammadownload.com

၁။ ဘာဝ

၃၄၀။ စိတ္တဝုတ္တိဝိသေသာ တု , ဘာဝယန္တိ ရသေ ယတော၊
ရတျာဒယော တတော ဘာဝ , သဒ္ဒေန ပရိကိတ္တိတာ။

၃၄၀။ တု–အထူးကား၊ စိတ္တဝုတ္တိဝိသေသာ–စိတ်ဖြစ်ခြင်း၏ အထူးဖြစ်ကုန်သော၊ ရတျာဒယော–ရတိစသောဌာယီဘာဝ, (နိဗ္ဗေဒစသော)ဗျဘိစာရိဘာဝ, (ထမ္ဘစသော) သာတ္တိကာဘာဝတို့သည်၊ ယတော–အကြင်ကြောင့်၊ ရသေ–သိဂ်ါရစသောရသတို့ကို၊ ဘာဝယန္တိ–ဖြစ်စေကုန်၏၊ တတော–ထို့ကြောင့်၊ ဘာဝသဒ္ဒေန–ဘာဝသဒ္ဒါဖြင့်၊ ပရိကိတ္တိတာ–ကြားအပ်ကုန်၏၊ ဝါ–ပြောဆိုအပ်ကုန်၏။

တစ်နည်း= ရသေ–ရသအရာ၌၊ (ပဏ္ဍိတာနံ–ပညာရှိတို့၏၊ စိတ္တံ–စိတ်ကို၊) ဘာဝယန္တိ–ပျံ့နှံ့စေကုန်၏၊ တတော၊ . . . ။

တစ်နည်း= ရသေ–ရသအရာ၌၊ (ကဝိနော–ပညာရှိ၏၊ လောကဋ္ဌိတိဉာဏလက္ခဏံ–လောက၌တည်သော ဉာဏ်၏သဘောလက္ခဏာကို၊) ဘာဝယန္တိ–ပြီးစေတတ်ကုန်၏၊ တတော၊ . . . ။

(က) ဌာယီဘာဝ

၃၄၁။ ဝိရောဓိနာညဘာဝေန , ယော ဘာဝေါ န တိရောဟိတော၊
သီလေန တိဋ္ဌတိစ္စေသော , ဌာယီဘာဝေါတိ သဒ္ဒိတော။

---

(၁) ဘာဝ

၃၄၀။ ။စိတ်၏ဖြစ်ခြင်း, ထူးအခြင်းကို, ဘာဝဆိုလော့။

သိဂ်ါရ–စသော ရသတို့ကို ထင်စွာပြတတ်(ရသအရာ၌ ပညာရှိတို့၏ စိတ်နှလုံးကို ပျံ့နှံ့စေတတ်, ရသအရာ၌ ပညာရှိတို့၏ဉာဏ်ကို ပြီးစေတတ်)သောကြောင့် ရမဏ–ဟသန–စသော အခြင်းအရာအားဖြင့် ဇာတ်ကောင်တို့၏ စိတ်ဖြစ်ခြင်းအထူးသည် ဘာဝမည်၏၊ ကိုယ်နှုတ်တို့၏ဖြစ်ခြင်းအထူးသည် ဌာနူပစာအားဖြင့် ဘာဝမည်၏။ [ရသေ ဘာဝယန္တိ တိ–ဘာဝါ၊ ဤ၌ ဘူဓာတ်သည် ဗျာပန–ပဋိပါဒနအနက်ကိုလည်း ဟော၏။]

(က) ဌာယီဘာဝ

၃၄၁။ ။မိမိသဘာဝ, တည်တံ့က, ဘာဝဌာယီသာ။

ဆန့်ကျင်ဘက်ဖြစ်သော ဘာဝတစ်ပါးသည် မပိတ်ပင် မဖုံးလွှမ်းအပ်မူ၍ မိမိသဘောအတိုင်း တည်သောဘာဝသည် ဌာယီဘာဝမည်၏။ [တိဋ္ဌတိ သီလေနာတိ–ဌာယီ၊ ဌာယီစ သော ဘာဝေါစာတိ–ဌာယီဘာဝေါ။]

ခိုင်မြဲသည်၏အဖြစ်, ဧကန်ဖြစ်သည်၏အဖြစ်ကြောင့် ဌာယီမည်၏။ [ထိရတ္တာ ဧကန္တိကတ္တာ–ဌာယီ၊ အဘိဓာန်–ဋီ။]

http://www.dhammadownload.com

၃၄၁။ ယော ဘာဝေါ–အကြင်ဘာဝသည်၊ ဝါ–ကို၊ ဝိရောဓိနာ–ဆန့်ကျင်ဘက်ဖြစ်သော၊ အညဘာဝေန–တစ်ပါးသောဘာဝသည်၊ နာ တိရောဟိတော–မပိတ်မပင် မဖုံးလွှမ်းအပ်သည်ဖြစ်၍၊ သိလေန–အလေ့အားဖြင့်၊ တိဋ္ဌတိ–တည်တတ်၏၊ ဣတိ–ထို့ကြောင့်၊ ဧသော–ထိုဘာဝကို၊ ဌာယီဘာဝေါတိ–ဌာယီဘာဝဟူ၍၊ သဒ္ဒိတော–ဆိုအပ်၏။

ဌာယီဘာဝအဖြား

၃၄၂။ ရတိ ဟာသော စ သောကော စ , ကောဓုဿာဟဘယမ္ဘိ စ၊
ဇိဂုစ္ဆာ ဝိမ္ဟယော စေဝ , သမော စ နဝ ဌာယိနော။

ဝိဘာဝ, အနုဘာဝ–စသည်တို့ဖြင့် သာယာအပ်သောသဘောသို့ ရောက်စေအပ်သည်ဖြစ်၍ ရသ–ဟုဆိုသင့်သော ဘာဝမျိုးသည် ဌာယီဘာဝမည်၏။ [ဋီ–သစ်။]

ဘာဝါလင်္ကာရထုတ်ရန်နည်း

၃၄၂။ ။(၁) ကောင်းဆိုးနော်–စိတ်ပျော်လှ၊ ရတိပဘာဝါ၊ (၂) ရယ်ဘိက ဟာသာ၊ (၃) စိုးရိမ်ခါ သောကာ၊ (၄) ထွက်ဒေါသ–ကောဓဖြာတယ်၊ (၅) အားထုတ်ရာ ဥဿာဟာတ်ကြ၊ (၆) ကြောက်ရွံ့က ဘယာ၊ (၇) စက်ဆုပ်တာ ဇိဂုစ္ဆာ၊ (၈) အံ့သြရာ ဝိမ္ဟယသာပ၊ (၉) ငြိမ်းအေးက သမာ၊ ရွေးဦးစွာ ဖွေရှာကောက်ပါတော့၊ သေချာပေါက် ဌာယီဘာဝါ၊ အကြောင်းပြ ဝိဘာဝါငယ်၊ ကြောင်းရင်းမှာ အာရမ္မဏယ်နှင့်၊ ကြောင်းဖျားက ဥဒ္ဒီပါ၊ ခွဲခြားကောက်ပါ၊ ဘာဝသိမ္ဟ ကျိုးစုဟာကို၊ နဘာဝါထုတ်ကြပေတော့လေး . . . . ။ သာတ္တိ–ဗျဘိ ထိုနှစ်ဖြာငယ်၊ ရသကိုပါ ယှဉ်ကြပေတော့လေး . . . . ။

ဌာယီဘာဝအဖြား

၁။ ရတိ= လျောက်ပတ်သော(အကောင်းအဆိုး)အကျိုးဥ စိတ်၏မွေ့လျော်ခြင်း,
၂။ ဟာသ= စကား–စသည်တို့ ဖောက်ပြန်ခြင်းကြောင့် စိတ်၏ပွင့်လင်းခြင်း (ရယ်ရွှင်ခြင်း),
၃။ သောက= အလိုပျက်စီးခြင်း–စသည်တို့ကြောင့် ချောက်ချားခြင်း (စိုးရိမ်ကြောင့်ကြခြင်း),
၄။ ကောဓ= ဆန့်ကျင်ဘက်တို့ဥ ကြမ်းကြုတ်သည်၏အဖြစ်ကို သိစေခြင်း (စိတ်ဆိုးခြင်း–အမျက်ထွက်ခြင်း),
၅။ ဥဿာဟ= အမှုအလုပ်ကို ပြီးစေခြင်းဥ တည်တံ့စွာ အားထုတ်ခြင်း,
၆။ ဘယ= ကြမ်းကြုတ်သည်၏အစွမ်းကြောင့်ဖြစ်သော စိတ်၏ချောက်ချားခြင်းကို ပေးတတ်သော (ထိတ်လန့်ကြောက်ရွံ့ခြင်း),
၇။ ဇိဂုစ္ဆာ= အပြစ်ကိုမြင်ခြင်း–စသည်တို့ကြောင့် ခံစားအပ်သော အာရုံတို့ဥဖြစ်သော (ရွံရှာစက်ဆုပ်ခြင်း),

http://www.dhammadownload.com

၃၄၂။ ရတိစ–မွေ့လျော်ခြင်းလည်းကောင်း၊ ဟာသောစ–ရွှင်လန်းခြင်းလည်းကောင်း၊ သောကောစ–စိုးရိမ်ခြင်းလည်းကောင်း၊ ကောဓောစ–အမျက်ထွက်ခြင်းလည်းကောင်း၊ ဥဿာဟဘာယမွိစ–အားထုတ်ခြင်း, ကြောက်ခြင်းလည်းကောင်း၊ ဇုဂုစ္ဆာစ–စက်ဆုပ်ခြင်းလည်းကောင်း၊ ဝိမှယောစေဝ–အံ့သြခြင်းလည်းကောင်း၊ သမောစ–ငြိမ်းအေးခြင်းလည်းကောင်း၊ (ကြတိ–ဤသို့၊) ဌာယိနော–ဌာယီဘာဝတို့သည်၊ နဝ–ကိုးပါးတို့သည်၊ ဟောန္တိ –ဖြစ်ကုန်၏။

၈။ ဝိမှယ= လောကဥ်ဖြစ်မြဲကုန်သော အပိုင်းအခြားတို့ကို လွန်၍ဖြစ်သော သဘောတို့၌ စိတ်၏ ပျံ့နှံ့ခြင်း (အံ့သြခြင်း),

၉။ သမ= အားထုတ်ခြင်းကင်းသော အခိုက်အတန့်၌ မိမိ စိတ်ပင်ပန်းခြင်း၏ ငြိမ်းအေးခြင်းကြောင့်ဖြစ်သော ချမ်းသာ(ငြိမ်းအေးခြင်း) –ဤသို့ ဌာယီဘာဝ ကိုးပါးရှိ၏။

ဘာဝါလင်္ကာရထုတ်ရာ၌ ထိုဌာယီဘာဝကိုးပါးတို့အနက် တစ်ပါးပါးကို အရာဌာနအလိုက် သေချာစွာ ဖွေရှာစစ်ဆေး၍ တိတိကျကျ ရှေးဦးပထမ ကောက်ထားရမည်၊ ဌာယီဘာဝကို မလွဲစေသင့်၊ ဌာယီဘာဝလွဲမှားက အကုန်မှားတော့သည်သာ။

ထိုဌာယီဘာဝ၏အကြောင်းသည် ဝိဘာဝမည်၏၊ ထိုအကြောင်းတို့တွင်လည်း အကြောင်းရင်းကို အာရမဏဝိဘာဝ, အကြောင်းဖျားကို ဥဒ္ဒီပနဝိဘာဝ–ဟု ခွဲခြားကောက်ရမည်။

ထိုဘာဝကို သိရကြောင်းဖြစ်သော ကိုယ်အမူအရာ, နှုတ်အမူအရာ–ဟူသောဘာဝကြောင့်ဖြစ်သော အကျိုးစုကို အနုဘာဝအရ ကောက်ယူရမည်။

ထိုထိုဘာဝအားလျော်သော သာတ္တိကာဘာဝ, ဗျဘိစာရီဘာဝ, ရသတို့ကိုလည်း ရသင့်သည့်အတိုင်း ယှဉ်တွဲကောက်ရမည်။ [နောက်၌ အကျယ်ဆိုလတ္တံ့။]

ဌာယီဘာဝမှ ရသသဘောသို့ရောက်ပုံ

ပြဆိုခဲ့ပြီးသော ရတိ–စသော ဌာယီဘာဝ ကိုးပါးတို့ကို လည်းကောင်း, ဗျဘိစာရီဘာဝ, သာတ္တိကာဘာဝတို့ကို လည်းကောင်း (ဘာဝသုံးမျိုးလုံးကိုပင်) မိမိတို့အားလျော်သော ဝိဘာဝ, အနုဘာဝတို့ဖြင့် ထွန်းလင်းတောက်ပ ထင်ရှားအောင်ပြု၍ ပညာရှိတို့သည် အသီးအသီး ဖွဲ့ဆိုအပ်ကုန်၏၊ ပြောတ်ဖြင့်သော်လည်း သရုပ်ဖော်အပ်ကုန်၏။

ထိုတွင် ရတိကို အကြွင်းအကျန် မရှိကုန်သော အထီး,အမတို့၏ ဂုဏ်နှင့် ယှဉ်ကုန်သော ယောက်ျားမိန်းမတို့သည် အချင်းချင်းဖြစ်စေငြားအံ့၊ လရောင်–စသော ဥဒ္ဒီပနဝိဘာဝတို့ဖြင့် ထင်စွာပြအံ့, တိုးပွားစေအံ့၊ အားထုတ်ခြင်း–စသည်ကိုပြသော ကိုယ်အမူအရာ, နှုတ်အမူအရာ–ဟု ဆိုအပ်သော အနုဘာဝတို့ဖြင့် တိုးပွားစေအံ့၊ မိမိအနုဘာဝ၏အစွမ်းသတ္တိဖြင့် ပြုအပ်သော များစွာသော ဗျဘိစာရီဘာဝတို့ဖြင့် ဆန်းကြယ်အောင်ပြုငြားအံ့။

ဤသို့ပြုအပ်သောရတိသည် ကချေသည်တို့ သရုပ်ဖော်ခြင်းဖြင့်လည်းကောင်း, ချီးမွမ်းအပ် ကောင်းမြတ်သောအဖွဲ့ကို နာကြားရခြင်းဖြင့်လည်းကောင်း ပညာရှိသူတော်ကောင်းတို့ သာယာအပ်သော သိဂ်္ဂါရ–(စသော)ရသ၏ အဖြစ်သို့ ရောက်နိုင်၏။

http://www.dhammadownload.com

(ခ) ဗျာဘိစာရီဘာဝ

၃၄၃။ တိရောဘာဝါဝိဘာဝါဒိ-ဝိသေသေနာဘိမုချတော၊
ယေ တေ စရန္တိ သိလေန , တေ ဟောန္တိ ဗျာဘိစာရိနော။

ဟာသ-စသော ကြွင်းသောဌာယီဘာဝတို့၏ ဟာသရသ-စသည်တို့၏ အဖြစ်သို့ ရောက်ခြင်း၌ အသင့်ယုတ္တိကို ထိုနည်းတူစွာ ထိုက်သည်အား‌လျော်စွာ သိအပ်၏။ [ဒို-သစ် မှီ။]

သာယာနှစ်သက်ဖွယ်နှင့်တွေ့လျှင် မသာယာဘဲ မနေနိုင်ခြင်း, (ပ) ငြိမ်းအေးဖွယ်နှင့်တွေ့လျှင် မငြိမ်းအေးဘဲ မနေနိုင်ခြင်းအားဖြင့် ပုထုဇဉ်တို့၏ သန္တာန်၌ အမြဲဖြစ်တတ်သည်ကို စွဲ၍ ဌာယီဘာဝ-ဟု ဆို၏၊ ရံခါမူကား ပြောင်းရွေ့တတ်သေး၏၊ နောက်၌ ထင်ရှားလတ္တံ့။

(ခ) ဗျာဘိစာရီဘာဝ

၃၄၃။ ။မြိမတည်ရှိ, ရွေ့ရှားဘိ, ဗျာဘိစာရီသာ။

(ဌာယီဘာဝနှင့် ထိထိုက်စွာအား‌လျော်စွာ ဆက်ဆံလျက်) ကွယ်ပျောက်ခြင်း, ထင်စွာဖြစ်ခြင်း-စသော အထူးအားဖြင့် ဌာယီဘာဝသို့ ရှေ့ရှုသည်၏အဖြစ် (ဌာယီဘာဝ၌ တင်စားအပ်သည်၏အဖြစ်)ဖြင့် ဖြစ်တတ်သော ဘာဝတို့သည် ဗျာဘိစာရီဘာဝတို့ မည်၏၊ [ဝိသေသေန အဘိမုချတော စရန္တိ သိလေနာတိ-ဗျာဘိစာရိ၊ ဗျာဘိစာရိစ သော ဘာဝေါ စာတိ-ဗျာဘိစာရီဘာဝေါ၊] ဧကန်မဟုတ်သည်၏အဖြစ်ကြောင့် ဗျာဘိစာရီ မည်၏၊ [ဗျာဘိစာရီ အနေကန္တိ ကတ္တာ၊ အဘိဓာန်-ဋီ။]

[ရံခါ ကွယ်ပျောက်ခြင်း, ရံခါ ထင်စွာဖြစ်ခြင်းအားဖြင့် အမြဲမတည်တတ်, ရွေ့ရှားတတ်သောဘာဝသည် ဗျာဘိစာရီဘာဝမည်၏-ဟု အကျဉ်းမှတ်။]

ထင်ရှားစေအံ့ ဗျာဘိစာရီဘာဝတို့၏ များသောရသကို မှီ၍ဖြစ်ရခြင်းကြောင့်လည်းကောင်း, လူအပေါင်းတို့၏ အကြိုက်ချင်းမတူသောကြောင့်လည်းကောင်း တစ်စုံတစ်ခုသော ဌာယီဘာဝ၌ မိမိတို့၏ တစ်စုံတစ်ခုသောဂုဏ် တိမ်မြုပ်ပျောက်ကွယ်ခြင်း, တစ်စုံတစ်ခုသောဂုဏ် ပေါ်လွင်ထင်ရှားခြင်း-စသော အထူးအားဖြင့် ဌာယီဘာဝတို့၏ သုခ-ဒုက္ခသဘောကို မိမိ၌လည်းကောင်း, မိမိ၏သုခ-ဒုက္ခသဘောကို ဌာယီဘာဝ၌လည်းကောင်း တင်စားရှေးရှုခြင်းဖြင့် ဖြစ်လေ့ဖြစ်ထရှိသော ဘာဝတို့သည် ဗျာဘိစာရီဘာဝတို့ မည်၏။ [ဒို-သစ်။]

ကွယ်ပျောက်ထင်ရှားပုံ ပင်ပန်းခြင်းသဘောရှိသော သမဗျာဘိစာရီဘာဝသည် ရတိဌာယီဘာဝ၌ သုခသို့သက်ဝင်လျက် ကွယ်ပျောက်ဖုံးကွယ်နေ၏၊ သောကဌာယီဘာဝ၌ ဒုက္ခသို့သက်ဝင်၍ ထင်ရှား၏၊ ပင်ပန်းခြင်းသဘောရှိသော ဂိလာနိသည် မိမိ၏ဆင်းရဲခြင်း သဘောကို ချမ်းသာခြင်းသဘောရှိသော ရတိဌာယီဘာဝ၌ တင်စား၏၊ ဤသို့ ကွယ်ပျောက်ထင်ရှား တင်စားခြင်းဖြစ်၏။

http://www.dhammadownload.com

၃၄၃။ ယေတေ–အကြင်ဘာဝတို့သည်၊ တိရောဘာဝါ ဝိဘာဝါ ဒိဝိသေသေန–ကွယ်ပျောက်ခြင်း, ထင်စွာဖြစ်ခြင်းစသော အထူးအားဖြင့်၊ အဘိမုချတော–ဌာယိဘာဝသို့ ရှေ့ရှုသည်၏ အဖြစ်ဖြင့်၊ သီလေန–အလေ့အားဖြင့်၊ စရန္တိ–ဖြစ်ကြကုန်၏၊ (ကွတိ–ထို့ကြောင့်၊) တေဘာဝါ–ထိုဘာဝတို့သည်၊ ဗျာဘိစာရိနော–ဗျာဘိစာရိဘာဝတို့မည်ကုန်သည်၊ ဟောန္တိ–ဖြစ်ကုန်၏။

ဗျာဘိစာရိဘာဝအပြား

၃၄၄။ နိဗ္ဗေဒေါ တက္ကသက်ာ, သမဓိတိဇ္ဇတာ, ဒိနတုဂ္ဂါလသတ္တံ၊
သုတ္တံ တာသော ဂိလာန, သုကဟရိသသတိ, သာ ဝိသာဒါဗဟိတ္ထာ။
စိန္တာ ဂဗ္ဘပမာရော, မရိသမဒမတု, မ္ဟာဒမောဟာ ဝိဗောဓော၊
နိဒ္ဒါဝေဂါ သဗီဠံ, မရဏသစပလံ, ဗျာဓိ တေတ္တိံသ မေတေ။

ဗျာဘိစာရိဘာဝ များပါစေ

လူတို့၏ သဘောသည် အလွန်များသောကြောင့် ဝိရရသတစ်ခုကိုပင် အားထုတ်ခြင်းရှိ(ရဲရင့်)သူသည် ဝိရရသအဖြစ်ဖြင့် သာယာ၏၊ ထိုဝိရရသကိုပင် ကြောက်တတ်သောသူသည် ဘယာနကအခြင်းအရာဖြင့် သာယာ၏၊ ထို့ကြောင့် တစ်ခုသောရသ၌ များစွာသော ဗျာဘိစာရီဘာဝတို့ကို ဖွင့်ပြအပ်၏၊ ထိုသို့ ဖွင့်ဆိုခဲ့သော် အလိုအကြိုက် အမျိုးမျိုးရှိသောလူတို့သည် ထိုများစွာသော ဗျာဘိစာရီဘာဝတို့တွင် တစ်ခုခုကို ကြိုက်နှစ်သက်လေရာ၏၊ သာယာလေရာ၏၊ သို့မှသာ အလုံးစုံသောလူတို့ နှစ်သက်လက်ခံနိုင်သော အဖွဲ့ကောင်းတစ်ခု ဖြစ်ပေလိမ့်မည်။

ဘာဝတို့ကို ဖွင့်ဆိုနည်း

ထိုဘာဝကို ပြဆိုရာ၌ သတ်ရန်လာသောရန်သူကို မြင်ရခြင်း တစ်မျိုးသည်ပင် (လူတို့အလိုအားလျော်စွာ) ကြောက်တတ်သော ပင်ကိုယ်သဘောရှိသူတို့၏ ကြောက်လန့်ခြင်း–ဘယအကြောင်းဖြစ်၏၊ ဖက်ပြိုင်သတ်ပုတ်လိုသူ၏ အားထုတ်ခြင်း–ဥဿာဟအကြောင်းဖြစ်၏၊ ထို့အတူ ကချေသည်များ ရယ်ရွှင်စေခြင်းငှာ ပြုလုပ်အပ်သော ဖောက်ပြန်သောအဆင်တန်ဆာ, ဖောက်ပြန်သောဟန် အမူအရာသည် သဘောတိမ်(လျှပ်ပေါ်)သောသူတို့၏ ဌာယိဘာဝ–ဟာသ၏ အကြောင်းဖြစ်၏၊ သဘောနက်သူတို့၏ ဗျာဘိစာရိဘာဝ–ဟာသ၏ အကြောင်းဖြစ်၏၊ ထို့ကြောင့် ဘာဝတို့ကို ဖွင့်ဆိုပြလိုသောသူသည် အသင့်ယုတ္တိ(သြစိတျဂုဏ်) တိုးပွားအောင် ဖွင့်ပြရာ၏၊ အသင့်ယုတ္တိ ပျက်စီးခြင်းကို ကြီးမားသော လုံလဉသာဟဖြင့် ပယ်ရှားသင့်၏။ [ဋီ။]

ဗျာဘိစာရိဘာဝအပြား

၃၄၄။ ။(၁) ငြီးငွေ့မှုလျှင်, နိဗ္ဗေတွင်ရှင့်၊ (၂) ဆင်ခြင်တက္က၊ (၃) ယုံမှားကမူ, သက်ာယူလော့၊ (၄) နှစ်ဆူပန်းက, သမမည်ရှိ၊ (၅) ရောင့်ရဲဘိမူ, ဓိတိယူလေ၊ (၆) ကြက်သေသေခါ, ဇဋ္ဌတာတည့်၊ (၇) မွဲပြာလွန်လွန်း, တန်ခိုးခန်းက, ဒိနမည်ပြန်၊ (၈) ခက်ထန်ဥဂ္ဂ၊ (၉) ပျင်းရိကမူ, အလသတ္တာ၊ (၁၀) အိပ်ခါ

http://www.dhammadownload.com

၃၄၄။ နိဗ္ဗေဒေါ–ငြီးငွေ့ခြင်းလည်းကောင်း၊ တက္ကသင်္ကာ–ဆင်ခြင်စဉ်းစားခြင်း, ယုံမှားခြင်းတို့လည်းကောင်း၊ သမဓိတိဇ္ဇတာ–ကိုယ်စိတ်ပင်ပန်းခြင်း, ရောင့်ရဲခြင်း, အံ့အားသင့်ခြင်း, ကြက်သေသေခြင်းတို့လည်းကောင်း၊ ဒိနတုဂ္ဂါလသတ္တာ–စိတ်တန်ခိုးမရှိခြင်း, ကြမ်းကြုတ်ခက်ထန်ခြင်း, ပျင်းရိခြင်းလည်းကောင်း၊ သုတ္တာ–အိပ်ပျော်ခြင်းလည်းကောင်း၊ တာသော–စိတ်ချောက်ချားခြင်း, ထိတ်လန့်ခြင်းလည်းကောင်း၊

သုတ္တ၊ (၁၁) စိတ်ကချောက်ချား, တာသထားလော့၊ (၁၂) ကိုယ်အားကုန်ဘိ, ဂိလာနိပေ၊ (၁၃) အားထုတ်လေက, ဥဿုကတွင်၊ (၁၄) ကြည်လင်ရွှင်ပျ, ဟရိသတည့်၊ (၁၅) မှတ်ရသတိ၊ (၁၆) ငြူစူဘိလျှင်, ကျဿာတွင်၏၊ (၁၇) စိတ်တွင်ပန်းက, ဝိသာဒပေ၊ (၁၈) ကျန္ဒြေဆယ်မှု, ဟန်လုပ်မှုကို, ခေါ်ဆိုဗဟိတ္ထ၊ (၁၉) ကြဲမှိုင်ကမှု, စိန္တာယူလော့၊ (၂၀) မာန်မှုဂဗ္ဗ၊ (၂၁) စိတ်ဖောက်ကလျှင်, အပမာရံ၊ (၂၂) သည်းမခံဘိ, အမရိတည့်၊ (၂၃) မူးဘိမဒ၊ (၂၄) တိကျသိလျှင်, မတိတွင်၏၊ (၂၅) ရူးချင်ဥမ္မာ၊ (၂၆) တွေဝေပါက, မောဟဆိုလျှင်း၊ (၂၇) အိပ်ငိုက်ကင်းလျက်, နိုးခြင်းဖြစ်က, ဝိဗောဓတည့်၊ (၂၈) ငိုက်ကနိဒ္ဒါ၊ (၂၉) လျင်စွာပြုလေ, အာဝေမှတ်သား၊ (၃၀) ရှက်ငြားဗီဠ၊ (၃၁) သေကမရဏာ၊ (၃၂) လော်လီပါက, စပလသိ၊ (၃၃) ဗျာဓိဖျားနာ, တေတ္တိ သာသည် . . . . မှတ်ပါဗျာဘိစာရီတည်း။

၁။ နိဗ္ဗေဒ= ဟုတ်တိုင်းမှန်စွာသိခြင်း–ဘေးရောက်ခြင်း–ငြူစူခြင်း–စသည်တို့ကြောင့် မိမိကိုယ်ကို မထီမဲ့မြင်ပြုခြင်း–ငြီးငွေ့ခြင်း၊

၂။ တက္က= ယုံမှားခြင်းကြောင့် ဆင်ခြင်စဉ်းစားခြင်း၊

၃။ သင်္ကာ= သူတစ်ပါးတို့ ကဲ့ရဲ့ခြင်း–မိမိ၏နည်းလမ်းဥပဒေသ ယုတ်ညံ့ခြင်းတို့ကြောင့် အကျိုးမဲ့ဖြစ်လတ္တံ့–ဟု ထင်မြင်ခြင်း, ယုံမှားခြင်း၊

၄။ သမ= အလွန်အားထုတ်ခြင်းကြောင့် ကိုယ်စိတ်တို့ပင်ပန်းခြင်း၊

၅။ မိတိ= သိခြင်း, လိုအပ်သောအရာကိုရခြင်း–စသည်တို့ကြောင့် ရောင့်ရဲခြင်း, အလိုပြည့်၍ နှစ်သက်ခြင်း(သန္တုဋ္ဌိ–သန္တောသ)၊

၆။ ဇဋ္ဌတာ= အလိုရှိအပ်–မရှိအပ်သော အာရုံတို့နှင့် တွေ့ဆုံခြင်းကြောင့် အံ့အားသင့်ခြင်း– ကြက်သေသေခြင်း– မည်သို့ပြုရမည်–ဟု မသိခြင်း၊

၇။ ဒီနတာ= ဆင်းရဲခြင်း, မွဲခြင်း–စသည်တို့ကြောင့် တန်ခိုးအစွမ်း ကုန်ခန်းခြင်း–စိတ်ဆင်းရဲခြင်း၊

၈။ ဥဂ္ဂတာ= မိမိ၏ရဲရင့်သည်၏အဖြစ်–သူတစ်ပါးတို့ပြုအပ်သော အပြစ်–စသည်တို့ကြောင့် ကြမ်းကြုတ်ခက်ထန်ခြင်း၊

၉။ အလသတ္တ= ချမ်းသာကို ခံစားလိုခြင်း, မူးယစ်ခြင်း–စသည်တို့ကြောင့် အလုပ်မလုပ်လိုခြင်း–ပျင်းရိခြင်း၊

http://www.dhammadownload.com

ဂိလာနိ–အားကုန်ခြင်း, နာခြင်းလည်းကောင်း၊ ဥဿုကဟရိဿသတိ–အားထုတ်ခြင်း, စိတ်ကြည်လင်ရွှင်လန်းခြင်း, အောက်မေ့အမှတ်ရခြင်းတို့လည်းကောင်း၊ ကျဿာ–ငြူစူခြင်းလည်းကောင်း၊ ဝိသာဒါဗဟိတ္ထာ–စိတ်ပင်ပန်းခြင်း, ကျန္ဒြေဆယ်ခြင်း, ဟန်လုပ်ခြင်းတို့လည်းကောင်း၊ စိန္တာ–ကြံမှိုင်ခြင်းလည်းကောင်း၊ ဂဗ္ဘော–မာန်မူခြင်း

၁၀။ သုတ္တ= ငိုက်ခြင်းကြောင့်ဖြစ်သော သဘော– အိပ်ပျော်ခြင်း၊

၁၁။ တာသ= မိုးချုန်းခြင်း–စသည်တို့ကြောင့် စိတ်ချောက်ချားခြင်း–ထိတ်လန့်ခြင်း၊

၁၂။ ဂိလာနိ= စိတ်ပူခြင်း, အနာရောဂါနှိပ်စက်ခြင်း, ပင်ပန်းခြင်း, ဆာလောင်မွတ်သိပ်ခြင်း–စသည်တို့ကြောင့် အားကုန်ခန်းခြင်း၊

၁၃။ ဥဿုက= လိုအပ်သည်ကိုမရခြင်း–စသည်တို့ကြောင့် အချိန်ကျအောင် မစောင့်ဆိုင်းဘဲ အားထုတ်ခြင်း၊

၁၄။ ဟရိသ= အလိုရှိအပ်သည်ကို ရခြင်း, ချီးမွမ်းခြင်း, ချစ်သူရောက်လာခြင်း, သားဖွားခြင်း, မင်္ဂလာပွဲလမ်းသဘင်ကို တွေ့မြင်ရခြင်း–စသည်တို့ကြောင့် စိတ်ကြည်လင်ရွှင်လန်းခြင်း၊

၁၅။ သတိ= တူသောဝတ္ထုကိုမြင်ရခြင်း–စသည်တို့ကြောင့် ရှေးကဖြစ်ဖူး– ခံစားဖူးသည်ကို အောက်မေ့ခြင်း– အမှတ်ရခြင်း၊

၁၆။ ကျဿာ= သူတစ်ပါးတို့ထက် ထူးချွန်လွန်ကဲလိုခြင်းကြောင့် သူတစ်ပါးတို့၏ဂုဏ်–သူတစ်ပါးတို့၏ပြည့်စုံခြင်းကို သည်းမခံနိုင်ခြင်း(ငြူစူခြင်း)၊

၁၇။ ဝိသာဒ= အားထုတ်သောအကျိုး မပြီးစီးခြင်း, ပျက်စီးခြင်း–စသည်တို့ကြောင့် အစွမ်းသတ္တိကုန်ခန်းခြင်း– စိတ်ပင်ပန်းခြင်း၊

၁၈။ အဗဟိတ္ထ= ရှက်ခြင်း, ကြောက်ခြင်း, ရိုသေခြင်း–စသည်တို့ကြောင့် ကျန္ဒြေဆယ်ခြင်း–ဟန်လုပ်ခြင်း၊

၁၉။ စိန္တာ= အကျိုးစီးပွားကို မရခြင်းကြောင့် ကြံမှိုင်ခြင်း၊

၂၀။ ဂဗ္ဘ= တန်ခိုးအသရေ, အတတ်, မြတ်သောအမျိုးဇာတ် ရှိသည်၏အဖြစ်–စသည်တို့ကြောင့် မာန်မူခြင်း–မာန်ထောင်ခြင်း၊

၂၁။ အပမာရ= ဘီလူးဖမ်းခြင်း–စသည်တို့ကြောင့် စိတ်ဖောက်ပြန်ခြင်း၊

၂၂။ အမရိသ= ကဲ့ရဲ့ခြင်း, ပစ်ပယ်ခြင်း, မထီမဲ့မြင်ပြုခြင်း–စသည်တို့ကြောင့် သည်းမခံနိုင်ခြင်း၊

၂၃။ မဒ= အရက်သောက်ခြင်းကြောင့် မူးယစ်ခြင်း၊

၂၄။ မတိ= နည်းလမ်း ဥပဒေသ–စသည်တို့ကို အောက်မေ့ခြင်းကြောင့် ယုံမှားသံသယကင်းပျောက်ခြင်း– ဆုံးဖြတ်ခြင်း– ဟုတ်တိုင်းမှန်စွာသိခြင်း၊

၂၅။ ဥမ္မာဒ= သန္ဓိပါတ်ဖျား–စသည်တို့ကြောင့် စိတ်ပျံ့လွင့်ခြင်း– ရူးသွပ်ခြင်း၊

၂၆။ မောဟ လွန်လွန်ကဲကဲ ကြောက်ခြင်း–စသည်တို့ကြောင့် မိန်းမောတွေဝေခြင်း–မသိခြင်း၊

http://www.dhammadownload.com

လည်းကောင်း၊ အပမာရော–စိတ်ဖောက်ပြန်ခြင်းလည်းကောင်း၊ အမရိသမဒမတိ–သည်းမခံခြင်း, မူးယစ်ခြင်း, မှန်ကန်တိကျစွာသိခြင်းတို့လည်း ကောင်း၊ ဥမ္မာဒ မောဟာ–ရူးခြင်း, တွေဝေခြင်းတို့လည်းကောင်း၊ ဝိဇောဓော–အိပ်ငိုက်ခြင်းကင်း အိပ်ရာမှနိုးခြင်းလည်းကောင်း၊ နိဒ္ဒါဝေဂါ–အိပ်ငိုက်ခြင်း, အဆောတလျင်ပြုခြင်းတို့ လည်းကောင်း၊ သဗီဠ–ရှက်ခြင်းနှင့်တကွဖြစ်သော၊ မရဏစပလံ–သေခြင်း, လျှပ်ပေါ် လော်လည်ခြင်းလည်းကောင်း၊ ဗျာဓိ–ဖျားနာခြင်းလည်းကောင်း၊ (ကွတိ–ဤသို့၊) ဧတေ–ဤဗျဘိစာရီဘာဝတို့သည်၊ တေတ္တိံသ–၃၃–ပါးတို့သည်၊ ဟောန္တိ–ကုန်၏။

၂၇။ **ဝိဇောဓ=** အရွယ်ရင့်ခြင်း, အာလောကကသိုဏ်းကို အောက်မေ့ခြင်း–စသည်တို့ ကြောင့် မအိပ်နိုင်ခြင်း–အိပ်ရာမှနိုးခြင်း၊

၂၈။ **နိဒ္ဒါ=** ကြဲခြင်း, ပျင်းရိခြင်း, ပင်ပန်းခြင်း–စသည်တို့ကြောင့် စိတ်၏ဆုတ် နစ်ခြင်း–ငိုက်မျဉ်းခြင်း၊

၂၉။ **အာဝေဂ=** တစ်စုံတစ်ခုသောအကြောင်းကြောင့် အဆောတလျင်ပြုခြင်း၊

၃၀။ **ဗီဠ=** မကောင်းသောအကျင့်–စသည်တို့ကြောင့် ရှက်ခြင်း၊

၃၁။ **မရဏ=** ရုန်သူတို့ ရိုက်နှက်ခြင်း, ရောဂါအနာဖြစ်ခြင်း–စသည်တို့ကြောင့် အသက်ကုန်ဆုံးခြင်း–သေခြင်း၊

၃၂။ **စပလ=** ဝန်တိုခြင်း, မုန်းခြင်း, ချစ်ခြင်းတို့ကြောင့် မတည်ကြည်ခြင်း–လျှပ်ပေါ် လော်လည်ခြင်း၊

၃၃။ **ဗျာဓိ=** သွေး, သည်းခြေ, လေ, သလိပ်–စသည်တို့ကြောင့် ဖျားနာခြင်း၊–ဤသို့လျှင် ဗျဘိစာရီဘာဝ ၃၃–ပါး ရှိ၏။

လျော်ရာသွင်းပုံ ဤကျမ်း၌ မပြအပ်သေးသော သိမ်မွေ့သည့် စိတ်ဖြစ်ပုံအထူးအပြားတို့သည် ရှိကုန်သေး၏၊ ၎င်းတို့တွင် လိုချင်ခြင်းသဘောရှိသော အလုံးစုံသော အထူးအပြားတို့သည် ကာမရတိ၌ ဝင်ကုန်၏၊ အမျက်ထွက်ခြင်း(ဒေါသ) အထူးအပြားတို့သည် ကောဓ, အမရိသ, ဣဿာ–စသည်တို့၌ ဝင်ကုန်၏၊ ဆင်းရဲခြင်းဒုက္ခသဘောရှိသော အထူးအပြားတို့သည် သောက, သမ, ဗျာဓိ, ဂိလာနိ, ဝိသာဒ–စသည်တို့၌ ဝင်ကုန်၏၊ နှစ်သက်ခြင်း(ပီတိ)စသော သုခသဘောရှိသော အထူးအပြားတို့သည် ဟရိသ၌ အတွင်းဝင်ကုန်၏။

သဘောတူသော်လည်း ခွဲဆိုထားရခြင်း ထိုသို့ သဘောတူရာ၌ ပေါင်းယူထည့်သွင်းအပ်သော်လည်း တာသမှ ဘယကိုလည်းကောင်း, သင်္ကာမှ အမရိသကိုလည်းကောင်း, အမရိသမှ ဣဿာကိုလည်းကောင်း, ဂိလာနိမှ သမကိုလည်းကောင်း, နိဒ္ဒါမှ သုတ္တကိုလည်းကောင်း, ဥဿုကမှ စပလတာကိုလည်းကောင်း, မောဟမှ ပလယကိုလည်းကောင်း ထင်ရှားသောအထူးအားဖြင့် အသီးအခြားခွဲ၍ ပြအပ်၏။[ဋီ။]

http://www.dhammadownload.com

(၈) သာတ္တိကာဘာဝ

၃၄၅။ သမာဟိတတ္တာပ္ပဘဝံ , သာတ္တံ တေနောပပါဒိတာ၊
သာတ္တိကာပျနဘာဝတ္တော , ဝိသုံ ဘာဝါ ဘဝန္တိ တေ။

၃၄၅။ သမာဟိတတ္တာပ္ပဘဝံ–တည်ကြည်သောစိတ်ကြောင့်ဖြစ်သော သဘော (ဧကဂ္ဂတာ)သည်၊ သာတ္တံ–သာတ္တမည်၏၊ တေန–ထိုတည်ကြည်သောစိတ်ကြောင့် ဖြစ်သောသဘော(ဧကဂ္ဂတာ)သည်၊ ဥပပါဒိတာ–ဖြစ်စေအပ်သော ထမ္ဘစသည်တို့သည်၊ သာတ္တိကာ–သာတ္တိကတို့မည်၏၊ တေ–ထိုသာတ္တိကာဘာဝတို့သည်၊ အနုဘာဝတ္တော–ဘာဝ၏အကျိုး အနုဘာဝ၏အဖြစ်သည်၊ သတိပိ–ဖြစ်ပါသော်လည်း၊ ဝိသုံဘာဝါ–အသီးအခြားဘာဝတို့သည်၊ (ဝါ–ကေဝလဘာဝတို့သည်၊) ဘဝန္တိ–ဖြစ်ကုန်၏။

---

(၈) သာတ္တိကာဘာဝ

၃၄၅။ ။ဧကဂ္ဂတာ, ဖြစ်စေပါသည့်, ထမ္ဘာစသား, ခြင်းရာများ, မှတ်သားသာတ္တိကာ။

တည်ကြည်သောစိတ်ကြောင့်ဖြစ်သော ဧကဂ္ဂတာသည် ဖြစ်စေအပ်ကုန်သော ထမ္ဘ–အစရှိသည်တို့သည် သာတ္တိကာဘာဝတို့မည်၏၊ ဧကဂ္ဂတာနှင့်ယှဉ်သောစိတ်ကြောင့် ဖြစ်သော ထမ္ဘ–စသောအခြင်းအရာသည် သာတ္တိကာဘာဝမည်၏–ဟု ဆိုလိုသည်။ [သ–အတ္တ+ဏ+ဏိက၊ သမာဟိတံ စိတ္တံ–သတ္တံ၊ သတ္တေန ပဘဝံ–သာတ္တံ၊ ဧကဂ္ဂတာ။ သတ္တေန ဥပပါဒိတာ–သာတ္တိကာ၊ ထမ္ဘာဒယော။]

ထိုထမ္ဘ–စသော သာတ္တိကာဘာဝတို့သည် ထမ္ဘ–စသည်ဖြစ်ကြောင်း (စိတ်ဖြစ်ပုံအထူး)ဂုဏ်ကို ထင်စွာပြတတ်သောကြောင့် ဘာဝ၏အကျိုး–အနုဘာဝဖြစ်သင့်ငြားသော်လည်း စိတ်၏ဖောက်ပြန်ခြင်း စိတ္တဇသတ္တိဝိသေသဖြစ်သောကြောင့်–ဌာယီဘာဝ, ဗျဘိစာရီဘာဝတို့မှ အသီးအခြား (ကေဝလဘာဝ) သာတ္တိကာဘာဝတို့ပင် ဖြစ်ကုန်၏။

ထမ္ဘ–စသည် ဘာဝ,အနုဘာဝဖြစ်ပုံ

ထိုထမ္ဘ–စသည်တို့သည် ဘာဝ,အနုဘာဝအားဖြင့် နှစ်မျိုးပြားနိုင်ကုန်၏၊ ကိုယ်တွင်း၌ဖြစ်သော ချွေး,မျက်ရည်–စသည်တို့သည် စိတ်ဖြစ်ခြင်း အထူးရှိသောကြောင့် (စိတ္တဇသတ္တိဝိသေသဖြစ်သောကြောင့်) သာတ္တိကာဘာဝတို့မည်၏၊ အကြောင်းဝိဘာဝတို့နှင့် တွေ့ကြုံ၍ ဘာဝဖြစ်ပြီးနောက် ကိုယ်အင်္ဂါမှအပသို့ ယိုစီးထွက်ကျလျှင်–အနုဘာဝတို့မည်၏၊ ဤသို့ ၄င်းနှစ်မျိုးတို့၏ ထူးခြားဟန်ကို မှတ်သားသင့်၏၊ ထို့ကြောင့် အလင်္ကာဆရာကိုယ်တိုင်ပင်–

စိတ္တဝုတ္တိဝိသေသတ္တာ , မာနသာ သာတ္တိကင်္ဂတော၊
ဗဟိနိဿဋသေဒါဒိ–အနုဘာဝေဟိ ဝဏ္ဏိယာ။–

ဟု မိန့်ဆိုလတ္တံ့။

http://www.dhammadownload.com

သာတ္တိကာဘာဝ-အပြား

၃၄၆။ ထမ္ဘော ပဋ္ဌယရောမဉ္စာ , တထာ သေဒသုဝေပထု၊
ဝေဝဏ္ဏိယံ ဝိသရတာ , ဘာဝဠ္ဍေတေ တု သာတ္တိကာ။

၃၄၆။ ထမ္ဘော-ကိုယ်စိတ်တောင့်တင်း, ခိုင်မာခြင်းလည်းကောင်း၊ ပဋ္ဌယရောမဉ္စာ-အိပ်မောကျခြင်း, ကြက်သီးမွေးညင်းထခြင်းတို့လည်းကောင်း၊ တထာ-ထိုမှတစ်ပါး၊ သေဒသုဝေပထု-ချွေးထွက်ခြင်း, မျက်ရည်ယိုခြင်း, ကိုယ်တုန်လှုပ်ခြင်းလည်းကောင်း၊ ဝေဝဏ္ဏိယံ-အဆင်းပျက်ခြင်းလည်းကောင်း၊ ဝိသရတာ-အသံပျက်ခြင်းလည်းကောင်း၊ (ကုတိ-ဤသို့၊) ဧတေအဠ္ဌတု-ဤရှစ်ပါးတို့သည်ကား၊ သာတ္တိကာဘာဝါ-သာတ္တိကာဘာဝတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

သာတ္တိကာဘာဝ-အပြား

၃၄၆။ ။(၁) ကိုယ်စိတ် တောင့်တင်း, ခိုင်မာခြင်းမှာ, ထမ္ဘ-သာတည့်၊ (၂) အိပ်ခါပျော်လှ, ပဋ္ဌယပင်၊ (၃) ကိုယ်တွင်မွေးညင်း, ထကြွခြင်းမှာ, ရောမဉ္စာသွင်း၊ (၄) ချွေးထွက်ခြင်းသည်, သေဒမည်၏၊ (၅) မျက်ရည်ယိုလျှင်, အဿုတွင်ရှင့်၊ (၆) ကိုယ်လျှင်လှုပ်မှု, ဝေပထုပေ၊ (၇) တစ်ခုခုတွက်, အဆင်းပျက်ဘိ, ဝေဝဏ္ဏိယ, (၈) ဝိသရတာ, သံပျက်ပါသည်....ရှစ်ဖြာသာတ္တိဘာဝတည်း။

၁။ ထမ္ဘ= (အနာ-စသည်) ကိုယ်စိတ်မလှုပ်ရှားခြင်း, ကြောက်ခြင်း, ချစ်ခြင်း, ရွှင်လန်းခြင်း-စသည်တို့ကြောင့် တစ်စုံတစ်ခုသောအလုပ်ကို မလုပ်နိုင်ခြင်း, ကြက်သေသေခြင်း, ကိုယ်လက်တောင့်တင်းခြင်း၊

၂။ ပဋ္ဌယ= ငိုက်ခြင်းကြောင့် ထွက်သက်ဝင်သက်မှု ကြွင်းအောင် အိပ်မောကျခြင်း-မိန်းမောတွေဝေခြင်း၊

၃။ ရောမဉ္စ ကြည်ညိုခြင်း-စသည်တို့ကြောင့် ကြက်သီးမွေးညင်းထခြင်း၊

၄။ သေဒ= မွေ့လျော်ပျော်ပါးခြင်း, ပူအိုက်ခြင်း, ပင်ပန်းခြင်း-စသည်တို့ကြောင့် ချွေးထွက်ခြင်း၊

၅။ အဿု= စိတ်ဆိုးခြင်း, အမျက်ထွက်ခြင်း, ရယ်ရွှင်ခြင်း-တို့ကြောင့် မျက်ရည်ယိုခြင်း၊

၆။ ဝေပထု= ချစ်ခြင်း, မုန်းခြင်း, ကြောက်ခြင်း-စသည်တို့ကြောင့် ကိုယ်တုန်လှုပ်ခြင်း၊

၇။ ဝေဝဏ္ဏိယ ပင်ပန်းခြင်း, မူးယစ်ခြင်း, အမျက်ထွက်ခြင်း-စသည်တို့ကြောင့် အဆင်းပျက်ခြင်း-အဆင်းဖောက်ပြန်ခြင်း၊

၈။ ဝိသရတာ= မူးယစ်ခြင်း, အနာနှိပ်စက်ခြင်း-စသည်တို့ကြောင့် အသံပျက်ခြင်း-အသံဖောက်ပြန်ခြင်း၊-

ဤသို့လျှင် သာတ္တိကာဘာဝ ရှစ်ပါးပြား၏။

http://www.dhammadownload.com

ဌာယီဘာဝတို့-ဗျာဘိစာရိဘာဝဖြစ်ပုံ

၃၄၇။ ယဒါ ရတ္တာဒယော ဘာဝါ , ဠိတိသီလာ နု ဟောန္တိ စေ၊
တဒါ သဗ္ဗေပိ တေ ဘာဝါ , ဘဝန္တိ ဗျာဘိစာရိနော။

၃၄၇။ ယဒါ-အကြင်အခါ၌၊ ရတ္တာဒယော-ရတိအစရှိကုန်သော၊ ယေဘာဝါ-အကြင်ဌာယီဘာဝတို့သည်၊ ဠိတိသီလာ-မိမိသဘောဖြင့် တည်လေ့ရှိကုန်သည်၊ စေနဟောန္တိ-အကယ်၍မဖြစ်ကုန်အံ့၊ တဒါ-ထိုအခါ၌၊ သဗ္ဗေပိ-အလုံးစုံလည်းဖြစ်ကုန်သော၊ တေဘာဝါ-ထိုဌာယီဘာဝတို့သည်၊ ဗျာဘိစာရိနော-ဗျာဘိစာရိဘာဝတို့မည်ကုန်သည်၊ ဘဝန္တိ-ဖြစ်ကုန်၏။

ဌာယီဘာဝတို့-ဗျာဘိစာရိဘာဝဖြစ်ပုံ

၃၄၇။ ရတိ, ဟာသ-စသည်တို့သည်လည်း နိဗ္ဗေဒ-စသည်တို့ကဲ့သို့ တစ်ရံတစ်ခါ၌ ဗျာဘိစာရိဘာဝ ဖြစ်နိုင်ကြသေး၏၊ အမြဲတည်တတ်သောသဘောကြောင့် ဌာယီ-ဟု ဆိုရသော်လည်း အမြဲမတည်ဘဲ ရွှေ့လျော်၍သွားသည့်အခါ ရတိ-စသော ဌာယီဘာဝတို့သည် ဌာယီဘာဝ-ဟူသော အမည်ပျောက်၍ ဗျာဘိစာရိဘာဝ-ဟူသော အမည်ကို ရကြ၏၊ သည်ကိုရည်၍-

မဃဒေဝဆရာသည်-

> ရှေးလေ့ရှေးလာ, ကိလေသာဖြင့်, လွန်စွာတပ်လျက်, နှစ်သက်တည်ရှိ, လောဘငြိသည့်, ရတိဘာဝ, သိင်္ဂါရကား, ဉာဏမတိ, ထင်လာဘိသော်, ဗျာဘိစာရီ, ဖြစ်မြဲပြီကြောင့်-ဟု မိန့်ဆိုခဲ့ပေသည်။

သဗ္ဗံ တေ ပဋိဇာနာမိ , မဟာရာဇ သုဏောဟိ မေ၊
န စာပိ အပ္ပိယံ တုယ္ဟံ , ကရေယျာမိ အဟံ ပုန။

အရှင်မင်းမြတ် ! ကျွန်မ၏စကားကို နားသောတဆင့်တော်မူပါ၊ အရှင်မင်းမြတ်၏စကားဥဿုံ, အလုံးစုံကို နားထောင်ပါတော့မည်၊ ဘုရားကျွန်တော်မသည် နောက်ထပ်တစ်ဖန် အရှင်မင်းမြတ် မနှစ်သက်သောအမှုကို မပြုတော့ပါ။

ဤစကားရပ်ဖြင့် ပဘာဝတီ၏ ကုသမင်းကိုစွဲ၍ဖြစ်သော "ကောဓ, ဇိဂုစ္ဆာဌာယီဘာဝ"တို့သည် "ရတိဌာယီဘာဝ, ဟာသဌာယီဘာဝ"သို့ ပြောင်းရွှေ့ပုံကို ပြ၏၊ ထို့ကြောင့် ပဘာဝတီ၏ ကောဓဌာယီဘာဝ, ဇိဂုစ္ဆာဌာယီဘာဝတို့သည် ဗျာဘိစာရိဘာဝ-ဟူသော အမည်ကို ရကြလေသည်။

> ဤသို့တောင့်တ, မှာသမျှကို, ဘုရား့အလျာ, ကြားလတ်ခါ၌, သည်းချာနင့်နင့်, မြားဆိပ်သင့်သား, သမင့်အယောင်, တောင်တလည်လည်, ရှိလတ်သည်နှင့်, လေပြည်ရစ်သွင်း, သခ်ိမ်းတွင်းသို့, ချက်ချင်းဆောစွာ, ဝင်ပြီးခါသော်, ကြင်နာဖွယ်ကို, ဆိုလည်းဆိုလျက်, ယိုမျက်ရည်စက်, ရင်ထက်လည်းစီး, ချွေးညွှန့်သီး၍, သက်ကြီးရှိုက်ငင်, ဟိုက်ပူပင်တည်း။

http://www.dhammadownload.com

၂။ ဝိဘာဝ, ၃။ အနုဘာဝ

၃၄၈။ ဝိဘာဝေါ ကာရဏံ တေသု–ပ္ပတ္တိယုဒ္ဒိပနေ တထာ၊
ယော သိယာ ဗောဓကော တေသံ , အနုဘာဝေါ ယမီရိတော။

၃၄၈။ တေသံ–ထိုဘာဝသုံးပါးတို့၏၊ ဥပ္ပတ္တိယာ–ဖြစ်ခြင်း၌လည်းကောင်း၊ တထာ–ထိုမှတစ်ပါး၊ ဥဒ္ဒိပနေ–ဖြစ်ပြီးသော ဘာဝတို့ကို ထင်စွာပြခြင်း၌လည်းကောင်း၊ ကာရဏံ–မူချအကြောင်း, အခြံအရံအကြောင်းသည်၊ ဝိဘာဝေါ–ဝိဘာဝမည်၏၊ တေသံ–ထိုဘာဝသုံးမျိုးတို့ကို၊ ဗောဓကော–သိစေတတ်သော၊ ယော–အကြင်ကိုယ်အမူအရာ,နှုတ်အမူအရာသည်၊ သိယာ–ရှိ၏၊ အယံ–ဤကိုယ်အမူအရာ, နှုတ်အမူအရာနှစ်ပါးကို၊ အနုဘာဝေါ–အနုဘာဝဟူ၍၊ ဤရိတော–ဆိုအပ်၏။

ဤကဗျာဖြင့် ဓူဇကောပုဏ္ဏားကို စွဲ၍ဖြစ်သော ဝေဿန္တရာမင်းကြီး၏ ဒါနဥဿာဟဌာယီဘာဝသည် သောကဌာယီဘာဝသို့ ပြောင်းရွှေ့ပုံကိုပြ၏၊ ဤနည်းကိုမှီ၍ ထိုထိုဘာဝတို့၏ ပြောင်းရွှေ့ပုံကို သိနိုင်လောက်ပေပြီ၊ ကျယ်အံ့စိုးသောကြောင့် စုံအောင်မပြသာရှိတော့သည်၊ မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် ရှာဖွေထုတ်ယူ မှတ်သားကြပါလေ။

(၂) ဝိဘာဝ

၃၄၈။ ။ ထို၏မူလာ, အကြောင်းမှာမူ, အာရမဏာ၊ ကြောင်းဖျားကမူ, ဥဒ္ဒိဟူ၍, နှစ်ဆူဝိဘာဝ, ကောက်ယူကြလော့။

ဘာဝသုံးမျိုးကို အထူးအားဖြင့် တိုးပွားစေတတ်သော အကြောင်းသည်– ဝိဘာဝမည်၏။ [ဝိသေသေန ဘာဝံ ဘာဝေတိ ဝမေတီတိ–ဝိဘာဝေါ။]

ထိုဝိဘာဝသည် ပြဆိုခဲ့ပြီးသည့်အတိုင်း– (၁) အာရမဏဝိဘာဝ, (၂) ဥဒ္ဒိပနဝိဘာဝ–ဟု နှစ်မျိုးပြား၏၊ ထိုနှစ်မျိုးတို့တွင်–

(က) ဌာယီဘာဝ, ဗျဘိစာရီဘာဝ, သာတ္တိကာဘာဝ–ဟု ဆိုအပ်သော ဘာဝသုံးမျိုးကို ဖြစ်စေတတ်သော မူချ(အာရုံ)အကြောင်းသည်– အာရမဏဝိဘာဝမည်၏။

(ခ) ထိုဘာဝသုံးမျိုးတို့၏ ထင်ရှားခြင်း, တိုးပွားခြင်း၏အကြောင်း (ထိုဘာဝသုံးမျိုးကို ထင်ရှားစေတတ်, တိုးပွားစေတတ်သော အခြံအရံဖြစ်သော အကြောင်း)သည်– ဥဒ္ဒိပနဝိဘာဝမည်၏။

ထို့ကြောင့် "အကြောင်းပြ ဝိဘာဝါငယ်၊ ကြောင်းရင်းမှာ အာရမ္မဏယ်နှင့်၊ ကြောင်းဖျားက ဥဒ္ဒိပါ၊ ခွဲခြားကောက်ပါ" ဟူ၍လည်း အောက်၌ ဆိုခဲ့ရပေသည်။

မှာထားချက် များသောအားဖြင့် အာရမဏာပစ္စည်းဖြစ်သော အကြောင်းမျိုးသည် အာရမဏာဝိဘာဝဖြစ်တတ်၏၊ ပကတူပနိဿယပစ္စည်းဖြစ်သော အကြောင်းမျိုးသည် ဥဒ္ဒိပနဝိဘာဝဖြစ်တတ်၏၊ သို့ရာတွင် အလင်္ကာဟူသည်မှာ လောကီကျမ်းမျှသာဖြစ်၍

http://www.dhammadownload.com

ကဗျာဖွဲ့ရန်-ဥပဒေသ

၃၄၉။ နေကဟေတုံ မနောဝုတ္တိ-ဝိသေသဉ္စ ဝိဘာဝိတုံ၊
ဘာဝံ ဝိဘာဝါနုဘာဝါ , ဝဏ္ဏိယာ ဗန္ဓနေ ဖုဋုံ။

အဘိဓမ္မာနှင့် သဘောသွားတူသောအရာလည်း ရှိ၏၊ မတူသောအရာလည်း ရှိ၏၊ အရာ ဌာနအားလျော်စွာ သဘာဝကျအောင် ချိန်ဆ၍ ကောက်ယူဖို့သာ လိုပေသည်။

(၃) အနုဘာဝ

ဘာဝသိမှု, အကျိုးစုမှာ, နုဘာဝါသည်, ဘာဝါလင်္ကာရ-ထုတ်နည်းတည်း။

မီး၏အကျိုးဖြစ်သော အခိုးသည် မီးကို သိရခြင်းအကြောင်း ဖြစ်သကဲ့သို့ ဌာယီဘာဝ, ဗျဘိစာရီဘာဝ, သာတ္တိကာဘာဝတို့ကြောင့်ဖြစ်သော ကိုယ်အမူအရာ, နှုတ်အမူအရာ-ဟု ဆိုအပ်သော အကျိုးတို့သည်လည်း ထိုဘာဝသုံးပါးကို သိရခြင်း၏အကြောင်း ဖြစ်သောကြောင့် အနုဘာဝတို့မည်၏၊ သည်ကိုရည်၍ အောက်က "ဘာဝသိမှု-ကျိုးစုဟာကို၊နုဘာဝါထုတ်ကြ ပေတော့လေး"ဟု ဆိုခဲ့ရပေသည်။ [အနုဘာဝေတိ ဗောဓေတီတိ-အနုဘာဝေါ။]

အနုဘာဝေါနာမ ဌာယီဘာဝါဒီနံ တေသံ တေသံ ဘာဝါနံ ပကာသကဝါစသိက ဗျာပါရသင်္ခါတကဝိပယောဂေါစ ကာယိကပယောဂဘူတော နဌာနံ အဘိနယ သင်္ခါတော တံတံဘာဝသရူပနိရူပကော စေတိ ဒုဝိဓော ဗျာပါရော။ [ဋီ-သစ်။]

နေရာတိုင်းမှာ နိဗ္ဗာန်တိုင်အောင်သော အကျိုး-စသည်ကို အနုဘာဝအရ ကောက်ယူမိတတ်ကြ၏၊ ဤဋီကာသစ်စကားဖြင့် ချိန်ထိုးစဉ်းစား၍ ကောက်ယူကြပါလေ။

ကဗျာဖွဲ့ရန်ဥပဒေသ

၃၄၉။ ဌာယီဘာဝ, ဗျဘိစာရီဘာဝ, သာတ္တိကာဘာဝတို့သည် တစ်ပါးမကများသော အကြောင်းတို့ကြောင့် ဖြစ်၏၊ သို့ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဖြစ်သည်-ဟု ထင်ရှားစေခြင်းငှာ ၄င်းတို့၏အကြောင်းဖြစ်သော ဝိဘာဝတို့ကို ပြရမည်၊ ထိုဘာဝတို့-ဟူသည် စိတ်ဖြစ်ခြင်းအထူးမျှသာ ဖြစ်ကြ၏၊ ထို့ကြောင့် ၄င်းတို့ကို သိဖို့ရန် ခဲယဉ်းရကား ၄င်းတို့ကို သိစေတတ်သော ကိုယ်အမူအရာ, နှုတ်အမူအရာ-ဟုဆိုအပ်သော အနုဘာဝ ကိုလည်း ထင်ရှားစွာ ပြရမည်၊ ထည့်သွင်းဖွဲ့ဆိုရမည်၊ ပုံစံဖြင့် ထင်ရှားစေဦးအံ့-

မိုးတိမ်မှထွက်, လျှပ်စစ်ပြက်သို့, တောနက်တွင်းမှ, ထွက်လာကြသည့်, ဒေဝကညာ, မြင်သောခါဝယ်, လေသာညှင်းသွဲ့, ပျောင်းနွဲ့လှုပ်ရှား, ရေပြင်သားတွင်, လရိပ်ထင်သို့, အရှင်နန္ဒ, ကိုယ်ကာယသည်.... ရာဂစွမ်းကြောင့်တုန်သတည်း။ (နော။)

စိစစ်ပြချက် ဤ၌ ကိုယ်တုန်လှုပ်ခြင်းသည် သာတ္တိကာဘာဝမည်၏၊ ထို၏အကြောင်းကို မပြမူ၍ ကိုယ်လှုပ်ပြီ-ဟု သာမညဆိုလျှင် လှုပ်ခြင်းအကြောင်း များပြား၍

http://www.dhammadownload.com

၃၄၉။ အနေကဟေတုံ-များသောအကြောင်းရှိသော၊ မနောဝုတ္တိဝိသေသံ-စိတ်ဖြစ်ခြင်း၏ အထူးဖြစ်သော၊ ဘာဝံစ-ဘာဝကိုလည်း၊ ဝိဘာဝိတုံ-ထင်စွာပြခြင်းငှာ၊ ဝိဘာဝါနုဘာဝါ-ဝိဘာဝ, အနုဘာဝတို့ကို၊ ဗန္ဓနေ-အဖွဲ့ဗန္ဓဒ်၊ ဖုဋုံ-ထင်ရှားစွာ၊ ဝဏ္ဏိယာ-ဖွင့်အပ်ကုန်၏။

စိတ်ဆိုး၍ပင် လှုပ်လေသလား, ဖျားနာ၍ပင်လှုပ်လေသလား-ဟု တွေးတောဖွယ်ရှိ၏၊ ထို့ကြောင့် (ရာဂစွမ်းကြောင့်)ရာဂကြောင့်-ဟု အကြောင်းကို ထည့်၍ဆိုအပ်၏။

ထိုရာဂသည်- ရတိဌာယိဘာဝမည်၏၊ ထိုရတိဌာယိဘာဝ-ဟုဆိုအပ်သော ရာဂသည် သုန္ဒရီမင်းသမီးကြောင့်ပင် ဖြစ်လေသလား, သို့မဟုတ် မျောက်အိုမကြောင့်ပင် ဖြစ်လေသလား-ဟု အကြောင်းမထင်ရှားဘဲ ဖြစ်ခဲ့ပြန်၏၊ ထို့ကြောင့် အကြောင်းကို ထင်ရှားစေခြင်းငှာ (ဒေဝကညာ, မြင်သောခါဝယ်-ဟု) နတ်သမီး-တည်းဟူသော အာရမဏဝိဘာဝကို ပြအပ်၏၊ ထိုနတ်သမီးတို့ကို မြင်ရတိုင်းလည်း ရာဂမဖြစ်တန်ရာ၊ ရာဂဖြစ်ခြင်းကို တိုးပွားစေတတ်သော အကြောင်းရှိမှ ဖြစ်ပေမည်၊ သို့ဖြစ်၍ ထိုရာဂဖြစ်အောင် မည်သည့်အရပ်၌ မြင်ပါသနည်း-ဟု ထိုရတိဌာယိဘာဝ တိုးပွားခြင်းအကြောင်းကို မေးဖွယ်ရှိ၏၊ ထို့ကြောင့် (တောနက်တွင်းမှ, ထွက်လာကြသည့်)ဟူသော ဝိသေသနကို ထည့်ရပြန်လေသည်၊ ထိုဝိသေသနစကားရပ်၌ပါသောတောသည် ရာဂကိုတိုးပွားစေတတ်သော ဥဒ္ဒီပနဝိဘာဝမည်၏။

ထိုရာဂ-တည်းဟူသော ရတိဌာယိဘာဝ ဖြစ်နေကြောင်းကို အဘယ်ကိုမြင်၍ သိရပါသနည်း-ဟု မေးဖွယ်ရှိပြန်၏၊ ထို့ကြောင့် (ကိုယ်ကာယသည်, ရာဂစွမ်းကြောင့်-တုန်သတည်း၊)ဟူသော စကားကို ဆိုရသည်၊ ဤ၌ ကိုယ်လှုပ်ခြင်းသည် ရတိဌာယိဘာဝ ရာဂဖြစ်နေကြောင်းကို သိရသော-အနုဘာဝမည်၏။

အဆိုပါကဗျာ၌ ရာဂ-တည်းဟူသော ရတိဌာယိဘာဝကို နတ်သမီး-တည်းဟူသော အာရမဏဝိဘာဝ, တော-တည်းဟူသော ဥဒ္ဒီပနဝိဘာဝ, ကိုယ်လှုပ်ခြင်း-တည်းဟူသော အနုဘာဝတို့ဖြင့် ထင်စွာပြထားပေသည်။

မသင့်သော အရေးအသား

ထိုသို့ ဆိုခဲ့ပြီးသည့်အတိုင်း ဝိဘာဝ, အနုဘာဝတို့ဖြင့် ဖွင့်ဆိုမှသာလျှင် ဘာဝ၏အထူးကို သိနိုင်ရာ၏၊ ထိုသို့ ဝိဘာဝ, အနုဘာဝတို့ဖြင့် မဖွင့်ဆိုဘဲ "သူ့မျက်လုံးညို, မျက်ရည်ယို၏" ဟု အသု-ဟူသော သာတ္တိကာဘာဝမျှသာ ဆိုခဲ့သော် စိုးရိမ်ခြင်းကြောင့်-ဟူ၍လည်းကောင်း, နှစ်သက်ဝမ်းမြောက်ခြင်းကြောင့်-ဟူ၍လည်းကောင်း, ကြင်နာသနားခြင်းကြောင့်-ဟူ၍လည်းကောင်း အဘယ်သူသည် အကြောင်းကို ဆုံးဖြတ်ခြင်းငှာ စွမ်းနိုင်ပါမည်နည်း၊ တစ်စုံတစ်ယောက်မျှ စွမ်းနိုင်မည်မဟုတ်ချေ၊ မှန်၏- ထိုဘာဝ-ဟူသည်မှာ စိတ်ဖြစ်ပုံအထူးမျှသာ ဖြစ်သည်၊ ဝိဘာဝ,အနုဘာဝကို ကြဉ်ထား၍ မည်သည့်ပညာရှိ တစ်ဦးတစ်ယောက်မျှ ဖွင့်ဆိုခြင်းငှာ

http://www.dhammadownload.com

အသင့်ယုတ္တိမလွတ်ရ

၃၅၀။ သဝိဘာဝါနုဘာဝေဟိ , ဘာဝါ တေ တေ ယထာရဟံ၊
ဝဏ္ဏနီယာ ယထောစိတ္တံ , လောကရူပါနုဂါမိနာ။

၃၅၀။ လောကရူပါနုဂါမိနာ–လောကသဘောသို့ အစဉ်လိုက်လေ့ရှိသော ပညာရှိသည်၊ တေတေဘာဝါ–ထိုထိုဘာဝတို့ကို၊ ယထောစိတ္တံ–အသင့်ယုတ္တိအားလျော်စွာ၊ သဝိဘာဝါနုဘာဝေဟိ–ဝိဘာဝနှင့်တကွသော အနုဘာဝတို့ဖြင့်၊ ယထာရဟံ–ထိုက်သည်အားလျော်စွာ၊ ဝဏ္ဏနီယာ–ဖွင့်ဆိုအပ်ကုန်၏။

သာတ္ထိကာဘာဝကို ဖွင့်ဆိုနည်း

၃၅၁။ စိတ္တဝုတ္တိဝိသေသတ္တာ , မာနသာ သာတ္ထိကင်္ကတော၊
ဗဟိနိဿဋသေဒါဒိ–အနုဘာဝေဟိ ဝဏ္ဏိယာ။

၃၅၁။ စိတ္တဝုတ္တိဝိသေသတ္တာ–စိတ်၏ဖြစ်ခြင်းအထူးတို့၏ အဖြစ်ကြောင့်၊ မာနသာ–စိတ်၌ဖြစ်ကုန်သော၊ သာတ္ထိကာ–သာတ္ထိကာဘာဝတို့ကို၊ အင်္ကတော–ကိုယ်အင်္ဂါမှ၊ ဗဟိနိဿဋသေဒါဒိအနုဘာဝေဟိ–အပသို့ထွက်သော ချွေးစသော အနုဘာဝတို့ဖြင့်၊ ဝဏ္ဏိယာ–ဖွင့်ဆိုအပ်ကုန်၏။

မစွမ်းနိုင်၊ မည်သည့်ကချေသည်မျှ ဆောင်မပြနိုင်(သရုပ်မဖော်နိုင်)၊ ကွသာခေါင်းပါး, မည်သည့်သူကောင်းသားမျှလည်း မသိနားမလည်နိုင်၊ မသာယာနိုင်၊ ထို့ကြောင့် မိမိရေးလိုသော ကဗျာ၌ ထိုထိုဘာဝကို ဝိဘာဝ,အနုဘာဝတို့ဖြင့် တန်ဆာဆင်ယင် ဖွင့်ပြအပ်၏၊ ထိုသို့ အပြည့်အစုံပါမှသာ ကဗျာကောင်းဖြစ်နိုင်မည်။

အသင့်ယုတ္တိမလွတ်ရ

၃၅၀။ ထိုဌာယီဘာဝ, ဗျဘိစာရီဘာဝ, သာတ္ထိကာဘာဝတို့ကို လောကသဘော (ဝေါဟာရ)ကို မကျော်လွန်စေဘဲ (ထိုထိုဘာဝတို့နှင့် မဆန့်ကျင်၍) ထိုထိုဘာဝအားသင့်လျော်လျောက်ပတ်သော ဝိဘာဝ,အနုဘာဝတို့ဖြင့် ထိုက်သည်အားလျော်စွာ ဖွင့်ဆိုရမည်– ပြရမည်။

သာတ္ထိကာဘာဝကိုဖွင့်ဆိုနည်း

၃၅၁။ စိတ်၏ဖြစ်ခြင်းအထူး ဖြစ်ကုန်သောကြောင့် စိတ်၌ဖြစ်ကုန်သော သာတ္ထိကာဘာဝတို့ကို ကိုယ်အင်္ဂါမှ အပသို့ ထွက်ကျသော ချွေး–အစရှိသော အနုဘာဝတို့ဖြင့် ဖွင့်ပြအပ်၏။

ကိုယ်အင်္ဂါမှ အပသို့ထွက်ကျသော (ဟူသော ဝိသေသနဖြင့် အထူးပြုအပ်သော) ချွေး–အစရှိသည်တို့သာ ဘာဝ,အနုဘာဝတို့ ဖြစ်နိုင်ကုန်၏၊ သက်သက်သော ချွေး–စသည်တို့ကို ဆိုခဲ့သော် ဘာဝ,အနုဘာဝတို့ပင် မမည်နိုင်ကုန်။ [ဋီ–သစ်။]

http://www.dhammadownload.com

ရသသဘော

၃၅၂။ သာမဇ္ဇိကာနမာနန္ဒော , ယော ဗန္ဓတ္ထာနုသာရိနံ၊
ရသီယတီတိ တညူဟိ , ရသော နာမာယမိရိတော။

၃၅၂။ ဗန္ဓတ္ထာနုသာရိနံ–အဖွဲ့ဗန္ဓ၏ အနက်အဓိပ္ပာယ်ကို အစဉ်အောက်မေ့ကြဲစည်သိမြင်လေ့ရှိကုန်သော၊ သာမဇ္ဇိကာနံ–ပွဲလမ်းသဘင်၌ယှဉ်သော သူတော်ကောင်းတို့၏၊ ယော အာနန္ဒော–အကြင်နှစ်သက်သာယာအပ်သောသဘောသည်၊ အတ္ထိ–ရှိ၏၊ အယံ–ဤနှစ်သက်သာယာအပ်သော သဘောကို၊ ရသီယတီတိ (ဝစနတ္ထေန)–ရသီယတီဟူသော ဝစနတ္ထကြောင့်၊ ရသောနာမ–ရသမည်၏ဟူ၍၊ တညူဟိ–ထိုရသသဘောကိုသိသော ပညာရှိတို့သည်၊ ဤရိတော–မိန့်ဆိုအပ်၏။

ရသ–သဘော

၃၅၂။ ။ သာယာအပ်သော, နက်သဘော, မှတ်လော–ရသပါ။

အဖွဲ့ဗန္ဓ၏ အနက်အဓိပ္ပာယ်ကို ကြဲစည်မြင်သိ ပွဲလမ်းသဘင်၌ယှဉ်သော ပညာရှိတို့၏ နှစ်သက်သာယာအပ်သော သဘောသည် ရသမည်၏။ [ရသီယတိ အဿာဒီယတီတိ–ရသော။]

အမျိုးမျိုးသော ဟင်းလျာတို့ဖြင့် ပြုပြင်စီရင်အပ်သော အစာအာဟာရကို သုံးဆောင်ကြသောသူတို့သည် အချို,အချဉ်–စသော ထိုထိုအရသာတို့ကို သာယာနှစ်သက်(စုံမက်)ကြကုန်သကဲ့သို့ အမျိုးမျိုးသော ကပြုပုံ ကပြနည်းတို့ဖြင့် ပြအပ်သောအဖွင့်၏ အကြောင်းဖြစ်ကုန်သော လျောက်ပတ်ကုန်သော ကဗျာကျမ်းတို့နှင့် ယှဉ်ကုန်သော ဌာယီဘာဝတို့ကို ငြူစူဝန်တိုခြင်းကင်းသော ပညာရှိသူတော်ကောင်းတို့သည် နှစ်သက်ကြကုန်၏၊ သာယာကြကုန်၏။

ထို့ကြောင့် ဌာယီဘာဝကိုးပါးတို့ကို ကချေသည်တို့သည် ပြပုံပြနည်း အမျိုးမျိုးတို့ဖြင့် ပြအပ်သောကြောင့်လည်းကောင်း, သူတော်ကောင်းတို့ သာယာနှစ်သက်အပ်သည်၏အဖြစ်–ဟု ဆိုအပ်သော ရသ၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း နဋ္ဌရသတို့–ဟူ၍လည်း ဆိုအပ်ကုန်၏။

ထိုရသ၏အရ သိင်္ဂါရ–စသော ရသကိုးပါးကို မုချကောက်အပ်၏၊ ဌာယီဘာဝကိုးပါးကို ဖလူပစာအားဖြင့် ကောက်အပ်၏၊ အဘိဓာန်ဋီကာဆရာကား– ရသကိုပြတတ်သော သီချင်းကို မုချအရကောက်၏၊ သိင်္ဂါရ–စသော ရသကိုးပါးကို ဖလူပစာအားဖြင့် ရသ–ဟု ကောက်၏။

http://www.dhammadownload.com

ဌာယီဘာဝတို့-ရဿသဘောသက်ရောက်ပုံ

၃၅၃။ သဝိဘာဝါနဘာဝေဟိ , သာတ္တိကာဗျဘိစာရိဘိ၊
အဿာဒီယတ္တမာနိယ-မာနော ဌာယေဝ သော ရသော။

ဌာယီဘာဝတို့-ရဿသဘောသက်ရောက်ပုံ

၃၅၃။ နို့ဓမ်း-ဟူသည် ချဉ်သောအဖြစ်သို့ရောက်သော နို့ပင်တည်း-ဟု ဆိုရာ၌ ချဉ်သောအဖြစ်သို့ မရောက်သေးသောနို့ကို နို့ဓမ်း-ဟု မခေါ်ရသကဲ့သို့လည်းကောင်း၊ ထမင်း-ဟူသည် နူးညံ့ပျော့ပျောင်းသည်၏အဖြစ်သို့ရောက်သော ဆန်ပင်တည်း-ဟု ဆိုရာ၌ နူးညံ့ပျော့ပျောင်းသောအဖြစ်သို့ မရောက်သေးသော ဆန်ကို ထမင်း-ဟု မခေါ်ရသကဲ့သို့လည်းကောင်း၊ ထို့အတူ ရဿ-ဟူသည် သာယာအပ်သည်၏ အဖြစ်သို့ ဆောင်အပ်သော ဌာယီဘာဝပင်တည်း၊ သာယာအပ်သောအဖြစ်သို့ရောက်အောင် မဆောင်ရသေးသော ဌာယီဘာဝကို ရဿ-ဟု မဆိုအပ်၊ သာယာအပ်သောအဖြစ်သို့ရောက်အောင် ဆောင်အပ်သော ဌာယီဘာဝကိုသာ ရဿ-ဟု ဆိုအပ်၏။

သာယာအပ်သောအဖြစ်သို့ ရောက်အောင်လည်း ထိုထိုဌာယီဘာဝတို့အားလျော်ကုန်သော ဝိဘာဝ-အနုဘာဝတို့ဖြင့်လည်းကောင်း, သာတ္တိကာဘာဝ-ဗျဘိစာရိဘာဝတို့ဖြင့်လည်းကောင်း ဆောင်ပြအပ်ပေ၏။

ဌာယီဘာဝနှင့်ရဿထူးခြားပုံ

ကဗျာတတ်သိ ပညာရှိတို့သည် သာယာအပ်သည်၏အဖြစ်သို့ရောက်အောင် ဆောင်အပ်သော ဌာယီဘာဝသည် "ရသီယတိတိ-ရသော" ဟူသော ဝိဂြိုဟ်အရ သာယာအပ်သောကြောင့် မူလရသမည်၏၊ သာယာအပ်သောအဖြစ်သို့ မရောက်သေးသော ဌာယီဘာဝသည်ကား-(ဩဒနံ ပစတိ-ကဲ့သို့) အကျိုး၏အမည်ကို အကြောင်း၌တင်စားသော ဖလူပစာအားဖြင့် ရသမည်၏။ [ဋီ-သစ်။]

ချဲ့ဦးအုံ- သဘင်သည်တို့သည်လည်းကောင်း, စာရေးဆရာတို့သည်လည်းကောင်း သာယာအပ်သည်၏အဖြစ်သို့ရောက်အောင် မဆောင်ရသေးသော ဝေဿန္တရာမင်းကြီး၏ သန္တာန်၌ဖြစ်သော သောက(စိုးရိမ်ခြင်း)သည် သောကဌာယီဘာဝမည်၏၊ သာယာအပ်သည်၏အဖြစ်သို့ ရောက်အောင်ဆောင်အပ်သော စိုးရိမ်ခြင်းသည်သာ ရသမည်၏၊ ထို့ကြောင့် ဌာယီဘာဝသည်-အကြောင်း, ရသသည်-အကျိုးဖြစ်၍ အကျိုးဖြစ်သော ရသ၏သဘောကို အကြောင်းဖြစ်သော ဌာယီဘာဝ၌ တင်စားလျက် အကြောင်းဖြစ်သော ဌာယီဘာဝကိုပင် ရသ-ဟု ခေါ်နိုင်ပြန်သည်။

ထို့ကြောင့် သာယာနှစ်သက်အပ်သော ရသအဖြစ်သို့ မဆောင်စွမ်းနိုင်သော ဌာယီဘာဝ, နှစ်သက်အပ်သော ရသ၏အဖြစ်သို့ ဆောင်စွမ်းနိုင်သော ဌာယီဘာဝ-ဟု နှစ်မျိုးခွဲ၍ "ရသ၏အဖြစ်သို့ရောက်အောင် ဆောင်နိုင်သော ဌာယီဘာဝသည် ရသနှင့်တူ၏၊ မဆောင်နိုင်သော ဌာယီဘာဝသည် ရသနှင့် အကြောင်းအကျိုးအားဖြင့် ထူးခြား၏"ဟု ခွဲခြားမှတ်သားသင့်၏။

http://www.dhammadownload.com

၃၅၃။ သောရသော–ထိုရသဟူသည်၊ သဝိဘာဝါနုဘာဝေဟိ–ဝိဘာဝနှင့် တကွသော အနုဘာဝတို့ဖြင့်လည်းကောင်း၊ သာတ္တိကာဗျဘိစာရီဘိ–သာတ္တိကာဘာဝ, ဗျဘိစာရီဘာဝတို့ဖြင့်လည်းကောင်း၊ အဿာဒီယတ္တံ–သာယာအပ်သည်၏ အဖြစ်သို့၊ အာနီယမာနော–(ပညာရှိတို့) ဆောင်အပ်သော၊ ဌာယေဝ–ဌာယီဘာဝကိုးပါးသံဘတည်း။

ရသ–အပြား

၃၅၄။ သိင်္ဂါရဟဿကရုဏာ , ရုဒ္ဒဝီရဘယာနကာ၊
ဗီဘစ္ဆဿုတသန္တာ စ , ရသာ ဌာယီနနုက္ကမာ။

ဘာဝါလင်္ကာရ ထုတ်ရန်အစီအစဉ်

ဆိုခဲ့ပြီးသောစကားရပ်များအရ ဘာဝါလင်္ကာရထုတ်ရာ၌ အထည်ခံဖြစ်သော ဌာယီဘာဝကို ရှေးဦးပထမ ကောက်ထားရမည်၊ ထို့နောက် အကြောင်းဖြစ်သောဝိဘာဝ, အကျိုးဖြစ်သော အနုဘာဝတို့ကို မိမိတို့ကောက်ထားသော ဌာယီဘာဝအားလျော်စွာ ထုတ်ပြရမည်၊ ထိုကောက်ထားသော ဌာယီဘာဝအားလျော်သော သာတ္တိကာဘာဝ, ဗျဘိစာရီဘာဝတို့ကိုလည်းကောက်ပြရမည်၊ ယခုကာလ၌ကား သာတ္တိကာဘာဝနှင့် ဗျဘိစာရီဘာဝကို ကောက်သူနည်းပါး၏၊ ဤသဝိဘာဝါနုဘာဝေဟိ–စသော ဂါထာကိုထောက်၍ ရသင့်သည်အားလျော်စွာ ကောက်ရမည်သာ မှတ်လေ၊ သည်ကိုရည်၍ "သာတ္တိ–ဗျဘိ ထိုနှစ်ဖြာငယ်၊ ရသကိုပါ ယှဉ်ကြပေတော့လေး"ဟု ဆိုခဲ့ရပေသည်။

ထို့နောက် ထိုဝိဘာဝ, အနုဘာဝ, သာတ္တိကာဘာဝ, ဗျဘိစာရီဘာဝတို့ဖြင့် သာယာအပ်သည်၏အဖြစ်သို့ ရောက်စေအပ်သော ရတိဌာယီဘာဝသည်ပင် သိင်္ဂါရရသမည်၏–စသည်ဖြင့် ရသကိုပါ ကောက်ယူရမည်၊ [နောက်(၃၇၅)၌ ပြထားသော ဌာယီဘာဝ–ရသယှဉ်တွဲပုံဇယားကို ကြည့်ပါ။] ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားခြင်းသို့ ရောက်စေအပ်သော –စသည်ဆို၍လည်း ရသအရကို ကောက်နိုင်သည်သာ။ [ဆိုခဲ့ပြီးသော "ကောင်းဆိုးနော် စိတ်ပျော်လှ"စသော ဆောင်ပုဒ်, "ငြီးငွေ့မှုလျှင်, နိဗ္ဗေတွင်ရှင့်၊ ဆင်ခြင်တက္က"စသော ဆောင်ပုဒ်, "ကိုယ်စိတ်တောင့်တင်း, ခိုင်မာခြင်းမှာ, ထမ္ဘာသာတည်း"စသော ဆောင်ပုဒ်များကို ရပါစေ၊ မရက ပြန်ကြည့်ပါ။]

ရသအပြား

၃၅၄။ သာယာအပ်သည်၏အဖြစ်သို့ရောက်အောင် ဆောင်အပ်ပြီးသော–

(၁) ရတိဌာယီဘာဝသည်– သိင်္ဂါရရသမည်၏၊
(၂) ဟာသဌာယီဘာဝသည်– ဟာသရသမည်၏၊
(၃) သောကဌာယီဘာဝသည်– ကရုဏာရသမည်၏၊
(၄) ကောဓဌာယီဘာဝသည်– ရုဒ္ဒရသမည်၏၊
(၅) ဥဿာဟဌာယီဘာဝသည်– ဝီရရသမည်၏၊
(၆) ဘယဌာယီဘာဝသည်– ဘယာနကရသမည်၏၊
(၇) ဇိဂုစ္ဆာဌာယီဘာဝသည်– ဗီဘစ္ဆရသမည်၏၊

http://www.dhammadownload.com

၃၅၄။ ဌာယီနံ-ရတိစသော ဌာယီဘာဝတို့၏၊ အနုက္ကမာ-အစဉ်အားဖြင့်၊ သိင်္ဂါရဟာသကရုဏာ-ချစ်ခင်နှစ်သက်ခြင်း, ရယ်ရွှင်ဝမ်းမြောက်ခြင်း, သနားကြင်နာအပ်သောအဖြစ်သို့ ရောက်အောင် စိုးရိမ်ပူဆွေးခြင်းတို့လည်းကောင်း၊ ရုဒ္ဓဝီရဘယာနကာ-ကြမ်းကြုတ်ခက်ထန်ခြင်း, ရဲရင့်အားထုတ်ခြင်း, ကြောက်ရွံ့ခြင်းတို့လည်းကောင်း၊ ဗီဘစ္ဆဇုတသန္တာစ-စက်ဆုပ်ခြင်း, အံ့သြခြင်း-(မဖြစ်စဖူးဖြစ်ခြင်း), ငြိမ်းအေးခြင်းတို့လည်းကောင်း၊(ကွတိ-ဤကိုးပါးတို့သည်) ရသာ-ရသာတို့မည်၏။

---

(၈) ဝိမှယဌာယီဘာဝသည်- အဗ္ဘုတရသမည်၏၊

(၉) သမဌာယီဘာဝသည်- သန္တ ရသမည်၏-

ဟု ဆိုလိုသည်။ [အစဉ်ထားခဲ့သော ဝိသေသနပုဒ်ကို ပုဒ်တိုင်းယှဉ်စပ်၍ အဓိပ္ပာယ်ယူကြရန်ဖြစ်သည်၊ ကျယ်အံ့စိုးသောကြောင့် ချုံးထားခဲ့သည်။]

ရသအခိုက်အတန့်သို့ ရောက်လာကြသော ရတိ,ဟာသ-စသော ဌာယီဘာဝတို့၏ အမည်ထူးကို အမှတ်ရလွယ်ကူစေခြင်း, အရကောက်လွယ်ကူစေခြင်းငှာ တရားကိုယ်များကိုပါ ယှဉ်တွဲ၍ ဇယားဖြင့် ပြပါဦးအံ့-

ဌာယီဘာဝ-ရသ ယှဉ်တွဲပုံဇယား

ဌာယီဘာဝ	ရသ	သဘောအရကောက်တရားကိုယ်
၁-ရတိ	သိင်္ဂါရ	ချစ်ခင်နှစ်သက်ခြင်း-ဟူသော ပီတိ(တစ်နည်း-ဝိဟာ။)
၂-ဟာသ	ဟာသ	ရယ်ရွှင်ခြင်း-ဝမ်းမြောက်ခြင်း(သောမနဿဝေဒနာ။)
၃-သောက	ကရုဏာ	သနားကြင်နာအပ်သောအဖြစ်သို့ရောက်အောင် စိုးရိမ်ပူဆွေးခြင်း(ဒေါမနဿဝေဒနာ။)
၄-ကောဓ	ရုဒ္ဒ	ကြမ်းကြုတ်ခက်ထန်ခြင်း (ကြမ်းကြုတ်ခက်ထန်သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသ။)
၅-ဥဿာဟ	ဝီရ	ရဲရင့်အားထုတ်ခြင်း(ဝီရိယ။)
၆-ဘယ	ဘယာနက	ကြောက်ရွံ့ခြင်း (ဆုတ်နစ်သော အခြင်းအရာအားဖြင့် ဖြစ်သော ဒေါသ။)
၇-ဇုဂုစ္ဆာ	ဗီဘစ္ဆ	စက်ဆုပ်ခြင်း (စက်ဆုပ်သော အခြင်းအရာအားဖြင့် ဖြစ်သော ဒေါသ၊ တစ်နည်း=ထိတ်လန့်ငြီးငွေ့သော အခြင်းအရာအားဖြင့်ဖြစ်သော သြတ္တပ္ပ။)
၈-ဝိမှယ	အဗ္ဘုတ	အံ့သြခြင်း- မဖြစ်စဘူးဖြစ်ခြင်း (အံ့သြသော အခြင်းအရာအားဖြင့်ဖြစ်သော ဆန္ဒ။)
၉-သမ	သန္တ	ငြိမ်းအေးခြင်း (ငြိမ်းအေးသော အခြင်းအရာအားဖြင့် ဖြစ်သော ကာယပွဿဒ္ဓိ, စိတ္တပွဿဒ္ဓိ။)

http://www.dhammadownload.com

အနိဋ္ဌာရုံဖြစ်သော်လည်း ရသဖြစ်ပုံ

၃၅၅။ ဒုက္ခရူပေယမာနန္ဒော , ကထံ နု ကရုဏာဒိကေ၊
သိယာ သောတူနမာနန္ဒော , သောကော ဝေဿန္တ ရသ ဟိ။

အနိဋ္ဌာရုံဖြစ်သော်လည်း ရသဖြစ်ပုံ

၃၅၅။ ကဋ္ဌာရုံဖြစ်သော သိင်္ဂါရရသ, ဟဿရသ, ဝီရရသ, အဗ္ဘုတရသတို့၌ သာယာနှစ်သက်အပ်သောသဘော ဖြစ်တန်စေ၊ အနိဋ္ဌာရုံဖြစ်သော ကရုဏာရသ, ရုဒ္ဒရသ, ဘယာနကရသတို့၌ မည်သို့ သာယာအပ်သောသဘော ဖြစ်နိုင်မည်နည်း–ဟူမူ ဆိုလတ္တံ့သော နည်းဖြင့် ဖြစ်နိုင်ပေသည်။

တတော ဝေဿန္တရော ရာဇာ , ဒါနံ ဒတွာန ခတ္တိယော၊
ပဏ္ဍာသာလံ ပဝိသိတွာ , ကလုနံ ပရိဒေဝယိ။

လယ်မြေပိုင်သ, အစိုးရသည့်, ခတ္တိယနွယ်မျိုး, ပွားတိုးသက်ဆင်း, ဝေဿန်မင်းသည်, သားရင်းသမီး, ပေးလှူပြီးနောက်, သမီးသားလှ, မှာသမျှကို, နားဝဆတ်ဆတ်, ကြားနာလတ်၍, စိတ်မာတ်ပူပြင်း, သန်မ်းတွင်းသို့, ချက်ချင်းဆောစွာ, ဝင်ပြီးခါသော်, ကြဉ်နာဖွယ်ကို, ဆိုလည်းဆိုလျက်, ယိုမျက်ရည်စက်, ရင်ထက်လည်းစီး, ချွေးညွှန့်သီး၍ . . . . သက်ကြီးရွိုက်ငင် ပူပင်၏။

ဤ၌ ဝေဿန္တ ရာမင်းကြီး၏ သန္တာန်၌ တကယ်အစစ် သောကဖြစ်၏၊ ထိုသောကသည် သောကဌာယီဘာဝ မည်၏။

သားတော်,သမီးတော်တို့သည် (ထိုသောက၏ မူလအကြောင်းရင်းဖြစ်သောကြောင့်) အာရမဏဝိဘာဝ မည်၏။ [၄င်းကို ပါဠိ၌ ဒါနံဖြင့် ပြ၏။]

ဇူဇကာပုဏ္ဏား၏ ရိုက်နှက်နှိပ်စက်ခြင်းကို ခံရသော သားတော်,သမီးတော်တို့၏ မှာကြားပြောဆိုခြင်း–စသော အပြုအမူတို့သည် (ထိုသောက၏ တိုးပွားခြင်းကို ဖြစ်စေတတ်သောကြောင့်) ဥဒ္ဒီပနဝိဘာဝ မည်၏။ [၄င်းကို ဒါနံ–ဟူသောပါဠိ၏ အစွမ်းဖြင့် ပြ၏။]

ကျောင်းသို့ဝင်ခြင်း, သက်ကြီးရွိုက်ငင် ငိုကြွေးမြည်တမ်းခြင်းတို့သည် (သောကဖြစ်နေခြင်းကို သိစေတတ်သောကြောင့်) အနုဘာဝမည်၏။ [၄င်းကို ပဏ္ဍာသာလံ ပဝိသိတွာ ကလုနံ ပရိဒေဝယိ–ဖြင့် ပြ၏။]

မျက်ရည်ယိုခြင်း, ချွေးထွက်ခြင်း, ကိုယ်စိတ်ခိုင်မာခြင်း, တုန်လှုပ်ခြင်း, အဆင်းပျက်ခြင်း, အသံပျက်ခြင်းတို့သည် သာတ္တိကာဘာဝတို့မည်၏။

ငြီးငွေ့ခြင်း–နိဗ္ဗေဒ, စိတ်ပင်ပန်းခြင်း–ဝိသာဒ, အားကုန်ခန်းခြင်း–ဂိလာနိ, ကြံမှိုင်ခြင်း–စိန္တာ, သည်းမခံနိုင်ခြင်း–အမရိသတို့သည် ဗျဘိစာရီဘာဝတို့မည်၏။ [ထိုဗျဘိစာရီဘာဝတို့ကို ဆ၍သိအပ်၏။]

http://www.dhammadownload.com

၃၅၅။ အယံ အာနန္ဒော–ဤနှစ်သက်သာယာအပ်သော သဘောသည်၊ ဒုက္ခ ရူပေ–ဆင်းရဲခြင်းသဘောရှိသော၊ ကရဏာဒိကေ–ကရဏာရသစသည်၌၊ ကထံနု သိယာ–အဘယ်သို့ ဖြစ်နိုင်ပါအံ့နည်း၊ ဟိ–အဖြေကား၊ ဝေဿန္တ ရဿ–ဝေဿန္တ ရာမင်းမြတ်၏၊ သောကော–(သား–မယားနှင့်, ကွေကွင်းရခြင်းကြောင့် ဖြစ်သော) သောကသည်၊ သောတူနံ–ကြည့်ရှုနားထောင်ကြသော သူတော်ကောင်းတို့၏၊ အာနန္ဒော–နှစ်သက်သာယာအပ်သောသဘော(၏အကြောင်း)သည်၊ သိယာ–ဖြစ်နိုင်လေရာ၏။

ဤသို့ အာရမဏဝိဘာဝ, ဥဒ္ဒီပနဝိဘာဝ, အနုဘာဝ, သာတ္တိကာဘာဝ, ဗျဘိစာရီဘာဝတို့ဖြင့် အလွန်အမင်း သနားဖွယ်အဖြစ်သို့ရောက်အောင် ဆောင်အပ်သော ဝေဿန္တ ရာမင်းကြီး၏ သန္တာန်၌ဖြစ်သော သောကဋ္ဌာယီဘာဝသည် ကရဏာရသမည်၏။

ထင်ရှားစေဦးအံ့　ထိုသို့ ဝေဿန္တ ရာမင်းကြီး၏ သားတော်,သမီးတော်တို့ကြောင့် စိုးရိမ်သောကဖြစ်ပုံကို ကပြ–ရွတ်ဆိုသောအခါ ကြည့်ရှုနားထောင်သောသူတို့သည် ဝေဿန္တ ရာမင်းကြီးကို အလွန်သနား၍ ကရဏာဖြစ်ကြ၏၊ ကရဏာလွန်သော် သောကဖြစ်သည်–ဟူသော ကျမ်းဆရာတို့၏ အမိန့်အဆိုအတိုင်း ကရဏာတွင် ရပ်တည်မနေကြကုန်မူ၍ မိမိတို့လည်း စိုးရိမ်သောက ဖြစ်ကြရကုန်၏။

[မင်းသမီးကို မင်းသားကြမ်းလုပ်သူတို့က ညှဉ်းပန်းနှိပ်စက်မှုကို ပြုလွန်းက ကြည့်ရှုသူတို့ကိုယ်တိုင် မျက်ရည်ကျရသည်ကိုလည်းကောင်း, အလွမ်းဝတ္ထု–စသည်ကို ကြည့်ရာ၌ ကြည့်ရှုသူတို့ကိုယ်တိုင် မျက်ရည်ကျရသည်ကိုလည်းကောင်း သတိပြုပါ။]

ထိုသို့ မိမိတို့ကိုယ်တိုင် ဝေဿန္တ ရာမင်းကြီးကဲ့သို့ စိုးရိမ်သောက ဖြစ်ကြရသည့် အတွက် ထိုသို့ ဖြစ်ကြရသည်ကိုပင် သာယာနှစ်သက်ကြ၏။ (လွမ်းခန်း၌ ရယ်နေရကမည်သူမျှ သာယာနိုင်မည်မဟုတ်။)

သို့ဖြစ်၍ ဝေဿန္တ ရာမင်းကြီး၏ သန္တာန်၌ဖြစ်သော သောကအစစ်သည် (ရသေတီတိ–ရသော–ဟူသည်နှင့်အညီ) သာယာခြင်းကို ဖြစ်စေတတ်သောကြောင့် ရသမည်၏။

သဘင်သည်, ကဗျဆရာတို့သည် သာယာအပ်သောအဖြစ်သို့ရောက်အောင် ဆောင်၍ ပြအပ်သော, သာယာအပ်သောအဖြစ်သို့ ရောက်သော ကရဏာရသ–ဟု ဆိုအပ်သော ဝေဿန္တ ရာမင်းကြီး၏သောကသည် (ရသီယတီတိ–ရသော–ဟူသည်နှင့်အညီ) သာယာအပ်သောကြောင့် ရသမည်၏။

ကြည့်ရှုနားထောင်သူတို့၏ သန္တာန်၌ဖြစ်သော သာယာခြင်း,နှစ်သက်ခြင်းသည် (ရသယတီတိ–ရသော–ဟူသည်နှင့်အညီ) သာယာတတ်,နှစ်သက်တတ်သောကြောင့် ရသမည်၏။

http://www.dhammadownload.com

၁။ ရတိဋ္ဌာယီဘာဝ-သိင်္ဂါရရသ

၃၅၆။ ရမ္မဒေသကလာကာလ-ဝေသာဒိပဋိသေဝနာ၊
ယုဝါနညောညရတ္တာနံ , ပမောဒေါ ရတိ ရုစ္စတေ။

၃၅၇။ ယုတျာ ဘာဝါနုဘာဝါ တေ , နိဗန္ဓာ ပေါသယန္တိ နံ၊
သောပျာယောဂဝိပွယောဂ-သမ္ဘောဂါနံ ဝသာ တိဓာ။

ဝါဒအထူး အဘိဓာန်ဋီကာဆရာကား- ဝေဿန္တ ရာဇာတ်ကို ပြရာ၌ ဗန္ဓ-ဟုဆိုအပ်သော သီချင်းကိုသာ ဤသီချင်း အလွန်ကောင်းပါပေသည်-ဟူ၍ သာယာနှစ်သက်အပ်သောကြောင့် ဗန္ဓ-ဟုဆိုအပ်သော သီချင်းသည်သာလျှင် မုချရသမည်ကြောင်း သိင်္ဂါရ-စသောရသသည် ဖလူပစာအားဖြင့်သာ ရသမည်ကြောင်းကို ဆို၏။

(၁) ရတိဋ္ဌာယီဘာဝ-သိင်္ဂါရရသ

၃၅၆-၇။ ။နှစ်သက်ချင်းချင်း, စွဲမက်ခြင်းမှာ, ရတိသာတည့်၊ အာရမဏ, ဝိဘာဝမူ, ကျား-မကောန်, စင်စစ်မှန်ရှင့်၊ ပျော်ရန်ကောင်းလှ, ရပ်ဒေသနှင့်, ကမ္ဘ-ဆိုမှု, တီးမှု-ဆည်းစွာ, တန်ဆာဝတ်စား, စသည်များမှာ, ဝိဘာဥဒ္ဒီ, ဖြစ်လေ့ဖြိတည့်၊ ဌာယီကြောင့်သာ, ဖြစ်ပေါ်လာသည့်, နှစ်ဖြာကိုယ်မှု, နှုတ်အမှုကို, အနုဘာဝ, မှတ်ယူကြလော့၊ ဘာဝရတိ, သင့်လျော်ဘိသည့်, သာတ္တိ-ရောမဉ္စ, ဟရိသ-ဗျာဘိ, အစရိသား, ဘာဝများဖြင့်, တိုးပွားစေက, သိင်္ဂါရသည် ····
ပြားရ-အ-ဝိပ်-သမ္ဘောတည်း။

ပမောဒေါ ရတိ ရုစ္စတေ ····ကာမဂုဏ်ငါးပါးနှင့် စပ်လျဉ်း၍ မိန်းမ-ယောကျ်ားတို့၏ အချင်းချင်း ကြိုက်နှစ်သက်ခြင်း-စသည်သည် (ကာမ)ရတိဋ္ဌာယီဘာဝမည်၏။

ယုဝါနံ····အချင်းချင်းအာရုံပြုကြသော မိန်းမ,ယောကျ်ားတို့သည် အာရမဏဝိဘာဝမည်၏။

ရမ္မ ။ပ။ ပဋိသေဝနာ····မွေ့လျော်ဖွယ်ကောင်းသောအရပ်, မွေ့လျော်ဖွယ်ကောင်းသော ကခြင်း-သီခြင်း-တီးမှုတ်ခြင်း, မွေ့လျော်ဖွယ်ကောင်းသော ဆည်းစွာ-စသော အချိန်ကာလ, မွေ့လျော်ဖွယ်ကောင်းသော အသွင်အသွင်အပြင်-စသည်တို့သည် ဥဒ္ဒီပန ဝိဘာဝမည်၏။

ယုတျာ ။ပ။ နိဗန္ဓာ····ထိုရတိဋ္ဌာယီဘာဝကြောင့် ဖြစ်ပေါ်လာသော ဖောက်ပြန်သော ကိုယ်အမူအရာ,နှုတ်အမူအရာတို့သည် အနုဘာဝမည်၏။

ထိုရတိဋ္ဌာယီဘာဝအားလျော်သော ကြက်သီးမွေးညင်းထခြင်း ရောမဉ္စ-စသည်တို့သည် သာတ္တိကာဘာဝတို့မည်၏။

ထိုရတိဋ္ဌာယီဘာဝအားလျော်သော အားထုတ်ခြင်း-ဥဿုက, ကြည်လင်ခြင်း-ဟရိသ, နှစ်သက်ရောင့်ရဲခြင်း-ဓိတိ-စသည်တို့သည် ဗျာဘိစာရီဘာဝတို့မည်၏။

http://www.dhammadownload.com

၃၅၆။ ရမ္မဒေသကလာကာလဝေသာဒိပဋိသေဝနာ-မွေ့လျော်ဖွယ်ကောင်းသော အရပ်, မွေ့လျော်ဖွယ်ကောင်းသော ကခြင်း-သီခြင်း-တီးမှုတ်ခြင်း, မွေ့လျော်ဖွယ်ကောင်းသော အခါနိကာလ, မွေ့လျော်ဖွယ်ကောင်းသော အသွင်အပြင်-စသည်တို့ကို မှီဝဲရခြင်းကြောင့်၊ အညောညရတ္တာနံ-အချင်းချင်းတပ်နှစ်သက်ကြကုန်သော၊ ယုဝါနံ-ယောက်ျားပျို,မိန်းမပျိုတို့၏၊ ပမောဒေါ-နှစ်သက်ဝမ်းမြောက်ခြင်းကို၊ ရတိ-ရတိဋ္ဌာယီဘာဝဟူ၍၊ ဥစ္စတေ-ဆိုအပ်၏။

ထိုဝိဘာဝ, အနုဘာဝ, သာတ္တိကာဘာဝ, ဗျဘိစာရိဘာဝတို့ဖြင့် တိုးပွားစေအပ်သော (သာယာအပ်သည်၏အဖြစ်သို့ ရောက်စေအပ်သော)ရတိဋ္ဌာယီဘာဝသည်ပင် သိင်္ဂါရရသမည်၏။

[ထိုသို့ပြဆိုခြင်းသည် ဥပလက္ခဏနည်းမျှသာ ဖြစ်၏၊ ထိုထိုဂါထာဗန္ဓ-စုဏ္ဏိယ-ကဗျာလင်္ကာတို့၌ ကဲ့ကဲ့သားနှင့်တကွသော ပဓာနကြိယာပုဒ်တို့ကို ထိုက်သည်အား လျော်စွာ ကောက်ယူသင့်၏။

အဘိဓာန်၌ကား- သိင်္ဂါရ-အရ ပိဟာကို ကောက်ယူရမည်-ဟုဆို၏၊ ထိုပိဟာ-ဟူသည်လည်း နှစ်သက်ခြင်း-ပီတိပင် ဖြစ်သည်၊ ထိုနှစ်သက်ခြင်း-ပီတိသည်လည်း ကိလေသာအရာဖြစ်သောကြောင့် ရာဂနှင့်ယှဉ်သော ပီတိသာဖြစ်ရမည်၊ ထို့ကြောင့် အဆိုပင် ကွဲသော်လည်း တစ်စုံတစ်ရာ ဆန့်ကျင်ဖွယ်မရှိ၊ ထို့ပြင် နှစ်သက်မြတ်နိုးသော သူတို့ ချစ်ကြိုက်ကြောင်းကို ပေါ်လွင်ထင်ရှားစေခြင်းငှာ သီကုံးဖွဲ့နွဲ့အပ်သောသီချင်း-ပျို့ကဗျာ-စသော အဖွဲ့ဗန္ဓသည် မုချသိင်္ဂါရရသမည်၏၊ ပိဟာသည် ဖလူပစာအားဖြင့် သိင်္ဂါရရသမည်၏-ဟု ဆိုသေး၏၊ ထိုထိုအာဘောဂ အရာဌာနအားလျော်စွာ သင့်သည်သာ မှတ်ပါလေ။]

ကာမသိင်္ဂါရရသ-အပြား　　ထိုကာမသိင်္ဂါရရသသည်-(က)အယောဂ,(ခ) ဝိပ္ပယောဂ, (ဂ)သမ္ဘောဂအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုတွင်-

(က) အချင်းချင်း မပေါင်းဖော်ရသေးမူ၍ အသစ်အသစ် ဖြစ်သော ရာဂ၏ အစွမ်းအားဖြင့် ပေါင်းဖော်ခြင်းကို တောင့်တကြသည့် မိန်းမ-ယောက်ျားတို့၏ မပေါင်းဖော်မဆုံစည်းရခြင်း (မြင်ရရုံ-စကားပေါက်ရောက်ရုံမျှ ဖြစ်ခြင်း)သည် အယောဂမည်၏။ [ဒသ-သရူပဆရာသည် ချစ်ခြင်းတူသော သမီးရည်းစား-တို့၏ ချစ်ခင်လျက် ကွဲကွာခြင်းသည် အယောဂမည်၏-ဟုဆို၏၊ ချစ်ခြင်းပင်မတူပါသော်လည်း တစ်ယောက်က ချစ်ကြိုက်ပါလျက် တစ်ယောက်က အချစ်ပြယ်၍ ကွဲကွာခြင်းမျိုး, တစ်ဖက်သတ်ချစ်၍ ကွဲကွာရခြင်းမျိုးတို့ကိုလည်း ဥပစာအားဖြင့် အယောဂပင် ဆိုသင့်၏။]

http://www.dhammadownload.com

၃၅၇။ ယုတ္တာ-(ထိုရတိဋ္ဌာယီဘာဝနှင့်) သင့်လျော်သောအားဖြင့်၊ နိဗန္ဓာ-ဖွဲ့စီရင်အပ်ကုန်သော၊ တေဘာဝါနုဘာဝါ-ထိုဗျဘိစာရီဘာဝ, သာတ္တိကာဘာဝ, အနုဘာဝတို့သည်၊ နံ-ထိုရတိဋ္ဌာယီဘာဝကို၊ ပေါသယန္တိ-တိုးပွားစေကုန်၏၊ (ဧဝံ-ဤသို့ တိုးပွားစေအပ်သော ရတိဋ္ဌာယီဘာဝသည်၊ သိင်္ဂါရောနာမရသော-သိင်္ဂါရရသမည်သည်၊ ဟောတိ-ဖြစ်၏၊ ဦး) သောပိ-ထိုသိင်္ဂါရရသသည်လည်း၊ အယောဂဝိပွယောဂသမ္ဘောဂါနံ-အယောဂသိင်္ဂါရရသ, ဝိပွယောဂသိင်္ဂါရရသ, သမ္ဘောဂသိင်္ဂါရရသတို့၏၊ ဝသာ-အပြားအားဖြင့်၊ တိဓာ-သုံးပါးပြား၏။

အချုပ်အားဖြင့် ဒဿနသံသဂ္ဂ, သဝနသံသဂ္ဂမျှဖြင့် ကင်းကွာရခြင်းမျိုးသည် အယောဂသိင်္ဂါရရသမည်၏-ဟုမှတ်။

(ခ) ပေါင်းဖော်ပြီး၍ အလွန်အကဲ တိုးပွားချစ်ခင် အကျွမ်းဝင်ကြကုန်သော မိန်းမ-ယောကျ်ားတို့၏ သေကွဲ-ရှင်ကွဲ နှစ်မျိုးတို့တွင် တစ်မျိုးမျိုးဖြင့် ကွဲကွာရခြင်းမျိုးသည် ဝိပွယောဂသိင်္ဂါရရသမည်၏။

(ဂ) အားကြီးသော ကာမတဏှာ၏ အစွမ်းအားဖြင့် ပေါင်းဖော်ကြကုန်သော ဇနီးမောင်နှံတို့၏ ဒဿန-ကာယသံသဂ္ဂ-စသည်တို့ကို သာယာရခြင်းမျိုးသည် သမ္ဘောဂသိင်္ဂါရရသမည်၏၊ သည်ကိုရည်၍ မဃဒေဝဆရာလည်း-

ယောကျ်ား-မိန်းမ, ဘာဝအလိုက်, ချစ်ကြိုက်မြင်ရုံ, မဆုံသေးရ, အယောဂတည့်၊ ထိုမှနှစ်သက်, မနှစ်သက်၍, ပေါင်းဖက်ကွာကြ, သံယောဂနှင့်, ဝိယောဂမျိုး, ဖြစ်ရိုးမှန်လှ-ဟု စပ်ဆိုခဲ့လေသည်။

ဆောင်။ ။ ပေါင်းသင်းလိုလျက်, မပေါင်းဖက်ရ, အယောဂတည့်၊ ပေါင်းကြကြင်နာ, နောက်ခါကွဲကြ, ဝိယောဂတွင်၊ ချစ်ခင်ကြင်နာ, ပေါင်းဆုံပါ၍, ဒဿနာဒိ, သာယာဘိက, သမ္ဘောဂသည်....မှတ်ကြသုံးမျိုး အခွဲတည်း။

[မိန်းမ-ယောကျ်ားတို့ကိုသာ သတ်မှတ်ပြဆိုထားပါသော်လည်း အာရုံငါးပါး ကာမဂုဏ်တရားတို့ကို လိုက်စားမွေ့လျော်ခြင်း-ဟူသမျှကိုပင် ရတိဋ္ဌာယီဘာဝ-သိင်္ဂါရရသ အရကောက်နိုင်၏၊ ကောက်သင့်၏။]

(က) အယောဂပုံစံ

ဧကော ဒဟရော လောဟပါသာဒဒွါရကောဋ္ဌကေ ဋ္ဌတွာ အသံဝရေ ဋ္ဌိတော ဧကံ ဣတ္ထိံ ဩလောကေသိ၊ သာပိ ဂမနံ ပစ္ဆိန္ဒိတွာ တံ ဩလောကေသိ၊ ဥဘောပိ အဗ္ဘန္တရေ ဥဋ္ဌိတေန ရာဂဂ္ဂိနာ ဒယ္ဟိတွာ ကာလမကံသု။ [အဂ်ုတ္တရ-ဋ္ဌ။]

သိင်္ဂါမကြွယ်, ရဟန်းငယ်သည်, ကြီးကျယ်လောဟ, ပါသာဒ၏, မုခ်ဝခြေစုံ, ရပ်ပြီးတုံ့၍, မလုံကျန့်, ဧကိတ္ထိကို, ကြည့်မိလေပြီ၊ ထိုဣတ္ထိလည်း, သူ့ဆီဖြောင့်မတ်,

http://www.dhammadownload.com

အသွားဖြတ်လျက်, ကြည့်လတ်ပြန်ကာ၊ ကိုယ်တွင်းမှာလျှင်, ထလာအားကြီး, ရာဂ မီးတို့, ဖိစီးလွှမ်းဖုံး, နှစ်ယောက်လုံးသည် . . . . သေဆုံးခန္ဓာကြွေသတည်း။

ဤ၌ (ဥဘော အတ္တန ရေ-စသော ပါဠိတို့ဖြင့် ပြအပ်သော) ရဟန်းငယ်နှင့် အမျိုး သမီးတို့၏ အချင်းချင်း ဒဿနရာဂ၏ အစွမ်းအားဖြင့် ချစ်ကြိုက်နှစ်သက်ကြခြင်းသည် ရတိဋ္ဌာယီဘာဝမည်၏။

ရဟန်းငယ်အတွက် အမျိုးသမီးသည်လည်းကောင်း, အမျိုးသမီးအတွက် ရဟန်းငယ် သည်လည်းကောင်း အာရမဏာဝိဘာဝမည်၏။

စက္ခုန္ဒြေကို မစောင့်ခြင်း, မသင့်မတင့်သောအားဖြင့် နလုံးသွင်းခြင်း, ပြာသာဒ, ဆိပ်ကွယ်ရာအရပ်, ဝတ်စားဆင်ယင်ထားခြင်း, လှပသောအသွင်အပြင်-စသည်တို့သည် ဥဒ္ဒီပနဝိဘာဝမည်၏။

မျက်နှာချင်းဆိုင်လျက် ရွှင်လန်းကြည်လင်စွာကြည့်ခြင်း, မျက်စပစ်ခြင်း, အနေအထိုင် အမူအရာပြင်ဆင်ခြင်း, ရာဂမီးလောင်ကျွမ်းသဖြင့် သေကျေပျက်စီးခြင်း-စသော ကိုယ်အမူ အရာသည် အနုဘာဝမည်၏။

တောင့်တင်းခိုင်မာခြင်း-ထမ္ဘ, မိန်းမောတွေဝေခြင်း-ပဋ္ဌယ, ကြက်သီးမွေးညင်း ထခြင်း-ရောမဇ-စသည်တို့သည် သာတ္တိကာဘာဝမည်၏။

အားထုတ်ခြင်း-ဥဿုက, ကြည်လင်ခြင်း-ဟရိသ, နှစ်သက်ခြင်း-ဓိတိ-စသည် တို့သည် ဗျဘိစာရီဘာဝတို့မည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားခြင်းသို့ ရောက်စေအပ်သော ရတိဋ္ဌာယီ ဘာဝသည်ပင်လျှင် ဤနေရာ၌ အယောဂသိင်္ဂါရရသမည်၏။

ချစ်ခြင်း မတူသောပုံစံ

ရေကငြိမ်သက်, တူပြိုင်တက်မှ, ဘယက်လည်မာ, ကိုးဖြာခြည်လွင်, ရွှေဒက် ဆင်၍, ချစ်ကြင်ဘွယ်တိ, နတ်ဘုံရှိတို့, တက်မိမိုးခြေ, ပျံတုံလေသော်, မြင်ချေသောအား, စကားကိုမျှ, မဟတတ်ပြီ, ပုဏ္ဏရိကား, သွားဆီတူရူ, မရှု အသက်, မျှော်လျက်ကြည့်လွန်, သက်လုံပြန်မျှ, ကျန်သည် မျက်စိ, သွေးတိဝှန်ဆူ, ဖြည်းရှုတန်ကြောင်း, ရသေ့ကျောင်းသို့, တိမ်းစောင်း လျက်ပင်, လာလတ်ကျင်သော်, သခင်ခြေထက်, အပ်လျက်မျက်နှာ, လျှောက်ပန်ထွာသည် . . . . သွယ်ဖြာရှိန်းစွတ်-ရှိန်းစွတ်တည်း။
(မနော်-၂၇။)

(ခ) ဝိပွယောဂ-ပုံစံ

နှ ဟရာမိ နှ ဘဇ္ဇာမိ , အာရာ သိဃ်ာမိ ဝါရိဇံ၊
အထ ကေန နု ဝဏ္ဏေန , ဂန္ဓထေနောတိ ဝုစ္စတိ။

ဘယက်တန်းဆာ, ဒွါဒရာနှင့်, ကိုယ်ဝါထွန်းပ, နတ်မယ်လျ !-, နှမပန်းကြာ, မဆောင်ပါတည့်၊ ချိုးမှာဝေးလှ, လေအောက်မှလျှင်, နမ်းရုံမျှသာ, နမ်းရပါ၏၊

http://www.dhammadownload.com

သို့သာဖြစ်လျက်, ဘယ်အတွက်ကြောင့်, မသက်မသာ, ကျွန်နှံ့သာကို, ဖွေရှာရှင်လှ, ခိုးယူရဟု . . . . နှုတ်ဟမြွက်ကာ စွဲသနည်း။

ဤ၌ ကြာနှံ့ကို နမ်းရှူခြင်းသည် ရတိဌာယီဘာဝမည်၏။

ကြာနှံ့သည် အာရမဏာဝိဘာဝမည်၏။

ကြာ၏ အနှံ့ကိုဆောင်သောလေ, အနှံ့၏ ကောင်းခြင်း–ဟူသော ဂုဏ်တို့သည် ဥဒ္ဒီပန ဝိဘာဝမည်၏။

အနှံ့သူခိုး–ဟု အဆိုခံရခြင်းသည် အနုဘာဝမည်၏။

အသံဖောက်ပြန်ခြင်း, ကြက်သီးမွေးညင်းထခြင်း–စသည်တို့သည် သာတ္တိကာဘာဝ မည်၏။

အဘယ့်ကြောင့် အဆိုခံရပါသနည်း–ဟု ကြံစည်ခြင်း, ဆင်ခြင်စဉ်းစားခြင်းသည် ဗျဘိစာရီဘာဝမည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ရတိဌာယီဘာဝသည် ပင်လျှင် ဤနေရာ၌ ဝိပွယောဂသိဒ်ဂါရရသမည်၏။

[ဂါထာ(ကဗျာ)လာ စကားများကို ပါနိုင်သမျှပါအောင် ကောက်ထားသည်ကို သတိပြုပါ။]

ပုံစံတစ်မျိုး။ ။သုဝဏ္ဏစိရဝသနေ , ဇာတရူပသုမေခလေ၊
သုသောဏိ တဝ ကာမေဟိ , နာဟံ ရဇ္ဇေန မတ္ထိကော။ [ဇာတ်။]

ရွှေချည်ရွှေကြယ်, ထိုး၍ချယ်သား, တင့်တယ်အဝတ်, ရွှေခါးပတ်ကို, ဆင်ဝတ် ဝင့်ဝင့်, ခါးလည်တင့်သား, ယမင့်ပုံလို, ပဘာပျို !–, သင့်ကိုလွန်စွာ, ချစ်အာသာ ကြောင့်, ပြည်ရွာတိုင်းခွင်, ငါစွန့်ချင်သည် . . . . မင်းပင်မလုပ်လိုတော့ပြီ။

ဤ၌ ကုသမင်း၏ ပဘာဝတီကို ချစ်ခင်စုံမက် နှစ်သက်မြတ်နိုးခြင်းသည် ရတိဌာယီ ဘာဝမည်၏။

ပဘာဝတီမင်းသမီးသည် အာရမဏာဝိဘာဝမည်၏။

ပဘာဝတီ၏ အဝတ်ခါးကြိုး, တင့်တယ်သောခါး–စသော သွင်ပြင်မူရာသည် ဥဒ္ဒီပန ဝိဘာဝမည်၏။

မင်း၏ အဖြစ်ကို အလိုမရှိ–ဟု ဆိုခြင်းသည် အနုဘာဝမည်၏။

ကြက်သီးမွေးညင်းထခြင်း (မျက်ရည်ယိုခြင်း)သည် သာတ္တိကာဘာဝမည်၏။

ဆင်ခြင်စဉ်းစားခြင်း–တက္က, စိတ်ဆင်းရဲခြင်း–ဒီနတာ, **အောက်မေ့အမှတ်ရခြင်း–** သတိ, သည်းမခံနိုင်ခြင်း–အမရိသတို့သည် ဗျဘိစာရီဘာဝတို့ မည်၏။

http://www.dhammadownload.com

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ရတိဌာယီဘာဝသည် ပင်လျှင် ဤနေရာ၌ ဝိပွယောဂသိဂ်ါရရသမည်၏။

[ဤပုံစံကို ရှေးဆရာများက အယောဂသိဂ်ါရရသ-ဟု ဆိုကြ၏၊ ဝိပွယောဂသာ ဖြစ်သင့်သည်၊ ပေါင်းဖော်ရပြီးမှ ကွဲကွာနေရသောကြောင့်တည်း။]

အနုဘာဝအတွက် မှတ်ဖွယ်

ကောင်းရာကောင်းကြောင်း ဆုတောင်းခြင်း, ကွဲကွာနေသောသူ-ဟူသော အာရုံတစ်ခုတည်းသာ ရှိခြင်း, ထိုကွဲကွာနေသူ၏ဂုဏ်ကို ပြောဆိုခြင်း, မြည်တမ်းခြင်း, ရူးသွပ်ခြင်း, ဖျားနာခြင်း, မှိန်းမှိုင်တွေဝေခြင်း, သေခြင်းတို့သည် အရာဌာနအားလျော်စွာ ဝိပွယောဂသိဂ်ါရရသ၏ အနုဘာဝတို့ဖြစ်ကုန်၏။

(ဂ) သမ္ဘောဂ-ပုံစံ

စိရပ္ပဝါသိ ပုရိသံ , ဒူရတော သောတ္ထိမာဂတံ၊
ဉာတိမိတ္တာ သုဟဇ္ဇာစ , အဘိနန္ဒန္တိ အာဂတံ။

ရှည်ကြာကာလ, ခွဲနေရ၍, ဝေးမှချမ်းသာ, ကျန်းမာစွာလျှင်, ပြန်လာရောက်ငြား, ထိုယောကျ်ားကို, လိုလားအကျိုး, စိတ်ကောင်းဖြိုးသည့်, ဆွေမျိုးသဟာ, ပေါင်းများစွာသည်....ဝမ်းသာလက်ခံ-ပိုက်ထွေး၏။

ဤ၌ ဆွေမျိုး-စသည်တို့၏ သန္ဓာန်၌ဖြစ်သော နှစ်သက်ခြင်း-ပီတိသည် ရတိဌာယီဘာဝမည်၏။

ကြာမြင့်စွာ ကွေကွင်းနေသော ယောကျ်ားသည် အာရမဏဝိဘာဝမည်၏။

ချမ်းသာစွာ ပြန်လာခြင်းသည် ဥဒ္ဒီပနဝိဘာဝမည်၏။

ကိုယ်အမူအရာ နှုတ်အမူအရာတို့သည် အနုဘာဝမည်၏။

ကြက်သီးမွေးညင်းထခြင်း-စသည်တို့သည် သာတ္တိကာဘာဝမည်၏။

စိတ်ကြည်လင်ရွှင်လန်းခြင်း-ဟရိသ-စသည်တို့သည် ဗျဘိစာရီဘာဝမည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ရတိဌာယီဘာဝသည်ပင် သမ္ဘောဂသိဂ်ါရရသမည်၏။

[သားအမိ-သားအဘ-ညီအစ်ကို-မောင်နှမ-စသော မေတ္တာပေမအားဖြင့် ချစ်ခြင်းမျိုးသည် ဓမ္မသိဂ်ါရရသမည်၏၊ ထို့ကြောင့် ဤပုံစံသည် ဓမ္မသိဂ်ါရရသ ဖြစ်သင့်သည်-ဟု အများယူကြ၏၊ ငါတို့ကား တဏှာပေမ, ဂေဟသိတပေမလည်း ဖြစ်သင့်မည်ထင်သောကြောင့် ကာမထဲ၌ ထည့်သွင်းထားပေသည်၊ စဉ်းစား၍ သဘောကျရာကို ယူရန်ဖြစ်သည်။]

http://www.dhammadownload.com

မြန်ပုံစံ။ ။ ပျံ့ပျံ့ပျူးပျူး, သားမင်းဦးနှင့်, ရူးမူးပြစ်ဝေး, သမီးထွေးကို, မြတ်လေး လွန်ကြင်, မိုးနတ်ရှင်ကား, ပွဲးပြင်ဆန်းကြယ်, ရွှေချယ်မွေ့သိမ်, ရွှေအိမ် ကွန်းပြောက်, ခြူးညောက်ညွန့်ကွေး, အသေးအဖွဲး, ရဲးရဲးဝင်းဝင်း, အတွင်း ရောင်လျှံ, ညောင်ရွက်ပျံနှင့်, သာစံလင်းလင်း, ဆောင်းတွင်း–နွေခါ, ကွာတူ ချမ်းပူ, စံလျစ်လျူလျှက်, ဘော်တူမကွဲး, ရံမြဲးငါးရာ, တူရိယာစောင်းငြင်း, သီချင်းပျံ့ဧး, နတ်ရေးနတ်မှူ, နတ်ရတုဖြင့်, အယုအယ, နေစေရ၏။ ရွှင်ပျ မြူးရယ်, ပျော်စံပယ်သည်····လည်ဝယ်ဆွဲးကြတုံတုံတည်း။
(မနော်–၁၅၅။)

ဤပုံစံသည်လည်း သမ္ဘောဂသိဂ်ါရရသရှိသော ပုံစံဖြစ်သည်၊ မိမိတို့၏ ကိုယ်ပိုင် ဉာဏ်ကို အသုံးပြုကြရန်ဖြစ်သည်၊ ထို့ပြင် သိဂ်ါရရသာဘာသလည်း ရှိသေး၏၊ ရသီ အလင်္ကာ၌ ပြန်ကြည့်ပါ။

သိဂ်ါရရသကြွင်း "ဓမ္မယုဒ္ဓကာမတ္တေန တိဝိဓော ဟိ သိဂ်ါရော"ဟူသော အဘိဓာန် ဋီကာနှင့်အညီ သိဂ်ါရရသသည် ဓမ္မသိဂ်ါရရသ, ယုဒ္ဓသိဂ်ါရရသ, ကာမသိဂ်ါရရသအားဖြင့် သုံးပါးအပြားရှိ၏၊ သည်ကိုရည်၍ မဃဒေဝဆရာလည်း "ကာမ–ယုဒ္ဓ, ဓမ္မမည်ဘိ, သုံးပါးရှိသား, ရတိဘာဝ, သိဂ်ါရတည့်"ဟု မိန့်ဆိုခဲ့ပေသည်။

ထိုသုံးပါးတို့တွင် ယခုပြဆိုခဲ့သောပုံစံသည် ကာမသိဂ်ါရရသ၏ အထူးအပြားများသာ ဖြစ်ကြ၏၊ အလင်္ကာဆရာလည်း ဤကာမသိဂ်ါရရသ တစ်ခုကိုသာ အကျယ်ချဲ့၍ ပြခဲ့ပေသည်၊ ဓမ္မသိဂ်ါရရသနှင့် ယုဒ္ဓသိဂ်ါရရသတို့ကို မပြခဲ့ချေ၊ ထိုသို့ပင် မပြစေကာမူ ဖြစ်သင့်သည်အားလျော်စွာ ပုံစံနှင့်တကွ ပြဆိုပေဦးအံ့။–

ဓမ္မသိဂ်ါရရသ တရားတော်၌ ချစ်ခင်မြတ်နိုးခြင်း, မွေ့လျော်ခြင်း, နှစ်သက်ဝမ်းမြောက်ခြင်း, ရတနာသုံးပါးနှင့်စပ်လျဉ်း၍, ကြည်ညိုမြတ်နိုးပူဇော်ခြင်း–အစရှိသည်တို့သည် ရတိဋ္ဌာယီဘာဝ–ဓမ္မသိဂ်ါရရသ မည်၏။

ထို၏ မူလအာရုံအကြောင်းဖြစ်သော ဘုရား, တရား, သံဃာ–စသည်တို့သည် အာရမဏဝိဘာဝမည်၏။

ထိုကို တိုးပွားစေတတ်သော ဂုဏ်တော်–စသော အခြံအရံအကြောင်းသည် ဥဒ္ဒီပန ဝိဘာဝမည်၏။

ရှိခိုးဦးညွတ်သော ကိုယ်အမူအရာ နှုတ်အမူအရာနှင့်တကွ ဘေးရန်ကင်းခြင်း, သုဂတိဘုံဘဝသို့ရောက်ခြင်း–စသော အကျိုးသည် အနုဘာဝမည်၏။

ထိုဓမ္မရတိဋ္ဌာယီဘာဝအား လျော်သော သာတ္တိကာဘာဝ, ဗျဘိစာရီဘာဝတို့ကို ထိုက်သည်အားလျော်စွာ ကောက်ယူသင့်၏။

http://www.dhammadownload.com

ပုံစံ။　။ကရုဏာသီတလဟဒယံ , ပညာပဇ္ဇောတဝိဟတမောဟတမံ၊
သနရာမရလောကဂရုံ , ဝန္ဒေ သုဂတံ ဂတိဝိမုတ္တံ။ [သီ-၄။]

သူများသန္တာန်, ဒုက္ခရန်ကို, ပယ်လှန်ဖျက်ခွာ, ကရုဏာဖြင့်, လွန်စွာအေးမြ, စိတ်ရှိထသား, ဉာဏ်မြင့်ခေါင်, ဆီမီးရောင်ဖြင့်, မှောင်အဝိဇ္ဇာ, ပယ်ဖျက်ခွာရှင့်၊ များစွာလူပေါင်း, နတ်အပေါင်း၏, လမ်းကောင်းပြည်လွန်, ဆရာမွန်တည့်၊ ငါးတန်ဂတိ, ကင်းလွတ်ဘိသား, မြတ်ဘုရားကို, ညွတ်တွားကြိမ်ကြိမ်, ရှိုးနှိမ်သည်.... တည်ငြိမ်လေးနက်-တုပ်ပျပ်လျက်။

(ဝန္ဒေ-ဟူသောပါဠိအရ) ကာယပဏာမစေတနာ, ဝစီပဏာမစေတနာ, မနော ပဏာမစေတနာနှင့်တကွသော ပီတိသည် ဓမ္မရတိဌာယီဘာဝမည်၏။

(သုဂတံ-ဟူသောပါဠိအရ) မြတ်စွာဘုရားသခင်ဖြပ်တော်သည် အာရမဏဝိဘာဝမည်၏။

(ကရုဏာသီတလဟဒယံ-စသော) ဝိသေသနပုဒ်တို့ဖြင့် ပြအပ်သောဂုဏ်တော်, လက္ခဏာဟာရနေတ္တိနည်းအားဖြင့် ပြအပ်သော ကြွင်းသောဂုဏ်တော်, ဉာဏ်တော်တို့သည် ဥဒ္ဒိပနဝိဘာဝမည်၏။

ရှိခိုးသော ကိုယ်-နှုတ်အမူအရာနှင့်တကွ ရှိခိုးသဖြင့်ရအပ်သော ပသာဒ-ပီတိ-ပါမောဇ္ဇ-စသော အကျိုး, အန္တရာယ်ကင်းခြင်း- ကျမ်းပြီးခြင်းအကျိုးသည် အနုဘာဝမည်၏။

ကြက်သီးမွေးညင်းထခြင်း-ရောမဥ္စ-စသည်တို့သည် သာတ္တိကာဘာဝတို့ မည်၏။

အလိုပြည့်၍နှစ်သက်ခြင်း-ဓိတိ, စိတ်ရွှင်လန်းခြင်း-ဟရိသ, ဟုတ်တိုင်းမှန်စွာသိခြင်း-မတိတို့သည် ဗျဘိစာရီဘာဝတို့မည်၏။ [၄င်းတို့ ပုံစံ၌တိုက်ရိုက်မပါသော်လည်း ကာရဏာနုမာန, ဖလာနုမာနနည်းအားဖြင့် မှန်းဆ၍သိအပ်ကုန်၏။]

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားခြင်းသို့ရောက်သော ရတိဌာယီဘာဝသည်ပင် ဓမ္မသိင်္ဂါရရသမည်၏။

ပုံစံတစ်မျိုး။　။ဗုဒ္ဓါတိ ကိတ္တယန္တသ , ကာယေ ဘဝတိ ယာ ပီတိ၊
ဝရမေဝ ဟိ သာ ပီတိ , ကသိဏောဝိ ဇမ္ဗုဒီပဿ။

ဘုရားဘုရား, အာရုံပွားလျက်, ပြောကြားမြွက်ဆို, လူထိုထို၏, ကိုယ်မှာပွားထုံ, ပီတိဟုန်ကား, လုံးစုံလက္ခဏာ, ဒက္ခိဏာထက်, မှန်စွာမချွတ်, ပိုလွန်မြတ်၏။

ဘုရားဘုရား-ဟု ထုတ်ဖော်ကြွေးကြော်သောသူ၏ သန္တာန်၌ ဖြစ်သောပီတိသည် ရတိဌာယီဘာဝမည်၏။

http://www.dhammadownload.com

ဘုရားဒြပ်တော်သည် အာရမဏဝိဘာဝမည်၏။

(ထို ဗုဒ္ဓေါ-ဟူသောပါဠိ၏ အစွမ်းသတ္တိဖြင့် ပြအပ်သော) ဂုဏ်တော်အပေါင်းသည် ဥဒ္ဒီပနဝိဘာဝမည်၏။

ထုတ်ဖော်ကြွေးကြော်ခြင်းနှင့်တကွ ဧမ္မဒြပ်တစ်ကျွန်းလုံးထက် မြင့်မြတ်ခြင်းအကျိုး အာနိသံသသည် အနုဘာဝမည်၏။

ကြက်သီးမွေးညင်းထခြင်း-စသည်တို့သည် သာတ္တိကာဘာဝတို့မည်၏။

(ကိတ္တယန္တ သေ-စသောပါဠိဖြင့် ပြအပ်သော) ဥသုက, ဟရိသ-စသည်တို့သည် ဗျဘိစာရီဘာဝတို့မည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော ရတိဌာယီဘာဝသည်ပင် ဓမ္မသိင်္ဂါရရသမည်၏။

မြန်ပုံစံ။ ။ဒီပက်ရာ, မြတ်စွာအဖျား, ဘုရားရှင်စော, ပွင့်သည်ဩဟု, အဆောတလျင်, ဆိုချင်ရှေးရှေး, ငါ့ထံဝေး၍, မမေးကောင်းလျှင်း, ခံတွင်းအသောင်း, ကြားလတ်ရောင်းသော်, နှစ်ထောင်းကြည်စွာ, သုမေဓာကား, ပက်ပါဦးကြို, တောင်စခိုသည်, ချောင်း-လျှို-ဆည်-ကန်, ရေပြည့်အန်သို့, ချစ်ဝှန်သည်းလှ, ကြောခြင်စသည်, ကြွကြွဖြိုးဖြိုး, နှလုံးနိုး၍, တန်ခိုးကြီးခေါင်, တောင်ထက်မက, သုံးလူဘကို, နားဝစကား, ဖြစ်သံကြားက, ဘုရားဘုရား, လန့်တကြားလျှင်, ဆိုများတုံတုံ, ကိုယ်ပြည့်ရုံမျှ, မငုံလေစောက်, ဝမ်းမြောက်စွာလွန်း, အခွန်းခွန်းလျှင် . . . . ဥဒါန်းနှုတ်မှ-ပွင့်၏တည်း။ (ဆုတောင်း-၁၃၉။)

ယုဒ္ဓသိင်္ဂါရရသ စစ်တိုက်ခြင်း, ခိုက်ရန်ဖြစ်ခြင်း, နှိပ်စက်ခြင်း-စသည်တို့၌ ချစ်ခင်မြတ်နိုးခြင်းသည် ရတိဌာယီဘာဝ-ယုဒ္ဓသိင်္ဂါရရသမည်၏၊ ဝိဘာဝ, အနုဘာဝ-စသည်တို့ကိုလည်း ချိန်ဆ၍ကောက်ပါလေ။

ပုံစံ။ ။တေန ဒိန္နေ ပုရိသေ ပေသေတွာ သယံ ဂိဈကူဋံ အာရုယှ ယန္တေန သိလံ ပဝိဈိတွာ နာဠာဂိရိဟတ္ထိ မုဉ္စာပေတွာပိ ကေနစိ ဥပါယေန ဘဂဝန္တံ မာရေတုံ အသက္ကောန္တော ပရိဟီနလာဘသက္ကာရော ။ပ။ မဟာနိရယေ ပတိဋ္ဌာတော။ [သီ-၄။]

ဘုရင်ဇာတသတ်, ပေးစေလွှတ်သည့်, သူသတ်ယောကျ်ားများ, စေခိုင်းထား၍, ကိုယ်ကားဂိဈ, တောင်ညိုမြင့်, တက်ကြွပြီးလျှင်, ကျောက်မောင်းဆင်ကာ, လိမ့်ချပါခဲ့၊ နာဠာဂိရိ, စေလွှတ်ဘိ၍, မုနိဥဿောင်, မြတ်ဘုန်းခေါင်ကို, သေအောင်တန်တန်, နည်းစုံဖန်လည်း, သတ်ရန်မစွမ်း, လာဘ်ညှိုးနွမ်း၍, ခွဲခြမ်းသံဃာ, မြေမြိုပါသည် . . . . အောက်ရွာဝီစိ-တည်လေဘိ။

http://www.dhammadownload.com

ဒေဝဒတ်၏ သန္တာန်၌ဖြစ်သော မြတ်စွာဘုရားကို နှိပ်စက်သတ်ဖြတ်မှု၌ သာယာနှစ်သက်ခြင်းသဘောသည် ရတိဋ္ဌာယီဘာဝမည်၏။

မြတ်စွာဘုရားဒြပ်တော်သည် အာရမဏာဝိဘာဝမည်၏။

အဇာတသတ်မင်း, ထိုအဇာတသတ်မင်းသည် ပေးအပ်သောသူသတ်ယောကျ်ား, တောင်, ကျောက်, နာဠာဂိရိဆင်-စသည်တို့သည် ဥဒ္ဒိပနဝိဘာဝမည်၏။

ဒေဝဒတ်၏ ကာယပယောဂ-ဝစီပယောဂနှင့်တကွ လာဘ်ညှိုးနွမ်းခြင်း, မြေမြှုပ်ခြင်း, အဝိစိတိုင်အောင် ရောက်ရခြင်းအကျိုးသည် အနုဘာဝမည်၏။

ချွေးထွက်ခြင်း-သေဒ, ကိုယ်တုန်လှုပ်ခြင်း-ဝေပထု, အဆင်းဖောက်ပြန်ခြင်း-ဝေဝဏ္ဏိယတို့သည် သာတ္တိကာဘာဝတို့မည်၏။

ကိုယ်စိတ်ပင်ပန်းခြင်း-သမ, စိတ်ဆင်းရဲခြင်း-ဒီနတာ, ခက်ထန်ခြင်း-ဥဂ္ဂတာ, ငြူစူခြင်း-ကွသာ, စိတ်ပင်ပန်းခြင်း-ဝိသာဒ, ကြံမှိုင်ခြင်း-စိန္တာ, အဆောတလျင်ပြုခြင်း-အာဝေဂ, လျှပ်ပေါလော်လည်ခြင်း-စပလတို့သည် ဗျဘိစာရီဘာဝတို့မည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ရတိဋ္ဌာယီဘာဝသည် ပင်လျှင် ဤနေရာ၌ ယုဒ္ဓသိဂ်ါရရသမည်၏။

[ဝတ္ထိစ္ဆာအားလျော်စွာ ဥဿာဟဋ္ဌာယီဘာဝ-ယုဒ္ဓဝီရရသလည်း ထုတ်သင့်၏။]

ပုံစံတစ်မျိုး။ ။အလီနစိတ္တံ နိဿာယ , ပဟဋ္ဌာ မဟတီ စမူ၊
ကောသလံ သေနာသန္တဋ္ဌံ , ဇီဝဂ္ဂါဟံ အဂါဟယီ။

အလီနစိတ္တ, အန္တတ္ထဖြင့်, ခေါ်ကြနှနယ်, မင်းသားငယ်ကို, မိုတွယ်ပြီးကာ, ပြည်ဗာရာ၏, လွန်စွာများပြား, စစ်သည်များသည်, ရွှင်အားဖြိုးစည်, (ဆင်ဇာနည်ကို), ကိုယ့်ပြည်စည်းစိမ်, ကိုယ့်ရိပ်ငြိမ်ဖြင့်, တင်းတိမ်ကင်းကွာ, စစ်ချီလာသည့်, (ဗိုလ်ပါတကွ), ကောသလဟု, ပြည်မသခင်, ရှင်ဘုရင်ကို, အရှင်လက်ရ, ဖမ်းစေကြသည် . . . . ခုန်ကအောင်ပွဲ-တသဲသဲ။

(ပဟဋ္ဌာ မဟတီ စမူ-ဖြင့် ပြအပ်သော) ဗာရာဏသီပြည်သား, စစ်သည်များတို့၏ စစ်တိုက်ခြင်း၌ သာယာနှစ်သက်ခြင်းသည် ရတိဋ္ဌာယီဘာဝမည်၏။

စစ်သည်ဗိုလ်ပါနှင့်တကွသော ကောသလမင်းသည် အာရမဏာဝိဘာဝမည်၏။

ဘုရားအလောင်းတော် အလီနစိတ္တမင်းသား, မင်္ဂလာဆင်အာဇာနည်-ချပ်မိန်ညို-စသော လက်နက်-စသည်တို့သည် ဥဒ္ဒိပနဝိဘာဝမည်၏။

ကောသလမင်းကို အရှင်လက်ရဖမ်းယူခြင်း, စစ်အောင်ခြင်း-စသည်တို့သည် အနုဘာဝတို့မည်၏။

http://www.dhammadownload.com

၂။ ဟာသဌာယီဘာဝ-ဟဿရသ

၃၅၈။ ဝိကာရာကတိအာဒီဟိ , အတ္တနောထ ပရဿဝါ၊
ဟာသော နိဒ္ဒါသမာလဿျ-မုစ္ဆာဒိဗျဘိစာရိဘိ၊
ပရိပေါသေ သိယာ ဟဿော , ဘိယျောတ္ထိပဘုတိန သော။

သေဒ, ဝေဝဏ္ဏိယ-စသည်တို့သည် သာတ္တိကာဘာဝမည်၏။

ကိုယ်စိတ်ပင်ပန်းခြင်း-သမ, အဆောတလျင်ပြုခြင်း-အာဝေဂ-စသည်တို့သည် ဗျဘိစာရိဘာဝတို့မည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားခြင်းသို့ ရောက်စေအပ်သော ရတိဌာယီဘာဝသည်ပင်လျှင် ယုဒ္ဓသိဂ်ါရရသမည်၏။

လေးပစ်ကျောက်ရိုက်, ဆင်နှင့်တိုက်၍, ငါနှိုက်စွန်းငြိ, ပြစ်မရှိဟု, မိမိကိုယ်ကို, မြေကြီးမြို့လျက်, မဆိုသာအောင်, ဝိစိဘောင်တွင်, သံလျောင်နှင်နှင့်, ဖိရင်နံတောင်း, ဦးခေါင်းခြေလက်, တံသင်းနက်သို့, ဆံရွက်မြူလွှာ, ရံခါမပြတ်, ဒေဝဒတ်ကား, ပတ်ပတ်မီးချည်း, လောင်ရိုန်သည်းသည်.... မိတည်းလွန်မှ-လွတ်ခါတည်း။
(မနော်-၁၈၃။) [ဤဥဒ္ဒါလည်း စိစစ်ပါ။]

(၂) ဟာသဌာယီဘာဝ-ဟဿရသ

၃၅၈။ ။ ရယ်ရွှင်ခြင်းမူ, ဟာသယူလော့၊ မူရာဖောက်ပြား, ဝတ္ထုများမှာ, အာရမဏ, ဝိဘာဝတည့်၊ ဖောက်ထမူရာ, စသည်မှာလျှင်, ဥဒ္ဒီတွင်ဘိ၊ မျက်စိမှိတ်မှု, နှုတ်လှုပ်မှုမှာ, အနုဘာမှတ်၊ ဝိသရဿ, ဝေပထုမှာ, သာတ္တိကာတည့်၊ နိဒ္ဒါ-သမ, အာလဿစသား, သဘောများကို, ဗျဘိဆိုလော့၊ ထိုသို့ဖွင့်မှ, ယင်းဟာသသည်....ဟဿရသာ-ပေါ်ထွက်လာ။

ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော သောမနဿဇော ၁၃-ပါးတို့တွင် တစ်ပါးပါးသည် မူချအားဖြင့် ဟာသဌာယီဘာဝ-ဟဿရသမည်၏။

ထိုသောမနဿဇောသည် ဖြစ်စေအပ်သော ပြုံးရယ်ခြင်း စိတ္တဇရုပ်သည် ဌာနူပစာအားဖြင့် ဟာသဌာယီဘာဝ-ဟဿရသမည်၏။

ထို၏အကြောင်းဖြစ်သော ဖောက်ပြန်သောအခြင်းအရာ, ဖောက်ပြန်သောစကား-ဖောက်ပြန်သောအမူအရာရှိသောသူ, အံ့သြဖွယ်ရှိသော အရာဝတ္ထုသည် အာရမဏဝိဘာဝမည်၏။

ဖောက်ပြန်သောအခြင်းအရာ, ဖောက်ပြန်သောစကား, ဖောက်ပြန်သောအမူအရာ, အံ့သြဖွယ်သည် ဥဒ္ဒီပနဝိဘာဝမည်၏။

မျက်စိမှိတ်ခြင်း, နှုတ်ခမ်းလှုပ်ခြင်း-စသည်တို့သည် အနုဘာဝမည်၏။

အသံဖောက်ပြန်ခြင်း-ဝိသရတာ, မျက်ရည်ယိုထွက်ခြင်း-အဿု, ကိုယ်တုန်လှုပ်ခြင်း-ဝေပထု-စသည်တို့သည် သာတ္တိကာဘာဝ မည်၏။

http://www.dhammadownload.com

၃၅၈။ ဝိကာရာကတိအာဒီဟိ-ဖောက်ပြန်သောအမူအရာ စသည်တို့ကြောင့်၊ အတ္တနော-မိမိ၏လည်းကောင်း၊ အထ-ထိုမှတစ်ပါး၊ ပရဿဝါ-သူတစ်ပါး၏ လည်းကောင်း၊ ဟာသော-ရယ်ရွှင်ခြင်း ဟာသဌာယီဘာဝသည်၊ နိဒ္ဒါသမာလသျှ မုစ္ဆာဒိဗျဘိစာရီဘိ-နိဒ္ဒါ, သမ, အာလသျှ, မုစ္ဆာ(အဗဟိတ္ထ)စသော ဗျဘိစာရီဘာဝတို့ဖြင့်၊ ပရိပေါသေ-တိုးပွားပြည့်စုံစေခဲ့သော်၊ ဟဿော-ဟဿရသသည်၊ သိယာ-ဖြစ်ရာ၏၊ သော-ထိုဟဿရသသည်၊ ဘိယျော-များသောအားဖြင့်၊ ဣတ္ထိပဘုတီနံ-မိန်းမစသောသူတို့အား၊ သိယာ-ဖြစ်၏။

အိပ်ငိုက်ခြင်း-နိဒ္ဒါ, ကိုယ်စိတ်ပင်ပန်းခြင်း-သမ, ပျင်းရိခြင်း-အာလသျှ(အလသတ္တ), ဣန္ဒြေဆယ်ခြင်း-ဟန်လုပ်ခြင်း-အဗဟိတ္ထ-စသည်တို့သည် ဗျဘိစာရီဘာဝမည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော ဟာသဌာယီဘာဝသည်သာ ဟဿရသမည်၏။

[မုဒိတာ-တရားကိုယ်ရကောင်းသော အရာဌာနတို့၌လည်း ဟာသဌာယီဘာဝ-ဟဿရသအရ ကောက်ယူသင့်၏။]

ပုံစံ။　　။ တတော သက္ကော ဒေဝရာဇာ နာဋကံ ပေသေသိ၊
သော ဒိဗ္ဗနာဋကံ ဒဿေတွာ ဟသာပေသိ။ [သီ-ဋ။]

နတ်တို့သနင်း, သိကြားမင်းက, သင်္ဃာင်းလူပြည်, ကရမည်ဟု, သာကြည်ခိုင်းစေ, နတ်ကချေလည်း, နန်းရွှေရင်ပြင်, ထက်ကောင်းကင်၌, ကိုယ်လျှင်ထက်ဝက်, ရပ်တုန်လျက်ပင်, တစ်ဖက်လက်မြှောက်, ခြေထောက်တစ်ချောင်း, စွယ်တစ်ချောင်းဟု, သောင်းပြောင်းအင်္ဂါ, တစ်စီသာဖြင့်, လှုပ်ခါရမ်းရမ်း, ဆိုမြည်တမ်းလျက်, ကြိုးပမ်းခဲစွာ, ကပြပါမှ, မဟာပနာဒ, မင်းသားလှသည်. . . . ရွှင်ပျစဉ်းငယ်-ပြုံးသတည်း။

ဤ၌ မဟာပနာဒမင်းသားကလေး၏ သန္တာန်၌ဖြစ်သော လောဘမူသောမနသိစိတ္တုပ္ပာဒ်သည် ဟာသဌာယီဘာဝမည်၏။

နတ်ကချေသည်သည် အာရမဏဝိဘာဝမည်၏။

နတ်ကချေသည်၏ လက်တစ်ဖက်သာလှုပ်ခြင်း-စသော ဖောက်ပြန်သော ကိုယ်အမူအရာ, နှုတ်အမူအရာသည် ဥဒ္ဒီပနဝိဘာဝမည်၏။

မျက်စိမှိတ်ခြင်း, နှုတ်ခမ်းလှုပ်ခြင်း-စသည်တို့သည် အနုဘာဝမည်၏။

မျက်ရည်ထွက်ခြင်း, ကိုယ်တုန်လှုပ်ခြင်း, အသံဖောက်ပြန်ခြင်း-စသည်တို့သည် သာတ္တိကာဘာဝမည်၏။

ဣန္ဒြေဆယ်ခြင်း-စသည်သည် ဗျဘိစာရီဘာဝမည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားခြင်းသို့ရောက်သော ဟာသဌာယီဘာဝသည်ပင်လျှင် ဤနေရာ၌ ဟဿရသမည်၏။

http://www.dhammadownload.com

ရယ်ခြင်း ၆-မျိုး, ၃-စား

၃၅၉။ သိတမိဟ ဝိကာသိနယနံ , ကိဉ္စာလင်္ကိယဒိဇန္တု တံ ဟသိတံ၊
မဓုရဿရံ ဝိဟသိတံ , အံသသိရောကမ္မမုပဟသိတံ။
၃၆၀။ အပဟသိတံ သဇလင်္ဂီ , ဝိင်္ဂိတ္တင်္ဂံ ဘဝတျတိဟသိတံ၊
ဒွေ ဒွေ ကထိတာ စေသံ , ဇေဋ္ဌေ မဇ္ဈေမေ စ ကမသော။

မုဒိတာတရားကိုယ်ပုံစံ

စိရပ္ပဝါသိ ပုရိသံ , ဒူရတော သောတ္ထိမာဂတံ၊
ဉာတိမိတ္တာ သုဟဒ္ဒာ စ , အဘိနန္ဒန္တိ အာဂတံ။

ရှည်ကြာကာလ, ခွဲနေရ၍, ဝေးမှချမ်းသာ, ကျန်းမာစွာလျှင်, ပြန်လာရောက်ငြား, ထိုယောကျ်ားကို, လိုလားအကျိုး, စိတ်ကောင်းဖြိုးသည့်, ဆွေမျိုးသဟာ, ပေါင်းများစွာသည် . . . . ဝမ်းသာလက်ခံ-ပိုက်ထွေး၏။

(ဤ၌ အဘိနန္ဒန္တိ အရ) မုဒိတာပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည် ဟာသဋ္ဌာယီဘာဝမည်၏။

ချမ်းသာစွာရောက်လာသော ယောကျ်ားဩပ်သည် အာရမဏာဝိဘာဝမည်၏။

ကြာမြင့်စွာ ကွေကွင်း၍နေခြင်း, ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာစွာ ပြန်လာခြင်းသည် ဥဒ္ဒီပနဝိဘာဝမည်၏။

ရွှင်ပျကြည်လင်သော အမူအရာသည် အနုဘာဝမည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဟာသဋ္ဌာယီဘာဝသည် ပင်လျှင် ဤနေရာ၌ ဟဿရသမည်၏။

[ဤပုံစံကို သမ္ဘောဂသိင်္ဂါရရသဋ္ဌလည်း ပြခဲ့ပြီးပြီ၊ ဝတ္ထိစ္ဆာအားလျော်စွာ အမျိုးမျိုး ထုတ်ဆိုနိုင်ကြောင်းကို နားလည်စေရန် ရည်သန်၍ ဤနေရာ၌ ထပ်ပြလိုက်သည်။]

မြန်ပုံစံ။ ။ တိတ်တိတ်မနေ, ဆိုပါချေလည်း, မပြေမပြစ်, အထစ်ထစ်လျှင်, ကျစ်လစ်မရှိ, အငြိုငြိုတည့်၊ ဟုတ်လိမ့်နိုး, ဆင်ကန်းတိုးသို့, အကျိုးအကြောင်း, ကောင်းကောင်းမမှန်, သမ္မန်အလျောက်, ရှေ့နောက်မညီ, အစီအလျဉ်, အစဉ်မသင့်, တဖျင့်တပါး, ရယ်ဘွယ်များခဲ့။ [ကိုးခန်း-၂၆။]

ဤကဗျာသည်လည်း အသမ္ဘန္ဓာတထာလာပါ-စသော အဘိဓာန်ဋီကာအရ ဟာသရသကိုပင် ပြသည်။ [သမ္ဘောဒနီယံ-စသည်ကိုလည်း ထုတ်လေ။]

ရယ်ခြင်း ၆-မျိုး, ၃-စား

၃၅၉-၃၆၀။ ။ ပွင့်ရုံမျက်စိ, ရယ်ရွှင်ဘိသော်, သိတခေါ်၏၊ သွားပေါ်ရုံမျှ, ရယ်ကဟသိ, လူမြတ်သိလော့၊ ထွက်ဘိသံညင်း, ရယ်ခြင်းဝိဟ, သိတခေါ်ဆို၊ ပခုံးကိုလှုပ်, ခေါင်းကိုလှုပ်ကာ, ရယ်တုံပါမူ, မှတ်ယူဥပ, ဟသိတမည်၊ နှစ်ဝ

http://www.dhammadownload.com

၃၅၉-၃၆၀။ ဣဟ-ဤရယ်ရွှင်ခြင်းအရာ၌၊ ဝိကာသိနယနံ-ပွင့်သောမျက်လုံးရှိသော ရယ်ခြင်းသည်၊ သိတံ-သိတမည်၏၊ ကိဉ္စာလက္ခိယဒိဇံ-စဉ်းငယ်မှတ်အပ်သောသွားရှိသော၊ ယံ-အကြောင်းရယ်ခြင်းသည်၊ အတ္ထိ-ရှိ၏၊ တံတု-ထိုရယ်ခြင်းသည်ကား၊ ဟသိတံ-ဟသိတမည်၏၊ မခုရဿရံ-ချိုသောအသံရှိသော ရယ်ခြင်းသည်၊ ဝိဟသိတံ-ဝိဟသိတမည်၏၊ အံသသိရောကမ္ပံ-ပခုံး,ဦးခေါင်းလှုပ်ခြင်းရှိသော ရယ်ခြင်းသည်၊ ဥပဟသိတံ-ဥပဟသိတမည်၏၊ သဇလက္ခိ-မျက်ရည်နှင့်တကွသော မျက်လုံးရှိသော ရယ်ခြင်းသည်၊ အပဟသိတံ-အပဟသိတမည်၏၊ ဝိက္ခိတ္တဂံ -ပစ်လွှဲအပ်သောကိုယ်ရှိသောရယ်ခြင်းသည်၊ အတိဟသိတံ-အတိဟသိတမည်သည်၊ ဘဝတိ-ဖြစ်၏၊ ဧသံ-ဤခြောက်ပါးသော ရယ်ခြင်းတို့တွင်၊ ဒွေ ဒွေ-နှစ်ပါးနှစ်ပါးသော ရယ်ခြင်းတို့ကို၊ ကမသော-အစဉ်အားဖြင့်၊ ဇေဋ္ဌေ-မြတ်သောသူ၌လည်းကောင်း၊ မဇ္ဈေ-အလတ်စားလူ၌လည်းကောင်း၊ အဓမေပိစ-ယုတ်သောသူ၌လည်းကောင်း၊ ကထိတာ-ဆိုအပ်ကုန်၏။

သတ်မှတ်, လူအလတ်တည့်၊ ယိုစွတ်မျက်ရည်, ရယ်ခြင်းသည်ကား, မည်လေအပ, ဟသိတတည့်၊ ပြင်းလှထန်စွာ, ကိုယ်လုံးခါ၍, ရယ်ပါအတိ, ဟသိမှတ်သား, ဤနှစ်ပါးကား, ယုတ်ငြားသူသာ, ရယ်ရွှင်ပါသည် . . . . မှတ်ပါခြောက်မျိုး-သုံးစားတည်း။

ထိုပြုံးရယ်ခြင်း ဟဿရသ၌-

၁။ မျက်လုံးပွင့်ရုံရယ်ခြင်း- သိတ,
၂။ သွားပေါ်ရုံရယ်ခြင်း- ဟသိတ၊
　[ဤနှစ်ပါးသည် များသောအားဖြင့် မြတ်သောသူ၌ ဖြစ်၏။]
၃။ ညင်းညင်းချိုသာ အသံထွက်ရုံမျှရယ်ခြင်း- ဝိဟသိတ,
၄။ ပခုံး, ဦးခေါင်းလှုပ်အောင်ရယ်ခြင်း- ဥပဟသိတ၊
　[ဤနှစ်ပါးသည် များသောအားဖြင့် အလတ်စားလူ၌ ဖြစ်၏။]
၅။ မျက်ရည်ထွက်အောင်ရယ်ခြင်း- အပဟသိတ,
၆။ တစ်ကိုယ်လုံးသိမ့်သိမ့်ခါအောင် ကိုယ်ကိုပစ်လွှဲ၍ရယ်ခြင်း- အတိဟသိတ။
　[ဤနှစ်ပါးသည် များသောအားဖြင့် ယုတ်ညံ့သောသူ၌ ဖြစ်၏။]

ဤသို့ ရယ်ခြင်း ၆-ပါး, ပုဂ္ဂိုလ်အားဖြင့်ခွဲသော် ၃-မျိုး ၃-စားတို့ကို မှတ်သားသင့်၏။

ရယ်ရွှင်ပုံကိုထောက်၍ ရယ်သူ၏စိတ်ဓာတ် အမြတ်, အလတ်, အယုတ်ကို ယေဘုယျအားဖြင့် မှန်းဆသိသာနိုင်သည်၊ ဤသို့ ပြုံးရယ်ခြင်း ရသအမျိုးမျိုးပြားသော်လည်း ဝိဘာဝ, အနုဘာဝတို့ကား မကွဲပြားကြကုန်။

http://www.dhammadownload.com

၃။ သောကဌာယီဘာဝ-ကရုဏာရသ

၃၆။ သောကရူပေါ တု ကရုဏော-နိဋ္ဌပ္ပတ္တိဋ္ဌနာသတော၊
တတ္ထာနုဘာဝါ ရဒိတ-ပဋ္ဌယထမ္ဘကာဒယော။
ဝိသာဒါလသျမရဏ-စိန္တာဒီ ဗျဘိစာရိနော။

အချို့သော ပုဂ္ဂိုလ်များကား တော်ရုံတန်ရုံ ရယ်ရွှင်ဖွယ်နှင့် ကြုံသော်လည်း မရယ်ရွှင်တတ်ကြပေ၊ ရမည်းသင်းမြို့စား သီလဝမင်းသားသည် (၁) အိမ်တော်သို့အပြန်တွင် မိဖုရားက ရွှေခွက်ဖြင့် ခြေဆေးပေးသောအခါတစ်ကြိမ်, (၂) ရှမ်းစစ်တပ်တက်လာသည်ကို မိဖုရားစိုးရိမ်သဖြင့် ကြက်တိုက်ရာသို့ ပျာပျာသလဲ လိုက်လာ၍ ပြောသောကြောင့် တစ်ကြိမ်, (၃) ခေါင်းပေါင်းမချွတ်ဘဲ ရေငုပ်သော လူပြန်တော်ကိုမြင်၍တစ်ကြိမ် ဤသို့ တစ်သက်တာ၌ သုံးကြိမ်မျှသာ ရယ်ဖူးသည်-ဟူ၏။

(၃) သောကဌာယီဘာဝ-ကရုဏာရသ

၃၆။ ။ စိုးရိမ်ခြင်းကို, သောကဆိုလော့၊ အလိုရှိအပ်, မရှိအပ်ဟု, နှစ်ရပ်ဝတ္ထု, အစုစုမှာ, အာရမ်သာတည့်၊ ကွဲကွာပျက်ပြား, ဆုံရှင်းဟု, မှတ်သားကမ, ဥဒ္ဒီပတည့်၊ ငိုရခြင်းရာ, သညာပျောက်ကင်း, တောင့်တင်းစစွာ, နုဘာဝါမှတ်၊ ဝိသာလသျ, မရဏစိန္တာ, စသည်မှာလျှင်, ဗျဘိတွင်သည် .... ဖွင့်လျှင် ကရုဏာ-အရသာ။

"ဒေါမနဿဝေဒနာ သောကော"ဟူသော မူလဋီကာနှင့်အညီ ဒေါမနဿဖြစ်ခြင်း, စိုးရိမ်ပူပန်ခြင်းသည် သောကဌာယီဘာဝ မည်၏။

စိုးရိမ်ပူပန်ကြောင်းဖြစ်သော အလိုရှိအပ်သော ပုဂ္ဂိုလ်-ဝတ္ထု, အလိုမရှိအပ်သော ပုဂ္ဂိုလ်-ဝတ္ထုသည် အာရမဏဝိဘာဝ မည်၏။

အလိုရှိအပ်သော ပုဂ္ဂိုလ်-ဝတ္ထုတို့၏ ကွေကွင်းပျက်စီးခြင်း, အလိုမရှိအပ်သော ပုဂ္ဂိုလ်-ဝတ္ထုတို့ကို ရခြင်းသည် ဥဒ္ဒီပနဝိဘာဝ မည်၏။

ငိုကြွေးခြင်း, သညာကင်းပျောက်ခြင်း, ကိုယ်စိတ်တောင့်တင်းခိုင်မာခြင်း, ကံကိုကဲ့ရဲ့ခြင်း, မြေ၌လဲခြင်း, ရှိုက်ရှူခြင်း, မြည်တမ်းခြင်းတို့သည် အနုဘာဝ မည်၏။

ပင်ပန်းခြင်း-ဝိသာဒ, ပျင်းရိခြင်း-အာလသျ, သေခြင်း-မရဏ, ကြုံမိုင်ခြင်း-စိန္တာ, ငြီးငွေ့ခြင်း-နိဗ္ဗေဒ, မိန်းမောတွေဝေခြင်း-မသိခြင်း-မောဟ, စိတ်ဖောက်ပြန်ခြင်း-အပမာရ, ဖျားနာခြင်း-ဗျာဓိ, အားကုန်ခန်းခြင်း-ဂိလာနိ, အောက်မေ့ခြင်း-သတိ, ကိုယ်စိတ်ပင်ပန်းခြင်း-သမ, အံ့အားသင့်ခြင်း-ကြက်သေသေခြင်း-ဇဋ္ဌတာ, စိတ်ပျံ့လွင့်ခြင်း-ရူးသွပ်ခြင်း-ဥမ္မာဒတို့သည် ဗျဘိစာရီဘာဝ မည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားခြင်းသို့ရောက်သော သောကဌာယီဘာဝသည်ပင် ကရုဏာရသ မည်၏။

http://www.dhammadownload.com

၃၆၁။ အနိဋ္ဌပုတ္တိဋ္ဌနာသတော-အလိုမရှိအပ်သည်ကိုရခြင်း, အလိုရှိအပ်သည်၏ ပျက်စီးခြင်းကြောင့်၊ သောကရှုပေါတု-စိုးရိမ်ခြင်းသဘောသည်ကား၊ ကရဏော-ကရဏာရသမည်၏၊ တတ္ထ-ထိုကရဏာရသ၌၊ ရဒိတပဋ္ဌယထမ္ဘကာဒယော-ငိုကြွေးခြင်း, သည်ဘကင်းပျောက်ခြင်း, ကိုယ်စိတ်တောင့်တင်းခိုင်မာခြင်း စသည်တို့သည်၊ အနုဘာဝါ-အနုဘာဝတို့မည်၏၊ ဝိသာဒါလသျမရဏာစိန္တာဒီ-ပင်ပန်းခြင်း, ပျင်းရိခြင်း, သေခြင်း, ကြံမှိုင်ခြင်းစသည်တို့သည်၊ ဗျဘိစာရိနော-ဗျဘိစာရီဘာဝတို့မည်၏။

ဤကရဏာရသသည်လည်း-

(က) ကာမနှင့်ဆိုင်သော ကရဏာရသ,

(ခ) ဓမ္မနှင့်ဆိုင်သော ကရဏာရသ-ဟု နှစ်မျိုးရှိ၏။

ကရဏာတရားကိုယ်ရကောင်းသော အရာတို့၌လည်း ကရဏာရသမျိုး ဖြစ်သင့်၏။ [ဒယာဝိရရသနှင့် ထူးခြားပုံကို နောက်၌ပြထားသည်။]

သနားဖွယ်ကောင်းသော အကြောင်းအရာများကို ဖွဲ့နွဲ့သိကုံးရေးသား, ကြေ-အပ်သော အရာများကို ကြည့်ရှုနာခံသူတို့၏ သန္တာန်၌ဖြစ်သော ကရဏာများကို တိုက်ရိုက်အားဖြင့် သောကဋ္ဌာယီဘာဝ-ကရဏာရသအဖြစ်ဖြင့် ယူအပ်၏၊ သောကဋ္ဌာယီဘာဝကို သိစေတတ်သော ဉာပကစိတ္တဇရုပ် တရားတို့ကို အနုဘာဝအဖြစ်ဖြင့် ယူအပ်ကုန်၏။

(က) ကာမနှင့်ဆိုင်သော ကရဏာရသ

(ကတော ပဋ္ဌာယ မယှံ မာတုပဝေသနံ နိဝါရေထာတိ အာဟ။) တတော ပဋ္ဌာယ ဒေဝီ ဒွါရမူလေ ဌတွာ သာမိ ဗိမ္ဗိသာရ ဧတံ ဒဟရကာလေ မာရေတုံ နု အဒါသိ၊ အတ္တနော သတ္တုံ အတ္တနာဝ ပေါသေသိ၊ ကဒါ ပန ဒါနိ တေ ပစ္ဆိမဒဿနံ၊ နာဟံ ကတော ပဋ္ဌာယ တုမှေ ပဿိတုံ နု လဘာမိ၊ သစေ မယှံ ဒေါသော အတ္ထိ၊ ခမထ ဒေဝါတိ ရောဒိတွာ ကန္ဒိတွာ နိဝတ္တိ။ [သီ-ဋ။]

မယ်တော်ဘုရား, လင့်ထံပါးသို့, ခစားဝင်က, မြစ်တားကြဟု, သားလှယုတ်မာ, မိမာတာကို, မညာရက်ရက်, အာဏာစက်ဖြင့်, နှိပ်စက်ကလူ, ပြုမူလေရာ, ထိုခါမှစ, တံခါးဝ၌, ရပ်ရလေပြီ, မဟေသီလည်း, လင့်ဆီရှုလျက်, မျက်ရည်စက်ဖြင့်, သက်လျာ သက်လျာ, ဗိမ္ဗိသာငယ်, ယုတ်မာမာန်ထောင်, ဤသားကောင်ကို, ကြီးအောင်မထား, ဖျက်လိုဩားလည်း, မြစ်တားကယ်ဆယ်, ကိုယ့်ရန်စွယ်ကို, ကိုယ်လွယ်ပြစ, ခုမြင်မူကား, မှတ်ရှုနောက်သာ, ဖြစ်ရပါလိမ့်, ဤခါမှစ, လင်မင်းလှကို, ဖူးရစရာ, မရှိပါရှင့်၊ မယ့်မှာအပြစ်, ရှိသည်ဖြစ်က, လင်ချစ်သက်လျာ, သည်းခံပါဟု, ငိုကာတမ်းတ, ပြန်လေရသည်....ပန်းလျလုပ်လီလုပ်လဲ့တည်း။

http://www.dhammadownload.com

ဝေဒေဟီမိဖုရားကြီး သန္တာန်၌ ဝိုးကြွေးမြည်တမ်းသော အခြင်းအရာအားဖြင့် ဖြစ်သော ဒေါပနဿဝေဒနာသည် သောကဌာယီဘာဝမည်၏။

ဗိမ္ဗိသာရမင်းမြတ်–ဟု ဆိုအပ်သော ချစ်ခင်မြတ်နိုးအပ်သော ပုဂ္ဂိုလ်သည် အာရမဏာဝိဘာဝမည်၏။

ထိုဗိမ္ဗိသာရမင်းနှင့် ကွေကွင်းခြင်း, အဇာတသတ်မင်းက တားမြစ်ခြင်းသည် ဥဒ္ဒီပနဝိဘာဝမည်၏။

ဝိုကြွေးမြည်တမ်းခြင်း–စသည်တို့သည် အနုဘာဝမည်၏။

မျက်ရည်ယိုခြင်း–အသံ, အသံဖောက်ပြန်ခြင်း–ဝိသရတာ, အဆင်းဖောက်ပြန်ခြင်း–ဝေဝဏ္ဏိယ–စသည်တို့သည် သာတ္တိကာဘာဝမည်၏။ [၄င်းကို အနုဘာဝထဲသို့လည်း ထည့်ကောက်သင့်၏။]

ပင်ပန်းခြင်း–ဝိသာဒ, ကြဲမိုင်ခြင်း–စိန္တာ, အားကုန်ခန်းခြင်း–ဂိလာနိ–စသည်တို့သည် ဗျဘိစာရီဘာဝမည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားခြင်းသို့ ရောက်စေအပ်သော သောကဌာယီဘာဝသည်ပင်လျှင် ကရုဏာရသမည်၏။

မြန်ပုံစံ။ ။ ဤသို့ ထဲနက်, သံတော်ပွက်လျှင်, နှစ်ဘက် လက်ပြိုင်, ရွှေရင်အိုင်ကို, ချိုင်ချိုင်တီးလျက်, မိပြာညက်ကား, စဉ်ထွက်လိပ်ပြာ, သည်တခါသော်, မေတ္တာအလုံး, ကြိုးထုံးရစ်ပတ်, ပြတ်ချေပြီဟု, စဉ်စီတက်ပြော, ခြောက်တန်ဖောဖြင့်, မိန်းမောခေါက်ခွေ, သေငယ်စင်းစင်း, လဲ(သေ)တုံလျှင်းသော်, (သေ၌နင်းဘုန်းထောက်, ခြေရာဖျောက်၍, နောက်ပရိသတ်, မျက်ခြေပြတ်စဉ်, စိုင်–ဆတ်–သမင်, စုဝေးမြင်သည်, မြိုင်ခွင်အဋဝီ, တောအုပ်ဆီသို့, ကြွချီခြေတော်, အပြင်းဆော်တည်း။) (၈၆–၂၄၆။) [ဤ၌လည်း စစ်ဆေးပါ။]

(ခ) ဓမ္မနှင့်ဆိုင်သော ကရုဏာရသ

နေဝါဟမတ္တာနမနတ္ထုနာမိ , နာ ပုတ္တဒါရံ နာ ဓနံ နာ ရဋ္ဌံ၊
သတ္တဿ ဓမ္မော စရိတော ပုရာဏော , တံ သက်ံရံ ဗြာဟ္မဏာသာနုတပ္ပေ။

ကိုယ့်သက်ခန္ဓာ, ဉာတကာမှ, ဆွေမျိုး–စသည်, ပြည်မတိုင်းကား, သားမယားနှင့်, စပါးရွှေငွေ, ဤထွေထွေကို, ရှိလေသည်သာ, မစိုးပါတည့်၊ ငါနှင့်ပုဏ္ဏား, သစ္စာထားသည်, စကားချက်မှန်, ထိုရေကန်က, ငါပြန်သောခါ, သင့်ဂါထာကို, နာပါရစေ, ငံ့လင့်နေဟု, ဆိုပေသည်ပင်, မပြန်ခင်၌, **အသင်ငါ့အား, ဆောင်ယူသွား၍, စကားပျက်မည်, စိုးရိမ်သည်ကြောင့်, မရှည်**ကြာခင်, ငါပြန်ချင်သည် အသင်ငါ့ကို–လွှတ်ပါတော့။ (သုတ–၅၃။)

http://www.dhammadownload.com

၄။ ကောဓဌာယီဘာဝ-ရုဒ္ဒရသ

၃၆၂။ ကောဓော မစ္ဆရိယာဒီဟိ , ပေါသေ တာသမဒါဒိဘိ၊
နယနာရုဏတာဒီဟိ , ရုဒ္ဒေါ နာမ ရသော ဘဝေ။

ဤ၌ အချိန်းအချက် စကားပျက်မည်မှ စိုးရိမ်ခြင်းသည် သောကဌာယီဘာဝမည်၏။

စကားသည်လည်းကောင်း, ပုဏ္ဏားသည်လည်းကောင်း အာရမဏဝိဘာဝမည်၏။

ချိန်းချက်ခြင်းသည် ဥဒ္ဒီပနဝိဘာဝမည်၏။

အချိန်းအချက်ပျက်မှာကို ပူပန်လှပါသည်(မကြာခင် ကျွန်ုပ်ပြန်ချင်ပါသည်)ဟု ဆိုခြင်းသည် အနုဘာဝမည်၏။

အသံဖောက်ပြန်ခြင်းသည် သာတ္တိကာဘာဝမည်၏။

အောက်မေ့ခြင်း-သတိ-စသည်တို့သည် ဗျဘိစာရီဘာဝတို့မည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော သောကဌာယီဘာဝသည်ပင် ကရုဏာရသမည်၏။

(၄) ကောဓဌာယီဘာဝ-ရုဒ္ဒရသ

၃၆၂။ ။ မျက်ထွက်ခြင်းကို, ကောဓဆိုလော့၊ မလိုဝတ္ထု, ရန်သူစုမှာ, အာရမ်သာဆို၊ ဝန်တိုမစ္ဆရိ, စရှိဥဒ္ဒီ၊ မျက်လုံးနီမှု, အစပြု၍, အနုဘာဝ, မှတ်သားကြလော့၊ တာသ-မဒါ, မောဟာ-မရိ, အစရှိမူ, ဗျဘိစာပေ၊ တိုးပွားစေသည် .... မည်လေရုဒ္ဒ-ရသတည်း။

ကြမ်းကြုတ်ခက်ထန်သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသစေတသိက်သည် ကောဓဌာယီဘာဝမည်၏။

ထိုကောဓဌာယီဘာဝ၌ အလိုမရှိအပ်သော အနိဋ္ဌဖြစ်သည့် ဝတ္ထုအာရုံသည်လည်းကောင်း, ရန်သူသည်လည်းကောင်း အာရမဏဝိဘာဝမည်၏။

ဝန်တိုခြင်း-မစ္ဆရိယ, ထိုကောဓကို တိုးပွားစေတတ်သော ရန်သူ၏အပြုအမူ-စသည်တို့သည် ဥဒ္ဒီပနဝိဘာဝမည်၏။

မျက်လုံးနီခြင်း, မျက်မှောင်ကြုတ်ခြင်း, လက်ခမောင်းခတ်ခြင်း, ခြိမ်းခြောက်ခြင်း, မိမိစင်ကြယ်သည်ကို ဆိုခြင်း, လက်နက်ကိုမြှောက်ခြင်း, ကိုယ်နှုတ်ကြမ်းကြုတ်ခြင်း, ကြမ်းကြုတ်သောအမူအရာဖြင့်ကြည့်ခြင်း-စသည်တို့သည် အနုဘာဝမည်၏။

ထိုအားလျော်သော ရောမဥ္စ, သေဒ, ဝေပထု-စသည်တို့သည် သာတ္တိကာဘာဝတို့မည်၏။ [၎င်းတို့ကို ထင်ရှားသောကြောင့် မဆို။]

http://www.dhammadownload.com

၃၆၂။ မစ္ဆရိယာဒီဟိ–ဝန်တိုခြင်းစသော ဝိဘာဝတို့ကြောင့်၊ (ဥပပန္နော–ဖြစ်သော၊) ကောဓော–ကောဓဌာယီဘာဝသည်၊ တာသမဒါဒိဘိ–ထိတ်လန့်ခြင်း, မူးယစ်ခြင်း စသော ဗျာဘိစာရီဘာဝတို့ဖြင့်လည်းကောင်း၊ နယနာရဏာတာဒီဟိ–မျက်လုံးနှိခြင်း စသော အနုဘာဝတို့ဖြင့်လည်းကောင်း၊ ပေါသေ–တိုးပွားပြည့်စုံခဲ့သည်ရှိသော်၊ ရဒ္ဓေါနာမ–ရဒ္ဓမည်သော၊ ရသော–ရသသည်၊ ဘဝေ–ဖြစ်၏။

စိတ်ချောက်ချားခြင်း–တာသ, မူးယစ်ခြင်း–မဒ, တွေဝေခြင်း–မသိခြင်း–မောဟ, သည်းမခံနိုင်ခြင်း–အမရိသ–စသည်တို့သည် ဗျာဘိစာရီဘာဝတို့မည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော ကောဓဌာယီဘာဝသည်ပင် ရဒ္ဓရသမည်၏။

ပုံစံ။ ။ ပရဝဇ္ဇာနုပသိသ , နိစ္စံ ဥဇ္ဈာနသညိနော၊
အာသဝါ တဿ ဝဍ္ဎန္တိ , အာရာ သော အာသဝက္ခယာ။

အပြစ်ကင်းငြား, သူတစ်ပါး၏, ပြစ်များကိုသာ, (ဖန်ခါခါလျှင်), ဖွေရှာကြည့်တတ်, မြဲမပြတ်ပင်, စိတ်ဓာတ်နောက်ကျ, ကဲ့ရဲ့မှု၌, ရှေ့ရှုသညာ, ရှိတုံပါငြား, ပုဂ္ဂိုလ် အားလျှင်, တိုးပွားအာသဝ, မြဲနိစ္စတည်၊ ဆွဲချအောက်ရွာ, ထိုလေးဖြာ၏, ကုန်ရာရိပ်မြို, ချမ်းသာစုံသည့်, ရွှေဘုံခေမာ, နိဗ္ဗုတာမှ, ဝေးကွာထိုသူ, ဒုက္ခထူသည် .... လှိုက်ဆူရှိုက်ငင်ရှိုက်ငင်တည်း။

ဤ၌ သူတစ်ပါးကို ကဲ့ရဲ့လိုခြင်း သဘောနှင့်တကွဖြစ်သော ဒေါသသည် ကောဓဌာယီဘာဝမည်၏။

ကဲ့ရဲ့အပ်, အမျက်ထွက်အပ်သော သူတစ်ပါးသည် အာရမဏဝိဘာဝမည်၏။

ကဲ့ရဲ့တတ်သောသူ၏ သန္တာန်၌ဖြစ်သော မစ္ဆရိယသည်လည်းကောင်း, ကဲ့ရဲ့အပ်သော သူ၏ အပြုအမူသည်လည်းကောင်း ဥဒ္ဒိပနဝိဘာဝမည်၏။

ကိုယ်နှုတ်ကြမ်းကြုတ်ခြင်း, ကြမ်းကြုတ်သောအမူအရာဖြင့်ကြည့်ခြင်း, အာသဝတိုးပွားခြင်း, နိဗ္ဗာန်မှဝေးကွာခြင်း, အပါယ်သို့ရောက်ခြင်း, ကြီးစွာသောဒုက္ခကို ခံရခြင်း, ရှိုက်ငင်ပူပန်ရခြင်းတို့သည် အနုဘာဝမည်၏။

သည်းမခံနိုင်ခြင်း–အမရိသ–စသည်တို့သည် ဗျာဘိစာရီဘာဝတို့ မည်၏။

•ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော ကောဓဌာယီဘာဝသည်ပင် ဤနေရာ၌ ရဒ္ဓရသမည်၏။

ပုံစံတစ်မျိုး။ ။ တုမှေဟိ ဗြဟ္မေ ပကတော , အတိဒါနေန ခတ္တိယော၊
အာဒါယ ပုတ္တံ ဒါရဉ္စ , ဝကေ် ဝသတိ ပဗ္ဗတေ။

http://www.dhammadownload.com

သိရော တေ ဗဇ္ဈယိတ္ထာန , ဟဒယံ ဆေတ္ထာ သဗန္ဓနံ၊
ဗန္ဓသကုဏံ ယဓိသာမိ , တုယံ့ မံသေန ဇြာဟ္မဏာ။

တောတောင်အကြား, လမ်းစမှား၍, ပုဏ္ဏားပြင်းဝှန်, ဝိုကြွေးဟန်ကို, မြိုင်စွန်တလျှောက်, စောင့်ရှောက်ရန်ထား, မုဆိုးကြားသော်, ခွေးကျား-ခွေးကြောင်, အပြောင်ညိုလိုက်, စူးစူးတိုက်လျက်, စရိုက်ကျင့်ယုတ်, ပုဏ္ဏားစုတ် !-, သုတ်သုတ်ပျာပျာ, သင်တို့သာလျှင်, လွန်စွာနှိပ်စက်, တောင်းခံချက်ကြောင့်, ဆထက်ပေးလှူ, လူထုဆူ၍, ခေါ်ယူမယား, သမီးသားနှင့်, ကြီးမားဒုက္ခ, တောင်ဝက်၌, နေရငြိုငြင်, တို့သခင်တည့်၊ နင်၏ဦးခေါင်း, တောင်းလောင်းလည်းပြတ်, နင့်သည်းပွတ်နှင့်, လတ်ဆတ်စွာလှ, နင့်မံသဖြင့်, ဗန္ဓမည်မှတ်, တောင်စောင့်နတ်အား, လေးမြတ်ကော်ရော်, ငါပူဇော်အံ့၊ မွေ့လျော်တရား, တို့မင်းဖျား၏, မယား-ပုတ္တ, သမီးလှကို, မရသေးခင်, သေမည်ပြင်ဟု, ပဲ့တင်သံပေး, ခြိမ်းဆဲရေးသည် . . . . လေးဖြင့် ရွယ်ကာရွယ်ကာတည်း။

ဤပုံစံ၌ သာမတ္ထိယနည်းအားဖြင့် မုဆိုး၏သန္တာန်၌ဖြစ်သော အမျက်ဒေါသကို သိအပ်၏၊ ထိုအမျက်ဒေါသသည် ကောဓဒ္ဒာယီဘာဝမည်၏။

ဇူဇကာပုဏ္ဏားသည် အာရမဏဝိဘာဝမည်၏။

ပုဏ္ဏား၏အပြုအမူ, သား-သမီး-မယားတို့ကို အလှူခံလိုသော အခြင်းအရာသည် ဥဒ္ဒိပနဝိဘာဝမည်၏။

ခွေးဖြင့်ရှူးတိုက်ခြင်း, ခြိမ်းခြောက်ဆဲရေးခြင်း, လေးကိုရွယ်ခြင်းသည် အနုဘာဝမည်၏။

သည်းမခံနိုင်ခြင်း-အမရိသ-စသည်သည် ဗျဘိစာရီဘာဝမည်၏။ [၄င်းကိုလည်း သာမတ္ထိယနည်းအားဖြင့် သိအပ်၏။]

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော သောကဒ္ဒာယီဘာဝသည် ကရုဏာရသမည်၏။

မြန်ပုံစံ။　။ဤသို့ဆိုထ, နေသာဒ၏, ထိုမျှစကား, ပြန်ထွေကြားသော်, မင်းသားလုလင်, ရေနတ်ရှင်လည်း, ပီပြင်ချစ်ယောင်, နှုတ်လက်ဆောင်နှင့်, ချီထောင်မြှောက်စား, သင်ပုဏ္ဏားလျှင်, ငါ့အားပေါ်တင်း, လှည့်ပတ်ခြင်းဖြင့်, လွတ်လျှင်းအံ့သို့, မှတ်တို့သလော၊ သဘောယုတ်မာ, နင့်ခြင်းရာတည့်, ခန္ဓာကြေညက်, နင့်ကို ဖျက်ရှင့်၊ နင့်သက်မသတ်, ငါမလွတ်ဟု, မိန့်လတ်ပြီးသော်, အကြောင်းဖော်၍, နောင်တော်ကျေးဇူး, ထိမ်မြုံးလည်းပြု, ပြစ်မှားမှုကို, ယခုထင်စွာ, ကြားပိမ့်ဂလျှင်, ဂါထာအစုံ, ရွတ်လျှင်းတုံ၏။ (ဘူပေါင်း-၃၂။)

[ဤပုံစံ၌လည်း စစ်ဆေးရှာဖွေကောက်ယူပါ။]

http://www.dhammadownload.com

၅။ ဥဿာဟဌာယီဘာဝ-ဝီရရသ

၃၆၃။ ပတာပဝိက္ကမာဒီဟု-သာဟော ဝီရောတိ သည်တော၊
ရဏဒါနဒယာယောဂါ , ဝီရောယံ တိဝိဓော ဘဝေ၊
တေဝါနုဘာဝါ ဓိတိမ-တျာဒယော ဗျဘိစာရိနော။

---

(၅) ဥဿာဟဌာယီဘာဝ-ဝီရရသ

၃၆၃။ ။ ရဲရင့်အားကြီး, ဝီရိမျိုးကို, ခေါ်ရိုးဝီရ, ဥဿာဟတည့်၊ ယုဒ္ဓဒါနာ, ဒယာယှဉ်ရိုး, ပြားသုံးမျိုးပေ၊ တန်ခိုးလုံ့လ, ဝိဘာဝ-သာ၊ ရဏ-ဒါနာ, ဒယာတို့ပင်, နုဘာတွင်၏၊ များဖြင်ဓိတိ, မတိစသား, သဘောများသည် ····မည်ငြား-ဗျဘိစာရိတည်း။

ရဲရင့်ခြင်း, အားထုတ်ကြိုးစားခြင်း-ဝီရိယသည် ဥဿာဟဌာယီဘာဝ ဝီရရသမည်၏။

ထိုဝီရရသသည် စစ်တိုက်ခြင်း, အလှူပေးခြင်း, သနားခြင်း, တရားအားထုတ်ခြင်းနှင့် ယှဉ်သောကြောင့်-

(က) ယုဒ္ဓဝီရရသ,
(ခ) ဒါနဝီရရသ,
(ဂ) ဒယာဝီရရသ,
(ဃ) ဓမ္မဝီရရသ-ဟု လေးပါးပြား၏။

မှတ်ချက် ဝီရရသ-ဟူသည် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား အားထုတ်ခြင်းပင်တည်း၊ ထိုဝီရရသကို အလင်္ကာဆရာကိုယ်တိုင်က ယုဒ္ဓ, ဝီရ, ဒယာ-ဟု သုံးမျိုးမျှသာ ပြ၏၊ အဘိဓာန်ဋီကာဆရာမူ ဒယာကိုကြဉ်၍ ယုဒ္ဓ, ဒါန, ဓမ္မ-ဟု သုံးပါးပြ၏၊ ထို့ကြောင့် စကားနှစ်ရပ်ကို ညှိ၍ ယုဒ္ဓ, ဒါန, ဒယာ, ဓမ္မ-ဟု ဝီရရသလေးပါး ပြဆိုလိုက်ရပေသည်။

(က) ဥဿာဟယုဒ္ဓဝီရရသ စစ်တိုက်ခြင်းကို ဖြစ်စေတတ်သော ဝီရိယသည် ဥဿာဟဌာယီဘာဝ-ဝီရရသမည်၏။ [ဤယုဒ္ဓဝီရရသသည်လည်း သတ္တယုဒ္ဓဝီရရသ, ကိလေသယုဒ္ဓဝီရရသ-ဟု နှစ်ပါးပြားသင့်သေး၏။]

တစ်ဖက်ရန်သူတို့သည် အာရမဏဝိဘာဝမည်၏။

ရန်သူ၏အပြုအမူ, တန်ခိုး, လုံ့လ-စသည်တို့သည် ဥဒ္ဒီပနဝိဘာဝမည်၏။

စစ်တိုက်ခြင်း(အဖော်ရှာခြင်း-စသည်)သည် အနုဘာဝမည်၏။

ရောင့်ရဲနှစ်သက်ခြင်း-ဓိတိ, ကြမ်းကြုတ်ခက်ထန်ခြင်း-ဥဂ္ဂတာ, မာန်ယစ်ခြင်း-ဂဗ္ဗ, သည်းမခံနိုင်ခြင်း-အမရိသ-စသည်တို့သည် ဗျဘိစာရီဘာဝတို့မည်၏။

ပုံစံ။ ။ ပက္ခန္ဒိနောတိ- ယေ ကဿ သိသံဝါ အာဝုဓံဝါ အာဟာရာမာတိ ဝတ္တာ အသုကဿာတိ ဝုတ္တာ သင်္ဂါမံ ပက္ခန္ဒိတွာ တဒေဝါဟရန္တိ၊ ဣမေ ပက္ခန္ဒန္တီတိ-ပက္ခန္ဒိနော။ [သီ-၄။]

http://www.dhammadownload.com

၃၆၃။ ပတာပဝိက္ကမာဒီဟိ-တန်ခိုးလုံ့လစသည်တို့ကြောင့်၊(ဥပ္ပန္နော-ဖြစ်သော၊) ဥဿာဟော-ဥဿာဟဋ္ဌာယိဘာဝကို၊ ဝိရောတိ-ဝိရရသဟူ၍၊ သည်တော-ကောင်းစွာသိအပ်၏၊ အယံဝိရော-ဤဝိရရသသည်၊ ရဏဒါနဒယာယောဂါ-စစ်တိုက်ခြင်း, လှူဒါန်းခြင်း, သနားခြင်းနှင့်ယှဉ်သောကြောင့်၊ တိဝိဓော-သုံးပါးအပြားရှိသည်၊ ဘဝေ-ဖြစ်၏၊ တေဧဝ-ထိုစစ်တိုက်ခြင်း, လှူဒါန်းခြင်း, သနားခြင်းတို့သည်ပင်လျှင်၊ အနုဘာဝါ-အနုဘာဝတို့မည်ကုန်၏၊ ဓိတိမတျာဒယော-ရောင့်ရဲနှစ်သက်ခြင်း, ဆုံးဖြတ်ခြင်းစသည်တို့သည်၊ ဗျဘိစာရိနော-ဗျဘိစာရီဘာဝ်တို့မည်ကုန်၏။

ဘယ်သူ့ကိုယ်လက်, ခေါင်းမျက်ခွက်နှင့်, လက်နက်တို့ကို, ဆောင်စေလိုဟု, ပြောခါချက်ချင်း, စစ်တလင်းသို့, ချင်းနင်းပြေးကာ, ပြောတိုင်းသာလျှင်, မှန်စွာမချွတ်, ဆောင်ယူတတ်၍, သကတ်လျော်ညီ, ပက္ခန္ဒိဟု....တွင်ပြီ ထိုသူရဲကိုတည်း။

(ဤ၌ သင်္ဂါမံ ပက္ခန္ဒိတွာ ပက္ခန္တန္တိ-တို့ဖြင့် ပြအပ်သော) စစ်တိုက်ခြင်းနှင့်ယှဉ်သော ဝိရိယသည် ဥဿာဟဋ္ဌာယိဘာဝမည်၏။

(အသုကဿ-စသော ပါဠိတို့ဖြင့် ပြအပ်သော) တစ်ဖက်ရန်သူတို့သည် အာရမဏဝိဘာဝမည်၏။

မိမိ၏ တန်ခိုး, လုံ့လ, သူတစ်ပါး၏ တိုက်တွန်းပြောဆိုခြင်းသည် ဥဒ္ဒိပနဝိဘာဝမည်၏။

အလိုရှိသောသူ၏ ဦးခေါင်းကို ဖြတ်ယူခြင်း, လက်နက်ကိုယူခြင်းသည် အနုဘာဝမည်၏။

ကြမ်းကြုတ်ခြင်း, သည်းမခံနိုင်ခြင်း, ဆုံးဖြတ်ခြင်း-စသည်တို့သည် ဗျဘိစာရီဘာဝမည်၏။ [၄င်းတို့ကို ဆ၍သိအပ်၏။]

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော ဥဿာဟဋ္ဌာယိဘာဝသည်ပင်လျှင် ယုဒ္ဓဝိရရသမည်၏။ [သတ္တယုဒ္ဓ။]

မြန်ပုံစံ။ ။ တိုးတင်းရဲခက်, မုန်စက်စက်နှင့်, ဝန်းရုက်ပတ်ခြံ, ရွှေလုံရဲရွေး, တစုဝေးလျက်, အရေးမခင်း, တို့တသင်းကား, လူချင်းမှန်စေ, အသချေ်လည်း, လေပွေမှုတ်လွှင့်, ပြာနယ်လွင့်စိမ့်, အရှင့်ကိုယ်စား, တို့ကိုယ်ထားဟု, ကြုံဝါးရဲငံ့, ခြံရံကြလျက်, မြို့ကထွက်၍, စစ်မျက်နှာဖြန့်, ရပ်တန့်မနား, ရွာစွန်သားနှင့်, လွှားလွှားထိုးပစ်, မိုးကြိုးထစ်သို့, ကြွေးဟစ်ကြော်ငြာ, အုပ်အာကြိုက်ကြိုက်, ဖိကာလိုက်လျက်, တိုက်ကြခေါင်ခေါင်, ပွဲလယ်ဘောင်တွင်, ဖြူရောင်ဖြန့်မိုး, ရွှေထီးကျိုး၍, နိုးနိုးနန့်နန့်, ပြည်လုံးလန့်သော်။ (၈-၁၂။) [ဤပုံစံနှင့်လည်း နှိုင်းယှဉ်ပါ။]

http://www.dhammadownload.com

ကိလေသပုံစံ။ ။ဇော နမုစိ တေ သေနာ , ကဏှသာဘိပ္ပဟာရိနီ၊
န နံ အသူရော ဇိနာတိ , ဇိတ္တာစ လဟတေ သုခံ။
ဇေ မုဠ္ဠ ပရိဟရေ , ဓိရတ္ထု မမ ဇီဝိတံ၊
သင်္ဂါမေ မေ မတံ သေယျော , ယဉ္စေ ဇီဝေ ပရာဇိတော။
[ပဓာနသုတ်။]

သတ္တဝါများ, ကျိုးစီးပွားကို, ပယ်ရှားဖျက်တတ်, အိုမာရ်နတ် !–, ညစ်ပတ်ကိလေ, ဤဆယ်ထွေကား, စိတ်နေညစ်စုတ်, သင်နတ်ယုတ်၏, ထိုးခုတ်တတ်ငြား, စစ်သည်များတည့်၊ ကြောက်အား တုန်ချို, မရဲဘိက, ကိလေသာမည်, ထိုစစ်သည်ကို, အောင်မည်ဝေးကွာ၊ အောင်၍သာလျှင်, ချမ်းသာကုန်လုံး, ယူသိမ်းကြိုး၏၊ အရှုံးမယူ, အောင်လံထူရန်, ဖြူဆံဖွေနည်, ငါဆောင်မည်တည့်၊ သက်ရှည်ဤမှာ, ရွှဖွယ်သာပင်၊ စစ်မြေပြင်၌, သေချင်သေစေ, မြတ်လှပေ၏၊ ရှုံးလေခဲ့ကင်း, သက်ရှည်ခြင်းသည် ····သိမ်ဖျင်းယုတ်ညံ့လှပေ၏။

ဤ၌ ကိလေသာတို့နှင့် စစ်တိုက်ခြင်း, သမ္မပ္ပဓာန်လုံ့လ ဝီရိယသည် ဥဿာဟဌာယီဘာဝမည်၏။ [၄င်းကို ဆ၍သိအပ်၏။]

ကိလေသာတို့သည် အာရမဏဝိဘာဝမည်၏။

ကိလေသာတို့၏ အာရုံဖြစ်သောတရား, ထိုကိလေသာတို့၏ ပူပန်စေတတ်သော သဘောသည် ဥဒ္ဒိပနဝိဘာဝမည်၏။

ဤဂါထာ(ကဗျာ)ကို ရွတ်ဆိုခြင်းသည် အနုဘာဝမည်၏။

အသက်ရှည်ဖို့ရန် ငြီးငွေ့ခြင်း–နိဗ္ဗေဒ, စစ်တိုက်ဖို့ရန်ဆုံးဖြတ်ခြင်း–မတိတို့သည် ဗျဘိစာရီဘာဝမည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော ဥဿာဟဌာယီဘာဝသည်ပင် (ကိလေသ)ယုဒ္ဓဝီရရသမည်၏။

၄င်းပုံစံ။ ။နတာဝိမံ ပလ္လင်္ကံ ဘိန္နိသာမိ၊ ယာဝ မေ နာ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိသတီတိ ပဋိညံ ကတ္တာ ပါစီနဒိသာဘိမုခေါ နိသီဒိတ္တာ သူရိယေ အနတ္ထင်္ဂတေ မာရဗလံ ဝိဓမိတ္တာ။ [အဋ္ဌသာလိနီ–အဋ္ဌကထာ၊ ၇၇။]

အာသဝမကွာ, ဤနေရာမှ, ငါမထပေ, ဆုံးဖြတ်လေ၍, နေထွက်သည့်ဘက်, ရှေ့ရှုလျက်သာ, ထိုင်ပြီးခါဝယ်, နေဝါမပျောက်, မိုးမရောက်မီ, ရှေ့နောက်ဝဲယာ, ထက်အာကာမှ, လွန်စွာဖြိုးခိုင်, မနိုင်ရေတွက်, ခြပရွက်သို့, ဝန်းယှက်ဖွဲ့ရုံ, ဝိုင်းကာအုံ၍, စုံစွာလက်နက်, စွဲကိုင်ဖက်လျက်, တိုက်ဖျက်အံ့ဎာ, ချီတက်လာသည့်, ညာသံပေးနေ, မာရ်ဗိုလ်ခြေကို, ကမ္ဘေကမ္ဘာ, ပြုလုပ်လာသည့်, ပါရမီအပြား, သုံးဆယ်အားကို, ဖွဲ့ထားစစ်တပ်, ကိုယ်တိုင်ကြပ်၍, မြေရပ်လှုပ်လှုက်, စိန်လက်နက်ဖြင့်, ပယ်ဖျက်ကောင်းစွာ, အောင်မြင်ပါသည်····မြတ်စွာဗုဒ္ဓဗိုလ်ချုပ်သခင်တည်း။
[ဤ၌ ဝီရရသကို ထုတ်လေဦး။]

http://www.dhammadownload.com

(ခ) ဥဿာဟ ဒါနဝိရရသ ပေးလှူကြောင်းဖြစ်သော ပရိစ္စာဂစေတနာနှင့်တကွဖြစ်သော ဝီရိယသည် ဥဿာဟဌာယီဘာဝ-ဒါနဝိရရသမည်၏။

လှူဖွယ်ဝတ္ထု၊ အလှူခံသောပုဂ္ဂိုလ်တို့သည် အာရမ္မဏဝိဘာဝမည်၏။

တောင်းခံခြင်း, ကြည်ညိုဖွယ်ကောင်းသောအမူအရာ, ငြိမ်သက်သောလက္ခဏာ-စသော အလှူခံပုဂ္ဂိုလ်၏ အပြုအမူသည်လည်းကောင်း, အလှူရှင်၏ သဒ္ဓါတရားသည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝမည်၏။

ပေးလှူခြင်းနှင့်တကွ ဒါန၏အကျိုး အဆက်ဆက်သည် အနုဘာဝမည်၏။

နှစ်သက်ရောင့်ရဲခြင်း-ဓိတိ, စိတ်ကြည်လင်ရွှင်လန်းခြင်း-ဟရိသ-စသည်တို့သည် ဗျဘိစာရီဘာဝမည်၏။

ပုံစံ။ ။ အဟဉ္စ ဘရိယာစ မနုဿလောကေ , သဒ္ဓါ ဥဘော ဒါနပတီ အဟုမှာ၊
သြပါနဘူတံ မေ ဃရံ တဒါသိ , သန္တ ပွိတာ သမဏဗြာဟ္မဏာ စ။
တံ မေ ဝတံ တံ ပန ဗြဟ္မစရိယံ , တဿ သုစိဏ္ဏဿ အယံ ဝိပါကော၊
ဣဒ္ဓီ ဇုတိ ဗလဝိရိယုပပတ္တိ , ဣဒဉ္စ မေ ဓိရ မဟာဝိမာနံ။

ထိန်ထိန်ပြောင်ပြောင်, ဉာဏ်မီးရောင်ဖြင့်, ရှေ့ဆောင်လမ်းပြ, ဝိဓုရ !-, လောကလူရွာ, ဖြစ်စဉ်ခါဠ်, ငါနှင့်အိမ်သူ, နှစ်ဦးလူတို့, စိတ်တူကြည်လင်, အလှူရှင်သည်, ပေါ်လွင်ကျော်စွာ, ဖြစ်ခဲ့ပါ၏၊ ထိုခါသောင်းသင်း, ကျွန့်အိမ်ဝင်းသည်, ရေတွင်းပမာ, ဖြစ်သည်သာတည့်၊ ချမ်းသာမျှော်မှန်း, ကျင့်ဖြောင့်တန်းသည့်, ရဟန်းပုဏ္ဏား, သူတို့အားလည်း, ပေးငြားထွေထွေ, ရောင့်ရဲစေ၏၊ လှူလေရှေးက, ထိုဒါနမြတ်, ကျွန့်ကျင့်ဝတ်နှင့်, ကျင့်မြတ်မသွေ, ဖြစ်တုံပေရှင့်၊ ကြီးထွေလွန်စွာ, တန်ခိုးဖြာ၍, ရောင်ဝါတောက်ပ, အားလုံ့လနှင့်, ပြည့်ဝမြတ်မွန်, ဤဗိမာန်လည်း . . . . ကဲလွန်ဒါန အကျိုးတည်း။

ဤဒ္ဒါ (ဥဘော ဒါနပတီ, သန္တ ပွိတာ-ဟူသော ပါဠိတို့ဖြင့် ပြအပ်သော) ဒါနစေတနာနှင့်တကွဖြစ်သော ဝီရိယစေတသိက်သည် ဥဿာဟဌာယီဘာဝမည်၏။

လှူဖွယ်ဝတ္ထုနှင့် အလှူခံဖြစ်သော ရဟန်းပုဏ္ဏားတို့သည် အာရမ္မဏဝိဘာဝမည်၏။

သဒ္ဓါတရားသည် ဥဒ္ဒီပနဝိဘာဝမည်၏။

အိမ်၏ ရေတွင်းသဖွယ်ဖြစ်ခြင်း, ပေးလှူခြင်း, တန်ခိုး-စသည်တို့နှင့် ပြည့်စုံခြင်း, မွန်မြတ်ကြီးမားသော ဗိမာန်ကိုရခြင်းတို့သည် အနုဘာဝမည်၏။

နှစ်သက်ရောင့်ရဲခြင်း, စိတ်ကြည်လင်ရွှင်လန်းခြင်း-စသည်တို့သည် ဗျဘိစာရီဘာဝမည်၏။ [၄င်းတို့ကို ဆ၍သိအပ်၏။]

http://www.dhammadownload.com

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဥဿာဟဋ္ဌာယီဘာဝ သည်ပင် ဒါနဝီရရသမည်၏။

မြန်ပုံစံ။ ။ အခါတော်မိ, ရပ်သိရိကို, မရှိမရ, ဤသည်မျှဖြင့်, တ-သော်လွယ်ကာ, ရစိမ့်ငှာဟု, အရာကုဋေ, ရွှေနှင့်ငွေကို, ရွာနေဗိုလ်လူ, ဆင်းရဲသူအား, လှူတုံ မချန်, အစို့သွန်လျက်, ပေးစွန့်ရိုးရိုး, နိဗ္ဗာန်မျိုးကို . . . . စိုက်ပျိုး-ငါဖြန့်ချိသတည်း။ (ဆုတောင်း-ဖဒ။) [ဤကဗျာဒ္ဒါလည်း ထုတ်ကြည့်ပါ။]

မှတ်ချက် မင့်မကွက် ရက်ရက်ရောရော ရဲရဲတင်းတင်း ပေးလှူခြင်းကို ဒါနဝီရရသ-ဟု ဆိုရ၏၊ ထိုဒါန-ဟူသည်မှာလည်း ပါရမီဆယ်ပါးတို့တွင် တစ်ပါး အပါအဝင် ဖြစ်ချေသည်၊ ထို့ကြောင့် မင့်မကွက် အသက်ကိုစွန့်၍ ရဲရဲဝံ့ဝံ့ ပြုလုပ်သော သိလ-စသည်ကိုလည်း "သီလဝီရရသ"စသည် ဆိုသင့်၏၊ သို့ဖြစ်၍ သီလဝီရရသ, နေက္ခမ္မဝီရရသ, ပညာဝီရရသ, ဝီရိယဝီရရသ, ခန္တီဝီရရသ, သစ္စဝီရရသ, အဓိဋ္ဌာနဝီရရသ, မေတ္တာဝီရရသ, ဥပေက္ခာဝီရရသ-ဟူသော ဝီရကိုးပါးကို ထည့်သွင်း၍ ယခင်လေးပါးနှင့် ပေါင်းလျှင် ဝီရပေါင်း ၁၃-ပါး ဖြစ်၏-ဟု စံကျောင်းဆရာတော်ဘုရား မိန့်မှာတော်မူ၏၊ ပုံစံနှင့်တကွ ပြတော်မူ၏၊ ငါတို့ကား ထိုသီလ-စသည်တို့သည် ဓမ္မဝီရ၌ပင် ပါဝင်နိုင်ပြီ-ဟု သဘောရရှိသောကြောင့် ထိုသီလဝီရ-စသည်တို့ကို မခွဲတော့ဘဲ ပုံစံလည်း ထုတ်မပြလိုက်တော့ပေ။

(ဂ) ဥဿာဟ-ဒယာဝီရရသ စောင်မကြည့်ရှုခြင်းနှင့်ယှဉ်သော ဝီရိယသည် ဥဿာဟဋ္ဌာယီဘာဝ-ဒယာဝီရရသမည်၏။ ။သနားအပ်သော ပုဂ္ဂိုလ်သည် အာရမ္မဏဝိဘာဝမည်၏။ ။သနားကြင်နာအပ်သောပုဂ္ဂိုလ်၏ အမှုအရာ, ကျင်နာသောအနာ, ဆင်းရဲခံစားရခြင်း ဒုက္ခဝေဒနာတို့သည် ဥဒ္ဒီပနဝိဘာဝမည်၏။

ကယ်ဆယ်, စောင်မကြည့်ရှုခြင်းတို့သည် အနုဘာဝမည်၏။

ကြံစည်ခြင်း-တက္က, ဆုံးဖြတ်ခြင်း-မတိတို့သည် ဗျဘိစာရီဘာဝတို့မည်၏။

ကရဏာနှင့် ဒယာဝီရအထူး ဒုက္ခိတသတ္တဝါအား သနားရုံမျှသနားလျှင် ကရဏာရသမည်၏၊ သနားခြင်းကြောင့် တစ်စုံတစ်ခု ပြုလုပ်ပေးဖို့ အင်အားစိုက်ထုတ် အပတ်တကုတ် ကြိုးစားလျှင် ဒယာဝီရရသမည်၏၊ ဤသို့ ထူးခြားဟန်ကို မှတ်သင့်၏။

ဆောင်။ ။ သနားရုံမျှ, သနားကမူ, ရသကရ၊ သနားမှကြောင့်, တစ်ခုခုမျှ, ကြိုးစားက, မှတ်ကြဒယာ-ဝီရပါ။

ပုံစံ။ ။ကိ ံ မေ ဧကေန တိဏ္ဏေန , ပုရိသေန ထာမဒဿိနာ၊
သဗ္ဗညုတံ ပါပုဏိတွာ , သန္တာရေသံ သဒေဝကံ။

http://www.dhammadownload.com

ယောက်ျားစင်စစ်, အကယ်ဖြစ်လျက်, စိစစ်ကိုယ်အား, စွမ်းပကားလည်း, ထင်ရှားမြင်တွေ့, ငါရသေ့အား, လူအများကို, သနားမဲ့မှု, ယခုကိုယ်လွတ်, သုံးပါးဝင့်မှ, ထွက်ခတ်လွန်ကျူး, ကိုယ်ထီးကူးသော်, ကျေးဇူးနက်နိုး, အကျိုးအဘယ်, များကျယ်အံ့နည်း၊ ငါချည်းကိုယ်စွမ်း, ကြောင်းလမ်းဖိုင်ဖိုင်, ထွင်ပြီးနိုင်မှ, တိုင်တိုင်ဘုံယဉ်, သဗ္ဗညာဉ်သို့, ရောက်ယှဉ်တကွ, ထိုမျှဆွေစုံ, လူသုံးဘုံကို, ပွားထုံဆင်းရဲ, ဩဃထဲမှ . . . .ထုတ်ဆွဲ-ကယ်တင်ရပေအံ့။

သတ္တဝါတို့ကို သနားခြင်းနှင့်ယှဉ်သော ဝီရိယသည် ဥဿာဟဌာယီဘာဝမည်၏။

နတ်လူအပေါင်းသည် အာရမဏဝိဘာဝမည်၏။

ထိုနတ်လူအပေါင်း၏ ဆင်းရဲဒုက္ခသည် ဥဒ္ဒီပနဝိဘာဝမည်၏။

ဤပုံစံပါ စကားကို ကျူးရင့်မြွက်ဆိုခြင်းသည် အနုဘာဝမည်၏။

ဘုရားဖြစ်အောင် အားထုတ်မည်, သတ္တဝါတို့ကို ကယ်တင်မည်-ဟု ကြံစည်ခြင်း-တက္က, ဆုံးဖြတ်ခြင်း-မတိတို့သည် ဗျဘိစာရီဘာဝမည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဥဿာဟဌာယီဘာဝသည်ပင် ဒယာဝီရရသမည်၏။

မြန်ပုံစံ။ ။ ဤရှိတရာ, မင်းကိုသာလျှင်, ထိုခါဥသုံ, ပူဇော်တုံအံ့၊ မီးပုံကြီးစွာ, ထည့်ပြီးခါ၌, တရာမှန်မှန်, တံစို့ချွန်သော်, နတ်မွန်ခြင်းရာ, သိသောခါလျှင်, ငါမမဘဲ, ဤသူလွဲ၍, ဆင်းရဲကြီးစွာ, မင်းတရာကို, ထိုခါဧကန်, သတ်မည်မှန်သည် . . . . အလွန်မြစ်တားခက်၏တည်း။ (သုတ-၄၀။) [ဤ၌ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ကို ရှာဖွေစိစစ်ပါ။]

(ဃ) ဥဿာဟ-ဓမ္မဝီရရသ စွန့်စွန့်စားစား တရားအားထုတ်သော ပုဂ္ဂိုလ်တို့၏ ကုသိုလ်နှင့်ယှဉ်သော ဝီရိယသည် ဥဿာဟဌာယီဘာဝ-ဓမ္မဝီရရသမည်၏။

သမထဝိပဿနာတို့၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်းလေးဆယ်, လောကီဥပါဒါနက္ခန္ဓာငါးပါးတို့သည် အာရမဏဝိဘာဝမည်၏။

တရားကျင့်ဖွယ်ကောင်းသော တောကျောင်းသင်္ခမ်း, တော, တောင်-စသည်တို့သည် ဥဒ္ဒီပနဝိဘာဝမည်၏။

တရားကျင့်ခြင်း, စျာန်အဘိညာဉ်-မဂ်-ဖိုလ်တို့ကိုရခြင်း-စသည်တို့သည် အနုဘာဝမည်၏။

စိတ်ကြည်လင်ခြင်း-ဟရိသ-စသည်တို့သည် ဗျဘိစာရီဘာဝမည်၏။

http://www.dhammadownload.com

ပုံစံ။ ။ တိစီဝရဉ္စ ပတ္တော စ , ဝါသိ သူစိ စ ဗန္ဓနံ၊
ပရိဿာဝနေန အဋ္ဌေတေ , ယုတ္တယောဂဿ ဘိက္ခုနော။

တိစီဝရိတ်, သပိတ်-ပဲကွပ်, ခါးပန်း-အပ်နှင့်, တစ်ရပ်ရေစစ်, ပရိက်ရှစ်သည်, သစ်ပင်တောတောင်, ချောက်မြောင်တောင်ခေါင်း, ခိုအောင်းမှီကြ, ကမ္မဋ္ဌကို, နေ့ညကြိုးစား, ရဟန်းအားလျှင်....သင့်ငြား-ကိုယ်ဝမ်းကျောင်းရန်တည်း။

ဤ၌ (ယုတ္တယောဂဿ-ဟူသော ပါဌ်ဖြင့်ပြအပ်သော) တရားအားထုတ်သော ရဟန်း၏ ကုသိုလ်စေတနာနှင့်တကွသော ဝီရိယသည် ဥဿာဟဌာယီဘာဝမည်၏။

ကမ္မဋ္ဌာန်းသည် အာရမဏဝိဘာဝမည်၏။ [၄င်းကိုလည်း ထိုပါဌ်၏အစွမ်းသတ္တိဖြင့်ပင် ပြ၏။]

ပရိက္ခရာရှစ်ပါး, သစ်ပင်တောတောင်, ချောက်မြောင် တောင်ခေါင်းတို့သည် ဥဒ္ဒီပနဝိဘာဝမည်၏။

တရားကျင့်ခြင်း (ဈာန်အဘိညာဉ်-စသည်ကိုရခြင်း)သည် အနုဘာဝမည်၏။

စိတ်ကြည်လင်ခြင်း-ဟရိသ-စသည်သည် ဗျဘိစာရီဘာဝမည်၏။ [၄င်းကို ဆ၍သိအပ်၏။]

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ ရောက်စေအပ်သော ဥဿာဟဌာယီဘာဝသည်ပင် ဓမ္မဝီရရသမည်၏။

[ယခုကာလ၌ ပုစ္ဆာမေးခြင်း, ဖြေခြင်း, တရားဟောခြင်း, ရတနာသုံးပါးကို ပူဇော်ခြင်း-စသည်ကို ပြရာ၌လည်း ဥဿာဟဌာယီဘာဝ-ဓမ္မဝီရရသ ထုတ်ကြ၏၊ ဝတ္တိစ္ဆာအားလျော်စွာ သင့်ပါ၏။]

ပုံစံ။ ။ တေ တာဒိသေ ပူဇယတော , နိဗ္ဗုတေ အကုတောဘယေ၊
နသက္ကာ ပုညံ သင်္ခါတုံ , ဣမေတ္ထမပိ ကေနစိ။

ဘဝဖန်ခါ, သံသရာ၌, လွန်စွာဖိစီး, ကိလေမီးတို့, ငြိမ်းပြီးဥဿုံ, တစ်စုံတစ်ခု, အကြောင်းစုကြောင့်, ကြောက်မှုမထင်, ဘေးပေါင်းစင်သား, ဂုဏ်အင်မချို့, ထိုသို့သဘော, ရှိသောဘုရား, ရှင်တော်များကို, ဝပ်တွားကော်ရော်, ပူဇော်ကြငြား, ပုဂ္ဂိုလ်များ၏, တိုးပွားကောင်းကျိုး, ကုသိုလ်မျိုးကို, တန်ခိုးကြီးထူ, မည်သည့်သူမျှ, တွက်ယူခြင်းငှာ, မတတ်သာသည်....သုံးဖြာလောက-အလယ်တည်း။

ဤ၌ (ပူဇယတော-ဟူသောပါဌ်ဖြင့် ပြအပ်သော) ဘုရားရှင်တို့ကို ပူဇော်သောသူ၏ ပူဇာစေတနာနှင့်တကွသော ဝီရိယသည် ဥဿာဟဌာယီဘာဝမည်၏။

ဘုရားရှင်တို့သည် အာရမဏဝိဘာဝမည်၏။

ကိလေသာအပူ ငြိမ်းအေးခြင်း-စသော ဂုဏ်တော်တို့သည် ဥဒ္ဒီပနဝိဘာဝမည်၏။

http://www.dhammadownload.com

၆။ ဘယဋ္ဌာယီဘာဝ-ဘယာနကရသ

၃၆၄။ ဝိကာရာသနသတ္တာဒိ-ဘယုက္ကံသော ဘယာနကော၊
သေဒါဒယောနုဘာဝေတ္ထ , တာသာဒီ ဗျဘိစာရိနော။

ပူဇော်ခြင်း, ဘုန်းတန်ခိုးအာနုဘော်ကြီးသော တစ်စုံတစ်ယောက်သောသူမျှ မရေတွက်နိုင်အောင် ကုသိုလ်ကောင်းမှု၏ တိုးပွားခြင်းတို့သည် အနုဘာဝမည်၏။

စိတ်ကြည်လင်ခြင်း-ဟရိသ-စသည်တို့သည် ဗျဘိစာရီဘာဝတို့မည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဥဿာဟဋ္ဌာယီဘာဝသည်ပင် ဓမ္မဝိရရသမည်၏။

မြန်ပုံစံ။ ။ ငါ့အားကျွတ်, ရဲတင်းဝင်လျက်, အရှင်-အသေ, မရေမတွက်, ကိုယ်အသက်ကို, ရက်ရက်မတာ, စွန့်ကောင်းစွာဟု, အရာအဆ, ဤသို့စသည်, လွတ်ရမဲ့အောင်, ကြံပြီးနောင်မှ, များစွာမပန်း, ညွှန်တာခန်း၌, ဦးစွန်းဆံစည်း, မည်းသစ်အရေ, လဲချွတ်ဖြေ၍, လျှော်တေမကြွင်း, အနီးခင်းလျက်, ခြေနင်းတံတား, ကူးလေ့ကားသို့, အလျားငါကား-ဝပ်သတည်း။
(ဆုတောင်း-၁၇၂။)

(၆) ဘယဋ္ဌာယီဘာဝ-ဘယာနကရသ

၃၆၄။ ။ ဆုတ်နစ်တွန့်တို့, ဒေါသကိုလျှင်, ခေါ်ဆိုဘယာ, ဋ္ဌာယီသာတည့်၊ ကြောက်ရာဝတ္ထု, ပုဂ္ဂိုလ်စုကို, ကောက်မှုအာရမ်၊ အသံမူရာ, ဥဒ္ဒီသာတည့်၊ သေဒါစရိ, နုဘာသိလေ့၊ ထိတ်ဘိတာသာ, ဗျဘိစာသည် . . . . ပြည့်ပါ-ဘယာနကတည်း။

ကြောက်တတ်သော သဘောရှိသောသူ၏ သန္တာန်၌ဖြစ်သော ဆုတ်နစ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသသည် ဘယဋ္ဌာယီဘာဝမည်၏။

ကြောက်ရာဖြစ်သော (အသံ-စသော)ဝတ္ထု, ကြောက်ရာဖြစ်သောပုဂ္ဂိုလ်သည် အာရမဏဝိဘာဝမည်၏။

ထိုဝတ္ထု, ပုဂ္ဂိုလ်တို့၏ ဖောက်ပြန်သောအမူအရာ, အသံ-စသည်တို့သည် ဥဒ္ဒီပနဝိဘာဝမည်၏။

ကြောက်တတ်သောသူ၏ ချွေးထွက်ခြင်း, အဆင်းဖောက်ပြန်ခြင်း, အသံပျက်ခြင်း, မေ့မြောခြင်း, ကြက်သီးထခြင်း, တုန်လှုပ်ခြင်း, အရပ်မျက်နှာတို့ကို ကြည့်ခြင်းတို့သည် အနုဘာဝမည်၏။

ထိတ်လန့်ခြင်း-တာသ, (စက်ဆုပ်ခြင်း-ဇိဂုစ္ဆာ), အလျှင်လိုခြင်း-အာဝေဂ, မိန်းမောတွေဝေခြင်း-မောဟ, ကိုယ်လက်ညှိုးနွှမ်းခြင်း-ဂိလာနိ, စိတ်ဆင်းရဲခြင်း-ဒိနတာ, ယုံမှားခြင်း-သင်္ကာ, ဝက်ရူးကြက်ရူး ရူးခြင်း-အပမာရ, သည်းခြေရူး ရူးခြင်း-ဥမ္မာဒ, သေခြင်း-မရဏတို့သည် ဗျဘိစာရီဘာဝတို့မည်၏။

http://www.dhammadownload.com

၃၆၄။ ဝိကာရာသနသတ္တာဒိဘယုက္ကံသော–ဖောက်ပြန်သောအသံ, ဖောက်ပြန်သော သတ္တဝါစသည်တို့ကြောင့် ကြောက်ခြင်း၏လွန်ကဲမှုသည်၊ ဘယာနကော–ဘယာနက ရသမည်၏၊ ဧတ္ထ–ဤဘယာနကရသ၌၊ သေဒါဒယော–ချွေးစသည်တို့သည်၊ အနုဘာဝါ–အနုဘာဝတို့မည်၏၊ တာသာဒီ–ထိတ်လန့်ခြင်းစသည်တို့သည်၊ ဗျဘိစာရိနော–ဗျဘိစာရီဘာဝတို့မည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော ဘယဌာယီဘာဝသည် ဘယာနကရသမည်၏။

[ဇိဂုစ္ဆာသည် ဗျဘိစာရီဘာဝသရုပ်ထဲတွင် မပါဝင်သော်လည်း ဇိဂုစ္ဆသဘောမှ ဘယသဘောသို့ ပြောင်းသွားသောကြောင့် ဤ၌ ဗျဘိစာရီဘာဝမည်သည်၊ ယဒါ ရတျာ ဒယော–စသော ဂါထာကိုထောက်။]

ပုံစံ။ ။ တသ တံ ဒိသွာ သရီရတော သေဒါ မုစ္စိံသု၊ အန္တောကုစ္ဆိမှိ ပရိဝတ္တ မာနော မဟာရဝံ ဝိရဝီ။ [သီ–၄။]

ဦးခေါင်းကြီးမား, အိမ်ကြီးလားသို့, စုတ်ဖွားမွေးမျှင်, ဝန်းကျင်ယှက်ရုံ, သင်းခွေ ငုံဟန်, ဖျားချန်ဖြူဖြူ, ထွက်ပြူအစွယ်, ပုတ်ကြီးနှယ်သို့, ပြူးကျယ်မျက်စိ, နီဘိ ခြင်းခြင်း, ရေတွင်းမျှလောက်, နှာခေါင်းပေါက်နှင့်, ဖျာလောက်နားရွက်, စူထွက် ဝမ်းမှာ, တောင်ပမာတည့်၊ လက်ျာဘက်လက်, စိန်လက်နက်ကို, ဝဲဘက်ပြောင်ပြောင်, တောက်လောင်ညီးညီး, သံတူကြီးကို, ကိုင်ပြီးမြဲစွာ, ဝှေ့ရမ်းခါလျက်, ထက်အာ ကာတွင်, ဘီလူးသွင်သို့, ကိုယ်ထင်ပြလတ်, သိကြားနတ်ကို, မြင်လတ်ခဏ, အမွဋ္ဌ၏, ကိုယ်မှာထန်ပြင်း, ချွေးယိုဆင်း၏၊ ဝမ်းတွင်းပြောင်းပြန်, ဗလောင်း ဆန်သည်....ပြင်းထန်မိုးသို့–ချုံးသတည်း။

ဤ၌ (တသ တံ ဒိသွာ–စသော ပါဌ်တို့၏ အစွမ်းသတ္တိဖြင့် ပြအပ်သော) အမွဋ္ဌ၏ ကြောက်ရွံ့ခြင်းသည် ဘယဌာယီဘာဝမည်၏။

သိကြားမင်းသည် အာရမဏဝိဘာဝမည်၏။

ထိုသိကြားမင်းသည် ဖန်ဆင်းထားအပ်သော ကြီးစွာသောဦးခေါင်း, သင်းခွေပန်းကဲ့သို့ ဖြူဖွေးသောအစွယ်, မျက်လုံး, နှာခေါင်း–စသည်တို့သည်လည်းကောင်း၊ လက်၌ရှိသော စိန်လက်နက်, အလျှံပြောင်ပြောင် တောက်လောင်၍နေသော သံတူ(သံတင်းပုတ်)စသည် တို့သည်လည်းကောင်း ဥဒ္ဒီပနဝိဘာဝ မည်၏။

အမွဋ္ဌ၏ ချွေးထွက်ခြင်း, ဝမ်းထဲ၌ ကြီးစွာသော အသံဖြစ်ခြင်းတို့သည် အနုဘာဝ မည်၏။

တာသ, အာဝေဂ, ဂိလာနိ, ဒီနတာ–စသည်တို့သည် ဗျဘိစာရီဘာဝတို့မည်၏။

http://www.dhammadownload.com

၇။ ဇဂုဏ္ဍာဌာယီဘာဝ-ဗီဘစ္ဆရသ

၃၆၅။ ဇဂုဏ္ဍာ ရဓိရာဒီဟိ , ပုတ္တာဒီဟိ ဝိရာဂတော၊
ဗီဘစ္ဆော ခေါဘနဇ္ဇေဂီ , ကမေန ကရဏာယုတော၊
နာသာဝိကုနနာဒီဟိ , သက်ာဒီဟိသ ပေါသနံ။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားစေအပ်သော ဘယဌာယီဘာဝသည် ပင်လျှင် ဘယာနကရသမည်၏။

မြန်ပုံစံ။ ။ ထိုမှတထူး, သားစားကြူးသည့်, ဘီလူးအလား, စွမ်းခွန်များ၍, သူ့အားမရွံ့, ဖမ်းမည်ကြံသော်, အဟံရညော, ပေါရိသာဒ, ခြိမ်းသံပြက, ကြားမျှဗိုလ်လူ, မည်သသူမျှ, မထူတယောက်, မြေဝယ်မှောက်လျက်, ဦးစောက်အလျား, ဝပ်ကုန်ငြားမှ, အသားဆုရာ, ရွေးရှာသာလျှင်, ခြေမှာကားမိုး, ခေါင်းစောက်ထိုးဖြင့်, နောက်ပိုးဆောင့်ဆောင့်, ခြေဖနောင့်လည်း, ဦးခေါင့်းဘက်ပါ, ထိလျက်သာတည့်, ကိုးရာမအား, ဆောင်ယူသွား၍, စားသည့်သတင်း, ဇမ္ဗူချင်းသည် . . . . ခပင်းလူဗိုလ်-ကြောက်လန့်တည်း။
(သုတ-၃၃။) [ဤပုံစံ၌လည်း ဘာဝ-စသည်တို့ကို စိစစ်ပါလေ။]

မှတ်ချက်။ ။သြတ္တပ္ပ, သဟောတ္တပ္ပ ဓမ္မသံဝေဂတို့ကိုလည်း ဘယာနကရသထဲသို့ သွင်းကြသေး၏။

(၇) ဇဂုဏ္ဍာဌာယီဘာဝ-ဗီဘစ္ဆရသ

၃၆၅။ ။ စက်ဆုပ်ရွံရှာ, ဇဂုဏ္ဍာတည့်, ရွံရှာဖွယ်မှု, ဝထ္ထုစုလျှင်, အာရမ်တွင်၏၊ သွေးလျှင်ယိုကျ, ပုပ်ပွနံဘိ, ကျိုကျိုလောက်တက်, ပြည်ထွက်စိုစို, စသည်ကိုမူ, ဥဒ္ဒီယူပါ၊ မျက်နှာလွဲမှု, နှာရှံ့မှုကို, အနုဘာဝါ, မှတ်လေပါလော့၊ တာသာစသား, ဗျဘိထားသည် . . . . တိုးပွားဗီဘစ္ဆ-မည်သတည်း။

သွေး-စသည်တို့ကြောင့်လည်းကောင်း, **အပုပ်**-စသည်တို့ကြောင့်လည်းကောင်း, တပ်ခြင်းကင်းခြင်းကြောင့်လည်းကောင်း စက်ဆုပ်ရွံရှာခြင်းသည် ဇဂုဏ္ဍာဌာယီဘာဝ-ဗီဘစ္ဆရသမည်၏။

[**သွေး**, အူခွေ-စသော ဝိဘာဝတို့ကြောင့်ဖြစ်သော ဇဂုဏ္ဍာသည် ချောက်ချားခြင်းရှိအောင် တိုးပွားလျှင် ဗီဘစ္ဆရသမည်၏၊ အကောင်ပုပ်, ပိုးလောက်-စသော ဝိဘာဝတို့ကြောင့်ဖြစ်သော ဇဂုဏ္ဍာသည် ထိတ်လန့်ခြင်းရှိအောင် တိုးပွားလျှင် ဗီဘစ္ဆရသမည်၏၊ တပ်ခြင်းကင်းခြင်းကြောင့်ဖြစ်သော ဇဂုဏ္ဍာသည် စိုးရိမ်သနားခြင်းရှိအောင် တိုးပွားလျှင် ဗီဘစ္ဆရသမည်၏-ဟု အစဉ်အတိုင်း စပ်ဟပ်ယူပါ။]

သွေး, အူခွေ-စသည်တို့သည်လည်းကောင်း, **အကောင်ပုပ်-ပုပ်သိုးနံစော်**သော အရာဝတ္ထု, **တက္ကာ**-စသော တရားတို့သည်လည်းကောင်း အာရမဏဝိဘာဝမည်၏။

http://www.dhammadownload.com

၃၆၅။ ရုဓိရာဒီဟိ–သွေးစသည်တို့ကြောင့်လည်းကောင်း၊ ပုတ္တာဒီဟိ–အပုပ်စသည်တို့ကြောင့်လည်းကောင်း၊ ဝိရာဂတော–တပ်ခြင်းကင်းခြင်းကြောင့်လည်းကောင်း၊ (ဥပ္ပန္နာ–ဖြစ်သော၊) ဇိဂုစ္ဆာ–ဇိဂုစ္ဆာဌာယီဘာဝသည်၊ ကမေန–အစဉ်အားဖြင့်၊ ခေါဘနော–ချောက်ချားသည်လည်းဖြစ်သော၊ ဥဗ္ဗေဂိ–ထိတ်လန့်သည်လည်းဖြစ်သော၊ ကရုဏာယုတော–ကရုဏာနှင့်ယှဉ်သည်လည်းဖြစ်ထသော၊ ဗီဘစ္ဆော–ဗီဘစ္ဆရသသည်၊ ဟောတိ–ဖြစ်၏၊ နာသာဝိကုနနာဒီဟိ–နှာခေါင်းရှုံ့ခြင်းစသော အနုဘာဝတို့ဖြင့်လည်းကောင်း၊ သင်္ကာဒီဟိ–ယုံမှားခြင်းစသော ဗျဘိစာရီဘာဝတို့ဖြင့်လည်းကောင်း၊ အဿ–ထိုဗီဘစ္ဆရသ၏၊ ပေါသနံ–တိုးပွားခြင်းသည်၊ ဟောတိ–ဖြစ်၏။

(စက်ဆုပ်ဖွယ်သော အပြုအမူ) ပိုးလောက်ကျခြင်း, သွေးပြည်ယိုစီးခြင်း, မကောင်းသောအနံ့ ပျံ့လွှင်ခြင်း, ရုပ်နာမ်ခန္ဓာ–စသည်တို့သည် ဥဒ္ဒီပနဝိဘာဝမည်၏။

နှာခေါင်းရှုံ့ခြင်း, မျက်နှာလွှဲခြင်း, တံထွေးထွေးခြင်း–စသည်တို့သည် အနုဘာဝမည်၏။

ယုံမှားခြင်း–သင်္ကာ, တွေဝေခြင်း–မောဟ, ဝက်ရူးကြက်ရူးရူးခြင်း–အပမာရ, အလျင်လိုခြင်း–အာဝေဂ, ဖျားနာခြင်း–ဗျာဓိ, သေခြင်း–မရဏ–စသည်တို့သည် ဗျဘိစာရီဘာဝမည်၏။

ပုံစံ။ ။ ဇိဂုစ္ဆာမိတိ–ဂူထံ ဒိသွာ ဝိယ ဇိဂုစ္ဆံ ဥပ္ပာဒေမိ။ [သီ–၌။]

ဘင်ပုပ်မစင်, ပက်ပင်းမြင်သော်, လူရှင်များစွာ, စက်ဆုပ်ရာသို့, ဝင့်ဝါကြွဒို့, ပါဠိဟာရိယ, ပြဿသမှု, အစုစုကို, သုံးလူဆရာ, ငါမြတ်စွာသည်....ရွံရှာစက်ဆုပ်လှသတည်း။

အထက်ပါပုံစံဝယ်–

ဥပမာစကားရပ်၌ မစင်ကို တွေ့မြင်သောသူတို့၏ သန္တာန်၌ စက်ဆုပ်သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပာဒ်သည် ဇိဂုစ္ဆာဌာယီဘာဝမည်၏။

မစင်သည် အာရမ္မဏဝိဘာဝမည်၏။

ပိုးလောက်ကျခြင်း, မကောင်းသောအနံ့နံခြင်းသည် ဥဒ္ဒီပနဝိဘာဝမည်၏။

နှာခေါင်းရှုံ့ခြင်း, မျက်နှာလွှဲခြင်း, တံထွေးထွေးခြင်းတို့သည် အနုဘာဝမည်၏။

အလျင်လိုခြင်း–အာဝေဂ, တွေဝေခြင်း–မောဟ–စသည်တို့သည် ဗျဘိစာရီဘာဝမည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော ဇိဂုစ္ဆာဌာယီဘာဝသည်ပင်လျှင် ဗီဘစ္ဆရသမည်၏။

ဥပမေယျစကားရပ်၌ မြတ်စွာဘုရားသခင်၏ သန္တာန်၌ ကဒ္ဒါပါဠိဟာရိယကို စက်ဆုပ်သော အခြင်းအရာအားဖြင့် ဖြစ်သော သြတပ္ပပြဋ္ဌာန်းသော မဟာကြိယာ စိတ္တုပ္ပာဒ်သည် ဇိဂုစ္ဆာဌာယီဘာဝမည်၏။

http://www.dhammadownload.com

ဣဒ္ဓိပါဋိဟာရိယသည် အာရမဏဝိဘာဝမည်၏။

ထိုဣဒ္ဓိပါဋိဟာရိယကို ပြခြင်း၌ အပြစ်မြင်တော်မူခြင်းသည် ဥဒ္ဒီပနဝိဘာဝမည်၏။

ထိုဣဒ္ဓိပါဋိဟာရိယကို ပြဖို့ရန် ခွင့်ပြုတော်မမူခြင်းသည် အနုဘာဝမည်၏။

ဟုတ်တိုင်းမှန်စွာသိခြင်း-မတိ-စသည်တို့သည် ဗျဘိစာရီဘာဝမည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော ဇိဂုစ္ဆာဌာယီဘာဝသည်ပင် ဗီဘစ္ဆရသမည်၏။

မှတ်ချက် ဩတ္တပ္ပ, ဟိရီ-စသည့် တရားကိုယ်ရကောင်းသောအရာတို့၌ ဇိဂုစ္ဆာဌာယီဘာဝ ထုတ်သင့်၏၊ ထို့ပြင် သူတော်ကောင်းတို့ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့စက်ဆုပ်ခြင်း, စက္ခု-သောတ-ရူပ-သဒ္ဒ-စသည်တို့၌ စက်ဆုပ်ခြင်းမျိုးသည် ဇိဂုစ္ဆာဌာယီဘာဝပင် ဖြစ်ချေသည်။

တသ္မာ အကလျာဏဇနံ , အာသီဝိသမိဝေါရဂံ၊
အာရကာ ပရိဝဇ္ဇေယျ , ဘူတိကာမော ဝိစက္ခဏော။

အယူမှောက်မှား, ယူမိငြားက, သုံးပါးဝဋ်မှ, ထွက်လမ်းစသည်, မုချမရှိ, ဖြစ်လေဘိ၍, မိမိသက်ကို, ရှင်စေလိုငြား, လူအများသည်, လျင်လျားဆိပ်ရောက်, ထိလျှင်ပေါက်သည့်, မြွေဟောက်-မြွေပွေး, သေးပင်သေးလည်း, ဝေးမှကွင်းကာ, ဖယ်ရှောင်ခွာသို့, နှစ်ဖြာအကျိုး, လွန်စွာတိုး၍, ဖွံ့ဖြိုးလိုဘိ, ပညာရှိသည်, မသိတရား, ယူမှောက်မှားသား, ဆိုးဝါးယုတ်မာ, လူ့ဗာလာကို....ဝေးစွာ-ရှောင်ကြဉ်သင့်သတည်း။

ဤ၌ သူယုတ်မာကို ရွံရှာစက်ဆုပ်သော အခြင်းအရာသည် ဇိဂုစ္ဆာဌာယီဘာဝမည်၏။

သူယုတ်မာသည် အာရမဏဝိဘာဝမည်၏။

ထိုသူယုတ်မာ၏ မကောင်းသောအကျင့်, မိမိ၏ကြီးပွားမှုကို လိုလားခြင်းသည် ဥဒ္ဒီပနဝိဘာဝမည်၏။

ဝေးစွာရှောင်ကြဉ်ခြင်းသည် အနုဘာဝမည်၏။

ငြီးငွေ့ခြင်း-နိဗ္ဗေဒ, ထိတ်လန့်ခြင်း-တာသ, ဟုတ်တိုင်းမှန်စွာသိခြင်း-မတိ, အားထုတ်ခြင်း-ဥဿာဟ-စသည်တို့သည် ဗျဘိစာရီဘာဝတို့မည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော ဇိဂုစ္ဆာဌာယီဘာဝသည်ပင် ဗီဘစ္ဆရသမည်၏။

မှတ်ချက် မချစ်အပ်သောဝတ္ထု- မြွေကင်း-စသည်တို့ကို မြင်လျှင် စိုးရိမ်ခြင်းနှင့်တကွ စက်ဆုပ်ခြင်းသည် ဖြစ်၏၊ ထို့ကြောင့် ဥပမာနကိုလည်း ဇိဂုစ္ဆာဌာယီဘာဝ-ဗီဘစ္ဆရသပင် ထုတ်နိုင်သည်၊ ထုတ်ကြပါလေ။

http://www.dhammadownload.com

၈။ ဝိမှယဋ္ဌာယီဘာဝ-အဇ္ဈတရသ

၃၆။ အတိလောကပဒတ္ထေဟိ , ဝိမှယောယံ ရသောဇ္ဈတော၊
တဿာနုဘာဝါ သေဒဿု-သာဓုဝါဒါဒယော သိယုံ၊
တာသာဝေဂဓိတိပ္ပညာ , ဟောန္တေ တ္ထ ဗျဘိစာရိနော။

ဥဘော ပါဒါနိ ဘိန္ဒိတွာ , သညာပေဿာမိ ဝေါ အဟံ၊
အဋ္ဌိယာမိ ဟရာယာမိ , သရာဂမရဏံ အဟံ။

ထွက်ပြေးနိုင်ကြောင်း, ခြေနှစ်ချောင်းကို, ထင်းချောင်းအလား, ရိုက်ချိုးထား၍, များပြားသင်တို့, ယုံကြည်ဖို့ရန်, မချို့သက်သေ, ဝန်ခံပေအံ့၊ ကိလေရာဂ, တူတကွပင်, သေရခြင်းမျိုး, ငါရွံ့စိုးသည်....ရှက်နိုးအလွန့်အလွန်တည်း။

ဤ၌ ငြီးငွေ့ခြင်းနှင့် အတူတကွဖြစ်သော ရွံရှာစက်ဆုပ်ခြင်းသည် ဓိဂုဏ္ဌာဌာယီဘာဝမည်၏။

ထိုရာဂတည်းဟူသော သမုဒယသစ္စာသည် အာရမဏဝိဘာဝမည်၏။

ထိုရာဂနှင့်တကွဖြစ်သော ရုပ်နာမ်, ထိုရာဂ၏အပြစ်သည် ဥဒ္ဒီပနဝိဘာဝမည်၏။

ခြေကိုရိုက်ချိုးခြင်း, "ရာဂနှင့်တကွ သေရမည်ကို ငြီးငွေ့စိုးရွံ့သည်-ရှက်နိုးသည်" ဟု ဆိုခြင်းသည် အနုဘာဝမည်၏။

ငြီးငွေ့ခြင်း-နိဗ္ဗေဒ, ရှက်ခြင်း-ဗိဠတို့သည် ဗျဘိစာရိဘာဝမည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော ဓိဂုဏ္ဌာဌာယီဘာဝသည် ဗီဘစ္ဆရသမည်၏။

မြန်ပုံစံ။ ။နှိပ်နှိပ်စက်စက်, နိုင်ထက်ညှဉ်းဆဲ, ဆင်းရဲဟူလောက်, တံတွေးပေါက်နှင့်, အာစောက်ထုတ်ချင်း, ခံတွင်းအပြည့်, ထည့်ဘိလတ်သော်, ပွက်ပွက်သည်းအူ, ထွက်ပြူလိလိ, ရွံခြင်းရှိလည်း, ဇာတိမျိုးနွယ်, စင်ကြယ်သန့်ရှင်း, ငါနတ်မင်းကား, သီတင်းပျက်နိုး, အလွန်စိုး၍, တန်းခိုးမပြ, မာန်စောင်ချလျက်, ဒေါသဟူသည်, ဆံခြည်တခြမ်း, မစွမ်းမငြိ, သည်းခံချို၍, မျက်စိရဲရဲ, မဖွင့်ဘဲလျှင်, ဖြစ်ခဲစွာမူ, ဘုရားဆုကို, လှလှအာသာ, ပတ္ထနာဖြင့်, သစ္စာမြဲဆုံး, တချောင်းသုံးသည်....နှလုံး-သံနှယ်ကျန်းသတည်း။ (ဘူ-၄၂၄။)

[ဤပုံစံ၌လည်း ဘာဝ, ဝိဘာဝ, အနုဘာဝတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ထုတ်ကြည့်ပါလေ။]

(၈) ဝိမှယဋ္ဌာယီဘာဝ-အဇ္ဈတရသ

၃၆။ ။အံ့သြလေက, ဝိမှယတည့်၊ လောကဖြစ်မြဲ, လွန်ကဲဝတ္ထု, ပုဂ္ဂိုလ်စုမှာ, အာရမဏ, ဝိဘာဝရှင့်၊ ဆန်းလှလွန်စွာ, ဂုဏ်တို့မှာလျှင်, ဥဒ္ဒီတွင်၏၊ ထို့ပြင်ချွေးထွက်, မျက်ရည်ထွက်မှု, သာဓုနုမော်, ခေါ်ခြင်းစသား, သဘော များကား, မှတ်သားနာဘာ၊ တာသာ-ဓိတိ, မတိ-အာဝေ, စထွေများစွာ, ဗျဘိစာသည်....ပွားပါ-အဇ္ဈတရသတည်း။

http://www.dhammadownload.com

ခုဖြဖြ။ အတိလောကပဒတ္ထေဟိ-လောကကိုလွန်၍ဖြစ်သော ပုဒ်နက်(ဝတ္ထု)တို့ကြောင့်၊ (ဥပဒ္ဒေမာနော-ဖြစ်သော၊) အယံဝိမှယော-ဤဝိမှယဒ္ဒာယိဘာဝသည်၊ အဗ္ဘုတောရသော-အဗ္ဘုတရသမည်၏၊ သေဒသုသာခုဝါဒါဒယော-ချွေးထွက်ခြင်း, မျက်ရည်ယိုခြင်း, သာခုခေါ်ခြင်းစသည်တို့သည်၊ တဿ-ထိုအဗ္ဘုတရသ၏၊ အနုဘာဝါ-အနုဘာဝတို့သည်၊ သိယုံ-ဖြစ်ကုန်၏၊ တာသာဝေဂမိတိပွညာ-ထိတ်လန့်ခြင်း, အလျင်လိုခြင်း, ရောင့်ရဲခြင်း, ဆုံးဖြတ်ခြင်း(မတိ)တို့သည်၊ ဇတ္ထ-ဤအဗ္ဘုတရသ၌၊ ဗျဘိစာရိနော-ဗျဘိစာရီဘာဝတို့သည်၊ ဟောန္တိ -ဖြစ်ကုန်၏။

အံ့သြခြင်း(အံ့သြသောအခြင်းအရာနှင့်တကွဖြစ်သော ဆန္ဒ)သည် ဝိမှယဒ္ဒာယိဘာဝမည်၏။

လောက၌ ဖြစ်မြဲဖြစ်သော သဘောကို လွန်၍ဖြစ်သောဝတ္ထု, ပုဂ္ဂိုလ်တို့သည် အာရမဏဝိဘာဝမည်၏။

ထိုဝတ္ထု, ပုဂ္ဂိုလ်တို့၏ လွန်စွာဆန်းကြယ် အံ့သြဖွယ်သောဂုဏ်သည် ဥဒ္ဒီပနဝိဘာဝမည်၏။

ချွေးထွက်ခြင်း, မျက်ရည်ယိုခြင်း, သာခုခေါ်ခြင်း, ကိုယ်စိတ်တောင့်တင်းခိုင်မာခြင်း, ကြက်သီးထခြင်း, အသံပျက်ခြင်း, တုန်လှုပ်ခြင်း, မျက်လုံးဖွင့်ခြင်း-စသည်တို့သည် အနုဘာဝမည်၏။

တိတ်လန့်ခြင်း-တာသ, အလျင်လိုခြင်း-အာဝေဂ, ရောင့်ရဲခြင်း-ဓိတိ, ဆုံးဖြတ်ခြင်း-မတိ, ကြံစည်ခြင်း-တက္က, ရယ်ရွှင်ခြင်း-ဟာသ-စသည်တို့သည် ဗျဘိစာရီဘာဝတို့မည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော ဝိမှယဒ္ဒာယိဘာဝသည်ပင် အဗ္ဘုတရသမည်၏။

ပုံစံ။　　။ ဒုလ္လဘဉ္စိ လဒ္ဓါ အစ္ဆရိယံဝါ ဒိသွာ ပိယာနံ ဉာတိမိတ္တာဒီနံ အနုဿရဏံ နာမ လောကဿ ပကတိယေဝ။ [သီ-၄။]

ရရန်ခက်ခဲ, ရလက်ထဲတည့်, ထူးကဲဆန်းပြား, ဝတ္ထုများကို, မျက်ဝါးထင်ထင်, တွေ့ကြုံမြင်သော်, ချစ်ခင်မြတ်နိုး, ကိုယ့်ဆွေမျိုးနှင့်, ကောင်းဆိုးမဟူ, အေးတူပူမျှ, သဟာယဟု, မိတ္တသင်းပင်း, အောက်မေ့ခြင်းသည် . . . .မယွင်း-လောကတံထွာတည်း။

ဤ၌ (လဒ္ဓါ, ဒိသွာ-ဟူသော ပါဠိတို့၏ အစွမ်းသတ္တိဖြင့် ပြအပ်သော) အံ့သြခြင်းသည် ဝိမှယဒ္ဒာယိဘာဝ မည်၏။

ရခဲသောအရာဝတ္ထု, အံ့သြဖွယ်ကောင်းသော အရာဝတ္ထုသည် အာရမဏဝိဘာဝမည်၏။

http://www.dhammadownload.com

ထူးကဲလွန်မြတ်ခြင်း, လွန်စွာဆန်းကြယ် အံ့သြဖွယ်ရာကောင်းခြင်း ဂုဏ်တို့သည် ဥဒ္ဒိပနဝိဘာဝမည်၏။

သာဓုခေါ်ခြင်း, စုတ်သတ်ခြင်း–စသည်တို့သည် အနုဘာဝမည်၏။

ချစ်ခင်မြတ်နိုးအပ်သော ဆွေမျိုး, မိတ်ဆွေတို့ကို အောက်မေ့အမှတ်ရခြင်း–သတိသည် ဗျဘိစာရီဘာဝမည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော ဝိမှယဋ္ဌာယီဘာဝသည်ပင်လျှင် အဗ္ဘုတရသမည်၏။

ဧဝံ ယဿာနုဘာဝေန , အကမ္ပိတ္ထ အနေကသော၊
မေဒနီ သုတ္တသေဋ္ဌဿ , ဒေသိတဿ သယမ္ဘုနာ။

ဤသို့သူများ, အားမထားဘဲ, ကိုယ့်အားကိုယ်ကိုး, ကိုယ်တိုင်ကြိုး၍, လေးမျိုးသစ္စာ, ထင်မြင်စွာဖြင့်, ပွင့်လာထင်ရှား, မြတ်ဘုရားသည်, ဟောကြားဗြဟ္မာ, ဇာလမည်ငြား, အယူမှားကို, ပယ်ရှားပေတတ်, ယင်းသုတ်မြတ်၏, သတ္တိထင်လှ, နုဘာဝဖြင့်, များလှရေတွက်, မြေအချက်သည်. . . . တက်–သက်–ဝဲယာ–လှုပ်သတည်း။

မြေလှုပ်သည်ကိုမြင်ရ၍ ဓမ္မပဒိဋ္ဌါဟက ရဟန်းတော်များနှင့် နတ်ဗြဟ္မာတို့၏ သန္တာန်၌ အံ့သြသော အခြင်းအရာအားဖြင့်ဖြစ်သော ဆန္ဒသည် ဝိမှယဋ္ဌာယီဘာဝမည်၏။

မြေကြီးသည် အာရမဏဝိဘာဝမည်၏။

ထို့မြေကြီး၏ အကြိမ်ပေါင်းများစွာ တုန်လှုပ်ခြင်း, မြတ်စွာဘုရားက ဗြဟ္မာလသုတ်ကို ဟောကြားခြင်းသည် ဥဒ္ဒိပနဝိဘာဝမည်၏။

သာဓုခေါ်ခြင်း, ကြက်သီးထခြင်း–စသည်တို့သည် အနုဘာဝတို့မည်၏။

ရောင့်ရဲခြင်း–ဓိတိ, ထိတ်လန့်ခြင်း–တာသ–စသည်တို့သည် ဗျဘိစာရီဘာဝတို့မည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော ဝိမှယဋ္ဌာယီဘာဝသည်ပင် အဗ္ဘုတရသမည်၏။

မြန်ပုံစံ။ ။ ပေါက်သားမုန်အိုက်, ခိုက်၍ ကျကြွေ, ပင်ခြေထက်ဝန်း, အင်ကြင်ပန်းသို့, ထူးဆန်းတရိုး, နတ်ပန်းမျိုးလည်း, ဖြိုးဖြိုးမြေထက်, ဖမျက်ပုဆစ်,ကျွဲဘွယ် နစ်၏၊ ကြွေးဟစ်သံရင့်, ချိုးမွမ်းလင့်သို့, မြည်ခွင့်ရရ, ပင်လယ်မနှင့်, ညီကြ နဂို, မြင့်မိုရ်တသောင်း, တိုက်အပေါင်းအား, ကြည်းကောင်းခံပေ, ဤသည့် မြေလည်း, ရိုသေလှစွာ, ကြည်းနားသံဟီး, တော်တိလည်း၏၊ စနည်းဤသို့, အံ့ဘွယ်မြို့လည်း. . . .ငါတို့–မြင်ကုန်လိုက်လျက်တည်း။
(ပါ–၂၉။) [ဤပုံစံကို ရှုပါဦး။]

http://www.dhammadownload.com

၉။ သမဋ္ဌာယိဘာဝ-သန္တ ရသ

၃၆၇။ ဋ္ဌာယိဘာဝေါ သမော မေတ္တာ-ဒယာမောဒါဒိသမ္ဘဝေါ၊
ဘာဝါဒီဟိ တဒုက္ကံသော , သန္တော သန္တ နိသေဝိတော။

ဣတိ သံဃရက္ခိတမဟာသာမိဝိရစိတေ သုဗောဓာလင်္ကာရေ
ရသဘာဝါဝဗောဓော နာမ ပဋ္ဌော ပရိစ္ဆေဒေါ။

အလင်္ကာရပကရဏံ သမတ္တံ။

---

(၉) သမဋ္ဌာယိဘာဝ-သန္တ ရသ

၃၆၇။ ။ကိုယ်စိတ်ငြိမ်းမှု, မှတ်ရှုသမ, လေးဝဖြာဟ္မစိုရ်, စသည်ကိုမူ, အာရမ်ယူလော့၊ စင်ဖြူသန့်ရှင်း, ကျောင်းဝင်းစသား, ဥဒ္ဒိထားလေ၊ ခေါင်းပါးနိဝရဏ, ကြက်သီးထမှ, အစုစုမှာ, အနုဘာဝ၊ နိဗ္ဗေဒ-ဟာသာ, ဗျာဘိစာသည်....ပွားခါ-သန္တ ရသတည်း။

မဟဂ္ဂုတ်, လောကုတ္တရာဌ်ရှိသော ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ-စေတသိက်နှစ်ခုသည် သမဋ္ဌာယိဘာဝမည်၏။

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ-ဟု ဆိုအပ်သော ဗြဟ္မစိုရ်တရား လေးပါး တို့သည်လည်းကောင်း, ၄င်းတို့၏ အာရုံသည်လည်းကောင်း အာရမဏဝိဘာဝမည်၏။

တစ်နည်း= ကမ္မဋ္ဌာန်း ၄၀-သည်လည်းကောင်း, အနိစ္စ၏အဖြစ်-ဒုက္ခ၏အဖြစ်-အနတ္တ၏အဖြစ်သည်လည်းကောင်း, ရုပ်-နာမ်-နိဗ္ဗာန်-ဟူသော ပရမတ်သည်လည်းကောင်း အာရမဏဝိဘာဝမည်၏။

စင်ကြယ်သောသဒ်မ်းကျောင်း-စိမ်းသောလယ်ယာ-စိမ်းသောရေဆိပ်-မွေ့လျော်ဖွယ်ကောင်းသော တောတောင်တို့သည်လည်းကောင်း, မြတ်သောယောဂျားတို့ကို ဆည်းကပ်ရခြင်းသည်လည်းကောင်း ဥဒ္ဒိပနဝိဘာဝမည်၏။ [စင်ဖြူသန့်ရှင်းသော အဇ္ဈတ္တဝတ္ထု, ဗဟိဒ္ဓဝတ္ထုတို့သည် ဥဒ္ဒိပနဝိဘာဝမည်၏။]

နိဝရဏတို့မှကင်းခြင်း, ကြက်သီးထခြင်း-စသည်တို့သည် အနုဘာဝမည်၏။

ငြီးငွေ့ခြင်း-နိဗ္ဗေဒ, ရယ်ရွှင်ခြင်း-ဟာသ, အောက်မေ့ခြင်း-သတိ, ဆုံးဖြတ်ခြင်း-မတိ-စသည်တို့သည် ဗျာဘိစာရီဘာဝမည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော သမဋ္ဌာယိဘာဝသည်ပင် သန္တ ရသမည်၏။

ပုံစံ။ ။ပဌမဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ [ပထမစျာန်ကို ဝင်စားနေ၏။]

ဤ၌ ပထမစျာန်၌ရှိသော ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိသည် သမဋ္ဌာယိဘာဝမည်၏။

http://www.dhammadownload.com

၃၆၇။ မေတ္တာဒယာမောဒါဒိသမ္ဘဝေါ–မေတ္တာ, ကရုဏာ, ပိတိ(မုဒိတာ)စသည် တို့ကြောင့်ဖြစ်သော၊ သမော–ကိုယ်စိတ်ငြိမ်းအေးခြင်းသည်၊ ဌာယိဘာဝေါ–ဌာယီ ဘာဝမည်၏၊ ဘာဝါဒိဟိ–သင့်လျော်သောဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့်၊ တဒုက္ကံသော–ထိုသမဌာယီဘာဝ၏ တိုးပွားလွန်ကဲခြင်းသည်၊ သန္တော–ဖြစ်ခဲ့သော်၊ သန္တ နိသေဝိတော–သူတော်ကောင်းတို့သည် မှီဝဲအပ်သော၊ သန္တော–သန္တ ရသမည်၏။

ရသဘာဝါဝဇောဓောနာမ–ရသဘာဝတို့ကို သိရာသိကြောင်းဖြစ်သောကြောင့် ရသဘာဝါဝဇောဓမည်သော· · · ။

အလင်္ကာရပကရဏံ–အလင်္ကာကျမ်းသည်၊ သမတ္တံ–ပြီးပြည့်စုံပြီ။

ပထမစျာန်၏ ၂၅–ပါးသော ပညတ်အာရုံသည် အာရမဏဝိဘာဝမည်၏။

ဝိဝေကဋ္ဌာန–စသည်တို့သည် ဥဒ္ဒိပနဝိဘာဝမည်၏။ [၄င်းကို ဆ၍သိအပ်၏။]

ကြက်သီးထခြင်း, နိဝရဏတို့မှကင်းခြင်းသည် အနုဘာဝမည်၏။

အောက်မေ့ခြင်း–သတိ–စသည်တို့သည် ဗျဘိစာရိဘာဝမည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော သမဌာယီ ဘာဝသည်ပင်လျှင် သန္တ ရသမည်၏။

ယဉ္စ ကာမသုခံ လောကေ , ယဉ္စိဒံ ဒိဝိယံ သုခံ၊
တဏှာက္ခယသုခဿေတေ , ကလံ နဋ္ဌတိ သောဠသိံ။ [ဥဒါန်း။]

လောကလူ့ရွာ, မြတ်ချမ်းသာနှင့်, နတ်ရွာရပ်ဝယ်, လွန်ဝင့်ထယ်သည့်, ကြီးကျယ် တိုးပွား, ချမ်းသာများကား, ကုန်သွားတဏှာ, မြိုက်ချမ်းသာ၏, စိတ်ဖြာဆယ့်ခြောက်, တစ်စိတ်လောက်မျှ, မရောက်မမီ, နားမသီသည်· · · ကွာပြီ–ဝိစိဘဝ်တည်း။

ဤ၌ နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော လောကုတ္တရာစိတ်၌ရှိသော ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိသည် သမဌာယီဘာဝမည်၏။

နိဗ္ဗာန်သည် အာရမဏဝိဘာဝမည်၏။

သမထ, ဝိပဿနာဘာဝနာတို့သည် ဥဒ္ဒိပနဝိဘာဝမည်၏။

ကြက်သီးထခြင်း–စသည်တို့သည် အနုဘာဝမည်၏။

ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိနှင့် အတူတကွဖြစ်သော သဒ္ဓါ, သတိ, ပိတိ–စသည် တို့သည် ဗျဘိစာရိဘာဝတို့မည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော သမဌာယီ ဘာဝသည်ပင် သန္တ ရသမည်၏။

http://www.dhammadownload.com

ဥပ္ပဇ္ဇန္တေ စ ဇာယန္တေ , ဗုဇ္ဈန္တေ ဓမ္မဒေသနေ၊
စတုရော နိမိတ္တေ နာဒဿိ , စာနပိတိသမပ္ပိတော။ [ဗုဒ္ဓဝင်-ပါဠိ။]

ပဋိသန္ဓေ, တည်နေမွေးဖွား, ဖြစ်ဘုရားနှင့်, တရားရွေစက်, ဟောဖော်မြွက်ဟု, လေးချက်၌ဝယ်, လွန်ဆန်းကြယ်သည့်, အံ့ဖွယ်လေးထပ်, နိမိတ်ရပ်ကို, ကိုယ်ကြပ်ထင်ထင်, မမြင်လိုက်ဘဲ, တောထဲအောင်းကာ, သုမေဓာမည်, ဇာနည်လောင်းမှန်, ရသေ့မွန်ကား, စာန်၌ပျော်ဘိ, လွန်ကပ်ငြိသည်....မုနိ-ဒီပင်လက်ထက်တည်း။

စာန်စိတ်နှင့်ယှဉ်သော စေတသိက်ခန္ဓာသုံးပါးတို့၏ ငြိမ်းအေးမှု-ကာယပဿဒ္ဓိ, စိတ်တို့၏ငြိမ်းအေးမှု-စိတ္တပဿဒ္ဓိသည် သမဋ္ဌာယီဘာဝမည်၏။

ထိုစာန်တို့၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်းသည် အာရမ္ဘဝိဘာဝမည်၏။

စာန်ဝင်စားရန်ကောင်းသော တောတောင်-စသည်တို့သည် ဥဒ္ဒီပနဝိဘာဝမည်၏။

လေးပါးသောနိမိတ်တို့ကို မသိလိုက်ခြင်းသည် အနုဘာဝမည်၏။

ထိုကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိတို့နှင့် တကွဖြစ်သော ကြည်လင်ခြင်း-သဒ္ဓါ, အောက်မေ့ခြင်း-သတိ, ဝမ်းမြောက်ခြင်း-ပီတိ, ရောင့်ရဲခြင်း-ဓိတိ, ဆုံးဖြတ်ခြင်း-မတိတို့သည် ဗျဘိစာရီဘာဝတို့မည်၏။

ထိုဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားလွန်ကဲခြင်းသို့ရောက်သော သမဋ္ဌာယီဘာဝသည်ပင် သန္တ ရသမည်၏။

မြန်ပုံစံ။　။ မရှည်နေ့ရက်, ကသိဏ်းကွက်၌, သက်သက်ပညာ, ကြည်စွာသောအား, စာန်တရားဟု, ငါးပါးဘိညာဉ်, တန်းခိုးယှဉ်သော်, ရှစ်စဉ်ကျော်မှတ်, သမာပတ်ကို, ဆွတ်ဆွတ်ပွင့်ဖူး, ပန်းနှယ်ခူး၍, ညွတ်နူးလျှင်မူ, နွေးကာယူသို့, ရှင်ဖြူရသေ့, ပျော်ချမ်းမွေ့လျက်....လွေ့လွေ့ရ ခုံမင်သတည်း။
(ဆုတောင်း-၁၁၁။)

ဝေတ္တရဏီ, နဒီမြစ်လောင်း, အမွန်ခြောင်းသို့, စောင်းမြောင်းငြူစူ, ချုပ်ချုပ်ပူသား, ဟူဟူသမျှ, အာသဝနှင့်, မလနောက်ကျူ, မကောင်းမှုကို, ရှစ်ခုမဂ္ဂင်, မြှိုက်ရေစင်ဖြင့်, စင်စိမ့်ညီစော်, လေးကြိမ်လျှော်မှ, ကိုယ်ပေါ်ကိုယ်တွင်း, သန့်ရှင်းရှင်းလျှင်, အချင်းခပ်သိမ်း, ကျေးဇူးရှိန်းလျက်, ချိုးလိမ်းနံ့သာ, စာန်အင်္ဂါနှင့်, ခေမာ-ဥပ္ပလဝဏ်, မိန်းမမွန်ဟု, နိဗ္ဗာန်လည်းရ, ရဟန်းမလည်း, သီလ-ပညာ, သမာဓိကွန်, တုမဲ့လွန်အံ့။ (ပါ-၁၆။)
[ဤပုံစံများကိုလည်း စစ်ဆေးကောက်ယူပါ။]

http://www.dhammadownload.com

လေ့ကျင့်ခန်းမေးခွန်း

၁။ လူကြိုက်များအောင် ရေးသားပုံနည်းလမ်းကို ထင်ရှားအောင်ပြပါ ?။

၂။ ဘာဝါလင်္ကာရ၌ပါသော ဘာဝနှင့် ပဉ္စမပိုင်းလာ ဘာဝတို့၏ ထူးခြားချက်ကို ပြပါ ?။

၃။ ဘယ်လိုနေရာမျိုးမှာသာ ဘာဝါလင်္ကာရ ထုတ်နိုင်ကြောင်း. ပိုင်းခြားသတ်မှတ် ပြပါ ?။

၄။ ဘာဝ, ဌာယီဘာဝတို့၏ အဓိပ္ပာယ်ကို ရေးပြပါ ?။

၅။ ဘာဝါလင်္ကာရထုတ်ပုံအစီအစဉ်ကို ရေးပါ ?။

၆။ ဌာယီဘာဝမှ ရသသဘောသို့ သက်ရောက်ပုံကို ပြပါ ?။

၇။ ဗျဘိစာရီဘာဝ၏ အဓိပ္ပာယ်ကို ရေးပါ ?။

၈။ ဗျဘိစာရီဘာဝ၏ ကွယ်ပျောက်-ထင်ရှားပုံကို သိသာရုံမျှ ပြပါ ?။

၉။ ဤကျမ်း၌ မပြအပ်သော စိတ်ဖြစ်ပုံ အထူးအပြားတို့ကို လျော်ရာဘာဝ၌ သွင်း ပြပါ ?။

၁၀။ သာတ္တိကာဘာဝ၏အဓိပ္ပာယ်ကို ရေး၍, ၄င်းတို့သည် ဘာဝ၏အကျိုး အနုဘာဝသာ ဖြစ်သင့်ပါလျက် အဘယ့်ကြောင့် သာတ္တိကာဘာဝတို့ ဖြစ်ရသနည်း ?။

၁၁။ ထမ္ဘ-စသည်တို့ ဘာဝ, အနုဘာဝဖြစ်ပုံကို သာဓကသွင်း ရှင်းပြပါ ?။

၁၂။ ဌာယီဘာဝတို့ ဗျဘိစာရီဘာဝမည်နိုင်ပုံကို ထင်ရှားစေခဲ့ပါ ?။

၁၃။ ဝိဘာဝ၏အဓိပ္ပာယ်နှင့် ၄င်း၏အပြားတို့ကိုလည်း အဓိပ္ပာယ်ပါ ယှဉ်တွဲပြပါ ?။

၁၄။ အနုဘာဝ၏အဓိပ္ပာယ်ကို ရေးခဲ့ပါ ?။

၁၅။ အဘယ်အကျိုးငှာ အဖွဲ့ဗန္ဓ၌ ဝိဘာဝ, အနုဘာဝ-တို့ကို ထည့်သွင်းရသနည်း၊ ရှင်းပြခဲ့ပါ ?။

၁၆။ ရသ၏သဘောကို ရေးပါ ?။

၁၇။ ဌာယီဘာဝနှင့် ရသတို့ တူသလော, ထူးသလော၊ ရှင်းပြပါ ?။

၁၈။ ရသကိုးပါးရှိသည့်အနက် "ကုသိုလ်စိတ္တုပ္ပာဒ်ကြောင့် အဘယ်ရသမျိုး, အကုသိုလ်စိတ္တုပ္ပာဒ်ကြောင့် အဘယ်ရသမျိုး, နှစ်ပါးစုံကြောင့် အဘယ်ရသမျိုးဖြစ်တတ်သည်" ဟု စိစစ်ပြဆိုခဲ့ပါ ?။ [ဇယားထဲ၌ရှု။]

၁၉။ သာယာအပ်သောသဘောကို ရသ-ဆိုခဲ့သော် သောက(ကရုဏာ)၌ သာယာဖွယ်မရှိသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ရသ-ဟု ခေါ်ဆိုနိုင်ပါသနည်း ?။

http://www.dhammadownload.com

၂၀။ အယောဂ, ဝိပ္ပယောဂ, သမ္ဘောဂ–ဟူသော ကာမသိဂ်ါရရသ သုံးမျိုးတို့၏ သဘောသွား ထူးခြားပုံကို ပြပါ ?။

၂၁။ သားအမိ, သားအဖ, ညီအစ်ကို, မောင်နှမ–စသည် ချစ်ခင်ခြင်းမျိုးသည် အဘယ် သိဂ်ါရရသ ဖြစ်သင့်ပါသနည်း ?။

၂၂။ သိဂ်ါရရသ၏ အပြားကို ပြပါ ?။

၂၃။ ဟာသရသနှင့်ဆိုင်သော ဝိဘာဝ, အနုဘာဝ, ဗျဘိစာရီဘာဝတို့ကို ရှင်းလင်းဖော်ပြ၍ ပြိုးရယ်မှုကို "ဟဿရသ"ဟု ဆိုသည်ထက် "ပြိုးရယ်ခြင်းကိုဖြစ်စေတတ်သော နာမ်တရားကို ဟဿရသ"ဟု ဆိုက သင့်–မသင့် ရှင်းလင်းဆုံးဖြတ်ခဲ့ပါ ?။

၂၄။ မုဒိတာတရားကိုယ် ရကောင်းသောအရာတို့၌ အဘယ်ဌာယီဘာဝ ဖြစ်သင့်ပါသနည်း ?။

၂၅။ ရယ်ခြင်းခြောက်ပါး၏ အဓိပ္ပာယ်ကို ရေး၍, အဘယ်ပုဂ္ဂိုလ်များသည် အဘယ်ရယ်ခြင်းမျိုးဖြင့် ရယ်သည်ကိုလည်း တွဲစပ်ပြခဲ့ပါ ?။

၂၆။ ကရုဏာရသ၌ ဖြစ်သင့်သော ဌာယီဘာဝ, ဝိဘာဝ, ဗျဘိစာရီဘာဝ, အနုဘာဝတို့ကို ကျမ်းဆရာ၏ အလိုကျ ထုတ်ပြပါ ?။

၂၇။ ဝီရရသအပြားကို စေ့စုံအောင် ထုတ်ပြပါ ?။

၂၈။ ကရုဏာရသနှင့် ဒယာဝီရရသတို့၏ ထူးခြားပုံကို ပြပါ ?။

၂၉။ မချစ်အပ်သောဝတ္ထု, မြွေ–ကင်း–စသည်တို့ကို တွေ့ရာ၌ အဘယ်ဌာယီဘာဝ ကောက်သင့်ပါသနည်း၊ အကြောင်းနှင့်တကွ ပြခဲ့ပါ ?။

ရသဘာဝါဝဗောဓ–ပဋ္ဌမပိုင်း
ပြီး၏။

http://www.dhammadownload.com

နောက်ဆက်တွဲ–ပဟေဠိကဏ္ဍ

ပဟေဠိ [ပဟိဠိယတိ ဂုယှတီတိ–ပဟေဠိ။] အသိခက်၍ အထင်တစ်မျိုးဖြစ်သွားအောင် တမင်ဂန်လာလျှို့ဝှက်အပ်သောစကားမျိုးသည် ပဟေဠိမည်၏၊ ၄င်းကို မြန်မာတို့က "စကားထာ–စကားဝှက်"ဟု ခေါ်ကြ၏။

ထိုစကားထာ–စကားဝှက် ပဟေဠိသည်–

၁။ ပွဲလမ်းသဘင် ပျော်ရွှင်သောအခါ,

၂။ ထိုပဟေဠိစကားထာကို ဝါသနာပါသူ, နားလည်သောသူတို့နှင့် လူပြွမ်းသော အရပ်၌ တိုင်ပင်နှိုးနှောပြောဆိုရာအခါ,

၃။ သူတစ်ပါးကို တွေဝေစေလိုသောအခါ–ဟု ဆိုအပ်သော သုံးပါးသော အခါတို့၌ အလွန်ကျေးဇူးများ၏။

ဆောင်။ ။ပွဲလမ်းသဘင်, ပျော်ရွှင်သောခါ, လူပြွမ်းရာတွင်, တိုင်ပင်ပြောဆို, သူ့ကိုတွေဝေ, ဖြစ်စေလိုပြီ, ပဟေဠိ, များပြီကျေးဇူးမှာ။

ဘေဒနှင့်သဘာဝ။ ။ပဟေဠိအပြား, ဆယ့်ခြောက်ပါးကို, မှတ်သားကြပ်ကြပ်, သတိချပ်လော့။

၁။ ပုဒ်စပ်လျက်သာ, နက်ဝှက်ပါက, သမာဂတ, အမည်ရ၏။

၂။ အတ္ထတစ်ပါး, ထင်ရှားသဒ္ဒါ, လှည့်ပတ်ပါက, ဝဏ္ဏတပေ။

၃။ စပ်ရပုဒ်ချင်း, ဝေးကွာခြင်းကြောင့်, လွန်မင်းတွေဝေ, ဖြစ်စေဥက္ကန္တာ, မည်ရပါရှင့်။

၄။ လွန်စွာသိခက်, အနက်ရှိဘိ, ပမုသိတ။

၅။ အမုချဝယ်, မုချနက်ကို, ဟောဆိုသဒ္ဒါ, တင်စားပါက, သမာနရူပါ, မှတ်ကြရာ၏။

၆။ သဒ္ဒါနယ, ကြံဆဟောစေ, နက်ရှိလေက, သရူပပေ။

၇။ တွေဝေသချိုက, ရှိရာသချိုတ။

၈။ ဝါကျတ္ထကို, ထိုမှတစ်ပါး, ခြင်းရာအားဖြင့်, ကြံထားလေဘိ, ပကပ္ပိဆို။

၉။ မည်ကိုထူးပြား, ကြံထားလေပြန်, နာမန္တ ရိ။

၁၀။ ထင်မည့်နက်ကို, တားရ်ဆိုရာ, နိဘူတာယူ။

၁၁။ နက်တူပရိယာယ, ဝှက်ဆိုကမူ, သမာနသဒ္ဒါ။

၁၂။ ကောင်းစွာညွှန်ပြ, နက်ရှိထလည်း, စိတ်ကမှတ်သား, ထွေပြားရှိရာ, သမ္မုဇ္ဇာတည့်။

၁၃။ များစွာစပ်ရှိ, ပါရိဟာရိကာ, မည်ပါမြဲမှတ်။

၁၄။ မှီတတ်ဖော်ထုတ်, မှီရာမြှုပ်လစ်, ဧကစ္ဆန္နာ။

၁၅။ နှစ်ဖြာမြှုပ်က, ဥဘယတည့်။

၁၆။ ရောကသံကိုဏ္ဏာ, မည်ရပါသည်....ဖွေရာ–စေ့ငသေချာတည်း။

http://www.dhammadownload.com

ထိုပဟေဠိသည်–

၁။ သမာဂတာပဟေဠိ–သန္ဓိစပ်ဝှက်နည်း,

၂။ ဝဋ္ဋိတာပဟေဠိ–မလိုရာထင်အောင်ဝှက်နည်း။

။ ပ ။

၁၆။ သံကိဏ္ဏာပဟေဠိ–မျိုးစုံရောနှောဝှက်နည်း–ဟု ၁၆–ပါးရှိ၏။

အဓိပ္ပာယ်အကျယ်ဖွင့်ပြချက်

(၁) သမာဂတာပဟေဠိ

ပုဒ်စပ်လျက်သာ, နက်ဝှက်ပါက, သမာဂတ, အမည်ရ၏။

ပုဒ်စပ်သောအားဖြင့် လျှို့ဝှက်အပ်သော အနက်ရှိသော ပဟေဠိသည် "သမာဂတာပဟေဠိ" မည်၏။

ပုံစံ။　　။ ပဘဝါနတဝိတ္တိဏ္ဏာ , တဝါဏာ မဟတီ သတိ၊
စိရာယ ဧယတံ နာထ , ပဟုတဖလသာဓနီ။

နာထ–ကိုးကွယ်ရာဖြစ်သော မြစ်မင်း !၊ တဝ–သင်၏၊ ပဘဝါ–အမွန်မှ၊ (ပဋ္ဌာယ–စ၍၊) နတဝိတ္တိဏ္ဏာ–(ညွတ်ယိမ်းကိုင်း)ရိုင်းသည်၏ အစွမ်းအားဖြင့် ကျယ်ပြန့်သော၊ မဟတီသတိ–ကြီးသည်ဖြစ်၍ဖြစ်သော၊ အာဏာ–ရေအလျဉ်ဟုဆိုအပ်သော အာဏာသည်၊ ပဟုတဖလသာဓနီ–များစွာသောအကျိုးကို ဖြစ်စေသည်ဖြစ်၍၊ စိရာယ–ကြာမြင့်စွာသော ကာလပတ်လုံး၊ ဧယတံ–အောင်ပါစေသတည်း။ [ဤကား– လျှို့ဝှက်သည်ကို မသိ၍ ပေးသော အလိုမရှိအပ်သော အနက်တည်း။]

ပဘဝ–အရောင်အဝါရှိတော်မူသော၊ နာထ–မြတ်စွာဘုရား !၊ တဝ–ရှင်တော်မြတ်ဘုရား၏၊ မဟတီသတိ–ကြီးသည်ဖြစ်၍ဖြစ်သော၊ အာဏာ–တရားတော်သည်၊ အာနတဝိတ္တိဏ္ဏာ–မိမိ၌ ညွတ်ကုန်သောသူတို့၌ ပျံ့နှံ့သည်ဖြစ်၍၊ ပဟုတဖလသာဓနီ–များစွာသော အကျိုး ပြီးစေသည်ဖြစ်၍၊ စိရာယ–ကြာမြင့်စွာသောကာလပတ်လုံး၊ ဧယတံ–အောင်ပါစေသတည်း၊ ဝါ–လွန်ကဲစွာဖြစ်ပါစေသတည်း။ [ဤကား–လျှို့ဝှက်သည်ကိုသိ၍ ပေးအပ်သော အလိုရှိအပ်သော အနက်တည်း။]

ရှင်း　　ဤ၌ ပဘဝ–အာနတ–ပဘဝါနတ–ဟူ၍ သန္ဓိစပ်သဖြင့် လျှို့ဝှက်အပ်သော အနက်ရှိသောကြောင့် "သမာဂတာပဟေဠိ"မည်၏။

ပါဠိတော်ပုံစံ။　　။ အပိသု မံ ဗြဟ္မေ ဣမာ အနုစ္ဆရိယာ ဂါထာယော ပဋိဘံသု ပုဗ္ဗေ အဿုတပုဗ္ဗာ။ [ဝိနည်းမဟာဝါ–၇။]

ဗြဟ္မေ–သဟမ္ပတိ, တွင်ဘိသညာ, အိုဗြဟ္မာ !၊ အပိသု–စင်စစ်၊ ပုဗ္ဗေ–ဘုရားမဖြစ်ခင်, ရှေးယခင်၌၊ အဿုတပုဗ္ဗာ–မည်သူ့ထံပါးကမှ မကြားအပ် မကြားဘူးကုန်သော၊

http://www.dhammadownload.com

အနန္တ ရိယာ-ချီးမွမ်းအံ့သြခြင်းငှာ မထိုက်ပါကုန်သော၊ [ပုဒ်စပ်သည်ကို မသိ၍ န-ကို အန်-ပြု ထားသည် ထင်သောကြောင့် ပေးအပ်သောအနက်၊] အနန္တရိယာ-ကြိမ်ဖန်ထပ်ထပ် ချီးမွမ်းအံ့သြအပ်ကုန်သော၊ [ဤကား-အလိုရှိအပ်သောအနက်၊] ဣမာ ဂါထာယော-ဤဂါထာတို့သည်၊ မံ-ငါဘုရား၏ ဉာဏ်၌၊ ပဋိဘံသု-ကြဲစည်မရှိ, မိမိအလိုသာ, ထင်၍ လာကြကုန်၏။

ရှင်း ဤ၌ "အန-အန္တရိယ-အနန္တရိယ"ဟု သန္ဓိစပ်ထားရာ "သရေ အန်-သုတ်ဖြင့် န-ကို အန်-ပြုထားသည်"ဟု မှတ်ထင်ဖွယ် ရှိ၏၊ "အဖန်ဖန် အထပ်ထပ် အံ့သြကုန်သော"ဟူသောအနက် ကွယ်ဝှက်၍နေသည်၊ ထို့ကြောင့် "သမာဂတာပဟေဋ္ဌိ" မည်၏။ [ဤပြဿဂ်မျိုးသည် ပဟေဋ္ဌိအရာ မဟုတ်လျှင် ကိလိဋ္ဌဒေါသသို့ ဝင်၏။]

မြန်ပုံစံ။ ။ ထိုမျှရှစ်သောင်း, ထိုရွေပေါင်းနှင့်, ဝေးကြောင်းဘယ်ခါ, အကြင်ငါလျှင်, ရှောင်ခွာကင်းကင်း, တကိုယ်ချင်းသည် . . . . ရှင်း၍.-နေရံ့ပါမည်သိ။ (မဃ-၁၄၆။)

ရှင်း ဤ၌ "ရှင်း၍နေရံ့ပါမည်သိ"ကို- "ရှင်း၍နေရအံ့ပါမည်သိ"ဟု ပုဒ်ဖြတ်၍ အဓိပ္ပာယ်ယူ၊ သန္ဓိစပ်သဖြင့် ပုဒ်ကို ဝှက်ထားသောကြောင့် "သမာဂတာပဟေဋ္ဌိ" မည်၏။

(၂) ဝဠိတာပဟေဋ္ဌိ

အတ္ထတစ်ပါး, ထင်ရှားသဒ္ဒါ, လှည့်ပတ်ပါက, ဝဠိတပေ။

ဆိုလိုသော ဝဒန္တ ပုဂ္ဂိုလ်၏ အလိုရှိအပ်သော အနက်မှ တစ်ပါးသော အနက်၌ ထင်ရှားသောသဒ္ဒါဖြင့် သူတစ်ပါးအထင်မှားအောင် လှည့်ပတ်ပြောဆိုအပ်သော ပဟေဋ္ဌိသည် "ဝဠိတာပဟေဋ္ဌိ"မည်၏။ [ထိုစကားမျိုးသည် ပဟေဋ္ဌိအရာ မဟုတ်ခဲ့သော် သဿသယဒေါသသော်လည်းကောင်း, ဝိရဒ္ဓဒေါသသော်လည်းကောင်း သင့်တတ်သည်။]

ပုံစံ။ ။ ဘဒ္ဒမေဝေါပသေဝေယျ , ဝိဓူတမဒကိဗ္ဗိသံ၊
သမ္မာပယေ ပုရံ ခေမံ , သ ဒန္တောတ္တနိ သေဝိတံ။

ဝိဓူတမဒကိဗ္ဗိသံ-ခါတွက်ပယ်ဖျောက်အပ်ပြီးသော မုန်ယစ်ခြင်းတည်းဟူသော အပြစ်ရှိသော၊ ဘဒ္ဒမေဝ-ကောင်းသောသဘောရှိသော ဆင်ကိုသာလျှင်၊ ဥပသေဝေယျ-မှီဝဲရာ၏၊ ဒန္တော-ဆုံးမအပ်ပြီး, သင်အပ်ပြီးသော၊ သ(သော)-ထိုဆင်သည်၊ အတ္တာနိ-မိမိ၌၊ သေဝိတံ-မှီဝဲသောသူကို၊ ခေမံ-ဘေးကင်းသော၊ ပုရံ-မြို့တော်သို့၊ သမ္မာပယေ-ရောက်စေနိုင်၏။ [အလိုမရှိအပ်သောအနက်။]

ဝိဓူတမဒကိဗ္ဗိသံ-ခါတွက်ဖျက်ဆီးအပ်ပြီးသော မာန်ယစ်ခြင်းအပြစ်ရှိသော၊ ဘဒ္ဒမေဝ-ကောင်းမြတ်သော အရိယာပုဂ္ဂိုလ်ကိုသာလျှင်၊ ဥပသေဝေယျ-မှီဝဲဆည်းကပ်ရာ၏၊ ဒန္တော-ကျွန်ုပ်တို့ကို ဆုံးမပြီးသော၊ သ(သော)-ထိုအရိယာပုဂ္ဂိုလ်သည်၊ အတ္တာနိ သေဝိတံ-မိမိကို ဆည်းကပ်ခစားသောလူအပေါင်းကို၊ ခေမံ-ဒုက္ခရန်ဘေး, ကင်းကွာဝေးရာ

http://www.dhammadownload.com

ဖြစ်သော၊ ပုရံ-နိဗ္ဗာန်မည်လတ်, မြို့တော်မြတ်သို့၊ သမ္မာပယော-ကောင်းစွာမသွေ, ဆိုက်ရောက်စေ၏။ [အလိုရှိအပ်သောအနက်။]

ရှင်း ဤ၌ ဘဒ္ဒ-သဒ္ဒါသည် "ကောင်းမြတ်သောသူ"ဟူသော အနက်သာမည်ကို ဟော၏၊ ဝိရူတမဒကိဗ္ဗိသံ၌ မဒ-သဒ္ဒါသည် မုန်ယစ်ခြင်းကိုလည်းကောင်း, မာန်မာနကိုလည်းကောင်း ဟော၏၊ ထိုတွင် မုန်-ဟူသောအနက်ကို ယူခဲ့ပါလျှင် ဝိရူတမဒကိဗ္ဗိသ-သဒ္ဒါသည် ဆင်ကို ဟောရတော့၏၊ မာန်မာန-ဟူသော အနက်ကို ယူခဲ့ပါလျှင် အရိယာ-ဟူသောအနက်ကို ဟော၏။

သို့ဖြစ်၍ အရိယာ-ဟု ဆိုအပ်သည့် အလိုရှိအပ်သောအနက်မှ တစ်ပါးသော ဆင်-ဟူသောအနက်၌ ထင်ရှားသော ဝိရူတမဒကိဗ္ဗိသ-သဒ္ဒါဖြင့် သူတစ်ပါး အထင်မှားအောင် လှည့်ပတ်၍ဆိုသောကြောင့် "ဝဉ္စိတာပဟေဋ္ဌိ"မည်၏။

ပါဠိတော်ပုံစံ။ ။ တိဋ္ဌတု နာဂေါ မာ နာဂံ ဃဋ္ဋေသိ၊ နမော ကရောဟိ နာဂဿ။ [မူလပဏ္ဏာသ။]

နာဂေါ-နဂါးမင်းသည်၊ တိဋ္ဌတု-ရှိပစေ၊ နာဂံ-နဂါးကို၊ မာဃဋ္ဋေသိ-မထိပါး မပုတ်ခတ်လင့်၊ နာဂဿ-နဂါးအား၊ နမော-ရှိခိုးခြင်းကို၊ ကရောဟိ-ပြုလော့။ [မလို။]

နာဂေါ-ရဟန္တာသည်၊ တိဋ္ဌတု-ရှိပစေ၊ နာဂံ-ရဟန္တာကို၊ မာဃဋ္ဋေသိ-မပုတ်ခတ် မထိပါးလင့်၊ နာဂဿ-ရဟန္တာအား၊ နမော-ရှိခိုးခြင်းကို၊ ကရောဟိ-ပြုလော့။ [လို။]

ရှင်း ဤ၌ နာဂ-သဒ္ဒါသည် မြွေနဂါး, ရဟန္တာ-စသောအနက်ကို ဟော၏၊ ထိုတွင် "မြွေနဂါး"ဟူသောအနက်၌ ထင်ရှား၏၊ "ရဟန္တာ"ဟူသောအနက်၌ကား မထင်ရှားချေ၊ ဤသို့လျှင် အလိုရှိအပ်သော ရဟန္တာ-ဟူသောအနက်မှတစ်ပါး မြွေနဂါး-ဟူသောအနက်၌ ထင်ရှားသော နာဂ-သဒ္ဒါဖြင့် အထင်အမြင်မှားအောင် လှည့်ပတ်ဟောတော်မူအပ်သောကြောင့် "ဝဉ္စိတာပဟေဋ္ဌိ"မည်၏။

မြန်ပုံစံ။ ။ အိမ်ရှင်ဂရု, ကိုယ့်အိမ်စုမှ, အိမ်ဒုတိယ, ပြောင်းကာကြွသော်, နိစ္စသွတ်လှယ်, သရဏ္ဂုယ်မှု, စသည်ပြု၍, သုခချမ်းသာ, ရကြပါသည် . . . .ကျမ်းစာ-ပြည့်စုံလေသောကြောင့်။

[၄င်းအဓိပ္ပာယ်ကို သသံသယဒေါသအဖြေ (နာ-၁၄၃)၌ ပြန်ကြည့်။]

အထူး ရဋ္ဌိသဒ္ဒါမျိုးဖြစ်က ဝဉ္စိတာပဟေဋ္ဌိ၌ သွင်းသင့်၏၊ သမာသ်, တဒ္ဓိတ်, ကိတ်တို့ဖြစ်က ပရသာပဟေဋ္ဌိ၌ သွင်းသင့်၏၊ ဤသို့ ပဟေဋ္ဌိနှစ်မျိုးတို့၏ ထူးခြားပုံကို မှတ်သားသင့်၏။

ဆောင်။ ။ ရဋ္ဌိသဒ္ဒါ, ဖြစ်လေပါက, သွင်းကြဝဉ္စိ, တဒ္ဓိ-သမာသ, ကိတဖြစ်ခါ, ပရသာ, သွင်းပါ-သတိရှိကြစေ။

http://www.dhammadownload.com

(၃) ဥက္ကန္တာပဟေဠီ

စပ်ရပုဒ်ချင်း, ဝေးကွာခြင်းကြောင့်, လွန်မင်းတွေဝေ, ဖြစ်စေဥက္ကန္တာ, မည်ရပါရှင့်။

စပ်ရမည့်ပုဒ်ချင်း အလွန်ဝေးကွာခြင်းကြောင့် အလွန်အမင်း တွေဝေခြင်းကို ဖြစ်စေတတ်သော ပဟေဠီသည် "ဥက္ကန္တာပဟေဠီ"မည်၏။

[၄င်းသည် ပဟေဠီအရာ မဟုတ်လျှင် ဗျာကိဏ္ဏဒေါသအဖြစ်သို့ ရောက်၏။]

ပုံစံ။ ။ ဗဟုဂုဏော ပဏ္ဍာမတိ , ဒုဇ္ဇနာနံပျယံ ဇနော၊
ဟိတံ ပမုဒိတော နိစ္စံ , သုဂတံ သမနုဿရံ။

ရှင်း အနက်ကို ဒေါသခန်း စာမျက်နှာ (၆၅)၌ ပြန်ကြည့်၊ ဤဂါထာသည် စပ်ရမည့် ပုဒ်ချင်း အလွန်ဝေးကွာ၍ နေသဖြင့် အစပ်ကို မသိနိုင်အောင် ဝှက်၍ထားသောကြောင့် "ဥက္ကန္တာပဟေဠီ"မည်၏။

ဝေနေယျသတ္တဝါတို့ နားလည်စေခြင်းငှာ ဟောတော်မူအပ်သော ပါဠိတော်တို့၌ ထိုသို့သဘောရှိသော ပဟေဠီမျိုး မရှိနိုင်ပေ၊ ထို့ကြောင့် ၄င်းတို့၏ပုံစံကို ပါဠိတော်မှ ထုတ်ဆောင်ရန်ပင် မလိုတော့ပြီ၊ အကယ်၍ ထုတ်လိုပါက အောက်ပါ ပါဠိတော်များကို ထုတ်သင့်၏။

ပါဠိတော်ပုံစံ။ ။ (က) ဝရံ တေ မောဃပုရိသ အာသီဝိသဿ ဃောရဝိသဿ မုခေ အဂ်ဇာတံ ပက္ခိတ္တံ။ [ပါရာဇိကဏ်။]
(ခ) နဝံ ပန ဘိက္ခုနာ စီဝရလာဘေန ။ ။ [ပါစိတ်။]

(က) မောဃပုရိသ–မဂ်ဖိုလ်ကင်းကွာ, ဘာဝနာမမှီး, အချည်းနှီးသောယောကျ်ား၊ တေ–သင်၏၊ အဂ်ဇာတံ–အဂ်ါဇာတ်ကို၊ အာသီဝိသဿ–လျင်သောအဆိပ်ရှိသော၊ ဃောရဝိသဿ–ကြမ်းသောအဆိပ်ရှိသောမြွေ၏၊ မုခေ–ခံတွင်း၌၊ ပက္ခိတ္တံ–ထည့်သွင်းခြင်းသည်၊ ဝရံ–မြတ်တုံသေး၏။

ရှင်း ဤ၌ ဝရံနှင့် ပက္ခိတ္တံကို စပ်ရသည်–ဟု မသိနိုင်အောင် အစအဆုံးပြု၍ ဟောတော်မူသောကြောင့် ဤပါဠိတော်သည် ဥက္ကန္တာပဟေဠီနှင့် ပြည့်စုံသော ပါဠိတော်ဖြစ်သည်–ဟု မှတ်အပ်၏။

(ခ) နဝံ စီဝရလာဘေန (နဝစီဝရလာဘေန)–အသစ်ဖြစ်သော သင်္ကန်းကို၊ ဘိက္ခုနာ–ရဟန်းသည်။

ရှင်း ဤပုံစံ၌ နဝံ–ကို စီဝရလာဘေန–နှင့် စပ်ရသည်–ဟု မသိနိုင်အောင် အလယ်၌ ပန–ဘိက္ခုနာ–သဒ္ဒါတို့ကို ထည့်ထားသောကြောင့် ဤပါဠိတော်လည်း ဥက္ကန္တာပဟေဠီနှင့်ပြည့်စုံ၏။

http://www.dhammadownload.com

ဧကူနဝီသတိ နာရီ , နဟာနာယ နဒိံ ဂတာ၊
တာသွေကံ ကုမ္ဘိလော ဂဏ္ဍိ , ဝီသတိ ဃရမာဂတာ။
[ဝဇီရတ္ထသင်္ဂဟကျမ်းဂါထာ။]

ဧကူနဝီသတိနာရီ–တစ်ကျိပ်ကိုးယောက်သော မိန်းမတို့သည်၊ နဟာနာယ–ရေချိုးအံ့သောငှာ၊ နဒိံ–မြစ်သို့၊ ဂတာ–သွားလေကုန်၏၊ တာသုနာရီသု–ထိုတစ်ကျိပ်ကိုးယောက်သော မိန်းမတို့တွင်၊ ဧကံနာရိံ–တစ်ယောက်သောမိန်းမကို၊ ကုမ္ဘိလော–မိကျောင်းသည်၊ ဂဏ္ဍိ–ဖမ်းယူလေ၏၊ ဝီသတိနာရိယော–နှစ်ကျိပ်သောမိန်းမတို့သည်၊ ဃရံ–အိမ်သို့၊ အာဂတာ–ပြန်ခဲ့ကုန်၏။ [မလိုအပ်သောအနက်။]

ဝီသတိနာရိယော–နှစ်ကျိပ်သော မိန်းမတို့သည်၊ နဟာနာယ–ရေချိုးအံ့သောငှာ၊ နဒိံ–မြစ်သို့၊ ဂတာ–သွားလေကုန်၏၊ တာသုနာရီသု–ထိုနှစ်ကျိပ်သော မိန်းမတို့တွင်၊ ဧကံနာရိံ–တစ်ယောက်သော မိန်းမကို၊ ကုမ္ဘိလော–မိကျောင်းသည်၊ ဂဏ္ဍိ–ဖမ်းယူလေ၏၊ ဧကူနဝီသတိနာရိယော–တစ်ကျိပ်ကိုးယောက်သော မိန်းမတို့သည်၊ ဃရံ–အိမ်သို့၊ အာဂတာ–ပြန်ခဲ့ကုန်၏။ [အလိုရှိအပ်သောအနက်။]

မြန်ပုံစံ။ ။ တစ်ဝမ်းတူ–စုံညီပေါက်တဲ့, တစ်ကျိပ်ကိုးယောက်အပျိုစင်၊
ံမြစ်သို့မသွေ–ရေကစား, သွားသည့်ဖြစ်အင်။
တစ်ယောက်သူလျှင်, ရေတွင်သေခဲ့၊
အိမ်ပြန်ခါနှစ်ကျိပ်သွား, စကားကျယ်မချဲ့–ကျမ်းထွက်သတဲ့။

အဖြေ။ ။ ဉာဏ်အညွန့်–ကြံကွန့်လို့–ဖန်ဝံ့တဲ့ ရွှေနှုတ်ရည်၊
တစ်ကျိပ်ကိုး ရေချိုးစမ္ပာယ်ခတယ်လို့, ဌာရသာကမ္မဇငယ်နှင့်, ဇာတိဆိုသဘာဝကို, သွင်းယူရမည်။
အိမ်အပြန်–မှန်ဝီသငယ်လို့, ခွန်ချိုမြပန်းအဆီ, ရွှေချည်တဲ့ပုံအနှုန်း၊
ဇာတိမူ–မိချောင်းယူပါလို့, ဇရတာ အနိစ္စာ နှောရင်လ–အိမ်ပြန်လျှင်
မှန်ဝီသကို–ဘောကသိအုံး။–

ဟု ဆိုလိုရင်းဖြစ်ပေသည်၊ ဤသို့ဆိုလျှင် အနက်လည်းပြေ–စကားလည်းပြေ၏။

ဤအဖြေမှာ ကျမ်းရင်းအာဘော်နှင့်မညီပါ၊ သို့သော် သမာနရူပါပဟေဋ္ဌီ, ဝဋ္ဌိတာ ပဟေဋ္ဌီသို့ သွင်းသင့်မည်ထင်ပါသည်။

(၄) ပမုဿိတာပဟေဋ္ဌီ

လွန်စွာသိခက်, အနက်ရှိဘိ, ပမုဿိတ။

ရှေးဟောင်းစကားဖြစ်၍ မေ့လျော့(တိမ်ကော တိမ်မြုပ်)ပြီးဖြစ်သောကြောင့် သိနိုင်ခဲသော အနက်ရှိသော ပဟေဋ္ဌီသည် "ပမုဿိတာပဟေဋ္ဌီ"မည်၏၊ [ပမုဿိတော အတ္ထော ယဿာတိ–ပမုဿိတာ။] [၄င်းစကားမျိုးသည် ပဟေဋ္ဌီအရာ မဟုတ်ခဲ့သော် ဂုဋ္ဌတ္ထဒေါသ, သုဗောဓာလင်္ကာရဆရာအလို ကိလိဋ္ဌဒေါသသင့်၏။]

http://www.dhammadownload.com

ပုံစံ။ ။ မုခဖုလ္လံ ဂိဂ်ံမကံ , နိယျရဂ္ဂတ္ထနုဏ္ဏတံ၊
ပဒုဇ္ဇရီ ဝရံ ပေါသော , ဘီရုယာ ဓာရယန္တိ ယာ။

မုခဖုလ္လံ–မုန်ကျဲခြင်းစသော မျက်နှာတန်ဆာကိုလည်းကောင်း၊ ဂိဂ်ံမကံ–ဂိဂ်ံမက မည်သော အဆင်တန်ဆာကိုလည်းကောင်း၊ ဝါ–သုံးဆယ့်နှစ်ချောင်း သုံးဆယ့်နှစ်သွယ် ရှိသော ပုလဲသွယ်ကိုလည်းကောင်း၊ နိယျရံ–လက်ကောက်ကိုလည်းကောင်း၊ ဥဂ္ဂတ္ထနံ (ပယောရေပဋံ)–ဇာဘော်လီကိုလည်းကောင်း၊ ဝါ–လေးချောင်းလေးသွယ်ရှိသော ပုလဲသွယ် ကိုလည်းကောင်း၊ ဓာရယန္တိ ယာ–ဆောင်သော၊ ဘီရုယာ–မိန်းမထက်၊ ပဒုဇ္ဇရီ–ပုဆိုး ဟောင်းကို ဝတ်သော၊ ပေါသော–ယောကျ်ားသည်၊ ဝရံ–မြတ်၏။

ရှင်း ဤ၌ မုခဖုလ္လ, ဂိဂ်ံမက, နိယျရ, ဥဂ္ဂတ္ထန, ဥဏ္ဏတ–သဒ္ဒါတို့သည် ပေါရာဏ ကထာများဖြစ်၍ သိရန် အနက်ထင်ရန် ခဲယဉ်းကုန်၏၊ ထို့ကြောင့် "ပမုဿိတာ ပဟေဋ္ဌိ"မည်၏။

ပါဋိတော်ပုံစံ။ ။ ယံ နု ကဉ္စနဂ္ဃေပိဍ္ဍ , အန္ဓေန တမသာ ကတံ။
[အသီတိနိပါတ်–ဇာတ်။]

ကဉ္စနဂ္ဃေပိဍ္ဍ–ရွှေရောင်တမျှ, တောက်ပသော အတောင်နှစ်ချောင်းရှိသော သုမုခ စစ်သူကြီး !၊ (မမ–ငါ၏၊ ကာရဏာ–အကြောင်းကြောင့်၊ တယာ–သင်သည်၊) ယံပါဏ စဇံ–အကြင်အသက်ကို စွန့်ခြင်းကို၊ ကတံ–ပြုအပ်ပေပြီ၊ တံပါဏစဇံ–ထိုအသက်ကို စွန့်ခြင်းသည်၊ အန္ဓေန–အကန်းသည်၊ တမသာ–မှောင်ထဲ၌၊ ကတံန–(ကတံဝိယ)–ပြုအပ် သကဲ့သို့၊ ဟောတိ–ဖြစ်၏။

ရှင်း ယံနာတိ–နကာရော ဥပမာနေ–[ဌ]၊ ဤဇာတ်ပါဋိတော်မှတစ်ပါး တခြားသော ပါဋိတော်, အဋ္ဌကထာတို့၌ န–သဒ္ဒါကို ဥပမာနဇောတကအရာ၌ သုံးစွဲမှု မရှိ သောကြောင့် "ပမုဿိတာပဟေဋ္ဌိ"မည်၏။

မြန်ပုံစံ။ ။ အလိုတကြီး, ဟူးရီးဟူးရား, ငှက်မိုက်များကား။ (ကိုးခန်း–၂၄၆။)

ရှင်း (ဟူးရီးဟူးရား, ငှက်မိုက်များကား) မစဉ်းမစားဘဲ လိုရာကို လျင်စွာ ပြုကျင့် တတ်သော ငှက်မိုက်များကား။

[ဟူးရား–ဟူးရား–ဟု အနက်အားကြီးအောင် နှစ်ခါထပ်ဆိုလိုသည်ကို ဟူးရီးဟူးရား–ဟု သံဖိသံမ ဆိုသည်၊] အချို့ကား အလုံးစုံ–ဟူသော အနက်ကို ယူကြ၏၊ မကောင်း၊ အချို့လည်း ဟုတ်ဟုတ်ငြားငြား–ဟူသော အနက်ကို ယူလိုကြ၏၊ သင့်သလို ရှိပေသည်။

ဤ၌ ဟူးရီးဟူးရား–သဒ္ဒါသည် ပေါရာဏကထာ ဖြစ်၍ သိရန် အနက်ထင်ရန် ခဲယဉ်း၏၊ ထို့ကြောင့် "ပမုဿိတာပဟေဋ္ဌိ"မည်၏။

(၅) သမာနရူပါပဟေဋ္ဌိ

အမုချဝယ်, မုချနက်ကို, ဟောဆိုသဒ္ဒါ, တင်စားပါက, သမာနရူပါ, မှတ်ကြရာ၏။

http://www.dhammadownload.com

တူသောသဘော ရှိသည်ဖြစ်၍ မုချအနက်ကို ဟောတတ်သော သဒ္ဒါတို့ကို မုချမဟုတ်သောအနက်၌ တင်စားခြင်းရှိသော ပဟေဠိသည် "သမာနရူပါပဟေဠိ"မည်၏။

ပုံစံ။　။ နဝဂ္ဂရတနာနသ္မိံ , ဒိဿန္တိ ရတနာကရေ၊
ပုရိသာနေတ္ထ အဋ္ဌန္နံ , အဋ္ဌ သာဓာရဏံ ပရံ။

အသ္မိံ ရတနာကရေ-ထိုရတနာ၏ တည်ရာ သမုဒ္ဒရာ၌၊ နဝ-ကိုးပါးကုန်သော၊ အဂ္ဂရတနာနိ-မြတ်သောရတနာတို့သည်၊ ဒိဿန္တိ-ထင်ကုန်၏၊ ဧတ္ထ-ဤကိုးပါးသော ရတနာတို့တွင်၊ အဋ္ဌ-ရှစ်ပါးသောရတနာတို့သည်၊ အဋ္ဌန္နံ ပုရိသာနံ-ရှစ်ယောက်သောသူတို့နှင့်၊ အသာဓာရဏာနိ-မဆက်ဆံကြလေကုန်၊ အပရံ-တစ်ပါးသောရတနာသည်၊ သာဓာရဏံ-ဆက်ဆံ၏။ [မလို။]

အသ္မိံ ရတနာကရေ-ထိုလောကုတ္တရာတရား ကိုးပါးတို့၏၊ တည်ရာဖြစ်သော မြတ်စွာဘုရား၌၊ နဝ-ကိုးပါးကုန်သော၊ အဂ္ဂရတနာနိ-မြတ်သော လောကုတ္တရာတရား-တည်းဟူသော ရတနာတို့သည်၊ ဒိဿန္တိ-ထင်ကြလေကုန်၏၊ ဧတ္ထ-ဤကိုးပါးသော ရတနာတို့တွင်၊ အဋ္ဌရတနာနိ-မဂ်လေးပါး ဖိုလ်လေးပါး ရှစ်ပါးသော ရတနာတို့သည်၊ အဋ္ဌန္နံ ပုရိသာနံ-ရှစ်ယောက်သောသူတို့နှင့်၊ အသာဓာရဏာနိ-မဆက်ဆံကြလေကုန်၊ အပရံ-တစ်ပါးသော နိဗ္ဗာန်ရတနာသည်၊ သာဓာရဏံ-ရှစ်ယောက်သောပုဂ္ဂိုလ်တို့နှင့် ဆက်ဆံ၏။ [လို။]

ရှင်း　အလေးအမြတ် ပြုအပ်သည်၏ အဖြစ်-စသော အနက်အားဖြင့် တူသောသဘော ရှိကုန်သည်ဖြစ်၍ ရွေ-ငွေ-စိန်-ကျောက်-စသော မုချအနက်ကို ဟောတတ်သော ရတနာ-သဒ္ဒါကို မုချမဟုတ်သော တရားတော်-တည်းဟူသော အနက်၌လည်းကောင်း, သမုဒ္ဒရာ-တည်းဟူသော မုချအနက်ကို ဟောတတ်သော ရတနာကရ-သဒ္ဒါကို မုချအားဖြင့် မဟောနိုင်သော မြတ်စွာဘုရား-တည်းဟူသော အနက်၌လည်းကောင်း, တင်စား၍ ဆိုထားအပ်သောကြောင့် "သမာနရူပါပဟေဠိ"မည်၏။

ပါဠိတော်ပုံစံ။　။ ဩဂဟ ရဟဒံ အကဒ္ဒမံ , သဗ္ဗံ သေဒမလံ ပဝါဟယ၊
ဂဏှာဟိ နဝံ ဝိလေပနံ , ယဿ ဂန္ဓော န ကဒါစိ ဆိဇ္ဇတိ။
[ဆက္ကနိပါတ်။]

တာတ-ညီကလေး စူဠတုဏ္ဍိလ !၊ အကဒ္ဒမံ-ရွံ့ညွန်မရှိသော၊ ရဟဒံ-ရေအိုင်သို့၊ ဩဂဟ-သက်ဆင်းလိုက်ပါလော့၊ သဗ္ဗံ-အလုံးစုံသော၊ သေဒမလံ-ချွေးအညစ်အကြေးကို၊ ပဝါဟယ- မျှောလိုက်ပါလော့၊ ယဿ-အကြင်နံ့သာပျောင်း၏၊ ဂန္ဓော-အနံ့သည်၊ ကဒါစိ-တစ်ရံတစ်ခါမျှ၊ နဆိဇ္ဇတိ-မပြတ်စဲ မပျက်ပြယ်၊ နဝံ-အသစ်ဖြစ်သော၊ တံ ဝိလေပနံ-ထိုနံ့သာပျောင်းကို၊ ဂဏှာဟိ-ယူပါလော့။

ရှင်း　ဤဒဋ္ဌလည်း တရားတော်ကို-ရေအိုင်, မကောင်းမှုကို-ချွေးအညစ်အကြေး, သီလကို နံ့သာပျောင်း-ပြုလုပ်၍ ဟောထားသည်၊ ထို့ကြောင့် ဤဂါထာလည်း "သမာနရူပါပဟေဠိ"မည်၏။

http://www.dhammadownload.com

မြန်ပုံစံ။ ။ စဉ်ရှည်ရစ်တွယ်, ခြောက်ဆယ်သော ကြိုးအစဉ်းနှင့်, ခြေကျဉ်း ဖွဲ့ခတ်, သံနှောင်ရပ်ဝယ်, မြကပ်နေရ, ယက္ခတောမူး, ဆယ့်နှစ်ဦးလည်း, အကျူးဖျက်ဆီး, မီးဆယ့်တခု, ရစ်ပတ်စု၍, အဒ္ဒါဃရံ, ဝဋ်အခံမှ, ထွက်ရန်မငြိမ်, ဝဲအလိမ်ကို, နိဗ္ဗိန်ဉာဏ်ရှု, ပဟာန်ပြု၍, သု-ကိုလည်းရာ, ဒု-ကိုခွာရအောင်, စိန္တာဉာဏ်ဆန်း, ဓိပ္ပာယ်မှန်း၍, ခွဲခြမ်းရာဖွေလျက်, ပုညေကိုဒိနေန, ကြိုးရမည် ကျောင်းတကာ။ (ရှင်ဥက္ကံသမာလာ မေတ္တာစာ။)

ရှင်း ခြောက်ဆယ်သော ကြိုးအစဉ်း= ဒိဋ္ဌခြောက်ဆယ်၊ ယက္ခတောမူး ဆယ့်နှစ်ဦး= အကုသိုလ်ဆယ့်နှစ်ခု၊ မီးဆယ့်တစ်ခု= ကိလေသာမီး ဆယ့်တစ်သီး။

[အကြွင်းသိလွယ်ပြီ။]

အထူး သမာနရူပါပဟေဋ္ဌိ၌ သဒ္ဒါလည်းမတူ, အနက်လည်းမတူဘဲ သဘောမျှသာတူသည်ဖြစ်၍ မဟောစေလိုသော သဒ္ဒါကို မုချအနက်ဟောရအောင် စီရင်ဝှက်ထားသည်၊ သမာနသဒ္ဒါပဟေဋ္ဌိ၌ သဒ္ဒါတူ-အနက်ကွဲဖြစ်သည်၊ ထင်ရှားသော အနက်ကို ဟောသောသဒ္ဒါကို မထင်ရှားသောအနက်ကို ဟောရအောင် စီရင်ဝှက်ထားသည်။

ဆောင်။ ။သဘောတူမျှ, မုချနက်ကို, မဆိုလိုငြား, သဒ္ဒါများကို, ထွေပြားမုချ, ဟောစေကမူ, သမာနရူပါ၊ သဒ္ဒါတူလျက်, မထင်နက်ကို, ကွယ်ဝှက်ဆိုက, သမာနသဒ္ဒါ, မည်ရပါ, ခွဲကာဤသို့မှတ်ကြလေ။

(၆) ပရသာပဟေဋ္ဌိ

သဒ္ဒါနယ, ကြံဆဟောစေ, နက်ရှိလေက, ပရသပေ။

လောကသင်္ကေတအားဖြင့် မဟောအပ်သော အနက်ကို ဝိဂြိုဟ်ဝစနတ်ပြုလုပ်၍ သဒ္ဒါနည်းအားဖြင့် ကြံဆဟောစေအပ်သော အနက်ရှိသော ပဟေဋ္ဌိသည် "ပရသာပဟေဋ္ဌိ"မည်၏။

ပုံစံ။ ။ဝိန္ဒန္တိ ဒေဝဂန္ဓဗ္ဗာ , ဟိမဝန္တံ မဟာတလေ၊
ရသဝန္တေ သရေ သတ္တ , နာ နာဂါပိ ဥပေါသထာ။

ဟိမဝန္တံ မဟာတလေ-ဟိမဝန္တာတောင်ထိပ်၌, ရသဝန္တေ-ရေရှိကုန်သော၊ သတ္တ-ခုနစ်ခုကုန်သော၊ သရေ-အနောတတ်စသား ရေအိုင်များတို့ကို၊ ဒေဝဂန္ဓဗ္ဗာ-နတ်ဂန္ဓဗ္ဗတို့သည်, ဝိန္ဒန္တိ-မြိုဝင်ကြရလေကုန်၏၊ ဥပေါသထာနာဂါပိ-ဥပေါသထဆင်တို့သော်မှလည်း၊ နဝိန္ဒန္တိ-မမြိုဝင်ကြရလေကုန်။ [သဒ္ဒါဟောအပ်သော မုချအနက်၊ ဤအနက်ကို မလိုအပ်။]

ဟိမဝန္တံ မဟာတလေ-လရောင်ရှိသော ပြာသာဒ်ကြီးအပြင်၌၊ ဒေဝဂန္ဓဗ္ဗာ-မြူးထူးပျော်ပါး, စောင်းသမားတို့သည်၊ ရသဝန္တေ-သိဂ်ါရစသော ရသရှိကုန်သော၊ ဝါ-ကောင်းသောအသံရှိကုန်သော၊ သတ္တသရေ-ခုနစ်မျိုးသော စောင်းသံတို့ကို၊ ဝိန္ဒန္တိ-မြိုဝဲသုံးဆောင်ကြလေကုန်၏၊ နာဂါပိ-အရိယာတို့သည်လည်းကောင်း၊ ဥပေါသထာပိ-ဥပုသ်သီလရှိသော သူတို့သည်လည်းကောင်း၊ နဝိန္ဒန္တိ-မမြိုဝဲမသုံးဆောင်ကြရလေကုန်။

[လို။]

http://www.dhammadownload.com

ရှင်း　ဤ၌ ဒေဝ–သဒ္ဒါ မြူးထူးပျော်ပါးကုန်သော–ဟူသော အနက်ကို မဟောသော်လည်း [ဒိဗ္ဗန္တိ တိ–ဒေဝါ]ဟူသော ဝိဂြိဟ်ဝစနတ်ဖြင့် ဟောစေသည်၊ ဟိမဝန္တ–သဒ္ဒါ ပြာသာဒ်ကို မဟောသော်လည်း [ဟိမံ အဿ အတ္ထီတိ–ဟိမဝါ–ဟု ဝိဂြိဟ်လုပ်၍ ဆီးနှင်းရှိသော ပြာသာဒ်ကို ဟောစေသည်၊ ဥပေါသထ–သဒ္ဒါ ဥပုသ်စောင့်သုံးသောသူ–ဟူသောအနက်ကို မဟောပါသော်လည်း " ဥပေါသထော ဧတေသံ အတ္ထီတိ–ဥပေါသထာ]ဟု ဝိဂြိဟ်လုပ်၍ ဥပုသ်စောင့်သုံးသောသူကို ဟောစေသည်။

ဤသို့လျှင် ဆိုခဲ့ပြီးသော ဂါထာသည် လောကသင်္ကေတအားဖြင့် မဟောအပ်သော အနက်ကို ဝိဂြိဟ်ဝစနတ်ပြုလုပ်၍ သဒ္ဒါနည်းအားဖြင့် ကြံဆဟောစေအပ်သော အနက်ရှိသောကြောင့် "ပရသာပဟေဠိ"မည်၏။

ပါဠိတော်ပုံစံ။　။အနန္တေ ဝါသိကမိဒံ ဘိက္ခဝေ ဗြဟ္မစရိယံ ဝုဿတိ အနာစရိယကံ၊ သန္တေ ဝါသိကော ဘိက္ခဝေ ဘိက္ခု သာစရိယကော ဒုက္ခံ နု ဖာသု ဝိဟရတိ၊ အနန္တေ ဝါသိကော ဘိက္ခဝေ ဘိက္ခု အနာစရိယကော သုခံ ဖာသု ဝိဟရတိ။ [သဒ္ဒါယတနသံယုတ်။]

ဘိက္ခဝေ–ဘိက္ခုတို့ !၊ အနန္တေ ဝါသိကံ–တပည့်နှင့်အတူတကွ မဖြစ်သော၊ အနာစရိယကံ–ဆရာနှင့်အတူတကွ မဖြစ်သော၊ ဣမံဗြဟ္မစရိယကံ–ဤမြတ်သောအကျင့်ကို၊ ဝုဿတိ–သုံးအပ်, ကျင့်အပ်၏၊ ဘိက္ခဝေ–ဘိက္ခုတို့ !၊ သန္တေ ဝါသိကော–တပည့်နှင့်တကွဖြစ်သော၊ သာစရိယကော–ဆရာနှင့်တကွဖြစ်သော၊ ဘိက္ခု–ရဟန်းသည်၊ ဒုက္ခံ–ဆင်းရဲစွာ၊ နဖာသု–ချမ်းသာမရှိသည်ဖြစ်၍၊ ဝါ–ချမ်းသာကင်းလျက်၊ ဝိဟရတိ–နေရ၏၊ ဘိက္ခဝေ–ဘိက္ခုတို့ !၊ အနန္တေ ဝါသိကော–တပည့်နှင့်တကွမဖြစ်သော၊ အနာစရိယကော–ဆရာနှင့်တကွမဖြစ်သော၊ ဘိက္ခု–ရဟန်းသည်၊ သုခံ ဖာသု–အလွန်အမင်းချမ်းသာစွာ၊ ဝိဟရတိ–နေရ၏။ [သဒ္ဒါဟောသော်လည်း အလိုမရှိအပ်သော အနက်။]

ဘိက္ခဝေ–ဘိက္ခုတို့ !၊ အနန္တေ ဝါသိကံ–အတွင်း၌ နေတတ်သော အကုသိုလ်တရားနှင့် အတူတကွ မဖြစ်သော၊ အနာစရိယကံ–အပြင်သို့မသွားတတ်သော အကုသိုလ်တရားနှင့် အတူတကွ မဖြစ်သော၊ ဣဒံဗြဟ္မစရိယံ–ဤမြတ်သောအကျင့်ကို၊ ဝုဿတိ–ကျင့်သုံးအပ်၏၊ ဘိက္ခဝေ–ဘိက္ခုတို့ !၊ သန္တေ ဝါသိကော–အတွင်း၌ နေတတ်သော အကုသိုလ်တရားနှင့်တကွ ဖြစ်သော၊ သာစရိယကော–အပြင်သို့မသွားတတ်သော အကုသိုလ်တရားနှင့် တကွဖြစ်သော၊ ဘိက္ခု–ရဟန်းသည်၊ ဒုက္ခံ–ဆင်းရဲစွာ၊ ဝိဟရတိ–နေရ၏။ နု ဖာသု–မချမ်းသာသည်ဖြစ်၍၊ ဝိဟရတိ–နေရ၏၊ ဘိက္ခဝေ–ဘိက္ခုတို့ !၊ အနန္တေ ဝါသိကော–အတွင်း၌ဖြစ်တတ်သော အကုသိုလ်တရားနှင့်တကွ မဖြစ်တတ်သော၊ အနာစရိယကော–အပြင်သို့ မသွားတတ်သော အကုသိုလ်တရားနှင့်တကွ မဖြစ်သော၊ ဘိက္ခု–ရဟန်းသည်၊ သုခံ ဖာသု–အလွန်ချမ်းသာစွာ၊ ဝိဟရတိ–နေရ၏။ [အလိုရှိအပ်သော အနက်။]

http://www.dhammadownload.com

ရှင်း ဤ၌ အန္တေဝါသိက-သဒ္ဒါ, သာစရိယက-သဒ္ဒါတို့သည် အကုသိုလ်နှင့် အတူတကွဖြစ်တတ်သော အနက်ကို မဟောသော်လည်း [အန္တေ ဝသန္တီတိ-အန္တေဝါသီ၊ အန္တေဝါသီဟိ သဟ ယံ ဝတ္တတီတိ-သန္တေဝါသိကံ၊ ဗဟိ နစရတီတိ-အစရိယံ၊ အစရိယေန သဟ ယံ ဝတ္တတီတိ-သာစရိယကံ။] ဟု ဝိဂြိုဟ်ဆို၍ အကုသိုလ်နှင့် တကွဖြစ်သည်-ဟူသော အနက်ကို ဟောစေ၏၊ ထို့ကြောင့် ဤပါဠိတော်သည် ပရသာပဟေဠီဖြင့် တန်ဆာဆင်၍ ဟောတော်မူအပ်သော ပါဠိကော်ဖြစ်သည်။

(၇) သချ်ာတာပဟေဠိ

တွေဝေသချ်ာ, ရှိရာသချ်ာတ။

ထားရိုးထားစဉ် မထားမူ၍ သူတစ်ပါး တွေဝေအောင် ထားအပ်သော သချ်ာရှိသော ပဟေဠိသည် "သချ်ာတာပဟေဠိ"မည်၏။

ပုံစံ။ ။ ဂိတသဒ္ဒေ သရာ ဒွေ ဒွေ , ဒွေ ဆဇ္ဈညတြ ဆဿရာ၊
ပဉ္စဝဏ္ဏံ ယထာ စက္ခု , ဆဗ္ဗဏ္ဏာ နာသိကာ တထာ။

ဂီတသဒ္ဒေ-သီချင်းသံ၌၊ သရာ-အသံတို့သည်၊ ဒွေ-နှစ်ပါးတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ ဆဇ္ဈာ-ဆဇ္ဈအသံကို၊ အညတြ-ကြဉ်ထား၍၊ ဒွေဒွေ-နှစ်ခုနှစ်ခုသော သီချင်းသံတို့သည်၊ ဆဿရာ-အသံခြောက်ခု ရှိကြကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ စက္ခု-မျက်စိသည်၊ ပဉ္စဝဏ္ဏံယထာ-အဆင်းငါးပါး ရှိသကဲ့သို့၊ တထာ-ထို့အတူ၊ နာသိကာ-နှာခေါင်းသည်၊ ဆဗ္ဗဏ္ဏာ-ခြောက်ပါးသော အဆင်းရှိ၏။ [အလိုမရှိအပ်သောအနက်။]

ဂီတသဒ္ဒေ-ဂီတဟူသော သဒ္ဒါ၌၊ သရာ-သရတို့သည်၊ ဒွေ-(ဤ-အ)နှစ်လုံးတို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏။ ဆဇ္ဈာ-ဆဇ္ဈကို၊ အညတြ-ကြဉ်ထား၍၊ ဒွေဒွေ-တစ်စုံတစ်စုံသော၊ (ဥဘယ-ဂန္ဓာရ, မဇ္ဈိမ-ပဉ္စမ, ဓေဝတ-နိသာဒ)သဒ္ဒါတို့သည်၊ ဆဿရာ-သရခြောက်လုံးစီရှိကုန်၏၊ စက္ခု-စက္ခုသဒ္ဒါသည်၊ ပဉ္စဝဏ္ဏံယထာ-အက္ခရာငါးလုံး ရှိသကဲ့သို့၊ နာသိကာ-နာသိကာသသဒ္ဒါသည်၊ ဆဗ္ဗဏ္ဏာ-အက္ခရာခြောက်လုံးရှိ၏။ [အလိုရှိအပ်သောအနက်။]

ရှင်း ဤဂါထာ၌ ဆိုအပ်သော သချ်ာတို့သည် ဂီတ-စသောသဒ္ဒါတို့၏ အနီးအပါး၌ တည်နေရသောကြောင့် ပြင်းစွာတွေဝေခြင်းကို ပြုတတ်၏၊ ထို့ကြောင့် ဤဂါထာသည် "သချ်ာတာပဟေဠိ" မည်ရလေသည်။

ပါဠိပုံစံ။ ။တိသဟဿိမဟာသဟဿိလောကဓာတုယော အာလောကဖရဏသမတ္ထော မဟာဗြဟ္မာပိ သူရိယုဂ္ဂမနကာလေ ခဇ္ဇောပနကော ဝိယ အဟောသိ။
[အဋ္ဌသာလိနီ-အဋ္ဌကထာ။]

တိသဟဿိမဟာသဟဿိလောကဓာတုယော-ကုဋေတစ်သိန်းသော စကြဝဠာတို့ကို။ [စ-သည်ပေးလေ။]

http://www.dhammadownload.com

ရှင်း။　။ ၁၀၀၀x၁၀၀၀x၁၀၀၀x၁၀၀၀=၁၀၀၀၀၀၀၀၀၀၀၀၀။

ဤသို့ တစ်ထောင်ကို တစ်ထောင်နှင့် သုံးခါဆင့်မြှောက်သော် "တိသဟဿီ"ဖြစ်၏။ မဟာသဟဿီ–ဟူသော သန်္ဂါသဒ္ဒါသည်ကား ထိုတိသဟဿီ၏ ပရိယာယ်မျှသာ ဖြစ်၏၊ ၄င်းကို တိကဂုံတွဂရအဋ္ဌကထာ၌ ဆို၏။

မြန်ပုံစံ။　။ ဂဠုန်အဋ္ဌမဉ်, ဆဋ္ဌနာဂါ, တွဲယှဉ်ကာနှစ်, ကြွက်မှာပထမ, ဂရုဠပဉ္စမံ, နံ့လေရုံးစု, သာယာနုသည့်, တောပုရွာအရပ်က။ (ဥက္ကံသမာလာ။)

ရှင်း　ဂဠုန်အဋ္ဌမ= သြ၊ ဆဋ္ဌနာဂါ = တ၊ } ၄င်းတို့ကိုပေါင်းသော် "တော"ဖြစ်၏။

ကြွက်မှာပထမ= ပ၊ ဂရုဠပဉ္စမံ = ဥ၊ } ၄င်းတို့ကိုပေါင်းသော် "ပု"ဖြစ်၏။

နှစ်ရပ်ကို ပေါင်းသော် "တောပု"ပင်ဖြစ်သည်။

ဤပုံစံ၌လည်း အဋ္ဌမ, ဆဋ္ဌ–စသော သန်္ဂါသဒ္ဒါတို့သည် ဂဠုန်–စသောသဒ္ဒါတို့၏ အနီးအပါး၌ တည်နေရသောကြောင့် ပြင်းစွာတွေဝေခြင်းကို ဖြစ်စေတတ်၏၊ ထို့ကြောင့် သန်္ဂါတာပဟေဠိ–ဟု ခေါ်ရပေသည်။ [နာမန္တ ရိကာပဟေဠိ–ဟု ဆိုကလည်း အသင့်ပင် ဖြစ်ပါသည်။

(၈) ပကပ္ပိတာပဟေဠိ

ဝါကျတ္ထကို, ထိုမှတစ်ပါး, ခြင်းရာအားဖြင့်, ကြံထားလေဘိ, ပကပ္ပိဆို။

တစ်ခုသောဝါကျ၌ သိလေသနည်းအားဖြင့် ဝါကျအနက်ကို တစ်မျိုးတစ်ဖုံအားဖြင့် (အဓိပ္ပာယ်နှစ်မျိုးထွက်အောင်) ကြံစည်ဆိုထားသော ပဟေဠိသည် "ပကပ္ပိတာပဟေဠိ" မည်၏။

ပုံစံ။　။ ပါတု ဝေါ ဥဒိတော ရာဇာ , သိရိမာ ရတ္တမဏ္ဍလော၊ သကန္တိ ဂဟနက္ခတ္တ–သဃ်ယုတ္တော သုလက္ခဏော။

သိရိမာ–ကျက်သရေရှိသော၊ ရတ္တမဏ္ဍလော–ချစ်ခင်မြတ်နိုးသော တိုင်းသူပြည်သားရှိသော၊ ဝါ–ချစ်ခင်မြတ်နိုးသော အမတ်အပေါင်းရှိထသော၊ သကန္တိ ဂဟနက္ခတ္တသဃ်ယုတ္တော–မိမိ၏အနီး၌ ထူထပ်ပြည့်ကြပ်သော စော်ဘွား(လက်အောက်ခံမင်း)အပေါင်းရှိထသော၊ သုလက္ခဏော–ချီးမွမ်းအပ်သော ယောကျ်ားတို့၏ လက္ခဏာရှိသော၊ ဥဒိတော–ထင်ရှားကျော်စောသော၊ ရာဇာ–ရှင်ဘုရင်သည်၊ ဝေါ–သင်တို့ကို၊ ဝါ–သင်တို့အား၊ ပါတု–စောင့်ရှောက်ပါစေသတည်း။ [မလိုအပ်သောအနက်။]

သိရိမာ–သိရိနတ်သမီးရှိသော၊ ရတ္တမဏ္ဍလော–တက်သစ်စအခါ၌ နီမြန်းသော အဝိုင်းအဝန်းရှိထသော၊ သကန္တိ ဂဟနက္ခတ္တသဃ်ယုတ္တော–မိမိတို့၏ အရောင်နှင့်တကွဖြစ်သော ဂြိုဟ်နက္ခတ်အပေါင်းနှင့်ယှဉ်ထသော၊ သုလက္ခဏော–တင့်တယ်သော ယုန်ရေး

http://www.dhammadownload.com

အမှတ်တံဆိပ်ရှိထသော၊ ဥဒိတော–တက်လာသော၊ ရာဇာ–လမင်းသည်၊ ဝေါ–သင်တို့ကို၊ ဝါ–သင်တို့အား၊ ပါတု–စောင့်ရှောက်ပါစေသတည်း။ [လိုအပ်သောအနက်။]

ရှင်း ဤ၌ တစ်ခုတည်းသောဝါကျကို သိလေသနည်း၏အစွမ်းအားဖြင့် အဓိပ္ပာယ်နှစ်မျိုးရအောင် ကြံဆောင်၍ ဆိုအပ်သောကြောင့် "ပကပ္ပိတာပဟေဋ္ဌိ"မည်၏။

ပါဠိတော်ပုံစံ။ ။ကာလော ဃသတိ ဘူတာနိ , သဗ္ဗာနေဝ သဟတ္တနာ၊
ယော စ ကာလဃသော ဘူတော , သဘူတပစနံ ပစိ။
[ဒုကနိပါတ်။]

ကာလော–သေမင်းသည်၊ အတ္တနာ–မိမိနှင့်၊ သဟေဝ–တကွသာလျှင်၊ သဗ္ဗာနိ–အလုံးစုံကုန်သော၊ သတ္တဝါတို့ကို၊ ဃသတိ–စား၏၊ ယောစဘူတော–အကြင်သတ္တဝါသည်လည်း၊ ကာလဃသော–သေမင်းကိုစား၏၊ သ(သော)–ထိုသတ္တဝါသည်၊ ဘူတပစိနံ–သတ္တဝါတို့ကိုချက်တတ်သော သေမင်းကို၊ ပစိ–ချက်ပြီ။
[ဤကား ပကတိအားဖြင့်ထင်သော မလိုအပ်သောအနက်။]

ကာလော–နံနက်– နေ့–ည, အစရှိသောအချိန်ကာလသည်၊ အတ္တနာသဟ–မိမိနှင့်တကွ၊ ဘူတာနိ–များလှသောင်းပြောင်း, သတ္တဝါအပေါင်းတို့ကို၊ ဃသတိ–စား၏၊ ယောစဘူတော–အကြင်ရဟန္တာသည်ကား၊ ကာလဃသော–နံနက်စသား အချိန်ကာလကို စား၏၊ သ(သော)–ထိုရဟန္တာသည်၊ ဘူတပစိနံ–သတ္တဝါတို့ကို ရင့်ကျက်စေတတ်သောတဏှာကို၊ ပစိ–ရင့်ကျက်စေလေပြီ။ [ဤကား အလိုရှိအပ်သောအနက်တည်း။]

ရှင်း ဤ၌ "ဃသတိ"သဒ္ဒါကိုထောက်၍ ကာလ–သဒ္ဒါသည် သေမင်း–ဟူသောအနက်၌ထင်၏၊ အခါ–ဟူသောအနက်၌ မထင်၊ ထိုသို့မထင်စေခြင်းငှာ ကြံစည်၍ ဆိုအပ်သောကြောင့် "ပကပ္ပိတာပဟေဋ္ဌိ"မည်၏။

[သတ္တဝါတို့၏အသက်ကို ကုန်ခန်းစေခြင်းသည်ပင်လျှင် သတ္တဝါတို့ကို စားသည်မည်၏၊ တစ်နေ့ထက်တစ်နေ့ နိဗ္ဗာန်ရောက်ရန် နီးကပ်သောကြောင့် ရဟန္တာက ကာလကို စားသည်မည်၏။]

မြန်ပုံစံ။ ။လူ့လောကီဘောင်, အိမ်ရာထောင်နှင့်, စွန့်ရောင်ခွာဆန်း, ဝတ်သင်္ကန်းဖြင့်, ရဟန်းမည်ကာ, ပြုကြလာ၍, ဣ ဈာပကတ, ပါပဝိတက်, လိုရမ္မက်ကို, နှစ်သက်အမြဲ, ခွာမရဲ့ဘဲ, ကိုယ်ထဲးမကင်း, တည်စေခြင်းဖြင့်, အဖျင်းလေဘင်, ထိုလူရှင်ကား, သသံရာကာလ, ဘဝဝက, လက်ချလုံးလုံး, စစ်ကြီးရှုံး၍, ပျက်ဆုံးဤကိုယ်, ငြင်တငြိုဖြင့်, အိုအိုသေသေ, သန္ဓေမပြီး, ထိပ်ထက်စီးလျက်, ဘေးကြီးနှိပ်စက်, ဆင်းရဲနက်၏၊ ဖြစ်ပျက်နှင်နှင်, စစ်မြေပြင်ဝယ်, သေရှင်လတ်လတ်, တဖျတ်ဖျတ်နှင့်, ပိုင်းဖြတ်ခုတ်ထစ်, ထိုးပစ်ကျက်ညဉ့်, မပြတ်ခံသို့, တရံမစဲး, အော်လဲးလဲးဖြင့်, သေပွဲးခံလျက်, အမြဲးပျက်၏။ (မဃ–၄၃၄။)
[ဤ၌ ပကပ္ပိတာပဟေဋ္ဌိ ဖြစ်ထိုက်သောပုဒ်ကို ရှာဖွေစိစစ်ထုတ်ယူပါ။]

http://www.dhammadownload.com

မေး။ ။ကရင်က ငါထောင်, ဗမာက ငါးသိမ်း၊ ပေါင်း လူဘယ်နှစ်ယောက်ရှိသနည်း ?။

ဖြေ။ ။ ငါးသိန်း-ငါးထောင်မဟုတ်၊ "နှစ်ယောက်သာ"ဟူ၏။

(၉) နာမန္တ ရိကာပဟေဠိ

မည်ကို ထူးပြား, ကြံထားလေပြန်, နာမန္တ ရိ။

အမည်ကို အထူးအပြား ကြံစည်ခြင်းရှိသော ပဟေဠိသည် "နာမန္တ ရိကာပဟေဠိ" မည်၏။ [နာမေ အန္တ ရိကာ-နာမန္တ ရိကာ-အရ အမည်ကိုဝှက်သောပဟေဠိ-ဟု ဆိုလို ပေသည်၊ နာမန္တ ရိတာလည်းခေါ်၏။]

ပုံစံ။ ။ ဝုစ္စတာဒေါ ဣသိတျေကော , သုမဟန္တော ပကာရဝါ၊
သနာတနောစ နဣသိ , နသခါ နသနာတနော။

ဧကော-တစ်ယောက်သောသူကို၊ အာဒေါ-အစပထမ ရှေးကာလ၌၊ ဣသီတိ-ရသေ့ ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ သုမဟန္တော-အလွန်လည်းကြီး၏၊ ပကာရဝါ-အပြားလည်း ရှိ၏၊ ဝါ-အတူလည်းရှိ၏၊ သနာတနောစ-မြဲလည်းမြဲ၏၊ နဣသိ-ရသေ့လည်းမဟုတ်၊ နသခါ-မိတ်ဆွေလည်းမဟုတ်၊ နသနာတနော-ထင်ရှားလည်းမရှိ။ [မလိုအပ်သော အနက်။]

သုမဟာ-အလွန်ကြီးသော၊ ယောဧကော-အကြင်တစ်ခုသောအရာကို၊ အာဒေါ-အမည်၏အစ၌၊ ဣသီတိ-ဣသိဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ အန္တော-အကြားဟုဆိုအပ်သော အလယ်၌၊ ပ-ကာရဝါ-"ပ"အက္ခရာရှိ၏ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ သ(သော)-ထိုအရာ သည်၊ အတနောစ-"တ-နဣ"အက္ခရာမှကင်းသည်လည်း၊ နဟောတိ-မဟုတ်၊ နဣသိ-ရသေ့လည်းမဟုတ်ပေ၊ နသခါ-မိတ်ဆွေလည်းမဟုတ်ပေ၊ နသနာတနော-အခါခပ် သိမ်းလည်း ထင်ရှားမရှိနိုင်ပေ။ [လိုအပ်သောအနက်။]

ရှင်း ဤ၌ "ဣသိ-ပ-တ-နဣ"ဟူသော အမည်ကို အထူးထူးအပြားပြား ကြံစည်ထား သောကြောင့် (ဝါ) ဣသိပတန-ဟူသော အမည်ကို ဝှက်ထားသောကြောင့် "နာမန္တ ရိကာပဟေဠိ"မည်၏။

[ဤပုဟေဠိမျိုးကို ပါဠိတော်, အဋ္ဌကထာတို့၌ အသုံးနည်း၏၊ ပုံစံထုတ်လိုက ဆိုလတ္တံ့သော ကောဏ္ဍညထေရဂါထာကို ထုတ်လေ။]

ပါဠိတော်ပုံစံ။ ။ ဒုမဝှယာယ ဥပ္ပန္နော , ဇာတော ပဏ္ဍရကေတုနာ၊
ကေတုဟာ ကေတုနာ ယေဝ , မဟာကေတုံ ပဓံသတိ။

ဒုမဝှယာယ-ဒုမအမည်ရှိသော မင်းနေပြည်၌၊ [မလိုအပ်သောအနက်၊] ဝါ-ကောသမ္ဘီမြို့၌။ [လိုအပ်သောအနက်။]

ဥပ္ပန္နော-မွေးဖွားသော၊ ပဏ္ဍရကေတုနာ-ဖြူစင်သောမှန်ကင်းကြောင့်၊ [မလို၊] ဝါ-ဖြူစင်သောပညာရှိသော မြတ်စွာဘုရားကြောင့်။ [လို။]

http://www.dhammadownload.com

ဇာတော–မွေးဖွားသော။ [မလို၊] ဝါ–ရဟန်းဖြစ်သော၊ [လို။]

ကေတုဟာ–မှန်ကင်းကိုပယ်တတ်သောသူသည်။ [မလို၊] ဝါ–မာနကို ပယ်တတ်သော ကောဏ္ဍညမထေရ်သည်။ [လို။]

ကေတုနာ–မှန်ကင်းဖြင့်၊ [မလို၊] ဝါ–ပညာဖြင့်။ [လို။]

မဟာကေတုံ–ကြီးစွာသော မှန်ကင်းကို၊ [မလို၊] ဝါ–ကိလေသာကို၊ [လို၊] ပဓံသတိ–ဖျက်ဆီး၏။

ရှင်း ဤ၌ "ဒုမဂ္ဃာ"ဖြင့် ကောမ္ဘီမြို့–ဟူသော အမည်ကို ဝှက်သောကြောင့် "နာမန္တ ရိကာပဟေဋ္ဌိ"မည်၏။

မြန်ပုံစံ။ ။ပေးပိမ့်ဖြေလော့, လေးထွေဗေဒင်, သသံကရိုက်, ပိုဒ်၏ဖွင့်နည်း, သရဗျည်းနှင့်, သိမ်းဆည်းအနက်, ဂါထာမြွက်သား, ဇကဋ္ဌ, ကောသကျမ်းလာ, အဝဂ္ဂါတွင်, ဥစ္စာဝါစက, တတ်စွမ်းလှ၍, အတ္တပြိ့ပြိ့, ဟောဖွင့်ချဲ့သည် . . . . ဘက်မဲ့အဘယ်သဒ္ဒါနည်း။ ["ရာ"ဟုဖြေ။]

လောဘ–ဒေါသ, မောဟ–ကခ်ါ, မိစ္ဆာဒိဋ္ဌိ, အဟိရိက, နောတ္တပ္ပနှင့်, ထိန–မာန, ဥဒ္ဓစ္စ–ဟု, ဒသကိလေ, လေးကြိမ်ချွေသား, လေးထွေမဂ္ဂ, လေးဖိုလ်ရသား, သံဃရတနာ, အရိယာ–ဟု, မြတ်စွာဘုရား, သမိုက်ထားသည် . . . . အပြားတည်မျှသချ်ာနည်း။ ["အဋ္ဌ"ဟု ဖြေ။]

ချောမြေ့ပြင်ပ, လုံးရပ်လှသား, ရက္ခမည်သာ, သစ်ပမာသို့, ပညာရှိယောင်, လွှားထောင်ပေါ်ကြော့, ထဲသော့သော့နှင့်, စိတ်ပေါ့ပေါင်းဖြစ်, အိုအောင်ချစ်လည်း, အနှစ်မရ, ပင်ပန်းကြဲ့၊ မြန်မာ့အမှု, မှတ်တခုဖြင့်, ဖေဂ္ဂုပြန်ဘက်, ပြက်ပြက်သီလွယ်, ဝေါဟာသွယ်သည် . . . . အဘယ်ပါဋ္ဌိဘာသာနည်း။ ["သာရ"ဟုဖြေ။]

ရှင်း သုံးရပ်ကိုပေါင်းသော် "ရာ–အဋ္ဌ–သာရ"ဟု ဖြစ်၏၊ ထိုတွင် နောက် "အ"ကြောင့် ရှေ့ (ရ)အစိတ် "အာ"ကိုချေ၍ သန္ဓိစပ်က "ရဋ္ဌသာရ"ဟု အဖြေထွက်၏၊ ဤသို့ ရဋ္ဌသာရ–ဟူသော အမည်ကိုဝှက်သောကြောင့် "နာမန္တ ရိကာပဟေဋ္ဌိ"မည်၏။

(၁၀) နိဘူတာပဟေဋ္ဌိ

ထင်မည့်နက်ကို, တားဆီးရာ, နိဘူတာယူ။

အထင်လွဲမည့်အနက် (မလိုအပ်သောအနက်)ကို မယူရအောင် မြစ်တားသဖြင့် ဝှက်သောပဟေဋ္ဌိသည် "နိဘူတာပဟေဋ္ဌိ"မည်၏။

ထို့ကြောင့်ပင် မဃဒေဝဆရာသည်လည်း နယဒဿနနိဂုံး၌ "အနက်သဒ္ဒါ, တူလွှာဖြင့်, မလိုရာနက်, ပယ်လျက်ပြကာ, နိဘူတာသမိုက်"ဟု မိန့်ဆိုခဲ့ပေသည်။

ပုံစံ။ ။ ဓာဝန္တံ ဥဒယာ အတ္ထံ , မုဟုတ္တံ နာ နိဝတ္တတိ၊
နာ စန္ဒမဏ္ဍလံ ဇတံ , နာပိ အာဒိစ္စမဏ္ဍလံ။

http://www.dhammadownload.com

ဥဒယာ–ထွက်သည်မှစ၍၊ (ယာဝ)အတ္ထံ–ဝင်သည်တိုင်အောင်၊ ဓာဝန်္တံ –ပြေးသွားသောအရာဝတ္ထုသည်၊ မုဟုတ္တံ–တစ်မုဟုတ် တစ်ခဏမျှ၊ နနိဝတ္တတိ–နောက်သို့မဆုတ်၊ ဧတံ–ထိုဝတ္ထုသည်၊ နစန္ဒနမဏ္ဍလံ–လဝန်းလည်းမဟုတ်၊ နာပိအာဒိစ္စမဏ္ဍလံ–နေဝန်းလည်း မဟုတ်။ [မလိုအပ်သောအနက်။]

ဥဒယာ–ပဋိသန္ဓေစိတ်ဖြစ်သည်မှစ၍၊ (ယာဝ)အတ္ထံ–စုတိတိုင်အောင် ဓာဝန်္တံ–ပြေးသွားနေသော အသက်ဇီဝိတိန္ဒြေသည်၊ မုဟုတ္တံ–တစ်မုဟုတ်တစ်ခဏမျှ၊ နနိဝတ္တတိ–နောက်သို့မပြန်၊ ဧတံ–ဤအသက်ဇီဝိတိန္ဒြေသည်၊ နစန္ဒနမဏ္ဍလံ–လဝန်းလည်းမဟုတ်၊ နာပိအာဒိစ္စမဏ္ဍလံ–နေဝန်လည်းမဟုတ်။ [လိုအပ်သောအနက်။]

ရှင်း ဤ၌ အထင်လွဲမည့် (မလိုအပ်သော) လ–နေ–စသော အနက်ကို မယူရအောင် မြစ်တား၍ အလိုရှိအပ်သော အသက်ဇီဝိတိန္ဒြေကို ဝှက်ထား၏၊ ထို့ကြောင့် "နိဘူတာပဟေလီ"မည်လေသည်။

ပါဠိတော်ပုံစံ။　။ဥပေတိ ကမ္မံ ပရိပုစ္ဆမာနော , ကုသလံ အတ္ထူပသဉ္ဇိတံ။
နဇီဝတိ နမတော နပရိနိဗ္ဗုတော , ကတမံ တံ ဝဒန္တိ ဗုဒ္ဓါ။

ယော–အကြင်ပုဂ္ဂိုလ်သည်၊ ကုသလံ–အပြစ်မရှိသော၊ အတ္ထူပသဉ္ဇိတံ–အကျိုးနှင့်စပ်သော၊ ကမ္မံ–ပုစ္ဆာကို၊ ပရိပုစ္ဆမာနော–မေးလျက်၊ ဥပေတိ–ကပ်ရောက်၏၊ နဇီဝတိ–အသက်ရှိသောသူလည်းမဟုတ်၊ နမတော–သေသောသူလည်းမဟုတ်၊ နပရိနိဗ္ဗုတော–ပရိနိဗ္ဗာန်စံသောသူလည်းမဟုတ်၊ တံ–ထိုပုဂ္ဂိုလ်ကို၊ ကတမံ–အဘယ်ပုဂ္ဂိုလ်ဟူ၍၊ ဗုဒ္ဓါ–ဘုရားရှင်တို့သည်၊ ဝဒန္တိ –မိန့်ဆိုတော်မူကြကုန်သနည်း။

ရှင်း ပုစ္ဆာမေးသည်–ဟု ဆိုသဖြင့် သက်ရှိပုဂ္ဂိုလ်နှင့်တူ၏၊ ထို့ကြောင့် "နဇီဝတိ"ဟု တားမြစ်၏၊ အသက်ရှိသောသူမဟုတ်–ဟု ဆိုပြန်သဖြင့် သေသောသူ, ပရိနိဗ္ဗာန်ပြုသောသူနှင့် တူပြန်၏၊ ထို့ကြောင့် နမတော နပရိနိဗ္ဗုတော–ဟု တားမြစ်၏၊ ထို့ကြောင့် "နိမ္မိတဘုရား"ဟု အဖြေထွက်၏။

ဤသို့လျှင် အထင်လွဲမည့် အသက်ရှိသူ, သေသူ, ပရိနိဗ္ဗာန်စံသူ–ဟူသောအနက်တို့ကို မယူရအောင် တားမြစ်၍ အလိုရှိအပ်သော "နိမ္မိတဘုရား"ကို ဝှက်ထားသောကြောင့် "နိဘူတာပဟေဠိ"မည်၏။

မြန်ပုံစံ။　။ သိလောတတန်, ဇာတိ ဉာဏ်ဖြင့်, ပဋိဘာန်ထက်မြက်, ဝေပူမျက်နှင့်, စက်ဝဠဖိန်, နတ်ပစ်စိန်သို့, ကဝိန္ဒာဘိ, ချိန်ရာထိလျက်, ဉာဏ်သိဒ္ဓိကြီး, ပွင့်နည်းပန်ဆု, ဤကျမ်းပြုသား, ဂရုဇာနည်, မဟာထေရ်ကား, ရောင်ခြည်ထောင်ပွင့်, ယုဂန်မြင့်က, နေနှင့်ဘက်ဆိုင်, အပျံပြိုင်၍, အောင်နိုင်ပွဲရ, ဟံသိန္ဒနှင့်, ဂုဏာနာမ်ချင်း, တူမယွင်းတည့်၊ ထိုဟသ်ာမျိုး, နွယ်ရိုးမမှိ, ရုဋ္ဌိမလွှား, တင်စားမမူ, နာမ်ချင်း တူမျှ, မဟူစွဘူး၊ သုတများစွာ, ပဒေသာသို့, မဟာထေရ, မြောက်ထ တုံလျင်း, ရပ်မကြွင်းအောင်, သတင်းထုတ်ချောက်, လေ့နယ်

http://www.dhammadownload.com

ပေါက်၍, ထက်အောက်နှံ့သိ, တသိဒ္ဓိကြီး, သြဘာပြီးလျက်, မြစ်နီးညာကြေ, သောင်ကမ်းခြေနှင့်, ပွတ်ကျပွတ်ခုံ, ခေါ်တုံတရုပ်, ထန်းရွက်ယပ်နှိုက်, လိုအပ်မချွတ်, တူးပွတ်ခတ်ထွေ, ရေမီးလေကို, ရှာဘွေလိုခါ, မရရာဟု, ကြံ့ဖာကြံခွင့်, မယိုသင့်သို့, ထိုနှင့်တူစွာ, ပညာဝိစိတ်, တိဟိတ်ဉာဏ, ပဏ္ဍိတတို့, ကာဝိယဂိဏ်း, ဉာဏ်ကရိဏ်းဖြင့်, ကြံသိုင်းတကာ, ခံတွင်းမှာလည်း, သာယာချိုဆိမ့်, နှစ်သိမ့်ဖွယ်မျိုး, အကျိုးယိုထွန်, စကားမွန်ကို, တတ်ပွန်မသိ, မယိုစတောင်း, မဆိုကောင်းဟု, ကျမ်းဟောင်းမိန့်မြွက်, နီတိထွက်တိုင်း, မယွက်မှန်လှ, ချက်တိုင်းရလျက်, သုတဗုဒ္ဓိ, ကဝိလက္ခဏာ, မြောက်ပြီးစွာသည်....
ကြေညာပွဲးတိုင်းကျော်သတည်း။ (မဃ-၆၀၀။)

ရှင်း မလိုအပ်သောအနက်ကို မယူရအောင် မြစ်သဖြင့် ဝှက်ရကား "နိဘူတာပဟေဠိ" မည်၏။

(၁၁) သမာနသဒ္ဒါပဟေဠိ

နက်တူပရိယာယ, ဝှက်ဆိုကမူ, သမာနသဒ္ဒါ။

မိမိအလိုရှိအပ်သော သဒ္ဒါ၏အနက်နှင့် တူသောအနက်ရှိသော ပရိယာယ်သဒ္ဒါတစ်ခုဖြင့် ဝှက်ဆိုအပ်သော ပဟေဠိသည် "သမာနသဒ္ဒါပဟေဠိ"မည်၏။

ပုံစံ။ ။ဒေဝံ ကိတ္တိမဟီနာမံ , ကဠာရတ္ထဝှယံ ပုရံ၊
ဟိတွာ နံ သရိ သော ဓိရော , ကရောန္တော မုတ္တမဝှယံ။

ကိတ္တိမဟီနာမံ-ယသောဓရာအမည်ရှိသော၊ ဒေဝံ-မိဖုရားကြီးကိုလည်းကောင်း၊ ကဠာရတ္ထဝှယံ-ကပိလဝတ္ထုမည်သော၊ ပုရံ-နေပြည်တော်ကိုလည်းကောင်း၊ သောဓိရော-ထိုဘုရားလောင်းမြတ်, သိဒ္ဓတ်တွင်ဘိ, ပညာရှိသည်၊ ဟိတွာ-စွန့်ပစ်ပြီး၍၊ ဥတ္တမဝှယံ-ပဓာနမည်လတ် ဒုက္ကရစရိယာ အကျင့်မြတ်ကို၊ ကရောန္တော-ပြုကျင့်တော်မူသော်လည်း၊ နသရိ-အောက်မေ့တော်မမူပေ။

ရှင်း "ယသော-ကို ကိတ္တိ, ဓရာ-ကို မဟီ, ကပိလ-ကို ကဠာရ, ဝတ္ထု-ကို အတ္ထ, ပဓာန-ကို ဥတ္တမ"ဟူသော မိမိအလိုရှိအပ်သော သဒ္ဒါ၏အနက်နှင့် တူသောအနက်ရှိသော ပရိယာယ်သဒ္ဒါတို့ဖြင့် ဝှက်ဆိုအပ်သောကြောင့် "သမာနသဒ္ဒါပဟေဠိ"မည်၏။

ပါဠိတော်ပုစံ။ ။(က) ဇလဇုတ္တရနာမကော၊ [ဗုဒ္ဓဝင်။]
(ခ) ပပ္ပနာမကော ဗဟုသုတော၊ [ပရိဝါ။]

(က) ဇလဇုတ္တရနာမကော-ပဒုမုတ္တရအမည်ရှိတော်မူသော မြတ်စွာဘုရား။
(ခ) ဗဟုသုတော-များစွာကြားနာအပ်ပြီးသော ပရိယတ်ရှိသော၊ ဝါ-အကြားအမြင်များသော၊ ပပ္ပနာမကော-သုမနမည်သော မထေရ်။

http://www.dhammadownload.com

ရှင်း ဤ၌ "ပဒုမ-ကို ဇလဇ, သုမန-ကို ပုပ္ပ"ဟူသော ပရိယာယ်သဒ္ဒါတို့ဖြင့် လဲလှယ်သည်။ [ဤပဟေဠီမျိုးသည် သုခုမာလတာအလင်္ကာဂုဏ်ရောက်သော သဒ္ဒါလင်္ကာရမျိုး ဖြစ်သည်။]

မြန်ပုံစံ။ ။**မေး=** ငါးနှင့်ခြောက်ပေါင်း ဘာဖြစ်သနည်း ?။
ဖြေ= ဆယ့်တစ်မဟုတ်၊ ငါးခြောက်ကို ဆိုလိုသည်။

(၁၂) သမ္မုဋ္ဌာပဟေဠီ

ကောင်းစွာညွှန်ပြ, နက်ရှိထလည်း, စိတ်ကမှတ်မှား, ထွေပြားရှိရာ, သမ္မုဋ္ဌာတည့်။

ဟုတ်မှန်သည့်အတိုင်း ညွှန်ပြပြောဆိုအပ်သော အနက်ရှိပါသော်လည်း စိတ်က အထင်မှား၍ တွေဝေဖွယ်ရှိသော ပဟေဠီမျိုးသည် "သမ္မုဋ္ဌာပဟေဠီ"မည်၏။

ပုံစံ။ ။စတုဒ္ဒိသာမုခါ ဗန္ဓာ , စတ္တာရော သိန္ဓဝါ သယံ၊
ပရိဘုဥ္ဇန္တိ နိက္ခိတ္တံ , တိဏံ မဇ္ဈေ ယထာ သုခံ။

စတုဒ္ဒိသာမုခါ-အရပ်လေးမျက်နှာသို့ မျက်နှာမူစေအပ်ကုန်လျက်၊ ဗန္ဓာ-ချည်ထားအပ်ကုန်သော၊ စတ္တာရောသိန္ဓဝါ-မြင်းလေးကောင်တို့သည်၊ မဇ္ဈေ-အလယ်၌၊ နိက္ခိတ္တံ-ချထားအပ်သော၊ တိဏံ-မြက်ကို၊ သယံ-မိမိတို့ကိုယ်တိုင်၊ ယထာသုခံ-ချမ်းသာသည်အားလျော်စွာ၊ ပရိဘုဥ္ဇန္တိ-စားကြလေကုန်၏။

ရပ်လေးခွင်မျက်နှာပြု-မြင်းလေးခုသိန္ဓဝါ၊
ခေါင်းနောက်ပြန် ဘယ်မလှည့်အောင်၊ ဖွဲ့ချည်ကြည့်ပါ။
အလည်မှာ ထားပါကွဲ့မြက်စည်း၊
သိန္ဓဝါ-ထိုမြင်းကိုယူငင်ကာဖြင့်-လွယ်ကူစွာဘယ့်နှယ်ဝါးလို့ရယ်၊ စားရမည်နည်း။
ဤသို့လည်း မြန်မာလို ဝှက်နိုင်သည်။

ရှင်း ဤ၌ တိုက်ရိုက်ပြောဆိုအပ်သော အနက်ပါရှိသော်လည်း အရပ်လေးမျက်နှာတို့သို့ မျက်နှာမူစေကုန်လျက် ချည်ထားအပ်ကုန်သည် ဆိုသဖြင့် "အမြီးချင်းဆိုင်၍ ချည်ထားအပ်ကုန်သလော"ဟု စိတ်အထင်မှား၍ တွေဝေဖွယ် ရှိသောကြောင့် "သမ္မုဋ္ဌာ ပဟေဠီ"မည်၏။

ပါဠိတော်ပုံစံ။ ။မဇ္ဈေ ယထာ သမုဒ္ဒဿ , ဦမိ နော ဇာယတိ ဌိတော ဟောတိ၊
ဧဝံ ဌိတော အနေဇဿ , ဥဿဒံ ဘိက္ခု နကရေယျ ကုဟိဋ္ဌိ။

သမုဒ္ဒဿ-သမုဒ္ဒရာ၏၊ မဇ္ဈေ-အလယ်၌၊ ဦမိ-လှိုင်းသည်၊ နောဇာယတိ-မဖြစ်၊ ဌိတော-တည်တံ့သည်၊ ဟောတိယထာ-ဖြစ်သကဲ့သို့၊ ဧဝံ-ဤနည်းအတူ၊ ဌိတော-တည်သော၊ ဘိက္ခု-ရဟန်းသည်၊ အနေဇော-တုန်လှုပ်ခြင်းမရှိသည်၊ အဿ-ဖြစ်ရာ၏၊ ကုဟိဋ္ဌိ-တစ်စုံတစ်ခုသောအရပ်၌၊ ဥဿဒံ-ကိလေသာစသား ခုနစ်ပါးသောတရားကို၊ နကရေယျ-မပြုရာ။

http://www.dhammadownload.com

ရှင်း သမုဒ္ဒရာအလယ် လှိုင်းမရှိ-ဆိုသဖြင့် သမုဒ္ဒရာ၏ ရေမျက်နှာပြင် အလယ်၌ လှိုင်းမရှိ-ဟု မှတ်ထင်ဖွယ်ရှိ၏၊ စင်စစ်အားဖြင့် ထိုသို့ မမှတ်သင့်ပေ၊ သမုဒ္ဒရာသည် ယူဇနာရှစ်သောင်း, လေးထောင်နက်၏၊ ထိုတွင် အောက်ယူဇနာလေးသောင်း အရပ်၌ ငါး-စသောသတ္တဝါတို့ကြောင့် တုန်လှုပ်၏၊ အထက်ယူဇနာလေးသောင်း၌ လေကြောင့် တုန်လှုပ်၏၊ အလယ်ယူဇနာလေးထောင်၌ကား မလှုပ်မယှက် ငြိမ်သက်စွာ တည်နေ၏၊ ဤသို့သာ မှတ်သင့်၏၊ သည်ကိုရည်၍-

မဃဒေဝဆရာသည်-

သမုဒ်ကျယ်နက်, ပင်လယ်စက်တွင်, အထက်လေးသောင်း, အောက်လေးသောင်းတို့, ထောင်းထောင်းချောက်ချား, လေနှင့်ငါးကြောင့်, လှုပ်ရှားမပြတ်, မတည်တတ်တည့်၊ လေလွတ်ငါးရှင်း, တုန်လှုပ်ကင်းသည့်, လယ်တွင်းမဇ္ဈေ, လေးထောင်ရေနှင့်, ခုနစ်ခွေရစ်, သီတာမြစ်ကား, စင်စစ်ငြိမ်သက်, မလှုပ်လက် ···· စသည်ဖြင့် မိန့်ဆိုခဲ့ပေသည်။

သို့ရာတွင် ဤ၌ မဇ္ဈေ သမုဒ္ဒသ-ဟု တိုက်ရိုက် ဆိုပါသော်လည်း ထိုအဓိပ္ပာယ်မျိုးကို မသိနိုင်ဘဲ စိတ်အထင်မှား၍ တွေဝေဖွယ်ရှိ၏၊ ထို့ကြောင့် ဤပါဠိတော်သည် "သမ္မုဋ္ဌာပဟေဠီ"နှင့် ပြည့်စုံသော ပါဠိတော်ဖြစ်၏။

မြန်ပုံစံ။ ။**မေး=** "ထိ"ဆို မထိ, "မထိနှင့်"ဆို, တွေ့ထိလို, သူ့ကိုဖော်ပြပါ ?။
ဖြေ= "ထိ"ဆို မထိ, "မထိနှင့်" ဆို, တွေ့ထိလို, သူ့ကို-နှုတ်ခမ်းမှတ်ပါလေ။ [နော။]

ရှင်း "ထိ"ဟုဆိုလျှင် (ဒန္တဌာန်ဖြစ်၍) နှုတ်ခမ်းချင်း မထိချေ၊ "မထိနှင့်"ဟုဆိုလျှင် (ဩဋ္ဌဌာန်ဖြစ်၍) နှုတ်ခမ်းချင်း ထိသည်၊ လက်တွေ့ဆိုကြည့်ပါလေ။

ဤပုံစံသည်လည်း တိုက်ရိုက်ပင် ဆိုထားစေကာမူ စိတ်က အထင်မှားဖွယ်ရှိသောကြောင့် "သမ္မုဋ္ဌာပဟေဠီ"မည်၏။

(၁၃) ပါရိဟာရိကာပဟေဠီ

များစွာစပ်ရှိ, ပါရိဟာရိကာ, မည်ပါမြဲမှတ်။

ဆိုလိုသောအနက်ကို ရုတ်တရက် မသိနိုင်လောက်အောင် ပုဒ်စပ်များစွာဖြင့်ဆိုအပ်သော (များစွာသော သမ္မန်ရှိသော)ပဟေဠီသည် "ပါရိဟာရိကာပဟေဠီ"မည်၏။

"များစွာစဉ်လျက်, သမ္မန်နက်ဖြင့်, ဆက်၍့တည်ယှိ, ပရိဟာရိဏီ" (မဃ-၈၂၁။)

ပုံစံ။ ။ဇနော ဇီဝနဇာနန္ဒ-ကရဗန္ဓုသ ဘာသိတံ၊
သက္ကရောန္တောဝ ပပ္ပောတိ , ပုညာရိက္ခယဂေါစရေ။

ဇီဝနဇာနန္ဒကရဗန္ဓုသ-ရေကြောင့်ဖြစ်သော ပဒုမာကြာတို့၏ နှစ်သက်ခြင်းကို ပြုတတ်သော နေမင်း၏အဆွေဖြစ်တော်မူသော မြတ်စွာဘုရားသခင်၏၊ ဘာသိတံ-

http://www.dhammadownload.com

ဟောကြားမြွက်ဖော်, တရားစကားတော်ကို၊ သက္ကရောန္တောဇနောဝ–လေးမြတ်ကော်ရော်ပူဇော်ခါခါ ပြုလုပ်သော သတ္တဝါသည်သာလျှင်၊ ပုညာရိက္ခယဂေါစရေ–ကုသိုလ်၏ ရန်သူဖြစ်သော အကုသိုလ်တို့၏ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်လျှင်အာရုံရှိသော မဂ်ဖိုလ်တို့သို့၊ ပပ္ပောတိ–မှန်းတိုင်းမသွေ, ရောက်နိုင်လေ၏။

ရှင်း ဤ၌ ဆိုလိုသော ဘုရား–ဟူသော အနက်, မဂ်ဖိုလ်–ဟူသော အနက်တို့ကို ရုတ်တရက် မသိနိုင်အောင် "ဇီဝနဇာနန္ဒကရဗန္ဓု, ပုညာရိက္ခယဂေါစရ"ဟု အဆင့်ဆင့်စပ်သဖြင့် ဆိုအပ်၏၊ ထိုသို့ အစပ်များစွာဖြင့် ဆိုအပ်သောကြောင့် "ပါရိဟာရိကာပဟေဠိ"မည်၏။

[ဤပဟေဠိမျိုးကို အသုံးပြုရန်မသင့်၍ ပါဠိတော်၌ မဟောပေ၊ ထိုကြောင့် ပါဠိတော် ပုံစံကို ထုတ်ဆောင်ဖွယ် မလိုတော့ပြီ။]

မြန်ပုံစံ။ ။အမေ့သမီး, မောင်ကြီးညီစစ်, ကျွန်ုပ်ဖြစ်၏။ (နော။)

ကျွန်ုပ်သည် အမေ၏, သမီး၏, မောင်ကြီး၏, ညီအစစ်အမှန် ဖြစ်၏–ဟု အစပ်များစွာဖြင့် ဆိုအပ်သောကြောင့် "ပါရိဟာရိကာပဟေဠိ"မည်၏။

(၁၄) ဧကစ္ဆန္နာပဟေဠိ

မှီတတ်ဖော်ထုတ်, မှီရာမြှုပ်လစ်, ဧကစ္ဆန္နာ။

တည်တတ် မှီတတ်သော ဝတ္ထုကိုဖော်ထုတ်၍ တည်ရာမှီရာကိုမြှုပ်ထား(ဝှက်ထား)သော ပဟေဠိသည် "ဧကစ္ဆန္နာပဟေဠိ"မည်၏။

[ယော–နိဿယ၌ ဋီကာအတိုင်းမဟုတ်ဘဲ သမာသ်၏ရှေ့ပုဒ်ကိုသာ ဝှက်သော ပဟေဠိသည် "ဧကစ္ဆန္နာပဟေဠိ"မည်၏–ဟု သုတ်ကို တစ်မျိုးတည်ထား ပြဆို၏၊ ပုံစံကိုလည်း မိမိသုတ်အားလျော်စွာ တစ်မျိုးထုတ်ပြထားသည်၊ မဃဒေဝဆရာလည်း– "သမာသ်ရှေ့ပုဒ်, ပယ်နုတ်ဝှက်လစ်, ဧကစ္ဆန္နာ"ဟု ယော–နိဿယအတူပင် မိန့်ဆိုပေသည်၊ အာဘောဂအားလျော်စွာ အသင့်ပင် ဖြစ်ချေသည်၊ ထိုဆရာတို့၏ အလိုကျ ဧကစ္ဆန္နာပဟေဠိတို့၏ ပုံစံကို သံကိဏ္ဏာပဟေဠိ (နှာ–၄၄၀)၌ မြန်မာပုံစံရှု။]

စင်စစ်မှာမူ– တည်ရာ–တည်တတ်, ရှေ့ပုဒ်နောက်ပုဒ်– မမှတ်မူ၍ နှစ်ပုဒ်ရှိသည့် အနက် တစ်ပုဒ်ကိုဝှက်လျှင် "ဧကစ္ဆန္နာပဟေဠိ"မည်၏–ဟု ယူသင့်၏။

ပုံစံ။ ။နဂဏ္ဍာတိ မဟန္တမွိ , သဒ္ဒံ နစ ဝိဘူသနံ၊
စတုပ္ပဒဿ ကဿာပိ , ကဏ္ဏောယံ နကိလာဖလော။

ကဿ စတုပ္ပဒဿအပိ–အဘယ်အခြေလေးချောင်းရှိသော သတ္တဝါ၏လည်း၊ ကဏ္ဏော–နားသည်၊ မဟန္တမွိ–ကြီးသည်လည်းဖြစ်သော၊ သဒ္ဒံ–အသံကို၊ နဂဏ္ဍာတိ–မယူနိုင်သနည်း၊ ဝိဘူသနံစ–တန်ဆာကိုလည်း၊ နဂဏ္ဍာတိ–မယူနိုင်သနည်း၊ (တထာပိ–

http://www.dhammadownload.com

ထိုသို့ပင်ဖြစ်သော်လည်း၊) အယံကဏ္ဍော–ဤနားသည်၊ အဖလော–အသီးမရှိသည်၊ န(ဟောတိ)ကိလ–မဖြစ်သတတ်၊ တစ်နည်း= အဖလောနဟောတိ–အသီးသီးသတတ်။

ရှင်း အဖြေကား– "အဿကဏ္ဍ"ဟူသည်တည်း၊ ဤ၌ ကဏ္ဍ–ဟူသည် တည်တတ်သောဝတ္ထုကို ဖော်ထုတ်၍ အဿ–ဟူသောတည်ရာကို မြုပ်ထားသောကြောင့် "ဧကစ္ဆန္နာပဟေဋ္ဌိ"မည်၏။

ပါဠိတော်ပုံစံ။ ။နံ စာပိ ဥတ္တိ နံ စ ကမ္မဝါစာ , နံ စေဟိ ဘိက္ခူတိ ဧနော အဝေါစ၊ သရဏဂမနမ္ပိ နံ စ တဿ အတ္ထိ , ဥပသမ္ပဒါ စဿ အကုပ္ပာ။ ပဉ္စ မေသာ ကုသလေဟိ စိန္တိတာ။ [ပရိဝါ။]

ဥတ်ကမ္မဝါစာလည်းမဖတ်၊ မြတ်စွာဘုရားက ဧဟိဘိက္ခုလည်းမခေါ်၊ သရဏဂုံကိုလည်း မဆို၊ သို့ဖြစ်ပါလျက် ဥပသမ္ပဒံလည်း မပျက်ပေ၊ အဘယ်ရဟန်းဖြစ်ခြင်းမျိုးနည်း။

ရှင်း ဂေါတမီ ဥပသမ္ပဒါ(အဋ္ဌဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ–ဂရုဓမ်ရှစ်ပါးကို ဝန်ခံခြင်းဖြင့် ရဟန်းဖြစ်ခြင်း)တည်း–ဟု ဖြေ။

တည်ရာဖြစ်သော ဂေါတမီကိုဝှက်၍ တည်တတ်သော ဥပသမ္ပဒါကိုသာ ဖော်ခြင်းကြောင့် "ဧကစ္ဆန္နာပဟေဋ္ဌိ"မည်၏။

မြန်ပုံစံ။ ။(က) သူ့အမေက မြေလတ်သူ, သူ့အဖေက မြို့ငတောသား, သူတို့နှစ်ဦးပေါင်းဖော်လို့ ရတဲ့သားက မိုးပေါ်ပျံတက်သွားသတဲ့၊ ဘာလဲ?။ (မေး။)

မြေလတ်ကဖက်နှင့် မြို့ငတောကဆေးရိုးပေါင်းပြီး လိပ်တဲ့ ဆေးလိပ်က မီးခိုးတွေ ကောင်းကင်လွှင့်တက်သွားတာပေါ့။ (ဖြေ။)

ရှင်း တည်ရာဖြစ်သော ဆေးလိပ်ကိုဝှက်ထား၍ တည်တတ်သောမီးခိုးကို ဖော်ခြင်းကြောင့် "ဧကစ္ဆန္နာပဟေဋ္ဌိ"မည်၏။ [အာဘောဂအားလျော်စွာ ဥဘယစ္ဆန္နာပဟေဋ္ဌိ–ဆိုကလည်း သင့်သည်ပင်။]

(ခ) ခပ်သိမ်းကြဲနိုင်, ပြီးစီးတိုင်သား, ကြီးခိုင်ပညာ, ပဒေသာမှ, စကြဝဠာပတ်ကုံး, ဆွတ်ကျုံးမကုန်, သမ္ဘာဟုန်ဖြင့်။ (ကိုးခန်း–၂၄၀။)

ရှင်း စကြဝဠာပတ်ကုံး= စကြဝဠာတစ်ခုလုံး၊ ဤ၌ တည်တတ်သော စကြဝဠာတစ်တိုက်လုံး၌ နေသောသူ–ဟူသော အနက်ကိုဝှက်ထား၍ တည်ရာဖြစ်သော စကြဝဠာတစ်ခုလုံး–ဟူသော အနက်ကိုသာ ဖော်ခြင်းကြောင့် "ဧကစ္ဆန္နာပဟေဋ္ဌိ"ပင်မည်၏။

[ဌာနူပစာ, ဌာနျုပစာ, ဧကဒေသဝေါဟာရနည်းတို့ဖြင့် ဆိုထားသော အရာ–ဟူသမျှကို ဧကစ္ဆန္နာပဟေဋ္ဌိ ယူနိုင်၏။]

http://www.dhammadownload.com

(၁၅) ဥဘယစ္ဆန္နာပဟေဋ္ဌိ

နှစ်ဖြာမြဲပ်က, ဥဘယတည့်။

တည်တတ်, တည်ရာ နှစ်ပါးလုံးကို ဝှက်ခြင်းရှိသော ပဟေဋ္ဌိသည် "ဥဘယစ္ဆန္နာပဟေဋ္ဌိ"မည်၏။

နှစ်ဖြာပုဒ်လုံး, ဝှက်ဖုံးကွယ်ထ, ခြင်းရာမျှဖြင့်, ပြ၍.ဆိုရာ, သညာစင်စစ်, ဥဘယစ်ရှင့်။ (မဃ-၆၂၁။)

ပုံစံ။　။အလင်္ကာရောန္တော ဘုဝနံ , သသီရိကော သဒေဝကံ၊
ကသ္မိ˙ သဏ္ဌာတသံဝဒ္ဓေါ , ကော နု ကေနုပလိမ္ပတိ။

သသီရိကော-ကျက်သရေရှိသော၊ သဒေဝကံ-နတ်နှင့်တကွသော၊ဘုဝနံ-လောကကို၊ အလင်္ကာရောန္တော-တန်ဆာဆင်တတ်သော၊ ကသ္မိ˙-အဘယ်အရပ်၌၊ သဏ္ဌာတသံဝဒ္ဓေါ-မွေးဖွားကြီးပွားသော၊ ကော-အဘယ်သူသည်၊ ကေန-အဘယ်ဝတ္ထုနှင့်၊ နုဥပလိမ္ပတိ-မလိမ်းကျံသနည်း။ [မလိုအပ်သောအနက်၊ ဤအနက်ဖြင့် ဘုရား-ဟု ထင်ဖွယ်ရှိ၏။]

ဘုဝနံ-မိမိ၏ဖြစ်ရာဖြစ်သော၊ ကံ-ရေကို၊ သဒေဝ(သဒါဧဝ)-အခါခပ်သိမ်းသာလျှင်၊ အလင်္ကာရောန္တော-တန်ဆာဆင်တတ်သော၊ သသီရိကော-သိရီနတ်သမီးရှိသော၊ ကသ္မိ˙-ရေ၌၊ သဏ္ဌာတသံဝဒ္ဓေါ-ဖြစ်ထွန်းကြီးပွားသော၊ ကော-အဘယ်အရာသည်၊ ကေန-ရေနှင့်၊ နုဥပလိမ္ပတိ-မလိမ်းကျံပါသနည်း။ [လိုအပ်သောအနက်။]

ရှင်း　အဖြေကား-ပဒုမော-ပဒုမာကြာတည်း၊ ဤသို့ တည်ရာရေကန်, တည်တတ်သောကြာ နှစ်ပါးစုံကို ဝှက်သောကြောင့် "ဥဘယစ္ဆန္နာပဟေဋ္ဌိ"မည်၏။

ပါဠိတော်ပုံစံ။　။တေလံ မဓု ဖာဏိတဉ္စာပိ သပ္ပိ˙ , သာမံ ဂဟေတွာ နိက္ခိပေယျ၊
အဝီတိဝတ္တေ သတ္တာဟေ သတိ , ပစ္စယေ ပရိဘုဉ္ဇန္တေ သေ အာပတ္တိ။
ပဉ္စမေသာ ကုသလေဟိ စိန္တိ တာ။

ဆီ, ပျား, တင်လဲ, ထောပတ်ကို ကိုယ်တိုင်အကပ်ခံ၍ ထားရာ၏၊ ခုနစ်ရက်မလွန်မီ အကြောင်းရှိလျက် စားခဲ့သော် အဘယ်သူအား အာပတ်သင့်သနည်း။

ရှင်း　အဖြေကား-လိင်္ဂံပရိဝတ္တနဘိက္ခု-လိင်ပြန်သောရဟန်းတည်း။ ဤ၌ လိင်္ဂံပရိဝတ္တန-ဟူသောပုဒ်, ဘိက္ခု-ဟူသောပုဒ် နှစ်ခုလုံးကို ဝှက်သောကြောင့် "ဥဘယစ္ဆန္နာပဟေဋ္ဌိ"မည်၏။

မှတ်ဖွယ်　တည်တတ်, တည်ရာ-ဟု မမှတ်သားမူ၍ သမာသ်နှစ်ပုဒ်လုံးကို ဝှက်လျှင် ဥဘယစ္ဆန္နာပဟေဋ္ဌိ-ဟု ယူသင့်၏၊ ထိုသို့ယူက မဃဒေဝဆရာအလိုနှင့် တစ်ထပ်တည်း ကျ၏။

ဤ၌ ဧကစ္ဆန္နာ-ဥဘယစ္ဆန္နာ-ဟူသော သဒ္ဒါတို့ကို နိဒဿနနည်းအားဖြင့် ဆိုထား၏၊ သို့ဖြစ်၍ တစ်ပုဒ်တည်းပင် မဟုတ်စေကာမူ တစ်စိတ်တစ်ဒေသကိုဝှက်လျှင် ဧကစ္ဆန္နာ၊

http://www.dhammadownload.com

အလုံးစုံကိုဝှက်လျှင် ဥဘယစ္ဆန္နာ–ဟု မှတ်ယူရာ၏၊ ထိုသို့ယူမှသာ အကုန်နှံ့နိုင်ပေမည်၊ ပရိဝါပါဠိတော်လာ သေဒမောစနဂါထာ အကုန်လုံးလည်း ဤပဟေဠိနှစ်ပါးအတွင်းသို့ သင့်လျော်သလို ဝင်နိုင်ကြပေလိမ့်မည်–ဟု ဆရာတို့ မိန့်ကြ၏။

မြန်ပုံစံ။ ။တပုံသိလော့, ဝိထိမည်မှတ်, လွန်မွေ့မြတ်သည့်, ပရမတ်အရာ, ပဉ္စဒွါတွင်, ပရိတ္တာရုံ, နှစ်စုံဌ်ကား, ထင်ရှားမရှိ၊ အတိမဟန္တာ, မဟန္တာနှင့်, ဝိဘူတာဝိဘူတ, ဖြစ်သမျှနိုက်, ကြိယသဘော, ဝုဋ္ဌောမည်မှန်း, အာဝဇ္ဇန်းတို့, အခြန်းမဲ့ပြု, ပစ္စည်းမူကြောင့်, ထိုနှစ်ခုနောက်, ဌာနရောက်၍, မဘောက်မယွင်း, အချင်းချင်းအား, တပ်ခြင်းမသွေ, အာသေဝန, ပစ္စည်းရလျက်, နောက်မှနှစ်စုံ, တဒါရုံကို, ကြိုက်ကြိုစိမ့်ငှာ, အနန္တရာဒိ, ခြားမယိုအောင်, သတ္တိပြီးတတ်, စိတ္တုပ္ပာဒ်နှင့် ····ပညတ်နာမ်ချင်း လျော်သတည်း။ (မဃ–၅၉၉။)

ရှင်း "ဇဝန"ဟူသော တစ်ပုဒ်လုံးကို ဝှက်သောကြောင့် "ဥဘယစ္ဆန္နာပဟေဠိ"မည်၏၊ မဃဒေဝဆရာကား–"သဒ္ဒါအနက်ကို မပြဘဲ ဝှက်ထားသော ဥဘယစ္ဆန္နာပဟေဠိ မျိုးတည်း"ဟု ဆို၏။

(၁၆) သံကိဏ္ဏာပဟေဠိ

ရောကသံကိဏ္ဏာ, မည်ရပါသည်။

အထူးထူးသော လက္ခဏာတို့ဖြင့် ရောနှောခြင်းရှိသော ပဟေဠိသည် "သံကိဏ္ဏာပဟေဠိ"မည်၏။

ပုံစံ။ ။အာဒေါ သောယေဝ ယော အန္တေ , မဇ္ဈိမဿာဒိ မဇ္ဈိမော၊
သိဒ္ဓန္တာဒီသု ဝတ္တန္တံ , အသခ်ံတပဒံ ဝဒ။

အန္တေ–အဆုံးဌ်၊ ယော–အကြောင်ဟာသည်၊ ဟောတိ–ဖြစ်၏၊ အာဒေါ–အစဌ်လည်း၊ (ပိကျေ့၊) သောယေဝ–ထိုဟာသည်သာလျှင်၊ ဟောတိ–ဖြစ်၏၊ မဇ္ဈိမဿ–အလယ်ဟာ၏၊ အာဒိ–အစဖြစ်သောဟာသည်၊ မဇ္ဈိမောယေဝ–အလယ်သည်သာလျှင်၊ ဟောတိ–ဖြစ်၏၊ သိဒ္ဓံ–ပြီးစီးသော၊ တာဒီသု–အရိယာတို့ဌ်၊ ဝတ္တန္တံ–ဖြစ်သော၊ အသခ်ံတပဒံ–အသခ်ံတ–ဟူသောပုဒ်ကို၊ ဝဒ–ဆိုပါလော။ [မလိုအပ်သောအနက်။]

အာဒေါ–အစဌ်၊ သောယေဝ–သအက္ခရာသည်သာလျှင်၊ ဟောတိ–ဖြစ်၏၊ အန္တေ–အဆုံးဌ်၊ ယော–ယအက္ခရာသည်သာလျှင်၊ ဟောတိ–ဖြစ်၏၊ မဇ္ဈိမော–အလယ်ဌ်ဖြစ်သော အက္ခရာသည်၊ မဇ္ဈိမဿ–မဇ္ဈိမသဒ္ဒါ၏၊ အာဒိ–အစဖြစ်သော မ,အက္ခရာသည်၊ ဟောတိ–ဖြစ်၏၊ သိဒ္ဓန္တာဒီသု–သိခြင်း, အယူ, အခါစသောအနက်တို့ဌ်၊ ဝတ္တန္တံ–ဖြစ်သော၊ အသခ်ံတပဒံ–အသခ်ံတမဟုတ် ပညတ်ဖြစ်ပုဒ်ကို၊ ဝဒ–ဖြေဆိုပါလော။ [လိုအပ်သောအနက်။]

ရှင်း အဖြေကား– "သမယ"ဟူသည်တည်း၊ ဤဌ် သိဒ္ဓန္တာဒီသုကို သိဒ္ဓံ–တာဒီသု–ဟု မှတ်ထင်စေရန် ဝှက်သောကြောင့် သမာဂတာပဟေဠိလက္ခဏာလည်း ပါ၏၊ သော–ယော–အသခ်ံတပဒ–ဟူသော တစ်ပါးသော အနက်ဌ်ဖြစ်သော သဒ္ဒါဖြင့် လှည့်ပတ်

http://www.dhammadownload.com

သောကြောင့် ဝဋ္ဌိတာပဟေဋ္ဌီလက္ခဏာလည်းပါ၏၊ သမယ–ဟူသော အမည်ကို အထူးထူး အပြားပြား ကြံစည်ဝှက်ထားသောကြောင့် နာမန္တရိကာပဟေဋ္ဌီလက္ခဏာလည်းပါ၏၊ ဤသို့ အမျိုးမျိုးသောလက္ခဏာတို့ ရောနှောခြင်းရှိသောကြောင့် ဤဂါထာသည် "သံကိဏ္ဏာ ပဟေဋ္ဌီ"နှင့် ပြည့်စုံသောဂါထာဖြစ်သည်။

မြန်ပုံစံ။ ။တတောင်–နှစ်တောင်, သုံးလေးတောင်က, ငါးတောင်–ခြောက်တောင်, ခုနစ်တောင်ဆင့်, စွင့်ရရင့်တိ, တောင်မင့်းသညာ, မြင့်မိုရ့်တာဖြင့်, သန်္ဂာဝီသ, ဥသဘနှင့်, ဥသဘရှစ်ဆယ်, မှတ်ဘွယ်ဂါဝုတ်, ဂါဝုတ်လေးဆူ, တယူဇနာ, ဝေါဟာခေါ်ကြ၊ ထိုမျှယူဇနာ, ပရိမာဖြင့်, အနုနာဥေယျ, သန်္ဂာပြသား, ဆယ်ဆထောင်ပေါင်း, မြနားဥောင်းသို့, တသောင်းတာခတ်, ဝန်းပတ်ပင်လယ်, ရေပြင်ကျယ်နှိုက်, ကျွန်းငယ်ငါးရာ, ပရိဝါနှင့်, လက်ျာပေါ်ထွန်း, မြရည်ရွန်းသည့်, ဤကျွန်းဗွေဋ္ဌ, မြေဇမ္ဗူထက်, မတူနှိုင်းရာ, နတ်တို့ရွာသို့, ပြုဗ္ဗာကျွန်းမည်, မန္ဓာတ်တည်သား, သာစည်မပျက်, တိုင်းအချက်ဝယ်, ကနက်ထီးဆောက်, သုံးကြိမ်မြောက်တိ, မိုးအောက်သိကြား, နတ်တပါးသို့, အများထင်ကိုး, ရိုညွတ်ကျိုးသည့်, သတိုးဘုရင်, လောင်းဗုဒ္ဓင်၏, ကျင့်အင်ဗြဟ္မ, စရိယကို, အစကရုံး, စီခဲ့ကုံးပြီး။ (မဃ–၄၈၉။)

ရှင်း ဤ၌ (က) "တစ်တောင်–နှစ်တောင်, သုံး–လေးတောင်က, ငါးတောင်–ခြောက်တောင်, ခုတောင်ဆင့်, စွင့်ရရင့်တိ, တောင်မင့်းသညာ, မြင့်မိုရ်တာဖြင့်" ဟူသော စကားဖြင့် လက်သစ်တောင်တာကိုလည်းကောင်း, တောင်စဉ် ၇–ထပ်ကို လည်းကောင်း အထင်မှားအောင် အနက်တူ ရှဋ္ဌီသဒ္ဒါဖြင့် လှည့်ပတ်၍ဝှက်ရကား "ဝဋ္ဌိတာ ပဟေဋ္ဌီ"မျိုးလည်း ပါ၏။

(ခ) "တယူဇနာ, ဝေါဟာခေါ်ကြ, ထိုမျှယူဇနာ, ပရိမာဖြင့်, အနုနာဥေယျ, သန်္ဂာပြသား"ဟူသောစကားဖြင့် ဝဏ္ဏသန်္ဂာနည်းယူမှ တစ်သောင်းဖြစ်၏၊ နာမသန်္ဂာနည်း အနုလုံယူသော်– ၄၃၇၇၁–ဖြစ်၍ အမှန်မသိနိုင်သဖြင့် သန်္ဂာယူပုံကို တွေဝေအောင် ဝှက်ရကား "သန်္ဂာပဟေဋ္ဌီ"မျိုးလည်း ပါ၏။

(ဂ) "မတူနှိုင်းရာ, နတ်တို့ရွာသို့, ပြုဗ္ဗာကျွန်းမည်, မန္ဓာတ်တည်သား, သာစည်မပျက်, ဘိုင်းအချက်ဝယ်"၌လည်း ပြုဗ္ဗာကျွန်းမည်–ဟူသည်ကား ဝိဒေဟတိုင်း–ဟူလိုသည်။

ဤပြုဗ္ဗာကျွန်းမည်–ဟူသော စကားသည် ပရိယာယ်သဒ္ဒါကိုသာ ပြု၍ အမည်ရင်းကို ဝှက်ရကား သမာနသဒ္ဒါပဟေဋ္ဌီမျိုးတည်း၊ သို့ဖြစ်၍ "သမာနသဒ္ဒါပဟေဋ္ဌီ"လည်း ပါဝင်၏။

(ဃ) "မန္ဓာတ်တည်သား"ဟူသော စကားလည်း ဝရမန္ဓာတ်–ဟူသည်၌ ရှေ့ဝရ–သဒ္ဒါကို ချန်၍ နောက်မန္ဓာတ်သဒ္ဒါတစ်ခုကိုသာပြ၍ ဝှက်ရကား ဧကစ္ဆန္နာပဟေဋ္ဌီမျိုးတည်း၊ သို့ဖြစ်၍ "ဧကစ္ဆန္နာပဟေဋ္ဌီ"လည်း ပါသည်။

http://www.dhammadownload.com

(ဂ) "ကနက်ထီးဆောက်, သုံးကြိမ်မြောက်တိ, မိုးအောက်သိကြား, နတ်တစ်ပါးဟု, အများထင်ကိုး, ရိုညွတ်ကျိုးသည်, သတိုးဘုရင်, လောင်းဗုဒ္ဓင်၏"ဟူသော စကားသည်လည်း တတိယမြောက် မိဓိလာမြို့တည် နန်းတည်-ဟူသော အချင်းအရာမျှကို ပြ၍ မဃဒေဝမင်း-ဟူသော အမည်ကို သက်သက်မပြဘဲ ဝှက်ရကား ဥဘယစ္ဆန္နာပဟေဠီ မျိုးတည်း၊ သို့ဖြစ်၍ "ဥဘယစ္ဆန္နာပဟေဠီ"လည်း ပါဝင်သည်။

ဤသို့ ပဟေဠီ ၅-မျိုးတို့ဖြင့် ရောရကား ဤကဗျာသည် သံကိဏ္ဏာပဟေဠီနှင့် ပြည့်စုံသော ကဗျာဖြစ်သည်။

သဒ္ဒ, အတ္ထ, သဒ္ဒတ္ထ-ခွဲပုံ ထိုပဟေဠီ ၁၆-မျိုးကို ဋီကာဆရာသည် သဒ္ဒ,အတ္ထ,သဒ္ဒတ္ထ ရောနှော၍ ပြထား၏၊ ထိုသို့ပင် ရောနှောထားစေကာမူ- (၁)သမာဂတာပဟေဠီ, (၂)ဝဋ္ဋိတာပဟေဠီ, (၃)ဥက္ကန္တာပဟေဠီ, (၄)ပမုဿိတာပဟေဠီ, (၅)သမာန သဒ္ဒါပဟေဠီ, (၆)ပရုသာပဟေဠီ, (၇)ပါရိဟာရိကာပဟေဠီ ဤ ၇-မျိုးတို့ကို သဒ္ဒပဟေဠီ-ဟု မှတ်အပ်၏။

(၁)သမာနရူပါပဟေဠီ, (၂)သရိုတာပဟေဠီ, (၃)ပကပ္ပိတာပဟေဠီ, (၄)နာမန္တရိကာပဟေဠီ, (၅) နိဘူတာပဟေဠီ, သမ္မဇ္ဇာပဟေဠီ, (၇)ဥဘယစ္ဆန္နာပဟေဠီ ဤရှစ်မျိုးကို အတ္ထပဟေဠီ-ဟု မှတ်အပ်၏။

ဤသဒ္ဒပဟေဠီ, အတ္ထပဟေဠီ နှစ်မျိုးပါအောင် ရောနှော၍ဝှက်သော သံကိဏ္ဏာပဟေဠီကို သဒ္ဒတ္ထပဟေဠီ-ဟု မှတ်အပ်၏၊ ဤသို့ခွဲဝေ၍ ယူရာ၏။

ဆောင်။ ။သမာဂတာ, ဝဋ္ဋိတာနှင့်, ဥက္ကန္တာ-ပမုဿိ, ပါရိ-သဒ္ဒါ, ပရုသာကို, သဒ္ဒါမှတ်ကြ၊ ကျန်ရှစ်ဝမှာ, အတ္ထသာတည့်၊ နောက်မှာဇက, သဒ္ဒတ္ထ-ယူကြ ချိန်၍သာ။

ပဟေဠီကဏ္ဍပြီး၏။

http://www.dhammadownload.com

ဂုဏ္ဍာလင်္ကာရ-ကဏ္ဍ

ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့၌ ပဟေဠိလောက် မဂုဏ်ဘဲ အသင့်အတင့် အနည်းငယ်ဂုဏ်သော အချက်များလည်း ရှိသေး၏၊ ထိုသို့ အနည်းငယ်မျှဂုဏ်ခြင်းကို သက္ကတ အလင်္ကာကျမ်းများ၌ ဂုဏ္ဍာလင်္ကာရ-ဟု ခေါ်သည်၊ ထိုဂုဏ္ဍာလင်္ကာရ၏ သဘောကိုလည်း သောတုဇနတို့ အလင်္ကာအရာ၌ အသိဉာဏ်ရှင်းစေခြင်းငှာ ဆက်ပြပါဦးအံ့–

ဂုဏ္ဍာလင်္ကာရ။ ။ကြိယာကာရက, ဂုဏ်ထားက, ဂုဏ္ဍလင်္ကာရ။

ကတ္တား-စသော ကာရက ၆-ပါးတို့နှင့် ကြိယာတို့၏ ဆက်စပ်ခြင်း-ဟူသော ကြိယာကာရကသမ္ဗန်သည် ကာရက ၆-ပါးကိုစွဲ၍ ၆-ပါးပင် ရှိ၏၊ ထိုကြိယာကာရက သမ္ဗန်၌ ကြိယာကိုဖြစ်စေ, ကတ္တား-စသော ကာရကတစ်ခုခုကိုဖြစ်စေ ဂုဏ်ခြင်းသည် "ဂုဏ္ဍာလင်္ကာရ"မည်၏။

သို့ဖြစ်၍–

၁။ ကြိယာဂုဏ္ဍာလင်္ကာရ,
၂။ ကတ္တုဂုဏ္ဍာလင်္ကာရ,
၃။ ကမ္မဂုဏ္ဍာလင်္ကာရ,
၄။ ကရဏဂုဏ္ဍာလင်္ကာရ,
၅။ သမ္ပဒါနဂုဏ္ဍာလင်္ကာရ,
၆။ အပါဒါနဂုဏ္ဍာလင်္ကာရ,
၇။ သြကာသဂုဏ္ဍာလင်္ကာရ-ဟု ဂုဏ္ဍာလင်္ကာရ ခုနစ်ပါး ပြားနိုင်၏။

ဤဂုဏ္ဍာလင်္ကာရသည် ကြိယာကာရကပုဒ်များကို ဂုဏ်သောကြောင့် သဒ္ဒါလင်္ကာရသာ ဖြစ်၏၊ အတ္ထာလင်္ကာရမဖြစ်ပေ။ [အကာရကဂုဏ္ဍာလင်္ကာရမျိုးလည်း ရှိသင့်သည်။]

၁။ ကြိယာဂုဏ္ဍာလင်္ကာရ-ပုံစံ

ပဏ္ဍုဝါနံ သဘာမဒ္ဓေ , ဒူရိယောဓနမုပါဂတော၊
တဿ ဂဝံ ဟိရညဉ္စ , သဗ္ဗာနျာဘရဏာနိစ။

ပဏ္ဍုဝါနံ-ပဏ္ဍုမင်းမျိုးတို့၏၊ သဘာမဒ္ဓေ-အစည်းအဝေးအလယ်၌၊ ဒူရိယောဓနံ-ဒူရိယောဓနမင်းကို၊ ဥပါဂတော-ဆည်းကပ်ခစားသောသူသည်၊ တဿ-ထိုဒူရိယောဓနမင်းအား၊ ဂဝံစ-နွားကိုလည်းကောင်း၊ ဟိရညဉ္စ-ရွှေငွေကိုလည်းကောင်း၊ သဗ္ဗာနိ-အလုံးစုံကုန်သော၊ အာဘရဏာနိစ-အဆင်းတန်ဆာတို့ကိုလည်းကောင်း၊ (အဒါ-ပေးဆပ်လေပြီ။)

[အဒါ-ဟူသော ကြိယာကို ဂုဏ်သောကြောင့် "ကြိယာဂုဏ္ဍာလင်္ကာရ"မည်၏။]

http://www.dhammadownload.com

၂။ ကတ္တုဂုဏ္ဌာလင်္ကာရ-ပုံစံ

အယမုဒယတိ နိဒ္ဒါ-ဘဥ္ဇနော ပဒုမနာမိ။

နိဒ္ဒါဘဥ္ဇနော-သတ္တဝါတို့၏ အိပ်ခြင်းကို ဖျက်ဆီးတတ်သော၊ ပဒုမနာမိ-ပဒုမာကြာသို့ ညွတ်လေ့ရှိသော၊ ဝါ-ပဒုမာကြာကို ညွတ်စေတတ်သော၊ အယံ(သူရိယော)-ဤနေမင်းသည်၊ ဥဒယတိ-ဥဒည်တောင်ထက်မှ ပေါ်ထွက်လာ၏။

[သူရိယော-ဟူသော ကတ္တားကိုဝှက်သောကြောင့် "ကတ္တုဂုဏ္ဌာလင်္ကာရ"မည်၏၊ ကြွင်းသော ကမ္မဂုဏ္ဌာလင်္ကာရ-စသည်တို့ကိုလည်း သိနားလည်နိုင်လောက်ပြီ။]

ဂုဏ္ဌာလင်္ကာရ-ကဏ္ဍပြီး၏။

အလင်္ကာပန်းကုံးကျမ်း ပြီးပြီ။

http://www.dhammadownload.com

နိဂုံး

နိဋ္ဌိတောဝတာယံ ဘောန္တော , သကဘာသာဘိသန်တော၊
သုန္ဒရော ဒုလ္လဘော သန္တော , တံ ပဿန္တု မနေကသော။

ဘောန္တော–မြန်မာတိုင်းဖွား, အို ရှင်လူအများတို့ !၊ သကဘာသာဘိသန်တော–တိုင်းရင်းမြန်မာ, ကိုယ့်ဘာသာဖြင့်, သေချာပြုပြင်, ရေးစီရင်အပ်ပေသော၊ အယံ(ဂန္ထော)–ကြည့်လွယ်မှတ်လွယ်, အဓိပ္ပာယ်တို့, ပြည့်ကြွယ်စုံပြွမ်း, ဤ**အလင်္ကာပန်းကုံးကျမ်း**သည်၊ နိဋ္ဌိတောဝတ–သင်တို့ပါရမီ, ကူညီပင့်မြှောက်, သုံးလလောက်ဖြင့် အပြီးအစီးသို့ ရောက်ခဲ့ရလေပြီတကား၊ အယံဂန္ထော–မှတ်လွယ်ဆောင်လွယ်, အဓိပ္ပာယ်ဖြင့်, ပြည့်ကြွယ်စုံပြွမ်း, ဤအလင်္ကာပန်းကုံးကျမ်းသည်၊ သကဘာသာဘိသန်တော–ခေတ်နှင့်လျော်စွာ, ကိုယ့်ဘာသာဖြင့်, လွန်စွာသပ်ယပ်, ပြုပြင်စီရင်အပ်သောကြောင့်၊ သုန္ဒရောဝတ–ကြည့်သူခပင်း, ဉာဏ်ပွင့်လင်းအောင်, ရှင်းလင်းပေးရန်, စွမ်းနိုင်ပြန်၍, ကောင်းလည်းကောင်းမွန်လှပေစွတကား၊ သကဘာသာဘိသန်တော–တိုင်းရင်းမြန်မာ, ကိုယ့်ဘာသာဖြင့်, လွန်စွာရှင်းလင်း, ပြုပြင်စီရင်ခြင်းကြောင့်၊ ဒုလ္လဘောဝတ–စာပေမှာပျော်, များသူတော်နှင့်, သင့်လျော်ပေလှ, နှစ်ပြည့်ဝ၍, ရလည်းရခဲပါပေစွတကား၊ သန္တော–အရေးအသား, ပြောစကားဟု, နှစ်ပါးလုံးမှာ, လိမ္မာလိုငြား, ရဟန်းရှင်လူအများတို့သည်၊ တံ–မှတ်လွယ်ဆောင်လွယ်, အဓိပ္ပာယ်ဖြင့်, ပြည့်ကြွယ်စုံပြွမ်း, ထိုအလင်္ကာပန်းကုံးကျမ်းကို၊ အနေကသော–အားမရတင်းမတိမ်, အကြိမ်ကြိမ်အထပ်ထပ်အားဖြင့်၊ ပဿန္တု–မဏိမုခ, အာဒါသဝယ်, မုခနိမိတ်, မျက်နှာရိပ်သို့, မမှိတ်မသုန်, ကြည့်ရှုလိုက်ကြပါကုန်လော့။

လဒ္ဓံ ပုညံ ဝဏ္ဏယတာ , မယာ ယံ တေန တံ အဟံ၊
သမ္မာဇယာမိ မာဒိသံ , ယောပိ ပါပေသိ ဝိညုတံ။

တံ–ကြည့်လွယ်ဆောင်လွယ်, ဓိပ္ပာယ်စုံပြွမ်း, ထိုအလင်္ကာပန်းကုံးကျမ်းကို၊ ဝဏ္ဏယတာ–ရှင်းလင်းပြတ်သား, လွန်ထင်ရှားအောင်, ရေးသားဖွင့်ဆိုရပေသော၊ မယာ–အကျွန်ုပ်သည်၊ ယံပုညံ–ကရဏာရှေ့ထား, ကျမ်းရေးသား၍, ထင်ရှားပေါင်းစု, အကြင်ကုသိုလ်ကောင်းမှုကို၊ လဒ္ဓံ–ကလျာဏမိတ္တ, ကူထောက်မ၍, မုချမသွေ, ရအပ်ခဲ့လေပြီ၊ အဟံ–အကျွန်ုပ်သည်၊ တေန–ကျမ်းဂန်ပြုစု, ထိုကုသိုလ်ကောင်းမှုဖြင့်၊ ယော–ရဟန်းကျင့်ဝတ်, ပဋိပတ်နှင့်, ပရိယတ်ပြည့်စုံ, တိုင်းမြန်ဘုံဝယ်, စွယ်စုံထင်ရှား, အကြင်**ပဇ္ဇောတာရုံမြောင်းမြဆရာတော်ဘုရား**သည်၊ မာဒိသံပိ–တောကြိုတောင်ကြား, မွေးဖွားလာရ, အကျွန်ုပ်လိုသူကိုသော်မှလည်း၊ ဝိညုတံ–ပရိယတ်အရသာ, ဖွေရှာစိစစ်, လိမ္မာနားလည်သူ၏အဖြစ်သို့၊ ပါပေသိ–ခြောက်နှစ်အတွင်း, ကျမ်းဂန်တွင်းဝယ်, ထိုးထွင်းနိုင်အောင်, ပို့ဆောင်ရောက်စေခဲ့လေပြီ၊ တံ–ရဟန်းကျင့်ဝတ်, ပဋိပတ်နှင့်, ပရိယတ်ပြည့်စုံ, မြန်တိုင်း

http://www.dhammadownload.com

ဘုံဝယ်, စွယ်စုံထင်ရှား, **ထိုပဒ္မောတာရုံမြောင်းမြဆရာတော်ဘုရား**ကို၊ သမ္မုဇယာမိ–ကျေးဇူးတော်ဟုန်, ထိုထိုဂုဏ်ကို, အာရုံပြုကာ, ပူဇော်လိုက်ရပါပေ၏။

ကျမ်းဆရာ၏ဇာတိနှင့် ကျေးဇူးရှင်ဆရာများ

ဤကျမ်းစာရှင်သည် မာန်အောင်မြို့အနောက်ဘက် သစ်ဝန်ရွာနေ ခမည်းတော် ဦးမောင်ကျန်း+မယ်တော် ဒေါ်ငယ်တို့မှ ၁၂၈၀–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း တစ်ရက်နေ့တွင် မွေးဖွားသော ပဉ္စမမြောက် သားရတနာ ဖြစ်ပေသည်၊ သစ်ဝန်ရွာ **တောကျောင်းဆရာတော်ဘုရား၏** ဥပဇ္ဈာယ်ယူ တပည့်ဖြစ်ပေသည်၊ ရဟန်းခံပြီးသည့်နောက် ကိုယ့်ရုပ်ကိုယ်ဒေသဋ္ဌ တစ်ဝါမျှ နေထိုင်ခဲ့၍ ၁၃၀၃–ခုနှစ်၊ တန်ဆောင်မုန်းလအတွင်း **ပဒ္မောတာရုံမြောင်းမြဆရာတော်ဘုရားကြီး**၏ ခြေတော်ရင်းသို့ ရောက်ရှိပေသည်၊ ထိုအချိန်အခါသည် မြန်မာနိုင်ငံ၌ စစ်ရိပ်စစ်ငွေ့သန်းနေသော အချိန်အခါ ဖြစ်ပေသည်၊ မကြာမီပင် ရန်ကုန်မြို့ကို ဗုံးကြဲခံရတော့သည်၊ တိုက်ထဲ၌ရှိကြသော ရှစ်ဆယ်ကျော်မျှသော သံဃာတော်တို့သည် အသီးအသီး ကိုယ့်ရုပ်ကိုယ်ရွာသို့ ပြန်ကြ၏၊ ဝါဆိုချိန်၌ သံဃာနှစ်ဆယ်မျှသာ ကျန်တော့သည်။

တစ်နိုင်ငံလုံး မီးဟုန်းဟုန်းတောက်အောင် ပျက်စီးနေပါသော်လည်း ဆရာတော်ဘုရားကြီးကား စာဝါများကို အနည်းငယ်မျှ အပျက်မခံပေ၊ ဗုံးသံအမြောက်သံတို့၏ အကြားဌ၌ပင် ကျန်ရှိသော တပည့်များအား ပါဠိတော်, အဋ္ဌကထာများကို ပို့ချပေးတော်မူသည်၊ မိမိလည်း စာလိုက်ရန် စာအုပ်ရှာဖွေရတော့သည်၊ သဒ္ဒါ, သင်္ဂဟများကိုမူ ကောင်းစွာ မသင်ဘူးသေးပေ၊ သဒ္ဒါကြီး သန္ဓိမျှသာ သင်ဖူးသေးသည်၊ သင်္ဂဟကိုမူ လုံးဝမသင်ဘူးသေးပါ၊ အကြောင်းကိုသိသော သူငယ်ချင်းမိတ်ဆွေများက သဒ္ဒါ,သင်္ဂဟမျှ မသင်ဘူးသေးက နားလည်မည်မဟုတ်၊ စာလိုက်သော်လည်း ပင်ပန်းရံသာရှိမည်၊ စာအုပ်များကိုသာ ပြန်သွင်းထားလိုက်ပါတော့–ဟု ဖျက်ကြသည်၊ ထိုသို့ပင် ဖျက်ကြသော်လည်း စိတ်မပျက်ခဲ့ပေ၊ လုံးဝပင် နားမလည်စေကာမူ ပိဋကတ်တော်များကို ကြားနာရက အနည်းဆုံး ကုသိုလ်တော့ ရဦးမှာပေါ့–ဟု ခပ်ပေါ့ပေါ့ပင် ပြန်ပြောမိသည်။

အချိန်ကျက သူများနည်းတူ စာလိုက်ရန် ဆရာတော်ဘုရား၏ခြေရင်းသို့ ရောက်သွားသည်၊ ကိုယ့်အကြောင်းကို ကိုယ်သိ၍ သူများထက် ပိုဂရုစိုက်သည်၊ ပြောသမျှကို စူးစိုက်နားထောင်သည်၊ မှတ်သားသည်၊ လခွဲအတွင်း အနက်ကို ကောင်းစွာမရပေ၊ သုံးပုံနှစ်ပုံခန့် ရလာသည်၊ ပြောသမျှအဓိပ္ပာယ်ကို အမှတ်မိများလာသည်၊ တစ်လအတွင်း၌ အနက်ပါရလာသည်၊ ဆရာတော်ဘုရား ပြောလေ့ပြောထ ရှိသည့်အတိုင်း မြန်မာပြန်တတ်လာသည် သဒ္ဒါအခြေခံမရှိသေးသောကြောင့် တစ်ချို့နေရာ၌ အဓိပ္ပာယ်အယူအဆလိုနေသည်၊ မရှင်းလင်းသောနေရာများကို ခဲသား၍ မှတ်ထားခဲ့သည်၊ နောက်မှ နားလည်သော သူတို့ထံ တစ်ဆင့်မေးမြန်းယူရသည်၊ စာထဲ၌ ရှေးကထက်ပို၍ စိတ်ဝင်စားလာသည်၊ စာဝါကို တစ်နေ့မျှ အပျက်မခံပေ၊ မှန်မှန်ပင် လိုက်မြဲလိုက်နေသည်။

http://www.dhammadownload.com

ဆရာတော်ဘုရားက တပည့်များကို ပါဠိမြန်မာ အရေးအစီ ခိုင်းတော်မူသည်၊ မိမိကား ပါဠိကို မရေးနိုင်သေးပေ၊ မြန်မာကိုချည်း ဖိရေးနေရသည်၊ ပျို့ကဗျာများကိုပါ လေ့လာရသည်၊ ဆရာတော်ဘုရားကြီးကလည်း မည်သည့်စာကို ကြည့်သင့်သည်၊ မည်သို့ မည်ပုံ ရေးသင့်သည်–စသည်ဖြင့် အမြဲညွှန်ကြားပေးတော်မူသည်၊ မြန်မာစာအရှိန်ရ လာသည်၊ တိုးတက်လာသည်၊ အခြားပုဂ္ဂိုလ်များ တစ်ခါတစ်လေပျက်သော်လည်း အပျက် မခံတော့ပေ၊ ရေးမြဲပင် ရေးပို့နေသည်။

ဤသို့ဖြင့် တစ်နှစ်ကျော်လာမှ သဒ္ဒါ,သင်္ဂဟ တက်ခွင့်ရလာသည်၊ နာရီဝက်အတွင်း၌ နှစ်ဝါလုံးကို ပြီးအောင်ချပေးတော်မူသည်၊ အနက်ဉာဏ်ကြီးပြီးဖြစ်သောကြောင့် တစ်စုံ တစ်ရာအခက်အခဲ မတွေ့ခဲ့ရပေ၊ ဆရာတော်ဘုရားကြီးကား– အနက်အဓိပ္ပာယ်ကို သိအောင်မလုပ်ဘဲ အာပူတိုက်၍ စာကျက်ခြင်းကို လွန်စွာအပြစ်မြင်တော်မူသည်၊ မိမိကိုလည်း ထိုကဲ့သို့ကျက်မှုမှ တားမြစ်တော်မူသည်၊ သဘောဉာဏ်ကြီးလာအောင် ပြုပြင် ပေးတော်မူသည်၊ စာထဲ၌ အသိဉာဏ်ကို သွတ်သွင်းပေးတော်မူသည်၊ ဥပုသ်နေ့,အဖိတ် နေ့တိုင်း ဆန်း,အလင်္ကာတို့ကိုလည်း ပို့ချပေးတော်မူသည်၊ ပါဠိရေးနည်း စီကုံးနည်း ကိုလည်း ပြတော်မူသည်၊ မိမိလည်း သဒ္ဒါနာမ်မကုန်မီပင် ပါဠိဝါကျများကို အထိုက် အလျောက် စီကုံးတတ်လာသည်၊ အာချာတ်ကို သင်ယူနေဆဲပင် ဝတ္ထဂါထာမျိုးကို သွက်လက်စွာ စီကုံးနိုင်လာသည်၊ သဒ္ဒါ,သင်္ဂဟကုန်က ရူပသိဒ္ဓိ, ကခ်ါ, ဋီကာကျော်တို့ကိုပါ တက်ခွင့်ရလာသည်၊ ဂျပန်ခေတ်အတွင်း၌ပင် ဝိနည်းသုတ္တန်ပါဠိတော်, အဋ္ဌကထာ ပေါက်အောင်သင်ရသည်။

၁၃၀၈–ခုနှစ်တွင် ယခုပါဠိတက္ကသိုလ်ကျောင်းအုပ် ဘုန်းကြီး **ဥုးဉာနိက** တိုက်ဆဲသို့ ပြန်ရောက်လာသည်၊ ထိုအရှင်ကား သာမညပုဂ္ဂိုလ်မျိုး မဟုတ်၊ "မ–တစ်ထောင် တစ်ကောင်ဖွား ရှာမှရှား"ဆဲကပင် ဖြစ်သည်၊ ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို နိုင်နင်းလှ၏၊ အနက်ဉာဏ် ကြီးမား၏၊ သဘောမိ၏၊ အယူအဆ တိကျ၏၊ စာပေအရာ၌ ပါရမီ ဓာတ်ခံ ရင့်ကျက်ပြီးသူ ဖြစ်၏၊ ဉာဏ်ထက်မြက်၏၊ ဝိရိယကောင်း၏၊ အရေးအသား အပြောအဟော ကောင်း၏၊ ပါဠိမြန်မာမျှသာမဟုတ်၊ အင်္ဂလိပ်, ဟိန္ဒီ, သက္ကတတို့ကိုလည်း လေ့လာထား၏၊ ထိုဘာသာများ၌လည်း ကျက်စားနိုင်၏၊ သက်ဝင်နိုင်၏၊ ကိုယ်ကျင့် တရားလည်း ပြည့်ဝ၏၊ အုပ်ချုပ်ရေးဘက်၌လည်း လိုလေသေးမရှိ အမြင်ကျယ်လှ၏၊ အသက်သိက္ခာအားဖြင့် ငယ်သေးစေကာမူ အများ၏ လေးစားခြင်းကို ခံယူရ၏၊ အဖက်ဖက်မှ ပြည့်ဝသော စွယ်စုံပုဂ္ဂိုလ် တစ်ဦးပါပေ၊ တိုက်ဆဲသို့ ရောက်လျှင်ပင် အဘိဓမ္မာကို မူလဋီကာနှင့်တကွ ချပေးတော်မူသည်၊ မူလဋီကာကို ဆိုဝါအဖြစ်ဖြင့် ဆိုရသည်၊ ပဏ္ဏာသသံယုတ် ပါဠိတော်, အဋ္ဌကထာများကိုပါ လေ့လာခွင့် တက်ခွင့် ရလာသည်၊ ဂျပန်ပြေး၍ အင်္ဂလိပ်များ ပြန်လည်ရောက်ရှိလာပြီဖြစ်၍ ပထမပြန်စာမေးပွဲ ကိုလည်း ကျင်းပပေးသည်၊ ၁၃၀၈–၉–၁၀–၁၁–ခုနှစ်တို့၌ ငယ်, လတ်, ကြီး, စာချတန်း

http://www.dhammadownload.com

တို့ကို စာအထူးလုပ်မနေရတော့ဘဲ ပါဠိ–အဋ္ဌကထာ–ဋီကာများကို လေ့လာရင်း နှစ်စဉ် ဆက်လက်၍ အောင်မြင်ခဲ့သည်၊ စာချုတန်းမအောင်မိကပင် တိုက်ထဲ၌ အထိုက်အလျောက် စာပေပို့ချနေရသည်။

ထိုသို့ ဆရာတော်ဘုရားကြီးများ၏ အစစအရာရာ ကူညီ ချီးမြှောက်မှုကြောင့် ပိဋကတ်အတွင်း၌ လျင်မြန်လွယ်ကူစွာ ချဉ်းနင်းလေ့လာ ကြည့်ရှုနိုင်ခွင့် ရရှိပေသည်၊ **ထိုပန္နေတာရုံမြောင်းမြဆရာတော်ဘုရားကြီး**သည်ကား မြန်မာနိုင်ငံဝယ် ရွှေကျင်ဂိုဏ်း အန္တယ်၌ အကျင့်သိက္ခာ, ပရိယတ်အားဖြင့် စွယ်စုံထင်ရှားတော်မူပေသည်၊ စာပေပို့ချရာ၌ မည်မျှပင် ရှုပ်ထွေးခက်ခဲသော အရာဖြစ်စေကာမူ တပည့်တို့၏ နားထဲသို့ ပစ်ထည့်ပေးဘိသကဲ့သို့ ပြတ်သားတိကျစွာ ရှင်းလင်းပေးတော်မူနိုင်၏၊ မျက်စိထဲ၌ ထင်မြင်လာသည်အထိ ကျနသေချာစွာ ပြောပြတော်မူလေ့ရှိ၏၊ ကျွန်ုပ်လို တောသား"လူ–အ" ကိုသော်မှလည်း အထိုက်အလျောက် ပညာရှိတစ်ယောက်ဖြစ်အောင် ချီးမြှောက်စောင့်ရှောက်တော်မူနိုင်ပေ၏၊ အဝေးမှ အကဲခတ်ကြည့်ရှုက စိတ်ခက်ထန်လွန်းသည့် ထင်ရသော်လည်း နီးနီးကပ်ကပ် နေဘူးမှ စိတ်ထားနူးညံ့သိမ်မွေ့ကြောင်းကို သိရ၏၊ သူမတူအောင် လုံ့လဝီရိယ ရှိတော်မူ၏၊ အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံတော်မူ၏၊ ဝိစာရဏာဉာဏ် ထက်သန်တော်မူ၏၊ သာသနာကြီးပွားရန် ထက်သန်သောဆန္ဒ ရှိတော်မူ၏၊ ဂျပန်ခေတ်၌ တစ်နေ့တစ်နေ့မှာ နေ့ဝါ ၇–ဝါ, ည၀ါ ၂–ဝါတိတိ ပင်ပန်းခံ၍ ပို့ချဘော်မူပေ၏၊ ၁၃၁၁–ခုနှစ် ဂိုဏ်းသံဃာတော်များ၏ ဆန္ဒအရ ဝိသုဒ္ဓါရုံဗဟိဋ္ဌာနဋ္ဌ အုပ်ချုပ်ရန် ပင့်ခေါ်ခြင်း ခံတော်မူရပေ၏၊ တိုက်တာကို တပည့်ကြီးများအား အုပ်ချုပ်ရန် လွှဲအပ်တော်မူ၍ မန္တလေးသို့ ကြွတော်မူ၏၊ ထိုသို့ပင် ကြွသွားရစေကာမူ အဝေးမှနေ၍ ယနေ့ထိ လိုလေသေးမရှိအောင် စီမံပေးတော်မူ၏၊ နည်းလမ်းညွှန်ကြားကော်မူ၏။

အကျွန်ုပ်သည် ဤကျမ်းကို မိမိအစွမ်းသတ္တိဖြင့် ရေးသားနိုင်သည် မဟုတ်ပါ၊ ထိုသို့ ဆရာများတို့က အမျိုးမျိုးအဖုံဖုံ ချီးမြှောက်ကူညီမှုကြောင့်သာ ရေးသားနိုင်ပါသည်၊ ထိုဆရာများ၏ ကျေးဇူးကား မိမိအပေါ်၌ များပြားလှပေ၏၊ ကမ္ဘာပတ်လုံးဆပ်သော်လည်း ကြေနိုင်ဖွယ်ရာ မရှိပါ၊ ဤကျမ်းဂန်ရေးသားသော ကောင်းမှုကျင့်ဝတ် ပဋိပတ်ဖြင့် လေးမြတ်ကော်ရော် တုံ့ပြန်ပူဇော်ရပါသည်။

ပရတ္ထော ပရတ္ထော မယာ , တေန သမ္မာဒိတောဒိတော၊
ဘဝေဘဝေ ဘဝေ သန္တော , ပရတ္ထသမ္မာဒကောဒယော။

တေနမယာ–ဆရာကောင်းထံ, ရိုကျိုးနှံလျက်, နည်းခံကြိုးကုတ်, ထိုသို့သဘောရှိသော အကျွန်ုပ်သည်၊ ပရတ္ထော–ရေးရာ ပြောရာ, ဆင်တန်ဆာဖြင့်, လွန်စွာကြီးပွားစေနိုင်သော၊ ပရတ္ထော–သိလွယ်ထင်ရှား, သူတစ်ပါးတို့၏ အကျိုးစီးပွားကို၊ သမ္မာဒိတော–ကြည့်စရာ အထပ်ထပ်, ဆောင်ပုဒ်ပါကြားညှပ်လျက်, အရပ်ရပ်ဥပဒေ, စုံစွာဖွေ၍, ပြီးစေအပ်ခဲ့

http://www.dhammadownload.com

လေပြီ၊ တေန–သူများအကျိုး, သယ်ပိုးဆောင်ရ, ထိုပုညကြောင့်၊ အဟံ–အကျွန်ုပ်သည်၊ ဘဝေဘဝေ–ဖြစ်လေရာရာ, သံသရာဒီလှိုင်း, ဘဝတိုင်းဘဝတိုင်း၌၊ ဥဒိတော–ကမ္ဘာတစ်လွှား, ဖောက်ထွင်းသွားအောင်, ထင်ရှားကျော်စောသော၊ သန္တော–လူနတ်နှစ်ခြိုက်, ညွတ်ဦးခိုက်လျက်, ချီးမွမ်းပူဇော်ထိုက်သော၊ ဥဒယော–မေတ္တာ ကရုဏာ, ဉာဏ်ပညာနှင့်, ခမာစသား, ကျိုးစီးပွားတို့, အစွမ်းကုန်တိုးပွားခြင်းရှိသော၊ ပရတ္ထသမ္ဘာဒကော–သတ္တဝါများ, ကျိုးစီးပွားကို, လျင်လျားလွယ်ကူ, ပြီးစေနိုင်သောသူသည်၊ ဘဝေ–တစ်ဆင့်ထက်တစ်ဆင့်, မြင့်ထက်မြင့်လျက်, ထူးတင့်ကဲမို့, ဖြစ်ရပါလို၏။

အရှင်ကုမာရ

၁၃၁၆–ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂–ရက်။

http://www.dhammadownload.com

အကွာရာစဉ်

သာရသူစိတ-မာတိကာ

ဦးရေ				စာမျက်နှာ
၁။ အတ္ထာလင်္ကာရတို့ သတ္တိ-ဂုဏ်ထူး	---	---	---	၁၉၉
၂။ အနတ္ထက-ဥပဒေသ	---	---	---	၅၈
၃။ အနန္တလေးပါး	---	---	---	၁၃၂
၄။ အပိုင်းအခန်း၀ါးမျိုး စီစဉ်ပုံ	---	---	---	၂၈
၅။ အပြစ်ကို ကာကွယ်ပုံ	---	---	---	၃
၆။ အပြစ်လွတ်အောင်သာ ကြိုးစားပါ	---	---	---	၂၄
၇။ အဘိဓာန-စသည်ကို ဆိုရခြင်းအကျိုး	---	---	---	၅
၈။ အလင်္ကာရောရာဒ် မှတ်ဖွယ်	---	---	---	၂၈၄
၉။ အလိုမရှိအပ်သော ယမက	---	---	---	၃၇
၁၀။ အလိုရှိအပ်သော ယမက	---	---	---	၃၇
၁၁။ အသင့်ယုတ္တိ မလွတ်ရ	---	---	---	၃၇၁
၁၂။ အသင့်ယုတ္တိ ရှာပါ	---	---	---	၁၃၈
၁၃။ ဧကတ္ထ-ဥပဒေသ	---	---	---	၆၁
၁၄။ ဩစိတျဟီန-ဥပဒေသ	---	---	---	၈၇
၁၅။ ကညာ-စသည်	---	---	---	၂၃
၁၆။ ကဗျာအသက်သွင်းနည်း	---	---	---	၁၈၄
၁၇။ ကဗျာကျော်နှစ်ပါး-အငြင်းပွားပုံ	---	---	---	၁၄၀
၁၈။ ကဗျာတတ်အင်္ဂါ ၃-ပါး	---	---	---	၁၆-၁၉၆
၁၉။ ကိုယ့်ဂုဏ်ကို ဖော်သင့်က ဖော်ပါ	---	---	---	၁၃၇
၂၀။ ကျမ်းဂန်ဖြင့်သာ ဂုဏ်အပြစ်ကို စိစစ်နိုင်	---	---	---	၇
၂၁။ ကျမ်းစုံပါစေ	---	---	---	၇
၂၂။ ချီးမွမ်းနည်း-နှစ်မျိုး	---	---	---	၁၄
၂၃။ ဂုဏ်နှင့်ပြည့်စုံခြင်းအကျိုး	---	---	---	၂၄
၂၄။ စ-သဒ္ဒါထားရန် စည်းကမ်း	---	---	---	၉၀
၂၅။ ဆတောင်ရွာစား စာဆိုတော်	---	---	---	၆၆
၂၆။ ဆရာကောင်း ရှာပါ	---	---	---	၉
၂၇။ ဆရာမှီမှ-ပညာရ	---	---	---	၈

http://www.dhammadownload.com

ဦးရေ				စာမျက်နှာ
၂၈။ ဆင်နည်းမရက ဆင်သော်လည်းမလှ	---	---	---	၂၀
၂၉။ ဆင်ယင်ထားသော်လည်း အပြစ်မကင်းက နှစ်လိုဖွယ်မရှိ	---	---	---	၂၃
၃၀။ ဌာယီဘာဝတို့ ရသ-သဘော သက်ရောက်ပုံ	---	---	---	၃၇၃
၃၁။ ဇာတ်မတူဘဲ (တချို့သောဒေါသတို့ကို) ထည့်သွင်းပြရခြင်း	---	---	---	၁၀၂
၃၂။ ဒေါသလွတ်အောင် ဂါထာပါဒ ဖြည့်နည်း	---	---	---	၅၈
၃၃။ နေယျဒေါသ-ရာဇဝင်ပုံစံ	---	---	---	၅၄
၃၄။ နှစ်ဖက်ရ-ပဏာမ ပြုရပုံ	---	---	---	၂
၃၅။ ပဏာမပြုကြပုံ အစဉ်အလာ	---	---	---	၁
၃၆။ ပင်ကိုယ်ဉာဏ်ပါလာမှသာ ချီးမွမ်းထိုက်၏။	---	---	---	၁၄
၃၇။ ပလ္လင်ကိုးခန်း	---	---	---	၁၅၇
၃၈။ ဖြတ်ထုံး,ရပ်ထုံး နည်းဥဒေသ	---	---	---	၇၂
၃၉။ ဗန္ဓဖရုသဒေါသ အဆုံးအဖြတ်	---	---	---	၈၂
၄၀။ ဗန္ဓဖရုသဒေါသ-ဥပဒေသ	---	---	---	၈၃
၄၁။ ဗျဘိစာရီဘာဝ များပါစေ	---	---	---	၃၆၁
၄၂။ ဘဂ္ဂရီတိ-ပုံဝတ္ထု	---	---	---	၆၃
၄၃။ ဘာဝတို့ကို ဖွင့်ဆိုနည်း	---	---	---	၃၆၁
၄၄။ ဘာဝါလင်္ကာရထုတ်ရန် အစီအစဉ်	---	---	---	၃၇၄
၄၅။ မသင့်သော အရေးအသား	---	---	---	၃၇၀
၄၆။ မဟာကဗျာ-ဖွဲ့ပုံ	---	---	---	၁၂
၄၇။ မာရ်နတ်မြား-ငါးစင်း	---	---	---	၃၂၈
၄၈။ မြဝတီဝန်ကြီး-ဦးစု၏ ဩဝါဒ	---	---	---	၅၉
၄၉။ မြန်မာအသံ-ဆယ်ပါး	---	---	---	၁၆၁
၅၀။ မြန်မာကျဝါဒိဂိဏ်း-သဒ္ဒါများ	---	---	---	၂၁၇
၅၁။ မြန်မာသမာသ်-အဆုံးအဖြတ်	---	---	---	၁၅၄
၅၂။ ယတိ-ဌာန	---	---	---	၇၀
၅၃။ ယတိမှန်-ယတိမှားပုံစံ	---	---	---	၇၀
၅၄။ ယုတ္တိရှိလေ အဖိုးတန်လေ	---	---	---	၁၃၉
၅၅။ လူမိုက်ချီးမွမ်း ဂုဏ်ယုတ်နှမ်း	---	---	---	၅၇
၅၆။ လိင်-စသည် ကွဲသော်လည်း အပြစ်မရှိသော ဥပမာ	---	---	---	၂၄၃
၅၇။ ဝိသေသနာပေက္ခဒေါသ-ဥပဒေသ	---	---	---	၅၅
၅၈။ သောရဇ္ဇဉာဏ် မှတ်ဖွယ်	---	---	---	၂၆၈

http://www.dhammadownload.com

၅၉။ သဘောတူသော်လည်း (ဘယ-စသည်ကို) ခွဲဆိုထားရခြင်း --- ၃၆၄
၆၀။ သမာဓိဂုဏ်၌ ကောက်ချက်ချ၍ မှတ်သားဖွယ် --- ၁၉၄
၆၁။ သမာဓိ-ဘေဒ --- --- --- ၁၈၅-၁၉၂
၆၂။ သခ်ေပဖြင့်ဆိုသော်လည်း ဒေါသမကျန် --- --- ၉၇
၆၃။ သဒ္ဒ,အတ္ထ-အခွဲ (ဂုဏ်ဆယ်ပါး) --- --- ၁၅၀
၆၄။ သဒ္ဒါ အရေးကြီးသည် --- --- --- ၁၅၂
၆၅။ သာတ္တိကာဘာဝကို ဖွင့်ဆိုနည်း--- --- --- ၃၇၁
၆၆။ သိထိလ,ဓနိတ-စသည် အခွဲ --- --- --- ၈၁
၆၇။ သိသောဝါဒ --- --- --- ၁၄၇
၆၈။ သုခုမာလတာဂုဏ်၏ အစွမ်း --- --- --- ၁၇၂

http://www.dhammadownload.com

အကွာရာစဉ်

သလ္လကွေတဗွ-အဘိဓာန်

ဦးရေ				စာမျက်နှာ
		[အ]		
၁။ **အက္ခေပအလက််=** တစ်ခုခုကို, ထူးဆိုလိုငြား, ပယ်မြစ်တားက, အက္ခေပ, ကာလဘေဒါ သုံးမျိုးဖြာ။	---	---	---	၂၆၀
၂။ **အင်္ဂ=** ပြီးစေတတ်သောသဘော	---	---	---	၃၄၆
၃။ **အင်္ဂီ=** ပြီးစေအပ်သောသဘော---	---	---	---	၃၄၆
၄။ **အင်္ဂီဘာဝ=** ပြီးစေတတ်, ပြီးစေအပ်သည်၏ အဖြစ်ဖြင့် စပ်သောသမ္ဗန်	---	---	---	၃၄၆
၅။ **အင်္ဂီဘာဝမိဿ=** ပြီးစေတတ်, ပြီးစေအပ်သည်၏ အဖြစ်ဖြင့် ရောနှောသော အလင်္ကာ။	---	---	---	၃၄၆
၆။ **အစ္ဆေရ=** အံ့သြခြင်း	---	---	---	၁၂၃
၇။ **အစ္ဆာသယမဟန္တ္တအလင်္ကာ=** အလိုအစ္ဆာသယ၏ လွန်ကဲကြီးကျယ်ပုံကို ပြဆိုသောအလင်္ကာ	---	---	---	၃၂၇
၈။ **အညမညဝိဘူသနအလင်္ကာ=** ဝတ္ထုနှစ်သင်း, တူမှုကင်းလည်း, အချင်းချင်းလျှင်, တန်ဆာဆင်, မည်တွင်-အညမညပါ။	---	---	---	၃၃၆
၉။ **အညမညောပမာ=** အပြန်အလှန် နှိုင်းခိုင်းသောဥပမာ	---	---	---	၂၂၇
၁၀။ **အတိဝုတ္တဒေါသ=** ပိုလွန်ဝါကြွား, ပြောစကား, မှတ်သားတိဝုတ္တ။	---	---	---	၇၇-၁၃၂
၁၁။ **အတိသယဝုတ္တိအလင်္ကာ=** လွန်ကဲပိုမို, အထူးဆို, ခေါ်ဆိုတိသယ။	---	---	---	၂၀၇
၁၂။ **အတိဟသိတ=** ပြင်းထန်လှစွာ, ကိုယ်လုံးခါ၍, ရယ်ပါအတိ, ဟသိမှတ်သား။	---	---	---	၃၉၀
၁၃။ **အတိတက္ခေပ=** အတိတ်ကို တားမြစ်သောအလင်္ကာ	---	---	---	၂၆၀
၁၄။ **အတ္ထဂမ္မောပမာ=** ဥပမာန,ဥပမေယျသဒ္ဒါတို့၏အနက်ဖြင့်ပင် သိအပ်သောဥပမာ	---	---	---	၂၃၃

အကျယ်အဓိပ္ပာယ်များကို သက်ဆိုင်ရာ စာမျက်နှာတို့၌ ရှုပါ။

http://www.dhammadownload.com

ဦးရေ				စာမျက်နှာ
၁၅။ **အတ္ထဂုဠ္ဍဒေါသ=** မထင်ရှားသောအရာ၌ ယှဉ်သောဝါကျပြစ်	---	---	---	၁၀၀
၁၆။ **အတ္ထန္တရနျာသအလင်္ကာ=** တစ်ပါးဝါကျတ်, ပြီးစေတတ်က, အတ္ထန္တရ, နျာသတည့်၊ သဗ္ဗဝိသေ, ဟိဗွားစေ, ပြားလေ-လေးမျိုးသာ။	---	---	---	၂၆၄
၁၇။ **အတ္ထပဟေဠိ=** ကျန်ရှစ်ဝမှာ, အတ္ထသာတည့်။ ---	---	---	---	၄၄၂
၁၈။ **အတ္ထဗျတ္တိဂုဏ်=** ဗျာကိဏ် နေယျ, စသည်မှ, လွတ်က အတ္ထာ-ဗျတ္တိကာ၊ သဒ္ဒ အတ္ထ, မဆောင်ရ, အတ္ထဗျတ္တိကာ။---	---	---	---	၁၈၀
၁၉။ **အတ္ထာလင်္ကာရ=** အနက်၏အဆင်တန်ဆာ	---	---	---	၆
၂၀။ **အတ္ထာဝုတ္တိအလင်္ကာ=** အနက်သာထပ်၍ သဒ္ဒါမထပ်သော အလင်္ကာ	---	---	---	၂၅၄
၂၁။ **အဓိကဒေါသ=** တစ်စုံတစ်ခု အမြွက်မျှဖြင့် ပြအပ်ပြီးသော အဓိပ္ပာယ်ကို ယူ၍ စကားပို ပြောဆိုသောအပြစ်	---	---	---	၁၀၅
၂၂။ **အဓိကောပမာ=** ကြီးကျယ်သောဥပမာနဖြင့် နှိုင်းခိုင်းသောဥပမာ	---	---	---	၂၄၁
၂၃။ **အဝုတ္တဒေါသ=** ဝိသေသျထက်, လွန်ကဲနက်ပါ, ဝိသေသာ, မည်ပါချုတ္ထ။	---	---	---	၃၄-၁၁၂
၂၄။ **အနုတ္ထဒေါသ=** အနက်ကင်းကွာ, ပုဒ်တို့မှာ, သင့်ပါအနုတ္ထ။ ---				၅၈-၁၂၂
၂၅။ **အနာဂတက္ကေပ=** အနာဂတ်ကို တားမြစ်သောအလင်္ကာ	---	---	---	၂၆၃
၂၆။ **အနာဒရက္ကေပ=** မရိမသေ မထီလေးစား တားမြစ်သောအလင်္ကာ				၂၆၃
၂၇။ **အနိဗန္ဓ=** မုတ္တကတစ်မျိုးဖြင့်သာ မစပ်ဘဲ ဖွဲ့အပ်သော ခုဒ္ဒက-ကဗျာမျိုး	---	---	---	၁၈
၂၈။ **အနုဘာဝ=** ဘာဝသိမှ, အကျိုးစုမှာ, နုဘာဝါ။---			---	၃၆၉
၂၉။ **အနုဘူတဝိသယ=** စွဲကြကြိယာ, နုဘူတာ။	---	---	---	၁၅၅
၃၀။ **အပွကတတ္ထုတ္တိအလင်္ကာ=** လုပ်နိုင်ကင်းကွာ, စုံတစ်ရာဝယ်, ဖွေရှာကြံဆ, ချီးမွမ်းက, အပွကတာ-ထုတိသာ။	---	---	---	၃၃၀
၃၁။ **အပက္ကမဒေါသ=** ရှေ့နောက်နှစ်ချက်, အစဉ်ပျက်, အပက္ကမ-ပြစ်ဒေါသ။	---	---	---	၈၄-၁၃၅
၃၂။ **အပွတီတဒေါသ=** မပေါ်လွင် မထင်ရှား အသုံးမရှိသော စကားတို့ ပါရှိသောအပြစ်	---	---	---	၉၈
၃၃။ **အပမာရ=** စိတ်ဖောက်ကလျှင်, အပမာရံ။	---	---	---	၃၆၂
၃၄။ **အပွယုတ္တဒေါသ=** အများသူငါ သုံးစွဲရိုးမရှိဘဲ မသင့်လျော်သည်ကို ဆိုသောအပြစ်	---	---	---	၉၈

http://www.dhammadownload.com

ဦးရေ	စာမျက်နှာ
၃၅။ **အပွယောဇကဒေါသ=** ရပြီးသည်ဖြစ်၍ မယှဉ်သင့်-မထည့်သင့်ဘဲလျက် ယှဉ်အပ်-ထည့်အပ်သောအပြစ် --- ---	၁၀၄
၃၆။ **အပဟသိတ=** ယိုစွတ်မျက်ရည်, ရယ်ခြင်းသည်ကား, မည်လေအပ, ဟသိတတည့်။ --- --- ---	၃၉၀
၃၇။ **အပါဒါနဂုဋ္ဌာလင်္ကာရ=** အပါဒါန်ကို ဝှက်ထားသော အလင်္ကာ --- --- ---	၄၄၃
၃၈။ **အပေတတ္ထဒေါသ=** သူရူးစသား, ပြောစကားသို့, အသားမပါ, စိတ်ထင်ရာကို, ပြောဆိုကြလေ, ဝါကျနေ, အပေတတ္ထ-ပြစ်ဒေါသ။ --- --- ---	၇၉-၁၃၂
၃၉။ **အပြစ်ပြတုလျယောဂိတာအလင်္ကာ=** ဝတ္ထုနှစ်ခု-စသည်ကို အတူထား၍ အပြစ်ကိုပြဆိုသောအလင်္ကာ --- ---	၃၂၀
၄၀။ **အဖုဌတ္ထောပမာ=** တွေ့ထိစရာ အနက်ထူးမရှိသော ဥပမာ ---	၂၄၂
၄၁။ **အဗဟိတ္ထ=** ဣန္ဒြေဆယ်မှု, ဟန်လုပ်မှုကို, ခေါ်ဆို-ဗဟိတ္ထ။ ---	၃၆၂
၄၂။ **အဗျပေတယမက=** မတူကွဲပြား ဝဏ္ဏတစ်ပါးခြားခြင်း မရှိသော ယမကမျိုး --- --- ---	၃၈
၄၃။ **အဘာဝကိစ္စဇနကဟေတု=** ရှိပြီးဖြစ်ပြီးကို မရှိအောင် မဖြစ်အောင် ပြုတတ်သည့်ပြင် အကျိုးကိုလည်း တိုက်ရိုက် ဖြစ်စေတတ်သော အကြောင်း --- --- ---	၂၈၀
၄၄။ **အဘိဓာန=** ကျမ်း၏အမည် --- --- ---	၄
၄၅။ **အဘိဓေယျ=** ကျမ်း၏အနက် --- --- ---	၄
၄၆။ **အဘိနှုကမ္မသိလေသ=** မပြားသောကြိယာ ပါရှိသော သိလေသအလင်္ကာ --- --- ---	၃၁၂
၄၇။ **အဘိနှုပဒဝါကျသိလေသ=** ဝိဂြိုဟ်ဝါကျအရာ၌ တူမျှသော ပုဒ်ရှိသော သိလေသအလင်္ကာ --- --- ---	၃၀၆
၄၈။ **အဘိနှုဝိသေသနသမာသဝုတ္တိအလင်္ကာ=** ဥပမာန,ဥပမေယျ ဝိသေသျမျှသာ ကွဲပြား၍ သိလေသအားဖြင့် ဝိသေသန တူညီသော သမာသဝုတ္တိအလင်္ကာ --- ---	၂၇၈
၄၉။ **အဗ္ဘုတရသ=** အံ့သြခြင်း, မဖြစ်စဖူး ဖြစ်ခြင်း --- ---	၃၇၅-၄၁၀
၅၀။ **အဗ္ဘုတောပမာ=** အံ့သြဖွယ်ကောင်းသော သဘောကို ပြတတ်သောဥပမာ --- --- ---	၂၂၈
၅၁။ **အဘူတောပမာ=** ထင်ရှားမရှိသော ဥပမာနဖြင့် နှိုင်းခိုင်းသောဥပမာ --- --- ---	၂၃၃

http://www.dhammadownload.com

ဦးရေ				စာမျက်နှာ
၅၂။ **အမရိသ=** သည်းမခံဘိ, အမရိတည့်။	---	---		၃၆၂
၅၃။ **အယုတ္တကာရိစိတ္တဟေတု=** မသင့်သည်ကို ပြုတတ်သည့်ပြင် အံ့သြဖွယ်ရာ လွန်စွာလည်းဆန်းကြယ်သော အကြောင်း	---			၂၈၁
၅၄။ **အယောဂ=** ပေါင်းသင်းလိုလျက်, မပေါင်းဖက်ရ, အယောဂတည့်။	---	---	---	၃၇၉
၅၅။ **အလင်္ကာဖျက်ဥပမာ=** လိင်ကွဲဝုစ်ကွဲ, ယုတ်လွန်ကဲဘိ, နက်မထိနှင့်, ငဲ့ဘိဥပမာ, ကျိုးပါပမာန, ပေါင်းသတ္တကို, ကဗျာအရာ, လိမ္မာမြင်သိ, ပညာရှိတို့, မနှစ်မြို့ချေ, တချို့ နေရာ, ဥပမာဆို, လင်္ကာကိုပင်, ဖျက်ဖြိုခြင်းငှာ, စွမ်းနိုင် ပါသည်–ဒဋ္ဌာလင်္ကာတိ အပြစ်ငြိ။	---	---		၂၄၀
၅၆။ **အလသတ္တ=** ပျင်းရိကမူ, အလသတ္တာ။	---	---		၃၆၁
၅၇။ **အဝါစိကဒေါသ=** မိမိအလိုရှိအပ်သောအနက်ကို မဟောနိုင်သောအပြစ်	---	---	---	၁၀၁
၅၈။ **အဝိရဒ္ဓကမ္မသိလေသ=** မဆန့်ကျင်သောကြိယာ ပါရှိသော သိလေသအလင်္ကာ	---	---	---	၃၁၁
၅၉။ **အဝိရောမိသိလေသ=** ဆန့်ကျင်သောအနက်မရှိသော သိလေသအလင်္ကာ	---	---	---	၃၁၂
၆၀။ **အသန္တဖလနိဒဿနအလင်္ကာ=** အလိုမရှိအပ်သောအကျိုးကို ဆက်၍ပြသော အလင်္ကာ	---	---	---	၃၂၃
၆၁။ **အသမဝုန္နာအလင်္ကာ=** ချီးမွမ်းလိုသောဝတ္ထုကို လျှို့ဝှက် ထား၍ ထိုချီးမွမ်းလိုသောဝတ္ထုနှင့် မတူသောဝတ္ထုကို ပြဆိုသည့်အလင်္ကာ	---	---	---	၃၂၈
၆၂။ **အသမတ္ထန္တရဒေါသ=** မစွမ်းနိုင်သော အနက်တစ်ပါးရှိသော အပြစ်	---	---	---	၉၇
၆၃။ **အသမတ္ထာဘိယျောဒေါသ=** အလိုရှိအပ်သောအနက်ကို ပြီးစေခြင်းငှာ မစွမ်းနိုင်သောအပြစ်	---	---		၉၉
၆၄။ **အသမာန=** အတူမရှိခြင်း	---	---	---	၁၂၄
၆၅။ **အသာဓာရဏောပမာ=** အတူမရှိသည်ဖြစ်၍ ဥပမေယျ ဖြင့်ပင် ပြန်၍နှိုင်းခိုင်းသောဥပမာ	---	---		၂၃၂
၆၆။ **အသာဓုဒေါသ=** သဒ္ဒါကျမ်းနှင့်ဆန့်ကျင်သောအပြစ်	---			၁၀၃
၆၇။ **အသု=** မျက်ရည်ယိုလျှင်, အသုတွင်ရှင့်။	---	---		၃၆၆
၆၈။ **အသေသဝတ္ထုဝိသယအသမာသရူပက=** အကြွင်းမရှိသောဝတ္ထုလျှင် အရာရှိသည်ဖြစ်၍ ဝါကျဖြင့် ရူပကပြုသောအလင်္ကာ	---			၂၄၈

http://www.dhammadownload.com

ဦးရေ	စာမျက်နှာ
၆၉။ **အသေသဝတ္ထုဝိသယသမာသရူပက=** အကြွင်းမရှိသောဝတ္ထုလျှင် အရာရှိသည်ဖြစ်၍ သမာသ်ဖြင့် ရူပကပြုသောအလင်္ကာ ---	၂၄၇
၇၀။ **အသေသဝတ္ထုဝိသယသမာသာသမာသရူပက=** အကြွင်းမရှိသော ဝတ္ထုလျှင် အရာရှိသည်ဖြစ်၍ သမာသ်တချို့ ဝါကျတချို့ဖြင့် ရူပကပြုသောအလင်္ကာ --- --- ---	၂၄၈
[အာ]	
၇၁။ **အာချာယိကာ=** ရှေးကြောင်းရာများ, ဖွဲ့ဆိုထားဘိ, အာချာယိကာ။ --- --- ---	၁၈
၇၂။ **အာဂမဝိရောမိ=** မြတ်စွာဘုရားဟောကြားသော တရားတော် ပိဋကတ်, ဗေဒင်-စသည်တို့နှင့် ဆန့်ကျင်သောအပြစ် ---	၅၃-၁၁၈
၇၃။ **အာဘိက္ခည=** အဖန်ဖန်ဖြစ်ခြင်း, မပြတ်ဖြစ်ခြင်း ---	၁၂၄
၇၄။ **အာမေဍိတ်=** ကြောက်ခြင်း-စသည်ကြောင့် နှစ်ကြိမ်သုံးကြိမ် ထပ်ဆိုအပ်သောစကား --- --- ---	၁၂၃
၇၅။ **အာဝုတ္တိအလင်္ကာ=** အနက် သဒ္ဒါ, ထိုနှစ်ဖြာကို, ထပ်ကာ ဆိုဘိ, အာဝုတ္တိ, မည်ရှိ-အလင်္ကာ။ --- ---	၂၅၃
၇၆။ **အာဝေဂ=** လျင်စွာပြုလေ, အာဝေမှတ်သား။ --- ---	၃၆၂
၇၇။ **အာသီအလင်္ကာ=** လိုအပ်ကျိုးများ, တောင့်တငြား, မှတ်သားအာသီပါ။ --- --- ---	၃၄၈
[ဣ]	
၇၈။ **ဣဝယုတ္တဝုါကျတ္ထောပမာ=** ဣဝါဒိဂိုဏ်းသဒ္ဒါနှင့်ယှဉ်သောဥပမာ	၂၃၈
၇၉။ **ဣဝဝိယုတ္တဝါကျတ္ထောပမာ=** ဣဝါဒိဂိုဏ်းသဒ္ဒါနှင့်မယှဉ်သော ဝါကျတ္ထောပမာ --- --- ---	၂၃၈
၈၀။ **ဣဝါဒိသဒ္ဒဂမ္မောပမာ=** ဣဝ(ကဲ့သို့)စသော သဒ္ဒါဖြင့် သိအပ်သောဥပမာ --- --- ---	၂၂၄
၈၁။ **ဣသာ=** ငြူစူဘိလျှင်, ဣသာတွင်၏။ --- ---	၃၆၂
[ဥ]	
၈၂။ **ဥက္ကန္တာပဟေဋိ=** စပ်ရပုဒ်ချင်း, ဝေးကွာခြင်းကြောင့်, လွန်မင်းတွေဝေ, ဖြစ်စေဥက္ကန္တာ။--- --- ---	၄၁၈

http://www.dhammadownload.com

ဦးရေ				စာမျက်နှာ
၈၃။	**ဥဂ္ဂတာ=** ခက်ထန်-ဥဂ္ဂ။	---	---	၃၆၁
၈၄။	**ဥဒါရတာဂုဏ်=** ထူးချွန်လွန်မြတ်, ဂုဏ်ပါလတ်, သိမှတ်ဥဒါရာ။	---	---	၁၇၆
	ဗန္ဓဖရုသ, ဂါမွတစ်လီ, လွန်မြောက်ပြီ, ဒုတိဥဒါရာ။	---	---	၁၇၈
၈၅။	**ဥဒါဟရဏ=** မှတ်သားအပ်သည်၏အဖြစ်ဖြင့် ထုတ်ဆောင်ပြဆိုအပ်သော ပြယုဂ်ပုံစံ	---	---	၂၈
၈၆။	**ဥပစာ=** ထိုဟာသည် ဤဝတ္ထုပြင်တည်း-ဟု အပြားမရှိသော အားဖြင့် ကြံခြင်း	---	---	၂၁
၈၇။	**ဥပက္ကမောပသံဟာရဝိသမဒေါသ=** အစ-အဆုံး (သို့မဟုတ်) အချို-အချ မညီသောအပြစ်	---	---	၁၀၆
၈၈။	**ဥပမာ=** ဓမ္မတ္တာဥပမာ, တူမျှပါ၏။	---	---	၂၁၂
၈၉။	**ဥပမာအလင်္ကာ=** ပမာ-ပမေ, နှစ်ထွေတူမျှ, သမ္မန္နမှာ, ဥပမာတည့်၊ တစ်ဖြာထိုမှ, သဒ္ဒဂမ္ဘာ, အတ္ထာဂမ္ဘ, ဝါကျတ္ထ ဝိသယာ, ခွဲထွက်လာသည်....မှတ်ပါသုံးမျိုး ဦးစွာတည်း။---			၂၁၀
၉၀။	**ဥပမာဇောတက=** ထိုသာထွန်းဘိ, ကျဝါဒိမှာ, ဇောတကာ ---			၂၁၂
၉၁။	**ဥပမာန=** (အနှိုင်းဝတ္ထု)-နှိုင်းယှဉ်ကြောင်းမှာ, ဥပမာန။ ---			၂၁၂
၉၂။	**ဥပမာန,ဥပမေယျာသဘော=** ဥပမာန, ဥပမေယျ, ပဒနှစ်ပါး, လိင်-ဝုစ်ပြားလည်း, ဝိဘတ်ကားမူ, တူမြဲဟူ၏။	---	---	၂၃၉
၉၃။	**ဥပမာပေက္ခိနီ=** ဥပမာနလိုသောဥပမာ	---	---	၂၄၂
၉၄။	**ဥပမေယျ=** (အနှိုင်းခံဝတ္ထု) နှိုင်းအပ်ကလျှင်, ဥပမေယျာ။ ---			၂၁၂
၉၅။	**ဥပမာဗ္ဘန္တ ရုပရိကပွနာ=** အတွင်း၌ ဥပမာရှိသော ပရိကပွနာအလင်္ကာ	---	---	၂၉၃
၉၆။	**ဥပဟသိတ=** ပခုံးကိုလှုပ်, ခေါင်းကိုလှုပ်ကာ, ရယ်တုံပါမူ, မှတ်ပါဥပ, ဟသိတမည်။	---	---	၃၉၀
၉၇။	**ဥဘယစ္ဆန္နာပဟေဠိ=** နှစ်ဖြာမြုပ်က, ဥဘယတည့်။ ---			၄၃၉
၉၈။	**ဥဘယာဝုတ္တိ=** အနက်လည်းထပ် သဒ္ဒါလည်းထပ်သော အလင်္ကာ	---	---	၂၅၅
၉၉။	**ဥမ္မာဒ=** ရူးချင်-ဥမ္မာ။	---	---	၃၆၂
၁၀၀။	**ဥဿာဟ=** အားထုတ်ရာ-ဥဿာမှတ်ကြ။	---	---	၃၅၈-၄၀၂
၁၀၁။	**ဥဿုက=** အားထုတ်လေက, ဥဿုကတွင်။ ---			၃၆၂

http://www.dhammadownload.com

ဦးရေ					စာမျက်နှာ
		[ဦ]			
၁၀၂။	**ဦနဒေါသ=**	ဆိုသင့်သောစကား	မပြည့်စုံသောအပြစ်	---	၁၀၆
		[ဧ]			
၁၀၃။	**ဧကစ္ဆန္နာပဟေဠီ=**	မိုတတ်ဖော်ထုတ်,	မိုရာမြှုပ်လစ်,		
	ဧကစ္ဆန္နာ။	---	---	---	၄၃၇
၁၀၄။	**ဧကတ္ထဒေါသ=**	သဒ္ဒါနက်တူ,	ထပ်ဆိုမှု, မှတ်ယူဧကတ္ထ။	---	၆၀
၁၀၅။	**ဧကဒေသဝိဝတ္တိအသမာသရူပက=**	တစ်စိတ်တစ်ဒေသ၌သာ			
	ဖြစ်၍ ဝါကျဖြင့်	ရူပကပြုသောအလင်္ကာ	---	---	၂၅၀
၁၀၆။	**ဧကဒေသဝိဝတ္တိသမာသရူပက=**	တစ်စိတ်တစ်ဒေ၌သာ			
	ဖြစ်၍ သမာသ်ဖြင့်	ရူပကပြုသောအလင်္ကာ	---	---	၂၅၀
၁၀၇။	**ဧကဒေသဝိဝတ္တိသမာသာသမာသရူပက=**	တစ်စိတ်တစ်ဒေသ			
	၌သာဖြစ်၍ သမာသ်တချို့	ဝါကျတချို့ဖြင့်	ရူပကပြုသော		
	အလင်္ကာ	---	---	---	၂၅၀
၁၀၈။	**ဧကာဝဋ္ဌိ=**	နောက်နောက်ပဒေ,	ရှေ့ရှေ့နေ၏,	ဝိသေသန,	
	ဖြစ်တုံက-ဧကဝဋ္ဌိသာ။	---	---	---	၃၃၁
		[ဩ]			
၁၀၉။	**ဩကာသဂုဏ္ဌာလင်္ကာရ=**	တည်ရာအာဓာရကိုဝှက်သောအလင်္ကာ-			၄၄၃
၁၁၀။	**ဩစိတျသမ္ဘောသကပဒသိလေသ=**	အသင့်ယုတ္တိကို	တိုးပွား		
	စေတတ်သည့်ပုဒ်-စသည်	ဖြစ်သော	သိလေသအလင်္ကာ	---	၃၁၂
၁၁၁။	**ဩစိတျဟီနဒေါသ=**	ရှေ့ပြု နောက်ပြု,	ကိုယ်နှုတ်မှုတို့,		
	နှစ်ခုမလျော်,	ကိုယ့်ဂုဏ်ဖော်,	မှည့်ခေါ်ဩစိတျ-ဟီနက။	---	၈၆-၁၃၇
၁၁၂။	**ဩဇဂုဏ်=**	များသမာသ,	ပါရိုကမှု,	သဒ္ဒါဩဇာ၊	
	ချုံးချဲ့ခါ,	မှတ်ပါ-ဩဇတ္ထ။	---	---	၁၅၃
၁၁၃။	**ဩစိတျ-(သမ္ဘောသက)ဂုဏ်=**	ရှေ့ပြု နောက်ပြု,			
	ကိုယ်နှုတ်မှုတို့,	နှစ်ခုဆီလျော်,	ဂုဏ်မဖော်,	မှည့်ခေါ်ဩစိတျ။---	၈၆
		[က]			
၁၁၄။	**ကထာ=**	ခုခါမယ်ဖွဲ့,	မောင်ဖွဲ့စသား,	ရေးသားစီရင်,	
	ကထာတွင်။	---	---	---	၈၆

http://www.dhammadownload.com

ဦးရေ	စာမျက်နှာ
၁၁၅။ **ကမအလင်္ကာ**= ဥဒ္ဒေသ-နိဒ္ဒေသ, စဉ်ညီမျှ, ကမအလင်္ကာ။---	၂၈၃
၁၁၆။ **ကရဏဂုဏ္ဌာလင်္ကာရ**= ကရိဏ်းကိုဂုဏ်ထားသောအလင်္ကာ ---	၄၄၃
၁၁၇။ **ကရဏပွကာရ**= ကျမ်းပြုပုံအစီအစဉ် --- ---	၄
၁၁၈။ **ကလာဝိရောမိ**= နစ္စကလာ, ဂီတကလာ နှစ်ပါးတို့တွင် တစ်ပါးပါးနှင့် ဆန့်ကျင်သောအပြစ် --- ---	၅၂-၁၁၆
၁၁၉။ **ကမစ္စုတဒေါသ**= လောကဆိုရိုး, စဉ်ပျက်ကျိုး, သင့်ရိုး-ကမစ္စုတ။ --- --- ---	၇၅-၁၃၁
၁၂၀။ **ကရဏာရဟ**= သနားကြင်နာအပ်သော အဖြစ်သို့ရောက်အောင် စိုးရိမ်ပူဆွေးခြင်း --- --- ---	၃၇၅-၃၉၂
၁၂၁။ **ကတ္တာဂုဏ္ဌာလင်္ကာရ**= ကတ္တားကိုဂုဏ်ထားသော အလင်္ကာ ---	၄၄၃
၁၂၂။ **ကန္တိဂုဏ်**= တိဝုတ်-ဂါမ္ဘ, လွန်မြောက်က, ဂုဏကန္တိပါ။ ---	၁၇၉
၁၂၃။ **ကဗ္ဗ**= ပညာရှိတို့ပယောဂ-ဟု ဆိုအပ်သော အဖွဲ့ဗန္ဓ-(ကဗျာ။)	၁၂
၁၂၄။ **ကမ္မဂုဏ္ဌာလင်္ကာရ**= ကံပုဒ်ကိုဂုဏ်ထားသောအလင်္ကာ ---	၄၄၃
၁၂၅။ **ကာရဏ္ဏ ရဝိဘာဝနာ**= ထင်ရှားသောအကြောင်းကို တားမြစ်၍ အကြောင်းတစ်ပါးကိုပြဆိုသော ဝိဘာဝနာအလင်္ကာ ---	၂၇၅
၁၂၆။ **ကာလဝိရောမိ**= ညဉ့်-နေ့-ဥတုစသော အချိန်အခါတို့နှင့် ဆန့်ကျင်သောအပြစ် --- --- ---	၅၂-၁၁၅
၁၂၇။ **ကာလသာမညအက္ခေပ**= ကာလသုံးပါးကို တပေါင်းတည်း တားမြစ်သောအလင်္ကာ --- --- ---	၂၆၄
၁၂၈။ **ကိလိဋ္ဌဒေါသ**= တိမ်မြုပ်ကွယ်ဝှက်, စကားခက်, မှတ်ချက်ကိလိဋ္ဌ။ --- --- ---	၃၅-၁၁၃
၁၂၉။ **ကုလက**= ကြိယာတူခြင်း, အကြောင်းရင်းကြောင့်, ချင်းချင်း ငဲ့ရှု, နှစ်ခုစသား, ဂါထာများမှာ, ကုလကာသွင်း။ ---	၁၇
၁၃၀။ **ကောတုဟလ**= အုတ်အုတ်ကျက်ကျက်ဖြစ်ခြင်း ---	၁၂၃
၁၃၁။ **ကောဓ(အာ)**= အမျက်ထွက်ခြင်း --- ---	၁၂၃
၁၃၂။ **ကောဓ(ဌာ)**= ထွက်ဒေါသ, ကောဖြောတယ်။--- ---	၃၈၅-၃၉၅
၁၃၃။ **ကောသ**= အချင်းချင်းမှာ, မင့်ပါဘဲ, ကြိယာလည်းပြား, ဂါထာများမှာ, ကောသသာတည့်။ --- ---	၁၇
၁၃၄။ **ကြိယာအာဒိဒီပက**= ကြိယာအစ၌တည်၍ အလုံးစုံသော ဝါကျကို ကျေးဇူးပြုသောအလင်္ကာ --- ---	၂၅၆
၁၃၅။ **ကြိယာအန္တဒီပက**= ကြိယာအဆုံး၌တည်၍ အလုံးစုံသော ဝါကျကို ကျေးဇူးပြုသောအလင်္ကာ --- ---	၂၅၇

http://www.dhammadownload.com

ဦးရေ	စာမျက်နှာ
၁၃၆။ **ကြိယာဂုဏ္ဌာလင်္ကာရ=** ကြိယာပုဒ်ကိုဝှက်ထားသောအလင်္ကာ---	၄၄၃
၁၃၇။ **ကြိယာပရိကပ္ပနာ=** ကြိယာကို တစ်မျိုးတစ်ဖုံကြံစည်၍ ဆိုအပ်သောအလင်္ကာ --- --- ---	၂၉၄
၁၃၈။ **ကြိယာမဏ္ဍိဒီပက=** ကြိယာအလယ်၌တည်၍ အလုံးစုံသော ဝါကျကို ကျေးဇူးပြုသောအလင်္ကာ --- ---	၂၅၈
၁၃၉။ **ကြိယာဝိသေသဂုတ္တိ=** ကြိယာချို့တဲ့ပုံကိုပြလျက် တစ်စုံတစ်ခု အထူးကို ဆိုသောအလင်္ကာ --- ---	၃၀၃
၁၄၀။ **ကြိယာသဟဂုတ္တိ=** ကြိယာတို့ အတူတကွဖြစ်ခြင်းကို ပြဆိုသောအလင်္ကာ --- --- ---	၃၃၈

[ခ]

၁၄၁။ **ခဏ္ဍိတောပမာ=** ဥပမာတစ်ပိုင်းတစ်စသာရှိသောဥပမာ ---	၂၄၂

[ဂ]

၁၄၂။ **ဂရဟာ=** ကဲ့ရဲ့ခြင်း --- --- ---	၁၂၄
၁၄၃။ **ဂဇ=** ဂါထာမဖက် စုတ္တိယသက်သက်ဖြင့်သာ နှုန်းဖွဲ့အပ်သောအဖွဲ့မျိုး --- --- ---	၁၇
၁၄၄။ **ဂဇ္ဇ=** မာန်မူ-ဂဇ္ဇ။ --- --- ---	၃၆၂
၁၄၅။ **ဂမ္ဘဥာယဗျတိရေက=** အနက်၏အစွမ်းအားဖြင့်သာ တူမျှ ပုံကို သိစေ၍ နှစ်ပါးလုံး၏အထူးကို ဆိုသောအလင်္ကာ ---	၂၇၃
၁၄၆။ **ဂမ္ဘီရကဗျတိရေက=** အနက်၏အစွမ်းအားဖြင့်သာ တူမျှပုံကို ဆသိရ၍ ဥပမေယျ၏အထူးကိုသာ ဆိုသောအလင်္ကာ ---	၂၇၃
၁၄၇။ **ဂမ္ဘပရိကပ္ပနာ=** မညော-စသော ဓောတကသဒ္ဒါ မပါရှိဘဲ ဝါကျ၏အစွမ်းအားဖြင့်သာသိအပ်သော ပရိကပ္ပနာအလင်္ကာ	၂၉၆
၁၄၈။ **ဂါမ္မဒေါသ-(ဝါကျ)=** ရိုင်းပြစကား, သုံးနှုန်းထား, မှတ်သားဂါမ္မ-ပြစ်ဒေါသ။ --- --- ---	၆၆-၁၂၈
ပုဒ်ချင်းစပ်ဖက်, မကောင်းနက်, ပေါ်ထွက်ဂါမ္မ, တစ်နည်းပြ။	၆၈
၁၄၉။ **ဂါမ္မဒေါသ-(ဝါကျတ္ထ)=** ဝါကျလုံးဝယ်, တစ်သွယ်အကောင်း, မကောင်းအနက်, နှစ်ချက်ထွက်, မှတ်ချက်ဂါမ္မ-ဝါကျတ္ထ။---	၉၂-၁၄၅
၁၅၀။ **ဂါမ္မဒေါသ-(ကြွင်း)=** စက်ဆုပ်ရွံရှာဖွယ်စကားမျိုး, မင်္ဂလာ မရှိသောစကားမျိုး, လ-အက္ခရာ စ-အက္ခရာစသည်တို့နှင့် စပ်သောစကားမျိုးတို့ကို သုံးစွဲသောကြောင့် သင့်သောအပြစ်---	၉၉

http://www.dhammadownload.com

ဦးရေ				စာမျက်နှာ
၁၅၁။ **ဂိလာနိ=** ကိုယ်အားကုန်ဘိ, ဂိလာနိပေ။	---	---		၃၆၂
၁၅၂။ **ဂုဏအန္တဒီပက=** ဂုဏ်အဆုံး၌တည်၍ အလုံးစုံသောဝါကျကို ကျေးဇူးပြုသောအလင်္ကာ	---	---	---	၂၅၇
၁၅၃။ **ဂုဏအာဒိဒီပက=** ဂုဏ်အစ၌တည်၍ အလုံးစုံသောဝါကျကို ကျေးဇူးပြုသောအလင်္ကာ	---	---	---	၂၅၇
၁၅၄။ **ဂုဏပရိကပွနာ=** တစ်စုံတစ်ခုသောဂုဏ်ထူးကို တစ်မျိုးတစ်ဖုံ ကြံစည်၍ ဆိုအပ်သော ပရိကပွနာအလင်္ကာ	---	---	---	၂၉၄
၁၅၅။ **ဂုဏမဏ္ဍဒီပက=** ဂုဏ်အလယ်၌တည်၍ အလုံးစုံသောဝါကျကို ကျေးဇူးပြုသောအလင်္ကာ	---	---	---	၂၅၇
၁၅၆။ **ဂုဏဝိသေသဝုတ္တိ=** ဂုဏ်ချို့တဲ့ပုံကိုပြလျက် တစ်စုံတစ်ခု အထူးကို ဆိုသောအလင်္ကာ	---	---	---	၃၀၄
၁၅၇။ **ဂုဏသဟဝုတ္တိ=** ဂုဏ်တို့၏ အတူတကွဖြစ်ခြင်းကို ပြဆိုသောအလင်္ကာ	---	---	---	၃၃၉
၁၅၈။ **ဂုဇ္ဇာလင်္ကာရ=** ကြိယာ-ကာရက, ဝုက်ထားက, ဂုဇ္ဇလင်္ကာရာ။	---	---	---	၄၄၃
၁၅၉။ **ဂုဏ်=** မိမိမှိရာ အဖွဲ့ဗန္ဓကို ကြားနာဖို့ရန် ပညာရှိတို့ကို ခေါ်ဝေါ်စေတတ်သော သဒ္ဒါလင်္ကာရ	---	---		၁၄၉
၁၆၀။ **ဂုဏ်ပြတုလျယောဂိတာ=** ဂုဏ်ကိုပြောဆိုသော တုလျယောဂိတာ အလင်္ကာ	---	---		၃၂၁

[ဓ]

၁၆၁။ **ဓိန္တာ=** ကြံမှိုင်ကမူ, စိန္တာယူလော့။	---	---		၃၆၂
၁၆၂။ **ဓပလ=** လော်လည်ပါက, ဓပလသိ။	---	---		၃၆၂
၁၆၃။ **ဓမ္မု=** ဂါထာ,စုဏ္ဏိယ နှစ်ပါးရော၍ စီကုံးနှုန်းဖွဲ့ အပ်သော အဖွဲ့မျိုး	---	---	---	၁၈

[ဇ]

၁၆၄။ **ဇဋတာ=** ကြက်သေသေခါ, ဇဋတာတည့်။	---	---		၃၆၁
၁၆၅။ **ဇာတိအန္တဒီပက=** ဇာတ်အဆုံး၌တည်၍ အလုံးစုံသော ဝါကျကို ကျေးဇူးပြုသောအလင်္ကာ	---	---	---	၂၅၇
၁၆၆။ **ဇာတိအာဒိဒီပက=** ဇာတ်အစ၌တည်၍ အလုံးစုံသော ဝါကျကို ကျေးဇူးပြုသော အလင်္ကာ	---	---	---	၂၅၇

http://www.dhammadownload.com

ဦးရေ	စာမျက်နှာ
၁၆၇။ **ဇာတိမဇ္ဈဒီပက=** ဇာတ်အလယ်၌တည်၍ အလုံးစုံသော ဝါကျကို ကျေးဇူးပြုသောအလင်္ကာ --- ---	၂၅၇
၁၆၈။ **ဇာတိဝိသေသဝုတ္တိ=** ဇာတ်ချို့တဲ့ပုံကိုပြလျက် တစ်စုံတစ်ခု အထူးကိုဆိုသောအလင်္ကာ --- --- ---	၃၀၄
[ဉ]	
၁၆၉။ **ဉာယဝိရောဓိ=** လောကဥ် သင့်လျော်သော သဘောသဘာဝနှင့် ဆန့်ကျင်သောအပြစ် --- --- ---	၅၂-၁၁၇
[ဌ]	
၁၇၀။ **ဌာယီဘာဝ=** မိမိသဘာဝ, တည်တံ့က, ဘာဝဌာယီသာ။ ---	၃၅၇
၁၇၁။ **ဌာန်=** အက္ခရာတို့၏ဖြစ်ရာအရပ် --- ---	၃၆၀
[တ]	
၁၇၂။ **တက္က=** ဆင်ခြင်-တက္ကာ။ --- --- ---	၃၆၁
၁၇၃။ **တာသ=** စိတ်ကချောက်ချား, တာသထားလော့။ ---	၃၆၂
၁၇၄။ **တုရိတ=** အဆောတလျင်ဖြစ်ခြင်း --- ---	၁၂၃
၁၇၅။ **တုလျယောဂိတာအလင်္ကာ=** ချီးမွမ်းလိုခဲ့, ကဲ့ရဲ့လိုလတ်, အကြောင်းရပ်ကြောင့်, ဝတ္ထုနှစ်ပါး, ဂုဏ်တူထား, ဆိုငြားတုလျယောဂိတာ။ --- --- ---	၃၂၀
[ထ]	
၁၇၆။ **ထမ္ဘ=** ကိုယ်စိတ်တောင့်တင်း, ခိုင်မာခြင်းမှာ, ထမ္ဘသာတည့်။	၃၆၆
[ဒ]	
၁၇၇။ **ဒယာဝိရုဒ္ဓသ=** စောင်မကြည့်ရှုခြင်းနှင့်ယှဉ်သောဝိရိုယ ---	၄၀၂
၁၇၈။ **ဒဗ္ဗဝိသေသဝုတ္တိ=** ဒြပ်ချို့တဲ့ပုံကိုပြလျက် အထူးကို ဆိုသောအလင်္ကာ --- --- ---	၃၀၂
၁၇၉။ **ဒါနဝိရုဒ္ဓသ=** ပေးလှူကြောင်း ပရိစ္စာဂစေတနာနှင့် တကွဖြစ်သော ဝိရိုယ --- --- ---	၄၀၁
၁၈၀။ **ဒီနတာ=** မွဲပြာလွန်လွန်း, တန်ခိုးခန်းက, ဒီနမည်ပြန်။ ---	၃၆၁

http://www.dhammadownload.com

ဦးရေ				စာမျက်နှာ
၁၈၁။	**ဒီပကအလင်္ကာ=** ဇာတိ-ဂုဏ, ကြီယတို့, စ-လယ်-ဆုံးမှာ, တစ်နေရာတွင်, တည်ကာနေကြ, ဝါကျလုံးအား, ကျေးဇူးများ, မှတ်သားဒီပက။	---	---	၂၅၆
၁၈၂။	**ဒုဋ္ဌာလင်္ကာရဏဒေါသ=** အတ္ထာလင်္ကာရ, ဖျက်ဆီးက, မှတ်ကြဒုဋ္ဌာ-လင်္ကာရာ။	---	---	၉၄-၁၄၆
၁၈၃။	**ဒုဗ္ဘာဓဒေါသ=** မထင်ရှား မပေါ်လွင်သောစကားဖြင့် ရေးသားပြောဆိုသောအပြစ်	---	---	၁၀၄
၁၈၄။	**ဒေသဝိရောဓိဒေါသ=** ကုန်း-ရေစသော အရပ်ဒေသတို့နှင့် ဆန့်ကျင်သောအပြစ်	---	---	၅၁-၁၁၄
၁၈၅။	**ဒေသိယဒေါသ=** အချို့အရပ်၌သာထင်ရှားသော သဒ္ဒါများဖြင့် ရေးသားပြောဆိုသောအပြစ်	---	---	၁၀၄
၁၈၆။	**ဒေါသ=** ကဗျာ၏အရသာ, အဆင်တန်ဆာတို့ကို မပျက်ပျက်အောင် ဖျက်ဆီးတတ်သော အပြစ်အနာအဆာ	---	---	၂၇

[ဓ]

၁၈၇။	**ဓမ္မဝိရရဿ=** စွန့်စွန့်စားစား တရားအားထုတ်သော ပုဂ္ဂိုလ်၏ ကုသိုလ်နှင့်ယှဉ်သော ဝီရိယ	---	---	၄၀၃
၁၈၈။	**ဓမ္မသိင်္ဂါရရဿ=** တရားတော်၌ ချစ်ခင်မြတ်နိုးခြင်း-စသည်	---		၃၈၄
၁၈၉။	**ဓမ္မဟိနောပမာ=** ဂုဏ်ပုဒ်မပါသောဥပမာ	---	---	၂၂၆
၁၉၀။	**ဓမ္မောပမာ=** ဂုဏ်ပုဒ်တိုက်ရိုက်ပါသောဥပမာ	---	---	၂၂၅
၁၉၁။	**ဓိတိ=** ရောင့်ရဲဘိမူ, ဓိတိယူလေ။	---	---	၃၆၁

[န]

၁၉၂။	**နာဋက=** ပြဇာတ်ကျမ်းဂန်စာပေအမျိုးမျိုး	---	---	၁၄
၁၉၃။	**နာမန္တ ရိကာပဟောဋ္ဌိ=** မည်ပုံထူးပြား, ကြံထားလေပြန်, နာမန္တ ရိ။	---	---	၄၃၁
၁၉၄။	**နိဒဿနအလင်္ကာ=** တစ်ပါးအကျိုး, ပြီးကြောင်းမျိုးဖြင့်, ကျိုးတူတစ်ခု, ဆက်ပြမှု, မှတ်ရှုနိဒဿနာ။	---	---	၃၂၂
၁၉၅။	**နိဒ္ဒါ=** ငိုက်က-နိဒ္ဒါ။	---	---	၃၆၂
၁၉၆။	**နိဒ္ဒေါပမာ=** ဥပမာနကို ကဲ့ရဲ့လျက် နှိုင်းခိုင်းသောဥပမာ	---		၂၃၀
၁၉၇။	**နိဗန္ဓ=** မုတ္တက-စသော လေးပါးတို့ဖြင့် မပြတ်မလပ် ဖွဲ့အပ်သော မဟာကဗျာမျိုး	---	---	၁၈

http://www.dhammadownload.com

ဦးရေ	စာမျက်နှာ
၁၉၈။ **နိဗ္ဗေဒ=** ငြီးငွေ့မှုလျှင်, နိဗ္ဗေတွင်ရှင့်။ --- ---	၃၆၁
၁၉၉။ **နိဘူတာပဟေဋ္ဌိ=** ထင်မည့်နက်ကို, တား၍ဆိုရာ, နိဘူတာယူ။--	၄၃၂
၂၀၀။ **နိယမဝန္တုသိလေသ=** ဧဝ-(သာလျှင်)သဒ္ဒါ ပါရှိသော သိလေသအလင်္ကာ --- --- ---	၃၁၅
၂၀၁။ **နိယမကေ္ခပဝစနသိလေသ=** ဧဝ(သာလျှင်)သဒ္ဒါကို ပယ်သော သဒ္ဒါပါရှိသော သိလေသအလင်္ကာ --- ---	၃၁၆
၂၀၂။ **နိသေဓကောဝဋ္ဌိ=** မြစ်တားမှုပြုလျက် နောက်နောက်ပုဒ်သည် ရှေ့ရှေ့ပုဒ်၏ဂုဏ်ထူးပြ ဝိသေသနဖြစ်သော အလင်္ကာ ---	၃၃၄
၂၀၃။ **နေယျဒေါသ=** ကြောင်းဆောင်သင့်ပါ, ကျိုးပုဒ်မှာ, မည်ပါနေယျ-ပြစ်ဒေါသ။ --- --- ---	၅၃-၁၁၉

[ပ]

၂၀၄။ **ပက္ကန္တဝိသယ=** လွန်ပြီးဩပ်, သုံးသပ်စွဲက, ပက္ကန္တမည်။ ---	၁၅၅
၂၀၅။ **ပကပ္ပိတာပဟေဋ္ဌိ=** ဝါကျတ္ထကို, ထိုမှတစ်ပါး, ခြင်းရာအားဖြင့်, ကြံထားလေဘိ, ပကပ္ပိဆို။ --- --- ---	၄၂၉
၂၀၆။ **ပစ္စယသဒ္ဒဂမ္မောပမာ=** ပစ္စည်း-ဟူသော သဒ္ဒါဖြင့် သိအပ်သောဥပမာ --- --- ---	၂၁၄
၂၀၇။ **ပဇ္ဇ=** ဂါထာမျိုးသက်သက်ဖြင့် စီကုံးနှန်းဖွဲ့အပ်သော အဖွဲ့မျိုး --- --- ---	၁၇
၂၀၈။ **ပဋိညာဉ်=** ဝန်ခံချက် --- --- ---	၅
၂၀၉။ **ပဋိဘာန်=** အာဝဇ္ဇန်း-ဟုခေါ်သော ရွှင်သောဉာဏ် ---	၁၅
၂၁၀။ **ပဋိသေဓောပမာ=** တားမြစ်အပ်သော ဥပမာနဖြင့် နှိုင်းခိုင်းအပ်သောဥပမာ --- --- ---	၂၃၁
၂၁၁။ **ပတိဝတ္ထုပမာ=** အတူဝတ္ထုကို နောက်မှပြဆို၍ နှိုင်းခိုင်းသောဥပမာ --- --- ---	၂၃၅
၂၁၂။ **ပတိတတ္ထဒေါသ=** စင်စစ်လျှင်းပါးဖွယ် မရှိဘဲလျက် အထူးပြုသောအပြစ် --- --- ---	၁၀၃
၂၁၃။ **ပဒ=** အနက်ကိုသိကြောင်းဖြစ်သော နာမ်-ဥပသာရ-နိပါတ်-အာချာတ်-ဟူသောပုဒ် --- ---	၂၇
၂၁၄။ **ပဒဒေါသ=** ပုဒ်၌ဖြစ်သော အပြစ်အနာအဆာ ---	၂၇
၂၁၅။ **ပဒတ္ထဒေါသ=** ပုဒ်နက်၌ဖြစ်သော အပြစ်အနာအဆာ ---	၂၇

http://www.dhammadownload.com

ဦးရေ				စာမျက်နှာ
၂၁၆။ **ပဒါလင်္ကာရ=** ပုဒ်ကိုတန်ဆာဆင်ခြင်း, ပုဒ်၏အဆင်တန်ဆာ				
၂၁၇။ **ပဒါဝုတ္တိ=** သဒ္ဒါသာထပ်၍ အနက်မထပ်ဘဲ ---			---	၁၂၅
ပြဆိုသောအလင်္ကာ	---	---	---	၂၅၅
၂၁၈။ **ပမုဿိတာပဟေဋ္ဌိ=** လွန်စွာသိခက်, အနက်ရှိဘိ, ပမုဿိတ။--				၄၂၃
၂၁၉။ **ပယောဇန=** ကျမ်း၏အကျိုး ---		---	---	၄
၂၂၀။ **ပရိကပ္ပနာအလင်္ကာ=** သဘောလျောက်သာ, မှန်ကန်စွာလျှင်, ဖြစ်လာထင်ရှား, ဝတ္ထုများကို, ပယ်ရှားပကတိ, ကြံဆိုဘိ, ပရိကပ္ပနာ။	---	---	---	၂၉၁
၂၂၁။ **ပရိကပ္ပောပမာ=** ကြံဆသဖြင့်ဆိုအပ်သောဥပမာ			---	၂၃၅
၂၂၂။ **ပရိယာယဥေယျဒေါသ=** ထင်ရှားသော သညာသဒ္ဒါကို ပရိယာယ် သဒ္ဒါတစ်ပါးဖြင့် ကြံဖန်၍ဆိုသောအပြစ်	---		---	၁၀၃
၂၂၃။ **ပရိယာယဝုတ္တိအလင်္ကာ=** လိုအပ်သဘော, သွယ်ဝိုက်ပြော, မှတ်လောပရိယာ။	---	---	---	၂၉၈
၂၂၄။ **ပရိဝုတ္တိအလင်္ကာ=** တစ်စုံတစ်ခု, ပေးလှူမှုဖြင့်, ဝတ္ထုထူးရှိ, ယူတုံဘိ, ပရိဝုတ္တိသာ။	---	---	---	၃၄၁
၂၂၅။ **ပရုဿပဟေဋ္ဌိ=** သဒ္ဒါနယ, ကြံဆဟောစေ, နက်ရှိလေက, ပရုသပေ။	---	---	---	၄၂၆
၂၂၆။ **ပဋ္ဌယ=** အိပ်ခါပျော်လှ, ပဋ္ဌယပင်။	---	---	---	၃၆၆
၂၂၇။ **ပသာဒ=** ကြည်ညိုခြင်း ---		---	---	၁၂၄
၂၂၈။ **ပသာဒဂုဏ်=** စပ်ဟပ်ပုဒ်ချင်း, နီးကပ်ခြင်းနှင့်, ရှင်းလင်းသိသာ, နက်ရှိပါ, ဂုဏာပသာဒ။	---	---	---	၁၅၁
၂၂၉။ **ပသိဒ္ဓိဝိသယ=** တကွစွဲရာ, ပါရှိပါက-ပသိဒ္ဓ။---			---	၁၅၅
၂၃၀။ **ပသံသာ=** ချီးမွမ်းခြင်း ---		---	---	၁၂၃
၂၃၁။ **ပဟေဋ္ဌိ=** အသိခက်၍ အထင်တစ်မျိုးဖြစ်သွားအောင် လျှို့ဝှက်အပ်သောစကားမျိုး ---		---	---	၄၁၈
၂၃၂။ **ပါရိဟာရိကာပဟေဋ္ဌိ=** များစွာစပ်ရှိ, ပါရိဟာရိကာ, မည်ပါမြဲမှတ်။	---	---	---	၄၃၆
၂၃၃။ **ပိယတရအလင်္ကာ=** လွန်စွာစွဲမက်, နှစ်သက်အပ်သော, သဘော အထွ, မြွက်ဖော်ပြ, ပိယတရာ-အလင်္ကာ။ ---			---	၂၈၅
၂၃၄။ **ပုနရုတ္တိဒေါသ=** နောက်ထပ်ဆိုပြန်ခြင်းကြောင့် သင့်သောအပြစ်-				၂၂

http://www.dhammadownload.com

ဦးရေ				စာမျက်နှာ

[ဖ]

၂၃၅။ **ဖရုသဒေါသ=** ခဲယဉ်းစွာ ရွတ်ဖတ်ပြောဆိုအပ်သော အဆိုခက်အပြစ် --- --- --- ၁၀၀

[ဗ]

၂၃၆။ **ဗန္ဓ=** ချင်းချင်းငဲ့လတ်, ကင်းလွတ်ဒေါသ, ပဒဝါကျာ, တဒတ္ထာ, မည်ပါဗန္ဓတည်း၊ ပဒ္ဓ-ဂဇ္ဇ, ဝိမိဿ, ပြားထသုံးမျိုးတည်း။ --- --- ၁၆-၁၇

၂၃၇။ **ဗန္ဓဖရုသဒေါသ=** ဓနိတအက္ခရာ, များစွာပါ, သင့်ရာဗန္ဓ-ဖရုသ။ --- --- --- ၈၀-၁၃၄

၂၃၈။ **ဗာလ=** လူပြိန်း လူအ --- --- --- ၂၁

၂၃၉။ **ဗိဇ္ဇ=** ရှက်ငြား-ဗိဇ္ဇ။ --- --- --- ၃၆၂-၃၆၄

၂၄၀။ **ဗီဘစ္ဆရသ=** စက်ဆုပ်ခြင်း --- --- --- ၃၇၅-၄၀၇

၂၄၁။ **ဗျတိရေကအလင်္ကာ=** ဝတ္ထုနှစ်ပါး, အတူထားကာ, ဆိုတုံ ပါလျက်, ထူးခြားချက်ကို, မိန့်မြွက်ပြန်လေ, ဗျတိရေတည့်၊ ဝါစ္စေ-ဂါမွာ, ထိုနှစ်ဖြာကို, ဧကာ-ဥဘယ, ပွားတုံက, ပြား-ရ-လေးမျိုးသာ။ --- --- --- ၂၇၀

၂၄၂။ **ဗျပေတ=** မတူကွဲပြား ဝဏ္ဏတစ်ပါးခြားခြင်းရှိသောယမကမျိုး-- ၃၈

၂၄၃။ **ဗျပေတာဗျပေတ=** မတူကွဲပြား ဝဏ္ဏတစ်ပါးခြားခြင်းရှိ-ခြားခြင်းမရှိသောယမကမျိုး --- --- --- ၃၈

၂၄၄။ **ဗျဘိစာရီဘာဝ=** မြဲမတည်ရှိ, ရွေ့ရှားဘို, ဗျဘိစာရီသာ။ --- ၃၆၀

၂၄၅။ **ဗျာကိဏ္ဏဒေါသ=** ရောနှောရှုပ်ထွေး, ပုဒ်စပ်ဝေး, မည်ပေး-ဗျာကိဏ္ဏ။ --- --- --- ၆၄-၁၂၆

၂၄၆။ **ဗျာဓဝဏ္ဏနာအလင်္ကာ=** ကဲ့ရဲ့ယောင်ပြု, ချီးမွမ်းမှု, နှစ်ခု အနက်လာ၊ အမြဲသိလေသ, မှိဖြစ်ရ, ဗျာဓဝဏ္ဏနာ၊ တချို့ဌာန, မမှိကြ, ဖြစ်ရသေးသည်သာ။--- --- --- ၂၉၉

၂၄၇။ **ဗျာဓိ=** ဗျာဓိ-ဖျားနာ။ --- --- --- ၃၆၂-၃၆၄

[ဘ]

၂၄၈။ **ဘဂ=** မိန်းမတို့၏ လျှို့ဝှက်အပ်သောအင်္ဂါ(ယောနိ)စသည်--- ၁၄၅

၂၄၉။ **ဘဂ္ဂစ္ဆန္ဒဒေါသ=** ဆန်းပျက်-(ဆန်းဂိုဏ်းမညီ)သောအပြစ် --- ၁၀၆

၂၅၀။ **ဘဂ္ဂရီတိဒေါသ-(ဝါကျ)=** ပုဒ်သဗ္ဗနာမ်, စဉ်ကျိုးပြန်, မှတ်ရန် ဘဂ္ဂ-ရီတိက။ --- --- --- ၆၂-၁၂၆

http://www.dhammadownload.com

ဦးရေ				စာမျက်နှာ
၂၅၁။ **ဘဂ္ဂရီတိဒေါသ-(ဝါကျတ္ထ)=** နာမ်ဝိဘတ္တိ, စဉ်ပျက်ဘိ, ရီတိဘဂ္ဂ-ဝါကျတ္ထ။	---	---	---	၈၉-၁၄၁
၂၅၂။ **ဘဋ္ဌဒေါသ=** အလိုရှိအပ်သောအနက်မှ လျော့ကျသောအပြစ်	---			၁၀၀
၂၅၃။ **ဘမအလင်္ကာ=** သိဖူးရှေးက, ဝတ္ထုမျှနှင့်, တူလှရုပ်သွင်, ဝတ္ထုမြင်သော်, ထိုပင်မှတ်ကြ, ထင်လွဲက, ဘမအလင်္ကာ။	---			၃၄၃
၂၅၄။ **ဘယ=** ထိတ်လန့်ကြောက်ရွံ့ခြင်း	---	---		၁၂၃
၂၅၅။ **ဘယဋ္ဌာယီဘာဝ=** ကြောက်ရွံ့-ဘယာ။	---	---		၃၅၈-၄၀၅
၂၅၆။ **ဘယာနကရသ=** ကြောက်ရွံ့ခြင်း(အရသာ)	---	---		၃၇၅-၄၀၅
၂၅၇။ **ဘာဝ=** စိတ်၏ဖြစ်ခြင်း, ထူးအခြင်းကို, ဘာဝဆိုလော့။	---			၃၅၇
၂၅၈။ **ဘာဝအလင်္ကာ=** ကဝိဆန္ဒ, ထင်စွာပြ, ဘာဝအလင်္ကာ။	---			၃၄၄
၂၅၉။ **ဘာဝကိစ္စဓေနကဟေတု=** မရှိသေး မဖြစ်သေးသည်ကို ရှိအောင် ဖြစ်အောင် ပြုတတ်သည့်ပြင် အကျိုးကိုလည်း တိုက်ရိုက် ဖြစ်စေတတ်သော အကြောင်းအလင်္ကာ	---	---		၂၇၉
၂၆၀။ **ဘာဝကိစ္စဉာပကဟေတု=** မရှိသေး မဖြစ်သေးသည်ကို ရှိအောင် ဖြစ်အောင် ပြုတတ်သည့်ပြင် အကျိုးကိုလည်း သိစေတတ်သော အကြောင်း	---	---	---	၂၈၀
၂၆၁။ **ဘိန္နပဒဝါကျသိလေသ=** ဝိဂြိုဟ်ဝါကျအရာ၌ ကွဲပြားသော ပုဒ်ရှိသော သိလေသအလင်္ကာ---	---	---		၃၁၀
၂၆၂။ **ဘိန္နလိင်္ဂါပမာ=** လိင်မတူသောဥပမာ	---	---		၂၄၀
၂၆၃။ **ဘိန္နာဘိန္နပဒဝါကျသိလေသ=** ဝိဂြိုဟ်ဝါကျအရာ၌ ကွဲပြား-မကွဲပြားသော ပုဒ်ရှိသော သိလေသအလင်္ကာ	---	---		၃၁၁
၂၆၄။ **ဘိန္နာဘိန္နဝိသေသနသမာသဝုတ္တိ=** ပမာ-ပမည်း ဝိသေသျဒြပ်နှစ်ခု ကွဲပြားလျက် ဝိသေသနတူ-မတူသော သမာသဝုတ္တိ အလင်္ကာ	---	---	---	၂၉၀

[မ]

၂၆၅။ **မတိ=** တိကျသိလျှင်, မတိတွင်၏။	---	---		၃၆၂
၂၆၆။ **မတြာ=** မျက်စိတစ်မှိတ်, လျှပ်တစ်ပြက်ခန့်ကာလ	---			၃၆၁
၂၆၇။ **မဒ=** မူးဘိ-မဒ။	---	---	---	၃၆၂

http://www.dhammadownload.com

ဦးရေ		စာမျက်နှာ
၂၆၈။	**မဓုရတာဂုဏ်=** ဌာန်-သံယောဂ, ရသ်-ဒီဃဟူ, တူမျှသဒ္ဒါ, နီးနားပါလျှင်, ပဒါသတ္တိ၊ ရှေးရှိဝဏ္ဏ, ထပ်ဆိုကမူ, အနုပ္ပာသာ, မဓုရာ, နှစ်ဖြာပြားလေရ။-	၁၅၉
၂၆၉။	**မရဏ=** သေက-မရဏာ။ --- --- ---	၃၆၂
၂၇၀။	**မဟန္တတ္တအလင်္ကာ=** စည်းစိမ်ဆန္ဒ, ကြီးကျယ်လှ, ထုတ်ပြ-မဟန္တတ္တာ။ --- --- ---	၃၂၅
၂၇၁။	**မာလာဒီပက=** ရှေ့ရှေ့ဝါကျကိုင့်သည့် နောက်နောက်ဝါကျ အစဉ်ရှိသော ဒီပကအလင်္ကာ --- --- ---	၂၅၉
၂၇၂။	**မိဿအလင်္ကာ=** အလင်္ကာရ, ရောနှောက, မိဿအလင်္ကာ။ ---	၃၄၆
၂၇၃။	**မုတ္တက=** တခြားဂါထာ, မင့်ပါဘဲ, တစ်ဂါထာမျှ, ဖွဲ့ဆိုကမူ, မုတ္တကပါ။ --- --- ---	၁၇
၂၇၄။	**မောဟ=** တွေဝေပါက, မောဟဆိုလျှင်း။ --- ---	၃၆၂

[ယ]

၂၇၅။	**ယတိ=** ဆန်းနှင့်ညီညှိ, ဖြတ်ရဘိ, ယတိခေါ်လေကြ။ ---	၆၉
၂၇၆။	**ယတိဟီနဒေါသ=** ဖြတ်သင့်ညွှန်ရှိ, မဖြတ်ဘိ, ယတိဟီန-ပြစ်ဒေါသ။ --- --- ---	၁၃၀
၂၇၇။	**ယမက=** အစုံဖြစ်အောင် အက္ခရာတူတို့ကို ထပ်၍ဆိုခြင်း ---	၃၈
၂၇၈။	**ယုတ္တကာရီစိတ္တဟေတု=** သင့်လျော်လျောက်ပတ်သည်ကို ပြုတတ်သည့်ပြင် ဆန်းလည်းဆန်းကြယ်သောအကြောင်း ---	၂၈၂
၂၇၉။	**ယုတ္တရူပက=** ယှဉ်ဖက်တို့ကို ရူပကပြုသောအလင်္ကာ ---	၂၅၁
၂၈၀။	**ယုဒ္ဓဝီရရသ=** စစ်တိုက်ခြင်းကို ဖြစ်စေတတ်သောဝီရိယ ---	၃၉၈
၂၈၁။	**ယုဒ္ဓသိင်္ဂါရရသ=** စစ်တိုက်ခြင်း, ခိုက်ရန်ဖြစ်ခြင်း, နှိပ်စက်ခြင်း-စသည်တို့၌ ချစ်ခင်မြတ်နိုးခြင်း--- ---	၃၈၆

[ရ]

၂၈၂။	**ရတိ=** ကောင်းဆိုးနှော်-စိတ်ပျော်လှ၊ ရတိပ-ဘာဝါ။ ---	၃၅၈-၃၇၈
၂၈၃။	**ရသ=** သာယာအပ်သော, နက်သဘော, မှတ်လောရသပါ။---	၃၇၂
၂၈၄။	**ရသီအလင်္ကာ=** ရသကိုးပါး, တစ်ပါးပါး, ပါငြားရသီသာ။ ---	၃၄၉
၂၈၅။	**ရီတိ=** ကမ-ရီတိ, တူမျှဘိ, မှတ်သိ-နက်အတ္ထ။ ---	၆၂
၂၈၆။	**ရုဒ္ဒ=** ကြမ်းကြုတ်ခက်ထန်ခြင်း-အရသာ --- ---	၃၇၅-၃၉၅

http://www.dhammadownload.com

ဦးရေ					စာမျက်နှာ
၂၈၇။	**ရုဇ္ဇာဟင်္ကာရအလင်္ကာ=**	ရဲရင့်ကြိုးစား, ဂုဏ်အများကို, ပြထားအလွန်, ကြိုးဝါးဟန်, မှတ်ရန်ရုဇ္ဇာ-ဟင်္ကာရာ။	---		၃၀၅
၂၈၈။	**ရူပကအလင်္ကာ=**	ပမာ-ပမေယျ, နှစ်ဝမပြား, အတူထား, မှတ်သား-ရူပကာ။	---	---	၂၄၅
၂၈၉။	**ရောမဏ္ဍ=**	ကိုယ်တွင်မွေးညင်း, ထင်ကြွခြင်းမှာ, ရောမဏ္ဍာသွင်း။--			၃၆၆

[လ]

၂၉၀။	**လက္ခဏ=**	ပြယုဂ်ဥဒါဟရဏ် ပုံစံကို မှတ်သားကြောင်း ဖြစ်သောသုတ်	---	---	၂၈
၂၉၁။	**လောကဝိရောဓိဒေါသ=**	လောကနှင့်ဆန့်ကျင်သော အပြစ်အနာအဆာ	---	---	၅၂-၁၁၇
၂၉၂။	**လောကာတိက္ကန္တာတိသယဝုတ္တိ=**	လောကထင်ရှား, သဘောများထက်, ကျော်လွှားလွန်စွာ, ပြောဆိုပါမူ, လောကာတိက္ကန္တ, တိသယတည်။	---	---	၂၀၇
၂၉၃။	**လောကိယာတိသယဝုတ္တိ=**	လောကထင်ရှား, သဘောများကို, လွန်စွာဆိုက, လောကိယ, မှတ်ကြတိသယာ။	---		၂၀၇

[ဝ]

၂၉၄။	**ဝက်ဝုတ္တိ=**	ဇာတျာဒိက, ပဒတ္ထကို, မဆိုတိုက်ရိုက်, သွယ်ဝိုက်၍သာ, ပြဆိုပါက, ဝက်ဝုတ္တိ, အမည်ရှိ၏၊ မှတ်သိထိုကား, အလွန်များ၍, နည်းပါးမြွက်မျှ, ပြဆိုရသည်....နည်းရကုန်လုံး သိရန်တည်း။---		---	၂၀၃
၂၉၅။	**ဝဉ္ဇနာအလင်္ကာ=**	ချိုးမွှမ်းလိုငြား, ဝတ္ထုများကို, ဝှက်ထားမတူ, ဝတ္ထုတူ, ပြမူဝဉ္ဇနာ။	---	---	၃၂၇
၂၉၆။	**ဝဋ္ဋီတာပဟေဋ္ဌိ=**	အတ္ထတစ်ပါး, ထင်ရှားသဒ္ဒါ, လှည့်ပတ်ပါက, ဝဋ္ဋီတပေ။	---	---	၄၂၀
၂၉၇။	**ဝတ္ထုမာနက္ခေပ=**	ပစ္စုပ္ပန်ကို တားမြစ်သောအလင်္ကာ	---		၂၆၂
၂၉၈။	**ဝါကျ=**	စကားတစ်ရပ်, စကားတစ်ခွန်း	---	---	၂၇
၂၉၉။	**ဝါကျဒေါသ=**	ဝါကျ၌ဖြစ်သော အနာအဆာ	---	---	၂၇
၃၀၀။	**ဝါကျဂတ္ထဒေါသ=**	ဝါကျတစ်ပါး၏အတွင်း၌ ဝါကျတစ်ပါး ပါဝင် ရောယှက်နေသော အပြစ်	---	---	၁၀၁

http://www.dhammadownload.com

ဦးရေ	စာမျက်နှာ
၃၀၁။ **ဝါကျတ္ထဒေါသ=** ဝါကျနက်၌ဖြစ်သော အပြစ် အနာအဆာ---	၂၇
၃၀၂။ **ဝါကျတ္ထောပမာ=** ဝါကျနက်တစ်ခုဖြင့် ဝါကျနက်တစ်ခုကို နှိုင်းခိုင်းသောဥပမာ --- --- ---	၂၃၇
၃၀၃။ **ဝါစာဖို-မ=** စကားဖို-စကားမ --- ---	၁၂၄
၃၀၄။ **ဝါစ္စကေဗျတိရေက=** သဒ္ဒါတိုက်ရိုက်ပါ၍ ဥပမေယျ တစ်ပါး၏ အထူးကိုသာဆိုသော အလင်္ကာ --- ---	၂၇၀
၃၀၅။ **ဝါစ္စဥဘယဗျတိရေက=** သဒ္ဒါတိုက်ရိုက်ပါသည့်ပြင် နှစ်ပါးလုံး၏ အထူးကိုလည်းဆိုသော အလင်္ကာ --- ---	၂၇၀
၃၀၆။ **ဝိစ္ဆာ=** ပုံ့နှံ့စေလို၍ ထပ်ဆိုခြင်းမျိုး --- ---	၁၂၄
၃၀၇။ **ဝိဇာတိဝစနောပမာ=** ဝုစ်မတူသောဥပမာ --- ---	၂၄၁
၃၀၈။ **ဝိဒိဇကာဝဠိ=** ပဋိသေဓမပါဘဲ နောက်နောက်ပုဒ်ကို ရှေ့ရှေ့ ပုဒ်၏ ဂုဏ်ပြဝိသေသနအဖြစ်ဖြင့် စီရင်သောအလင်္ကာ ---	၃၃၁
၃၀၉။ **ဝိပရီတောပမာ=** ဥပမာန, ဥပမေယျ ရှေ့နောက် ပြန်သော ဥပမာ --- --- ---	၂၂၆
၃၁၀။ **ဝိပွယောဂ=** ပေါင်းကြကြင်နာ, နောင်ခါကွဲကြ, ဝိယောဂတွင်။-- ၃၇၉-၃၈၁	
၃၁၁။ **ဝိဗောဓ=** အိပ်ငိုက်ကင်းလျက်, နိုးခြင်းဖြစ်က, ဝိဗောဓတည့်။-- ၃၆၂-၃၆၄	
၃၁၂။ **ဝိဘာဝ=** ထို၏မူလာ, အကြောင်းမှာမူ, အာရမဏာ၊ ကြောင်းဖျား ကမူ, ဥဒ္ဒိ-ဟူ၍, နှစ်ဆူဝိဘာဝ, ကောက်ယူကြလော့။ ---	၃၆၈
၃၁၃။ **ဝိဘာဝနာအလင်္ကာ=** ထင်ရှားကြောင်းများ, ပယ်မြစ်တားလျက်, တစ်ပါးကြောင်းရင်း, ပြဆိုခြင်းနှင့်, ပြီးခြင်းသဘာဝ, ထင်စွာပြ, မည်ရဝိဘာ-အလင်္ကာ။ --- --- ---	၂၇၄
၃၁၄။ **ဝိဘူတိမဟန္တတ္တ=** စည်းစိမ်ဥစ္စာ လွန်ကဲကြီးကျယ်ပုံကို ပြဆိုသောအလင်္ကာ --- --- ---	၃၂၆
၃၁၅။ **ဝိမိဿ=** ဂါထာ,စုဏ္ဏိယ နှစ်ပါးရော၍ စီကုံးနှန်းဖွဲ့အပ်သော အဖွဲ့မျိုး --- --- ---	၁၈
၃၁၆။ **ဝိမှယ=** အံ့သြရာ-ဝိမှယသာပ။ --- ---	၃၅၈-၄၁၀
၃၁၇။ **ဝိရုဒ္ဓကမ္မသိလေသ=** ဆန့်ကျင်သောကြိယာ ပါရှိသော သိလေသအလင်္ကာ --- --- ---	၃၁၃
၃၁၈။ **ဝိရုဒ္ဓတ္ထန္တရဒေါသ=** လိုအပ်နက်တွင်, လွန်ဆန့်ကျင်သည်, ပေါ်လွင် ထင်ရှား, နက်တစ်ပါးပါ, ထိုပုဒ်မှာ, မည်ပါဝိရုဒ္ဓတ္ထန္တရ။ ---	၃၂-၁၁၀

http://www.dhammadownload.com

ဦးရေ				စာမျက်နှာ
၃၁၉။	**ဝိရုဒ္ဓဒေါသ=** ဆန့်ကျင်သောသဘောရှိသောအပြစ်	---	---	၁၀၂
၃၂၀။	**ဝိရောဓိတာအလင်္ကာ=** လွန်သည့်ဂုဏ်အင်, ပြဆိုချင်၍, ဆန့်ကျင်သဘော, ပုဒ်နက်ရော, ဝိရောဓိတာ-အလင်္ကာ။	---	---	၃၄၀
၃၂၁။	**ဝိရောဓိဒေါသ=** ဒေသ-စရိ, ဆန့်ကျင်ဘိ, မှတ်သိဝိရောဓ။	---	---	၅၁-၁၁၄
၃၂၂။	**ဝိရောဓိသိလေသ=** ဆန့်ကျင်သောအနက်ရှိသော သိလေသအလင်္ကာ	---	---	၃၁၉
၃၂၃။	**ဝိသန္ဓိဝါကျဒေါသ=** သန္ဓိစပ်သင့်သောအရာ၌ မစပ်ခြင်း, မစပ်သင့်သောအရာ၌ စပ်ဟပ်ခြင်းအပြစ်	---	---	၁၀၁
၃၂၄။	**ဝိသရတာ=** ဝိသရတာ, သံပျက်ပါသည်။	---	---	၃၆၆
၃၂၅။	**ဝိသာဒ=** စိတ်တွင်ပန်းက, ဝိသာဒပေ။	---	---	၃၆၂
၃၂၆။	**ဝိသေသန, ဝိသေသျ=** ဤဒဋ္ဌပုဒ်နေ, ရနည်းလေလျှင်, ဝိသေသန၊ ရများက, ယူကြဝိသေသျာ။	---	---	၃၃၃
၃၂၇။	**ဝိသေသနာပေက္ခဒေါသ=** ဝိသေသနလိုနေ, ပုဒ်ထွေထွေ, ဝိသေသန-အပေက္ခ။	---	---	၅၅-၁၂၀
၃၂၈။	**ဝိသေသဂုတ္တိအလင်္ကာ=** ထူးဆိုလိုလတ်, ဒြပ်ကြီယာ, ဇာတ်-ဂုဏ်၏, ကင်းကွာယွင်းသွေ, ပြဆိုလေ, ဝိသေဂုတ္တိသာ။	---	---	၃၀၁
၃၂၉။	**ဝိဟသိတ=** ထွက်ဘိသံညင်း, ရယ်ခြင်းဝိဟ, သိတခေါ်ဆို။	---	---	၃၉၀
၃၃၀။	**ဝီရရသ=** ရဲရင့်အားထုတ်ခြင်း---	---	---	၃၇၅-၃၉၈
၃၃၁။	**ဝေပထု=** ကိုယ်လျှင်လှုပ်မှု, ဝေပထုပေ။	---	---	၃၆၆
၃၃၂။	**ဝေဏ္ဏိယ=** တစ်ခုခုတွက်, အဆင်းပျက်ဘိ, ဝေဏ္ဏိယ။	---	---	၃၆၆

[သ]

၃၃၃။	**သက်္ခ=** ယုံမှားကမူ, သင်္ကာယူလော့။	---	---	၃၆၁
၃၃၄။	**သချိုတာပဟေဋ္ဌိ=** တွေဝေသချိုဘ, ရှိရာသချိုတ။	---	---	၄၂၈
၃၃၅။	**သဃ်ာတ=** ကြောင်းရာတစ်ခု, စွဲပြုဖွင့်ပြ, ကြိယများပြား, ပါငြားဂါထာ, သဃ်ာတာ။	---	---	၁၇
၃၃၆။	**သန္တ ဖလနိဒ္ဓသန=** အလိုရှိအပ်သောအကျိုးကို ဆက်ပြသောအလင်္ကာ	---	---	၃၂၄
၃၃၇။	**သန္တ ရသ=** ငြိမ်းအေးခြင်း	---	---	၃၇၅-၄၁၃
၃၃၈။	**သန္တာနောပမာ=** သမာသ်တွဲစပ်ထားသော အသံတူ အနက်ကွဲ ပုဒ်အစဉ်ဖြင့်ဆိုအပ်သော ဥပမာ	---	---	၂၂၉

http://www.dhammadownload.com

ဦးရေ	စာမျက်နှာ
၃၃၉။ **သတိ=** မှတ်ရ-သတိ။ --- --- ---	၃၆၂
၃၄၀။ **သဒ္ဒဂမ္မောပမာ=** သမာသ်-ပစ္စယိ, ကွဝါဒိ-ဟု, သုံးခုသဒ္ဒ, ပြားလေရ, သဒ္ဒဂမ္မာ-သုံးမျိုးသာ။ --- ---	၂၁၂
၃၄၁။ **သဒ္ဒပဟေဋ္ဌိ=** သမာဂတာ, ဝဋ္ဋိတာနှင့်, ဥက္ကန္တာ-ပမုသိ, ပါရိ-သဒ္ဒါ, ပရသာကို, သဒ္ဒါမှတ်ကြ။ --- ---	၄၄၂
၃၄၂။ **သဒ္ဒတ္ထပဟေဋ္ဌိ=** နောက်မှာဇက, သဒ္ဒတ္ထ, ယူကြချိန်၍သာ။ ---	၄၄၂
၃၄၃။ **သဒ္ဒါလင်္ကာရ=** သဒ္ဒါကိုတန်ဆာဆင်တတ်, တင့်တယ် စေတတ်သောဂုဏ် --- --- ---	၆-၁၄၉
၃၄၄။ **သဒိသဗလဘာဝမိဿ=** တူမျှသောအားရှိသည်၏အဖြစ်ဖြင့် ရောနှောသောအလင်္ကာ --- --- ---	၃၄၇
၃၄၅။ **သန္နိဒ္ဓဒေါသ=** သာမညအနက်ကိုဟော၍ အများနှင့်ဆိုင်သော ဝိသေသနကို ဝိသေသျ ပြဆိုသောအပြစ် --- ---	၁၀၃
၃၄၆။ **သဓမ္မ=** တူစွာဂုဏ, သဓမ္မမှန်။ --- ---	၂၁၂
၃၄၇။ **သဓမ္မတ္တ=** သမ္မန်-ဓမ္မတ္တ။ --- --- ---	၂၁၂
၃၄၈။ **သမ္မဒါနဂုဏ္ဌာလင်္ကာရ=** သမ္မန်ကိုဝှက်ထားသောအလင်္ကာ ---	၄၄၃
၃၄၉။ **သမ္မန္နဒူသိတဒေါသ=** အစပ်အဟပ်ပျက်သောအပြစ် ---	၉၈
၃၅၀။ **သဘာဝဂုတ္တိအလင်္ကာ=** ဇာတ်-ဂုဏ်-ကြိယာ, ဒဗ္ဗာ-နာမ, သဘာဝကို, တိုက်ရိုက်ဆို, ခေါ်ဆိုသဘာဝ။ --- ---	၂၀၁
၃၅၁။ **သမ္ဘောဂ=** ချစ်ခင်ကြင်နာ, ပေါင်းဆုံပါ၍, ဒဿနာဒိ, သာယာဘိက, သမ္ဘောဂ။ --- --- ---	၃၈၀-၃၈၃
၃၅၂။ **သမ-(ဌာ)=** ငြိမ်းအေးက-သမာ။ --- ---	၅၃၈-၄၁၃
၃၅၃။ **သမ-(ဗျ)=** နှစ်ဆူပန်းက, သမမည်ရှိ။ --- ---	၃၆၁
၃၅၄။ **သမတာဂုဏ်=** မုဒု-ဖုဋ္ဌ, မိဿဟူပြီ, ယင်းသုံးလီဖြင့်, အချီအချ, တူရုံမျှနှင့်, ပါဒလေးခု, ဌာန်တူမှု, သုံးခုသမတာ။ ---	၁၆၅
၃၅၅။ **သမဝဋ္ဌနာ=** ချီးမွမ်းလိုသောဝတ္ထုကို လျှို့ဝှက်ထား၍ ထိုချီးမွမ်း လိုသောဝတ္ထုနှင့် တူသောဝတ္ထုကို ပြသောအလင်္ကာ ---	၃၂၉
၃၅၆။ **သမာဂတာပဟေဋ္ဌိ=** ပုဒ်စပ်လျက်သာ, နက်ဝှက်ပါက, သမာဂတ, အမည်ရ၏။ --- --- ---	၄၁၉
၃၅၇။ **သမာဓိဂုဏ်=** ဝတ္ထုတစ်ပါး, သဘောများကို, တခြားဝတ္ထု, တင်စားပြ, မှတ်ရှုသမာဓိ။ --- --- ---	၁၈၄
၃၅၈။ **သမာနရူပါပဟေဋ္ဌိ=** အမှုချဝယ်, မှုချနက်ကို, ဟောဆိုသဒ္ဒါ, တင်စားပါက, သမာနရူပါ, မှတ်ကြရာ၏။ --- ---	၄၂၄

http://www.dhammadownload.com

ဦးရေ				စာမျက်နှာ
၃၅၉။ **သမာနသဒ္ဒါပဟေဠိ=** နက်တူပရိယာယ, ဝှက်ဆိုကမူ, သမာနသဒ္ဒါ။	---	---	---	၄၃၄
၃၆၀။ **သမာသသဒ္ဒကမ္မာ=** သမာသ်-ဟူသောသဒ္ဒါဖြင့် သိအပ်သောဥပမာ	---	---	---	၂၁၂
၃၆၁။ **သမာသဝုတ္တိအလင်္ကာ=** ချီးမွမ်းအပ်လှ, ပမာနဖြင့်, မေယျ စိတ်မှတ်, ဝှက်ဆိုလတ်, သမာသ်ဝုတ္တာ-အလင်္ကာ။	---			၂၈၆
၃၆၂။ **သမာဟိတအလင်္ကာ=** အားထုတ်မှုများ, ကြောင်းတစ်ပါး, ရငြားသမာ-ဟိတသာ။	---	---	---	၂၉၇
၃၆၃။ **သရူပေါပမာ=** တူမျှသောသဘောရှိသော ဥပမာ			---	၂၃၄
၃၆၄။ **သသံသယဒေါသ=** ယုံမှားဖို့ရန်, နက်ပါပြန်, သသံသယ-ပြစ်ဒေါသ။	---	---	---	၉၀-၁၄၂
၃၆၅။ **သဟဝုတ္တိအလင်္ကာ=** ကြိယာချင်း, ဂုဏ်ချင်းတူကွ, ဆိုတုံက, သဟဝုတ္တိသာ။	---	---	---	၃၃၈
၃၆၆။ **သာတ္တိကာဘာဝ=** ဇကဂ္ဂတာ, ဖြစ်စေပါသည့်, ထမ္ဘာစသား, ခြင်းရာများ, မှတ်သား-သာတ္တိကာ။	---	---		၃၆၅
၃၆၇။ **သာဘာဝိကတ္တဝိဘာဝနာ=** မိမိသဘောဓမ္မတာအတိုင်း ဖြစ်ခြင်းကို ပြဆိုသော ဝိဘာဝနာအလင်္ကာ	---	---		၂၇၅
၃၆၈။ **သာမညပုဒ် ဖော်ထုတ်ပြရာ=** ရှေ့က ပုဒ်အများဆိုင်ဖြစ်နေ၍ ဖွင့်ဖော်ပေးရသောအရာမျိုး	---	---	---	၁၂၅
၃၆၉။ **သာမတ္ထိယ=** အညထာနုပပတ္တိ-အခြားနည်း မဖြစ်နိုင်၊ ဤသို့သာ ဖြစ်သင့်သည်-ဟူသော သဘော	---		---	၂၁၄
၃၇၀။ **သိင်္ဂါရရသ=** ချစ်ခင်နှစ်သက်ခြင်း-ဟူသော ဝိတိ-(ပိဟာ)			---	၃၇၅-၃၇၈
၃၇၁။ **သိင်္ဂါရရသာဘာသ=** သိင်္ဂါရရသအတုအယောင်			---	၃၅၀
၃၇၂။ **သိတ=** ပွင့်ရုံမျက်စိ, ရယ်ရွှင်ဘိသော်, သိတခေါ၏။			---	၃၉၀
၃၇၃။ **သိလေသအလင်္ကာ=** တူမျှပုဒ်များ, အနက်ပြားလျက်, နှစ်ပါးနက်ဝယ်, ငြိကပ်တွယ်, မှတ်ဖွယ်သိလေသာ။	---			၃၀၆
၃၇၄။ **သိလေသဂုဏ်=** လုံးဆင့်-ဒီဃ, ဓနိတ, ပါက-သိလေသာ။	---			၁၇၅
၃၇၅။ **သိလေသောပမာ=** ဥပမာန,ဥပမေယျ နှစ်ပါးလုံး၌ ကပ်ငြိသက်ဆိုင်သော ဂုဏ်ပုဒ်၏ အစွမ်းဖြင့်ဆိုသော ဥပမာ	---			၂၂၉
၃၇၆။ **သုခုမာလတာဂုဏ်=** များပြားသိထိ, ဓနိနည်းလတ်, ဖတ်ရွတ် လွယ်လှ, အင်နှစ်၀, သဒ္ဒသုခုမာ၊	---		---	၁၇၀
ဩစိ-ဂါမှု, လွန်မြောက်က, အတ္ထသုခုမာ။	---		---	၁၇၃
၃၇၇။ **သုတ္တ=** အိပ်ခါ-သုတ္တ။	---	---	---	၃၆၁-၃၆၃

http://www.dhammadownload.com

ဦးရေ				စာမျက်နှာ
၃၇၈။	**သုဘဂါ=** ဘုန်းကံကျက်သရေ-စသည်	---	---	၁၄၅
၃၇၉။	**သေဒ=** ချွေးထွက်ခြင်းသည်, သေဒမည်၏။	---	---	၃၆၆
၃၈၀။	**သောက-(အာ)=** စိုးရိမ်ခြင်း	---	---	၁၂၃
၃၈၁။	**သောက-(ဌာ)=** စိုးရိမ်ခါ-သောက။	---	---	၃၇၅-၃၈၂
၃၈၂။	**သံကိဏ္ဏဒေါသ=** ဝါကျတစ်ခုနှင့် ဝါကျတစ်ခု ရောယှက်သောအပြစ်	---	---	၁၀၁
၃၈၃။	**သံကိဏ္ဏာပဟေဠိ=** ရောကသံကိဏ္ဏာ, မည်ရပါသည်။	---	---	၄၄၀
၃၈၄။	**သမ္မုဇ္ဇာပဟေဠိ=** ကောင်းစွာညွှန်ပြ, နက်ရှိုထလည်း, စိတ်က မှတ်မှား, ထွေပြားရှိရာ, သမ္မုဇ္ဇာတည့်။	---	---	၄၃၅
၃၈၅။	**သံယောဂ=** လုံးဆင့်အကွရာ	---	---	၁၆၁
၃၈၆။	**သံသယောပမာ=** ယုံမှားခြင်းဖြင့် နှိုင်းယှဉ်အပ်သော ဥပမာ	---		၂၃၅

[ဟ]

၃၈၇။	**ဟရိသ=** ကြည်လင်ရွှင်ပျ, ဟရိသတည့်။	---	---	၃၆၂
၃၈၈။	**ဟဿရသ=** ရယ်ရွှင်ခြင်း, ဝမ်းမြောက်ခြင်း	---	---	၃၇၅-၃၈၈
၃၈၉။	**ဟသိတ=** သွားပေါ်ရုံမျှ, ရယ်က-ဟသိ။	---	---	၃၉၀
၃၉၀။	**ဟာသ-(အာ)=** ရွှင်လန်းခြင်း	---	---	၁၂၃
၃၉၁။	**ဟာသ-(ဌာ)=** ရယ်ဘိက-ဟာသ။	---	---	၃၅၈-၃၈၈
၃၉၂။	**ဟိရဟိတဝိသေသဒ္ဓအတ္ထန္တရချာသ=** ဟိသဒ္ဒါ မပါမူ၍ တစ်စိတ် တစ်ဒေသဒ္ဓါသာတည်သော အတ္ထန္တရချာသအလင်္ကာ	---		၃၆၈
၃၉၃။	**ဟိရဟိတသဒ္ဒဗျာပိအတ္ထန္တရချာသ=** ဟိသဒ္ဒါ မပါမူ၍ အလုံးစုံနှင့် ပျံ့နှံ့ဆက်ဆံသည့် အတ္ထန္တရချာသအလင်္ကာ	---		၂၆၆
၃၉၄။	**ဟိသဟိတဝိသေသဒ္ဓ=** ဟိသဒ္ဒါ တိုက်ရိုက်ပါ၍ တစ်စိတ် တစ်ဒေသဒ္ဓါသာတည်သည့် အတ္ထန္တရချာသအလင်္ကာ	---		၂၆၉
၃၉၅။	**ဟိသဟိတသဒ္ဒဗျာပီ=** ဟိသဒ္ဒါ တိုက်ရိုက်ပါ၍ အလုံးစုံနှင့် ပျံ့နှံ့ဆက်ဆံသည့် အတ္ထန္တရချာသအလင်္ကာ	---	---	၂၆၇
၃၉၆။	**ဟီနတ္ထကဒေါသ=** ဂုဏ်းကြီးကျယ်, ဂုဏ်ပုဒ်ငယ်, သင့်ဖွယ်ဟီနတ္ထ။	---	---	၅၆-၁၂၁
၃၉၇။	**ဟီနောပမာ=** ယုတ်ညံ့သော ဥပမာနှဖြင့် နှိုင်းခိုင်းသောဥပမာ			၂၄၁
၃၉၈။	**ဟေတုအလင်္ကာ=** ဖြစ်စေ-သိစေ, ကြောင်းနှစ်ထွေကို, ပြုလေထူးစွာ, တန်ဆာဆင်ယင်, ပြဆိုလျှင်, မည်တွင်ဟေတွာ လင်္ကာရာ။			၂၇၇
၃၉၉။	**ဟေတွာပေက္ခဒေါသ=** အကြောင်းတစ်ပါးကို ငဲ့ခြင်းရှိသောအပြစ်			၉၉